၂၁၅၄၇

အရှင်စန္ဒဝံသာလင်္ကာရ အမည်ရှိသော

ဒုတိယ မြို့ပြင်ကြီး

ဆရာတော်ဘုရားကြီး စီရင်တော်မူအပ်သော

# အဘိဓမ္မတ္ထသရူပဒီပကကျမ်း

( တတိယတွဲ )

## နိဗ္ဗာနသရူပဒီပကကဏ္ဍ

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာတော်နှစ် ၂၅၀၇ ကောဇာသက္ကရာဇ် ၁၃၂၅ ၁၉၆၄

## အဘိဓမ္မတ္ထသရူပဒီပကကျမ်း

# နိဗ္ဗာနသရူပဒီပကကဏ္ဍနိဒါန်း

နိဗ္ဗာန်ဟူသည် ဗုဒ္ဓဝါဒီတို့၏ အမြင့်ဆုံးရည်မှန်းချက်ဖြစ်သည်၊ ပင်ကိုယ်သဘာဝအားဖြင့် သိမြင်နိုင်ခဲလှသော အရာလည်းဖြစ်သည်၊သာသနာဝင်အဆက်ဆက်၌ ပိဋကတ်သုံးပုံ၌ ကျွမ်းကျင်လိမ္မာတော်မူကြသော တိပိဋကကောဝိဒဖြစ်တော်မူကြသည့် ဆရာတော်ဘုရားကြီးများပင် တပါးနှင့်တပါး အယူအဆမတူဘဲ ကွဲလွဲခဲ့ကြသော အရာများလည်း ရှိခဲ့ကြသည်။

ထို့ကြောင့် ဒုတိယမြို့ပြင်ကြီးဆရာတော်ဘုရားသည် အဘိဓမ္မတ္ထသရူပဒီပကကျမ်းကို ပြုစုတော်မူရာဝယ် ပရမတ္ထလေးပါးရှိရာတွင် ( ၁ ) စိတ် ( ၂ ) စေတသိက် ( ၃ ) ရုပ်ဟူသော ပရမတ္ထတရားသုံးပါးတို့၏ သရုပ်သဘောများကို စုံလင်စွာရေးသားဖွင့်ဆိုတော်မူသည်။ ထို့နောက် ( ၄ ) ခုမြောက် ဖြစ်သည့်ဆုံးဖြတ်ရန်ခက်ခဲလှသော နိဗ္ဗာန်အကြောင်းကိုမူ ဆက်တိုက် ရေးသားရမည် ဖြစ်သော်လည်းရုတ်တရက် ရေးသားတော်မမူသေးဘဲ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အလုံးစုံကိုအကုန်အစင်မွှေနှောက်ကာ ပါဠိတော်လာ အဖြာဖြာ အဋ္ဌကထာဖွင့်ပုံအတန်တန်ဋီကာဖွင့်ဟန်အထပ်ထပ် အာစရိယဝါဒ အရပ်ရပ်တို့ကို လစ်လပ်ကြွင်းကျန်မှုမရှိစေရအောင် ကြီးမားသော၊ ဘာဏီဝိရိယစသည်တို့ကို အရှင်းတည်ကာ ရှာဖွေစုဆောင်းတော်မူခဲ့ကြောင်းကို ( ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် မှာတော်မူချက်အရ ) သိရလေသည်။

ထိုသို့ နိဗ္ဗာန်၏ သရုပ်သဘောဆိုင်ရာ အဆိုအလာတို့ကို ရှာဖွေတော်မူနေစဉ်အတွင်းမှာပင် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတြားကြီး လက်ထက်တော်၌သီးခြားသံဃရာဇာ ( သာသနာပိုင် ) ဖြစ်တော်မူသည့် ဇာဂရာဘိကဝိဒ္ဓဇသဒ္ဓမ္မဝံသ ဓမ္မ သေနာပတိ အတုလာဓိပတိ သိရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရုတံဆိပ်တော်ရ [၁] ဝိသုဒ္ဓါရုံရွှေကျောင်ဂိုဏ်းကြီးကို စတင်တည်ထောင်တော်မူသည့်(ရွှေကျင်နိကာယအာဒိကမ္မိက) ရွှေကျင်ဆရာတော်ဘုရားကြီး၏ “ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီ” ဟူသောကျမ်းကြီး ထွက်ပေါ်၍လာခဲ့ပေသည်။

ထိုကျမ်းကြီး ထွက်ပေါ် လာသောအခါ ထိုကျမ်းကြီး၏ ဆုံးဖြတ်ချက်များကို ( ၁ ) လက်ခံကြိုက်ညီသည့် ပုဂ္ဂိုလ်များနှင့် ( ၂ ) အချို့သော ဆုံးဖြတ်ချက်များကို လက်ခံကြိုက်ညီမှုမရှိသည့် ပုဂ္ဂိုလ်များဟူ၍ နှစ်ပိုင်းထွက်ပေါ်၍ လာခဲ့ပေသည်၊ ထိုနှစ်ပိုင်းတို့တွင် လက်ခံကြိုက်ညီမှုမရှိသည့် ပုဂ္ဂိုလ်များအနက်

---

၁။ ဝိသုဒ္ဓါရုံဦးကောသလ္လ အရှင်မြတ်၏ ဝိသုဒ္ဓါရုံထေရုပ္ပတ္တိကထာ၊ ၄၈။

၍ ဒုတိယမြို့ပြင်ကြီး ဆရာတော်ဘုရားလည်း တပါးအပါအဝင် ဖြစ်တော်မူရာ မိမိကဲ့သို့ လက်ခံကြိုက်ညီမှုမရှိသည့် အခြားပုဂ္ဂိုလ်ကျော်တို့က နိဗ္ဗာနသရူပဒီပကကျမ်းကို ဆက်လက်ရေးသားပါရန် တောင်းပန် လျှောက်ထားကြလေသဖြင့် ကျေနပ်လောက်အောင် စာပေစုဆောင်း၍ မပြီးစီးမီအတွင်းမှာပင် ရေးသားတော်မူရကြောင်းကို( အောက်ပါ နိဗ္ဗာနသရူပဒီပကကျမ်း၏ ကျမ်းဦးစကားအရ ထင်ရှား)သိရပေသည်။

"အဘိဓမ္မတ္ထသရူပဒီပကကျမ်း"ဝယ် " စိတ္တသရူပဒီပက အစရှိသော ကျမ်း ၃-ပါးတို့ကို ပြဆိုဆုံးဖြတ် ပုံရိုက်လုပ်ဆောင် ပြီးပြေရှိလျက် နိဗ္ဗာန်၏ သရုပ်လက္ခဏာ စသည်ကို မပြမဆိုတည့်ဘဲ သုံးနှစ်ကျော် လေးနှစ် ဆိုင်းလင့်၍ နိဗ္ဗာန်၏သရုပ်စသည်ကို ဟောပြရာ များစွာသော ပါဠိအဋ္ဌကထာ ဋီကာစသည်တို့ကို ကြည့်ရှုညှိနှိုင်း ကြံစည်ရှိနေသည့် အတွင်း အသီးအသီးဆရာတို့ နိဗ္ဗာန်နှင့် စပ်ဆိုင်သည့်အရာ ဝိနိစ္ဆယကထာများကို ရေးသားဆုံးဖြတ် ဟောပြောကြရာ ပါဠိအဋ္ဌကထာ စသည်တို့၌ ဒေသကဖြစ်သော မြတ်စွာဘုရား၏အလိုတော် သင်္ဂဟကာရ-ဂန္ထကာရဖြစ်သော အဋ္ဌကထာ ဋီကာဆရာတို့၏ အာဘော်များနှင့် မညီမလျော် ချွတ်ချော်တိမ်းပါး မှားယွင်းဖောက်ပြန် မဟုတ်မမှန်သော အနက်အဓိပ္ပါယ်တို့ကို ပြဆို ဆုံးဖြတ်ကြသည်များကို ကြားသိရသည် ဖြစ်၍ငင်း—

ထိုဝိနိစ္ဆယတို့၌ ပါရှိသော အနက်အဓိပ္ပါယ်ကို အကယ်အဟုတ် အမှန်ထင်၍ လူရှင်အများတို့ မှတ်သားမိကြရာသည် ဖြစ်၍ငင်း—

ထိုဝိနိစ္ဆယတို့၌ ပြဆိုလာရှိသော အနက် အဓိပ္ပါယ် တို့၏ မဟုတ် မမှန် ဖောက်ပြန်ချွတ်ယွင်းခြင်းများသည်၏အဖြစ်ကို ကြားသိကြသဖြင့် ပါဠိ အဋ္ဌကထာ ဋီကာစသော ကျမ်း၏သဘောကို ယထာဘူတ နေရာကျ သိကုန်သော နက်နဲသော ဉာဏ်ပညာရှိကုန်သော မန္တလေးမြို့ကြီး ဆရာတော်များမှစ၍ များစွာသော ပုဂ္ဂိုလ်ကျော်တို့သည် နိဗ္ဗာနသရူပဒီပကကျမ်းကို ရေးပြုစီမံသောငှါ အခါခါလျှောက်ထား တောင်းပန် တိုက်တွန်း အပ်သည်ဖြစ်၍ငင်း—

ကျမ်း၏အစဝယ် " ဒီပိဿံ အဘိဓမ္မတ္ထဒီပကံ သုဘံ " ဟု ဝန်ခံခဲ့သည့် အားလျော်စွာ အဘိဓမ္မတ္ထလေးပါးလုံး၏ သရုပ်စသည်ကို ပြည့်စုံပြီးပြေအောင် ပြဆိုသင့်သည်ဖြစ်၍ငင်း—

နိဗ္ဗာန်၏သရုပ်လက္ခဏာ စသည်ကို ပြဆိုရာ စတုတ္ထကျမ်းကို ပြဆိုလိုက်ဦးအံ့။"

ဤသို့ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ဖော်ပြတော်မူချက်၌ မန္တလေးမြို့ ဆရာတော်များမှစ၍များစွာသော အဘိဓာစကပုဂ္ဂိုလ်ကျော်တို့ကလည်း နိဗ္ဗာန သရူပဒီပကကဏ္ဍကို ဆက်လက်ရေးသားပါရန် အခါခါလျှောက်ထား တောင်းပန် ကြကြောင်းပါရှိပေသည်။

ဤသို့လျှင် ခဲကတ်စွာဘိ အတိဂမ္ဘီရ အနက်နဲဆုံး အရာဌာနဖြစ်သော နိဗ္ဗာနဝိနိစ္ဆယ (=နိဗ္ဗာနသရူပဒီပကကဏ္ဍ)ကို ရေးသားတော်မူသောအခါ "လက်ဖျားကိုလှုပ်လျှင်ခွေမတတ်၊ လျှာဖျားကိုလှုပ်လျှင် ကြွေမတတ်" ဆို သကဲ့သို့ ဇရာဒုဗ္ဗလအိုမင်းမစွမ်းအရွယ်သို့ ကျရောက်တော်မူနေပြီဖြစ်သည့်ပြင် မျက်စိတော်နှစ်ကွင်းမှာလည်း အလင်းမရတော့သဖြင့် ဒသနကိစ္စကို ကောင်းစွာ ဆောင်ရွက်တော်မမူနိုင်တော့ချေ။

ထို့ကြောင့်ရကား အကိုးယုတ္တိ ထုတ်ညှိစရာ အဖြာဖြာတို့အတွက် သင့်လျော် သည့်တပည့်များအား မည်သည့်ပေ မည်သည့်အင်္ဂါ မည်သည့်အကြောင်းအရာ ကို လှန်စေ ရှာစေ ရေးစေ မည်သို့အနက်ပြန်စေ စသည်ဖြင့် ညွှန်ကာညွှန်ကာ စေခိုင်း ရေးသားတော်မူရရှာလေသည်။

ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန် အတန်တန်တို့တွင် နိဗ္ဗာန်နှင့် စပ်လျဉ်းသည့် အချက်များကို ဤမျှများပြားစွာ ဟောကြားချက် ဖွင့်ပြချက်များရှိနေသည်မှာ နိဗ္ဗာန်မျိုးကွဲတွေရှိနိုင်သဖြင့် များပြားနေရခြင်းမဟုတ်ပါချေ။ သတ္တဝါတို့ နိဗ္ဗာန် ကို လိုချင်ပါစေ သိလွယ်ပါစေ ထင်လွယ်ပါစေ မြင်လွယ်ပါစေဟူသော ရည်သန် ချက်ဖြင့်သာ အရာဌာနအလျောက် ဟောကြားမှု ဖွင့်ပြမှုတို့ကို ပြုတော်မူခဲ့ ကြခြင်းဖြစ်ပေသည်၊ တဦးနှင့်တဦး တကျမ်းနှင့်တကျမ်း တခုနှင့်တခု တဂိုဏ်းနှင့် တဂိုဏ်းမတူ ကွဲပြားခြားနားသည့်ဝါဒများ ရှိလာရခြင်းမှာလည်း အဆိုပါ ဟောကြားဖွင့်ပြတော်မူချက်များ၌ အကောက်အယူမတူ ကွဲပြားခြားနားကြ ခြင်းကြောင့်သာ ဖြစ်ပေသည်၊ ထို့ကြောင့် နိဗ္ဗာန်အကြောင်းကို ရေးသား ဆုံးဖြတ်ရာဝယ် မတူကွဲပြား ခြားနားယှဉ်းချွတ်ချက်များကို ပယ်ရှားသုတ်သင် ရန် အရေးကြီးသည့်အတိုင်း ဤဒုတိယ မြို့ပြင်ကြီး ဆရာတော်ဘုရား၏ "နိဗ္ဗာနသရူပဒီပကကဏ္ဍ"၌လည်း အရာဌာနများစွာတို့တွင် ထိုကဲ့သို့ သုတ်သင် မှုများကို ကျယ်ဝန်းစွာ ပြဆိုထားပုံတို့ကို တွေ့နိုင်ကြပေသတည်း။

**နိဒါန်းပြီး၏။**

## နိဗ္ဗာနသရုပဒိပကကျမ်း၏ ဆိုလိုရင်း အစိပ်ပိုင်းချုပ်

# နိဗ္ဗာနဝိနိစ္ဆယသင်္ခေပကထာ

နိဗ္ဗာနသရုပဒီပက ကျမ်းကြီးကို ရေးသား ပြုစုရာ၌ ကျမ်းဂန်ပေါင်း (၉၀-ကျော်မျှ)မှ အကိုးအကား အချက်အလက်ပေါင်း မြောက်မြားစွာ တို့ကို ပါဠိဘာသာဖြင့် ကိုးကားထားသောကြောင့်ရင်း အနုသန္ဓေအထွက် အတက် စုဒ်စောဒနာ စသည်တို့ဖြင့် တန်ဆာဆင်၍ ရေးသားထားသောကြောင့်ရင်း နိဗ္ဗာန်၏ သဘောသဘာဝကို လေ့လာလိုသူတို့၏ စိတ်နှလုံး၌ ဤနိဗ္ဗာနသရုပကျမ်းသည် ရှုပ်ထွေးခက်ခဲနေပေလိမ့်မည် ဟု စိတ်မောမိကြပေလိမ့်မည်၊ ယင်းသို့ စိတ်မောမှုမှ သက်သာရာ ရစေရန် ဤကျမ်းပြုဆရာတော် ပြဆို ဆုံးဖြတ် ထားသော (နိဗ္ဗာနဝိနိစ္ဆယ)လိုရင်းချုပ်မျှကို (နိဗ္ဗာနဝိနိစ္ဆယသင်္ခေပကထာအဖြစ်) အမေး အဖြေပြုလုပ်၍ သိလွယ်အောင် ရှေးဦးစွာ ဖော်ပြလိုက်ရပေသည်။

### ပြဿနာ (၃)ပါး

၁။ အသင်္ခတဓာတ်ပရမတ်နိဗ္ဗာန် ဟူသည် ဝဋ်ဆင်းရဲ ဟူသမျှတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှု (နိရောဓနိဗ္ဗာန်) ဖြစ်ပါသလော။

၂။ အသင်္ခတဓာတ်ပရမတ်နိဗ္ဗာန် ဟူသည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ တဖန်အသစ် မဖြစ်သောအားဖြင့် ချုပ်ငြိမ်းပြီးသည်မှ နောက်၌ ဖြစ်ပေါ်လာသော (အနုပ္ပါဒိသေသနိဗ္ဗာန်) ဖြစ်ပါသလော။

၃။ အသင်္ခတဓာတ်ပရမတ်နိဗ္ဗာန် ဟူသည် နိရောဓနိဗ္ဗာန်လည်း မဟုတ် အနုပ္ပါဒိသေသနိဗ္ဗာန်လည်း မဟုတ်၊ ဘုရားရဟန္တာတို့ ပရိနိဗ္ဗာန်မပြုမီပင် မျက်မှောက် ပစ္စက္ခအားဖြင့် အာရုံပြုနိုင်သော အမြဲတည်ရှိနေသော (နိစ္စ ဓုဝ သဿတ)နိဗ္ဗာန် ဖြစ်ပါသလော။

### နံပါတ် (၁) ပြဿနာအဖြေ

| | |
|---|---|
| နိရောဓနိဗ္ဗာန် | အသင်္ခတဓာတ်ပရမတ်နိဗ္ဗာန် ဟူသည် ဝဋ်ဆင်းရဲ ဟူသမျှတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှု (နိရောဓနိဗ္ဗာန်)ဖြစ်ပါသလော။ |

ဟူသော ပဌမပြဿနာ၌ အဆုံးအဖြတ်ကား ဤသို့တည်း။

ဘုရားရဟန္တာတို့၏ သန္တာန်၌ အရဟတ္တမဂ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာသည်၊ အရဟတ္တမဂ်စိတ် ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် အဝိဇ္ဇာ တဏှာ တည်းဟူသော ကိလေသာဝဋ်မြစ်တို့သည် အကြွင်းမဲ့ ပြတ်ကြကုန်

ချုပ်ကြကုန်သည်၊ သံသရာဘဝ အဆက်ဆက်က တွယ်ခဲ့သော ကိလေသာဝဋ်မြစ်တို့ ပြတ်ကြသောအခါ အကြောင်းအကျိုး အဆက်ဆက်အားဖြင့် ကမ္မဝဋ် ဝိပါကဝဋ်တို့သည်လည်း အကြွင်းမဲ့ ပြတ်ကြကုန် ချုပ်ကြကုန်သည်၊ ပုထုဇဉ်သေက္ခတို့အဖို့ သံသရာဘဝအဆက်ဆက်တို့၌ အဖန်ဖန် ထပ်ကာထပ်ကာ ဖြစ်ရာဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဘုရားရဟန္တာတို့အတွက် နောက်ဘဝ၌ ဖြစ်မှုမရှိပြီ၊ အကြွင်းမဲ့ ချုပ်ငြိမ်းကြကုန်သည်။

ယင်း ချုပ်ငြိမ်းမှုသည် (ဝါ-နိရောဓနိဗ္ဗာန်သည်) ပရမတ်နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာရသော ပရမတ်နိဗ္ဗာန်၏ အကျိုးတရားမျှသာ ဖြစ်သည်၊ အကြောင်းရင်းဖြစ်သော ပရမတ်နိဗ္ဗာန် ဟု မဆိုရချေ၊ ဟုတ်လည်း မဟုတ်ချေ။

ယင်း ချုပ်ငြိမ်းမှု အကျိုးတရားသည် (ဝါ-နိရောဓနိဗ္ဗာန်သည်) ကိလေသာဝဋ်မြစ်တို့၏ မရှိခြင်း ဟူသော အခြေအနေ အနက်သဘောကို ဖော်ပြသည့် ဝေါဟာရအမည်မျှသာ ဖြစ်သည်၊ ထို့ကြောင့် အဘာဝအတ္ထပညတ်မျှသာတည်း။

ဥပမာပုံစံပြရပါမူ နိရောဓသမာပတ်ဝင်စားရာ၌ စိတ် စေတသိက် စိတ္တဇရုပ်တို့ ချုပ်ငြိမ်းနေကြသည်၊ ယင်း ချုပ်ငြိမ်းမှုသည်လည်း စိတ် စေတသိက် စိတ္တဇရုပ်တို့၏ မရှိခြင်း၏သဘောကို ဖော်ပြသည့် ဝေါဟာရအမည်ပညတ်ပင် ဖြစ်သည်၊ ထို့ကြောင့် အဘာဝအတ္ထပညတ်မျှသာ ဖြစ်သည်၊ ထို့ပြင် ဥပမာတခုမှာ တတိယအရူပစျာန်စိတ်ဖြစ်သော အာကိဉ္စညာယတန၏ အာရုံသည်လည်း ပဌမအာရုပ္ပဝိညာဏ်မရှိခြင်း ဟု ဆိုအပ်သော နတ္ထိဘာဝပညတ်သာ ဖြစ်သည်၊ ဤနတ္ထိဘာဝပညတ်သည်လည်း အရူပပဌမစျာန်စိတ်၏ မရှိခြင်းသဘောကို ဖော်ပြသည့် ဝေါဟာရအမည်ပညတ်ပင် ဖြစ်သည်၊ ထို့ကြောင့် အဘာဝအတ္ထပညတ်မျှသာတည်း။

အထက်၌ ဖော်ပြခဲ့သည်နှင့်လျော်ညီစွာ အကျိုးတရားဖြစ်သော ချုပ်ငြိမ်းမှု (ဝါ-နိရောဓနိဗ္ဗာန်) ဟူသည်မှာလည်း စိတ် စေတသိက် စိတ္တဇရုပ်တို့ ချုပ်ငြိမ်းခြင်း ဟု ဆိုအပ်သော နိရောဓသမာပတ်ကဲ့သို့ရင်း ပဌမအာရုပ္ပဝိညာဏ်၏ မရှိခြင်း ဟု ဆိုအပ်သော နတ္ထိဘာဝပညတ်ကဲ့သို့ရင်း ကိလေသာဝဋ်မြစ်တို့ မရှိခြင်းသဘောကို ဖော်ပြသည့် အဘာဝပညတ်မျှသာ ဖြစ်သည်၊ ထို့ကြောင့် နိရောဓနိဗ္ဗာန်သည် ပရမတ်နိဗ္ဗာန်မဟုတ် ဟု ဤကျမ်းပြုဆရာတော်က ဆုံးဖြတ်တော်မူသည်။

**အကြောင်းပြချက်** ဝဋ်ဆင်းရဲ ဟူသမျှတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှု (နိရောဓနိဗ္ဗာန်) အရကို မုချအားဖြင့် ပရမတ်နိဗ္ဗာန် ဟု ယူဆခဲ့သော် နိဗ္ဗာန် ဟူသည် စိတ် စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းမှု နိရောဓသမာပတ်ကဲ့သို့ရင်း ပဌမအာရုပ္ပဝိညာဏ်၏ မရှိခြင်း နတ္ထိဘော

ပညတ်ကဲ့သို့ရင်း မရှိခြင်း အဘာဝအတ္ထပညတ်မျှသာ ဖြစ်ရရှာတော့မည်၊ ယင်းသို့ဖြစ်ခဲ့သော်—

(က) အမြဲနိစ္စတည်ရှိသောနိဗ္ဗာန် (ဓုဝ)
(ခ) အလွန်သိမ်မွေ့သောနိဗ္ဗာန် (နိပုဏ)
(ဂ) အလွန်မြင်နိုင်ခဲသောနိဗ္ဗာန် (သုဒုဒ္ဒသ)
(ဃ) နှိုင်းခိုင်းစရာ ဥပမာရှာမရသောနိဗ္ဗာန် (အနိဒဿန)
(င) တရားအားလုံးတို့ထက် အမွန်မြတ်ဆုံးဖြစ်သောနိဗ္ဗာန် (အနုတ္တရ)
(စ) အံ့သြဘွယ်ရာဖြစ်သောနိဗ္ဗာန် (အစ္ဆရိယ)
(ဆ) ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ဟု မဆိုရပါဘဲလျက် ထူးဆန်းစွာ ပရမတ္ထအားဖြင့် ထင်ရှားရှိသောနိဗ္ဗာန် (အဗ္ဘုတ)

စသောအားဖြင့် ထိုထိုပါဠိတော်တို့၌ နိဗ္ဗာန်၏ သဘောသဘာဝကို ညွှန်ပြသော အလွန်ကြီးကျယ်သော နိဗ္ဗာန်ဂုဏ်ပုဒ်တို့နှင့် ဆန့်ကျင်ရတော့မည်၊ ယင်းသို့ ဖြစ်သောကြောင့် ဝဋ္ဋဆင်းရဲ ဟူသမျှတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှုသက်သက် ဖြစ်သော (နိရောဓနိဗ္ဗာန်) အရကို ပရမတ်နိဗ္ဗာန် မကောက်ယူမူ၍ မုချအားဖြင့် မရှိခြင်း (အဘာဝအတ္ထပညတ်) ကိုသာ ကောက်ယူရမည် ဟု ဆုံးဖြတ်တော်မူသည်။

**အမှာ။** ။နိဗ္ဗာန်၏ဂုဏ်ပုဒ်များကိုညွှန်ပြရာ ထိုထိုပါဠိတော်တို့၌(အစ္ဆရိယ) (အဗ္ဘုတ)ဂုဏ်ပုဒ်များကို တွေ့မြင်ရခဲ၏၊ ဤနိဗ္ဗာနသင်္ဂဟကဏ္ဍ၌ ထိုထိုကျမ်းတို့၌ လာသော နိဗ္ဗာန်၏ ဂုဏ်ပုဒ်များကို စုံလင်စွာပြထားသည့်ပြင် (အဗ္ဘုတ) ဂုဏ်ပုဒ်၌ အယူဝါဒကွဲပြားပုံနှင့်တကွ အဆုံးအဖြတ်များကိုလည်း ကျယ်ဝန်းစွာ ဖော်ပြထား၏၊ (အဗ္ဘုတ)ဂုဏ်ပုဒ်အဆုံးအဖြတ်ကို လေ့လာရင်း နိဗ္ဗာန်ဟူသည် ရှေးက ထင်ရှားမရှိပါဘဲလျက် ယခုမှ ဘွားကနဲ ထင်ရှားပေါ်လာလေသလော၊ နိဗ္ဗာန် ဟူသည် စိတ် စေတသိက် ရုပ် ပရမတ်တို့ကဲ့သို့ ထင်ထင်ရှားရှား မဖြစ်ပေါ်သော်လည်း သိမ်မွေ့နူးညံ့စွာ ဖြစ်ပေါ်လေသလော စသောအားဖြင့် နိဗ္ဗာန်၏ သဘောသဘာဝ အတွေးအခေါ်များကိုလည်း စုံလင်စွာ တွေ့မြင်ကြရမည်။

အချုပ်အားဖြင့် နားလည်အောင်ပြောရပါမူ မီးအရောင်အလင်းသည် မီး မဟုတ်ချေ၊ မီးရောင်သည် အမှောင်ကို ချုပ်ပျောက်စေသည်၊ ထိုအမှောင်

မရှိခြင်းသည် မီးရောင်မဟုတ်ချေ၊ အမှောင်မရှိခြင်း ဟု ဆိုအပ်သော ဝေါဟာရသည် အဘာဝအတ္ထပညတ်သာ ဖြစ်သည်။

ဤကား နံပါတ် (၁) ပြဿနာကို အမြွက်မျှ ဖြေပြသောစကားတည်း။

## နံပါတ် (၂) ပြဿနာ အဖြေ

**သဥပါဒိသေသ နှင့် အနုပါဒိသေသနိဗ္ဗာန်** အသခ်တဓာတ် ပရမတ်နိဗ္ဗာန်ဟူသည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ တဖန်အသစ် မဖြစ်သောအားဖြင့် ချုပ်ငြိမ်းပြီးသည်မှနောက်၌ ဖြစ်ပေါ်လာသော (အနုပါဒိသေသနိဗ္ဗာန်) ဖြစ်ပါသလော ဟူသော ဒုတိယ ပြဿနာ၌ အဆုံးအဖြတ်ကား ဤသို့တည်း။

နိဗ္ဗာန်သည် သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်အားဖြင့် နှစ်ပါး အပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ဘုရားရဟန္တာတို့၏သန္တာန်၌ နိဗ္ဗာန်ကိုအာရုံပြု၍ အရဟတ္တမဂ်စိတ် ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ကိလေသာအားလုံးတို့သည် အကြွင်းမဲ့ ချုပ်ငြိမ်းကြသည်၊ ခန္ဓာငါးပါး မချုပ်ငြိမ်းသေးမူ၍ ယင်းသို့ ကိလေသာ အကြွင်းမဲ့ ချုပ်ငြိမ်းမှုကို (သဥပါဒိသေသနိဗ္ဗာန်) ဟု ခေါ်သည်။

ဘုရားရဟန္တာတို့ ပရိနိဗ္ဗာန်ပြုသောအခါ ခန္ဓာငါးပါးတို့သည် ဘဝသစ်၌ တဖန်မဖြစ်သောအားဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းကြသည်၊ ယင်းသို့ ချုပ်ငြိမ်းကြသော် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် လောင်စာမရှိသောမီးကဲ့သို့ ဘဝသစ်၌ တဖန်ဖြစ်ရန် မရှိတော့ဘဲ အေးငြိမ်းကြတော့သည်၊ ခန္ဓာငါးပါး အကြွင်းမဲ့ ချုပ်ငြိမ်းပြီးသည်မှနောက်၌ ဖြစ်ပေါ်လာသော ယင်း အေးငြိမ်းမှုဓာတ်ကို (အနုပါဒိသေသနိဗ္ဗာန်) ဟု ခေါ်သည်၊ ယင်း နိဗ္ဗာန်နှစ်မျိုး၏ အရကိုလည်း ပရမတ်နိဗ္ဗာန် ဟု မကောက်ယူရ၊ မုချအားဖြင့် မရှိခြင်း (အဘာဝအတ္ထပညတ်)ကိုသာ ကောက်ယူရမည် ဟု ဆုံးဖြတ်တော်မူသည်။

**အချို့ ဆရာတို့ဝါဒ** အချို့ဆရာတို့ကား ဣတိဝုတ်ပါဠိတော်၌ ဟောတော်မူသော အနုပါဒိသေသနိဗ္ဗာန်အရကို အသခ်တဓာတ်ပညတ်နိဗ္ဗာန်ကို မကောက်ယူမူ၍ အသခ်တဓာတ် ပရမတ်နိဗ္ဗာန်ကို ကောက်ယူကြကုန်၏၊ ယင်းသို့ ကောက်ယူသည်အားလျော်စွာ ဘုရားရဟန္တာတို့သည် ခန္ဓပရိနိဗ္ဗာန်မပြုမီ ပရမတ်နိဗ္ဗာန်ကို ပစ္စက္ခအားဖြင့် အာရုံမပြုနိုင်ကုန်သေး မရကြကုန်သေး မရောက်ကြကုန်သေး၊ ခန္ဓပရိနိဗ္ဗာန်

ပြုပြီးမှသာ ပစ္စက္ခအားဖြင့် အာရုံပြုနိုင်ကုန်၏၊ ရနိုင်ကုန်၏၊ ရောက်နိုင်ကုန်၏ ဟု ဆိုကြကုန်သည်။ ထိုဆရာတို့၏ ယူဆချက်ကား မသင့်ပေ။

**အကြောင်းပြချက်** ထိုဆရာတို့၏ နိဗ္ဗာန်သည် ခန္ဓာငါးပါး အကြွင်းမဲ့ ချုပ်ငြိမ်းပြီးသည့် နောက်မှသာ ဖြစ်ပေါ်လာရသော ကြောင့် နိဗ္ဗာန် ဟူသည် အမြဲနိစ္စ ထင်ရှားရှိနေသော တရားမျိုးမဟုတ် ဟု ဆိုရာရောက်တော့သည်၊ ထို့ပြင် ဘုရားရဟန္တာတို့ ခန္ဓ ပရိနိဗ္ဗာန်ပြုပြီးသောအခါမှသာ ရံခါရံခါ ဖြစ်ပေါ်လာရသောတရားမျိုး ဖြစ်ရ တော့မည်။ ရံခါရံခါမှ ဖြစ်ပေါ်လာရပါက စၡဖြစ်ခြင်း ဥပါဒ်သဘောရှိရ တော့မည်၊ ဥပါဒ်ခဏရှိက ဌီခဏ ဘင်ခဏတို့လည်း ရှိရတော့မည်၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ဟူသော ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါးလည်း ရှိရတော့မည်၊ နိဗ္ဗာန်ကို ဥပါဒ် ဌီ ဘင် အားဖြင့်ရင်း ပစ္စုပ္ပန် အတိတ် အနာဂတ် အားဖြင့်ရင်း မဆိုအပ် မဆိုထိုက် မဆိုရသောကြောင့် ဠတိဝုတ်ပါဠိတော်၌ ဟောတော်မူသော (အနုပါဒိသေသနိဗ္ဗာန်) အရကို ပရမတ်နိဗ္ဗာန် ဟု မကောက်ယူရ၊ **ပညတ်နိဗ္ဗာန်ကိုသာ** ကောက်ယူရမည် ဟု ဤ ကျမ်းပြုဆရာတော် က ဆုံးဖြတ်တော်မူသည်။

**ဥဒါန်းပါဠိတော်** ထိုဆရာတို့သည် အနုပါဒိသေသနိဗ္ဗာန်ကို ပရမတ်နိဗ္ဗာန် ဟု ယူဆမိကြသောကြောင့် (အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ) စသော ဥဒါန်းပါဠိတော်ကြီးနှင့် ရင်ဆိုင်ကြရတော့သည်၊ ထိုဘုရားဟော ပါဠိတော်ကိုလည်း မိမိတို့အယူအဆနှင့် ညီညွတ်စေရန် အောက်ပါအတိုင်း အဓိပ္ပါယ်ပြန်ဆိုထားချေသေးသည်၊ ထို နိဿယမှာ——

"**အဇာတံ**=ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့အား အေးမြစေသောအားဖြင့် ဖြစ်ပေါ်လာ သော်လည်း ယင်း ဖြစ်ပေါ်ပုံ၏ အလွန်သိမ်မွေ့နက်နဲလှသဖြင့် ယင်း ဇာတိ နိမိတ် အရိပ်လက္ခဏာ မထင်သော၊ **အဘူတံ**=ငြိမ်းအေးခြင်း သန္တိလက္ခဏာ အားဖြင့် ထင်ရှားရှိပါလျက်လည်း ယင်း ထင်ရှားရှိပုံ ဘူတနိမိတ် အရိပ်မပေါ် သော၊ **အကတံ**=ဒါန သီလ ဘာဝနာ အကြောင်းရင်း ဟေတုတို့ ပြုအပ် သော်လည်း ယင်း အကြောင်းပုံနှင့်အကျိုးပုံ အလွန်ကွာဝေးသဖြင့် ယင်း ပြုအပ်ပုံ ကတနိမိတ်အရိပ်အယောင်မထင်သော၊ **အသင်္ခတံ**=ဒါန သီလ ဘာဝနာ အကြောင်းတရားတို့ ပြုစီရင်အပ်သည် ဟု ဆိုစရာရှိပါလျက်လည်း ယင်း ပြုပြင် အပ်သည့် သင်္ခတလက္ခဏာမပေါ် သင်္ခတစော်မနံ သင်္ခတပုံဟန်နှင့် အလွန်ကွာ ဝေး၍နေသော" ဟူ၍ ဘာသာပြန်ဆိုထားကြသည်၊ ဤသို့ ဘာသာပြန်ပုံမှာ **လုံးဝ** မသင့်ချေ။

**မဖြစ်ပေါ်သောအဇာတနိဗ္ဗာန်** ထိုဆရာတို့သည် ဥဒါန်းပါဠိတော်နှင့် အဋ္ဌကထာကို ယင်းသို့ နက်နက်နဲနဲ ကြံဆကြသော်လည်း မြတ်စွာဘုရား၏ အလိုတော်လည်းမကျ အဋ္ဌကထာဆရာ၏ အာဘော်ကိုလည်း မမိပုံကို အနုသန္ဓေအထွက်အတက် စုဒ် စောဒနာတို့ဖြင့် ဤကျမ်း၌ ကျယ်ဝန်းစွာ ပြဆိုထားသည်။

(အဇာတ) တပုဒ်ကို အကျဉ်းချုပ်အားဖြင့် ဖော်ပြရသော် ပရမတ်နိဗ္ဗာန်ကို ထိုဆရာတို့ဆိုသကဲ့သို့ ဥပါဒ်ခဏအားဖြင့် မဖြစ်ပေါ်လာသော်လည်း အလွန်သိမ်မွေ့နက်နဲစွာ ဖြစ်ပေါ်လာသောကြောင့် (**အဇာတ**) ဟု ဟောတော်မူသည် မဟုတ်၊ မည်သည့်နည်းနှင့်မျှ အချင်းခပ်သိမ်း ဖြစ်ပေါ်လာခြင်း မဟုတ်သောကြောင့် (အဇာတ) ဟု ဟောတော်မူသည်၊ နိဗ္ဗာန်သည် မည်သည့်နည်းနှင့်မျှ ဖြစ်ပေါ်လာသော တရားမျိုးမဟုတ်သောကြောင့် ထိုဆရာတို့ ထင်သကဲ့သို့ (အဘာဝပညတ်)မရှိသော တရားမျိုးလည်း မဟုတ်၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားဖြစ်၏၊ပရမတ္ထအားဖြင့် ထင်ရှားရှိသော်လည်း စိတ်စေတသိက် ရုပ် ပရမတ်တို့ကဲ့သို့ အကြောင်းတခုခုကြောင့် ဖြစ်ပေါ်လာသော တရားမျိုးလည်း မဟုတ်၊ အကြောင်းများစွာ ညီညွတ်ပေါင်းဆုံမှ ဖြစ်ပေါ်လာသော တရားမျိုးလည်းမဟုတ်၊ အမြဲနိစ္စတည်ရှိနေသော တရားမျိုးဖြစ်၏၊ အမြဲနိစ္စ တည်ရှိနေသောကြောင့် မည်သည့်အခါကစ၍ ဖြစ်ပေါ်သည်ဟု ဥပါဒ်ခဏ အားဖြင့် ပြစရာမရှိ၊ ဥပါဒ်ခဏမရှိက ဌီခဏ ဘင်ခဏတို့လည်း မရှိ၊ ခဏသုံးပါးမရှိက ဖြစ်ဆဲ ဖြစ်ပြီး ဖြစ်လတ္တံ့ ဟူသော ကာလသုံးပါးတို့လည်း မရှိ၊ ယင်းသို့ ကာလသုံးပါးတို့၌ မည်သည့်နည်းနှင့်မျှ အချင်းခပ်သိမ်း မဖြစ်ပေါ်သောကြောင့် (အဇာတ နိဗ္ဗာန်) ဟု ဟောတော်မူရသည်ဟု ဆုံးဖြတ်တော်မူသည်။

**ထူးဆန်းသော အဗ္ဘုတနိဗ္ဗာန်** ထိုဆရာတို့သည် ဥဒါန်းပါဠိတော် အဋ္ဌကထာတို့နှင့်သာ ဆန့်ကျင်ဘက် ရင်ဆိုင်ကြသည် မဟုတ်၊ သံယုတ်ပါဠိတော် အဋ္ဌကထာတို့နှင့်လည်း ရင်ဆိုင်နေကြသည်၊ ထိုဆရာတို့သည် နိဗ္ဗာန်ဂုဏ်ကိုပြသော (အဗ္ဘုတ) သဒ္ဒါနှင့် လောက၌ တခါတရံမှသာ မဖြစ်ပေါ်စဘူး ထူးထူးဆန်းဆန်း ဖြစ်ပေါ်ခြင်းကိုပြသော (အဗ္ဘုတ) သဒ္ဒါကို ထပ်တူထပ်မျှ ဘာသာပြန်ဆိုကြကုန်သည်၊ အဓိပ္ပါယ်ကိုလည်း ပရမတ်နိဗ္ဗာန်ဟူသည် ဘုရားရဟန္တာတို့ စုတိမကျမီရှေးအခါက တရံတခါမျှ မဖြစ်ပေါ်ဘူး၊ ဘုရားရဟန္တာတို့ စုတိစိတ်ကျပြီးသည်မှ နောက်၌သာ ထူးထူးဆန်းဆန်း ဖြစ်ပေါ်လာ၏ ဟူ၍ရင်း သောတာပန် သကဒါဂါမ် အနာဂါမ်တို့ဖြစ်စေ ဘုရားရဟန္တာတို့ဖြစ်စေ ပရမတ်နိဗ္ဗာန်ကို မျက်မှောက်ပစ္စက္ခအားဖြင့် အာရုံမပြုနိုင်ကုန်၊အနာဂတ် နိဗ္ဗာန်ကိုသာ လှမ်းမြော်

၍ အာရုံပြုကြရ၏ ဟူ၍ရင်း ပြောဆိုကြကုန်၏၊ ထိုဆရာတို့၏စကားမှာ လုံးဝ မသင့်ချေ။

**ပယ်ဖျက်ပုံ** ထိုဆရာတို့၏ ဝါဒအပေါ်၌ ယခုကျမ်းပြုဆရာတော်၏ အဆုံးအဖြတ်ကား ဤသို့တည်း။

"သံယုတ်ပါဠိတော်၌ ပရမတ်နိဗ္ဗာန်ကို (အစ္စုတ) ထူးဆန်းသော နိဗ္ဗာန်ဟု ဟောတော်မူသည်မှာ ထိုဆရာတို့ ဆိုသကဲ့သို့ ရှေးအခါက တရံတခါမျှ မဖြစ်ပေါ်ဘူးဘဲ ယခုမှဖြစ်ပေါ်လာသောကြောင့် (အစ္စုတ) ထူးဆန်းသောနိဗ္ဗာန်ဟု ဟောတော်မူသည်မဟုတ်၊ ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါးတို့၌ တရံတခါမျှ မဖြစ်ပေါ်ဘူးသော်လည်း ပရမတ္ထအားဖြင့် အမြဲနိစ္စ တည်ရှိနေသောကြောင့် (အစ္စုတ) ထူးဆန်းသောနိဗ္ဗာန်ဟု ဟောတော်မူရသည်" စသောအားဖြင့် အစ္စုတနိဗ္ဗာန်ကို ကျယ်ဝန်းစွာ ဆုံးဖြတ်တော်မူ၏၊ ထိုဆရာတို့၏ ဝါဒကိုလည်း ပြတ်ပြတ်သားသား ပယ်ဖျက်တော်မူ၏။

**မှီခိုရာဂတိနိဗ္ဗာန်** ထိုဆရာတို့သည် ဥဒါန်း ပါဠိတော် သံယုတ် ပါဠိတော် အဋ္ဌကထာတို့နှင့်သာ ဆန့်ကျင်ဘက် ရင်ဆိုင်ကြသည် မဟုတ်၊ (နိဗ္ဗာနံ အရဟတော ဂတိ) ဟူသော ပရိဝါ ပါဠိတော်နှင့်လည်း ရင်ဆိုင်နေကြသည်၊ ထိုဆရာတို့သည် (နိဗ္ဗာနံ အရဟတော ဂတိ) ဟူသော ပါဠိတော်ကို (အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်သည် ဘုရားရဟန္တာ၏ လားရောက်ရာ ဖြစ်၏၊ မှီခိုရာဖြစ်၏) ဟု ဘာသာပြန်ဆိုကြကုန်၏၊ ယင်းစကားအရ "အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်သည် ဘုရားရဟန္တာတို့၏တည်ရာ မှီရာ ရောက်ရာ၏ အဖြစ်ကိုပြသဖြင့် ပရိနိဗ္ဗာန်ပြုပြီးသော ဘုရားရဟန္တာတို့သည် ထိုအသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်၌ တည်ရှိနေသည်၏အဖြစ်ကို ပြသည်သာ ဖြစ်၏၊ တည်ရာအရပ်သည် ထင်ရှားရှိသကဲ့သို့ ထိုနိဗ္ဗာန်၌ တည်သောသူသည်လည်း ထင်ရှားရှိသင့်တော့သည်သာ ဖြစ်၏၊ ထိုသို့ထင်ရှားရှိသော်လည်း လူ နတ် ဗြဟ္မာ ဟူသော ခေါ်ဝေါ်ခြင်းပညတ်မှ လွတ်ကုန်၏"ဟု ဆိုကြပြန်သည်၊ ထိုဆရာတို့၏စကားမှာ ရှေ့စကားနှင့် နောက်စကား မညီကြချေ၊ ထို့ကြောင့် မသင့်သော စကားတည်း။

**မူလဋီကာဖြင့် ပယ်ဖျက်ပုံ** ထိုဆရာတို့၏ အယူဝါဒ၌ အဆုံးအဖြတ် အကျဉ်းချုပ်ကား (နိဗ္ဗာနံ အရဟတော ဂတိ) ဟူသော ပရိဝါပါဠိတော်ကို (ပရမတ်နိဗ္ဗာန်သည် ဘုရားရဟန္တာ၏ လားရောက်ရာဖြစ်၏၊ မှီခိုရာဖြစ်၏) ဟု ဘာသာပြန်ဆိုရမည်ပင် ဖြစ်သည်၊ အဓိပ္ပါယ်ကိုလည်း အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်သည် ဘုရားရဟန္တာများ၏ မျက်မှောက်ပစ္စက္ခအာရုံပြုသောအားဖြင့် လားရောက်ရာ ဖြစ်၏၊ မှီခိုရာ

ဖြစ်၏ဟု ယူဆရမည်၊ ပရိနိဗ္ဗာန် ပြုပြီးသည်၏ အခြားမဲ့၌သာ ရောက်၏ဟု မယူဆရ၊ ယင်းသို့ဖြစ်သောကြောင့် (နိဗ္ဗာနံ) အရကို ပရမတ်နိဗ္ဗာန်ကို ယူသော်လည်း "ထိုဆရာတို့၏ဝါဒသည် ဖောက်ပြန်မှားယွင်းသော ဝါဒသာ ဖြစ်၏"ဟု ပယ်ဖျက်ဆုံးဖြတ်တော်မူ၏။

**ပရိဝါအဋ္ဌကထာဖြင့် ပယ်ဖျက်ပုံ**

(နိဗ္ဗာနံ အရဟတော ဂတိ) ဟူသော ပရိဝါပါဠိတော်ကို (အနုပါဒိသေသ နိဗ္ဗာန်သည် ဘုရားရဟန္တာ၏ လားရောက်ရာ ဖြစ်၏) ဟု ဘာသာပြန်ဆိုရမည်၊ အဓိပ္ပါယ်ကိုလည်း (ခန္ဓာငါးပါးတို့ ဘဝသစ်၌ တဖန်မဖြစ်ရခြင်းဟူသော ငြိမ်းအေးမှု အနုပါဒိသေသနိဗ္ဗာန်သည် ရဟန္တာများ၏ မဖြစ်မနေရ ကေန်ဖြစ်ရမည့်အမှုမျိုးဖြစ်၏) ဟု ယူဆရမည်၊ အနုပါဒိ-သေသနိဗ္ဗာန် ဟူသည်မှာလည်း ခန္ဓာငါးပါးတို့ ဘဝသစ်၌ တဖန်မဖြစ်ရခြင်းဟူသော ငြိမ်းအေးမှု အဘာဝ အတ္ထပညတ်မျှသာ ဖြစ်၏၊ ယင်းသို့ဖြစ်သောကြောင့် (နိဗ္ဗာနံ) အရကို ပညတ်နိဗ္ဗာန်ဟု ယူငြားသော်လည်း "ထိုဆရာတို့၏ ဝါဒသည် ဖောက်ပြန် မှားယွင်းသော ဝါဒသာ ဖြစ်နေတော့၏" ဟု ပယ်ဖျက်ဆုံးဖြတ်တော်မူ၏။

**နိဗ္ဗာန်နှင့် ကထာဝတ္ထု**

ထိုဆရာတို့သည် ဥဒါန်းပါဠိတော် သံယုတ်ပါဠိတော် ပရိဝါပါဠိတော် ၎င်းအဋ္ဌကထာတို့နှင့်သာ ရင်ဆိုင်ကြသည်မဟုတ် (အတ္ထိ သိယာ နိဗ္ဗာနံ သိယာ နော နိဗ္ဗာနံ) ဟူသော ကထာဝတ္ထုပါဠိတော်နှင့်လည်း ရင်ဆိုင်နေကြသေးသည်၊ ထိုဆရာတို့၏နိဗ္ဗာန်ကား ဘုရားရဟန္တာတို့ ခန္ဓပရိနိဗ္ဗာန်ပြုပြီးသည်မှ နောက်၌ ဖြစ်ပေါ်လာသော (အနုပါဒိသေသနိဗ္ဗာန်) ဖြစ်သည်၊ ယင်း နိဗ္ဗာန်နှင့် လျော်ညီအောင် ကထာဝတ္ထုပါဠိတော်ကို (နိဗ္ဗာန်သည် ရံခါမှသာ ဖြစ်ပေါ်လာ၏၊ ရံခါသော်ကား မဖြစ်ပေါ်လာ) ဟု ဘာသာပြန်ဆိုကြကုန်၏။ အမှန်ကား ၎င်းကထာဝတ္ထုပါဠိသည်—

"နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ဟု ဆိုသော် ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားအားလုံးသည် နိဗ္ဗာန်မည်ပါသလော" ဟူသော အမေးစကား၏ အဖြေဖြစ်သည်၊ ယင်းသို့ ဖြစ်သောကြောင့် ၎င်းပါဠိတော်ကို—

"ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားအားလုံးတွင် အချို့သာ နိဗ္ဗာန်မည်၏၊ အချို့ကား နိဗ္ဗာန်မမည်"

ဟူ၍သာ ဘာသာပြန်ဆိုရမည်။

အဓိပ္ပါယ်ကိုလည်း "ပရမတ္ထအားဖြင့် ထင်ရှားရှိသော စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟူသော တရားလေးမျိုးတို့တွင် နိဗ္ဗာန်ဟူသော အချို့သော

ပရမတ္ထတရားသာ နိဗ္ဗာန်မည်၏၊ စိတ် စေတသိက် ရုပ်ဟူသော အချို့သော ပရမတ္ထတရားကား နိဗ္ဗာန်မမည်” ဟု ယူဆရမည်၊ ယင်းသို့ ဖြစ်ပါလျက် ထိုဆရာတို့သည် အမှားမှား အယွင်းယွင်း ဘာသာပြန်ဆိုကြကုန်လျက် နိဗ္ဗာန်ကို အမှားမှား အယွင်းယွင်း ပြောဆိုကြကုန်၏ ဟု ထိုဆရာတို့၏ဝါဒကို ပယ်ဖျက်ဆုံးဖြတ်တော်မူသည်။

**တမလွန်သမ္ပရာယိကနိဗ္ဗာန်** အချို့ဆရာတို့ကား (အနုပါဒိသေသနိဗ္ဗာန်) အရကို ဘုရားရဟန္တာတို့ ခန္ဓပရိနိဗ္ဗာန်ပြုသော အခါ နောက်ဆုံး စုတိစိတ်၏ ဘင်္ဂက္ခဏကို ကောက်ယူကြသည်၊ ထို ဆရာတို့၏ဝါဒသည် နံပါတ် (၁) ပြဿနာ၌ ပြဆိုခဲ့သော ခန္ဓာငါးပါးတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှု အဘာဝပညတ် (နိရောဓနိဗ္ဗာန်) ပင် ဖြစ်သည်၊ ထိုဆရာတို့၏ဝါဒ၌ အကျဉ်းချုပ် အဆုံးအဖြတ်ကား—ဘုရားရဟန္တာတို့၏ နောက်ဆုံးစုတိစိတ်၏ ဘင်္ဂက္ခဏကို ဤပစ္စုပ္ပန်ဘဝ၌သာ ထည့်သွင်းရသည်၊ အနုပါဒိသေသနိဗ္ဗာန်ကား ခန္ဓာငါးပါးတို့ အကြွင်းမဲ့ချုပ်ငြိမ်းပြီးသည်မှ နောက်၌ဖြစ်ပေါ်လာသော တမလွန်သမ္ပရာယိကနိဗ္ဗာန်ဖြစ်သည်၊ ယင်းသို့ ဖြစ်သောကြောင့် ထိုဆရာတို့၏ဝါဒသည်လည်း ဣတိဝုတ်ပါဠိတော်ရင်းအဋ္ဌကထာတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သောဝါဒ ဟု ဆုံးဖြတ်တော်မူသည်။

**မျက်မှောက်ဒိဋ္ဌဓမ္မိကနိဗ္ဗာန်** ဣတိဝုတ် ပါဠိတော်၌ အနုပါဒိသေသနိဗ္ဗာန်ကိုသာ သမ္ပရာယိကနိဗ္ဗာန် ဟု ဟောတော်မူသည်မဟုတ်၊ သဉပါဒိသေသနိဗ္ဗာန်ကိုလည်း ဒိဋ္ဌဓမ္မိကနိဗ္ဗာန် ဟု ဟောတော်မူသည်၊ ယင်းသို့ သဉပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ဘဝ၌ ကိလေသာအေးငြိမ်းမှု (ဒိဋ္ဌဓမ္မိကနိဗ္ဗာန်) ဟူ၍ရင်း အနုပါဒိသေသနိဗ္ဗာန်ကို တမလွန်၌ ခန္ဓာငါးပါး မဖြစ်ရခြင်းဟူသော ငြိမ်းအေးမှု (သမ္ပရာယိကနိဗ္ဗာန်) ဟူ၍ရင်း ဟောတော်မူခြင်းကြောင့် ယင်း ငြိမ်းအေးမှု (နိဗ္ဗာန်) များကို ပရမတ်နိဗ္ဗာန် ဟု မဆိုရ၊ ကိလေသာခန္ဓာတို့ ရှိမရှိကို စွဲ၍ ခေါ်ဝေါ်သော အဘာဝအတ္ထပညတ်သာ ဖြစ်သောကြောင့် ပညတ်နိဗ္ဗာန်ဟုသာ ဆိုရမည်ဖြစ်ကြောင်းကို ထပ်လောင်း၍ ဆုံးဖြတ်တော်မူသည်။

ဤကား နံပါတ် (၂) ပြဿနာကို အမြွက်မျှ ဖြေပြသော စကားတည်း။

## နံပါတ် ( ၃ ) ပြဿနာအဖြေ

**ပရမတ်နိဗ္ဗာန်** အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်ဟူသည် ( က )စိတ် စေတသိက် အဝိဇ္ဇာ တဏှာ ကံ ဝဋ်ဆင်းရဲတို့၏ ချုပ်ခြင်း ပျောက်ခြင်း မရှိခြင်းတည်း ဟူသော နိရောဓ နိဗ္ဗာန်လည်းမဟုတ်၊ ( ခ ) ဝိပါက် နာမက္ခန္ဓာကမ္မဇရုပ်တို့ အကြွင်းမဲ့ချုပ်ပြီး မဖြစ်ပေါ်ခြင်းတည်းဟူသော

အနုပါဒိသေသနိဗ္ဗာန်လည်း မဟုတ် (ဂ) ဘုရားရဟန္တာတို့ ပရိနိဗ္ဗာန်မပြုမီ မျက်မှောက်ပစ္စက္ခအားဖြင့် အာရုံပြုနိုင်သော (ဃ) အမြဲတည်ရှိနေသော (နိစ္စ ဓုဝ သဿတ) နိဗ္ဗာန်ဖြစ်ပါသလော ဟူသော တတိယပြဿနာ၌ အဆုံးအဖြတ်ကား ဤသို့တည်း။

(က) ပရမတ်နိဗ္ဗာန်ဟူသည် ဝဋ်ဆင်းရဲဟူသမျှတို့၏ အကြွင်းမဲ့ချုပ်ငြိမ်းမှု (နိရောဓနိဗ္ဗာန်) မဟုတ်သည်မှာလည်း ထင်ရှားခဲ့လေပြီ။

(ခ) ပရမတ်နိဗ္ဗာန်ဟူသည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ဘဝသစ်၌ တဖန်မဖြစ်ရခြင်းဟူသော ငြိမ်းအေးမှု (အနုပါဒိသေသနိဗ္ဗာန်) မဟုတ်သည်မှာလည်း ထင်ရှားခဲ့လေပြီ။

(ဂ) ကိလေသာဟူသမျှ အကြွင်းမဲ့ ချုပ်ငြိမ်းမှုသည် ပရမတ်နိဗ္ဗာန်ကို အာရုံပြုရမှသာ ဖြစ်ပေါ်လာရ၍ ဘုရားရဟန္တာတို့သည် ပရိနိဗ္ဗာန်မပြုမီ ပရမတ်နိဗ္ဗာန်ကို မျက်မှောက် ပစ္စက္ခအားဖြင့် အာရုံပြုရသည် မှာလည်း ထင်ရှားခဲ့လေပြီ။

(ဃ) ပရမတ်နိဗ္ဗာန် ဟူသည် စ၍ဖြစ်ခြင်း ဥပါဒ်သဘောမရှိ၊ ဖြစ်ခြင်းသဘောမရှိက ပျက်ခြင်းသဘော ဘင်လည်းမရှိ၊ ယင်းသို့ဖြစ်ခြင်း ပျက်ခြင်းသဘောမရှိသောကြောင့် အမြဲနိစ္စ တည်ရှိနေသော နိဗ္ဗာန်ဖြစ်သည်မှာလည်း ထင်ရှားသင့်သလောက် ထင်ရှားခဲ့လေပြီ။

**အချို့ဆရာတို့ဝါဒ**

ယင်းသို့ဖြစ်သော်လည်း အချို့ဆရာတို့သည် ပရမတ်နိဗ္ဗာန်ဟူသည် သောတာပတ္တိမဂ်သို့ ရောက်သောအခါမှ စ၍ဖြစ်၏ ဟု ဆိုကြကုန်သည်၊ ထိုဆရာတို့သည် (ပရမတ်နိဗ္ဗာန်ကို သောတာပတ္တိမဂ်သို့ ရောက်သောအခါ မျက်မှောက်ပစ္စက္ခအားဖြင့် တွေ့မြင်ကြရကုန်၏) ဟူသောစကားကို ထောက်ထားကြသည်၊ ယင်းစကား၏ အဓိပ္ပါယ်အမှန်ကား "ပုထုဇဉ်တို့သည် ဘဝများစွာ သံသရာပတ်လုံး ပရမတ်နိဗ္ဗာန်ကို တခါတရံမျှ မတွေ့မြင်ခဲ့ကြရ၊ သောတာပတ္တိမဂ်သို့ ရောက်သောအခါမှသာ တွေ့မြင်ကြရသည်" ဟု နိဗ္ဗာန်ကို စ၍ တွေ့မြင်ရသော အချိန်ကာလကို ပြဆိုသောစကားဖြစ်သည်၊ ပရမတ်နိဗ္ဗာန် စ၍ ဖြစ်ပေါ်သော အချိန်ကာလကို ပြဆိုသော စကားမဟုတ်သည်မှာ ထင်ရှားလှပါသည်။

ယင်းသို့ ဖြစ်သောကြောင့် ပရမတ်နိဗ္ဗာန် ဟူသည် သောတာပတ္တိမဂ်သို့ ရောက်သောအခါမှစ၍ ဖြစ်ပေါ်သော တရားမျိုးလည်းမဟုတ်၊ သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်သို့ ရောက်သောအခါမှစ၍ ဖြစ်ပေါ်သောတရားမျိုးလည်း မဟုတ်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ အကြွင်းမဲ့ ချုပ်ငြိမ်းပြီးသည်၏

အခြားမဲ့မှစ၍ ဖြစ်ပေါ်လာသော တရားမျိုးလည်း မဟုတ်၊ မည်သည့်ကပ်ကမ္ဘာ ကာလ မည်သည့် ဘုရားလက်ထက်ကစ၍ ဖြစ်ပေါ်သောတရားမျိုးလည်း မဟုတ်၊ အမြဲတည်ရှိနေသော "နိစ္စ ဓုဝ သဿတ" နိဗ္ဗာန် ဖြစ်ပေ၏ဟု ဆုံးဖြတ်တော်မူသည်။

**ဥပစာနိဗ္ဗာန်နှင့် အမှာစကား**

ယင်းသို့ ပရမတ်နိဗ္ဗာန်သည် အမြဲတည်ရှိနေ၍ "နိစ္စ ဓုဝ သဿတ" နိဗ္ဗာန်ဖြစ်သောကြောင့် ဖြစ်ပျက်မှုမရှိ၍ မြဲသောနိဗ္ဗာန်၌ အဘယ်မှာလျှင် ချုပ်ဆုံးမှု "နိရောဓ" ရှိပါအံ့နည်း၊ မီးလောင်မှုမရှိ၍ မြဲသောနိဗ္ဗာန်၌ အဘယ်မှာလျှင် မီးငြိမ်းမှု 'နိဗ္ဗာန' ရှိပါအံ့နည်း၊ တခါတရံမှ ကုန်ခန်းခြင်းမရှိ၍ မြဲသောနိဗ္ဗာန်၌ အဘယ်မှာလျှင် ကုန်ခန်းမှု 'ခယ' ရှိပါအံ့နည်း၊ ယင်း နိရောဓ သဘော နိဗ္ဗာနသဘော ခယသဘောများသည် ပရမတ်နိဗ္ဗာန်၌ စင်စစ် မရှိစကောင်းသော အမည်များသာ ဖြစ်ကြ၏၊ ယင်းသို့ပင် မရှိစကောင်းသော်လည်း မြတ်စွာဘုရားသည် ထိုထိုပါဠိတော်တို့၌ နိရောဓသစ္စာကို "သဗ္ဗသင်္ခါရ-သမထော နိရောဓော နိဗ္ဗာနံ ရာဂက္ခယော" စသောအားဖြင့် ပရမတ်နိဗ္ဗာန် အရာ၌ပင် ဟောတော်မူခဲ့သည်သာတည်း။

ယင်း ပါဠိတော်တို့၌ နိရောဓ နိဗ္ဗာန ခယ ဟူသော အမည်များသည် စင်စစ်အားဖြင့် ကိလေသာခန္ဓာတို့ ချုပ်ဆုံးမှု ကိလေသာခန္ဓာမီးငြိမ်းမှု ကိလေသာခန္ဓာတို့ ကုန်ခန်းမှု အဘာဝ အတ္ထပညတ်၏ အမည်များသာ ဖြစ်ကြပေ၏၊ ယင်း အဘာဝအတ္ထပညတ်ဖြစ်သော အကျိုးတရားများ၏ အမည်များကို ချုပ်ဆုံးမှု မီးငြိမ်းမှု ကုန်ခန်းမှုသဘော တရံတခါမျှ မဖြစ်စကောင်းသော အကြောင်းတရား ပရမတ်နိဗ္ဗာန်၌ တင်စား၍ ပရမတ်နိဗ္ဗာန်ကိုပင် ဖလူပစာရ အားဖြင့် နိရောဓ နိဗ္ဗာန ခယ စသောအမည်အားဖြင့် ဟောတော်မူရပုံကိုရင်း၊ ထိုနည်းတူစွာ သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ဟူသော အမည်များ သည်လည်း အဘာဝအတ္ထပညတ်ဖြစ်သော အကျိုးတရား၏ အမည်များပင် ဖြစ်ကြ၏၊ ယင်း အဘာဝအတ္ထပညတ်နိဗ္ဗာန်များကို ပရမတ်နိဗ္ဗာန်၌ တင်စား၍ ဥပစာအားဖြင့် ပရမတ်နိဗ္ဗာန်ကိုပင် သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသ နိဗ္ဗာန် ခေါ်နိုင်ပုံကိုရင်း သက်ဆိုင်ရာ ထိုထိုနေရာ ဌာနတို့၌ ဌာနအားလျော်စွာ ပြဆို ဆုံးဖြတ်တော်မူထားပါသည်။

ဤကား နံပါတ် (၃) ပြဿနာကို အဖြေက်မျှဖြေပြသော စကားတည်း။

**နိဗ္ဗာနဝိနိစ္ဆယသင်္ခေပကထာ ပြီး၏။**

# နိဗ္ဗာနသရူပဒီပကကျမ်း
## ၌
### အထွေထွေမှတ်သားဖွယ်များ

ဤနိဗ္ဗာနသရူပဒီပကကျမ်း၌ နိဗ္ဗာန်၏ အဆုံးအဖြတ်မှတပါး ပိဋကတ်တော်၌ ဝိဝါဒကွဲပြား၍ ခက်ခဲနက်နဲသော အခြားသော ဝိနိစ္ဆယတို့ကိုလည်း စကားစပ်လျဉ်းသဖြင့် ပြဆိုထားပုံများ ပါရှိပေသေးသည်။

ယင်း အဆုံးအဖြတ်တို့ကို အကျဉ်းချုပ်အားဖြင့် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

၁။ သုဒ္ဓါဝါသငါးဘုံသည် သတ္တဝါနေကိုးဘုံ (သတ္တာဝါသ ဘုံကိုး၀) တွင် ပါဝင်ပါသလော၊ မပါဝင်ပါသလော ဟူသော ပြဿနာ၌ ဒီဃနိကာယ် သုတ်ပါထိက အဋ္ဌကထာအလိုအားဖြင့် သုဒ္ဓါဝါသငါးဘုံသည် အခြားဘုံများကဲ့သို့ သတ္တဝါတို့၏ နေရာဖြစ်သောကြောင့် သတ္တဝါနေကိုးဘုံ (သတ္တာဝါသ ဘုံကိုး၀) တွင် ပါဝင်သည် ဟု ဆုံးဖြတ်တော်မူလေသည်။

မဇ္ဈိမနိကာယ် မူလပဏ္ဏာသအဋ္ဌကထာ အင်္ဂုတ္တရနိကာယ် အင်္ဂုတ္တိုရ်အဋ္ဌကထာတို့၏ အလိုအားဖြင့် သုဒ္ဓါဝါသငါးဘုံသည် အခါခပ်သိမ်း သတ္တဝါမရှိနိုင်သောကြောင့် သတ္တဝါနေကိုးဘုံ(သတ္တာဝါသ ဘုံကိုး၀)မှ အလွတ်ဖြစ်သည် ဟု ဆုံးဖြတ်တော်မူလေသည်။

ယင်း အဋ္ဌကထာကြီး သုံးစောင်တို့တွင် ဒီဃနိကာယ် သုတ်ပါထိက အဋ္ဌကထာ၏ ဝါဒသာ အခြားပါဠိတော်များနှင့် ညီညွတ်သင့်လျော်ပေသည်ဟု သာရတ္ထဒီပနီ ဋီကာဆရာက ကြားဝင်ထားပုံများကိုလည်း ထည့်သွင်း ပြဆိုထားပါသေးသည်။

၂။ ထို့ပြင်လည်း ဘုရားအလောင်းမယ်တော် မဟာမာယာမိဖုရားသည် တုသိတာနတ်ပြည်၌ ဖြစ်သောအခါ နတ်ယောကျ်ားဖြစ်လေသလော နတ်မိန်းမ ဖြစ်လေသလော ဟူသော ပြဿနာ၌ ထေရဂါထာ အဋ္ဌကထာအလိုအားဖြင့် ဘုရားလောင်း၏မယ်တော်သည် တုသိတာနတ်ပြည်၌ ဖြစ်သောအခါ နတ်ယောကျ်ားဘဝဖြင့် ဖြစ်၏ ဟု ဆုံးဖြတ်တော်မူလေသည်။

ယင်း အဆုံးအဖြတ်တွင် မဏိဒီပဋီကာဆရာက ဘုရားလောင်း၏မယ်တော်များသည် နတ်ပြည်၌ဖြစ်သောအခါ ယောကျ်ားဘဝဖြင့်သာ ဖြစ်ရခြင်းသည် **ဓမ္မတာတခုပင် ဟု ထောက်ခံရေးသားတော်မူပုံ။**

မဓုဋီကာဆရာက " ထေရဂါထာ အဋ္ဌကထာသည် သံဂါယနာသုံးတန်၌ ပါဝင်သော အဋ္ဌကထာမဟုတ်၊ ဘုရားလောင်း၏ မယ်တော်များသည်လည်း နတ်ပြည်၌ဖြစ်သောအခါ ယောကျ်ားဘဝဖြင့်သာ ဖြစ်ရမည် ဟု ဓမ္မတာသုံးဆယ်၌ ပါဝင်ခြင်းမရှိ " စသည်ဖြင့် အဋ္ဌကထာကို ဋီကာက ပယ်ထားပုံ။

ထေရဂါထာ အဋ္ဌကထာနှင့် မဓုဋီကာဆရာတို့ ဝါဒကွဲကြရာတွင် ထေရဂါထာ အဋ္ဌကထာဝါဒသာ အခြား အဋ္ဌကထာ ဋီကာများနှင့် ညီညွတ်ပုံများကိုလည်း ထည့်သွင်း ပြဆိုထားပါသေးသည်။

၃။ ထို့ပြင်လည်း မြတ်စွာဘုရားတို့၏ ဓမ္မတာတို့ကို ပြရာ၌ ဗုဒ္ဓဝံသ အဋ္ဌကထာဆရာက ဓမ္မတာအပြားကို သုံးဆယ်သာရှိသည် ဟု တိတိကျကျ ဖော်ပြထားသော်လည်း ဓမ္မတာတို့သည် သုံးဆယ်သာမက မြားမြောင်စွာ ရှိသေးပုံတို့ကို အခြားပါဠိတော် အဋ္ဌကထာတို့မှ ထုတ်နုတ်၍ ပြဆိုထားချက်များလည်း ပါလေသည်။

၄။ ထို့ပြင်လည်း မိဘကိုသတ်ရာ၌ အနန္တရိယကံထိုက်၏ ဟု ဆိုရာဝယ် မိဘကလည်း လူဖြစ်ပါမှ သတ်သောသားသမီးကလည်း လူဖြစ်ပါမှ အနန္တရိယကံ ထိုက်ပုံ။

(က) ဖြဟ္မဒတ်မင်းနှင့် အကြောင်းသင့်၍ နဂါးမ-က မွေးသော သာဂရမင်းသား

(ခ) ခြင်္သေ့နှင့် အကြောင်းသင့်၍ မင်းသမီးကမွေးသော သီဟဗာဟုမင်း

(ဂ) တိရစ္ဆာန်ထီးနှင့် အကြောင်းသင့်၍ တိရစ္ဆာန်မ-က မွေးသော လူသားသမီး ဤသို့သော သားသမီးတို့က မိဘကိုသတ်ရာ၌ အနန္တရိယကံ မထိုက်ပုံများကိုလည်း ကျယ်ဝန်းစွာ ပြဆိုထားပါသေးသည်။

၅။ ထို့ပြင်လည်း ဂဗ္ဘသေယျကသတ္တဝါတို့အား ပဋိသန္ဓေတည်သောနေ့မှစ၍ (၇၁)ရက်မြောက်သောနေ့၌ စက္ခု သောတ ဃာန ဇိဝှါ အာယတနလေးပါးတို့သည် တပြိုင်တည်းဖြစ်ကြောင်းကို ကထာဝတ္ထုအဋ္ဌကထာ၌ ဆိုထားသည်၊ ၎င်းအဋ္ဌကထာ၏ အဖွင့်ဖြစ်သော မူလဋီကာ၌လည်း အဋ္ဌကထာနည်းအတိုင်းပင် ထပ်တူထပ်မျှ ဖွင့်ထားသည်၊ သို့ပါလျက် ဋီကာကျော်ဆရာသည် အဋ္ဌကထာနှင့် ဋီကာ ဝါဒကွဲသည် ဟု ထင်မှတ်ပြီးလျှင် အဋ္ဌကထာဆရာ၏ အလိုအားဖြင့် သတ္တမသတ္တာဟ၌ စက္ခုဖြစ်သည်၊ ဋီကာဆရာအလိုအားဖြင့် ဧကာဒသမ သတ္တာဟ၌ စက္ခုဖြစ်သည် ဟု အဖွင့်မှားပုံ၊ "ကမေန" ဟူသော ပါဠိမှားကို အမှန်ထင်၍ စက္ခု သောတ ဃာန ဇိဝှါ အာယတနလေးပါးတို့သည် တပြိုင်တည်း မဖြစ်ဘဲ တပါးစီ တပါးစီ သတ္တာဟခြား၍ ဖြစ်ကုန်၏ ဟု အဖွင့်မှားပုံ၊

ဋီကာကျော်ဆရာနောက်လိုက်၍ သခေ်ပဋီကာဆရာ မဏိသာရမဉ္ဇူဆရာ စသည်တို့သည်လည်း ထပ်ဆင့်မှားကြပုံတို့ကို သဘာဝကျကျ ထောက်ပြထားပါသေးသည်။

၆။ ထို့ပြင်လည်း မိလိန္ဒပဥှာဝတ္ထု စကားပြေကျမ်း၌ ပါဠိမှားကို အမှန်ထင်၍ ဘာသာပြန် လွဲမှားနေပုံ-

အင်္ဂုတ္တိုလိနီအဋ္ဌကထာ "ကာမာဝစရကုသလတော"ဟူသော ပါဠ်၌ မဏိဒီပဋီကာဆရာ မိန္တောင်းဂဏ္ဍိဆရာတို့ အကြံလွဲမှားကြပုံများကိုလည်း ထည့်သွင်းဖော်ပြထားပါသေးသည်။

ထိုဆုံးဖြတ်ချက်များအနက် အမှတ်-၂၊ အမှတ် ၃-ပါ ဆုံးဖြတ်ချက်များမှာ ဤဒုတိယမြို့ပြင်ကြီးဆရာတော်ပင် စီရင်ပြုစုတော်မူသည့် အဋ္ဌသာလိနီဂဏ္ဍိသစ်၌လည်း အလားတူ ပါရှိသည်ကို တွေ့ရသည်၊ သို့ဖြစ်ပေရာ ဤအဆုံးအဖြတ်များကို မိမိ၏ အဋ္ဌသာလိနီဂဏ္ဍိသစ်မှ ထုတ်နုတ် ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း သိရပေသည်။

အထွေထွေမှတ်သားဖွယ် ပြီး၏။

### အဘိဓမ္မတ္ထသရူပဒီပကကျမ်းပြု

# ဒုတိယ မြို့ပြင်ကြီးဆရာတော် အဌုပ္ပတ်

မြန်မာနိုင်ငံတော်သို့ ဗုဒ္ဓသာသနာ ဆိုက်ရောက်လာသည့် အချိန်ကစ၍ သာသနာတော် သုံးရပ်၏ အခြေခံဖြစ်သော ပိဋကတ်တော်များလည်း ဆိုက်ရောက်ခဲ့ကြောင်း ရာဇဝင် သာသနာဝင် စာပေများအရ ကောင်းစွာ သိရလေသည်။ ပိဋကသုံးသွယ် ကျမ်းပင်လယ်တွင် တသွယ်အပါ သညာဝိသေသ အဘိဓမ္မမည်ခေါ် တရားတော်သည်လည်း ထိုအခါကပင် ထွန်းကားခဲ့ကြောင်း ထင်ရှားလှပါပေသည်။

၎င်းသို့လျှင် ပုဂံ မြင်စိုင်း စစ်ကိုင်း ပင်းယ အင်းဝမည်လစ် ခေတ်အဆက်ဆက် မပျက်စဉ်လာ ထွန်းကားစွာသား အဘိဓမ္မာခေါ် တရားတော်၌ ထင်ပေါ်ကဲလွန် ထူးချွန်တတ်မြောက် တဖက်ကမ်းပေါက်ကြသည့် ကုန်းဘောင်ခေတ်ပေါ် ပုဂ္ဂိုလ်ကျော်တို့တွင် ၎င်းယခု ပြဆိုလတ္တံ့သော ဒုတိယ မြို့ပြင်ကြီး ဆရာတော်သည်လည်း တပါးအပါအဝင် ဖြစ်တော်မူပါပေသည်။

ဒုတိယ မြို့ပြင်ကြီးဆရာတော်သည် အမရပူရမြို့မှ တောင်ဘက် တာနှစ်ထောင်ခန့်အကွာတွင် တည်ရှိသော မြို့သစ်မြို့၏အနီး အနောက်မြောက်ဖက် (ထိုမြို့သစ်မြို့၏ အပြင်တွင် တည်နေသောကြောင့်) မြို့ပြင်ကြီးဟု မည်တွင်သော ရွာ၌ ၁၁၇၉-ခု တပေါင်းလဆန်းတွင် မွေးဖွားတော်မူခဲ့ကြောင်းကိုလည်းကောင်း ၁၂၆၃-ခု နယုန်လအတွင်း ရန်ကုန်မြို့ ဗဟန်းရပ် ကျောင်းတော်ရာ ဗင်္ဂလားတိုက်[၁]၌ ပျံလွန်တော်မူကြောင်းကိုလည်းကောင်း သိရပေသည်။ ဘွဲ့တော်ကား အရှင်စန္ဒဝံသ ဖြစ်၏။ ခမည်းတော် အမည်ကိုကား မသိရချေ။ မယ်အိမ်လေး မယ်အိမ်မွေးနှင့် ဖိုးညိုရောင်ဟူသော မောင်နှမများအနက် မယ်အိမ်လေးသည် ဆရာတော်ဘုရားကြီး၏ မယ်တော်ဖြစ်၏ဟူ၍သာ သိရပါသည်။

၎င်းဒုတိယ မြို့ပြင်ကြီး ဆရာတော်သည် အမျိုးအားဖြင့် ဘကြီးတော်ဘုရား (၁၁၇၁-၉၉)လက်ထက် အဘိဓမ္မာ ညဝါအရာဝယ် ထင်ရှားကျော်စောတော်မူလှသော တုတ်လှမ်း ဆရာတော်ဘုရားကြီး၏ တူတော်ရင်း ဖြစ်လေသည်။

---

၁။ မင်းတုန်းမင်းကြီးက ကျောင်းတော်ရာအဖြစ် လှူပြီးလျှင် သူဌေး ဦးဇံထံ အပ်ထားခဲ့သည်။ သင်္ဂဇာဆရာတော်, ရွှေကျင်ဆရာတော်, ဗင်္ဂလားဆရာတော်ဘုရားကြီး များသည် (ဆိုင်ရာမှ အသီးသီးပိုင်းခြား လှူဒါန်းချက်အရ) အသီးအသီး သီတင်းသုံးတော်မူခဲ့ကြသည်။ ထို့ကြောင့် ကျောင်းတော်ရာ ဗင်္ဂလားတိုက် ဟု တွဲ၍ သုံးထားခြင်းဖြစ်သည်။

ရတနာပူရ အဝမြို့တော်၏ အနောက်တောင်ဘက် တာလေးထောင်ခန့် အကွာ (လေးတိုင်ခန့်အကွာ-ဟုလည်း မှုကွဲတွေ့ရသည်) တုတ်လှမ်းစေတီတော် အနီး တုတ်လှမ်းကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသောကြောင့် တုတ်လှမ်း ဆရာတော်ဟု ခေါ်ဝေါ်ထင်ရှားလေသည်။ ဘွဲ့တော်ကား အရှင်စန္ဒမာလာ ဖြစ်၏။ ထိုဆရာတော်ဘုရားကြီးသည် ရှေးအခါက ညဝါအရာ လေ့လာသင်ကြား ပုဂ္ဂိုလ်များတို့ နှုတ်ဖျားရွရွ ကျက်မှတ်ကြသည့် ယမက-ကဗျာများနှင့် အဖြေ များကိုပါ ရေးသားတော်မူခဲ့လေသည်။

ထိုတုတ်လှမ်းဆရာတော် ဘုရားကြီး၌ အရှင်သုတာရေနှင့် အရှင်အရိယဝံသ ဟူသော ညီတော်ရင်း ၂-ပါးရှိတော်မူလေသည်။ အရှင်သုတရေသည် (ဆိုခဲ့သည့်) မြို့ပြင်ကြီးရွာကို ဂေါစရဂါမ်ပြု၍ သီတင်းသုံးတော်မူသဖြင့် မြို့ပြင်ကြီးဆရာတော် ဟုလည်း ကျော်စောထင်ရှားတော်မူ၏[၁]။

အရှင်အရိယဝံသသည် မန္တလေးမြို့အနောက်ပြင် မင်းတဲရပ် (ရတနာမဥ္ဇူ စေတီတော်အနီး) ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသဖြင့် မင်းတဲဆရာ တော်ဟူ၍ငှင်း ရတနာမဥ္ဇူဆရာတော်ဟူ၍ငှင်း ကျော်စောထင်ရှားတော်မူ၏။

ဒုတိယ မြို့ပြင်ကြီးဆရာတော် အရှင်စန္ဒဝံသသည် ဥပဇ္ဈာယ် ဆရာဖြစ်သော ဦးလေးတော် အရှင်သုတရေနှင့် အရှင်အရိယဝံသ ဆရာတော်များထံ၌သာမက အမရပူရမြို့ ပြည်တိုက် ပြည်ဆရာတော်ဘုရားကြီးနှင့် နောင်ကြီးအိုင်ဆရာတော်[၂] စသောဆရာတော်ဘုရားကြီးများထံ၌လည်း ပညာရင်နို့ သောက်စို့တော်မူခဲ့လေ သည်။ (မြို့ပြင်ကြီး ၅-စောင်တွဲကျမ်း နိဒါန်းအရ) ဒုတိယ မြို့ပြင်ကြီး ဆရာ တော်သည် အမရပူရမြို့ ပြည်တိုက် ပြည်ဆရာတော်ဘုရားကြီး၏ ထံတော်ဝယ် ခုနစ်နှစ်တိုင်တိုင် ကျမ်းဂန်များ သင်ကြားတော်မူခဲ့ကြောင်းကိုငှင်း၊ (အဆိုပါ နိဒါန်းနှင့် အဘိဓမ္မတ္ထသရူပဒီပက ဂန္ထာရမ္ဘ စသည်တို့အရ) နောင်ကြီးအိုင် ရွာလျှင် ဖွားရာဇာတိရှိသဖြင့် နောင်ကြီးအိုင်ဆရာတော်ဟု ထင်ရှားကျော်စော သော ဆရာတော် အရှင်နန္ဒိယနှင့် ရွှေဂူဆရာတော်စသည်တို့ထံ၌ ကျမ်းဂန်များ သင်ကြားတော်မူခဲ့ကြောင်းကိုငှင်း သိရလေသည်။ အထူးသတိပြုဖွယ်ကား နောင်ကြီးအိုင်ဆရာတော်နှင့် ဒုတိယ မြို့ပြင်ကြီးဆရာတော် ၂-ပါးလုံးပင် ပြည်

---

၁။ မာတိကာ ဓာတုကထာ ယမိုက် ပဋ္ဌာန်းစသည်တို့၏ အဓိပ္ပါယ်များကိုရေးသားတော် မူခဲ့သော အမရပူရမြို့ ရှေးမြို့ပြင်ကြီးဆရာတော် ဦးအရိန္ဒမ ဟူသည် ဤဆရာတော်ပင် ဖြစ်မည်ထင်သည်ဟု မြစ်ကွေ့ဆရာတော်က မှာလေသည်။ သို့ရာတွင် တပါးစီသာ ဖြစ် ကြောင်းကို (အဂ္ဂမဟာပဏ္ဍိတ) အဖျောက် ဆရာတော်ဘုရားကြီးက မိန့်တော်မူလေသည်။

၂။ မုံရွာခရိုင် အရာတော်မြို့နယ်အတွင်း နောင်ကြီးအိုင်ရွာ ဟု ရှိသည်။

ဆရာတော်ဘုရားကြီး၏ တပည့်များဖြစ်သောကြောင့်ပေတည်း။ မောင်းထောင် ဆရာတော်၏ အက္ခရဝိသောဓနီကျမ်း (နိဒါန်း) ၌ ပဥ္စမသံဂါယနာတင်ရန် စာမူတော်များကို ပြဆိုရာတွင်—

ခာတုကထာ ပါဠိ, အဋ္ဌကထာကို ပြည်တိုက်နေ ရှင်စန္ဒက သုတ်သင် ပြင်ဆင်၍ သွင်းရ၏။

ပုဂ္ဂလပညတ် ပါဠိ, အဋ္ဌကထာကို ပြည်တိုက်နေ ရှင်နန္ဒိယက သုတ်သင် ပြင်ဆင်၍ သွင်းရ၏။

ဟုပါလေသည်။ ၎င်းအက္ခရဝိသောဓနီ-လာ ပုဂ္ဂိုလ် ၂-ပါးမှာ ဒုတိယမြို့ပြင်ကြီး ဆရာတော် အရှင်စန္ဒဝံသနှင့် နောင်ကြီးအိုင် ဆရာတော် အရှင်နန္ဒိယတို့ပင် ဖြစ်ဖွယ်ရှိလေသည်။

ထိုဒုတိယမြို့ပြင်ကြီး ဆရာတော်ဘုရားသည် ပုလိပ်ရွာ၏တောင်မျက်နှာရှိ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုကျောင်းတော်၊ မြို့သစ်မြို့ မြို့ပြင်ကြီးရွာ အနောက်ဖက်ရှိ ကျောင်းတော်၊ ၎င်းရွာ မြောက်ဖက်ရှိ မြစည်းခုံကျောင်းတိုက်စသည်တို့တွင် အလှည့်အလည် သီတင်းသုံးတော်မူကာ ပရိယတ္တိဓမ္မကို မပြတ်ပို့ချလျက်သာ အချိန်ကို ကုန်လွန်စေတော်မူခဲ့လေသည်။

ထို့ကြောင့်ပင် (၁) မန္တလေးမြို့ ရွှေဂူတိုက်ဆရာတော် ဦးသုဇာတ (၂) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် (ဒုတိယ ရွှေကျင်သာသနာပိုင်) ဆရာတော် ဦးဝိသုဒ္ဓ (၃) အရှေ့ပြင် မှန်ကျောင်းတိုက် သီပေါမင်းတရား၏ ဆရာတော် ဦးဉာဏဝံသ (၄) ငါးစိုတိုက် ဆရာတော် ဦးနရိန္ဒ (၅) အလ္လကပ္ပတိုက် မြို့သာဆရာတော် ဦးသုမန (၆) အနောက်ပြင် မှန်ကျောင်း မြတောင်တိုက် ဆရာတော် ဦးပဏ္ဍဝံသ[၁] (၇) တောင်ပြင် နန်းဦးတိုက် ဒုတိယဆရာတော် ဦးပညာ စသော တံဆိပ်တော်ရ ဆရာတော်များနှင့်တကွ (၈) ရန်ကုန်မြို့ ဗဂ်လားဆရာတော် (၉) ပုဇွန်တောင် နေ့ာ်မံကျောင်းကြီး ဆရာတော် (၁၀) ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဦးပဏ္ဍဝံသ စသော ကျော်စောထင်ရှားသည့် ဆရာတော်ကြီးအပေါင်းတို့၏ ဓမ္မာစရိယ ဆရာတော်ကြီးတဆူ ဖြစ်တော်မူလေသည်။

ထို့ပြင် မန္တလေး ရွှေမြို့တော် ဝန်းကျင် အရှေ့ပြင် တောင်ပြင် လမိုင်းလကျာ်တော်၊ အမရပူရမြို့ ပုလိပ်ရွာ တဘက်ဆွဲရွာမှစ၍ တဋ္ဌဝတီ=မြစ်ငယ်ဝဲယာ မြို့ရွာများရှိ ကျောင်းပေါင်း ၄၀၀-ကျော် သံဃာတော်ပေါင်း ၂၀၀၀-

---

၁။ မန်လည်ဆရာတော်နှင့် အမေးအဖြေပြုတော်မူသော (မင်းကွန်း) ဆရာတော်ပင်ဖြစ်သည် ဟု အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၏ မိန့်တော်မူချက်ကို နာခံရဘူးပါသည်။

၂၁၅၄၇

ကျော်တို့၏ အကြီးအမှူး ဂဏာစရိယ ဂဏပါမောက္ခလည်း ဖြစ်တော်မူလေသည်။

ထိုဆရာတော်ဘုရားကြီးသည် ပရိယတ္တိသာသနာ လွန်စွာတိုးပွါး အကျိုးများ၍ ထင်ရှားတည်တံ့စေရန် အားထုတ်တော်မူရုံမျှမက ဂန္ထကာရကဂုဏ်လောက်လုံပြည့်ဝတော်မူသည်နှင့်အညီ အောက်ပါ ၁၃-ခုသော ကျမ်းဂန်များကိုလည်း ရေးသား စီရင်တော်မူခဲ့လေသည်။

၁။ အဌသာလိနီ ဂဏ္ဌိသစ်(ကျမ်းပြီး သက္ကရာဇ် မပါ) ၇-ဝါ အရတွင် ရေး။
၂။ ပဋ္ဌိစ္စသမုပ္ပါဒနယဒီပနီ (၁၂၄၅-ခု ပြီး)
၃။ ဒိဋ္ဌိဘေဒပကာသနီ (၁၂၄၅-ခု ပြီး)
၄။ ကုက္ကုစ္စဝိနိစ္ဆယ (၁၂၄၅-ခု ပြီး)
၅။ ဖလဋ္ဌဘေဒဒီပနီ (၁၂၄၅-ခု ပြီး)
၆။ ရူပဝီထိပကာသနီ (၁၂၄၅-ခု ပြီး)
၇။ သမ္မောဟဆေဒနီ (၁၂၅၂-ခု ပြီး)
၈။ အဘိဓမ္မတ္ထသရူပဒီပက (ကျမ်းပြီး သက္ကရာဇ်မပါ)
၉။ ပုစ္ဆာဗျာကရဏ (၁၂၅၈-ခု ပြီး)
၁၀။ စက္ခာဒိဥပ္ပတ္တိဒီပက (၁၂၅၉-ခု ပြီး)
၁၁။ သီလသမာဒါနဝိနိစ္ဆယ (၁၂၅၉-ခု ပြီး)
၁၂။ သရဏသရူပါဒိဒဿန (၁၂၅၉-ခု ပြီး)
၁၃။ နိဗ္ဗာနသရူပဒီပကကဏ္ဍ [၁]

၁။ ဤကျမ်းကို သီးသန့်ခွဲထားသော်လည်း အဘိဓမ္မတ္ထသရူပဒီပကကျမ်း၏ ၄-ခုမြောက် ကဏ္ဍကြီးသာ ဖြစ်သည်။

အဘိဓမ္မတ္ထသရူပဒီပကကျမ်း (၃-တ) နိဗ္ဗာနသရူပဒီပကကဏ္ဍ

# ကိုးကားချက်ကျမ်းများ

၁။ အင်္ဂုတ္တရပါဠိတော်
(၁)-(အံ-၁)
၂။ အင်္ဂုတ္တရပါဠိတော်
(၂)-(အံ-၂)
၃။ အင်္ဂုတ္တရပါဠိတော်
(၃)-(အံ-၃)
၄။ အင်္ဂုတ္တရအဋ္ဌကထာ
(၁)-(အံ-ဋ္ဌ-၁)
၅။ အင်္ဂုတ္တရအဋ္ဌကထာ
(၂)-(အံ-ဋ္ဌ-၂)
၆။ အင်္ဂုတ္တရအဋ္ဌကထာ
(၃)-(အံ-ဋ္ဌ-၃)
၇။ အဘိဓာန်
၈။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ
၉။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ
၁၀။ အဘိဓမ္မတ္ထသင်္ဂဟ
ဋီကာဟောင်း
၁၁။ အဘိဓမ္မာဝတာရအဋ္ဌကထာ
၁၂။ အဘိဓမ္မာဝတာရဋီကာ
၁၃။ အပဒါန်အဋ္ဌကထာ
၁၄။ ဣတိဝုတ်အဋ္ဌကထာ
၁၅။ ဣတိဝုတ်ပါဠိတော်
၁၆။ ဥဒါန်းအဋ္ဌကထာ
၁၇။ ဥဒါန်းပါဠိတော်
၁၈။ ဥပရိပဏ္ဏာသဋီကာ
၁၉။ ကထာဝတ္ထုအဋ္ဌကထာ
၂၀။ ကထာဝတ္ထုပါဠိတော်
၂၁။ ကထာဝတ္ထုမူလဋီကာ
၂၂။ ကထာဝတ္ထုအနုဋီကာ
၂၃။ ကုသဇာတ်ဋီကာ
၂၄။ ခန္ဓယမိုက်ပါဠိတော်
၂၅။ ခုဒ္ဒကပါဌအဋ္ဌကထာ
၂၆။ ခုဒ္ဒကပါဌပါဠိတော်
၂၇။ ခုဒ္ဒသိက္ခာ
၂၈။ စူဠနိဒ္ဒေသပါဠိတော်
၂၉။ စူဠဝါပါဠိတော်
၃၀။ ဇာတ်ဋီကာ
၃၁။ ဇာတ်ပါဠိတော်
၃၂။ ဋီကာကျော်
၃၃။ ဋီကာဟောင်း
၃၄။ ထေရဂါထာအဋ္ဌကထာ
၃၅။ ထေရဂါထာပါဠိတော်
၃၆။ ထေရီဂါထာ
၃၇။ ဓမ္မပဒအဋ္ဌကထာ
၃၈။ ဓမ္မပဒပါဠိတော်
၃၉။ ဓမ္မသင်္ဂဏီအနုဋီကာ
၄၀။ ဓမ္မသင်္ဂဏီပါဠိတော်
၄၁။ ဓမ္မသင်္ဂဏီမူလဋီကာ
၄၂။ နေတ္တိအဋ္ဌကထာ
၄၃။ နေတ္တိဋီကာ
၄၄။ နေတ္တိပါဠိတော်
၄၅။ နေတ္တိဝိဘာဝနီ
၄၆။ ပဋ္ဌာနပကရဏမူလဋီကာ
၄၇။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ
၄၈။ ပဋ္ဌာန်းပါဠိတော်
၄၉။ ပဋ္ဌာန်းမူလဋီကာ
၅၀။ ပဏ္ဏာသအဋ္ဌကထာ (၂)
၅၁။ ပရိဝါအဋ္ဌကထာ
၅၂။ ပရိဝါပါဠိတော်
၅၃။ ပါစိတ်ပါဠိတော်

၅၄။ ပါရာဇိကကဏ်အဋ္ဌကထာ
၅၅။ ပုဂ္ဂလပညတ်
၅၆။ ဗုဒ္ဓဝံသအဋ္ဌကထာ
၅၇။ ဘေဒစိန္တာ
၅၈။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ
၅၉။ မဏိဒီပဋီကာ
၆၀။ မဏိသာရမဉ္ဇူသာ
၆၁။ မဓုဋီကာ
၆၂။ မဟာနိဒ္ဒေသပါဠိတော်
၆၃။ မဟာဝါပါဠိတော်
၆၄။ မိလိန္ဒပဉှာပါဠိတော်
၆၅။ မူလပဏ္ဏာသအဋ္ဌကထာ
၆၆။ မူလပဏ္ဏာသပါဠိတော်
၆၇။ ရူပသိဒ္ဓိ
၆၈။ ရူပသိဒ္ဓိဋီကာ
၆၉။ ဝိနည်းမဟာဝါပါဠိတော်
၇၀။ ဝိဘင်းအဋ္ဌကထာ
၇၁။ ဝိဘင်းအနုဋီကာ
၇၂။ ဝိဘင်းပါဠိတော်
၇၃။ ဝိဘင်းမဓုဋီကာ
၇၄။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ
၇၅။ ဝိသုဒ္ဓိမဂ်မဟာဋီကာ
၇၆။ သံယုတ်အဋ္ဌကထာ
၇၇။ သံယုတ်ပါဠိတော်
၇၈။ သင်္ခါရယမိုက်ပါဠိတော်
၇၉။ သင်္ခေပဋီကာ
၈၀။ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်
၈၁။ သစ္စသံခိပ်အဋ္ဌကထာ
၈၂။ သစ္စယမိုက်ပါဠိတော်
၈၃။ သဒ္ဒသာရတ္ထဇာလိနီ
၈၄။ သဒ္ဒနီတိ
၈၅။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ
၈၆။ သဠာယတနသံယုတ် ပါဠိတော်
၈၇။ သာရတ္ထဒီပနီဋီကာ (ဒု)
၈၈။ သီလက္ခန်အဋ္ဌကထာ
၈၉။ သုတ္တနိပါတ်အဋ္ဌကထာ
၉၀။ သုတ္တနိပါတ်ပါဠိတော်
၉၁။ သုတ္တသင်္ဂဟအဋ္ဌကထာ
၉၂။ သုတ်ပါထေယျပါဠိတော်
၉၃။ သုတ်မဟာဝါအဋ္ဌကထာ
၉၄။ သုတ်မဟာဝါပါဠိတော်
၉၅။ သေတကေတုဇာတ်

## အဘိဓမ္မတ္ထသရူပဒီပကကျမ်း-နိဗ္ဗာနသရူပဒီပကကဏ္ဍ

## ကို

## တည်းဖြတ်သည့် ပုဂ္ဂိုလ်များ

၁။ ဆရာညာဏ် မဟာပညာဗလ-ပါဠိပါမောက္ခ စာပြင်မှူးချုပ်

၂။ ဦးဘမို ပညာဗလ-ဒုတိယအယ်ဒီတာချုပ်-ပိဋကမြန်မာပြန်ဌာန

၃။ ဦးဘသန်း ဝဏ္ဏကျော်ထင်-လက်ထောက်စာပြင်မှူးချုပ်

၄။ ဦးသာတင် ဝဏ္ဏကျော်ထင်-ဆရာမာဃ သာသနရောင်ခြည်အယ်ဒီတာ

၅။ ဦးကျော်ထွတ် ဓမ္မာစရိယ-စာတည်းအယ်ဒီတာ-ပိဋကမြန်မာပြန်ဌာန

၆။ ဦးစိန် ဓမ္မာစရိယ-စာတည်းအယ်ဒီတာ-ပိဋကမြန်မာပြန်ဌာန

အဘိဓမ္မတ္ထသရူပဒီပကကျမ်း

# ၄-နိဗ္ဗာနသရူပဒီပကကဏ္ဍ

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
| --- | --- | --- |

## ၁-ကျမ်းဦးပလ္လင်နှင့် ပဋိညာဉ်


၁။ ကျမ်းပြုရခြင်း၏ အကြောင်းရင်း .... .... ၁


## ၂-နိဗ္ဗာန် အရကောက် .... .... ၂


၁။ ပဒအနက် ရှင်းလင်းချက် .... .... ၃
၂။ မဟောသီပုဒ် အဆုံးအဖြတ် .... .... ၆
၃။ ဝါနမုတ္တဂုဏ်ဖြင့် ချီးကျူးခြင်း .... .... ၆
၄။ အနုတ္တရပုဒ် အဆုံးအဖြတ် .... .... ၈
၅။ သာဓကပါဠိ အရ ရှင်းပြချက် .... .... ၁၀


## ၃-မပျက်စီးသော နိဗ္ဗာန်


၁။ နိဗ္ဗာန်၏ ပျက်စီးရွေ့လျော့မှု မရှိပုံ .... .... ၂၁
၂။ စတုဘူမကတရားတို့၏ ခြားနားချက် .... .... ၂၄
၃။ ကာလသုံးပါးဆက်စပ်သောတရားများ .... .... ၂၅
၄။ အဋ္ဌကထာ-ဋီကာတို့အလို ရှင်းပြချက် .... .... ၂၉
၅။ မသေရပုံ အဓိပ္ပါယ် .... .... ၃၃


## ၄-သဒ္ဒါနည်း မှတ်ဘွယ်


၁။ အစ္စန္တ-ပုဒ်၌ သဘာဝကျကျ ယူပုံ .... .... ၃၅
၂။ အန္တပုဒ် အဓိပ္ပါယ် .... .... ၃၇
၃။ ဆက်စပ်ယူရန် အဓိပ္ပါယ် .... .... ၃၈


## ၅-မဂ်ဖိုလ်တို့၏ အာရုံ


၁။ နိဗ္ဗာန်သည် မဂ်ဖိုလ်တို့၏ အာရုံသာ ဖြစ်ပုံ .... .... ၃၉
၂။ သခ်တနိဗ္ဗာန်နှင့် အသခ်တနိဗ္ဗာန် .... .... ၄၁
၃။ ပုဒ်နှင့်ဝါကျ အဆုံးအဖြတ် .... .... ၄၂

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၄။ | ပြခဲ့သော သာဓကပေါင်ဒ်တို့၏ အနက်အဓိပ္ပါယ် .... .... | ၄၃ |
| ၅။ | သိလွယ်ရန် ဥပမာ .... .... | ၄၇ |
| ၆။ | အသင်္ခတဓာတု-အရကောက်ပြပုံ .... .... | ၄၇ |

## ၆-သက်ဆိုင်သည့်ပါဠိများ အဓိပ္ပါယ်

| | | |
|---|---|---|
| ၁။ | နိဗ္ဗာန်ဆိုင်ရာ ပါဠိ အဋ္ဌကထာ ဋီကာတို့အရ ပြခြင်း.... .... | ၅၀ |
| ၂။ | သဒ္ဒါနည်းအရ ရှင်းပြပုံ .... .... | ၅၁ |
| ၃။ | နိဗ္ဗာန်ရောက်နိုင်သော ပုဂ္ဂိုလ် .... .... | ၅၂ |
| ၄။ | နိဗ္ဗာန်ရောက်ပုံ အခြင်းအရာ .... .... | ၅၃ |
| ၅။ | မဂ်ဖြင့် ကိလေသာကင်းပုံ .... .... | ၅၅ |
| ၆။ | ရောက်အပ်သော နိဗ္ဗာန် .... .... | ၅၆ |
| ၇။ | ရန်သူကို တိုက်ဖျက်ပုံ .... .... | ၅၆ |
| ၈။ | နိဗ္ဗာန်အရ ခွဲပြပုံ .... .... | ၅၇ |
| ၉။ | နိဗ္ဗာန်ရောက်ပုဂ္ဂိုလ်များ သက်သာရာရပုံ .... .... | ၅၈ |
| ၁၀။ | အနုဋီကာစကား ရှင်းပြချက် .... .... | ၅၉ |
| ၁၁။ | မူလဋီကာဆရာအလို ရှင်းပြချက် .... .... | ၆၁ |
| ၁၂။ | ပုန်းအောင်းရာနိဗ္ဗာန် .... .... | ၆၂ |

## ၇-လက္ခဏ-ရသ-စသည်ကို ပြပုံ

| | | |
|---|---|---|
| ၁။ | နိဗ္ဗာန်၏ မှတ်သားဖွယ် စသည်ကို ပြခြင်း .... .... | ၆၄ |
| ၂။ | ဝါနတဏှာ ဥပမာ .... .... | ၆၅ |
| ၃။ | ဘဝကြီးငယ် ခွဲခြားယူပုံ .... .... | ၆၆ |
| ၄။ | မီးတဆယ့်တပါး ငြိမ်းပုံ .... .... | ၆၇ |
| ၅။ | အသင်္ခတနိဗ္ဗာန် လက္ခဏ-စသည် ပြပုံ .... .... | ၆၈ |
| ၆။ | သဒ္ဒါနည်းနှင့်ရှင်းလင်းချက် .... .... | ၆၉ |
| ၇။ | မရွှေလျှောခြင်းဂုဏ် ပြည့်စုံပုံ .... .... | ၇၁ |
| ၈။ | သက်သာရာရပုံ တောအုပ်ဥပမာ .... .... | ၇၁ |
| ၉။ | သံသရာ ကြာစေသည့် တဏှာ မာန ဒိဋ္ဌိ .... .... | ၇၄ |
| ၁၀။ | နိဗ္ဗာန်၏ ပဒဋ္ဌာန်ကို မပြဆိုပုံ .... .... | ၇၅ |
| ၁၁။ | သနိမိတ္တ အနိမိတ္တ ရှင်းပြချက် .... .... | ၇၇ |
| ၁၂။ | သစ္စာလေးပါးနှင့် ဆက်စပ်ပုံ .... .... | ၇၈ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁၃။ | နိဗ္ဗာန်၏အကြောင်းအကျိုးဖြစ်ပုံ .... .... | ၈၀ |
| ၁၄။ | နိဗ္ဗာန်ရောက်ကြောင်းအကျင့်များ .... .... | ၈၄ |
| ၁၅။ | လောကီမဂ္ဂသစ္စာ .... .... | ၈၅ |
| ၁၆။ | အခြားဆရာတို့ဝါဒ .... .... | ၈၇ |

**၈-အာရမ္မဏ ဥပနိဿယ-စသည် ဖြစ်ပုံ**

| | | |
|---|---|---|
| ၁။ | မဂ်ဖိုလ်တို့၏အာရုံဖြစ်ပုံ စသည်ကို ပြပုံ .... .... | ၈၈ |
| ၂။ | အာရုံအာရမ္မဏိကဖြစ်ပုံ .... .... | ၉၀ |
| ၃။ | ဝဋ်သုံးပါး ဒုက္ခတရားတို့ချုပ်ပုံ .... .... | ၉၂ |
| ၄။ | ဝဋ်သုံးပါးသရုပ် .... .... | ၉၅ |
| ၅။ | တထောင့်ငါးရာ ကိလေသာ .... .... | ၉၆ |

**၉-ရာဂ-ဒေါသ-မောဟ-စသည် ကင်းပုံ**

| | | |
|---|---|---|
| ၁။ | ဝဋ်သုံးပါးမဖြစ်မှု ခယအပြားနှင့် နိဗ္ဗာန်၏သဘော .... .... | ၉၈ |
| ၂။ | ရာဂက္ခယ အဓိပ္ပါယ် .... .... | ၉၈ |
| ၃။ | သိလွယ်ရန် ဥပမာများ .... .... | ၁၀၂ |
| ၄။ | ခယသဒ္ဒါအဆုံးအဖြတ် .... .... | ၁၀၅ |

**၁၀-ဝဋ်သုံးပါး-စသည် ချုပ်ပုံ**

| | | |
|---|---|---|
| ၁။ | မသိမှုစသည်တို့၏ ချုပ်ပုံကို ပြခြင်း .... .... | ၁၀၈ |
| ၂။ | နိရောဓသဒ္ဒါ အဆုံးအဖြတ် .... .... | ၁၀၈ |
| ၃။ | သိလွယ်ရန်နှင့် နို့ဓမ်းဥပမာ .... .... | ၁၁၃ |
| ၄။ | နိရောဓနှင့်နိရောဓသစ္စာ .... .... | ၁၁၄ |
| ၅။ | ဂတိငါးပါး .... .... | ၁၁၅ |
| ၆။ | သံသရာနှောင်အိမ်၏ ဆန့်ကျင်ဘက် .... .... | ၁၁၆ |

**၁၁-နိရောဓသမာပတ် နိဗ္ဗာန် မတူပုံ**

| | | |
|---|---|---|
| ၁။ | ဒိဋ္ဌဓမ္မနိဗ္ဗာန-ပုဒ်အရ ပရမတ္ထ ဟုတ်မဟုတ် ရှင်းပြခြင်း .... | ၁၁၉ |
| ၂။ | ဓမ္မဒိန္နာထေရီမအဖြေ .... .... | ၁၂၀ |
| ၃။ | နိရောဓသမာပတ် ရှင်းပြချက် .... .... | ၁၂၃ |
| ၄။ | နိရောဓသမာပတ်နှင့်နာမပညတ် .... .... | ၁၂၅ |
| ၅။ | သဥပါဒိသေသနိဗ္ဗာန် စသည်တို့၏ ပရမတ္ထဓမ္မမဟုတ်ပုံ .... | ၁၂၈ |

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၁၂-နိဗ္ဗာန်သည် အဇ္ဈတ္တ-စသည် မဟုတ်ပုံ

၁။ သစ္စာနှစ်ပါးနှင့် ပညတ်အမျိုးမျိုးတို့ကို ပြခြင်း .... .... ၁၃၁
၂။ နှစ်ပါးသောသစ္စာ .... .... ၁၃၂
၃။ ၆-ပါးသောပညတ် .... .... ၁၃၃
၄။ ယုန်ချို လိပ်မွေး ပုဇွန်သွေး .... .... ၁၃၄
၅။ တိတ္ထိတို့ယူဆသောနိဗ္ဗာန် .... .... ၁၃၅
၆။ သာဓကပါဠ်များအရ ရှင်းပြချက် .... .... ၁၃၇

## ၁၃-ဝဋ်သုံးပါး ပြတ်ခြင်းအဘာဝပညတ်စသည်

၁။ ကိလေသဝဋ်နှင့် ဝဋ်သုံးပါးတို့ ချုပ်ငြိမ်းခြင်း .... .... ၁၃၈
၂။ မဒအမျိုးမျိုး ပြပုံ .... .... ၁၄၂

## ၁၄-ဘုံကိုးပါး-ဌီတိခုနစ်ပါး စသည်ကို ပြပုံ

၁။ သတ္တာဝါသဘုံကိုးပါး ဝိညာဏဋ္ဌိတိခုနစ်ပါးတို့အရ ပြခြင်း .... ၁၄၄
၂။ ကြီး-ငယ်-နိမ့်-မြင့်-လှ-မလှ-သတ္တဝါများ .... .... ၁၅၀

## ၁၅-ဘုရားမပွင့်သောကပ်အသချေ-စသည်ကို ပြပုံ

၁။ သုဒ္ဓါဝါသဘုံသည် သတ္တာဝါသ ဖြစ်မဖြစ် ဝါဒများ .... ၁၅၂
၂။ သုဒ္ဓါဝါသ ပြဟ္မာကြီးတို့သက်တမ်း .... .... ၁၅၃
၃။ သုဒ္ဓါဝါသဘုံ ပုဂ္ဂိုလ် အမြဲမရှိပုံ .... .... .... ၁၅၄
၄။ သာရတ္ထဒီပနီပြ ဝါဒများ .... .... .... ၁၅၆
၅။ ယုံမှားမှု မရှိသင့်ပုံ .... .... .... .... ၁၅၈

## ၁၆-ဉပမိကင်းသော နိဗ္ဗာန် စသည်ကို ပြပုံ

၁။ ဋီကာကျမ်းနှင့် အဌကထာများ အရပြခြင်း .... .... ၁၅၉
၂။ အဘာဝ အတ္ထပညတ် အဓိပ္ပါယ် .... .... .... ၁၇၂
၃။ သစ်ပင် သစ်သီး ဉပမာ .... .... .... .... ၁၇၃

## ၁၇-နိဗ္ဗာန်နှစ်မျိုး-စသည်ကို ပြပုံ

၁။ သဉပါဒိသေသ အနုပါဒိသေသနိဗ္ဗာန်တို့ကို ပြခြင်း .... ၁၇၆
၂။ အကိုးသာဓကပါဠ်များ အဓိပ္ပါယ် .... .... .... ၁၈၃
၃။ အဓိပ္ပါယ် ရှင်းပြချက် .... .... .... .... ၁၈၄

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

**၁၈-ပရိနိဗ္ဗာန်သုံးမျိုး စသည်ကို ပြပုံ**

၁။ ကိလေသ-ခန္ဓ-ဓာတုပရိနိဗ္ဗာန် .... .... .... ၁၉၀
၂။ ဝိသေသပရိနိဗ္ဗာန် .... .... .... .... ၁၉၁
၃။ ပရိနိဗ္ဗုတဖြစ်ပုံ .... .... .... .... ၁၉၂
၄။ ပရိနိဗ္ဗာန်အာရုံ၌ဖြစ်သောဉာဏ် .... .... .... ၁၉၄
၅။ မူလဋီကာ-စသည်တို့အလို ရှင်းပြချက် .... .... ၁၉၅

**၁၉-နိဗ္ဗာန်နှင့် ဂတိ-စသည်ကို ခွဲခြား ပြပုံ**

၁။ ပညတ်-အနုပါဒိသေသနိဗ္ဗာန် ဝိဘဝဂတိ .... .... ၁၉၈
၂။ သာခကပါဌ်တို့အနက် .... .... .... .... ၁၉၉
၃။ ပဋ္ဌိသရဏ ဂတိ-စသည်ကို ပြပုံ .... .... .... ၂၀၀
၄။ ဂတိ-မည်ပုံ .... .... .... .... .... ၂၀၃
၅။ အချို့ ဝိနိစ္ဆယဆရာတို့အလို .... .... .... ၂၀၅
၆။ ဟုတ်မှန်တိုင်း အဓိပ္ပါယ်.... .... .... .... ၂၀၇
၇။ မိစ္ဆာဒိဋ္ဌိ အယူကင်းပုံ .... .... .... .... ၂၀၉
၈။ ဒေါသ-ဠဿာ-စသည်ကင်းပုံ .... .... .... ၂၀၉

**၂၀-အသင်္ခတနိဗ္ဗာန်-စသည်ကို ပြပုံ**

၁။ ပရမတ် အသင်္ခတ နိဗ္ဗာနဓာတ်နှစ်မျိုး .... .... ၂၁၁
၂။ နွားအမည်သုံးမျိုး ဥပမာ .... .... .... ၂၁၃
၃။ မြစ်ပြတ်သစ်ပင် ဥပမာ .... .... .... .... ၂၁၇

**၂၁-ဉာဏ်တော်၏ အစွမ်းသတ္တိ စသည်ကို ပြပုံ**

၁။ သဗ္ဗညုတဉာဏ်တော်သည် အဘိဓမ္မာ၏သမုဋ္ဌာန်ဖြစ်ကြောင်း ၂၂၁
၂။ ဉာဏ်တော်၏ အစွမ်းသတ္တိသုံးပါး .... .... .... ၂၂၂
၃။ မူလဋီကာ-စသည်အနက် .... .... .... .... ၂၂၃

**၂၂-မယ်တော်မာယာနှင့် ယောကျ်ားဘဝ**

၁။ မယ်တော်မာယာသည် တုသိတာဘုံ၌ ယောကျ်ားဘဝဖြစ်ကြောင်း ၂၂၆
၂။ မဏိဒီပဆရာအလို ရှင်းပြချက် .... .... .... ၂၂၈
၃။ သီရိမဟာမာယာကျမ်းအဆို .... .... .... ၂၃၃

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
| --- | --- | --- |
| ၄။ | ယောကျ်ားဘဝ ဖြစ်နိုင်ပုံ .... .... .... | ၂၃၅ |
| ၅။ | ဗုဒ္ဓဝင်အဋ္ဌကထာအရ ဓမ္မတာ ၃၀ .... .... .... | ၂၃၄ |
| ၆။ | ဓမ္မတာ ၃၀-ပါဠိ အနက် .... .... .... .... | ၂၃၆ |
| ၇။ | သုတ်မဟာဝါ မဟာပဒါနသုတ်ပါဠိတော် .... .... | ၂၃၉ |
| ၈။ | ဓမ္မတာ ၁၆-ပါး .... .... .... .... | ၂၅၀ |
| ၉။ | အဋ္ဌကထာပြ ဓမ္မတာ ၂၇-ပါး .... .... .... | ၂၅၃ |


## ၂၃-အရဟတ္တဖိုလ် စသည်သည် နိဗ္ဗာန်မည်ကြောင်း


| | | |
| --- | --- | --- |
| ၁။ | နိဗ္ဗာန်သည် ရာဂ-စသည် ကုန်ခြင်းအကြောင်း.... .... | ၂၅၈ |
| ၂။ | ပရိနိဗ္ဗာနနှင့် အနုပါဒါပရိနိဗ္ဗာန ၂-မျိုး .... .... | ၂၆၂ |
| ၃။ | အရဟတ္တဖိုလ်ကို ရာဂက္ခယ-ဟု ပြပုံ .... .... .... | ၂၆၃ |


## ၂၄-အနုပါဒါနိဗ္ဗာန်-စသည်ကို ပြပုံ


| | | |
| --- | --- | --- |
| ၁။ | ခီဏာသဝပုဂ္ဂိုလ်တို့၏ အနုပါဒါ ပရိနိဗ္ဗာန်-စသည် .... | ၂၆၅ |
| ၂။ | ခန္ဓနိဗ္ဗာန် .... .... .... .... .... | ၂၆၈ |
| ၃။ | အပ္ပစ္စယနိဗ္ဗာန် .... .... .... .... | ၂၆၉ |
| ၄။ | ဒုက္ခသစ္စာဖြင့်သာ ပရိနိဗ္ဗာန်ပြုပုံ .... .... .... | ၂၇၂ |
| ၅။ | ဆန်းကျမ်းအညီ ပါဠိမှန်ရှိသင့်ပုံ .... .... .... | ၂၇၅ |


## ၂၅-နိဗ္ဗာန်သည် အတ္ထိပစ္စည်း-စသည်မတပ်ပုံ


| | | |
| --- | --- | --- |
| ၁။ | နိဗ္ဗာန်၏ ဓုဝ-သဿတ-စသည်ဖြစ်၍ အတ္ထိပစ္စည်းမတပ် .... | ၂၈၁ |
| ၂။ | နိဗ္ဗာန်မည်ပုံ ရှင်းပြချက် .... .... .... .... | ၂၈၄ |
| ၃။ | နိဗ္ဗာန်သည် အမြဲတည်ရှိပုံ .... .... .... | ၂၉၀ |


## ၂၆-နိဗ္ဗာန်သည် အနာဂတ်မဟုတ်


| | | |
| --- | --- | --- |
| ၁။ | အယူဝါဒဝိနိစ္ဆယတို့ကို ရှင်းပြချက် .... .... .... | ၂၉၄ |
| ၂။ | သိယာ-ပုဒ်အနက် ရှင်းပြချက် .... .... .... | ၂၉၆ |
| ၃။ | နည်းယူမှတ်သားရန် .... .... .... .... | ၂၉၈ |
| ၄။ | ဉာဏ်သုံးပါးအရ သိလွယ်ရန် ရှင်းပြပုံ .... .... | ၃၀၄ |
| ၅။ | သာမညဖြစ်သော်လည်း ဝိသေသယူရပုံ .... .... | ၃၀၆ |
| ၆။ | ပဋိသမ္ဘိဒါဉာဏ် အရကောက်ပုံ .... .... .... | ၃၀၇ |
| ၇။ | ပဋ္ဌာပုစ္ဆကဝါရကိုပြပုံ .... .... .... .... | ၃၀၈ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၂၇-နိဗ္ဗာန်ဖြစ်ခြင်း သဘော-စသည်ပြပုံ


၁။ စိတ္တသဒ္ဒါ-စသည် အနက်ပေးပုံ .... .... .... ၃၁၃၊၃၁၆
၂။ အံ့သြဘွယ် အစ္ဆရိယနှစ်မျိုး .... .... .... ၃၁၈
၃။ အဗ္ဘုတနှစ်မျိုး .... .... .... .... ၃၁၉
၄။ နောက်ဘူတ-ပုဒ်ကျေ-အဗ္ဘုတဖြစ်ပုံ.... .... .... ၃၂၀


## ၂၈-ပါဠိပျက်နေက အသိခက်ခြင်း


၁။ အက္ခရာပျက်နေသောပါဠိကို အမှန်မှတ်ယူမိကြပုံ .... ၃၂၅
၂။ ဆန့်ကျင်သော အနက်အဓိပ္ပါယ် .... .... .... ၃၂၆
၃။ သဒ္ဒါပုဒ်ပါဠိပျက်သော်လည်း အမှန်သိနိုင်ပုံ .... .... ၃၂၈
၄။ သတိမရှိက အနက်အဓိပ္ပါယ် ယူမိမှားပုံ .... .... ၃၂၉
၅။ အနန္တရိယကံ မထိုက်သူများ .... .... .... ၃၃၀
၆။ ဝိမတိဝိနောဒနီဋီကာ-စသည်အလို .... .... .... ၃၃၃၊၃၃၈


## ၂၉-အယူဝါဒ မတူခြင်း စသည်ကို ပြပုံ


၁။ ဥပတိဿ-ဖုဿရေဝမထေရ်တို့၏ ဝါဒထူး .... .... ၃၄၂
၂။ ဝဇိရဗုဒ္ဓိဋီကာပါဠိ-စသည်.... .... .... .... ၃၄၃၊၃၄၄
၃။ သာရတ္ထဒီပနီ-အကျယ်ပြပုံ .... .... .... ၃၄၇
၄။ ဂဏ္ဌိပုဒ်ဆရာ-စသည်တို့၏အလို .... .... .... ၃၅၂


## ၃၀-အက္ခရာပျက်သော ပါဠိ-စသည်ကို ရှင်းပြပုံ


၁။ သတ္တသတ္တတိ ရတ္တိမှ-၌ တိ-အက္ခရာကျပျက်နေပုံ .... .... ၃၅၄
၂။ စက္ခု စသော အာယတနတို့ ဖြစ်ပုံ .... .... ၃၅၆
၃။ ကမေန-နှင့် ကမ္မေန ရှင်းပြချက် .... .... ၃၅၈
၄။ စက္ခု-စသည်တို့သည် ကံကြောင့် ဖြစ်ပုံ .... .... ၃၅၉
၅။ မိလိန္ဒမင်းကြီးအား ဖြေပုံ .... .... ၃၆၁


## ၃၁-သတ္တုပလဒ္ဓိ, သတ္တုပလဒ္ဓိ-နှစ်မျိုး ကွဲပြားပုံ


၁။ ပါဠိအနေ နှစ်မျိုး-စသည်ကို ပြခြင်း .... .... ၃၆၃
၂။ ထည့်သွင်း, ပယ်နုတ်, ရွှေပြောင်း, ပြင်ဆင်မှု ဆင်ခြင်ရန် .... ၃၆၄
၃။ တောပစ္စည်း အနက်များ .... .... ၃၆၅

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃၂-မသင့်သောစကား-စသည် ခွဲခြားပြပုံ** | |
| ၁။ | နိဗ္ဗာနံ အတ္ထီတိ-စသော ပါဠိ၌ ဟုတ်မှန်သောအဓိပ္ပါယ် .... | ၃၆၇ |
| ၂။ | နိဗ္ဗာန်ဖြစ်ပုံ ဖြေရှင်းချက် .... .... | ၃၆၈ |
| ၃။ | မြတ်စွာဘုရား အလိုတော်ကျအနက် .... .... | ၃၇၁ |
| | **၃၃-ဟုတ်မှန်သော အဓိပ္ပါယ်-စသည်ကို ပြပုံ** | |
| ၁။ | အတ္ထိ ဘိက္ခဝေ အဇာတံ-စသော ပါဠိတော်၏အဓိပ္ပါယ်မှန် .... | ၃၇၂ |
| ၂။ | ဥဒါန်းပါဠိ-အဋ္ဌကထာ-စသည် .... .... | ၃၇၂၊၃၇၈ |
| ၃။ | အဋ္ဌကထာ၏ အဓိပ္ပါယ်ရှင်းပြချက် .... .... | ၃၈၁ |
| ၄။ | အဋ္ဌကထာဆရာ ဖြေဆိုပုံ .... .... | ၃၉၁ |
| ၅။ | အချို့ဝိနိစ္ဆယဆရာတို့ ပြဆိုကြပုံ .... .... | ၃၉၃ |
| ၆။ | အသစ်ဖွဲ့သော ဂါထာ .... .... | ၃၉၉ |
| ၇။ | အနက်အဓိပ္ပါယ်ယူဆပုံ .... .... | ၃၉၉ |
| | **၃၄-ဝိသင်္ခါရနိဗ္ဗာန်သည် မြဲ၏-စသည် ပြပုံ** | |
| ၁။ | စိတ်-စသည့် တရားသုံးပါးကို မြဲ၏-စသည် ပြပုံ .... .... | ၄၀၀ |
| ၂။ | သင်္ခတ-အသင်္ခတ တရား ၂-မျိုး .... .... | ၄၀၄ |
| ၃။ | သပ္ပစ္စယ-အပ္ပစ္စယ တရား ၂-မျိုး .... .... | ၄၀၅ |
| ၄။ | စတုဘူမကနှင့်ဝိသင်္ခါရအထူး .... .... | ၄၀၆ |
| ၅။ | ကုသလတိက်အလို .... .... | ၄၀၈ |
| ၆။ | ဝေဒနတိက်အလို .... .... | ၄၁၁ |
| ၇။ | လောကီပဥ္စင်္ဂိကမဂ် .... .... | ၄၁၃ |
| | **၃၅-အချို့ဆရာတို့ဝါဒ-စသည်ကို ပြပုံ** | |
| ၁။ | အသင်္ခတနိဗ္ဗာန်၏ ပါရမီ-စသောအကြောင်း .... .... | ၄၁၄ |
| ၂။ | အချို့ဆရာများ သတိမပြုမိပုံ .... .... | ၄၁၅ |
| ၃။ | အချို့ဆရာတို့ အကောက်အယူမှားပုံ .... .... | ၄၁၉ |
| ၄။ | အနာဂတ်နိဗ္ဗာန်ဟု ယူဆပုံ .... .... | ၄၂၀ |
| ၅။ | အဘာဝပညတ် နိဗ္ဗာန် .... .... | ၄၂၁ |
| | **၃၆-ဘာဝမျှမရှိသောဝါဒ-စသည်ကို ပြပုံ** | |
| ၁။ | အဘိဓမ္မာဝတာရ အဋ္ဌကထာအလို-စသည် .... .... | ၄၂၂ |
| ၂။ | စေတောပရိယ အဘိညာဉ်သိပုံ .... .... | ၄၃၇ |

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၃။ | မျက်ကန်းနှင့်နေလ ဥပမာ .... .... | ၄၃၇ |
| ၄။ | ဇမ္ဗူခါဒကပရိဗိုဇ်နှင့် အရှင်သာရိပုတြာ .... .... | ၄၃၉ |
| ၅။ | ဖလူပစာရ အဓိပ္ပါယ် ဥပမာ .... .... | ၄၄၂ |
| ၆။ | ဖိုလ်အတွက် ရှင်းပြချက် .... .... | ၄၄၂ |
| ၇။ | ရာဂက္ခယ-ကို ခွေး-မြေခွေး-စသည်ဖြင့် ပြပုံ .... .... | ၄၄၃ |
| ၈။ | ရာဂက္ခယ-ဟူသည် ပျက်ခြင်း ဘင်ခဏမဟုတ် .... .... | ၄၄၆ |
| ၉။ | ကိလေသက္ခယ-သည် နိဗ္ဗာန်မဟုတ် .... .... | ၄၄၉ |
| ၁၀။ | ပုံသက်သေဖြင့် ရှင်းပြချက် .... .... | ၄၅၁ |
| ၁၁။ | ဝိတဏ္ဍဝါဒီတို့အလို .... .... | ၄၅၂ |
| ၁၂။ | သိနိုင်ခဲသောအရာ ၃-မျိုး .... .... | ၄၅၄ |
| ၁၃။ | အဘာဝပညတ်ကို နိဗ္ဗာန်ဟု မယူသင့်ပုံ .... .... | ၄၅၅ |
| ၁၄။ | ပပဥ္စ-နိပ္ပပဥ္စ ၂-မျိုး .... .... | ၄၅၇ |
| ၁၅။ | မည်သည့်အရပ်မျက်နှာဒေသ၌ရှိကြောင်းမဆိုသင့် .... .... | ၄၆၀ |
| ၁၆။ | နိဗ္ဗာန်အမည် ၄-ဂါထာ .... .... | ၄၆၁ |

## ၃၇-နိဗ္ဗာန်ရောက်ကြောင်း အားထုတ်ရန်

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁။ | အဘာဝဝါဒနှင့် နိဗ္ဗာန်ရောက်ကြောင်း ဩဝါဒ .... .... | ၄၆၄ |
| ၂။ | နေယျတ္ထကောက်ယူရပုံ .... .... | ၄၆၇ |
| ၃။ | အဘာဝဝါဒကို ပြဆိုပုံ .... .... | ၄၆၉ |
| ၄။ | တိုက်တွန်းချက်ဩဝါဒ .... .... | ၄၇၁ |

**အဘိဓမ္မတ္ထသရူပဒီပကကျမ်း**

**နိဗ္ဗာနသရူပဒီပကကဏ္ဍမာတိကာ ပြီးပြီ။**

# အဘိဓမ္မတ္ထသရူပဒီပကကျမ်း

( တတိယတွဲ )

---

## ၄-နိဗ္ဗာနသရူပဒီပကကဏ္ဍ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁-ကျမ်းဦးပလ္လင်နှင့် ပဋိညာဉ်

#### ကျမ်းပြုရခြင်း၏ အကြောင်းရင်း

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူသော အဘိဓမ္မတ္ထ ၄-ပါးတွင် နိဗ္ဗာန်သည် အရိယာသခင် အရှင်တို့သာ မင်္ဂဖိုလ်ပစ္စဝေက္ခဏာတို့ဖြင့် လက်ဝါးပြင်ထက် တင်ထားသော ပတ္တမြားကို ပြဲ,ပြဲ, ထင်ထင် သိမြင်သကဲ့သို့ ဟုတ်မှန်သည့်အတိုင်း ပစ္စက္ခ သိမြင်နိုင်၍ ပုထုဇဉ်တို့မှာ သောတာပတ္တိမဂ်ရှေ့ ဂေါတြဘူ အခိုက်မှ တပါး အဘိညာဉ်သမာပတ်ကို ရသော ကြီးကျယ်ပြန့်ပြော နက်နဲသော ဉာဏ်ပညာရှိသော ရသေ့, ပရိဗိုဇ်, နတ်, ဗြဟ္မာ အစရှိသောပုဂ္ဂိုလ်တို့သော်လည်း ဒိဋ္ဌပစ္စက္ခအားဖြင့် မသိမထင် မမြင်နိုင်အောင် အလွန် သိမ်မွေ့နက်နဲ မြင်နိုင်ခဲသော သဏှ, သုခုမ, အတိဂမ္ဘီရ, သုဒုဒ္ဒသ တရားဖြစ်၍ ထို နိဗ္ဗာန်၏ သရုပ်လက္ခဏာ စသည်ကို ပြဆိုခြင်းငှါ အလွန်ခဲခက်လှသဖြင့် **အဘိဓမ္မတ္ထသရူပဒီပက** ကျမ်းဝယ် စိတ္တသရူပဒီပက အစရှိသော ကဏ္ဍ ၃-ပါးတို့ကို ပြဆိုဆုံးဖြတ် ပုံရိုက် လုပ်ဆောင်ပြီးပြေရှိလျက် နိဗ္ဗာန်၏ သရုပ်လက္ခဏာ စသည်ကို မပြမဆိုတည့်ဘဲ ၃-နှစ်ကျော် ၄-နှစ် ဆိုင်းလင့်၍ နိဗ္ဗာန်၏ သရုပ်စသည်ကို ဟောပြရာ များစွာသော ပါဠိ,အဋ္ဌကထာ,ဋီကာ စသည်တို့ကို ကြည့်ရှု ညှိနှိုင်းကြံစည်ရှိနေသည့်အတွင်း အသီးအသီး ဆရာတို့ နိဗ္ဗာန်နှင့်စပ်ဆိုင်သောအရာ ဝိနိစ္ဆယကထာများကို ရေးသား ဆုံးဖြတ် ပြောဟောကြရာ ပါဠိ, အဋ္ဌကထာ စသည်တို့၌ ဒေသကဖြစ်သော မြတ်စွာဘုရား၏ အလိုတော်, သင်္ဂဟာကာရ ဂန္ထကာရ ဖြစ်သော အဋ္ဌကထာ, ဋီကာဆရာတို့၏ အာဘော်များနှင့် မညီမလျော် ချွတ်ချော်တိမ်းပါး မှားယွင်းဖောက်ပြန် မဟုတ်မမှန်သော အနက်အဓိပ္ပါယ်တို့ကို ပြဆိုဆုံးဖြတ်ကြသည်များကို ကြားသိရသည် ဖြစ်၍ငှင်း ထိုဝိနိစ္ဆယတို့၌ပါရှိသော အနက်အဓိပ္ပါယ်ကို အကယ်အဟုတ်အမှန်

ထင်၍ လူရှင်အများတို့ မှတ်သားမိကြရာသည်ဖြစ်၍ရှင်း ထိုဝိနိစ္ဆယတို့၌ ပြဆိုလာရှိသော အနက်အဓိပ္ပါယ်တို့၏ မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းခြင်းများသည်၏အဖြစ်ကို ကြားသိကြသဖြင့် ပါဠိ,အဋ္ဌကထာ,ဋီကာ စသော ကျမ်းဂန်သဘောကို ယထာဘူတ နေရာကျသိကုန်သော နက်နဲသော ဉာဏ်ပညာ ရှိကုန်သော မန္တလေးမြို့ ဆရာတော်များမှစ၍ များစွာသော ပုဂ္ဂိုလ်ကျော်တို့သည် **နိဗ္ဗာနသင်္ဂဟဒီပကကဏ္ဍ**ကို ရေးပြုစိမ့်သောငှါ အခါခါလျှောက်ထား တောင်းပန်တိုက်တွန်းအပ်သည်ဖြစ်၍ရှင်း ကျမ်း၏အစဝယ် "ဒီပိဿံ အဘိဓမ္မတ္ထသင်္ဂဟဒီပကံ သုဘံ" ဟု ဝန်ခံခဲ့သည်အားလျော်စွာ အဘိဓမ္မတ္ထ ၄-ပါးလုံး၏ သင်္ဂဟ စသည်ကို ပြည့်စုံပြီးပြေအောင် ပြဆိုသင့်သည်ဖြစ်၍ရှင်း နိဗ္ဗာန်၏ သရုပ်လက္ခဏာ စသည်ကို ပြဆိုရာ စတုတ္ထကဏ္ဍကို ဆက်လက်ပြဆိုလိုက်ဦးအံ့။

နိဗ္ဗာန်၏ သရုပ်လက္ခဏာ စသည်ကို ပြဆိုသောစကား များစွာသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ ဟောပြလာရှိသော်လည်း ရဟန်း, ရှင်, လူအများတို့ သင်ကြားလေ့ကျက် ဆောင်ရွက်မှတ်သား ကြည့်ရှုခြင်း များသောသင်္ဂြိုဟ်ကျမ်း, ဋီကာကျော်ကျမ်းတို့၌လာသော စကားကို အဦးထား၍ ပြကြားပေအံ့။

---

## ၂-နိဗ္ဗာန်၏အရကောက်

ပဒ မစ္စုတ မစ္စန္တံ၊ အသင်္ခတ မနုတ္တရံ။
နိဗ္ဗာနမိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော။

အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ။

အသင်္ခတံ၊ ကံ စသော ဇနကအကြောင်းတို့သည် မပြုမစီရင်အပ် မဖြစ်စေအပ်သော။ အစ္စန္တံ၊ အဆုံးအပိုင်းအခြားကို လွန်ထသော။ ဝါ၊ ဥပါဒ်, ဌီ, ဘင် ဟူသော အပိုင်းအခြားကို လွန်ထသော။ အစ္စုတံ၊ မိမိ၏ သန္တိသဘောမှ ရွေ့လျောခြင်း မရှိထသော။ အနုတ္တရံ၊ သင်္ခတာသင်္ခတ ရှိသမျှသော ပရမတ္ထတရားတို့တွင် မိမိကသာ အလွန်မြတ်ဆုံးဖြစ်၍ မိမိနှင့် တူတန်လောက်အောင် လွန်မြတ်သော တရားမရှိထသော။ ပဒံ၊ နိဗ္ဗာန်ကို။ ဝါ၊ သင်္ခတ,အသင်္ခတ တရားတို့တွင် အသင်္ခတ အဘို့ဖြစ်သော တရားကို။ ဝါ၊ ကိလေသာ အလုံးစုံတို့၏ ကုန်ငြိမ်းကြောင်းဖြစ်သော တရားကို။ ဝါ၊ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋ ဟူသော ဝဋ္ဋ ၃-ပါးတို့ ကုန်ငြိမ်းခြင်း၏ အကြောင်းဖြစ်သောတရားကို။ ဝါ၊ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော တရားကို။ နိဗ္ဗာနမိတိ၊ နိဗ္ဗာန်မည်၏ဟူ၍။ ဝါနမုတ္တာ၊ ဝါနမည်သော တဏှာမှ လွတ်တော်မူကုန်ပြီးသော။ မဟေသယော၊ သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး ရှာမှီးတော်မူကုန်ပြီးသော ဘုရားရှင်တို့သည်။ ဘာသန္တိ၊ ဟောတော်မူကုန်၏။

ကံ စသော အကြောင်းတို့တွင် တစုံတခုသော ဇနက အကြောင်းသည်မျှ မပြုမစီရင်အပ် မဖြစ်စေအပ်သော အဆုံးအပိုင်းအခြားကို လွန်သော တရံတဆစ်မျှ မိမိ၏ သန္တိသဘောမှ ရွေ့လျောခြင်း မရှိသော သခ်တာသခ်တ ရှိသမျှသော ပရမတ္ထတရားတို့တွင် မိမိကသာ အလွန်မြတ်ဆုံးဖြစ်၍ မိမိနှင့်တူတန်လောက်အောင် မြတ်သောတရားမရှိသော ဒုက္ခဟူသမျှ တစမကြွင်း ကုန်ကင်းချမ်းသာခြင်း၏ ဥပနိဿယ မူလအကြောင်းရင်းဖြစ်သော ပရမတ္ထ တရားသည် နိဗ္ဗာန်မည်၏ဟူလို။ (မှတ်သားလွယ်အောင် ပြဆိုအပ်သော သခေ်ပတ္ထ အဓိပ္ပါယ်။)

**တနည်း**။ ။အသခ်တံ၊ အပ်သော။ ဝါ၊ အပ်သောကြောင့်။ အစ္စန္တံ၊ဥပါဒ်, ဌီ, ဘင်ဟူသော အပိုင်းအခြားကို လွန်သော။ ဝါ၊ လွန်သောကြောင့်။ အစ္စုတံ၊ တရံတဆစ်မျှ မိမိသဘောမှ ရွေ့လျောခြင်း မရှိသော။ ဝါ၊ သောကြောင့်။ အနုတ္တရံ၊ သော။ ပဒံ၊ ကို။ (ရှေ့နည်းကိုမှီ၍ ပေးလေ။) ဝါနမုတ္တာ၊ မူကုန်ပြီးသော။ မဟေသယော၊ တို့သည်။ နိဗ္ဗာနမိတိ၊ မည်၏ ဟူ၍။ ဘာသန္တိ၊ကုန်၏။

(ဤလည်း အသခ်တံ-စသော ရှေးဝိသေသန ၃-ပုဒ်ကို ဟေတုမန္တ ဝိသေသန ယူ၍ဆိုအပ်သော သခေ်ပတ္ထပင်။)

ဤ အဋ္ဌကထာဝယ်“ပဒံ နိဗ္ဗာနမိတိ ဘာသန္တိ မဟေသယော”သာဆိုလိုရင်း။ ဒုက္ခဟူသမျှ တစမကြွင်း ကုန်ကင်းချမ်းသာခြင်း၏ ဥပနိဿယ မူလအကြောင်းရင်းဖြစ်သော ပရမတ္ထ တရားကို နိဗ္ဗာန်မည်၏ဟု ငါတို့ဘုရား တဆူတည်းသာ ဟောတော်မူသည်မဟုတ်၊ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကုန်ပြီးသော သဗ္ဗညု ရှင်တော်ဘုရားဟူသမျှတို့ပင် ဟောတော်မူကုန်သည်ချည်းဟူလို။

### ပဒအနက် ရှင်းလင်းချက်

ပဒသဒ္ဒါ၏ အနက်တို့တွင် ပဌမအနက်အလိုသော်—

ပဒံ ဌာနေ ပရိတ္တာဏေ၊ နိဗ္ဗာနမှိ စ ကာရဏေ။
သဒ္ဒေ ဝတ္ထုမှိ ကောဋ္ဌာသေ၊ ပါဒေ တံလဉ္ဆနေ မတံ။

ဟု (အဘိဓာန်-ဂါထာနံပါတ်—၈၁၉) ၌ ပြဆိုအပ်သော ပဒသဒ္ဒါ၏ အနက် ၉-ပါးတို့တွင် (အဘိဓမ္မာဝတာရအဋ္ဌကထာ-၁၁၁) ဝယ် “ပဒမစ္စုတမက္ခရံ” ဟူ၍ နိဗ္ဗာန်၏ပရိယာယ်ကို ပြဆိုရာ ပါရှိသော ပဒသဒ္ဒါ၊ (အဘိဓာနပ္ပဒီပိကာကျမ်း ဂါထာနံပါတ်-၈) ဝယ် “ပဏီတမစ္စုတံ ပဒံ” ဟူ၍ နိဗ္ဗာန်၏ပရိယာယ်ကို ပြဆိုရာပါရှိသော ပဒသဒ္ဒါ၊ “တဟိံ တဟိံ ပါရမိသဥ္စယံ စယံ၊ ဂတံ ဂတံ သဗ္ဗိသုခပ္ပဒံ ပဒံ” ဟူသော (နမက္ကာရ-

ဂါထာ နံပါတ်-၉) "တထာဂတော ယော ကရုဏာကရော ကရော၊ ပယာတ-မောသဇ္ဇ သုခပ္ပဒံ ပဒံ" ဟူသော (အဘိဓာန် ဂါထာနံပါတ်-က) ဗုဒ္ဓပဏာမအရာ ဝယ်လာရှိသော "သုခပ္ပဒံ ပဒံ" တို့၌ နောက်ပဒသဒ္ဒါ "ပဋိသန်ါယ ပနေတမဒ္ဓုဝံ၊ အဓိဂန္တွာ ပဒမစ္စုတံ ဗုဓော" ဟူသော (သဒ္ဒါကျမ်း-၃၉) ၌ ပဒသဒ္ဒါကဲ့သို့ နိဗ္ဗာန်ဟော။

ဤပဌမနည်း၌—

ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။

ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော ဝိနယောတိ အက္ခာတော။

ဟူသော သမန္တပါသာဒိက အဋ္ဌကထာ (= ပါရာဇိကဏ်အဋ္ဌကထာ- (ပ) ၁၅) ဝယ် ရှေ့ ဝိနယောဖြင့် အတ္ထပညတ် ဖြစ်သော ဝိနယဒြဗ်ကို, နောက် ဝိနယော ဖြင့် နာမပညတ်ကိုယူရသကဲ့သို့ ပဒသဒ္ဒါဖြင့် ပရမတ္ထဓမ္မ ဖြစ်သော နိဗ္ဗာန်ဒြဗ်ကို နိဗ္ဗာန မိတိ-၌ နိဗ္ဗာနသဒ္ဒါဖြင့် နိဗ္ဗာန် ဟူသော ဝေါဟာရ နာမပညတ်ကိုယူ။

ဒုတိယအနက်, တတိယအနက် အလိုသော် "သန်တာသန်တေသု အသန်တ-ကောဋ္ဌာသဘူတတ္တာ ပရမပတိဋ္ဌာနဘာဝတော ဝါ ပဒံ" ဟူသော (အဘိဓမ္မတ္ထ-ဝိဘာဝနီဋီကာ-၁၉၉) နှင့်အညီ ယခင်ပြဆိုခဲ့သော အဘိဓာန်လာ အနက် ၉-ပါးတွင် အစဉ်အတိုင်း ပဒသဒ္ဒါ ကောဋ္ဌာသ အနက်, ဌာန အနက်ဟော။ နောက် ၃-နက်အလိုသော် ယခင်အနက် ၉-ပါးတွင် ပြဆိုခဲ့ပြီးသော သုခပ္ပဒံ ပဒံ-ဝယ် သုခပ္ပဒံ-၌ကဲ့သို့ ပဒသဒ္ဒါ ကာရဏဟော။ နိဗ္ဗာန်၏ ကိလေသာအလုံးစုံ ကုန်ငြိမ်းခြင်း၏ အကြောင်းဖြစ်သည်ကို—

ယဿ စာဓိဂမာ သဗ္ဗ-ကိလေသာနံ ခယော ဘဝေ။

နိဗ္ဗာနမိတိ နိဒ္ဒိဋ္ဌံ၊ နိဗ္ဗာနကုသလေန တံ။

ဟူသော (အဘိဓမ္မာဝတာရအဋ္ဌကထာ-၁၀၈) ကို ထောက်၍သိလေ။

နိဗ္ဗာန်၏ ရာဂစသော ကိလေသာတို့ ကုန်ငြိမ်းခြင်း၏ အကြောင်းဖြစ်ရာ၌ ပြဆိုရန် သာဓကကား များစွာရှိ၏။ နောက်၌ ထင်ရှားလတ္တံ့။

နိဗ္ဗာန်၏ဝဋ် ၃-ပါးတို့ ကုန်ငြိမ်းခြင်း၏ အကြောင်းဖြစ်သည်ကိုကား "ဝေဠု စတ္တာရိ သစ္စာနိ ယထာဘူတံ အရိယမဂ္ဂပညာယ ဇာနတော ပဿတော ဘဝါဒီသု နတိဘူတာ တဏှာ နတ္ထိ။ တဒဘာဝေ သဗ္ဗဿ ကိလေသဝဋ္ဋဿ အဘာဝတော တတော ကမ္မဝိပါကဝဋ္ဋာနံ အသမ္ဘဝေါယေဝါတိ" ဟူသော (ဥဒါန်းအဋ္ဌကထာ-၃၅၆)။ "တံ အာဂမ္မ ။ ပ ။ သဗ္ဗေပိ ကိလေသဝဋ္ဋကမ္မဝဋ္ဋဝိပါကဝဋ္ဋာ ဥပစ္ဆိဇ္ဇန္တိ" ဟူသော (ဣတိဝုတ်အဋ္ဌကထာ-၂၇၂) စသည်တို့ကို ထောက်၍

သိလေ။ ဤအဋ္ဌကထာဝယ် အနက်အဓိပ္ပါယ်ကို နောက်၌ ပြဆိုလတ္တံ့။ နိဗ္ဗာန်ကို ချမ်းသာခြင်း၏ အကြောင်းဟု ပြဆိုသောသာဓကကိုလည်း ထိုသုခပ္ပဒံ-ကိုပင် ထောက်၍ သိလေ။

ချမ်းသာခြင်း၏ အကြောင်းဖြစ်သည်ဟူရာ၌ ချမ်းသာသောဟူသည် ကိလေ သဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋ ဟူသော ဝဋ္ဋဒုက္ခ၊ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, အပ္ပိယသမ္ပယောဂ, ပိယဝိပ္ပယောဂ, ဣစ္ဆိတာလာ ဘဒုက္ခ-အစရှိသော ဒုက္ခတို့၏ တဖန်အသစ် မဖြစ်ပြန်ကောင်းသော မဖြစ်ခြင်း ဟူသော လက်စသတ် ကုန်ပြတ်ချုပ်ကင်း မရှိခြင်းပင် ဖြစ်သည်။ အရိယမဂ်ဖြင့် ပရိညာ, ပဟာန, သစ္ဆိကိရိယ, ဘာဝနာဘိသမယ ဟူသောကိစ္စ ၄-ပါးကို တပြိုင် နက် ပြီးစေလျက် နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မျက်မှောက်ပြုပြီးသော အရိယာပုဂ္ဂိုလ်တို့အား ထိုက်သည်အားလျော်စွာ အရိယ မဂ်သည် အနမတဂ္ဂသံသရာ ကာလပတ်လုံး အနုသယ၏ အစွမ်းဖြင့် သန္တာန်သို့ အစဉ်လိုက်သော ရာဂစသော ကိလေသာအလုံးစုံကို သမုစ္ဆေဒပဟာန်အားဖြင့် တဖန်အသစ် ဖြစ်ပြန်နိုင်ခြင်း မရှိရအောင် အကြွင်းမဲ့ ပယ်ဖျက်ရကား ကိလေသ ဝဋ္ဋ ပြတ်၏။ ယင်းသို့ ကိလေသဝဋ္ဋပြတ်သဖြင့် မီးဖြင့် ဖုတ်လှော်အပ်သော မျိုး စေ့သည် အညှောက် အညွန့် ပင်စည် ခက်မ အပွင့် အသီးတို့ကို ဖြစ်စေ၊ ပေါက်ရောက်စည်ကား ပြန့်ပွါး သီးပွင့်စေခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ရှေးရှေး သော ဘဝကာလတို့၌ ပြုကျင့်အပ်ခဲ့သော ကုသိုလ် အကုသိုလ်ကံဟူသမျှသည် ကိလေသာတည်းဟူသော သဟဲအားပေး အစေးမှ ခန်းခြောက်သည်ဖြစ်၍ ပဋိသန္ဓေဟူသော အကျိုးကိုပေးခြင်း ဖြစ်စေခြင်းငှါ စွမ်းနိုင်သော အစွမ်း သတ္တိအဟုန် ကုန်ကင်းသဖြင့် ကမ္မဝဋ္ဋပြတ်သည်။

အကြောင်းရှိသော်သာ အကျိုးဖြစ်သည်၊ အကြောင်းမရှိသော် အကျိုးမဖြစ် သကဲ့သို့ ကုန်ပြီးသော အာသဝေါရှိသော ခီဏာသဝပုဂ္ဂိုလ်အား စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် အာသဝေါမကုန်မီ ပဋိသန္ဓေကိစ္စအားဖြင့် ထိုက်သည်အားလျော် စွာ ဖြစ်နေကျဖြစ်ရမြဲဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာ ၅-ပါး သည် တဖန်အသစ် မဖြစ်လာပြီ။ ပြတ်ကင်းကုန်ငြိမ်းတော့သည်ဖြစ်၍ ထိုဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသောခန္ဓာ ၅-ပါး၏ တဖန် အသစ်မဖြစ်ပြန်ကောင်းသော မဖြစ်ခြင်း၊ ပြတ်ကင်း ကုန်ငြိမ်း ခြင်းဟူသော ဝိပါကဝဋ္ဋ ပြတ်ခြင်းဖြစ်သည်။ ပဋိသန္ဓေနေခြင်း ဇာတိဒုက္ခမကင်းသေးသော ပုဂ္ဂိုလ်တို့အားသာ ထိုခန္ဓာကိုယ် ကို ချရခြင်း မရဏဒုက္ခဖြစ်သည်။ ထိုခန္ဓာအစဉ်၌ ကျရောက်တတ်သော ဇရာဒုက္ခ, သောက, ပရိဒေဝအစရှိသော ဒုက္ခဖြစ်သည်။ ကင်းပြီးသောဇာတိရှိသော ခီဏာသဝပုဂ္ဂိုလ်တို့အား ဇာတိဒုက္ခကင်းသဖြင့် ဇရာ မရဏ အစရှိသော ဒုက္ခဟူ သမျှ လက်စသတ် အကြွင်းမဲ့ပြတ်ကင်း မဖြစ်ခြင်းသို့သာ ရောက်သောကြောင့်

ထိုကိလေသဝဋ်စသော ၃-ပါးသောဝဋ်ဒုက္ခ၊ ဇာတိအစရှိသော အလုံးစုံသော ဒုက္ခတို့ ပြတ်ကင်းရခြင်းသည် အကြောင်းအကျိုးအဆက်ဆက်အားဖြင့် အရိယမဂ်၏ အာရုံဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်လျှင် ဥပနိဿယအကြောင်းရင်းရှိရကား နိဗ္ဗာန်ကို ဝဋ္ဋဒုက္ခဟူသမျှတို့၏ ကုန်ငြိမ်းပြတ်ကင်း မရှိခြင်းဟူသော ချမ်းသာခြင်း၏ အကြောင်းဖြစ်သည်ဟူ၍ ဆိုရလေသည်။

## မဟေသီပုဒ် အဆုံးအဖြတ်

တဿီလတ္ထကတ္ထုတ္တ၌ "တဿီလာဒီသု ဏီ တွာဝီ စ" (ကစ္စည်းသဒ္ဒါ-ကိတ်သုတ်နံပါတ်-၉) ဟူသောသုတ်ဖြင့် ဏီပစ္စည်းသက်၍ ပြီးသော သီလက္ခန္ဓစသည်ကို ကျင့်ဆောင်ရှာမှီးဆဲဖြစ်သော ပုထုဇဉ်သေက္ခကိုဟောသော ဤကာရန္တမဟေသီသဒ္ဒါ၊ အတီတတ္ထကတ္ထုတ္တ၌ "မုနာဒီဟိ စိ" ဟူသောသုတ်ဖြင့် ဣပစ္စည်းသက်၍ ပြီးသော သီလက္ခန္ဓစသည်တို့ကို ရှာမှီးကျင့်ဆောင်ပြီးဖြစ်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို ဟောသော ဣကာရန္တ မဟေသိ-သဒ္ဒါတို့၌ ဝိနိစ္ဆယကို အဋ္ဌသာလိနီဂဏ္ဌိသစ်ဝယ် ပဌမဂါထာ၌ မဟေသိနော-ဟူသောပုဒ်၏ ဝိနိစ္ဆယကိုပြရာ ဖလဋ္ဌဘေဒဒီပနီကျမ်းဝယ် သကဒါဂါမိဟူသောပုဒ်၏ ဝိနိစ္ဆယကိုပြရာတို့၌ အကျယ်ပြဆိုခဲ့ပြီ။

## ဝါနမုတ္တ ဂုဏ်ဖြင့် ချီးကျူးခြင်း

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပမ္ပိ စေ အညမဘာသမာနော။
ခီယေထ ကပ္ပေါ စိရဒီဃမန္တရေ၊
ဝဏ္ဏော န ခီယေထ တထာဂတဿ။

(သီလက္ခန်အဋ္ဌကထာ ၂၅၇-စသည်)

ဟူသည်နှင့်အညီ တဆူသော သဗ္ဗညုမြတ်စွာဘုရားသည် တခုသော အာယုကပ်ပတ်လုံး တပါးသော တရားစကားကို ဟောကြားပြောဆိုခြင်းကို မပြုဘဲ တဆူသော မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးကို ဤလည်းဂုဏ်တပါး, ဤလည်းဂုဏ်တပါးဟု ရေတွက်ပိုင်းခြားဟောကြားသည်ဖြစ်အံ့၊ ဟောကြားသည့်အတွင်း ထိုအာယုကပ်သာ ကုန်ရာသည်၊ တဆူသောမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးသည် မကုန်နိုင်ရာ။ သို့စင်မျှားစွာသော ဂုဏ်ကျေးဇူးရှိပါလျက် တပါးသော ဂုဏ်ကျေးဇူးဖြင့် ချီးမွမ်းထောမနာခြင်းကို မပြုမူ၍ ဝါနမုတ္တာ-ဟု အဘယ့်ကြောင့် ဝါနမုတ္တဂုဏ်ဖြင့်သာ မြတ်စွာဘုရားကို ထောမနာလေသနည်းဟူခဲ့မူ စိတ္တုပ္ပါဒကဏ္ဍ အစရှိသော ၄-ပါးသောကဏ္ဍတို့ဖြင့် ပိုင်းခြားဟောပြရာ ဓမ္မသင်္ဂဏီကျမ်း၏ အဖွင့်သံဝဏ္ဏနာကို စီရင်သော အဋ္ဌကထာဆရာသည် သံဝဏ္ဏေတဗ္ဗကျမ်းအားလျော်

စွာ—"စတုသစ္စဒသော နာထော၊ စတုဓာ ဓမ္မသင်္ဂဟံ"စသည်ဖြင့် ဒေသက ဖြစ်သော မြတ်စွာဘုရားကို သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်ခြင်း ဟူသော **စတုသစ္စဒသ**ဂုဏ်ဖြင့် ချီးမွမ်းတော်မူသည်။ ဝိဘင်းကျမ်း၏ အဖွင့် သံဝဏ္ဏနာကို ပြုတော်မူသော အဋ္ဌကထာဆရာသည် သံဝဏ္ဏေတဗ္ဗကျမ်းအား လျော်စွာ ဒေသကဖြစ်သော မြတ်စွာဘုရားကို—"အဋ္ဌာရသဟိ ဘေဒေဟိ၊ ဝိဘင်္ဂံ မာရဘဉ္ဇနော"ဟူ၍ **မာရဘဉ္ဇန**ဂုဏ်ဖြင့် ချီးမွမ်းတော်မူသည်။ ဓာတု ကထာကျမ်း၏ အဖွင့်သံဝဏ္ဏနာကို စီရင်သောအဋ္ဌကထာဆရာသည် သံဝဏ္ဏေတဗ္ဗ အားလျော်စွာ ဒေသကဖြစ်သော မြတ်စွာဘုရားကို—"အဒေသယိ ဓာတုကထံ၊ ဓာတုဘေဒပ္ပကာသကော"ဟူ၍ **ဓာတုဘေဒပ္ပကာသက**ဂုဏ်ဖြင့် ချီးမွမ်းတော် မူသည်။ ပြဟ္မဝိဟာရကထာကိုပြဆိုသော အဋ္ဌကထာဆရာသည် ထိုကထာ အားလျော်စွာ ဒေသကဖြစ်သော မြတ်စွာဘုရားကို–"ပြဟ္မုတ္တမေန ကထိတေ၊ ပြဟ္မဝိဟာရေ ဣမေ ဣတိ" ဟူ၍ **ပြဟ္မုတ္တမ**ဂုဏ်ဖြင့် ချီးမွမ်းတော်မူသည်။ ဝိနည်းဒေသနာသည် ကရုဏာလျှင် ပဓာနရှိရကား ဝိနည်းပါဠိတော်၏ အဖွင့် ဖြစ်သော သမန္တပါသာဒိကအဋ္ဌကထာကို ပြုစီရင်လိုသော အဋ္ဌကထာဆရာသည် သံဝဏ္ဏေတဗ္ဗကျမ်းအားလျော်စွာ ဒေသကဖြစ်သောမြတ်စွာဘုရားကို–

ယော ကပ္ပကောဋီဟိပိ အပ္ပမေယျံ၊
ကာလံ ကရောန္တော အတိဒုက္ကရာနိ။
ခေဒံ ဂတော လောကဟိတာယ နာထော၊
နမော မဟာကာရုဏိကဿ တဿ။

ဟူ၍ **ကရုဏာ**ဂုဏ်ဖြင့် ချီးမွမ်းတော်မူသည်။

အဘိဓမ္မာဒေသနာသည် ပညာလျှင် ပြဋ္ဌာန်းခြင်းရှိရကား ထိုအဘိဓမ္မာ၏ အဖွင့်ဖြစ်သော အဋ္ဌသာလိနီကို စီရင်လိုသော အဋ္ဌကထာဆရာသည် သံဝဏ္ဏေတဗ္ဗ အားလျော်စွာ ဒေသကဖြစ်သော မြတ်စွာဘုရားကို—

ကရုဏာ ဝိယ သတ္တေသု၊ ပညာ ယဿ မဟေသိနော။
ဉေယျဓမ္မေသု သဗ္ဗေသု၊ ပဝတ္တိတ္ထ ယထာရုစိ။

ဟူ၍ **ပညာ**ဂုဏ်ဖြင့် ချီးမွမ်းတော်မူသည်။

သုတ္တန်ဒေသနာသည် ကရုဏာ, ပညာ ၂-ပါးပြဋ္ဌာန်းခြင်းရှိရကား ထိုသုတ္တန်၏ အဖွင့်ဖြစ်သော သုမင်္ဂလဝိလာသိနီ (=သီလက္ခန်အဋ္ဌကထာ) ကျမ်းကို ပြုစီရင်သော အဋ္ဌကထာဆရာသည် ကျမ်း၏အစ၌ သံဝဏ္ဏေတဗ္ဗအားလျော်စွာ ဒေသက ဖြစ်သော မြတ်စွာဘုရားကို–

ကရုဏာ သီတလ ဟဒယံ၊
ပညာ ပဇ္ဇောတ ဝိဟတမောဟ တမံ။
သနရာ မရ လောက ဂရုံ၊
ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။

ဟူ၍ **ကရုဏာ,ပညာ** ဂုဏ် ၂-ပါးဖြင့် ချီးမွမ်းတော်မူသည်။

ဤသို့ ဒေသေတဗ္ဗဓမ္မအားလျော်စွာ ဒေသကဖြစ်သော မြတ်စွာဘုရား၏ ဂုဏ်ကို ပြဆိုချီးမွမ်းခြင်းသည် အဋ္ဌကထာဆရာတို့၏ အလေ့ သဘောပင် ဖြစ်ရကား အရှင်အနုရုဒ္ဓါဆရာသည်လည်း အဋ္ဌကထာဆရာတပါးပင် ဖြစ်သောကြောင့် ဝါနမည်သောတဏှာမှ ကင်းလွတ် ထွက်မြောက်ခြင်းကြောင့် နိဗ္ဗာန မည်သော တရား၏သရုပ်ကို ပြဆိုသောအရာဖြစ်၍ အရာအားလျော်စွာ ဒေသက ဖြစ်သော မြတ်စွာဘုရားကို ဝါနမုတ္တာ-ဟု **ဝါနမုတ္တ**ဂုဏ်ဖြင့်သာ ချီးမွမ်းတော် မူပါသည်ဟူလေ။ ဘာသန္တိ ဝါနမုတ္တာ မဟေသယော-ဟုဗဟုဝစနန္တနှင့် ဆိုသဖြင့် "ချမ်းသာခြင်း၏အကြောင်းဖြစ်သော တရားကို နိဗ္ဗာန်မည်၏" ဟု ဟောတော် မူခြင်းသည် ငါတို့ဘုရား တဆူတည်းသာ မဟုတ်၊ ပွင့်တော်မူကုန်ပြီးသော သဗ္ဗညုမြတ်စွာဘုရား ဟူသမျှတို့ပင် ဟောတော်မူကုန်သည်ချည်းဟု ပြသည်။

## အနုတ္တရပုဒ် အဆုံးအဖြတ်

အရှင်အနုရုဒ္ဓါဆရာ....ဒုက္ခဟူသမျှ၏ တစမကြွင်း ကုန်ကင်းချမ်းသာခြင်း၏ ဥပနိဿယ အကြောင်းရင်းဖြစ်သော ပရမတ္ထ သဘာဝဓမ္မကို နိဗ္ဗာန်မည်သည်ဟု မြတ်စွာဘုရားတို့ ဟောတော်မူကုန်သည်ဟု ဆို၏။ ထိုဓမ္မအား တစုံတခုသော ဂုဏ်ထူးဝိသေသရှိပါ၏လောဟု မေးလျှောက်ဖွယ်ရှိ၍ အနုတ္တရံ-ကို မိန့်ဆိုတော် မူသည်။

ဤအနုတ္တရံ-ကား "ဝိသေသိယတိ ဝိသေသိတဗ္ဗမနေနာတိ ဝိသေသနံ" ဟူသည်နှင့်အညီ ဝိသေသိတဗ္ဗဖြစ်သော ဒြဗ်အနက်ကို အထူးပြုကြောင်း ဖြစ်သောကြောင့် ဝိသေသနမည်၏၊ ထိုဝိသေသနသည် ဗျဝစ္ဆေဒဝိသေသန, တပ္ပါကဋီကရဏဝိသေသန-ဟု ၂-ပါးရှိသည်။ ထိုတွင် နီလော ပဋော-အစရှိသည်၌ နီလဟူသောဝိသေသနသည် အဖြူ,အနီ,အဝါ အစရှိသော ဂုဏ်တပါးကို နစ်စေ၍ အညိုဂုဏ်ဖြင့် ပုဆိုးဒြဗ်ကို အထူးပြုကြောင်းဖြစ်သောကြောင့် ဗျဝစ္ဆေဒဝိသေသန မည်၏။ ကုဋ္ဌိလတုဏ္ဍိလော သုဝေါ-အစရှိသည်၌ ကုဋ္ဌိလတုဏ္ဍိလဟူသော ဝိသေသနသည် ကျေးသတ္တဝါဟူသမျှ မကောက်သော နှုတ်သီးရှိသောမည်သည် မရှိ။ ကောက်သော နှုတ်သီး ရှိသည်ချည်းဖြစ်၍ နစ်စေရန် ဂုဏ်တပါးကို မတားမြစ်မူ၍ ကောက်သော နှုတ်သီးဟူသော ဂုဏ်ဖြင့်ပင် ထင်စွာပြု၍ သုဝ-ကို

အထူးပြုကြောင်းဖြစ်သောကြောင့် တပ္ပါကဋ္ဌိကရဏဝိသေသနမည်၏။ အနက်ကို အထူးပြုလျှင် သဒ္ဒါကို အထူးပြုသည်ပင် မည်သည်၊ သဒ္ဒါကို အထူးပြုလျှင် အနက်ကိုလည်း အထူးပြုသည်ပင် မည်သည်ဖြစ်၍ အညိုဂုဏ်ဖြင့် ပုဆိုးဒြဗ်ကို အထူးပြုသည်၊ ကောက်သော နှုတ်သီးဖြင့် ကျေးသားဒြဗ်ကို အထူးပြုသည်ဟူ၍ ၎င်း၊ နီလသဒ္ဒါဖြင့် ပဋသဒ္ဒါကိုအထူးပြုသည်၊ ကုဋိလတုဏ္ဍိလသဒ္ဒါဖြင့် သုဝသဒ္ဒါကို အထူးပြုသည်ဟူ၍၎င်း ဝတ္တိစ္ဆာအားဖြင့် ဆိုလိုရာဆိုရ၏။ ဝိသေသန, ဘေဒ, ဥပါယ ဟူသည် အတူတူ။ ဝိသေသျ, ဘေဒျ, ဥပေယျ ဟူသည်လည်း အတူတူပင်။ ထိုတွင်—

ဝိသေသျေ ဒိဿမာနာ ယာ၊ လိင်္ဂသင်္ချာ ဝိဘတ္တိယော။
တုလျာဓိကရဏေ ဘိယျော၊ ကာတဗ္ဗာ တာ ဝိသေသနေ။

ဟူသော (သဒ္ဒတ္ထဘေဒစိန္တာ ဂါထာနံပါတ်-၁၉၄) ၌ ဝိသေသန, ဝိသေသျဟူသော အမည်ဖြင့်ဆိုသည်။

ဘေဒေါ ဝိသေသနံ ဘေဒျံ၊ ဝိသေသျံ တံ ဒွယံ ယဒိ။
တုလျတ္ထံ ဘေဒကံ ဘိယျော၊ ဘေဒျလိင်္ဂ ဒိဂါဟကံ။

ဟူသော (ကစ္စာယနသာရဂါထာနံပါတ်-၈) ၌ ဘေဒ, ဘေဒျဟူသောအမည်ဖြင့် ဆိုသည်။ "ဘေဒိယတိ ဘေဒိတဗ္ဗံ အနေနာတိ ဘေဒေါ" ဟုပြု။ "ဥပါယော- ပါဒိယ ပေယျော၊ ဥပေယံ့ တေန သာဓိယံ" ဟူသော ၎င်း၌ ဥပါယ, ဥပေယျ ဟူသော အမည်ဖြင့် ဆိုသည်။ "ဥပါဒိယ၊ စိတ်ဖြင့် ရှေးဦးစွာယူ၍။ ပေယျော၊ စွန့်အပ်သော သကတ်အနက်သည်။ ဥပါယော၊ ဥပါယမည်၏။ တေန၊ ထို သကတ်အနက်ဖြင့်။ သာဓိယံ၊ ပြီးစေအပ် အထူးပြုအပ်သော ဒြဗ်အနက်သည်။ ဥပေယံ့၊ ဥပေယျ မည်၏"။

ညိုသောကြာကို မြင်သောသူသည် ရှေးဦးစွာ ညိုသောဂုဏ်ဟူသော သကတ္တကို သိသည်။ ထို့နောင် ဤအညိုကား ကြာတည်းဟု ညိုသောဂုဏ်ကိုစွန့်၍ ကြာဒြဗ်ကို သိရကား ထိုညိုသော ဂုဏ်ဟူသော သကတ္တသည် ဥပါယမည်၏။ ထိုဂုဏ်ဖြင့် အထူးပြုအပ်သော ကြာဒြဗ်သည် ဥပေယျမည်၏ဟူလို။

တပ္ပါကဋ္ဌိကရဏဝိသေသန ဟူသည်နှင့် ယထာဘူတကထနဝိသေသန-ဟူသည် အတူတူပင်။ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်အား အနုတ္တရဂုဏ်နှင့် စင်စစ် ပြည့်စုံသည်သာဖြစ်၍ လျှင်းပါးဘွယ် နစ်စေရန် အနက်တပါးမရှိသော်လည်း ထိုနိဗ္ဗာန်၏ ဟုတ်မှန်တိုင်းသော ဂုဏ်ကိုပင် ထင်ရှားပြဆိုခြင်းငှါ အထူး ပြုကြောင်းဖြစ်၍ ဤအနုတ္တရံ-လည်း ယထာဘူတကထနဝိသေသန သာ။ တုလျာဓိကရဏဝိသေသန ဟူသမျှကို ရှေးဦးစွာ ပဋ္ဌာနဝိသေသျ၏ စပ်ဆိုက် ရာ ကြိယာ၌ စပ်ဦး၍ နောက်မှ ဝိသေသျပုဒ်နှင့်စပ်၊ သို့မှ ထိုဝိသေသနပုဒ်တို့

နေ၁င် ဒုတိယာဝိဘတ်စသည် သက်နိုင်မည်။ ထိုချမ်းသာခြင်း၏ အကြောင်း ဖြစ်သော နိဗ္ဗာန်တရားအား မိမိထက် လွန်ကဲထူးမြတ်သော တရားမရှိသည်သာ မဟုတ်၊ မိမိနှင့် ဂုဏ်အားဖြင့် တူတန်လောက်အောင် ထူးမြတ်သောတရားပင် မရှိခြင်းဟူသော ဂုဏ်နှင့်ပြည့်စုံပါ၏ ဟူလို။

နိဗ္ဗာန်အား မိမိနှင့် ဂုဏ်အားဖြင့်တူသော တရားမရှိဟူ၏။ မြတ်စွာဘုရားသည် "ပရိတ္တာ ဓမ္မာ၊ မဟဂ္ဂတာ ဓမ္မာ၊ အပ္ပမာဏာ ဓမ္မာ" ဟူသော (ဓမ္မသင်္ဂဏီပါဠိတော် ပရိတ္တတိက်-၂) ၌ လောကုတ္တရာတရား ကိုးပါးလုံးကို အပ္ပမာဏဓမ္မ၏အဖြစ်ဖြင့် အတူတူသာ ဟောတော်မူသည်။ "သဉ္တတ္တရာ ဓမ္မာ၊ အနုတ္တရာ ဓမ္မာ" ဟူသော (ဓမ္မသင်္ဂဏီပါဠိတော် သဉ္တတ္တရဒုက်-၁၃) ၌လည်း ၎င်းတရား ကိုးပါးလုံးကိုပင် အနုတ္တရဓမ္မ၏အဖြစ်ဖြင့် အတူတူသာ ဟောတော်မူသည်ဖြစ်၍ ထိုနိဗ္ဗာန်တရားအား အပ္ပမာဏအဖြစ်, အနုတ္တရအဖြစ်ဖြင့် တူသော မဂ်ဖိုလ်တရားတို့ ရှိပါကုန်သည် မဟုတ်လော။ ထိုသို့လျက် နိဗ္ဗာန်ကို မိမိနှင့်တူတန်လောက်အောင် ထူးမြတ်သောတရားမရှိဟု အဘယ့်ကြောင့် ဆိုလေသနည်းဟူမူ—ကာမတရားတို့အား မိမိနှင့် ဘုံအားဖြင့်မတူသော မိမိထက် လွန်မြတ်သော မဟဂ္ဂုတ်တရား လောကုတ္တရာတရားရှိသည်။ မဟဂ္ဂုတ်တရား အားလည်း မိမိထက် လွန်မြတ်သော လောကုတ္တရာတရားရှိသည်။ ထိုကာမ, ရူပ, အရူပ ဟူသော လောကီတရားတို့အား မိမိတို့ထက် လွန်မြတ်သော လောကုတ္တရာတရား ရှိသောကြောင့် အခါခပ်သိမ်း သဉ္တတ္တရသာမည်ကုန်သည်။ တရံတဆစ်မျှ အနုတ္တရ-မမည်ကုန်။ လောကုတ္တရာတရားကိုးပါးအားကား မိမိထက်လွန်ကဲ ထူးမြတ်သော ဘူမိဘေဒတရား မရှိသောကြောင့် ထိုလောကုတ္တရာတရားကို အနုတ္တရာ ဓမ္မာ ဟူ၍ အနုတ္တရဓမ္မအဖြစ်ဖြင့်သာ ဟောတော်မူသည်။ ဘုံတူချင်း ဖြစ်သော လောကုတ္တရာတရားတွင်မူကား သောတာပတ္တိမဂ္ဂဋ္ဌာန်မှစ၍ အရဟတ္တဖလဋ္ဌာန်တိုင် အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့အား ပေးလှူသောဒါန၏ အစဉ်အတိုင်း အောက်အောက်သောပုဂ္ဂိုလ်အား ပေးလှူသောဒါနထက် အထက်အထက်ပုဂ္ဂိုလ်အား ပေးလှူသောဒါန၏ ဖွံ့ဖြိုးကြီးမား များမြတ်သော အကျိုးအာနိသင်ရှိကြောင်းကို—

တတြာနန္ဒ တိရစ္ဆာနဂတေ ဒါနံ ဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ပုထုဇ္ဇနဒုဿီလေ ဒါနံ ဒတွာ သဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ပုထုဇ္ဇနသီလဝန္တေ ဒါနံ ဒတွာ သတသဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ဗာဟိရကေ ကာမေသု ဝီတရာဂေ ဒါနံ ဒတွာ ကောဋိသတသဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒတွာ အသင်္ချေယျာ အပ္ပမေယျာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ကော ပန ဝါဒေါ သောတာပန္နေ။ ကော

ပန ဝါဒေါ သကဒါဂါမိဖလသစ္ဆိကိရိယာယ ပဋိပန္နေ။ ကော ပန ဝါဒေါ သကဒါဂါမိဿ။ ကော ပန ဝါဒေါ အနာဂါမိဖလသစ္ဆိကိရိယာယ ပဋိပန္နေ။ ကော ပန ဝါဒေါ အနာဂါမိဿ။ ကော ပန ဝါဒေါ အရဟတ္တဖလသစ္ဆိကိရိယာယ ပဋိပန္နေ။ ကော ပန ဝါဒေါ အရဟန္တေ။

ဟူ၍ (ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်-၂၉၈) ၌ ဟောတော်မူသည်။

ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးပါးတွင်လည်း ငွေဖြင့်ပြည့်သော ရွှေခွက်ရှစ်သောင်းလေးထောင်၊ ရွှေဖြင့်ပြည့်သော ငွေခွက် ရှစ်သောင်းလေးထောင်၊ ရွှေဖြင့်ပြည့်သော ကြေးခွက် ရှစ်သောင်းလေးထောင်၊ ရွှေကြိုး ရွှေက ရွှေတံခွန်တို့ဖြင့် ဆင်ယင်စိုက်ထူ၍ ရွှေချူကွန်ရက်တို့ဖြင့် ဖုံးလွှမ်းအပ်သော ဆင်ရှစ်သောင်းလေးထောင်၊ ခြင်္သေ့ရေ ကျားရေ သစ်ရေ အစရှိသည်တို့ဖြင့် တင့်တယ်စွာ ကွပ်ခြယ်သော ရွှေတန်းဆာတို့ဖြင့် ဆင်ယင်သော ရွှေအလံတံခွန်ကိုစိုက်ထူ၍ ရွှေချူကွန်ရက်တို့ဖြင့် မိုးအုပ်ဖုံးလွှမ်းအပ်သော ရထားရှစ်သောင်းလေးထောင် အစရှိသော အလွန်ကြီးကျယ်ပြန့်ပြော များစွာပေးလှူအပ်သော ဝေလာမပုဏ္ဏား၏ အလှူကြီးထက် သောတာပန်တပါးကို တကြိမ်ဆွမ်းလှူဒါန်း လုပ်ကျွေးခြင်း၏ အကျိုးကြီးမြတ်ကြောင်း၊ သောတာပန်တရာကို ဆွမ်းလုပ်ကျွေးသည်ထက် သကဒါဂါမ်တပါးကို၊ သကဒါဂါမ်တရာကို ဆွမ်းလုပ်ကျွေးသည်ထက် အနာဂါမ်တပါးကို၊ အနာဂါမ်တရာကို ဆွမ်းလုပ်ကျွေးသည်ထက် ရဟန္တာတပါးကို တကြိမ် ဆွမ်းလုပ်ကျွေးရခြင်းသည် မဟပ္ဖလ, မဟာနိသံသ ဖြစ်ကြောင်းကို—

ယံ ဂဟပတိ ဝေလာမော ဗြာဟ္မဏော ဒါနံ အဒါသိ မဟာဒါနံ။ ယော စ ဧကံ ဒိဋ္ဌိသမ္ပန္နံ ဘောဇေယျ။ ဣဒံ တတော မဟပ္ဖလတရံ။ ယော စ သတံ ဒိဋ္ဌိသမ္ပန္နာနံ ဘောဇေယျ။ ယော စေကံ သကဒါဂါမိံ ဘောဇေယျ။ ဣဒံ တတော မဟပ္ဖလတရံ။ ယော စ သတံ သကဒါဂါမီနံ ဘောဇေယျ။ ယော စေကံ အနာဂါမိံ ဘောဇေယျ။ ဣဒံ တတော မဟပ္ဖလတရံ။ ယော စ သတံ အနာဂါမီနံ ဘောဇေယျ။ ယော စေကံ အရဟန္တံ ဘောဇေယျ။ ဣဒံ တတော မဟပ္ဖလတရံ။

ဟူ၍ (အင်္ဂုတ္တိုရ်ပါဠိတော် တတိယတွဲ ဝေလာမသုတ်-၁၉၆) ၌ ဟောတော်မူသည်။

အရိယာရှစ်ယောက်တွင် အောက်အောက်ပုဂ္ဂိုလ်အား လှူသောဒါနထက် အထက်အထက်ပုဂ္ဂိုလ်အား လှူသော ဒါန၏ အကျိုးကြီးခြင်းသည် အောက်အောက်ပုဂ္ဂိုလ်ထက် အထက်အထက်ပုဂ္ဂိုလ်၏ မြတ်ခြင်းဟူသော အကြောင်းကြောင့်ဖြစ်သည်။ ယင်းသို့ မြတ်ရခြင်းသည်လည်း ၎င်းပုဂ္ဂိုလ်တို့၏ တည်ရာဖြစ်သော မဂ်ဖိုလ်တရားတို့၏ အောက်အောက်တရားထက် အထက်အထက်

တရားက သာလွန် ထူးမြတ်ခြင်းကြောင့်သာဖြစ်၍ သောတာပတ္တိမဂ်အား မိမိ ထက်လွန်မြတ်သော အထက်မဂ်သုံးပါး ဖိုလ်လေးပါးရှိသည်။ သောတာပတ္တိ ဖိုလ်အားလည်း မိမိထက်လွန်မြတ်သော အထက်မဂ်သုံးပါး အထက်ဖိုလ်သုံးပါး ရှိသည်။ ဤသို့အစရှိသည်ဖြင့် အရဟတ္တမဂ်အား မိမိထက်လွန်မြတ်သော အရဟတ္တဖိုလ်ရှိသည်။ အရဟတ္တဖိုလ်အားလည်း မိမိထက်လွန်မြတ်သော နိဗ္ဗာန် ရှိသေးသည်ဖြစ်၍ ထိုမဂ်ဖိုလ်တရားရှစ်ပါးလုံးကိုပင် သဉတ္တရတရား-ဟူ၍လည်း ဆိုသင့်ရာသည်။

ထိုမဂ်ဖိုလ်တရားတို့သည် ယင်းတို့ကို ရလွယ်စိမ့်သောငှါ အကြောင်းအခြေ ပြု၍ ဝင်စားအပ်သောပါဒကဈာန်၊ အနိစ္စ စသော လက္ခဏာသို့တင်၍ ဆင်ခြင် သုံးသပ်အပ်သော သမ္မသိတဈာန်၊ ထိုဈာန်နှစ်ပါးတွင် မည်သည့်ဈာန်နှင့် တူသော မဂ်ကိုရလို၏ဟု ယောဂီပုဂ္ဂိုလ်အလိုရှိအပ်သော ပုဂ္ဂလဇ္ဈာသယဈာန် တို့တွင် တပါးပါးနှင့် ပဥ္စင်္ဂိကလျှင် ပဥ္စင်္ဂိကချင်း စတုရင်္ဂိကလျှင် စတုရင်္ဂိကချင်း စသည် တူမြဲ။ ဝိပဿနာယာနိကပုဂ္ဂိုလ်အားသော် ပဥ္စင်္ဂိကမဂ် ပဥ္စင်္ဂိကဖိုလ် ကိုသာ ရမြဲဖြစ်၍ တဦးရသောမဂ်ဖိုလ်နှင့် တဦးရသောမဂ်ဖိုလ်သည် တူ မတူ ရှိကောင်းရကား တူသောအဘို့ကိုရည်၍ သောတာပတ္တိမဂ်လျှင် သောတာပတ္တိ မဂ်ချင်း စသည်ဖြင့် မဂ်ဖိုလ် ရှစ်ပါးလုံးအားပင် မိမိနှင့်ဂုဏ်အားဖြင့် တူတန်သော တရားရှိသည်။ နိဗ္ဗာန်မူကား တဦးမျက်မှောက်ပြုသောနိဗ္ဗာန်နှင့် တဦး မျက်မှောက်ပြုသောနိဗ္ဗာန်သည် ထူးခြားကွဲပြား မရှိ။ မဂ်ဖိုလ်ဟူသမျှ၏ အာရုံ သည် နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်တပါးထည်း ဖြစ်ရကား နိဗ္ဗာန်အား မိမိနှင့် ဂုဏ်အားဖြင့် တူတန်လောက်သော တရားမရှိ ဟု ဆိုပါသည်ဟူလေ။

ဤအလို အနုတ္တရသဒ္ဒါကို "နတ္ထိ အတ္တနာ သမာနံ ဥတ္တရံ ဧတဿာတိ အနုတ္တရံ" ဟုပြု၊ နိဗ္ဗာန်အား မိမိနှင့် တူတန်လောက်သော တရားမရှိဟူ၏၊ သို့ထို နိဗ္ဗာန်နှင့် ဂုဏ်အားဖြင့် တူသော တစုံတခုသော တရားမရှိကြောင်းကို တိုက်ရိုက် ဟောပြရာ အာဂုံသာဓကေ ရှိပါ၏လော ဟူခဲ့မူ (ခုဒ္ဒကပါဌ-၅၊ သုတ္တနိပါတ် ရတနသုတ် ပါဠိတော်-၃၁၂) ၌ "ခယံ ဝိရာဂံ အမတံ ပဏီတံ၊ ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။ န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ" ဟူ၍ ၎င်း (ခုဒ္ဒကပါဌအဋ္ဌကထာ-၁၅၀) ၌—

တတ္ထ ယသ္မာ နိဗ္ဗာနသစ္ဆိကိရိယာယ ရာဂါဒယော ခီဏာ ဟောန္တိ ပရိက္ခီဏာ။ ယသ္မာ ဝါ တံ တေသံ အနုပ္ပါဒနိရောဓခယပ္ပတ္တံ။ ယသ္မာ စ တံ ရာဂါဒီဟိ ဝိပ္ပယုတ္တံ သမ္ပယောဂတော စ အာရမ္မဏတော စ။ ယသ္မာ ဝါ တမှိ သစ္ဆိကတေ ရာဂါဒယော အစ္စန္တဝိရတာ ဟောန္တိ ဝိဂတာ ဝိဒ္ဓဿ္တာ။ တသ္မာ ခယန္တိ စ ဝိရာဂန္တိ စ ဝုစ္စတိ။ ယသ္မာ ပနဿ န ဥပ္ပါဒေါ ပညာယတိ န ဝယော န ဌိတဿ အညထတ္တံ။ တသ္မာ တံ န ဇာယတိ န ဇီယတိ န မီယတီတိ ကတွာ အမတန္တိ ဝုစ္စတိ။ ဥတ္တမဋ္ဌေန

ပန အတပ္ပကဋ္ဌေန စ ပဏီတန္တိ။ ယဒဇ္ဈဂါတိ ယံ အဇ္ဈဂါ ဝိန္ဒိ ပဋိလဘိ
အတ္တနော ဉာဏဗလေန သစ္ဆာကာသိ။ သကျမုနီတိ သကျကုလပ္ပသု-
တတ္တာ သကျော။ မောနေယျဓမ္မသမန္နာဂတတ္တာ မုနိ။ သကျော ဧဝ
မုနိ သကျမုနိ။ သမာဟိတောတိ အရိယမဂ္ဂသမာဓိနာ သမာဟိတ-
စိတ္တော။ န တေန ဓမ္မေန သမတ္ထိ ကိဉ္စီတိ တေန ခယာဒိနာမကေန
သကျမုနိနာ အဓိဂတေန ဓမ္မေန သမံ ကိဉ္စိ ဓမ္မဇာတံ နတ္ထိ။

ဟူ၍ ဟောပြလာရှိသောကြောင့် နိဗ္ဗာန်အား မိမိနှင့် ဂုဏ်အားဖြင့် တူသော တစုံတခုသော တရားမရှိကြောင်းကို ဟောပြရာ အာဂုံသာကေရှိပါ၏ဟူလေ။

ခယံ၊ ရာဂ စသော ကိလေသာတို့၏ ကုန်ကြောင်းဖြစ်သော။ ဝိရာဂံ၊ ရာဂ စသော ကိလေသာတို့နှင့် မယှဉ်သော။ ဝါ၊ တို့မှကင်းသော။ အမတံ၊ ဘင် အားဖြင့် ချုပ်ခြင်းဟူသော သေပျက်ခြင်းမရှိသော။ ပဏီတံ၊ မြတ်သော။ ယံ နိဗ္ဗာန်၊ ကို။ အဇ္ဈဂါ၊ သိတော်မူသည်ဖြစ်၍။ သကျမုနိ၊ သာကီဝင်မင်းမျိုး ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သမာဟိတော၊ အရဟတ္တမဂ္ဂသမာဓိဖြင့် တည်ကြည်သောစိတ်ရှိသည်။ ဟောတိ၊ ၏။ တေန ဓမ္မေန၊ ထိုနိဗ္ဗာန်တရားနှင့်။ သမံ၊ ဂုဏ်အားဖြင့် တူသော။ ကိဉ္စိ ဓမ္မဇာတံ၊ တစုံတခုသော တရားသဘော သည်။ နတ္ထိ၊ မရှိ။

တတ္ထ၊ ထိုဂါထာ၌။ ယသ္မာ၊ အကြင့်ကြောင့်။ နိဗ္ဗာနသစ္ဆိကိရိယာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကြောင့်။ ရာဂါဒယော၊ ရာဂ စသော ကိလေသာ တို့သည်။ ခီဏာ ပရိက္ခီဏာ၊ ကုန်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဝါ၊ ကား။ ယသ္မာ၊ ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို အရိယမဂ်ဖြင့် မျက်မှောက်ပြုခြင်းကို။ ပဋိစ္စ၊ စွဲ၍။ တေသံ၊ ထိုရာဂ စသော ကိလေသာတို့၏။ အနုပ္ပါဒနိရောဓခယပ္ပတ္တံ၊ ရဟန္တာ သန္တာန်ဝယ် တဖန် အသစ်မဖြစ်ခြင်းဟူသော ချုပ်ခြင်း ကုန်ခြင်းသို့ ရောက်ခြင်း သည်။ ဟောတိ၊ ၏။ ယသ္မာ စ၊ လည်း။ တံ၊ ထိုနိဗ္ဗာန်သည်။ သမ္ပယောဂတော စ၊ သမ္ပယောဂအားဖြင့်၎င်း။ အာရမ္မဏတော စ၊ အာရုံပြုသောအားဖြင့်၎င်း။ ရာဂါဒီဟိ၊ တို့နှင့်။ ဝိပ္ပယုတ္တံ၊ မယှဉ်။ ဝါ၊ ကား။ ယသ္မာ၊ ကြောင့်။ တမို၊ ထိုနိဗ္ဗာန်ကို။ သစ္ဆိကတေ၊ အရိယမဂ်ဖြင့် မျက်မှောက်ပြုအပ်သည်ရှိသော်။ ရာဂါဒယော၊ တို့သည်။ အစ္စန္တဝိရတာ၊ စင်စစ် ကင်းကုန်သည်။ ဝိဂတာ ဝိဒ္ဓဿ္တာ၊ ပျက်စီးကုန်သည်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ တံ၊ ကို။ ခယန္တိ စ၊ ဟူ၍၎င်း။ ဝိရာဂန္တိ စ၊ ဟူ၍၎င်း။ ဝုစ္စတိ၊ ၏။ ပန၊ ထိုမှတပါး။ ယသ္မာ၊ ကြောင့်။ အဿ၊ ထိုနိဗ္ဗာန်အား။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းဥပါဒ်သည်။ န ပညာယတိ၊ မထင်။ ဝယော၊ ပျက်စီးခြင်းဘင်သည်။ န ပညာယတိ၊ မထင်။ ဌိတဿ၊ ဌီ၏။ အညထတ္တံ၊ တပါးသောအဖြစ်ဖြင့် ဖောက်ပြန်သည်၏ အဖြစ်သည်။ န ပညာယတိ၊

မထင်။ တသ္မာ၊ ကြောင့်။ တံ၊ ကို။ န ဇာယတိ၊ မဖြစ်။ န ဇီယတိ၊ မအို။ န မီယတိ၊ မသေ။ ဣတိကတွာ၊ ဤသို့သော အကြောင်းကြောင့်။ အမတန္တိ၊ အမတမည်၏ဟူ၍။ ဝုစ္စတိ၊ ၏။ ပန၊ ထိုမှတပါး။ ဥတ္တမဋ္ဌေန*စ၊ မြတ်သော သဘောကြောင့်၎င်း။ အတပ္ပကဋ္ဌေန စ၊ မရောင့်ရဲနိုင်သောသဘောကြောင့်၎င်း။ ပဏီတန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ယဒဇ္ဈဂါတိ၊ ဟူသည်ကား။ ယံ၊ အကြင် ဆိုအပ်ခဲ့ပြီးသောဂုဏ်နှင့် ပြည့်စုံသော နိဗ္ဗာန်ကို။ အဇ္ဈဂါ ဝိန္ဒိ ပဋိလဘိ၊ ရပြီ။ အတ္တနော၊ ၏။ ဉာဏဗလေန၊ ဉာဏ်၏အစွမ်းဖြင့်။ သစ္ဆာကာသိ၊ မျက်မှောက်ပြုပြီ။ သကျမုနီတိ၊ ကား။ သကျကုလပ္ပသုတတ္တာ၊ သာကီဝင်မင်းမျိုး၌ ဖြစ်သည်၏အဖြစ်ကြောင့်။ သကျော၊ သကျမည်၏။ မောနေယျဓမ္မသမန္နာ-ဂတတ္တာ၊ မောနေယျဓမ္မဟု ဆိုအပ်သော ဉာဏ်နှင့်ပြည့်စုံသည်၏အဖြစ်ကြောင့်။ မုနိ၊ မုနိမည်၏။ သကျော စ၊ သာကီဝင်မင်းမျိုး၌ဖြစ်၍ သကျမည်သော မြတ်စွာဘုရားသည်ပင်လျှင်။ မုနိ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံသည်တည်း။ သကျမုနိ၊ စုံသည်။ သမာဟိတောတိ၊ ကား။ အရိယမဂ္ဂသမာဓိနာ၊ အရိယမဂ်နှင့်ယှဉ်သော သမာဓိဖြင့်။ သမာဟိတစိတ္တော၊ တည်ကြည်သောစိတ်ရှိ၏။ န တေန ဓမ္မေန သမတ္ထိ ကိဉ္စီတိ၊ ကား။ သကျမုနိနာ၊ သည်။ အဓိဂတေန၊ ရအပ်သော။ ခယာဒိနာမကေန၊ ခယစသည်မည်သော။ တေန ဓမ္မေန၊ နှင့်။ သမံ၊ ဂုဏ်အားဖြင့် တူတန်လောက်သော။ ကိဉ္စိဓမ္မဇာတံ၊ တစုံတခုသော တရားသဘောသည်။ နတ္ထိ၊ မရှိ။

ခယ၏ အဖွင့်နှစ်ဝိကပ်တွင် ပဌမဖြင့် "ရာဂါဒယော ခီယန္တိ ဧတေနာတိ ခယံ" ဟူသော ကရဏသာဓ်ကိုပြသည်။ ဒုတိယဖြင့် နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် အကြွင်းမဲ့ပယ်ဖြတ်အပ်သည်ဖြစ်၍ ရာဂစသည်တို့ တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ကုန်ချုပ်ခြင်းသို့ ရောက်ရကား အကျိုးဖြစ်သော ရာဂ-စသည် ကုန်ချုပ်ခြင်း၏ ခယဟူသော အမည်ကို ဖလူ-ပစာရအားဖြင့် ဥပနိဿယ အကြောင်းဖြစ်သော နိဗ္ဗာန်၌ တင်စား၍ နိဗ္ဗာန်ကို ခယဟုဆိုအပ်ကြောင်းကို ပြသည်။ ဝိရာဂ၏ အဖွင့်နှစ်ဝိကပ်တွင်လည်း ရှေ့ဖြင့် "ရာဂတော ဝိဂတောတိ ဝိရာဂေါ" ဟူသော ပဉ္စမီတပ္ပုရိသ်ကို နောက်ဖြင့် "ရာဂါဒယော ဝိရဇ္ဇန္တိ ဧတေနာတိ ဝိရာဂေါ" ဟူသော ကရဏသာဓ်ကိုပြသည်။ နိဗ္ဗာန်အား မိမိနှင့် ဂုဏ်အားဖြင့် တူတန်လောက်အောင် လွန်ကဲထူးမြတ်သော တရားမရှိသည်၏အဖြစ်ကို ဤဂါထာဝယ် အနုတ္တရံ-ကို "အတ္တနော ဥတ္တရိတရဿ အဘာဝတော" ဟု ဖွင့်ပြသော (ဋီကာကျော်-၉၉) ၏ အဖွင့်ဖြစ်သော "အတ္တနော‌တိ နိဿက္ကတ္ထေ စေတံ သာမိဝစနံ။ အတ္တနာတိ အတ္ထော။ ဥတ္တရိတရဿာတိ အဓိကတရဿ။ တရဂ္ဂဟဏဋ္ဌေတ္ထ ဥတ္တရသဒ္ဒတ္ထဒဿနတ္ထမေဝ ဝုတ္တံ။ န သဒိသသမ္ဘဝတော။ ဧတေန နတ္ထိ ဥတ္တရော အတ္တနော ဥတ္တရိတရော

တေဿာတိ အနုတ္တရန္တိ အတ္ထံ ဒဿေတိ"-ဟူသော (မဏိမဉ္ဇူ) ကို ထောက်သဖြင့် လည်း သိအပ်၏။

အတ္တနောတိ စေတံ၊ အတ္တနော-ဟူသော ဤပုဒ်သည်။ နိဿက္ကတ္ထေ၊ နိဿက္က အနက်၌။ သာမိဝစနံ၊ ဆဋ္ဌီဝိဘတ်အဆုံးရှိသောပုဒ်တည်း။ အတ္တနာ၊ မိမိထက်။ ဥတ္တရိတရဿာတိ၊ ကား။ အဓိက- တရဿ၊ ထူးမြတ်လွန်ကဲသော။ ဧတ္ထ၊ ဤဥတ္တရိတရဿ-ဟူသောပုဒ်၌။ တရဂ္ဂ- ဟဏံ၊ တရသဒ္ဒါကို။ ဥတ္တရသဒ္ဒတ္ထဒဿနတ္ထမေဝ၊ ဥတ္တရသဒ္ဒါ၏ အနက်ကို ပြခြင်းအကျိုးငှါသာလျှင်။ ဝုတ္တံ၊ ဋီကာဆရာ ဆိုအပ်၏။ သဒိသသမ္ဘဝတော၊ နိဗ္ဗာန်နှင့်တူသော တရားရှိခြင်း ဖြစ်သင့်သောကြောင့်။ န ဝုတ္တံ၊ ဆိုအပ်သည် မဟုတ်။ ဧတေန၊ ဤအတ္တနော ဥတ္တရိတရဿ အဘာဝတော-ဟူသော ပါဌ်ဖြင့်။ တေဿ၊ ထိုနိဗ္ဗာန်အား။ အတ္တနော၊ မိမိထက်။ ဥတ္တရော ဥတ္တရိ- တရော၊ လွန်မြတ်သောတရားသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ အနုတ္တရံ၊ မည်၏။ ဣတိ ဣမံ အတ္ထံ၊ ဤသို့သောအနက်ကို။ ဒဿေတိ၊ ဋီကာ ဆရာပြ၏။

ဤ (မဏိမဉ္ဇူ) ၌ "အတ္တနောတိ နိဿက္ကတ္ထေ စေတံ သာမိဝစနံ။ အတ္တနာတိ အတ္ထော" တို့ဖြင့် အတ္တနော ဥတ္တရိတရဿ-ဟူသော ဋီကာကျော်ဝယ် အတ္တနော သည် သမ္ဗန်အနက်၌ သက်သော ဆဋ္ဌီဝိဘတ်အဆုံးရှိသော ပုဒ်မဟုတ်၊ အပါဒါန်အနက်၌ ဆဋ္ဌီဝိဘတ်အဆုံးရှိသော ပုဒ်တည်း။ ယင်းကို မြန်မာပြန်သော် "အတ္တနော၊မိမိထက်ဟူ၍" ပြန်ဆိုလေဟုပြသည်။ အတ္တနာ-ကား "အမှတုမှန္တု- ရာဇပြဟ္မတ္တသခသတ္ထုပိတာဒီဟိ သ္မာ နာဝ" ဟူသော ကစ္စည်း (နာမ်သုတ် နံပါတ်-၂၁၉) သုတ်ဖြင့် အတ္တနောင် သ္မာဝိဘတ်ကို နာကဲ့သို့ ငဲ့၍ပြီးသည်။ "တရဂ္ဂ- ဟဏဉ္စေတ္ထ ဥတ္တရသဒ္ဒတ္ထဒဿနတ္ထမေဝ ဝုတ္တံ။ န သဒိသသမ္ဘဝတော" တို့ဖြင့် ဒေဝတာ-၌ တာ-ပစ္စည်းသည် ဒေဝသဒ္ဒါ၏ အနက်မှတပါး အနက်သီးခြားမရှိ။ ဒေဝဟူသော ရှေ့ပုဒ်၏အနက်ကိုသာ ဟောသည်ဖြစ်၍ ဒေဝတာကို "ဒေဝေါ- ယေဝ ဒေဝတာ"ဟု သကတ္ထတဒ္ဓိတ် ပြုအပ်သကဲ့သို့ ဤဥတ္တရိတရဿ-၌ တရ ပစ္စည်းသည်လည်း ဥတ္တရသဒ္ဒါ၏ အနက်မှတပါး ဟောအပ်သော အနက် အသီးအခြားမရှိ။ ဥတ္တရသဒ္ဒါ၏ အနက်ကိုပင် ဟောသည်ဖြစ်၍ ဥတ္တရိတရော-ကို "ဥတ္တရော ဧဝ ဥတ္တရိတရော"ဟု သကတ္ထတဒ္ဓိတ်ပြု၍ ဥတ္တရသဒ္ဒါ၏ အနက်ကို ပြခြင်းငှါသာ ဆိုတော်မူသည်။ နိဗ္ဗာန်အား မိမိထက် အထူးသဖြင့် လွန်မြတ် သော တရားရှိမည်ကို မဆိုထားဘိ၊ မိမိနှင့်တူတန်လောက်အောင် မြတ်သော တရားပင် မရှိသောကြောင့် "အယဉ္စ ဥတ္တရော အယဉ္စ ဥတ္တရော အယမိမေသံ ဝိသေသေန ဥတ္တရောတိ ဥတ္တရိတရော" ဟူသော ဝိသေသတ္ထတဒ္ဓိတ်ပြု၍ ဥတ္တရနောင် တရ- ပစ္စည်းကျသည်၏ အဖြစ်ကို ပြလို၍ဆိုသည်မဟုတ်ဟု

ပြသည်။ သကတ္တတဒ္ဓိတ် သုဒ္ဓတ္တတဒ္ဓိတ်ဟူသည် အတူတူ။ ဤ၌ သကတ္တကို "သဿ ဝေသော သကော။ သကော အတ္ထော ဧတဿာတိ သကတ္ထော" ဟုပြု။ သုဒ္ဓတ္တကိုလည်း "သော ဧဝ အတ္ထော ဧတဿာတိ သုဒ္ဓတ္ထော" ဟုပြု။ သဿ၊ မိမိဟုဆိုအပ်သော ရှေ့ဒေဝသဒ္ဒါ၏။ ဝေသော၊ ဥစ္စာဖြစ်သော အနက်တည်း။ သကော၊ အနက်။ ဧတဿ၊ ထိုတာပစ္စည်းအား။ သကော၊ မိမိဟူသော ရှေ့ဒေဝသဒ္ဒါ၏ အနက်ဖြစ်သော။ အတ္ထော၊ သည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ သကတ္ထော၊ သကတ္ထမည်၏။ ဧတဿ၊ ထိုတာပစ္စည်းအား။ သော ဧဝ၊ ထိုရှေ့ဒေဝသဒ္ဒါ၏ အနက်သာလျှင်ဖြစ်သော။ အတ္ထော၊ သည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ သုဒ္ဓတ္ထော၊ သုဒ္ဓတ္ထမည်၏။ သကတ္တတဒ္ဓိတ်ဖြင့်ပြီးသော တပါးသော သဒ္ဒါတို့၌လည်း ဤနည်းကိုမှီ၍ သိလေ။ "ပစ္စည်း အနက်မရှိသော် သုဒ္ဓ၊ ပုဒ်အနက်မရှိသော် တဗ္ဗော" ဟု ဆရာတို့ ခေါ်ဝေါ်ပြောဆိုရိုး ရှိကုန်သည်။

သုတ္တန္တ၌ အန္တသဒ္ဒါသည် သုတ္တသဒ္ဒါ၏ အနက်မှတပါး အသီးအခြား ဟောရန် အနက်မရှိ။ ရှေ့သုတ္တသဒ္ဒါ၏ အနက်သာလျှင် အနက်ရှိသောကြောင့် "တဿ ဘာဝေါ အတ္ထော ဧတဿာတိ တဗ္ဘာဝေါ" ဟူသည်နှင့် အညီ တဗ္ဘာဝ မည်၏။ ဧတဿ၊ ထိုအန္တသဒ္ဒါအား။ တဿ၊ ထိုရှေ့သုတ္တသဒ္ဒါ၏။ ဘာဝေါ အတ္ထော၊ အနက်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ သော၊ ထိုအန္တသဒ္ဒါသည်။ တဗ္ဘာဝေါ၊ တဗ္ဘာဝမည်၏။ သမာသ်၌ နောက်ပုဒ် အနက်မရှိသော အရာ ဟူသမျှကို ဤနည်းအတိုင်း သိလေ။

နိဗ္ဗာန်အား မိမိထက် ထူးကဲလွန်မြတ်သောတရားမရှိ။ သင်္ခတ, အသင်္ခတ ရှိသမျှသော သဘာဝဓမ္မတို့တွင် နိဗ္ဗာန်သည်သာ အလွန်အကျူး ထူးကဲမြင့်မြတ် သည်ဟူ၏။ ထိုသို့မြင့်မြတ်သည်၏အဖြစ်ကို အဘယ့်ကြောင့် သိပါသနည်းဟူခဲ့မူ—

> ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ။ ယဒိဒံ မဒနိမ္မဒနော ပိပါသဝိနယော အာလယ-သမုဂ္ဃာတော ဝဋ္ဋုပစ္ဆေဒေါ တဏှက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ။

ဟူ၍ (ဣတိဝုတ်ပါဠိတော်-၂၅၄) ၌ ဟောတော်မူသောကြောင့်ရင်း

> ဓမ္မာတိ သဘာဝဓမ္မာ။ သင်္ခတာတိ သမေစ္စ သမ္ဘုယျ ပစ္စယေဟိ ကတာတိ သင်္ခတာ၊ သပ္ပစ္စယဓမ္မာ။ ဟေတူဟိ စ ပစ္စယေဟိ စ န ကေဟိစိ ကတာတိ အသင်္ခတာ၊ အပ္ပစ္စယဓမ္မာ။ အပ္ပစ္စယနိဗ္ဗာနာသင်္ခ-တာနံ ပဋိယောဂိဘာဝေန အသင်္ခတာတိ ပုထုဝစနံ။ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတီတိ တေသံ သင်္ခတာသင်္ခတဓမ္မာနံ ယော ဝိရာဂသင်္ခါတော အသင်္ခတဓမ္မော၊ သော သဘာဝေနေဝ သဏှသုခုမဘာဝတော သန္တတရ-ပဏီတတရဘာဝတော မဒနိမ္မဒနဘာဝတော စ အဂ္ဂံ သေဋ္ဌံ ဥတ္တမံ

ပဝရန္တိ ဝုစ္စတိ။ ယဒိဒန္တိ နိပါတော၊ ယော အယန္တိ အတ္ထော။ မဒနိမ္မ-
ဒနောတိအာဒီနိ သဗ္ဗာနိ နိဗ္ဗာနဝေဝစနာနိယေဝ။

ဟူ၍ ၎င်း (ဣတိဝုတ်-၂၇၂) အဋ္ဌကထာ၌ မိန့်ဆိုသောကြောင့်၎င်း သိပါသည် ဟူလေ။

ဘိက္ခဝေ၊ တို့။ ယာဝတာ-ယတ္တကာ၊ အကြင်မျှလောက်ကုန်သော။ သင်္ခတာ၊ ကံစသောအကြောင်း သဟဇာတစသော အကြောင်းတို့သည် ထိုက်သည် အားလျော်စွာ ပေါင်းဆုံပြုပြင်အပ် စီရင်အပ် ဖြစ်စေအပ်၍ သင်္ခတမည်ကုန် သော။ ဓမ္မာ ဝါ၊ စတုဘူမက သင်္ခါရတရားတို့သည်၎င်း။ အသင်္ခတာ၊ ကံစသော အကြောင်းတို့တွင် တစုံတခုသော အကြောင်းသည်မျှ မပြုပြင်အပ် မစီရင်အပ် မဖြစ်စေအပ်၍ အသင်္ခတမည်ကုန်သော။ ဓမ္မာ ဝါ၊ နိဗ္ဗာန်တရားတို့သည်၎င်း။ သန္တိ၊ ရှိကုန်၏။ တေသံ သင်္ခတာသင်္ခတဓမ္မာနံ၊ ထိုသင်္ခတ အသင်္ခတဖြစ်သော သဘာဝဓမ္မတို့တွင်။ မဒနိမ္မဒနော၊ မာနမဒ ပုရိသမဒ အစရှိသောမဒတို့၏ ကင်းကုန်ကြောင်းဖြစ်သော။ ပိပါသဝိနယော၊ မွတ်သိပ်ခြင်းတဏှာ၏ ကင်းကုန် ကြောင်းဖြစ်သော။ အာလယသမုဂ္ဃာတော၊ တဏှာဟူသော အာလယ၏ ကင်းပြတ်ကြောင်းဖြစ်သော။ ဝဋ္ဋူပစ္ဆေဒေါ၊ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ ဟူသော ဝဋ္ဋသုံးပါးတို့၏ ပြတ်ကြောင်းဖြစ်သော။ တဏှက္ခယော၊ တဏှာ၏ ကုန်ကြောင်းဖြစ်သော။ ဝိရာဂေါ၊ တထောင့်ငါးရာကိလေသာတို့၏ ကင်းကြောင်း ဖြစ်သော။ နိရောဓော၊ ကိလေသာဟူသမျှ ဒုက္ခဟူသမျှ၏ ချုပ်ရာချုပ်ကြောင်း ဖြစ်သော။ နိဗ္ဗာနံ၊ ကိလေသာအလုံးစုံ သခါရဒုက္ခ အလုံးစုံ၏ ငြိမ်းရာ ငြိမ်းကြောင်းဖြစ်သော။ ယဒိဒံ-ယော အယံ ဝိရာဂေါ၊ အကြင်ဝိရာဂမည်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ၏။ တေံ သော ဝိရာဂေါ၊ ကို။ အဂ္ဂံ-အဂ္ဂေါ၊ ဟူ၍။ အက္ခာယတိ၊ အပ်၏။

ဓမ္မာတိ၊ ကား။ သဘာဝဓမ္မာ၊ ပရမတ္ထသဘာဝဓမ္မတို့တည်း။ သင်္ခတာတိ၊ ကား။ ယေ ဓမ္မာ၊ တို့ကို။ ပစ္စယေဟိ၊ ကံစသောအကြောင်း သဟဇာတစသော အကြောင်းတရားတို့သည်။ သမေစ္စ သံဘုယျ၊ အညီအညွတ် ပေါင်းစုချဉ်းကပ် ကုန်၍။ ကတာ၊ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ သင်္ခတာ၊ ကုန်၏။ သပ္ပစ္စယဓမ္မာ၊ စတုဘူမကသင်္ခါရဖြစ်သော သပ္ပစ္စယတရားတို့ကို ရ၏။ ကေဟိစိ၊ တစုံတခုကုန်သော။ ဟေတူဟိ စ၊ ဇနကအကြောင်းတို့သည်၎င်း။ ပစ္စယေဟိစ၊ ဥပတ္ထမ္ဘကအကြောင်းတို့သည်၎င်း။ ယေ ဓမ္မာ၊ တို့ကို။ န ကတာ၊ မပြုအပ်ကုန်။ ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တရားတို့သည်။ အသင်္ခတာ၊ ကုန်၏။ အပ္ပစ္စယဓမ္မာ၊ အပ္ပစ္စယဖြစ်သော နိဗ္ဗာန်တရားတို့ကို ရ၏။ အပ္ပစ္စယ-နိဗ္ဗာနာသင်္ခတာနံ၊ အပ္ပစ္စယနိဗ္ဗာနဓမ္မ အသင်္ခတဓမ္မတို့၏။ ပဋိယောဂိဘာဝေန၊

သပ္ပစ္စယာဓမ္မာ အပ္ပစ္စယာဓမ္မာ သင်္ခတာဓမ္မာ အသင်္ခတာဓမ္မာ-ဟူ၍ သပ္ပစ္စယဓမ္မ သင်္ခတဓမ္မတို့နှင့်ယှဉ်၍ တကဒွေ့ဟောဘက်၏အဖြစ်ဖြင့်။ အသင်္ခတာတိ ပုထုဝစနံ၊ အသင်္ခတာ ဟူ၍ ဗဟုဝုစ်ဝိဘတ်ဖြင့် ဟောခြင်းကို။ ကတံ၊ ပြုတော်မူအပ်၏။ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတီတိ၊ ကား။ တေသံ သင်္ခတာသင်္ခတဓမ္မာနံ၊တို့တွင်။ ဝိရာဂသင်္ခါတော၊ ဝိရာဂဟုဆိုအပ်သော။ ယော အသင်္ခတဓမ္မော၊ သည်။ အတ္ထိ၊ ရှိ၏။ သော အသင်္ခတဓမ္မော၊ကို။ သဘာဝေနေဝ၊ မိမိသဘောအားဖြင့်သာလျှင်။ သဏှသုခုမဘာဝတော စ ၊ နူးညံ့သိမ်မွေ့သည်၏အဖြစ်ကြောင့်ငှင်း။ သန္တတရ-ပဏီတတရဘာဝတော စ၊ အထူးသဖြင့် ငြိမ်သက်သည်၏အဖြစ် အထူးသဖြင့် မြတ်သည်၏ အဖြစ်ကြောင့်ငှင်း။ မဒနိမ္မဒနဘာဝတော စ၊ ငါဟူသောမာန် ငါယောကျ်ားဟူသောမာန်ဖြင့် တက်ကြွထောင်လွှားခြင်းကင်းကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်ငှင်း။ အဂ္ဂံ သေဋ္ဌံ ဥတ္တမံ ပဝရန္တိ၊ မြတ်၏ဟူ၍။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။ ယဒိဒန္တိ၊ ယဒိဒံ-ဟူသည်။ နိပါတော၊ နိပါတ်တည်း။ တဿ၊ ထိုနိပါတ်၏။ ယော အယန္တိ အတ္ထော၊ ယော အယံ-ဟူသောအနက်ကို။ ဝေဒိတဗ္ဗော၊ ၏။ သဗ္ဗာနိ၊ ကုန်သော။ မဒနိမ္မဒနောတိအာဒီနိ၊ မဒနိမ္မဒနော-အစရှိသောပုဒ်တို့သည်။ နိဗ္ဗာနဝေဝစနာနိယေဝ၊ နိဗ္ဗာန်ဟော ပရိယာယ်ပုဒ်တို့ချည်းတည်း။

## သာဓကပေါင်းအရ ရှင်းပြချက်

ဓမ္မအရကို ပရမတ္ထသဘာဝဓမ္မကိုသာယူ၊ ပညတ်နှင့်တကွမယူနှင့်ဟုပြခြင်းငှါ ဓမ္မာ ကိုသဘာဝဓမ္မာ-ဟုဖွင့်သည်။ သင်္ခတာ-၌ သံဒြေးရှိသော ကရဓာတ်၊ ကမ္မသာဓ်ဖြင့်ပြီးသည်ဟုပြခြင်းငှါ သမေစ္စ-စသည်ကို၊ သင်္ခတအရကို စတုဘူမကသင်္ခါရဖြစ်သော သပ္ပစ္စယတရားတို့ကို ကောက်လေဟု ပြခြင်းငှါသပ္ပစ္စယာ ဓမ္မာ-ကို၊ အသင်္ခတာ-ဝယ် န-နှင့် သင်္ခတကို တပ္ပုရိသ်သမာသ်ပြု၍ ယင်းအရကို အပ္ပစ္စယဓမ္မဖြစ်သော နိဗ္ဗာန်ကိုကောက်လေဟုပြခြင်းငှါ ဟေတုဟိ-စသည်ကို မိန့်ဆိုတော်မူသည်။ အသင်္ခတဓမ္မအရသည် နိဗ္ဗာန်တပါးထည်းဖြစ်ပါလျက် အဘယ့်ကြောင့် အသင်္ခတာ-ဟူ၍ ဗဟုဝုစ်ဝိဘတ်ဖြင့် ဟောခြင်းကို ပြုလေသနည်းဟု ဖွယ်ရှိ၍ "အပ္ပစ္စယနိဗ္ဗာနာသင်္ခတာနံ ပဋိယောဂိဘာဝေန" ကို မိန့်တော်မူသည်။ အပ္ပစ္စယနိဗ္ဗာန် အသင်္ခတနိဗ္ဗာန်တို့သည် သပ္ပစ္စယဓမ္မ သင်္ခတဓမ္မတို့နှင့် တကဒွေ့ ဟောဘက်ဖြစ်သောကြောင့် ဗဟုဝုစ်ဝိဘတ်ဖြင့် ဟောခြင်းကို ပြုသည်ဟူလေ။

တေသံ-၌ တ-သဒ္ဒါဖြင့် ရှေးဆိုပြီး သင်္ခတ အသင်္ခတဓမ္မတို့ကိုပေါင်း၍ စွဲလေဟု ပြခြင်းငှါ တေသံ သင်္ခတာသင်္ခတဓမ္မာနံ-ဟု မိန့်ဆိုတော်မူရလေသည်။ တ-သဒ္ဒါဖြင့်ဆိုရာ၌ထိုတ-သဒ္ဒါဖြင့် ရှေ့ဆိုပြီးသော အစိတ်အစိတ်ကို ပေါင်း၍စွဲမြဲ။

"တသ္မိံ တတ္ထ၊ တဿ-အစွဲ၊ စိတ်မရဲသော်၊ ရှေးအစိတ်ကိုမျှော်၊ အပေါင်း ဘော်၍စွဲ"

ဟု-နိယံ၌ ဆိုသည်။

အဂ္ဂမက္ခာယတိ-ဝယ် အဂ္ဂသဒ္ဒါကား "အာဒိကောဋ္ဌာသကောဋ္ဌီသု၊ ပုရ-တောဂ္ဂံ ဝရေ တိသု" ဟု အဘိဓာန် (ဂါထာနံပါတ်-၉၇၉)၌ ပြဆိုအပ်သော အာဒိ အနက် ကောဋ္ဌာသအနက် ကောဋ္ဌိအနက်စသည်ကို မဟော၊ ဤ၌ ဝရအနက်ကို သာ ဟောသည်ဟု ပြခြင်းငှါ အဂ္ဂံ-ကို သေဋ္ဌံ-ဟု ဖွင့်သည်။သေဋ္ဌ-လည်းဤ၌ပသဋ္ဌ ကိုမဟော၊ ဥတ္တမအနက်ကို ဟောသည်၊ ဥတ္တမသဒ္ဒါလည်း ဥဒ္ဓတတမ ဥဂ္ဂတတမ အနက်တို့ကိုမဟော၊ ဤ၌ ပဝရအနက်ကို၊ အက္ခာယတိ-၌ အာရှေ့ရှိသောခါ-ဓာတ်လည်း ကထနအနက်ကို ဟော၏ဟု ပြခြင်းငှါ "အဂ္ဂံ သေဋ္ဌံ ဥတ္တမံ ပဝရန္တိ ဝုစ္စတိ" ကို မိန့်ဆိုတော်မူသည်။

သင်္ခတာသင်္ခတ သဘာဝဓမ္မတို့တွင် နိဗ္ဗာန်သည်သာ အထူးသဖြင့်မြတ်သည် ဟူ၏။ ထိုနိဗ္ဗာန်သည် စတုဘူမက သင်္ခတဓမ္မတို့နှင့် ပရမတ္ထသဘာဝဓမ္မ၏အဖြစ် ဖြင့် အဘူတူဖြစ်ပါလျက် အဘယ့်ကြောင့် မြတ်လေသနည်း ဟူဖွယ်ရှိ၍ "သဘာဝေနေဝ သဏှသုခုမဘာဝတော" ကို မိန့်ဆိုတော်မူသည်။ မိမိသဘော အားဖြင့်သာလျှင် သိမ်မွေ့နူးညံ့သည်၏အဖြစ်တည်းဟူသော အကြောင်းကြောင့် မြတ်သည်၊ ထိုကြောင့်သာ မဟုတ်သေး၊ အထူးသဖြင့် ငြိမ်သက်သည်၏အဖြစ် အထူးသဖြင့် နှစ်သက်ဖွယ်ရှိသည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့် ၎င်း မာနမဒ-စသည်တို့ဖြင့် ယစ်မူးမေ့လျော့ခြင်းမှ ကင်းကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်၎င်း မြတ်သည်ဟူလေ။သာမညအပေါင်းမှ အစိတ်ကို အသီးထုတ် နုတ်ရာ ထိုအစိတ်သည် အပေါင်းမှလွတ်လျှင် ဝိဘတ္တိကဝိဘဇန၊ အပေါင်းမှ မလွတ် လျှင် အဝိဘတ္တိကဝိဘဇနမည်၏။

ထိုတွင် ဝိဘတ္တိကဝိဘဇနကား အပါဒါန်၊ အဝိဘတ္တိကဝိဘဇနကားနိဒ္ဓါရဏဟု မှတ်။ "ဆန္နဝုတီနံ ပါသဏ္ဍာနံ ပဝရံ ယဒိဒံ သုဂတဝိနယော" ၌ ဆန္နဝုတိ ပါသဏ္ဍနှင့် သုဂတဝိနယ-ကို စိတ်ဖြင့် သာမညပေါင်းယူ၍ သုဂတဝိနယကို အသီးထုတ်နုတ်ရာ ထိုသုဂတဝိနယသည် ဆန္နဝုတိပါသဏ္ဍမှ လွတ်သောကြောင့် ဝိဘတ္တိဝိဘဇန အပါဒါန်သာ။

"ယဒိဒံ-ယော အယံ သုဂတဝိနယော၊ အကြင်မြတ်စွာဘုရား၏ ဝိနည်းတရား တော်သည်။အတ္ထိ၊၏။သော အယံ သုဂတဝိနယော၊ သည်။ဆန္နဝုတီနံ ပါသဏ္ဍာနံ၊ ကိုးဆဲ့ခြောက်ပါးသော ပါသဏ္ဍအယူတို့ထက်။ ပဝရံ-ပဝရော၊ မြတ်၏"ဟုပေး။

"မနုဿာနံ ခတ္တိယော သူရတမော" ၌ လူအပေါင်းသာမညမှ မင်းတည်းဟူ သော အစိတ်ကို အသီးထုတ်နုတ်ရာ ထိုမင်းတည်းဟူသော အစိတ်သည် လူအပေါင်းသာမညမှ မလွတ်သောကြောင့် အဝိဘတ္တိကဝိဘဇနနိဒ္ဓါရဏသာ။

"မနုဿာနံ၊ လူတို့တွင်။ ခတ္တိယော၊ မင်းသည်။ သူရတမော၊ အထူးသဖြင့် ရဲရင့်၏" ဟုပေး။ ဤနည်းအတူ "ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ" ၌လည်း ဝိရာဂဖြစ်သော အသင်္ခတဓမ္မကို အပေါင်းဖြစ်သော သင်္ခတာသင်္ခတဓမ္မမှ ထုတ်နုတ်ရာ ထိုဓမ္မသည် ပရမတ္ထသာမညမှ မလွတ်သောကြောင့် အဝိဘတ္တိကဝိဘဇနနိဒ္ဓါရဏပင်ဖြစ်၍ "တေသံ သင်္ခတာသင်္ခတဓမ္မာနံ-ကို တို့တွင်" ဟုပေး။ ဤဝိရာဂေါ တေသံ-၌ ဆဋ္ဌီဝိဘတ်ကား နိဒ္ဓါရဏတ္ထ။ "တေသံ အဂ္ဂမက္ခာယတီတိ နိဒ္ဓါရဏေ စေတံ သာမိဝစနံ။ မကာရော ပဒသန္ဓိကရော။ အဂ္ဂေါ အက္ခာယတီတိ ပဒဝိဘာဂေါ" ဟူသော "တထာဂတော တေသံ အဂ္ဂမက္ခာယတီတိ" ၏ အဖွင့်ဖြစ်သော ဣတိဝုတ်အဋ္ဌကထာ-(၂၇၁)' ကို ထောက်၍ပင် ဆဋ္ဌီဝိဘတ်၏ နိဒ္ဓါရဏတ္ထ၌ ဖြစ်သည်ကိုသိလေ။ ဤ "တထာဂတော တေသံ အဂ္ဂမက္ခာယတိ" ၌လည်း မြတ်စွာဘုရားကို အပဒ ဒွိပဒအစရှိသော သတ္တဝါအပေါင်း သာမညမှ ထုတ်နုတ်ရာ ထိုမြတ်စွာဘုရားတည်းဟူသော အစိတ်သည် သတ္တဝါအပေါင်း သာမညမှ မလွတ်သောကြောင့် အဝိဘတ္တိကဝိဘဇနနိဒ္ဓါရဏပင်။ ခပ်သိမ်းသော ပရမတ္ထသဘာဝဓမ္မတို့တွင် နိဗ္ဗာန်သည်သာ အမြတ်ဆုံးဖြစ်ကြောင်းကို ဓမ္မပဒပါဠိတော်-(၅၂) ၌ လည်း "ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ" ဟူ၍ ဟောတော်မူသည်။ "ဓမ္မာနံ၊ ခပ်သိမ်းသော ပရမတ္ထသဘာဝဓမ္မတို့တွင်။ ဝိရာဂေါ၊ ကိလေသာဟူသမျှ တို့၏ တစမကြွင်း ကုန်ကင်းခြင်း၏ အကြောင်းဖြစ်၍ ဝိရာဂမည်သော နိဗ္ဗာန်သည်။ သေဋ္ဌော၊ မြတ်၏"။ ဤပါဠိတော်၌ "ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ" ဟု ဣတိဝုတ်ပါဠိတော်-(၅၂၄) ၌ ဟောတော်မူသောကြောင့် ဓမ္မာနံ-ဖြင့် သင်္ခတအသင်္ခတ အလုံးစုံရှိသမျှ တရားတို့ကို ယူရမည့်အကြောင်း၊ အချို့သောအရာ၌ အရိယမဂ်ကို ဝိရာဂ-ဟူ၍အချို့အရာ၌ နိဗ္ဗာန်ကို ဝိရာဂဟူ၍ ဟောတော်မူသောကြောင့် အရိယမဂ် နိဗ္ဗာန်နှစ်ပါးလုံး ပင် ဝိရာဂမည်သော်လည်း ဤအရာ၌ အရိယမဂ်ဟူသော ဝိရာဂကိုမယူအပ်၊ နိဗ္ဗာန် ဟူသော ဝိရာဂကိုသာ ယူရမည့် အကြောင်းကို ၎င်းအဋ္ဌကထာ- (၂၅၄) ၌ "ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတီတိ ဝစနတော သဗ္ဗဓမ္မာနံ နိဗ္ဗာနသင်္ခါတော ဝိရာဂေါ သေဋ္ဌော" ဟု ပြဆိုတော်မူသည်။ ယာဝတာ။ပ။တေသံ အဂ္ဂမက္ခာယတီတိ၊ ယာဝတာ။ပ။ တေသံ အဂ္ဂမက္ခာယတိ - ဟူ၍။ ဝစနတော၊ ဣတိဝုတ်ပါဠိတော်ဝယ်ဟောတော်မူ သောကြောင့်။ သဗ္ဗဓမ္မာနံ၊ သင်္ခတအသင်္ခတ ခပ်သိမ်းသော ပရမတ္ထဓမ္မတို့တွင်။ နိဗ္ဗာနသင်္ခါတော၊ နိဗ္ဗာန်ဟု ဆိုအပ်သော။ ဝိရာဂေါ၊ ဝိရာဂတရားသည်။ သေဋ္ဌော၊ မြတ်၏။ ဣတိ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

နိဗ္ဗာန်၏ ခပ်သိမ်းသော ဓမ္မတို့ထက် မြတ်သည်၏အဖြစ်ကို ဟောပြသော "နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ" ဟူသော ဓမ္မပဒပါဠိတော်-(၄၁) "ဝရော ဝရညူ"

အစရှိသော ရတနသုတ်ပါဠိတော်-(၇) ဝယ် ဝရညူ-၏ အဖွင့်ဖြစ်သော "ဝရညူတိ နိဗ္ဗာနညူ။ နိဗ္ဗာနံ ဟိ သဗ္ဗဓမ္မာနံ ဥတ္တမဋ္ဌေန ဝရံ။ တဋ္စသ ဗောဓိမူလေ သယံ ပဋိဝိဇ္ဈိ အညာသိ" ဟူသော ဂုင်းခုဒ္ဒကပါဌအဋ္ဌကထာ-(၁၆၂)တို့ကို ထောက်သဖြင့် လည်း နိဗ္ဗာန်၏သာ ခပ်သိမ်းသော ပရမတ္ထဓမ္မတို့တွင် အမြတ်ဆုံးဖြစ်သည်၏ အဖြစ်ကို စင်စစ်သိရာ၏။

နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရမံ၊ သခ်တ အသခ်တ ပရမတ္ထဓမ္မ ဟူသမျှတို့တွင် အမြတ်ဆုံးဟူ၍။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဝဒန္တိ၊ ဟောတော်မူကုန်၏။ ဝရညူတိ၊ ကား။ နိဗ္ဗာနညူ၊ နိဗ္ဗာန်ကိုသိတော်မူပြီးသော။ဟိ သစ္စံ၊ မှန်၏။ နိဗ္ဗာနံ၊ သည်။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းသောတရားတို့တွင်။ ဥတ္တမဋ္ဌေန၊အမြတ်ဆုံးဖြစ်သော အနက်သဘောကြောင့်။ ဝရံ၊ ဝရမည်၏။ တဉ္စ နိဗ္ဗာနံ၊ ကိုလည်း။ သေ-ဧသော ဘဂဝါ၊ သည်။ ဗောဓိမူလေ၊ ဗောဓိပင်၏ အနီးဖြစ်သော ရတနာပလ္လင်ထက်၌။ သယံ၊ ကိုယ်တော်တိုင်။ ပဋိဝိဇ္ဈိ အညာသိ၊ အရိယမဂ်ဉာဏ်ဖြင့် မဖောက်မပြန် ဟုတ်မှန်စွာ ထိုးထွင်း၍ သိတော်မူ၏။

---

## ၃-မပျက်စီးသော နိဗ္ဗာန်

### နိဗ္ဗာန်၏ ပျက်စီးရွေ့လျောမှု မရှိပုံကို ပြခြင်း

နိဗ္ဗာန်အား မိမိထက်လွန်မြတ်သော တရားရှိမည်ကို မဆိုထားဘိ၊ မိမိနှင့်ဂုဏ်အားဖြင့် တူတန်လောက်အောင်ပင် မြတ်သောတရားမရှိ၊ ခပ်သိမ်းသောသဘာဝဓမ္မတို့တွင် မိမိကသာလျှင် လွန်ကဲထူးမြတ်သည်ဟူ၏။ ထိုနိဗ္ဗာန်သည် တပါးသော စိတ် စေတသိက် ရုပ် ဟူသောသဘာဝဓမ္မတို့နှင့် ပရမတ္ထဓမ္မ၏အဖြစ်ဖြင့်အတူတူဖြစ်ပါလျက် အဘယ့်ကြောင့် လွန်ကဲထူးမြတ်ရသနည်းဟူဖွယ်ရှိ၍ အစ္စုတံ-ကိုမိန့်ဆိုရပြန်သည်။ ခပ်သိမ်းသော စတုဘူမကသခ်ါရတရားတို့သည် ပျက်စီးတတ်သော အဓုဝ အသဿတ အနိစ္စသဘောဖြစ်၍ မချွတ်လျှင် ဘင်၏အစွမ်းအားဖြင့် ပျက်စီးရွေ့လျောကုန်သည်၊ နိဗ္ဗာန်မူကား ပျက်စီးခြင်းမရှိ၊ ဓုဝ သဿတ နိစ္စအဖြစ်ဖြင့် အမြဲတည်နေသော တရားဖြစ်၍ ဘင်၏အစွမ်းဖြင့် ပျက်စီးရွေ့လျောခြင်းမရှိသောကြောင့် ထိုသခ်ါရတရားတို့နှင့် ပရမတ္ထဓမ္မ၏ အဖြစ်ဖြင့် တူသော်လည်း ထိုသခ်ါရတရားတို့ထက် လွန်ကဲထူးမြတ်သည်ဟူလေ။

စတုဘူမကသခ်ါရတရားတို့၏ မမြဲသောသဘော ရှိသည်၏အဖြစ် ဘင်၏အစွမ်းဖြင့် မချွတ်ရွေ့လျော ပျက်စီးမြဲဖြစ်သည်၏ အဖြစ်ကို အဘယ့်ကြောင့် သိပါသနည်းဟူခဲ့မူ — မပျက်မစီးဘဲ အမြဲတည်နေသော သခ်ါရတရားမည်သည် မရှိကြောင်းကို "အရှင်ဘုရား အကြင်သဘောသည် လောက၌ ထင်ရှားမရှိ၊

ထိုသဘောကို ကျွန်ုပ်အား ဖြေကြားတော်မူပါ” ဟု မိလိန္ဒမင်းကြီး လျှောက်ထားရာတွင်— မိလိန္ဒပဥှ ပါဠိတော်-(၂၆၀) တီဏိမာနိ မဟာရာဇ လောကေ နတ္ထိ။ ကတမာနိ တီဏိ။ သစေတနာ ဝါ အစေတနာ ဝါ အဇရာမရာ လောကေ နတ္ထိ။ သင်္ခါရာနံ နိစ္စတာ နတ္ထိ။ ပရမတ္ထေန သတ္တူပလဒ္ဓိ နတ္ထိ။ ဣမာနိ ခေါ မဟာရာဇ တီဏိ လောကေ နတ္ထီတိ” ဟူ၍ နာဂသေနမထေရ် ဖြေကြားဟောပြတော်မူသောကြောင့်၎င်း၊ စတုဘူမကသင်္ခါရတရား ဟူသမျှတို့အား ဘင်၏အစွမ်းဖြင့် မချွတ် ပျက်စီးခြင်းသို့ ရောက်မြဲဖြစ်၍ ဘင်၏အစွမ်းဖြင့် ပျက်စီးခြင်းဟူသော ဝိဘဝဂတိလျှင် ရောက်ရာရှိကြောင်းကို “ ဝိဘဝေါ ဂတိ ဓမ္မာနံ ” ဟူ၍ ပရိဝါပါဠိတော်-(၂၆၃) “အဝဿံ ဥပဂမနဋ္ဌေန ပန ဝိဘဝေါ ဂတိ ဓမ္မာနံ။ သဗ္ဗေသမ္ပိ သင်္ခတဓမ္မာနံ ဝိနာသော တေသံ ဂတိ။ န ဟိ တေ ဝိနာသံ အဂစ္ဆန္တာ ဌာတုံ သက္ကောန္တိ”ဟူ၍ ၎င်းပရိဝါအဋ္ဌကထာ-(၁၉၃) တို့၌ ဟောပြတော်မူသောကြောင့်၎င်း ခပ်သိမ်းသော သင်္ခါရတရားတို့၏ မမြဲသည်၏အဖြစ် ဘင်၏အစွမ်းဖြင့် မချွတ်ရွေ့လျော၊ပျက်စီးမြဲ ဖြစ်သည်၏ အဖြစ်တို့ကို သိပါသည်ဟူလေ။

မဟာရာဇ၊ မင်းမြတ်။ လောကေ၊ ၌။ ယာနိ ဓမ္မဇာတာနိ၊ တို့သည်။ နတ္ထိ၊ ကုန်။ ဣမာနိ၊ ဤလောက၌ ထင်ရှားမရှိသော တရားသဘောတို့သည်။ တီဏိ၊ သုံးပါးတို့တည်း။ တီဏိ၊ သုံးပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်း ဟူမူကား။ သစေတနာ ဝါ၊ စိတ်စေတနာရှိသော သဝိညာဏကသတ္တဝါမူလည်း ဖြစ်စေ။ အစေတနာ ဝါ၊ စိတ်စေတနာမရှိသော သစ်ပင် ချုံနွယ် စသည်မူလည်း ဖြစ်စေ။ အဇရာမရာ၊ မအို မသေသော သဘောမည်သည်။ လောကေ၊ ၌။ နတ္ထိ၊ မရှိ။ သင်္ခါရာနံ၊ စတုဘူမက သင်္ခါရတရားတို့၏။ နိစ္စတာ၊ မြဲသည်၏ အဖြစ်ဟူသော သဘောသည်။ နတ္ထိ၊ မရှိ။ ပရမတ္ထေန၊ ပရမတ္ထသဘော အားဖြင့်။ သတ္တူပလဒ္ဓိ၊ သတ္တဝါဟူ၍ ရအပ်သော သဘောသည်။ နတ္ထိ၊ မရှိ။ မဟာရာဇ၊ မင်းမြတ်။ ဣမာနိ ခေါ တီဏိ၊ ဤသုံးပါးသော တရားတို့သည်။ လောကေ၊ ၌။ နတ္ထိ၊ မရှိကုန်။ ဣတိ၊ သို့။ ထေရော၊ သည်။ အာဟ၊ ၏။

ဓမ္မာနံ၊ စတုဘူမက သင်္ခါရတရားတို့၏။ ဝိဘဝေါ၊ ဘင်၏အစွမ်းဖြင့် ပျက်စီးခြင်းသည်။ ဂတိ၊ မချွတ်လားရောက်ရာသည်။ ဟောတိ၊ ၏။

ပန၊ အဘို့တပါးကိုဆိုအံ့။ ဝါ၊ အထူးကိုဆိုအံ့။ အဝဿံ၊ မချွတ်။ ဥပဂမနဋ္ဌေန၊ ကပ်ရောက်အပ်သော သဘော၏အဖြစ်ဖြင့်။ ဝါ၊ အဖြစ်ကြောင့်။ ဝိဘဝေါ၊ ဘင်၏ အစွမ်းဖြင့် ချုပ်ပျက်ခြင်းသည်။ ဓမ္မာနံ၊ သင်္ခတတရားတို့၏။ ဂတိ၊ လားရောက်ရာသည်။ ဟောတိ၊ ၏။ သဗ္ဗေသမ္ပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သင်္ခတဓမ္မာနံ၊ စတုဘူမက သင်္ခါရတရားတို့၏။ ဝိနာသော၊ ဘင်၏အစွမ်းဖြင့် ချုပ်ပျက်ခြင်းသည်။ တေသံ၊ ထိုအလုံးစုံသော စတုဘူမက သင်္ခါရတရားတို့၏။

ဂတိ၊ လားရောက်ရာသည်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ ၏။ ဝါ ဟိ ယသ္မာ၊ ကြောင့်။ တေ၊ ထိုစတုဘူမက သင်္ခါရတရားတို့သည်။ ဝိနာသံ၊ ဘင်၏အစွမ်းဖြင့် ချုပ်ပျက်ခြင်းသို့။ အဂစ္ဆန္တာ၊ မရောက်ကုန်မူ၍။ ဌာတုံ၊ တည်ခြင်းငှါ။ န သက္ကောန္တိ၊ မစွမ်းနိုင်ကုန်။

"အစ္စုတံ၊ ဓုဝ သဿတ နိစ္စသဘောဖြစ်၍ ဘင်၏အစွမ်းဖြင့် ရွေလျော ပျက်စီးခြင်းမရှိသောကြောင့်"ဟုပေး။ ဤအလိုသော် ဟေတုမန္တဝိသေသနဖြစ်၍ အနုတ္တရံ-၌ ဟိတ်၏အဖြစ်ဖြင့်စပ်။ ဤအနက်သဘောကို အစ္စုတံ-၏ အဖွင့် ဖြစ်သော "အဝိနာသသဘာဝေန အစ္စုတံ" ဟူသော အဘိဓမ္မတ္ထဝိကာသနီ ဋီကာ။ "အစ္စုတံ သဿတံ" ဟူ၍၎င်း "စုတိရဟိတတ္တာ အစ္စုတံ" ဟူ၍၎င်း ဖွင့်ဆိုသော သင်္ဂြိုဟ်ဋီကာဟောင်း။ "အစ္စုတံ ဓုဝံ အစဝနဓမ္မံ"ဟူ၍၎င်း "စဝနာ-ဘာဝတော အစ္စုတံ-ဟူ၍၎င်း ဖွင့်ဆိုသော ဋီကာကျော်-(၂၁၇) တို့ကိုမှီ၍ ဆိုလိုက်သည်။ အဝိနာသဘာဝေန၊ ဘင်၏အစွမ်းဖြင့် ပျက်စီးခြင်းမရှိသည်၏အဖြစ်ကြောင့်။ အစ္စုတံ၊ အစ္စုတမည်၏။ အစ္စုတံ သဿတံ၊ ဘင်၏အစွမ်းဖြင့် ပျက်စီးခြင်းမရှိမြဲသော။ စုတိရဟိတတ္တာ၊ ဘင်၏အစွမ်းဖြင့်ရွေလျောပျက်စီးခြင်း မရှိသည်၏ အဖြစ်ကြောင့်။ အစ္စုတံ၊ မည်၏။ အစ္စုတံ ဓုဝံ၊ မြဲသော။ အစဝနဓမ္မံ၊ ဘင်၏အစွမ်းဖြင့် ရွေလျောပျက်စီးခြင်းသဘော မရှိသော။ စဝနာဘာဝတော၊ ဘင်၏အစွမ်းဖြင့် ရွေလျောပျက်စီးခြင်းမရှိသည်၏ အဖြစ်ကြောင့်။ အစ္စုတံ၊ မည်၏။

တနည်းလည်း "အတ္တနော သဘာဝံ ဥပ္ပါဒါဒိက္ခဏံ ဝါ ပတွာ အတိက္ကန္တာတိ အတီတာ။ တဒုဘယမ္ပိ န အာဂတာတိ အနာဂတာ" ဟူ၍ အဋ္ဌသာလိနီ-(၈၈) ၌ မိမိတို့၏ သဘောဖြစ်သော ကက္ခဠ ပဂ္ဃရဏ- အစရှိသော သဘောသို့ရောက်၍ လွန်ပြီးဖြစ်သော ပထဝီ အာပေါ် အစရှိသောရုပ်တရား၊ ဖုသန ဝေဒိယန အစရှိသောသဘောသို့ရောက်၍ လွန်ပြီးဖြစ်သော ဖဿ ဝေဒနာ အစရှိသော စေတသိက်တရား၊ အာရမ္မဏဝိဇာနနဟူသော မိမိသဘောသို့ရောက်၍ လွန်ပြီး ဖြစ်သောစိတ်၊ ဤတရားတို့ကို အတိတ်။ တနည်းကား ပရမတ္ထတရားလေးပါးတွင် စိတ် စေတသိက် ရုပ်ဟူသော တရားတို့သည် မိမိတို့ ဖြစ်ထိုက် ရထိုက်သော အကြောင်းကိုစွဲ၍ ရောက်အပ်ရအပ်သော အာရမ္မဏ ဝိဇာနနသဘော၊ ဖုသန ဝေဒိယန အစရှိသော သဘော၊ ကက္ခဠ ပဂ္ဃရဏအစရှိသော သဘောဟူသော ဝိသေသသဘော၌ ဥပါဒ် ဋ္ဌီ ဘင်ဟူသောခဏတ္တယမျှဖြင့်သာ တည်နိုင်၍ အမြဲ ထာဝရအားဖြင့် မတည်နိုင်၊ ထိုသဘောမှ ရွေလျောပျက်စီးရကုန်သည်။

"ပဿာနန္တ သဗ္ဗေတေ သင်္ခါရာ အတီတာ နိရုဒ္ဓါ ဝိပရိဏတာ။ ဧဝံ အနိစ္စာ ခေါ အာနန္ဒ သင်္ခါရာ" သုတ်မဟာဝါ၊မဟာသုဒဿနသုတ်ပါဠိတော်-(၁၆၁) ဝိပရိဏတာတိ ပကတိဝိဇဟနေန နိဗ္ဗုတပဒီပေါ ဝိယ အပညတ္တိကဘာဝံ ဂတာ။ ရှင်းသုတ်မဟာဝါ

အဋ္ဌကထာ-(၂၂၈) ဝိပရိဏာတာတိ ဝိပရိဏာမံ သဘာဝဝိဂမံ ဂတာ။ တေနာဟ ပကတိ ဝိဇဟနေနာတိ အာဒိ။ ပကတီတိ သဘာဝဓမ္မာနံ ဥဒယဝယပရိစ္ဆိန္နော ကက္ခဠဖုသနာဒိသဘာဝေါ။ သော ဘင်္ဂက္ခဏတော ပဌာယ ဇဟိတော ပရိစ္စဇန္တော သဗ္ဗသော နတ္ထေဝ။ တေနာဟ နိဗ္ဗုတပဒီပေါဝိယ အပဏ္ဏတ္တိကဘာဝံ ဂတာတိ။ ဗုဒ္ဓ်ဋီကာ-(၂၀၂)။

အာနန္ဒ၊ အာနန္ဒာ။ သဗ္ဗေ၊ ကုန်သော။ တေ ဓမ္မာ၊ ထိုစည်းစိမ်ချမ်းသာ တရားတို့သည်။ သင်္ခါရာ၊သင်္ခါရဖြစ်ကုန်၍။ အတီတာ၊ မိမိတို့သဘောသို့ရောက်၍ လွန်ကုန်ပြီ။ နိရုဒ္ဓါ၊ ချုပ်လေကုန်ပြီ။ ဝိပရိဏတာ၊ မိမိတို့ ပကတိသဘောကို စွန့်သောအားဖြင့် ဖောက်ပြန်ခြင်းသို့ ရောက်ကုန်ပြီ။ ဣတိ၊ ဤသို့။ ပဿ၊ ရှုလော့။ အာနန္ဒ၊ အာနန္ဒာ။ သင်္ခါရာ၊ တို့သည်။ ဧဝံ အနိစ္စာ ခေါ၊ ဤသို့မမြဲသော သဘောရှိကုန်သည်သာတည်း။

ဝိပရိဏတာတိ၊ကား။နိဗ္ဗုတပဒီပေါ၊ငြိမ်းလေပြီးသော မီးသည်။အပညတ္တိကဘာဝံ၊ ပညတ်ခေါ် ဆိုစရာမရှိသည်၏ အဖြစ်သို့။ ဂတောဝိယ၊ ရောက်သကဲ့သို့။ ပကတိဝိဇဟနေန၊ မိမိတို့၏ပကတိသဘောကို စွန့်သောအားဖြင့်။ အပညတ္တိကဘာဝံ၊ သို့။ ဂတာ၊ ရောက်ကုန်၏။

ဝိပရိဏတာတိ၊ ကား။ ဝိပရိဏာမံ သဘာဝဝိဂမံ၊ မိမိတို့၏ ဝိဇာနန ဖုသန ဝေဒိယန အစရှိသောသဘောမှ ကင်းခြင်းသို့။ ဂတာ၊ ရောက်ကုန်၏။ တေန၊ ထို့ကြောင့်။ ပကတိဝိဇဟနေနာတိအာဒိ၊ ပကတိဝိဇဟနေန-စသည်ဟူ၍။အာဟ၊ အဋ္ဌကထာဆရာ ပြဆိုတော်မူ၏။ ပကတီတိ၊ ပကတိဟူသည်ကား။သဘာဝဓမ္မာနံ၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော သဘာဝဓမ္မတို့၏။ ဥဒယဝယပရိစ္ဆိန္နော၊ ဥပါဒ် ဘင်တို့ဖြင့် ပိုင်းခြားအပ်သော။ ကက္ခဠဖုသနာဒိသဘာဝေါ၊ ကက္ခဠ ဖုသန-စသော သဘောပင်တည်း။ သော၊ ထိုကက္ခဠ-အစရှိသောသဘော ဖုသန-အစရှိသောသဘောသည်။ ဘင်္ဂက္ခဏတော၊ ရုပ် ဝေဒနာ-စသည်တို့၏ ဘင်ခဏမှ။ပဋ္ဌာယ၊ စ၍။ဇဟိတော ပရိစ္စဇန္တော၊ စွန့်လွှတ်အပ်သည်ဖြစ်၍။သဗ္ဗသော၊ အချင်းခပ်သိမ်း။ နတ္ထေဝ၊ မရှိသည်သာတည်း။ တေန၊ ထို့ကြောင့်။ နိဗ္ဗုတပဒီပေါဝိယ အပဏ္ဏတ္တိကဘာဝံ ဂတာတိ၊ ၍။ အာဟ၊ ၏။

## စတုဘူမကတရားတို့၏ ခြားနားချက်

ဤပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့်အညီ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော ရုပ် နာမ် ခန္ဓာ စတုဘူမကသင်္ခါရတရားတို့သည် နိဗ္ဗာန်နှင့် ပရမတ္ထဓမ္မ၏အဖြစ်ဖြင့် အတူတူသာ ဖြစ်ကုန်သော်လည်း "အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ" အစရှိသည်ဖြင့် ဟောတော်မူအပ်သည်နှင့်

အညီ သင်္ခါရတရားဟူသမျှတို့သည် ကက္ခဋ္ဌ ဖုသန-အစရှိသော သဘော ရှိကုန်သည်ဟူသော်လည်း ထိုတရားတို့တွင် ပထဝီဓာတ်သည် ဥပါဒ် ဘင်တို့ဖြင့် ပိုင်းခြားအပ်သော ခဏတ္တယသမင်္ဂီအခိုက်၌သာ ကက္ခဋ္ဌသဘောနှင့်ပြည့်စုံ၍ ဘင်ခဏမှ နောက်ကာလ၌ ထိုကက္ခဋ္ဌသဘောမှ ကင်းသည်။ အာပေါဓာတ် စသည်တို့လည်း ခဏတ္တယသမင်္ဂီအခိုက်၌သာ ပဂ္ဃရဏ အစရှိသောသဘောနှင့် ပြည့်စုံကုန်၍ ဘင်ခဏမှ အထက်ဖြစ်သော နောက်ကာလ၌ ထိုပဂ္ဃရဏ စသော သဘောမှ ကင်းကုန်သည်။ ဖဿ ဝေဒနာ-အစရှိသော တရားတို့သည်လည်း မိမိတို့ခဏတ္တယသမင်္ဂီအခိုက်၌သာ ဖုသန ဝေဒိယန-စသော သဘောနှင့် ပြည့်စုံ ကုန်၍ ဘင်ခဏမှအထက်ဖြစ်သော နောက်ကာလ၌ ထိုသဘောမှကင်းကုန်သည်။ စိတ်သည် ဝိဇာနနသဘောရှိ၏ဟူသော်လည်း ခဏတ္တယသမင်္ဂီအခိုက်၌သာ ထို သဘောရှိသည်၊ ဘင်ခဏမှ နောက်ကာလ၌ ထိုသဘောမှကင်းသည်ဖြစ်၍သင်္ခါရ တရားတို့သည် မိမိတို့၏ကက္ခဋ္ဌ ဖုသန-အစရှိသောသဘောမှ စင်စစ်ရွေ့လျော တတ်ကုန်သည်။ နိဗ္ဗာန်မူကား ဖြစ်တတ်သော သဘောမဟုတ်သောကြောင့် တရံတဆစ်မျှ ဘင်အားဖြင့် ပျက်စီးသော မည်သည်မရှိသည်သာ ဖြစ်ရကား မိမိသန္တိသဘောမှ ကင်းကွာရွေ့လျောခြင်းမည်သည် မရှိကောင်းသည်သာ၊ မိမိ၏ သန္တိသဘော၌ အမြဲထာဝရ နိစ္စ ဓုဝ သဿတအားဖြင့်တည်၍ တရံတဆစ်မျှ ထိုသန္တိသဘောမှ ရွေ့လျောပျက်ကင်းခြင်း မရှိသောကြောင့် နိဗ္ဗာန်အား မိမိ ထက်လွန်မြတ်သောတရား၊ မိမိနှင့် ဂုဏ်အားဖြင့် တူတန်လောက်အောင် မြတ်သောတရားမရှိ။ မိမိကသာ ကြွင်းသော ပရမတ္ထတရား သုံးပါးတို့ထက် သာလွန်ထူးမြတ်သည်ဟူလို။

## ကာလသုံးပါး ဆက်စပ်သော တရားများ

စိတ် စေတသိက် ရုပ်တရားတို့၏ မိမိသဘောမှ ရွေ့လျောသည်၏အဖြစ် နိဗ္ဗာန်၏ မိမိသဘောမှ မရွေ့လျောသည်၏အဖြစ်တို့ကို သိသာထင်ရှားအောင် အကျယ်အားဖြင့် ပြန်ကြားလိုက်ဦးအံ့။

စိတ် စေတသိက် ရုပ်တရားတို့တွင် တပါးပါးသည်ပင် ပစ္စုပ္ပန်စိတ် အတိတ် စိတ် အနာဂတ်စိတ် စသည်ဖြင့် သုံးပါးစီပြားသည်။ ထိုတရားတို့သည် အဘယ့် ကြောင့် ပစ္စုပ္ပန္န အတီတ အနာဂတမည်သနည်းဟူမူ "တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပန္နာတိ ပစ္စုပ္ပန္နာ" အဋ္ဌသာလိနီ-(၈၈) "တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပါဒါဒိဥဒ္ဓံ ပန္နာ ဂတာ ပတ္တာတိ ပစ္စုပ္ပန္နာ" ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ-(၁၈) ဥပ္ပါဒတော ပဋ္ဌာယ ယာဝ-ဘင်္ဂါ ဥဒ္ဓံ ပန္နာ ဂတာ ပတ္တာတိ ဥပ္ပန္နာ" ဟူသော အဋ္ဌသာလိနီ-(၈၈) "တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပန္နော ပစ္စုပ္ပန္နော၊ ပဋိလဒ္ဓသဘာဝေါ န တာဝ အတီတောတိ အတ္ထော" ဟူသော ရူပသိဒ္ဓိ၊ "အတ္တနော သဘာဝံ ဥပ္ပါဒါဒိက္ခဏံ ဝါ

ပတ္တာ အတိက္ကန္တာတိ အတီတာ။ တဒုဘယမ္ပိ န အာဂတာတိ အနာဂတာ” ဟူသော အဋ္ဌသာလိနီ-(၈၈) “အတ္တနော သဘာဝံ ဥပ္ပါဒါဒိက္ခဏံ ဝါ ပတ္တာ အတိက္ကန္တာတိ အတီတာ။ တဒုဘယမ္ပိ န အာဂတာ န သမ္ပတ္တာတိ အနာဂတာ” ဟူသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ-(၁၇) တို့နှင့်အညီ ထိုက်သည်အားလျော်စွာ ကံ စိတ် ဥတု အာဟာရဟူသော ဟေတုအကြောင်း၊ သဟဇာတ အာရမ္မဏ အနန္တရအစ ရှိသော ပစ္စယအကြောင်းဟူသော ထိုထိုအကြောင်းကိုစွဲ၍ အာရမ္မဏ ဝိဇာနန သဘော၊ ဖုသန ဝေဒိယန-အစရှိသော သဘော၊ ကက္ခဠ ပဂ္ဃရဏ-အစ ရှိသော သဘောဟူသော မိမိတို့ ဝိသေသသဘော၏ အထက်သို့ ရောက်ဆဲ ထိုသဘောနှင့်ပြည့်စုံဆဲ၊ ဥပါဒ် ဌီ ဘင်ဟူသော ခဏတ္တယ၏အထက်သို့ ရောက် ဆဲ၊ ထိုခဏတ္တယနှင့်ပြည့်စုံဆဲဖြစ်သောကြောင့် ပစ္စုပ္ပန္နမည်ကုန်သည်။ အာရမ္မဏ ဝိဇာနန ဖုသန ကက္ခဠ-အစရှိသော မိမိတို့ ဝိသေသသဘောသို့ ရောက်၍ ထိုသဘောကိုလွန်ပြီး ထိုသဘောမှကင်းပြီး ခဏတ္တယသို့ရောက်၍ ထိုခဏတ္တယ ကိုလွန်ပြီးဖြစ်သောကြောင့် အတီတမည်ကုန်သည်။ အာရမ္မဏ ဝိဇာနန-အစရှိ သော မိမိတို့သဘောသို့ မရောက်သေး၊ ခဏတ္တယသို့ မရောက်သေး၊ ရောက် လတ္တံ့ဖြစ်သောကြောင့် အနာဂတမည်ကုန်သည်ဟူလေ။ ဤကျမ်းတို့ဝယ် အတ္တနော သဘာဝံ-၌ သဘာဝအရ ပဋိလဒ္ဓသဘာဝေါ-၌ သဘာဝအရကို “အတ္တနော သဘာဝန္တိ ကက္ခဠဖုသနာဒိသဘာဝံ” ဟူသော မူလဋီကာ နှင့် အညီ အာရမ္မဏ ဝိဇာနန ဖုသန ကက္ခဠ-အစရှိသော အသီးအသီးသော မိမိတို့ ဝိသေသသဘောကိုယူ။ ဤဋီကာဝယ် အာဒိဖြင့် အာပေါဓာတ်စသော ကြွင်းသောရုပ်တို့၏ ပဂ္ဃရဏ-စသောသဘော ဝေဒနာ-စသော စေတသိက်တို့၏ ဝေဒိယန-အစရှိသောသဘော စိတ်၏ဝိဇာနနသဘောတို့ကိုယူ။

အစဉ်အတိုင်း ထိုသာဓကပါဠ်တို့ကို မြန်မာပြန် ဆိုလိုက်ဦးအံ့။

တံ တံ ကာရဏံ၊ ထိုထိုအကြောင်းကို။ ပဋိစ္စ၊ စွဲ၍။ ဥပ္ပန္နာ၊ မိမိတို့ ဝိသေသ သဘော၏ရင်း ခဏတ္တယ၏ရင်း အထက်သို့ရောက်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန္နမည်ကုန်၏။ တံ တံ ကာရဏံ၊ ကို။ ပဋိစ္စ၊ ၍။ ဥပ္ပါဒါဒိဥဒ္ဓံ၊ ဥပါဒ် စသော ခဏတ္တယ၏အထက်သို့။ ပန္နာ ဂတာ ပတ္တာ၊ ရောက်ကုန်၏။ ဣတိ၊ ကြောင့်။ ပစ္စုပ္ပန္နာ၊ မည်ကုန်၏။ ဥပ္ပါဒတော၊ ဥပါဒ်မှ။ ပဋ္ဌာယ၊ စ၍။ ယာဝဘင်္ဂါ၊ ဘင်တိုင်အောင်။ ဥဒ္ဓံ၊ ခဏတ္တယအပေါ်သို့။ ပန္နာ ဂတာ ပတ္တာ၊ ရောက်ကုန်၏။ ဣတိ၊ ကြောင့်။ ဥပ္ပန္နာ၊ ဥပ္ပန္နမည်ကုန်၏။ တံ တံ ကာရဏံ၊ ကို။ ပဋိစ္စ၊ ၍။ ဥပ္ပန္နော၊ ဖြစ်သောတရားသည်။ ပစ္စုပ္ပန္နော၊ မည်၏။ ပဋိလဒ္ဓသဘာဝေါ၊ မိမိ သဘောသို့ရောက်ဆဲ မိမိသဘောနှင့် ပြည့်စုံဆဲဖြစ်သော။ န တာဝအတီတော၊ မိမိသဘောကို မလွန်သေးသောတရားသည်။ ပစ္စုပ္ပန္နော၊ မည်၏။ ဣတိအတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ယေ ဓမ္မာ၊ အကြင်စိတ် စေတသိက် ရုပ်တရားတို့

သည်။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ အာရမ္မဏ ဝိဇာနနသဘော၊ ဖုသန ဝေဒိယန-အစရှိသောသဘော၊ ကက္ခဠ ပဂ္ဃရဏ-အစရှိသော ဝိသေသ သဘောသို့။ ဝါ၊ ကား။ ဥပ္ပါဒါဒိက္ခဏံ၊ ဥပါဒ်စသော ခဏသို့။ ဝါ၊ ဥပါဒ် ဌီ ဘင်ဟူသော ခဏသုံးပါးလုံးသို့။ ပတ္တာ၊ ရောက်ကုန်ပြီး၍။ အတိက္ကန္တာ၊ လွန်ကုန်၏။ ဣတိ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ အတီတာ၊ မည်ကုန်၏။ ယေ ဓမ္မာ၊ တို့သည်။ တဒုဘယမ္ပိ၊ ထိုဝိသေသသဘော၊ ခဏတ္တယ-ဟူသော နှစ်ပါးစုံသို့လည်း။ န အာဂတာ၊ မရောက်ကုန်သေး။ တေ ဓမ္မာ၊ တို့သည်။ အနာဂတာ၊ မည်ကုန်၏။ အနန္တရပါဌ်၌လည်း အတူ။ "န အာဂတာ န သမ္ပတ္တာ၊ မရောက်ကုန်သေး" ဟု ပေး။

အတ္တနော သဘာဝန္တိ၊ ကား။ ကက္ခဠဖုသနာဒိသဘာဝံ၊ သို့။ မိမိတို့ ဝိသေသသဘောသို့ ရောက်သည် သဘောနှင့်ပြည့်စုံသည် ဟူရာ မိမိတို့သဘောကို လွန်သည်ဟူရာတို့၌ အဘယ်သို့သော ခဏ၌ ထိုသဘောသို့ ရောက်သနည်း၊ အဘယ်မျှလောက်သော ကာလပတ်လုံး မိမိတို့သဘောနှင့် ပြည့်စုံသနည်း၊ အဘယ်အခါသို့ရောက်မှ မိမိသဘောကို လွန်သနည်းဟူမူ—

ဋီကာကျော်-(၁၃၈) ဝယ် မိမိသဘောကို ရခြင်းသည် ဥပ္ပါဒ၊ ထိုသဘောကို ရသော ဓမ္မ သရုပ်ဒြဗ်၏ ပျက်စီးခြင်းသည် ဘင်မည်ကြောင်းကို "ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ၊ အတ္တပဋိလာဘော။ ဘဥ္ဇနံ ဘင်္ဂေါ၊ သရူပဝိနာသော" ဟု ပြဆို သောကြောင့်ရင်း "အတ္တနော သဘာဝံ ဥပ္ပါဒါဒိက္ခဏံ ဝါ ပတ္တာ အတိက္ကန္တာတိ အတီတာ" ဟူ၍ ရအပ်သော မိမိသဘောကိုလွန်ပြီး ခဏတ္တယ-ကို လွန်ပြီးတရားတို့၏ အတီတမည်ကြောင်းကို အဋ္ဌကထာ၌ မိန့်ဆိုသောကြောင့် ရင်း ထိုစိတ် စေတသိက် ရုပ်တရားတို့သည် ဥပါဒ်ခဏ၌ မိမိသဘောသို့ ရောက်သည်၊ ခဏတ္တယ ကာလပတ်လုံး ထိုသဘောနှင့် ပြည့်စုံသည်၊ ထို ခဏတ္တယကို လွန်ပြီးမှ မိမိတို့ ဝိသေသသဘောမှ ရွေလျောပျက်ကင်းသည်၊ ထိုသဘောကို လွန်သည်ဟူလေ။

ဥပ္ပဇ္ဇနံ၊ ဖြစ်ခြင်း။ ဥပ္ပါဒေါ၊ ဖြစ်ခြင်း။ အတ္တပဋိလာဘော၊ ဝိသေသသဘော ကို ရခြင်းသည်။ ဥပ္ပါဒေါ၊ ဥပ္ပါဒမည်၏။ ဘဥ္ဇနံ၊ ပျက်ခြင်း။ ဘင်္ဂေါ၊ ပျက်ခြင်း။ သရူပဝိနာသော၊ သရုပ်ဒြဗ်၏ ပျက်စီးခြင်းသည်။ ဘင်္ဂေါ၊ ဘင်မည်၏။ ဤဋီကာကျော်ဝယ် အတ္တပဋိလာဘော-၌ အတ္တ-သဒ္ဒါသည် "စိတ္တေ ကာယေ သဘာဝေ စ၊ သော အတ္တာ ပရမတ္တနိ" ဟု အဘိဓာန်(ဂါထာနံပါတ်- ၈၆၂) ၌ လာသော အနက်လေးပါးတွင် သဘာဝဝါစက။ "သော အတ္တာ၊ ပုလ္လိင်အတ္တ သဒ္ဒါသည်။ စိတ္တေ စ၊ စိတ် ဟူသောအနက်၌ရင်း။ ကာယေ စ၊ ကိုယ်ဟူသော

အနက်၌၄င်း။ သဘာဝေ စ၊ သဘောဟူသော အနက်၌၄င်း။ ပရမတ္ထနိ၊ ဗုဒ္ဓ-သမယမှတပါး အညတိတ္ထိယတို့သည် ကြံဆ၍ ယူအပ်သော အတ္တ-ဟူသော အနက်၌၄င်း။ ဘဝေ၊ ၏”။

ခဏတ္တယသို့ရောက်ခိုက် ခဏတ္တယနှင့် ပြည့်စုံခိုက် မိမိတို့ ဝိသေသသဘော သို့ရောက်ခိုက် ထိုသဘောနှင့် ပြည့်စုံခိုက်ဖြစ်သော တရားကို ပစ္စုပ္ပန်၊ ခဏတ္တယ သို့ရောက်၍ ထိုခဏကိုလွန်ပြီး မိမိတို့ ဝိသေသသဘောသို့ရောက်၍ ထို သဘောကိုလွန်ပြီး တရားကို အတိတ်၊ ခဏတ္တယသို့ မရောက်သေး၊ မိမိတို့ ဝိသေသသဘောသို့ မရောက်သေး၊ ရောက်လတ္တံ့ဖြစ်သော တရားကို အနာဂတ် ဟု ပြဆိုသည်ကိုထောက်သဖြင့် ထိုစိတ် စေတသိက် ရုပ်တရားတို့၏ မိမိတို့ ဝိသေသသဘော၌ အမြဲမတည်သည်၏အဖြစ်၊ ထိုသဘောမှ ရွေ့လျောပျက်စီး တတ်သည်၏ အဖြစ်တို့ကို သိအပ်၏။ နိဗ္ဗာန်၏ မိမိသန္တိသဘော၌ ဓုဝ သဿဘာ အားဖြင့် အမြဲတည်သည်၏အဖြစ်၊ ထိုသန္တိသဘောမှ ရွေ့လျောခြင်းမရှိသည်၏ အဖြစ်ကိုကား နိဗ္ဗာန်၏ တရံတဆစ်မျှ မိမိ၏သန္တိသဘောကို မစွန့်ခြင်းကြောင့် သန္တိသဘောမှ မရွေ့လျောခြင်းဂုဏ်နှင့် ပြည့်စုံကြောင်းကို ပြဆိုသော အစ္စုတိရသံ-ဟူသော အဘိဓမ္မာဝတာရ အဋ္ဌကထာ၏ အဖွင့်ဖြစ်သော “အစ္စု-တိရသန္တိ သဘာဝါ ပရိစ္စဇနတော အစဝနသမ္ပတ္တိကံ” ဟူသော အဘိဓမ္မတ္ထ-ဝိကာသနီဋီကာ-(၁၉၀)

သမ္မောဟဝိနောဒနီ အဋ္ဌကထာ -(၇၉) ၌ လာသော နိဗ္ဗာန်၏ ရသကိုပြရာ အစ္စုတိရသံ-ဝယ် ရသအရကို သမ္ပတ္တိရသ ကိစ္စရသအားဖြင့် နှစ်နည်းပြဆိုသော “အစ္စုတိရသန္တိ အစ္စုတိသမ္ပတ္တိကံ။ အစဝနံ ဝါ ကိစ္စန္တိ တဒဘာဝံ ကိစ္စမိဝ ဝေါဟရိတွာ အစ္စုတိကိစ္စန္တိ အတ္ထော။ အစဝနဉ္စ သဘာဝဿ အပရိစ္စဇနံ အဝိ-ကာရတာ ဝါ ဒဋ္ဌဗ္ဗာ” ဟူသော မူလဋီကာတို့နှင့် ယခင်အောက်ဝယ် ပြဆို ခဲ့သော သင်္ဂြိုဟ်ဋီကာဟောင်း ဋီကာကျော် စကားလေးရပ်တို့ကိုပင် ထောက်၍ သိအပ်၏။

အစ္စုတိရသန္တိ၊ ဟူသည်ကား။သဘာဝါ ပရိစ္စဇနတော၊ မိမိ၏သန္တိသဘောကို တရံတဆစ်မျှ မစွန့်ခြင်းကြောင့်။ အစဝနသမ္ပတ္တိကံ၊ မိမိ၏သန္တိသဘောမှ မရွေ့ လျောခြင်း ဂုဏ်နှင့် ပြည့်စုံ၏။ အစ္စုတိရသန္တိ၊ ကား။ အစ္စုတိသမ္ပတ္တိကံ၊ မိမိ၏ သန္တိသဘောမှ မရွေ့လျောခြင်းဟူသော ဂုဏ်နှင့်ပြည့်စုံ၏။ ဝါ၊ တနည်းကား။ အစဝနံ၊ မိမိ၏သန္တိသဘောမှ မရွေ့လျောခြင်းသည်။ ကိစ္စံ၊ နိဗ္ဗာန်၏ကိစ္စမည်၏။ ဣတိ၊ ကြောင့်။ တဒဘာဝံ၊ ထိုရွေ့လျောခြင်းကိစ္စ မရှိခြင်းကို။ ကိစ္စမိဝ၊ ကိစ္စကဲ့သို့။ ဝေါဟရိတွာ၊ ၍။ အစ္စုတိကိစ္စန္တိအတ္ထော၊ အစ္စုတိကိစ္စ-ဟူသော

သောအနက်ကို။ ဝေဒိတဗ္ဗော၊ ၏။ အစဝနဋ္ဌ၊ အစဝနေဟူသည်လည်း။ သဘာ-ဝဿ၊ မိမိ၏သန္တိသဘောကို။ အပရိစ္စဇနံ၊ မစွန့်ခြင်းကို။ ဝါ၊ ကား။ သဘာ-ဝဿ၊ မိမိ၏သန္တိသဘော၏။ အဝိကာရတာ၊ ဖောက်ပြန်ခြင်းမရှိသည်၏အဖြစ်ကို။ ဒဋ္ဌဗ္ဗာ၊ ၏။

ဤနည်းအလိုသော် ယခင်ဋီကာစကား လေးရပ်ကို "အစ္စုတံ၊ မိမိ သန္တိသဘောမှ ရွေ့လျောခြင်းမရှိသော။ သဿတံ၊ မိမိ၏သန္တိသဘော၌မြဲသော။ စုတိရဟိတတ္တာ၊ မိမိသန္တိသဘောမှ ရွေ့လျောခြင်းကင်းသည်၏အဖြစ်ကြောင့်။ အစ္စုတံ၊ သန္တိသဘောမှ ရွေ့လျောခြင်းမရှိသော။ အစ္စုတံ၊ မိမိ၏သန္တိသဘောမှ ရွေ့လျောခြင်းမရှိသော။ဓုဝံ၊ သန္တိသဘော၌မြဲသော။ အစဝနဓမ္မံ၊ သန္တိသဘောမှ မရွေ့လျောခြင်းသဘောရှိသော။ စဝနဘာဝဝတော၊ သန္တိသဘောမှ ရွေ့လျောခြင်းမရှိသည်၏အဖြစ်ကြောင့်။ အစ္စုတံ၊ သန္တိသဘောမှ ရွေ့လျောခြင်းမရှိသော" ဟူ၍ မြန်မာပြန်။

## အဋ္ဌကထာ ဋီကာတို့အလို ရှင်းပြချက်

"အစဝနဋ္ဌ သဘာဝဿ အပရိစ္စဇနံ အဝိကာရတာ ဝါ ဒဋ္ဌဗ္ဗာ" ဟူသော မူလဋီကာဝယ် အဝိကာရတာ ဝါ-ဟူသော ဒုတိယဝိကပ်။ "အဝိကာရတာ ဝိကာရဘာဝေါ နိစ္စတာ" ဟူသော အနုဋီကာ -(၆၂)တို့ကိုမှီ၍ တနည်း ပြဆိုဦးအံ့။

စိတ် စေတသိက် ရုပ်တရားတို့သည် ဖြစ်လေသမျှ ကာလခပ်သိမ်း၌ပင် မိမိတို့ဝိသေသသဘောနှင့်ပြည့်စုံသည်ဖြစ်၍သာ ဖြစ်ကြကုန်သော်လည်း ထိုပြည့်စုံသောသဘောသည် အချင်း ခပ်သိမ်းတူသောအခြင်းအရာသာရှိသည်မဟုတ်။ စိတ်ဝီထိတပါး ရအပ်ရောက်အပ်သော သဘောနှင့် စိတ်ဝီထိတပါး ရအပ် ရောက်အပ်သောသဘော ဖောက်ပြန်ထူးခြား ကွဲပြားသောအရာလည်း ရှိသည်ဖြစ်၍ စိတ်စေတသိက် ရုပ်တို့သည် ပကတိသဘောမှ ရွေ့လျောဖောက်ပြန် မမှန်သောသဘောလည်းရှိကုန်သည်။ ရုပ်ကလာပ်တပါး၌ပါသော ပထဝီစသည်တို့ ရအပ်ရောက်အပ်သော ကက္ခဠ-စသောသဘောနှင့် ရုပ်ကလာပ်တပါး၌ပါသော ပထဝီစသည်တို့ ရအပ်ရောက်အပ်သော ကက္ခဠ-စသောသဘော ဖောက်ပြန်ထူးခြားကွဲပြားသောအရာ ရှိသည်ဖြစ်၍ ပထဝီစသောရုပ်တို့သည် ပကတိသဘောမှ ရွေ့လျောဖောက်ပြန် မမှန်သောသဘောရှိကုန်သည်၊ သန္တိသဘောမူကား နံ့ခြင်း ထက်ခြင်းစသည်ဖြင့် ဖောက်ပြန်ရွေ့လျောသောမည်သည် မရှိသည်သာဖြစ်၍ နိဗ္ဗာန်သည် မရွေ့လျောမဖောက်ပြန် ပကတိဟုတ်မှန်စွာတည်သော သန္တိသဘောရှိသောကြောင့် နိဗ္ဗာန်အား မိမိထက်လွန်မြတ်သောတရား မိမိနှင့်ဂုဏ်အားဖြင့် တူတန်လောက်အောင် မြတ်သောတရားမရှိ၊ မိမိကသာ ကြွင်းသော ပရမတ္ထတရားသုံးပါးတို့ထက် သာလွန်ထူးမြတ်သည် ဟူလို။

ဝိကာရာဘာဝေါ၊ ဖောက်ပြန်သောသဘော မရှိသည်အဖြစ်သည်။ နိစ္စတာ၊ မြဲသောသဘောရှိသည်၏အဖြစ်သည်။ အဝိကာရတာ၊ အဝိကာရတာမည်၏။

စိတ် စေတသိက် ရုပ်တရားတို့သည်ဖြစ်လေသမျှကာလခပ်သိမ်း၌ပင် မိမိတို့ ဝိသေသသဘောနှင့် ပြည့်စုံသည်ဖြစ်၍သာ ဖြစ်ကြကုန်သော်လည်း ထိုပြည့်စုံသော သဘောသည် အချင်းခပ်သိမ်းတူသော အခြင်းအရာသာ ရှိသည်မဟုတ်။ စိတ်ဝီထိ တပါး ရအပ် ရောက်အပ်သောသဘောနှင့် စိတ်ဝီထိတပါး ရအပ်ရောက်အပ်သော သဘောသည် ပကတိသဘောအောက် ယုတ်လျော့ အားနည်းခြင်း ပကတိ သဘောထက် အားရှိထက်သန်ခြင်းတို့ဖြင့် ဖောက်ပြန်ထူးခြား ကွဲပြားသော အရာလည်းရှိသည်ဖြစ်၍ စိတ် စေတသိက် ရုပ်တို့သည် ပကတိသဘောမှ ရွေ့လျော့ဖောက်ပြန် မမှန်သောသဘောလည်း ရှိကုန်သည်။ ရုပ်ကလာပ် တပါး၌ပါသော ပထဝီစသည်တို့ရအပ်ရောက်အပ်သော ကက္ခဠ-စသောသဘောနှင့် ရုပ်ကလာပ်တပါး၌ပါသော ပထဝီစသည်တို့ရအပ်ရောက်အပ်သောကက္ခဠ-စသော သဘော ဖောက်ပြန်ထူးခြား ကွဲပြားသော အရာရှိသည်ဖြစ်၍ ပထဝီစသော ရုပ်တို့သည် ပကတိသဘောမှ ရွေ့လျော့ဖောက်ပြန် မမှန်သော သဘောလည်း ရှိကုန်သည်ဟူရာ၌ ထိုတရားတို့ရအပ်ရောက်အပ်သောအာရမ္မဏ ဝိဇာနန ဖုသန ဝေဒိယန အစရှိသောသဘော၊ ကက္ခဠ ပဂ္ဃရဏအစရှိသောသဘောတို့၏ ပကတိ သဘောအောက် ယုတ်လျော့အားနည်းခြင်း ပကတိသဘောထက် လွန်ကဲ အားရှိခြင်းတို့ဖြင့် တစုံတခုသောအကြောင်းကိုစွဲ၍ တခါတရံ ဖောက်ပြန်ခြင်း ရှိသည်၏ အဖြစ်၊ လက္ခဏာအားဖြင့်သော် ပရမတ္ထတရား လေးပါး လုံး၌ပင် စိတ်ဟူသမျှသည် အာရမ္မဏ ဝိဇာနနလက္ခဏာမှ တပါး အခြားလက္ခဏာ အားဖြင့် ဖောက်ပြန်၍ ဖြစ်ခြင်း မရှိသည်၏အဖြစ်၊ ဖဿ ဝေဒနာ အစရှိသော စေတသိက်တို့၏လည်း ဖုသနလက္ခဏာ အာရမ္မဏရသာနုဘဝနလက္ခဏာ-စသည်မှ တပါး အခြားသောလက္ခဏာအားဖြင့် ဖောက်ပြန်၍ ဖြစ်ခြင်း မရှိသည်၏ အဖြစ်၊ ပထဝီ အာပေါ အစရှိသော ရုပ်တို့၏လည်း ကက္ခဠ ပဂ္ဃရဏ-အစရှိသော လက္ခဏာမှတပါး အခြားသော လက္ခဏာအားဖြင့် ဖောက်ပြန်၍ ဖြစ်ခြင်း မရှိသည်၏အဖြစ်ကို —

> စတုန္နံ ဟိ မဟာဘူတာနံ ဘာဝညထတ္တမေဝ ဟောတိ။ လက္ခဏည-ထတ္တံနာမ နတ္ထိ။ တဿ အဘာဝေါ အဋ္ဌာနပရိကပ္ပသုတ္တေန ဒီပိတော။ ဝုတ္တဥှေတံ သိယာ ခေါ ပနာနန္ဒ စတုန္နံ မဟာဘူတာနံ အညထတ္တံ ပထဝီ-ဓာတုယာ အာပေါဓာတုယာ တေဇောဓာတုယာ ဝါယောဓာတုယာ နတွေဝ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတဿ အရိယသာဝကဿ အည-ထတ္တန္တိ အယမေတ္ထ အတ္ထော။ အာနန္ဒ ကက္ခဠလက္ခဏာ ပထဝီဓာတု ပရိ-

ဝတ္တေတဗ္ဗာ ပဋိသရဏလက္ခဏာ အာပေါဓာတု နာမ ဘဝေယျ၊ အရိယ-သာဝကဿ ပန အညထတ္တံနာမ နတ္ထီတိ ဧတ္ထ အဌာနပရိကပ္ပေါ အာဂတော။

ဟူသော အဋ္ဌသာလိနီ-(၃၇၂)

ဘာဝညထတ္တန္တိ ခရာနံ ဂုဠာဒီနံ ဒြဝတာ မုဒုတာ ရသာဒီနဉ္စ ဒြဝါနံ ခရတာ ပစ္စယဝိသေသေဟိ ဩမတ္တာဓိမတ္တပထဝီဓာတုအာဒိကာနံ ဥပ္ပတ္တိ။ လက္ခဏညထတ္တံ ကက္ခဠာဒိလက္ခဏဝိရဟာနံ။ တံ ဧတေသံ န ဟောတိ၊ ဩမတ္တာဓိမတ္တသဉ္ဇာတံ ဘာဝညထတ္တံယေဝ ဟောတီတိ အတ္ထော။

ဟူသော မူလဋီကာ -(၁၁၁၅) တို့ကို ထောက်သဖြင့် သိအပ်၏။

စတုန္နံမဟာဘူတာနံ၊ မဟာဘုတ်လေးပါးတို့၏။ ဘာဝညထတ္တမေဝ၊ ပကတိ သဘော၏ နို့ခြင်း ထက်ခြင်း စသည်တို့ဖြင့် တပါးသော အခြင်းအရာအားဖြင့် ဖြစ်သည်၏ အဖြစ်သည်သာလျှင်။ ဟောတိ၊ ၏။ လက္ခဏညထတ္တံနာမ၊ ကက္ခဠ ပဋိသရဏ-အစရှိသော လက္ခဏာ၏ တပါးသော လက္ခဏာအားဖြင့် ဖောက်ပြန်၍ ဖြစ်သည်၏ အဖြစ်မည်သည်။ နတ္ထိ၊ မရှိ။ တဿ၊ ထိုမဟာဘုတ်တို့ လက္ခဏာ၏။ အဘာဝေါ၊ တပါးသော လက္ခဏာအားဖြင့် ဖောက်ပြန်၍ မဖြစ်ခြင်းကို။ အဌာနပရိကပ္ပသုတ္တေန၊ အဌာနပရိကပ္ပသုတ်ဖြင့်။ ဒီပိတော၊ ပြအပ်၏။ ဟိ ဝိတ္ထာ-ရေမိ၊ အံ့။ သိယာ ခေါ ပနာနန္ဒ။ပ။ အညထတ္တန္တိ၊ အညထတ္တံ-ဟူသော။ တေံ ဝစနံ၊ ထိုစကားကို။ အဌာနပရိကပ္ပသုတ္တေ၊ ၌။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ အယံ၊ ဤပြဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤအဌာနပရိကပ္ပသုတ်၌။ အတ္ထော၊ တည်း။ အာနန္ဒ၊ အာနန္ဒာ။ ကက္ခဠလက္ခဏာ၊ ကြမ်းထမ်းခက်မာခြင်းလက္ခဏာ ရှိသော။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ပရိဝတ္တေတွာ၊ လက္ခဏာအားဖြင့် ဖောက်ပြန်၍။ ပဋိသရဏလက္ခဏာ၊ ယိုစီးပျောင်းပြောင်းခြင်း လက္ခဏာရှိသော။ အာပေါဓာတုနာမ၊ အာပေါဓာတ်မည်သည်။ ဘဝေယျ၊ ဖြစ်သော်ဖြစ်ရာသေး၏။ အရိယသာဝကဿ ပန၊ အရိယာဖြစ်သော သာဝကအားကား။ အညထတ္တံနာမ၊ မြတ်စွာဘုရားဂုဏ်၌ သက်ဝင်ယုံကြည်ခြင်းမှတပါး မယုံကြည်ခြင်းဟူသော တပါးသော အခြင်းအရာအားဖြင့် ဖောက်ပြန်သည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဧတ္ထ၊ ဤသုတ်၌။ အဌာနပရိကပ္ပေါ၊ အဌာနပရိကပ္ပသည်။ အာဂတော၊ လာ၏။

ဘာဝညထတ္တန္တိ၊ ဟူသည်ကား။ ခရာနံ၊ မာကျောကြမ်းခက်ကုန်သော။ ဂုဠာ-ဒီနံ၊ တင်လဲခဲ အစရှိသည်တို့၏။ ဒြဝတာ-ဒြဝတာယ၊ အရည်၏အဖြစ်ဖြင့်။မုဒုတာ-

မုဒုတာယ၊ ပျော့ပြောင်းပြေ့သည်၏အဖြစ်ဖြင့်။ ဒြဝါနံ၊ အရည်ဖြစ်ကုန်သော။ ရသာဒီနဉ္စ၊ တင်းလဲရည်စသည်တို့၏လည်း။ ခရတာ၊ ကြမ်းခက်မာကျောသည်၏အဖြစ်ဖြင့်။ ပစ္စယဝိသေသေဟိ၊ အကြောင်းအထူးတို့ဖြင့်။ ဝါ၊ တို့ကြောင့်။ ဩမတ္တာဓိမတ္တပထဝီဓာတုအာဒိကာနံ၊ ယုတ်လျော့အားနည်းသော ပထဝီဓာတ်စသည် လွန်ကဲအားရှိသော ပထဝီဓာတ်စသည်တို့၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းတည်း။ ပထဝီဓာတုအာဒီနံ၊ ပထဝီဓာတ် အစရှိသည်တို့၏။ ကက္ခဠတ္တာဒိလက္ခဏဝိရဟနံ၊ ကက္ခဠအစရှိသောလက္ခဏာမှ ကင်းခြင်းသည်။ လက္ခဏညထတ္တံ၊ ကက္ခဠလက္ခဏာ-အစရှိသည်၏ ပဂ္ဃရဏလက္ခဏာ အစရှိသော တပါးသော လက္ခဏာအားဖြင့် ဖြစ်သည်၏ အဖြစ်မည်၏။ တံ၊ ထိုကက္ခဠလက္ခဏာ-စသည်မှ ကင်းခြင်းသည်။ ဧတေသံ၊ ထိုပထဝီစသည်တို့အား။ န ဟောတိ၊ မဖြစ်။ ဩမတ္တာဓိမတ္တ-သခ်ါတံ၊ ယုတ်လျော့အားနည်းခြင်း လွန်ကဲအားရှိခြင်း ဟု ဆိုအပ်သော။ ဘာဝညထတ္တံယေဝ၊ တင်လဲခဲစသည်တို့၏ အခဲသဘောမှကင်း၍ အရည်ဖြစ်ခြင်း အရည်စသည်တို့၏ အရည်သဘောမှကင်း၍ အခဲဖြစ်ခြင်းဟူသော သဘော၏ တပါးသောအခြင်းအရာအားဖြင့် ဖြစ်သည်၏ အဖြစ်သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိအယံ၊ ကား။ အတ္ထော၊ အဓိပ္ပါယတ္ထတည်း။

ပထဝီအစရှိသော မဟာဘုတ်တို့၏ အသီးအသီး မိမိတို့ရအပ်သော ကက္ခဠ-လက္ခဏာ ပဂ္ဃရဏလက္ခဏာ-အစရှိသည်မှ ဖောက်ပြန်၍ တပါးသော ပဂ္ဃ-ရဏလက္ခဏာ ဥဏှတ္တလက္ခဏာ-အစရှိသော အခြင်းအရာအားဖြင့် ဖြစ်သော် ဖြစ်ရာ၏။ အရိယမဂ်နှင့် ယှဉ်သော အစလသဒ္ဓါဖြင့် မြတ်စွာဘုရား၌ သက်ဝင်ယုံကြည်သော အရိယာသာဝကအားကား သက်ဝင်ယုံကြည်သည်မှတပါး မသက်ဝင် မယုံကြည်သော တပါးသော အခြင်းအရာဖြင့် ဖြစ်သောမည်သည် မရှိကောင်းသည်သာ ဖြစ်ကြောင်းကို ဟောပြတော်မူအပ်သော အင်္ဂုတ္တရပါဠိ သုတ်ကို သာဓကပြုလုပ်၍ မဟာဘုတ်လေးပါးတို့အား သဘောအားဖြင့် ဖောက်ပြန်၍ ဖြစ်သည်၏ အဖြစ်သည်သာ ဖြစ်ကောင်းသည်။ လက္ခဏာအားဖြင့်ကား ပထဝီဓာတ် စသည်တို့၏ ကက္ခဠ အစရှိသော လက္ခဏာမှ ဖောက်ပြန်၍ တပါးသော ပဂ္ဃရဏ-စသော လက္ခဏာအားဖြင့် ဖြစ်သည်၏ အဖြစ်မည်သည် မရှိကောင်းသည်သာ ဖြစ်ကြောင်းကို "စတုန္နံ ဟိ မဟာဘူတာနံ ဘာဝည-ထတ္တမေဝ ဟောတိ၊ လက္ခဏညထတ္တံ နာမ နတ္ထိ" ဟူ၍ အဋ္ဌကထာဆရာ ပြဆိုတော်မူ၏။ ဤ အဋ္ဌကထာ-(၃၃၂) ဝယ် အဘယ်သို့ဖြစ်ခြင်းသည် သဘောအားဖြင့် ဖောက်ပြန်သည်၏ အဖြစ်မည်သနည်း ဟူဖွယ်ရှိ၍ "ဘာဝညထတ္တန္တိ ခရာနံ ဂုဠာဒီနံ ဒြဝတာ မုဒုတာ ရသာဒီနဉ္စ ဒြဝါနံ ခရတာ ပစ္စယဝိသေသေဟိ ဩမတ္တာဓိမတ္တပထဝီဓာတုအာဒိကာနံ ဥပ္ပတ္တိ" အစရှိသော စကားကို မူလဋီကာ (၁၅၅) ဆရာ ပြဆိုတော်မူသည်။

အစိုင်အခဲ၏ အရည်ဖြစ်ခြင်း ပျောင်းပြော့ခြင်း အကြောင်းအထူးကြောင့် ယုတ်လျော့အားနည်းသော ပထဝီဓာတ်၏ဖြစ်ခြင်းဟု ဆိုအပ်သော ကြမ်းထမ်း ခက်မာသော တင်လဲခဲ၏ အရည်၏အဖြစ် ပျောင်းပြော့သည်၏ အဖြစ်သည်ရှင်း၊ အရည်၏ အခဲဖြစ်ခြင်းအားလျော်သော အကြောင်းအထူးကြောင့် လွန်ကဲ အားရှိသော ပထဝီဓာတ်၏ ဖြစ်ခြင်းဟူသော တင်လဲရည်၏ တင်လဲခဲဖြစ်သည်၏ အဖြစ်သည်ရှင်း၊ ပထဝီဓာတ်၏ သဘောအားဖြင့် ဖောက်ပြန်သည်၏အဖြစ် မည်၏ဟူလေ။

အာပေါဓာတ် စသည်၏ သဘောအားဖြင့် ဖောက်ပြန်သည်၏ အဖြစ်၌လည်း ဤနည်းကိုမှီ၍ သိလေ။

ပထဝီဓာတ်၏ ကက္ခဋလက္ခဏာမှ ကင်းခြင်း အာပေါဓာတ်၏ ပဂ္ဃရဏ လက္ခဏာမှကင်းခြင်း အစရှိသည်သည် လက္ခဏာအားဖြင့် ဖောက်ပြန်၍ ဖြစ်သည်၏ အဖြစ်မည်၏ ဟူလေ။

ထိုသို့ လက္ခဏာအားဖြင့် ဖောက်ပြန်၍ ဖြစ်ခြင်းသည် ပထဝီဓာတ် စသည် တို့အား မဖြစ်ကောင်းသည်သာ၊ သဘောအားဖြင့်သာ ဖောက်ပြန်ကောင်းသည် ဟူလို။

**မသေရပုံ အဓိပ္ပါယ်**

အစ္စုတံ-၏ အဖွင့်ဖြစ်သော "စဝနာဘာဝတော အစ္စုတံ" ဟူသော ဋီကာကျော်ကို— "စဝနာဘာဝတောတိ နိဗ္ဗာနေ အဓိဂတေ တဒဓိဂစ္ဆန္တာနံ မရဏာဘာဝတော နတ္ထိ စုတိ မရဏံ ဧတသ္မိံ အဓိဂတေတိ အစ္စုတံ" ဟု ဖွင့်ဆိုသော မဏိသာရမဉ္ဇူသာဋီကာ အလိုအားဖြင့်ကား ဒုက္ခဟူသမျှ၏ တစမကြွင်း ကုန်ကင်းချမ်းသာခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်သည် အနုတ္တရဂုဏ်နှင့်ပြည့်စုံသောဟူ၏။ ထိုနိဗ္ဗာန်သည်အနုတ္တရဂုဏ်တပါးတည်းနှင့်သာ ပြည့်စုံသလောဟူဘွယ်ရှိ၍ အစ္စုတံ-ကို မိန့်ဆိုပြန်ရသည်ဟု တက်လို၏။ "စပ်ရာကထွက်၊ ထွက်ရာ၌စပ်" ဟူသည်နှင့်အညီ အစ္စုတံ-ကို ပဒံ-မှထွက်၍ ပဒံ-၌ပင် စပ်စေလိုသည်။ သက်သက် နိဗ္ဗာန်၏ဂုဏ်ကိုပြသော ယထာဘူတကထနဝိသေသန သာ ဟူလို၏။

ရှေ့နည်းသုံးပါး အလိုသော် အစ္စုတံ-ကို ပဒံ-၌ ဝိသေသန၊ အနုတ္တရံ-၌ ဟိတ်စပ်၍ ဟေတုမန္တဝိသေသန ဟု ယူ။ ထိုချမ်းသာခြင်း၏ အကြောင်း ဖြစ်သော နိဗ္ဗာန်သည် စိတ် စေတသိက် ရုပ် ဟူသော သဘာဝဓမ္မတို့ထက် သာလွန်ထူးမြတ်သော အနုတ္တရဂုဏ်နှင့်သာ ပြည့်စုံသည်မဟုတ်၊ အရိယ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ပစ္စက္ခအားဖြင့် မြင်နိုင်သော ခီဏာသဝပုဂ္ဂိုလ်အား ထိုနိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့

ဖြတ်ပယ်အပ်သည်ဖြစ်၍ ကိလေသာအလုံးစုံ ပြတ်ကင်း ကုန်ငြိမ်းသည်။ ယင်းသို့ ကိလေသာ ကုန်ငြိမ်းသဖြင့် မီးဖြင့် ဖုတ်မြိုက်အပ်သောမျိုးစေ့သည် အညွန့်အညှောက်ကို ဖြစ်စေနိုင်သော အစေးမှ ခန်းခြောက်သည်ဖြစ်၍ အပင်ကို မဖြစ်စေနိုင်သကဲ့သို့ ထိုခီဏာသဝပုဂ္ဂိုလ်အား အရဟတ္တမဂ်သို့မရောက်မီ ရှေးရှေးဘဝ ကာလတို့၌ ပြုကျင့်ခဲ့ဘူးသော ကံဟူသမျှသည် ပဋိသန္ဓေဟူသောအကျိုးကို ဖြစ်စေနိုင်၊ ပေးစွမ်းနိုင်အောင် သဟဲအားပေး အစေးအကြောင်းဖြစ်သော ကိလေသာကို အရဟတ္တမဂ်တည်းဟူသော မီးဖြင့် ဖုတ်လှော်ပြီးဖြစ်၍ ထို ကိလေသာဟူသောအစေး ခန်းခြောက်ရကား ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် ဟူသော အကျိုးကို မဖြစ်စေနိုင် မပေးနိုင်သည်သာ ဖြစ်ရကား စုတိ၏ အခြားမဲ့ဝယ် အကျိုး ပဋိသန္ဓေ နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ဇာတိသည် မဖြစ်ပြီ။ ပဋိသန္ဓေနေခြင်း ဇာတိရှိသောသူအားသာ သေခြင်းမရဏ ဖြစ်မြဲဖြစ်၍ ပဋိသန္ဓေ နေခြင်းမရှိသောသူအား သေခြင်းမရှိသည်သာ ဖြစ်သောကြောင့် ယင်းသို့ ပဋိသန္ဓေစွဲနေခြင်းဟူသော ဇာတိမဖြစ်က သေခြင်း မရဏလည်း မဖြစ်ရကား အရိယမဂ်၏ အာရုံနိဗ္ဗာန်သည် ခီဏာသဝပုဂ္ဂိုလ်တို့၏ မသေရခြင်း၏ ဥပနိဿယအကြောင်း ဖြစ်ရကား ထိုချမ်းသာခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်သည် ခပ်သိမ်းသော သဘာဝဓမ္မတို့ထက် မြတ်သည်သာ မဟုတ်သေး၊ ခီဏာသဝပုဂ္ဂိုလ်တို့၏ မသေရကြောင်းလည်း ဖြစ်သည်ဟူလို။

## သေပုံအစီပွါယ်

“စဝနာဘာဝတော အစ္စုတံ” ဟူသော ဋီကာကျော်-ဝယ် စဝနာဘာဝတော-ဖြင့် အစ္စုတံ-ဟူသောသင်္ဂြိုဟ်၌ စုဓာတ် စဝနတ္ထ၊ တပစ္စည်းလည်း ဘာဝတ္ထ ဖြစ်၍ စဝနံ စုတံ-ဟုဘာဝသာဓ်ပြု။စုတသဒ္ဒါ မရဏပရိယာယ်။ န-နှင့်စုတ-ကို“နတ္ထိ စုတံ မရဏံ ဧတေနာတိ အစ္စုတံ” ဟု တတိယာဗဟုဗ္ဗီဟိသမာသ်ပြု၍ အစ္စုတံ-အရကို နိဗ္ဗာန်ကိုကောက်လေ ဟု ဋီကာဆရာပြသည် ဟူလို၏။တေသိမှ အဓိဂတေ-ဖြင့် တတိယာဗဟုဗ္ဗီဟိကို ပြသည်။ စဝနာဘာဝတော-ဟူသော ဋီကာ၌ စဝနလည်း စုဓာတ်နောင်ဘာဝတ္ထ၌ ယုပစ္စည်းသက်၍ စဝိယတေ စဝနံ-ဟူ၍ဘာဝသာဓ်ပြု၍ မရဏကို ဟောသည်။ စဝနနှင့် အဘာဝကို စဝနဿ အဘာဝေါ စဝနာဘာဝေါ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြု။ မရဏကိုလည်း ခဏိကမရဏကို မယူမူ၍ ခီဏာသဝတို့၏ သမုစ္ဆေဒမရဏကိုယူ ဟု မဏိမဉ္ဇူဆရာ ပြသည်။

ရပြီးသောခန္ဓာဝန်ကို မချတ်ချမြဲ၊ ပဋိသန္ဓေစွဲနေပြီးသော ပုဂ္ဂိုလ်သည် မချုတ်သေမြဲဖြစ်ရကား ခီဏာသဝပုဂ္ဂိုလ်တို့၏ ဤဘဝရောက်လတ္တံ့သောသေခြင်းကို မယူမူ၍ ပဋိစ္စသမုပ္ပါဒ်အခြင်းအရာနှစ်ဆယ်တွင် အနာဂတ်အကျိုးငါးပါး၌ အကျုံးဝင်သော ဇာတိ၏အကျိုးဖြစ်သော မရဏကိုသာ ယူ။ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီးသော ခီဏာသဝအား စုတိအခြားမဲ့ဝယ် ပဋိသန္ဓေနေ

ခြင်းဟူသော ဇာတိပင် မဖြစ်လတ္တံ့ဖြစ်၍ ထိုဇာတိ၏ အကျိုးဖြစ်သော သေခြင်း မရဏသည် မဖြစ်လတ္တံ့သည်သာ ဖြစ်ရကား မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ကိလေသက္ခယစသည်တို့၏ ပကတူပအကြောင်းရင်းဖြစ်သော နိဗ္ဗာန်ကို မသေရခြင်း၏ အကြောင်းဖြစ်သည်ဟု ဆိုရသည်။

---

## ၄-သဒ္ဒါနည်းမှတ်ဖွယ်

### အစ္စန္တံ-ပုဒ်၌ သဘာဝကျကျ ယူပုံကိုပြခြင်း

အစ္စန္တံ-၌ အနက်ကိုသိလွယ်အောင် ဥဒါဟရုဏ်နှင့်တကွ အဘိဓာန်၌လာသော အန္တသဒ္ဒါ၏အနက်ကိုရှေးဦးစွာ ပြလိုက်ဦးအံ့။

အန္တော နိတ္ထိ သမီပေ စာ၊ ဝသာနေ ပဒပူရဏေ။
ဒေဟာဝယဝေ ကောဋ္ဌာသေ၊ နာသသီမာသု လာမကေ။

( အဘိဓာန် ဂါထာနံပါတ် ၇၉၂ )

အနိတ္ထိ၊ ပုလ္လိင်နပုလ္လိင်ဖြစ်သော။ အန္တော၊ အန္တသဒ္ဒါသည်။ သမီပေ စ၊ အနီးဟူသော အနက်၌၎င်း။ အဝသာနေ စ၊ အဆုံး၌၎င်း။ ပဒပူရဏေ စ၊ ပဒပူရဏ၌၎င်း။ ဒေဟာဝယဝေ စ၊ ကိုယ်၏အစိတ်ဖြစ်သော အူမ၌၎င်း။ ကောဋ္ဌာသေ စ၊ အဘို့အစု၌၎င်း။ နာသသီမာသု၊ သေခြင်းဟူသောအနက် အပိုင်းအခြားဟူသော အနက်တို့၌၎င်း။ လာမကေ စ၊ အယုတ်ဟူသော အနက်၌၎င်း။ ဘဝေ၊ ၏။

ထိုအနက်ရှစ်ပါးတွင် အန္တေဝါသီ-၌ အန္တသဒ္ဒါ သမီပတ္ထ။ "အန္တေဝါသီတိ အာစရိယဿ သမီပေ ဝသနသီလော သိဿော" ဟူသော ရူပသိဒ္ဓိဋီကာကိုထောက်။ အဘိဓာန်ဝယ် အဝသာနအရာ၌၊ သီလက္ခန်အဋ္ဌကထာ (၉၆) ဝယ် ပရဘာဂ ကောဋ္ဌိ-ဟု လာ၏။ သဒ္ဒနီတိ ၌ ကောဋ္ဌိ ဟု ဆို၏။ ဧသေဝန္တော ဒုက္ခဿ-၌ အဝသာန ပရဘာဂ ကောဋ္ဌိ။ "ဧသေဝန္တော ဒုက္ခဿာတိအာဒီသု ပရဘာဂေ။ သဗ္ဗပစ္စယသင်္ခယောဟိ ဒုက္ခဿ ပရဘာဂေါ ကောဋ္ဌီတိ ဝုစ္စတိ" ဟူသော သီလက္ခန်အဋ္ဌကထာ (၉၆) "ဧသေဝန္တော ဒုက္ခဿ သဗ္ဗပစ္စယသင်္ခယာတိ ဧတ္ထ ကောဋ္ဌန္တော" ဟူသော သဒ္ဒနီတိ တို့ကိုထောက်။ သုတ္တန္တံ-၌ ပဒပူရဏ။ "သုတ္တဥ္စတံ ပိဋကဥ္စာတိ သုတ္တန္တပိဋကံ" ဟု သုတ္တသဒ္ဒါနှင့်သာ ဝိဂ္ဂဟဝါကျထားလျက် သုတ္တန္တပိဋကံ-ဟု အန္တသဒ္ဒါနှင့် နိပ္ဖန္နထားသော အဋ္ဌသာလိနီ စသည်ကိုထောက်။ အန္တံ အန္တဂုဏံ-စသည်၌ ဒေဟာဝယဝ။ "အန္တံ အန္တဂုဏန္တိ အာဒီသုသရီရာဝယဝေ" ဟူသော ဋီကာဝုတ်အဋ္ဌကထာ (၂၃၃) "အန္တံ အန္တဂုဏန္တိ ဧတ္ထ ဒွတ္တိံသာကာရန္တောဂဓံ ကုဏပန္တံ အန္တံနာမ" ဟူသော သဒ္ဒနီတိ တို့ကိုထောက်။ "ပုဗ္ဗန္တာနုဒိဋ္ဌိနော, သက္ကာယော ဧကော အန္တော" တို့၌ ကောဋ္ဌာသ၊ သန္တိ

ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ပုဗ္ဗန္တကပ္ပိကာ ပုဗ္ဗန္တာနုဒိဋ္ဌိနောတိအာဒီသု ကောဋ္ဌာသေ အာဂတော" ဟူသော ဋီကာအဋ္ဌကထာ (၂၇၇) "သက္ကာယော ခေါ အာဝုသော ဧကော အန္တောတိ အာဒီသု ကောဋ္ဌာသေ" ဟူသော သီလက္ခန်အဋ္ဌကထာ (၉၆) သဒ္ဒနီတိတို့ကို ထောက်။ အန္တကရော-၌ နာသ။ "အန္တံ နာသံ ကရောတီတိ အန္တကရော" ဟူသော မဟာနိမိ အဘိဓာန်ကို ထောက်။ သီမာအရာ၌ သီလက္ခန်အဋ္ဌကထာ ဋီကာအဋ္ဌကထာ သဒ္ဒနီတိတို့၌ "မရိယာဒါ" ဟု ဆို၏။ "ဟရိတန္တံ ဝါ ပထန္တံ ဝါ သေလန္တံ ဝါ" ၌ သီမာ မရိယာဒ။ "ဟရိတန္တံ ဝါ ပထန္တံ ဝါ သေလန္တံ ဝါ တိအာဒီသု မရိယာဒါယံ" ဟူသော သီလက္ခန်အဋ္ဌကထာ (၉၆) ဋီကာအဋ္ဌကထာ (၂၇၇) "ဟရိတန္တံ ဝါတိ ဧတ္ထ အန္တံမရိယာဒန္တောနာမ" ဟူသော သဒ္ဒနီတိ တို့ကို ထောက်။ "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ" "အန္တမိဒံ ဘိက္ခဝေ ဇီဝိကာနံ ယဒိဒံ ပိဏ္ဍောလျံ" ။ "မိဂါနံ ကောတ္ထုကော အန္တော" စသည်၌ လာမက။ "အန္တမိဒံ ဘိက္ခဝေ ဇီဝိကာနံ ယဒိဒံ ပိဏ္ဍောလျန္တိ အာဒီသု လာမကေ" ဟူသော သီလက္ခန်အဋ္ဌကထာ(၉၆) ၎င်းနည်းလာသော သဒ္ဒနီတိ "မိဂါနံ ကောတ္ထုကော အန္တော၊ ပက္ခီနံ ပန ဝါယသော။ လေဏ္ဍော အန္တော ရုက္ခာနံ၊ တယော အန္တာ သမာဂတာတိအာဒီသု လာမကေ" ဟူသော ဋီကာအဋ္ဌကထာ (၂၇၇) တို့ကို ထောက်။ အန္တသဒ္ဒါသည် ဤအဘိဓာန်၌လာသော အနက်ရှစ်ပါးမှ တပါး ပရိစ္ဆေဒ အဗ္ဘန္တရ စိတ္တတို့၌လည်း ဖြစ်၏။ ထို့ကြောင့် ဋီကာအဋ္ဌကထာ (၂၇၇)၌ "အန္တမကာသိ ဒုက္ခဿ အန္တဝါ အယံ လောကော ပရိဝဋုမောတိအာဒီသု ပရိစ္ဆေဒေ" ဟူ၍ အန္တသဒ္ဒါ၏ပရိစ္ဆေဒတ္ထ၌ဖြစ်ကြောင်းကို။ သီလက္ခန်အဋ္ဌကထာ (၉၆) ၌ "စရန္တိ လောကေ ပရိဝါရဆန္နာ အန္တော အသုဒ္ဓါ ဗဟိ သောဘမာနာတိအာဒီသု အဗ္ဘန္တရေ" ဟူ၍ ဋီကာအဋ္ဌကထာ (၂၇၇)၌လည်း "အပေက္ခာနိ ဥပ္ပလာနိ ဝါ ပဒုမာနိ ဝါ ပုဏ္ဍရီကာနိ ဝါ ဥဒကေ သံဝဍ္ဍနိ ဝါ ဥဒကာနုဂ္ဂတာနိ ဝါ အန္တောနိမုဂ္ဂပေါသီနီတိအာဒီသု အဗ္ဘန္တရေ" ဟူ၍ အဗ္ဘန္တရတ္ထ၌ ဖြစ်ကြောင်း၊ ၎င်း အဋ္ဌကထာ (၂၇၇) ၌ပင် "စရန္တိ ဟေကေ ပရိဝါရဆန္နာ၊ အန္တော အသုဒ္ဓါ ဗဟိသောဘမာနာတိအာဒီသု စိတ္တေ" ဟူ၍ စိတ္တအနက်၌ ဖြစ်ကြောင်းကို ပြဆိုတော်မူကြကုန်သည်။

နိဗ္ဗာန်သည် ဘင်အားဖြင့် ရွေလျောပျက်စီးခြင်း မရှိသောကြောင့် စိတ် စေတသိက် ရုပ်ဟူသော သဘာဝဓမ္မတို့ထက် သာလွန်ထူးမြတ်သည် ဟူ၏၊ အဘယ့်ကြောင့်ကား ထိုနိဗ္ဗာန်သည် ဘင်အားဖြင့် ရွေလျောပျက်စီးခြင်း မရှိ လေသနည်းဟူဘယ်ရှိ၍ အစ္စန္တံ-ကိုမိန့်ဆိုရပြန်သည်။ ယခင်ပြဆိုခဲ့သော ဝိဘာဝေါ ဂတိ ဓမ္မာနံ-အစရှိသော ပရိဝါပါဠိတော် (၂၆၃) အဋ္ဌကထာတို့နှင့်အညီ စတုဘူမက

သခ်ါရတရားဟူသမျှတို့မှာ မချုတ်ကေန္တပျက်စီးရမြဲဖြစ်ကုန်သည်။ နိဗ္ဗာန်မူကား "အန္တသ ပရိယောသာနဿ အတိက္ကန္တတ္တာ အစ္စန္တံ" ဟူသော ဋီကာကျော် (၂၁၇) "အတိက္ကန္တတ္တာတိ တပ္ပစ္စယဘာဝေန ဝိနာသာဘာဝတော ဝိနာသ သခ်ါတ-ပရိယောသာနံ အတီတတ္တာ။ ဧတေန အန္တံ အတိက္ကန္တံ အစ္စန္တန္တိ ဝိပရီတဒုတိယာ-တပ္ပုရိသံ ဒဿေတိ" ဟူသော မဏိမဥ္ဇူ တို့နှင့်အညီ အဆုံးဟူသော အပိုင်းအခြားမရှိ ပျက်စီးခြင်းဟူသော အပိုင်းအခြားမရှိသည်ဖြစ်၍ ထိုပျက်စီးခြင်းအဆုံးဟူသော အပိုင်းအခြားကို လွန်သည်၏အဖြစ်ကြောင့် ဘင်အားဖြင့် ရွေ့လျော့ပျက်စီးခြင်း မရှိသည်ဟူလေ။

## အန္တ-ပုဒ် အခိပ္ပါယ်

အန္တသ ပရိယောသာနဿ၊ အဆုံးကို။ အတိက္ကန္တတ္တာ၊ လွန်သည်၏အဖြစ်ကြောင့်။ အစ္စန္တံ၊ အစ္စန္တမည်၏။ အတိက္ကန္တတ္တာတိ၊ ကား။ တပစ္စယဘာဝေန၊ ထိုအဆုံးကိုလွန်ခြင်း၏ အကြောင်း၏အဖြစ်ဖြင့်။ ဝိနာသာဘာဝတော၊ ပျက်စီးခြင်း၏ မရှိခြင်းကြောင့်။ ဝိနာသသခ်ါတပရိယောသာနံ၊ ပျက်စီးခြင်းဟုဆိုအပ်သော အဆုံးကို။ အတီတတ္တာ၊ လွန်သည်၏အဖြစ်ကြောင့်။ ဧတေန၊ ဤ အန္တသ ပရိယောသာနဿ အတိက္ကန္တတ္တာ-ဟူသောဟိတ်ဖြင့်။ အန္တံ၊ ပျက်စီးခြင်းဟူသောအဆုံးကို။ အတိက္ကန္တံ၊ လွန်သည်တည်း။ အစ္စန္တံ၊ လွန်သည်။ ဣတိ၊ သို့။ ဝိပရီတဒုတိယာတပ္ပုရိသံ၊ အစ္စန္တ၏ဝိပရီတဒုတိယာတပ္ပုရိသ်သမာသ်ကို။ ဒဿေတိ၊ ၏။

ဤနည်း၌ အန္တသဒ္ဒါ ယခင်ဆိုခဲ့သောအနက်တို့တွင် နာသတ္ထ၊ အဝသာနတ္ထ-ဟုယူ။ တနည်း နိဗ္ဗာန်လည်း၊နိဗ္ဗာန်သည် မိမိသဘောမှ ရွေ့လျော ပြောင်းရွှေ့ခြင်းမရှိသောကြောင့် ကြွင်းသဘာဝ ဓမ္မတို့ထက် မြတ်သည်ဟူ၏၊ အဘယ့်ကြောင့်ကား နိဗ္ဗာန်သည် မိမိသန္တိသဘောမှ ရွေ့လျော ပြောင်းရွှေ့ခြင်း မရှိသနည်းဟူဘွယ်ရှိ၍ အစ္စန္တံ ကို-မိန့်ဆိုရပြန်သည်။ ယခင်ပြဆိုခဲ့သော "ဥပ္ပါဒတော ပဋ္ဌာယ ယာဝဘင်္ဂါ ဥဒ္ဓံ ပန္နာ ဂတာ ပတ္တာတိ ဥပ္ပန္နာ" ဟူသော အဋ္ဌသာလိနီ (၈၈) "တံတံ ကာရဏံ ပဋိစ္စ ဥပ္ပါဒါဒိဥဒ္ဓံ ပန္နာ ဂတာ ပတ္တာ" ဟူသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ(၁၈) "အတ္တနော သဘာဝံ ဥပ္ပါဒါဒိက္ခဏံ ဝါ ပတ္ဝာ အတိက္ကန္တာတိ အတီတာ။ တဒုဘယမ္ပိ န အာဂတာ န သမ္ပတ္တာတိ အနာဂတာ" ဟူသော ၎င်း အဋ္ဌကထာ (၁၈) တို့နှင့်အညီ ဥပါဒ် ဌီ ဘင်ဟူသော ခဏတ္တယသို့ ရောက်ဆဲဖြစ်သော စိတ် စေတသိက် ရုပ်တရားတို့သည် ပစ္စုပ္ပန်၊ ထိုခဏတ္တယသို့ရောက်၍ လွန်ပြီးတရားတို့သည် အတိတ်၊ ထိုခဏတ္တယသို့မရောက်သေး၊ ရောက်လတ္တံ့ဖြစ်သော တရားတို့သည် အနာဂတ်ဖြစ်ကုန်သည်ဖြစ်၍ ထိုပစ္စုပ္ပန် အတိတ် အနာဂတ် ရကောင်းသော စိတ် စေတသိက် ရုပ်တို့မှာ ဥပါဒ် ဌီ ဘင်ဟူသော ခဏတ္တယရှိကုန်သည်။ ၎င်းခဏတ္တယကို မလွန်ကုန်။ နိဗ္ဗာန်မူကား —

“ဥပ္ပါဒါဒိအန္တံ ဝါ အတိက္ကန္တံ အစ္စုတံ” ဟူသော မဏိမဥ္ဇူ “ဥပ္ပါဒဝယန္တာ-ဘာဝေန အနန္တံ”ဟူသော အဘိဓမ္မာဝတာရဋီကာ “ပရိယန္တပရိစ္ဆေဒဘာဝ-ရဟိတတ္တာ အနန္တံ ဝုစ္စတိ နိဗ္ဗာနံ”ဟူသော ပရိဝါအဋ္ဌကထာ (၂၃၅) “အနန္တန္တိ အန္တရဟိတံ နိစ္စန္တိ အတ္ထော”ဟူသော ဥပရိပဏ္ဏာသဋီကာ (၃၂၈) တို့နှင့်အညီ ဥပါဒ် ဌီ ဘင် ဟူသော အပိုင်းအခြားမရှိ။ အပိုင်းအခြားမှ ကင်းသည်။ ထိုဥပါဒ် ဌီ ဘင်ဟူသော အပိုင်းအခြားကို လွန်သည်ဖြစ်၍ မိမိသန္တိသဘောမှ ရွေ့လျောခြင်း မရှိသည်ဟူလေ။ ဥပါဒ် ဌီ ဘင်ဟူသော အပိုင်းအခြားမရှိသောဟူသည်နှင့် ဥပါဒ် ဌီ ဘင်အပိုင်းအခြားကို လွန်သောဟူသည် အတူတူ။

ဝါ၊ ကား။ ဥပ္ပါဒါဒိအန္တံ၊ ဥပါဒ်အစရှိသော အပိုင်းအခြားကို။ အတိက္ကန္တံ၊ လွန်သည်တည်း။ အစ္စုတံ၊ လွန်သည်။ ဥပ္ပါဒဝယန္တာဘာဝေန၊ ဖြစ်ခြင်းဥပါဒ် ဟူသော အပိုင်းအခြား၊ ပျက်ခြင်း ဘင်ဟူသော အပိုင်းအခြား၏ မရှိခြင်းကြောင့်။ အနန္တံ၊ မည်၏။ ပရိယန္တပရိစ္ဆေဒဘာဝရဟိတတ္တာ၊ ဘင် ဟူသော အဆုံး အပိုင်းအခြားမှ ကင်းသည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ ကို။ အနန္တံ၊ အနန္တဟူ၍။ ဝုစ္စတိ၊ ၏။ အနန္တန္တိ၊ ကား။ အန္တရဟိတံ၊ ဥပါဒ် ဌီ ဘင်ဟူသော အပိုင်းအခြားမှ ကင်း၏။ နိစ္စံ၊ မြဲ၏။ ဣတိအယံ၊ ကား။ အတ္ထော၊ တည်း။

## ဆက်စပ်ယူရန် အဓိပ္ပါယ်

ဤနည်း၌ အန္တသဒ္ဒါ ပရိစ္ဆေဒတ္ထ။ ဤအစ္စုတံ-ကား ပဒံ-၌စပ်ခိုက် ယထာဘူတကထန ဝိသေသန။ အစ္စုတံ-၌စပ်ခိုက် ဟိတ်ဖြစ်၍ ဟေတုမန္တ ဝိသေသန၊ နိဗ္ဗာန်သည် ဥပါဒ် ဌီ ဘင်ဟူသော အပိုင်းအခြားမရှိ၊ ဥပါဒ် ဌီ ဘင် ဟူသော အပိုင်းအခြားကို လွန်သောကြောင့် ဘင်အားဖြင့် ပျက်စီးရွေ့လျော ခြင်းမရှိသည်။ မိမိသန္တိသဘောမှ ရွေ့လျောဖောက်ပြန်ခြင်း မရှိသည်ဟူ၏။ အဘယ်ကြောင့်ကား ထိုနိဗ္ဗာန်သည် ဥပါဒ် ဌီ ဘင်ဟူသော အပိုင်းအခြားမရှိ၊ ၎င်းအပိုင်းအခြားကို လွန်သနည်း ဟူဘွယ်ရှိ၍ အသင်္ခတံ-ကို မိန့်ဆိုရပြန်သည်။

နိဗ္ဗာန်သည် အပ္ပစ္စယ တရားဖြစ်၍ ထိုနိဗ္ဗာန်ကို တစုံတခုသော အကြောင်းသည်မျှ မပြုပြင် မစီရင်အပ် မဖြစ်စေအပ်။ ထိုသို့မပြုပြင်အပ် မစီရင်အပ် မဖြစ်စေအပ်သောကြောင့် ထိုနိဗ္ဗာန်အား ဖြစ်ခြင်းဥပါဒ်ဟူသော အပိုင်းအခြား မရှိ၊ ထိုသို့ ဥပါဒ်အပိုင်းအခြား မရှိသောကြောင့် ပျက်ခြင်း ဘင်ဟူသော အပိုင်းအခြားလည်းမရှိ၊ ယင်းသို့ မရှိခြင်းကြောင့် ထိုဥပါဒ် ဘင်တို့ဖြင့် ပိုင်းခြားအပ်သော ဌီ-ဟူသော အပိုင်းအခြားလည်းမရှိ၊ ဤသို့ ဥပါဒ် ဌီ ဘင် ဟူသော အပိုင်းအခြား မရှိသည်ဖြစ်၍ ဥပါဒ် ဌီ ဘင်ဟူသော အပိုင်းအခြား ကို လွန်သည်ဟူလို။ ဤအသင်္ခတံ-လည်း ပဒံ-၌စပ်ခိုက်ယထာဘူတကထနဝိသေ-သန၊ အစ္စုတံ-၌စပ်ခိုက် ဟိတ်ဖြစ်၍ ဟေတုမန္တဝိသေသနပင်။ ဒုက္ခဟူသမျှ တစ မကြွင်း ကုန်ကင်း ချမ်းသာခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်သည် ထိုနိဗ္ဗာန်

ကို တစုံတခုသော အကြောင်းသည်မျှ မပြုပြင် မစီရင်အပ် မဖြစ်စေအပ်၊ ယင်းသို့ မပြုပြင် မစီရင်အပ် မဖြစ်စေအပ်သောကြောင့် ဥပါဒ် ဌီ ဘင် ဟူသော အပိုင်းအခြားမရှိ၊ ဥပါဒ် ဌီ ဘင်ဟူသော အပိုင်းအခြား ရှိကောင်းသော သဘောကို လွန်သည်၊ ယင်းသို့ လွန်ခြင်းကြောင့် ဘင်အားဖြင့် ပျက်စီးရွေ့လျောခြင်း၊ မိမိသန္တိသဘောမှ ဖောက်ပြန်ရွေ့လျောခြင်း မရှိသည်၊ ယင်းသို့ ရွေ့လျောခြင်းမရှိသောကြောင့် စိတ် စေတသိက် ရုပ်တရားတို့ထက် သာလွန်ထူးမြတ်သည်ဟူလို။

---

## ၅-မင်္ဂဖိုလ်တို့၏အာရုံ

### နိဗ္ဗာန်သည် မင်္ဂဖိုလ်တို့၏ အာရုံသာဖြစ်ပုံ စသည်ကိုပြခြင်း

"နိဗ္ဗာနံ မဂ္ဂဖလာနမာလမ္ဗဏဘူတော အသင်္ခတဓမ္မော" ဟူသော ဋီကာကျော် (၇၄) နှင့်အညီ မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော ကံ-စသော အကြောင်း တရားတို့သည် မပြုပြင်အပ်သော အသင်္ခတ သဘောတရားသည် နိဗ္ဗာန်မည်၏။ ဤ "နိဗ္ဗာနံ မဂ္ဂဖလာနမာလမ္ဗဏဘူတော အသင်္ခတဓမ္မော-ဟူသော ဋီကာကျော်၌ ဋီကာဆရာ၏ အာဘော်အလိုတော်ကို ထင်ရှားသိသာအောင် ပြဆိုလိုက်ဦးအံ့။

စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမိတိ သဗ္ဗထာ-ဟူသော သင်္ဂြိုဟ် (၁) ၌ နိဗ္ဗာန ဟူသည် အဘယ်နည်း။ "အရိယသစ္စာနဒဿနံ၊ နိဗ္ဗာနသစ္ဆိကိရိယာ စ" ဟူသော ခုဒ္ဒကပါဌ ပါဠိတော် (၄) သုတ္တနိပါတ်မင်္ဂလသုတ် ပါဠိတော် (၃၄) တို့၌ နိဗ္ဗာနကဲ့သို့ အရဟတ္တဖိုလ် ဖြစ်လေသလော ဟူဘွယ်ရှိ၍ နိဗ္ဗာနံ မဂ္ဂဖလာန-စသည်ကို ဆိုတော်မူသည်။ နိဗ္ဗာနံ အသင်္ခတဓမ္မော သာ ပဓာန။ ဤအရာ၌ အရဟတ္တဖိုလ်ကိုမလို၊ အသင်္ခတ သဘောဖြစ်သော တရားကိုသာ နိဗ္ဗာန်ဟု ယူရမည်ဟူလို။ အရဟတ္တဖိုလ်ကား သင်္ခတ တရားသာ ဖြစ်သည်။ နိဗ္ဗာနသစ္ဆိကိရိယာ စ-၌ နိဗ္ဗာန အရကို အရဟတ္တဖိုလ်ကို ယူရမည့် အဖြစ်ကိုကား "နိဗ္ဗာနသစ္ဆိကိရိယာနာမ ဣဓ အရဟတ္တဖလံ နိဗ္ဗာနန္တိ အဓိပ္ပေတံ" ဟူသော ခုဒ္ဒကပါဌ အဋ္ဌကထာ (၁၂၈) ကို ထောက်၍ သိလေ။ နိဗ္ဗာန သစ္ဆိကိရိယာနာမ၊ နိဗ္ဗာနသစ္ဆိကိရိယာဝယ် နိဗ္ဗာန မည်သည်။ ဣဓ၊ ဤမင်္ဂလသုတ်အရာ၌။ အရဟတ္တဖလံ၊ ကို။ နိဗ္ဗာနန္တိ၊ ဟူ၍။ အဓိပ္ပေတံ၊ လိုအပ်၏။ အရိယ မင်္ဂဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဟူသော သစ္ဆိကိရိယာသည် အရိယသစ္စာနဒဿနံ-ဟူသော ပုဒ်ဖြင့် ထင်ရှားပြဆိုရခြင်း ပြီးရကား ဤ နိဗ္ဗာနသစ္ဆိကိရိယာ စ-ဟူသော ပုဒ်၌ အရဟတ္တဖိုလ်သို့ ရောက်ခြင်း အရဟတ္တဖိုလ်ကို ဆင်ခြင်ခြင်းသည်ပင် သစ္ဆိကိရိယာ-မည်ကြောင်းကို "တဿ ပတ္တိ ဝါ ပစ္စဝေက္ခဏာ ဝါ သစ္ဆိကိရိယာတိ ဝုစ္စတိ။ ဣတရဿ ပန နိဗ္ဗာနဿ အရိယသစ္စာနံ ဒဿနေနေဝ သစ္ဆိကိရိယာ သိဒ္ဓါ"ဟု ၎င်း အဋ္ဌကထာ (၁၂၉) ၌ ပြဆို၏။

တဿ၊ ထိုအရဟတ္တဖိုလ်သို့။ ပတ္တိ ဝါ၊ ရောက်ခြင်းသည်၎င်း။ တဿ၊ ထိုအရဟတ္တဖိုလ်ကို။ ပစ္စဝေက္ခဏာ ဝါ၊ဆင်ခြင်ခြင်းသည်၎င်း။ သစ္ဆိကိရိယာနာမ၊ ဤနိဗ္ဗာနသစ္ဆိကိရိယာ-ဟူသော မင်္ဂလာ၌ သစ္ဆိကိရိယာ မည်၏။ ဣတရဿ၊ အရဟတ္တဖိုလ်မှတပါးသော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာပန၊ မျက်မှောက်ပြုခြင်းသည်ကား။ အရိယသစ္စာနဒဿနေနေဝ၊ အရိယသစ္စာနဒဿနံ-ဟူသော မင်္ဂလာဖြင့်သာလျှင်။ သိဒ္ဓါ၊ ပြီး၏။

ဤနိဗ္ဗာနသစ္ဆိကိရိယာ စ-၌ အရဟတ္တဖိုလ်ကို အဘယ့်ကြောင့် နိဗ္ဗာန-ဟု ဆိုအပ်လေသနည်းဟူမူ "တမ္ပိဟိ ပဉ္စဂတိ ဝါနနေန ဝါနသညိတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ" ဟူသော ၎င်း အဋ္ဌကထာ (၁၂၈) နှင့်အညီ ငါးပါးသောဂတိတို့ကို ဂတိတပါးနှင့် ဂတိတပါးကို ချုပ်စပ်တတ်သောကြောင့် ဝါနမည်သော တဏှာမှ ထွက်မြောက်ကင်းလွတ်သောကြောင့် နိဗ္ဗာန-ဟု ဆိုအပ်သည်ဟူလေ။

ဟိ သစ္စံ၊ နိဗ္ဗာနသစ္ဆိကိရိယာ-ဟူသော မင်္ဂလာ၌ နိဗ္ဗာနမည်သည် အရဟတ္တဖိုလ်ကို လိုအပ်၏ ဟု ငါဆိုသော စကားမှန်၏။ တမ္ပိ၊ ထိုအရဟတ္တဖိုလ်ကိုလည်း။ ပဉ္စဂတိ ဝါနနေန၊ ဂတိငါးပါးတို့ကို တပါးနှင့် တပါး ချုပ်စပ်တတ်သောကြောင့်။ ဝါနသညိတာယ၊ ဝါနဟု ဆိုအပ်သော။ တဏှာယ၊ မှ။ နိက္ခန္တတ္တာ၊ ကင်းလွတ် ထွက်မြောက်သည်၏အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

အသင်္ခတသဘောသည် နိဗ္ဗာန်မည်သည်ဟူ၏။ စိတ်မှာ ဋ္ဌီမရှိ ဟု ယူ၍ "တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ။ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ" ဟူသော အင်္ဂုတ္တရပါဠိတော် ၁. (၁၅၀) ဝယ် ဌိတဿ-၌ ဌိတိ အရကို ခဏာယ်ဖြစ်သော ဌီကို မကောက်ယူဘဲ ပဗန္ဓဋ္ဌီကို ကောက်ယူသော မူလဋီကာဆရာ၏ ဝါဒကို ပယ်ဖျောက်သောအရာဝယ် ဋီကာကျော် (၁၃၉) ၌ပင် "န သက္ကာ ပဗန္ဓဿ ပညတ္တိ-သဘာဝဿ အသင်္ခတဿ ဌိတိ တတ္ထ ဝုတ္တာတိ ဝိညာတုံ" ဟူ၍ ပညတ်ကို အသင်္ခတ ဟု ဆိုတော်မူသည်။

ပညတ္တိသဘာဝဿ၊ ပညတ်သဘောရှိသော။ အသင်္ခတဿ၊ အသင်္ခတ ဖြစ်သော။ ပဗန္ဓဿ၊ ဓမ္မပဗန္ဓ၏။ ဌိတိ၊ ဋ္ဌီကို။ တတ္ထ၊ ထို တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ-အစရှိသော ပါဠိတော်၌။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ဣတိ၊ သို့။ ဝိညာတုံ၊ သိခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။

## နိဗ္ဗာန်မည်ပုံ ရှင်းပြချက်

အရိယမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်၏အဖြစ်ကြောင့် အနုသယ၏ အစွမ်းအားဖြင့် သတ္တဝါတို့၏သန္တာန်၌ အစဉ်မပြတ်ကိန်းသော ရာဂ ဒေါသ

မောဟတို့၏ တဖန်အသစ်မဖြစ်ခြင်းဟူသော ပရမတ္ထဓမ္မမဟုတ်သော ချုပ်ပျက် ကုန်ငြိမ်းခြင်း၏ နိပ္ပရိယာယ မုချအားဖြင့် သဉပါဒိသေသ နိဗ္ဗာနဓာတ် မည်ကြောင်းကို "တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု" ဟူ၍ ဣတိဝုတ်ပါဠိတော် (၂၂၁) ၌ ဟောတော်မူသည်။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ တဏှာ ဒိဋ္ဌိ တို့ဖြင့် စွဲလမ်းနှစ်သက် တပ်မက်ခြင်း မကင်းသေးသော ပုထုဇဉ်သေက္ခတို့အား စုတိ၏ အခြားမဲ့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေကိစ္စတပ်၍ ထိုက်သည်အားလျော်စွာ ဖြစ်ကုန်သကဲ့သို့ ရုပ်နာမ်ခန္ဓာတို့၌ တဏှာဒိဋ္ဌိတို့ဖြင့် သာယာနှစ်သက် တပ်မက်စွဲလမ်းခြင်း ကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်၏ စုတိ ဘင်္ဂက္ခဏ၏အခြားမဲ့၌ ထိုဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ရုပ်နာမ်တရား တို့၏ တဖန် အသစ်မဖြစ်ခြင်းဟူသော ပရမတ္ထဓမ္မ မဟုတ်သော ကုန်ပျက် ချုပ်ငြိမ်းခြင်း၏ နိပ္ပရိယာယ မုချအားဖြင့် အနုပါဒိသေသ နိဗ္ဗာနဓာတ် မည်ကြောင်းကို "တဿ ဣဓေဝ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတိ ဘဝိဿန္တိ။ အယံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု" ဟူ၍ ၎င်း ပါဠိတော် (၂၂၁) ၌ပင် ဟောတော်မူသည်။ ဤသို့ ပညတ်ကို အသင်္ခတဟူ၍ ရာဂအစရှိသည်တို့၏ မဖြစ်ခြင်းကို နိဗ္ဗာန်ဟူ၍ ဆိုအပ်သည်၏ အဖြစ်ကြောင့် ဤ၌ အသင်္ခတသဘောဖြစ်သော နိဗ္ဗာန်ဟူသည် ရာဂအစရှိသည်တို့၏ မဖြစ်ခြင်း၊ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာတို့၏မဖြစ်ခြင်းဟူသော ပရမတ္ထဓမ္မ မဟုတ်သော ငြိမ်းခြင်းပင် ဖြစ်လေသလော ဟူဘွယ်ရှိ၍ "မဂ္ဂဖလာန မာလမ္ဗဏ-ဘူတော-ကို" ဆိုပြန်ရသည်။

## သင်္ခတနိဗ္ဗာန်နှင့် အသင်္ခတနိဗ္ဗာန်

ဤအရာ၌ နိဗ္ဗာန်ဟူသည် ရာဂအစရှိသည်တို့၏မဖြစ်ခြင်း ခန္ဓာတို့၏မဖြစ်ခြင်း ဟူသော ငြိမ်းခြင်းမဟုတ်၊ မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဓမ္မ သာ ဟူလို။ ထိုရာဂစသည်တို့၏မဖြစ်ခြင်း ခန္ဓာတို့၏မဖြစ်ခြင်းကား နိဗ္ဗာနပင် မည်သော်လည်း မဂ်ဖိုလ်တို့၏အာရုံမဟုတ်၊ ဤပုဒ်နှစ်ခုတို့တွင် အသင်္ခတဓမ္မော-ဖြင့် အရဟတ္တဖိုလ် ဟူသော နိဗ္ဗာန်ကို နစ်စေသည်၊ ထိုအရဟတ္တဖိုလ်ကား အသင်္ခတမဟုတ်၊ သင်္ခတသာ။ န မဂ္ဂဖလာနမာလမ္ဗဏဘူတော-ဖြင့် ရာဂစသည်တို့၏မဖြစ် ကုန်ငြိမ်း ခြင်း ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏မဖြစ် ကုန်ငြိမ်းခြင်းဟူသော နိဗ္ဗာန်ကို နစ်စေသည်။ ထိုရာဂစသည်တို့၏မဖြစ်ခြင်း ကုန်ငြိမ်းခြင်းဟူသော နိဗ္ဗာန်ကား မဂ်ဖိုလ်တို့၏အာရုံ ပရမတ္ထနိဗ္ဗာန် မဟုတ်။

ဘိက္ခဝေ၊ တို့။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏။ ယော ရာဂက္ခယော၊ အကြင် ရာဂ၏ကုန်ခြင်းသည်။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ခြင်းသည်။ ယော မောဟက္ခယော၊ အကြင်မောဟ၏ ကုန်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊

ဤရာဂ ဒေါသ မောဟတို့၏ကုန်ခြင်းကို။ သဥပါဒိသေသာ၊ ကိလေသာမှကြွင်းသော ငါ-ငါ၏ကိုယ်စသည်ဟူ၍ တဏှာဒိဋ္ဌိတို့သည် စွဲလမ်းအပ်၍ ဥပါဒိမည်သော ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးနှင့်တကွဖြစ်သော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်ဟူ၍။ ဝါ၊ ရာဂအစရှိသည်တို့၏ ငြိမ်းခြင်းသဘောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ ဣဓဝေ၊ ဤပစ္စက္ခဘဝ၌ပင်လျှင်။ သဗ္ဗဝေဒယိတာနိ၊ အလုံးစုံသော အဗျာကတဝေဒနာတို့သည်။ ဝါ၊ ခန္ဓာငါးပါးတို့သည်။ အနဘိနန္ဒိတာနိ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းတပ်မက်နှစ်သက်ခြင်းမရှိကုန်သည်ဖြစ်၍။ သီတိ ဘဝိဿန္တိ၊ စင်စစ်ငြိမ်းအေးသောအားဖြင့် သင်္ခါရဟူသော ပူပန်ခြင်းမှ ငြိမ်းခြင်းဖြင့် ငြိမ်းအေးခြင်းရှိသည် ဖြစ်ကုန်လတ္တံ့။ အယံ၊ ဤတဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းတပ်မက်နှစ်သက်ခြင်း မရှိကုန်သည်ဖြစ်၍ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာ ငါးပါးတို့၏ စင်စစ်ငြိမ်းအေးသော သဘောအားဖြင့် စုတိဘင်္ဂက္ခဏ၏အခြားမဲ့၌ ဖြစ်လတ္တံ့သော ငြိမ်းအေးခြင်းဟူသော ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်ခြင်းဟူသော ချုပ်ငြိမ်းခြင်းကို။ အနုပါဒိသေသာ၊ အနုပါဒိသေသမည်သော။ ဝါ၊ ဝိပါက် နာမက္ခန္ဓာကမ္မဇရုပ်ဟူသော ဥပါဒိအကြွင်းမရှိသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်ဟူ၍။ ဝါ၊ ငြိမ်းအေးခြင်းသဘော ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

" နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနမာလမ္ဗဏဘူတံ " ဟူသော အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ (၄၅) နှင့်အညီ လောကုတ္တရာဖြစ်သော လေးပါးအပြားရှိသော မဂ်နှင့်တကွဖြစ်သော ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သောတရားသည် နိဗ္ဗာန်မည်၏ ဟူလို။

ပန၊ ရူပံ-ဟူသော ဥဒ္ဒေသ၏ဝိဘာဂမှတပါး နိဗ္ဗာနံ-ဟူသောဥဒ္ဒေသ၏ဝိဘာဂကိုဆိုအံ့။ လောကုတ္တရသင်္ခါတစတုမဂ္ဂဉာဏေန၊ လောကုတ္တရာဟုဆိုအပ်သော လေးပါးအပြားရှိသောမဂ်နှင့် သဟဇာတဖြစ်သောဉာဏ်ဖြင့်။ ဝါ၊ သည်။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ အာလမ္ဗဏဘူတံ၊ အာရုံဖြစ်၍ ဖြစ်သောတရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာနမည်၏။

## ပုဒ်နှင့်ဝါကျ အဆုံးအဖြတ်

လောကုတ္တရသင်္ခါတံ-ဟု ဝိဘတ္တျန္တဝါကျနှင့်ရှိတတ်၏။ ရှိသည်အတိုင်းလည်း ၎င်းပုဒ်ကို နိဗ္ဗာနံနှင့် ဝိသေသန ဝိသေသျအဖြစ်ဖြင့် စပ်၍ အနက်အဓိပ္ပါယ်ကို ဆိုကြ၏။ "အနာသဝဘာဝေန တေဘူမကဝဋ္ဋသင်္ခါတဿ လောကဿ ဥတ္တရဏတော အတိက္ကမနတော လောကုတ္တရန္တိ သင်္ခါတေန စတုဗ္ဗိဓအရိယမဂ္ဂေန သဟဇာတဉာဏေန သစ္ဆိကာတဗ္ဗံ" ဟု ဖွင့်သော သင်္ဂြိုဟ်ဋီကာဟောင်း

အလိုသော် သမာသ်သာ လိုသည်။ ၎င်းပုဒ်ကိုလည်း မဂ္ဂနှင့်သာ စပ်စေလိုသည်။ ဠီကာနှစ်ကျမ်းလုံး၌ပင် ဝိသေသနပုဒ်နှစ်ခုကို ဆိုခြင်း၏ အကျိုးကိုသာပြ၍ လောကုတ္တရသခ်ါတ-ကို နိဗ္ဗာန်-၏ ဝိသေသနအဖြစ်ဖြင့် မပြမဆို။ ယင်းကိုဆိုခြင်း၏ အကျိုးကိုလည်း အသီးမပြသောကြောင့် သမာသ်နှင့်ရှိသည်သာ သင့်သည်။

## သာစကပါဌ်တို့၏ အနက်အဓိပ္ပါယ်

အနာသဝဘာဝေန၊ အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏ အဖြစ်ဖြင့်။ တေဘူမကဝဋ္ဋသခ်ါတသ၊ တေဘူမကဝဋ္ဋတရားဟု ဆိုအပ်သော။ လောကသ၊ လောကကို။ ဥတ္တရဏတော အတိက္ကမနတော၊ လွန်မြောက် ခြင်းကြောင့်။ လောကုတ္တရန္တိသခ်ါတေန၊ လောကုတ္တရာဟု ဆိုအပ်သော။ စတုဗ္ဗိဓအရိယမဂ္ဂေန၊ လေးပါးအပြားရှိသော အရိယမဂ်နှင့်။ သဟဇာတဉာဏေန၊ တကွဖြစ်သော ဉာဏ်ဖြင့်။ ဝါ၊ သည်။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော။

"လောကုတ္တရသခ်ါတံ စတုမဂ္ဂဉာဏေန" စသော အဘိဓမ္မတ္ထ သင်္ဂဟအဋ္ဌကထာ (၄၄) ၌ လေးပါးသော အရိယာမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော နိဗ္ဗာန်ဟူက နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်မှတပါး နစ်စေရန် တရားအခြား မရှိပြီ။ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ဟူကလည်း ယင်းနိဗ္ဗာန်မှတပါး နစ်စေရန်တရား အခြားမရှိပြီဖြစ်ရကား စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ-ဟူသော ဝိသေသန၊ မဂ္ဂဖလာနမာလမ္ဗဏဘူတံ-ဟူသော ဝိသေသနပုဒ် နှစ်ခုတို့တွင် တခုခုကိုဆိုလျှင်ပင် ပြီးကောင်းသော်လည်း ထိုနိဗ္ဗာန်၏ ထိုထိုအရိယာပုဂ္ဂိုလ်တို့အား ပစ္စက္ခအားဖြင့် အရိယမဂ်ဉာဏ်အား ထင်ရှားသည်၏အဖြစ် ကလျာဏပုထုဇဉ်တို့အား အနုမာနထောက်ဆ၍ သိသောအားဖြင့် ထင်ရှားသည်၏ အဖြစ်ကို ပြရခြင်းအကျိုးငှါ နှစ်ပုဒ်လုံးကို အရှင်အနုရုဒ္ဓါဆရာ ဆိုတော်မူသည်။ ထိုတွင် ရှေ့ပုဒ်ဖြင့် အရိယာတို့အား ပစ္စက္ခအားဖြင့် နောက်ပုဒ်ဖြင့် ကလျာဏပုထုဇဉ်တို့အား အနုမာနအားဖြင့် ထင်ရှားသည်၏ အဖြစ်ကို ပြတော်မူသည်။ ယင်းတို့ကို ပြသဖြင့်လည်း နိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့် အသီးအခြားတပါးမရှိပြီ၊ ရာဂအစရှိသည်တို့၏ မဖြစ်ခြင်းဟူသော အဘာဝမတ္တ အတ္ထပညတ်မျှသာ ဖြစ်သည်ဟု ဖောက်ပြန်မှားယွင်း၍ သိသော မိစ္ဆာဝါဒီ ပုဂ္ဂိုလ်တို့၏ မဟုတ်မမှန် ဖောက်ပြန်မှားယွင်းသော အယူကို နစ်စေတော်မူကြောင်းကို—

နိဗ္ဗာနံ ပန အနာသဝဘာဝေန တေဘူမကဝဋ္ဋသခ်ါတသ လောကသ ဥတ္တရဏတော အတိက္ကမနတော လောကုတ္တရန္တိ သခ်ါတေန စတုဗ္ဗိဓ-အရိယမဂ္ဂေန သဟဇာတဉာဏေန သစ္ဆိကာတဗ္ဗံ။ ဣမိနာ အရိယပုဂ္ဂလ-သခ်ါတာနံ ယောဂီနံ အရိယေန ဉာဏစက္ခုနာ ပဿိတဗ္ဗတော နိဗ္ဗာနဿ ပစ္စက္ခသိဒ္ဓတာ ဒဿိတာ ဟောတိ။ စတုန္နံ အရိယမဂ္ဂါနံ စတုန္နံ ဖလာနဉ္စ

အာလမ္ဗဏပစ္စယဘူတံ။ ဉာဏေန ကလျာဏပုထုဇ္ဇနာနံ နိဗ္ဗာနသင်္ခါ အနုမာန-
သိဒ္ဓတာ ဒဿိတာ ဟောတိ။

ဟူ၍ သင်္ဂြိုဟ်ဋီကာဟောင်း။

"စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိဣမိနာ နိဗ္ဗာနသင်္ခါ တံ တံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒသ္သေတိ။ မဂ္ဂဖလာန မာလမ္ဗဏဘူတန္တိ ဣမိနာ ကလျာဏပုထုဇ္ဇနာနံ အနုမာနသိဒ္ဓတံ။ ပစ္စက္ခာနုမာနသိဒ္ဓတာ သန္ဒဿနေန စ အဘာဝမတ္တံ နိဗ္ဗာနန္တိ ဝိပ္ပဋိပန္နာနံ ဝါဒံ နိသေဓေတိ"

ဟူ၍ ဋီကာကျော် (၂၁၆) တို့၌ ပြဆိုသည်။

အနာသဝဘာဝေန၊ ဖြင့်။ လောကုတ္တရန္တိသင်္ခါတေန၊ သော။ စတုဗ္ဗိဓ-အရိယမဂ္ဂေန၊ နှင့်။ သဟဇာတဉာဏေန၊ ဖြင့်။ ဝါ၊ သည်။ သစ္ဆိကာတဗ္ဗံ၊ သော။ ဣမိနာ၊ ဤ လောကုတ္တရသင်္ခါတစတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ-ဟူသော ရှေ့ဝိသေသနဖြင့်။ အရိယပုဂ္ဂလသင်္ခါတာနံ၊ အရိယာပုဂ္ဂိုလ်ဟုဆိုအပ်ကုန်သော။ ယောဂီနံ၊ ယောဂီပုဂ္ဂိုလ်တို့အား။ အရိယေန၊ မြတ်သော။ ဝါ၊ အရိယမဂ်နှင့်ယှဉ်သော။ ဉာဏစက္ခုနာ၊ ဉာဏ်တည်းဟူသော မျက်စိဖြင့်။ ပဿိတဗ္ဗတော၊ မြင်အပ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနသင်္ခါ၊ ၏။ ပစ္စက္ခသိဒ္ဓတာ၊ မျက်မှောက်အားဖြင့် ထင်ရှားသည်၏ အဖြစ်ကို။ ဒဿိတာ၊ ပြတော်မူအပ်သည်။ ဟောတိ၊ ၏။ စတုန္နံ၊ လေးပါးကုန်သော။ အရိယာမဂ္ဂါနဉ္စ၊ အရိယမဂ်တို့၏ငင်း။ စတုန္နံ၊ ကုန်သော။ ဖလာနဉ္စ၊ ဖိုလ်တို့၏ငင်း။ အာလမ္ဗဏပစ္စယဘူတံ၊ အာရမ္မဏ ပစ္စည်းဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣမိနာ၊ ဤမဂ္ဂ-ဖလာန မာလမ္ဗဏဘူတံ-ဟူသော နောက်ဝိသေသနဖြင့်။ ကလျာဏပုထုဇ္ဇနာနံ၊ တို့အား။ အနုမာနသိဒ္ဓတာ၊ ယော်ယမ်းထောက်ဆ၍ သိသောအားဖြင့် ထင်ရှားသည်၏ အဖြစ်ကို။ ဒဿိတာ၊ သည်။ ဟောတိ၊ ၏။

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ၊ ကာတဗ္ဗံ-ဟူသော ဤဝိသေသန ဖြင့်။ နိဗ္ဗာနသင်္ခါ၊ ၏။ တံ တံ အရိယပုဂ္ဂလာနံ၊ သောတာပန် အစရှိသော ထိုထိုအရိယာပုဂ္ဂိုလ်တို့အား။ ပစ္စက္ခသိဒ္ဓတံ၊ ကို။ ဒသ္သေတိ၊ ၏။ မဂ္ဂဖလာန-မာလမ္ဗဏဘူတန္တိ ဣမိနာ၊ ဖြင့်။ ကလျာဏပုထုဇ္ဇနာနံ၊ တို့အား။ အနုမာန-သိဒ္ဓတံ၊ ကို။ ဒသ္သေတိ၊ ၏။ ပစ္စက္ခာနုမာနသိဒ္ဓတာ သန္ဒဿနေန စ၊ အရိယာတို့အား ပစ္စက္ခအားဖြင့် ထင်ရှားသည်၏အဖြစ်၊ ကလျာဏ ပုထုဇဉ်တို့အား အနုမာနအားဖြင့် ထင်ရှားသည်၏အဖြစ်တို့ကို ပြသဖြင့်လည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန် ဟူသည်။ အဘာဝမတ္တံ၊ ပရမတ္ထအားဖြင့် အသီးအခြား တပါးမရှိပြီ။ (ရာဂအစ ရှိသည်တို့၏ မဖြစ်ခြင်း အဘာဝအတ္တပညတ်မျှသာတည်း။) ဣတိ၊ သို့။ ဝိပ္ပဋိ-ပန္နာနံ၊ ဖောက်ပြန်မှားယွင်း၍ သိသော မိစ္ဆာဝါဒီ ပုဂ္ဂိုလ်တို့၏။ ဝါဒံ၊ မဟုတ် မမှန် ဖောက်ပြန်မှားယွင်းသော အယူကို။ နိသေဓေတိ၊ တားမြစ်တော်မူ၏။

သင်္ခတဓမ္မာရမ္မဏဥ္ဟိ ပညတ္တာလမ္ဗဏံ ဝါ ဉာဏံ ကိလေသာနံ သမုစ္ဆေဒ-ပဋိပဿမ္ဘနေ အသမတ္ထံ၊ အတ္ထိ စ လောကေ ကိလေသသမုစ္ဆေဒါဒိ။ တသ္မာ အတ္ထိ သင်္ခတသမ္မုတိဓမ္မဝိပရီတော ကိလေသာနံ သမုစ္ဆေဒ-ပဋိပဿဒ္ဓိကရာနံ မဂ္ဂဖလာနံ အာရမ္မဏဘူတော နိဗ္ဗာနံ နာမ ကောစိ ဓမ္မောတိ သိဒ္ဓံ”

ဟူသော ဋီကာကျော် (၂၁၆)

ဣမိနာ ကလျာဏပုထုဇ္ဇနာနံ နိဗ္ဗာနဿ အနုမာနသိဒ္ဓတာ ဒဿိတာ ဟောတိ။ သဗ္ဗညုဝစနာနုသာရေန အရိယမဂ္ဂဖလာနံ သမ္မုတိသင်္ခတ-ဝိပရီတာလမ္ဗဏပစ္စယဘာဝေန ဇာနိတဗ္ဗတော”

ဟူသော သင်္ဂြိုဟ်ဋီကာဟောင်း ။

ဟိ သစ္စံ၊ မှန်၏။ သင်္ခတဓမ္မာရမ္မဏံ၊ သင်္ခတတရားလျှင် အာရုံရှိသော။ ဉာဏံ ဝါ၊ ဉာဏ်သည်၎င်း ပညတ္တာလမ္ဗဏံ၊ ပညတ်တရားလျှင် အာရုံရှိသော။ ဉာဏံ ဝါ၊ သည်၎င်း။ ကိလေသာနံ၊ ကိလေသာတို့ကို။ သမုစ္ဆေဒပဋိပဿမ္ဘနေ၊ အကြွင်းမဲ့ ဖြတ်ခြင်းကိစ္စ တဖန် ငြိမ်းစေခြင်းကိစ္စ၌။ အသမတ္ထံ၊ မစွမ်းနိုင်သည်။ ဟောတိ၊ ၏။ လောကေ၊ အရိယာပုဂ္ဂိုလ်ဟူသော လောက၌။ ကိလေသ-သမုစ္ဆေဒါဒိ၊ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်း အစရှိသည်သည်။ အတ္ထိ စ၊ ရှိလည်း ရှိခဲ့၏။ တသ္မာ၊ ထိုသို့ သင်္ခတတရားလျှင် အာရုံရှိသောဉာဏ်၊ ပညတ်တရားလျှင် အာရုံရှိသောဉာဏ်တို့၏ ကိလေသာတို့ကို သမုစ္ဆေဒပဟာန် ပဋိပဿဒ္ဓိပဟာန်တို့ဖြင့် ပယ်ခြင်းကိစ္စ၌ မစွမ်းနိုင်သည်၏အဖြစ်၊ ကိလေသာတို့ကို အကြွင်းမဲ့ပယ်ဖြတ်ခြင်း တဖန်ငြိမ်းစေခြင်းတို့၏လည်း လောက၌ ထင်ရှား ရှိသည်၏အဖြစ်ကြောင့်။ သင်္ခတသမ္မုတိဓမ္မဝိပရီတော၊ သင်္ခတတရား ပညတ်တရားတို့မှပြန်သော သင်္ခတတရား ပညတ်တရား မဟုတ်သော။ ကိလေသာနံ၊ တို့ကို။ သမုစ္ဆေဒ ပဋိပဿဒ္ဓိကရာနံ၊ အကြွင်းမဲ့ပယ်ဖြတ်ခြင်း တဖန်ငြိမ်းစေခြင်း တို့ကို ပြုတတ်ကုန်သော။ မဂ္ဂဖလာနံ၊ တို့၏။ အာလမ္ဗဏဘူတော၊ အာရုံဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန်မည်သော။ ကောစိ၊ အသီးအခြား တပါးသော။ ဓမ္မော၊ တရားသည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဣတိ၊ ဤသို့ အနုမာနဉာဏ်ဖြင့် သိသောအားဖြင့်။ သိဒ္ဓံ၊ ထင်ရှားသည်။ ဟောတိ၊ ၏။

ဣမိနာ၊ ဤမဂ္ဂဖလာနမာလမ္ဗဏဘူတံ-ဟူသော နောက်ဝိသေသနဖြင့်။ ကလျာဏပုထုဇ္ဇနာနံ၊ တို့အား။ နိဗ္ဗာနဿ၊ ၏။ အနုမာနသိဒ္ဓတာ၊ အနုမာန အားဖြင့် ထင်ရှားသည်၏အဖြစ်ကို။ ဒဿိတာ၊ သည်။ ဟောတိ၊ ၏။ ကသ္မာ၊ အဘယ့်ကြောင့် ဤနောက်ဝိသေသနဖြင့် နိဗ္ဗာန်၏ အနုမာနအားဖြင့် ပုထုဇဉ် တို့အား ထင်ရှားသည်၏အဖြစ်ကို ပြနိုင်သနည်းဟူမူကား။ သဗ္ဗညု ဝစနာ-

နသာရေန၊ ပိဋကတ်သုံးဖြာ၌လာသော နိဗ္ဗာန်နှင့် စပ်ဆိုင်ဟောပြတော်မူအပ်သော မြတ်စွာဘုရားစကားတော်ကို အစဉ်လျှောက်သောအားဖြင့်။ အရိယ-မဂ္ဂဖလာနံ၊ အရိယမဂ်ဖိုလ်တို့၏။ သမ္မုတိသင်္ခတဝိပရီတာလမ္ဗဏပစ္စယဘာဝေန၊ ပညတ်အာရုံမှပြန်သော ပရမတ်အာရုံ၊ သင်္ခတအာရုံမှပြန်သော အသင်္ခတအာရုံအားဖြင့် ကျေးဇူးပြုတတ်သော အာရမ္မဏပစ္စည်းအဖြစ်ဖြင့်။ ဇာနိတဗ္ဗတော၊ သိအပ်သည်၏ အဖြစ်ကြောင့်တည်း။

ဤကျမ်းတို့နှင့်အညီ အနုမာနအားဖြင့် သိပုံ ထင်ရှားပုံကို ပြဦးအံ့။

ကလျာဏပုထုဇဉ်တို့အား နိဗ္ဗာန်ကို မရဘူးသေးသည်ဖြစ်၍ ပစ္စက္ခအားဖြင့်ပင် မသိသော်လည်း သင်္ခတတရားလျှင် အာရုံရှိသောဉာဏ်တို့သည် ထိုက်သည်အားလျော်စွာ ကိလေသာတို့ကို တဒင်္ဂအားဖြင့် ပယ်ခြင်းကိစ္စ၊ ဝိက္ခမ္ဘနအားဖြင့် ပယ်ခြင်းကိစ္စ၌သာ စွမ်းနိုင်၍ သမုစ္ဆေဒအားဖြင့် ပယ်ခြင်းကိစ္စ ပဋိပဿဒ္ဓိအားဖြင့် ပယ်ခြင်းကိစ္စ၌ မစွမ်းနိုင်သောကြောင့် မဂ်ဖိုလ်တို့သည် သင်္ခတအာရုံ ပညတ်အာရုံကို အာရုံပြုခဲ့သော် ကိလေသာတို့ကို သမုစ္ဆေဒ ပဋိပဿဒ္ဓိအားဖြင့် ပယ်ခြင်းငှါ မစွမ်းနိုင်ရာ။ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်းဟူသော သမုစ္ဆေဒအားဖြင့် ပယ်ခြင်းကိစ္စ၊ တဖန် ငြိမ်းစေခြင်းဟူသော ပဋိပဿဒ္ဓိအားဖြင့် ပယ်ခြင်းကိစ္စ မည်သည်လည်း လောက၌ ထင်ရှားခဲ့ရကား သင်္ခတအာရုံ ပညတ်အာရုံတို့မှပြန်သော သင်္ခတအာရုံ ပညတ်အာရုံမဟုတ်သော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်း တဖန် ငြိမ်းစေခြင်းတို့ကို ပြုတတ်ကုန်သော မဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်မည်သော တပါးသောတရားသည် ပရမတ္ထအားဖြင့် စင်စစ်ကေန် ရှိသည်မှန်၏ ဟု ဆ၍သိသောအားဖြင့် ထင်ရှား၏၊ ဤသို့ အနုမာနအားဖြင့် ထင်ရှားသည်။

အဝိဇ္ဇာ တဏှာ ဟူသော ဝဋ်မြစ်မူလ မကင်း မကုန် မငြိမ်းသေးသမျှ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း ဒုက္ခ မကင်းမငြိမ်းနိုင်။ ထိုအဝိဇ္ဇာ တဏှာ စသော ကိလေသာတို့ ကုန်ငြိမ်းမှ ကုန်ငြိမ်းသည်။ ကိလေသာတို့ကို ကုန်ငြိမ်းစေတတ်သော တရားကား ကာမကုသိုလ်ဉာဏ် မဟဂ္ဂုတ်ကုသိုလ်ဉာဏ် အရိယမဂ်ဉာဏ်သာတည်း။ ထိုတွင် ကာမကုသိုလ်ဉာဏ်သည် သင်္ခတတရားကို အာရုံပြု၍ ကိလေသာကို ဖျက်ပယ်ရသောကြောင့် တဒင်္ဂမျှဖြင့်သာ ကုန်ငြိမ်းစေနိုင်သည်၊ ထိုထက်လွန်၍ မကုန်ငြိမ်းစေနိုင်။ မဟဂ္ဂုတ်ကုသိုလ်ဉာဏ်သည်လည်း ပညတ်ကို အာရုံပြု၍ ဖျက်ပယ်ရသောကြောင့် ဝိက္ခမ္ဘနမျှဖြင့်သာ ကုန်ငြိမ်းစေနိုင်သည်၊ သမုစ္ဆေဒအားဖြင့် မကုန်ငြိမ်းစေနိုင်။ အရိယမဂ်ဉာဏ်မူကား နိရောဓသစ္စာကို အာရုံပြု၍ ဖျက်ပယ်ရသောကြောင့် နောင်တဖန် မဖြစ်နိုင်အောင် သမုစ္ဆေဒအားဖြင့် ကုန်ငြိမ်းစေနိုင်သည်။

## သိလွယ်ရန် ဥပမာ

ထိုသို့ ငြိမ်းစေရာ၌ လောကူပမာအားဖြင့် ထင်စွာ ပြဆိုလိုက်ဦးအံ့။

လောက၌ ရန်သူကို နှိပ်စက်သောသူသည် တံဖျာကြိမ်လုံးမျှဖြင့် ရိုက်ခတ်ညှဥ်းဆဲနှိပ်စက်သည်ရှိသော် အဖီးအစင်းထင်ရုံမျှသာ နာကျင်အောင် နှိပ်စက်နိုင်သည်၊ ထိုထက်နာကျင်အောင် မနှိပ်စက်နိုင်။ တုတ်လက်နက်ဖြင့် ရိုက်နှက်ညှဥ်းဆဲနှိပ်စက်သောသူသည်လည်း ကျိုးပဲ့ပေါက်ပြတ်ရုံသာ နှိပ်စက်နိုင်သည်၊ ဦးခေါင်းပြတ်၍ သေဆုံးခြင်းသို့ တိုင်ရောက်အောင် မနှိပ်စက်နိုင်။ ဓား သန်လျက် လက်နက်ဖြင့် ဦးခေါင်းကိုဖြတ်၍ နှိပ်စက်သည်ရှိသော် အသက်သေဆုံးရသည်တိုင်အောင် နှိပ်စက်နိုင်သည်။ ရန်သူနှင့် ကိလေသာတူ၏၊ ရန်သူကို နှိပ်စက်သောသူနှင့် ဉာဏ်တူ၏၊ နှိပ်စက်ကြောင်းလက်နက်နှင့် အာရုံတူ၏. တံဖျာကြိမ်လုံးမျှဖြင့် ရန်သူကို နှိပ်စက်သောသူနှင့် သင်္ခတတရားကို အာရုံပြု၍ ကိလေသာတို့ကို ငြိမ်းစေသော ကာမကုသိုလ်ဉာဏ်တူ၏၊ ကြီးသောတုတ်ဖြင့် ရန်သူကို ရိုက်နှက်နှိပ်စက်သောသူနှင့် ပညတ်တရားကို အာရုံပြု၍ ကိလေသာတို့ကို ငြိမ်းစေသော မဟဂ္ဂုတ်ကုသိုလ်ဉာဏ်တူ၏၊ ဓား သန်လျက်ဖြင့် ရန်သူကို ခုတ်ဖြတ်နှိပ်စက်သောသူနှင့် နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာကို ငြိမ်းစေသော အရိယမဂ်ဉာဏ်တူ၏။ တံဖျာကြိမ်လုံးမျှကိုကိုင်၍ ရန်သူကို နှိပ်စက်သောသူသည် အဖီး အစင်း ထင်ရုံ ထရုံမျှဖြင့်သာ နှိပ်စက်နိုင်သကဲ့သို့ သင်္ခတတရားကို အာရုံပြု၍ ကိလေသာကို ငြိမ်းစေသော ကာမကုသိုလ်ဉာဏ်သည် တဒင်္ဂမျှဖြင့်သာ ကိလေသာကို ငြိမ်းစေနိုင်သည်၊ တုတ်လက်နက်ကိုကိုင်၍ နှိပ်စက်သောသူသည် ကျိုးပဲ့ ပေါက်ပြတ်ရုံမျှဖြင့်သာ နှိပ်စက်နိုင်သကဲ့သို့ ပညတ်ကို အာရုံပြု၍ ကိလေသာကို ငြိမ်းစေသော မဟဂ္ဂုတ်ကုသိုလ်ဉာဏ်သည် ဝိက္ခမ္ဘနမျှဖြင့်သာ ငြိမ်းစေနိုင်သည်၊ ဓား သန်လျက် လက်နက်ကိုကိုင်၍ ခုတ်ဖြတ်နှိပ်စက်သောသူသည် ရန်သူကို ဦးခေါင်းပြတ်၍ အသက် သေဆုံးအောင် နှိပ်စက်နိုင်သကဲ့သို့ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာတို့ကို ငြိမ်းစေသော အရိယမဂ်ဉာဏ်သည် ကိလေသာတို့ကို နောင်တဖန် မဖြစ်စေရ၊ ဆုံးခန်းရောက်အောင် သမုစ္ဆေဒအားဖြင့် ကုန်ငြိမ်းစေနိုင်သည်။ တံဖျာကြိမ်လုံးနှင့် သင်္ခတအာရုံ၊ တုတ်လက်နက်နှင့် ပညတ်အာရုံ၊ ဓား သန်လျက်နှင့် နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်အာရုံတူ၏။ ဤသို့ ဥပမာ ဥပမေယျဟပ်၍ သိပါလေ။

## အသင်္ခတဓာတု အရကောက်ပြပုံ

"တတ္ထ ကတမာ အသင်္ခတဓာတု။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော" ဟူသော အာယတနဝိဘင်းပါဠိတော်-(၇၄) ၏ အဖွင့်ဖြစ်သော "တတ္ထ အသင်္ခတဓာတူတိ အသင်္ခတသဘာဝံ နိဗ္ဗာနံ။ ယသ္မာ

ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ၊ တသ္မာ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုတ္တံ” ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ-(၄၈) “အာဂမ္မာတိ သဗ္ဗသင်္ခါရေဟိ နိဗ္ဗိန္နဿ ဝိသင်္ခါရနိန္နဿ ဂေါတြဘုနာ ဝိဝဋ္ဋိတမာနသဿ မဂ္ဂေန သစ္ဆိကရဏေနာတိ အတ္ထော။ သစ္ဆိကိရိယမာနံ ဟိ တံ အဓိဂန္တွာ အာရမ္မဏပစ္စယဘူတဉ္စ ပဋိစ္စ အဓိပတိပစ္စယဘူတေ စ တမှိ ပရမဿာသဘာဝေန ဝိနိမုတ္တသင်္ခါရဿ စ ဂတိဘာဝေန ပတိဋ္ဌာနဘူတေ ပတိဋ္ဌာယ ခယသင်္ခါတော မဂ္ဂေါ ရာဂါဒယော ခေပေတီတိ တံ သစ္ဆိကရဏဘာဝေ ရာဂါဒီနံ အနုပ္ပတ္တိနိရောဓဂမနာ ဘာဝါ တံ အာဂမ္မ ရာဂါဒယော ခီယန္တီတိ ဝုတ္တံ” ဟူသော မူလဋီကာ (၂၃၉) ယင်း၏ အဖွင့်ဖြစ်သော “ဝိသင်္ခါရနိန္နဿာတိ နိဗ္ဗာနပေါဏဿ။ ဝိနိမုတ္တသင်္ခါရဿာတိ သမုစ္ဆေဒပဋိပဿဒ္ဓိဝိမုတ္တီဟိ သမုခေန တပ္ပဋိဗန္ဓသန္တရာဂပ္ပဟာနေန စ သုဋ္ဌုဝိနိမုတ္တသင်္ခါရဿ ပရမဿာသဘာဝေန ဂတိဘာဝေန စ ပတိဋ္ဌာနဘူတေ။ နိဗ္ဗာနံ အရဟတော ဂတီတိ ဟိ ဝုတ္တံ”။

ဟူသော အနုဋီကာ ၂-(၄၆) တို့နှင့်အညီ ရာဂ ဒေါသ အစရှိသော ကိလေသာ အလုံးစုံ၏ အရိယာပုဂ္ဂိုလ်၏ သန္တာန်ဝယ် တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ကင်းကုန်ကြောင်းဖြစ်သော တရားသည် နိဗ္ဗာန်မည်သည် ဟူလို။

တတ္ထ၊ ထိုဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ သုံခုမရှုပ် အသင်္ခတဓာတ် ဟူသော ဓမ္မာယတနအရ တရားငါးပါးတွင်။ ကတမာ၊ အဘယ်တရားသဘော သည်။ အသင်္ခတဓာတု၊ အသင်္ခတဓာတ်မည်သနည်း။ ရာဂက္ခယော၊ ရာဂ၏ ကုန်ကြောင်းဖြစ်သော တရားသည်။ ဒေါသက္ခယော၊ သည်။ မောဟက္ခယော၊ သည်။ အသင်္ခတဓာတု၊ အသင်္ခတဓာတ် မည်၏။

တတ္ထ ဝစနေ၊ ထိုစကား၌။ အသင်္ခတဓာတူတိ၊ ဟူသည်ကား။ အသင်္ခတသဘာဝံ၊ ကံစသော အကြောင်းတရားတို့သည် မပြုပြင် မစီရင်အပ် မဖြစ်စေ အပ်သော သဘောရှိသော။ နိဗ္ဗာနံ၊ မင်္ဂဖိုလ်တို့၏ အာရုံနိဗ္ဗာန်တည်း။ ယသ္မာ ပန၊ အကြင်ကြောင့်ကား။ တေံ နိဗ္ဗာနံ၊ ကို။ ဝါ၊ သို့။ အာဂမ္မ၊ အရိယမင်္ဂဖြင့် မျက်မှောက်ပြုသောအားဖြင့် ပုဂ္ဂိုလ်၏ ရောက်ခြင်းကြောင့်။ ရာဂါဒယော၊ တို့သည်။ ခီယန္တိ၊ ကုန်ကုန်၏။ တသ္မာ၊ ကြောင့်။ တံ နိဗ္ဗာနံ၊ ကို။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အာဂမ္မာတိ၊ ဟူသည်ကား။ သဗ္ဗသင်္ခါရေဟိ၊ အလုံးစုံသော တေဘူမက သင်္ခါရတရားတို့မှ။ နိဗ္ဗိန္နဿ၊ ငြီးငွေ့သော။ ဝိသင်္ခါရနိန္နဿ၊ သင်္ခါရဟူသမျှ၏

တစမကြွင်း ကုန်ကင်းရာ ကုန်ကင်းကြောင်းဖြစ်သော နိဗ္ဗာန်၌ ညွတ်ရှိုင်းသော။ ဂေါတြဘုနာ၊ သောတာပတ္တိမဂ်၏ ရှေ့အနန္တရဖြစ်သော ပုထုဇဉ်တို့၏အနွယ်ကို လွှမ်းမိုးနှိပ်စက် ဖျက်ဆီးတတ်၍ ဂေါတြဘုမည်သောစိတ်ဖြင့်။ ဝိဝဋ္ဋိတမာနသဿ၊ ဆုတ်နစ်စေအပ် လည်စေအပ်သော ကာမစိတ်ရှိသော။ ပုဂ္ဂလဿ၊ ၏။ မဂ္ဂေန၊ အရိယမဂ်ဖြင့်။ သစ္ဆိကရဏေန၊ မျက်မှောက်ပြုသောအားဖြင့်။ အာဂမ္မ၊ ရောက်ခြင်းကြောင့်။ ဣတိ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ဟိ ဝိတ္ထာရေမိ၊ အံ့။ သစ္ဆိကိရိယမာနံ၊ အရိယမဂ်ဖြင့် မျက်မှောက်ပြုအပ်သော။ တံ နိဗ္ဗာနံ၊ ကို။ အဓိဂန္တွာ၊ ရခြင်းကြောင့်။ အာရမ္မဏပစ္စယဘူတံ၊ အရိယမဂ်၏ အာရမ္မဏ ပစ္စည်းဖြစ်၍ ဖြစ်သော။ ဝါ၊ အရိယမဂ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၍ ဖြစ်သော။ တံ၊ ထိုနိဗ္ဗာန်ကို။ ပဋိစ္စ စ၊ အကြောင်း အစွဲပြု၍ငင်း။ ဝိနိမုတ္တ-သင်္ခါရဿ၊ မိမိကို အဦးပြုသောအားဖြင့် သမုစ္ဆေဒဝိမုတ္တိ ပဋိပဿဒ္ဓိဝိမုတ္တိတို့ဖြင့် ကောင်းစွာ အကြွင်းမဲ့ လွတ်ပြီးသော သင်္ခါရရှိသော အရိယာပုဂ္ဂိုလ်၏။ ဝါ၊ သင်္ခါရတို့၌ လိုချင်မက်မောတပ်နှစ်သက်တတ်သော လောဘဟူသော ထိုသင်္ခါရတရားတို့နှင့် အာရုံအာရမ္မဏိက အဖြစ်ဖြင့် စပ်သော ပြင်းပြ အားကြီးစွာသော ဆန္ဒ ရာဂဟူသော တဏှာကို ပယ်ခွါသဖြင့် ကောင်းစွာ အကြွင်းမဲ့ လွတ်ပြီးသော သင်္ခါရရှိသော အရိယာပုဂ္ဂိုလ်၏။ အဓိပတိ ပစ္စယဘူတော၊ အာရမ္မဏာ-ဓိပတိသတ္တိဖြင့် ကျေးဇူးပြုတတ်သည် ဖြစ်၍ ဖြစ်သော။ ပရမဿာသ ဘာဝေန စ၊ လွန်စွာ သက်သာရာရသည်၏ အဖြစ်ဖြင့်ငင်း။ ဂတိဘာဝေန စ၊ ကိုးကွယ်ရာ၏ အဖြစ်ဖြင့်ငင်း။ ပတိဋ္ဌာနဘူတော၊ ထောက်တည် မှီခိုရာဖြစ်၍ ဖြစ်သော။ တမှိ၊ ထိုနိဗ္ဗာန်၌။ ပတိဋ္ဌာယ စ၊ တည်မှီ၍ငင်း။ တံ သစ္ဆိကရဏာဘာဝေ၊ ထိုအရိယမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း မရှိခဲ့သော်။ ရာဂါဒီနံ၊ တို့၏။ အနုပ္ပတ္တိနိရောဓဂမနာဘာဝါ၊ တဖန် မဖြစ်ကောင်းသော အားဖြင့် မဖြစ်ခြင်းဟူသော ချုပ်ခြင်းသို့ ရောက်ခြင်း၏ မဖြစ်ခြင်းကြောင့်။ ခယသင်္ခါတော၊ ခယဟု ဆိုအပ်သော။ မဂ္ဂေါ၊ အရိယမဂ်သည်။ ရာဂါဒယော၊ တို့ကို။ ခေပေတိ၊ ကုန်စေ၏။ ဣတိ တသ္မာ၊ ထိုသို့ နိဗ္ဗာန်ကို မျက်မှောက်ပြုသော အရိယမဂ်သာလျှင် ရာဂ စသည်တို့ကို ကုန်စေတတ်သည်၏ အဖြစ်ကြောင့်။ တံ အာဂမ္မ ရာဂါဒယော ခီယန္တီတိ၊ ခီယန္တိ-ဟူ၍။ ဝါ၊ ဟူသောစကားကို။ ဝုတ္တံ၊ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူအပ်၏။

ဝိသင်္ခါရနိန္နဿာတိ၊ ဟူသည်ကား။ နိဗ္ဗာနပေါဏဿ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်၌ ညွတ်ရှိုင်းသော။ ဝါ၊ နိဗ္ဗာန်၌ ညွတ်ရှိုင်းသော စိတ်ရှိသော။ ဝိနိမုတ္တသင်္ခါရဿာတိ၊ ဟူသည်ကား။ သမုစ္ဆေဒပဋိပဿဒ္ဓိဝိမုတ္တီဟိ၊ အရဟတ္တမဂ်ဟူသော သမုစ္ဆေဒဝိမုတ္တိ အရဟတ္တဖိုလ် ဟူသော ပဋိပဿဒ္ဓိဝိမုတ္တိတို့ဖြင့်။ သမုစ္ဆေန စ၊ မိမိဟူသော ဝိမုတ္တိနှစ်ပါးကို အဦးပြုသောအားဖြင့်ငင်း။ တပ္ပဋိ-

ဗန္ဓဆန္ဒရာဂပ္ပဟာနေန စ၊ ထိုသင်္ခါရတရားတို့နှင့် အာရုံ အာရမ္မဏိက အားဖြင့် စပ်ခြင်းရှိသော သင်္ခါရတရားတို့၌ လိုချင်တပ်မက် နှစ်သက်တတ်သော တဏှာ ဟူသော ဆန္ဒ ရာဂကို ပယ်သောအားဖြင့်၎င်း။ သင်္ခတဝိနိမုတ္တသင်္ခါရဿ၊ ကောင်းစွာ လွတ်ပြီးသော သင်္ခါရရှိသော ရဟန္တာပုဂ္ဂိုလ်၏။ ပရမဿာသ-ဘာဝေန စ၊ လွန်စွာ သက်သာရာရသည်၏ အဖြစ်ဖြင့်၎င်း။ ဂတိဘာဝေန စ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်း မှီခိုရာ၏အဖြစ်ဖြင့်၎င်း။ ပတိဋ္ဌာနဘူတော၊ တည်မှီရာဖြစ်၍ ဖြစ်သော။ ဟိ သစ္စံ၊ နိဗ္ဗာန်သည် ရဟန္တာပုဂ္ဂိုလ်၏ ကိုးကွယ် လည်းလျောင်း ပုန်းအောင်း ခိုမှီရာ ဖြစ်၏ ဟူသော စကားမှန်၏။ နိဗ္ဗာနံ အရဟတော ဂတီတိ၊ နိဗ္ဗာနံ အရဟတော ဂတိ-ဟူ၍။ ဝုတ္တံ၊ ပရိဝါ၌ ဟောတော် မူအပ်၏။ ဤသို့ အစဉ်အတိုင်း မြန်မာပြန်။

## ၆-သက်ဆိုင်သည့်ပါဠိများ အဓိပ္ပါယ်

## နိဗ္ဗာန်ဆိုင်ရာ ပါဠိ အဋ္ဌကထာ ဋီကာတို့အရ ပြခြင်း

ဤအဋ္ဌကထာဋီကာတို့ဝယ် အဓိပ္ပါယ်ကို ပြဆိုလိုက်ဦးအံ့။

အရှင်အဋ္ဌကထာဆရာ "တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ အယံ ဝုစ္စတိ သဉပါဒိသေသာ နိဗ္ဗာနဓာတု" ဟူသော ဣတိဝုတ် ပါဠိတော် (၂၂၁) ဝယ် ရာဂက္ခယော-အစရှိသည်၌ ရာဂက္ခယ သဒ္ဒါစသည် ကို ခယနံ ခယော-ဟု ဘာဝသာဓ်၊ ရာဂဿ ခယော ရာဂက္ခယော-ဟု ဆဋ္ဌီ-တပ္ပုရိသ် သမာသ် စသည်ဖြင့် ပြု၍ ရာဂက္ခယ-စသော ပုဒ်၏အရ သဉပါဒိ သေသာ နိဗ္ဗာနဓာတု-ဟူသော ပုဒ်၏အရကို ရာဂအစရှိသည်တို့၏ ကုန်ခြင်း၊ တဖန် ဖြစ်ပြန်ကောင်းသော အပိုင်းအခြားကို လွန်၍ မဖြစ်ခြင်းဟူသော ပရမတ္ထဓမ္မ မဟုတ်သော ငြိမ်းခြင်းကို ရယူစိမ့်သောငှါ "ရာဂက္ခယောတိ ရာဂဿ ခယော။ ခီဏာကာရော အဘာဝေါ အစ္စန္တမနုပ္ပါဒေါ။ သေ နယော သေသေ-သုပိ" ဟု ဣတိဝုတ် အဋ္ဌကထာ (၁၅၉) ၌ ပြဆိုသကဲ့သို့ "တတ္ထ ကတမာ အသင်္ခတဓာတု၊ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော" ဟူသော ဤ အာယတနဝိဘင်းပါဠိတော် (၇၄) ၌လည်း ရာဂက္ခယော-စသည်ကို ခယနံ ခယော၊ ရာဂဿ ခယော ရာဂက္ခယော-အစရှိသည်ဖြင့် ပြု၍ ရာဂက္ခယ စသည်အရ၊ အသင်္ခတဓာတုအရကို ရာဂစသော ကိလေသာတို့၏ တဖန် အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ပရမတ္ထဓမ္မမဟုတ်သော ကုန်ခြင်းကိုပင် ကောက်ယူရမည်လော ဟူဘွယ်ရှိ၍ "တတ္ထ အသင်္ခတဓာတူတိ အသင်္ခတသဘာဝံ နိဗ္ဗာနံ" အစရှိသည်ကို မိန့်ဆိုတော်မူသည်။ "တတ္ထ အသင်္ခတဓာတူတိ အသင်္ခတသဘာဝံ နိဗ္ဗာနံ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိဝုတ္တံ" သာ ဆိုလိုရင်းပဋ္ဌာန။ ဤဝိဘင်းပါဠိတော်၌နိုရောစ

သစ္စာ ဖြစ်သော နိဗ္ဗာန်ကို ရာဂက္ခယစသည်ဟူ၍ ဟောတော်မူသည်ဖြစ်၍ ဤဒ္ဒိ ရာဂက္ခယ-စသည်အရကို အသင်္ခတသဘောရှိသော နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကိုသာ ကောက်ယူရမည်၊ ဣတိဝုတ်ဒ္ဒကွဲ့သို့ ပရမတ္ထ-မဟုတ်သော ကုန်ငြိမ်း ခြင်းကို မကောက်ယူသင့် ဟူလို။

ရာဂက္ခယစသည်အရကို နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကိုသာ ကောက်ယူ ရမည်၊ ယင်းနိဗ္ဗာန်ကိုသာ ရာဂက္ခယစသည်ဟူ၍ ဟောတော်မူအပ်သည်ဟူ၏၊ အဘယ့်ကြောင့်ကား ထိုနိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို ရာဂက္ခယစသည်ဟူ၍ ဟောတော်မူအပ်လေသနည်းဟူဘွယ်ရှိ၍ "ယသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ၊ တသ္မာ" ကို မိန့်ဆိုရပြန်သည်။ အရိယမဂ်အား အာရမ္မဏာဓိပတိ သတ္တိဖြင့် ကျေးဇူးပြုတတ်သော နိရောဓသစ္စာနိဗ္ဗာန်သို့ အရိယမဂ်ဖြင့်မျက်မှောက် ပြုသောအားဖြင့် အရိယာပုဂ္ဂိုလ်၏ရောက်ခြင်း ရခြင်းကြောင့်သာလျှင် ရာဂ စသော ကိလေသာအလုံးစုံ ကုန်ကင်းရကား ရာဂစသော ကိလေသာ တို့၏ ကုန်ကင်းကြောင်းဖြစ်သောကြောင့် ရာဂက္ခယ စသည်ဟူ၍ ဟောတော်မူအပ်သည် ဟူလေ။

## သဒ္ဒါနည်းအရ ရှင်းပြပုံ

ဤ ယသ္မာ ပနေတံ-အစရှိသည်ဖြင့် ရာဂက္ခယသဒ္ဒါစသည်ကို "ရာဂေါ ခီယတိ ဧတေန ဧတ္တာတိ ဝါ ရာဂက္ခယော" အစရှိသည်ဖြင့် ကရဏသာဓ် အဓိကရဏသာဓ် ပြုအပ်သည်၏ အဖြစ်ကိုလည်း ပြတော်မူသည်။ ဤ ယသ္မာ ပနေတံ-စသော အဋ္ဌကထာဝါကျ၌ အာဂမ္မ-ဟူသော ကြိယာ၏ကတ္တားကား ပုဂ္ဂိုလ်၊ ခီယန္တိ-ဟူသောကြိယာ၏ ကတ္တားကား ရာဂစသော ကိလေသာဖြစ်၍ ကြိယာနှစ်ပါး၏ ကတ္တားမတူ အသီးအခြားတပါးစီ ဖြစ်ရကား –

"ကတ္တားကွဲဘိ၊ မတူရှိသော်၊ မိမိကတ္တား၊ သမ္ဘန်ထား၍၊ ဖြစ်ငြား ဟိတ်မှာ၊ သက်တို့ရာသည်၊ တွာဒိပစ္စည်းသဘောတည်း"

ဟူသော နိယံနှင့်အညီ အာဂမ္မ-၌ တွာပစ္စည်းကို ဟေတွတ္ထ၌သက်စေ၍ ယင်းတွာပစ္စယန္တပုဒ်ကို ခီယန္တိ-ဟူသော ကြိယာ၌ ဟိတ်အဖြစ်ဖြင့်စပ်။ အာဂမ္မ-ဟူသော ကြိယာ၏ ကတ္တားဖြစ်သောပုဂ္ဂိုလ်ကိုလည်း သမ္ဘန်ထားလေဟုပြတော် မူလိုသော မူလဋီကာဆရာသည် အာဂမ္မာတိ သဗ္ဗသင်္ခါရေဟိ နိဗ္ဗိန္နဿ-အစရှိသော စကားကို မိန့်ဆိုတော်မူသည်။ အာဂမ္မ-ဟူသော ကြိယာ၏ကတ္တားဖြစ်သော ပုဂ္ဂိုလ်ကို ပုဂ္ဂလဿ-ဟု သမ္ဘန်ထားသင့်သည်၏အဖြစ်သည် အလွန်သိသာထင်ရှား ရကား ဂမျမာနဖြစ်၍ တိုက်ရိုက်မပြသည်၊ ဤပုဂ္ဂလဿ-ဟူသော သမ္ဘန်ကို အာဂမ္မ၌စပ်။ ပုဂ္ဂိုလ်သည် အသင်္ခတသဘောရှိသောနိဗ္ဗာန်သို့ရောက်သည်ဟူရာ၌ သာမညပုဂ္ဂိုလ်ဟူသမျှပင် ရောက်ကောင်းလေသလောဟူဘွယ်ရှိ၍ နိဗ္ဗိန္နဿ-ကို

မိန့်ဆိုပြန်ရသည်။ မရလိုမနှစ်သက် ငြီးငွေ့သော ပုဂ္ဂိုလ်သည်သာ ရောက်နိုင် ရောက်ကောင်းသည်၊ သာမည ပုဂ္ဂိုလ်ဟူသမျှ မရောက်ကောင်း ဟူလို။

## နိဗ္ဗာန်ရောက်နိုင်သော ပုဂ္ဂိုလ်

အဘယ်ကို မရလိုမနှစ်သက် အဘယ်မှ ငြီးငွေ့သောပုဂ္ဂိုလ်နည်း၊ ပကတိ အားဖြင့် အနိဋ္ဌဖြစ်သော မစင်စသောဝတ္ထု၊ ရန်သူစသောပုဂ္ဂိုလ်တို့မှ ငြီးငွေ့သော ပုဂ္ဂိုလ်လောဟူဘွယ်ရှိ၍ သင်္ခါရေဟိ-ကို မိန့်ဆိုပြန်ရသည်။ သင်္ခါရတရားတို့မှ ငြီးငွေ့သောပုဂ္ဂိုလ်သည်သာ ရောက်နိုင်သည်ဟူလို။ သင်္ခါရတရားတို့မှ ငြီးငွေ့သော ပုဂ္ဂိုလ်ဟူ၏၊ ရူပဝိရာဂ ဘာဝနာကို ပွါးသော အရူပဘုံ၌ဖြစ်သော ပုဂ္ဂိုလ်သည် ရုပ် နာမ်နှစ်ပါးတွင် ရုပ်ဟူသော သင်္ခါရတစိတ်မှသာ ဝါ-တစိတ်ဖြင့်သာ ငြီးငွေ့ သကဲ့သို့ငှင်း၊ သညာဝိရာဂ ဘာဝနာကိုပွါးသော အသညသတ်ဘုံ၌ဖြစ်လိုသော ပုဂ္ဂိုလ်သည် စိတ် စေတသိက် နာမ်ဟူသော သင်္ခါရတစိတ်မှ၊ဝါ-တစိတ်ဖြင့်သာ ငြီးငွေ့သကဲ့သို့ အချို့သောသင်္ခါရတို့မှသာ ဝါ- တို့ဖြင့်သာ ငြီးငွေ့သောပုဂ္ဂိုလ် လော ဟူဘွယ်ရှိ၍ သဗ္ဗ-ကိုမိန့်ဆိုပြန်ရသည်။ ရုပ် နာမ်ဖြစ်သော အလုံးစုံသော တေဘူမက သင်္ခါရတို့မှ၊ တို့ဖြင့် ငြီးငွေ့သောပုဂ္ဂိုလ်သည်သာ အသင်္ခတသဘာဝ ဖြစ်သောနိဗ္ဗာန်သို့ရောက်နိုင်သည်ဟူလို။ အလုံးစုံသော သင်္ခါရတို့မှ ငြီးငွေ့သော ပုဂ္ဂိုလ်သည်သာ ရောက်နိုင်သည်ဟူ၏၊ သင်္ခါရတို့မှ ငြီးငွေ့ရုံမျှဖြင့်ပင် ရောက်နိုင် လေသလောဟူဘွယ်ရှိ၍ ဝိသင်္ခါရနိန္နဿ-ကို မိန့်ဆိုပြန်ရသည်။ စိတ် စေတသိက် ရုပ်ဟူသောသင်္ခါရတို့မှ ကင်းရာ ကင်းကြောင်းဖြစ်သော နိဗ္ဗာန်၌ ညွတ်သော နိဗ္ဗာန်သို့ ညွတ်သော ပုဂ္ဂိုလ်သည်သာ ရောက်နိုင်သည် ဟူလို။

ဝိသင်္ခါရသဒ္ဒါကို "ဝိဂတာ သင်္ခါရာ ဧတ္ထ၊ ဧတေနာတိ ဝါ ဝိသင်္ခါရော" ဟု သတ္တမီဗဟုဗ္ဗီဟိ၊ တတိယာဗဟုဗ္ဗီဟိပြု၍ ဝိသင်္ခါရအရကို နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကိုကောက်။ နိဗ္ဗာန်သည် အဘယ့်ကြောင့် သင်္ခါရတရားတို့၏ ကင်းရာ ဖြစ်သနည်းဟူခဲ့မူ နိဗ္ဗာန်အား သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ-အစရှိသည်ဖြင့် ကျေးဇူးပြုနိုင်သော တစုံတခုသော သင်္ခါရတရား မည်သည် မရှိသည်သာ ဖြစ်သောကြောင့် အလုံးစုံသော သင်္ခါရတို့၏ ကင်းရာ ဖြစ်သည် ဟူလေ။

အဘယ့်ကြောင့်ကား သင်္ခါရတို့၏ ကင်းကြောင်း ဖြစ်သနည်းဟူခဲ့မူ နိဗ္ဗာန် လျှင် အာရုံရှိသော အရိယမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ပယ်ဖြတ်အပ်သည်ဖြစ်၍ ကိလေသာ အလုံးစုံ ကင်းကုန်ခြင်းဟူသော ကိလေသ ဝဋ် ပြတ်ခြင်း ဖြစ်သည်၊ ယင်းသို့ ကိလေသဝဋ် ပြတ်သဖြင့်လည်း ကိလေသာ ဟူသော သဟဲအားပေးမှု ကင်းသဖြင့် ကံဟူသမျှ ပဋိသန္ဓေအကျိုးကို ပေးစွမ်း နိုင်သော သတ္တိမှ ကုန်ကင်းခြင်းဟူသော ကမ္မဝဋ် ပြတ်ခြင်းဖြစ်သည်၊ ယင်းသို့

ကမ္မဝဋ္ဋ ပြတ်သဖြင့်လည်း အကြောင်းရှိသော်သာ အကျိုးဖြစ်သည်၊ အကြောင်း မရှိက အကျိုးဖြစ်ရိုး မဟုတ်သောကြောင့် ခီဏာသဝ ပုဂ္ဂိုလ်တို့အား စုတိ ဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခန္ဓာငါးပါးတို့ ပဋိသန္ဓေကိစ္စ တပ်သောအားဖြင့် တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော ဝိပါက ဝဋ္ဋပြတ်ခြင်း ဖြစ်သည် ဖြစ်၍ အရိယမဂ်၏ အာရုံဖြစ်သော နိဗ္ဗာန်သည် ဝဋ္ဋ သုံးပါး ပြတ်ခြင်းအား ဥပနိဿယသတ္တိအားဖြင့် ကျေးဇူးပြုရကား ဝဋ္ဋသုံးပါး ပြတ်ခြင်းဟူသော သင်္ခါရအလုံးစုံ ကုန်ကင်းခြင်း၏ အကြောင်းဖြစ်သည် ဟူလေ။

အလုံးစုံသော သင်္ခါရတို့မှ ငြိမ်းအေးသော နိဗ္ဗာန်၌ ညွတ်သော စိတ်ရှိသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့ ရောက်သည် ဟူ၏၊ ယင်းသို့ ငြိမ်းအေးရုံ ညွတ်ရုံမျှဖြင့်ပင် ရောက်လေသလော ဟူဘွယ်ရှိ၍ "ဂေါတြဘုနာ ဝိဝဋ္ဋိတမာနသဿ" ကို မိန့်ဆို ပြန်ရသည်။ ပုထုဇဉ်တို့၏ အနွယ်ကို ဖြတ်တတ်သော သောတာပတ္တိမဂ်၏ ရှေ့ အနန္တရဖြစ်သော ဂေါတြဘုစိတ်သည် နစ်စေ လည်စေအပ်သော ကာမစိတ် ရှိသော ပုဂ္ဂိုလ်သည်သာ ရောက်သည်ဟူလေ။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် မြစ်ရေ အယဉ်ကဲ့သို့ အစဉ်မပြတ်ဖြစ်သော ဘဝင်စိတ်ကို နစ်စေ လည်စေသော်သာ ရူပါရုံ ကို မြင်ခြင်း သဒ္ဒါရုံကို ကြားခြင်း စသည် ဖြစ်သကဲ့သို့ငှင်း မနောဒွါရာဝဇ္ဇန်း စိတ်သည် ပြဆိုခဲ့သော ဘဝင်စိတ်ကို နစ်စေ လည်စေသော်သာ အာရုံကို သိခြင်းဖြစ်သကဲ့သို့ငှင်း သောတာပတ္တိမဂ်၏ အာဝဇ္ဇန်းအရာ၌ တည်သော ဂေါတြဘုစိတ်သည် ကာမစိတ်ကို နစ်စေ လည်စေသော်သာ နိဗ္ဗာန်သို့ ရောက် ခြင်း ဖြစ်သည် ဟူလို။

## နိဗ္ဗာန်ရောက်ပုံ အခြင်းအရာ

အလုံးစုံသော သင်္ခါရတို့မှ ငြိမ်းအေးသော နိဗ္ဗာန်၌ ညွတ်သောစိတ်ရှိသော ဂေါတြဘုသည် နစ်စေ လည်စေအပ်သော ကာမစိတ်ရှိသော ပုဂ္ဂိုလ်သည်သာ နိဗ္ဗာန်သို့ ရောက်နိုင်သည်ဟူ၏၊ ထိုပုဂ္ဂိုလ်သည် အဘယ်သို့သော အခြင်းအရာ အားဖြင့် ရောက်သနည်း ဟူဘွယ်ရှိ၍ "မဂ္ဂေန သစ္စိကရဏေန" ကို မိန့်ဆို ပြန်ရသည်။ မဂ်ရှေ့ ဂေါတြဘု ဝေါဒါန် စိတ်တို့ဖြင့် နိဗ္ဗာန်ကို အာရုံပြုကာ မတ္တ သာမညအားဖြင့်သာ ရောက်သကဲ့သို့ ရောက်သည်မဟုတ်၊ အရိယမဂ် ဉာဏ်ဖြင့် ပရိညာ ပဟာန သစ္စိကိရိယာ ဘာဝနာဘိသမယ-ဟူသော ကိစ္စ လေးပါးကို တပြိုင်နက် ပြီးစေလျက် မျက်မှောက်ပြုသောအားဖြင့် နိဗ္ဗာန်သို့ ရောက်သည် ဟူလေ။

"လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္စိကာတဗ္ဗံ" ဟူသော အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ (၄၅) အနာသဝဘာဝေန တေဘူမကဝဋ္ဋသင်္ခါတဿ လောကဿ ဥတ္တရဏတော အတိက္ကမနတော လောကုတ္တရန္တိသင်္ခါတေန စတုဗ္ဗိဓ-

အရိယမဂ္ဂေန သဟဇာတဉာဏေန သစ္ဆိကာတဗ္ဗံ” ဟူသော ဋီကာဟောင်းတို့နှင့်အညီ သစ္ဆိကရဏ-ဟူသည်လည်း မဂ်ဉာဏ်၏ ကိစ္စဖြစ်ရကား ဤ၌ မဂ္ဂေန-ဟု သာမညအားဖြင့် ဆိုသော်လည်း အရိယမဂ်ဉာဏ်ကိုယူ။ သစ္ဆိ-ကရဏေန-ဟူသော ဝိသေသနကို အာဂမ္မ-ဟူသော အဋ္ဌကထာ၌စပ်။ ဤ တော အာဂမ္မ-၌ ဤသို့သော အပြည့်အစုံဖြစ်သော အဓိပ္ပါယတ္ထတို့ကို သိလေ ဟု ပြခြင်းငှါ “ဣတိ အတ္ထော” ကို မိန့်ဆိုတော်မူသည်။

ခပ်သိမ်းသော သင်္ခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဝိပရိဏာမ အဖြစ်ကို အဖန်ဖန် သုံးသပ်ဆင်ခြင် သိမြင်သဖြင့် အလုံးစုံသော သင်္ခါရတို့မှ ငြီးငွေ့သော နိဗ္ဗာန်၌ ညွတ်သောစိတ်ရှိသော ဝေါဒါနဉာဏ်သည် နစ်စေအပ် လည်စေအပ်သော ကာမစိတ်ရှိသော ပုဂ္ဂိုလ်၏ အရိယမဂ်ဉာဏ်ဖြင့် ပရိညာ ပဟာန သစ္ဆိကိရိယာ ဘာဝနာဘိသမယ ဟူသော ကိစ္စလေးပါးကို တပြိုင်နက် ပြီးစေလျက် မျက်မှောက်ပြုသောအားဖြင့် နိဗ္ဗာန်သို့ ရောက်ခြင်းကြောင့် ရာဂ အစရှိသော ကိလေသာအလုံးစုံ ကင်းကုန်ရကား နိဗ္ဗာန်ကို ရာဂက္ခယ စသည် ဟူ၍ ဟောတော်မူအပ်သည် ဟူလို။ ထိုစကားကိုပင် ထင်စွာပြခြင်းငှါ “သစ္ဆိ-ကိရိယမာနံ ဟိ” အစရှိသော စကားကို ဋီကာဆရာ မိန့်ဆိုတော်မူသည်။ “တံ အာဂမ္မ ရာဂါဒယော ခီယန္တီတိ ဝုတ္တံ” သာ ပဋ္ဌာန။ အရှင်ဋီကာဆရာ ပုဂ္ဂိုလ်၏ မျက်မှောက်ပြုသော အားဖြင့် နိဗ္ဗာန်သို့ ရောက်ခြင်းကြောင့် ရာဂ စသော ကိလေသာတို့ ကုန်ကင်းသည် ဟူ၏၊ နိဗ္ဗာန်သည် ရာဂစသော ကိလေသာတို့ ကုန်ခြင်းအား ပဋ္ဌာန်းကျမ်း၌လာသော ဟေတု အာရမ္မဏ-အစရှိသော နှစ်ဆယ့်လေးပစ္စည်းတို့တွင် တစုံတခုသော ပစ္စည်းဖြင့်မျှ ကျေးဇူးမပြုပါသည် မဟုတ်လော၊ ထိုသို့လျက် အဘယ့်ကြောင့် ပုဂ္ဂိုလ်၏နိဗ္ဗာန်သို့ ရောက်ခြင်းကြောင့် နိဗ္ဗာန်ကို ရာဂစသော ကိလေသာတို့ ကုန်ကင်းကြောင်း ရာဂက္ခယ စသည်ဟူ၍ ဟောတော်မူအပ်လေသနည်း ဟူဘွယ်ရှိ၍ “ဟိ ယသ္မာ ခယသင်္ခါ-တော မဂ္ဂေါ ရာဂါဒယော ခေပေတိ ဣတိ” ကို မိန့်ဆိုပြန်ရသည်။ ခယဟု ဆိုအပ်သော အရိယမဂ်သည် ရာဂစသော ကိလေသာအလုံးစုံကို ကုန်ခန်းစေသောကြောင့် နှစ်ဆယ့်လေးပစ္စည်းတွင် တစုံတခုသောပစ္စည်းမျှဖြင့်ပင် ရာဂစသည်ကုန်ခြင်းအား ကျေးဇူးမပြုသော်လည်း ပုဂ္ဂိုလ်၏နိဗ္ဗာန်သို့ရောက်ခြင်းကို အကြောင်းပြု၍ နိဗ္ဗာန်ကို ရာဂက္ခယ-စသည်ဟူ၍ ဟောတော်မူအပ်သည် ဟူလို။

## မဂ်ဖြင့်ကိလေသာ ကင်းပုံ

ဤ၌ခယသင်္ခါတော-ဖြင့် ခယေ ဉာဏံ အနုပ္ပါဒေ ဉာဏံ-ဝယ် အရိယမဂ်ကိုသာ ခယဟု ဟောတော်မူအပ်သည်ဖြစ်၍ မဂ္ဂေါ-၌ မဂ္ဂအရကို အရိယမဂ်ကိုသာ

ယူ။ ပဋိဃာတိကမင်္ဂအစရှိသော လောကီမဂ်အစရှိသည်ကို ခယဟု ဟောတော်မူသော အရာမရှိရကား မဂ္ဂအရကို ပဋိဃာတိကမင်္ဂ အစရှိသည်ကို မယူလေနှင့် ဟုပြသည်။ ခယဟု ခေါ်ဝေါ်အပ်သော အရိယမဂ်သည် ကိလေသာကို ကုန်စေသည်ဟု ဆို၏၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရာဂစသော ကိလေသာသုံးပါးတွင် ခဏတ္တယသို့ ရောက်၍ လွန်ပြီးချုပ်ပြီး တရားကိုသာ အတိတ်ဟု ခေါ်ဝေါ်အပ်ရကား အတိတ်ဖြစ်သော ကိလေသာသည် အရိယမဂ်ဖြစ်သောခဏ၌ ထင်ရှားမရှိ ကုန်ကင်းပြီးဖြစ်သောကြောင့် အရိယမဂ်သည် အတိတ်ဖြစ်သော ကိလေသာကို ကုန်စေသည် မဖြစ်ရာ၊ ခဏတ္တယသို့ မရောက်သေး၊ ရောက်လတ္တံ့ဖြစ်သော တရားကိုသာ အနာဂတ်ဟု ခေါ်ဝေါ်အပ်ရကား အနာဂတ်ဖြစ်သော ကိလေသာသည် ထိုခဏ၌ ထင်ရှားမရှိသေးသည်ဖြစ်၍ ထိုအနာဂတ်ဖြစ်သော ကိလေသာကိုလည်း ကုန်စေသည် မဖြစ်ရာ၊ ခဏတ္တယသို့ရောက်ဆဲဖြစ်သောတရားကိုသာ ပစ္စုပ္ပန်ဟု ခေါ်ဝေါ်အပ်ရကား တယောက်သောပုဂ္ဂိုလ်သန္တာန်ဝယ် နှစ်ခုသောစိတ်တို့ တပြိုင်နက် မဖြစ်ကောင်းသောကြောင့် ပစ္စုပ္ပန်ဖြစ်သော ကိလေသာသည် အရိယမဂ်ခဏ၌ မရှိသည်သာဖြစ်၍ ထိုပစ္စုပ္ပန်ဖြစ်သော ကိလေသာကိုလည်း ကုန်စေသည် မဖြစ်ရာ၊ ထိုသို့လျှက် အဘယ့်ကြောင့် အရိယမဂ်သည် ရာဂစသော ကိလေသာအလုံးစုံကို ကုန်ကင်းစေသည်ဟု ဆိုရလေသနည်း ဟူဘုယ်ရှိ၍ "တံသန္တိကရဏာဘာဝေ ရာဂါဒီနံ နိရောဓဂမနာဘာဝါ" ကို မိန့်ဆိုရပြန်သည်။

ထိုအရိယမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမရှိခဲ့သော် ရာဂစသော ကိလေသာတို့၏ ချုပ်ခြင်းသို့ရောက်ခြင်းမဖြစ်ရာ၊ အရိယမဂ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းဖြစ်သော်သာ ရာဂစသည်တို့၏ချုပ်ခြင်းသို့ ရောက်ခြင်းဖြစ်ရသောကြောင့် အရိယမဂ်သည် ရာဂစသည်တို့ကို ကုန်စေသည်ဟု ဆိုရသည်ဟူလို။ ရာဂစသည်တို့၏ ဘင်၏အစွမ်းဖြင့် ချုပ်ခြင်းသို့ ရောက်သည်ကို နိရောဓ ဂမန ဟု ဆိုသလောဟူဘုယ်ရှိ၍ "အနုပ္ပတ္တိ" ကို ဆိုပြန်ရသည်၊ ရာဂစသည်တို့၏ ခီဏာသဝတို့၏ သန္တာန်ဝယ် တဖန်အသစ် မဖြစ်ပြန်ကောင်းသောအားဖြင့် မဖြစ်ခြင်းကိုပင် ဤ၌ ချုပ်ခြင်းသို့ ရောက်သည်ဟု ဆိုအပ်လေသည်။ ဘင်၏အစွမ်းဖြင့် ချုပ်ခြင်းသို့ ရောက်သည်ကို ချုပ်ခြင်းသို့ ရောက်သည်ဟု မဆိုအပ်ဟူလို။ အရိယမဂ်သည် ရာဂအစရှိသော ကိလေသာတို့၏ခီဏာသဝတို့သန္တာန်ဝယ် တဖန်အသစ် မဖြစ်ပြန်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ချုပ်ခြင်းသို့ ရောက်စေ၍ ရာဂစသော ကိလေသာတို့ကို ကုန်စေသည်ဟူ၏၊ အဘယ့်ကြောင့်ကား ထိုအရိယမဂ်သည် ရာဂစရှိသော ကိလေသာတို့ကို ခီဏာသဝတို့သန္တာန်ဝယ် တဖန် မဖြစ်ပြန်ကောင်းသော ကုန်ခြင်းဖြစ်စေနိုင်လေသနည်း ဟူဘုယ်ရှိ၍ "တံ အဓိဂန္တွာ" ကို မိန့်ဆိုပြန်ရသည်။ ပုဂ္ဂိုလ်၏ထိုနိဗ္ဗာန်သို့ ရောက်ခြင်း ထိုနိဗ္ဗာန်ကို ရခြင်းကြောင့် ကုန်စေနိုင်သည် ဟူလို။

## ရောက်အပ်သောနိဗ္ဗာန်

အရိယာပုဂ္ဂိုလ်သည် ရောက်အပ်သောရောက်ရာနိဗ္ဗာန်ဟူသည်အဘယ်နိဗ္ဗာန် နည်း၊ရာဂအစရှိသော ကိလေသာတို့၏ ရဟန္တာတို့ သန္တာန်ဝယ် တဖန်အသစ် မဖြစ် ပြန်ကောင်းသောအားဖြင့် မဖြစ်ခြင်းဟူသော ကုန်ငြိမ်းခြင်း အဘာဝ အတ္ထပညတ် ဖြစ်သောသဉပါဒိသေသနိဗ္ဗာန်၊ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးတို့၏ ပဋိသန္ဓေကိစ္စတပ်၍ တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ကုန်ငြိမ်းခြင်း အဘာဝအတ္ထပညတ် ဖြစ်သော အနုပါဒိသေသနိဗ္ဗာန်လော ဟူဘွယ်ရှိ၍ "သစ္ဆိကိရိယမာနံ" ကို မိန့်ဆို ရပြန်သည်။

ကိလေသာတို့၏ အဘာဝအတ္ထပညတ် ခန္ဓာတို့၏ အဘာဝအတ္ထပညတ်ဖြစ် သော သဉပါဒိသေသ အနုပါဒိသေသနိဗ္ဗာန်သည် အရိယမဂ်ဖြင့် မျက်မှောက်ပြု အပ်သော အရိယမဂ်၏ အာရုံဖြစ်သော ပရမတ္ထနိရောဓသစ္စာ နိဗ္ဗာန်မဟုတ် ဖြစ်၍ ထိုသဉပါဒိသေသ အနုပါဒိသေသ နိဗ္ဗာန်သည် အရိယမဂ်ဖြင့် ရောက်အပ် ရောက်ရာ မဟုတ်ရကား အရိယမဂ်ဖြင့် ပုဂ္ဂိုလ်၏ ရောက်အပ် ရောက်ရာ ဖြစ်သော နိဗ္ဗာန်အရကို ထို သဉပါဒိသေသ အနုပါဒိသေသနိဗ္ဗာန်ကို မယူအပ်၊ ပရမတ္ထနိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည်သာ အရိယမဂ်ဖြင့် မျက်မှောက် ပြုအပ်သော အရိယမဂ်၏ အာရုံဖြစ်ရကား ထိုပရမတ္ထ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည်သာ ရောက်အပ် ရောက်ရာဖြစ်သော နိဗ္ဗာန်ဖြစ်သည်။ ရောက်အပ် ရောက်ရာဖြစ်သော နိဗ္ဗာန်အရကို အရိယမဂ်ဖြင့် မျက်မှောက်ပြုအပ်သော အရိယမဂ်၏ အာရုံဖြစ်သော ပရမတ္ထနိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကိုသာ ယူလေ ဟူလို။

## ရန်သူကို တိုက်ဖျက်ပုံ

အရိယမဂ်သည် ရာဂအစရှိသော ကိလေသာ အလုံးစုံကို ကုန်ကင်းစေသည် ဟူ၏၊ လောကဝယ် ရန်သူကို တိုက်ဖျက်နှိမ်နင်းရာ၌ ဓား လှံ လေး မြား စသော လက်နက်သည် ထိုတိုက်ဖျက်နှိမ်နင်းသော သူအား ရဲရင့်စွမ်းသန် အားအန်အဆင့်ကို ပေးတတ် ဖြစ်စေတတ်သည်ဖြစ်၍ ရန်သူကို တိုက်ဖျက်နှိမ်နင်း သောသူသည် ထိုလက်နက်ကို အားကိုး အားထား အကြောင်းအစွဲပြု၍ တိုက်ဖျက်နှိမ်နင်းသကဲ့သို့ ရာဂအစရှိသော ကိလေသာ အလုံးစုံကို ကုန်ကင်း စေသော အရိယမဂ်သည်လည်း တစုံတခုသော တရားကို အကြောင်းအစွဲပြု၍ ရာဂစသော ကိလေသာ အလုံးစုံကို ကုန်ကင်းစေသည်။ ရန်သူကို တိုက်ဖျက် နှိမ်နင်းသောသူသည် လက်နက်နှင့် ပြည့်စုံရုံမျှဖြင့် သူပုန်ရန်ကို မကျန်မကြွင်း

ရအောင် နှိမ်နင်းတိုက်ဖျက်ခြင်းကို မပြုတည့်နိုင်ရာ။ ခိုင်ခံ့နက်ကျယ်သော မြို့ရိုး ကျုံး မြောင်းရှိသော မြို့ကြီးသည် ရန်သူကို တိုက်ဖျက်နှိမ်နင်းသော သူ၏ ရန်သူဘေးမှ ကင်းဝေးလုံခြုံ ချမ်းသာစွာ ကိုးမှီလည်းလျောင်း ခိုအောင်း တည်နေရာ ဖြစ်ရကား ထိုမြို့ကြီး၌ တည်၍သာလည်း ရန်သူကို တိုက်ဖျက် နှိမ်နင်းသကဲ့သို့ ရာဂစသည်ကို ပယ်ဖျက် ကုန်ကင်းစေသော အရိယမဂ်သည် လည်း တစုံတခုသော တရား၌ တည်၍သာ ကိလေသာ အလုံးစုံကို ကုန်ကင်း စေရ ရာခဲ့ရကား အဘယ်တရား၌တည်၍ ရာဂစသော ကိလေသာ အလုံးစုံကို ကုန်ကင်းစေသနည်း ဟူဘွယ်ရှိ၍ "အာရမ္မဏပစ္စယဘူတဥ္စ ပဋိစ္စ" အစရှိသော စကားကို မိန့်ဆိုရပြန်သည်။ တံ ပဋိစ္စ တမှိ ပတိဋ္ဌာယ-တို့သာ ဆိုလိုရင်းပဌာန၊ အရိယမဂ်သည် နိဗ္ဗာန်ကို အကြောင်းအစွဲပြု၍ရင်း နိဗ္ဗာန်၌မှီ၍ရင်း ကိလေသာ အလုံးစုံကို ကုန်ကင်းစေသည် ဟူလို။

## နိဗ္ဗာန်အရ ခွဲပြပုံ

အာရမ္မဏ ပစ္စယဘူတဥ္စ-၌ စသဒ္ဒါ၊ အဓိပတိပစ္စယဘူတေ စ-၌ စသဒ္ဒါတို့ကား ဌာနယောဂ အဋ္ဌာနယောဂ ဌာနာဌာနယောဂ သုံးပါးတွင် အဋ္ဌာနယောဂ ချည်း ဖြစ်၍ ရှေ့စသဒ္ဒါကို ပဋိစ္စနောင်၊ နောက်စသဒ္ဒါကို ပတိဋ္ဌာယ-နောင် ယှဉ်၍ မြန်မာပြန်။ တံ အာဂမ္မ-ဟူသော ရှေ့ဝါကျမှ တံ-ဟူသောပုဒ်ကို ဤ နောက်ဝါကျသို့ လိုက်စေ။ အရိယမဂ်သည် နိဗ္ဗာန်ကို အကြောင်းအစွဲပြု၍ရင်း နိဗ္ဗာန်၌ တည်မှီ၍ရင်း ရာဂအစရှိသော ကိလေသာ အလုံးစုံကို ကုန်စေသည် ဟူ၏၊ ထိုအရိယမဂ်သည် အကြောင်းအစွဲ ပြုအပ်သော နိဗ္ဗာန်၊ ယင်း၏ တည်မှီရာ နိဗ္ဗာန် ဟူသည် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယ မဂ်ဖြင့် ရောက်အပ်သော ပတ္တဗ္ဗအခိုက်ဖြစ်သော အကျိုးနိဗ္ဗာန်လော ဟူဘွယ် ရှိ၍ "အာရမ္မဏပစ္စယဘူတဥ္စ၊ အဓိပတိပစ္စယဘူတေ စ" တို့ကို မိန့်ဆိုရပြန်သည်။

အကြောင်းအစွဲ ပြုအပ်သော နိဗ္ဗာန်ကား အရိယမဂ်အား အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုတတ်သော အာရမ္မဏပစ္စည်း အခိုက်ဖြစ်သော အကြောင်း နိဗ္ဗာန်၊ တည်မှီရာ နိဗ္ဗာန် ဟူသည်လည်း အရိယမဂ်အား အာရမ္မဏာဓိပတိ- ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သော အာရမ္မဏာဓိပတိပစ္စည်း အခိုက်ဖြစ်သော နိဗ္ဗာန်သာ။ ရောက်အပ်သော အကျိုးပတ္တဗ္ဗအခိုက်ဖြစ်သော နိဗ္ဗာန် မဟုတ်ဟူလို။ နိဗ္ဗာန်၏ အရိယမဂ်အား အာရမ္မဏပစ္စယသတ္တိ အာရမ္မဏာဓိပတိပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်ကိုလည်း အဗျာကတ တရား၏ ကုသိုလ် တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသောအရာ အာရမ္မဏာဓိပတိ သတ္တိဖြင့် ကျေးဇူးပြုသော အရာတို့ဝယ် အစဉ်အတိုင်း ဟောတော်မူအပ်သော "နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အာရမ္မဏပစ္စယေန ပစ္စယော။

နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အဓိပတိပစ္စယေန ပစ္စယော" ဟူသော ပဋ္ဌာန်း ပဉ္စာဝါရပါဠိတော် (၁၃၅-၁၃၇) ကို ထောက်၍ သိလေ။

## နိဗ္ဗာန်ရောက်ပုဂ္ဂိုလ်များ သက်သာရာရပုံ

အရိယမဂ်သည် အာရမ္မဏာဓိပတိ ပစ္စည်းဖြစ်သော နိဗ္ဗာန်၌ တည်၍ ကိလေသာကို ကုန်စေသည် ဟူ၏၊ ထိုနိဗ္ဗာန်သည် အရိယမဂ်၏ တည်မှီရာ ဖြစ်ပါ၏လော၊ မဖြစ်ခဲ့သော် ဆရာ့စကား မသင့်ရာ ဟူဘွယ်ရှိ၍ "ပတိဋ္ဌာန-ဘူတေ" ကို မိန့်ဆိုပြန်ရသည်။ တည်မှီရာ ဖြစ်ပါ၏၊ ယင်းသို့ဖြစ်၍ ငါ့စကား သင့်ပါ၏ ဟူလို။ နိဗ္ဗာန်သည် အရိယမဂ်၏ တည်မှီရာ ဖြစ်သည်ဟူ၏၊ "ယံ ဝတ္ထုံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ။ တံ ဝတ္ထုံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော" ဟူသော ပဋ္ဌာန်းပါဠိတော် (၅) နှင့်အညီ ဟဒယ ဝတ္ထုရုပ်သည် မိမိ၌မှီ၍ဖြစ်သော မနောဓာတ် မနောဝိညာဏဓာတ်အား နိဿယသတ္တိဖြင့် ကျေးဇူးပြုသောအားဖြင့် မှီရာဖြစ်သကဲ့သို့ နိဗ္ဗာန်သည်လည်း မိမိ၌မှီသော အရိယမဂ်အား နိဿယသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ဖြင့်ပင် မှီရာဖြစ်လေသလောဟူဘွယ်ရှိ၍ "ပရမဿာသဘာဝေန" ကို မိန့်ဆိုရပြန်သည်။

ပရိညာ ပဟာန သစ္ဆိကိရိယာ ဘာဝနာဘိသမယ ဟူသော ကိစ္စလေးပါးကို ပြီးစေလျက် အရိယမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသော အရိယာပုဂ္ဂိုလ်အား သောတာပန်ဖြစ်အံ့၊ ကာမဘုံ၀ယ် အလွန်အားဖြင့် ခုနစ်ကြိမ်သော ပဋိသန္ဓေ အားဖြင့် ဖြစ်ကောင်းတော့သည်၊ ထိုထက်လွန်၍ မဖြစ်ကောင်းပြီ။ သကဒါဂါမ် ဖြစ်အံ့၊ ကာမဘုံ၀ယ် နှစ်ကြိမ်မျှသော ပဋိသန္ဓေအားဖြင့် ဖြစ်ကောင်းတော့သည်၊ ထိုထက်လွန်၍ မဖြစ်ကောင်းပြီ။ အနာဂါမ်ဖြစ်အံ့။ ဗြဟ္မာ့ဘုံ၌သာ ထိုက်သည် အားလျော်စွာ ဖြစ်ကောင်းတော့သည်၊ ကာမဘုံ၌ မဖြစ်ကောင်းပြီ။ ရဟန္တာ ဖြစ်အံ့၊ စုတိကျပြီးနောက် တစုံတခုသောဘုံဘဝ၌မျှ ပဋိသန္ဓေအားဖြင့် မဖြစ် ကောင်းပြီဖြစ်၍ ယခုအခါ ငါသည် သံသရာဝဋ်မှ ကင်းလွတ် ထွက်မြောက်ပေ တော့မည် ဟု လွန်စွာသက်သာရာရခြင်းကို ဖြစ်စေရကား လွန်စွာသက်သာရာ ရခြင်းကို ပြုသည်၏အဖြစ်ဖြင့် မှီရာဖြစ်သည်၊ နိဿယသတ္တိဖြင့် ကျေးဇူးပြုသော အားဖြင့် မှီရာဖြစ်သည် မဟုတ်ဟူလို။ ပရမဿာသ-အဖြစ်ဖြင့်သာ မှီရာ ဖြစ်သလော ဟူဘွယ်ရှိ၍ ဂတိဘာဝေန-ကို မိန့်ဆိုရပြန်သည်။

ပရမဿာသ-အဖြစ်ဖြင့်သာ မှီရာဖြစ်သည် မဟုတ်၊ ကိုးမှီပုန်းအောင်း လည်းလျောင်းရာ၏ အဖြစ်ဖြင့်လည်း မှီရာဖြစ်သည်ဟူလို။ ဝိနိမုတ္တသင်္ခါရဿ စ-၌ သမုစ္စယတ္ထစသဒ္ဒါလည်း အဋ္ဌာနယောဂပင်ဖြစ်၍ မိမိထိုင်ရင်းပုဒ်မှတပါး အခြား

ပုဒ်နှင့်ယှဉ်၍ ယောဇနာသင့်ရကား ပရမဿာသဘာဝေန-ဟူသော ဂတိဘာဝေန-ဟူသော ပုဒ်နှစ်ခုတို့နောင်ယှဉ်၍ မြန်မာပြန်။

နိဗ္ဗာန်သည် ကိုးကွယ်လည်းလျောင်း ပုန်းအောင်းခိုမှီးရာ ဖြစ်သည်ဟူ၏၊ အဘယ်သို့သော ပုဂ္ဂိုလ်၏ ခိုမှီးရာဖြစ်သနည်း၊ ပုဂ္ဂိုလ်ခပ်သိမ်း၏ပင် ခိုမှီးရာ ဖြစ်သလော ဟူဘွယ်ရှိ၍ "ဝိနိမုတ္တသင်္ခါရဿ" ကို မိန့်ဆိုရပြန်သည်။ မဂ်ဖိုလ် ဟူသော သမုစ္ဆေဒ, ပဋိပဿဒ္ဓိ, ဝိမုတ္တိတို့ကို အဦးပဋ္ဌာနပြုသောအားဖြင့်ငင်း သင်္ခါရတရားတို့နှင့် အာရုံအာရမ္မဏိကအားဖြင့် စပ်၍ဖြစ်သော သင်္ခါရတရားတို့၌ သာယာစုံမက် နှစ်သက်တတ်သော ဆန္ဒ ရာဂကို ပယ်သောအားဖြင့်ငင်း မဂ်ဖိုလ် ဟူသော သမုစ္ဆေဒဝိမုတ္တိ ပဋိပဿဒ္ဓိဝိမုတ္တိတို့ဖြင့် ကောင်းစွာ လွတ်ပြီးသော သင်္ခါရရှိသော အရိယာပုဂ္ဂိုလ်တို့၏သာ ခိုမှီးရာဖြစ်သည် ဟူလို။

## အနုဋီကာစကား ရှင်းပြချက်

အနုဋီကာ၌ အဓိပ္ပါယ်ကို ပြဆိုလိုက်ဦးအံ့။

ဝိသင်္ခါရနိန္နဿ-ဟူသော မူလဋီကာ၌ ဝိသင်္ခါရသဒ္ဒါသည် "ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ" ဟူသော ပါဠိတော်၌ ဝိသင်္ခါရသဒ္ဒါကဲ့သို့ နိဗ္ဗာန်ကို ဟော၏၊ နိန္နသဒ္ဒါလည်း ပဗ္ဘာရသဒ္ဒါကဲ့သို့ ညွတ်ရှိုင်းခြင်းဟူသော ပေါဏ အနက်ကို ဟော၏ဟု ပြခြင်းငှါ ဝိသင်္ခါရနိန္နဿ-ကို နိဗ္ဗာနပေါဏဿ-ဟု ဖွင့်ဆိုတော်မူသည်။ နိဗ္ဗာန်သည် အဘယ့်ကြောင့် ဝိသင်္ခါရမည်သနည်း ဟူခဲ့မူ "သင်္ခါရတော ဝိဂတန္တိ ဝိသင်္ခါရံ။ ဝိဂတာ သင်္ခါရာ ဧတ္ထာတိ ဝါ ဝိသင်္ခါရံ" ဟူသည်နှင့်အညီ စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသ ဟူသော သင်္ခါရတရားတို့တွင် မဂ်ဖိုလ်တို့၏ အာရုံပရမတ် အသင်္ခတ နိရောဓသစ္စာ ဖြစ်သော နိဗ္ဗာန်အား မိမိနှင့် သဟဇာတ်အားဖြင့် အတူတကွ ဖြစ်နိုင် ဖြစ်ကောင်းသော သင်္ခါရ၊ သမ္ပယုတ်အားဖြင့် အတူတကွ ယှဉ်နိုင်ယှဉ်ကောင်း သော သင်္ခါရဟူသော တစုံတခုသော သင်္ခါရမည်သည် အလျှင်းပင် မရှိကောင်းပြီ ဖြစ်၍ ထိုသင်္ခါရတို့မှ ကင်းသည်၏အဖြစ်ံ ထိုသင်္ခါရတို့မှ ကင်းရာဖြစ်သည်၏ အဖြစ်တည်း ဟူသော အကြောင်းကြောင့် ဝိသင်္ခါရမည်သည် ဟူလေ။

ယံ နိဗ္ဗာနံ၊ အကြင်ပရမတ် အသင်္ခတဖြစ်သော နိဗ္ဗာန်သည်။ သင်္ခါရတော၊ မိမိနှင့် သဟဇာတ်သမ္ပယုတ် ဖြစ်နိုင်ဖြစ်ကောင်းသော သင်္ခါရမှ။ ဝိဂတံ၊ ကင်း၏။ ဣတိတသ္မာ၊ ထိုသို့ မိမိနှင့် သဟဇာတ်သမ္ပယုတ် ဖြစ်ကောင်းသော သင်္ခါရမှ ကင်းသည်၏အဖြစ်တည်းဟူသော အကြောင်းဗျုပ္ပတ္တိနိမိတ်ကြောင့်။ တံ နိဗ္ဗာနံ၊ သည်။ ဝိသင်္ခါရံ၊ ဝိသင်္ခါရ မည်၏။

တွေ့ နိဗ္ဗာနေ၊ ဤအသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်၌။ သင်္ခါရာ၊ စိတ်စေတသိက်ဒွေနဝုတိ စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသဟူသော သင်္ခါရတို့သည်။ ဝိဂတာ၊ ကင်းကုန်၏။ ဣတိ တသ္မာ၊ ထို့သို့ သင်္ခါရတို့မှ ကင်းရာဖြစ်သည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်။ တံ နိဗ္ဗာနံ၊ သည်။ ဝိသင်္ခါရံ၊ မည်၏။

တနည်းလည်း "ဝိဂတာ သင်္ခါရာ ဧတေနာတိ ဝိသင်္ခါရံ" ဟူသည်နှင့်အညီ သင်္ခါရ အလုံးစုံ၏ တဖန်အသစ် မဖြစ်ပြန်နိုင်ကောင်းသော မဖြစ်ခြင်းဖြင့် ကုန်ကင်းကြောင်းဖြစ်သည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့် ဝိသင်္ခါရ မည်သည် ဟူလေ။

ဧတေန နိဗ္ဗာနေန၊ ဤအသင်္ခတဓာတ် ပရမတ် နိဗ္ဗာန်ဖြင့်။ ဝါ၊ ကြောင့်။ သင်္ခါရာ၊ တို့သည်။ ဝိဂတာ၊ တဖန်အသစ် မဖြစ်ပြန်ကောင်းသော မဖြစ်ခြင်းဖြင့် ကုန်ကင်းရကုန်၏။ ဣတိတသ္မာ၊ ထို့သို့ သင်္ခါရအလုံးစုံ၏ ကုန်ကင်းကြောင်း ဖြစ်သည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်။ တံ နိဗ္ဗာနံ၊ သည်။ ဝိသင်္ခါရံ၊ မည်၏။

နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်ဉာဏ်သည် သမုစ္ဆေဒပဟာန်အားဖြင့် မိမိတို့ ပယ်သင့် ပယ်ထိုက်သော အဘို့အစုအားလျော်စွာ ကိလေသာအလုံးစုံကို ပယ်ဖျက် ကုန်ကင်းစေအပ်သည်ဖြစ်၍ မီးဖြင့် ဖုတ်လှော်အပ်သော သစ်စေ့သည် စိုစွတ်သောအစေးမှ ခန်းခြောက်သဖြင့် အညွန့်အညှောက်ကို ပေါက်ရောက် စေခြင်းငှါ မစွမ်းနိုင်၊ အညွန့်အညှောက်ကို ပေါက်ရောက်စေခြင်းငှါ စွမ်းနိုင်သော သဘောသတ္တိမှ ကုန်ကင်းသကဲ့သို့ ခီဏာသဝပုဂ္ဂိုလ်သန္တာန်ဝယ် အရဟတ္တမဂ်သို့ မရောက်မီကာလက ပြုအပ်သော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္စာဘိသင်္ခါရဟူသော အဘိသင်္ခါရကုသိုလ်ကံ အကုသိုလ်ကံဟူသမျှသည် ကိလေသာတည်းဟူသော အစေးမှ ခန်းခြောက်သဖြင့် ပဋိသန္ဓေဟူသော အကျိုးကို ဖြစ်စေခြင်း ပေးခြင်းငှါ မစွမ်းနိုင်၊ ထိုအကျိုးကို ဖြစ်စေနိုင် ပေးစွမ်းနိုင်သော အစွမ်းသတ္တိမှ ကုန်ကင်းသဖြင့် ကုန်ကင်းသည်။ ပဋိသန္ဓေ ဟူသော အကျိုးကို ဖြစ်စေနိုင်သော ကံသစ်သည်လည်း ဖြစ်ခြင်းမရှိ၊ ယင်းသို့ ပဋိသန္ဓေကို ဖြစ်စေနိုင်သော အကြောင်းကံမရှိ၊ ကုန်ကင်းခြင်းကြောင့် ခီဏာသဝ ပုဂ္ဂိုလ်အား စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် "ကမ္မနိဗ္ဗတ္တာ တေဘူမကာ ရူပါ-ရူပဓမ္မာ အဘိသင်္ခတသင်္ခါရာ နာမ" ဟူသည်နှင့်အညီ အဘိသင်္ခတသင်္ခါရ မည်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်ပြီ ဖြစ်ရကား အဘိသင်္ခတသင်္ခါရမှုလည်း ကုန်ကင်းသည်။ ဤသို့ အစရှိသည်ဖြင့် သင်္ခါရအလုံးစုံမှ ကုန်ကင်းခြင်းသည် ကိလေသာအလုံးစုံကို ကုန်ကင်းစေသော အရိယမဂ်အား အာရမ္မဏပစ္စယသတ္တိ အာရမ္မဏာဓိပတိပစ္စယသတ္တိ အာရမ္မဏူပ-နိဿယပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုတတ်သော အသင်္ခတဓာတ် ပရမတ်

နိဗ္ဗာန်လျှင် ဥပနိဿယမူလအကြောင်းရှိရကား နိဗ္ဗာန်ကို သင်္ခါရအလုံးစုံ ကုန်ကင်းခြင်း၏ အကြောင်းဖြစ်သည်ဖြစ်၍ ဝိသင်္ခါရ ဟု ခေါ်ဆိုအပ်သည် ဟူလို။

## မူလဋီကာဆရာအလို ရှင်းပြချက်

မူလဋီကာဆရာသည် နိဗ္ဗာန်၏ ပရမဿာသအဖြစ် ဂတိအဖြစ်ဖြင့် ဝိနိမုတ္တ သင်္ခါရပုဂ္ဂိုလ်၏ တည်ရာဖြစ်ကြောင်းကို ပြဆိုတော်မူ၏၊ ဤ၌ ခီဏာသဝ ပုဂ္ဂိုလ်အား စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလဝယ် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ပဋိသန္ဓေကိစ္စတပ်၍ဖြစ်ခြင်း စသည်ဖြင့် အလျှင်းပင် မဖြစ်ကောင်းပြီဖြစ်ရကား ပရိနိဗ္ဗာန်ပြုပြီးသော ပုဂ္ဂိုလ်သည် ရူပက္ခန္ဓာအစဉ်အပေါင်းကို အကြောင်းအစွဲပြု၍ ရှည်မြင့်သော ပုဂ္ဂိုလ် နိမ့်ပျပ်သော ကြုံလှီပိန်ချုံးသော ဝလင်ဆူဖြိုး တုပ်ခိုင်သောပုဂ္ဂိုလ် အစရှိသည်ဖြင့် ခေါ်ဝေါ် ရေတွက်ခြင်းမှ ကင်းလွတ်သည်၊ ဝေဒနာက္ခန္ဓာ အစဉ်အပေါင်းကို အကြောင်းအစွဲပြု၍ ချမ်းသာသောပုဂ္ဂိုလ် ဆင်းရဲသော ပုဂ္ဂိုလ် စသည်ဖြင့် ခေါ်ဝေါ် ရေတွက်ခြင်းမှ ကင်းလွတ်သည်၊ ဤသို့ အစ ရှိသည်ဖြင့် ခန္ဓာအစဉ်အပေါင်းကို အကြောင်းအစွဲပြု၍ ရေတွက် ခေါ်ဝေါ်ခြင်းမှ ကင်းလွတ်ရကား ဝိနိမုတ္တသင်္ခါရပုဂ္ဂိုလ်အရကို ပရိနိဗ္ဗာန်ပြုပြီးသော ပုဂ္ဂိုလ်ကို ယူ၍ သင်္ခါရတို့မှ ကင်းလွတ်သည်ဟူရာဝယ် ခန္ဓဝိမုတ္တိဖြင့် သင်္ခါရမှ ကင်းလွတ် သည်ဟူ၍ မှတ်ရအံ့လော ဟူဘွယ်ရှိ၍ "ဝိနိမုတ္တသင်္ခါရဿာတိ သမုစ္ဆေဒပဋိပဿဒ္ဓိ ဝိမုတ္တီဟိ" အစရှိသော စကားကို မိန့်ဆိုတော်မူသည်။

ဝိနိမုတ္တသင်္ခါရဿာတိ သမုစ္ဆေဒပဋိပဿဒ္ဓိဝိမုတ္တီဟိ ဝိနိမုတ္တသင်္ခါရဿ-ဟူသော စကားသာ ပဋ္ဌာန၊ ဝိနိမုတ္တသင်္ခါရပုဂ္ဂိုလ်အရကို ပရိနိဗ္ဗုတပုဂ္ဂိုလ်ကိုယူ၍ သင်္ခါရ တို့မှ လွတ်သောဟူရာဝယ် ခန္ဓဝိမုတ္တိဖြင့် လွတ်သည်ဟူသောသဘောကို မမှတ် ယူအပ်။ ဝိနိမုတ္တသင်္ခါရပုဂ္ဂိုလ်အရကို မျက်မှောက်ထင်ရှားရှိသော အရိယာ ပုဂ္ဂိုလ်ကိုယူ၍ ခပ်သိမ်းသောသင်္ခါရတို့မှ ကင်းဆိတ်ရာ နိဗ္ဗာန်ကိုသာ အာရုံပြု၍ ဖြစ်သော အရိယမဂ်ဟူသော သမုစ္ဆေဒဝိမုတ္တိ၊ အရိယဖိုလ်ဟူသော ပဋိပဿဒ္ဓိ ဝိမုတ္တိတို့ဖြင့် သင်္ခါရတို့မှ ကင်းလွတ်သည်ဟူသော အနက်သဘောကိုသာ မှတ်ယူ ရမည် ဟူလို။

သမုစ္ဆေဒဝိမုတ္တိ ပဋိပဿဒ္ဓိဝိမုတ္တိတို့ဖြင့် သင်္ခါရတို့မှ ကင်းလွတ်သည်ဟူ၏၊ အရိယာတို့သန္တာန်ဝယ် နိဗ္ဗာန်လျှင်အာရုံရှိသော မဂ်ဖိုလ်တရားတို့သာ ဖြစ်သည် မဟုတ်၊ နိဗ္ဗာန်မှတပါး ရူပါရုံ အစရှိသော သင်္ခါရတရားကို အာရုံပြု၍ ဖြစ်သော မနောဒွါရဝီထိ ပဉ္စဒွါရဝီထိစိတ်တို့လည်း ဖြစ်ကုန်သေးသည်ဖြစ်၍ အရိယာပုဂ္ဂိုလ်သည် ယင်းစိတ်တို့ဖြင့် သင်္ခါရအာရုံကိုလည်း ယူပါကုန်သေး သည်ဖြစ်၍ သင်္ခါရတို့မှ မလွတ်သေးသည်သာ ဖြစ်ပါသည် မဟုတ်လော၊ ထိုသို့

လျက် အဘယ်သို့လျှင် ထိုဝိမုတ္တိ နှစ်ပါးတို့ဖြင့် သင်္ခါရတို့မှ လွတ်လေသနည်း ဟူဘွယ်ရှိ၍ သမုခေန-ကို ဆိုပြန်ရသည်။ အရိယာတို့ သန္တာန်ဝယ် သင်္ခါရ တရားလျှင် အာရုံရှိသော ဝီထိစိတ်တို့ ဖြစ်ကုန်သေးသည် ဖြစ်သော်လည်း နိဗ္ဗာန်သာလျှင် အာရုံရှိသော မဂ်ဖိုလ်တို့သည် မိမိကို အဦးပဋ္ဌာန ပြုသော အားဖြင့် သမုစ္ဆေဒ ပဋိပဿဒ္ဓိဝိမုတ္တိတို့သည် မိမိကို အဦးပဋ္ဌာန ပြုသောအားဖြင့် သမုစ္ဆေဒ ပဋိပဿဒ္ဓိဝိမုတ္တိတို့ဖြင့် သင်္ခါရတို့မှ လွတ်ပါသည် ဟူလို။ အရိယာ ပုဂ္ဂိုလ်သည် ဝိမုတ္တိနှစ်ပါးကို ပဋ္ဌာန ပြုသောအားဖြင့် ယင်းသည့် ဝိမုတ္တိတို့ဖြင့် သင်္ခါရတို့မှ လွတ်သည် ဟူခဲ့သော် အရိယာတို့ သန္တာန်ဝယ် ပရိနိဗ္ဗာန်မပြုမီ နာမ် ရုပ် သင်္ခါရတရား အများပင် ဖြစ်ကောင်းသေးရကား ဤအရိယာပုဂ္ဂိုလ် သည် ယင်းသည့် ရုပ် နာမ် သင်္ခါရတို့မှ လွတ်သည် မဖြစ်ရာသေး ဟူဘွယ်ရှိ၍ "တပ္ပဋိဗန္ဓဆန္ဒရာဂပဟာနေန စ"ကို ဆိုပြန်ရသည်။

ဝိမုတ္တိနှစ်ပါးကို ပဋ္ဌာန ပြုသောအားဖြင့်သာ ယင်းဝိမုတ္တိတို့ဖြင့် သင်္ခါရတို့မှ လွတ်သည်မဟုတ်၊ မဂ်ဖိုလ်တို့သည် သမုစ္ဆေဒပဟာန် ပဋိပဿဒ္ဓိပဟာန်တို့ဖြင့် ထိုက်သည့်အားလျော်စွာ ကိလေသာ အလုံးစုံကို ကုန်စင်ကြွင်းမဲ့ ဖျက်ပယ် အပ်သည်ဖြစ်၍ ထို ရုပ် နာမ် သင်္ခါရတရားတို့နှင့် အာရုံ အာရမ္မဏိက အားဖြင့် စပ်၍ဖြစ်သော ဆန္ဒရာဂကို ပယ်သောအားဖြင့်လည်း သင်္ခါရတို့မှ လွတ်သည်ပင် ဖြစ်ရကား အရိယာပုဂ္ဂိုလ်သည် သမုစ္ဆေဒ ပဋိပဿဒ္ဓိဝိမုတ္တိတို့ဖြင့် သင်္ခါရတို့မှ လွတ်သည်သာ ဖြစ်ပါ၏ ဟူလို။

ဝိမုတ္တိနှစ်ပါးကို ပဋ္ဌာန ပြုသောအားဖြင့်ငှင်း အကြောင်း အာရုံဖြစ်သော သင်္ခါရတရားကို အာရုံပြုသဖြင့် ယင်းသည့် သင်္ခါရနှင့် အာရုံ အာရမ္မဏိက အဖြစ်ဖြင့် စပ်သော အကျိုး အာရမ္မဏိက ဖြစ်သော တဏှာကို ဝိမုတ္တိနှစ်ပါးတို့ ပယ်သောအားဖြင့်ငှင်း အရိယာပုဂ္ဂိုလ်သည် သမုစ္ဆေဒ ပဋိပဿဒ္ဓိဝိမုတ္တိတို့ဖြင့် သင်္ခါရတို့မှ လွတ်သည် ဟူခဲ့သော် အရိယာပုဂ္ဂိုလ်သည် ပဋ္ဌာန ပရိယာယ် အကြောင်း ဥပါယဖြင့်သာ ဝိမုတ္တိနှစ်ပါးတို့ဖြင့် သင်္ခါရတို့မှ လွတ်သည် ယူရ သောကြောင့် ကောင်းစွာ လွတ်သည် မဖြစ်ရာ၊ လွတ်သည်မည်ဆန်းကာ သာမည အားဖြင့်သာ လွတ်လေသလော ဟူဘွယ်ရှိ၍ သုဋ္ဌု-ကို မိန့်ဆိုရပြန်သည်။ ကောင်းစွာပင် လွတ်ပါ၏ ဟူလို။ မူလဋီကာဝယ် "ဝိနိမုတ္တသင်္ခါရဿ စ"၌ သမုစ္စ-ယတ္ထစသဒ္ဒါကို အဋ္ဌာနယောဂ ဖြစ်၍ မိမိထိုင်ရင်းပုဒ်မှတပါး ပရမဿာသဘာဝေန-ဟူသောပုဒ် ဂတိဘာဝေန-ဟူသော ပုဒ်တို့နှင့် ယှဉ်၍ ယောဇနာလေ။

## ပုန်းအောင်းရာနိဗ္ဗာန်

နိဗ္ဗာန်သည် ဝိနိမုတ္တသင်္ခါရ ပုဂ္ဂိုလ်၏ တည်ရာဖြစ်သည် ဟူရာ၌ ပရမဿာသ အဖြစ်ဖြင့်သာ တည်ရာဖြစ်သည်မဟုတ်၊ ဂတိဘာဝ အားဖြင့်လည်း တည်ရာ

ဖြစ်သည်ဟု ပြခြင်းငှါ "ပရမဿာသဘာဝေန ဂတိဘာဝေန စ ပတိဋ္ဌာန-ဘူတေ" ကို မိန့်ဆိုပြန်သည်။ မဂ်ဖိုလ်တို့၏ အာရုံ အသခ်တဓာတ် ပရမတ်နိဗ္ဗာန်သည် အရိယာပုဂ္ဂိုလ်၏ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းမှီခိုရာ ဖြစ်ကြောင်းကို ဂတိဘာဝေန ပတိဋ္ဌာနဘူတေ-ဖြင့် မူလဋီကာဆရာ ပြဆိုတော်မူ၏။ ထိုနိဗ္ဗာန်ကို အရိယာတို့၏ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းခိုမှီးရာ ဖြစ်သည်ဟူ၍ မြတ်စွာဘုရား ဟောကြားတော် မမူခဲ့သော် ထိုသို့ပြဆိုခြင်းသည် မသင့်ရာ ဟူဘွယ်ရှိ၍ "နိဗ္ဗာနံ အရဟတော ဂတီတိ ဟိ ဝုတ္တံ"ကို ဆိုပြန်ရသည်။ ထိုနိဗ္ဗာန်၏ အရိယာပုဂ္ဂိုလ်တို့၏ ကိုးကွယ် လည်းလျောင်း ပုန်းအောင်း ခိုမှီးရာ ဖြစ်သည်၏ အဖြစ်ကို ပရိဝါ ပါဠိတော်ဝယ်—

> "ဂတိ မိဂါနံ ပဝနံ၊ အာကာသော ပက္ခီနံ ဂတိ။
> ဝိဘဝေါ ဂတိ ဓမ္မာနံ၊ နိဗ္ဗာနံ အရဟတော ဂတိ"

ဟူသော ဂါထာ၌ "နိဗ္ဗာနံ အရဟတော ဂတိ" ဟူ၍ ဟောတော်မူပါ၏။ ယင်းသို့ ဟောတော်မူသောကြောင့် မူလဋီကာဆရာစကား သင့်ပါပေ၏ ဟူလို။ ဤမူလဋီကာ အနုဋီကာဆရာတို့ အလိုအားဖြင့်ရင်း—

> "အယဉှိ ဂတိသဒ္ဒေါ ပဉ္စ ခေါ ဣမာ သာရိပုတ္တ ဂတိယောတိ ဧတ္ထ နိရယာဒိဘေဒါယ သတ္တေဟိ ဂန္တဗ္ဗဂတိယာ ဝတ္တတိ။ ဣမေသံ ခေါ အဟံ ဘိက္ခုနံ သီလဝန္တာနံ ကလျာဏဓမ္မာနံ နေဝ ဇာနာမိ ဂတိံ ဝါ အဂတိံ ဝါတိ ဧတ္ထ အဇ္ဈာသယေ။ နိဗ္ဗာနံ အရဟတော ဂတီတိ ဧတ္ထ ပဋိသရဏေ"—

ဟူသော သုတ်မဟာဝါ အဋ္ဌကထာ (၃၄) ဆရာ၏ အလိုအားဖြင့်ရင်း "နိဗ္ဗာနံ အရဟတော ဂတိ" ဟူသော ပရိဝါပါဠိတော် (၂၆၃) ၌ နိဗ္ဗာနံ-အရကို မဂ်ဖိုလ်တို့၏ အာရုံ အသခ်တဓာတ် ပရမတ်နိဗ္ဗာန်ကို ယူတော်မူလို၏။ ဂတိ-အရကို လည်း ပဋိသရဏဂတိကို ယူတော်မူလို၏။ "သုစိရံပိ ဌတွာ ပန နိဗ္ဗာနံ အရဟတော ဂတိ ခီဏာသဝဿ အရဟတော အနုပါဒိသေသ နိဗ္ဗာနဓာတု ဧကံသေန ဂတီတိ အတ္ထော" ဟူသော "နိဗ္ဗာနံ အရဟတော ဂတိ" ၏ အဖွင့် ပရိဝါအဋ္ဌကထာ (၆၈) "ဝိဘဝေါ ဂတိ ဓမ္မာနံ နိဗ္ဗာနံ အရဟတော ဂတီတိ အယံ ဝိဘဝဂတိနာမ" ဟူသော သဒ္ဒနီတိ တို့အလိုအားဖြင့်သော် နိဗ္ဗာနံ အရဟတော ဂတိ-၌ နိဗ္ဗာနအရကို ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်သော အားဖြင့် မဖြစ်ခြင်းဟူသော အဘာဝအတ္ထပညတ် အနုပါဒိသေသနိဗ္ဗာနဓာတ်ကို ယူလိုကုန်၏။ ဂတိအရကိုလည်း ဝိဘဝဂတိကို ယူလိုကုန်၏။ ဤသုတ်မဟာဝါ

အဋ္ဌကထာ ပရိဝါအဋ္ဌကထာ သဒ္ဒနီတိတို့၌ အနက်အဓိပ္ပါယ်ကို "ဂတိ မိဂါနံ ပဝနံ" အစရှိသော ပရိဝါပါဠိတော်၏ အနက်အဓိပ္ပါယ်ကို ပြဆိုသော အရာသို့ ရောက်မှ ပြဆိုအံ့။

## ၇-လက္ခဏ-ရသ-စသည်ကိုပြပုံ

## နိဗ္ဗာန်၏မှတ်သားဖွယ်စသည်ကို ပြခြင်း

လေးပါးသော အရိယမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အမတ ပရမ သုခဝိရာဂ စသည်မည်သော အသင်္ခတသဘော တရားသည် အဘယ့်ကြောင့် နိဗ္ဗာနမည်သနည်းဟူမူ—

"ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ" ဟူသော **အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ** (၄၅) "ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တံ" ဟူသော ဋီကာကျော် (၇၅) ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ-ဟူသော သင်္ဂြိုဟ် ဋီကာဟောင်း "တတော ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ"ဟူသော အဘိဓမ္မာဝတာရ အဋ္ဌကထာ တို့နှင့် အညီ ဝါန ဟု ဆိုအပ်သော တဏှာ မှ ကင်းလွတ်ထွက်မြောက်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်မည်သည်ဟူလေ။ ဤ အဋ္ဌကထာ ဋီကာတို့အလိုအားဖြင့် "ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ" ဟု ဝစနတ္ထပြု။ ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဝါနတော၊ တဏှာမှ။ နိက္ခန္တံ၊ ကင်းလွတ်ထွက်မြောက်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ဓမ္မဇာတံ၊ သည်။ နိဗ္ဗာနံ၊ မည်၏။ နိပုဒ်၊ ဝါနပုဒ်၊ နိ-ကား နိက္ခန္တတ္ထ၊ နိ-ကိုနာမ်ပုဒ်ဟူသော် ပဉ္စမီ တပ္ပုရိသ်။ မဏိသာရမဉ္ဇူ ၌ ဝါနတော နိက္ခန္တံ-စသည်၌ ဝါနသဒ္ဒါကိုကတ္တုသာဓ်၊ နိ-နှင့်ဝါန-ကိုပဉ္စမီတပ္ပုရိသ်သမာသ်ပြုရမည်အကြောင်းကို "ဧတ္ထ စ ပဌမဝိကပ္ပေ ဝိ-သံသိဗ္ဗနေတိ ဓာတု။ ဝါနသဒ္ဒေါ ကတ္တုသာဓနော။ နိဗ္ဗာနသဒ္ဒေါ စ ပဉ္စမီ တပ္ပုရိသသမာသော" ဟူ၍ ပြဆိုသည်နှင့် အညီတည်း။

စ၊ အထူးကိုဆိုဦးအံ့။ ဧတ္ထ၊ ဤနှစ်ဝိကပ်တို့တွင်။ ပဌမဝိကပ္ပေ၊ ၌။ ဝိ၊ ဝိသဒ္ဒါသည်။ သံသိဗ္ဗနေတိအတ္ထေ၊ ချုပ်စပ်ခြင်းဟူသောအနက်၌။ ဓာတု၊ ဖြစ်သော ဓာတ်တည်း။ ဝါနသဒ္ဒေါ၊ သည်။ ကတ္တုသာဓနော၊ ကတ္တုသာဓ်ဖြင့်ပြီး၏။ နိဗ္ဗာနသဒ္ဒေါ စ၊ သည်လည်း။ ပဉ္စမီတပ္ပုရိသသမာသော၊ တည်း။

ဝါနနိ-ဟူအပ်လျက် ပုဒ်ကို ရှေ့နောက်ပြန်ခြင်း ပဒဝိပရိတ်ပြု၊ ဝကိုဗ၊ ယင်းကို ဒွေးဘော်ပြု၍ နိဗ္ဗာနဟူသည်။ နိ-ကို ဥပသာရသော်၎င်း နိပါတ်သော်၎င်း ယူမူ "ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ" ဟူသည်နှင့်အညီ ဥပသာရ နိပါတ်ပုဒ် အနက်ပြဋ္ဌာန်းခြင်းရှိသောကြောင့် အဗျယီဘော။ ဤနောက်နည်းအလိုသော်

ပဒဝိပရိတ်ပြုဘွယ်မရှိပြီ။ "နိက္ခန္တတ္တာတိ ဝိသံယောဂဝသေန နိဿဋ္ဌတ္တာ" ဟူသော **အဘိဓမ္မာဝတာရဋီကာ** အလိုအားဖြင့် တဏှာမှ ထွက်မြောက်သော ဟူသည် တဏှာနှင့်မယှဉ်သည်၏ အစွမ်းဖြင့် တဏှာမှ လွတ်သည် ဟူလို၏။

နိက္ခန္တတ္တာ-ကို "အနာသဝဘာဝေန တဗ္ဗိသယာတီတတ္တာ" ဟု ဖွင့်သော **သင်္ဂြိုဟ် ဋီကာဟောင်း** "ဝိသယာတိက္ကမနဝသေန အတီတတ္တာ"ဟု ဖွင့်သော **ဋီကာကျော် (၂၁၆)** တို့အလိုအားဖြင့်အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏ အစွမ်း တဏှာ၏ အာရုံအဖြစ်ကို လွန်သည်၏အစွမ်းအားဖြင့် တဏှာမှ ထွက်မြောက်သည်ဟူလို၏။ "ဝါနာဘာဝေန နိဗ္ဗာနံ" ဟူသော **သံယုတ်အဋ္ဌကထာ (၁၄၉)** "တဏှာသင်္ခါတဝါနာဘာဝတော နိဗ္ဗာနံ" ဟူသော **သုတ္တသင်္ဂဟအဋ္ဌကထာ** တို့ အလိုသော် "နတ္ထိ ဝါနံ ဧတသ္မာတိ နိဗ္ဗာနံ" ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပြု။ ဤအလို နိ-ကား အဘာဝတ္ထ။ "ဧတသ္မာ၊ ထိုနိဗ္ဗာန်အား။ ဝါနံ၊ ဝါနဟူသောတဏှာသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ တံ၊ ထို နိဗ္ဗာန်သည်။ နိဗ္ဗာနံ၊ မည်၏"။ ယှဉ်နိုင် အာရုံပြုနိုင်သော တဏှာမရှိသောကြောင့် နိဗ္ဗာနမည်၏ ဟူလေ။

## ဝါနတဏှာ ဥပမာ

တဏှာမှကင်းလွတ် ထွက်မြောက်သည်၏ အဖြစ် တဏှာမရှိသည်၏ အဖြစ် ကြောင့် နိဗ္ဗာနမည်သည်ဟူ၏၊ ယင်းသို့တဏှာမရှိ တဏှာမှ ထွက်မြောက်သော် နိတ္တဏှ သာ မည်ရာလျက် အဘယ်ကြောင့် နိဗ္ဗာနမည်ရလေသနည်းဟူမူ ဝါနမည် သော ဘဝဝိသယတဏှာမှ ထွက်မြောက်သဖြင့် ထိုဝါနမည်သော တဏှာမရှိ သောကြောင့် နိဗ္ဗာနမည်သည် ဟူပါသည်။ ထိုတဏှာသည် အဘယ့်ကြောင့် ဝါနမည်သနည်းဟူမူ တင်းထိမ်ကန့်လန့်ကာ စသည်ကိုချုပ်သောသူသည် တစပ် နှင့်တစပ်ကို အပ်ချည်ဖြင့်ချုပ်စပ်ခြင်းကို ပြုသကဲ့သို့ ဘဝတပါးနှင့်ဘဝတပါးကို စပ်တတ်သောကြောင့် ဝါနမည်သည်။ ဝါ၊ ရုံခါသုဂတိ ရုံခါဒုဂ္ဂတိဘဝ၌ဖြစ်စေ သဖြင့် သုဂတိဘဝ ဒုဂ္ဂတိဘဝ၏ အစွမ်းဖြင့် ယုတ်မြတ်ကြီးငယ်သောဘဝကို ချုပ်စပ်တတ်သောကြောင့် ဝါနမည်သည်ဟူလေ။ ဤကား "ဘဝါ ဘဝံ ဝိနနတော ဝါနံ ဝုစ္စတိ တဏှာ" ဟူသော အဘိဓမ္မာဝတာရအဋ္ဌကထာ ကို "ဘဝါဘဝန္တိ ဘဝတော ဘဝံ။ ခုဒ္ဒကမဟန္တံ ဝါ ဘဝံ။ ဝိနနတောတိ သံသိဗ္ဗ- နတော။ တဏှာ ဟိ သံသာရနာယိကာဘာဝေန ဘဝတော ဘဝံ။ ဒုဂ္ဂတိသုဂတိ- ဝသေန ခုဒ္ဒကမဟန္တဘဝံ ဝါ အပရာပရဘာဝါယ သံသိဗ္ဗေတိ တုန္နကရဏံ ဝိယ ကရောတိ" ဟု ဖွင့်သော အဘိဓမ္မတ္ထဝိကာသနီ မည်သောဋီကာနှင့် အညီတည်း။

## ဘဝကြီး-ငယ် ခွဲခြားယူပုံ

ဤဋီကာဝယ် ဘဝတော ဘဝံ-ဟူသော ရှေ့နည်းဖြင့် အဋ္ဌကထာ၌ ဘဝါ ဘဝံ-သည် ဝါကျ၊ ဘဝါသည် ပဥ္စမျန္တ။ အာ-လည်း သမ္ဘာဝိဘတ်၏ ကာရိယဟု ပြခြင်းငှါ ဘဝါ-ကို ဘဝတော-ဟု တောပစ္စည်းဖြင့် ဖွင့်သည်။ အနက်အားဖြင့်ကား သံသိဗ္ဗနကိရိယာသည် သဟတ္ထကို ငဲ့သောကြောင့် "ဘဝါ၊ ဘဝတပါးနှင့်" ဟု ပေး။ ခုဒ္ဒကမဟန္တံ ဝါ ဘဝံ-ဟူသော နောက်နည်းဖြင့်ကား ဘဝါဘဝံ-သည် သမာသ်။ ဘဝါဘဝံ-ကို ဘဝ အဘဝံ-ဟု ပုဒ်ဖြတ်၍ ဘဝေါ စ အဘဝေါ စ ဘဝါဘဝံ-ဟု ဒွန်သမာသ်ပြု။ အဘဝံ-၌ အသဒ္ဒါသည် ဝုဒ္ဓိ တဗ္ဘာဝ-အစရှိသော အ-သဒ္ဒါ၏ အနက်ကိုးပါးတွင် ဤ၌ ဝုဒ္ဓိ အနက်ကို ဟောသောကြောင့် အဘဝ အရကို မဟန္တဘဝကိုယူ။ ယင်းဖြင့် မဟန္တဘဝကို ယူပြီးဖြစ်ရကား ပါရိသေသ နည်းအားဖြင့် ဘဝဟူသော ရှေ့ပုဒ်အရကို ခုဒ္ဒကဘဝကိုသာ ယူဟု ပြသည်။ တဏှာ ဟိ-အစရှိသည်ဖြင့် ရှေ့စကားကို ချဲ့ပြန်သည်။

ဘဝါဘဝန္တိ။ ဘဝါဘဝံ-ဟူသည်ကား။ ဘဝတော၊ ဘဝတပါးနှင့်။ ဘဝံ၊ ဘဝ တပါးကို။ ဝါ၊ တနည်းကား ခုဒ္ဒကမဟန္တဘဝံ၊ ငယ်သော ဘဝဟူသော ယုတ်ညံ့ သော ဒုဂ္ဂတိဘဝ၊ ကြီးသော ဘဝဟူသော မြင့်မြတ်သော သုဂတိဘဝကို။ ဝိနန-တောတိ၊ ဝိနနတော-ဟူသည်ကား။ သံသိဗ္ဗနတော၊ ချုပ်စပ်တတ်သောကြောင့်။ ဟိ ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ တဏှာ၊ တဏှာသည်။ သံသာရနာယိကာဘာဝေန၊ သတ္တဝါတို့ကို ဘဝမှ မကင်းမကျွတ် မလွတ်နိုင်အောင် သံသရာသို့ ဆောင်သည် ၏အဖြစ်ဖြင့် (သံသိဗ္ဗေတိ-၌ ကိရိယာဝိသေသနစပ်)။ ဘဝတော၊ နှင့်။ ဘဝံ၊ ကို။ အပရာပရဘာဝါယ၊ အဆင့်ဆင့် အခါခါ ဖြစ်စေခြင်းငှါ။ သံသိဗ္ဗေတိ၊ ချုပ်စပ်တတ်၏။ ဝါ၊ တနည်းကား။ ဒုဂ္ဂတိသုဂတိဝသေန၊ ဒုဂ္ဂတိဘဝ သုဂတိဘဝ ၏အစွမ်းဖြင့်။ ခုဒ္ဒကမဟန္တဘဝံ၊ ငယ်သောဘဝ ကြီးသောဘဝကို။ အပရာပရ-ဘာဝါယ၊ ငှါ။ သံသိဗ္ဗေတိ၊ ၏။ တုန္နကရဏံ ဝိယ၊ တင်းထိမ်ကန့်လန့်ကာ အစ ရှိသည်ကို အပ်ဖြင့် ချုပ်စပ်ခြင်းကို ပြုသကဲ့သို့။ ကရောတိ၊ ချုပ်စပ်ခြင်းကို ပြုတတ်၏။ တနည်း ခန္ဓာ အာယတန အစရှိကုန်သော တေဘူမက တရားတို့ကို။ ဝါ၊ တို့၌။ အောက်အထက် ပြန်လှန်သည်၏ အစွမ်းဖြင့် ချုပ်စပ်တတ်သော ကြောင့် ဝါနမည်သည် ဟူလေ။ ဤကား—

"ခန္ဓာယတနာဒိ ဘေဒေသု တေဘူမကဝတ္တူသု ဝိနနတော ဟေဋ္ဌု-ပရိယဝသေန သံသိဗ္ဗနတော ဝါနန္တိ လဒ္ဓဝေါဟာရာယ ဘဝဝိသယ-တဏှာယ နိက္ခန္တတ္တာ အနာသဝဘာဝေန တဗ္ဗိသယာတီတတ္တာ နိဗ္ဗာ-နန္တိ ပဝုစ္စတိ" ဟူသော သင်္ဂြိုဟ်ဋီကာဟောင်း။ "ခန္ဓာဒိဘေဒေ တေဘူ-

မကာမေမွ ဟေတ္ထုပရိယာယေန ဝိနနတော သံသိဗ္ဗနတော ဝါန-
သင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ ဝိသယာတိက္ကမနဝသေန အတီတတ္တာ"
ဟူသော ဋီကာကျော်(၂၁၆) တို့နှင့် အညီတည်း။

ခန္ဓာယတနာဒိဘေဒေသု၊ ခန္ဓာအာယတန စသည် အပြားရှိကုန်သော။ တေဘူမကဓမ္မေသု၊ တေဘူမကဓမ္မတို့၌။ ဟေတ္ထုပရိယာယေန၊ အောက်အထက်ပြန်သည်၏ အစွမ်းဖြင့်။ ဝိနနတော သံသိဗ္ဗနတော၊ ချုပ်စပ်တတ်သော ကြောင့်။ ဝါနန္တိ လဒ္ဓဝေါဟာရာယ၊ ဝါနဟူ၍ ရအပ်သောအမည် ဝေါဟာရ ရှိသော။ ဘဝဝိသယတဏှာယ၊ ဘဝလျှင် အာရုံ တည်ရာရှိသော တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်သည်၏ အဖြစ်ကြောင့်။ အနာသဝဘာဝေန၊ အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏ အဖြစ်ဖြင့်။ တဗ္ဗိသယာတီတတ္တာ၊ ထိုတဏှာ၏ အာရုံအဖြစ်ကို လွန်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ခန္ဓာဒိဘေဒေ၊ ခန္ဓာ စသည် အပြားရှိကုန်သော။ တေဘူမကဓမ္မေ၊ တို့ကို။ ဟေတ္ထုပရိယာယေန၊ ဖြင့်။ ဝိနနတော သံသိဗ္ဗနတော၊ ကြောင့်။ ဝါနသင်္ခါတာယ၊ ဝါနဟု ဆိုအပ်သော။ တဏှာယ၊ မှ။ နိက္ခန္တတ္တာ၊ ကြောင့်။ ဝိသယာတိက္ကမနဝသေန၊ အာရုံ၏ အဖြစ်ကို လွန်သည်၏ အစွမ်းဖြင့်။ အတီတတ္တာ၊ လွန်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ ဟူ၍။ ပဝုစ္စတိ၊၏။

## မီးတဆဲ့တပါး ငြိမ်းပုံ

"ကောဒသဂ္ဂိဝူပသမနံ နိဗ္ဗာနံ" ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ "နိဗ္ဗာတိ ဝါ ဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ" ဟူသော ဋီကာကျော်(၇၅) "ဒုတိယ ဝိကပ္ပေ ဝါ ဂတိဂန္ထနေသူတိ ဝုတ္တေပိ အနေကတ္ထာ ဟိ ဓာတဝေါတိ ဝုတ္တတ္တာ နိပုဗ္ဗော ဝါ ဝူပသမေတိ ဓာတု။ နိဗ္ဗာနသဒ္ဒေါ စ ကရဏသာဓနောတိ ဝိသေသော ဝေဒိတဗ္ဗော" ဟူသော မဏိသာရမဉ္ဇူတို့ အလိုသော် "နိဗ္ဗန္တိ ရာဂဂ္ဂိအာဒယော ဧတေနာတိ နိဗ္ဗာနံ" ဟု ကရဏသာဓနပြု။ ဒုတိယဝိကပ္ပေ၊ ၌။ ဝါ ဂတိဂန္ထနေသူတိ၊ ဟူ၍။ ဝုတ္တေပိ၊ လည်း။ အနေကတ္ထာ ဟိ ဓာတဝေါတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့်။ နိပုဗ္ဗော၊ သော။ ဝါ၊ ဝါသဒ္ဒါသည်။ ဝူပသမေတိ အတ္ထေ၊ ၌။ ဓာတု၊ တည်း။ နိဗ္ဗာနသဒ္ဒေါ စ၊ သည်လည်း။ ကရဏသာဓနော၊ တည်း။ ဣတိဝိသေသော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

ရာဂ ဒေါသ မောဟ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဟူသော တဆဲ့တပါးကုန်သော မီးတို့၏ ငြိမ်းကြောင်း ဖြစ်သော ကြောင့် နိဗ္ဗာနမည်ပါသည် ဟူလေ။

"သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ။ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အာဒိတ္တံ။ စက္ခု ဘိက္ခဝေ အာဒိတ္တံ။ ရူပါ အာဒိတ္တာ။ စက္ခုဝိညာဏံ အာဒိတ္တံ။

စက္ခုသမ္ဖဿော အာဒိတ္တော။ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ။ တံပိ အာဒိတ္တံ။ ကေန အာဒိတ္တံ။ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ။ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

ဤ သဠာယတနဝဂ္ဂသံယုတ် အာဒိတ္တသုတ် ပါဠိတော် (၂၅၁) ကို ထောက်၍ မီးတဆဲ့တပါး-အရကို ရာဂ-စသည်ကို ယူသင့်သည်ကို သိလေ။ "တံ ဟိ အာဂမ္မ သဗ္ဗပရိဠာဟာ နိဗ္ဗန္တိ" အစရှိသော စတုက္ကအင်္ဂုတ္တရအဋ္ဌကထာ ၂-(၂၉၆) နှင့်အညီ ရာဂ-အစရှိသော အလုံးစုံသော ပူပန်ခြင်းတို့၏ ငြိမ်းကြောင်း ဖြစ်သော ကြောင့် နိဗ္ဗာန မည်ပါသည် ဟူလေ။ "တံ ဟိ အာဂမ္မ သဗ္ဗဒုက္ခံ နိဗ္ဗာယတိ" အစရှိသော နေတ္တိအဋ္ဌကထာ "တိဿန္နမ္ပိ ဒုက္ခတာနံ နိဗ္ဗုတိဘာဝတော နိဗ္ဗာနံ" ဟူသော ဝိသုဒ္ဓိမဂ်မဟာဋီကာတို့နှင့်အညီ ဒုက္ခဒုက္ခ ဝိပရိဏာမဒုက္ခ သင်္ခါရဒုက္ခ ဟူသော သုံးပါးသော ဒုက္ခ ဝဋ်ဆင်းရဲ ဟူသမျှတို့၏ ငြိမ်းကြောင်း ဖြစ်သော ကြောင့် နိဗ္ဗာန မည်သည် ဟူလေ။

"နိဗ္ဗန္တိ ဧတ္ထာတိ နိဗ္ဗာနံ" ဟု အဓိကရဏသာဓနလည်းပြု။ ပြဆိုပြီးသော အရာတို့ဝယ် ငြိမ်းကြောင်းဖြစ်သောဟူရာ၌ ငြိမ်းရာဖြစ်သောကြောင့်သာ ဟူ၍ ဆိုရသည်သာ ထူးတော့သည်။

## အသင်္ခတနိဗ္ဗာန် လက္ခဏာ-စသည်ပြပုံ

ထိုမဂ်ဖိုလ်တို့ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(၃၉)၌ "တယိဒံ သန္တိလက္ခဏံ၊ အစ္စုတိရသံ၊ အဿာသကရဏရသံ ဝါ။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ နိပ္ပပဉ္စပစ္စုပဋ္ဌာနံ ဝါ" ဟု ပြဆိုတော်မူ၏။ အဘိဓမ္မာဝတာရ အဋ္ဌကထာ၌ကား "နိပ္ပပဉ္စပစ္စုပဋ္ဌာနံ ဝါ" ဟူသော ဖလပစ္စုပဋ္ဌာန်အရာ၌ "နိဿရဏပစ္စုပဋ္ဌာနံ ဝါ" ဟု ရှိသည်သာ ဤမျှ ထူး၏။ သမ္မောဟဝိနောဒနီအဋ္ဌကထာ (၇၉) ၌လည်း ပြဆို၏။ ပစ္စုပဋ္ဌာန်ကို ပြရာ၌ ဖလပစ္စုပဋ္ဌာန်ကိုပြသော နောက်နည်းမပါသည်မျှသာ ယင်းတို့မှ ထူးသည်။

တယိဒံ တံ ဣဒံ နိဗ္ဗာနံ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ရာဂ၏ကုန်ခြင်း အစရှိသောအားဖြင့် အလုံးစုံသော ဒုက္ခငြိမ်းခြင်း၏ အကြောင်းဖြစ်သည်၏အဖြစ်၊ ကိလေသာ ဟူသော ပူပန်ခြင်း မရှိသည်၏အဖြစ်တို့ကြောင့် ငြိမ်းခြင်း လက္ခဏာ ရှိ၏။

ဤကား "ရာဂက္ခယာဒိဘာဝေန သဗ္ဗဒုက္ခသန္တိယာ ပစ္စယတာယ ကိလေသ-သန္တာပါဘာဝေန စ သန္တိလက္ခဏံ" ဟူသော အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။

"တယိဒံ သဘာဝတော ဧကဝိဓမ္ပိ" ဟူသော သင်္ဂြိုဟ် (၄၅) ဝယ် သဘာဝ-တော-ကိုဖွင့်ပြသော "သဘာဝတောတိ အတ္တနော သန္တိလက္ခဏေန" ဟူသော ဋီကာကျော် (၂၁၆) ၏ အဖွင့်ဖြစ်သော "သန္တိလက္ခဏေနာတိ ရာဂက္ခယာဒိဘာ-ဝေန သဗ္ဗဒုက္ခသန္တိယာ ပစ္စယတာယ ကိလေသသန္တာပါဘာဝေန စ ဝူပသမလက္ခ-ဏံ" ဟူသော မဏိသာရမဉ္ဇူ "ရာဂက္ခယာဒိဘာဝေန သဗ္ဗဒုက္ခသန္တတာ သန္တိ" ဟူသော မူလဋီကာ ၂-(၅၂) တို့နှင့် အညီတည်း။

ရာဂက္ခယာဒိဘာဝေန၊ ရာဂ၏ကုန်ခြင်း အစရှိသော အဖြစ်ဖြင့်။ သဗ္ဗဒုက္ခ-သန္တိယာ၊ အလုံးစုံသော ဒုက္ခငြိမ်းခြင်း၏။ ပစ္စယတာယ စ၊ အကြောင်း၏ အဖြစ်ဖြင့်၎င်း။ ကိလေသသန္တာပါဘာဝေန စ၊ ကိလေသာ ဟူသော ပူပန်ခြင်း မရှိသည်၏ အဖြစ်ဖြင့်၎င်း။ သန္တိလက္ခဏံ၊ ငြိမ်းခြင်း လက္ခဏာ ရှိ၏။

သန္တိလက္ခဏေနာတိ၊ ဟူသည်ကား။ ရာဂက္ခယာဒိဘာဝေန၊ ဖြင့်။ သဗ္ဗဒုက္ခ-သန္တိယာ၊ ၏။ ပစ္စယတာယ စ၊ ဖြင့်၎င်း။ ကိလေသသန္တာပါဘာဝေန စ၊ ဖြင့်၎င်း။ ဝူပသမလက္ခဏံ၊ ငြိမ်းခြင်း လက္ခဏာ ရှိ၏။ ရာဂက္ခယာဒိဘာဝေန၊ ဖြင့်။ သဗ္ဗဒုက္ခသန္တတာ၊ အလုံးစုံသော ဒုက္ခတို့၏ ငြိမ်းကြောင်း၏ အဖြစ်သည်။ သန္တိ၊ သန္တိမည်၏။ အစဉ်အတိုင်း သာဓကပါဌ်တို့၏ အနက်။

နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ရာဂ ဒေါသ မောဟတို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော ကုန်ငြိမ်းခြင်းဖြင့် ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဟူသော ဝဋ်ဒုက္ခ ခပ်သိမ်းတို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကုန်ငြိမ်းခြင်းဖြစ်ရကား ထိုအကျိုးဖြစ်သော ဒုက္ခခပ်သိမ်း ကုန်ငြိမ်းခြင်း၏ ငြိမ်းခြင်းဟူသော သန္တိ-ကိရိယာကို ထိုငြိမ်းခြင်းအား ဉပနိဿယအားဖြင့် ကျေးဇူးပြုတတ်သော အကြောင်းနိဗ္ဗာန်၌ ဖလူပစာရအားဖြင့် တင်စား၍၎င်း မိမိ၏ကိန်းရာ သတ္တဝါ သန္တာန်စိတ်အစဉ်ကို ပူပန်စေတတ်သော ကိလေသာတို့၏ သမ္ပယုတ်အဖြစ် အာရုံ အဖြစ်ကို လွန်မြောက်ရကား ကိလေသာဟူသော ပူပန်ခြင်းမရှိသည်ဖြစ်၍၎င်း ငြိမ်းခြင်းလက္ခဏာရှိသည်ဟူလို။ ဤနည်း၌ သန္တိကို "သမနံ ဝူပသမနံ သန္တိ" ဟု ဘာဝသာဓနပြု။ တနည်း၊ အလုံးစုံသောသင်္ခါရတို့၏ တဖန်အသစ်မဖြစ်နိုင်ခြင်းသို့ ရောက်ရာရောက်ကြောင်းဟူသော ငြိမ်းရာငြိမ်းကြောင်း၏ အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ ဤကား "သဗ္ဗေ ဝါ သင်္ခါရာ သမန္တိ ဝူပသမန္တိ အနုပ္ပတ္တိဓမ္မတံ အာပဇ္ဇန္တိ ဧတ္ထ ဧတေနာတိ သန္တိ" ဟူသော မဏိသာရမဉ္ဇူ နှင့် အညီတည်း။

## သဒ္ဒါနည်း ရှင်းလင်းချက်

တနည်း။ အလုံးစုံသောသင်္ခါရတို့ တဖန်မဖြစ်ပြန်နိုင်ခြင်း သဘောရှိသည်၏ အဖြစ်သို့ ရောက်စေသောအားဖြင့် ငြိမ်းစေတတ်သည်၏ အဖြစ်တည်းဟူသော

လက္ခဏာရှိ၏။ ဤလည်း " တေ ဝါ သမေတိ ဝူပသမေတိ အနုပ္ပတ္တိဓမ္မတံ အာပါ-ဒေတီတိ သန္တိ " ဟူသော မဏိသာရမဉ္ဇူ နှင့် အညီပင်တည်း။

ဤနည်းနှစ်ပါးတွင် ရှေ့နည်းအလို သန္တိလက္ခဏာ၌ သန္တိ-ကိုကရဏသာဓ်၊ အဓိကရဏသာဓ်ပြု။ နောက်နည်း အလိုသော် ဟေတုကတ္တုသာဓ်ပြု။ သန္တိအရကို မင်္ဂဖိုလ်တို့၏ အာရုံ အသင်္ခတနိဗ္ဗာန်ကို ကောက်။ ဤအရာ၌ကား လက္ခဏ, လက္ခဏဝန္တ၊ သဘာဝ, သဘာဝဝန္တမတူကွဲပြားအခြားစီဖြစ်မှ သင့်ရာသောကြောင့် ဘာဝပ္ပဓာနနည်းအားဖြင့်သော်ရင်း ဘာဝသဒ္ဒါ ဘာဝပစ္စည်းကိုချေသောအား ဖြင့်သော်ရင်း သန္တိဘာဝကို ရယူမည်အကြောင်းကို " ဣဓ ပန သန္တိဘာဝေါ သန္တိ။ ဘာဝပ္ပစ္စယလောပေန ဘာဝပ္ပဓာနနိဒ္ဒေသေန ဝါတိ သန္တိဘာဝလက္ခဏန္တိ အတ္ထော " ဟူ၍ မဏိသာရမဉ္ဇူ ၌ပင် ပြဆိုသည်။

ဝါ၊ တနည်းကား။ တွေ၊ ဤမင်္ဂဖိုလ်တို့၏အာရုံ အသင်္ခတဓာတ်၌။ ဝါ၊ တနည်းကား။ တေန၊ ဤမင်္ဂဖိုလ်တို့၏အာရုံ အသင်္ခတဓာတ်ဖြင့်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ သမန္တိ ဝူပသမန္တိ၊ ငြိမ်းကုန်၏။ အနုပ္ပတ္တိဓမ္မတံ၊ တဖန်အသစ် မဖြစ်ပြန်နိုင်ကောင်းသော သဘောရှိသည်၏အဖြစ်သို့။ အာပဇ္ဇန္တိ၊ ကုန်၏။ ဣတိတသ္မာ၊ ထိုသို့သင်္ခါရ အလုံးစုံတို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်း သဘောရှိသည်၏ အဖြစ်သို့ ရောက်သည်ဟု ဆိုအပ်သော ငြိမ်းရာ ငြိမ်းကြောင်းဖြစ်သည်၏အဖြစ်ကြောင့်။ တံ၊ ထိုမင်္ဂဖိုလ်တို့၏ အာရုံအသင်္ခတနိဗ္ဗာန်သည်။ သန္တိ၊ သန္တိမည်၏။ ဝါ၊ တနည်းကား။ ယံ၊ အကြင်မင်္ဂဖိုလ်တို့၏ အာရုံနိဗ္ဗာန်သည်။ တေ၊ ထိုအလုံးစုံသော သင်္ခါရတို့ကို။ သမေတိ ဝူပသမေတိ၊ ငြိမ်းစေတတ်၏။ အနုပ္ပတ္တိဓမ္မတံ၊ သို့။ အာပါဒေတိ၊ ရောက်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့အလုံးစုံသော သင်္ခါရတို့ကို ငြိမ်းစေတတ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုမင်္ဂဖိုလ်တို့၏ အာရုံနိဗ္ဗာန်သည်။ သန္တိ၊ သန္တိမည်၏။ ဣဓ ပန၊ ဤနိဗ္ဗာန်၏ သန္တိလက္ခဏာရှိသည်ကိုပြရာ၌ကား။ ဘာဝပ္ပစ္စယ-လောပေန ဝါ၊ ဘောအနက်၌ သက်သော တဒ္ဓိတ်ပစ္စည်း ကျေသောအားဖြင့်သော်ရင်း။ ဝါ၊ ဘောအနက်၌သက်သော တဒ္ဓိတ်ပစ္စည်းကို ချေသောအားဖြင့်သော်ရင်း။ ဘာဝပ္ပဓာနနိဒ္ဒေသေန ဝါ၊ ဘောပဓာနကို ညွှန်းပြသောအားဖြင့်သော်ရင်း။ သန္တိဘာဝေါ၊ ငြိမ်းရာ၏အဖြစ် ငြိမ်းကြောင်း၏အဖြစ် ငြိမ်းစေတတ်သည်၏ အဖြစ်သည်။ သန္တိ၊ သန္တိ မည်၏။ ဣတိ တသ္မာ၊ ကြောင့်။ သန္တိ-ဘာဝလက္ခဏံ၊ အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာ၏အဖြစ် ငြိမ်းကြောင်း၏အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ ဝါ၊ အလုံးစုံသော သင်္ခါရတို့ကို ငြိမ်းစေတတ်သည်၏အဖြစ်တည်းဟူသော လက္ခဏာရှိ၏။ ဣတိအတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊၏။ အစ္စုတိရသံ၊ မိမိ၏သဘောကို တရံတခါမျှမစွန့်ခြင်းကြောင့် မိမိ၏သန္တိသဘောမှ မရွေ့လျောခြင်းဟူသော ဂုဏ်နှင့်ပြည့်စုံ၏။

## မရှေ့လျှောခြင်းဂုဏ် ပြည့်စုံပုံ

" အစ္စုတိရသတ္တိ သဘာဝါပရိစ္စဇနတော အစဝနသမ္ပတ္တိကံ "အဘိဓမ္မာဝတာ ရဋီကာ ။ အစ္စုတိရသတ္တိ၊ ကား။ သဘာဝါပရိစ္စဇနတော၊ မိမိ၏သန္တိ သဘောကို မစွန့်ခြင်းကြောင့်။ အစဝနသမ္ပတ္တိကံ၊ မိမိ၏သန္တိသဘောမှ မရွေ့ လျှောခြင်း ဂုဏ်နှင့်ပြည့်စုံ၏။ " အစ္စုတိရသတ္တိ အစ္စုတိသမ္ပတ္တိကံ၊ အစဝနံ ဝါ ကိစ္စန္တိ တဒဘာဝံ ကိစ္စမိဝ ဝေါဟရိတွာ အစ္စုတိကိစ္စန္တိ အတ္တော၊ အစဝနဥ္စ သဘာဝဿ အပရိစ္စဇနံ၊ အဝိကာရတာ ဝါ ဒဋ္ဌဗ္ဗာ " မူလဋီကာ၂-(၅၂)။ အဝိကာရ-တာ ဝိကာရာဘာဝေါ နိစ္စတာ။ အနုဋီကာ၂-(၆၂)။အစ္စုတိရသတ္တိ၊ ကား။ အစ္စုတိ-သမ္ပတ္တိကံ၊ မိမိ၏သန္တိသဘောမှ မရွေ့လျှောခြင်းဟူသော ဂုဏ်နှင့် ပြည့်စုံ၏။ ဝါ၊ တနည်းကား။ အစဝနံ၊ မိမိ၏ သန္တိသဘောမှ မရွေ့လျှောခြင်းသည်။ ကိစ္စံ၊ နိဗ္ဗာန်၏ ကိစ္စမည်၏။ ဣတိ၊ ကြောင့်။ တဒဘာဝံ၊ ထိုရွေ့လျှော ခြင်းကိစ္စမရှိခြင်းကို။ ကိစ္စမိဝ၊ ကိစ္စကိုကဲ့သို့။ ဝေါဟရိတွာ၊၍။ အစ္စုတိကိစ္စန္တိ အတ္တော၊ အစ္စုတိကိစ္စံ-ဟူသောအနက်ကို။ ဝေဒိတဗ္ဗော၊ ၏။ အစဝနဥ္စ၊ အစဝန-ဟူသည်လည်း။ သဘာဝဿ၊ မိမိ၏ သန္တိသဘောကို။ အပရိစ္စဇနံ၊ မစွန့် ခြင်းကို။ ဝါ၊ ကား။ သဘာဝဿ၊ မိမိ၏သဘော၏။ အဝိကာရတာ၊ ဖောက် ပြန်ခြင်းမရှိသည်၏အဖြစ်ကို။ ဒဋ္ဌဗ္ဗာ၊ ၏။

အဝိကာရတာ၊ အဝိကာရတာဟူသည်။ ဝိကာရာဘာဝေါ၊ ဖောက်ပြန်ခြင်း မရှိခြင်းပင်တည်း။ နိစ္စတာ၊ မြဲသည်၏အဖြစ်ပင်တည်း။

## သက်သာရာရပုံ တောအုပ်ဥပမာ

ဤမူလဋီကာ ပဌမဝိကပ်အလိုသမ္ပတ္တိရသ၊ ဒုတိယဝိကပ်အလိုသော်ကိစ္စရသ။ အကျယ်ကို ပဒမစ္စုတမစ္စန္တံ-ဟူသော ဂါထာ၏ အနက်ကိုပြရာဝယ် ပြဆိုခဲ့ပြီ။ ဝါ၊ တနည်းကား။ အဿာသကရဏရသံ၊ သက်သာရာကို ရအောင်ပြုခြင်းကိစ္စ ရှိ၏။

> အဿာသ ကရဏရသန္တိ အဿာသကရဏကိစ္စံ။ တံ ဟိ ပါန ဘောဇ-နာဒိသုည သဘယ ကန္တာရ ပရိဗ္ဘမနေန ပရိဿမန္တဿ အဒ္ဒိကပုရိသဿ အဿာသဇနကဘာဝေန ဥပဋ္ဌိတံ ဝနန္တောဒကံ ဝိယ သဗ္ဗညုဗုဒ္ဓါနံပိ ဝစန ပထာတိက္ကန္တ မဟာဒုက္ခဘေရဝေ သံသာရကန္တာရေ ပရိဗ္ဘမနေန ပရိဿမန္တဿ တထာရူပံ ပဋိပတ္တိမဂ္ဂံ ပဋိပန္နဿ ယောဂါဝစရဿ အနာဒိ မတိသံသာရေ သုပိနန္တေနာပိ အဒိဋ္ဌပုဗ္ဗတာယ ဒဿနသဝနကာလမေဝ ပရမဿာသံ ဇနေတိ။ အဘိဓမ္မာဝတာရဋီကာ။

အဿာသကရဏရသန္တိ၊ ဟူသည်ကား။ အဿာသ ကရဏကိစ္စံ၊ သက်သာရာရအောင်ပြုခြင်း ကိစ္စရှိ၏။ ဟိ ဝိတ္ထာရေမိ၊ အံ့။ ဝါ၊ ဟိ ယသ္မာ၊ ကြောင့်။ ပါနဘောဇနာဒိသုညသဘာဝ ကန္တာရ ပရိဗ္ဗမနေန၊ အဖျော်ဘောဇဉ်အစရှိသည်တို့မှကင်းဆိတ်သော အလွန် ကြောက်မက်ဘွယ်သော ဘေးရှိသော ကြီးကျယ်ရှည်လျားလှစွာသောခရီးခဲ၌ တချာချာတပတ်ပတ် မပြတ်လှည့်လည်ရသဖြင့်။ ပရိဿမန္တဿ၊ အလွန်ပင်ပန်းသော။ အဒ္ဓိကပုရိသဿ၊ ခရီးသွားသောယောကျ်ားအား။ ဝနန္တောဒကံ၊ စိမ်းရှင်သော တောအုပ်ရေသည်။ (ဤအလိုအန္တသဒ္ဒါ အနက်အသီးအခြားမရှိ။ ဒွန်သမာသ်ပြု။) ဝါ၊ တောအုပ်၏အတွင်း၌တည်သော ရေသည်။ (ဤအလို မဇ္ဈေလောပီတပ္ပုရိသ်)။ အဿာသဇနကဘာဝေန၊ သက်သာရာရခြင်းကို ဖြစ်စေသည်၏အဖြစ်ဖြင့်။ ဥပဋ္ဌိတံ ဝိယ၊ ရှေး ရှုတည်သကဲ့သို့။ သဗ္ဗညုဗုဒ္ဓါနံပိ၊ သဗ္ဗညုဘုရားရှင်တို့၏သော်လည်း။ ဝစနပထာတိက္ကန္တမဟာဒုက္ခဘေရဝေ၊ သံသရာဒုက္ခ၏ ကြီးမားလေးလံလှသည်၏အဖြစ်ကို ထိုထိုအရာများစွာ ဟောတော်မူအပ်သော သံသရာဒုက္ခကို ပြကြောင်း စကားအစဉ်ကို လွန်အောင် မြားမြောင်ကြီးမားလှစွာသော ဒုက္ခအပေါင်းတို့ဖြင့် ကြောက်မက်ဘွယ်ရှိသော။ သံသာရကန္တာရေ၊ သံသရာတည်းဟူသော ခရီးခဲ၌။ ပရိဗ္ဗမနေန၊ တခုသော ဘဝမှ တခုသောဘဝသို့ ပဋိသန္ဓေကူးပြောင်းလည်နေခြင်း ဟူသော တချာချာတပတ်ပတ် မပြတ်လှည့်လည်ရသဖြင့်။ ပရိဿမန္တဿ၊ ထက်ဝန်းကျင်အလွန်ပင်ပန်းသော။ တထာရူပံ၊ ထိုနိဗ္ဗာန်ကိုရခြင်းအားလျော်သော။ ပဋိပတ္တိမဂ္ဂံ၊ ဒါန သီလ ဘာဝနာစသော ကျင့်စဉ်ခရီးကို။ ပဋိပန္နဿ၊ ဖြည့်ကျင့်သောအားဖြင့်သွားသော။ ယောဂါဝစရဿ၊ အား။ အနာဒိမတိသံသာရေ၊ အလွန်ရှည်လျားမြင့်ကြာသဖြင့် သိအပ်သိနိုင်စရာသော အစမရှိသော သံသရာ၌။ ဝါ၊ မသိအပ်မသိနိုင်သောအစရှိသောသံသရာ၌။သုပိနန္တေနာပိ၊အိပ်မက်မျှဖြင့်လည်း။ အဒိဋ္ဌပုဗ္ဗတာယ၊ မမြင်အပ်စဘူးသည်၏ အဖြစ်ကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ ဒဿနသဝနကာလမေဝ၊ အနုမာနအားဖြင့်ဆ၍သိမြင်ရုံ ပရမတ္ထအားဖြင့် နိဗ္ဗာန်ထင်ရှားရှိ၏ဟူသောစကား နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးနှင့်စပ်သောစကားကို ကြားရုံမျှသောကာလ၌ပင်လျှင်။ ပရမဿာသံ၊ လွန်စွာသော သက်သာရာရခြင်းကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ တသ္မာ၊ ကြောင့်။ အဿာသကရဏကိစ္စံ၊ သက်သာရာရအောင် ပြုခြင်းကိစ္စရှိသည်။ ဟောတိ၊ ၏။

အဓိပ္ပါယ်မှာ အနက်ကိုလျှောက်၍ သိနိုင်လောက်ပြီ။

ပြဆိုအပ်ခဲ့ပြီးသည်အတိုင်းသောဒဿနသဝနကာလ၌ပင် သို့စင် လွန်စွာသော သက်သာရာရခြင်းကို ဖြစ်စေနိုင်ဘိသေး၏။ အရိယမဂ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုရပြီးသော အရိယာပုဂ္ဂိုလ်တို့အား ယခုအခါ ငါသည် အလွန်ကြီးကျယ်ကြောက်မက်ဘွယ်သော သံသရာဘေးဒုက္ခဝဋ်မှ ကင်းလွတ်ချမ်းသာရပေတော့

မည်ဟူ၍ အလွန်အထူးသဖြင့် စင်စစ်ကေန် စိတ်၏သက်သာရာရခြင်းကို အမှန်ဖြစ်စေတတ်သောကြောင့် သက်သာရာ ရအောင် ပြုခြင်းကိစ္စ ရှိသည် ဟူလို။ (အဿာသကရဏ ကိစ္စ-အရကို ပရိနိဗ္ဗာန်ပြုပြီးသော ပရိနိဗ္ဗုတပုဂ္ဂိုလ်အား ချမ်းသာရာရအောင် ပြုခြင်းကိစ္စ ဟူ၍ မကောက်မယူကြနှင့်)။

"ကိစ္စံ ဝါ တဿ သမ္ပတ္တိ၊ ရသောတိ ပရိဒီပယေ" ဟူ၍ ပြဆိုအပ်သော ရသ နှစ်ပါးတွင် ရှေ့နည်းကား သမ္ပတ္တိရသ။ နောက်နည်းကား ကိစ္စရသ။ မူလဋီကာ ဆရာကား ရှေ့နည်း၌ပင် နှစ်ပါးယူ၏။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော ခန္ဓနိမိတ်မှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့် ခန္ဓာ မဟုတ်ဟူ၍ ဉာဏ်သည် အာရုံပြုသောအားဖြင့် ယူအပ်ရကား ခန္ဓနိမိတ်မှ ကင်း ဆိတ်သောတရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ဉာဏ်အား ရှေးရှုထင်သော အခြင်း အရာဟူသော အနိမိတ္တပစ္စုပဋ္ဌာန်ရှိ၏။ ဤကား " ခန္ဓနိမိတ္တဝိဝိတ္တတာယ အဝိဂ္ဂ- ဟံ ဟုတွာ ဂယှတီတိ အနိမိတ္တပစ္စုပဋ္ဌာနံ" ဟူသော အဘိဓမ္မာဝတာရဋီကာ နှင့် အညီတည်း။

ခန္ဓနိမိတ္တဝိဝိတ္တတာယ၊ ခန္ဓနိမိတ်မှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့်။ အဝိဂ္ဂဟံ ဟုတွာ၊ ခန္ဓာကိုယ်မဟုတ်သည်ဖြစ်၍။ ဂယှတိ၊ ဉာဏ်ဖြင့် ယူအပ်၏။ ဣတိတသ္မာ၊ ကြောင့်။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် နိဗ္ဗာန်ကိုရှု သော ယောဂီပုဂ္ဂိုလ်၏ဉာဏ်အား သာသနာတော်မှ အပဖြစ်ကုန်သော အညတိတ္ထိယတို့သည် အတ္တဟူ၍ ကြံဆပညတ် သမုတ်ခေါ်ဆိုကြောင်းဖြစ်သော ခန္ဓနိမိတ်မှ ကင်းဆိတ်သောအားဖြင့် ရှေးရှုထင်သောအခြင်းအရာရှိ၏။

"ပဥ္စက္ခန္ဓနိမိတ္တသုညတာယ အဝိဂ္ဂဟံ ဟုတွာ ဂယှတီတိ အနိမိတ္တပစ္စုပဋ္ဌာနံ" မူလဋီကာ ၂ (၅၂) ပဥ္စက္ခန္ဓသင်္ခါတံ နိမိတ္တံ ပဥ္စက္ခန္ဓနိမိတ္တံ။ အဝိဂ္ဂဟံ အသရီရံ။ မခု။ ရှေ့နည်းကိုမှီ၍ အနက်ပြန်လေ။ ဝိဂ္ဂဟသဒ္ဒါကား ကိုယ်ခန္ဓာဟော။

သရီရံ ဝပု ဂတ္တဉ္စ၊ တ္တဘာဝေါ ဗောန္ဒိ ဝိဂ္ဂဟော။

ဒေဟံ ဝါ ပုရိသေ ကာယော၊ ထိယံ တနု ကဠေဝရံ။

အဘိဓာန် (ဂါထာ နံပါတ်-၁၅၁) ကိုယ်ဟောပရိယာယ်။ ဤနည်း၌ အနိမိတ္တပစ္စုပဋ္ဌာန်ဝယ် နိမိတ္တအရကို ခန္ဓနိမိတ်ကိုယူ။ တနည်း။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ ဉာဏ်ဖြင့် နိဗ္ဗာန်ကို ရှုသောယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား သင်္ခါရနိမိတ်မှ ကင်းဆိတ်သော တရားဟူ၍ ရှေးရှုထင်သောအခြင်းအရာရှိ၏။ ဤကား "သတ္တနိမိတ္တဝိဝိတ္တ- တာယ ခန္ဓာ အနိမိတ္တာ။ သင်္ခါရနိမိတ္တဝိဝိတ္တတာယ နိဗ္ဗာနံ" ဟူသော ကထာဝတ္ထုအဋ္ဌကထာ (၁၆၉) နှင့် အညီတည်း။

သတ္တနိမိတ္တဝိဝိတ္တတာယ၊ သတ္တဝါနိမိတ်မှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့်။ ခန္ဓာ၊ ရုပ် ဝေဒနာ အစရှိကုန်သော ခန္ဓာငါးပါးတရားတို့သည်။ အနိမိတ္တာ၊

အနိမိတ္တမည်ကုန်၏။ သင်္ခါရနိမိတ္တ ဝိဝိတ္တတာယ၊ သင်္ခါရနိမိတ်မှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အနိမိတ္တံ၊ မည်၏။

**သံသရာကြာစေသည့် တဏှာ မာန ဒိဋ္ဌိ**

ခန္ဓာငါးပါးအပေါင်းကိုစွဲ၍ သတ္တဝါ လူနတ် စသည်ဖြင့် သမုတ်ခေါ်ဆိုအပ်သော်လည်း ခန္ဓာငါးပါးမှာ သတ္တဝါ ဟု ခေါ်ဆိုစရာတရား တပါးမျှမပါမရှိသောကြောင့် ခန္ဓာငါးပါးတို့သည် သတ္တနိမိတ်မှ ကင်းဆိတ်ကုန်ရကား အနိမိတ္တမည်ကုန်သည်။ နိဗ္ဗာန်သည် သင်္ခါရတရားဟူသမျှတို့၏ ပဋိပက္ခဖြစ်၍ နိဗ္ဗာန်မှာ သင်္ခါရတရားအလျှင်းပင် မယှဉ်မရှိရကား သင်္ခါရနိမိတ်မှ ကင်းဆိတ်သည်ဟူလို။

ဤနည်း၌ နိမိတ္တအရကို သင်္ခါရနိမိတ်ကိုယူ။ တနည်း။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ အလုံးစုံသော နိမိတ်မှ ကင်းဆိတ်သောအားဖြင့် ရှေးရှုထင်သော အခြင်းအရာ ရှိ၏။ ဤလည်း "အနိမိတ္တန္တိ သဗ္ဗနိမိတ္တရဟိတံ နိဗ္ဗာနံ" ဟူသော ဋီကာ (၂၆၇) နှင့် အညီပင်တည်း။ အနိမိတ္တန္တိ၊ ဟူသည်ကား။ သဗ္ဗနိမိတ္တရဟိတံ၊ အလုံးစုံသော နိမိတ်တို့မှ ကင်းဆိတ်သော။ နိဗ္ဗာနံ၊ တည်း။ ဤနည်း၌ နိမိတ္တအရကို အလုံးစုံသော နိမိတ်ကိုပင်ယူ။ "ဖလံ ဝါ ပစ္စုပဋ္ဌာနံ ဥပဋ္ဌာနာကာရောပိ ဝါ" ဟူသော ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန် ဖလပစ္စုပဋ္ဌာန် နှစ်ပါးတို့တွင် ဤအနိမိတ္တပစ္စုပဋ္ဌာနံ-၌ ပစ္စုပဋ္ဌာန်အရကို ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ ဟူသော ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်ကိုယူ။

ဝါ၊ တနည်းကား။ နိပ္ပပဉ္စပစ္စုပဋ္ဌာနံ၊ သံသရာကို မြင့်ကြာရှည်လျား စည်ကား ပြန့်ပွါးအောင် ချဲ့တတ်သော တဏှာ မာန ဒိဋ္ဌိ ဟူသော ပပဉ္စတရားတို့ကို နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်ပြီးသည်ဖြစ်၍ ပပဉ္စတရားမရှိခြင်းဟူသော အကျိုးရှိ၏။ ဝါ၊ အပ်ပြီးသည်ဖြစ်၍ သံသရာစက်ရဟတ် ပြတ်ကင်း မကျယ်ပြန့်ခြင်း အကျိုးရှိ၏။ ဝိသုဒ္ဓိမဂ်၌ ပြဆိုအပ်သော ပစ္စုပဋ္ဌာန်။ ဝါ၊ တနည်းကား။ နိဿရဏပစ္စုပဋ္ဌာနံ၊ အလုံးစုံသော သင်္ခတတရားတို့မှ ကင်းလွတ်ထွက်မြောက်ကြောင်းဖြစ်သည်၏ အဖြစ်ကြောင့် အလုံးစုံသော သင်္ခတတရားတို့မှ ထွက်မြောက်ခြင်းဟူသော အကျိုးကို ဖြစ်စေတတ်ရကား သင်္ခတတရား ဟူသမျှမှ ကင်းလွတ်ထွက်မြောက်ခြင်း ဟူသော အကျိုးရှိ၏။ ဤကား "သဗ္ဗသင်္ခတနိဿရဏုပါယဘာဝတော နိဿရဏံ ပစ္စုပဋ္ဌာပေတီတိ နိဿရဏပစ္စုပဋ္ဌာနံ" ဟူသော အဘိဓမ္မာဝတာရဋီကာ နှင့် အညီတည်း။

သဗ္ဗသင်္ခတနိဿရဏုပါယဘာဝတော၊ အလုံးစုံသောသင်္ခါရတရားတို့မှ ထွက်မြောက်ရခြင်း၏ အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ နိဿရဏံ၊ သင်္ခတတရားတို့မှ ကင်းလွတ်ထွက်မြောက်ခြင်းဟူသောအကျိုးကို။ ပစ္စုပဋ္ဌာပေတိ၊ ဖြစ်စေတတ်

၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ နိဿရဏပစ္စုပဋ္ဌာနံ၊ မည်သည်။ ဝါ၊ အလုံးစုံသော သင်္ခါရတရားတို့မှ ထွက်မြောက်ခြင်းဟူသော အကျိုးရှိသည်။ ဟောတိ၊၏။

## နိဗ္ဗာန်၏ ပဒဋ္ဌာန်ကို မပြဆိုပုံ

အဘိဓမ္မာဝတာရ အဋ္ဌကထာ၌ ပြဆိုအပ်သော ပစ္စုပဋ္ဌာန်။ ဤ နိပ္ပပဉ္စပစ္စုပဋ္ဌာန် နိဿရဏပစ္စုပဋ္ဌာန်အရကို ဖလပစ္စုပဋ္ဌာန်ကိုယူ။ "အာသန္နကာရဏံ ယံ တု၊ ပဒဋ္ဌာနန္တိ တံ မတံ" ဟူသည်နှင့်အညီ အကျိုးကို ဖြစ်စေတတ်သော အနီးအဝေးဖြစ်သောအကြောင်းများတွင် အနီးဆုံးဖြစ်သော ဇနကအကြောင်းကို ထိုထိုအရာ၌ ပဒဋ္ဌာန်ဟူ၍ ဆိုအပ်ရကား နိဗ္ဗာန်မှာ မိမိကို ဖြစ်စေတတ်သော နိဗ္ဗတ္တက ဇနကအကြောင်းသည် အလျှင်းပင် မရှိသောကြောင့် ဤ အဋ္ဌကထာ သုံးကျမ်းလုံး၌ပင် နိဗ္ဗာန်၏ လက္ခဏာ စသည်ကို ပြရာဝယ် ပဒဋ္ဌာန်ကို ပြဆိုတော် မမူကြလေသည်။ နေတ္တိပါဠိတော် (၂၆) ၌ "နိယျာနိကလက္ခဏော မဂ္ဂေါ၊ တံ နိရောဓဿ ပဒဋ္ဌာနံ" ဟူ၍ မဂ္ဂသစ္စာသည် ဝဋ်မှ ထွက်မြောက်ကြောင်း လက္ခဏာ ရှိ၏။ ထိုနိယျာနိကလက္ခဏာ ရှိသော အရိယမဂ်သည် နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်၏ ပဒဋ္ဌာန် ဟု ဟောတော်မူလေသည်ကား "ဗီဇာယ အင်္ကုရော ဇာယတိ" စသည်၌ ဗီဇာယ-စသည်ကဲ့သို့ ဖြစ်စေတတ်သော ဇနကအကြောင်း၊ "ဓူမာယ အဂ္ဂိ အတ္ထီတိ ဉာယတိ" စသည်၌ ဓူမာယ-စသည်ကဲ့သို့ သိစေတတ်သော ဉာပကအကြောင်း၊ တီရံ နာဝါယ ပါပုဏိ-စသည်၌ နာဝါယ-စသည်ကဲ့သို့ ရောက်စေတတ်သော သမ္ပာပကအကြောင်း ဟူသော အကြောင်းသုံးမျိုးတို့တွင် အရိယမဂ်သည် နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ရကား အရိယမဂ်၏ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သည်၏ အဖြစ်တည်းဟူသော သမ္ပာပကအကြောင်း ဖြစ်သည်၏ အဖြစ်ကို ရည်၍ မဂ္ဂသစ္စာကို နိရောဓသစ္စာ၏ ပဒဋ္ဌာန် ဟူ၍ ဟောတော်မူကြောင်းကို ၎င်းအဋ္ဌကထာ (၉၃) ၌ "သမ္ပာပကဟေတုဘာဝံ သန္ဓာယ မဂ္ဂေါ နိရောဓဿ ပဒဋ္ဌာနန္တိ ဝုတ္တော" ဟု ပြဆိုတော်မူ၏။

မဂ္ဂေါ၊ မဂ္ဂသစ္စာသည်။ နိယျာနိကလက္ခဏော၊ ဝဋ်မှ ထွက်မြောက်ကြောင်း နိယျာနိကလက္ခဏာ ရှိ၏။ တံ၊ ထိုနိယျာနိကလက္ခဏာရှိသော မဂ္ဂသစ္စာသည်။ နိရောဓဿ၊ နိရောဓသစ္စာ၏။ ပဒဋ္ဌာနံ၊ ဒါန သီလ အစရှိသော ပါရမီသမ္ဘာရ ဝိပဿနာမဂ် ဟူသော နိဗ္ဗာန်သို့ ရောက်ခြင်း၏ များစွာသော အကြောင်းတို့တွင် အလွန်နီးလှစွာသော အကြောင်းတည်း။

သမ္ပာပကဟေတုဘာဝံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော သမ္ပာပကအကြောင်းဖြစ်သည်၏ အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ မဂ္ဂေါ၊ မဂ္ဂသစ္စာကို။ နိရောဓဿ၊ နိရောဓသစ္စာ၏။ ပဒဋ္ဌာနန္တိ၊ နီးလှစွာသော အကြောင်း ဟူ၍။

ထေရေန၊ မဟာသာဝက တေဒဂ်ရ ဖြစ်တော်မူသော မဟာကစ္စည်း မထေရ်သည်။ ဝုတ္တော၊ နေတ္တိပါဠိ၌ ဟောတော်မူအပ်၏။

ဓမ္မသင်္ဂဏီမာတိကာ ပါဠိတော် သပစ္စယဒုက်ဝယ် နိဗ္ဗာန်ကို အပ္ပစ္စယာ ဓမ္မာ-ဟူ၍ ဟောတော် မူလေသည်ကား နိဗ္ဗာန်မှာ ဖြစ်စေတတ်သော ဇနက အကြောင်း မရှိသောကြောင့် ဟောတော်မူသည်။ ထိုကြောင့် ၎င်းပါဠိတော်၏ အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ (၉၀) ၌ "နတ္ထိ ဧတေသံ ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ ပစ္စယောတိ အပ္ပစ္စယာ" ဟု ဖွင့်ပြတော်မူသည်။ "နတ္ထိ ဧတေသံ ပစ္စယောတိ အပ္ပစ္စယာ" သာ ပဋ္ဌာန။ နိဗ္ဗာန်တရားအား အကြောင်းမရှိ ဟူလို။ အကြောင်း မရှိဟူသော် ဖြစ်စေတတ်သော ဇနကအကြောင်း တည်စေတတ် ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်း ရောက်စေတတ်သော သမ္ပာပကအကြောင်း အလုံးစုံပင်မရှိ ဟူ၍ မှတ်ယူရအံ့လော-ဟူဘွယ်ရှိ၍ "ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ" ကို မိန့်ဆိုရပြန်သည်။ ထိုနိဗ္ဗာန်အား ဖြစ်ရန်၌ ဖြစ်ရန်ဘို့အကြောင်း တည်ရန်၌ တည်ရန်ဘို့အကြောင်း ဟူသော ဇနကအကြောင်း ဥပတ္ထမ္ဘက အကြောင်းသာ မရှိသည်။ ရောက်ရန်၌ ရောက်ရန်ဘို့အကြောင်းကား ရှိ၏ ဟူလို။

ဧတေသံ ဓမ္မာနံ၊ ထိုနိဗ္ဗာန်တရားတို့အား။ ဥပ္ပါဒေ ဝါ၊ ဖြစ်ရန်၌ ဖြစ်ရန်ဘို့ ၎င်း။ ဌိတိယံ ဝါ၊ တည်ရန်၌ တည်ရန်ဘို့၎င်း။ ပစ္စယော၊ သည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ အပ္ပစ္စယာ၊ ကုန်၏။ ဧတုတ္ထိ ဗဟုဗ္ဗီဟိသမာသ်။ ဧတေသံ-ဟူသော သမ္ပဒါန်ကို နတ္ထိ-၌စပ်။ ဥပ္ပါဒေ ဝါ ဌိတိ-ယံ ဝါ-ဟူသော အာဓာရတို့ကို ပစ္စယော-၌စပ်။ အဘယ့်ကြောင့်ကား နိဗ္ဗာန်အား ဖြစ်ရန်၌ ဖြစ်ရန်ဘို့ အကြောင်းမရှိလေသနည်းဟူမူ ဖြစ်သော တရား မဟုတ်သောကြောင့် ဖြစ်ရန်အကြောင်းမရှိသည် ဟူလေ။ နိဗ္ဗာန်၏ ဖြစ်တတ်သော တရားမဟုတ်သည်၏ အဖြစ်ကိုလည်း "အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ" ဟူ၍ နိဗ္ဗာန်၏ အဇာတ အဘူတ အဖြစ်ကို ဥဒါန်းပါဠိတော် ၌ ဟောတော်မူသည်ကို ထောက်၍ သိလေ။ ထိုအဇာတံ အဘူတံ-ဟူသော ပုဒ်တို့ကို ၎င်းအဋ္ဌကထာ (၃၅၇) ၌ "ဝေဒနာဒယော ဝိယ ဟေတုပစ္စယ သမဝါယ သင်္ခါ-တာယ ကာရဏသာမဂ္ဂိယာ န ဇာတံ န နိဗ္ဗတ္တန္တိ အဇာတံ။ ကာရဏေန ဝိနာ သယမေဝ စ န ဘူတံ န ပါတုဘူတံ န ဥပ္ပန္နန္တိ အဘူတံ" ဟု ဖွင့်ပြတော်မူ၏။ နိဗ္ဗာန်သည် အနီးအဝေးဖြစ်သော အကြောင်းတို့ ပေါင်းဆုံညီညွတ်ခြင်း ဟူသော များစွာသော အကြောင်းတို့ ပေါင်းဆုံညီညွတ်ခြင်းကြောင့် ဖြစ်သော တရား မဟုတ်။ အကြောင်းနှင့်ကင်း၍ မိမိလျှောက်လျှား ဘာသာလည်း ဖြစ်သော တရားမဟုတ် ဟူလို။ ဤဥဒါန်းပါဠိ အဋ္ဌကထာတို့ဝယ် အနက်အဓိပ္ပါယ်တို့ကို ပါဠိအဋ္ဌကထာတို့ကို အပြည့်အစုံပြဆိုသော အရာသို့ရောက်မှ ပြအံ့။

## သနိမိတ္တ-အနိမိတ္တ ရှင်းပြချက်

ကထာဝတ္ထု ပါဠိတော် ဝယ် နိဗ္ဗာန်ကို အနိမိတ္တ ဟူရာ၌လည်း "သဒါ အဘာဝတော ဥပ္ပတ္တိကာရဏသင်္ခတဿ နိမိတ္တဿ အတ္ထိတာယ နိမိတ္တံ။ နိဗ္ဗာနံ ဝုတ္တပ္ပကာရာဘာဝတော အနိမိတ္တံ" ဟူ၍ ၎င်းအဋ္ဌကထာ ၌ မိန့်ဆိုသောကြောင့် နိမိတ္တသဒ္ဒါအကြောင်းဟော။ နိမိတ္တသဒ္ဒါ၏အကြောင်းဟောပရိယာယ် အဖြစ်ကိုလည်း—

နိမိတ္တံ ကာရဏံ ဌာနံ၊ ပဒံ ဗီဇံ နိဗန္ဓနံ။

နိဒါနံ ပဘဝေါ ဟေတု၊ သမ္ဘဝေါ သေတု ပစ္စယော။

ဟူ၍ အဘိဓာနပ္ပဒီပိကာကျမ်း (ဂါထာနံပါတ် ၉၁) ၌ ပြဆို၏။

ဤကထာဝတ္ထု အဋ္ဌကထာပါဠ်တို့တွင် နိမိတ္တဿ အတ္ထိတာယ သနိမိတ္တံ-ဖြင့် စတုဘူမိက သင်္ခါရဖြစ်သော သင်္ခတတရား၏ နိမိတ်ရှိသောကြောင့် သနိမိတ္တ မည်သည်၏အဖြစ်၊ သနိမိတ္တသဒ္ဒါကို "သံဝိဇ္ဇတိ နိမိတ္တံ ဧတဿာတိ သနိမိတ္တံ" ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ပြုအပ်သည်၏အဖြစ်ကိုပြသည်။ ကာရဏသင်္ခတဿ-ဖြင့် နိမိတ္တသဒ္ဒါ၏အကြောင်းဟူသောအနက်ကို ဟောသည်၏အဖြစ်ကိုပြသည်။ ဥပ္ပတ္တိ-ဖြင့် ဇနကအကြောင်း ဥပတ္ထမ္ဘကအကြောင်း သမ္ဘာပကအကြောင်းဟူသော အကြောင်းသုံးပါးတို့တွင် ဤအရာ၌ ဇနကအကြောင်းကို ယူအပ်သည်၏အဖြစ်ကို ပြသည်။ အဘယ့်ကြောင့်ကား ထိုသင်္ခတ တရားအား ဖြစ်ကြောင်းရှိရသနည်း ဟူဘွယ်ရှိ၍ သဒါ အဘာဝတော-ကို မိန့်ဆိုရပြန်သည်။

သင်္ခတ တရားဟူသမျှသည် ဥပါဒ် ဌီ ဘင်ရှိသောတရားဖြစ်၍ ချုပ်ပျက်တတ်သော တရားဖြစ်ရကား အမြဲနိစ္စ ထာဝရ အခါခပ်သိမ်းမရှိ၊ ယင်းသို့ အခါခပ်သိမ်း မရှိသောကြောင့် ထိုတရားကို တဘန်အသစ် ဖြစ်စိမ့်သောငှါ ဟေတု သဟဇာတ အနန္တရ အစရှိသောအကြောင်းတို့သည် ပေါင်းဆုံပြုပြင်အပ်ရကား ဖြစ်ကြောင်းရှိပါသည်ဟူလေ။ ဝုတ္တပ္ပကာရာဘာဝတော-ဖြင့် နိဗ္ဗာန်အား ဖြစ်ခြင်း ဥပါဒ်မည်သည် မရှိ၊ ထိုသို့ဥပါဒ်မရှိသောကြောင့် ပျက်ခြင်းဘင်မည်သည် မရှိ၊ ယင်းသို့ဥပါဒ် ဘင် မရှိသောကြောင့် ထိုဥပါဒ် ဘင်တို့ဖြင့် ပိုင်းခြားအပ်သော ဌီမည်သည်မရှိ။ ယင်းသို့ဥပါဒ် ဌီ ဘင်ဟူသောသင်္ခတလက္ခဏာ မရှိသည်ဖြစ်၍ ချုပ်တတ် ပျက်တတ်သော တရားမဟုတ်ရကား အမြဲနိစ္စထာဝရ အခါခပ်သိမ်း ရှိသောတရား ဖြစ်၏။ ယင်းသို့ အခါခပ်သိမ်းရှိသော တရားဖြစ်သောကြောင့် ထိုနိဗ္ဗာန်ကို ဖြစ်စိမ့်သောငှါ ပြုပြင်စီရင်တတ် ဖြစ်စေတတ်သော တစုံတခုသော အကြောင်းမည်သည် မရှိသောကြောင့် နိဗ္ဗာန်၏ အနိမိတ္တမည်သည်၏ အဖြစ်၊ အနိမိတ္တသဒ္ဒါကို "နတ္ထိ နိမိတ္တံ ဧတဿာတိ အနိမိတ္တံ" ဟု စတုတ္ထီဗဟုဗ္ဗီဟိ သမာသ်ပြုအပ်သည်၏ အဖြစ်တို့ကို ပြသည်။

ဧတဿ သင်္ခတဿ၊ အား။ နိမိတ္တံ၊ ဖြစ်ကြောင်းသည်။ သံဝိဇ္ဇတိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံ၊ ထိုသင်္ခတတရားသည်။ သနိမိတ္တံ၊ မည်၏။

ဧတဿ၊ ထိုနိဗ္ဗာန်အား။ နိမိတ္တံ၊ ဖြစ်ကြောင်းသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ အနိမိတ္တံ၊ မည်၏။ ဝစနတ္ထအနက်။

သင်္ခတံ၊ သင်္ခတတရားသည်။ သဒါ အဘာဝတော၊ ပျက်စီးတတ် ချုပ်တတ်သော သဘောရှိသည်ဖြစ်၍ အခါခပ်သိမ်း အမြဲမရှိသောကြောင့်။ ဥပ္ပတ္တိ-ကာရဏသင်္ခါတဿ၊ ဖြစ်ခြင်း၏ အကြောင်းဟု ဆိုအပ်သော။ နိမိတ္တဿ၊ အကြောင်းနိမိတ်၏။ အတ္ထိတာယ၊ ရှိသည်၏အဖြစ်ကြောင့်။ သနိမိတ္တံ၊ သနိမိတ္တ မည်၏။ ဝုတ္တပ္ပကာရာဘာဝတော၊ ဆိုအပ်ပြီးသော ဖြစ်ခြင်း၏ အကြောင်းအထူး မရှိခြင်းကြောင့်။ နိဗ္ဗာနံ၊ သည်။ အနိမိတ္တံ၊ မည်၏။ အနက်။

## သစ္စာလေးပါးနှင့် ဆက်စပ်ပုံ

ဤသို့နိဗ္ဗာန်ကို ပြုပြင်စီရင်တတ် ဖြစ်စေတတ်သော တရားမရှိသောကြောင့် နိဗ္ဗာန်အား ဖြစ်စေတတ်သော ဖြစ်ကြောင်းမည်သည် မရှိသည်သာတည်း။ ထို နိဗ္ဗာန်သို့ ရောက်စေတတ်သော ရောက်ကြောင်း တရားမူကား ရှိ၏။ အရိယ မဂ်သည် နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။ ထိုသို့ အရိယမဂ်၏ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သည်၏အဖြစ်ကိုလည်း အဘိဓမ္မာဝိဘင်းပါဠိတော် သစ္စဝိဘင်း (၁၀၄)၌ "စတ္တာရိ အရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ။ ဒုက္ခသမုဒယော အရိယသစ္စံ။ ဒုက္ခနိရောဓော အရိယသစ္စံ။ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စံ" ဟူ၍၊ သုတ်မဟာဝါ မဟာသတိပဋ္ဌာနသုတ် ပါဠိတော် (၂၄၃) ၌လည်း "ဣဓ ဘိက္ခဝေ ဘိက္ခု ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ။ အယံ ဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ။ အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ။ အယံ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါတိ ယထာဘူတံ ပဇာနာတိ"ဟူ၍၊သဂါထာဝဂ္ဂသံယုတ်ပါဠိတော်(၆၁) စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်(၃၅၇)တို့၌လည်း "အပိစာဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောက-သမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိပဋိပဒဉ္စ" ဟူ၍ အရိယမဂ်ကို နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော နိရောဓဂါမိနိပဋိပဒါဟူ၍ ဟောတော် မူသည်ကို ထောက်သဖြင့် သိအပ်၏။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာသမုစ္စည်းပိုင်း ၌လည်း အရိယမဂ်၏ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သည်၏အဖြစ်ကို ၎င်းဝိဘင်း ပါဠိတော်ကိုပင် သာဓကပြုလုပ်၍ ထုတ်ဆောင်ပြဆိုသည်။ နိရောဓဂါမိနိပဋိပဒါ သဒ္ဒါကိုလည်း သင်္ဂြိုဟ် ဋီကာဟောင်း ၌ "ဒုက္ခနိရောဓံ ဂစ္ဆတိ ဧတာယာတိ ဒုက္ခနိရောဓဂါမိနီ။ သာဝ ပဋိပဇ္ဇန္တိ ဧတာယာတိ ပဋိပဒါ။ အရိယမဂ္ဂေါ"ဟူ၍၊ ဋီကာကျော် (၂၃၁)၌လည်း "ဒုက္ခနိရောဓံ ဂစ္ဆတိ ပဋိပဇ္ဇန္တိ စ တံ ဧတာယာတိ

ဒုက္ခနိရောဓဂါမိနိပဋိပဒါ” ဟူ၍၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ (၇၉) ၌လည်း “စတုတ္ထသစ္စံ ပန ယသ္မာ တံ ဒုက္ခနိရောဓံ ဂစ္ဆတိ အာရမ္မဏဝသေန တဒဘိမုခီဘူတတ္တာ ပဋိပဒါ စ ဟောတိ ဒုက္ခနိရောဓပ္ပတ္တိယာ။ တသ္မာ ဒုက္ခ-နိရောဓဂါမိနိပဋိပဒါတိ ဝုစ္စတိ” ဟူ၍ ဖွင့်ဆိုတော်မူကြကုန်သည်။

အရိယသစ္စာနိ၊ တို့သည်။ ဒုက္ခံ၊ လောကီစိတ်စေတသိက် လောဘမှတပါး စေတသိက်ကေပညာသ ရုပ်အဋ္ဌဝီသ တေဘူမကဝဋ္ဋဒုက္ခဟူသော။ အရိယသစ္စံ၊ အရိယသစ္စာရင်း။ ဒုက္ခသမုဒယော၊ တေဘူမကဝဋ္ဋဒုက္ခ၏ဖြစ်ကြောင်း တဏှာဟူသော။ အရိယသစ္စံ၊ ၎င်း။ ဒုက္ခနိရောဓော၊ ဒုက္ခ၏ ချုပ်ရာ ချုပ်ကြောင်း နိဗ္ဗာန်ဟူသော။ အရိယသစ္စံ၊ ၎င်း။ ဒုက္ခနိရောဓဂါမိနိပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော။ အရိယသစ္စံ၊ ၎င်း။ ဣတိ၊ သို့။ စတ္တာရိ၊ လေးပါးတို့တည်း။

ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ ဣဒံ၊ လောဘမှ တပါးသော ဤတေဘူမကဝဋ္ဋတရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာတည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ သိ၏။ အယံ၊ ဤလောဘ စေတသိက်ဟူသော တဏှာသည်။ ဒုက္ခသမုဒယော၊ တဏှာမှ တပါးသော တေဘူမကဝဋ္ဋဒုက္ခဟူသော ဒုက္ခသစ္စာ၏ ဖြစ်ခြင်း၏အကြောင်း သမုဒယ သစ္စာတည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ တိုင်း။ ပဇာနာတိ၊ ၏။ အယံ၊ ဤနိဗ္ဗာန်တရားသည်။ ဒုက္ခနိရောဓော၊ ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာတည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ တိုင်း။ ပဇာနာတိ၊ ၏။ အယံ၊ ဤအရိယမဂ်သည်။ ဒုက္ခနိရောဓဂါမိနိပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာ ချုပ်ကြောင်းဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ဟူသော မဂ္ဂသစ္စာတည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ တိုင်း။ ပဇာနာတိ၊ ၏။

အာဝုသော၊ ဒါယကာနတ်သား။ အပိစ၊ စင်စစ်သော်ကား။ အဟံ၊ ငါဘုရားသည်။ သသညိမှိ၊ သညာနှင့်တကွဖြစ်သော။ ဝါ၊ သညာက္ခန္ဓာနှင့် တကွဖြစ်သော။ သမနကေ၊ စိတ်နှင့်တကွဖြစ်သော။ ဝါ၊ ဝိညာဏက္ခန္ဓာနှင့် တကွဖြစ်သော။ ဗျာမမတ္တေ၊ တလံမျှလောက်သော။ ဣမသ္မိံ ကဠေဝရေ ယေဝ၊ ဤကိုယ်ကောင်၌ပင်လျှင်။ ဝါ၊ ဤကိုယ်ဟူသော ရူပက္ခန္ဓာ၌ပင်လျှင်။ (သညာဝိညာဉ်တို့ကို ဥပလက္ခဏပြုသောအားဖြင့် ဝေဒနာက္ခန္ဓာ သင်္ခါရက္ခန္ဓာ တို့ကိုလည်း ယူတော်မူသည်ဖြစ်၍ ခန္ဓာငါးပါးလုံးကိုပင် ယူတော်မူသည်)။ လောကဉ္စ၊ ဒုက္ခသစ္စာဟူသော လောကကိုလည်း။ ပညပေမိ၊ ၏။ ဝါ၊ သိစေတော်မူ၏။ လောကသမုဒယဉ္စ၊ လောက၏ဖြစ်ကြောင်း သမုဒယသစ္စာ ကိုလည်း။ ဝါ၊ သမုဒယသစ္စာ ဟူသော လောက၏ ဖြစ်ကြောင်းကိုလည်း။

ပညပေမိ၊ ၏။ လောကနိရောဓဥ္စ၊ နိရောဓသစ္စာဟူသော လောက၏ ချုပ်ကြောင်းကိုလည်း။ ပညပေမိ၊ ၏။ လောကနိရောဓဂါမိနိပဋိပဒဥ္စ၊ မဂ္ဂသစ္စာ ဟူသော လောက၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကိုလည်း။ ပညပေမိ၊ ၏။

တေသယ၊ ဤအကျင့်ဖြင့်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့။ ဂစ္ဆတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သာ၊ ထိုအကျင့်သည်။ ဒုက္ခနိရောဓဂါမိနီ၊ ၏။ တေသယ၊ ဤအကျင့်ဖြင့်။ ဒုက္ခနိရောဓံ၊ သို့။ ပဋိပဇ္ဇန္တိ၊ ရောက်ကုန်၏။ ဝါ၊ ရောက်အောင် ကျင့်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ သာဝ၊ ထိုဒုက္ခနိရောဓဂါမိနီမည်သော အကျင့်သည်ပင်လျှင်။ ပဋိပဒါ၊ ပဋိပဒါမည်၏။ အရိယမဂ္ဂေါ၊ အရိယမဂ်ကို ရ၏။

တေသယ၊ ဤအရိယမဂ်ဟူသောအကျင့်ဖြင့်။ ဒုက္ခနိရောဓံ၊ သို့။ ဂစ္ဆတိ၊ ၏။ တံ၊ ထိုဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့။ ပဋိပဇ္ဇန္တိ စ၊ ရောက်အောင်လည်း ကျင့်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ သာ၊ ထိုအရိယမဂ်ဟူသောအကျင့်သည်။ ဒုက္ခ-နိရောဓဂါမိနိပဋိပဒါ၊ မည်၏။

ပန၊ အဘို့တပါးကို ဆိုဦးအံ့။ စတုတ္ထသစ္စံ၊ မဂ္ဂသစ္စာဟူသော စတုတ္ထသစ္စာကို။ ယသ္မာ၊ အကြင်ကြောင့်။ တေံ ဒုက္ခနိရောဓံ၊ ထိုဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့။ အာရမ္မဏဝသေန၊ အာရုံ၏အစွမ်းဖြင့်။ တဒဘိမုခီဘူတတ္တာ၊ ထိုနိဗ္ဗာန်သို့ ရှေးရှု ဖြစ်၍ ဖြစ်သည်၏ အဖြစ်ကြောင့်။ ဂစ္ဆတိ၊ သွားရောက်တတ်၏။ ဒုက္ခ-နိရောဓပ္ပတ္တိယာ၊ ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ခြင်းငှါ။ ပဋိပဒါ စ၊ အကျင့်သည်လည်း။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဒုက္ခနိရောဓဂါမိနိပဋိပဒါတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ အစဉ်အတိုင်း သာဓကပါဌ်တို့၏ အနက်။

## နိဗ္ဗာန်၏ အကြောင်းအကျိုး ဖြစ်ပုံ

"ယံကိဉ္စိ ပစ္စယုပ္ပန္နာ၊ ဝိပါကာ ကိရိယာ တထာ။
နိဗ္ဗာနံ ဘာသိတတ္ထော စ၊ ပဉ္စေတေ အတ္ထသညိတာ"

ဟူ၍ အဘိဓမ္မာဝတာရအဋ္ဌကထာ (၁၅၄) ၌လည်း ပြဆိုအပ်သော အကျိုးအနက် ဟူသော အတ္ထကို သိသော အတ္ထပဋိသမ္ဘိဒါဉာဏ်၏ အာရုံဖြစ်သော အကြောင်း ပစ္စည်းကြောင့်ဖြစ်သော အလုံးစုံသော အကျိုးပစ္စယုပ္ပန် တရားတပါး၊ ဝိပါက် တရားတပါး၊ ကိရိယာတရားတပါး၊ နိဗ္ဗာန်တရားတပါး၊ သဒ္ဒါသည် ဟောအပ် သော သဒ္ဒါ၏ အနက်တပါးအားဖြင့် ငါးပါးသော အတ္ထတို့တွင် နိဗ္ဗာန်သည် အရိယ

မဂ်သည် အာရုံပြုသော အားဖြင့် ရောက်အပ်သော ပတ္တဗ္ဗအကျိုးဖြစ်ကြောင်း၊ သဒ္ဓါသည် ဟောအပ်သော အနက်သည် သဒ္ဓါဖြင့် သိစေအပ်သော ဉာပေတဗ္ဗ အတ္ထဖြစ်ကြောင်း၊ ယင်းအတ္ထနှစ်ပါးမှ ကြွင်းသော ပစ္စယုပ္ပန်တရား ဝိပါက်တရား ကိရိယာတရား ဟူသော အတ္ထသုံးပါးသည် ဖြစ်စေအပ်သော နိဗ္ဗတ္တေတဗ္ဗ အကျိုးအတ္ထဖြစ်ကြောင်းကို—"ဧတ္ထ စ နိဗ္ဗာနံ ပတ္တဗ္ဗော အတ္ထော၊ ဘာသိတဗ္ဗော ဉာတဗ္ဗော အတ္ထော၊ ဣတရော နိဗ္ဗတ္တေတဗ္ဗော အတ္ထောတိ တိဝိဓော ဟောတိ အတ္ထော" ဟူ၍ ပြဆိုသော အဘိဓမ္မတ္ထဝိကာသနီဋီကာ၊ ဓမ္မပဋိသမ္ဘိဒါ ဉာဏ်၏ အာရုံဖြစ်သော ဓမ္မသရုပ် ငါးပါးတို့ကို အကျိုးပစ္စယုပ္ပန်ကို ဖြစ်စေ တတ်သော အကြောင်းပစ္စည်းတရား တပါး, အရိယမဂ်တရား တပါး, အနက်ကို ဟောတတ်သော သဒ္ဓါတပါး, ကုသိုလ်တရားတပါး, အကုသိုလ်တရားတပါး ဟု ပြဆိုသော—

"ဖလနိဗ္ဗတ္တကော ဟေတု၊ အရိယမဂ္ဂေါ စ ဘာသိတံ။
ကုသလာကုသလဉ္စေတိ၊ ပဉ္စေတေ ဓမ္မသညိတာ"

ဟူသော အဘိဓမ္မာဝတာရအဋ္ဌကထာ (၁၅၄) ၌လည်း ဓမ္မငါးပါးတို့တွင် အရိယမဂ် သည် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သမ္ပာပကဟေတု, အနက်ကို ဟောပြ တတ် သိစေတတ်သော သဒ္ဓါသည် ဉာပကဟေတု၊ ယင်းနှစ်ပါးမှ တပါးသော ပစ္စည်းတရား ကုသိုလ်တရား အကုသိုလ်တရားတို့သည် အကျိုးကို ဖြစ်စေ တတ်သော နိဗ္ဗတ္တကဟေတု ဖြစ်ကြောင်းကို—"မဂ္ဂေါ သမ္ပာပကဟေတု၊ ဘာသိတံ ဉာပကော ဟေတု၊ ဣတရော နိဗ္ဗတ္တကော ဟေတူတိ ဧဝံ တိဝိဓော ဟောတီတိ ဒဋ္ဌဗ္ဗော" ဟု ပြဆိုသော ရင်းဋီကာ ကို ထောက်သဖြင့်လည်း ဖြစ်စေအပ်သော နိဗ္ဗတ္တေတဗ္ဗ အကျိုး, သိစေအပ်သော ဉာပေတဗ္ဗ အကျိုး, ရောက်အပ်သော ပတ္တဗ္ဗအကျိုး ဟူသော အကျိုးသုံးပါးတို့တွင် နိဗ္ဗာန် သည် ရောက်အပ်သော အကျိုးဖြစ်ကြောင်း။ အကျိုးကိုဖြစ်စေတတ်သော နိဗ္ဗတ္တကအကြောင်း, သိစေတတ်သော ဉာပကအကြောင်း, ရောက်စေတတ်သော သမ္ပာပကအကြောင်း ဟူသော အကြောင်းသုံးပါးတို့တွင် အရိယမဂ်သည် ရောက်စေတတ်သော သမ္ပာပကအကြောင်း ဖြစ်သည်ကိုသာ သိအပ်သည်။

ယံ ကိဉ္စိ ပစ္စယုပ္ပန္နာ၊ အကြောင်းပစ္စည်းတို့ကြောင့် ဖြစ်ကုန်သော အကြင် အမှတ်မရှိ အလုံးစုံသော အကျိုးပစ္စယုပ္ပန် တရားတို့ရင်း။ တထာ၊ ထိုမှတပါး။ ဝိပါကာ စ၊ ဝိပါက်တရားတို့ရင်း။ ကိရိယာ စ၊ ကိရိယာတရားတို့ရင်း။ နိဗ္ဗာနဉ္စ၊ ရင်း။ ဘာသိတတ္ထော စ၊ သဒ္ဓါသည် ဟောပြ သိစေအပ်သော အနက်ရင်း။ ဧတေ ပဉ္စ၊ ဤငါးပါးတို့ကို။ အတ္ထသညိတာ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်၏ အာရုံ ဖြစ်သော အတ္ထ-ဟူ၍ မှတ်အပ်ကုန်၏။

စ၊ အထူးကိုဆိုအံ့။ ဧတ္ထ၊ ဤအတ္တငါးပါးတို့တွင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပတ္တဗ္ဗော၊ အရိယမဂ်သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော။ အတ္ထော၊ အကျိုးဖြစ်သော အတ္ထတည်း။ ဘာသိတဗ္ဗော၊ သဒ္ဒါသည် ဟောအပ်သော အနက်သည်။ ဉာတဗ္ဗော၊ ဝဒန္တပုဂ္ဂိုလ်သည် ဝစီဘေဒသဒ္ဒါဖြင့် သုဏန္တပုဂ္ဂိုလ်ကို သိစေအပ်သော။ အတ္ထော၊ အနက်ဖြစ်သော အတ္ထတည်း။ ဣတရော၊ ဤအတ္ထ နှစ်ပါးမှ တပါးကုန်သော အလုံးစုံသော ပစ္စယုပ္ပန်တရား, ဝိပါက်တရား, ကြိယာ တရားသည်။ နိဗ္ဗတ္တေတဗ္ဗော၊ ဖြစ်စေအပ်သော။ အတ္ထော၊ အကျိုးဖြစ်သော အတ္ထတည်း။ ဣတိ၊ သို့။ အတ္ထော၊ အတ္ထပဋိသမ္ဘိဒါဉာဏ်၏ အာရုံဖြစ်သော အတ္ထသည်။ တိဝိဓော၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ၏။

ဖလနိဗ္ဗတ္တကော၊ အကျိုးပစ္စယုပ္ပန်တရားကို ဖြစ်စေတတ်သော။ ဟေတု၊ အကြောင်းပစ္စည်းတရားငင်း။ အရိယမဂ္ဂေါ စ၊ အရိယမဂ်ငင်း။ ဘာသိတံ၊ ရွတ်ဆိုအပ်သော သဒ္ဒါငင်း။ ကုသလာကုသလဥ္စ၊ ကုသိုလ် အကုသိုလ်ငင်း။ ဣတိ၊ သို့။ ဧတေ ပဥ္စ၊ ဤငါးပါးတို့ကို။ ဓမ္မသညိတာ၊ ဓမ္မဟူ၍ မှတ်အပ်ကုန်၏။

မဂ္ဂေါ၊ အရိယမဂ်သည်။ သမ္ပာပကော၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ဝါ၊ သို့ရောက်ကြောင်း ဖြစ်သော။ ဟေတု၊ အကြောင်းတည်း။ ဘာသိတံ၊ အနက်ကို ဟောပြတတ်သော သဒ္ဒါသည်။ ဉာပကော၊ အနက်ကို သိစေတတ်သော။ ဟေတု၊ အကြောင်းတည်း။ ဣတရာ၊ ဤအကြောင်း နှစ်ပါးမှ တပါးကုန်သော ပစ္စည်းတရား, ကုသိုလ်တရား, အကုသိုလ်တရားတို့သည်။ နိဗ္ဗတ္တကော၊ ဖြစ်စေ တတ်သော။ ဟေတု၊ တည်း။ ဣတိ ဧဝံ၊ ဤသို့။ ဟေတု၊ သည်။ တိဝိဓော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗော၊ ၏။ အစဉ်အတိုင်း သာဓကပါဌ် တို့၏အနက်။ •

နိဗ္ဗာန်၏ အရိယမဂ်သည် အာရုံပြုသော အားဖြင့် ရောက်အပ်သော အကျိုးသာဖြစ်၍ အရိယမဂ်သည် ဖြစ်စေအပ်သော အကျိုးမဟုတ်သည်၏ အဖြစ်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၁၄၀) ၌ "ပတ္တဗ္ဗမေဝ ဟိ တံ မဂ္ဂေန၊ န ဥပ္ပါဒေ- တဗ္ဗံ" ဟူ၍ ပြဆိုတော်မူသည်။

ဟိ သစ္စံ၊ ၏။ ဝါ၊ ဟိ ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ တံ၊ ထိုနိဗ္ဗာန်သည်။ မဂ္ဂေန၊ အရိယမဂ်သည်။ ပတ္တဗ္ဗမေဝ၊ ရောက်အပ်သော အကျိုးတရားသည်လျှင်။ ဟောတိ၊ ၏။ ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ်သော နိဗ္ဗတ္တေတဗ္ဗ အကျိုးတရား သည်။ န ဟောတိ၊ မဖြစ်။

နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည် အရိယမဂ်သည် ဖြစ်စေအပ်သော အကျိုးပင် မဟုတ်သော်လည်း သမုဒယသစ္စာကို သမုစ္ဆေဒအားဖြင့် ပယ်

တတ်သော အရိယမဂ်၊ သမုဒယသစ္စာ၏ ချုပ်ရာချုပ်ကြောင်း ဖြစ်သော နိဗ္ဗာန်၏ အစဉ်အတိုင်း ရောက်တတ် သိတတ်သောတရား ရောက်အပ် သိအပ်သော တရား၏အဖြစ်ကြောင့် မဂ်နိဗ္ဗာန်တို့၏ အကြောင်း အကျိုး ဖြစ်ကြောင်းကို ပြဆိုသော "အထ ဝါ၊ ဟေတုဘာဝေန အပစယံ နိဗ္ဗာနံ ဂစ္ဆန္တီတိ အပစယဂါမိနော။ နိဗ္ဗာနဿ ဟိ အနိဗ္ဗတ္တနိယတ္တေပိ သမုဒယပ္ပဟာနသမုဒယနိရောဓာနံ အဓိဂမာဓိဂန္တဗ္ဗဘာဝတော ဟေတုဟေတုဖလဘာဝေါ မဂ္ဂနိဗ္ဗာနာနံ ယုဇ္ဇတိ။ ယထာဟ၊ ဒုက္ခနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါတိ၊ အတ္ထောတိ ဟေတုဖလံ၊ ဓမ္မောတိ ဟေတူတိ" မူလဋီကာ ၁-(၄၃) ဝယ် ဟေတုဘာဝေန-၌ ဟေတုအရသည် ဉာပကဟေတု, ကာရကဟေတု, သမ္ပာပကဟေတုအားဖြင့် သုံးပါးတွင် သမ္ပာပကဟေတု ဖြစ်ကြောင်းကို "ဟေတုဘာဝေနာတိ သမ္ပာပကဟေတုဘာဝေန၊ ဉာပကော ကာရကော သမ္ပာပကောတိ တိဝိဓော ဟိ ဟေတု။ တထာ ဉာပေတဗ္ဗာဒိဘာဝေန ဖလံ" ဟူ၍ ပြဆိုသော အနုဋီကာ (၄၆) ၌လည်း အရိယမဂ်၏ နိဗ္ဗာန်သို့ ရောက်ကြောင်းသာဖြစ်၍ နိဗ္ဗာန်ကို ဖြစ်စေတတ်သော အကြောင်း မဟုတ်သည်၏အဖြစ်၊ နိဗ္ဗာန်၏လည်း အရိယမဂ်သည် အာရုံပြုသောအားဖြင့် ရောက်အပ်သော အကျိုးသာဖြစ်၍ အရိယမဂ်သည် ဖြစ်စေအပ်သော အကျိုးမဟုတ်သည်၏ အဖြစ်ကို ပြဆိုသည်။

အထ ဝါ၊ ကား။ ဟေတုဘာဝေန၊ ရောက်ကြောင်း၏ အဖြစ်ဖြင့်။ အပစယံ နိဗ္ဗာနံ၊ သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ကြောင့်။ အပစယဂါမိနော၊ မည်ကုန်၏။ ဟိ သစ္စံ၊ ၏။ နိဗ္ဗာနဿ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်၏။ အနိဗ္ဗတ္တနိယတ္တေ၊ တစုံတခုသော အကြောင်းသည်မျှ မပြီးစေအပ် မဖြစ်စေအပ်သည်၏ အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ သမုဒယပ္ပဟာနသမုဒယနိရောဓာနံ၊ သမုဒယကို ပယ်တတ်သောတရား သမုဒယ၏ ချုပ်ရာ ချုပ်ကြောင်း ဖြစ်သော တရားတို့၏။ အဓိဂမာဓိဂန္တဗ္ဗဘာဝတော၊ သိတတ် ရောက်တတ်သော တရား၏အဖြစ် သိအပ် ရောက်အပ်သော တရား၏ အဖြစ်ကြောင့်။ မဂ္ဂနိဗ္ဗာနာနံ၊ တို့၏။ ဟေတုဟေတုဖလဘာဝေါ၊ အစဉ်အတိုင်း အကြောင်း၏အဖြစ် အကျိုး၏အဖြစ်သည်။ ယုဇ္ဇတိ၊ ၏။ ယထာဟ၊ အဘယ်သို့ ဟောတော်မူသနည်း ဟူမူကား။ ဒုက္ခနိရောဓေ။ပ။ ဓမ္မပဋိသမ္ဘိဒါတိ၊ ဟူ၍။ အာဟ၊ ၏။ အတ္ထောတိ၊ ကား။ ဟေတုဖလံ၊ အကြောင်း၏ အကျိုးတည်း။ ဓမ္မောတိ၊ ကား။ ဟေတု၊ တည်း။ ဟေတုဘာဝေနာတိ၊ ဟူသည်ကား။ သမ္ပာပကဟေတုဘာဝေန၊ ရောက်ကြောင်း၏ အဖြစ်ဖြင့်။ ဟိ သစ္စံ၊ ၏။ ဟေတု၊ အကြောင်းသည်။ ဉာပကော၊ ဉာပကအကြောင်းရင်း။ ကာရကော၊ ရင်း။ သမ္ပာပကော၊ ရင်း။ ဣတိ၊ သို့။

တိဝိဓော၊ သည်။ ဟောတိ၊ ၏။ ဖလံ၊ သည်။ ဉာပေတဗ္ဗာဒိဘာဝေန၊ သိစေအပ်သောအကျိုး စသည်တို့၏ အဖြစ်ဖြင့်။ တထာ၊ တူ။ တိဝိဓော၊ သည်။ ဟောတိ၊ ၏။

"အဓိဂန္တဗ္ဗာ မဂ္ဂဉာဏေန ပတ္တဗ္ဗာတိပိ အတ္ထော။ တံ ဟိ သမ္ပာပကဟေတု။ နိဗ္ဗာနံ တေန ပတ္တဗ္ဗဖလန္တိ" ဟူ၍ မဏိသာရမဉ္ဇူသာကျမ်း ၌လည်း အရိယမဂ်၏ နိဗ္ဗာန်သို့ ရောက်စေတတ်သော သမ္ပာပက အကြောင်းအဖြစ်၊ နိဗ္ဗာန်၏ ထိုအရိယမဂ်ဖြင့် ရောက်အပ်သော ပတ္တဗ္ဗအကျိုးအဖြစ်ကိုသာ ပြဆိုတော်မူသည်။

အဓိဂန္တဗ္ဗာ မဂ္ဂဉာဏေန ပတ္တဗ္ဗာ၊ အရိယမဂ်ဉာဏ်ဖြင့် ရောက်၍။ ဣတိပိ အတ္ထော၊ ဋီကာကျော်ဆရာ ပြဆိုသည့်အတိုင်း အဓိဂန္တဗ္ဗာ-ဟူသောပုဒ်၏ မဂ္ဂ-ဉာဏေန သစ္ဆိကတ္တဗ္ဗာ-ဟူသော အနက်မှတပါးသော မဂ္ဂဉာဏေန ပတ္တဗ္ဗာ-ဟူသော အနက်ကိုလည်း။ ဝေဒိတဗ္ဗော၊ ၏။ ဟိ သစ္စံ၊ မှန်၏။ တံ၊ ထိုမဂ်ဉာဏ်သည်။ သမ္ပာပကဟေတု၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော အကြောင်းသည်။ ဟောတိ၊ ၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ တေန၊ ထိုအရိယမဂ်ဉာဏ်ဖြင့်။ ပတ္တဗ္ဗဖလံ၊ ရောက်အပ်သော အကျိုးသည်။ ဟောတိ၊ ၏။

## နိဗ္ဗာန်ရောက်ကြောင်း အကျင့်များ

ဤသို့လျှင် ပကတိသာဝကဖြစ်လောက်အောင် များမြောင်လှစွာသော ပါရမီတို့ကို ကာလမြင့်ကြာ လွန်စွာဖြည့်ကျင့် ပြည့်စုံပြီး ပါရမီသခင် အရှင်သုမေဓာ ရသေ့ဖြစ်၍ ဒီပင်္ကရာမြတ်စွာဘုရားသည် "ဤရသေ့ကား ဤသာရမဏ္ဍကမ္ဘာမှ နောက် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ရောက်သောအခါ ငါ့နည်းနှင်နှင် ဘုံသုံးခွင်ဝယ် ကင်းစင်တုဘက် ဘဝဂ်နှံ့အောင် ပျံ့သော ဂုဏ်သတင်းဖြင့် ကျော်စောခြင်းရှိသော ဂေါတမသညာဖြင့် သမ္မာသမ္ဗုဒ္ဓအစစ် မချွတ်ဘုရားဖြစ်လတ္တံ့" ဟု ကေန်မုချ နိယမအားဖြင့် မိန့်ကြားအပ်သော နိယတဗျာဒိတ်တော်ကို ရပြီးသည့်နောက် ကမ္ဘာတသိန်းအလွန်ရှိသော လေးအသင်္ချေကာလပတ်လုံး ပါရမီစာဂ စရိယတို့ကို လွှံ့လကြိုးကုတ် အားထုတ်ဖြည့်ကျင့်နိုင်လှ၍ ရအပ်သော ယထာရုစိ အလိုတော်ရှိသည့်အတိုင်း ဉေယျမံ အလုံးစုံကို အကုန်သိတော်မူနိုင်သော သဗ္ဗညုတဉာဏ်တော်၏ အရှင်ဖြစ်သော မြတ်စွာဘုရားသခင်သည်—

ထိုဉာဏ်တော်၏ သုံးပါးသော အားအစွမ်းသတ္တိဖြင့် ဟောကြားတော်မူအပ်သော ယခင်ပြဆိုခဲ့ပြီးသော အဘိဓမ္မာဝိဘင်းပါဠိတော် သုတ်မဟာဝါပါဠိတော် သံယုတ်ပါဠိတော်-အစရှိသော ထိုထိုအရာ များစွာလာရှိသော ဒွေနူတ်တော်ထွက် ဓမ္မစက်ဒေသနာတော်တို့၌ပင်—

မြတ်စွာဘုရား၏ အလိုတော်ကို ဟုတ်ရာမှန်တိုင်း ယထာဘူတ နေရာကျသိ၍ ဗုဒ္ဓမတညှုဖြစ်တော်မူကုန်သော အဋ္ဌကထာဆရာ ဋီကာဆရာတို့သည် ဓမ္မသာမိ ဖြစ်သော ဒေသကမြတ်စွာဘုရား၏ အလိုတော်အတိုင်း နိဗ္ဗာန်နှင့်စပ်ဆိုင်သော အရာများကို မတိမ်းမပါး ဟုတ်မှန်စွာ ပြကြားဖွင့်ဆိုအပ်သော ယခင်ပြဆိုခဲ့ ပြီးသော ဝိသုဒ္ဓိမဂ် သမ္မောဟဝိနောဒနီ အဘိဓမ္မာဝတာရ အဘိဓမ္မတ္ထသင်္ဂဟ နေတ္တိအဋ္ဌကထာ-အစရှိသော များစွာသော အဋ္ဌကထာ မူလဋီကာ အနုဋီကာ အဘိဓမ္မတ္ထဝိကာသနီ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ-အစရှိသော များစွာသော ဋီကာတို့၌ရင်း—

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်မှာ ထိုနိဗ္ဗာန်သို့ရောက်ကြောင်း ရောက်စေတတ်သော သမ္ပာပက အကြောင်းသာရှိကြောင်း၊ ဖြစ်စေတတ်သော ဇနကနိဗ္ဗတ္တက အကြောင်းမရှိကြောင်း၊ ဒါန သီလ အစရှိသော ပါရမီကစ၍ ဝိပဿနာမဂ် တိုင်အောင်သော အကြောင်းသည် နိဗ္ဗာန်သို့ ရောက်ကြောင်းသာ ဖြစ်ကြောင်း၊ နိဗ္ဗာန်ကိုဖြစ်စေတတ်သော ဇနက နိဗ္ဗတ္တက အကြောင်းမဟုတ် ကြောင်း၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ထိုနိဗ္ဗာန်သည် ပါရမီဝိပဿနာမဂ်တို့ဖြင့် ရောက်အပ်သော ပတ္တဗ္ဗ အကျိုးဖြစ်ကြောင်း၊ ထိုအကြောင်းတို့သည် ဖြစ်စေအပ် ပြီးစေအပ်သော ဇညအကျိုး နိဗ္ဗတ္တေတဗ္ဗအကျိုး နိပ္ဖါဒေတဗ္ဗအကျိုး မဟုတ် ကြောင်းကို များစွာပင် လာရှိသည်။

## လောကီမဂ္ဂသစ္စာ

အရိယမဂ်သာလျှင် နိဗ္ဗာန်သို့ရောက်စေတတ်သော သမ္ပာပကအကြောင်း နိဗ္ဗာန်သို့ ရောက်ကြောင်း နိရောဓဂါမိနိပဋိပဒါဖြစ်သည် မဟုတ်။ ပဋ္ဌဂိက လောကီကုသိုလ်မဂ် လောကီကုသိုလ်တရား ပါရမီ ဝိပဿနာတို့သည်လည်း နိဗ္ဗာန်သို့ ရောက်စေတတ်သော သမ္ပာပကအကြောင်း နိရောဓဂါမိနိပဋိပဒါပင် ဖြစ်ကုန်၏။ ထို့ကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ (၁၁၅) ၌ အဋ္ဌင်္ဂိကမဂ် သာလျှင် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သည်မဟုတ်သေး။ "ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ" ဟူ၍ ဟောတော်မူသောကြောင့်ကား ပုဂ္ဂလဇ္ဈာသယ၏ အစွမ်းဖြင့် ပဥ္စင်္ဂိကမဂ် သည်လည်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သည်သာ ဖြစ်ကြောင်းကို "န ကေဝလံ အဋ္ဌင်္ဂိကော မဂ္ဂေါဝ ပဋိပဒါ။ ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတီတိ ဝစနတော ပန ပုဂ္ဂလဇ္ဈာသယ- ဝသေန ပဥ္စင်္ဂိကောပိ မဂ္ဂေါ ပဋိပဒါ ဧဝ" ဟု ပြဆိုတော်မူသည်။ အဋ္ဌင်္ဂိကမဂ် ပဥ္စင်္ဂိကမဂ်တို့သာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်ကုန်သည် မဟုတ်သေး။ ယင်းတို့နှင့် သမ္ပယုတ် ဖြစ်ကုန်သော ဖဿ အစရှိကုန်သော တရားတို့သည်လည်း

နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သည်သာ ဖြစ်ကြောင်းကိုလည်း ၎င်း အဋ္ဌကထာ (၁၁၅) ၌ပင် "န ကေဝလံ အင်္ဂဋ္ဌိကပဉ္စင်္ဂိကမဂ္ဂေါဝ ပဋိပဒါ။ သမ္ဗယုတ္တာ ပန အတိရေကပညာသဓမ္မာပိ ပဋိပဒါဧဝ" ဟု ပြဆိုတော်မူသည်။

ကေဝလံ၊ သက်သက်။ အင်္ဂဋ္ဌိကော၊ သမ္မာဒိဋ္ဌိ စသော အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂေါ၊ လောကုတ္တရာမဂ်သည်သာလျှင်။ ပဋိပဒါ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်သည်။ န ဟောတိ၊ ဖြစ်သည်မဟုတ်သေး။ ပန၊ စင်စစ်သော်ကား။ ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတီတိ၊ ပုဗ္ဗေဝ။ပ။ ဟောတိ-ဟူ၍။ ဝစနတော၊ ဟောတော်မူသောကြောင့်။ ပုဂ္ဂလဇ္ဈာသယဝသေန၊ ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်၏ အလိုဆန္ဒ အဇ္ဈာသယ၏ အစွမ်းဖြင့်။ ပဉ္စင်္ဂိကော၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတို့မှ တပါးသော သမ္မာဒိဋ္ဌိ-စသော အင်္ဂါငါးပါးရှိသော။ မဂ္ဂေါပိ၊ လောကီကုသိုလ်မဂ်သည်လည်း။ ပဋိပဒါဧဝ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့် ဖြစ်သည်သာတည်း။

အင်္ဂဋ္ဌိကပဉ္စင်္ဂိကမဂ္ဂေါ၊ အင်္ဂဋ္ဌိက ပဉ္စင်္ဂိကဖြစ်သောမဂ္ဂင်တရားကိုယ်တို့သည်သာလျှင်။ ကေဝလံ၊ သက်သက်။ န ပဋိပဒါ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့် ဖြစ်ကုန်သည်မဟုတ်သေး။ ပန၊ စင်စစ်သော်ကား။ သမ္ဗယုတ္တာ၊ မဂ်နှင့်ယှဉ်ကုန်သော။ အတိရေကပညာသဓမ္မာပိ၊ ငါးဆယ်ထက်ပိုလွန်သော အရေအတွက်ရှိကုန်သော ဖဿအစရှိသော တရားတို့သည်သည်း။ ပဋိပဒါဧဝ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တို့ပင်တည်း။

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သုံးပါးတို့သည် မဟာကုသိုလ်၌ ယှဉ်ကောင်းသော်လည်း အကြောင်းအားလျော်စွာ ရံခါသာ ယှဉ်ကုန်သည်၊ ယှဉ်သောအခါလည်း တပါးစီသာ ယှဉ်နိုင်ကုန်သည်ဖြစ်၍ လောကီကုသိုလ်၌ အင်္ဂဋ္ဌိကမဂ်ကို မရကောင်း၊ ထိုသုံးပါးတို့သည် လောကုတ္တရာ၌ အမြဲတပြိုင်နက် အားဖြင့် ယှဉ်သောကြောင့် မဂ်စိတ်၌ ပဉ္စင်္ဂိကမဂ်ဟူ၍ မရှိကောင်း၊ ထို့ကြောင့် အင်္ဂဋ္ဌိကမဂ်ဟူသည် လောကုတ္တရာသာ၊ ပဉ္စင်္ဂိကမဂ်မှာ လောကီသာ ဟူ၍မှတ် အပ်၏။

မဂ္ဂသစ္စာကို သာမညအားဖြင့် လောကီမဂ္ဂသစ္စာ လောကုတ္တရာမဂ္ဂသစ္စာ၏ အစွမ်းအားဖြင့် ဟောတော်မူကြောင်း။ ထိုတွင်လောကီမဂ္ဂသစ္စာ၌ မဂ္ဂင်တရားတို့ သည် ထိုက်သည်အားလျော်စွာ ရူပါရုံအစရှိသော အာရုံခြောက်ပါးတို့၌ဖြစ် ကြောင်း။ လောကုတ္တရာမဂ္ဂသစ္စာ၌ မဂ္ဂင်တရားတို့ကား နိဗ္ဗာန်ကိုသာ အာရုံပြု ကြောင်းကိုလည်း ၎င်းအဋ္ဌကထာ ၂- (၁၁၃) ၌ပင်—

ဧဝံ လောကိယလောကုတ္တရဝသေန ဘဂဝါ မဂ္ဂသစ္စံ ဒေသေတိ။ တတ္ထ လောကိယမဂ္ဂေ သဗ္ဗာနေဝ မဂ္ဂင်္ဂါနိ ယထာနုရူပံ ဆသု အာရမ္မဏေသု အညတရာရမ္မဏာနိ ဟောန္တိ" ဟုပြဆိုတော်မူသည်။ ထိုကို ထောက်သဖြင့်လည်း ပါရမီဝိပဿနာဖြစ်သော ဝိဝဋ္ဋူပနိဿယဖြစ်သော လောကီကုသိုလ်စေတနာ ပဋ္ဌဂိကမဂ်၊ ၎င်းတို့နှင့်ယှဉ်သော ကုသိုလ်တရားတို့သည်လည်း နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သောမဂ်၊ နိရောဓဂါမိနီပဋိပဒါ သမ္ဘာပက အကြောင်းသာဖြစ်ကုန်သည်။နိဗ္ဗာန်ကိုဖြစ်စေတတ်သော ဇနက အကြောင်း နိဗ္ဗတ္တက အကြောင်းမဟုတ်ကုန် ဟူ၍သာ မုချဆတ်ဆတ် ကေန်မှတ်အပ်၏။

## အခြားဆရာတို့ ဝါဒ

ဤသို့လျှင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၏ ဒါန သီလ အစရှိသော ပါရမီ ဝိပဿနာဘာဝနာမဂ်တို့ဖြင့် ရောက်အပ်သော ပတ္တဗ္ဗအကျိုး၏အဖြစ်၊ ထိုဒါန သီလ စသော ပါရမီဝိပဿနာ ဘာဝနာမဂ်တို့၏လည်း နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဟူသော နိရောဓဂါမိနီပဋိပဒါ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော သမ္ဘာပက အကြောင်း၏အဖြစ်ကို ပါဠိ အဋ္ဌကထာ ဋီကာ အရပ်ရပ်တို့ဝယ် များစွာ ဟောကြားပြဆိုပါလျက် ထိုကိုမယူဘဲ ဝိနိစ္ဆယဆရာ အချို့တို့သည် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့မှ အလွတ်အပ ဗာဟိရကထာဖြစ်သော လောကူပမာ ယုတ္တိရှာ၍ နိဗ္ဗာန်၏ ပါရမီဝိပဿနာ ဘာဝနာမဂ်တို့သည် ဖြစ်စေအပ်သော ဇညအကျိုး နိဗ္ဗတ္တေတဗ္ဗအကျိုး၏အဖြစ်၊ ထိုပါရမီဝိပဿနာတို့၏လည်း နိဗ္ဗာန်ကို ဖြစ်စေတတ်သော ဇနကအကြောင်း နိဗ္ဗတ္တကအကြောင်း၏အဖြစ်ကို များစွာပင် ပြဆိုကုန်၏။

"အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ-" အစရှိသော ဥဒါန်းပါဠိတော်(၁၇၈)ဝယ် အဘူတံ-၏ အဖွင့်ဖြစ်သော ကာရဏေန ဝိနာ သယမေဝ စ န ဘူတံ-အစရှိသော ဥဒါန်းအဋ္ဌကထာကို သာကေပြုလုပ်ထုတ်ဆောင်၍ စသဒ္ဒါကို ပယ်နုတ်ချန်ထားပြီးလျှင် ၎င်းအဋ္ဌကထာ(၃၅၇) ကို "ကာရဏေန၊ အကြောင်းနှင့်။ ဝိနာ၊ ကင်း၍။ သယမေဝ၊ ဘာသာသည်ပင်လျှင်။ န ဘူတံ၊ ဖြစ်ပေါ်လာသည် မဟုတ်။ ဣတိ၊ ထိုသို့အကြောင်းနှင့်ကင်း၍ လျောက်လျှားဘာသာ မဖြစ်လာသောကြောင့် အကြောင်းများစွာစုံမှသာ ဖြစ်ပေါ် လာနိုင်သောကြောင့်" စသည်ဖြင့် အနက်သမ္ဗန်၍ ဒါနစသော အကြောင်းပါရမီတို့ကြောင့်သာ နိဗ္ဗာန်ရတနာ ဖြစ်ပေါ် လာနိုင်သည်ဟူ၍ မှာဆိုကုန်၏။ အလုံးစုံ မသင့်သည်ချည်းသာမှတ်။

ယခင် ဥဒါန်းအဋ္ဌကထာ၌ ဟုတ်မှန်တိုင်းသော အနက်အဓိပ္ပါယ်ကို ထိုပါဠိအဋ္ဌကထာတို့ကို ထုတ်ဆောင်ပြဆိုသော အရာသို့ ရောက်မှ ပြဆိုအံ့။

ပါရမီဝိပဿနာဘာဝနာမဂ်တို့ကို ဖြည့်ကျင့်ပွါးများအားထုတ်မှသာ နိဗ္ဗာန်သို့ ရောက်နိုင် နိဗ္ဗာန်ကိုရနိုင်ရကား အရိယာပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်သို့ရောက်ရာ နိဗ္ဗာန်ကိုရရာ၌ ရောက်ကြောင်းရကြောင်းဖြစ်သည် ရောက်စေတတ်သည်ကို အကြောင်းပြု၍ ထိုပါရမီဝိပဿနာမဂ်တို့ကို အရိယာပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော နိဿယဂေါမိနီအကြောင်း၊ နိဗ္ဗာန်သို့ရောက်စေတတ်သော သမ္ပာပက အကြောင်း၊ ယင်းတို့ဖြင့် ရောက်အပ်သော နိဗ္ဗာန်ကို ပတ္တဗ္ဗအကျိုးဟူ၍သာ ပြဆိုအပ်ပြီးသော အတိုင်း ထိုထိုအရာတို့၌ လာရှိသည်။

---

## ၈-အာရမ္မဏ ဥပနိဿယ-စသည်ဖြစ်ပုံ

## မဂ်-ဖိုလ်တို့၏အာရုံဖြစ်ပုံ-စသည်ကို-ပြခြင်း

နိဗ္ဗာန်သည် မဂ်ဖိုလ်တို့၏ အာရမ္မဏ အကြောင်း၊ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်တို့ ပြတ်ကင်း ကုန်ပျက်ချုပ်ငြိမ်းခြင်း၏ ပကတူပနိဿယအကြောင်းလည်း ဖြစ်ရကား ထိုနိဗ္ဗာန်၏ ယင်းတို့၏ အကြောင်းဖြစ်သည်ကို ပြဦးအံ့။

ဓမ္မသင်္ဂဏီပါဠိတော်( ၂၇၁ )ပရိတ္တာရမ္မဏတိက်“အပ္ပမာဏာရမ္မဏာ ဓမ္မာ”ဟူသော တတိယပုဒ်၏ ပဒဘာဇနီ၌ “ကတမေ ဓမ္မာ အပ္ပမာဏာရမ္မဏာ။ စတ္တာရော မဂ္ဂါ အပရိယာပန္နာ စတ္တာရိ စ သာမညဖလာနိ။ ဣမေ ဓမ္မာ အပ္ပမာဏာရမ္မဏာ” ဟူ၍ အပ္ပမာဏဖြစ်သော နိဗ္ဗာန်လျှင် အာရုံရှိသော အပ္ပမာဏာရမ္မဏတရားအရကို မဂ်လေးပါး ဖိုလ်လေးပါးတရားဟူ၍ ကောက်ယူဟောပြတော်မူသည်။

ကတမေ ဓမ္မာ၊ အဘယ်တရားတို့သည်။ အပ္ပမာဏာရမ္မဏာ၊ အပ္ပမာဏာရမ္မဏ မည်ကုန်သနည်း။ ဝါ၊ အပ္ပမာဏတရားလျှင် အာရုံရှိကုန်သနည်း။ အပရိယာပန္နာ၊ လောကီ၌အကျုံးမဝင်ကုန်သော။စတ္တာရော၊ လေးပါးကုန်သော။ မဂ္ဂါ စ၊ အရိယမဂ်တို့ငှင်း။ အပရိယာပန္နာနိ၊ ကုန်သော။ စတ္တာရိ၊ ကုန်သော။ သာမည-ဖလာနိ စ၊ သာမညဖိုလ်တို့ငှင်း။ ဣမေ ဓမ္မာ၊ ဤမဂ်လေးပါး ဖိုလ်လေးပါး တရားတို့သည်။ အပ္ပမာဏာရမ္မဏာ၊ အပ္ပမာဏာရမ္မဏမည်ကုန်၏။

နိဗ္ဗာန်သည် မဂ်ဖိုလ်တို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြောင်းကို “မဂ္ဂဖလာနံ အာရမ္မဏပစ္စယဘူတံ ဥပ္ပါဒါဒီနမဘာဝတော နိစ္စံ ရူပသဘာဝါ-ဘာဝတော အရူပံ ပပဉ္စာဘာဝတော နိပ္ပပဉ္စံ နိဗ္ဗာနံ နာမ အတ္ထီတိ ဥပဂန္တဗ္ဗံ” ဟူ၍ အဘိဓမ္မာဝတာရအဋ္ဌကထာ ( ၁၁၁ ) ၌ ပြဆိုတော်မူသည်။

မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့အား။ အာရမ္မဏပစ္စယဘူတံ၊ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၍ဖြစ်သော။ ဝါ-မဂ္ဂဖလာနံ၊တို့၏။အာရမ္မဏပစ္စယဘူတံ၊ အာရမ္မဏပစ္စည်းဖြစ်၍ဖြစ်သော။ ဥပ္ပါဒါဒီနံ၊ ဥပါဒ်အစရှိသည်တို့၏။ ဝါ၊ ဥပါဒ် ဌီ ဘင်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ နိစ္စံ၊ မြဲသော။ ရူပသဘာဝါ-

ဘာဝတော၊ ရုပ်သဘော၏မရှိခြင်းကြောင့်။ အရူပံ၊ ရုပ်သဘောမရှိသော။ ဝါ၊ အရူပမည်သော။ ပပဉ္စာဘာဝတော၊ သံသရာကိုရှည်လျား မြင့်ကြာအောင် များစွာချဲ့ထွင် ကျယ်ပြန့်စေတတ်သော တဏှာ မာန ဒိဋ္ဌိဟူသော ပပဉ္စတရား သုံးပါးတို့ မရှိခြင်းကြောင့်။ နိပ္ပပဉ္စံ၊ ပပဉ္စမရှိသော။ နိဗ္ဗာနံ နာမ၊ နိဗ္ဗာန်မည်သော တရားသည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဣတိ၊ သို့။ ဥပဂန္တဗ္ဗံ၊ သိအပ် မှတ်အပ်၏။

နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာန-မာလမ္ဗဏဘူတံ”ဟူ၍ သင်္ဂြိုဟ်(၅၅)၌“နိဗ္ဗာနံ မဂ္ဂဖလာနမာလမ္ဗဏဘူတတောအသင်္ခတ-ဓမ္မော” ဟူ၍ ဋီကာကျော်( ၃၄ ) ၌ နိဗ္ဗာန်၏ မဂ်ဖိုလ်တို့ အာရုံဖြစ်ကြောင်းကို ပြဆို၏။ အဋ္ဌသာလိနီအဋ္ဌကထာ(၄၂၂) ၌လည်း “နိဗ္ဗာနံ အာရမ္မဏာဓိပတိ-ပစ္စယတာယ အတ္တနိ အနဝဇ္ဇဓမ္မေ နာမေတိ” ဟူ၍ နိဗ္ဗာန်သည် မဂ် ဖိုလ် ပစ္စ-ဝေက္ခဏာဇောတို့အား အာရမ္မဏာဓိပတိ ပစ္စည်းဖြင့် ကျေးဇူးပြုကြောင်းကို ပြဆိုတော်မူ၏။

နိဗ္ဗာနံ၊ သည်။ အာရမ္မဏာဓိပတိပစ္စယတာယ၊ အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်တည်းဟူသော အာရမ္မဏာဓိပတိပစ္စည်းတပ်သည်၏ အဖြစ်ဖြင့်။ အတ္တနိ၊ မိမိ၌။ အနဝဇ္ဇဓမ္မေ၊ အပြစ်ကင်းသောမဂ်ဖိုလ်ပစ္စဝေက္ခဏာဇောတရားတို့ကို။ နာမေတိ၊ ညွတ်စေတတ်၏။

ဤသို့အစရှိသည်ဖြင့် များစွာသော ပါဠိ အဋ္ဌကထာ ဋီကာ အရပ်ရပ်တို့၌ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်၏ မဂ်ရှေ့ ဂေါတြဘူ ဝေါဒါန် တိဟိတ်မဟာကုသိုလ် မဟာကြိယာ မဂ်ဖိုလ်တို့အား အာရမ္မဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြောင်းကိုလည်း ပဋ္ဌာန်းပါဠိတော် ၁-(၁၃၇) ၌ “သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အဓိပတိပစ္စယေန ပစ္စယော” ဟူ၍၎င်း “အရဟာ ဖလံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ အဓိပတိပစ္စယေန ပစ္စယော” ဟူ၍၎င်း ဟောတော်မူသည်။

သေက္ခာ၊ သေက္ခဖလဋ္ဌာန်သုံးယောက်တို့သည်။ ဖလံ၊ ကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ နိဗ္ဗာနံ၊ ကို။ ပစ္စဝေက္ခန္တိ၊ ကုန်၏။ နိဗ္ဗာနံ၊ သည်။ ဂေါတြဘုဿ၊ ဂေါတြဘူအား၎င်း။ ဝေါဒါနဿ၊ ဝေါဒါန်အား၎င်း။မဂ္ဂဿ၊ အား၎င်း။ အဓိပတိ-ပစ္စယေန၊ အာရမ္မဏာဓိပတိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ သည်။ ဟောတိ၊ ၏။

အရဟာ၊ ရဟန္တာသည်။ ဖလံ၊ ကို။ ပစ္စဝေက္ခတိ၊ ၏။ နိဗ္ဗာနံ၊ ကို။ ပစ္စ-ဝေက္ခတိ၊ ၏။ နိဗ္ဗာနံ၊ သည်။ ဖလဿ၊ အား။ အဓိပတိပစ္စယေန၊ ဖြင့်။ ပစ္စယော ဥပကာရကော၊ သည်။ ဟောတိ၊ ၏။

## အာရုံ အာရမ္မဏိက ဖြစ်ပုံ

မဂ်ဖိုလ်တို့သည် နိဗ္ဗာန်ကိုသာ အာရုံပြုကြောင်း၊ နိဗ္ဗာန်သည် မဂ်ဖိုလ် ပစ္စဝေက္ခဏာဇောတို့အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုကြောင်းကို ပြဆိုလာရှိသည်။ အာရုံအာရမ္မဏိက နှစ်ပါးတွင်လည်း အာရုံဟူက အာရမ္မဏိက တရားတို့၏ အာရုံပြုသော ကျက်စားရာဖြစ်ရာ ဌာနဝိသယ၊ အာရမ္မဏိကတရား တို့အား အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုတတ်သော အကြောင်းပစ္စည်း တရား၊ အာရမ္မဏိက-ဟူသော် အာရုံ၌ ကျက်စားတတ် အာရုံဟူသော ကျက်စားရာ ဖြစ်ရာရှိသော ဌာနီ ဝိသယီ အာရုံတို့သည် အာရမ္မဏသတ္တိဖြင့် ကျေးဇူး ပြုအပ်သော အကျိုးပစ္စယုပ္ပန် တရားဖြစ်ရကား ဤနည်းတို့ကို အကြောင်းအစွဲ အမှီပြု၍ ဝေဖန်ပြဆိုသော် နိဗ္ဗာန်ကား မဂ်ဖိုလ်တို့၏ ကျက်စားရာ ဖြစ်ရာဌာနဝိသယ၊ မဂ်ဖိုလ်တို့အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းတရား ဖြစ်၍ နိဗ္ဗာန်သည် မဂ်ဖိုလ်တို့၏ အကြောင်း၊ မဂ်ဖိုလ်တို့သည် နိဗ္ဗာန်ဟူသော အာရုံလျှင် အာရုံပြုသော အားဖြင့် ကျက်စားရာဖြစ်ရာ ရှိသည်ဖြစ်၍ ဌာနီ ဝိသယီ၊ နိဗ္ဗာန်ကို အလေးအမြတ် အားဖြင့် အာရုံပြု၍ ဖြစ်ရကား ပစ္စယုပ္ပန်တရားဖြစ်၍ မဂ်ဖိုလ်တို့သည် နိဗ္ဗာန်၏ အကျိုးဟု ပြဆိုအပ်၏။

ထိုမဂ်ဖိုလ်တို့သာ နိဗ္ဗာန်၏ ပစ္စယုပ္ပန် အကျိုးဖြစ်ကုန်သည် မဟုတ်သေး၊ နိဗ္ဗာန်လျှင် အာရုံရှိကုန်သော မဂ်ဖိုလ်တို့သည် သမုစ္ဆေဒပဟာန် ပဋိပဿဒ္ဓိ ပဟာန်တို့ဖြင့် ထိုက်သည်အားလျော်စွာ ပယ်ဖြတ် ဖျက်ဆီးအပ်သည်ဖြစ်၍ အနုသယ၏ အစွမ်းဖြင့် အစဉ်မပြတ် ကိန်းသော ရာဂအစရှိသော ကိလေသာ တို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ထိုရာဂ အစရှိသည်တို့၏ ကုန်ပျက် ချုပ်ငြိမ်းခြင်းသည်လည်း နိဗ္ဗာန်၏ အကျိုးပင်ဖြစ်၏။

နိဗ္ဗာန်သည်လည်း မဂ်ဖိုလ်တို့၏သာ အကြောင်းဖြစ်သည် မဟုတ်သေး။ မဂ်ဖိုလ်တို့၏ သမုစ္ဆေဒပဟာန် ပဋိပဿဒ္ဓိပဟာန်တို့ဖြင့် ရာဂအစရှိသည်တို့ကို ဖြတ်ပယ်ရာ၌ နိဗ္ဗာန်ကို အာရုံပြုရ၍သာ ဖြတ်ပယ်နိုင်ရကား နိဗ္ဗာန်သည် ထိုနိဗ္ဗာန်လျှင် အာရုံရှိကုန်သော မဂ်ဖိုလ်တို့သည် အကြွင်းမဲ့ ဖြတ်ပယ် ကုန်ငြိမ်း စေအပ်ကုန်သော ရာဂစသော ကိလေသာတို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော ကုန်ပျက် ချုပ်ငြိမ်းခြင်း၏လည်း ဥပနိဿယအကြောင်း ဖြစ်၏။

အရိယမဂ်သည် နိဗ္ဗာန်ကို အာရုံပြုရ၍သာ ကိလေသာတို့ကို သမုစ္ဆေဒ အားဖြင့် ပယ်ဖျက်ချုပ်ပျောက် ကုန်ငြိမ်း စေနိုင်သောကြောင့် ကိလေသာ တို့ကို တဖန်အသစ် မဖြစ်စေခြင်းဟူသော ကုန်ပျက်ချုပ်ငြိမ်းခြင်းကို ပြုတတ်

သော အရိယမဂ်၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ထိုကိလေသာ ကုန်ပျက် ချုပ်ငြိမ်းခြင်း၏ ဥပနိဿယအကြောင်း ဟု ဆိုထိုက်သည်၏ အဖြစ်ကို အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာ ၌ "ကိလေသာနံ အနုပ္ပတ္တိ နိရောဓက္ခယကရဿ မဂ္ဂဿ အာရမ္မဏ- ဘူတံ နိဗ္ဗာနံ ခယဿ ဥပနိဿယောတိ ဝတ္တဗ္ဗတံ လဘတိ" ဟူ၍ ပြဆိုတော် မူသည်။

ကိလေသာနံ၊ တို့၏။ အနုပ္ပတ္တိနိရောဓက္ခယကရဿ၊ တဖန်အသစ် မဖြစ်ခြင်း ဟူသော ချုပ်ပျက် ကုန်ငြိမ်းခြင်းကို ပြုတတ်သော။ မဂ္ဂဿ၊ အရိယမဂ်၏။ အာရမ္မဏဘူတံ၊ အာရုံဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံ၊ သည်။ ခယဿ၊ ကိလေသာ တို့၏ တဖန်အသစ် မဖြစ်ခြင်း ဟူသော ကုန်ခြင်း၏။ ဥပနိဿယောတိ၊ ဥပ- နိဿယ အကြောင်း ဟူ၍။ ဝတ္တဗ္ဗတံ၊ ဆိုထိုက်သည်၏ အဖြစ်ကို။ လဘတိ၊ ရ၏။ အဘိဓမ္မာဝတာရအဋ္ဌကထာ (၁၀၈) ၌လည်း—

"ယဿ ဝါဓိဂမာ သဗ္ဗ၊ ကိလေသာနံ ခယော ဘဝေ။
နိဗ္ဗာနမိတိ နိဒ္ဒိဋ္ဌံ၊ နိဗ္ဗာနကုသလေန တံ"

ဟူ၍ အကြင်တရားကို အရိယမဂ်ဖြင့် အာရုံပြုသော အားဖြင့် ထိုးထွင်း၍ သိခြင်းကြောင့် ကိလေသာအလုံးစုံ၏ ကုန်ခန်းပျက်စီးခြင်းသည် ဖြစ်၏။ ထို ကိလေသာတို့၏ ကုန်ခန်းပျက်စီးကြောင်း တရားကို နိဗ္ဗာန်မည်၏ဟု ညွှန်ပြ အပ်ကြောင်းကို ပြဆိုသဖြင့် နိဗ္ဗာန်၏ ကိလေသာတို့၏ တဖန်အသစ် မဖြစ်ခြင်း ဟူသော ကုန်ခြင်း၏ အကြောင်းဖြစ်သည်ကို ပြ၏။

"နိဗ္ဗာနံ ဟိ အာဂမ္မ ရာဂါဒယော ခီယန္တိ" အစရှိသည်ဖြင့် ထိုထိုအဋ္ဌ ကထာ ဋီကာ အရပ်ရပ်တို့၌ နိဗ္ဗာန်ကို အကြောင်းအစွဲပြု၍ ရာဂအစရှိသည်တို့ ကုန်ကြောင်း နိဗ္ဗာန်သည် ရာဂအစရှိသည်တို့ ကုန်ခြင်း၏ အကြောင်းဖြစ် ကြောင်းကို များစွာပင် ပြဆို လာရှိသည်ဖြစ်၍ နိဗ္ဗာန်၏ ကိလေသာ ကုန်ခြင်း ၏လည်း အကြောင်းဖြစ်သည်ကို ကေန်သိမှတ်အပ်၏။ နိဗ္ဗာန်သည် မဂ်ဖိုလ် တို့၏ အကြောင်း ကိလေသာ ကုန်ခြင်းတို့၏သာ အကြောင်းဖြစ်သည် မဟုတ် သေး၊ အလုံးစုံသော ကိလေသာ ဟူသော ကိလေသဝဋ် ချုပ်ပျက်ကုန်ငြိမ်းသည် မရှိသည်ရှိသော် ကမ္မဝဋ်သည် ပြတ်၏၊ ကမ္မဝဋ်ပြတ်ကလည်း အဘယ်မှာ ဝိပါကဝဋ် ဖြစ်နိုင်တော့အံ့နည်း၊ ဝိပါကဝဋ်လည်း ချုပ်ပျက်ကုန်ပြတ်လေတော့ သည်သာ ဖြစ်၍ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဟူသော ဝဋ်သုံးပါးတို့ ချုပ်ပျက် ကုန်ပြတ်ခြင်း၏ အကြောင်းလည်း ဖြစ်၏။

ကိလေသဝဋ် ချုပ်ပျက်ကုန်ပြတ်သဖြင့် ကမ္မဝဋ် ပြတ်ကြောင်း၊ ကမ္မဝဋ် ပြတ်သဖြင့်လည်း ဝိပါကဝဋ် ပြတ်ကြောင်းကို ဥဒါန်းပါဠိတော် စတုတ္ထသုတ်၏ အဖွင့်ဖြစ်သော ဥ၊ အဋ္ဌကထာ-(၃၆၀) ၌ "အသတိ ဟိ ကိလေသဝဋ္ဋေ ကမ္မဝဋ္ဋံ

ပစ္စိဋ္ဌမေဝ။ ပစ္စိန္နေ စ တသ္မိံ ကုတော ဝိပါကဝဋ္ဋဿ သမ္ဘဝေါ” ဟု ပြဆိုတော်မူ၏။

ဟိ သစ္စံ၊ ၏။ ကိလေသဝဋ္ဋေ၊ သည်။ အသတိ၊ သော်။ ကမ္မဝဋ္ဋံ၊ သည်။ ပစ္စိန္နမေဝ၊ လျှင်။ ဟောတိ၊ ၏။ တသ္မိံ၊ ထိုကမ္မဝဋ်သည်။ ပစ္စိန္နေ စ၊ ပြတ်သည်ရှိသော်လည်း။ ဝိပါကဝဋ္ဋဿ၊ ၏။ သမ္ဘဝေါ၊ တဖန်အသစ် ဖြစ်သင့်ခြင်းသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိတော့အံ့နည်း။ နတ္ထိ ဧဝ၊ မရှိတော့အံ့သည်သာတည်း။

## ဝဋ်သုံးပါး ဒုက္ခတရားတို့ ချုပ်ပုံ

ဂုဏ်းပါဠိတော် ဒုတိယသုတ် အဖွင့် အဋ္ဌကထာ (၃၅၆) ၌လည်း ဒုက္ခသစ္စာကို ပရိညာဘိသမယ အားဖြင့် သမုဒယသစ္စာကို ပဟာနာဘိသမယ အားဖြင့် နိရောဓသစ္စာကို သစ္ဆိကိရိယာဘိသမယအားဖြင့် မဂ္ဂသစ္စာကို ဘာဝနာဘိသမယ အားဖြင့် ဟုတ်မှန်စွာ သစ္စာလေးပါးတို့ကို အရိယမဂ်ပညာဖြင့် သိပြီးသော ရဟန္တာပုဂ္ဂိုလ်အား ကာမ ရူပ အရူပဘဝ အစရှိသည်တို့၌ တောင့်တတွယ်တာ သာယာစုံမက် နှစ်သက်ကိုင်းညွတ်တတ်သော ဘဝတဏှာသည် နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖျက် ကုန်ပြတ်ပြီးဖြစ်၍ မရှိပြီ၊ ထိုတဏှာမရှိသော် အလုံးစုံသော ကိလေသဝဋ် မဖြစ်၊ ထိုကိလေသဝဋ် မဖြစ်ခြင်းကြောင့် ကမ္မဝဋ် ဝိပါကဝဋ်တို့လည်း မဖြစ်သည်သာ ဖြစ်ရကား နိဗ္ဗာန်၏ အလုံးစုံသော ဝဋ်သုံးပါး ဒုက္ခတရားတို့၏ ချုပ်ပျက် ကုန်ငြိမ်းကြောင်း ဖြစ်သည်ကို—

> “ဝေဠု စတ္တာရိ သစ္စာနိ ယထာဘူတံ အရိယမဂ္ဂပညာယ ဇာနတော ပဿတော နတ္ထိဘူတာ တဏှာ နတ္ထိ။ တဒဘာဝေ သဗ္ဗဿ ကိလေသဝဋ္ဋဿ အဘာဝေါ၊ တတော ကမ္မဝိပါကဝဋ္ဋာနံ အသမ္ဘဝေါယေဝါတိ ဧဝံ ဘဂဝါ တေသံ ဘိက္ခူနံ အနဝသေသဝဋ္ဋဒုက္ခဝူပသမဟေတုဘူတံ အမတမဟာနိဗ္ဗာနဿ အာနုဘာဝံ ပကာသေတိ”

ဟူ၍ ပြဆိုတော်မူ၏။

ဝေဠု၊ ဤသို့လျှင်။ စတ္တာရိ သစ္စာနိ၊ သစ္စာလေးပါးတို့ကို။ ယထာဘူတံ၊ ဟုတ်မှန်စွာ။ အရိယမဂ္ဂပညာယ၊ အရိယမဂ်ပညာဖြင့်။ ဇာနတော၊ သိသော။ ပဿတော၊ မြင်သော။ (အရဟတော၊ ရဟန္တာပုဂ္ဂိုလ်အား။ ဘဝါဒီသု၊ ကာမ ရူပ အရူပ ဥပပတ္တိဘဝ အစရှိသည်တို့၌။) နတိဘူတာ၊ တောင့်တ တပ်မက် နှစ်သက်တွယ်တာ သာယာကိုင်းညွတ်တတ်သည်ဖြစ်၍ ဖြစ်သော။ တဏှာ၊ ဘဝတဏှာသည်။ နတ္ထိ၊ နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် သမုစ္ဆေဒ အားဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ မရှိ။ တဒဘာဝေ၊ ထိုတဏှာ

မရှိသည်။ သတိ၊ ရှိသော်။ သဗ္ဗဿ၊ အလုံးစုံသော။ ကိလေသဝဋ္ဋဿ၊ ၏။ အဘာဝေါ၊ မဖြစ်ခြင်း မရှိခြင်းသည်။ ဟောတိ၊ ၏။ တတော၊ ထိုကိလေသဝဋ္ဋ် ကင်းလွတ်ကုန်ပြတ်ခြင်း, မရှိခြင်းကြောင့်။ ကမ္မဝိပါကဝဋ္ဋာနံ၊ တို့၏။ အသမ္ဘဝေါ-ယေဝ၊ မဖြစ်နိုင်ခြင်းသည်သာလျှင်။ ဟောတိ၊ ၏။ ဣတိဧဝံ၊ သို့။ ဘဂဝါ၊ သည်။ တေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့အား။ အနဝသေသဝဋ္ဋဒုက္ခ ဝူပသမဟေတု-ဘူတံ၊ အကြွင်းအကျန်မရှိ အလုံးစုံသော ဝဋ္ဋဒုက္ခတို့၏ ကုန်ပျက်ချုပ်ငြိမ်းခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော။ အမတမဟာနိဗ္ဗာနဿ၊ မဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော ပျက်စီးခြင်းမရှိသော မြတ်သောနိဗ္ဗာန်၏။ အာနုဘာဝံ၊ အာနုဘော် ဂုဏ် သတ္တိတန်ခိုးကို။ ပကာသေတိ၊ ထင်ရှားပြတော်မူ၏။

နေတ္တိဝိဘာဝနီ (၁၉၆) ၌လည်း နိဗ္ဗာန်သည် အရိယမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ကြောင့် ထိုနိဗ္ဗာန်လျှင် အာရုံရှိကုန်သော မဂ်ဖိုလ်တို့သည် ကိလေသာတို့ကို သမုစ္ဆေဒပဟာန် ပဋိပဿဒ္ဓိပဟာန်တို့ဖြင့် ထိုက်သည်အားလျော်စွာ အကြွင်းမဲ့ ပယ်ဖျက် အငွေ့အသက် အခိုးအကင်း မကြွင်းမကျန်စေမူ၍ တဖန်ငြိမ်းစေ ကြောင်း၊ ကိလေသာတို့ အကြွင်းမဲ့ ကုန်ပြတ်ကလည်း ဝဋ္ဋသုံးပါးတို့ မဖြစ် ကုန်သည်သာဖြစ်၍ ၎င်းဝဋ္ဋသုံးပါးတို့၏ တဖန်မဖြစ်ခြင်းဟူသော ကုန်ပျက် ချုပ်ငြိမ်းခြင်း၏ အကြောင်းဖြစ်သော အဝေးအနီးဖြစ်ကုန်သော အကြောင်း တရားတို့ ညီညွတ်ပေါင်းဆုံ ပြုပြင်ခြင်းဖြင့် ဖြစ်တတ်သော တရားမဟုတ်၍ အဇာတ စသည်မည်သော နိဗ္ဗာန်တရားသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသည် သာ ဖြစ်ကြောင်းကို—

"နိဗ္ဗာနဿ အရိယမဂ္ဂဖလာနံ အာရမ္မဏတ္တာ မဂ္ဂဖလာနဉ္စ ကိလေသာနံ သမုစ္ဆိန္ဒနပဋိပဿမ္ဘနတော သမုစ္ဆိန္နေ စ တိဝိဓေဿ ပရိဝဋ္ဋဿ အပ္ပဝတ္တနတော အဇာတာဒိကံ နိဗ္ဗာနံ အတ္ထီတိ ဒဋ္ဌဗ္ဗံ"

ဟူ၍ ပြဆိုတော်မူသည်။

ဤကျမ်းတို့ကို ထောက်သဖြင့်လည်း နိဗ္ဗာန်၏ ဝဋ္ဋသုံးပါးတို့ မဖြစ်နိုင်ခြင်း ဟူသော ချုပ်ပျက်ပြတ်ကင်း ကုန်ငြိမ်းခြင်းတို့၏လည်း အကြောင်းဖြစ်သည်၏ အဖြစ်သည် ထင်ရှား၏။

နိဗ္ဗာနဿ၊ ပရမတ္ထဖြစ်သောနိဗ္ဗာန်၏။ အရိယမဂ္ဂဖလာနံ၊ အရိယမဂ် အရိယဖိုလ်တို့၏။ အာရမ္မဏတ္တာ၊ အာရုံ၏အဖြစ်ကြောင့်။ မဂ္ဂဖလာနဉ္စ၊ ထိုနိဗ္ဗာန်လျှင် အာရုံရှိသော မဂ်ဖိုလ်တို့၏လည်း။ ကိလေသာနံ၊ တို့ကို။ သမုစ္ဆိန္ဒနပဋိပဿမ္ဘနတော၊ အကြွင်းမဲ့ပယ်ဖြတ်ခြင်း တဖန်ငြိမ်းစေခြင်းကြောင့်။ သမုစ္ဆိန္နေ၊ ကိလေသာတို့၏ အရိယမဂ်သည် သမုစ္ဆေဒအားဖြင့် ပယ်ဖြတ် အပ်သည်ဖြစ်၍ တဖန်မဖြစ်ခြင်းဟူသော ချုပ်ပျက်ကုန်ငြိမ်းခြင်း အကြွင်းမဲ့ ပြတ်ခြင်းသည်။ သတိ စ၊ ရှိသော်ကား။ တိဝိဓေဿ၊ သုံးပါးအပြား

ရှိသော။ ပရိဝဋ္ဋဿ၊ တဝဲလည်လည် တာရှည်မြင့်ကြာ အခါခါအထပ်ထပ် ဖြစ်တတ်သော ကိလေသ ကမ္မ ဝိပါကဝဋ်၏။ အပ္ပဝတ္တနတော၊ မဖြစ်ခြင်း ကြောင့်။ အဇာတာဒိကံ၊ အဇာတ-စသည်မည်သော။ ဝါ၊ အဇာတ-စသောဂုဏ်နှင့် ပြည့်စုံသော။ နိဗ္ဗာနံ၊ ဝဋ်သုံးပါးတို့ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ချုပ်ပြတ်ကုန်ငြိမ်းခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ မုချဆတ်ဆတ် မှတ်အပ်၏။

နိဗ္ဗာန်လျှင် အာရုံရှိသော အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည် ဖြစ်၍ အဝိဇ္ဇာ တဏှာ-ဟူသော ဝဋ်မြစ်တရားနှစ်ပါးတို့ တဖန်အသစ် မဖြစ်နိုင်ခြင်း သဘောရှိသည်၏အဖြစ်သို့ ရောက်ခြင်းဟူသော ချုပ်ခြင်းကြောင့် ဝဋ်သုံးပါးတို့ ချုပ်ကြောင်းကိုပြဆိုသော "တေသမေဝ စ မူလာနံ နိရောဓေန နိရုဇ္ဈတိ" ဟူသော အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ(၅၄) ယင်း၏ အဖွင့်ဖြစ်သော တေသမေဝ စာတိ အဝိဇ္ဇာတဏှာသင်္ခါတာနံ ဝဋ္ဋမူလာနံ နိရောဓေနေဝ သစ္စပဋိဝေဓတော သိဒ္ဓါယ အပ္ပဝတ္တိယာ ဝဋ္ဋံ နိရုဇ္ဈတိ" ဟူသော သင်္ခိုဟ်ဋီကာဟောင်း "တေသ-မေဝ စ အဝိဇ္ဇာတဏှာသင်္ခါတာနံ ဝဋ္ဋမူလာနံ နိရောဓေန အနုပ္ပါဒဓမ္မတာ-ပတ္တိယာ သစ္စပဋိဝေဓတော သိဒ္ဓါယ အပ္ပဝတ္တိယာ ဝဋ္ဋံ နိရုဇ္ဈတိ" ဟူသော ဋီကာကျော် (၂၄၀) "တေသမေဝ စ မူလာနံ နိရောဓေန ဝဋ္ဋတ္တယံ နိရုဇ္ဈတိ" ဟူသော သင်္ခေပဝဏ္ဏနာဋီကာ ဤကျမ်းတို့ကို ထောက်သဖြင့်လည်း မဂ်ဖိုလ်တို့၏ အာရုံ ပရမတ္ထနိဗ္ဗာန်၏ ဝဋ်သုံးပါးတို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ချုပ်ပျက်ကုန်ငြိမ်းခြင်း၏လည်း ဥပနိဿယ အကြောင်းဖြစ်သည်၏ အဖြစ်ကို သိအပ်၏။

တေသံ ဝေ မူလာနံ၊ ထိုအဝိဇ္ဇာတဏှာ ဟူသော ဝဋ်မြစ်နှစ်ပါးတို့၏။ နိရောဓေ-န စ၊ နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည် ဖြစ်၍ တဖန်အသစ် ဖြစ်ပြန်နိုင်ခြင်း မရှိသည်၏အဖြစ်သို့ ရောက်ခြင်းဟူသော သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိခြင်း၏ အစွမ်းဖြင့် ပြီးသော မဖြစ်ခြင်းဟူသော ချုပ်ခြင်းဖြင့်။ ဝါ၊ ကြောင့်။ ဝဋ္ဋံ၊ ဝဋ်သုံးပါးသည်။ နိရုဇ္ဈတိ၊ ၏။

တေသမေဝ စာတိ-ဟူသည်ကား။ အဝိဇ္ဇာတဏှာသင်္ခါတာနံ၊ အဝိဇ္ဇာတဏှာ ဟုဆိုအပ်ကုန်သော။ ဝဋ္ဋမူလာနံ၊ ဝဋ်မြစ်ဝဋ်ခြေတို့၏။ သစ္စပဋိဝေဓတော၊ ပရိညာ ပဟာန သစ္ဆိကိရိယာ ဘာဝနာဘိသမယအားဖြင့် ထိုက်သည်အားလျော်စွာ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိသောအားဖြင့်။ သိဒ္ဓါယ၊ ပြီးသော။ အပ္ပဝတ္တိယာ၊ မဖြစ်ခြင်းဖြင့်။ ဝါ၊ မဖြစ်ခြင်းဟူသော။ နိရောဓေန၊ ချုပ်ခြင်း ကြောင့်။ ဝဋ္ဋံ သုံးပါးသောဝဋ်သည်။ နိရုဇ္ဈတိ၊ ၏။

အဝိဇ္ဇာတဏှာသင်္ခါတာနံ၊ ကုန်သော။ တေသမေဝ စ ဝဋ္ဋမူလာနံ၊ ထိုဝဋ်မြစ်တရားတို့၏သာလည်း။ နိရောဓေန၊ ကြောင့်။ ဝါ၊ ဟူသော။ အနုပ္ပါဒဓမ္မတာ-

ပတ္တိယာ၊ တဖန်ဖြစ်ပြန်နိုင်ခြင်း သဘောမရှိသည်၏ အဖြစ်သို့ရောက်ခြင်း ဟူသော။ ဝါ၊ ရောက်ခြင်းဖြင့်။ ဝါ၊ ကြောင့်။ သစ္စပဋိဝေဓတော၊ အားဖြင့်။ သိဒ္ဓါယ၊ သော။ အပ္ပဝတ္တိယာ၊ ဖြင့်။ ဝါ၊ ကြောင့်။ ဝဋ္ဋံ၊ သည်။ နိရုဇ္ဈတိ၊ ၏။

တေသမေဝ စ မူလာနံ၊ တို့၏သာလျှင်။နိရောဓေန၊ ကြောင့်။ ဝဋ္ဋတ္တယံ၊သည်။ နိရုဇ္ဈတိ၊ ၏။

## ဝဋ်သုံးပါး သရုပ်

"အဝိဇ္ဇာတဏှုပါဒါနာ စ ကိလေသဝဋ္ဋံ၊ကမ္မဘဝသင်္ခါတော ဘဝေက-ဒေသော သင်္ခါရာ စ ကမ္မဝဋ္ဋံ၊ ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသော အဝသေသာ စ ဝိပါကဝဋ္ဋန္တိ တီဏိ ဝဋ္ဋာနိ"

ဟူ၍ သင်္ဂြိုဟ်ကျမ်း (၅၇) ၌ ပြဆိုအပ်ရကား (၁) ကိလေသဝဋ် (၂) ကမ္မဝဋ် (၃) ဝိပါကဝဋ်ဟူသော ဝဋ်သုံးပါးတို့တွင်—

(၁) အဝိဇ္ဇာ တဏှာ ဥပါဒါန်ဟူသော သုံးပါးသည် ကိလေသဝဋ်မည်၏။

(၂) "ဥပါဒါနပစ္စယာ ဘဝေါ"၏ အရဖြစ်သော ကမ္မဘဝ ဥပပတ္တိဘဝ နှစ်ပါး အပေါင်းမှ အစိတ်ဖြစ်သော "ဘဝပစ္စယာ ဇာတိ" ဝယ် ဘဝ၏အရဖြစ်သော ကုသိုလ် အကုသိုလ်စေတနာဖြစ်သော ကမ္မဘဝဟူ၍ ဆိုအပ်သော ဘဝ တစိတ်သည်၎င်း "သင်္ခါရပစ္စယာ ဝိညာဏံ" ၌ သင်္ခါရအရဖြစ်သော ကုသိုလ် အကုသိုလ်စေတနာ ဟူသော သင်္ခါရသည်၎င်း ကမ္မဝဋ် မည်၏။

(၃) ကာမ ရူပ အရူပ ဧကဝေါကာရ စတုဝေါကာရ ပဉ္စဝေါကာရ သညီ အသညီ နေဝသညီနာသညီအားဖြင့် ကိုးပါးပြားသော သာမည တရားကိုယ် အားဖြင့် ကာမ ရူပ အရူပ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော "ဥပါဒါနပစ္စယာ ဘဝေါ"၌ ဘဝ၏ အရဖြစ်သော ဥပပတ္တိဘဝဟူသော ဘဝတစိတ်သည်၎င်း ယင်းတို့မှ ကြွင်းကုန်သော ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာမရဏ-ဟူကုန်သော ခုနစ်ပါးတို့သည်၎င်း ဝိပါကဝဋ် မည်၏။ ကမ္မဘဝ, သင်္ခါရ တို့၏ အထူးကို—

"အာယတိံ ပဋိသန္ဓိယာ ပစ္စယစေတနာ ဘဝေါနာမ။ ပုရိမဘဝသ္မိံ ဠမ ပဋိသန္ဓိယာ ပစ္စယစေတနာ သင်္ခါရာတိ ဝေဒိတဗ္ဗာ"

ဟု ဋီကာကျော်(၂၄၀) ၌ ပြဆို၏။

အာယတိံ၊ နောင် လာလတ္တံ့သော ဘဝ၌။ ပဋိသန္ဓိယာ၊ အား။ ပစ္စယ-စေတနာ၊ နာနာက္ခဏိကပစ္စယသတ္တိဖြင့် ကျေးဇူးပြုသောကုသိုလ် အကုသိုလ် စေတနာသည်။ ဘဝေါနာမ၊ မည်၏။ ပုရိမဘဝသ္မိံ၊ ရှေးဖြစ်သောဘဝ၌။ ပဝတ္တာ၊ သော။ ဠမ၊ ဤပစ္စုပ္ပန်ဘဝ၌။ ပဋိသန္ဓိယာ၊ အား။ ပစ္စယစေတနာ၊ သည်။ သင်္ခါရာ၊ မည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။

သမ္မောဟဝိနောဒနီအဋ္ဌကထာ (၁၇၄) ၌ "ဧတ္ထ ပန သဗ္ဗါရမ္မဏဝါ ကမ္မဝဋ္ဋံ၊ အဝိဇ္ဇာ တဏှုပါဒါနာနိ ကိလေသဝဋ္ဋံ။ ဝိညာဏနာမရူပသဠာယတနဖဿဝေဒနာ ဝိပါကဝဋ္ဋန္တိ" ဟု သာမညအားဖြင့် ဆိုရာ၌လည်း ဤအတိုင်း အထူးကိုမှတ်။ ဤပြဆိုခဲ့ပြီးသော အဋ္ဌကထာ ဋီကာတို့၌ ကိလေသဝဋ္ဋအရကို အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကိုသာ ယူသည်ကား ပဋိစ္စသမုပ္ပါဒ်ကိုပြသော အရာဖြစ်၍ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကိုသာ ပဋိစ္စသမုပ္ပါဒ် အရာဝယ် သရုပ်တိုက်ရိုက်ပါသော ကြောင့်၎င်း သင်္ခါရ ကမ္မဘဝတို့၏ ပဋ္ဌာနအကြောင်းဖြစ်သောကြောင့်၎င်း ယူသည်။ ဤမဂ်ပယ်သော အရာ၌ကား အလုံးစုံသော ကိလေသာကိုပင် ယူ။

## တထောင့်ငါးရာ ကိလေသာ

ဒိယဍ္ဎကိလေသသဟဿံ-ဟု ပြဆိုသောအရာ၌ တထောင့်ငါးရာယူနည်းကို မူလဋီကာ အနုဋီကာတို့၌ အသီးအသီး ပြဆိုတော်မူကြကုန်သည်။ ဆိုဟန်ကို ပြဦးအံ့။

ဒိယဍ္ဎကိလေသသဟဿံ၊ အခွဲနှင့်တကွ နှစ်ထောင်သော ကိလေသာကို။ ဝါ၊ တထောင့်ငါးရာ ကိလေသာကို ခုဒ္ဒကဝတ္ထုဝိဘင်း ၌ "ဇာတိ ဇာတိမဒေါ" စသည်ဖြင့် ဧကက၏ အစွမ်းဖြင့် လာသော ကိလေသာ ခုနစ်ဆဲ့သုံးပါး၊ ကောဓော စ ဥပနာဟော စ-စသည်ဖြင့် ဒုက၏ အစွမ်းဖြင့် လာသော သုံးဆဲ့ခြောက်၊ တီဏိ အကုသလမူလာနိ-စသည်ဖြင့် တိက၏ အစွမ်းဖြင့် တရာ့ငါး၊ စတ္တာရော အာသဝါ-စသည်ဖြင့် စတုက္က၏ အစွမ်းဖြင့် ငါးဆဲ့ခြောက်၊ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ-စသည်ဖြင့် ပဉ္စက၏ အစွမ်းဖြင့် ခုနစ်ဆဲ့ငါး၊ ဆ ဝိဝါဒမူလာနိ-စသည်ဖြင့် ဆက္က၏ အစွမ်းဖြင့် ရှစ်ဆဲ့လေး၊ သတ္တ အနုသယာ-စသည်ဖြင့် သတ္တက၏ အစွမ်းဖြင့် တခုယုတ်ငါးဆယ်၊ အဋ္ဌ ကိလေသဝတ္ထူနိ-စသည်ဖြင့် အဋ္ဌက၏ အစွမ်းဖြင့် ခြောက်ဆဲ့လေး၊ နဝ အာဃာတဝတ္ထူနိ-စသည်ဖြင့် နဝက၏အစွမ်းဖြင့် ရှစ်ဆဲ့တစ်၊ ဒသ ကိလေသဝတ္ထူနိ-စသည်ဖြင့် ဒသက၏ အစွမ်းဖြင့် ခုနစ်ဆယ်၊ အဇ္ဈတ္တိကဿုပါဒါယ အဋ္ဌာရသ တဏှာဝိစရိတာနိ-စသည်ဖြင့် အဋ္ဌာရသက၏ အစွမ်းဖြင့် လာသော ကိလေသာ တရာ့ရှစ်ပါး။

ဤသို့ ခုဒ္ဒကဝိဘင်း ၌ လာသော ကိလေသာ ရှစ်ရာ့တခုတွင် တရာ့ရှစ်ပါးသော တဏှာဝိစရိုက်ကိုနုတ်၊ ခြောက်ရာ့ကိုးဆဲ့သုံးခု ဖြစ်၏။ ဗြဟ္မဇာလသုတ် ၌ လာသော ခြောက်ဆဲ့နှစ်ပါးသောဒိဋ္ဌိကို ထို၌ထည့် ခုနစ်ရာ့ငါးဆဲ့ငါးပါး ဖြစ်၏။ ယင်းကို ဥပ္ပန္န အနုပ္ပန္နအဖြစ်ဖြင့် နှစ်ခုဖြင့်မြှောက်သည်ရှိသော် တထောင့်ငါးရာ့ တဆယ် ဖြစ်၏။ ဤသို့ တဆယ်လွန်သော်လည်း "အပ္ပကံ ဦနမဓိကံ ဝါ ဂဏနူပဂံ န ဟောတိ" ဟူသော ပရိဘာသာနှင့်အညီ အနည်းငယ် ယုတ်ခြင်း

လွန်ခြင်းသည် ဂဏနူပဂ မဖြစ်ရကား ဒိယဍ္ဍကိလေသသဟဿံ-ဟူလေသည်။ မူလဋီကာနည်း။

ဝါ၊ စင်စစ် အကုသိုလ်ဖြစ်သော တရား တဆဲ့လေး၊ ကုသိုလ် အဗျာကတနှင့် ဆက်ဆံသောတရား နှစ်ဆဲ့ငါး၊ ကုသလတိက်နှင့် ဆက်ဆံသောတရား တဆဲ့လေး၊ ဥပစယသန္တတိနှစ်ပါးကို တခုတည်းပြု၍ ရုပ်နှစ်ဆဲ့ခုနစ်ခုအားဖြင့် ပေါင်း နာမ်ရုပ် ရှစ်ဆယ်၊ ယင်း၌ ဘာဝရုပ်နှစ်ခုကို တခုစီသာယူ၍ တခုယုတ်ရှစ်ဆယ် ဖြစ်၏။ ထိုကို သန္တာန်နှစ်ပါးနှင့်မြှောက်၊ တရာ့ငါးဆဲ့ရှစ် ဖြစ်၏။ ထိုကို ကိလေသာ ဆယ်ပါးနှင့်မြှောက်၊ တထောင့်ငါးရာ့ရှစ်ဆယ် ဖြစ်၏။

ဝါ၊ နာမ်ငါးဆဲ့သုံးပါး၊ နိပ္ဖန္နရုပ် တဆဲ့ရှစ်၊ အာကာသဓာတ်၊ လက္ခဏရုပ် သုံးခုအားဖြင့် ခုနစ်ဆဲ့ငါး ဖြစ်၏။ ထိုကို သန္တာန်နှစ်ပါးနှင့်မြှောက်၊ တရာ့ ငါးဆယ်ဖြစ်၏။ ထိုကို ကိလေသာ ဆယ်ပါးနှင့်မြှောက်၊ တထောင့်ငါးရာ ဖြစ်၏။

ဝါ၊ ဣန္ဒြိယဘေဒအားဖြင့် ဝေဒနာကို ငါးပါးယူ၍ နာမ်ငါးဆဲ့ခုနစ်ခု၊ နိပ္ဖန္နရုပ် တဆဲ့ရှစ်အားဖြင့် ခုနစ်ဆဲ့ငါး ဖြစ်၏။ ထိုကို ယခင်နည်း သန္တာန် နှစ်ပါး၊ ကိလေသာ ဆယ်ပါးတို့နှင့်မြှောက် တထောင့်ငါးရာ ဖြစ်၏။

ဝါ၊ တဆဲ့နှစ်ပါးသော အကုသိုလ် စိတ္တုပ္ပါဒ်တွင် ပဌမ၌ ကိလေသာ ခြောက်ပါး၊ ဒုတိယ၌ ခုနစ်၊ တတိယ၌ ခြောက်၊ စတုတ္ထ၌ ခုနစ်၊ ပဉ္စမ၌ ခြောက်၊ ဆဋ္ဌ၌ ခုနစ်၊ သတ္တမ၌ ခြောက်၊ အဋ္ဌမ၌ ခုနစ်၊ နဝမ၌ ငါး၊ ဒသမ၌ ခြောက်၊ ဧကာဒသမ၌ ငါး၊ ဒွါဒသမ၌ လေးပါးအားဖြင့် ခုနစ်ဆဲ့ နှစ်ပါး ဖြစ်၏။ ချင်းတို့သည် ပဉ္စဒွါရ၌ဖြစ်ခိုက် ရူပါရုံ စသော ငါးပါးတို့တွင် တပါးပါး၌ ခုနစ်ဆဲ့နှစ်ပါးစီဖြစ်ရကား သုံးရာ့ခြောက်ဆယ် ဖြစ်၏။ မနောဒွါရ၌ ဖြစ်ခိုက် အာရုံခြောက်ပါးတွင် တပါးတပါး၌ ခုနစ်ဆဲ့နှစ်ပါးစီ ဖြစ်ရကား လေးရာ့သုံးဆဲ့နှစ်ပါး ဖြစ်၏။ အလုံးစုံကိုပေါင်းသော် ခုနစ်ရာ့ကိုးဆဲ့နှစ်ပါး ဖြစ်၏။ ထိုကို သန္တာန်နှစ်ပါးနှင့်မြှောက်၊ တထောင့်ငါးရာ့ရှစ်ဆဲ့လေး ဖြစ်၏။

ဝါ၊ ရူပါရုံစသည် ငါး၊ ၎င်းငါးပါးမှကြွင်းသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်အားဖြင့်ဓမ္မာရုံ ငါး အားဖြင့် တဆယ်ဖြစ်၏။ ထိုကို သန္တာန် နှစ်ပါးနှင့်မြှောက်၊ နှစ်ဆယ်ဖြစ်၏။ ထို၌ ပညတ်ကိုထည့်၊ အာရုံနှစ်ဆဲ့တပါး ဖြစ်၏။ ယခင်ကိလေသာ ခုနစ်ဆဲ့နှစ်ပါးကို ၎င်းအာရုံနှစ်ဆဲ့တပါးနှင့်မြှောက်၊ တထောင့်ငါးရာ့ တဆဲ့နှစ်ပါးဖြစ်၏။

ဝါ၊ တဆဲ့တပါးသော အကုသိုလ်စိတ္တုပ္ပါဒ်တွင် ပဌမ၌ နှစ်ဆယ်၊ ဒုတိယ၌ နှစ်ဆဲ့နှစ်၊ တတိယ၌ နှစ်ဆယ်၊ စတုတ္ထ၌ နှစ်ဆဲ့နှစ်၊ ပဉ္စမ၌ တဆဲ့ကိုး၊ ဆဋ္ဌ၌

နှစ်ဆဲ့တစ်၊ သတ္တမဥ္ဇ တဆဲ့ကိုး၊ အဋ္ဌမဥ္ဇ နှစ်ဆဲ့တစ်၊ နဝမဥ္ဇ တဆဲ့ကိုး၊ ဒသမဥ္ဇ နှစ်ဆဲ့တစ်၊ ဧကာဒသမဥ္ဇ တဆဲ့ခြောက်၊ ဒွါဒသမဥ္ဇလည်း တဆဲ့ခြောက်အားဖြင့် အကုသိုလ်နှစ်ရာ့သုံးတို့ကို အာရုံခြောက်ပါးနှင့်မြှောက်၊ တထောင့်လေးရာ့ တဆဲ့ခြောက် ဖြစ်၏။ အနုဋီကာနည်းချည်း။ "အပ္ပကံ ဦနမဓိကံ ဝါ ဂဏနူပဂံ န ဟောတိ" ဟူသော ပရိဘာသာနှင့်အညီ အနည်းငယ်ယုတ်ခြင်း လွန်ခြင်း သည် ဂဏနူပဂ မဖြစ်ရကား "ဒိယဍ္ဎကိလေသသဟဿံ" ဟု အဋ္ဌကထာ၌ ဆိုလေသည်။ ဤသို့ ပြဆိုတော်မူကြကုန်၏။

---

## ၉-ရာဂ ဒေါသ မောဟ-စသည်ကင်းပုံ

### ဝဋ်သုံးပါးမဖြစ်မှု ခယ-အပြားနှင့်နိဗ္ဗာန်၏သဘောကိုပြခြင်း

နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်အပ်သည် ဖြစ်၍ အကြောင်းအကျိုး အဆက်ဆက်အားဖြင့် ဝဋ်သုံးပါး တို့ မဖြစ်သည်ကိုပင် ဝဋ်သုံးပါး ကုန်သည် ဟူ၍ငင်း ချုပ်သည် ဟူ၍ငင်း ကင်းသည် ဟူ၍ငင်း ပြတ်သည် ဟူ၍ငင်း ငြိမ်းသည် ဟူ၍ငင်း ခေါ်ဝေါ်အပ်၏။ ထိုသို့ မဖြစ်သည်ကိုပင် ကုန်သည်ဟူ၍ ခေါ်ဝေါ်အပ်သောကြောင့် နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ပယ်ဖြတ်အပ်သည် ဖြစ်၍ ရာဂအစရှိသည်တို့၏ တဖန်အသစ် မဖြစ်နိုင်သော မဖြစ်ခြင်း ကိုပင် ဇ္ဇတိဝုတ်ပါဠိတော် (၂၂) ၌ "တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ အယံ ဝုစ္စတိ သဉပါဒိသေသာ နိဗ္ဗာနဓာတု" ဟူ၍ ရာဂက္ခယ စသည်ဖြင့် ဟောတော်မူသည်။

### ရာဂက္ခယအဓိပ္ပါယ်

ဤရာဂက္ခယ-စသည် ဟူသည် ကုန်တတ်သော ကုန်ခြင်းသဘော ရှိသော ရာဂစသည်မဟုတ်၊ ရာဂအစရှိသည်တို့၏ ကုန်ခြင်းတည်း။ ရာဂစသည်တို့၏ ကုန်ခြင်းဟူသည်လည်း ထိုရာဂ စသည်တို့၏ ဘင်ခဏမဟုတ်၊ ရာဂ အစရှိသည် တို့၏ ကုန်သော အခြင်းအရာတည်း။ ရာဂ စသည်တို့၏ ကုန်သော အခြင်းအရာ ဟူသည်လည်း ရာဂ စသည်တို့၏ မဖြစ်ခြင်း မရှိခြင်းပင်တည်း။ ရာဂ အစရှိသည် တို့၏ မဖြစ်ခြင်း မရှိခြင်းဟူသည်လည်း တဒင်္ဂ ဝိက္ခမ္ဘနမျှဖြင့် ပယ်အပ် ကုန်စေ အပ်သည်ဖြစ်၍ အခိုက်အတန့်ကာလမျှဖြင့် မဖြစ်ရုံမဟုတ်၊ ကေန်စင်စစ် တဖန် မဖြစ်နိုင်သော မဖြစ်ခြင်းတည်းဟု ပြခြင်းငှါ ရာဂက္ခယော- စသည်ကို "ရာဂက္ခယောတိ ရာဂဿ ခယော ခီဏာကာရော အဘာဝေါ အစ္စန္တမနုပ္ပါဒေါ။ သေ နယော သေသေသုပိ" ဟူ၍ ဣင်းအဋ္ဌကထာ (၁၅၉) ၌ ပြဆိုတော်မူသည်။

တဿ၊ ထိုဆိုအပ်ပြီးသော ဂုဏ်နှင့် ပြည့်စုံသော ကုန်ပြီးသော အာသဝေါ ရှိသော ရဟန္တာပုဂ္ဂိုလ်အား။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ခြင်း သည်။ ယော ဒေါသက္ခယော၊ အကြင် ဒေါသ၏ ကုန်ခြင်းသည်။ ယော မောဟက္ခယော၊ အကြင်မောဟ၏ ကုန်ခြင်းသည်။ ဟောတိ၊ ၏။ အယံ၊ ဤရာဂ ဒေါသ မောဟ၏ ကုန်ခြင်းကို။ သဉပါဒိသေသာ၊ တဏှာဒိဋ္ဌိတို့သည် အာရုံ ပြုသောအားဖြင့် ငါ ငါ၏ကိုယ် အစရှိသည်ဖြင့် ကပ်ယူစွဲလမ်းအပ်သည် ဖြစ်၍ ဉပါဒိမည်သော ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ထိုတဖန်အသစ် မဖြစ် နိုင်ခြင်းဟူသော ကုန်ခြင်းသို့ရောက်သော ကိလေသာမှ ကြွင်းကျန်သော ခန္ဓာ ငါးပါးနှင့် တကွဖြစ်သော။ ဝါ၊ ကိလေသာမှ ကြွင်းကျန်ရစ်သော ခန္ဓာငါးပါး ရှိသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ် ဟူ၍။ ဝါ၊ ငြိမ်းခြင်းသဘော ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ရာဂက္ခယောတိ၊ သည်ကား။ ရာဂဿ၊ အနုသယ၏ အစွမ်းဖြင့် သတ္တဝါတို့၏ သန္တာန်ဝယ် အစဉ်မပြတ် ကိန်းသောရာဂ၏။ ခယော၊ အရိယမဂ်သည် ပယ်ဖြတ် အပ်သည်ဖြစ်၍ ကုန်ခြင်းတည်း။ ခီဏာကာရော၊ ကုန်သော အခြင်းအရာတည်း။ အဘာဝေါ၊ မရှိခြင်း မဖြစ်ခြင်းတည်း။ အစ္စန္တမနုပ္ပါဒေါ၊ ကေန်စင်စစ် တဖန် မဖြစ်နိုင်သော မဖြစ်ခြင်းတည်း။ သေသေသုပိ၊ ကြွင်းသော ဒေါသက္ခယော မောဟက္ခယော ဟူသည်တို့၌လည်း။ သေ နယော၊ ဤရာဂက္ခယော-၌ ပြဆိုအပ် ပြီးသောနည်းကို။ ဝေဒိတဗ္ဗော၊ ၏။

နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် သမုစ္ဆေဒအားဖြင့် ပယ်ဖြတ် ကုန်ကင်းစေအပ်သော ရာဂ စသည်တို့၏ ကုန်ခြင်းကိုသာ ရာဂက္ခယ အစရှိ သည်ဖြင့် ဟောတော်မူအပ်သည်မဟုတ်၊ ထိုရာဂ အစရှိသည်တို့၏ မဖြစ်နိုင် ကြောင်း ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကိုလည်း " တတ္ထ ကတမာ အသင်္ခတ- ဓာတု။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော" ဟူသော အာယတနဝိဘင်း ပါဠိတော် (၇၄)၊ နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ။ ကတမံ နု ခေါ အာဝုသော နိဗ္ဗာနန္တိ။ ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ နိဗ္ဗာနန္တိ" ဟူသော ဇမ္ဗုခါဒကသုတ် သံယုတ် ပါဠိတော် (၃၄၆) တို့၌ ရာဂက္ခယ-စသည်ဟူ၍ပင် ဟောတော်မူသည်။

ဤပါဠိတော်တို့၌ ရာဂက္ခယ-အစရှိသည်၏ အရကို မဂ်ဖိုလ်တို့၏ အာရုံဖြစ် သော နိဗ္ဗာန်ကို ကောက်ယူအပ်သည်၏ အဖြစ်ကို အာယတနဝိဘင်း ပါဠိတော် ဝယ် ဓမ္မာယတန၌ အကျုံးဝင်သော အသင်္ခတဓာတ်ကို ပြဆိုသော အရာဖြစ်၍ ၎င်း၊ သံယုတ်ပါဠိတော်၌ "ကတမံ နု ခေါ အာဝုသော နိဗ္ဗာနံ" ဟူ၍ ဇမ္ဗုခါဒက ပရိဗိုဇ်သည် မေးအပ်သော မဂ်ဖိုလ်တို့အာရုံ ပရမတ္ထနိဗ္ဗာန်အရကို ဖြေပြခြင်းငှါ

"ယော ခေါ် အာဝုသော"စသည်ဖြင့် အရှင်သာရိပုတြာ ဟောတော်မူအပ်သော အရာဖြစ်၍ငှင်း စင်စစ်သိအပ်၏။

တတ္ထ၊ ထိုဓမ္မာယတန၏ သရုပ်အရ ဖြစ်သော တရားအပေါင်းတို့တွင်။ အသင်္ခတာဓာတု၊ အသင်္ခတဓာတ် ဟူသည်ကား။ ကတမာ၊ အဘယ်တရားနည်း။ ဝါ၊ အဘယ်သို့သော သဘောတရားသည်။ အသင်္ခတာဓာတု၊ အသင်္ခတဓာတ် မည်သနည်း။ ရာဂက္ခယော၊ ရာဂ၏ ကုန်ကြောင်းဖြစ်သော။ ဒေါသက္ခယော၊ ဒေါသ၏ ကုန်ကြောင်း ဖြစ်သော။ မောဟက္ခယော၊ မောဟ၏ ကုန်ကြောင်း ဖြစ်သော။ ဓမ္မော၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ပရမတ္ထ တရားသည်။ အသင်္ခတာဓာတု၊ မည်၏။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတြာ။ နိဗ္ဗာနံ နိဗ္ဗာနန္တိ၊ နိဗ္ဗာန် နိဗ္ဗာန် ဟူ၍။ ဝုစ္စတိ၊ သင်တို့ သာသနာ၀ယ် အထင်အရှား အများပင် ခေါ်ဆိုအပ်၏။ အာဝုသော၊ ငါ့ရှင်သာရိပုတြာ။ နိဗ္ဗာနံ၊ နိဗ္ဗာန် နိဗ္ဗာန်-ဟူ၍ အရှင်တို့ ခေါ်ဆို အပ်သော နိဗ္ဗာန်ဟူသည်။ ကတမံ နု ခေါ၊ အဘယ်သို့သော တရားဖြစ်လေ သနည်း။ ဣတိ၊ ဤသို့ တူတော်ဖြစ်သော ဇမ္ဗုခါဒကပရိဗိုဇ် မေးလျှောက်အပ် သော ပုစ္ဆာကို "အာဝုသော၊ အချင်းဇမ္ဗုခါဒကပရိဗိုဇ်။ ရာဂက္ခယော၊ ရာဂ၏ ကုန်ကြောင်းဖြစ်သော။ ဒေါသက္ခယော၊ ဒေါသ၏ ကုန်ကြောင်း ဖြစ်သော။ မောဟက္ခယော၊ မောဟ၏ ကုန်ကြောင်းဖြစ်သော။ ယော ခေါ် သဘာဝေါ၊ အကြင် သဘောတရားသည်။ အတ္ထိ၊ ၏။ ဣဒံ၊ ဤရာဂစသည်တို့၏ ကုန်ကြောင်း ဖြစ်သော သဘောတရားကို—

("ယောဓာရော တမောကာသံ"

"စုတော ယော ဘိက္ခုဘာ၀ဿ၊ သာ ပါရာဇိကဒေသနာ"

"သကိံ ယေ၀ မဟာရာဇ၊ သဗ္ဗိ ဟောတိ သမာဂမော။

သာ နံ သင်္ဂတိ ပါလေတိ၊ နာသဗ္ဘိ ဗဟုသင်္ဂမော"

အစရှိသည်ကဲ့သို့ စုဏ္ဏိယဝါကျဖြစ်၍ ယော ရာဂက္ခယော-အစရှိသော ရှေ့ပုဒ်၏ လိင်သို့ မလိုက်ဘဲ နိဗ္ဗာနံ-ဟူသော နောက်ပုဒ်၏ လိင်သို့လိုက်သည်။

"အဘိဓမ္မော စ သော ပိဋကဉ္စာတိ အဘိဓမ္မပိဋကံ" အစရှိသော သမာသ် ဝါကျအရာ၌ကား ရှေ့ပုဒ်၏ လိင်သို့ လိုက်မြဲ။)

နိဗ္ဗာနံ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ ဤသို့ ဦးရီးတော်ဖြစ်သော အရှင်သာရိ ပုတြာမထေရ် ဖြေကြားတော်မူ၏။

ဤမဂ်ဖိုလ်တို့၏ အာရုံဓမ္မာယတန ဖြစ်သော နိဗ္ဗာန်သည် အဘယ့်ကြောင့် ရာဂက္ခယ စသည် မည်လေသနည်း ဟူမူ—

“အသင်္ခတာဓာတူတိ အသင်္ခတသဘာဝံ နိဗ္ဗာနံ။ ယသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ။ တသ္မာ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုတ္တံ”

ဟူသော သမ္မောဟဝိနောဒနီ အာယတနဝိဘင်းအဋ္ဌကထာ (၄၈)

“ယော ခေါ အာဝုသော ရာဂက္ခယောတိ နိဗ္ဗာနံ အာဂမ္မ ရာဂေါ ခီယတိ။ တသ္မာ နိဗ္ဗာနံ ရာဂက္ခယောတိ ဝုစ္စတိ။ ဒေါသက္ခယ မောဟက္ခယေသုပိ ဧသေဝ နယော”

ဟူသော ဇမ္ဗုခါဒကသုတ် သံယုတ်အဋ္ဌကထာ (၁၂၀)

“တတ္ထ ယသ္မာ နိဗ္ဗာနသစ္ဆိကိရိယာယ ရာဂါဒယော ခီဏာ ဟောန္တိ ပရိက္ခီဏာ။ ယသ္မာ ဝါ တံ တေသံ အနုပ္ပါဒနိရောဓက္ခယပ္ပတ္တံ။ ယသ္မာ စ တံ ရာဂါဒိဝိပ္ပယုတ္တံ သမ္ပယောဂတော စ အာရမ္မဏတော စ။ ယသ္မာ ဝါ တမှိ သစ္ဆိကတေ ရာဂါဒယော အစ္စန္တဝိရတာ ဟောန္တိ ဝိဂတာ ဝိဒ္ဓသ္တာ။ တသ္မာ ခယန္တိ စ ဝိရာဂန္တိ စ ဝုစ္စတိ”

ဟူသော ခုဒ္ဒကပါဌအဋ္ဌကထာ (၁၅၀)

တို့နှင့်အညီ အရိယမဂ်သည် ထိုမဂ္ဂါယတနပရမတ္ထနိဗ္ဗာန်ကို အာရုံပြုရ၍သာ ကိလေသာတို့ကို တဖန်အသစ် မဖြစ်နိုင်စေ ကုန်နိုင်စေသည်ဖြစ်၍ ထိုရာဂအစ ရှိသော ကိလေသာတို့၏ တဖန်အသစ် မဖြစ်ခြင်းဟူသော ကုန်ခြင်းသည် နိဗ္ဗာန် ကို အကြောင်းအစွဲပြု၍ ဖြစ်ရကား ရာဂအစရှိသည်တို့၏ ကုန်ကြောင်း ဖြစ်၍ ရာဂက္ခယ သင်္ခတ မည်ပါသည် ဟူလေ။

အသင်္ခတာဓာတူတိ၊ ဟူသည်ကား။ အသင်္ခတသဘာဝံ၊ အကြောင်းတရား တို့သည် ပေါင်းဆုံ၍ မပြုပြင်အပ်စေသည် သဘောရှိသော။ ဝါ၊ သဘော ဖြစ်သော။ နိဗ္ဗာနံ၊ မဂ်ဖိုလ်တို့၏အာရုံ ပရမတ္ထနိဗ္ဗာန်တည်း။ ပန၊ ထိုနိဗ္ဗာန်၏ ရာဂက္ခယ-စသည်မည်ကြောင်းကို ပြဦးအံ့။ ယသ္မာ၊ ကြောင့်။ ဧတံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍ အကြောင်းပြု၍။ ဝါ၊ အရိယမဂ်ဖြင့် အာရုံပြုသော အားဖြင့် ရောက်၍။ ဝါ၊ ရောက်ခြင်းကြောင့်။ ရာဂါဒယော၊ ရာဂအစရှိသည် တို့သည်။ ခီယန္တိ၊ ကုန်ပျက်ကုန်၏။ တသ္မာ၊ ကြောင့်။ ရာဂက္ခယော၊ ရာဂက္ခယ မည်၏။ ဒေါသက္ခယော၊ မည်၏။ မောဟက္ခယော၊ မည်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။

ယော ခေါ အာဝုသော ရာဂက္ခယောတိ တွေ၊ဟူသော ဤပါဠိ၌။ နိဗ္ဗာနံ၊ မဂ်ဖိုလ်၏အာရုံ ပရမတ္ထနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍ အကြောင်းပြု၍။ ဝါ-နိဗ္ဗာနံ၊ သို့။ အာဂမ္မ၊ အရိယမဂ်ဖြင့် အာရုံပြုသောအားဖြင့် ရောက်၍၊ ရောက်ခြင်း

ကြောင့်။ ရာဂေါ၊ ရာဂသည်။ ခီယတိ၊ တဖန်မဖြစ်နိုင်သောကုန်ခြင်းဖြင့် ကုန်၏။ တသ္မာ၊ ထိုသို့ နိဗ္ဗာန်လျှင်အာရုံရှိသော အရိယမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ရာဂ၏ တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော ကုန်ခြင်းဖြင့် ကုန်ကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ မဂ်ဖိုလ်တို့၏ အာရုံ ပရမတ္ထ နိဗ္ဗာန်ကို။ ရာဂက္ခယောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဒေါသက္ခယ မောဟက္ခယေသုပိ၊ နိဗ္ဗာန်၏ ဒေါသက္ခယ မောဟက္ခယ မည်ရာတို့၌လည်း။ ဧသေဝ နယော၊ ဤရာဂက္ခယ၌ ပြဆိုအပ်ပြီးသောနည်းကိုသာလျှင်။ ဝေဒိတဗ္ဗော၊ ၏။

တတ္ထ၊ထို ခယံ ဝိရာဂံ အမတံ ပဏီတံ-အစရှိသော ရတနသုတ်ဂါထာ၌။အတ္ထော၊ ကို။ ဧဝံ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။ ယသ္မာ၊ ကြောင့်။ နိဗ္ဗာနသစ္ဆိကိရိယာယ၊ နိရောဓ သစ္စာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းဖြင့်။ ဝါ၊ ကြောင့်။ ရာဂါဒယော၊ တို့သည်။ ခီဏာ ပရိက္ခီဏာ၊ အကြွင်းမဲ့ ကုန်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဝါ၊ ကား။ ယသ္မာ၊ ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ ခြင်းကြောင့်။ တေသံ၊ ထိုရာဂ စသည်တို့၏။ အနုပ္ပါဒနိရောဓက္ခယပ္ပတ္တံ၊ တဖန်အသစ် မဖြစ်နိုင်သော မဖြစ်ခြင်းဖြင့် ချုပ်ခြင်းဟူသော ကုန်ခြင်းသို့ ရောက်ရခြင်းသည်။ ဟောတိ၊ ၏။ ယသ္မာ စ၊ ကြောင့်လည်း။ တံ၊ ထိုနိဗ္ဗာန်သည်။သမ္ပယောဂတော စ၊ သမ္ပယုတ်အားဖြင့်၎င်း။ အာရမ္မဏတော စ၊ အာရုံအားဖြင့်၎င်း။ ရာဂါဒိဝိပ္ပယုတ္တံ၊ ရာဂ စသည်တို့မှ ကင်းသည်။ ဟောတိ၊ ၏။ ဝါ၊ ကား။ ယသ္မာ၊ ကြောင့်။ တမ္ပိ၊ ထို နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို။ သစ္ဆိကတေ၊ အရိယမဂ်ဖြင့် မျက်မှောက်ပြုအပ်သည်ရှိသော်။ ရာဂါဒယော၊ တို့သည်။ အစ္စန္တဝိရတာ၊ တဖန်ဖြစ်ပြန်ကောင်းသော အပိုင်းအခြားကို လွန်သောအားဖြင့် ကင်းကုန်သည်။ ဝိဂတာ၊ ကင်းကုန်သည်။ ဝိဒ္ဓတ္ထာ၊ ပျက်စီးကုန်သည်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ နိဗ္ဗာနံ၊ ကို။ ခယန္တိ စ၊ ခယ ဟူ၍၎င်း။ ဝိရာဂန္တိ စ၊ ၎င်း။ ဝုစ္စတိ၊ ၏။

ဤပြဆိုပြီးသော အဋ္ဌကထာတို့ကို ထောက်သဖြင့်၎င်း "တဏှက္ခယ-ပစ္စယတ္တာ တဏှက္ခယော" ဟူသော သဋ္ဌာယတနသံယုတ်အဋ္ဌကထာ (၁၄၉) ကို ထောက်၍၎င်း ရာဂက္ခယော ဒေါသက္ခယော-အစရှိသည်တို့၌ ခယသဒ္ဒါကို "ခီယတိ ဧတေနာတိ ခယော" ဟု ကရဏသာဓနပြု၍ ရှေ့ပုဒ်တို့နှင့် ရာဂဿ ခယော ရာဂက္ခယော-စသည်ဖြင့် ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြု။

## သိလွယ်ရန် ဥပမာများ

တနည်းလည်း သခွါးပြေပွတ်သီးကို စားခြင်းကြောင့် အဖျားရောဂါ ဖြစ်ရကား အဖျားရောဂါသည် သခွါးပြေပွတ်သီး၏ အကျိုး၊ သခွါးပြေပွတ်သီးသည် အဖျားရောဂါ၏ အကြောင်းဖြစ်၍ အကျိုးဖြစ်သော အဖျားရောဂါ၏ ဇရ-

ဟူသော အမည်ကို ထိုအဖျားရောဂါ၏ အကြောင်းဖြစ်သော သခွါးပြေပုတ်သီး၌ တင်စား၍ ဖလူပစာရအားဖြင့် သခွါးပြေပုတ်သီးကို ဇရ ဟု ခေါ်ဆိုအပ်သကဲ့သို့ငှင်း၊ တင်လဲကို သောက်ခြင်းကြောင့် သလိပ်ဖြစ်ရကား သလိပ်သည် တင်လဲ၏ အကျိုး၊ တင်လဲသည် သလိပ်၏ အကြောင်းဖြစ်၍ အကျိုးဖြစ်သော သလိပ်၏ သေမှ ဟူသောအမည်ကို အကြောင်းဖြစ်သော တင်လဲ၌ တင်စား၍ ဖလူပစာရအားဖြင့် တင်လဲကိုပင် သေမှ ဟု ခေါ်ဆိုအပ်သကဲ့သို့ငှင်း အရိယမဂ်သည် ပရမတ္ထ အသခ်တဖြစ်သော နိဗ္ဗာန်ကို အာရုံပြုရသောကြောင့်သာလျှင် ရာဂ အစရှိသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်သောအားဖြင့် ကုန်စေနိုင်ရကား ထိုမဂ်ဖိုလ်တို့၏ အာရုံ နိဗ္ဗာန်သည် ရာဂ-စသည်တို့ ကုန်ခြင်းအား ဥပနိဿယအားဖြင့် ကျေးဇူးပြုသောကြောင့် ရာဂ-အစရှိသည်တို့၏ ကုန်ခြင်းသည် နိဗ္ဗာန်၏ အကျိုး၊ နိဗ္ဗာန်သည် ရာဂ စသည်တို့ ကုန်ခြင်း၏ အကြောင်းဖြစ်၍ အကျိုးဖြစ်သော ရာဂ စသည် ကုန်ခြင်း၏ ရာဂက္ခယ- စသော အမည်ကို ထိုရာဂ စသည် ကုန်ခြင်း၏ ဥပနိဿယအကြောင်းဖြစ်သော နိဗ္ဗာန်၌ တင်စား၍ ဖလူပစာရအားဖြင့် မဂ်ဖိုလ်တို့အာရုံ နိဗ္ဗာန်ကိုပင် ရာဂက္ခယ ဒေါသက္ခယ မောဟက္ခယ တဏှာက္ခယ- စသည်ဖြင့် ခေါ်ဆိုအပ်၏။ ဤကား—

> "ယဿ ပန ဓမ္မဿ အဓိဂမနေန ရာဂါဒီနံ ခယော ဟောတိ၊ သော ဓမ္မော ရာဂါဒီနံ ခယဿ ဥပနိဿယတ္တာ အခယောပိ သမာနော ရာဂါဒီနံ ခယော နိဗ္ဗာနန္တိ ခယောပစာရေန ဝုတ္တော။ တိပုသံ ဇရော ဂုဠော သေမှောတိ အာဒီသု ဝိယ ဖလူပစာရေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ"

ဟူသော အဘိဓမ္မာဝတာရအဋ္ဌကထာ (၁၀၉)

> "ရာဂါဒီနံ ခယောတိ ရာဂါဒီနံ အနုပ္ပါဒနိရောဓဓမ္မော။ အခယော ဝါပိ သမာနော ရာဂါဒီနံ ခယဿ ဥပနိဿယတ္တာ ခယောပစာရေန ရာဂါဒီနံ ခယော နိဗ္ဗာနန္တိ ဝုတ္တော။ တိပုသံ ဇရော ဂုဠော သေမှောတိ အာဒီသု ဖလူပစာရေန ဝုတ္တံ ဝိယာတိ သမ္ဗန္ဓော။ ကိလေသာနံ အနုပ္ပတ္တိနိရောဓက္ခယကရဿ မဂ္ဂဿ အာရမ္မဏဘူတံ နိဗ္ဗာနံ အတ္ထတော ခယဿ ဥပနိဿယောတိ ဝတ္တဗ္ဗတံ လဘတီတိ အာဟ ခယဿ ဥပနိဿယတ္တာတိ။ ခယောပစာရေနာတိ အတ္တနော ကာရိယဘူတဿ ခယဿ အတ္တနိဥပစာရေန။ တဿ နာမဝသေနာတိ ဝုတ္တံ ဟောတိ။ ဇရကာရဏံ တိပုသံ ဇရောတိဝုတ္တော။ သေမှကာရဏံ ဂုဠော သေမှောတိ ဝုတ္တော"

ဟူသော အဘိဓမ္မတ္ထဝိဘာဝနီ မည်သော ဋီကာတို့နှင့်အညီတည်း။

ပန၊ အထူးကိုပြဦးအံ့။ ယဿ ဓမ္မဿ၊ အကြင်နိဗ္ဗာန်တရားကို။ အဓိဂမနေန၊ ရခြင်းကြောင့်။ ဝါ၊ အရိယမဂ်သည် အာရုံပြုသောအားဖြင့် သိခြင်းကြောင့်။

ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ ခယော၊ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကုန်ခြင်းသည်။ ဟောတိ၊ ၏။ သော ဓမ္မော၊ ထိုတရားသည်။ ရာဂါဒီနံ၊ တို့၏။ ခယဿ၊ ကုန်ခြင်းအား။ ဉပနိဿယတ္တာ၊ အားကြီးသောမှီရာဉပနိဿယအားဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့်။ အခယော၊ ကုန်ခြင်းသဘောမရှိသည် မကုန်သည်။ သမာနောပိ၊ ဖြစ်သော်လည်း။ တိပုသံ ဇရော ဂုဠော သေမှောတိ အာဒီသု၊ အစရှိသည်တို့၌။ ဖလူပစာရေန၊ အကျိုးဖြစ်သောအဖျားရောဂါ၏ ဇရဟူသောအမည်ကို အကြောင်းဖြစ်သော သခွါးပြေတ်သီး၌ တင်စားသော ဖလူပစာရ၊ အကျိုးဖြစ်သောသလိပ်၏ သေမှ ဟူသောအမည်ကို အကြောင်း ဖြစ်သော တင်လဲ၌တင်စားသော ဖလူပစာရအားဖြင့်။ ဝုတ္တံ ဝိယ၊ အကြောင်း ဖြစ်သော သခွါးပြေတ်သီးကိုပင် ဇရ၊ အကြောင်းဖြစ်သော တင်လဲကိုပင် သေမှ ဟူ၍ဆိုအပ်သကဲ့သို့။ ခယောပစာရေန၊ အကျိုးဖြစ်သော ရာဂစသည် ကုန်ခြင်း၏ ခယဟူသောအမည်ကို မဂ်ဖိုလ်တို့ အာရုံဖြစ်သော အကြောင်းနိဗ္ဗာန်၌ တင်စား သော ဖလူပစာရအားဖြင့်။ နိဗ္ဗာနံ၊ ကို။ ရာဂါဒီနံ ခယောတိ၊ ရာဂစသည်တို့၏ ကုန်ခြင်း ရာဂက္ခယ- စသည်ဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။

ရာဂါဒီနံ ခယောတိ၊ ဟူသည်ကား။ ရာဂါဒီနံ၊ တို့၏။ အနုပ္ပါဒနိရောဓဓမ္မော၊ တဖန်အသစ်မဖြစ်ခြင်းဟူသော ချုပ်ခြင်းသဘောတည်း။ အခယောဝ၊ ကုန်ခြင်း သဘောမရှိသည်သာလျှင်။ သမာနောပိ၊ ဖြစ်လျှင်းသော်လည်း။ ရာဂါဒီနံ၊ တို့၏။ ခယဿ၊ ၏။ ဉပနိဿယတ္တာ၊ ဉပနိဿယအကြောင်း၏အဖြစ်ကြောင့်။ ခယောပစာရေန၊ အကျိုးဖြစ်သော ရာဂစသည်ကုန်ခြင်း၏ ခယဟူသောအမည် ကို အကြောင်းဖြစ်သောနိဗ္ဗာန်၌ တင်စားသောဖလူပစာရအားဖြင့်။ နိဗ္ဗာနံ၊ ကို။ ရာဂါဒီနံ ခယောတိ၊ ဟူ၍။ ဝုတ္တော၊ ၏။ တိပုသံ ဇရော ဂုဠော သေမှောတိ အာဒီသု၊တိပုသံ ဇရော ဂုဠော သေမှော-အစရှိသည်တို့၌။ဖလူပစာရေန၊အားဖြင့်။ ဝုတ္တံဝိယ၊ သို့။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ စပ်အပ်၏။ ကိလေသာနံ၊ တို့၏။ အနုပ္ပတ္တိ နိရောဓက္ခယကရဿ၊ တဖန်အသစ် မဖြစ်သောအားဖြင့် ချုပ်ခြင်းဟူသော ကုန်ခြင်းကို ပြုတတ်သော။ မဂ္ဂဿ၊ အရိယမဂ်၏။ အာရမ္မဏဘူတံ၊ အာရုံဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံ၊ ပရမတ်အသင်္ခတဖြစ်သော နိဗ္ဗာန်ကို။ အတ္တတော၊ သဘော အားဖြင့်။ ခယဿ၊ ရာဂ အစရှိသည် ကုန်ခြင်း၏။ ဉပနိဿယောတိ၊ မှီရာ အကြောင်းဟူ၍။ ဝတ္တဗ္ဗတံ၊ ဆိုအပ်သည်၏အဖြစ်ကို။ ဉပလဘတိ၊ ရ၏။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ ခယဿ ဉပနိဿယတ္တာတိ၊ ဟူ၍။ ဝါ၊ ဟူသော စကားကို။ အာဟ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။ ခယောပစာရေနာတိ၊ ဟူသည်ကား။ အတ္တနော၊ မိမိဟူသော မဂ်ဖိုလ်တို့အာရုံ နိဗ္ဗာန်၏။ ကာရိယဘူတဿ၊ အကျိုး ဖြစ်၍ ဖြစ်သော။ ခယဿ၊ ရာဂ စသည် ကုန်ခြင်း၏။ အတ္တနိ၊ မိမိဟူသော

နိဗ္ဗာန်၌။ ဥပစာရေန၊ ခယ-ဟူသော အမည်ကို တင်စားသောအားဖြင့်။ တဿ၊ ထိုအကျိုးဖြစ်သော ရာဂ စသည် ကုန်ခြင်း၏။ နာမဝသေန၊ ခယ-ဟူသော အမည်၏ အစွမ်းဖြင့်။ ဣတိ၊ သို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။ ဇရကာရဏံ၊ အဖျားရောဂါ၏ အကြောင်းဖြစ်သော။ တိပုသံ၊ သခွါးပြုတ်သီးကို။ ဇရောတိ၊ ဇရ-ဟူ၍။ ဝုတ္တော၊ ၏။ သေမှကာရဏံ၊ သလိပ်၏ အကြောင်းဖြစ်သော။ ဂုဠော၊ တင်လဲကို။ သေမှောတိ၊ သေမှ-ဟူ၍။ ဝုတ္တော၊ ၏။

## ခယသဒ္ဒါ အဆုံးအဖြတ်

ဤအဘိဓမ္မာဝတာရအဋ္ဌကထာ ဋီကာတို့ အလိုအားဖြင့် ရာဂက္ခယော အစရှိသည်၌ ခယသဒ္ဒါကို "ခယနံ ခယော။ ခယနံ၊ ကုန်ခြင်း။ ခယော၊ ကုန်ခြင်း" ဤသို့ ဘာဝသာဓနပြု၍ ရာဂဿ ခယော ရာဂက္ခယော-စသည်ဖြင့် ဆဋ္ဌီတပ္ပုရိသ် သမာသ်ပြု။ အရဟတ္တမဂ်ကို ခယ ဟု ဟောတော်မူသောအရာ အရဟတ္တဖိုလ်ကို ခယ ဟု ဟောတော်မူသောအရာလည်း ရှိ၏။ ထိုတွင် "ခယေ ဉာဏံ အနုပ္ပါဒေ ဉာဏံ" ၌ မဂ်ကို ခယ ဟူ၍ ဟောတော်မူသည်။ "ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ အရဟတ္တံ" ဟူသော ဇမ္ဗုခါဒကသုတ်ပါဠိတော်(၄၄၆) ၌ အရဟတ္တဖိုလ်ကို ခယ-ဟူ၍ ဟောတော်မူသည်။ ခယေ ဉာဏံ-၌ ခယ-အရကို အရိယမဂ်ကို ယူအပ်သည်၏အဖြစ်ကို "ခယေ ဉာဏန္တိ ကိလေသက္ခယကရေ အရိယမဂ္ဂေ ဉာဏံ" ဟူသော အဋ္ဌသာလိနီ (၉၆) ခယသင်္ခါတော မဂ္ဂေါ ရာဂါဒယော ခေပေတိ" ဟူသော မူလဋီကာ (၉၆) "ခယောတိ ဝါ မဂ္ဂေါ ဝုစ္စတိ ခယေ ဉာဏန္တိအာဒီသု ဝိယ" ဟူသော အဘိဓမ္မတ္ထဝိဘာဝနီဋီကာ တို့ကို ထောက်သဖြင့် သိအပ်၏။

ဝါ၊ တနည်းကား။ မဂ္ဂေါ၊ အရဟတ္တမဂ်ကို။ ခယောတိ၊ ခယန္တေ ဥပ္ပန္နတ္တာ-ဟူသော အဘိဓမ္မာဝတာရအဋ္ဌကထာဝယ် ခယ-ဟူ၍။ ဝုစ္စတိ၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။ ကေသု ဝိယ၊ အဘယ်တို့၌ကဲ့သို့ နည်းဟူမူကား။ ခယေဉာဏန္တိ အာဒီသုဝိယ၊ ခယေဉာဏံ-အစရှိသည်တို့၌ကဲ့သို့တည်း။ တနည်း။ ခယေဉာဏန္တိ အာဒီသု၊ တို့၌။ မဂ္ဂေါ၊ ကို။ ခယောတိ၊ ဟူ၍။ ဝုစ္စတိဝိယ၊ ဟောတော်မူအပ် သကဲ့သို့။ မဂ္ဂေါ၊ ကို။ ခယောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဤမဂ်သည်"ကိလေသေ ခယာပေတီတိ ခယော"ဟူသော ဟေတုကတ္တုသာဓ် ဝစနတ်နှင့်အညီ ရာဂအစရှိသော ကိလေသာတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ပယ်ဖြတ်၍ ကုန်စေတတ်သောကြောင့် ခယမည်၏။ "အရဟတ္တံ ပန ခယန္တေ ဥပ္ပန္နတ္တာ ခယောတိ ဝုတ္တံ" ဟူသော အဘိဓမ္မာဝတာရအဋ္ဌကထာ၊ "ရာဂါဒီနံ ခယန္တေ ဥပ္ပန္နတ္တာ အရဟတ္တံ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုစ္စတိ" ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ "ခယန္တေတိ

ရာဂါဒီနံ ပရိက္ခယာဝသာနေ” ဟူသော အဘိဓမ္မတ္ထဝိကာသနီဋီကာ၊ ဤအဋ္ဌကထာဋီကာတို့နှင့်အညီ အရဟတ္တမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ပယ်ဖြတ်အပ်သည် ဖြစ်၍ ရာဂအစရှိသည်တို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော ကုန်ခြင်း၏ အဆုံးဖြစ်သော အနီး၌ဖြစ်သောကြောင့် ထိုရာဂ စသည် ကုန်ခြင်း၏ ခယ ဟူသော အမည်ကို ထိုရာဂစသည် ကုန်ခြင်းလျှင် အနီးရှိသော အရဟတ္တဖိုလ်၌ တင်စား၍ သမီပူပစာရအားဖြင့် အရဟတ္တဖိုလ်ကို ခယ-ဟု ဆိုအပ်သည် ဟူလို။

အရဟတ္တံ ပန၊ ကိုကား။ ခယန္တေ၊ ရာဂအစရှိသည်တို့ ကုန်သည်၏ အဆုံး ဖြစ်သော အနီး၌။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ ခယောတိ၊ ဟူ၍။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။

ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ ခယန္တေ၊ ကုန်သည်၏ အဆုံးဖြစ်သော အနီး၌။ ဥပ္ပန္နတ္တာ၊ ကြောင့်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ခယန္တေတိ၊ ကား။ ရာဂါဒီနံ၊ တို့၏။ ပရိက္ခယာဝသာနေ၊ ကုန်သည်၏ အဆုံးဖြစ်သော အနီး၌—

အန္တော နိတ္ထိ သမီပေစ၊ ဝသာနေ ပဒပူရဏေ။
ဒေဟာဝယဝေ ကောဋ္ဌာသေ၊ နာသသီမာသု လာမကေ။

နိတ္ထိ၊ ပုလ္လိင်နပုလ္လိင်ဖြစ်သော။ အန္တော၊ အန္တသဒ္ဒါသည်။ သမီပေ စ၊ အနီး ဟူသော အနက်၌၎င်း။ အဝသာနေ စ၊ အဆုံးဟူသော အနက်၌၎င်း။ ပဒပူရဏေ၊ ပုဒ်ပြည့်ရုံမျှ ဟူသော ပဒပူရဏ၌၎င်း။ ဒေဟာဝယဝေ စ၊ အူမ ဟူသော ကိုယ်အစိတ်၌၎င်း။ ကောဋ္ဌာသေ စ၊ အဘို့အစု၌၎င်း။ နာသသီမာသု စ၊ သေခြင်းဟူသောအနက် အပိုင်းအခြားဟူသော အနက်တို့၌၎င်း။ လာမကေ စ၊ ယုတ်မာခြင်းဟူသော အနက်၌၎င်း။ ဘဝေ၊ ဖြစ်၏။

ဤသို့ အန္တသဒ္ဒါ အနီးဟူသော အနက်ကိုလည်း ဟောကြောင်းကို အဘိဓာနပ္ပဒီပိကာကျမ်း (ဂါထာနံပါတ် ၇၉၂) ၌ ပြဆိုလာရှိသည်ဖြစ်၍ ခယန္တေ-ကို ပရိက္ခယာသန္နေ-ဟု ဖွင့်သော်လည်း သင့်သည်ပင်။

“ခယောတိ ဝါ မဂ္ဂေါ ဝုစ္စတိ။ ခယေ ဉာဏန္တိ အာဒီသု ဝိယ။ တဿ အန္တေ နိရောဓာဝသာနေ ဥပ္ပန္နတ္တာ ခယောတိ ဝုတ္တံ ကာရဏူပစာ-ရေန ဝါ သမီပူပစာရေန ဝါ”

ဟူ၍ တနည်းပြသော အဘိဓမ္မတ္ထဝိဘာဝနီဋီကာ အလိုအားဖြင့် ရာဂအစ ရှိသည်တို့ကို အကြွင်းမဲ့ ကင်းကုန် စေတတ်သောကြောင့် ခယမည်သော မဂ်ချုပ်သည်၏ အခြားမဲ့၌ အနီးအဆုံး၌ ဖြစ်သောကြောင့် အကြောင်းဖြစ်သော အရဟတ္တမဂ်၏ ခယ-ဟူသော အမည်ကို ထိုအရဟတ္တမဂ်၏ အကျိုးဖြစ်သော အရဟတ္တဖိုလ်၌ တင်စား၍ ကာရဏူပစာရအားဖြင့် သော်၎င်း အနီးဖြစ်သော အရဟတ္တမဂ်၏ ခယ-ဟူသော အမည်ကို ထိုအရဟတ္တမဂ်လျှင် အနီးရှိသော အရဟတ္တဖိုလ်၌ တင်စား၍ သမီပူပစာရအားဖြင့် သော်၎င်း အရဟတ္တဖိုလ်ကို ခယ-ဟု ဆိုအပ်သည် ဟူလို။

ဝါ၊ ကား။ ခယေ ဉာဏန္တိအာဒီသု၊ တို့၌။ မဂ္ဂေ၊ ကို။ ခယောတိ၊ ဟူ၍။ ဝုစ္စတိ ဝိယ၊ ကဲ့သို့။ မဂ္ဂေ၊ ကို။ ခယောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တဿ၊ ထို ကိလေသာ အလုံးစုံကို ကုန်စေတတ်၍ မှချ ခယမည်သော အရဟတ္တမဂ်၏။ အန္တေ နိရောဓာဝသာနေ၊ ဘင်၏အစွမ်းဖြင့် ချုပ်သည်၏ အဆုံးဟူသော အနီး၌။ ဥပ္ပန္နတ္တာ၊ ကြောင့်။ ကာရဏူပစာရေန ဝါ၊ အကြောင်းဖြစ်သော အရဟတ္တမဂ်၏ ခယ-ဟူသော အမည်ကို ထိုမဂ်၏ အကျိုးဖြစ်သော အရဟတ္တ ဖိုလ်၌ တင်စားသော ကာရဏူပစာရအားဖြင့်သော်၎င်း။ သမီပူပစာရေန ဝါ၊ အနီးဖြစ်သော အရဟတ္တမဂ်၏ ခယ-ဟူသော အမည်ကို ထိုအရဟတ္တမဂ်လျှင် အနီးရှိသော အရဟတ္တဖိုလ်၌ တင်စား၍ သမီပူပစာရအားဖြင့်သော်၎င်း။ အရဟတ္တံ၊ ကို။ ခယောတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

"ခီယန္တိ ကိလေသာ ဧတ္ထာတိ ခယော မဂ္ဂနိဗ္ဗာနာနိ။ ခယသဒ္ဒေါတေန မဂ္ဂေန ပါပုဏိတဗ္ဗတ္တာ ဖလံပိ ခယော" ဟူ၍ သဒ္ဒနီတိ ၌ မဂ် ဖိုလ် နိဗ္ဗာန် သုံးပါးလုံးကိုပင် ခယ-ဟူ၍ ပြဆိုတော်မူသည်။

ဧတ္ထ၊ ဤမဂ်ဖိုလ်နိဗ္ဗာန်၌။ ကိလေသာ၊ ကိလေသာတို့သည်။ ခီယန္တိ၊ ကုန် တတ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ မဂ္ဂနိဗ္ဗာနာနိ၊ တို့သည်။ ခယော၊ မည်၏။ ခယသဒ္ဒေါတေန၊ ခယ ဟု ခေါ်ဆိုအပ်သော။ မဂ္ဂေန၊ မဂ်ဖြင့်။ ဝါ၊ သည်။ ပါပုဏိတဗ္ဗတ္တာ၊ ရောက်အပ်သည်၏ အဖြစ်ကြောင့်။ ဖလံပိ၊ သည်လည်း။ ခယော၊ ခယမည်၏။

"န ဂစ္ဆသိ ယမက္ခယံ ရာဇက္ခယံ" တို့၌ ခယသဒ္ဒါ အိမ်ကိုလည်း ဟော၏။ ထိုသို့ ဟောသည်ကို "ယမက္ခယန္တိ ယမနိဝေသနံ" ဟူသော ကုသဇာတ်ဋီကာ။ "ရာဇက္ခယန္တိ ရညော နိဝေသနံ" ဟူသော သဒ္ဒနီတိ တို့ကို ထောက်၍သိလေ။

ယမက္ခယံ၊ ယမမင်းအိမ်သို့။ န ဂစ္ဆသိ၊ မလိုက်ရလတ္တံ့။ ရာဇက္ခယံ၊ မင်းအိမ် နန်းတော်သို့။

" ယမက္ခယန္တိ၊ ဟူသည်ကား။ ယမနိဝေသနံ၊ ယမမင်း၏အိမ်သို့။ရာဇက္ခယန္တိ၊ ဟူသည်ကား။ ရညော၊ မင်း၏။ နိဝေသနံ၊ နန်းတော်သို့"။

ဤတွင် ခယ-အပြားကိုပြရာ အခန်း ပြီး၏။

---

## ၁၀-ဝဋ်သုံးပါး-စသည်ချုပ်ပုံ

## မသိမှုစသည်တို့၏ ချုပ်ပုံကို ပြခြင်း

ထိုသို့ မဖြစ်သည်ကိုပင် ချုပ်သည်ဟူ၍လည်း ခေါ်ဝေါ်အပ်သောကြောင့် အဝိဇ္ဇာ တဏှာဟူသော ဝဋ္ဋမူလနှစ်ပါးတို့ကို အရဟတ္တမဂ်သည် အကြွင်းမဲ့ပယ်ဖျက်အပ်သည်ဖြစ်၍ အကြောင်းအကျိုး အဆင့်ဆင့်အားဖြင့် အဝိဇ္ဇာ သင်္ခါရ အစရှိကုန်သော ပဋိစ္စသမုပ္ပါဒ်တရားတို့၏ ကေန်စင်စစ် အကြွင်းမဲ့ပြတ်ကင်း မဖြစ်ခြင်းကိုပင် "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော။ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော။ပ။ဇာတိနိရောဓာ ဇရာမရဏ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" အစရှိသည်ဖြင့် နိရောဓ-ဟူ၍ ဟောတော်မူသည်။ "တေသမေဝစ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ" အစရှိသည်ဖြင့် နိဗ္ဗာန်၏လက္ခဏာစသည်ကို ပြဆိုရာ အခဏ်းဝယ် ယခင်ပြဆိုခဲ့ပြီးသော အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ ဋီကာသုံးကျမ်းတို့၌လည်း ထိုသို့မဖြစ်သည်ကိုပင် ချုပ်သည်ဟူ၍ မိန့်ဆိုတော်မူကြကုန်သည်။ ထို နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်၏ ဝဋ်သုံးပါးတို့ ချုပ်ကြောင်းဖြစ်သည်ကို ပြလို၍၎င်း ဤ၌ဝဋ်သုံးပါးတို့မဖြစ်ခြင်း အဘာဝ၏ နိရောဓဖြစ်ကြောင်းကို ပြလို၍၎င်း ဤပါဠိတို့ကို ထုတ်ဆောင်ပြဆိုရသည်။ အထူး။

## နိရောဓသဒ္ဒါ အဆုံးအဖြတ်

မူလဋီကာ ၌လည်း "ဒုက္ခဿဝါ အနုပ္ပါဒနိရောဓပစ္စယတ္တာ" ဟူသော ဝိဘင်းအဋ္ဌကထာ-(၇၉)ဝယ် ချုပ်ခြင်းနိရောဓဟူသည် ရုပ်နာမ်ခန္ဓာတို့၏ ဘင်ခဏ မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့ကာလဝယ် ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စအားဖြင့် မဖြစ်ခြင်းပင်ဖြစ်၍ အနုပ္ပါဒနိရောဓ၌ အနုပ္ပါဒသဒ္ဒါ နိရောဓသဒ္ဒါတို့ကို တုလျာဓိကရဏကမ္မဓာရည်းသမာသ်ပြုအပ်ကြောင်းကို ပြသော "အနုပ္ပါဒေါဝ နိရောဓော အနုပ္ပါဒနိရောဓော။ အာယတိံ ဘဝါဒီသု အနုပ္ပတ္တိ၊ န ပန ဘင်္ဂေါ" ဟူသောစကားကို ထောက်သဖြင့်လည်း တဖန်အသစ် မဖြစ်ကောင်းသောအားဖြင့် မဖြစ်ခြင်းဟူသည်နှင့် ချုပ်ခြင်းဟူသည် အတူပင်ဟူ၍ မှတ်အပ်၏။

အနုပ္ပါဒေါဝေါ၊ တဖန်အသစ် မဖြစ်ခြင်းသည်ပင်။ နိရောဓော၊ ချုပ်ခြင်းတည်း။ အနုပ္ပါဒနိရောဓော၊ တဖန်အသစ် မဖြစ်ခြင်းသည်ပင် ချုပ်ခြင်း။ အာယတိံ၊ စုတိကျပြီးသည်မှ နောက်ကာလ၌။ ဘဝါဒီသု၊ ဘဝအစရှိသည်တို့၌။ အနုပ္ပတ္တိ၊ မဖြစ်ခြင်းပင်တည်း။ ဝါ၊ မဖြစ်ခြင်းအဘာဝကို ရ၏။ န ပန ဘင်္ဂေါ၊ ဘင်ခဏမဟုတ်။ ဝါ၊ ဘင်ခဏကို မရ။ ခဏနိရောဓ ဟူရာ၌ကား ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဖြစ်သမျှသော စတုဘူမကသင်္ခါရတရားတို့၏ ချုပ်ဆဲဘင်ခဏသည် နိရောဓ မည်၏။

ခန္ဓယမိုက် အာယတနယမိုက်-စသည်တို့၌ လာသော ပုဂ္ဂိုလ် ဘုံ စသည်တို့ကို ဥပ္ပါဒ နိရောဓတို့ဖြင့် မှတ်၍ ဟောတော်မူရာ ဥပ္ပါဒဝါရ နိရောဓဝါရ-ဟူရာ၌ ခပ်သိမ်းသော စုတိခန္ဓာတို့၏ ချုပ်ဆဲဘင်ခဏသည် နိရောဓ မည်၏။ "နိဗ္ဗာနသ္သ အနုပ္ပါဒေယေဝ ပုဂ္ဂလဿ နိရောဓော" ဟူသော ပဏ္ဏာသအဋ္ဌကထာ ၌ နိရောဓအရသည် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ-ဟူသော ခီဏာသဝတို့၏ စုတိခန္ဓာဘင်က္ခဏကိုသာ ရသည်။

ထိုခီဏာသဝပုဂ္ဂိုလ်တို့အား အနုသယသဘောအားဖြင့် အနမတဂ္ဂသံသရာကာလပတ်လုံး သန္တာန်သို့အစဉ်လိုက်၍ ဖြစ်သော ကိလေသာတို့ကို ထိုက်သည်အားလျော်စွာ မဂ်လေးပါးတို့ဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ မီးဖြင့်ဖုတ်လှော်အပ်သော မျိုးစေ့သည် စိုစွတ်သော အစေးမှ ခန်းခြောက်သဖြင့် အပင်ကို မဖြစ်စေနိုင်သကဲ့သို့ အရဟတ္တမဂ်သို့ မရောက်မီ ရှေးရှေးဘဝကာလတို့၌ ပြုကျင့်လွန်ကျူးခဲ့ဘူးသော ကုသိုလ်ကံ အကုသိုလ်ကံ-ဟူသမျှသည် ကိလေသာတည်းဟူသော အစေးမှ ခန်းခြောက်သဖြင့် ပဋိသန္ဓေဟူသော အကျိုးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်။ မြစ်မ, မြစ်သေးမကျန် ကုန်စင်ကြွင်းမဲ့ ဖြတ်ပယ်အပ်ပြီးသော သစ်ပင်၏ အပွင့်သည် အသီးကို မဖြစ်စေနိုင်သကဲ့သို့ အဝိဇ္ဇာ တဏှာဟူသော ဝဋ္ဋမူလနှစ်ပါးနှင့်တကွ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်ပြီးသော ကိလေသာရှိသော ခီဏာသဝပုဂ္ဂိုလ်အား အရဟတ္တဖိုလ်သို့ ရောက်သည့်နောက်ကာလဝယ် မြတ်စွာဘုရားအား ဖူးမြင်ပူဇော်ခြင်း တရားတော်ကိုနာခြင်းစသည်တို့ကြောင့် ဖြစ်သော စေတနာ ဟူသော ကံသစ်သည်လည်း ဝဋ္ဋမြစ်ပြတ်ကင်းခြင်း ကိလေသာ တည်းဟူသော အစေးမှ ခန်းခြောက်ခြင်း ဟူသောအကြောင်းတို့ကြောင့်ပင် ပဋိသန္ဓေ ဟူသော အကျိုးကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်သည်သာ ဖြစ်ရကား မကုန်သေးသော အာသဝေါရှိသော ပုထုဇဉ်သေက္ခတို့အား စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ ကာလဝယ် ဂတိငါးပါးတို့၌ ထိုက်သည်အားလျော်စွာ ယောနိလေးပါးတွင် တပါးပါးဖြင့် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်ကုန်မြဲ ဖြစ်သကဲ့သို့ ခီဏာသဝ ပုဂ္ဂိုလ်အားစုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလ၌ ထိုဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့သည် ပဋိ

သန္တေကိစ္စတပ်၍ တဖန် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်း ကုန်ပြတ် ချုပ်ငြိမ်းခြင်းဟူသော ခန္ဓပရိနိဗ္ဗာန် ဟု ဆိုအပ်သော အနုပါဒိသေသနိဗ္ဗာန် ဖြစ်ရကား ထိုအနုပါဒိသေသနိဗ္ဗာန်သည် ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ ကာလသို့ ရောက်မှ ဖြစ်သောကြောင့် ထိုနိဗ္ဗာန် မဖြစ်မီ ရှေးအဘို့ အနန္တရကာလ၌ပင် ခီဏာသဝ ပုဂ္ဂိုလ်တို့၏ အဆုံးစွန်ဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော စုတိခန္ဓာ၏ ဘင်သို့ ရောက်သော အားဖြင့် ချုပ်ခြင်းဖြစ်နှင့်ရသည် ဟူလို။

နိဗ္ဗာနသ္မ၊ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ရုပ်နာမ်ခန္ဓာတို့၏ ပဋိသန္ဓေကိစ္စ တပ်၍ မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်း ငြိမ်းခြင်းဟူသော ခန္ဓပရိနိဗ္ဗာန် နိရုပဓိသေသနိဗ္ဗာန် ဟု ဆိုအပ်သော အနုပါဒိသေသနိဗ္ဗာန်၏။ အနုပ္ပါဒေယေဝ၊ မဖြစ်ခင် မဖြစ်မီ ရှေ့အနန္တရကာလ၌ပင်လျှင်။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်ဟု ပညတ်ခေါ်ဆိုအပ်သော ပစ္ဆိမဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခီဏာသဝတို့ စုတိခန္ဓာ၏။ နိရောဓော၊ ဘင်၏အစွမ်းဖြင့် ချုပ်နှင့်ရခြင်းသည်။ ဟောတိ၊ ၏။

အဝိဇ္ဇာ သင်္ခါရ- အစရှိသော ပဋိစ္စသမုပ္ပါဒ်တရား တေဘူမကဝဋ္ဋဒုက္ခတရားတို့၏ အကြွင်းမဲ့ ပြတ်ကင်း မဖြစ်ခြင်းကိုသာ နိရောဓ-ဟူ၍ ဟောတော်မူအပ်သည် မဟုတ်။ ထိုတရားတို့၏ တဖန်အသစ် မဖြစ်ကြောင်းဖြစ်သော နိဗ္ဗာန်ကိုလည်း "အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ။ အယံ ဒုက္ခနိရောဓဂါမိနိပဋိပဒါတိ ယထာဘူတံ ပဇာနာတိ" ဟူသော မဟာသတိပဋ္ဌာနသုတ်ပါဠိတော် (၂၄၃) "အပိစာဟံ အာဝုသော ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ ပညပေမိ လောကနိရောဓဉ္စ ပညပေမိ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ ပညပေမိ" ဟူသော သံယုတ် ပါဠိတော် ၁-(၆၁) "သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိနိဿဂ္ဂေါ တဏှက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ" ဟူသော မဟာနိဒ္ဒေသပါဠိတော် (၂၆၅) မူလပဏ္ဏာသပါဠိတော် ၁-(၂၂၁) နဝအင်္ဂုတ္တရပါဠိတော် ၃-(၂၂၁) အစရှိသည် တို့၌ နိရောဓ-ဟူ၍ပင် ဟောတော်မူသည်။

သဗ္ဗသင်္ခါရသမထော၊ အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်။ သဗ္ဗူပဓိနိဿဂ္ဂေါ၊ ခန္ဓူပဓိ ကိလေသုပဓိ အစရှိသော အလုံးစုံသော ဥပဓိတို့ကို စွန့်လွှတ်ကြောင်းဖြစ်သောနိဗ္ဗာန်။ တဏှက္ခယော၊ တဏှာ၏ ကုန်ကြောင်းဖြစ်သောနိဗ္ဗာန်။ ဝိရာဂေါ၊ ကိလေသာခပင်း၏ ကင်းကြောင်းဖြစ်သော နိဗ္ဗာန်။ နိရောဓော၊ ဒုက္ခအပေါင်း၏ ချုပ်ကြောင်းဖြစ်သောနိဗ္ဗာန်။ နိဗ္ဗာနံ၊ အလုံးစုံသော ပူပန်ခြင်းတို့၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်။

ထိုနိဗ္ဗာန်သည် အဘယ့်ကြောင့် နိရောဓမည်လေသနည်း ဟူမူ "ယသ္မာ တံ အာဂမ္မ ကာမတဏှာဒိဘေဒါ တဏှာ သဗ္ဗသော ခယံ ဂစ္ဆတိ ဝိရဇ္ဇတိ နိရုဇ္ဈတိ စ။ တသ္မာ တဏှက္ခယော ဝိရာဂေါ နိရောဓောတိ ဝုစ္စတိ" ဟူသော အဘိဓမ္မတ္ထ-

ဝိကာသနီဠိကာ နှင့် အညီ အရိယမဂ်သည် နိဗ္ဗာန်သို့ အာရုံပြုသော အားဖြင့် ရောက်ရ၍သာလျှင် တဏှာအလုံးစုံကို ကုန်ပျက်ကင်းချုပ်စေနိုင်ရကား ကာမ တဏှာ ရူပတဏှာ အရူပတဏှာ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ဟူသော အလုံးစုံသော တဏှာ၏ တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော အကြွင်းမဲ့ ချုပ်ခြင်း ၏ အကြောင်းဖြစ်သောကြောင့် နိရောဓမည်သည် ဟူလေ။

တနည်းလည်း "နိရောဓောတိ နိဗ္ဗာနံ။ နိဗ္ဗာနံ ဟိ အာဂမ္မ ဒုက္ခံ နိရုဇ္ဈတီတိ နိရောဓောတိ ဝုစ္စတိ" ဟူသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ (၁၁၃) နှင့် အညီ အရိယမဂ်သည် နိဗ္ဗာန်သို့ အာရုံပြုသော အားဖြင့် ရောက်ခြင်းကြောင့်သာလျှင် အကြွင်းမဲ့ ပယ်ဖျက်သော အားဖြင့် အလုံးစုံသော ကိလေသာဟူသော ကိလေသဝဋ္ဋဒုက္ခ၏ တဖန်အသစ် မဖြစ်ခြင်းဟူသော ချုပ်ခြင်းကို ပြုနိုင်သည်။ ကိလေသဝဋ္ဋ ချုပ်ကင်းခြင်းကြောင့်သာလည်း တဏှာ ဟူသော အစေး ခန်းခြောက်သည်ဖြစ်၍ အကျိုးကို မဖြစ်စေနိုင်သောအားဖြင့် ကံဟောင်းလည်း ကုန်၊ ကံသစ်လည်း ဖြစ်ခြင်းမရှိရကား ကမ္မဝဋ္ဋချုပ်ကင်းသည်။ အကြောင်းရှိ သော်သာလည်း အကျိုးဖြစ်ရကား အကြောင်းကမ္မဝဋ္ဋကင်းချုပ်သဖြင့် အကျိုး ဝိပါကဝဋ္ဋ မဖြစ်သောအားဖြင့် ချုပ်သည်ဖြစ်၍ ထိုကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋဟူသော ဝဋ္ဋသုံးပါး ဒုက္ခတရား၏ ကင်းချုပ်ခြင်းသည် အရိယမဂ်၏ အာရုံဖြစ်သော နိဗ္ဗာန်လျှင် ဥပနိဿယ အကြောင်းရင်း ရှိရကား ဝဋ္ဋသုံးပါး ဟူသော ဒုက္ခ၏ချုပ်ကြောင်း ဖြစ်သောကြောင့် နိရောဓမည်သည် ဟူလေ။

ယသ္မာ၊ ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ အကြောင်းပြု၍။ ဝါ- တံ၊ ထိုနိဗ္ဗာန်သို့။ အာဂမ္မ၊ အရိယမဂ်သည် အာရုံပြုသောအားဖြင့် ရောက်၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ကာမတဏှာဒိဘေဒါ၊ ကာမတဏှာ စသည် အပြား ရှိသော။ တဏှာ၊ တဏှာသည်။ သဗ္ဗသော၊ ကြွင်းမဲ့ဥဿုံ ခပ်သိမ်းစုံအားဖြင့်။ ခယံ၊ တဖန်အသစ် မဖြစ်ခြင်းဟူသော ကုန်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ တသ္မာ၊ ထိုသို့ တဏှာအပေါင်း၏ ကုန်ကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ တဏှက္ခယောတိ စ၊ တဏှက္ခယမည်၏ဟူ၍ငှင်း။ ယသ္မာ၊ ကြောင့်။ တံ၊ ကို။ အာဂမ္မ၊ ၍။ ဝါ-တံ၊ သို့။ အာဂမ္မ၊ ၍။ သော်။ ကြောင့်။ ကာမတဏှာဒိဘေဒါ၊ သော။ တဏှာ၊ သည်။ သဗ္ဗသော၊ အားဖြင့်။ ဝိရဇ္ဇတိ၊ တဖန်အသစ် မဖြစ်သော အားဖြင့် ကင်း၏။ တသ္မာ၊ ထိုသို့ တဏှာအပေါင်း၏ ကင်းကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ ဝိရာဂေါတိ စ၊ ဝိရာဂမည်၏ဟူ၍ငှင်း။ ယသ္မာ၊ ကြောင့်။ တံ၊ ကို။ အာဂမ္မ၊ ၍။ ဝါ-တံ၊ သို့။ အာဂမ္မ၊ ၍။ ကာမတဏှာဒိဘေဒါ၊ သော။ တဏှာ၊ သည်။ သဗ္ဗသော၊ အားဖြင့်။ နိရုဇ္ဈတိ၊ တဖန်အသစ် မဖြစ်ခြင်းဟူသော ချုပ်ခြင်းဖြင့် ချုပ်၏။ တသ္မာ၊ ထိုသို့ တဏှာအပေါင်း၏ ချုပ်ခြင်း၏အကြောင်း

ဖြစ်သည်၏ အဖြစ်ကြောင့်။ နိရောဓောတိ စ၊ နိရောဓမည်၏ဟူ၍ငင်း။ ဝုစ္စတိ၊ ၏။ ဤသို့ သိသာအောင် ခွဲ၍သမွန်။

နိရောဓောတိ၊ ဟူသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဟိ သစ္စံ၊ မှန်၏။ ဝါ-ဟိ ယသ္မာ၊ ကြောင့်။ နိဗ္ဗာနံ၊ ကို။ အာဂမ္မ၊ ၍။ ဝါ-နိဗ္ဗာနံ၊ သို့။ အာဂမ္မ၊ ၍။ သော်။ ကြောင့်။ ဒုက္ခံ၊ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဟူသော ဝဋ်ဒုက္ခသည်။ ဝါ၊ တေဘူမကဝဋ်ဒုက္ခသည်။ နိရုဇ္ဈတိ၊ တဖန်အသစ် မဖြစ်သောအားဖြင့် ချုပ်၏။ တ္တတိ တသ္မာ၊ ထိုသို့ ဒုက္ခအပေါင်း၏ ချုပ်ကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို။ နိရောဓောတိ၊ နိရောဓဟူ၍။ ဝုစ္စတိ၊ ၏။

ဤအဘိဓမ္မာဝတာရဋီကာ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတို့အလိုအားဖြင့် နိရောဓ သဒ္ဒါကို "နိရုဇ္ဈတိ ဧတေနာတိ နိရောဓော" ဟု ကရဏသာဓနပြု။ "ဒုက္ခဿ ဝါ အနုပ္ပါဒနိရောဓပစ္စယတ္တာ ဒုက္ခနိရောဓန္တိ" ဟူသော သမ္မောဟဝိနောဒနီ သစ္စဝိဘင်းအဋ္ဌကထာ (၇၉) "ဒုက္ခနိရောဓဿ ပစ္စယော ဒုက္ခနိရောဓောတိ ဝုတ္တော" ဟူသော မူလဋီကာ(၅၁) နေတ္တိအဋ္ဌကထာ(၅၈) "အယံ ဒုက္ခနိရောဓောတိ အယံ သဗ္ဗသင်္ခတနိဿဋ္ဌာ အသင်္ခတာ ဓာတု၊ ယထာဝုတ္တဒုက္ခဿ အနုပ္ပါဒနိရောဓ-ပစ္စယတ္တာ ဒုက္ခနိရောဓော" ဟူသော နေတ္တိအဋ္ဌကထာတို့ အလိုအားဖြင့်လည်း ကိတ်ပစ္စည်း၏ အနက်ကိုပြရာ ထိုထို သံဝဏ္ဏနာကျမ်းတို့၌ ဟေတုသဒ္ဒါ ကာရဏသဒ္ဒါ ပစ္စယသဒ္ဒါ စသော အကြောင်းဟော ပရိယာယ်သဒ္ဒါ တခုခုဖြင့် ပြလျှင် ကရဏသာဓနကို ပြသည်ဟု ယူအပ်ရကား ဤ၌လည်း နိရောဓသဒ္ဒါသည် နိရှေးရှိသော ရုဓဓာတ်၊ ဏပစ္စည်းဖြင့် ပြီးသော ကိတ်ပုဒ်ဖြစ်၍ ပစ္စယသဒ္ဒါဖြင့် ဏပစ္စည်း၏ အနက်ကို ပြသည်ဟုယူမူ ရှေးနည်းတူ ကရဏသာဓနပင်ပြု၊ အဓိပ္ပါယ်ကိုလည်း ရှေးနည်းပင် မှတ်။

ဝါ၊ တနည်းကား။ ဒုက္ခဿ၊ ဒုက္ခဟူသမျှ၏။ အနုပ္ပါဒနိရောဓပစ္စယတ္တာ၊ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ချုပ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်။ ဒုက္ခနိရောဓန္တိ၊ ဒုက္ခနိရောဓဟူ၍။ ဝုစ္စတိ၊ ၏။

ဒုက္ခနိရောဓဿ၊ ဒုက္ခဟူသမျှ၏ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ချုပ်ခြင်း၏။ ပစ္စယော၊ ဥပနိဿယ အကြောင်းဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံ နိဗ္ဗာန်ကို။ နိရောဓောတိ၊ ဟူ၍။ ဝုတ္တော၊ ၏။

အယံ ဒုက္ခနိရောဓောတိ၊ ဟူသည်ကား။ သဗ္ဗသင်္ခတနိဿဋ္ဌာ၊ အလုံးစုံသော သင်္ခတတရားမှ ကင်းလွတ် ထွက်မြောက်သော။ အသင်္ခတာဓာတု၊ အရိယမဂ်၏

အာရုံဖြစ်သော အသင်္ခတဓာတ်သည်။ ယထာဝုတ္တဒုက္ခဿ၊ ပြဆိုအပ်ပြီးသော အပြားရှိသော ဒုက္ခ၏။ အနုပ္ပါဒနိရောဓပစ္စယတ္တာ၊ တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော ချုပ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်။ ဒုက္ခနိရောဓော၊ မည်၏။

## သိလွယ်ရန် နို့ဓမ်းဥပမာ

တနည်းလည်း နို့ဓမ်းကို စားသုံးခြင်းကြောင့် ခွန်အားဖြစ်ရကား နို့ဓမ်းသည် ခွန်အား၏ အကြောင်း၊ ခွန်အားသည် နို့ဓမ်း၏ အကျိုး ဖြစ်သောကြောင့် အကျိုးဖြစ်သော ခွန်အား၏ ဗလဟူသော အမည်ကို အကြောင်းဖြစ်သော နို့ဓမ်း၌တင်စား၍ အကြောင်းဖြစ်သော နို့ဓမ်းကိုပင် ဖလူပစာရအားဖြင့် ဗလ ဟုခေါ်ဆိုအပ်သကဲ့သို့ အရိယမဂ်သည် နိဗ္ဗာန်ကို အာရုံပြုရ၍သာ ကိလေသာတို့ကို အကြွင်းမဲ့ပယ်သောအားဖြင့် တဖန်အသစ် မဖြစ်စေနိုင် ကင်းချုပ်စေနိုင်ရကား ကိလေသဝဋ္ဋ အကြွင်းမဲ့ချုပ်ကလည်း အကြောင်းအကျိုး အဆင့်ဆင့်အားဖြင့် ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋတို့လည်း အကြွင်းမဲ့ ချုပ်ကုန်သည်သာဖြစ်၍ ထိုကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋဟူသော ဝဋ္ဋသုံးပါး ဒုက္ခတရား၏ တဖန်အသစ် မဖြစ်ခြင်းဟူသော ချုပ်ခြင်းသည် အရိယမဂ်၏ အာရုံဖြစ်သော နိဗ္ဗာန်လျှင် ဥပနိဿယ အကြောင်းရင်း ရှိသည်ဖြစ်၍ ထိုနိဗ္ဗာန် သည် ဝဋ္ဋသုံးပါး ဒုက္ခတရားတို့၏ ချုပ်ခြင်း၏ အကြောင်း၊ ဝဋ္ဋသုံးပါးတို့၏ ချုပ်ခြင်းသည် နိဗ္ဗာန်၏အကျိုးဖြစ်ရကား အကျိုးဖြစ်သော ဝဋ္ဋဒုက္ခချုပ်ခြင်း၏ နိရောဓဟူသော အမည်ကို အရိယမဂ်၏ အာရုံဖြစ်သော အကြောင်းနိဗ္ဗာန်၌ တင်စား၍ ဖလူပစာရအားဖြင့် အကြောင်းနိဗ္ဗာန်ကို နိရောဓ ဟု ခေါ်ဆိုအပ် သည်၏အဖြစ်ကို "ဒုက္ခဿ ဝါ အနုပ္ပါဒနိရောဓပစ္စယတ္တာ" စသော စကားတို့ဖြင့် အဋ္ဌကထာဆရာတို့ ပြတော်မူကုန်သည် ဟု ယူ။

ဤကား အကျိုးဖြစ်သောဝဋ္ဋသုံးပါး ဒုက္ခတရားတို့ ချုပ်ခြင်း၏ နိရောဓ ဟူသော အမည်ကို အကြောင်းဖြစ်သောနိဗ္ဗာန်၌ တင်စား၍ ဝဋ္ဋဒုက္ခချုပ်ခြင်း၏ အကြောင်းဖြစ်သောနိဗ္ဗာန်ကိုနိရောဓဟူ၍ဆိုတော်မူကြောင်းကိုပြသော "အနုပ္ပါ- ဒေါဝေ နိရောဓော အနုပ္ပါဒနိရောဓော။ အာယတိံ ဘဝါဒီသု အပ္ပဝတ္တိ။ န ပန ဘင်္ဂေါတိ ဘင်္ဂဝါစကံ နိရောဓသဒ္ဒံ နိဝတ္တေတွာ အနုပ္ပါဒဝါစကံ ဂဏှာတိ။ တေသံ့ အတ္ထေ ကာရဏေ ဖလောပစာရံ ကတွာ နိရောဓပစ္စယော နိရောဓောတိ ဝုတ္တော" ဟူသော မူလဋီကာ(၅၁) "နိရောဓပစ္စယတာ နိရောဓော မဂ္ဂဿ အာရမ္မဏပစ္စ ယတ္တာ" ဟူသော အနုဋီကာ(၆၂) "နိရောဓပစ္စယောတိ နိဗ္ဗာနံ" ဟူသော မဓုဋီကာ တို့နှင့် အညီတည်း။

အနုပ္ပါဒေါဝေ၊ ဒုက္ခတို့၏မဖြစ်ခြင်းသည်ပင်။ နိရောဓော၊ ချုပ်ခြင်းတည်း။ အနုပ္ပါဒနိရောဓော၊ ဒုက္ခတို့၏ မဖြစ်ခြင်းသည်ပင်လျှင် ချုပ်ခြင်း။ အာယတိံ၊

စုတိကျပြီးသည်မှ နောက်ကာလ၌။ ဘဝါဒီသု၊ ဘဝအစရှိသည်တို့၌။ ဝါ၊ ဘဝယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသတို့၌။ အပ္ပဝတ္တိ၊ မဖြစ်ခြင်းတည်း။ ဝါ၊ မဖြစ်ခြင်းဟူသော အဘာဝပညတ်ကို ရ၏။ တနည်း။ အပ္ပဝတ္တိ၊ မဖြစ်ခြင်းသည်။ ဝါ၊ မဖြစ်ခြင်းဟူသော အဘာဝပညတ်သည်။ အနုပ္ပါဒနိရောဓော၊ အနုပ္ပါဒနိရောဓမည်၏။ န ပန ဘင်္ဂေါ၊ ဒုက္ခတို့၏ ဘင်ခဏမဟုတ်။ ဝါ- ဘင်္ဂေါ၊ ဒုက္ခတို့၏ဘင်ခဏသည်။ အနုပ္ပါဒနိရောဓော၊ အနုပ္ပါဒနိရောဓမည်သည်။ န ပန ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့နှလုံးပိုက်၍။ ဘင်္ဂဝါစကံ၊ ဘင်ခဏကိုဟောသော။ နိရောဓသဒ္ဒံ၊ နိရောဓသဒ္ဒါကို။ နိဝတ္တေတွာ၊ နစ်စေ၍။ အနုပ္ပါဒဝါစကံ၊ မဖြစ်ခြင်းဟူသော အနုပ္ပါဒကိုဟောသော။ နိရောဓသဒ္ဒံ၊ နိရောဓသဒ္ဒါကို။ ဂဏှာတိ၊ ဒုက္ခဿ ဝါ အနုပ္ပါဒနိရောဓ ပစ္စယတ္တာ-စသောစကားဖြင့်အဋ္ဌကထာဆရာယူတော်မူ၏။ တေသိံ အတ္ထေ၊ "ဤဒုက္ခဿ ဝါ အနုပ္ပါဒနိရောဓပစ္စယတ္တာ ဒုက္ခနိရောဓန္တိ" ဟူ၍ အဋ္ဌကထာဆရာတနည်းပြဆိုသော အနက်အရာ၌။ ကာရဏော၊ ဝဋ်ဒုက္ခချုပ်ခြင်း၏ ဥပနိဿယ အကြောင်းဖြစ်သော နိဗ္ဗာန်၌။ ဖလောပစာရံ၊ အကျိုးဖြစ်သော ဝဋ်ဒုက္ခချုပ်ခြင်း၏ နိရောဓဟူသောအမည်ကို ဖလူပစာရအားဖြင့် တင်စားသည်ကို။ ကတွာ၊ ပြု၍။ နိရောဓပစ္စယော၊ ဝဋ်ဒုက္ခတို့ချုပ်ခြင်း၏ ဥပနိဿယအကြောင်းဖြစ်သောမဂ်ဖိုလ်တို့၏ အာရုံ နိဗ္ဗာန်ကို။ နိရောဓောတိ၊ ဟူ၍၊ ဝုတ္တော၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။ ဤသို့သိသာအောင် သမ္ဗန်။ အနက်ကို အစဉ်လျှောက်သဖြင့် အဓိပ္ပါယ်ကို့.သိနိုင်လောက်ပြီ။

## နိရောဓနှင့် နိရောဓသစ္စာ

အရိယမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် ကိလေသာအလုံးစုံကို ကုန်ခန်းချုပ်ပျက်စေသောအားဖြင့် ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဟူသော ဒုက္ခခပ်သိမ်း ကင်းငြိမ်းချုပ်ပျက်ရကား အရိယမဂ်သာ ဒုက္ခတို့ကို ပယ်ချုပ်စေသော်လည်း အရိယမဂ်သည် နိဗ္ဗာန်ကိုအာရုံပြုရ၍သာ ဒုက္ခကိုချုပ်စေကုန်စေနိုင်သောကြောင့် မဂ်ဖိုလ်တို့၏အာရုံ နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခြင်း၏ ဥပနိဿယ အကြောင်းဖြစ်သည်ဟု ပြလို၍ "နိရောဓပစ္စယတာ-စသောစကားကို အနုဋီကာဆရာဆိုတော်မူသည်။

နိရောဓဿ၊ နိရောဓသစ္စာဖြစ်သောနိဗ္ဗာန်၏။ မဂ္ဂဿ၊ အရိယမဂ်၏။ ဝါ၊ အား။ အာရမ္မဏပစ္စယတ္တာ၊ အာရမ္မဏပစ္စည်းဖြစ်သည်၏အဖြစ်ကြောင့်။ ဝါ၊ အာရမ္မဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့်။ နိရောဓဿ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်၏။ နိရောဓပစ္စယတာ၊ အနုပ္ပါဒနိရောဓဖြစ်သော အဘာဝပညတ်၏ ဥပနိဿယ အကြောင်း၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

နိရောဓဿ-ကား၊နိရောဓပစ္စယတာ အာရမ္မဏပစ္စယတ္တာ-တို့၌ တာသဒ္ဒါန်ဖြစ်၍ နှစ်ပုဒ်လုံးကို ငဲ့ရကား ယင်းတို့၌ စပ်နိုင်စေခြင်းငှါ ကာကောလောကန နည်းအား ဖြင့် ထိုသဒ္ဒါန်ကိုအလယ်၌ ထားသည်။ ဤအနုဋီကာပါဌ်၌ အာရမ္မဏပစ္စယတ္တာ-ဟု တ္တ-နှစ်ဆင့် ပစ္စည်း ကာရဏတ္ထ ပဉ္စမျန္တနှင့်ရှိစေ။ သို့ရှိမှ ယခင်ပြဆိုခဲ့သော အဓိပ္ပါယ်အတိုင်း ဖြစ်သင့်၍ အဋ္ဌကထာ မူလဋီကာတို့နှင့်ညီမည်။ အချို့ပေ၌ အာရမ္မဏပစ္စယတာ-ဟု တာပစ္စယန္တ ပဌမန္တနှင့်ရှိသည်ကား အဋ္ဌကထာ ဋီကာ တို့နှင့် မညီရသောကြောင့် မသင့်ဟုမှတ်။ နိရောဓပစ္စယောတိ၊ မူလဋီကာဝယ် "နိရောဓပစ္စယော နိရောဓောတိ ဝုတ္တော" ၌ နိရောဓပစ္စယ-ဟူသည်။ နိဗ္ဗာနံ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်တည်း။

ဤပြဆိုခဲ့ပြီးသော နိရောဓတို့တွင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန် ဟူသော နိရောဓသာ နိရောဓသစ္စာမည်သည်။ ကြွင်းနိရောဓတို့ကား နိရောဓ သစ္စာမဟုတ်။ ထိုကို " နိရောဓော နိရောဓသစ္စန္တိ။ နိရောဓသစ္စံ ဌပေတွာ အဝသေသော နိရောဓော၊ န နိရောဓသစ္စံ။ နိရောဓသစ္စံ နိရောဓော စေဝ နိရောဓသစ္စဉ္စ" ဟူသော သစ္စယမိုက်ပါဠိတော် (၂၀၈)ကို ထောက်သဖြင့် သိအပ်၏။

နိရောဓော၊ နိရောဓမည်၏။ နိရောဓသစ္စံ၊ နိရောဓသစ္စာ မည်ပါသလော။ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးတော်သည်။ သတိ၊ ရှိသော်။ နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ ဌပေတွာ၊ ထား၍။ အဝသေသော၊ နိရောဓသစ္စာမှ ကြွင်း သော နိရောဓသည်။ နိရောဓော၊ နိရောဓမည်၏။ န နိရောဓသစ္စံ၊ နိရောဓ သစ္စာမမည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာသည်။ နိရောဓော စေဝ၊ နိရောဓလည်း မည်၏။ နိရောဓသစ္စဉ္စ၊ နိရောဓသစ္စာလည်း မည်၏။ ဣတိ ဝိဿဇ္ဇနာ၊ ဤသို့ ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။

## ဂတိငါးပါး

တနည်းလည်း လောကဝယ် တန်း ထောင် အစရှိသော နှောင်အိမ်သည် ထိုထိုရာဇဝတ်မှုမှ မကင်းသောသူတို့၏ ကျရောက်ရာ ထိတ် သံခြေကျင်း အစ ရှိသော အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့အပ်သည်ဖြစ်၍ ကျဉ်းကျပ် ကျင်နာစွာ ခံနေရရာ ရာဇဝတ်အပြစ်အလျောက် စီရင်အပ်ရာ အထွေထွေ အပြားပြား များစွာကုန်သော ဒုက္ခအပေါင်းတို့၏ ဖြစ်ရာဖြစ်သကဲ့သို့ သံသရာသည်—

(က) ဒေဝဂတိ

(ခ) မနုဿဂတိ

( ဂ ) နိရယဂတိ
( ဃ ) ပေတဂတိ
( င ) တိရစ္ဆာနဂတိ

ဟူသော လေးရာဂတိ မကင်းသေးသော များစွာသော သတ္တဝါတို့၏ ကိလေသာဟူသော အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့အပ်သည်ဖြစ်၍ ကျဉ်းမြောင်းကျင်နာစွာ ဒုက္ခကိုခံနေရာ ကျင်လည်ရာဖြစ်၍ တေဘူမက ဒုက္ခအပေါင်းတို့၏ ဖြစ်ရာဖြစ်ရကား နှောင်အိမ်နှင့်တူသောကြောင့် ဒုက္ခရောဓမည်၏။ နိရောဓသေစ္စာဖြစ်သော နိဗ္ဗာန်၌ကား ထိုနိဗ္ဗာန်သည် ငါးပါးသော ဂတိတို့တွင် တပါးပါးသော ဂတိမျှဖြင့် ဖြစ်ရာမဟုတ်၍ ထိုဂတိငါးပါးတို့မှ ကင်းဆိတ်ရကား ထိုသံသရာ နှောင်အိမ်ဟူသော ဒုက္ခရောဓ၏ မရှိရာဖြစ်သောကြောင့် ထိုနိဗ္ဗာန်ကို နိရောဓဟု ဆိုအပ်ကြောင်း၊ နိဗ္ဗာန်သည် သံသရာဝဋ္ဋဒုက္ခ၏ ဆန့်ကျင်ဘက်ဖြစ်ရကား အရိယမဂ်ဉာဏ်ဖြင့် အာရုံပြုသော အားဖြင့် နိဗ္ဗာန်ကို မသိနိုင် မရနိုင်သေးသော ပုဂ္ဂိုလ်တို့သည်သာလျှင် သံသရာ၌ ကျင်လည်ရဖြစ်ရ၍ နိဗ္ဗာန်ကို သိမြင်နိုင်သည် ရနိုင်သည်ရှိသော် သံသရာ၌ ကျင်လည်ရခြင်းဖြစ်ရခြင်း မရှိပြီဖြစ်သောကြောင့် သံသရာနှောင်အိမ်ဟူသော ဒုက္ခရောဓ မရှိခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်း ဒုက္ခနိရောဓ ဟု ဆိုအပ်ကြောင်း၊ သံသရာနှောင်အိမ်ဟူသော ဒုက္ခမှ ကင်းလွတ် ထွက်မြောက်သောကြောင့်လည်း ဒုက္ခနိရောဓ ဟု ဆိုအပ်ကြောင်းကို သမ္မောဟဝိနောဒနီ သစ္စဝိဘင်း အဋ္ဌကထာ (၇၉) ၌-

"တတိယသစ္စံ ပန ယသ္မာ နိသဒ္ဒေါ အဘာဝံ ရောဓသဒ္ဒေါ စ စာရကံ ဒီပေတိ။ တသ္မာ အဘာဝေါ ဧတ္ထ သံသာရစာရကသင်္ခါတဿ ဒုက္ခရောဓဿ သဗ္ဗဂတိသုညတ္တာ သမဓိဂတေ ဝါ တသ္မိံ သံသာရစာရကသင်္ခါတဿ ဒုက္ခရောဓဿ အဘာဝေါ ဟောတိ။ တပ္ပဋိပက္ခတ္တာပိ ဒုက္ခနိရောဓန္တိ ဝုစ္စတိ"

ဟူ၍၊ နေတ္တိအဋ္ဌကထာ ( ၆) ၌လည်း "နတ္ထိ ဧတ္ထ သံသာရစာရကသင်္ခါတော ဒုက္ခရောဓော၊ တသ္မိံ ဝါ အဓိဂတေ သံသာရစာရကသင်္ခါတဿ ဒုက္ခရောဓဿ အဘာဝေါတိပိ နိရောဓော" ဟူ၍၊ အဘိဓမ္မတ္ထဝိဘာဝနိဋီကာ ၌လည်း "အပိ စ ရုန္ဓန္တိ ဧတ္ထ သတ္တာ ကိလေသနိဂ္ဂဠဗဒ္ဓါတိ ရောဓော၊ သံသာရဿေတံ အဓိဝစနံ။ တတော နိက္ခန္တောတိ နိရောဓော" ဟူ၍ ပြဆိုတော်မူကုန်၏။

## သံသရာနှောင်အိမ်၏ဆန့်ကျင်ဘက်

ဤအဋ္ဌကထာ နှစ်ကျမ်းလုံး၌ပင် ရှေ့ဝိကပ်ဖြင့် "နတ္ထိ ရောဓော ဧတ္ထာတိ နိရောဓော"ဟူသော သတ္တမီဗဟုဗ္ဗီဟိသမာသ်ကို ပြသည်။ နောက်ဝိကပ်ဖြင့်

"နတ္ထိ ရောဓော တေနာတိ နိရောဓော" ဟူသော ကရဏတ္ထတတိယာဗဟုဗ္ဗီဟိ သမာသ်ကို ပြသည်။ "တတော နိက္ခန္တော" ဟူသော ပါဌ်ဖြင့် "ရောဓတော နိက္ခန္တောတိ နိရောဓော" ဟူသော ပဉ္စမီအဗျယီဘောသမာသ်ကို။ ဝါ၊ ပဉ္စမီ တပ္ပုရိသ်သမာသ်ကို ပြသည်။

တတ္ထ၊ ဤနိဗ္ဗာန်၌။ ရောဓော၊ သံသရာနှောင်အိမ်ဟူသော ဒုက္ခရောဓသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသံသရာနှောင်အိမ်ဟူသော ဒုက္ခရောဓ၏ မရှိရာ ဖြစ်သည်၏ အဖြစ်ကြောင့်။ နိရောဓော၊ မည်၏။

တေန၊ ဤနိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ဖြင့်။ ဝါ၊ ကြောင့်။ ရောဓော၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုသံသရာနှောင်အိမ်ဟူသော နှောင်အိမ် မရှိ ကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ နိရောဓော၊ မည်၏။

ရောဓတော၊ သံသရာနှောင်အိမ်မှ။ နိက္ခန္တော၊ ကင်းလွတ် ထွက်မြောက် သည်တည်း။ ဣတိ၊ ကြောင့်။ နိရောဓော၊ မည်၏ ဟု အနက်ပြန်။

ပန၊ အဘိုတပါးကို ဆိုဦးအံ့။ တတိယသစ္စံ၊ တတိယသစ္စာ ဖြစ်သော နိဗ္ဗာန်ကို (ဝုစ္စတိ-မှာလှမ်းချိတ်)။ တတ္ထ၊ (ထည့်) ဤနိရောဓဟူသော ပုဒ်၌။ ယသ္မာ၊ ကြောင့်။ နိသဒ္ဒေါ၊ သည်။ အဘာဝံ၊ မရှိခြင်းဟူသော အနက်ကို။ ရောဓသဒ္ဒေါ စ၊ သည်လည်း။ စာရကံ၊ နှောင်အိမ်ဟူသော အနက်ကို။ ဒီပေတိ၊ ပြ၏။ တသ္မာ၊ ထိုသို့ နိသဒ္ဒါ၏ မရှိခြင်းဟူသော အနက် ရောဓသဒ္ဒါ၏ နှောင်အိမ်ဟူသော အနက်ကို ပြသည်၏အဖြစ်ကြောင့်။ တတ္ထ၊ ဤတတိယသစ္စာဖြစ်သော နိဗ္ဗာန်၌။ တဿ၊ ထိုတတိယသစ္စာ၏။ သဗ္ဗဂတိသုညတ္တာ၊ အလုံးစုံသော လားရာဂတိငါးပါးတို့မှ ဆိတ်ကင်းသည်၏ အဖြစ်ကြောင့်။ သံသာရစာရကသင်္ခါတဿ၊ သံသရာနှောင်အိမ်ဟု ဆိုအပ် သော။ ဒုက္ခရောဓဿ၊ ဒုက္ခရောဓ၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ၏။ ဣတိပိ၊ ထိုသို့ သံသရာနှောင်အိမ်ဟူသော ဒုက္ခရောဓ၏ မရှိရာဖြစ်သည် ၏ အဖြစ်တည်းဟူသော အနက်ကြောင့်လည်း။ ဒုက္ခနိရောဓန္တိ၊ ဒုက္ခနိရောဓ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝါ၊ တနည်းကား၊ တသ္မိံ၊ ထိုတတိယသစ္စာဖြစ် သော နိဗ္ဗာန်ကို။ သမဓိဂတေ၊ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင် သောအားဖြင့် ကောင်းစွာရအပ်သည်။ သတိ၊ သော်။ တဿ၊ ထိုနိဗ္ဗာန်၏။ တပ္ပဋိပက္ခတ္တာ၊ ထိုသံသရာနှောင်အိမ်၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။ သံသာရစာရကသင်္ခါတဿ၊ သော။ ဒုက္ခရောဓဿ၊ ၏။ အဘာဝေါ၊ သည်။ ဟောတိ၊ ၏။ ဣတိပိ၊ ဤသို့သော သံသရာနှောင်အိမ်ဟူသော ဒုက္ခရောဓ၏

မရှိကြောင်းဖြစ်သည်၏ အဖြစ်တည်းဟူသော အနက်ကြောင့်လည်း။ ဒုက္ခ-နိရောဓန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

တတ္ထ၊ ဤနိရောဓသစ္စာဖြစ်သော နိဗ္ဗာန်၌။ သံသာရစာရကသင်္ခါတော၊ သော။ ဒုက္ခရောဓော၊ သည်။ နတ္ထိ၊ မရှိ။ ဣတိပိ၊ ဤသံသရာထောင်ဟူသော ဒုက္ခရောဓ၏ မရှိရာဖြစ်သည်၏ အဖြစ်တည်းဟူသော အနက်ကြောင့်လည်း။ ဒုက္ခနိရောဓော၊ မည်၏။ ဝါ၊ ကား။ တသ္မိံ၊ ထိုနိဗ္ဗာန်ကို။ အဓိဂတေ၊ သည်။ သတိ၊ သော်။ သံသာရစာရကသင်္ခါတဿ၊ သော။ ဒုက္ခရောဓဿ၊ ၏။ အဘာဝေါ၊ သည်။ ဟောတိ၊ ၏။ ဣတိပိ၊ ဤသို့သော သံသရာနှောင်အိမ်ဟူသော ရောဓ၏ မရှိကြောင်း ဖြစ်သည်၏အဖြစ်တည်းဟူသော သဘောကြောင့်လည်း။ နိရောဓော၊ မည်၏။

အပိစ၊ နည်းတပါးကို ပြဦးအံ့။ တတ္ထ၊ ဤသံသရာ၌။ သတ္တာ၊ သတ္တဝါတို့သည်။ ကိလေသနိဂ္ဂဠဗဒ္ဓါ၊ ကိလေသာဟူသော သော့တံကျင် ထိတ် သံခြေကျင်း အစရှိကုန်သော အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့အပ်ကုန်သည် ဖြစ်၍။ ရုဇ္ဈန္တိ၊ ကျဉ်းမြောင်း ကျင်နာကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုသံသရာသည်။ ရောဓော၊ မည်၏။ တော၊ ဤရောဓ-ဟူသော အမည်သည်။ သံသာရဿ၊ ၏။ အဓိဝစနံ၊ တည်း။ တတော ရောဓတော၊ ထိုနှောင်အိမ်သဖွယ် ဖြစ်သော သံသရာမှ။ နိက္ခန္တော၊ ကင်းလွတ် ထွက်မြောက်သည်တည်း။ ဣတိ၊ ထို့ကြောင့်။ နိရောဓော၊ မည်၏။

“အဝိဇ္ဇာဒီနံ နိရောဓောနာမ ခီဏာကာရောပိ ဝုစ္စတိ အရဟတ္တံပိ နိဗ္ဗာနံပိ”။ ခီဏာကာရောပိ၊ အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည် ဖြစ်၍ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကုန်သော အခြင်းအရာကိုရင်း။ အရဟတ္တံပိ၊ အရဟတ္တဖိုလ်ကိုရင်း။ နိဗ္ဗာနံပိ၊ ကိုရင်း။ အဝိဇ္ဇာဒီနံ၊ အဝိဇ္ဇာ အစရှိသည်တို့၏။ နိရောဓောနာမ၊ မည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဒုကအင်္ဂုတ္တိုရ် အဋ္ဌကထာ ၁-(၆၄) ၌ လာသောကြောင့် အရဟတ္တဖိုလ်ကိုလည်း နိရောဓ-ဟု ဆိုအပ်၏။ ထိုအရဟတ္တဖိုလ်သည် သမုစ္ဆေဒအားဖြင့် အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ အဝိဇ္ဇာ အစရှိသည်တို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ချုပ်ခြင်း၏ အဆုံးဖြစ်သော အနီး၌ ဖြစ်သောကြောင့် အနီးဖြစ်သော အဝိဇ္ဇာ စသည်တို့ ချုပ်ကင်းခြင်း၏ နိရောဓဟူသော အမည်ကို ထိုကင်းချုပ်ခြင်း အနီးရှိသော အရဟတ္တဖိုလ်၌ တင်စား၍ သမီပူပစာရအားဖြင့် နိရောဓမည်သည် ဟူလို၏။

## ၁၁-နိရောဓသမာပတ်-နိဗ္ဗာန်မတူပုံ

### ဒိဋ္ဌဓမ္မနိဗ္ဗာနပုဒ်အရ ပရမတ္ထဓမ္မ ဟုတ်-မဟုတ် ရှင်းပြခြင်း

"စိတ္တစေတသိကာနံ အပ္ပဝတ္တိသင်္ခါတာယ နိရောဓာယ သမာပတ္တိ နိရောဓ-သမာပတ္တိ။ ဒိဋ္ဌေဝ ဓမ္မေ စိတ္တနိရောဓံ ပတွာ ဝိဟရဏံ" ဟူသော ဋီကာကျော် (၂၂၇) "ယံ ပန စိတ္တစေတသိကာနံ အပ္ပဝတ္တိသင်္ခါတာယ နိရောဓာယ သမာ-ပတ္တိယာ သမာပဇ္ဇနံ ဒိဋ္ဌေဝ ဓမ္မေ စိတ္တနိရောဓံ ပတွာ ဝိဟရဏံ။ တံ ပန စျာန-လာဘိနမေဝ အနာဂါမီနဉ္စေဝ အရဟန္တာနဉ္စ လဗ္ဘတိ" ဟူသော သင်္ဂြိုဟ်ဋီကာ ဟောင်း တို့နှင့် အညီ နိရောဓသမာပတ္တိ သမာပဇ္ဇ-စသည်ဟူရာ၌ နိရောဓအရကို သမာပတ် ရှစ်ပါးလုံးကို ရသော နိရောဓသမာပတ်ကို ဝင်စားသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့၌ ထိုက်သည့်အားလျော်စွာ ထိုပုဂ္ဂိုလ်သည် အနာဂါမ် ဖြစ်အံ့၊ ရှေ့အဘို့ စတုတ္ထာရုပ္ပကုသိုလ်ဇောနောက်အဘို့ အနာဂါမိဖိုလ်ဇောတို့၏ အကြား၊ ရဟန္တာဖြစ်အံ့ ရှေ့အဘို့ စတုတ္ထာရုပ္ပကြိယာဇော နောက်အဘို့ အရ ဟတ္တဖိုလ်ဇောတို့၏ အကြား၊ ရှေ့အဘို့ဝယ် မှတ်သားပိုင်းခြား နှလုံးထားရင်း အတိုင်း လူ့ ဘုံဖြစ်အံ့၊ အလွန်အားဖြင့် ခုနစ်ရက် တိုင်အောင်သော ကာလ ပတ်လုံး စိတ်စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းကို ယူ။

အကျိုးစိတ္တဇရုပ်ဟူသမျှသည် အကြောင်းစိတ်နှင့်ကင်း၍ တရံတဆစ်မျှ မဖြစ်နိုင်သောကြောင့် စိတ် စေတသိက်တို့၏ မဖြစ်ခြင်းကို ပြဆိုသဖြင့် စိတ္တဇ ရုပ်တို့၏ မဖြစ်ခြင်းကိုလည်း ပြဆိုသည်မည်ရကား ဤဋီကာတို့၌ စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းကို အသီးမပြဆိုမူ၍ ပဓာနနည်းဖြင့် "စိတ္တစေတသိကာနံ အပ္ပဝတ္တိ-သင်္ခါတာယ" အစရှိသည်ဖြင့် စိတ် စေတသိက်တို့၏ မဖြစ်ခြင်းကိုသာ ပြဆိုတော် မူကြလေသည်။

စိတ္တစေတသိကာနံ၊ တို့၏။ အပ္ပဝတ္တိသင်္ခါတာယ၊ မဖြစ်ခြင်းဟု ဆိုအပ်သော။ နိရောဓာယ၊ ချုပ်ခြင်းသို့။ သမာပတ္တိ၊ ရောက်ခြင်းသည်။ နိရောဓသမာပတ္တိ၊ မည်၏။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင်။ စိတ္တနိရောဓံ၊ ပိုင်းခြားအပ်သော နေ့ရက်အတွင်းကာလပတ်လုံး စိတ် စေတသိက် စိတ္တဇရုပ် တို့၏ မဖြစ်ခြင်းဟူသော နိရောဓသို့။ ပတွာ၊ ရောက်၍။ ဝိဟရဏံ၊ နေခြင်းတည်း။

စိတ္တစေတသိကာနံ၊ တို့၏။ အပ္ပဝတ္တိသင်္ခါတာယ၊ သော။ နိရောဓာယ၊ နိရောဓဖြစ်သော။ သမာပတ္တိယာ၊ သမာပတ်သို့။ ဝါ- သမာပတ္တိယာ၊ သမာပတ်ကို။ ယံ သမာပဇ္ဇနံ၊ အကြင်ဝင်စားခြင်းသည်။ ဒိဋ္ဌေဝဓမ္မေ၊ ၌သာလျှင်။ စိတ္တနိရောဓံ၊ သို့။ ပတွာ၊ ၍။ ယံ ဝိဟရဏံ၊ အကြင်နေခြင်းသည်။ အတ္ထိ၊ ရှိ၏။

တံ ပန၊ ထိုမျက်မှောက်ဥပင်လျှင် စိတ် စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ခြင်း ဟူသော နိရောဓသမာပတ်သို့ ရောက်၍နေခြင်းကို။ ဈာနလာဘိနမေဝ၊ အဋ္ဌသမာပတ္တိဈာနလာဘီသာ ဖြစ်ကုန်သော။ အနာဂါမိနဉ္စေဝ၊ တို့အားရင်း။ အရဟန္တာနဉ္စ၊ တို့အားရင်း။ လဗ္ဘတိ၊ ရအပ်၏။

"တဿ သမာပန္နဿ ဒိဋ္ဌေဝ စတုတ္ထာရုပ္ပဘူတာနံ ကုသလဇဝနာနံ ဝါ ကြိယဇဝနာနံ ဝါ ပရတော ဥဒ္ဓံ စိတ္တသန္တတိ ဝေါစ္ဆိဇ္ဇတိ န ပဝတ္တတိ။ တတော ဒိဋ္ဌေဝ ဓမ္မေ စိတ္တနိရောဓသင်္ခါတံ နိဗ္ဗာနံ သမာပန္နောနာမ ဟောတိ" ဟူသော သင်္ဂြိုဟ် ဋီကာဟောင်း နှင့်အညီ ထိုပြဆိုအပ်ပြီးသော ကာလပတ်လုံး စိတ် စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းဟူသော ချုပ်ခြင်း၊ နိရောဓသို့ ရောက်ခြင်း သည်ပင် မျက်မှောက် ပစ္စုပ္ပန်အတ္တဘော၌ နိဗ္ဗာန်သို့ရောက်သည် မည်၏။

တဿ သမာပန္နဿ၊ ထိုနိရောဓသမာပတ်ကိုဝင်စားသော ပုဂ္ဂိုလ်အား။ ဒိဋ္ဌေဝ၊ နှစ်ပါးကုန်သော။ စတုတ္ထာရုပ္ပဘူတာနံ၊ စတုတ္ထာရုပ္ပဖြစ်၍ ဖြစ်ကုန်သော။ ကုသလဇဝနာနံ ဝါ၊ တို့၏ရင်း။ ကြိယဇဝနာနံ ဝါ၊ တို့၏ရင်း။ ပရတော၊ နောက်ဖြစ်သော။ ဥဒ္ဓံ၊ အထက်ကာလ၌။ စိတ္တသန္တတိ၊ စိတ်အစဉ်သည်။ ဝေါစ္ဆိဇ္ဇတိ၊ ပြတ်၏။ န ပဝတ္တတိ၊ မဖြစ်။ တတော တသ္မိံ ကာလေ၊ ထို စိတ် စေတသိက်တို့ မဖြစ်သောအခါ၌။ ဒိဋ္ဌေဝဓမ္မေ၊ ၌သာလျှင်။ စိတ္တနိရောဓသင်္ခါတံ၊ စိတ္တနိရောဓဟု ဆိုအပ်သော။ ဝါ၊ စိတ္တနိရောဓသင်္ခါတံ၊ စိတ် စေတသိက် စိတ္တဇ ရုပ်တို့၏ မဖြစ်ခြင်းဟူသော ချုပ်ခြင်း နိရောဓဟု ဆိုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဝါ၊ ငြိမ်းခြင်းသို့။ သမာပန္နောနာမ၊ ရောက်သည်မည်သည်။ ဟောတိ၊ ၏။

## ဓမ္မဒိန္နာထေရီမ-အဖြေ

နိရောဓသမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်အား ထိုသမာပတ်ကို ဝင်စားစဉ် အတွင်း ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရတို့ ချုပ်ငြိမ်းကြောင်းကို ခင်ပွန်းဟောင်း ဖြစ်ဘူးသော အနာဂါမ် ဝိသာခဒါယကာအား ဓမ္မဒိန္နာထေရီ သည် "ယွာယံ ဘိက္ခု သညာဝေဒယိတနိရောဓသမာပန္နော၊ တဿ ကာယ-သင်္ခါရာ နိရုဒ္ဓါ ပဋိပဿဒ္ဓါ။ ဝစီသင်္ခါရာ စိတ္တသင်္ခါရာ နိရုဒ္ဓါ ပဋိပဿဒ္ဓါ အာယု အပရိက္ခီဏော ဥသ္မာ အဝူပသန္တာ ဣန္ဒြိယာနိ အပရိဘိန္နာနိ" ဟူ၍ ဖြေပြ ဟောကြားတော်မူအပ်သော မူလပဏ္ဏာသပါဠိတော် ဓမ္မဒိန္နာသုတ် (၃၇၀) ကို ထောက်သဖြင့်ရင်း "အဿာသပဿာသာ ကာယသင်္ခါရော။ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော။ ဥပေတ္စာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော" ဟူ၍ သင်္ခါရယမိုက်ပါဠိတော် (၁) ၌ ကာယသင်္ခါရဟူသည် အဿာသပဿာသဖြစ်သော ဝါယောဓာတ်ပင်ဖြစ်ကြောင်းကို ဟောတော်

မူသည်ကို ထောက်သဖြင့်ရှင်း ကောသ လောမ အစရှိသော သုံးဆဲ့နှစ်ပါးသော ကာယကောဋ္ဌာသတို့တွင် ပုဗ္ဗ မုတ္တ ကရီသ ဥဒရိယ-ဟူသော ကောဋ္ဌာသ လေးပါး၏ ဥတုကြောင့်သာ ဖြစ်ကြောင်း၊ သန္တပ္ပန ဒါဟ ဇီရဏ ပါစက ဟူသော တေဇောလေးပါးတွင် ပါစကတေဇော၏ ကံဟူသော အကြောင်း ကြောင့်သာ ဖြစ်ကြောင်း၊ ဥဒ္ဒင်္ဂမ အဓောဂမ ကုစ္ဆိဋ္ဌ ကောဋ္ဌာသယ အင်္ဂမင်္ဂါနုသာရီ အဿာသပဿာသဟူသော ဝါယောကောဋ္ဌာသ ခြောက်ပါး တွင် အဿာသပဿာသ၏ စိတ်ကြောင့်သာ ဖြစ်ကြောင်းကို–

ပုဗ္ဗမုတ္တကရီသဉ္စ၊ ဒရိယံ စတုရောတုဇာ။
ကမ္မပါစဂ္ဂိစိတ္တမှာ၊ ဿာသောတိ ဆပိ စေကဇာ။

ဟူ၍ သစ္စသံခိပ် အဋ္ဌကထာ(၄)ဝယ် အဿာသပဿာသ၏ စိတ္တဇအဖြစ်ကိုပြဆို တော်မူသည်ကို ထောက်သဖြင့်ရှင်း နိရောဓသမာပတ်ကို ဝင်စားစဉ်အတွင်း ထိုဝင်စားသော ပုဂ္ဂိုလ်အား စိတ်စေတသိက်တို့သာ မဖြစ်သည် မဟုတ်၊ စိတ္တဇ ရုပ်တို့၏လည်း မဖြစ်သည်၏အဖြစ်ကို စင်စစ် သိအပ်၏။

ယွာယံ -ယော အယံ ဘိက္ခု၊ အကြင်အဋ္ဌသမာပတ္တိလာဘီအနာဂါမ်ရဟန္တာနှစ် ပါးတွင် တပါးပါးသော ရဟန်းသည်။ သညာဝေဒယိတနိရောဓံ၊သညာ ဝေဒနာတို့ ၏ မဖြစ်ခြင်းဟူသော နိရောဓ သမာပတ်ကို။ ဝါ၊ သညာ ဝေဒနာတို့ကို အဦး ပဋ္ဌာနထား၍ ဟောကြားတော်မူအပ်သော စိတ် စေတသိက်တို့၏ မဖြစ်ခြင်း ဟူသော နိရောဓသမာပတ်ကို။ သမာပန္နော၊ ဝင်စားသည်။ ဝါ၊ သညာဝေဒယိ- တနိရောဓံ၊ သို့။ သမာပန္နော၊ ရောက်သည်။ ဟောတိ၊ ၏။ တဿ ဘိက္ခုနော၊ အား။ ကာယသင်္ခါရာ၊ ကာယသင်္ခါရတို့သည်။ နိရုဒ္ဓါ၊ မဖြစ် သောအားဖြင့် ချုပ်ကုန်၏။ ပဋိပဿဒ္ဓါ၊ မဖြစ်သောအားဖြင့် ငြိမ်းကုန်၏။ ဝစီသင်္ခါရာ၊ ဝစီသင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ကုန်၏။ ပဋိပဿဒ္ဓါ၊ကုန်၏။ စိတ္တသင်္ခါ- ရာ၊ တို့သည်။ နိရုဒ္ဓါ၊ ကုန်၏။ ပဋိပဿဒ္ဓါ၊ ကုန်၏။ အာယု၊ ရုပ်ဇီဝိတိန္ဒြေဟု ဆို အပ်သော အသက်သည်။ အပရိက္ခီဏော၊ မကုန်။ ဥသ္မာ၊ တေဇောဓာတ်ဟူသော ကိုယ်ငွေ့သည်။ အဝူပသန္တာ၊ မငြိမ်း။ ဣန္ဒြိယာနိ၊စက္ခုအစရှိသော ရုပ်ဣန္ဒြေတို့ သည်။ အပရိဘိန္နာနိ၊ မပျက်ကုန်။

အဿာသပဿာသာ၊ ထွက်သက်ဝင်သက်လေတို့သည်။ ကာယသင်္ခါရော၊ မည်၏။ ဝိတက္က ဝိစာရာ၊ တို့သည်။ ဝစီသင်္ခါရော၊ မည်၏။ ဝိတက္က ဝိစာရေ၊တို့ကို။ ဋ္ဌပေတွာ၊ ထား၍။ သဗ္ဗေ၊ အလုံးစုံကုန်သော။ စိတ္တသမ္ပယုတ္တကာ၊ စိတ်နှင့်ယှဉ် ကုန်သော။ ဓမ္မာပိ၊ စေတသိက်ပညာသတို့သည်လည်း။ စိတ္တသင်္ခါရော၊ မည်၏။

ပုဗ္ဗ မုတ္တ ကရီသဥ္စ၊ ပြည် ကျင်ငယ် ကျင်ကြီးငှင်း။ ဥဒရိယံ၊ အစာသစ်ငှင်း။ ဣတိ၊ သို့။ ဥတုဇာ၊ ဥတုဟူသော အကြောင်းတပါးတည်းကြောင့်သာ ဖြစ်ကုန်သော။ စတုရော စ၊ လေးပါးသော ကာယ ကောဋ္ဌာသတို့ငှင်း။ ကမ္မပါစဂ္ဂိ၊ ကံဟူသော အကြောင်းတပါးတည်းကြောင့်သာ ဖြစ်သော ပါစကတေဇောဓာတ်ငှင်း။ စိတ္တမှာ၊ စိတ်ဟူသော အကြောင်းကြောင့်။ ပဝတ္တော၊ သော။ အဿာသောစ၊ ထွက်သက်ဝင်သက်လေငှင်း။ ဣတိ၊ သို့။ ဆပိ၊ ခြောက်ပါးလည်းဖြစ်ကုန်သော ကောဋ္ဌာသတို့ကို။ ဧကဇာ၊ အကြောင်းတပါးတည်းကြောင့်သာ ဖြစ်ကုန်၏ဟူ၍။ ဝိဥ္ဉေယျာ၊ သိအပ်ကုန်၏။

ဤပိုင်းခြားတိုင်းသောကာလပတ်လုံး စိတ် စေတသိက် စိတ္တဇရုပ်တို့၏မဖြစ်ခြင်းဟူသော နိရောဓသို့ရောက်ခြင်း ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ရောက်ခြင်းဟု ဆိုအပ်သော နိရောဓသမာပတ္တိအရသည် ပရမတ္ထဖြစ်သော သဘာဝဓမ္မမဟုတ်။ အကယ်၍ ပရမတ္ထသဘာဝဓမ္မ ဖြစ်ခဲ့အံ့၊ လောကီတရား လောကုတ္တရာတရားနှစ်ပါးတွင် တပါးပါးဖြစ်ခဲ့ရာသည်၊ ထိုနိရောဓသမာပတ်၏ လောကီတရားလည်း မဟုတ်၊ လောကုတ္တရာတရားလည်း မဟုတ်ကြောင်းကို စတုတ္ထပါရာဇိကသိက္ခာပုဒ်အဖွင့် သမန္တပါသာဒိကအဋ္ဌကထာ ၂- (၇၇) ၌—

> "နိရောဓသမာပတ္တိံ သမာပဇ္ဇာမိ၊ လာဘိမှိ ဝတာဟံ တဿာတိ ဝဒတောပိ ပါရာဇိကံ နတ္ထိ။ ကသ္မာ နိရောဓသမာပတ္တိယာ နေဝ လောကိယတ္တာ န လောကုတ္တရတ္တာတိ။ သစေ ပနဿ ဧဝံ ဟောတိ နိရောဓံနာမ အနာဂါမီ ခီဏာသဝေါ ဝါ သမာပဇ္ဇတိ၊ တေသံ မံ အညတရောတိ ဇာနိဿတီတိ ဗျာကရောတိ။ သော စ နံ တထာ ဇာနာတိ ပါရာဇိကန္တိ မဟာပစ္စရိယသင်္ခေပဋ္ဌကထာသု ဝုတ္တံ။ တံ ဝီမံသိတွာ ဂဟေတဗ္ဗံ"

ဟု ပြဆိုတော်မူသည်ကို ထောက်သဖြင့် စင်စစ် သိအပ်၏။

နိရောဓ သမာပတ္တိံ၊ နိရောဓသမာပတ်ကို။ သမာပဇ္ဇာမိ၊ ငါဝင်စား၏။ ဝါ- နိရောဓသမာပတ္တိံ၊ သို့။ သမာပဇ္ဇာမိ၊ ငါရောက်၏။ အဟံ၊ ငါသည်။ ဝတ၊ စင်စစ်။ တဿာ၊ ထိုနိရောဓသမာပတ်ကို။ လာဘီ၊ ရခြင်းရှိသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဝဒတော၊ ပြောဆိုသော ရဟန်းအား။ ပါရာဇိကံ၊ ပါရာဇိကသည်။ နတ္ထိ၊ မရှိ၊ ကသ္မာ၊ အဘယ့်ကြောင့် နိရောဓသမာပတ်ကို ငါဝင်စား၏စသည်ဖြင့် ပြောကြားသောရဟန်းအား ပါရာဇိကမရှိသနည်းဟူမူ။ နိရောဓသမာပတ္တိယာ၊ ၏။ နေဝလောကိယတ္တာ စ၊ လောကီတရားမဟုတ်သည်၏ အဖြစ်ကြောင့်ငှင်း။ န လောကုတ္တရတ္တာ စ၊ လောကုတ္တရာတရား မဟုတ်သည်၏ အဖြစ်ကြောင့်ငှင်းတည်း။ ဣတိ၊ ဤသို့ မှတ်အပ်၏။ ပန၊ ဝါဒထူးကိုပြဦးအံ့။ အဿ၊ ထိုရဟန်းအား။ နိရောဓံနာမ၊ နိရောဓသမာပတ်မည်သည်ကို။ အနာဂါမီဝါ၊ အနာဂါမ်သည်ငှင်း။

ခီဏာသဝေါ ဝါ၊ ရဟန္တာသည်၎င်း။ သမာပဇ္ဇတိ၊ ဝင်စား၏။ တေသံ၊ ထို အနာဂါမ်ရဟန္တာတို့တွင်။ အညတရောတိ၊ တပါးပါးဟူ၍။ မံ၊ ငါ့ကို။ ဇာနိဿ-တိ၊သူတပါး သိလတ္တံ့ ။ဧဝံ ပရိဝိတက္ကော၊ ဤသို့သောအကြံသည်။သစေဟောတိ၊ အကယ်၍ဖြစ်အံ့။ ဣတိ၊ ဤသို့ကြံ၍။ သစေ ဗျာကရောတိ၊အကယ်၍ပြောကြား ငြားအံ့။ သော စ၊ထိုပြောကြားအပ်သော ပုဂ္ဂိုလ်သည်လည်း။ နံ၊ ထိုပြောကြား သောရဟန်းကို။ တထာ၊ ထိုကြံရည်ပြောကြားသည့် အတိုင်း အနာဂါမ်ရဟန္တာ တို့တွင် တပါးပါးပေဟူ၍။ သစေ ဇာနာတိ၊ အကယ်၍သိသည်ဖြစ်အံ့၊ ပါရာဇိကံ၊ ပါရာဇိကအာပတ်သင့်၏။ ဣတိ၊ သို့။ မဟာပစ္စရိယသင်္ခေပဋ္ဌကထာသု၊ မဟာ ပစ္စရိအဋ္ဌကထာ သင်္ခေပအဋ္ဌကထာတို့၌။ ဝုတ္တံ၊ ၏။ တံ၊ ထိုမဟာပစ္စရိစသည်၌ ဆိုအပ်သောစကားကို။ ဝီမံသိတွာ၊ သင့်မသင့်ကိုချင့်ထောက်စုံစမ်းဆင်ခြင်၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

## နိရောဓသမာပတ်-ရှင်းပြချက်

အနာဂါမ်ရဟန္တာနှစ်ပါးတွင် တပါးပါးဖြစ်သည်ဟု ငါ့ကို သူတပါးတို့ မှတ်ယူ စေဟု နှလုံးထား၍ " နိရောဓသမာပတ္တိံ သမာပဇ္ဇာမိ " အစရှိသည်ဖြင့် ပြော ကြားသော ရဟန်းအား မိမိကြံရည်သည့် အတိုင်း အနာဂါမ် ဖြစ်ပေသည်ဟူ၍ သော်၎င်း ရဟန္တာဖြစ်ပေသည်ဟူ၍သော်၎င်း သူတပါးတို့ သိမှတ်ခဲ့သော် ပါရာဇိ ကမှ မလွတ်ကြောင်းကို ပြဆိုသော ဤမဟာပစ္စရိ သင်္ခေပအဋ္ဌကထာဆရာနှစ်ပါး တို့ အလိုအားဖြင့်လည်း နိရောဓသမာပတ္တိအရာ၌ လာသော စိတ် စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းအရကိုလောကီလောကုတ္တရာ တရားနှစ်ပါးတွင် တပါးပါး ဖြစ်သည်ဟူ၍ ပြဆိုတော်မူကြပေသည် မဟုတ်ပေ၊ သမန္တပါသာဒိကအဋ္ဌကထာ ကဲ့သို့ပင် ထိုစိတ် စေတသိက် စိတ္တဇရုပ်တို့၏မဖြစ်ခြင်းအရကို လောကီတရားလည်း မဟုတ်၊ လောကုတ္တရာ တရားလည်း မဟုတ်ဟူ၍ပင် ပြဆိုတော်မူကြလိုပေသည် ဟူ၍ မှတ်လေ။

နိရောဓသမာပတ်ဟူသည် အသင်္ခတတရားလော သင်္ခတတရားလော အစ ရှိသည်ဖြင့် မေးရာ၌ နိရောဓသမာပတ်ဟူသည် ပိုင်းခြားအပ်တိုင်းသော နေ့ရက် ကာလအတွင်း စိတ် စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းမျှဖြစ်၍ ပရမတ္ထ သဘောအားဖြင့် တစုံတရာ တရားမရှိသည်သာ ဖြစ်သောကြောင့် ထိုပြဆိုအပ် တိုင်းသော စိတ် စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းဟူသော နိရောဓသို့ ရောက်ခြင်း နိရောဓသမာပတ်ဟူသည်ကို သင်္ခတတရားဟူ၍၎င်း အသင်္ခတတရား ဟူ၍၎င်း လောကီတရားဟူ၍၎င်း လောကုတ္တရာတရားဟူ၍၎င်းမဆိုအပ်ကြောင်း၊ ထိုနိရောဓသမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် သမာပန္နမည် သောကြောင့် နိပ္ဖန္နဟူ၍သာ ဆိုခြင်းငှါ ထိုက်ကြောင်း၊ အနိပ္ဖန္နဟူ၍ဆိုခြင်းငှါ မထိုက်ကြောင်းကို—

"နိရောဓသမာပတ္တိ သင်္ခတာ အသင်္ခတာတိအာဒိ ပုစ္ဆာယံ ပန သင်္ခတာတိပိ အသင်္ခတာတိပိ လောကိယာတိပိ လောကုတ္တရာတိပိ န ဝတ္တဗ္ဗာ။ ကသ္မာ၊ သဘာဝတော နတ္ထိတာယ။ ယသ္မာ ပန သမာပဇ္ဇန္တဿ ဝသေန သမာပန္နာနာမ ဟောတိ၊ တသ္မာ နိပ္ဖန္နာတိ ဝတ္တုံ ဝဋ္ဋတိ၊ နော အနိပ္ဖန္နာတိ"။

ဟူ၍ ပြဆိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၂- (၃၅၁) ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ၁-(၂၉၀) ဆရာတို့ အလိုအားဖြင့်လည်း နိရောဓသမာပတ်အတွင်း စိတ်စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းဟူသောနိရောဓအရ ဒိဋ္ဌဓမ္မနိဗ္ဗာနအရကို ရွေးပြဆိုပြီး အဋ္ဌကထာ ဆရာသုံးပါးတို့ကဲ့သို့ လောကီတရားလည်း မဟုတ်၊ လောကုတ္တရာတရားလည်းမဟုတ်ဟူ၍ပင် ပြဆိုလိုယူလိုသည်၏အဖြစ်ကို စင်စစ်သိအပ်၏။

နိရောဓသမာပတ္တိ သင်္ခတာ အသင်္ခတာတိအာဒိ ပုစ္ဆာယံ၊ နိရောဓ ။ပ။ အသင်္ခတာ-ဤသို့အစရှိသော ပုစ္ဆာ၌။ နိရောဓသမာပတ္တိ၊ ကို။ သင်္ခတာတိပိ၊ သင်္ခတဟူ၍၎င်း၊ အသင်္ခတာတိပိ၊ အသင်္ခတဟူ၍၎င်း၊ လောကိယာတိပိ၊ လောကိယဟူ၍၎င်း။ လောကုတ္တရာတိပိ၊ လောကုတ္တရာဟူ၍၎င်း၊ န ဝတ္တဗ္ဗာ၊ မဆိုအပ်။ ကသ္မာ၊ အဘယ့်ကြောင့်သင်္ခတ အသင်္ခတ လောကိယ လောကုတ္တရာဟူ၍မဆိုအပ်သနည်းဟူမူ။ နိရောဓသမာပတ္တိယာ၊ ၏။သဘာဝတော၊ပရမတ္ထသဘောအားဖြင့်။ နတ္ထိတာယ၊ မရှိသည်၏အဖြစ်ကြောင့်တည်း။ ယသ္မာ ပန၊အကြင်ကြောင့်ကား။ သမာပဇ္ဇန္တဿ၊ ဝင်စားသောပုဂ္ဂိုလ်၏။ ဝသေန၊ အစွမ်းအားဖြင့်။ သမာပန္နာနာမ၊ သမာပန္နမည်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုကြောင့်။ နိပ္ဖန္နာတိ၊ နိပ္ဖန္နဟူ၍။ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ အနိပ္ဖန္နာတိ၊ အနိပ္ဖန္နဟူ၍။ ဝတ္တုံ၊ ငှါ။ နော ဝဋ္ဋတိ၊ မအပ်။

သမ္မောဟဝိနောဒနီခန္ဓဝိဘင်းအဋ္ဌကထာ(၂၇) ၌လည်း နာမပညတ္တိအရာ၌ နာမပညတ်အရကို လောကီဖြစ်သည်ဟူ၍၎င်း လောကုတ္တရာဖြစ်သည်ဟူ၍၎င်း သင်္ခတဖြစ်သည်ဟူ၍၎င်း အသင်္ခတဖြစ်သည်ဟူ၍၎င်း ပရိနိပ္ဖန္နဖြစ်သည်ဟူ၍၎င်း အပရိနိပ္ဖန္န ဖြစ်သည်ဟူ၍၎င်း မဆိုအပ် မဆိုထိုက်သကဲ့သို့ နိရောဓသမာပတ်အရာ၌ နိရောဓသမာပတ္တိအရကိုလည်း လောကီ လောကုတ္တရာ သင်္ခတ အသင်္ခတ ပရိနိပ္ဖန္န အပရိနိပ္ဖန္နဟူ၍ မဆိုအပ် မဆိုထိုက်ကြောင်း၊ နိပ္ဖန္နမူကား ဖြစ်ကြောင်းကို—

"နိရောဓသမာပတ္တိ ပန နာမ ပညတ္တိ စ ကထန္တိ၊ နိရောဓသမာပတ္တိ-လောကိယလောကုတ္တရာတိ ဝါ သင်္ခတာသင်္ခတာတိ ဝါ ပရိနိပ္ဖန္နာပရိ-နိပ္ဖန္နာတိ ဝါ န ဝတ္တဗ္ဗာ။ နိပ္ဖန္နာ ပန ဟောတိ။ သမာပဇ္ဇန္တေန သမာပဇ္ဇိ-

တဗ္ဗတော။ တထာ နာမပညတ္တိ လောကိယာဒိဘေဒံ န လဘတိ၊ နိပ္ဖန္နာ ပန ဟောတိ၊ နေဝ အနိပ္ဖန္နာ။ နာမဂ္ဂဟဏံ ဟိ ဂဏှန္တော၀ ဟောတီတိ" ဟူ၍ ပြဆိုတော်မူသည်။

## နိရောဓသမာပတ်နှင့် နာမပညတ်

နိရောဓ သမာပတ္တိ စ၊ နိရောဓသမာပတ်ကိုငှင်း။ နာမပညတ္တိ စ၊ နာမပညတ်ကိုငှင်း။ကထံ၊လောကီ လောကုတ္တရာစသည်တွင် အဘယ်တရားဟူ၍။ဝေဒိတဗ္ဗာ၊ သိအပ်သနည်း။ ဣတိစေ၊ ဤသို့မေးငြားအံ့။ နိရောဓသမာပတ္တိ၊ ကို။ လောကိယ-လောကုတ္တရာတိဝါ၊ လောကီဖြစ်သည် လောကုတ္တရာဖြစ်သည်ဟူ၍ငှင်း၊ သင်္ခတာ-သင်္ခတာတိဝါ၊ သင်္ခတဖြစ်သည် အသင်္ခတဖြစ်သည်ဟူ၍ငှင်း။ ပရိနိပ္ဖန္နာပရိ-နိပ္ဖန္နာတိဝါ၊ ပရိနိပ္ဖန္နဖြစ်သည် အပရိနိပ္ဖန္နဖြစ်သည်ဟူ၍ငှင်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်မဆိုထိုက်။ နိပ္ဖန္နာ ပန၊ နိပ္ဖန္နမူကား။ ဟောတိ၊ ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ သမာပဇ္ဇန္တေန၊ ဝင်စားသော ပုဂ္ဂိုလ်သည်။ သမာပဇ္ဇိ-တဗ္ဗတော၊ ဝင်စားအပ်သည်၏အဖြစ်ကြောင့်တည်း။ နိရောဓသမာပတ္တိ၊ သည်။ လောကိယာဒိဘေဒံ၊ လောကိယ စသောအပြားကို။ န လဘတိယထာ၊ မရသကဲ့သို့။ တထာ၊ ထို့အတူ။ နာမပညတ္တိ၊သည်။ လောကိယာဒိဘေဒံ၊ ကို။ န လဘတိ၊ မရ။ နိပ္ဖန္နာ ပန၊ နိပ္ဖန္နမူကား။ ဟောတိ၊ ၏။ အနိပ္ဖန္နာ၊ သည်။ နေဝ ဟောတိ၊ မဖြစ်။ ဟိသစ္စံ၊ နိပ္ဖန္နဖြစ်၏ဟုငါဆိုသောစကားမှန်၏။ နာမဂ္ဂဟဏံ၊ အမည်ကို ယူခြင်း အမည်ကိုမှည့်ခြင်းသည်။ ဂဏှန္တော၀၊ အမည်ကိုယူအပ် မှည့်အပ်သော် သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ဤခန္ဓဝိဘင်း အဋ္ဌကထာ၀ယ် ပြဆိုအပ်သောစကားအရာ၌ ပရိနိပ္ဖန္န နိပ္ဖန္န နှစ်ပါးတို့အထူးကို ရှေးနောက်အဘိုတို့ဖြင့် ပိုင်းခြားအပ်သော ကံ-စသော ဇနက အကြောင်း၊ ဟေတု သဟဇာတ- အစရှိသော ဥပတ္ထမ္ဘကအကြောင်းတို့သည် ပြီးစေအပ်သော အနိစ္စ ဒုက္ခ အနတ္တဟူသော သာမညလက္ခဏာသုံးပါးတို့နှင့် စပ်သော ပရမတ္ထ သဘာ၀ဓမ္မသာ ပရိနိပ္ဖန္နမည်၏။ပြဆိုအပ်ပြီးသော အကြောင်း အင်္ဂါနှင့် ပြည့်စုံသော ပရမတ္ထသဘာ၀ဓမ္မသာ နိပ္ဖန္နမည်သည် မဟုတ်၊ အမည်ကို ပြုခြင်း မှည့်ခြင်း ဝင်စားခြင်း စသည်တို့၏ အစွမ်းဖြင့်ပြီးစေအပ်သော တိဿ ဒတ္တ-အစရှိသော နာမပညတ်၊ နိရောဓသမာပတ် အစရှိသော အဘာ၀ပညတ် ဟူသော အသဘာ၀ဓမ္မသည်လည်း နိပ္ဖန္နမည်၏။ ဤသို့သိအပ်၏။ နိရောဓသမာ-ပတ္တိ ပန-အစရှိသောစကားဖြင့် အလုံးစုံသော ဥပါဒါပညတ်ကို နိရောဓသမာပတ် ဟူသော တစိတ်ဖြင့် အဋ္ဌကထာဆရာ ပြတော်မူသည် ဟု သိအပ်ကြောင်းကို ရှင်းအဖွင့် မူလဋီကာ ၂-(၂၄)၌—

"ပရိနိပ္ဖန္နနိပ္ဖန္နာနံ ကော ဝိသေသောတိ။ ပုဗ္ဗန္တာပရန္တပရိစ္ဆိန္နော ပစ္စယေဟိ နိပ္ဖာဒိတော တိလက္ခဏာဟတော သဘာ၀ဓမ္မော ပရိနိပ္ဖန္နော။

> နိပ္ပန္နော ပန အသဘာဝဓမ္မောပိ ဟောတိ၊ နာမဂ္ဂဟဏသမာပဇ္ဇနာဒိ-ဝသေန နိပ္ဖာဒိယမာနောတိ။ နိရောဓသမာပတ္တိပနာတိ ဧတေန သဗ္ဗံပိ ဥပါဒါပညတ္တိံ တဒေကဒေသေန ဒဿေတီတိ ဝေဒိတဗ္ဗံ”

ဟူ၍ ပြဆိုတော်မူသည်။

ပရိနိပ္ဖန္နနိပ္ဖန္နာနံ၊ ပရိနိပ္ဖန္န နိပ္ဖန္နတို့၏။ ဝိသေသော၊ အထူးသည်။ ကော၊ အဘယ်နည်း။ ဣတိ၊ ဤသို့မေးခဲ့မူ။ ပုဗ္ဗန္တာပရန္တပရိစ္ဆိန္နော၊ ဥပါဒ် ဌီ ဘင်ဟူသော ရှေ့နောက်အဘို့တို့ဖြင့် ပိုင်းခြားအပ်သော။ ပစ္စယေဟိ၊ ကံစသောဇနက အကြောင်း၊ ဟေတု သဟဇာတစသော အကြောင်းတို့သည်။ နိပ္ဖာဒိတော၊ ပြီးစေအပ်သော။ တိလက္ခဏာဟတော၊ အနိစ္စ ဒုက္ခ အနတ္တဟူသော သာမည လက္ခဏာသုံးပါးနှင့် စပ်သော။ သဘာဝဓမ္မော၊ ပရမတ္ထသဘာဝဓမ္မသည်။ ပရိနိပ္ဖန္နော၊ ပရိနိပ္ဖန္နမည်၏။ နိပ္ဖန္နော ပန၊ နိပ္ဖန္နအရမူကား။ နာမဂ္ဂ-ဟဏသမာပဇ္ဇနာဒိဝသေန၊ အမည်ကိုယူခြင်း မှည့်ခြင်း သမာပတ်ကိုဝင်စားခြင်း စသည်တို့၏အစွမ်းဖြင့်။ နိပ္ဖာဒိယမာနော၊ ပြီးစေအပ်ပြုအပ်သော။ အသဘာဝ-ဓမ္မောပိ၊ သဘာဝဓမ္မ မဟုတ်သော၊ တိဿ ဒတ္တ-အစရှိသော နာမပညတ်၊ နိရောဓသမာပတ် အစရှိသော အဘာဝ ပညတ်သည်လည်း။ ဟောတိ၊ ၏။ နိရောဓသမာပတ္တိ ပနာတိ ဧတေန၊ နိရောဓသမာပတ္တိအစရှိသော ဤစကားဖြင့်။ တဒေကဒေသေန၊ ထိုနိရောဓ သမာပတ် နာမပညတ်ဟူသော တစိတ်ဖြင့်။ သဗ္ဗံပိ၊ အလုံးစုံလည်းဖြစ်သော။ ဥပါဒါပညတ္တိံ၊ ဥပါဒါပညတ်ကို။ ဒဿေတိ၊ အဋ္ဌကထာဆရာ ပြတော်မူ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤသူသည် ဒတ္တမည်စေ စသည်ဖြင့် အမည်ကိုပြုခြင်း မှည့်ခြင်းသည် နာမဂ္ဂဟဏမည်ကြောင်း၊ နိရောဓသမာပတ်ကို ဝင်စားခြင်းဟူသည် သမထ ဝိပဿနာအစဉ်အားဖြင့် ဝင်စားသော ပုဂ္ဂိုလ်သန္တာန်ဝယ် စိတ် စေတသိက် ဟူသော နာမကာယ၏ မဖြစ်ခြင်းဟူသော ချုပ်ခြင်းသာ ဖြစ်ကြောင်းကို ၎င်းအဖွင့် အနုဋီကာ ၂-(၃၂) ၌—

> “အယံ ဒတ္တောနာမ ဟောတူတိအာဒိနာ နာမကရဏံ နာမဂ္ဂဟဏံ။ သမာပဇ္ဇနံ နိရောဓသမာပတ္တိယာ သမထဝိပဿနာနုက္ကမေန နာမ-ကာယဿ နိရောဓမေဝ”

ဟု ပြဆိုတော်မူ၏။

အယံ၊ ဤသူသည်။ ဒတ္တောနာမ၊ ဒတ္တမည်သည်။ ဟောတု၊ ဖြစ်စေ။ ဣတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ နာမကရဏံ၊ အမည်ကိုပြုခြင်းသည်။ နာမဂ္ဂဟဏံ၊ နာမဂ္ဂဟဏမည်၏။ နိရောဓသမာပတ္တိယာ၊ နိရောဓသမာပတ်ကို။ သမာပဇ္ဇနံ၊ ဝင်စားခြင်းဟူသည်။ သမထဝိပဿနာနုက္ကမေန၊ သမထဝိပဿနာ

အစဉ်အားဖြင့်။ နာမကာယဿ၊ စိတ်စေတသိက်ဟူသော နာမကာယ၏။နိရောဓ-မေဝ၊ မဖြစ်ခြင်းဟူသော ချုပ်ခြင်းသာတည်း။ တနည်း၊ သမထဝိပဿနာ-နုက္ကမေန၊ ဖြင့်။ နာမကာယဿ၊ ၏။ နိရောဓမေဝ၊ သာလျှင်။ နိရောဓသမာ-ပတ္တိယာ၊ ကို။ သမာပဇ္ဇနံ၊ ဝင်စားခြင်းမည်၏။

သမ္မောဟဝိနောဒနီ(၇၃) ဓာတုဝိဘင်းအဖွင့်၌လည်း နိရောဓသမာပတ်ဟူသည် ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိ။ ထိုသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်အား ဝင်စားစဉ် ကာလအတွင်း စိတ် စေတသိက်ဟူသော မနောဝိညာဏဓာတ် ဓမ္မ-ဓာတ်နှစ်ပါးတို့၏ မဖြစ်ခြင်းဟူသော ချုပ်ခြင်းမျှသာဖြစ်ကြောင်းကို "သညာ-ဝေဒယိတနိရောဓဓာတု ပန သဘာဝတော နတ္ထိ။ ဓာတုဒ္ဒယနိရောဓမတ္တမေဝ ဟိဿ" ဟု ပြဆိုတော်မူ၏။

သညာဝေဒယိတ နိရောဓဓာတု ပန၊ နိရောဓသမာပတ်ဟူသော သညာဝေဒ-ယိတနိရောဓ ဓာတ်ဟူသည်။ သဘာဝတော၊ ပရမတ္ထဓမ္မသဘောအားဖြင့်။ နတ္ထိ၊ မရှိ။ ဟိသစ္စံ ၏။ အဿ၊ ထိုနိရောဓသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်အား။ ဓာတုဒ္ဒယနိရောဓမတ္တမေဝ၊ နိရောဓသမာပတ်ကို ဝင်စားစဉ်အတွင်း စိတ် စေတသိက်ဟူသော မနောဝိညာဏဓာတ် ဓမ္မဓာတ်နှစ်ပါးတို့၏ မဖြစ်ခြင်းဟူ သော ချုပ်ခြင်းမျှသာတည်း။ တနည်း။ ဟိ ယသ္မာ၊ ကြောင့်။ အဿ၊ အား။ ဓာတုဒ္ဒယနိရောဓမတ္တမေဝ၊ သည်သာလျှင်။သညာဝေဒယိတနိရောဓဓာတုနာမ၊ မည်၏။ တသ္မာ၊ ကြောင့်။ သဘာဝတော၊ အားဖြင့်။ နတ္ထိ၊ မရှိ။

ယခင် အနုဋီကာ ၌ နာမကာယဿ-ဟူသော စကား ဤ ဓာတုဝိဘင်းအဋ္ဌ ကထာ ၌ ဓာတုဒ္ဒယနိရောဓမတ္တမေဝ-ဟူသောစကားတို့ကို ပဋ္ဌာနနည်းအားဖြင့် သာ ဆိုသည်။ယခင်ပြဆိုခဲ့သော ဓမ္မဒိန္နာသုတ် ပါဠိတော်ဝယ် နိရောဓသမာပတ် ကို ဝင်စားသောပုဂ္ဂိုလ်အား ဧကန္တ စိတ္တဇရုပ်ဖြစ်သော အဿာသပဿာသ ဟူသော ကာယသင်္ခါရ၏ မဖြစ်ခြင်းဟူသော ချုပ်ခြင်းကို ပြတော်မူသည်ကို ထောက်သဖြင့် ထိုသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်အား ဝင်စားစဉ်အခိုက် စိတ္တဇရုပ်တို့လည်း မဖြစ်ကောင်းသည်သာ ဟု မှတ်အပ်သည်။ ထိုသို့စိတ္တဇရုပ် ပင် မဖြစ်သော်လည်း ထိုပုဂ္ဂိုလ်တို့သန္တာန်ဝယ် ကမ္မဇ ဥတုဇ အာဟာရဇရုပ် သုံးမျိုးတို့ ထင်ရှားရှိကုန်သည်သာဖြစ်၍ နာမကာယ၏သာချုပ်ကြောင်း ဓာတ် နှစ်ပါး၏သာ ချုပ်ကြောင်းကို ပြဆိုတော်မူကြလေသည်။

ယင်းသို့ သမန္တပါသာဒိက အဋ္ဌကထာ ဝိသုဒ္ဓိမဂ် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ စသည်တို့၌ နိရောဓသမာပတ်အရာဝယ် နိရောဓ-ဟူ၍၎င်း ဒိဋ္ဌဓမ္မနိဗ္ဗာန-ဟူ၍ ၎င်း ဆိုအပ်သော ပိုင်းခြားအပ်တိုင်းသော နေ့ရက်ကာလအတွင်း စိတ် စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းကို လောကီလည်းမဟုတ် လောကုတ္တရာ

လည်း မဟုတ်ဟု ပြဆိုသည်ကို ထောက်သဖြင့်လောကီလောကုတ္တရာမှ လွတ်သော ပရမတ္ထဓမ္မမည်သည် မရှိကောင်းသည်သာ ဖြစ်ရကား ထိုနိရောဓသမာပတ်အရာ၌ နိရောဓဟူ၍ရင်း ဒိဋ္ဌဓမ္မနိဗ္ဗာနဟူ၍ရင်း ပြဆိုလာရှိသော ပိုင်းခြားအပ်တိုင်း သော နေ့ရက်ကာလအတွင်း စိတ် စေတသိက် စိတ္တဇရုပ်တို့ မဖြစ်ခြင်း၏ နိပ္ပရိယာယမုချအားဖြင့် ပရမတ္ထဓမ္မ မဟုတ်သည်၏ အဖြစ်ကို သိအပ်၏။

## သဉပါဒိသေသနိဗ္ဗာန်စသည်တို့၏ပရမတ္ထဓမ္မမဟုတ်ပုံ

အစဉ်အတိုင်း ဝင်စားအပ်၍ အနုပုဗ္ဗဝိဟာရမည်သော ရူပသမာပတ် လေး ပါး အရူပသမာပတ်လေးပါး နိရောဓသမာပတ်အားဖြင့် ကိုးပါးသောသမာပတ် တို့တွင် ရှေ့သမာပတ်ရှစ်ပါးတို့ကို ဝင်စားသောပုဂ္ဂိုလ်အား ထိုဈာန်ဇောတို့သည် အစဉ်အတိုင်း လွန်မြောက်ကင်းကုန်စေအပ်သည်ဖြစ်၍ ကာမရာဂ၏မဖြစ်ခြင်း၊ ဝိတက် ဝိစာရတို့၏ မဖြစ်ခြင်း၊ ပီတိ၏မဖြစ်ခြင်း၊သုခ၏မဖြစ်ခြင်း၊ ပဋိဃသညာ၊ နာနတ္တသညာတို့၏ မဖြစ်ခြင်း အစရှိသော ကုန်ငြိမ်းခြင်းနိဗ္ဗာန်၊ ထိုဈာန်တို့ သည် ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ခွါအပ်သည်ဖြစ်၍ ကိလေသာတို့၏မဖြစ် ခြင်းဟူသော ကုန်ငြိမ်းခြင်းနိဗ္ဗာန်သည် ထိုသမာပတ်တို့ကို ဝင်စားစဉ်အခိုက် ဟူသော မျက်မှောက်ကာလ၌ပင် ဖြစ်သောကြောင့် သန္ဒိဋ္ဌိကနိဗ္ဗာနမည် ကြောင်း—

ထိုပြဆိုအပ်ပြီးသော တရားတို့၏ ကုန်ငြိမ်းခြင်း နိဗ္ဗာန်သည် ထိုပုဂ္ဂိုလ် တို့သန္တာန်ဝယ် တဖန်အသစ် ဖြစ်ပြန်ကောင်းသော အပိုင်းအခြားကိုလွန်၍ လက်စသတ် ပြတ်ငြိမ်းသော ငြိမ်းခြင်းမဟုတ်၊ သမာပတ်မှ ထသည်နောက် မိမိတို့ဖြစ်ခြင်းအားလျော်သော အကြောင်းအာရုံ စသည်ကို ရခဲ့က ဖြစ်ပြန် ကောင်းသော သဘောရှိသည်ဖြစ်၍ ထိုငြိမ်းခြင်းကို ပရိယာယ်အားဖြင့်သာ သန္ဒိဋ္ဌိကနိဗ္ဗာန်ဟု ဟောတော်မူအပ်ကြောင်း—

ထိုသမာပတ်ရှစ်ပါးမှ ထောက်၍ ကိုးခုမြောက်ဖြစ်သော နိရောဓသမာပတ် ကို ဝင်စားသော ပုဂ္ဂိုလ်အားကား ထိုသမာပတ်ကို အဋ္ဌသမာပတ္တိ လာဘီ ဖြစ်သော အနာဂါမိ ဖလဋ္ဌာန် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်ရကား သမုစ္ဆေဒအားဖြင့် အရဟတ္တမဂ်သည် ဖြတ်ပယ်အပ်သည်ဖြစ်၍ အာသဝေါ အစရှိသော ကိလေသာတို့၏ ထိုအရိယာတို့ သန္တာန်ဝယ် တဖန်အသစ် ဖြစ်ပြန် ကောင်းသော အပိုင်းအခြားကို လွန်၍ မဖြစ်ခြင်းဟူသော အဆုံးလက်စသတ် ကုန်ပြတ် ချုပ်ငြိမ်းခြင်း ဟူသော စုတိကာလသို့ မရောက်မီ ရှေ့အတွင်း မျက်မှောက် ပစ္စက္ခကာလ၌ပင် ဖြစ်၍ သန္ဒိဋ္ဌိကနိဗ္ဗာနမည်သော အာသဝေါ ကိလေသာတို့၏ ချုပ်ပြတ်ကုန်ငြိမ်းခြင်း နိဗ္ဗာန်ကိုမူကား နိပ္ပရိယာယ မုချအား ဖြင့် သန္ဒိဋ္ဌိကနိဗ္ဗာန်-ဟူ၍ ဟောတော်မူအပ်ကြောင်းကို–

"ပုန စပရံ အာဝုသော နေဝသညာနာသညာယတနံ သမတိက္ကမ္မ သညာဝေဒယိတနိရောဓံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ပညာယ စဿ ဒိသွာ အာသဝါ ပရိက္ခီဏာ ဟောန္တိ။ တွောဝတာ ခေါ အာဝုသော သန္ဒိဋ္ဌိကံ နိဗ္ဗာနံ ဝုတ္တံ ဘဂဝတာ နိပ္ပရိယာယေန"

ဟူ၍ နဝင်္ဂုတ္တရ ပါဠိတော်၃-(၂၄၉) ၌ အရှင်အာနန္ဒာထေရ် ဟောကြားတော်မူသည်။

အာဝုသော၊ ငါ့ရှင်။ ပုန၊ တဖန်။ အပရံ စ၊ တပါးတုံလည်း။ ဘိက္ခု၊ သည်။ နေဝသညာနာသညာယတနံ၊ ကို။ သမတိက္ကမ္မ၊ ကောင်းစွာလွန်၍။ သညာ-ဝေဒယိတနိရောဓံ၊ သညာဝေဒနာတို့၏ မဖြစ်ခြင်း ဟူသော နိရောဓ သမာပတ်ကို။ ဝါ၊ သို့။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝါ၊ ရောက်၍။ ဝိဟရတိ၊ နေ၏။ (သညာ ဝေဒနာတို့ကို ပဋ္ဌာန်ပြုသောအားဖြင့် အလုံးစုံသော စိတ် စေတသိက်တို့၏ မဖြစ်ခြင်းကို ဟောတော်မူသည်)။ ပညာယ စ၊ ဝိပဿနာပညာဖြင့်လည်း။ ဒိသွာ၊ တေဘူမကသင်္ခါရတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟု ရှုမြင်ခြင်းကြောင့်။ ဝါ ပညာယ၊ အရဟတ္တမဂ်ပညာဖြင့်။ ဒိသွာ၊ သစ္စာလေးပါးတရားကို မြင်ခြင်းကြောင့်။ အဿ၊ ထိုအရိယာပုဂ္ဂိုလ်အား။ အာသဝါ၊ အာသဝေါတရားတို့သည်။ ပရိက္ခီဏာ၊ တဖန်အသစ် ဖြစ်ပြန်ကောင်းသော အပိုင်းအခြားကို လွန်၍မဖြစ်ခြင်း ဟူသော ထက်ဝန်းကျင် အကြွင်းမဲ့ ကုန်ချုပ် ပြတ်ကင်းကုန်သည်။ ဟောန္တိ၊ ကုန်၏။ အာဝုသော၊ ငါ့ရှင် ကာဠုဒါယီ။ တွောဝတာ၊ ဤမျှဖြင့်။ နိပ္ပရိယာယေန၊ မုချကေန္တအားဖြင့်။ သန္ဒိဋ္ဌိကံ၊ မျက်မှောက် ပစ္စက္ခ ဘဝ၌ဖြစ်သော။ နိဗ္ဗာနံ၊ ကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ထေရော၊ အရှင်အာနန္ဒာထေရ်သည်။ အာဟ၊ ဟောတော်မူ၏။

ဤသို့လျှင် သမန္တပါသာဒိကအဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ သမ္မောဟဝိနောဒနီခန္ဓဝိဘင်းအဋ္ဌကထာ စသည်တို့ဝယ် လောကီတရားလည်းမဟုတ်၊ လောကုတ္တရာ တရားလည်း မဟုတ်ကြောင်းနှင့် ပြဆိုလာရှိသော နိရောဓသမာပတ်အရာ၌ နိရောဓဒိဋ္ဌဓမ္မနိဗ္ဗာန ဟူ၍ ပြဆိုအပ်သော စိတ်စေတသိက်တို့၏ မဖြစ်ခြင်း နိရောဓသမာပတ်နှင့် သန္ဒိဋ္ဌိကနိဗ္ဗာနချင်း တူသည်၏ အဖြစ်ဖြင့် သမုစ္ဆေဒအားဖြင့် အရိယမဂ်သည် ဖြတ်ပယ်အပ်သည် ဖြစ်၍ အာသဝေါကိလေသာတို့၏ ထိုက်သည်အားလျော်စွာ အရိယာတို့ သန္တာန်ဝယ် တဖန်ဖြစ်ပြန်ကောင်းသော အပိုင်းအခြားကို လွန်၍ ကေန်စင်စစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်း ဟူသော အာသဝေါကိလေသာတို့၏ ကုန်ပြတ်ချုပ်ကင်းခြင်း အာသဝက္ခယကို ဒုကအင်္ဂုတ္တရပါဠိတော်ဝယ် ဟောတော်မူသည်ကို ထောက်သဖြင့် နိရောဓသမာပတ္တိအရာဝယ် စိတ် စေတသိက်တို့၏ မဖြစ်ခြင်း

အရသည် ပရမတ္ထဓမ္မမဟုတ်သကဲ့သို့ ဤအာသဝေါကိလေသာတို့၏ မဖြစ်ခြင်း အရကိုလည်း ပရမတ္ထဓမ္မမဟုတ် ဟူ၍သာ သိအပ် မှတ်ယူအပ်သည်။

ဤဒုကအင်္ဂုတ္တရပါဠိတော်ကို ထောက်သဖြင့်လည်း "တဿ ယော ရာဂက္ခ-ယော ဒေါသက္ခယော မောဟက္ခယော။ အယံ ဝုစ္စတိ သဥပါဒိသေသာ နိဗ္ဗာန-ဓာတု သဥပါဒိသေသာ ဒိဋ္ဌဓမ္မိကာ" ဟူ၍ ဣတိဝုတ်ပါဠိတော်(၂၂၁)၊ ရာဂက္ခ-ယောတိ ရာဂဿ ခယော ခီဏာကာရော အဘာဝေါ အစ္စန္တမနုပ္ပါဒေါ။ သေသေသုပိ ဧသေဝ နယော။ ဒိဋ္ဌဓမ္မိကာတိ ဣမသ္မိံ့ယေဝ အတ္တဘာဝေ ဘဝါ ဝတ္တမာနာ" ဟူ၍ငင်း ၎င်းအဋ္ဌကထာ(၁၅၉)တို့၌ သမုစ္ဆေဒအားဖြင့်အရိယ မဂ်သည် အကြွင်းမဲ့ ဖြတ်ပယ်အပ်သည်ဖြစ်၍ ရာဂအစရှိသော ကိလေသာ တို့၏ ခီဏာသဝတို့ သန္တာန်ဝယ် တဖန်အသစ် ဖြစ်ပြန်ကောင်းသော အပိုင်း အခြားကို လွန်၍မဖြစ်ခြင်း၏ သဥပါဒိသေသနိဗ္ဗာနဓာတ်မည်ကြောင်း၊ ထို သဥပါဒိသေသနိဗ္ဗာနဓာတ်သည် ခီဏာသဝတို့ စုတိမကျမီ ပစ္စက္ခဘဝ၌ပင် ဖြစ်ကြောင်းကို ဟောပြတော် မူအပ်သည်ဖြစ်၍ ထိုဒိဋ္ဌဓမ္မနိဗ္ဗာန သဥပါဒိသေသ နိဗ္ဗာနမည်သော ဣတိဝုတ်ပါဠိ အဋ္ဌကထာတို့၌ လာသော ရာဂအစရှိသော ကိလေသာတို့၏ ခီဏာသဝတို့သန္တာန်ဝယ် ဖြစ်ပြန်ကောင်းသော အပိုင်းအခြားကို လွန်၍မဖြစ်ခြင်း၏ နိပ္ပရိယာယ မုချအားဖြင့် ပရမတ္ထဓမ္မမဟုတ်သည်၏အဖြစ်—

ပြဆိုပြီးပြဆိုလတ္တံ့ ဖြစ်သော ထိုထိုပါဠိ အဋ္ဌကထာအရာတို့၌ အသခ်တဓာတ် ပရမတ်နိဗ္ဗာန်လျှင် အာရုံရှိသောအရိယမဂ်သည် သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ဖြတ်ပယ်အပ်သည်ဖြစ်၍ အနုသယသဘောအားဖြင့် သန္တာန်သို့ အစဉ်လိုက်၍ ဖြစ်တုန်းဖြစ်ဆဲဟု ဆိုအပ်သော ရာဂ ဒေါသ-အစရှိသော ကိလေသာတို့၏ တဖန် အသစ်ဖြစ်ပြန်ကောင်းသော အပိုင်းအခြားကို လွန်၍ အရိယာတို့ သန္တာန်ဝယ် မဖြစ်ခြင်းကို ရာဂက္ခယ ဒေါသက္ခယ မောဟက္ခယ တဏှက္ခယ ကိလေသက္ခယ တဏှာနိရောဓ ကိလေသနိရောဓ ကိလေသဝဋ္ဋုပစ္ဆေဒ ကိလေသပရိနိဗ္ဗာန ဒိဋ္ဌဓမ္မိကနိဗ္ဗာန သဥပါဒိသေသနိဗ္ဗာန-ဟူ၍ဟောပြသော အရာတို့၌ ထိုရာဂက္ခယ တဏှက္ခယ- အစရှိသည်မည်သော ရာဂအစရှိသော ကိလေသာတို့၏ အရိယာတို့ သန္တာန်ဝယ် တဖန်ဖြစ်ပြန်ကောင်းသော အပိုင်းအခြားကိုလွန်၍ မဖြစ်ခြင်း ဟူသော ချုပ်ပြတ်ကုန်ငြိမ်းခြင်းအရ၏လည်း ပရမတ္ထဓမ္မမဟုတ်သည်၏အဖြစ်—

> "တဿ ဣဓေဝ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတိ ဘဝိဿန္တိ။ အယံ ဝုစ္စတိ အနုပါဒိသေသာ နိဗ္ဗာနဓာတု။ပ။အနုပါဒိသေသာ သမ္ပရာ-ယိကာ"

ဟူ၍ ဣတိဝုတ်ပါဠိတော်(၂၂၁)

"သီတီ ဘဝိဿန္တီတိအစ္စန္တဝူပသမေန သင်္ခါရဒရထပဋိပဿဒ္ဓိယာ
သီတလီ ဘဝိဿန္တိ။ အပ္ပဋိသန္ဓိကနိရောဓေန နိရုဇ္ဈိဿန္တီတိ အတ္ထော။
သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ"

ဟူ၍ ဋီကာ (၁၅၉) တို့၌ ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလဝယ် ဝိပါက် နာမက္ခန္ဓာကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စတပ်၍ တဖန်မဖြစ်ပြန်ကောင်းသော မဖြစ်ခြင်းကို အနုပါဒိသေသနိဗ္ဗာနဓာတ်ဟူ၍ ဆိုအပ်ကြောင်း၊ ထိုအနုပါဒိသေသ နိဗ္ဗာန်သည် ခီဏာသဝတို့ စုတိဘင်္ဂက္ခဏမှ နောက်ကာလ၌ ဖြစ်ကြောင်းကို ဟောပြတော်မူအပ်သည်ဖြစ်၍ သမ္ပရာယိကနိဗ္ဗာန အနုပါဒိသေသနိဗ္ဗာနမည် သော ဣတိဝုတ်ပါဠိ အဋ္ဌကထာတို့၌ လာသော ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလဝယ် ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စတပ်၍ မဖြစ် နိုင်သောအားဖြင့် မဖြစ်ခြင်း၏ နိပ္ပရိယာယ မုချအားဖြင့် ပရမတ္ထဓမ္မမဟုတ် သည်၏ အဖြစ်——

ထိုထို ပြဆိုပြီးပြဆိုလတ္တံ့သော အရာ ပါဠိ အဋ္ဌကထာတို့၌ ခီဏာသဝပုဂ္ဂိုလ်တို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ပုထုဇဉ်သေက္ခလက်ထက် စုတိ၏ အခြားမဲ့၌ ပဋိ သန္ဓေကိစ္စတပ်၍ ဖြစ်နေကျဖြစ်ရမြဲဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ တဖန်အသစ် ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသောချုပ် ပျက် ကုန်ငြိမ်းခြင်းကို ဇာတိက္ခယ ဇာတိနိရောဓ ဝိပါကဝဋ္ဋုပစ္ဆေဒ ခန္ဓပရိနိဗ္ဗာန နိရုပဓိသေသနိဗ္ဗာန သမ္ပရာယိကနိဗ္ဗာန အနုပါဒိသေသနိဗ္ဗာနဟူ၍ ဟောပြတော် မူသော အရာတို့၌ ဇာတိက္ခယ ဇာတိနိရောဓ-စသည်မည်သော ထိုဝိပါက် နာမက္ခန္ဓာကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စတပ်၍ တဖန်အသစ် မဖြစ်နိုင်သော အားဖြင့် မဖြစ်ခြင်းဟူသော ချုပ်ပြတ် ကုန်ငြိမ်းခြင်းအရ၏လည်း ပရမတ္ထဓမ္မ မဟုတ်သည်၏အဖြစ်ကို စင်စစ်သိအပ် မှတ်ယူအပ်သည်။

---

## ၁၂-နိဗ္ဗာန်သည် အဇ္ဈတ္တ-စသည်မဟုတ်ပုံ

### သစ္စာနှစ်ပါးနှင့် ပညတ်အမျိုးမျိုးတို့ကိုပြခြင်း

တေ သမ္မုတိကထံ ကထေန္တာပိ သစ္စမေဝ သဘာဝမေဝ အမုသာဝ ကထေန္တိ။ ပရမတ္ထကထံ ကထေန္တာပိ သစ္စမေဝ သဘာဝမေဝ အမုသာဝ ကထေန္တိ။ အယံ ဟိ—

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။

သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏံ။
ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ တထလက္ခဏန္တိ။
ကထာဝတ္ထုအဋ္ဌကထာ(၁၃၉)

တေ၊ ထိုမြတ်စွာဘုရားတို့သည်။ သမ္မုတိကထံ၊ ပညတ်ဖြစ်သောသမ္မုတိကထာကို။ ကထေန္တာပိ၊ ဟောတော်မူကုန်သော်လည်း။ သစ္စမေဝ၊ ဟုတ်မှန်တိုင်းသာလျှင်။သဘာဝမေဝ၊ သဘောအတိုင်းသာလျှင်။အမုသာဝ၊ မဖောက်ပြန်မချွတ်ယွင်းမူ၍သာလျှင်။ ကထေန္တိ၊ ဟောတော်မူကုန်၏။ ပရမတ္ထကထံ၊ ပရမတ္ထကထာကို။ ကထေန္တာပိ၊ ဟောတော်မူကုန်သော်လည်း။ သစ္စမေဝ၊ ဟုတ်မှန်တိုင်းသာလျှင်။ သဘာဝမေဝ၊ လျှင်။ အမုသာဝ၊ လျှင်။ ကထေန္တိ၊ ဟောတော်မူကုန်၏။ သမ္ဗုဒ္ဓေါ၊ ဆရာမရှိ ပကတိကိုယ်တော်တိုင်သာလျှင် သစ္စာ, ဉေယျ, ဓမ္မအလုံးစုံကို အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဖြင့် ကြွင်းမဲ့ဥဿုံ အကုန်သိတော်မူသည်ဖြစ်၍။ ဝဒတံ-ဝဒန္တာနံ၊ သစ္စာတရား ဟောကြားပြဆိုတတ်သော ပုဂ္ဂိုလ်အပေါင်းတို့တွင်။ ဝါ၊ ပုဂ္ဂိုလ်အပေါင်းတို့ထက်။ ဝရော၊ သိန်း သန်းကုဋေမက ဆဆလွန်မြတ်တော်မူသော။ အယံ တထာဂတော၊ သည်။—

သမ္မုတိ စ၊ သမ္မုတိသစ္စာဝင်း။ ပရမတ္ထဉ္စ၊ ပရမတ္ထသစ္စာဝင်း။ ဣတိ၊ သို့။ ဒုဝေ-ဒုဝိဓာနိ၊ နှစ်ပါးအပြားရှိကုန်သော။ သစ္စာနိ၊ သစ္စာတရားတို့ကို။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ အက္ခာသိ၊ဟောတော်မူ၏။ တသ္မာ၊ ထိုသို့သစ္စာတရားတို့ကို သမ္မုတိသစ္စာ, ပရမတ္ထသစ္စာ ဟူ၍ နှစ်ပါးအပြားဖြင့်သာ ဟောတော်မူသော ကြောင့်။ တတိယံ၊ သမ္မုတိသစ္စာ ပရမတ္ထသစ္စာနှစ်ပါးတို့မှတပါး ထိုသစ္စာနှစ်ပါးမှ ထောက်၍ သုံးခုမြောက်ဖြစ်သော သစ္စာတရားကို။ နုပလဗ္ဘတိ၊ မရအပ် မရထိုက် မရကောင်း။ လောကသမ္မုတိကာရဏံ၊ လောက၌ သမုတ်ခေါ်ဆိုရခြင်း၏ အကြောင်းဖြစ်၍။ သင်္ကေတ ဝစနံ၊ သင်္ကေတပညတ်စကားသည်။ သစ္စံ၊ မှန်၏။ ဓမ္မာနံ၊ ရုပ် ဝေဒနာစသောတရားတို့၏။ တထလက္ခဏံ၊ မဖောက်မပြန် ဟုတ်မှန်သော လက္ခဏာဖြစ်၍။ ပရမတ္ထဝစနံ၊ ပရမတ္ထဓမ္မတို့ကို ဟောကြား ပြဆိုကြောင်းဖြစ်သော စကားသည်။ သစ္စံ၊ မှန်၏။

## နှစ်ပါးသော သစ္စာ

ဤသို့ ကထာဝတ္ထုအဋ္ဌကထာ၌ မြတ်စွာဘုရားသည် သစ္စာတရားတို့ကို သမ္မုတိသစ္စာ, ပရမတ္ထသစ္စာဟူ၍ နှစ်ပါးအဘို့ဖြင့်သာ ဟောတော်မူသော ကြောင့် ထိုသမ္မုတိ, ပရမတ္ထသစ္စာနှစ်ပါးတို့မှအခြား ယင်းနှစ်ပါးမှ ထောက်၍ သုံးခုမြောက်ဖြစ်သော သစ္စာတရားမည်သည်ကို မရအပ် ဟု ပြဆိုတော်မူသော ကြောင့် ခပ်သိမ်းသော ဓမ္မတို့သည် သမ္မုတိဓမ္မ, ပရမတ္ထဓမ္မအားဖြင့်နှစ်ပါး

အဘို့သာ ရှိကုန်သည်။ ထိုနှစ်ပါးမှ ထောက်၍ သုံးခုမြောက်ဖြစ်သော အသီး အခြားတပါးသော တရားမရှိပြီ ဟု ထင်ရှားသိသာသောကြောင့် ယခင်ပြဆိုခဲ့ ပြီးသော သမန္တပါသာဒိက ဝိသုဒ္ဓိမဂ် ပဋိသမ္ဘိဒါမဂ် သမ္မောဟဝိနောဒနီ အဋ္ဌကထာတို့ဝယ် နိရောဓသမာပတ်အရာ၌ စိတ် စေတသိက်တို့၏ မဖြစ်ခြင်း အရိယမဂ်သည် သမုစ္ဆေဒအားဖြင့် ဖြတ်ပယ်အပ်သည်ဖြစ်၍ အရိယာတို့သန္တာန် ဝယ် ကိလေသာတို့၏ မဖြစ်ခြင်း၊ ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ဝိပါက်နာမက္ခန္ဓာတို့၏ မဖြစ်ခြင်းအရကို ပရမတ္ထဓမ္မမဟုတ် ဟု ပြဆိုတော်မူကြ သည်ကို ထောက်သဖြင့် ယင်းသည့် စိတ် စေတသိက်တို့၏ မဖြစ်ခြင်း ရာဂ စသော ကိလေသာတို့၏ မဖြစ်ခြင်း ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ပဋိသန္ဓေ ကိစ္စတပ်၍ မဖြစ်ခြင်းတို့၏ ပညတ်အဖြစ်ကို ပြဆိုတော်မူအပ်သည်ပင် မည်သည်။

## ၆-ပါးသော ပညတ်

ပညတ်သည် နာမပညတ် အတ္ထပညတ်အားဖြင့် နှစ်ပါးပြား၏။ ထိုတွင် နာမပညတ်သည် "ဆပညတ္တိယော၊ ခန္ဓပညတ္တိ, အာယတနပညတ္တိ, ဓာတုပညတ္တိ, သစ္စပညတ္တိ, ဣန္ဒြိယပညတ္တိ, ပုဂ္ဂလပညတ္တိ" ဟူ၍ ဟောတော် မူအပ်သော ပုဂ္ဂလပညတ်ပါဠိတော်(၁၀၁) နည်းအားဖြင့် ခန္ဓပညတ်စသည်ဖြင့် ခြောက်ပါးပြား ၏။ အဋ္ဌကထာနည်းအားဖြင့်လည်း ဝိဇ္ဇမာနပညတ်, အဝိဇ္ဇမာနပညတ်, ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်, အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်, ဝိဇ္ဇမာနေန- ဝိဇ္ဇမာနပညတ်, အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်ဟူ၍ ခြောက်ပါးပင် ပြား၏။ အဋ္ဌကထာမုတ္တကဖြစ်သော အာစရိယဝါဒအားဖြင့်လည်း ဥပါဒါပညတ်, ဥပနိဓာ ပညတ်, သမောဓာနပညတ်, ဥပနိက္ခိတ္တပညတ်, တဇ္ဇာပညတ်, သန္တတိပညတ်ဟူ၍ ခြောက်ပါးပင် ပြား၏။ ထိုပညတ်တို့၏ သရုပ်အရ သဘောအထူးများကို ဖလဋ္ဌဘေဒဒီပနီကျမ်းဝယ် အကျယ်ပြဆိုခဲ့ပြီးဖြစ်၍ ဤ၌ အမြွက်မျှကိုသာ ပြဆို လိုက်သည်။

ဤ ပြဆိုခဲ့ပြီးသော ပညတ်သည် သရုပ်တရားကိုယ်ဒြပ်အနက်ကို အပြားအား ဖြင့် သိစေတတ် ပြတတ် သမုတ်ခေါ်ဝေါ်ကြောင်းဖြစ်၍ နာမပညတ်မည်၏။

ထိုဝေါဟာရ နာမပညတ်ဖြင့် သိစေအပ် ပြအပ် သမုတ်ခေါ်ဆိုအပ်သော ဒြပ်အနက်ဖြစ်သော အတ္ထပညတ်သည် ဘာဝပညတ် အဘာဝပညတ်ဟူ၍နှစ်ပါး ပြား၏။ ထိုတွင် ခန္ဓာအစရှိသော ဓမ္မသန္တာန, ဓမ္မပဗန္ဓ, ဓမ္မသမူဟဖြစ်သော ဓမ္မတို့၏ သန္တာန်အစဉ်အပေါင်းကို အမှီပြု၍ သတ္တ ပုဂ္ဂလ ဒေဝ မနုဿ ဣတ္ထိ ပုရိသ ဂေါ မဟိံသ-အစရှိသည်ဖြင့် သမုတ်ပညတ်ခေါ်ဆိုအပ်သော သရုပ်ဒြပ် အားဖြင့် ထင်ရှားရှိကောင်း ရကောင်းသော အတ္ထဝိသေသသည် ဘာဝပညတ် မည်၏။

## ယုန်ချို-လိပ်အမွေး-ပုဇွန်သွေး

သာသနာတော်မှအပ အညတိတ္ထိယတို့သည် ကြံဆ၍ ယူအပ်သော အတ္တမည်သည် ယုန်၏ဦးချို လိပ်၏အမွေး ပုဇွန်၏သွေးမည်သည်ကို ပရမတ္ထဓမ္မသဘောအားဖြင့်ငှင်း လောကသမ္မုတိ ဝေါဟာရ သရုပ်ဒြဗ်အားဖြင့်ငှင်း မရကောင်းသကဲ့သို့ ပြဆိုအပ်ခဲ့ပြီးသော ပိုင်းခြားအပ်တိုင်းသော နေ့ရက်ကာလ ပတ်လုံး စိတ် စေတသိက်တို့မဖြစ်ခြင်း၊ အရိယမဂ်သည် သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ဖြတ်ပယ်အပ်သည်ဖြစ်၍ ရာဂအစရှိသော ကိလေသာတို့၏ အရိယာတို့သန္တာန်ဝယ် တဖန်အသစ်ဖြစ်ပြန်ကောင်းသော အပိုင်းအခြား သဘောကို လွန်၍ ဧကန်စင်စစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်း၊ ပုထုဇဉ်သေက္ခတို့ လက်ထက် စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ထိုထိုဂတိ ယောနိတို့၌ ထိုက်သည် အားလျော်စွာ ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်နေကျ ဖြစ်ရမြဲ ဖြစ်သော ဝိပါက် နာမက္ခန္ဓာကမ္မဇရုပ်တို့၏ ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလဝယ် ပဋိသန္ဓေကိစ္စတပ်၍ တဖန်အသစ် မဖြစ်ကောင်းသောအားဖြင့်မဖြစ်ခြင်းမည်သည်ကို ပရမတ္ထဓမ္မသရုပ်အားဖြင့်ငှင်း သမ္မုတိပညတ် ဒြဗ်ဝိသေသ တရားကိုယ်အားဖြင့်ငှင်း ဤသည်ပင်တည်းဟု ညွှန်ကြားပြဆိုရန် သီးခြားတပါး မရကောင်းသောကြောင့် ထိုပြဆိုခဲ့ပြီးသော စိတ် စေတသိက်၏ မဖြစ်ခြင်း ရာဂစသော ကိလေသာတို့၏ ခီဏာသဝတို့ သန္တာန်ဝယ် မဖြစ်ခြင်း ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ နောက်ကာလဝယ် ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်ခြင်းသည် အဘာဝအတ္ထပညတ်မည်၏။

## တိတ္ထိတို့ ယူဆသောနိဗ္ဗာန်

အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ရဟန္တာပုဂ္ဂိုလ် သန္တာန်ဝယ် ကိလေသာတို့၏ တဖန်မဖြစ်နိုင်ခြင်း ကုန်ပျက် ချုပ်ကင်းခြင်း ဟူသော ကိလေသာတို့၏ ငြိမ်းခြင်းသည် သဉပါဒိသေသနိဗ္ဗာန် ဒိဋ္ဌဓမ္မနိဗ္ဗာန် မည်ကြောင်း၊ အကြောင်းတဏှာ ကိလေသာ ကံတို့ ကုန်ပျက်သည် ဖြစ်၍ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခန္ဓာပဉ္စက၏ ပဋိသန္ဓေအားဖြင့် မဖြစ်ခြင်း ကုန်ပျက် ချုပ်ပြတ်ခြင်း ဟူသော ခန္ဓာတို့၏ ငြိမ်းခြင်းသည် အနုပါဒိသေသနိဗ္ဗာန် သမ္ပရာယိကနိဗ္ဗာန် မည်ကြောင်းကို ဟောပြလာရှိသော ထိုထိုပါဠိ အဋ္ဌကထာ ဋီကာတို့ကို ထုတ်ဆောင်ပြဆိုသော စကားအရာဝယ် ရာဂစသည်တို့၏ မဖြစ်ခြင်းဟူသော ပရမတ္ထဓမ္မ မဟုတ်သော ကုန်ငြိမ်းခြင်းကို နိရောဓ သစ္စာဖြစ်သော နိဗ္ဗာန်-ဟူ၍ တိတ္ထိတို့ ကြံဆ၍ ယူအပ်သော အတ္တမည်သည်ကိုငှင်း ယုန်၏ဦးချိုမည်သည်ကိုငှင်း ဤသည်ပင် တည်းဟု ပရမတ္ထအားဖြင့် ညွှန်ကြားပြဆိုရန် တစုံတရာ မရကောင်းသကဲ့သို့

ထိုရာဂက္ခယ စသည်မည်သော နိဗ္ဗာန်ဟူသည်ကို ဤတရားပင်တည်း ဟု ပရမတ္ထအားဖြင့် ညွှန်ကြားပြဆိုစရာ သရုပ်တပါး သီးခြားမရအပ် မရကောင်းသောကြောင့် နိဗ္ဗာန်မည်သည် ပရမတ္ထအားဖြင့် သဘောတပါး သီးခြား မရှိကြောင်းကို–

"န ပရမတ္ထတော နိဗ္ဗာနံ နာမ ကောစိ သဘာဝေါ အတ္ထိ။ တိတ္ထိယာနံ အတ္တာ ဝိယ သသဝိသာဏံ ဝိယ စာနုပလဗ္ဘနီယတော"

ဟု ပြဆိုကြောင်းနှင့် အဘိဓမ္မာဝတာရ အဋ္ဌကထာ (၁၀၈) ဝယ် ပြဆိုလာရှိသော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်၏ နှလုံးသွင်းအလို အာဘော်ကို နိဗ္ဗာန်ဟူသည် ရာဂစသည်တို့၏ မဖြစ်ခြင်းဟူသော ကုန်ငြိမ်းခြင်းမရှိခြင်း အဘာဝ ပညတ်မျှသာဖြစ်သည်။ ယင်းသည့်ပညတ်မှတပါး ပရမတ္ထအားဖြင့် သီးခြားတပါး မရှိဟု ဆိုလိုသည်ဟု ပြသော "န ပရမတ္ထတော အတ္ထိ။ အညတြ ပညတ္တိမတ္တတောတိ အဓိပ္ပါယော" ဟူသော အဘိဓမ္မတ္ထဝိကာသနီ မည်သော အဘိဓမ္မာဝတာရဋီကာ ၌ ရာဂစသည်တို့၏ မဖြစ်ခြင်းဟူသော မရှိ ကုန်ငြိမ်းခြင်း အဘာဝကို ပညတ်ဟု ဆိုသည်ကိုငင်း၊ "တံ ပနေတံ ပကတိဝါဒီနံ ပကတိဝိယ တိတ္ထိယာနံ အတ္တာဝိယ သသဝိသာဏံ ဝိယ စာဝိဇ္ဇမာနံ အတ္ထပညတ္တိမတ္တံ နိဗ္ဗာနန္တိ စေ" ဟူ၍ ဝိတဏ္ဍဝါဒီတို့စောဒနာရာသည်ကိုပြသော အဘိဓမ္မာဝတာရအဋ္ဌကထာ(၁၁၁)၌ ထိုအဘာဝကို အတ္ထပညတ်ဟု ဆိုသည်ကို ထောက်၍ငင်း၊ "ပစ္စက္ခာနုမာနသိဒ္ဓတာ-သန္နိဿနေန စ အဘာဝမတ္တံ နိဗ္ဗာနန္တိ ဝိပ္ပဋိပန္နာနံ ဝါဒံ နိသေဓေတိ" ဟူ၍ ဋီကာကျော် (၂၁၁)။ "တတ္ထ အဘာဝမတ္တန္တိ ရာဂါဒီနံ အဘာဝမတ္တံ။ ဝိပ္ပဋိပန္နာ-နန္တိ မိစ္ဆာဉာဏေန ဇာနန္တာနံ။ ဝါဒန္တိ မိစ္ဆာဉာဏံ" ဟူ၍ မဏိမဉ္ဇူ တို့၌ ရာဂစသည်တို့၏ မဖြစ်ခြင်း ဟူသော ကုန်ခြင်းကို အဘာဝဟု ဆိုသည်ကို ထောက်၍ငင်း၊ "န သက္ကာ ပဗန္ဓဿ ပညတ္တိသဘာဝဿ အသင်္ခတဿ ဌိတိ တတ္ထ ဝုတ္တာတိ ဝိညာတုံ" ဟူ၍ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ (၁၃၉) ၌ ပညတ်ကို အသင်္ခတ ဟု ဆိုသည်ကို ထောက်၍ငင်း ရာဂအစရှိသော ကိလေသာတို့၏ငင်း ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ဥပါဒိသေသ ခန္ဓာငါးပါးတို့၏ငင်း တဖန် မဖြစ်ပြန်ကောင်းသော မဖြစ်ခြင်းဟူသော မရှိခြင်း ကုန်ငြိမ်းခြင်း အဘာဝဖြစ်သော ဋီကာဝုတ်ပါဠိ အဋ္ဌကထာတို့၌ လာသော သဉပါဒိသေသ နိဗ္ဗာနဓာတ် အနုပါဒိသေသနိဗ္ဗာနဓာတ် နိရောဓသမာပတ်အရာ၌ လာသော စိတ် စေတသိက်တို့၏ မဖြစ်ခြင်းဟူသော နိရောဓတို့ကို ပညတ်ဟူ၍ငင်း အတ္ထပညတ်ဟူ၍ငင်း အဘာဝ ပညတ်ဟူ၍ငင်း ဆိုသင့်မှတ်ယူသင့်သည်ကို သိလေ။

တတိယာရုပ္ပစျာန်၏ အာရုံဖြစ်သော အာကာသာနဉ္စာယတနစျာန်၏ မရှိခြင်း တည်းဟူသော နတ္ထိဘာဝပညတ်သည် အဇ္ဈတ္တသန္တာန်၌သာ ဖြစ်ကောင်းသော အဇ္ဈတ္တတရားမျိုးလည်း မဟုတ်၊ ဗဟိဒ္ဓသန္တာန်၌သာ ဖြစ်ကောင်းသော

ဗဟိဒ္ဓတရားမျိုးလည်း မဟုတ်သကဲ့သို့ နတ္ထိဘာဝပညတ် အဘာဝပညတ်ဟူသည် အတူတူပင် ဖြစ်ရကား နိရောဓသမာပတ္တိ သမာပဇ္ဇနကာလအတွင်း စိတ် စေတသိက်တို့၏ မဖြစ်ခြင်း သမုစ္ဆေဒအားဖြင့် အရဟတ္တမဂ်သည် အကြွင်းမဲ့ ဖြတ်ပယ်သည်ဖြစ်၍ ခီဏာသဝတို့ သန္တာန်ဝယ် ရာဂအစရှိသော ကိလေသာတို့၏ မဖြစ်ခြင်း ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ ကာလဝယ် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စ တပ်သောအားဖြင့် မဖြစ်ခြင်း ဟူသော အဘာဝပညတ်သည် အဇ္ဈတ္တသန္တာန်၌သာ ဖြစ်ကောင်းသော အဇ္ဈတ္တတရားမျိုးလည်း မဟုတ်၊ ဗဟိဒ္ဓသန္တာန်၌သာ ဖြစ်ကောင်းသော ဗဟိဒ္ဓတရားမျိုးလည်းမဟုတ်၊ ရံခါအဇ္ဈတ္တ ရံခါဗဟိဒ္ဓ သန္တာန်၌ ဖြစ်သောတရာမျိုးလည်း မဟုတ်။

တတိယာရုပ္ပစျာန်၏ အာရုံဖြစ်သော ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်၏ အဇ္ဈတ္တ ဗဟိဒ္ဓ-စသည်မဟုတ်သည်၏အဖြစ်ကို ထိုနတ္ထိဘောပညတ်လျှင် အာရုံရှိသော တတိယာရုပ္ပစျာန်ကို အဇ္ဈတ္တတရားလျှင် အာရုံရှိသည်ဟူ၍ငှင်း ဗဟိဒ္ဓတရားလျှင် အာရုံရှိသည်ဟူ၍ငှင်း အဇ္ဈတ္တဗဟိဒ္ဓ တရားလျှင် အာရုံရှိသည်ဟူ၍ငှင်း မဆိုအပ် မဆိုထိုက်ကြောင်းကို ဓမ္မသင်္ဂဏီ ပါဠိတော်(၂၇၄) အဇ္ဈတ္တာရမ္မဏတိက်၏ တိက်မုတ်ကိုပြရာဝယ် "အာကိဉ္စညာယတနံ န ဝတ္တဗ္ဗံ အဇ္ဈတ္တာရမ္မဏန္တိပိ ဗဟိဒ္ဓါရမ္မဏန္တိပိ အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏန္တိပိ" ဟု ဟောတော်မူသည်ကို ထောက်၍သိအပ်၏။

အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတနစျာန်ကို။အဇ္ဈတ္တာရမ္မဏန္တိပိ၊အဇ္ဈတ္တတရားလျှင် အာရုံရှိ၏ဟူ၍ငှင်း။ ဗဟိဒ္ဓါရမ္မဏန္တိပိ၊ ဟူ၍ငှင်း။ အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏန္တိပိ၊ ဟူ၍ငှင်း။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။

အာကိဉ္စညာယတနစျာန်ကိုသာ အဇ္ဈတ္တာရမ္မဏ-စသည်ဟူ၍ မဆိုအပ်သည် မဟုတ်သေး။

> "အဇ္ဈတ္တဓမ္မာပဂမမတ္တတော စ အာကိဉ္စညာယတနာရမ္မဏဿ အဇ္ဈတ္တဘာဝမ္ပိ ဗဟိဒ္ဓဘာဝမ္ပိ အဇ္ဈတ္တဗဟိဒ္ဓဘာဝမ္ပိ အနနုဇာနိတွာ အာကိဉ္စညာယတနံ န ဝတ္တဗ္ဗံ အဇ္ဈတ္တာရမ္မဏန္တိပီတိအာဒိ ဝုတ္တံ။ တတ္ထ န ကေဝလံ တဒေဝ နဝတ္တဗ္ဗာရမ္မဏံ။ တဿ ပန အာဝဇ္ဇနမ္ပိ ဥပစာရ-စိတ္တာနိပိ တဿာရမ္မဏဿ ပစ္စဝေက္ခဏစိတ္တာနိပိ တသောဝ အဿာဒနာ-ဒိဝသေန ပဝတ္တာနိ အကုသလစိတ္တာနိပိ န ဝတ္တဗ္ဗာရမ္မဏာနေဝ။ တာနိ ပန တသ္မိံ ဝုတ္တေ ဝုတ္တာနေဝ ဟောန္တီတိ ဝိသုံ န ဝုတ္တာနိ"

ဟူ၍ အဋ္ဌသာလိနီအဋ္ဌကထာ (၄၄၇) ၌ မိန့်ဆိုတော်မူသောကြောင့် ထိုတတိယာရုပ္ပစျာန်၏ အာရုံဖြစ်သော ပဌမာရုပ္ပစျာန်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကိုအာရုံပြုခိုက်ဖြစ်သော မနောဒွါရာဝဇ္ဇန်း အကုသိုလ်စိတ်တဆဲ့နှစ်ခု မဟာကုသိုလ်စိတ်ရှစ်ခု မဟာကြိယာစိတ်ရှစ်ခု အဘိညာဉ်ဒွေ ဝိရတိ အပ္ပမညာ

ဏ္ဍသာ မစ္ဆရိယ ကြဉ်သော စေတသိက်ပဥ္စတ္တာလီသ၊ ဤတရားတို့ကိုလည်း အဇ္ဈတ္တာရမ္မဏစသည်ဖြင့် မဆိုအပ်သည်၏အဖြစ်ကို သိအပ်၏။

အာကိဉ္စညာယတနာရမ္မဏာသ၊ အာကိဉ္စညာယတနစျာန်၏ အာရုံဖြစ်သော နတ္ထိဘာဝ ပညတ်၏။ အဇ္ဈတ္တဓမ္မာပဂမမတ္တတော စ၊ အဇ္ဈတ္တတရားဖြစ်သော အာကာသာနဉ္စာယတန စျာန်၏ ကင်းခြင်းဟူသော မရှိခြင်းမျှဖြစ်သောကြောင့် သာလျှင်။ အာကိဉ္စညာယတနာရမ္မဏာသ၊ ၏။ အဇ္ဈတ္တဘာဝမ္ပိ၊ အဇ္ဈတ္တအဖြစ်ကိုင်း။ ဗဟိဒ္ဓဘာဝမ္ပိ၊ ဗဟိဒ္ဓအဖြစ်ကိုင်း။ အဇ္ဈတ္တဗဟိဒ္ဓဘာဝမ္ပိ၊ အဇ္ဈတ္တဗဟိဒ္ဓ အဖြစ်ကိုင်း။ အနနုဇာနိတွာ၊ ခွင့်မပြုလိုသောကြောင့်။ အာကိဉ္စညာယတနံ နဝတ္တဗ္ဗံ အဇ္ဈတ္တာရမ္မဏန္တိပိတိအာဒိ၊ ဤသို့အစရှိသောစကားကို။ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ တတ္ထ၊ ထိုပါဠိတော်၌။ ကေဝလံ၊ သက်သက်။ တဒေဝ၊ ထိုတတိယာ ရုပ္ပစျာန်သာလျှင်။ နဝတ္တဗ္ဗာရမ္မဏံ၊ အဇ္ဈတ္တစသည်ဖြင့် မဆိုအပ်သော နဝတ္တဗ္ဗ တရားကို အာရုံပြုသည်။ န၊ မဟုတ်သေး။ ပန၊ စင်စစ်သော်ကား။ တဿ၊ ထို တတိယာရုပ္ပစျာန်၏။ အာဝဇ္ဇနမ္ပိ၊ အာဝဇ္ဇန်းစိတ်သည်ငင်း။ ဥပစာရစိတ္တာနိပိ၊ ဥပစာရဖြစ်သော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်ရှစ်ခုတို့ သည်ငင်း။ တဿာရမ္မဏာသ၊ ထိုတတိယာရုပ္ပစျာန်၏ အာရုံကို။ ပစ္စဝေက္ခဏ- စိတ္တာနိပိ၊ ဆင်ခြင်သောမဟာကုသိုလ်စိတ်ရှစ်ခု မဟာကြိယာစိတ်ရှစ်ခုတို့သည် ငင်း။ တဿေဝ၊ ထိုတတိယာရုပ္ပစျာန်၏အာရုံဖြစ်သော နတ္ထိဘာဝပညတ်ကိုပင် လျှင်။ အဿာဒနာဒိဝသေန၊သာယာခြင်း အစရှိသည်တို့၏အစွမ်းဖြင့်။ ပဝတ္တာနိ၊ ဖြစ်ကုန်သော။ အကုသလစိတ္တာနိပိ၊ အကုသိုလ်စိတ် တဆဲ့နှစ်ခုတို့သည်ငင်း။ နဝတ္တဗ္ဗာရမ္မဏာနေဝ၊ အဇ္ဈတ္တစသည်ဖြင့် မဆိုအပ်မဆိုထိုက်သော နဝတ္တဗ္ဗတရား လျှင် အာရုံရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ တာနိ ပန၊ ထိုနတ္ထိဘာဝပညတ်ကို အာရုံပြုခိုက်ဖြစ်သော မနောဒွါရာဝဇ္ဇန်း အကုသိုလ်စိတ်တဆဲ့နှစ်ခု မဟာကုသိုလ် စိတ်ရှစ်ခု မဟာကြိယာစိတ် ရှစ်ခု အဘိညာဉ်ဒွေတို့ကိုကား။ တသ္မိံ၊ ထို တတိယာရုပ္ပစျာန်စိတ်ကို။ ဝုတ္တေ၊ နဝတ္တဗ္ဗာရမ္မဏအဖြစ်ဖြင့် ဟောတော်မူအပ် သည်ရှိသော်။ ဝုတ္တာနေဝ၊ နဝတ္တဗ္ဗာရမ္မဏအဖြစ်ဖြင့် ဟောတော်မူအပ်သည် မည်ကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိသုံ၊ အာကိဉ္စညာယတနစျာန်မှ အသီး။ န ဝုတ္တာနိ၊ ဟောတော်မမူအပ်ကုန်။

## သာကေပါဌ်များအရ ရှင်းပြချက်

ဤ အဋ္ဌကထာဝယ် ပဌမာရုပ္ပစျာန်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြုခိုက်သော စိတ်အရကို ပြရာ အဘိညာဉ်ဒွေမပါသော်လည်း ကုသိုလ် အဘိညာဉ်သည် အရဟတ္တမဂ် အရဟတ္တဖိုလ်မှတပါး အလုံးစုံသောတရားကိုအာရုံ ပြု၍ ကြိယာအဘိညာဉ်သည် အရဟတ္တမဂ် အရဟတ္တဖိုလ်နှင့်တကွ အလုံးစုံသော

တရားကို အာရုံပြု၍ ဖြစ်နိုင်သောကြောင့် အဘိညာဉ်ဒွေနှင့်တကွ ကောက်ယူ ပြဆိုလိုက်သည်။

ထို နတ္ထိဘာဝပညတ်ကို အာရုံပြုခိုက်ဖြစ်သော မနောဒွါရာဝဇ္ဇန်း အကုသိုလ် စိတ် တဆဲ့နှစ်ခု မဟာကုသိုလ်စိတ် ရှစ်ခု မဟာကြိယာစိတ် ရှစ်ခု အဘိညာဉ် ဒွေတို့ကို အဇ္ဈတ္တာရမ္မဏ-စသည် ဟူ၍ မဆိုအပ် မဆိုထိုက်သကဲ့သို့ ပြဆိုအပ် ပြီးသော ပိုင်းခြားအပ်တိုင်းသော ကာလအတွင်း စိတ် စေတသိက်တို့၏ မဖြစ်ခြင်း ဟူသော နိရောဓဟူ၍၎င်း ဒိဋ္ဌဓမ္မနိဗ္ဗာနဟူ၍၎င်း ဆိုအပ်သော အဘာဝ ပညတ်၊ သမုစ္ဆေဒအားဖြင့် အရဟတ္တမဂ်သည် အကြွင်းမဲ့ ဖြတ်ပယ်အပ်သည် ဖြစ်၍ ခီဏာသဝတို့ သန္တာန်ဝယ် ရာဂ အစရှိသော ကိလေသာတို့၏ မဖြစ်ခြင်း ဟူသော နိပ္ပရိယာယအားဖြင့် သဥပါဒိသေသနိဗ္ဗာန ဒိဋ္ဌဓမ္မနိဗ္ဗာန ဟု ဆိုအပ် သော အဘာဝပညတ်၊ ခီဏာသဝတို့၏ စုတိဘင်္ဂက္ခဏမှ အခြားမဲ့ကာလဝယ် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စအားဖြင့် မဖြစ်ခြင်းဟူသော အနုပါဒိသေသနိဗ္ဗာန သမ္ပရာယိကနိဗ္ဗာန ဟု ဆိုအပ်သော အဘာဝပညတ်တို့ကို အာရုံပြု၍ ဖြစ်ခိုက်သော ထိုမနောဒွါရာဝဇ္ဇန်း အကုသိုလ်စိတ် တဆဲ့နှစ်ခု မဟာကုသိုလ်စိတ် ရှစ်ခု မဟာကြိယာစိတ် ရှစ်ခု အဘိညာဉ်ဒွေတို့ကိုလည်း အဇ္ဈတ္တာရမ္မဏ-စသည် ဟူ၍ မဆိုအပ် မဆိုထိုက် ဟူ၍သာ မှတ်အပ်၏။

---

## ၁၃-ဝဋ်သုံးပါး ပြတ်ခြင်း အဘာဝပညတ်-စသည်ခွဲခြားပုံ

## ကိလေသာနှင့် ဝဋ်သုံးပါးတို့ ချုပ်ငြိမ်းခြင်းအရ

## အဘာဝ-အတ္ထပညတ်ယူပုံကို ပြခြင်း

ထိုသို့ မဖြစ်သည် ကုန်သည် ချုပ်သည်ကိုပင် ကင်းသည်ဟူ၍၎င်း ပြတ်သည် ဟူ၍၎င်း ခေါ်ဝေါ်အပ်သောကြောင့် ကိလေသဝဋ် ကုန်ခြင်း ချုပ်ခြင်းဟူသော အကျိုးဖြစ်သော ကင်းခြင်း ပြတ်ခြင်းဖြင့် မှတ်၍ ကင်းကြောင်း ပြတ်ကြောင်း ဖြစ်သော နိဗ္ဗာန်ကို ဟောပြသောအရာ—

> "ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ။ ယဒိဒံ မဒနိမ္မဒနော ပိပါသဝိနယော အာလယ, သမုဂ္ဃါတော ဝဋ္ဋုပစ္ဆေဒေါ တဏှက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ"-

ဟူသော စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော် ၁-(၃၄၃) ၌ နိဗ္ဗာန်လျှင် အာရုံရှိသော အရဟတ္တ မဂ်သည် အကြွင်းမဲ့ ပယ်ဖြတ်အပ်သည်ဖြစ်၍ ရာဂ အစရှိသည်တို့၏ တဖန်အသစ် မဖြစ်ခြင်းဟူသော ကင်းခြင်း ပြတ်ခြင်း ဖြစ်ရကား ထိုရာဂ စသော ကိလေသာ ကင်းခြင်းဟူသော အကျိုး ဝဋ်ပြတ်ခြင်းဟူသော အကျိုးတို့ဖြင့် မှတ်၍

အကြောင်းဖြစ်သော နိဗ္ဗာန်ကို ဝိရာဂေါ-ဟူ၍ရင်း ဝဋ္ဋုပစ္ဆေဒေါ-ဟူ၍ရင်း ဟောတော်မူသည်။ ဤ၌ ဝိရာဂသဒ္ဒါကား "ရာဂဿ ဘိက္ခဝေ ဝိရာဂါယ ဓမ္မော ဒေသိတော ဘာဝေတဗ္ဗော။ ကတမေ ဓမ္မာ၊ သမထော စ ဝိပဿနာ စ" ဟူသော ဒုကအင်္ဂုတ္တိုရ် ၁-(၉၈) ၌ ဝိရာဂသဒ္ဒါကဲ့သို့ ကင်းခြင်းအနက်ကို ဟောသည်။

အလုံးစုံသော ကိလေသာတို့၏ ငြိမ်းကြောင်းဖြစ်၍ ဝိရာဂ မည်သည်။ ဝဋ်သုံးပါးတို့၏ ပြတ်ကြောင်းဖြစ်၍ ဝဋ္ဋုပစ္ဆေဒ မည်သည် ဟူလို။ ထို့ကြောင့် ရင်းအဋ္ဌကထာ (၂၉၆)၌—

"ဝိရာဂေါတိအာဒီနိ နိဗ္ဗာနဿေဝ နာမာနိ၊ တဉှိ အာဂမ္မ သဗ္ဗ-ကိလေသာ ဝိရဇ္ဇန္တိ။ သဗ္ဗရာဂမဒါ နိမ္မဒါ ဟောန္တိ၊ အဘာဝံ ဂစ္ဆန္တိ၊ သဗ္ဗပိပါသာ ဝိနယံ ဥပေန္တိ၊ သဗ္ဗေ အာလယာ သမုဂ္ဃါတံ ဂစ္ဆန္တိ၊ ဝဋ္ဋာနိ ပစ္ဆိဇ္ဇန္တိ၊ တဏှာ ခီယန္တိ၊ ဝဋ္ဋဒုက္ခံ နိရုဇ္ဈတိ၊ သဗ္ဗပရိဠာဟာ နိဗ္ဗာယန္တိ၊ တသ္မာ တေသာနိ နာမာနိ လဘတိ"

ဟု မိန့်ဆိုတော်မူသည်။ ဤ တဉှိ အာဂမ္မ-ကို နောက်ဝါကျတို့သို့ လိုက်စေ၍—

"တံ အာဂမ္မ သဗ္ဗကိလေသာ ဟိ ယသ္မာ ဝိရဇ္ဇန္တိ။ တသ္မာ တံ နာမံ လဘတိ။ တံ အာဂမ္မ ဟိ ယသ္မာ သဗ္ဗရာဂမဒါ နိမ္မဒါ ဟောန္တိ၊ အဘာဝံ ဂစ္ဆန္တိ။ တသ္မာ တံ နာမံ လဘတိ"

စသည်ဖြင့် အသီးသီးယှဉ်၍ အဓိပ္ပါယ်ကို ယူ။ သမန္တပါသာဒိကအဋ္ဌကထာ (၁၃၈) ၌လည်း—

ပုန ရာဂဝိရာဂါဒီနိ နဝပဒါနိ နိဗ္ဗတ္တိတလောကုတ္တရနိဗ္ဗာနမေဝ သန္ဓာယ ဝုတ္တာနိ။ တသ္မာ ရာဂဝိရာဂါယာတိ ဝါ မဒနိမ္မဒနာယာတိ ဝါ ဝုတ္တေပိ နိဗ္ဗာနတ္ထာယာတိ ဧဝမေဝ အတ္ထော ဒဋ္ဌဗ္ဗော။ နိဗ္ဗာနံ ဟိ ယသ္မာ တံ အာဂမ္မ အာရဗ္ဘ ပဋိစ္စ ရာဂေါ ဝိရဇ္ဇတိ န ဟောတိ၊ တသ္မာ ရာဂဝိရာဂေါတိ ဝုစ္စတိ။ ယသ္မာ ပန တံ အာဂမ္မ မာနမဒပုရိသမဒါ-ဒယော မဒါ နိမ္မဒါ အမဒါ ဟောန္တိ ဝိနဿန္တိ၊ တသ္မာ မဒနိမ္မဒနန္တိ ဝုစ္စတိ။ ယသ္မာ စ တံ အာဂမ္မ သဗ္ဗာပိ ကာမပိပါသာ ဝိနယံ အဗ္ဘတ္ထံ ဝါ ယာတိ၊ တသ္မာ ပိပါသဝိနယောတိ ဝုစ္စတိ။ ယသ္မာ ပန တံ အာဂမ္မ ပဉ္စကာမဂုဏာလယာ သမုဂ္ဃါတံ ဂစ္ဆန္တိ၊ တသ္မာ အာလယသမုဂ္ဃါတောတိ ဝုစ္စတိ။ ယသ္မာ စ တံ အာဂမ္မ တေဘူမကဝဋ္ဋံ ပစ္ဆိဇ္ဇတိ၊ တသ္မာ ဝဋ္ဋုပစ္ဆေဒေါတိ ဝုစ္စတိ။ ယသ္မာ ပန တံ အာဂမ္မ သဗ္ဗသော တဏှာ ခယံ ဂစ္ဆတိ ဝိရဇ္ဇတိ နိရုဇ္ဈတိ စ၊ တသ္မာ တဏှက္ခယော ဝိရာဂေါ နိရောဓောတိ ဝုစ္စတိ။ ယသ္မာ ပနေတံ စတဿော ယောနိယော

ပဋ္ဌဂတိယော သတ္တဝိညာဏဋ္ဌိတိယော နဝ စ သတ္တာဝါသေ အပရာပရ-
ဘာဝါယ ဝိနနတော အာဗန္ဓနတော သံသိဗ္ဗနတော ဝါနန္တိ လဒ္ဓ-
ဝေါဟာရာယ တဏှာယ နိက္ခန္တံ နိဿဋံ ဝိသံယုတ္တံ၊ တသ္မာ နိဗ္ဗာနန္တိ
ဝုစ္စတီတိ။

ဟူ၍ မိန့်ဆိုတော်မူသည်။

ဘိက္ခဝေ၊ တို့။ ယာဝတာ-ယတ္တကာ၊ အကြင်မျှလောက်ကုန်သော။ သင်္ခတာ၊ သင်္ခတဖြစ်ကုန်သော။ ဓမ္မာ ဝါ၊ သဘောတရားတို့သည်ငှင်း။ အသင်္ခတာ၊ ကုန်သော။ ဓမ္မာ ဝါ၊ ငှင်း။ သန္တိ၊ ကုန်၏။ တေသံ၊ ထိုသင်္ခတအသင်္ခတရှိသမျှ သောတရားသဘောတို့တွင်။ ဝါ၊ တို့ထက်။ မဒနိမ္မဒနော၊ ရူပါရုံစသော ကာမဂုဏ်၌ သတ္တဝါတို့ကို ယစ်မူးမေ့လျော့စေခြင်းကို ဖြစ်စေတတ်၍ မဒမည်သော အလုံးစုံသောရာဂဒမတို့မှ ကင်းကြောင်းဖြစ်သော။ ဝါ၊ မာနမဒ ပုရိသမဒအစရှိ သော မာနတို့မရှိ ကင်းကုန်ကြောင်းဖြစ်သော။ (ရှေ့ကား အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ နောက်ကား ဝိနည်းအဋ္ဌကထာ)။ ဝါ၊ ကင်းကြောင်းဖြစ်၍ မဒနိမ္မဒမည်သော။ ပိပါသဝိနယော၊ တဏှာဟူသော မွတ်သိပ်ခြင်းမှကင်းကြောင်းဖြစ်၍ ပိပါသဝိနယ မည်သော။ အာလယသမုဂ္ဃါတော၊ ငါးပါးသော ကာမဂုဏ်ကို တောင့်တ မက်မောတတ်သော တဏှာကိုအကြွင်းမဲ့နုတ်ပယ်ကြောင်းဖြစ်၍ အာလယသမုဂ္ဃါတ မည်သော။ ဝဋ္ဋုပစ္ဆေဒေါ၊ ဝဋ်သုံးပါးတို့၏ ကင်းပြတ်ကြောင်းဖြစ်၍ ဝဋ္ဋုပစ္ဆေဒ မည်သော။ တဏှက္ခယော၊ တဏှာအလုံးစုံ၏ အကြွင်းမဲ့ကုန်ကြောင်းဖြစ်၍ တဏှက္ခယမည်သော။ ဝိရာဂေါ၊ ကိလေသာခပင်း၏ အကြွင်းမဲ့ကင်းကြောင်း ဖြစ်၍ ဝိရာဂမည်သော။ နိရောဓော၊ ဝဋ်ဆင်းရဲဟူသမျှ၏ ချုပ်ကြောင်းဖြစ်၍ နိရောဓမည်သော။ နိဗ္ဗာနံ၊ အလုံးစုံသော ပူပန်ခြင်းတို့၏ ငြိမ်းကြောင်းဖြစ်၍ နိဗ္ဗာနမည်သော။ ဝါ၊ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသတို့ကို အခါခါ အထပ်ထပ် မပြတ်ဖြစ်စိမ့်သောငှါ ဖွဲ့နှောင်ချုပ်စပ်တတ်၍ ဝါနမည်သော ဘဝတဏှာမှ ကင်းလွတ်ထွက်မြောက်တတ်၍ နိဗ္ဗာန မည်သော။ ယဒိဒံ-ယော အယံ ဝိရာဂေါ၊ အကြင်ဝိရာဂမည်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဧသော ဝိရာဂေါ၊ ထိုဝိရာဂဖြစ်သော နိဗ္ဗာန်ကို။ အဂ္ဂံ-အဂ္ဂေါ၊ မြတ်၏ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။ (စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်အနက်)။

ဝိရာဂေါတိအာဒီနိ၊ ဝိရာဂအစရှိသော အမည်တို့သည်။ နိဗ္ဗာနဿဝ၊ ပရမတ်အသင်္ခတဖြစ်သော နိဗ္ဗာန်၏သာလျှင်။ နာမာနိ၊ အမည်တို့တည်း။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းအစွဲပြု၍။ တံ၊ သို့။ အာဂမ္မ၊ အရိယမဂ်သည် အာရုံပြုသောအားဖြင့် ရောက်၍။ ဝါ၊ ရောက်သည်ရှိသော်။ ဝါ၊ ရောက်ခြင်းကြောင့်။ သဗ္ဗကိလေသာ၊ အလုံးစုံသော

ကိလေသာတို့သည်။ ဝိရဇ္ဇန္တိ၊ ကင်းကုန်၏။ သဗ္ဗရာဂမဒါ၊ သတ္တဝါတို့ကိုငါးပါးသော အာရုံကာမဂုဏ်၌ ယစ်မူးမေ့လျော့ခြင်းကို ဖြစ်စေတတ်၍ မဒမည်သော အလုံးစုံသော ရာဂတို့သည်။ နိမ္မဒါ၊ ယစ်မူးမေ့လျော့ခြင်းမရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ အဘာဝံ၊ မရှိခြင်း မဖြစ်နိုင်ခြင်းသို့။ ဂစ္ဆန္တိ၊ရောက်ကုန်၏။ သဗ္ဗပိပါသာ၊ အလုံးစုံသော တဏှာဟူသော မွတ်သိပ်ခြင်းတို့သည်။ ဝိနယံ၊ တဖန်အသစ်မဖြစ်နိုင်ခြင်းဟူသော ကင်းခြင်းသို့။ ဥပေန္တိ၊ ရောက်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အာလယာ၊ တောင့်တတပ်မက်သော တဏှာတို့သည်။ သမုဂ္ဃါတံ၊ နုတ်ပယ်အပ်သည်၏အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဝဋ္ဋာနိ၊ သုံးပါးသော ဝဋ်တို့သည်။ ပစ္ဆိဇ္ဇန္တိ၊ ပြတ်ကုန်၏။ တဏှာ၊ တဏှာတို့သည်။ ခယန္တိ၊ ကုန်ကုန်၏။ ဝဋ္ဋဒုက္ခံ၊ ဝဋ်ဆင်းရဲသည်။ နိရုဇ္ဈတိ၊ ချုပ်၏။ သဗ္ဗပရိဠာဟာ၊ အလုံးစုံသော ပူပန်ခြင်းတို့သည်။ နိဗ္ဗာယန္တိ၊ ငြိမ်းကုန်၏။ တသ္မာ၊ ထိုသို့အလုံးစုံသော ကိလေသာတို့၏ ကင်းကြောင်းဖြစ်သည်၏အဖြစ် အစရှိသော အကြောင်းကြောင့်။ ဧတာနိ နာမာနိ၊ ထိုဝိရာဂ မဒနိမ္မဒအစရှိသောအမည်တို့ကို။ လဘတိ၊ ရ၏။ (ဧင်းအဋ္ဌကထာအနက်)။

ပုန၊ တဖန်။ ရာဂဝိရာဂါဒီနိ၊ ရာဂဝိရာဂအစရှိကုန်သော။ နဝပဒါနိ၊ ကိုးပုဒ်တို့ကို။ နိဗ္ဗတ္တိတလောကုတ္တရနိဗ္ဗာနမေဝ၊ နိဗ္ဗာန်မည်သမျှသဘောမှ အသီးထုတ်နုတ်အပ်သော လောကုတ္တရာဖြစ်သော အသင်္ခတ နိဗ္ဗာန်ကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ရာဂဝိရာဂါ-ယာတိဝါ၊ရာဂဝိရာဂါယ-ဟူ၍ငင်း။မဒနိမ္မဒနာယာတိဝါ၊ မဒနိမ္မဒနာယ-ဟူ၍ငင်း။ ဝုတ္တေပိ၊ ဟောတော်မူအပ်သော်လည်း။ နိဗ္ဗာနတ္ထာယာတိဧဝမေဝ အတ္ထော၊ နိဗ္ဗာနတ္ထာယ-ဟူသော ဤအနက်ကိုသာလျှင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဟိသစ္စံ၊ မှန်၏။ နိဗ္ဗာနံ၊ မဂ်ဖိုလ်တို့၏ အာရုံနိဗ္ဗာန်ကို။ (ဝုစ္စတိ ဟူသော ပုဒ်တို့နှင့်စပ်)။ ယသ္မာ၊ ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ-အာရဗ္ဘ၊ အကြောင်းပြု၍။ ပဋိစ္စ၊ စွဲ၍။ ရာဂေါ၊ သည်။ ဝိရဇ္ဇတိ၊ တဖန်အသစ် မဖြစ်ခြင်းဟူသော ကင်းခြင်းဖြင့် ကင်း၏။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ ရာဂဝိရာဂေါတိ၊ ရာဂဝိရာဂဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ ရာဂဝိရာဂ ဟု ဆိုအပ်ကြောင်းမှတပါး မဒနိမ္မဒန ဟု ဆိုအပ်ကြောင်းကို ပြဦးအံ့။ ယသ္မာ၊ ကြောင့်။ တံ၊ ကို။ အာဂမ္မ၊ အကြောင်းပြု၍။ စွဲ၍။ ဝါ၊ အရိယမဂ်သည် အာရုံပြုသောအားဖြင့် ရောက်၍၊ ရောက်ခြင်းကြောင့်။ မာနမဒပုရိသမဒါဒယော၊ မာနမဒ ပုရိသမဒအစရှိကုန်သော။ မဒါ၊ သတ္တဝါတို့အား ယစ်မူးခြင်းကို ဖြစ်စေတတ်၍ မဒမည်သော မာနတို့သည်။ နိမ္မဒါ အမဒါ၊ မာန်ယစ်ခြင်းမှ ကင်းကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဝိနဿန္တိ၊ တဖန်အသစ် မဖြစ်ခြင်းဟူသော ပျက်စီးခြင်းဖြင့် ပျက်စီးကုန်၏။ တသ္မာ၊ ကြောင့်။ မဒနိမ္မဒနန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

### မဒ-အမျိုးမျိုး ပြပုံ

မာနမဒ ပုရိသမဒနှစ်ပါးတွင် အမျိုးဇာတ်ကို အမှီအစွဲပြု၍၎င်း ဘုန်းကံကို အမှီအစွဲပြု၍၎င်း ဂုဏ်သတ္တိကို အမှီအစွဲပြု၍၎င်း ငါသာမြတ်၏ အစရှိသည်ဖြင့် ဖြစ်သော မာနသည် မူးယစ်ခြင်းကို ဖြစ်စေတတ်၍ မာနမဒမည်၏။

သူတော်ကောင်းတို့၏ အကျင့်မှ ဆန့်ကျင်ဘက်ဖြစ်သော ပါဏာတိပါတ-အစရှိသော ယုတ်မာသောအမှုကို ပြုလုပ်မှိဲခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကို အမှီအစွဲအကြောင်းပြု၍ ငါယောကျာ်း ဟု ထောင်လွှားတက်ကြွသော မာနသည် ပုရိသမဒမည်၏။

ဆရာအချို့တို့ကား မေထုနသမာစာရ-ဟူသော အသဒ္ဓမ္မသေဝနအမှုကို ပြုခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်ကို အမှီပြု၍ဖြစ်သော ရာဂသည် ပုရိသမဒမည်သည် ဟူကုန်၏။

ပုရိသမဒါဒယော-၌ အာဒိသဒ္ဒါဖြင့် ဗလမဒ ယောဗ္ဗနမဒ-စသည်ကိုယူ။ ထိုတွင် မိမိ၏ အစွမ်းခွန်အားကို အမှီပြု၍ဖြစ်သော မာနသည် ဗလမဒမည်၏။

အသက်အရွယ် ပျိုနုသည်ကို အမှီပြု၍ဖြစ်သော မာနသည် ယောဗ္ဗနမဒမည်၏။ ဤအဓိပ္ပါယ်ကို—

> "မာနမဒပုရိသမဒါဒယောတိ ဧတ္ထ ဇာတိအာဒိံ နိဿာယ သေယျောဟမသ္မီတိအာဒိနာ ဥပ္ပဇ္ဇနကမာနော ယေဝ မဒဇနနဋ္ဌေန မဒေါတိ မာနမဒေါ။ ပုရိသမဒေါ ဝုစ္စတိ ပုရိသမာနော။ အဟံ ပုရိသောတိ ဥပ္ပဇ္ဇနကမာနော။ အသဒ္ဓမ္မသေဝနသမတ္ထတံ နိဿာယ ပဝတ္တော ရာဂေါဧဝ ဝါ ပုရိသမဒေါတိ ကေစိ။ အာဒိသဒ္ဒေန ဗလမဒယောဗ္ဗနမဒါဒိံ သင်္ဂဏှာတိ"

ဟူသော သာရတ္ထဒီပနီဋီကာ ၂-(၁၆)နှင့်အညီ ဆိုသည်။

စ၊ အဘို့တပါးကို ဆိုဦးအံ့။ ယသ္မာ၊ ကြောင့်။ တံ၊ ကို။ အာဂမ္မ၊ ၍။ သဗ္ဗာပိ၊ အလုံးစုံလည်း ဖြစ်သော။ ကာမပိပါသာ၊ ကာမတို့၌ မွတ်သိပ်ခြင်းဟူသော ကာမတဏှာ စသည်သည်။ ခယံ၊ တဖန်အသစ် မဖြစ်ခြင်းဟူသော ကုန်ခြင်းသို့။ ယာတိ၊ ရောက်၏။ အဗ္ဘတ္ထံ၊ တဖန်အသစ် မဖြစ်ခြင်းဟူသော ချုပ်ခြင်းသို့။ ယာတိ၊ ရောက်၏။ တသ္မာ၊ ကြောင့်။ ပိပါသဝိနယောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ပန၊ အဘို့တပါးကို ဆိုဦးအံ့။ ယသ္မာ၊ ကြောင့်။ တံ၊ ကို။ အာဂမ္မ၊ ၍။ ပဉ္စကာမဂုဏာလယာ၊ ရှုပါရုံစသော ငါးပါးသော ကာမဂုဏ်တို့၌ တောင့်တ တပ်မက်သော တဏှာတို့သည်။ သမုဂ္ဃါတံ၊ အကြွင်းမဲ့ နုတ်ပယ်အပ်သည်၏ အဖြစ်သို့။ ဂစ္ဆန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ အာလယသမုဂ္ဃါတောတိ၊ ဟူ၍။

ဝုစ္စတိ၊ ၏။ စ၊ အဘိုတပါးကို ဆိုဦးအံ့။ တံ၊ ကို။ အာဂမ္မ၊ ၍။ တေဘူမကဝဋ္ဋံ၊ ကာမ ရူပ အရူပဟူသော ဘုံသုံးပါး၌ဖြစ်သော ဝဋ်တရားသည်။ ပစ္စိဇ္ဇတိ၊ တဖန် မဖြစ်ခြင်းဟူသော ပြတ်ခြင်းဖြင့် ပြတ်၏။ တသ္မာ၊ ကြောင့်။ ဝဋ္ဋုပစ္ဆေဒေါတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ပန၊ အံ့။ ယသ္မာ၊ ကြောင့်။ တံ၊ ကို။ အာဂမ္မ၊ ၍။ သဗ္ဗသော၊ ခပ်သိမ်းစုံအားဖြင့်။ တဏှာ၊ တဏှာသည်။ ခယံ၊ ကုန်ခြင်းသို့။ ဂစ္ဆတိ၊ ၏။ ဝိရဇ္ဇတိ၊ ကင်း၏။ နိရုဇ္ဈတိ၊ ချုပ်၏။ တသ္မာ၊ ကြောင့်။ တဏှက္ခယောတိ စ၊ ဟူ၍ငင်း။ ဝိရာဂေါတိ စ၊ ဟူ၍ငင်း။ နိရောဓောတိ စ၊ ဟူ၍ငင်း။ ဝုစ္စတိ၊ ၏။ စ၊ အံ့။ ယသ္မာ၊ ကြောင့်။ တေ နိဗ္ဗာနံ၊ သည်။ စတဿော၊ လေးပါးကုန် သော။ ယောနိယော စ၊ အဏ္ဍဇ ဇလာဗုဇ သံသေဒဇ ဥပပါတ်ဟူသော ယောနိတို့ကိုငင်း။ ပဉ္စ၊ ငါးပါးကုန်သော။ ဂတိယော စ၊ ဒေဝ, မနုဿ, နိရယ, ပေတ, တိရစ္ဆာနဟူကုန်သော ဂတိတို့ကိုငင်း။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဝိညာ-ဏဋ္ဌိတိယော စ၊ ဝိညာဏဋ္ဌိတိတို့ကိုငင်း။ နဝ၊ ကိုးပါးကုန်သော။ သတ္တာဝါသေ စ၊ သတ္တာဝါသတို့ကိုငင်း။ အပရာပရဘာဝါယ၊ တပါးမှတပါး အထပ်ထပ် အခါခါ ဖြစ်ခြင်းငှါ။ ဝိနနတော အာဗန္ဓနတော၊ ဖွဲ့နှောင်တတ်သောကြောင့်။ သံသိဗ္ဗနတော၊ ချုပ်စပ်တတ်သောကြောင့်။ ဝါနန္တိ၊ ဝါန-ဟူ၍။ လဒ္ဓဝေါဟာ-ရာယ၊ ရအပ်သော ခေါ်ဝေါ်ခြင်းရှိသော။ တဏှာယ၊ တဏှာမှ။ နိက္ခန္တံ၊ ထွက်မြောက်၏။ နိဿဋံ၊ လွတ်၏။ ဝိသံယုတ္တံ၊ မယှဉ်။ တသ္မာ၊ ကြောင့်။ နိဗ္ဗာနန္တိ၊ ၍။ ဝုစ္စတိ၊ ၏။ (ပါရာဇိကဏ်အဋ္ဌကထာအနက်)

မာနမဒပုရိသမဒါဒယောတိ တွေ၊ မာန။ ပ ။ ဒယော-ဟူသော ပုဒ်၌။ ဇာတိ-အာဒိံ၊ အမျိုးဇာတ် အစရှိသည်ကို။ နိဿာယ၊ ၍။ သေယျဿ၊ မြတ်သော ပုဂ္ဂိုလ်အား။ အဟံ၊ သည်။ သေယျော၊ မြတ်သည်။ အသ္မိ၊ ဖြစ်၏။ ဣတိ-အာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ဥပ္ပဇ္ဇနကမာနော ယေဝ၊ ဖြစ်သော မာန သည်ပင်လျှင်။ မဒဇနနဋ္ဌေန၊ ယစ်မူးမေ့လျော့ခြင်းကို ဖြစ်စေတတ်သော သဘောကြောင့်။ မဒေါ၊ မည်၏။ ဣတိ၊ ထို့ကြောင့်။ မာနမဒေါ၊ မာနမဒ မည်၏။ ပုရိသမာနော၊ ပုရိသမာနကို။ အသဒ္ဓမ္မသေဝနသမတ္ထတံ၊ ပါဏာတိပါတ အစရှိသော မသူတော်တို့ အကျင့်ကို မှီဝဲခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကို။ နိဿာယ၊ မှီ၍။ အဟံ ပုရိသောတိ၊ ငါယောကျ်ား ဟူ၍။ ဥပ္ပဇ္ဇနက မာနော၊ ဖြစ်သောမာနကို။ ပုရိသမဒေါ၊ ပုရိသမဒ-ဟူ၍။ ဝုစ္စတိ၊ ၏။ အသဒ္ဓမ္မ-သေဝနသမတ္ထတံ၊ မေထုနသမာစာရဟူသော အသဒ္ဓမ္မအကျင့်ကို မှီဝဲခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်ကို။ နိဿာယ၊ မှီ၍။ အဟံပုရိသောတိ၊ ဟူ၍။ ပဝတ္တော၊ သော။ ရာဂေါဝေ ဝါ၊ ရာဂသည်သာလျှင်ငင်း။ ပုရိသမဒေါ၊ ပုရိသမဒ မည်၏။ ဣတိ၊ သို့။ ကေစိ၊ အချို့ကုန်သော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ အာဒိသဒ္ဒေန၊ ပုရိသမဒါဒယော-၌ အာဒိသဒ္ဒါဖြင့်။ ဗလမဒယောဗ္ဗနမဒါဒိံ၊

ဗလမဒ ယောဗ္ဗနမဒ အစရှိသော မာနကို။ သင်္ကေတ်တိ၊ သင်္ကပ်၏။ ဤကား ပါရာဇိကဏ်အဋ္ဌကထာကို မြန်မာပြန်ဆိုသည့်အတွင်းဝယ် ဆောင်ပြခဲ့သော သာရတ္ထဒီပနီဋီကာ အနက်။

## ၁၄-ဘုံကိုးပါး-ဌိတိခုနစ်ပါး-စသည်ကို ပြပုံ

## သတ္တာဝါသဘုံကိုးပါး ဝိညာဏဋ္ဌိတိခုနစ်ပါးတို့အရ ပြခြင်း

ဤအရာဝယ် "သတ္တဝိညာဏဋ္ဌိတိယော နဝ စ သတ္တာဝါသေ" ဟူသော အဋ္ဌကထာစကားနှင့် အလျဉ်းသင့်သောအားဖြင့် နဝသတ္တာဝါသ၏အရ သရုပ်၊ သုဒ္ဓါဝါသငါးဘုံ၏ စတုတ္ထသတ္တာဝါသသို့ဝင်ကြောင်း၊ ဝိညာဏဋ္ဌိတိ ခုနစ်ပါး၏ သရုပ်တို့ကို ပြလိုက်ဦးအံ့။

သတ္တဝါတို့၏ တည်နေရာ ဖြစ်ရာဘုံသည် အသီးအသီး ဌာနအားဖြင့် သုံးဆဲ့တပါး ပြားသော်လည်း ကိုယ်သဏ္ဌာန်ပမာဏ စသည် တူမတူ၊ ပဋိသန္ဓေ သညာ တူမတူ၊ သဘောတူရာ ပေါင်းသောအားဖြင့်—

(၁) နာနတ္တကာယ နာနတ္တသညီဘုံ

(၂) နာနတ္တကာယ ဧကတ္တသညီဘုံ

(၃) ဧကတ္တကာယ နာနတ္တသညီဘုံ

(၄) ဧကတ္တကာယ ဧကတ္တသညီဘုံ

ဤလေးပါးတို့၌ (၅-၆-၇-၈-၉) အသညသတ်ဘုံ၊ အရူပလေးဘုံတို့ကိုထည့်၍ သတ္တာဝါသဘုံကိုးပါး ဖြစ်သည်။ ထိုတွင်—

(၁) ကာမာဝစရ နတ် လူ ဝိနိပါတိက အသုရာတို့သည် တယောက်နှင့် တယောက် အဆင်းသဏ္ဌာန် စသည်ဖြင့် ကိုယ်မတူ၊ ကာမာဝစရ နတ်တို့မှာ ဒွိဟိတ် တိဟိတ် ပဋိသန္ဓေ၊ လူနှင့် ဝိနိပါတိကတို့မှာ သုဂတိ အဟိတ် ဒွိဟိတ် တိဟိတ် ပဋိသန္ဓေရှိကုန်သည်ဖြစ်၍ ပဋိသန္ဓေသညာလည်း မတူကုန်ရကားငင်းတို့၏တည်နေရာ ကာမသုဂတိ ခုနစ်ဘုံသည် "နာနတ္တကာယ နာနတ္တသညီဘုံ" မည်၏။ ထိုဘုံသည် ဌာနအားဖြင့် ခုနစ်ပါး ပြားသော်လည်း နာနတ္တကာယ နာနတ္တသညီ အဖြစ်ဖြင့် တူသောကြောင့် တပါးတည်းသာ ယူသည်၊ နောက်ကိုလည်း ဤနည်းမှတ်။

(၂) ဝိနိပါတိက အသုရာတို့သည် နတ်စစ်သည်တို့ကဲ့သို့ တန်ခိုးမကြီး၊ အထီးကျန်သော လူတို့ကဲ့သို့ နည်းသောတန်ခိုး ရှိကုန်၏၊ ရခဲ ရှားပါးသော အစာအဝတ် ရှိကုန်သည်ဖြစ်၍ ဆင်းရဲဖြင့် နှိပ်စက်ကုန်၏၊ အချို့မှာ လဆန်း၌ ချမ်းသာကို ခံစား၍ လဆုတ်၌ ဆင်းရဲကို ခံရသည်၊ ယင်းတို့ကား အပါယ်ဘုံသားသို့ မဝင်၊ ဘုမ္မစိုးနှင့် အလားတူရကား စတုမဟာရာဇ်သို့သာ ဝင်၏။ ထိုသို့ စတုမဟာရာဇ်သို့ဝင်ကြောင်း အပါယ်သို့ မဝင်ကြောင်းကိုလည်း အနုရုဒ္ဓါမထေရ်၏ တရားကိုနာရ၍ သောတာပန်တည်သော ပိယင်္ကရမာတာ၊ မြတ်စွာဘုရားထံ တရားတော်ကို နာရ၍ သောတာပန်တည်သော ဥတ္တရမာတာ ဝိနိပါတိကတို့ကို ထောက်၍ သိလေ။

အစဉ်အတိုင်း ဟီန မဇ္ဈိမ ပဏီတအားဖြင့် ပွါးစေအပ်သော ရူပါဝစရ ပဌမဈာန် ကုသိုလ်ကြောင့်ဖြစ်၍ ဗြဟ္မပါရိသဇ္ဇဗြဟ္မာတို့၏ ကိုယ်ထက် ဗြဟ္မပုရောဟိတဗြဟ္မာတို့ ကိုယ်ကြီးသည်၊ ယင်းတို့ကိုယ်ထက် မဟာဗြဟ္မာတို့၏ ကိုယ်ကြီးသည်ဖြစ်၍ ပဌမဈာန်ဗြဟ္မာတို့၏ ကိုယ်သည် ပမာဏအားဖြင့် မတူ၊ ထိုဗြဟ္မာသုံးပါးလုံးပင် ရူပပဌမဈာန် ဝိပါက်ပဋိသန္ဓေသာ ရှိရကား ပဋိသန္ဓေသညာအားဖြင့် တူသည်၊ အပါယ်လေးဘုံသား သတ္တဝါတို့ကိုယ်သည် အဆင်းသဏ္ဌာန် ပမာဏအားဖြင့် မတူ၊ အကုသလဝိပါက် သန္တီရဏ ပဋိသန္ဓေသာ ရှိကုန်ရကား ပဋိသန္ဓေသညာအားဖြင့် တူသည်ဖြစ်၍ ၎င်းတို့၏ ဖြစ်ရာတည်ရာ ပဌမဈာန်သုံးဘုံ အပါယ်လေးဘုံသည် "နာနာတ္တကာယ ဧကတ္တသညီဘုံ" မည်၏။

(၃) ဒုတိယဈာန်သုံးဘုံ ဗြဟ္မာတို့သည် ပမာဏအားဖြင့် တူသောကိုယ် ရှိကုန်သည်၊ ဒုတိယဈာန်ဝိပါက် တတိယဈာန်ဝိပါက်လျှင် ပဋိသန္ဓေရှိရကား ပဋိသန္ဓေသညာအားဖြင့် မတူကုန်သည်ဖြစ်၍ ထိုဗြဟ္မာတို့၏ တည်နေရာဖြစ်ရာ ဒုတိယဈာန်သုံးဘုံသည် "ဧကတ္တကာယ နာနာတ္တသညီဘုံ" မည်၏။

(၄) တတိယဈာန်သုံးဘုံ ဗြဟ္မာတို့သည် ပမာဏအားဖြင့် တူသောကိုယ် ရှိကုန်သည်၊ စတုတ္ထဈာန်ဝိပါက်လျှင် ပဋိသန္ဓေရှိကုန်ရကား ပဋိသန္ဓေသညာအားဖြင့်လည်း တူကုန်သည်၊ ဝေဟပ္ဖိုလ်ဗြဟ္မာတို့လည်း ပမာဏအားဖြင့် တူသောကိုယ် ရှိကုန်သည်၊ ရူပပဉ္စမဈာန်လျှင် ပဋိသန္ဓေရှိကုန်ရကား ပဋိသန္ဓေသညာအားဖြင့်လည်း တူကုန်သည်ဖြစ်၍ ထိုဗြဟ္မာတို့၏တည်ရာ တတိယဈာန်သုံးဘုံ ဝေဟပ္ဖိုလ်ဘုံသည် "ဧကတ္တကာယ ဧကတ္တသညီဘုံ" မည်၏။

(၅-၆-၇-၈) အရူပလေးဘုံဗြဟ္မာတို့အား ကိုယ်သဏ္ဌာန်မရှိ၊ ပဋိသန္ဓေအားဖြင့်ကား ပဉ္စမာရုပ္ပဗြဟ္မာတို့မှာ ပဉ္စမာရုပ္ပဝိပါက် ပဋိသန္ဓေတပါးသာ ရှိကုန်သည်ဖြစ်၍ ထိုဗြဟ္မာတို့၏ ဖြစ်ရာဘုံကို ဧကာသညာ ကာယာ နတ္ထိ-ဟူ၍

တဘုံ၊ ထိုအတူ အထက် အရူပသုံးဘုံကိုလည်း ကောသညာ ကာယာ နတ္ထိ-ဟူ၍ အသီးအသီး တဘုံစီယူ၍ အရူပလေးဘုံ။

(၉) အသညသတ်ပြဟ္မာတို့အား ရူပကာယသာရှိ၍ ပဋိသန္ဓေသညာ မရှိသောကြောင့် ထိုပြဟ္မာတို့၏ ဖြစ်ရာ အသညသတ်ဘုံကို ကောကာယာ, သညာ နတ္ထိ-ဟု တဘုံယူ၍ သတ္တာဝါသ ကိုးပါး ဖြစ်သည်။

အသညသတ်ဘုံမှာ ပဋိသန္ဓေဝိညာဉ် မရှိ။ နေဝသညာ နာသညာယတနဘုံ၌ လည်း ထိုပြဟ္မာတို့အား ရှိသော ဝိညာဉ်သည် ရှန့်ရှင်းထင်ရှားသော ဝိညာဏ ကိစ္စကို မပြုနိုင်၊ သိမ်မွေ့သော ဝိညာဏကိစ္စကိုသာ ပြုနိုင်သည်ဖြစ်၍ ဝိညာဉ်ဟု မဆိုလောက်သောကြောင့် သတ္တာဝါသ ကိုးပါး၌ စတုတ္ထာရုပ္ပဘုံနှင့် အသညသတ် ဘုံကိုနုတ်၍ ဝိညာဏဋ္ဌိတိခုနစ်ပါးအရကိုယူ။ ဤစကားတို့ကို –

(က) နဝ သတ္တာဝါသာ။ သန္တာဝုသော သတ္တာ နာနတ္တကာယာ နာနတ္တသညိနော သေယျထာပိ မနုဿာ ဧကစ္စေ စ ဒေဝါ ဧကစ္စေ စ ဝိနိ-ပါတိကာ၊ အယံ ပဌမော သတ္တာဝါသော။

(ခ) သန္တာဝုသော သတ္တာ နာနတ္တကာယာ ဧကတ္တသညိနော သေယျထာပိ ဒေဝါ ပြဟ္မကာယိကာ ပဌမာဘိနိဗ္ဗတ္တာ၊ အယံ ဒုတိယော သတ္တာဝါသော။

(ဂ) သန္တာဝုသော သတ္တာ ဧကတ္တကာယာ နာနတ္တသညိနော သေယျထာပိ ဒေဝါ အာဘဿရာ၊ အယံ တတိယော သတ္တာဝါသော။

(ဃ) သန္တာဝုသော သတ္တာ ဧကတ္တကာယာ ဧကတ္တသညိနော သေယျထာပိ ဒေဝါ သုဘကိဏှာ၊ အယံ စတုတ္ထော သတ္တာဝါသော။

(င) သန္တာဝုသော သတ္တာ အသညိနော အပ္ပဋိသံဝေဒိနော သေယျထာပိ ဒေဝါ အသညသတ္တာ၊ အယံ ပဉ္စမော သတ္တာဝါသော။

(စ) သန္တာဝုသော သတ္တာ သဗ္ဗသော ရူပသညာနံ သမတိက္ကမာ ပဋိဃသညာနံ အတ္ထင်္ဂမာ နာနတ္တသညာနံ အမနသိကာရာ အနန္တော အာကာသောတိ အာကာသာနဉ္စာယတနူပဂါ၊ အယံ ဆဋ္ဌော သတ္တာဝါ-သော။

(ဆ) သန္တာဝုသော သတ္တာ သဗ္ဗသော အာကာသာနဉ္စာယတနံ သမတိက္ကမာ အနန္တံ ဝိညာဏန္တိ ဝိညာဏဉ္စာယတနူပဂါ၊ အယံ သတ္တမော သတ္တာဝါသော။

(ဇ) သန္တာဝုသော သတ္တာ သဗ္ဗသော ဝိညာဏဉ္စာယတနံ သမ-တိက္ကမာ နတ္ထိ ကိဉ္စိတိ အာကိဉ္စညာယတနူပဂါ၊ အယံ အဋ္ဌမော သတ္တာ-ဝါသော။

(ဈ) သန္တာဝုသော သတ္တာ သဗ္ဗသော အာကိဉ္စညာယတနံ သမ-တိက္ကမာ နေဝသညာ နာသညာယတနူပဂါ၊ အယံ နဝမောသတ္တာဝါသော။ ပါထေယျဝဂ် သင်္ဂီတိသုတ် ပါဠိတော် (၂၁၈) ဌင်းဝဂ် ဒသုတ္တရသုတ် ပါဠိတော် (၂၂၈)တို့ကို ပြဆိုလိုက်သည်။

(က) သတ္တာဝါသာ၊သတ္တဝါတို့၏ တည်နေရာ သတ္တာဝါသဘုံတို့သည်။ နဝ၊ ကိုးပါးတို့တည်း။ အာဝုသော၊ တို့။ မနုဿာ သေယျထာပိ၊ လူတို့ကဲ့သို့ငင်း။ ကေစ္စေ၊ ဒေဝမည်ကောင်းသော နတ်ပြဟ္မာတို့တွင် အချို့ကုန်သော။ ဒေဝါ သေယျထာပိ စ၊ စတုမဟာရာဇ် အစရှိသော ကာမာဝစရနတ်တို့ကဲ့သို့ငင်း။ ကေစ္စေ၊ အသုရကာယတို့တွင် အချို့ကုန်သော။ ဝိနိပါတိကာ သေယျထာပိ စ၊ ဝိနိပါတိကအသုရာတို့ကဲ့သို့ငင်း။နာနတ္တကာယာ၊ အဆင်းသဏ္ဌာန် ပမာဏအားဖြင့် အသီးအသီး မတူကွဲပြား ထူးခြားသော ကိုယ်ရှိကုန်သော။ နာနတ္တသညိ-နော၊ လူ၊ ဘုမ္မဿိတနတ်၊ ဝိနိပါတိက အသုရာတို့အား သုဂတိအဟိတ် ဒွိဟိတ် တိဟိတ်ပဋိသန္ဓေ၊ ဘုမ္မဿိတနတ်မှ တပါးသော ကာမာဝစရနတ်တို့အား ဒွိဟိတ် တိဟိတ် ပဋိသန္ဓေရှိကောင်းခြင်းကြောင့် ပဋိသန္ဓေသညာအားဖြင့် မတူ ထူးခြား ကွဲပြားသော သညာရှိကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ၊ ကုန်၏။ အယံ သတ္တာဝါသော၊ ဤနာနတ္တကာယ နာနတ္တသညီ ဖြစ်ကုန်သော လူ့ဘုံ ကာမာဝစရနတ်ဘုံ အသုရကာယ်ဘုံသည်။ ပဌမော၊ ရှေးဦးစွာသော။သတ္တာဝါ-သော၊ နာနတ္တကာယနာနတ္တသညီ သတ္တာဝါသမည်၏။

(ခ) အာဝုသော၊ တို့။ ပဌမာဘိနိဗ္ဗတ္တာ၊ ပဋိသန္ဓေအားဖြင့် ရူပါဝစရ ပဌမစျာန်၌ ဖြစ်ကုန်သော။ ဗြဟ္မကာယိကာဒေဝါ သေယျထာပိ၊ ဗြဟ္မ-ကာယိကဗြဟ္မာတို့ကဲ့သို့။ နာနတ္တကာယာ၊ ကုန်သော။ ကေတ္တသညိနော၊ ရူပ ပဌမစျာန်ဝိပါက်သာလျှင် ပဋိသန္ဓေရှိခြင်းကြောင့် ပဋိသန္ဓေသညာအားဖြင့် တူသော သညာရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သန္တိ၊ ကုန်၏။ အယံ၊ ဤနာနတ္တကာယကေတ္တသညီဖြစ်သော ပဌမစျာန်ဗြဟ္မာတို့၏ပဋိသန္ဓေအားဖြင့် ဖြစ်ရာ ပဌမစျာန်သုံးဘုံသည်။ ဒုတိယော၊ နှစ်ခုမြောက်သော။ သတ္တာဝါသော၊ နာနတ္တကာယကေတ္တသညီသတ္တာဝါသမည်၏။

(ဂ) အာဝုသော၊ တို့။ အာဘဿရာဒေဝါ သေယျထာပိ၊ အာဘဿရ ဗြဟ္မာတို့ကဲ့သို့။ ကေတ္တကာယာ၊ ပမာဏအားဖြင့် တူသောကိုယ် ရှိကုန်သော။

နာနတ္တသညိနော၊ ရူပဒုတိယဈာန်ဝိပါက် ရူပတတိယဈာန် ဝိပါက်လျှင် ပဋိသန္ဓေရှိကောင်းသောကြောင့် ပဋိသန္ဓေသညာအားဖြင့်မတူ ထူးခြားကွဲပြား သော သညာရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သန္တိ၊ ကုန်၏။ အယံ၊ ဤ ကေတ္တကာယ နာနာတ္တသညီ ဖြစ်ကုန်သော ဗြဟ္မာတို့၏ ပဋိသန္ဓေအားဖြင့် ဖြစ်ရာ ဒုတိယဈာန်သုံးဘုံသည်။တတိယော၊သုံးခုမြောက်သော။သတ္တာဝါသော၊ ကေတ္တကာယနာနာတ္တသညီသတ္တာဝါသမည်၏။

(ဃ) အာဝုသော၊ တို့။ သုဘကိဏှာဒေဝါ သေယျထာပိ၊ သုဘကိဏှ ဗြဟ္မာတို့ကဲ့သို့။ ဧကတ္တကာယာ၊ ပမာဏအားဖြင့် တူသောကိုယ်ရှိကုန်သော။ ဧကတ္တသညိနော၊ တတိယဈာန် ဗြဟ္မာဖြစ်အံ့ ရူပစတုတ္ထဈာန်ဝိပါက်၊ ဝေဟပ္ဖိုလ် ဗြဟ္မာဖြစ်အံ့ ရူပပဉ္စမဈာန် ဝိပါက်လျှင် ပဋိသန္ဓေရှိခြင်းကြောင့် ပဋိသန္ဓေသညာ အားဖြင့် တူသော သညာရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သန္တိ၊ ကုန်၏။ အယံ၊ ဤ ဧကတ္တကာယဧကတ္တသညီ ဖြစ်ကုန်သော ဗြဟ္မာတို့၏ဖြစ်ရာ တတိယဈာန်သုံးဘုံ ဝေဟပ္ဖိုလ်ဘုံသည်။ စတုတ္ထော၊ သော။ သတ္တာဝါသော၊ ဧကတ္တကာယဧကတ္တသညီသတ္တာဝါသ မည်၏။

(င) အာဝုသော၊ တို့။ အသညသတ္တာ ဒေဝါ သေယျထာပိ၊ အသညသတ် ဗြဟ္မာတို့ကဲ့သို့။ အသညိနော၊ ပဋိသန္ဓေသညာမှ ကင်းကုန်သော။ အပဋိသံဝေ-ဒိနော၊ တစုံတခုသော အာရုံကိုမျှ ခံစားနိုင်ခြင်း မရှိကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ၊ ကုန်၏။ အယံ၊ ဤပဋိသန္ဓေသညာ မရှိသော သတ္တဝါတို့၏ ဖြစ်ရာ အသညသတ်ဘုံသည်။ ပဉ္စမော၊ သော။ သတ္တာဝါသော၊ သတ္တာဝါသ မည်၏။

(စ) အာဝုသော၊ တို့။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အလုံးစုံ အကြွင်းမဲ့အားဖြင့်။ ရူပသညာနံ၊ ရူပသညာတို့ကို။ သမတိက္ကမာ၊ ကောင်းစွာလွန်ခြင်းကြောင့်။ သဗ္ဗသော၊ လုံးစုံကြွင်းမဲ့။ ပဋိဃသညာနံ၊ ပဋိဃ-သညာတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းသို့ ရောက်ခြင်းကြောင့်။ နာနတ္တသညာနံ၊ နာနတ္တသညာတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ ဝါ၊ နှလုံး မသွင်းကုန်မူ၍။ အနန္တော အာကာသောတိ၊ ဟူ၍။ ဘာဝနံ၊ သမထ-ဘာဝနာကို။ ဘာဝယန္တာ၊ စီးဖြန်းပွါးများကုန်သည်ဖြစ်၍။ အာကာသာနဉ္စာ-ယတနုပဂါ၊ အာကာသာနဉ္စာယတန ဈာန်ကို ရကုန်သော။ ဝါ၊ အာကာသာ-နဉ္စာယတနဘုံသို့ ရောက်ကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ၊ ကုန်၏။ အယံ၊ ဤ အာကာသာနဉ္စာယတန ဈာနလာဘီ ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအားဖြင့် ဖြစ်ရာ ရောက်ရာ ပဌမာရူပ္ပဘုံသည်။ ဆဋ္ဌော၊ သော။ သတ္တာဝါသော၊ မည်၏။

(ဆ) အာဝုသော၊ တို့။ သဗ္ဗသော၊ ကြွင်းမဲ့ဥဿုံ အလုံးစုံအားဖြင့်။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနစျာန်ကို။ သမတိက္ကမာ၊ လွန်ခြင်းကြောင့်။ ဝါ၊ လွန်ကုန်၍။ အနန္တံ ဝိညာဏန္တိ၊ အနန္တံဝိညာဏံ-ဟူ၍။ ဘာဝနံ၊ ကို။ ဘာဝယန္တာ၊ ၍။ ဝိညာဏဉ္စာယတနုပဂါ၊ ဝိညာဏဉ္စာယတနစျာန်ကို ရကုန်သော။ ဝါ၊ ဝိညာဏဉ္စာယတနဘုံသို့ ရောက်ကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ၊ ကုန်၏။ အယံ၊ ဤဝိညာဏဉ္စာယတန စျာနလာဘီ ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအားဖြင့် ဖြစ်ရာ ရောက်ရာ ဒုတိယာရူပဘုံသည်။ သတ္တမော၊ သော။ သတ္တာဝါသော၊ မည်၏။

(ဇ) အာဝုသော၊ တို့။ သဗ္ဗသော၊ ဖြင့်။ ဝိညာဏဉ္စာယတနံ၊ ကို။ သမတိက္ကမာ၊ ကြောင့်။ ဝါ၊ ၍။ နတ္ထိ ကိဉ္စီတိ၊ ဟူ၍။ ဘာဝနံ၊ ကို။ ဘာဝယန္တာ၊ ၍။ အာကိဉ္စညာယတနုပဂါ၊ အာကိဉ္စညာယတနစျာန်ကို ရကုန်သော။ ဝါ၊ အာကိဉ္စညာယတနဘုံသို့ ရောက်ကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ၊ ကုန်၏။ အယံ၊ ဤအာကိဉ္စညာယတန စျာနလာဘီ ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအားဖြင့် ဖြစ်ရာ ရောက်ရာ တတိယာရူပဘုံသည်။ အဋ္ဌမော၊ သော။ သတ္တာဝါသော၊ မည်၏။

(ဈ) အာဝုသော၊ တို့။ သဗ္ဗသော၊ ဖြင့်။ အာကိဉ္စညာယတနံ၊ ကို။ သမတိက္ကမာ၊ ကြောင့်။ ဝါ၊ ၍။ နေဝသညာ နာသညာယတနုပဂါ၊ နေဝသညာ နာသညာ ယတနစျာန်ကို ရကုန်သော။ ဝါ၊ နေဝသညာ နာသညာယတနဘုံသို့ ရောက်ကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ၊ ကုန်၏။ အယံ၊ ဤနေဝသညာ နာသညာယတန စျာနလာဘီ ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအားဖြင့် ဖြစ်ရာ ရောက်ရာ စတုတ္ထာရူပဘုံသည်။ နဝမော၊ သော။ သတ္တာဝါသော၊ မည်၏။

ဤပါဠိတော်တို့၌ အပါယ်လေးဘုံ တိုက်ရိုက်မပါသော်လည်း သင်္ခါရပစ္စယာ ဝိညာဏံ-ဝယ် အပုညာဘိသင်္ခါရ၏ အကုသလဝိပါက် ခုနစ်ခုအား ကျေးဇူးပြုကြောင်းကိုပြရာ သမ္မောဟဝိနောဒနီ ပဋိစ္စသမုပ္ပါဒဝိဘင်းအဋ္ဌကထာ(၁၅၉) ၌—

“အပုညာဘိသင်္ခါရော ပန ယသ္မာ ကေသိဉ္စိ ယေဝ ကာမဘဝေ စတူသု ယောနီသု အဝသေသာသု တီသု ဂတီသု နာနာတ္တကာယ-ကေတ္တသညီသင်္ခါတာယ ဧကိဿာ ဝိညာဏဋ္ဌိတိယာ တာဒိသေယေဝ စ ကေသိဉ္စိ သတ္တာဝါသေ ပဋိသန္ဓိဝသေန ဝိပစ္စတိ။ တသ္မာ သေ ကေသိဉ္စိ ဘဝေ စတူသု ယောနီသု တီသု ဂတီသု ဧကိဿာ ဝိညာဏဋ္ဌိတိယာ ဧကမှိ စ သတ္တာဝါသေ သတ္တန္နံ ဝိပါကဝိညာဏာနံ ဝုတ္တနယေနေဝ ပစ္စယော ဟောတိ ပဋိသန္ဓိယာ ပဝတ္တေ စ။

ဟူ၍ အပုညာဘိသင်္ခါရသည် နာနာက္ခဏိက ကမ္မပစ္စယ ဖြစ်သော ဝိညာဏ-
ဋ္ဌိတိ၊ နာနာက္ခဏိက ကမ္မပစ္စယ ဖြစ်သော သတ္တာဝါသဘုံ၌ အကုသလ
ဝိပါက် ဝိညာဏဓာတ်ခုနစ်ပါးကို ဖြစ်စေကြောင်းကို ပြဆိုအပ်သည်ဖြစ်၍ အပါယ်
လေးဘုံကို နာနာက္ခဏိက ကမ္မပစ္စယ အဖြစ်ဖြင့် ရှုပပဋ္ဌမဈာန်ဘုံနှင့် တူသော
ကြောင့် ဒုတိယဝိညာဏဋ္ဌိတိ, ဒုတိယ သတ္တာဝါသသို့ သွင်း၍ယူ။

အပုညာဘိသင်္ခါရော ပန၊ သည်ကား။ ယသ္မာ၊ ကြောင့်။ ကေသုဉ္စိ ဘဝေ၀
ကာမဘဝေ စ၊ ကာမ ရူပါရူပဘဝ သုံးပါးတွင် ကာမဘဝ တပါးတည်း၌
သာလျှင်ရင်း။ စတူသု ယောနီသု စ၊ အဏ္ဍဇ ဇလာဗုဇ သံသေဒဇ ဥပပါတ်
ဟူသော လေးပါးလုံးသော ယောနိတို့၌ရင်း။ အဝသေသာသု၊ မနုဿဂတိ,
ဒေဝဂတိမှ ကြွင်းကုန်သော။ တီသု ဂတီသု စ၊ နိရယဂတိ, ပေတဂတိ,
တိရစ္ဆာနဂတိ-ဟူသော ဂတိသုံးပါးတို့၌ရင်း။ နာနာက္ခဏိကကမ္မပစ္စယ
သင်္ခါတာယ၊ နာနာက္ခဏိက ကမ္မပစ္စယ ဟု ဆိုအပ်သော။ ဧကိဿာ
ဝိညာဏဋ္ဌိတိယာ စ၊ တခုတည်းသော ဝိညာဏဋ္ဌိတိ၌ရင်း။ တာဒိသေယေဝ၊
ထိုသို့သော နာနာက္ခဏိက ကမ္မပစ္စယ သဘောရှိသည်သာလျှင် ဖြစ်သော။
ဧကသ္မိံ သတ္တာဝါသေ စ၊ တခုတည်းသော သတ္တာဝါသ၌ရင်း။ ပဋိသန္ဓိဝသေန၊
ပဋိသန္ဓေ၏ အစွမ်းဖြင့်။ ဝိပစ္စတိ၊ အကျိုးကို ဖြစ်စေ၏။ တသ္မာ၊ ထိုသို့ ဆိုအပ်
ပြီးသော အရာတို့၌သာ အကျိုးကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်။
သေ-သော၊ ဤအပုညာဘိသင်္ခါရသည်။ ကေသုဉ္စိ ဘဝေ၀ ဘဝေ၊ ၌သာလျှင်။
စတူသု ယောနီသု၊ တို့၌။ တီသု ဂတီသု၊ တို့၌။ ဧကိဿာ ဝိညာဏဋ္ဌိတိယာ၊ ၌။
ဧကမှိ စ သတ္တာဝါသေ၊ တခုတည်းသာလည်းဖြစ်သော သတ္တာဝါသ၌။ သတ္တန္နံ
ဝိပါကဝိညာဏာနံ၊ ခုနစ်ပါးသော အကုသလဝိပါက်ဝိညာဉ်တို့၏။ ဝုတ္တနယေ-
နေ၀၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ပဋိသန္ဓိယာ စ၊ ပဋိသန္ဓေအခါ၌ရင်း။
ပဝတ္တေ စ၊ ပဝတ္တိအခါ၌ရင်း။ ပစ္စယော၊ ဇနကအကြောင်းသည်။ ဟောတိ၊ ၏။

## ကြီး-ငယ်-နိမ့်-မြင့်-လှ-မလှ-သတ္တဝါများ

သုတ်မဟာဝါအဋ္ဌကထာမဟာနိဒါနသုတ် (၁၀၁) အဖွင့်၌ကား အပါယ်လေးဘုံ
သည် နာနာက္ခဏိက ကမ္မပစ္စယ အဖြစ်ဖြင့် ပဌမဈာန်သုံးဘုံနှင့် တူသော
ကြောင့် ထိုအပါယ်လေးဘုံသည် နာနာက္ခဏိက ကမ္မပစ္စယ အဖြစ်ဖြင့်
ရေတွက်ခြင်းသို့ ရောက်ကြောင်းကို—

> ယထာ စ တေ ဧဝံ စတူသု အပါယေသု သတ္တာ။ နိရယေသု ဟိ
> ကေသဉ္စိ ဂါဝုတံ၊ ကေသဉ္စိ အဍ္ဎယောဇနံ၊ ကေသဉ္စိ ယောဇနံ
> အတ္တဘာဝေါ ဟောတိ။ ဒေဝဒတ္တဿ ပန ယောဇနသတိကော
> ဇာတော။ တိရစ္ဆာနေသုပိ ကေစိ ခုဒ္ဒကာ၊ ကေစိ မဟန္တာ။ ပေတ္တိ-

ဝိသယေပိ ကေစိ သဋ္ဌိဟတ္ထာ၊ ကေစိ သတ္တတိဟတ္ထာ၊ ကေစိ အသီတိဟတ္ထာ ဟောန္တိ။ ကေစိ သုဝဏ္ဏာ၊ ကေစိ ဒုဗ္ဗဏ္ဏာ ဟောန္တိ။ တထာ ကာလကဉ္စိကာ အသုရာ။ အပိ စေတ္ထ ဒီဃပိဋ္ဌိကပေတာနာမ သဋ္ဌိယောဇနိကာပိ ဟောန္တိ။ သညာ ပန သဗ္ဗေသံပိ အကုသလဝိပါကအဟေတုကာဝ ဟောန္တိ။ ဣတိ အာပါယိကာပိ နာနတ္တကာယ ကေတ္တသညိနော တွေဝ သင်္ခံ ဂစ္ဆန္တိ။

ဟူ၍ တိုက်ရိုက်သိသာ ထင်ရှားစွာပင် ပြဆိုတော်မူ၏။

တေ၊ ထိုပဋ္ဌမဈာန်သုံးဘုံဖြဟ္မာတို့သည်။ နာနတ္တကာယ ကေတ္တသညိနော၊ တဘုံနှင့်တဘုံ ပမာဏအားဖြင့် မတူ ကွဲပြား ထူးခြားသော အတ္တဘော ရှိကုန်၊ ပဋိသန္ဓေသညာအားဖြင့် တူသောသညာ ရှိကုန်သည်။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ စတူသု အပါယေသု၊ အပါယ်လေးဘုံတို့၌။ သတ္တာ၊ တို့သည်။ နာနတ္တကာယ ကေတ္တသညိနော၊ တယောက်နှင့် တယောက် မတူသောကိုယ်ရှိကုန်၊ ပဋိသန္ဓေသညာအားဖြင့် တူသောသညာ ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ နိရယေသု၊ ငရဲတို့၌။ ကေသဉ္စိ၊ အချို့သော ငရဲသူတို့၏။ အတ္တဘာဝေါ၊ သည်။ ဂါဝုတံ၊ တဂါဝုတ် ပမာဏရှိသည်။ ဟောတိ၊ ၏။ ကေသဉ္စိ၊ တို့၏။ အတ္တဘာဝေါ၊ သည်။ အဍ္ဎယောဇနံ၊ ယူဇနာခွဲ ပမာဏရှိသည်။ ဟောတိ၊ ၏။ ကေသဉ္စိ၊ တို့၏။ အတ္တဘာဝေါ၊ သည်။ ယောဇနံ၊ တယူဇနာ ပမာဏ ရှိသည်။ ဟောတိ၊ ၏။ ဒေဝဒတ္တဿ ပန၊ ဒေဝဒတ်၏ကား။ အတ္တဘာဝေါ၊ သည်။ ယောဇနသတိကော၊ ယူဇနာတရာ ပမာဏရှိသည်။ ဇာတော၊ ၏။ တိရစ္ဆာနေသုပိ၊ တိရစ္ဆာန် တို့၌လည်း။ တို့တွင်လည်း။ ကေစိ၊ အချို့သော တိရစ္ဆာန်တို့သည်။ ခုဒ္ဒကာ၊ ငယ်သောကိုယ် ပမာဏရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ကေစိ၊ တို့သည်။ မဟန္တာ၊ ကြီးသောကိုယ် ပမာဏရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပေတ္တိဝိသယေပိ၊ ပြိတ္တာဘုံ၌လည်း။ ကေစိ၊ အချို့သော ပြိတ္တာတို့သည်။ သဋ္ဌိဟတ္ထာ၊ အတောင် ခြောက်ဆယ် ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ကေစိ၊ တို့သည်။ သတ္တတိဟတ္ထာ၊ အတောင်ခုနစ်ဆယ် ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ကေစိ၊ တို့သည်။ အသီတိဟတ္ထာ၊ အတောင်ရှစ်ဆယ် ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ကေစိ၊ တို့သည်။ သုဝဏ္ဏာ၊ အဆင်းလှကုန်သည်။ ကေစိ၊ တို့သည်။ ဒုဗ္ဗဏ္ဏာ၊ အဆင်း မလှကုန်သည်။ ဟောန္တိ၊ ကုန်၏။ တထာ၊ ထိုပြိတ္တာတို့အတူ။ ကာလကဉ္စိကာ အသုရာ၊ ကာလကဉ္စိက အသုရာတို့သည်။ ဟောန္တိ၊ ကုန်၏။ အပိစ၊ စင်စစ် သော်ကား။ ဧတ္ထ၊ ဤသတ္တဝါတို့၌။ ဝါ၊ တို့တွင်။ ဒီဃပိဋ္ဌိကပေတာနာမ၊ ရှည်သောကျောက်ကုန်းရှိကုန်သည်ဖြစ်၍ ဒီဃပိဋ္ဌိကမည်သော ပြိတ္တာတို့သည်။ သဋ္ဌိယောဇနိကာပိ၊ယူဇနာခြောက်ဆယ် ပမာဏရှိသော ကိုယ်ရှိကုန်သည်လည်း။

ဟောန္တိ၊ ကုန်၏။ သညာ ပန၊ ပဋိသန္ဓေသညာမူကား။ သဗ္ဗေသံပိ၊ အလုံးစုံသော ဇရဲသူ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်တို့အားလည်း။ အကုသလဝိပါက- အဟေတုကာဝ၊ အကုသလဝိပါက်အဟိတ်ဖြစ်သော ဥပေက္ခာသဟဂုတ်သန္တီရဏ လျှင် ပဋိသန္ဓေရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဠလတိ-တသ္မာ၊ ကြောင့်။ အာပါယိကာပိ၊ အပါယ်ဘုံသား သတ္တဝါတို့သည်လည်း။ နာနာတ္တကာယ ဧကတ္တ- သညိနော တွေဝ၊ နာနာတ္တကာယ ဧကတ္တသညီ သတ္တဝါတို့ဟူ၍သာလျှင်။ သခ်ံ၊ ခေါ်ဝေါ်ရေတွက်ခြင်းသို့။ ဂစ္ဆန္တိ၊ ကုန်၏။

---

## ၁၅-ဘုရားမပွင့်သော ကပ်အသင်္ချေ-စသည်ကို ပြပုံ

## သုဒ္ဓါဝါသဘုံသည် သတ္တာဝါသ ဖြစ် မဖြစ် ဝါဒများ

သုဒ္ဓါဝါသ ငါးဘုံသည် တရားတည်းဟူသော စကြာရတနာကို လည်စေတော်မူတတ် ဟောတတ်၍ ဓမ္မစက္ကဝတ္တိ ဖြစ်တော်မူသော မြတ်စွာဘုရား တည်းဟူသော စကြာဝတေးမင်း၏ သစ်တပ်မြို့နှင့် အလားတူရကား ကမ္ဘာအသင်္ချေ ပတ်လုံး ဘုရားဖြစ်ပွင့်တော်မမူသော ကာလ၌ ထိုဘုံဝယ် တစုံတယောက်သော သတ္တဝါမျှ မရှိ။ သတ္တဝါမှ သုန်းရကား အခါခပ်သိမ်း အစဉ်မပြတ် သတ္တဝါတို့၏ တည်နေရာ မဟုတ်သောကြောင့် ယခင်ပြဆိုခဲ့သော ပါထေယျပါဠိတော်ဝယ် သုဒ္ဓါဝါသဘုံကို သတ္တာဝါသ၏ အဖြစ်ဖြင့် တိုက်ရိုက်ဟောပြတော်မမူလေသည်။ သတ္တာဝါသ မဟုတ်သောကြောင့်သာ ဟောတော်မမူသည် မဟုတ်။ စင်စစ်သော် ထိုသုဒ္ဓါဝါသဘုံသည်လည်း တပါးဘုံများကဲ့သို့ သတ္တာဝါသပင် ဖြစ်ကြောင်း ကို—

> တတ္ထ သုဒ္ဓါဝါသာပိ သတ္တာဝါသာဝ။ အသဗ္ဗကာလိကတ္တာ ပန န ဂဟိတာ။ သုဒ္ဓါဝါသာ ဟိ ဗုဒ္ဓါနံ ခန္ဓာဝါရသဒိသာ အသင်္ချေယျကပ္ပေ ဗုဒ္ဓေသု အနိဗ္ဗတ္တန္တေသု တံ ဌာနံ သုညံ ဟောတီတိ အသဗ္ဗကာလိ- ကတ္တာ န ဂဟိတာ။

ဟူ၍ ဝင်းအဋ္ဌကထာ (၂၂၈) ၌ ပြဆိုတော်မူသောကြောင့် ထိုသုဒ္ဓါဝါသဘုံသား ပြဟ္မာတို့သည်လည်း တယောက်နှင့်တယောက် ပမာဏအားဖြင့် တူသောကိုယ် ရှိကုန်သည်။ ရူပပဉ္စမဈာန်ဝိပါက်လျှင် ပဋိသန္ဓေရှိကုန်ရကား ပဋိသန္ဓေသညာ အားဖြင့်လည်း တူသော သညာရှိကုန်ရကား ထိုသုဒ္ဓါဝါသဘုံသည် "ဧကတ္တ- ကာယဧကတ္တသညီ" အဖြစ်ဖြင့် ရူပတတိယဈာန်သုံးဘုံ ဝေဟပ္ဖိုလ်ဘုံတို့နှင့် တူသောကြောင့် ဝင်းသုဒ္ဓါဝါသဘုံကို စတုတ္ထသတ္တာဝါသသို့ သွင်းယူအပ်၏။

တတ္ထ၊ ထိုသတ္တာဝါသကို ပြရာပါဌ်တော်၌။ သုဒ္ဓါဝါသာပိ၊ သုဒ္ဓါဝါသဘုံတို့သည်လည်း။ သတ္တာဝါသာ၀၊ သတ္တာဝါသ ဖြစ်ကုန်သည်သာတည်း။ ပန၊ ထိုသို့ပင် သတ္တာဝါသ ဖြစ်ကုန်သော်သည်း။ အသဗ္ဗကာလိကတ္တာ၊ အစဉ်မပြတ်ခပ်သိမ်းသောကာလ၌ သတ္တဝါ မရှိသည်၏ အဖြစ်ကြောင့်။ တေ၊ ထိုသုဒ္ဓါဝါသဘုံတို့ကို။ န ဂဟိတာ၊ သတ္တာဝါသ အဖြစ်ဖြင့် ယူတော်မမူအပ်ကုန်။ ဟိသစ္စံ၊ ၏။ ဝါ၊ ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ သုဒ္ဓါဝါသာ၊ သုဒ္ဓါဝါသဘုံတို့သည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ခန္ဓာဝါရသဒိသာ၊ သစ်တပ်မြို့နှင့် တူကုန်သည်ဖြစ်၍။ အသင်္ချေယျကပ္ပေ၊ ကမ္ဘာအသင်္ချေတို့ပတ်လုံး။ ဗုဒ္ဓေသု၊ မြတ်စွာဘုရားတို့သည်။ အနိဗ္ဗတ္တန္တေသု၊ ဖြစ်ပွင့်တော်မမူကုန်သည်ရှိသော်။ တံ ဌာနံ၊ ထိုသုဒ္ဓါဝါဘုံတည်းဟူသော အရပ်သည်။ သုညံ၊ သတ္တဝါမှဆိတ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝါ၊ ဣတိ တသ္မာ အသဗ္ဗကာလိကတ္တာ၊ ဤသို့အစဉ်မပြတ်ခပ်သိမ်းသောကာလ၌ သတ္တဝါမရှိသည်၏ အဖြစ်ကြောင့်။ တေ၊ ထိုသုဒ္ဓါဝါသဘုံတို့ကို။ န ဂဟိတာ၊ ကုန်။

## သုဒ္ဓါဝါသဖြဟ္မာကြီးတို့သက်တမ်း

မူလပဏ္ဏာသ မူလပရိယာယ သုတ်အဋ္ဌကထာ (၃၇) ၌ကား ထိုသုဒ္ဓါဝါသဘုံသားအရှင်တို့သည် အနာဂါမ် ရဟန္တာချည်းသာ ဖြစ်ကုန်၏။ သုဒ္ဓါဝါသအနာဂါမ်တို့သည် ပဋိသန္ဓေအားဖြင့် မိမိဖြစ်ရာဘုံ၌လည်း တထပ်တဖန် မဖြစ်ကောင်း၊ သုဒ္ဓါဝါသမှတပါး အခြားဘုံတို့၌လည်း မဖြစ်ကောင်း၊ သုဒ္ဓါဝါသဘုံတွင်ရှိသာ အောက်အောက်ဘုံမှ စုတေ၍ အထက်အထက်ဘုံ၌သာ ဖြစ်ကောင်းသည်၊ အကနိဋ္ဌဘုံ၌ဖြစ်သော ပုဂ္ဂိုလ်သည် မိမိဖြစ်ခိုက်သောဘုံ၌လည်း ထပ်၍မဖြစ်ကောင်း၊ တပါးဘုံ၌လည်း မဖြစ်ကောင်း၊ ထိုဘဝ၌ပင် အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုမြဲဖြစ်သည်။ အဝိဟာဘုံ၌ဖြစ်သော အန္တရာပရိနိဗ္ဗာယီ, ဥပဟစ္စပရိနိဗ္ဗာယီ, အသင်္ခါရပရိနိဗ္ဗာယီ, သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်သည် မဟာကပ်တထောင်မျှသာ၊ အတပ္ပါဘုံ၌ဖြစ်သော ပုဂ္ဂိုလ်လေးယောက်တို့သည် မဟာကပ် နှစ်ထောင်မျှသာ၊ သုဒဿာဘုံ၌ဖြစ်သော ၎င်းပုဂ္ဂိုလ်သည် မဟာကပ်လေးထောင်မျှသာ၊ သုဒဿီဘုံ၌ဖြစ်သော ၎င်းပုဂ္ဂိုလ်သည် ၎င်းကပ်ရှစ်ထောင်မျှသာ၊ အကနိဋ္ဌဘုံ၌ဖြစ်သော ၎င်းပုဂ္ဂိုလ်သည် ၎င်းကပ်တသောင်းခြောက်ထောင်မျှသာ တည်နိုင်သည်။ ကာမဘုံမှ စုတေသည်၏ အခြားမဲ့ဝယ် အဝိဟာဘုံ၌ဖြစ်၍ အကနိဋ္ဌဘုံသို့ရောက်မှ အရဟတ္တဖိုလ်ကို ရလတ္တံ့သော ဥဒ္ဓံသောတ အကနိဋ္ဌဂါမိအနာဂါမ်ပင် ဖြစ်စေကာ အဝိဟာ၌ မဟာကပ်တထောင်၊ အတပ္ပါ၌ နှစ်ထောင်၊ သုဒဿာ၌ လေးထောင်၊ သုဒဿီ၌ ရှစ်ထောင်၊ အကနိဋ္ဌ၌ တသောင်းခြောက်ထောင်အားဖြင့် အလွန်အကျူး မဟာကပ် သုံးသောင်းတထောင်မျှသာ တည်နိုင်သည်၊ ဒီပင်္ကရာ မြတ်စွာဘုရား

နှင့် ကောဏ္ဍည မြတ်စွာဘုရားအကြား ကာလစသည်၌ကဲ့သို့ ကမ္ဘာအသင်္ချေ ကာလပတ်လုံး လောကဝယ် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့ ဖြစ်ပွင့်တော်မူခြင်း မရှိသောအခါ ထိုသုဒ္ဓါဝါသဘုံသည် သတ္တဝါတို့မှ ကင်းဆိတ်ကုန်သည်ဖြစ်၍ အခါခပ်သိမ်း အစဉ်မပြတ် သတ္တဝါမရှိသောကြောင့် ထိုသုဒ္ဓါဝါသဘုံကို သတ္တာဝါသ၏အစွမ်း ဝိညာဏဋ္ဌိတိ၏အစွမ်းဖြင့် ဟောယူတော်မမူကြောင်းကို—

> ယသ္မာ အယံ ဝဋ္ဋကထာ သုဒ္ဓါဝါသာ စ ဝိဝဋ္ဋပက္ခေ ဌိတာ။ အနာဂါမိခီဏာသဝါ ဧဝ ဟိ တေ ဒေဝါ။ ယသ္မာ ဝါ ကတိပယကပ္ပ-သဟဿာယုကာ တေ ဒေဝါ ဗုဒ္ဓုပ္ပါဒကာလေယေဝ ဟောန္တိ။ ဗုဒ္ဓါ ပန အသင်္ချေယျေပိ ကပ္ပေ န ဥပ္ပဇ္ဇန္တိ။ တဒါ သုညာ သာ ဘူမိ ဟောတိ။ ရညော ခန္ဓာဝါရဋ္ဌာနံ ဝိယ ဟိ သုဒ္ဓါဝါသဘဝေါ။ တေနေဝ ကာရဏေန ဝိညာဏဋ္ဌိတိဝသေနပိ သတ္တာဝါသဝသေနပိ န ဂဟိတာ။

ဟူ၍ ပြဆိုတော်မူသည်။

## သုဒ္ဓါဝါသဘုံ ပုဂ္ဂိုလ် အမြဲမရှိပုံ

အင်္ဂုတ္တိုရ်အဋ္ဌကထာ၃-(၁၆၅) ၌လည်း မဟာကပ်တသိန်း ကာလပတ်လုံး လောကဝယ် ဘုရားဖြစ်တော် မမူသည်ရှိသော် ထိုသုဒ္ဓါဝါသဘုံသည် သတ္တဝါမှ ကင်းဆိတ်သည်၊ တရားတည်းဟူသော စကြာရတနာကို လည်စေတတ်သော မြတ်စွာဘုရားတည်းဟူသော စကြဝတေးမင်း၏ သစ်တပ်မြို့နှင့် အလားတူရကား မဟာကပ် တသောင်းခြောက်ထောင်အတွင်း ဘုရားဖြစ်ပွင့်တော်မူသော်သာ ဘုံနေ သတ္တဝါရှိသည်ဖြစ်၍ ခပ်သိမ်းသောကာလဝယ် အစဉ်မပြတ်သတ္တဝါ မရှိ၊ တခါတရံမျှသာ ရှိသောကြောင့် ထိုသုဒ္ဓါဝါသဘုံသည် သတ္တာဝါသသို့ မဝင်ကြောင်းကို—

> ဝေဟပ္ဖလာပိ စတုတ္ထဝိညာဏဋ္ဌိတိမေဝ ဘဇန္တိ။ အသညသတ္တာ ဝိညာဏာဘာဝါ တ္တေ သင်္ဂဟံ န ဂစ္ဆန္တိ။ သတ္တာဝါသေသု ဂစ္ဆန္တိ။ သုဒ္ဓါဝါသာ ဝိဝဋ္ဋပက္ခေ ဌိတာ၊ န သဗ္ဗကာလိကာ။ ကပ္ပသတသဟဿမ္ပိ ဗုဒ္ဓသုညေ လောကေ န ဥပ္ပဇ္ဇန္တိ။ သောဠသကပ္ပသဟဿဗ္ဘန္တရေ ဗုဒ္ဓေသု ဥပ္ပန္နေသုယေဝ ဥပ္ပဇ္ဇန္တိ။ ဓမ္မစက္ကပ္ပဝတ္တိဿ ဘဂဝတော ခန္ဓာဝါရသဒိသာ ဟောန္တိ။ တသ္မာ နေဝ ဝိညာဏဋ္ဌိတိံ န သတ္တာဝါသံ ဘဇန္တိ။

ဟူ၍ ပြဆိုတော်မူသည်ဖြစ်၍ ထိုပဏ္ဏာသအဋ္ဌကထာ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာတို့ အလိုအားဖြင့်သော် သုဒ္ဓါဝါသဘုံသည် တစုံတခုသော သတ္တာဝါသသို့မဝင်။ ထိုဘုံကို သတ္တာဝါသ၏အဖြစ်ဖြင့် မယူအပ်။ သတ္တာဝါသမှ အလွတ်သီးခြား ဖြစ်သည် ဟူလိုကုန်၏။

ယသ္မာ၊ ကြောင့်။ အယံ ကထာ၊ ဤဟောတော်မူအပ်ပြီးသောစကားသည်။ ဝဋ္ဋကထာ၊ ဝဋ္ဋကထာ သာတည်း။ သုဒ္ဓါဝါသာ စ၊ သုဒ္ဓါဝါသဘုံတို့သည်လည်း။ ဝိဝဋ္ဋပက္ခေ၊ ဝိဝဋ္ဋအဘို့၌။ ဌိတာ၊ တည်ကုန်၏။ ဟိ သစ္စံ၊ ၏။ တေ ဒေဝါ၊ ထိုသုဒ္ဓါဝါသဘုံသား ဗြဟ္မာတို့သည်။ အနာဂါမိ ခီဏာသဝါ ဧဝ၊ အနာဂါမ် ရဟန္တာတို့ချည်းသာတည်း။ ဝါ၊ တနည်းကား။ ယသ္မာ၊ ကြောင့်။ တေ ဒေဝါ၊ ထိုသုဒ္ဓါဝါသဘုံသား ဗြဟ္မာတို့သည်။ ကတိပယကပ္ပသဟဿာယုကာ၊ ကမ္ဘာ တထောင် နှစ်ထောင် တသောင်း နှစ်သောင်းမျှသာ အသက်ရှည်ကုန်၏။ ဗုဒ္ဓုပ္ပါဒကာလေယေဝ စ၊ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားတို့ ထင်ရှား ဖြစ်ပွင့်တော်မူသော ကပ်ကမ္ဘာကာလ၌သာလျှင်လည်း။ တေ ဒေဝါ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

ဗုဒ္ဓါ ပန၊မြတ်စွာဘုရားတို့သည်ကား။ အသင်္ချေယျေပိ ကပ္ပေ၊ကမ္ဘာအသင်္ချေ တိုင်အောင်သော ကာလတို့ပတ်လုံးသော်လည်း။ န ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပွင့်တော် မမူကုန်။ တဒါ၊ ထိုအသင်္ချေယျတိုင် ကာလရှည်ကြာ အခါလေးမြင့် ဘုရား ဖြစ်ပွင့်တော်မမူသောကာလ၌။ သာ ဘူမိ၊ ထိုသုဒ္ဓါဝါသဘုံသည်။ သုညာ၊ သတ္တဝါမှဆိတ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ သစ္စံ၊ မှန်၏။ သုဒ္ဓါဝါသဘဝေါ၊ သုဒ္ဓါဝါသဘုံသည်။ ရညော၊ မြတ်စွာဘုရားတည်းဟူသော တရားမင်း၏။ ခန္ဓာဝါရဋ္ဌာနံ ဝိယ၊ သစ်တပ်မြို့ဌာနကဲ့သို့။ ဝါ၊ ဌာနနှင့်တူသည်။ ဟောတိ၊ ၏။ တေနေဝ ကာရဏေန၊ ဤနဝသတ္တာဝါသကထာ၏ ဝဋ္ဋကထာ သာ ဖြစ်သည်၏ အဖြစ်၊ သုဒ္ဓါဝါသဘုံ၏လည်း အနာဂါမ် ရဟန္တာတို့၏သာ တည်နေရာဖြစ်၍ ဝိဝဋ္ဋအဘို့၌ တည်သည်၏အဖြစ်၊ ထိုသုဒ္ဓါဝါသဘုံသား ဗြဟ္မာတို့၏လည်း ကမ္ဘာ တထောင် နှစ်ထောင်မျှသာ အသက်ရှည်သည်၏ အဖြစ်၊ ဘုရား ဖြစ်ပွင့်တော် မူသောအခါ၌သာ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေအားဖြင့် ဖြစ်ကောင်းသည်၏ အဖြစ်၊ မြတ်စွာဘုရားတို့၏လည်း ကမ္ဘာအသင်္ချေတိုင်အောင်သော ကာလပတ်လုံး သော်လည်း ဖြစ်ပွင့်တော်မူခြင်းမရှိဘဲ တခါတရံမျှသာ ဖြစ်ပွင့်တော်မူသည် ဖြစ်၍ သုဒ္ဓါဝါသဘုံ၏ တရားမင်းမြတ်တို့ သစ်တပ်မြို့နှင့်သာ တူသဖြင့် ကမ္ဘာ သိန်း သန်း ကုဋေတိုင် ဖြစ်ပွင့်တော်မမူသောအခါ၌ သတ္တဝါမှ ကင်းဆိတ်သည်၏ အဖြစ်ဟူသော ထိုအကြောင်းကြောင့်သာလျှင်။ ဝိညာဏဋ္ဌိတိဝသေနာပိ၊ ဝိညာဏဋ္ဌိတိ၏အစွမ်းဖြင့်၎င်း။ သတ္တာဝါသဝသေနာပိ၊ သတ္တာဝါသ၏ အစွမ်း ဖြင့်၎င်း။ န ဂဟိတာ၊ ယူတော်မမူအပ်ကုန်။

ဝေဟပ္ဖလာပိ၊ ဝေဟပ္ဖိုလ်ဘုံတို့သည်လည်း။ စတုတ္ထဝိညာဏဋ္ဌိတိမေဝ၊ စတုတ္ထဝိညာဏဋ္ဌိတိသို့သာလျှင်။ ဘဇန္တိ၊ ဝင်ကုန်၏—

(ဝေဟပ္ဖိုလ်သည် တဘုံတည်းသာ ဖြစ်၍ "ဝေဟပ္ဖလံပိ စတုတ္ထ- ဝိညာဏဋ္ဌိတိမေဝ ဘဇတိ" ဟူ၍ ဧကဝစနန္တဖြင့် ဆိုသင့်လျက် ထိုဘုံသား

ဗြဟ္မာတို့၏ များသည်၏အဖြစ်ကိုငဲ့၍ ဗဟုဝစနန္တဖြင့် ဆိုသည်။ ပါဠိတော်ဝယ် စတုတ္ထဝိညာဏဋ္ဌိတိကို ပြရာ "သေယျထာပိ ဒေဝါ သုဘကိဏှာ" ဟူ၍ သုဘကိဏှာဘုံတွင်ရှိသော ယူတော်မူသဖြင့် ဝေဟပ္ဖိုလ်ဘုံ တိုက်ရိုက်မပါသော်လည်း ထိုဝေဟပ္ဖိုလ်ဘုံသည် တတိယ ဈာန်သုံးဘုံနှင့် ကေတ္တကာယ ကေတ္တသညီ အဖြစ်ဖြင့် တူသောကြောင့် စတုတ္ထဝိညာဏဋ္ဌိတိသို့ ပါဝင်လေသည် ဟူလို)။

အသညသတ္တာ၊ အသညသတ်ဘုံတို့သည်။ ဝိညာဏာဘာဝါ၊ ထိုအသညသတ် ဗြဟ္မာတို့အား စိတ်ဝိညာဉ် မရှိသည်၏ အဖြစ်ကြောင့်။ ဧတ္ထ၊ ဤဝိညာဏဋ္ဌိတိ ခုနစ်ပါး၌။ သင်္ဂဟံ၊ ရေတွက်ခြင်းသို့။ န ဂစ္ဆန္တိ၊ မရောက်ကုန်။ သတ္တာဝါသေသု၊ သတ္တာဝါသဘုံတို့၌။ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏---

(ထိုအသညသတ်ဘုံသည် ထိုဘုံသားသတ္တဝါတို့အား ဝိညာဉ် မရှိသောကြောင့်သာလျှင် ဝိညာဏဋ္ဌိတိသို့ မဝင်လေသည်။ သတ္တဝါ ရှိသောကြောင့် သတ္တာဝါသသို့ကား ဝင်၏ ဟူလို)။

သုဒ္ဓါဝါသာ၊ တို့သည်။ ဝိဝဋ္ဋပက္ခေ၊ ၌။ ဌိတာ၊ တည်ကုန်၏။ န သဗ္ဗ-ကာလိကာ၊ ခပ်သိမ်းသောကာလ၌ မရှိကုန်။ ကပ္ပသတသဟဿမ္ပိ၊ ကမ္ဘာ တသိန်းတိုင်အောင်လည်း။ လောကေ၊ လောကသည်။ ဗုဒ္ဓသုညေ၊ ဘုရားမှ ဆိတ်သည်ရှိသော်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ သောဠသကပ္ပသဟဿဗ္ဘန္တရေ၊ ကမ္ဘာတသောင်းခြောက်ထောင်အတွင်းကာလ၌။ ဗုဒ္ဓေသု၊ တို့သည်။ ဥပ္ပန္နေသု-ယေဝ၊ ဖြစ်ပွင့်တော်မူကုန်သော်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဓမ္မစက္ကပ္ပဝတ္တိသာ၊ တရားတည်းဟူသော စကြာရတနာကို လည်စေတော်မူတတ်သော။ ဝါ၊ တရားတည်းဟူသော စကြာရတနာကို လည်စေတော်မူတတ်၍ ဓမ္မစက္ကဝတ် မည်တော်မူသော။ ဘဂဝတော၊ ၏။ ခန္ဓာဝါရသဒိသာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဝိညာဏဋ္ဌိတိံ ၊ ဝိညာဏဋ္ဌိတိသို့။ နေဝ ဘဇန္တိ၊ မဝင်ကုန်။ သတ္တာဝါသံ၊ သို့။ န ဘဇန္တိ၊ မဝင်ကုန်။

## သာရတ္ထဒီပနီ-၌ပြသော ဝါဒများ

သာရတ္ထဒီပနီဋီကာ(၂၄၅)၌ကား သုဒ္ဓါဝါသငါးဘုံသည် ဝိညာဏဋ္ဌိတိဘုံသို့ရင်း သတ္တာဝါသဘုံသို့ရင်း မပါမဝင်ကြောင်းကို အကြောင်းယုတ္တိနှင့် တကွပြဆိုသော ထိုအင်္ဂုတ္တိုရ်အဋ္ဌကထာ မူလပဏ္ဏာသအဋ္ဌကထာဝါဒကဲ့သို့သော ဝါဒကိုရင်း "န ခေါ ပန သော သတ္တာဝါသော။ပ။ သုဒ္ဓါဝါသေဟိ ဒေဝေဟိ" ဟူသော အင်္ဂုတ္တရ သာဓကပါဠိတော်ကို ထောက်မှီဆောင်ပြ၍ သုဒ္ဓါဝါသဘုံသည် စတုတ္ထ-ဝိညာဏဋ္ဌိတိ စတုတ္ထသတ္တာဝါသသို့ ပါဝင်ကြောင်းကို ပြဆိုသော မဟာသိဝ

မထေရ်၏ ဝါဒကိုရင်း ပြဆို၍ ထိုဝါဒနှစ်ရပ်တွင် မြတ်စွာဘုရား၏ စကားတော်သည် နတ်နှင့်တကွသော လောကဝယ် တစုံတယောက်သောသူမျှ ဖျက်ပယ်တားမြစ်ထိုက် တားမြစ်နိုင် တားမြစ်ပိုင်သော စကားမဟုတ်သောကြောင့် ပါဠိတော်ကို အထောက်သာဓကပြု၍ ပြဆိုသော မဟာသိဝမထေရ်၏ ဝါဒကိုသာ သင့်မြတ်သော ဝါဒဖြစ်ပေသည်ဟု ပညာရှိဆရာမြတ်တို့ နှစ်သက်ခွင့်ပြုဝန်ခံကြကြောင်းကို ...

> သုဒ္ဓါဝါသာ ပန အပုနပဝတ္တနတော ဝိဝဋ္ဋပက္ခေ ဌိတာ၊ န သဗ္ဗကာလိကာ။ ကပ္ပသတသဟဿမ္ပိ အသင်္ချေယျမ္ပိ ဗုဒ္ဓသုညေ လောကေ န ဥပ္ပဇ္ဇန္တိ။ သောဠသကပ္ပသဟဿဗ္ဘန္တရေ ဗုဒ္ဓေသု ဥပ္ပဇ္ဇန္တေသုယေဝ ဥပ္ပဇ္ဇန္တိ။ ဓမ္မစက္ကပ္ပဝတ္တိဿ ဘဂဝတော ခန္ဓာဝါရဋ္ဌာနသဒိသာ ဟောန္တိ။ တသ္မာ နေဝဝိညာဏဋ္ဌိတိံ န သတ္တာဝါသံ ဘဇန္တီတိ ဝဒန္တိ။ မဟာသိဝတ္ထေရော ပန န ခေါ ပန သော သတ္တာဝါသော သုလဘရူပေါ။ ယော မယာ အနာဝုဋ္ဌပုဗ္ဗော ဣမိနာ ဒီဃေန အဒ္ဓုနာ အညတြ သုဒ္ဓါဝါသေဟိ ဒေဝေဟီတိ ဣမိနာ သုတ္တေန သုဒ္ဓါဝါသာပိ စတုတ္ထဝိညာဏဋ္ဌိတိံ စတုတ္ထသတ္တာဝါသံ ဘဇန္တီတိ ဝဒတိ။ တံ အပ္ပဋိဗာဟိယတ္တာ သုတ္တဿ အနုညာတံ။

ဟူ၍ ပြဆိုတော်မူ၏။

ဤဋီကာဝယ် "တံ အပ္ပဋိဗာဟိယတ္တာ သုတ္တဿ အနုညာတံ" ဟူသော စကားဖြင့် မဟာသိဝမထေရ်၏ဝါဒကို ဆရာတို့ ဝန်ခံကြောင်းကို ပြသဖြင့် ဗျတိရေကအားဖြင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ မူလပဏ္ဏာသအဋ္ဌကထာတို့ ဝါဒကို သင့်မြတ်သောဝါဒ ဖြစ်ပေသည်ဟု ဆရာတို့ ဝန်မခံကြကြောင်းကိုလည်း ပြသည်။ ဆရာတို့အလိုကိုသာပြ၍ မိမိအလိုကို တိုက်ရိုက်ပင် မပြဆိုသော်လည်း ဋီကာဆရာသည် မဟာသိဝမထေရ်၏ ဝါဒကိုသာ နှစ်သက်သည်၊ အဋ္ဌကထာဝါဒကို မနှစ်သက် ဟု မှတ်အပ်၏။

ပန၊ အယူဘူးကို ပြဦးအံ့။ သုဒ္ဓါဝါသာ၊ တို့သည်။ အပုန ပဝတ္တနတော၊ သုဒ္ဓါဝါသဘုံဝယ်ရှိသော ပုဂ္ဂိုလ်တို့၏ မိမိတို့ဖြစ်ခိုက်သောဘုံ၌ ပဋိသန္ဓေအားဖြင့် တထပ်တဖန် မဖြစ်ပြန်ကောင်းသောကြောင့်။ ဝိဝဋ္ဋပက္ခေ၊ ၌။ ဌိတာ၊ တည်ကုန်၏။ န သဗ္ဗကာလိကာ၊ ကုန်။ ကပ္ပသတသဟဿမ္ပိ၊ ကမ္ဘာတသိန်းပတ်လုံးသော်၎င်း။ အသင်္ချေယျမ္ပိ၊ ကမ္ဘာအသင်္ချေပတ်လုံးသော်၎င်း။ ဗုဒ္ဓသုညေ၊ ဘုရားမှဆိတ်သော။ လောကေ၊ ၌။ ဝါ၊ လောကော၊ သည်။ ဗုဒ္ဓသုညော၊ မှဆိတ်သည်ရှိသော်။ နဥပ္ပဇ္ဇန္တိ၊ ကုန်။ သောဠသကပ္ပသဟဿဗ္ဘန္တရေ၊ ကမ္ဘာ

တသောင်းခြောက်ထောင်အတွင်း၌။ ဗုဒ္ဓေသု၊ တို့သည်။ ဥပ္ပဇ္ဇန္တေသုယေဝ၊ ဖြစ်ပွင့်ကုန်သော်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဓမ္မစက္ကပ္ပဝတ္တိယာ၊ တရားတည်းဟူသော စကြာရတနာကို လည်စေတော်မူတတ်၍ ဓမ္မစက္ကဝတ် ဖြစ်တော်မူသော။ ဘဂဝတော၊ ၏။ ခန္ဓာဝါရဋ္ဌာနသဒိသာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ ဝိညာဏဋ္ဌိတိ'၊ သို့။ နေဝ ဘဇန္တိ၊ကုန်။ သတ္တာဝါသံ၊ သို့။ န ဘဇန္တိ၊ ကုန်။ ဣတိ၊ သို့။ အာစရိယာ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ မူလပဏ္ဏာသအဋ္ဌကထာ ဆရာစသော ဆရာတို့သည်။ ဝဒန္တိ၊ မိန့်ဆိုတော်မူကြကုန်၏။ မဟာသိဝတ္ထေရော ပန၊ မဟာသိဝမထေရ်သည်ကား။ နခေါ ပန။ပ။ဒေဝေဟီတိ၊ န ခေါ ပန။ပ။ ဒေဝေဟိ-ဟူသော။ ဣမိနာ သုတ္တေန၊ ဤသာမက ပါဠိတော်ဖြင့်။ သုဒ္ဓါဝါသာပိ၊ သည်လည်း။ စတုတ္ထဝိညာဏဋ္ဌိတိ'၊ ကေတ္တကာယကေတ္တသညီဟူသော စတုတ္ထ-ဝိညာဏဋ္ဌိတိသို့။ စတုတ္ထသတ္တာဝါသံ၊ သို့။ ဘဇန္တိ၊ ဝင်ကုန်၏။ ဣတိ၊ သို့။ ဝဒတိ၊ မိန့်ဆိုတော်မူ၏။ သုတ္တသ၊ပါဠိတော်၏။ ဝါ၊ ကို။ အပ္ပဋိဗာဟိယတ္တာ၊ နုတ်နှင့်တကွသောလောကဝယ် တစုံတယောက်သော သူသည်မျှ မတားမြစ်ထိုက်၊ မတားမြစ်နိုင်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုမဟာသိဝမထေရ်၏အယူစကားကို။ ပဋိက္ခိတ္တေဟိ၊ တို့သည်။ အနုညာတံ၊ နှစ်သက်ခွင့်ပြု ဝန်ခံအပ်၏။

ဒီဃေန၊ အစမထင် အလွန်လျှင် ရှည်လျားလှစွာသော။ ဣမိနာ အဒ္ဓုနာ၊ ဤသံသရာအမွန့်ကာလဖြင့်။ ဝါ၊ ၌။ သုဒ္ဓါဝါသေဟိ ဒေဝေဟိ၊ သုဒ္ဓါဝါသဗြဟ္မာ-တို့ကို။ အညတြ၊ ထား၍။ ယော သတ္တာဝါသော၊အကြင်သတ္တာဝါသသည်။ ဝါ၊ ကို။ မယာ၊ ငါသည်။ အနာဝုဋ္ဌပုဗ္ဗော၊ ဖြစ်သောအားဖြင့် မသုံးမနေဘူးသည်။ ဟောတိ၊ ၏။ သော သတ္တာဝါသော၊ ထိုသတ္တာဝါသဘုံသည်။ သုလဘရူပေါ၊ ရလွယ်သော သဘောရှိသည်။ ဝါ၊ ရအပ် ရထိုက်သော သဘောရှိသည်။ န ဟောတိ၊ မဖြစ်။

## ယုံမှားမှု မရှိသင့်ပုံ

မဟာသိဝမထေရ်၏ အာဘော်အလိုတော်ကား သုဒ္ဓါဝါသဘုံသည် အကယ်၍ သတ္တာဝါသသို့ မပါဝင်ခဲ့သော် ကိုယ်တော်မဖြစ်ဘူးသော သတ္တာဝါသဘုံ မည်သည် မရှိကြောင်းကို ဟောပြတော်မူသော မြတ်စွာဘုရားသည် သုဒ္ဓါဝါသဘုံ၌ ဖြစ်ဘူးလေသလော ဟု တစုံတယောက်သောပုဂ္ဂိုလ်တို့အား သံသယ ပယောဂ် ဖြစ်ဖွယ်မရှိရာ၊ ယင်းသို့ ဖြစ်ဖွယ်မရှိကလည်း "အညတြ သုဒ္ဓါဝါသေဟိ ဒေဝေဟိ" ဟူသောစကားကို ဟောတော်မမူတန်ရာ၊ ဟောကား ဟောတော်မူခဲ့သည်ဖြစ်၍ သုဒ္ဓါဝါသဘုံသည်လည်း သတ္တာဝါသသို့ ပါဝင်သည်ဟူလိုသည်။ ဤမဟာသိဝမထေရ်၏ အယူသည်သာ ယခင်ပြဆိုခဲ့ပြီးသော "သုဒ္ဓါဝါသာပိ သတ္တာဝါသာဝ" ဟူသော ပါထိယျဝဂ် သင်္ဂီတိသုတ်အဋ္ဌကထာ (၂၂၈) နှင့်လည်း ညီ၏။

အသညသတ်ဘုံသည် စိတ်ဝိညာဉ်၏ ဖြစ်ရာတည်ရာမဟုတ်ရကား ဝိညာဏ-ဋ္ဌိတိသို့မဝင်။ နေဝသညာ နာသညာယတနဘုံသည်လည်း ထိုဘုံ၌ဖြစ်သော စိတ်ဝိညာဉ်သည် ထင်ရှားသော ဝိညာဏကိစ္စကို မပြုနိုင်သော အလွန်သိမ်မွေ့လှသော ဝိညာဉ်သာဖြစ်၍ ရှန့်ရင်းထင်ရှားသော ဝိညာဉ်မဟုတ်ရကား ဝိညာဉ်၏ တည်ရာဟု မခေါ်ဆို လောက်သောကြောင့် ထိုစတုတ္ထာရုပ္ပဘုံသည်လည်း ဝိညာဏဋ္ဌိတိသို့မဝင်၊ ထို့ကြောင့် သတ္တာဝါသကိုးဘုံမှ အသညသတ်ဘုံနှင့် စတုတ္ထာ-ရုပ္ပဘုံကိုနုတ်၍ ဝိညာဏဋ္ဌိတိ ခုနစ်ပါးအရေကို သိလေ။

---

## ၁၆-ဥပမိကင်းသော နိဗ္ဗာန်-စသည်ကို ပြပုံ

### ဋီကာကျမ်းနှင့် ပါဠိအဋ္ဌကထာများ အရပြခြင်း

ထိုသို့ တဖန်အသစ်မဖြစ်နိုင်ခြင်းဟူသော ဖြစ်ခြင်းကိုပင် ငြိမ်းခြင်းဟူ၍လည်း ဆိုအပ်သည်၏အဖြစ်ကြောင့် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးတို့၏ ရဟန္တာတို့ ၁ုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့၌ ပဋိသန္ဓေအားဖြင့် တဖန်အသစ် မဖြစ်နိုင်သော မဖြစ်ခြင်းကို—

ပဋိသန္ဓိယ ပနေတမဒ္ဒုဝံ၊ အဝိဂန္ထာ ပဒမစ္စုတံ ဗုဓာ။
သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊ သမမေဿန္တိ စိရာယ သုဗ္ဗတာ။

ဟူသော အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ (၃၉) ၌ သမံ-ဟူ၍ ဆိုတော်မူလေသည်။

တဏှာဟူသော နှောင်ဖွဲ့ခြင်းမှ အကြွင်းမဲ့ မကင်းပြတ်သေးသော ပုထုဇဉ် သေက္ခတို့အား စုတိခန္ဓာ ဘင်္ဂက္ခဏတို့၏ အခြားမဲ့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခန္ဓာငါးပါးသည် ထိုက်သည်အားလျော်စွာ ပဋိသန္ဓေကိစ္စအားဖြင့် ဖြစ်သကဲ့သို့ သတ္တဝါတို့ကို သံသရာဝဋ်မှ မလွတ်နိုင်အောင် ဖွဲ့နှောင်တတ်သော တဏှာဟူသောအနှောင်အဖွဲ့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ ခုတ်ဖြတ် ကင်းပြတ်စေအပ်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား စုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့၌ ထိုခန္ဓာငါးပါး၏ မဖြစ်ခြင်းဟူသော ဒုက္ခအပေါင်း၏တည်ရာ ဖြစ်၍ ဥပမိမည်သော ခန္ဓာအကြွင်းမရှိသော ငြိမ်းခြင်းဟူသော နိရုပမိသေသနိဗ္ဗာန် သည် ဤ၌ သမမည်၏။

ယင်း သင်္ဂြိုဟ်ဂါထာ၌ အနက်အဓိပ္ပါယ်တို့ကို သိသာမှတ်သားနားလည် လွယ်အောင် ဋီကာ(၁၉၃)တို့နှင့်တကွ ဆောင်ပြအနက်ပြန်ဆိုအံ့။

တော် စုတိပဋိသန္ဓိ ပရံပရာယ ပဝတ္တမာနာ စိတ္တသန္တတိ အဓုဝံ ဟုတွာ အဘာဝဋ္ဌေန အထိရံ အနိစ္စံ၊ အနိစ္စတ္တာ ဒုက္ခံ၊ ဒုက္ခတ္တာ အနတ္တာတိ စ

ပဋိသင်္ခါယ ဝိပဿနာဉာဏေန ဥတွာ အစ္စုတံ သဿတံ ပဒံ အမတံ အဓိဂန္တွာ မဂ္ဂဉာဏေန ပဋိဝိဇ္ဈိတွာ တေနေဝ ဉာဏေန အနုပ္ပတ္တိဓမ္မတာ-ပါဒနဝသေန သုဋ္ဌု သမုစ္ဆိန္နတဏှာသင်္ခါတသိနေဟဗန္ဓနာ ဟုတွာ ဗုဓာ သပညာ သုခေန ဩဝဒိတဗ္ဗတ္တာ သုန္ဒရဝတသမန္နာဂတတ္တာ စ သုဗ္ဗတာ စိရာယ စိရေန သမံ နိရုပဓိသေသနိဗ္ဗာနံ ဧဿန္တိ ပါပုဏိဿန္တီတိ အတ္ထော။

သင်္ဂြိုဟ်ဋီကာဟောင်း။

ဧတံ ယထာဝုတ္တံ ဝဋ္ဋပဝတ္တံ အစ္စုတံ အနိစ္စံ ပလောကဓမ္မံ ပဋိသင်္ခါယ ပစ္စဝေက္ခိတွာ ဗုဓာ ပဏ္ဍိတာ စိရာယ စိရကာလံ သုဗ္ဗတာ ဟုတွာ အစ္စုတံ ဓုဝံ အစဝနဓမ္မံ ပဒံ နိဗ္ဗာနံ အဓိဂန္တွာ မဂ္ဂဉာဏေန သစ္ဆိကတွာ တတော ယေဝ သုဋ္ဌုသမုစ္ဆိန္နသိနေဟဗန္ဓနာ သမံ နိရုပဓိသေသနိဗ္ဗာနဓာတုံ ဧဿန္တိ ပါပုဏိဿန္တိ။

ဋီကာကျော် (၁၉၃)

ဧတံ ယထာဝုတ္တံ အစ္စုတံ အနိစ္စံ နာမ ဓမ္မံ ပဋိသင်္ခါယ ပစ္စဝေက္ခိတွာ ဗုဓာ ပဏ္ဍိတာ စိရာယ စိရကာလံ သုဗ္ဗတာ သီလာစာရသမ္ပန္နာ ဟုတွာ အစ္စုတံ ပဒံ နိဗ္ဗာနံ အဓိဂန္တွာ သစ္ဆိကတွာ သုသမုစ္ဆိန္နသိနေဟဗန္ဓနာ ဟုတွာ သမံ ဥပဓိဝူပသမံ နိဗ္ဗာနံ ဧဿန္တိ ပါပုဏိဿန္တိ။

သခေ်ပဝဏ္ဏနာဋီကာ။

ဗုဓာ၊ တိဟိတ်ပဋိသန္ဓေပညာဖြင့် ပညာရှိကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်။ အစ္စုတံ၊ အဖန်ဖန် ပျက်စီးခြင်းသဘောရှိသည်ဖြစ်၍ မမြဲသော။ ဧတံ၊ ဤဆိုအပ်ပြီးသော အပြားရှိသော ကံအစရှိသောအကြောင်းတရားတို့ကြောင့် အထူးထူးအပြားပြားအားဖြင့် ဖြစ်တတ်သော ဝဋ်တရားကို။ ဝါ၊ ဆိုအပ်ပြီးသော အပြားရှိသော စုတိပဋိသန္ဓေအားဖြင့်ဖြစ်သော စိတ်အစဉ်ကို။ ဝါ၊ နာမ်အစဉ်ကို။ ပဋိသင်္ခါယ၊ ဥပါဒ်အားဖြင့် ထင်ရှားဖြစ်ပြီးနောက် ဘင်အားဖြင့် ချုပ်ပျောက်သည်ဖြစ်၍ ထင်ရှားမရှိသောကြောင့် ခိုင်ခံ့မြဲမြံစွာ တည်ခြင်းမရှိသော အနိစ္စသဘောသာ ဖြစ်သည်၊ အမြဲမရှိသောကြောင့် ဒုက္ခသဘောသာ ဖြစ်သည်၊ ချမ်းသာမရှိ ဒုက္ခအတိသာဖြစ်သောကြောင့် တစုံတယောက်သော ပုဂ္ဂိုလ်၏မျှ အလိုသို့မလိုက် အစိုးမရ အနတ္တသာ ဖြစ်သည်ဟု ဝိပဿနာဉာဏ်ဖြင့် ဟုတ်မှန်စွာ သိမြင်၍။ ဝါ၊ ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန်ကြည့်ရှုဆင်ခြင် သိမြင်၍။ စိရာယ၊ မြင့်ရှည်စွာသော ကာလပတ်လုံး။ သုဗ္ဗတာ၊ ကောင်းသော သီလအာစာရ ပဋိပတ် အကျင့်ဝတ်ရှိကုန်သည်ဖြစ်၍။ အစ္စုတံ၊ မိမိသဘောမှ ရွေ့လျောခြင်း

မရှိ ပကတိအတိုင်းမြဲသော။ ပဒံ၊ ပရမတ္ထအသခ်တဖြစ်သော နိဗ္ဗာန်ကို။ အဓိဂန္တွာ၊ အရိယမဂ်ဉာဏ်ဖြင့် မျက်မှောက်ထင်ထင် ထိုးထွင်းသိမြင်၍။ သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်ခြင်းကြောင့် ထိုနိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်ဉာဏ်သည် သမုစ္ဆေဒ ပဟာန်အားဖြင့် ကောင်းစွာအကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီးသော ထိုထိုဘဝတို့၌ ချစ်ခင်တွယ်တာ သာယာမက်မောတတ်သော ဘဝတဏှာဟူသော အနှောင်အဖွဲ့ ရှိကုန်သည်ဖြစ်၍။ သမံ၊ ဒုက္ခအပေါင်း၏ ခိုအောင်းမှီကပ်တည်နေရာဖြစ်၍ ဥပဓိမည်သော ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသော ခန္ဓာငါးပါး၏ စုတိခန္ဓာ ဘင်္ဂက္ခဏ၏ နောက်အခြားမဲ့၌ ပဋိသန္ဓေကိစ္စအားဖြင့် တဖန်အသစ် မဖြစ်နိုင်ခြင်းဟု ဆိုအပ်သော ခန္ဓာငါးပါးဟူသော ဥပဓိအကြွင်းမရှိသော ငြိမ်းခြင်းဟူသောနိဗ္ဗာန်သို့။ ဧဿန္တိ၊ ရောက်ကုန်လတ္တံ့ ။

စုတိပဋိသန္ဓိ ပရံပရာယ၊ စုတိပဋိသန္ဓေအဆက်ဆက်အားဖြင့်။ ပဝတ္တမာနာ၊ ဖြစ်သော။ စိတ္တသန္တတိ၊ စိတ်အစဉ်သည်။ ဟုတ္វာ၊ ဥပါဒ်အားဖြင့်ဖြစ်၍။ အဘာဝငတ္တေန၊ ဘင်အားဖြင့်ချုပ်ပျက်သည်ဖြစ်၍ ထင်ရှားမရှိသော သဘောကြောင့်။ အဓုဝံ အထိရံ၊ မြဲစွဲခိုင်ခံ့စွာတည်နေခြင်းမရှိသည်ဖြစ်၍။ အနိစ္စံ၊ မမြဲ။ ဝါ၊ မြဲသောသဘောမရှိ။ ဣတိ စ၊ ဤသို့ငင်း။ အနိစ္စတ္တာ၊ အမြဲ မရှိသည်၏ အဖြစ်ကြောင့်။ ဒုက္ခံ၊ ဆင်းရဲအတိသာ ဖြစ်၏။ ဣတိစ၊ ဤသို့ငင်း။ ဒုက္ခတ္တာ၊ ဆင်းရဲအတိသာ ဖြစ်သည်၏ အဖြစ်ကြောင့်။ အနတ္တာ၊ တစုံတယောက်သော ပုဂ္ဂိုလ်၏မျှ အလိုသို့မလိုက် အစိုးမရ အညတိတ္ထိယတို့ ကြံဆအပ်သော အတ္တ မဟုတ်။ ဣတိစ၊ ဤသို့ငင်း။ ပဋိသင်္ခါယ ဝိပဿနာဉာဏေန ဥ တွာ၊ ဝိပဿနာဉာဏ်ဖြင့်သိ၍။ အစ္စုတံ သဿတံ၊ တရံတဆစ်မျှ မိမိသဘောမှ ရွေ့လျောဖောက်ပြန်ခြင်းမရှိ ပကတိအတိုင်းမြဲသော။ ပဒံ အမတံ၊ တဖန် မစုတေ့ မသေရခြင်း၏ အကြောင်းဖြစ်သော အမြိုက်ဆေးသဖွယ် ဖြစ်သော နိဗ္ဗာန်ကို။ အဓိဂန္တွာ မဂ္ဂဉာဏေန ပဋိဝိဇ္ဈိတွာ၊အရိယမဂ်ဉာဏ်ဖြင့်ထိုးထွင်းမြင်သိ၍။တေနေဝ ဉာဏေန၊ ထိုနိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်ဉာဏ်ဖြင့်သာလျှင်။ အနုပ္ပတ္တိဓမ္မတာပါဒနဝသေန၊ တဖန်အသစ် ဖြစ်ပြန်နိုင်ခြင်း သဘောမရှိသည်၏အဖြစ်သို့ ရောက်စေသည်၏ အစွမ်းဖြင့်။ သုဋ္ဌုသမုစ္ဆိန္နတဏှာသင်္ခါတသိနေဟဗန္ဓနာ၊ သမုစ္ဆေဒ ပဟာန်ဖြင့် ကောင်းစွာ အကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီးသော တဏှာဟုဆိုအပ်သော ထိုထိုဘဝတို့၌ တောင့်တတွယ်တာ သာယာနှစ်သက် စုံမက်ချစ်ခင်ခြင်း အနှောင်အဖွဲ့ရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ သုခေန၊ လွယ်ကူချမ်းသာသဖြင့်။ဩဝဒိတဗ္ဗတ္တာ စ၊ ဆုံးမအပ် ဆုံးမနိုင် ဆုံးမလွယ်သည်၏အဖြစ်ကြောင့်ငင်း။သုန္ဒရဝတသမန္နာဂတတ္တာ စ၊ အပြစ်ကင်းလွတ် ကောင်းမြတ်သော အကျင့်နှင့်ပြည့်စုံသည်၏အဖြစ်ကြောင့်ငင်း။ သုဗ္ဗတာ၊ ဆိုဆုံးမလွယ်သောစကားရှိကုန်

ကောင်းသော အကျင့်ရှိကုန်သော။ ဗုဓာ သပညာ၊ ပညာရှိတို့သည်။ စိရာယ- စိရေန၊ ကြာမြင့်သဖြင့်။ သမံ နိရုပဓိသေသနိဗ္ဗာနံ၊ ခန္ဓာငါးပါးဟူသော ဥပဓိ အကြွင်းမရှိသော ပုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ပဋိသန္ဓေကိစ္စအားဖြင့် မဖြစ် ခြင်းဟူသော ခန္ဓာငါးပါးတို့၏ ငြိမ်းခြင်းသို့။ ဝါ၊ တို့၏ငြိမ်းခြင်းဟူသော နိဗ္ဗာန် သို့။ ဩေန္တိ ပါပုဏိသန္တိ၊ ရောက်ကုန်လတ္တံ့။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

အစုဝံ အနိစ္စံ၊ မမြဲသော။ ပလောကဓမ္မံ၊ အဖန်ဖန်ပျက်စီးခြင်းသဘော ရှိသော။ ဝါ၊ အဖန်ဖန်ပျက်စီးခြင်း သဘောရှိသောကြောင့်။ အစုဝံ အနိစ္စံ၊ သော။ ယထာဝုတ္တံ၊ ဆိုအပ်ပြီးသော အပြားရှိသော။ တေံ ဝဋ္ဋပတ္တံ၊ ကံစသော အကြောင်းတို့ကြောင့် အထူးထူးသော အပြားအားဖြင့် ဖြစ်တတ်သော ဤဝဋ်တရားကို။ ပဋိသင်္ခါယ ပစ္စဝေက္ခိတွာ၊ ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန် ဆင်ခြင်သိမြင်၍။ ဗုဓာ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ စိရာယ စိရကာလံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ သုဗ္ဗတာ ဟုတွာ၊ ကောင်းသောအကျင့်ရှိကုန် သည်ဖြစ်၍။ အစဝနဓမ္မံ၊ မိမိသဘောမှ ရွေ့လျောခြင်းမရှိသော။ ဝါ၊ မရှိသော ကြောင့်။ ဒဲစ္စုတံ ဓုပံ၊ မြဲသော။ ပဒံ နိဗ္ဗာနံ၊ ကို။ ဝါ၊ ဝဋ္ဋသုံးပါး ကုန်ပျက်ချုပ် ပြတ်ခြင်းသို့ ရောက်ခြင်း၏ ပကတူပအကြောင်းဖြစ်သော နိဗ္ဗာန်ကို။ အဓိဂန္တွာ မဂ္ဂဉာဏေန သစ္ဆိကတွာ၊ အရိယမဂ်ဉာဏ်ဖြင့် မျက်မှောက်ထင်ထင် သိမြင်၍။ တတောယေဝ၊ ထိုအရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းကြောင့် သာလျှင်။သုဒ္ဓသမုစ္ဆိန္နသိနေဟဗန္ဓနာ၊ထိုနိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်ဖြင့် ကောင်းစွာ အကြွင်းမဲ့ပယ်ဖြတ်အပ်ပြီးသော တဏှာဟူသော ချစ်ခြင်းအနှောင် အဖွဲ့ရှိကုန်သည်ဖြစ်၍။ သမံ နိရုပဓိသေသနိဗ္ဗာနဓာတုံ၊ ဥပဓိအကြွင်းမရှိသော ငြိမ်းခြင်းသဘောသို့။ ဩေန္တိ ပါပုဏိသန္တိ၊ ရောက်ကုန်လတ္တံ့။

ယထာဝုတ္တံ၊ အကြင်အကြင်ဆိုအပ်ပြီးသော အပြားရှိသော။ အစုဝံ အနိစ္စံ၊ မမြဲသော။ တေံ နာမဓမ္မံ၊ ဤနာမ်တရားကို။ ပဋိသင်္ခါယ ပစ္စဝေက္ခိတွာ၊ ၍။ ဗုဓာ ပဏ္ဍိတာ၊ တို့သည်။ စိရာယ စိရကာလံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ သုဗ္ဗတာ သီလာစာရသမ္ပန္နာ ဟုတွာ၊ သီလအာစာရတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍။ အစ္စုတံ၊ မိမိသဘောမှ ရွေ့လျောခြင်းမရှိသော။ ပဒံ နိဗ္ဗာနံ၊ ကို။အဓိဂန္တွာ သစ္ဆိ- ကတွာ၊ ၍။ သုသမုစ္ဆိန္နသိနေဟာဗန္ဓနာဟုတွာ၊ ၍။ သမံ ဥပဓိဝူပသမံ၊ ဥပဓိဟူ သော ခန္ဓာငါးပါးတို့ စုတိဘင်္ဂက္ခဏ၏အခြားမဲ့၌ ပဋိသန္ဓေကိစ္စအားဖြင့် မဖြစ် သော ငြိမ်းခြင်းဟူသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဩေန္တိ ပါပုဏိသန္တိ၊ လတ္တံ့။ အစဉ်အတိုင်းသော သာဓကပါဌ်တို့၏အနက်။

## ဂါထာ၏ အဓိပ္ပါယ်

ယခင်ဂါထာ၌—

ပဋိသင်္ခါယပနေတမဒ္ဒုဝံ-ဖြင့် ဖြစ်ပြီး၍ ချုပ်ပျက်ရကား ထင်ရှားမရှိသည်ဖြစ်၍ အဖန်ဖန်ပျက်စီးတတ်သော သဘောရှိသော ပဋိသန္ဓေဘဝင် အစရှိသော သင်္ခါရတရား အစဉ်ဟူသော ကံစသော အကြောင်းတို့ကြောင့် အထူးထူး အပြားပြားအားဖြင့် ဖြစ်တတ်သော ဝဋ္ဋတရားကို အနိစ္စ ဒုက္ခ အနတ္တ ဟု ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန် ကြည့်ရှု ဆင်ခြင် သိမြင်ခြင်းဟူသော ဝိပဿနာကို ပြသည်။

အဓိဂန္တွာ ပဒမစ္စုတံ-ဖြင့် ထိုထိုသင်္ခါရတရားကို အနိစ္စအစရှိသည်ဖြင့် အဆင့်ဆင့် အတန်တန်ရှုဖန်များ၍ အရိယမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိမြင်သဖြင့် အာရုံပြုသောအားဖြင့် နိရောဓသစ္စာဖြစ်သောနိဗ္ဗာန်ကို မျက်မှောက်သိမြင်ခြင်းဟူသော အရိယမဂ်ကိုရခြင်းကိုငှ၊ ထိုအရိယမဂ်၏အာရုံဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်ကိုရခြင်းသို့ ရောက်ခြင်းကိုငှ ပြသည်။

သုသမုစ္ဆိန္နသိနေဟဗန္ဓနာ-ဖြင့် အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းကြောင့် ထိုနိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်ဉာဏ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို အသစ်တခါ မဖြစ်လာနိုင်အောင် ကောင်းစွာ အကြွင်းမဲ့ ပယ်ဖြတ်အပ်သည်ဖြစ်၍ ထိုကိလေသာ၌ အကျုံးဝင်သော ထိုထိုဘဝကို တောင့်တ တွယ်တာ သာယာနှစ်သက် စုံမက်ချစ်ခင်တတ်သော ဘဝတဏှာဟူသော အနှောင်အဖွဲ့အကြွင်းမဲ့ပြတ်ကင်းခြင်း အဘာဝဖြစ်သော သဥပါဒိသေသနိဗ္ဗာန်သို့ ရောက်သည်ကို ပြသည်။

သမမေဿန္တိ-ဖြင့် ထိုထိုကိလေသာ တဏှာဟူသောနှောင်ဖွဲ့ခြင်း အကြွင်းမဲ့ ပြတ်ကင်းခဲ့က ကံဟောင်းလည်းကုန်၊ ကံသစ်လည်း ဖြစ်ခြင်း မရှိရကား အကြောင်း ရှိသော်သာလည်း အကျိုးဖြစ်မြဲဖြစ်၍ အကြောင်းကံမရှိ ကုန်ကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်အား စုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့၌ ပုထုဇဉ်သေက္ခ လက်ထက်ဝယ် ဘုံသုံးပါး ဂတိငါးပါးတို့၌ ထိုက်သည်အားလျော်စွာ ပဋိသန္ဓေ ကိစ္စတပ်၍ ဖြစ်နေကျ ဖြစ်သော ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးတို့သည် ထိုပုဂ္ဂိုလ်တို့အား ဖြစ်ကုန်သကဲ့သို့ မဖြစ်လတ္တံ့သည်သာ ဖြစ်၍ ထိုဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ မဖြစ်ခြင်း အဘာဝ-ဟူသော ငြိမ်းခြင်း အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်လတ္တံ့သည်ကို ပြသည်။

မဏိသာရမဉ္ဇူ ဋီကာ—

ကမ္မာဒီဟိ ပစ္စယေဟိ နာနာပ္ပကာရေန ဝတ္တတိ နိဗ္ဗတ္တတီတိ ပဝတ္တံ။ ဝဋ္ဋမေဝ ပဝတ္တံ တထာ။ ပလောကဓမ္မန္တိ ပလုဇ္ဇနသဘာဝံ။ ပစ္စဝေက္ခိတ္ဗာ ဝိသုံ ဝိသုံ ပုနပ္ပုနံ ဝါ ဝိပဿနာဉာဏေန ဇာနိတ္ဗာ။ စိရာယာတိ ဥပယောဂတ္ထေ သမ္ပဒါနဝစနန္တိ အာဟ စိရာယ စိရကာလန္တိ။ အထ ဝါ စိရာယာတိ ဒီဃကာလဝါစကော ဒုတိယန္တနိပါတောတိ အာဟ စိရာယ စိရကာလန္တိ၊ သုန္ဒရံ ဝတ မေတေသန္တိ သုဗ္ဗတာ။ ပဒ-သဒ္ဒဿ ကာရဏကောဋ္ဌာသာဒီသု အနေကေသု အတ္ထေသု ပဝတ္တိတော ဣဓ နိဗ္ဗာနေ ပဝတ္တိံ ဒဿေန္တော ပဒံ နိဗ္ဗာနန္တိ အာဟ။ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဝက္ခမာနတ္တာ မဂ္ဂ။ ပ ။ ကတ္ဗာတိ ဝုတ္တံ။ သစ္ဆိကရဏံ ပန မဂ္ဂဉာဏကိစ္စမေဝ။ အဓိဂန္ဗာ မဂ္ဂဉာဏေန ပတ္ဗာတိပိ အတ္ထော။ တဒိဒံ သမ္ပာပကဟေတု၊ နိဗ္ဗာနံ တေန ပတ္တဗ္ဗဖလန္တိ။ တေန သဥပါဒိ-သေသနိဗ္ဗာနဓာတုံ ဒဿေတိ။ တတောယေဝ နိဗ္ဗာနဿ မဂ္ဂဖလဉာဏေန သစ္ဆိကရဏတောဝေ၊ သမတိ ဝူပသမတိ နိရုဇ္ဈတိ ဧတ္ထ ဥပဓီတိ သမာ။ အနုပါဒိသေသနိဗ္ဗာနဓာတုန္တိ အာဟ သမံ။ ပ ။ဓာတုန္တိ။

ဥပဓာတိ တိဋ္ဌတိ ဧတ္ထ ဒုက္ခန္တိ ဥပဓိ။ ကမ္မကိလေသေဟိ ဝါ ဥပ-ဂန္ဗာ၊ ဘုသံ ဝါ ဓာရိယတီတိ ဥပဓိ။ ဝိပါကက္ခန္ဓတ္တာ ရူပသင်္ခါတံ ခန္ဓ-ပဉ္စကံ။ သိဿတိ အဝသိဿတိ ကိလေသေဟီတိ သေသော။ ဥပဓိ ဧဝ သေသော ဥပဓိသေသော။ နတ္ထိ ဧတ္ထ ဥပဓိသေသာတိ နိရုပဓိသေသာ။ နိဗ္ဗာနမေဝ ဓာတု သဘာဝေါတိ နိဗ္ဗာနဓာတု။နိရုပဓိသေသာဧဝ နိဗ္ဗာန-ဓာတု တထာ။ တံ ပါပုဏိဿန္တိ သုသမုစ္ဆိန္နသိနေဟဗန္ဓနတ္တာ အနုပါဒိ-သေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိဿန္တီတိ အဓိပ္ပါယော။

ဟု ဖွင့်ပြတော်မူ၏။

ကမ္မာဒီဟိ၊ ကံအစရှိကုန်သော။ ဝါ၊ ကံ စိတ် ဥတု အာဟာရ ဟူကုန်သော။ ပစ္စယေဟိ၊ အကြောင်းတရားတို့ဖြင့်။ ဝါ၊ တို့ကြောင့်။ နာနာပ္ပကာရေန၊ အထူးထူးအပြားပြားအားဖြင့်။ ဝတ္တတိ နိဗ္ဗတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော သဘာဝေါ၊ သည်။ ပဝတ္တံ၊ မည်၏။ ဝဋ္ဋမေဝ၊ တေဘူမကသင်္ခါရဝဋ္ဋတရားသည်ပင်လျှင်။ ပဝတ္တံ၊ ကံစသော အကြောင်းတို့ကြောင့် အထူးထူးအပြားပြားအားဖြင့် ဖြစ်တတ်သည်တည်း။ ဝါ၊ ပဝတ္တမည်၏။ တထာဝဋ္ဋပဝတ္တံ၊ တေဘူမကသင်္ခါရတရားသည်ပင် ဝဋ္ဋပဝတ္တမည်၏။ ပလောက-ဓမ္မန္တိ၊ ကား။ ပလုဇ္ဇနသဘာဝံ၊ အဖန်ဖန်ပျက်စီးခြင်း သဘောရှိသော တရား ဟူ၍။ ပစ္စဝေက္ခိတ္ဗာ ဝိသုံဝိသုံ ဝိပဿနာဉာဏေန ဇာနိတ္ဗာ၊ အသီးအသီး ပစ္စ-

ဝေက္ခဏာဉာဏ်ဖြင့် မြင်သိ၍။ ဝါ၊ ကား။ ပစ္စဝေက္ခိတွာ ပုနပ္ပုနံ ဝိပဿနာ ဉာဏေန ဇာနိတွာ၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် အဖန်ဖန် မြင်သိ၍။ စိရာယာတိ ဧတ္ထ၊ ၌။ သမ္ပဒါနဝစနံ၊ သမ္ပဒါနမည်သော စတုတ္ထီဝိဘတ်သည်။ ဥပယောဂတ္ထေ၊ ကံ အနက်၌။ ဟောတိ၊ ဖြစ်၏။ သက်၏။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ စိရာယ စိရကာလန္တိ၊ ဟူ၍။ ဝါ၊ ဟူသောစကားကို။ အာဟ၊ ဋီကာဆရာ ဆိုတော်မူ၏။ အထ ဝါ၊ ကား။ စိရာယာတိ အယံသဒ္ဒေါ၊ စိရာယ-ဟူသော ဤသဒ္ဒါသည်။ ဒီဃကာလဝါစကော၊ ရှည်သော ကာလဟူသော အနက်ကိုဟောသော။ ဒုတိယန္တ နိပါတော၊ ဒုတိယာဝိဘတ် အဆုံးရှိသော နိပါတ်ပုဒ်တည်း။ ဣတိ၊ ၍။ စိရာယ စိရကာလန္တိ၊ ၍။ ဝါ၊ ကို။ အာဟ၊ ၏။ ဧတေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ သုန္ဒရံ၊ ကောင်းမြတ်သော။ ဝတံ၊ ပါရမီ ဝိပဿနာစသော ကျင့်ဝတ်တရားသည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ တေ၊ တို့သည်။ သုဗ္ဗတာ၊ မည်ကုန်၏။ ပဒသဒ္ဒဿ၊ ၏။ ကာရဏကောဋ္ဌာသာဒီသု၊ အကြောင်းဟူသောအနက် အဘို့ အစုဟူသော အနက်အစရှိကုန်သော။ အနေကေသု၊ ကုန်သော။ အတ္ထေသု၊ တို့၌။ ပဝတ္တိတော၊ ကြောင့်။ ဣဓ၊ ဤအဓိဂန္တွာ ပဒမစ္စုတံ-ဟူသော သင်္ဂြိုဟ်ဂါထာ အရာ၌။ နိဗ္ဗာနေ၊ နိဗ္ဗာန်ဟူသောအနက်၌။ ပဝတ္တိံ၊ ကို။ ဒဿေန္တော၊ ပြတော်မူလိုသော ဋီကာဆရာသည်။ ပဒံ နိဗ္ဗာနန္တိ၊ ဟူ၍။ ဝါ၊ ကို။ အာဟ၊ ၏။ စတုမဂ္ဂ။ ပ။ကာတဗ္ဗန္တိ၊ ဟူ၍။ ဝက္ခမာနတ္တာ၊ အရှင်အနုရုဒ္ဓါဆရာသည်ပင် အထက်၌ ဆိုလတ္တံ့ဖြစ်သည်၏ အဖြစ်ကြောင့်။ မဂ္ဂ။ ပ။ကတွာတိ၊ ဟူ၍။ ဝါ၊ ကို။ အာစရိယေန၊ ဋီကာကျော်ဆရာသည်။ ဝုတ္တံ၊ ၏။ သစ္ဆိကရဏံ ပန၊ မျက်မှောက်ပြုခြင်းသည်ကား။ မဂ္ဂဉာဏကိစ္စမေဝ၊ မဂ်ဉာဏ်၏ ကိစ္စသာတည်း။ အဓိဂန္တွာ မဂ္ဂဉာဏေန ပတွာ၊ အရိယမဂ်ဉာဏ်ဖြင့် ရောက်၍။ ဣတိပိ အတ္ထော၊ အရှင်သုမင်္ဂလသာမိဋီကာဆရာသည် ဖွင့်ပြအပ်သော အဓိဂန္တွာ-ဟူသောပုဒ်၏ မဂ္ဂဉာဏေန သစ္ဆိကတွာ-ဟူသော အနက်မှ တပါးသော မဂ္ဂဉာဏေန ပတွာ-ဟူသော ဤအနက်သည်လည်း။ ယုဇ္ဇတိ၊ သင့်၏။ ဟိ သစ္စံ၊ အဓိဂန္တွာ-ဟူသောပုဒ်၏ မဂ္ဂဉာဏေန ပတွာ-ဟူသော အနက်ကို သိအပ်၏ ဟုငါဆိုသောစကားသည် မှန်၏။ တံ ဉာဏံ၊ ထိုအရိယမဂ်ဉာဏ်သည်။ သမ္ပာပကဟေတု၊ နိဗ္ဗာန်သို့ရောက်ခြင်းအကြောင်းသည်။ ဟောတိ၊ ၏။ နိဗ္ဗာနံ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည်။ တေန၊ ထိုအရိယမဂ်ဉာဏ်ဖြင့်။ ပတ္တဗ္ဗဖလံ၊ ရောက်အပ်သော အကျိုးတည်း။ ဣတိ တသ္မာ၊ ထိုသို့ အရိယမဂ်ဉာဏ်၏ နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သည်၏အဖြစ်၊ နိဗ္ဗာန်၏လည်း အရိယမဂ်ဉာဏ်ဖြင့် ရောက်အပ်သော အကျိုး၏အဖြစ်ကြောင့်။ ဣတိပိ အတ္ထော၊ သည်လည်း။ ယုဇ္ဇတိ၊ သင့်ပါ၏။ ဧတေန၊ အဓိဂန္တွာ မစ္စုတံ-ဟူသော ဤစကားဖြင့်။ သဉပါဒိသေသနိဗ္ဗာနဓာတုံ၊ သဉပါဒိသေသနိဗ္ဗာနဓာတ်ကို။ ဒဿေတိ၊ အရှင်အနုရုဒ္ဓါဆရာ ပြတော်မူ၏။ တတောပရံ နိဗ္ဗာနဿ မဂ္ဂဉာဏေန သစ္ဆိ-

ကရဏာတော ဝေ၊ထိုသို့ နိဗ္ဗာန်ကို အရိယမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းကြောင့် သာလျှင်။ တွေ၊ ဤအနုပါဒိသေသနိဗ္ဗာန်၌။ ဉပဓိ၊ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခန္ဓာငါးပါး ဥပဓိတရားသည်။ သမတိ ဝူပသမတိ၊ ပဋိသန္ဓေကိစ္စတပ်၍ တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ငြိမ်းခြင်းဖြင့် ငြိမ်း၏။ နိရုဇ္ဈတိ၊ ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ချုပ်ခြင်းဖြင့် ချုပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ၊ ထိုအနုပါဒိသေသနိဗ္ဗာန ဓာတ်သည်။ သမာ၊ သမမည်၏။ အနုပါဒိသေသနိဗ္ဗာနဓာတုံ၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်ကို ရ၏။ ဣတိ၊ ဤသို့ နှလုံးပြု၍။ သမ်ါပ။ ဓာတုန္တိ၊ ဟူ၍။ ဝါ၊ ကို။ အာဟ၊ ၏။

တွေ၊ ဤဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသော ခန္ဓာပဉ္စက၌။ ဒုက္ခံ၊ ဒုက္ခသည်။ ဥပဓာတိ တိဋ္ဌတိ၊ တည်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ၊ ထိုခန္ဓာပဉ္စကသည်။ ဥပဓိ၊ မည်၏။ ဝါ၊ ကား။ ယံ ခန္ဓပဉ္စကံ၊ ကို။ ကမ္မကိလေသေဟိ၊ ကံကိလေသာ တို့သည်။ ဥပဂန္တွာ၊ ၍။ ဓာရိယတိ၊ အကျိုး၏အဖြစ်ဖြင့် ဆောင်အပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ခန္ဓပဉ္စကံ၊ သည်။ ဥပဓိ၊ မည်၏။ ဝါ၊ ကား။ ယံ ခန္ဓပဉ္စကံ၊ ကို။ ကမ္မကိလေသေဟိ၊ တို့သည်။ ဘုသံ၊ ပြင်းစွာ။ ဓာရိယတိ၊ ၏။ ဣတိ၊ ကြောင့်။ တံ ခန္ဓပဉ္စကံ၊ သည်။ ဥပဓိ၊ မည်၏။ ဝိပါကကဋတ္တာ ရူပသင်္ခါတံ၊ ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ် ဟု ဆိုအပ်သော။ ခန္ဓပဉ္စကံ၊ ခန္ဓာပဉ္စကကို ရ၏။ ဝါ၊ ခန္ဓာပဉ္စကသည်။ ဥပဓိ၊ မည်၏။ ယော ဥပဓိ၊ အကြွင်း ခန္ဓာပဉ္စက ဟု ဆိုအပ်သော ဥပဓိသည်။ ကိလေသေဟိ၊ အရိယမဂ်သည် သမုစ္ဆေဒအားဖြင့် ပယ်ဖြတ်အပ်သည်ဖြစ်၍ အကြွင်းမဲ့ ကုန်ငြိမ်းလေပြီးသော ကိလေသာတို့မှ။ သိဿတိ အဝသိဿတိ၊ မကုန်သေးမူ၍ ကြွင်းကျန်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ဥပဓိ၊ သည်။ သေသော၊ မည်၏။ ဥပဓိ ဧဝ၊ ခန္ဓာပဉ္စကဟူသော ဥပဓိသည် ပင်လျှင်။ သေသော၊ ကိလေသာတို့မှ ကြွင်းသည်တည်း။ ဥပဓိသေသော၊ မှကြွင်းသည်။ တွေ၊ ဤအနုပါဒိသေသနိဗ္ဗာန်၌။ ဥပဓိသေသာ၊ ကုန်ပြီးသော ကိလေသာတို့မှကြွင်းသော ဥပဓိသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ သာ၊ ထိုနိဗ္ဗာနဓာတ်သည်။ နိရုပဓိသေသာ၊ မည်၏။ နိဗ္ဗာနမေဝ၊ နိရုပဓိသေသ နိဗ္ဗာန်သည်ပင်လျှင်။ ဓာတုသဘာဝေါ၊ တည်း။ နိဗ္ဗာနဓာတု၊ သည်ပင်လျှင် သဘော။ နိရုပဓိသေသာ ဧဝ၊ သည်ပင်လျှင်။ နိဗ္ဗာနဓာတု၊ တည်း။ တထာ- နိရုပဓိသေသနိဗ္ဗာနဓာတု၊ ဓာတ်။ သုသမုစ္ဆိန္နသိနေဟဗန္ဓနတ္တာ၊ သတ္တဝါတို့ကို သံသရာဝဋ်မှ မကင်းမကျွတ် မလွတ်နိုင်အောင် မြဲစွာ ဖွဲ့နှောင်တတ်သော ထိုထိုဘဝ၌ ချစ်ခင်စုံမက် နှစ်သက်တွယ်တာ သာယာ မြတ်နိုးတတ်သော ဘဝဝိသယတဏှာ၏ အရဟတ္တမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် ကောင်းစွာ ပယ်ဖြတ် အကြွင်းမဲ့ ကင်းပြတ်ပြီးဖြစ်သည်၏ အဖြစ်ကြောင့်။ တံ နိရုပဓိသေသ-

နိဗ္ဗာနဓာတုံ၊ သို့။ ပါပုဏိသန္တိ၊ လတ္တံ့။ အနုပါဒိသေသာယ၊ ကိလေသာမှ ကြွင်းသော ဥပါဒိမရှိသော။ နိဗ္ဗာနဓာတုယာ၊ ဓာတ်ဖြင့်။ ဝါ၊ ငြိမ်းခြင်း သဘောဖြင့်။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ ဝါ၊ ထက်ဝန်းကျင် ငြိမ်းကုန်လတ္တံ့။ ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ တည်း။

## အဓိပ္ပါယ် ရှင်းပြချက်

ဤမဏိသာရမဉ္ဇူသာဋီကာဝယ် အဓိပ္ပါယ်ကို ပြဆိုလိုက်ဦးအံ့။

ထိုစကားတို့တွင် “ကမ္မာဒီဟိ။ပ။ တထာ” ဟူသော စကားဖြင့် အဓိဂန္တွာ ပဒမစ္စုတံ-၌ တေံ-ဟူသောပုဒ်၏ အစွဲအရကိုပြသော ဝဋ္ဋပဝတ္တံ-ဟူသော ဋီကာကျော်၌ ပ-ဟူသော ဥပသာရ၏ ပကာရအနက်ကို ဟောသည်၏အဖြစ်၊ ပဝတ္တံ-၌ ဝတုဓာတ် တပစ္စည်း၊ ထိုပစ္စည်း၏ကတ္တား၌ သက်ခြင်းကြောင့် ပဝတ္တ သဒ္ဒါကို ကတ္တုသာဓ်ပြုအပ်သည်၏အဖြစ်၊ ဝဋ္ဋသဒ္ဒါ၏အရလည်း တေဘူမက သင်္ခါရတရား၊ ပဝတ္တသဒ္ဒါ၏အရလည်း ၎င်းသင်္ခါရပင်ဖြစ်၍ တုလျာဓိကရဏသာ ဖြစ်ရကား ယင်းပုဒ်နှစ်ပါးကို ကမ္မဓာရည်းသမာသ် ပြုအပ်သည်၏အဖြစ်တို့ကို ပြသည်။

ပလုဇ္ဇနသဘာဝံ- ဖြင့် ပလောက-၌ ပ-ရှေးရှိသော လုဇ-ဓာတ် ဘာဝတ္ထ၌ ဏပစ္စည်း။ ပလောက-ကို ဘာဝသာဓ်ပြု။ ဓမ္မသဒ္ဒါ သဘာဝဝါစက၊ ပလောက-နှင့် ဓမ္မ-ကို စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပြုအပ်သည်၏ အဖြစ်ကို ပြသည်။

ပစ္စဝေက္ခိတွာ။ပ။ ဇာနိတွာ-ဖြင့် ပစ္စဝေက္ခိတွာ-ဝယ် ပတိ-ရှေး၊ အဝ-ရှေး ရှိသော ဣက္ခဓာတ်။ ပတိသဒ္ဒါ ဝိသုံ ဝိသုံအနက်ဟော။ ဝါ၊ ပုနပ္ပုနံ-အနက် ဟော။ အဝသဒ္ဒါ အနက်မရှိ။ ဣက္ခဓာတ်ကား ဉာဏအနက်ကိုဟောသည်။ ဣက္ခဓာတ်၏ ကရိုဏ်းကား ဝိပဿနာဉာဏ် ဟု ပြသည်။

စိရာယ စိရကာလံ-ဖြင့် အဋ္ဌကထာဝယ် စိရာယ-သည် စိရသဒ္ဒါ နောင်စတုတ္ထီသ ဝိဘတ်သက်၍ ယင်းကို အာယပြုသည်။ ထိုဝိဘတ်လည်း ဥပယောဂတ္ထ၌ သက်သည်ဟုပြလို၍ စိရာယ-ကို စိရကာလံ-ဟု ဋီကာဆရာ ဖွင့်ပြသည်။

တနည်းလည်း၊ စိရာယ-သည် နာမ်ပုဒ်မဟုတ်၊ ဒုတိယာဝိဘတ်အဆုံးရှိသော အသီးအခြား နိပါတ်ပုဒ်တပါးပင် ဖြစ်သည်ဟုပြလို၍ စိရာယ-ကို စိရကာလံ-ဟု ဋီကာကျော်ဆရာ ဖွင့်ပြသည်ဟု ပြသည်။

သုန္ဒရံ ဝတ မေတေသန္တိ သုဗ္ဗတာ ဟုတ္ဂာ-ဖြင့် သုဗ္ဗတာ-ဝယ် သု-၏ သုန္ဒရတ္ထ ဝါစကအဖြစ်၊ ဝတ-၏ ပါရမီဝိပဿနာအစရှိသော ကောင်းသော အကျင့်ဝတ် ပဋိပတ် ကို ဟောသည်၏အဖြစ်၊ သု-နှင့် ဝတ-ကို စတုတ္ထီဗဟုဗ္ဗီဟိ သမာသ်ပြုအပ်သည်၏

အဖြစ်၊ သုဗ္ဗတာ-၏ ဒဗ္ဗဝိသေသနမဟုတ် ကြိယာဝိသေသနဖြစ်သည်၏အဖြစ်တို့ကို ပြသည်။

သင်္ခေပဝဏ္ဏနာဆရာလည်း "သုဗ္ဗတာ သီလာစာရသမ္ပန္နာ ဟုတွာ" ဟူ၍ ဝတ-သဒ္ဒါ၏ သီလ အာစာရ စသော ကျင့်ဝတ်ပဋိပတ်ကို ဟောသည်၏ အဖြစ်၊ သုဗ္ဗတာ-ကို စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပြုအပ်သည်၏အဖြစ်၊ ယင်းပုဒ်၏ ကြိယာဝိသေသနအဖြစ်ကိုပင် ပြ၏။ ဤဋီကာကျော် သင်္ခေပဝဏ္ဏနာ မဏိမဉ္ဇူဆရာတို့အလိုအားဖြင့် အဋ္ဌကထာဝယ် သုဗ္ဗတာ-ကို အဓိဂန္တွာ-၌ ကြိယာဝိသေသနစပ်လိုသည်။

"သုခေန ဩဝဒိတဗ္ဗတ္တာ သုန္ဒရဝတသမန္နာဂတတ္တာ စ သုဗ္ဗတာ" ဟူ၍ဖွင့်ဆိုသော ဋီကာဟောင်းအလိုသော် သုဗ္ဗတာ-၌ သု-၏ သုခဝါစကအဖြစ်၊ ဝတ၏ ဝစသဒ္ဒါ၏ ကာရိယအဖြစ်၊ သုဗ္ဗတာ-ကို သုခံ ဝစော ဧတေသန္တိ သုဗ္ဗတာ-ဟူ၍ စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ပြုအပ်သည်၏အဖြစ်၊ တနည်း-သု-၏ သုန္ဒရဝါစကအဖြစ်၊ ဝတ၏ ပဋိပတ္တိကို ဟောသည်၏အဖြစ်၊ ရှေ့နည်း ဗဟုဗ္ဗီဟိ ပြုအပ်သည်၏ အဖြစ်ကိုငှင်း သုဗ္ဗတာ-ကို ဗုဓာ-၌ တုလျာဓိကရဏဝိသေသန အဖြစ်ဖြင့်စပ်အပ်သည်၏အဖြစ်ကိုငှင်း ပြသည်ဟူ၍ယူ။

"ဓိရာယ ဓိရကာလံ" ဟု ဖွင့်ပြသော ဋီကာကျော် သင်္ခေပတို့ အလိုအားဖြင့် အဋ္ဌကထာဝယ် ဓိရာယ-ကို သုဗ္ဗတာ-၌စပ်၊ ဓိရာယ ဓိရေန-ဟု ဖွင့်ပြသော ဋီကာဟောင်းအလိုသော် သမမေဿန္တိ-၌စပ်။

နိရုပဓိသေသနိဗ္ဗာန်၏ ဥပနိဿယအကြောင်းဖြစ်သောအရိယမဂ် နိရောဓသစ္စာနိဗ္ဗာန်, ကိလေသပရိနိဗ္ဗာန်၏အကျိုးကို ပြုရာဖြစ်ရကား အရိယမဂ်၏လည်း သန္ဒိဋ္ဌိက အကာလိကအကျိုးကို ပေးတတ် ဖြစ်စေတတ်သော တရားဖြစ်သောကြောင့် ပစ္စက္ခဘဝ မဂ်ဖိုလ်တို့၏ အနန္တရကာလ၌ပင် ငြိမ်းခြင်း သမသို့ရောက်လတ္တံ့ ဖြစ်လေသလော ဟု မှတ်ထင်ရန်ရှိ၍ ဓိရာယ-ကို အဋ္ဌကထာဆရာဆိုတော်မူသည်။ မဂ်ဖိုလ်တို့၏ အနန္တရကာလ၌ပင် ရောက်လတ္တံ့ ဖြစ်သည်မဟုတ်၊ မိမိတို့ကံအားလျော်စွာ ရှည်မြင့်စွာ တည်နေပြီးနောက် စုတိ၏ အနန္တရကာလသို့ရောက်မှ ရောက်လတ္တံ့ ဖြစ်သည် ဟု အဋ္ဌကထာဆရာ ပြသည် ဟူလို၏။

> ပဒံ ဋ္ဌာနေ ပရိတ္တာနေ၊ နိဗ္ဗာနမှိ စ ကာရဏေ။
> သဒ္ဒေ ဝတ္ထုမှိ ကောဋ္ဌာသေ၊ ပါဒေ တံလဥ္ဆနေ မတံ။

ဟူ၍ အဘိဓာန် (ဂါထာနံပါတ်-၇၁၉) ၌ ပြဆိုလာရှိသော ပဒသဒ္ဒါ၏ အနက်တို့တွင်—

အတ္တုပကရဏာ လိင်္ဂါ၊ ဩစိဘျာ ကာလဒေသတော။
သဒ္ဒတ္ထာ ဝိဘဇီယန္တိ၊ န သဒ္ဒါယေဝ ကေဝလံ။

ဟူ၍ သဒ္ဒတ္ထဇာလိနီ ၌ ပြဆိုအပ်သည်နှင့်အညီ နိဗ္ဗာန်ကိုပြဆိုသော အရာ၌ဖြစ်၍ အရာအားလျော်စွာငင်း "သာမညဝစနောပိ သဒ္ဒေါ သဒ္ဒန္တရသန္နိဓာနေန ဝိသေသဝိသယော" ဟူသော ပရိဘာသာနှင့်အညီ ဤသင်္ဂိုဟ်ဂါထာဝယ် ပဒသဒ္ဒါနှင့်တကွ တည်ဘက်ဖြစ်သော ရှေ့နောက်သဒ္ဒါ အထူးတို့ကို ထောက်သောအားဖြင့်ငင်း ဤအရာဝယ် ပဒသဒ္ဒါသည် နိဗ္ဗာန်ကိုသာ ဟောသည်၊ ကြွင်းသောအနက်တို့ကို မဟောဟုပြလို၍ "ပဒံ နိဗ္ဗာနံ" ကို ဝုတ္တိ,သံဝဏ္ဏနာနည်းအားဖြင့် အကြောင်းနှင့်တကွ ဋီကာဆရာ ပြဆိုကြောင်းကို—

ပဒသဒ္ဒဿ ကာရဏကောဋ္ဌာသာဒိသု အနေကေသု အတ္ထေသု ပဝတ္တိတော ဣဓ နိဗ္ဗာနေ ပဝတ္တိံ ဒဿေန္တော ပဒံ နိဗ္ဗာနန္တိ အာဟ-

ဟူသောစကားတို့ဖြင့် ပြသည်။

အဓိဂန္တာ-နှင့် သဘောတူသော အရာဝယ် "စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ" ဟူ၍ အဋ္ဌကထာဆရာသည်ပင် ဆိုလတ္တံ့ ဖြစ်သောကြောင့် အဓိဂန္တာ-၏ကရိုဏ်းကို မဂ္ဂဉာဏေန-ဟု ထည့်သင့်သည်။ အဓိဂမနဟူသည်လည်း ဤ၌ သစ္ဆိ-ကရဏသာ ဖြစ်သင့်သည် ဟု သိစေလို၍ အဓိဂန္တာ-ကို မဂ္ဂဉာဏေန သစ္ဆိကတ္တာ-ဟု ဋီကာဆရာပြကြောင်းကို "စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဝက္ခမာနတ္တာ မဂ္ဂ။ ပ ။ကတ္တာတိ ဝုတ္တံ" ဟူသော စကားတို့ဖြင့် ပြသည်။

ဤဋီကာဝယ် သစ္ဆိကရဏ-ဟူသည် "နိဗ္ဗာနသစ္ဆိကိရိယာ စ" ဟူသော မင်္ဂလသုတ်၌ သစ္ဆိကရဏ-စသည်ကဲ့သို့ အရဟတ္တဖိုလ်သို့ ရောက်ခြင်း အရဟတ္တဖိုလ်ကို ဆင်ခြင်ခြင်း စသည်မဟုတ်၊ ပရိညာ ပဟာန သစ္ဆိကိရိယာ ဘာဝနာဘိ-သမယဝသေန-စသည်၌ကဲ့သို့ အရိယမင်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း နိဗ္ဗာန်ကို အာရုံပြု၍ သိခြင်းဟူသော မင် ကိစ္စသာ ဖြစ်ကြောင်းကို— "သစ္ဆိကရဏံ ပန မဂ္ဂဉာဏကိစ္စမေဝ" ဖြင့် မဏိမဉ္ဇူဆရာ ပြသည်။

အဓိဂန္တာ-ဝယ် ဂမုဓာတ်၏ အနက်ဖြစ်သော ဂတိသုံးပါးတွင် ဉာဏဂတိဖြစ်သော သစ္ဆိကရဏတ္ထအားဖြင့် အဓိဂန္တာ-ကို "မဂ္ဂဉာဏေန သစ္ဆိကတ္တာ" ဟူ၍သာ ဖွင့်ဆိုသင့်သည် မဟုတ်၊ ပါပုဏနဂတိ-ဖြစ်သော ပတ္တာ-ဟူသော အနက်ကိုယူ၍ မဂ္ဂဉာဏေန ပတ္တာ-ဟူ၍ ဖွင့်ဆိုသော်လည်း သင့်သည်ပင် ဖြစ်ကြောင်းကို မဂ္ဂဉာဏေန ပတ္တာ-ဖြင့် ပြသည်။

အဓိဂန္တာ-၏ "မဂ္ဂဉာဏေန သစ္ဆိကတ္တာ" ဟူ၍ ဋီကာဆရာ ပြဆိုသော အနက်သာ သင့်သည်မဟုတ်၊ မဂ္ဂဉာဏေန ပတ္တာ-ဟူသော အနက်သည်လည်း

သင့်သည်သာဟု ဆို၏။ အကယ်၍ အရိယမဂ်ဉာဏ်သည် နိဗ္ဗာန်သို့ရောက်ခြင်း၏ အကြောင်း၊ နိဗ္ဗာန်သည် အရိယမဂ်ဉာဏ်ဖြင့် ရောက်အပ်သော အကျိုး မဟုတ်ခဲ့သော် ဆရာ့စကား မသင့်မမှန်ရာ ဟူဘွယ်ရှိ၍ "တဒုဘ သမ္ပာပကဟေတု၊ နိဗ္ဗာနံ တေန ပတ္တဗ္ဗဖလန္တိ" ကို ဆိုရသည်။

အရိယမဂ်ဉာဏ်သည် နိဗ္ဗာန်သို့ရောက်ခြင်း၏အကြောင်း နိဗ္ဗာန်သည်လည်း အရိယမဂ်ဉာဏ်ဖြင့် ရောက်အပ်သော အကျိုးဖြစ်သည်သာ ဖြစ်၍ ငါ့စကား သင့်ပါ မှန်ပါ၏ ဟူလို။

ဤ အဓိဂန္တ္ဗာ ပဒမစ္စုတံ-ဖြင့် အဘယ် အနက်သဘောကို အဋ္ဌကထာဆရာ ပြသနည်း ဟူဘွယ်ရှိ၍ "တေန သဉပါဒိသေသနိဗ္ဗာနဓာတုံ ဒဿေတိ" ကို ဆိုတော်မူသည်။ အဓိဂန္တ္ဗာ ပဒမစ္စုတံ-ဟူသော ဤစကားဖြင့် သဉပါဒိသေသ နိဗ္ဗာန်ကို အဋ္ဌကထာဆရာ ပြတော်မူသည် ဟူလို၏၊ အဓိဂန္တ္ဗာ-၏ ကံဖြစ်သော ပဒံ-ကို အစ္စုတံ-ဟူသော ဝိသေသနဖြင့် အထူးပြု၍ အဋ္ဌကထာဆရာ ဆိုသည်ကို ထောက်၍ရင်း အရိယမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ် အာရုံပြုသောအားဖြင့် သိအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ကိုသာ ပြဆိုသော အရာဖြစ်၍ရင်း အဓိဂန္တ္ဗာ ပဒမစ္စုတံ-ဖြင့် မဂ်ဖိုလ်တို့၏အာရုံ နိရောဓသစ္စာ နိဗ္ဗာန်ကိုသာ အဋ္ဌကထာဆရာ ပြဆိုသည်၏ အဖြစ်သည် အလွန်သိသာ ထင်ရှားသောကြောင့် အရိယမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ရာဂအစရှိသော ကိလေသာတို့၏ ရဟန္တာသန္တာန်ဝယ် တဖန်အသစ် မဖြစ်ကောင်းသောအားဖြင့် မဖြစ်ခြင်းဟူသော သဉပါဒိသေသ နိဗ္ဗာန်ကို သုသမုစ္ဆိန္နသိနေဟဗန္ဓနာ-ဖြင့် အဋ္ဌကထာဆရာသည်ပင် ပြဆိုတော်မူလတ္တံ့ ဖြစ်သောကြောင့်ရင်း အဓိဂန္တ္ဗာ-ဖြင့် သဉပါဒိသေသနိဗ္ဗာန်ကို အဋ္ဌကထာဆရာ ပြတော်မူသည်ဟု ပြဆိုသော "တေန သဉပါဒိသေသနိဗ္ဗာနဓာတုံ ဒဿေတိ" ဟူသော မဏိမဉ္ဇူဆရာ၏ စကားကို ထိုထို အဋ္ဌကထာ ဋီကာတို့၌ ဖလူပစာရအကြောင်း ဉပါယအားဖြင့် အကျိုးဖြစ်သော ကိလေသာ အလုံးစုံ ကုန်ငြိမ်းခြင်း၏ သဉပါဒိသေသ-ဟူသော အမည်ကို အကြောင်း နိရောဓသစ္စာနိဗ္ဗာန်၌ တင်စား၍ ထိုနိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာန်ဟူ၍ ပြဆိုသော အရာရှိသော်လည်း ဤအရာဝယ် မဆိုသင့်သောကြောင့်ရင်း အဋ္ဌကထာ ဆရာ၏ အလိုတော်နှင့် မညီမလျော်သော စကား သာ ဟု မှတ်အပ်သည်။

## ဋီကာဆရာများ အလို

ဋီကာကျော်ဝယ် တတောယေဝ-၌ တ-သဒ္ဒါဖြင့် "မဂ္ဂဉာဏေန သစ္ဆိကတ္ဗာ" ဟူသော ရှေ့စကားကိုစွဲသည်၊ အဓိဂန္တ္ဗာ-ကို သုသမုစ္ဆိန္နသိနေဟဗန္ဓနာ-ဝယ် သုသမုစ္ဆိန္န-၌ ဟေတုဖလ အဖြစ်ဖြင့် စပ်ရမည်ဟု ဋီကာဆရာ ပြကြောင်း

ကို "တတောယေဝ နိဗ္ဗာနဿ မဂ္ဂဖလဉာဏေန သစ္ဆိကရဏတော ဝေ" ဖြင့် ပြသည်။ "အဓိဂန္တွာ မဂ္ဂဉာဏေန ပဋိဝိဇ္ဈိတွာ တေနေဝ ဉာဏေန အနုပ္ပတ္တိ-ဓမ္မတာပါဒနဝသေန သုသမုစ္ဆိန္နတဏှာသင်္ခါတသိနေဟဗန္ဓနာ ဟုတွာ" ဟူ၍ ဆိုသော ဋီကာဟောင်းဆရာလည်း ဂမုဓာတ်၏ ဂတိသုံးပါးတွင် ဉာဏဂတိကို ဟောသည်၏ အဖြစ်၊ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိသော မဂ်ဉာဏ် သည်သာလျှင် သုသမုစ္ဆိန္နဝယ် ဆိန္နနကိရိယာ၏ ကရိုဏ်းဖြစ်သည်၏အဖြစ် သိနေဟဗန္ဓနကို ဖြတ်သည် ဟူရာ၌ တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်မျှဖြင့် ဖြတ်သည် မဟုတ်၊ တဖန် ဖြစ်ပြန်ကောင်းသော သဘောမရှိသည်၏ အဖြစ်သို့ ရောက်စေ သည်၏ အစွမ်းဖြင့် သမုစ္ဆေဒပဟာန်အားဖြင့် ဖြတ်သည်၏အဖြစ်၊ အဓိဂန္တွာ-ကို သုသမုစ္ဆိန္န-၌ သုသမုစ္ဆိန္နသိနေဟဗန္ဓနာ-ကို သမ္မေဃန္တိ-၌ ကိရိယာဝိသေသန အဖြစ်ဖြင့် စပ်အပ်သည်၏ အဖြစ်တို့ကို ပြတော်မူသည်။

သမံ နိရုပဓိသေသနိဗ္ဗာနဓာတုံ-ဖြင့် သမမေဃန္တိ-ဝယ် သမသဒ္ဒါ-ကို "သမတိ ဝူပသမတိ နိရုဇ္ဈတိ ဧတ္ထ ဥပဓိတိ သမာ" ဟု အဓိကရဏသာဓနပြု၍ သမ-အရကို နိရုပဓိသေသနိဗ္ဗာန်ကို ကောက်ယူအပ်သည်၏ အဖြစ်ကို ဋီကာဆရာ ပြကြောင်းကို—"သမတိ ဝူပသမတိ နိရုဇ္ဈတိ ဧတ္ထ ဥပဓိတိ သမာ အနုပါဒိ-သေသနိဗ္ဗာနဓာတူတိ အာဟ သမံ။ ပ။ ဓာတုန္တိ-တို့ဖြင့် ပြသည်။ နိရုပဓိ-သေသနိဗ္ဗာနဓာတုံ-ဟူသော ဋီကာကျော်ဝယ် ဥပဓိ-၌ ဥပရှေးရှိသော ဓာဓာတ်၊ ဥပသည် ဓာတွတ္ထာနုဝတ္တကဥပသာရ၊ ဓာ-ဓာတ်ကား ဂတိနိဝတ္တနအနက်ကို ဟောသည်ဖြစ်၍ ဥပဓိသဒ္ဒါကို "ဥပဓာတိ တိဋ္ဌတိ ဧတ္ထ ဒုက္ခန္တိ ဥပဓိ" ဟူ၍ အဓိကရဏသာဓနသော်ငြား၊ ဥပရှေးရှိသော ဓရဓာတ်ယူ၍ ဥပသဒ္ဒါကို ဥပ-ဂမနတ္ထ ဓာတွတ္ထဝိသေသက ဥပသာရ၊ ဓရဓာတ်ကို ဓာရဏတ္ထကြံ၍ တနည်း ဥပ-ကို ဘုသတ္ထ ဓာတွတ္ထဝိသေသကကြံ၍ "ဥပဂန္တွာ ဓာရိယတီတိ ဥပဓိ၊ ဘုသံ ဝါ ဓာရိယတီတိ ဥပဓိ" ဟူ၍ ကမ္မသာဓနသော်ငြား ပြု၍ ဥပဓိ-အရကို ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခန္ဓာပဉ္စကိုကောက်။ သေသ-သဒ္ဒါကို ကတ္တုသာဓနပြု။ ပယ်ပြီး ကိလေသာကို သေသ၏-အပါဒါန်ခံ။ ဥပဓိ-နှင့်သေသ-ကို ကမ္မဓာရည်း သမာသ်ပြု။ နိ-နှင့် ဥပဓိသေသ-ကို သတ္တမီဗဟုဗ္ဗိဟိသမာသ်ပြု။ နိဗ္ဗာန-နှင့် ဓာတု-ကို ကမ္မဓာရည်းသမာသ်ပြု။ ဓာတုသဒ္ဒါလည်း သဘာဝဝါစက။ နိရုပဓိသေသ-နှင့် ဓာတုကိုလည်း ကမ္မဓာရည်းသမာသ်ပင်ပြု။ သမံ-ကို ဃေန္တိ-၌ စပ်။ နိရုပဓိသေသနိဗ္ဗာနဓာတ်သို့ ရောက်လတ္တံ့ဟူသည် အနုပါဒိသေသနိဗ္ဗာန-ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့ ဟူလိုသည်။ ဤကား "သမံ နိရုပဓိသေသနိဗ္ဗာန-ဓာတုံ ဧဃန္တိ ပါပုဏိဿန္တိ" ဟူသော စကားကို ဆိုသော ဋီကာကျော်ဆရာ၏ အာဘော်အလိုတော် ဖြစ်ကြောင်းကို—"ဥပဓေတိ ဟိဋ္ဌတိ။ ပ။ ပရိနိဗ္ဗာယိ-ဿန္တီတိ အဓိပ္ပါယော" ဟူသော စကားတို့ဖြင့် မဏိမဉ္ဇူဆရာ ပြသည်။

သမံ-ကို နိရုပဓိသေသ နိဗ္ဗာန ဓာတုံ-ဟု ပြဆိုသော ဋီကာကျော်ဆရာ၏ အလိုအားဖြင့် သမသဒ္ဒါကို အဓိကရဏသာဓ် ပြုစေလိုသည် ဟု မဏိမဉ္ဇူဆရာ ယူတော်မူသည်။ သမံ-ကို "နိရုပဓိသေသ နိဗ္ဗာနံ" ဟု ဖွင့်သော ဋီကာဟောင်း "နိရုပဓိသေသ နိဗ္ဗာနဓာတုံ" ဟူသော ဋီကာကျော် "ဥပဓိဝူပသမံ နိဗ္ဗာနံ" ဟု ဖွင့်သော သင်္ခေပဝဏ္ဏနာ၊ ဤဋီကာဆရာ သုံးပါးတို့၏ အလိုအားဖြင့် သမ သဒ္ဒါကို "သမနံ ဝူပသမနံ သမော" ဟူ၍ ဘာဝသာဓနသာ ပြုစေလိုသည်ဟု ထင်ပေသည်။

သမံ-အရကို ခန္ဓပရိနိဗ္ဗာနဟူ၍ငင်း အနုပါဒိသေသနိဗ္ဗာနဟူ၍ငင်း နိရုပဓိ-သေသနိဗ္ဗာနဟူ၍ငင်း ထိုထိုအရာဝယ် ပြဆိုလာရှိသော ခီဏာသဝတို့ စုတိ ဘင်္ဂက္ခဏ၏ အခြားမဲ့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ပဋိသန္ဓေ ကိစ္စတပ်၍ မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ငြိမ်းခြင်း အဘာဝ အတ္ထပညတ် ကိုသာ ကောက်ယူလေ။

## အဘာဝ အတ္ထပညတ် အဓိပ္ပါယ်

အရှင်အနုရုဒ္ဓါဆရာသည် ဤ"ပဋိသင်္ခါယ ပနေတမဒ္ဒုဝံ။ပ။ဓိရာယ သုဗ္ဗတာ" ဟူသော ဂါထာကို "တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ အယံ ဝုစ္စတိ သဥပါဒိသေသာ နိဗ္ဗာနဓာတု" ဟူ၍ငင်း "တဿ ဣဓေဝ သဗ္ဗ-ဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတိ ဘဝိဿန္တိ။ အယံ ဝုစ္စတိ အနုပါဒိသေသာ နိဗ္ဗာနဓာတု"ဟူ၍ငင်း။ "သဥပါဒိသေသာ ဒိဋ္ဌဓမ္မိကာ" ဟူ၍ငင်း။ "အနု-ပါဒိသေသာ သမ္ပရာယိကာ" ဟူ၍ငင်း ဟောတော်မူအပ်သော ဣတိဝုတ် ပါဠိတော် (၂၂၁) ရာဂက္ခယောတိ ရာဂဿ ခယော ခီဏာကာရော အဘာဝေါ အစ္စန္တမနုပ္ပါဒေါ" ဟူ၍ငင်း "သီတီ ဘဝိဿန္တီတိ အစ္စန္တဝူပသမေန သင်္ခါရ-ဒရထပဋိပဿဒ္ဓိယာ သီတလီ ဘဝိဿန္တိ။ အပ္ပဋိသန္ဓိကနိရောဓေန နိရုဇ္ဈိဿန္တီတိ အတ္ထော" ဟူ၍ငင်း "ဒိဋ္ဌဓမ္မိကာတိ ဣမသ္မိံ ယေဝ အတ္တဘာဝေ ဘဝါ ဝတ္တ-မာနာ" ဟူ၍ငင်း "သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ" ဟူ၍ငင်း ဖွင့်ဆိုသော ၎င်းအဋ္ဌကထာ(၁၅၉) တို့ကို အမှီပြု၍ ဆိုတော်မူသည်။

ဋီကာဆရာ သုံးပါးတို့လည်း အဋ္ဌကထာဆရာ၏ အာဘော်အလိုတော် အတိုင်း နေရာကျပင် ဟုတ်မှန်စွာ ဖွင့်ဆိုတော်မူကြကုန်သည် ဖြစ်၍ ဤ အဋ္ဌကထာ ဋီကာအဓိပ္ပါယ်တို့ကို ဣတိဝုတ်ပါဠိ, အဋ္ဌကထာတို့နှင့် ညီညွတ် အောင် ယူကြပါလေ။

ဤ၌ ဆောင်ပြအပ်သော ဣတိဝုတ်ပါဠိ, အဋ္ဌကထာတို့၌ အနက်အဓိပ္ပါယ် တို့ကို ပညတ် အသင်္ခတဖြစ်သော သဥပါဒိသေသ အနုပါဒိသေသ နိဗ္ဗာန်တို့ကို

ပြရာ ဆောင်ပြအပ်သော ဣတိဝုတ်ပါဠိ အဋ္ဌကထာစကားရပ်သို့ ရောက်မှ အပြည့်အစုံ ပြဆိုအံ့။

ဤအရပ်ရပ် ပြဆိုခဲ့ပြီးသော ခယနိရောဓ-အစရှိသော အရာတို့၌ ပရမတ္ထ-အသင်္ခတနိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ရာဂအစရှိသော ကိလေသာတို့၏ ကေန်စင်စစ် တဖန် အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ထိုကိလေသာတို့၏ ကုန်ခြင်း ချုပ်ခြင်း ကင်းခြင်း ပြတ်ခြင်း ငြိမ်းခြင်းဟူသည် ထိုရာဂအစရှိသော ကိလေသာ တို့၏ မရှိခြင်း အဘာဝအတ္ထပညတ်မျှသာ ဖြစ်သည်။ တစုံတခုသော ပရမတ္ထ ဓမ္မမဟုတ်။ ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော အကျိုးခန္ဓာငါးပါးတို့၏ ရဟန္တာတို့ စုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့၌ ကေန်စင်စစ် ပဋိသန္ဓေကိစ္စအားဖြင့် တဖန်အသစ် မဖြစ်နိုင်သော မဖြစ်ခြင်းဟူသော ထိုခန္ဓာတို့၏ ကုန်ခြင်း ချုပ်ခြင်း ကင်းခြင်း ပြတ်ခြင်း ငြိမ်းခြင်းဟူသည်လည်း ထိုအကျိုးခန္ဓာတို့၏ မရှိခြင်း အဘာဝအတ္ထပညတ်မျှသာ ဖြစ်သည်။ အသီးအခြားသော ပရမတ္ထတရားတပါး မဟုတ် ဟု မှတ်အပ်၏။

## သစ်ပင်သစ်သီး ဥပမာ

ကံဟောင်းလည်းကုန် ကံသစ်လည်း ဖြစ်ခြင်းမရှိဟူရာ၌ ခဏတ္တယကို လွန်ပြီး ဖြစ်သော အတိတ်အခွန့်ကာလရှိသော ကံဟောင်းသည်ဖြစ်၍ ချုပ်ပြီးပင် ဖြစ်သော်လည်း ပုထုဇဉ်သေက္ခတို့အား ကုန်ပြီး ဟု မဆိုရသော အရဟတ္တ ဖိုလ်သို့ မရောက်မီ ရှေးအဘို့ကာလတို့၌ ဖြစ်ခဲ့သော ထိုသို့သဘောရှိသော ကံဟောင်းသည် မီးဖြင့်ဖုတ်လှော်အပ်ပြီးသော မျိုးစေ့သည် အညှောက်အညွန့် အရွက် အခက်-စသည်ကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်သကဲ့သို့၊ တဏှာတည်း ဟူသော အစေးကို အရဟတ္တမဂ်တည်းဟူသော မီးဖြင့် ခြောက်ခန်း ကုန်ကင်းစေ အပ်သည်၏ အဖြစ်ကြောင့် ရဟန္တာပုဂ္ဂိုလ်တို့အား စုတိခန္ဓာ ဘင်္ဂက္ခဏမှ နောက်ကာလ၌ ပဋိသန္ဓေအစရှိသော အကျိုးကိုပေးခြင်း ဖြစ်စေခြင်းငှါ မစွမ်း နိုင်သည်သာ ဖြစ်ရကား အရဟတ္တဖိုလ်သို့ ရောက်သည်ကစ၍ ကုန်ပြီး ဖြစ်ကြောင်း၊ ထိုရဟန္တာပုဂ္ဂိုလ်တို့အား မြတ်စွာဘုရားကို ပန်းစသော ဝတ္ထု တို့ဖြင့် ပူဇော်ခြင်း လက်အုပ်ချီခြင်း ရှိခိုးခြင်း အရိုအသေပြုခြင်း တရားနာခြင်း တရားဟောခြင်း အစရှိသည်တို့၏အစွမ်းဖြင့် အရဟတ္တဖိုလ်သို့ရောက်ပြီးမှနောက် ကာလ၌ ဖြစ်သော ကံသစ်ဟု ခေါ်ဆိုအပ်သော ကြိယာစေတနာကံသည်လည်း မြစ်သေး မြစ်မ တစမလပ် ပယ်ဖြတ်အပ်ပြီးသော အမြစ်ရှိသောသစ်ပင်၏ အပွင့်သည် အသီးကို ဆောင်ခြင်းဖြစ်စေခြင်းငှာ မစွမ်းနိုင်သကဲ့သို့ အနာဂတ် အခွန့်ကာလရှိသော ပဋိစ္စသမုပ္ပါဒ်ဝဋ်ကို ဆောင်သည်၏ အစွမ်းဖြင့် အမြစ်

မူလဖြစ်သော တဏှာတည်းဟူသော ဝဋ်မြစ်ကိုဖြတ်နုတ် ပယ်ဖျက်အပ်ပြီးသည်၏ အဖြစ်ကြောင့်ပင်လျှင် ရဟန္တာပုဂ္ဂိုလ်တို့ စုတိခန္ဓာ ဘင်္ဂက္ခဏ၏ အခြားမဲ့ဖြစ်သော နောက်ကာလ၌ ပဋိသန္ဓေဟူသောအကျိုးကို ပေးခြင်းဖြစ်စေခြင်းငှါ မစွမ်းနိုင်ရကား မရှိကြောင်းကို "ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ" အစရှိသော ရတနသုတ် ပါဠိတော်ဂါထာ၏အဖွင့်ဖြစ်သော ခုဒ္ဒကပါဌအဋ္ဌကထာ (၂၉၁)၌-

> ယံ တံ သတ္တာနံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓမ္ပိ ပုရာဏံ အတီတကာလိကံ ကမ္မံ တဏှာသိနေဟဿ အပ္ပဟီနတ္တာ ပဋိသန္ဓိအာဟရဏသမတ္ထတာယ အခီဏံယေဝ ဟောတိ။ တံ ပုရာဏံ ကမ္မံ ယေသံ အရဟတ္တမဂ္ဂေန တဏှာသိနေဟဿ သောသိတတ္တာ အဂ္ဂိနာ ဒဍ္ဎဗီဇမိဝ အာယတိံ ဝိပါကဒါနာသမတ္ထတာယ ခီဏံ။ ယဉ္စ နေသံ ဗုဒ္ဓပူဇာဒိဝသေန ဣဒါနိ ပဝတ္တမာနံ ကမ္မံ နဝန္တိ ဝုစ္စတိ၊ တဉ္စ တဏှာပဟာနေနေဝ ဆိန္နမူလပါဒပပုပ္ဖမိဝ အာယတိံ ဖလဒါနာသမတ္ထတာယ ယေသံ နတ္ထိ သမ္ဘဝံ—

ဟူ၍ ပြဆိုတော်မူ၏။

သတ္တာနံ၊ ပုထုဇဉ်သေက္ခဖြစ်ကုန်သောသတ္တဝါတို့အား။ ပုရာဏံ အတီတကာလိကံ၊ အရဟတ္တမဂ်ခဏမှ ရှေးလွန်ပြီးအတိတ်ကာလရှိသော။ ယံ တံ ကမ္မံ၊ အကြင်ကုသိုလ်ကံ အကုသိုလ်ကံသည်။ ဥပ္ပဇ္ဇိတွာ၊ ဥပါဒ်အားဖြင့် ဖြစ်ပြီး၍။ နိရုဒ္ဓမ္ပိ၊ ဘင်အားဖြင့် ချုပ်ပြီးပင်ဖြစ်သော်လည်း။ တဏှာသိနေဟဿ၊ တဏှာတည်းဟူသောအစေး၏။ ဝါ၊ အစေးကို။ အပ္ပဟီနတ္တာ၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ မပယ်အပ် မပယ်နိုင်သေးသည်၏ အဖြစ်ကြောင့်။ ပဋိသန္ဓိအာဟရဏသမတ္ထတာယ၊ ပဋိသန္ဓေဟူသောအကျိုးကို ဆောင်ခြင်း ဖြစ်စေခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်ဖြင့်။ ဝါ၊ အဖြစ်ကြောင့်။ အခီဏံယေဝ၊ ကုန်ပြီးမဟုတ်သည်သာလျှင်။ ဟောတိ၊ ၏။ တံ ပုရာဏံ ကမ္မံ၊ ထိုဆိုအပ်ပြီးသောသဘောရှိသော ကံဟောင်းသည်။ ယေသံ၊ အကြင်ရဟန္တာပုဂ္ဂိုလ်တို့အား။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ တဏှာသိနေဟဿ၊ တဏှာတည်းဟူသော အစေးကို။ သောသိတတ္တာ၊ ခြောက်ခန်းစေအပ်ပြီးသည်၏ အဖြစ်ကြောင့်။ အဂ္ဂိနာ၊ မီးဖြင့်။ ဒဍ္ဎဗီဇံ၊ ဖုတ်လှော်အပ်ပြီးသော ကောက်ပဲသစ်စေ့စသော မျိုးစေ့သည်။ အင်္ကုရာဒိံ၊ အညှောက်အစရှိသည်ကို။ ဇနေတုံ၊ ဖြစ်စေခြင်းငှါ။ အသမတ္ထံ့ဣဝ၊ မစွမ်းနိုင်သကဲ့သို့။ အာယတိံ၊ စုတိကျပြီးသည်မှ နောက်ကာလ၌။ ဝိပါကဒါနာသမတ္ထတာယ၊ ပဋိသန္ဓေ-စသော အကျိုးကိုပေးခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ ခီဏံ၊ ကုန်ပြီးသည်။ ဟောတိ၊ ၏။ နေသံ၊ ထိုကံဟောင်း ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့အား။ ဗုဒ္ဓပူဇာဒိဝသေန၊ မြတ်စွာဘုရားအား ပန်းစသည်တို့ဖြင့် ပူဇော်ခြင်းအစရှိသည်တို့၏အစွမ်းဖြင့်။ ဣဒါနိ၊ အရဟတ္တမဂ်

သို့ ရောက်ပြီးသည်မှနောက်ဖြစ်သော ဤယခုအခါ၌။ ပဝတ္တမာနံ၊ ဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံကို။ နဝဋ္ဌိ၊ ကံသစ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သမ္ဘဝံ၊ ရဟန္တာဖြစ်ပြီးသော ဤအခါမှ ဖြစ်သော။ တဥ္စ ကမ္မံ၊ ကံသစ်ဟု ခေါ်ဆိုအပ်သော သဘောရှိသော ထိုကံသည်လည်း။ တဏှာပဟာနေနေဝ၊ တဏှာတည်းဟူသော ဝဋ်မြစ်ကို ပယ်ဖြတ်သဖြင့်သာလျှင်။ ဝါ၊ ပယ်ဖြတ်သောကြောင့်သာလျှင်။ ဆိန္နမူလပါဒပပုပ္ဖံ၊ မြစ်မ မြစ်သေးမကြွင်း တျင်းတျင်းကုန်စင်အောင် ပယ်ဖြတ်အပ်ပြီးသော အမြစ်ရှိသော သစ်ပင်တို့၏ အပွင့်သည်။ ဖလံ၊ အသီးကို။ ဇနေတုံ၊ ဖြစ်စေခြင်းငှါ။ အသမတ္ထံ ဣဝ၊ မစွမ်းနိုင်သကဲ့သို့။ အာယတိံ၊ စုတိကျပြီးသည်မှ နောက်ကာလ၌။ ဖလဒါနာသမတ္ထတာယ၊ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော အကျိုးကို ပေးခြင်းဖြစ်စေခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ ယေသံ၊ အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့အား။ နတ္ထိ၊ မရှိပြီ။

ရဟန္တာပုဂ္ဂိုလ်တို့ စုတိခန္ဓာဘင်္ဂက္ခဏမှ နောက်အခြားမဲ့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခန္ဓာငါးပါးတို့ ပဋိသန္ဓေကိစ္စအားဖြင့် မဖြစ်ခြင်းဟူသော ငြိမ်းခြင်းသို့ ရောက်လတ္တံ့ ဟူရာ၌လည်း ကုန်ပြီးသော အာသဝေါရှိကုန်သော ပြုဆိုအပ်ပြီးသော ဂုဏ်နှင့်ပြည့်စုံကုန်ပြီးသော ရဟန္တာတို့သည် ပဋိသန္ဓေ ဝိညာဉ်ကို ဖြစ်စေတတ်သော ကံကုန်သဖြင့် သာလျှင် ပဋိသန္ဓေဝိညာဉ်၏ အရဟတ္တမဂ္ဂါနန္တရဖိုလ်သို့ ရောက်သည်ကစ၍ ကုန်ပြီးပင် ဖြစ်သည်၏ အဖြစ်ကြောင့် ကုန်ပြီးသော ပဋိသန္ဓေဝိညာဉ်ရှိကြောင်းကို ပြဆိုသော တေ ခီဏဗီဇာ-ဟူသော ပုဒ်၏အဖွင့်ဖြစ်သော "တေ ခီဏာသဝါ ဘိက္ခူ ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇန္တိ ဧတ္ထ ဝုတ္တပဋိသန္ဓိဝိညာဏဿ ကမ္မက္ခယေနေဝ ခီဏတ္တာ ခီဏဗီဇာ" ဟူသော ခုဒ္ဒကပါဌအဋ္ဌကထာ(၂၃၁) ကို ထောက်၍ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံမကုန်သေးခဲ့က စုတိ၏ အခြားမဲ့ကာလဝယ် ဖြစ်ရမည့် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခန္ဓာငါးပါးသည် အရဟတ္တမဂ္ဂါနန္တရဖိုလ်ခဏ ကာလကပင် ရဟန္တာပုဂ္ဂိုလ်တို့အား ကုန်ပြီဟူ၍လည်း ဆိုသင့်၏။

ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါရှိကုန်သော။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇန္တိ ဧတ္ထ၊ ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ-ဟူသော ဤပါဠိ၌။ ဝုတ္တပဋိသန္ဓိဝိညာဏဿ၊ ဗီဇဟုဆိုအပ်သော ပဋိသန္ဓေဝိညာဉ်၏။ ကမ္မက္ခယေနေဝ၊ ထိုပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ ကုန်ခြင်းဖြင့်သာလျှင်။ ခီဏတ္တာ၊ ကုန်ပြီးဖြစ်သည်၏ အဖြစ်ကြောင့်။ ခီဏဗီဇာ၊ ကုန်ပြီးသော ပဋိသန္ဓေ ဝိညာဏ်ဟူသော ဗီဇရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

"ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ" ဟူ၍ ထိုထိုသုတ္တန် ပါဠိတော်တို့၌လာသော ခီဏာဇာတိ-ဝယ် ဇာတိ-အရကိုလည်း ဤနည်းအတိုင်း သိလေ။

ပရမတ္ထအသခ်တဖြစ်သော နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ပယ်ဖြတ်အပ်သည်ဖြစ်၍ ရာဂအစရှိသော ကိလေသာတို့၏ တဖန်အသစ် မဖြစ်နိုင်သော မဖြစ်ခြင်းဟူသော ကိလေသဝဋ္ဋ ပြတ်ငြိမ်းခြင်းဖြစ်သည်။ ယင်းသို့ ကိလေသဝဋ္ဋ ပြတ်ငြိမ်းသဖြင့် ကမ္မဝဋ္ဋ ပြတ်ငြိမ်းသည်။ ယင်းသို့ ကမ္မဝဋ္ဋ ပြတ်ငြိမ်းသဖြင့်လည်း ဝိပါကဝဋ္ဋ ပြတ်ငြိမ်းသည်ဖြစ်၍ ထိုကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ ဟူသော ဝဋ္ဋသုံးပါး အလုံးစုံသော သခ်ါရတရားတို့၏ ငြိမ်းခြင်းသည် အရိယမဂ်၏ အာရုံဖြစ်သော နိဗ္ဗာန်လျှင် ဥပနိဿယ အကြောင်းရှိရကား ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို မဟာနိဒ္ဒေသပါဠိတော် မူလပဏ္ဏာသပါဠိတော် နဝအင်္ဂုတ္တိုရ်ပါဠိတော် တို့၌ "သဗ္ဗသခ်ါရ သမထော" ဟူ၍ ဟောတော်မူသည်။

အဘိဓမ္မာဝတာရအဋ္ဌကထာ ၌ လာသော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဟောသော သဗ္ဗသခ်ါရသမထော-ဟူသော ပုဒ်ကိုလည်း "သဗ္ဗေပိ သခ်ါရာ သမန္တိ ဝူပသမန္တိ အနုပ္ပတ္တိဓမ္မတံ အာပဇ္ဇန္တိ ဧတေနာတိ သဗ္ဗသခ်ါရ-သမထော" ဟူ၍ ကရဏသာဓနေအားဖြင့် ဖွင့်ပြသော အဘိဓမ္မတ္ထဝိကာသနီ ဋီကာ ကို ထောက်သဖြင့်လည်း ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၏ ဝဋ္ဋသုံးပါး အလုံးစုံသော သခ်ါရတရားတို့၏ တဖန်အသစ် ဖြစ်ပြန်ကောင်းသော သဘောမရှိသည်၏ အဖြစ်သို့ ရောက်ခြင်းဟူသော ငြိမ်းခြင်း၏ ပကတူပ-နိဿယ အကြောင်းဖြစ်သည်၏ အဖြစ်ကို စင်စစ် သိအပ် မှတ်အပ်၏။

ဧတေန၊ ဤနိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ဖြင့်။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ သခ်ါရာ၊ ကံ စိတ် ဥတု အာဟာရ-ဟူသော အကြောင်း လေးပါးတို့သည် ထိုက်သည်အားလျော်စွာ ပြုအပ်ကုန်သော သဘောတရားတို့သည်။ သမန္တိ ဝူပသမန္တိ၊ ငြိမ်းကုန်၏။ အနုပ္ပတ္တိဓမ္မတံ၊ တဖန် ဖြစ်ပြန်ကောင်းသော သဘောမရှိသည်၏ အဖြစ်သို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ တေဘူမက သခ်ါရအလုံးစုံ၏ တဖန် ဖြစ်ပြန်ကောင်းသော သဘောမရှိသည်၏ အဖြစ်သို့ ရောက်ခြင်းဟူသော ကုန်ငြိမ်းကြောင်း၏ အဖြစ် ကြောင့်။ သော နိရောဓော၊ ထိုနိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည်။ သဗ္ဗသခ်ါရ-သမထော၊ မည်၏။

---

## ၁၇-နိဗ္ဗာန်နှစ်မျိုး-စသည်ကို ပြပုံ

### သဥပါဒိသေသ အနုပါဒိသေသနိဗ္ဗာန်တို့ကို ပြခြင်း

ဤအရာဝယ် သဥပါဒိသေသ အနုပါဒိသေသအားဖြင့် နှစ်ပါးပြားသော နိဗ္ဗာနဓာတ်ကို ပြလိုက်အံ့။

ထိုနိဗ္ဗာနဓာတ်သည်လည်း ပရမတ္ထဓမ္မမဟုတ်သော သဥပါဒိသေသ အနုပါဒိ-သေသနိဗ္ဗာနဓာတ်, ပရမတ်အသခ်တဖြစ်သော သဥပါဒိသေသ အနုပါဒိသေသ နိဗ္ဗာနဓာတ်အားဖြင့် နှစ်ပါးပြားရကား ပရမတ္ထဓမ္မမဟုတ်သော သဥပါဒိသေသ အနုပါဒိသေသနိဗ္ဗာနဓာတ်တို့ကို ရှေးဦးစွာ ပြလိုက်အံ့။

မြတ်စွာဘုရားသည် ဣတိဝုတ်ပါဠိတော်(၂၂၁)၌နိဗ္ဗာနဓာတ်၏ သဥပါဒိသေသ နိဗ္ဗာနဓာတ် အနုပါဒိသေသနိဗ္ဗာနဓာတ်အားဖြင့် နှစ်ပါးပြားသည်၏အဖြစ်ကို ရှေးဦးစွာပြ၍ ထိုတွင် ကုန်ပြီးသော အာသဝေါရှိခြင်း အစရှိသော များစွာသော ဂုဏ်နှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်အား အဆုံးစွန်သော ပစ္ဆိမဘဝကို ဖြစ်စေတတ်သော ထိုဘဝ၏ အကြောင်းကံသည် ယင်းဘဝ မဆုံးမီအတွင်း ပဋိသန္ဓေအခါ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့ကို ဖြစ်စေနိုင်ခြင်း အစွမ်းသတ္တိအဟုန် ကုန်ပြီ မဆိုထိုက်ရကား ထိုကံ၏ အစွမ်းသတ္တိအဟုန် မကုန်သေးသမျှ ကာလပတ်လုံး အကျိုးဖြစ်သော စက္ခုအစရှိကုန်သော ပသာဒိန္ဒြေငါးပါးတို့သည် တဖန်အသစ် မဖြစ်ပြန်ကောင်းသော ချုပ်ခြင်းဖြင့် မချုပ်သေးသောကြောင့် ဖြစ်ကုန်တည်ရှိကုန်သေးသည်သာဖြစ်၍ ထိုဒွါရငါးပါးတို့ဖြင့် ဣဋ္ဌ အနိဋ္ဌဖြစ်သော ရူပါရုံ အစရှိသော အာရုံငါးပါးတို့ကို သုံးဆောင်ကုန် ရကုန်သေးသည်၊ ဝိပါက်ဖြစ်သော သုခဝေဒနာ ဒုက္ခဝေဒနာကို ခံစားကုန် ရကုန်သေးသည်ဖြင်၍ ကိလေသာမှ ကြွင်းကျန်ရစ်သော ဥပါဒိမည်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခန္ဓာငါးပါး ထင်ရှားရှိသေးသည်သာ ဖြစ်၏။

ထိုကိလေသာမှ ကြွင်းကျန်ရစ်သော ဥပါဒိရှိသေးသော ရဟန္တာပုဂ္ဂိုလ်အား အရိယမဂ်သည် အကြွင်းမဲ့ ပယ်အပ်သည်ဖြစ်၍ ရာဂအစရှိသော ကိလေသာတို့၏ တဖန်အသစ် မဖြစ်ခြင်းဟူသော ထိုကိလေသာတို့၏ အေးငြိမ်းခြင်းဟူသော နိဗ္ဗာနဓာတ်ကို သဥပါဒိသေသနိဗ္ဗာနဓာတ် ဟူ၍ ဆိုအပ်ကြောင်း၊ ထိုရဟန္တာ ပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ကို ရပြီးသောကာလ ဤပစ္စက္ခဘဝ၌ပင် သုခအစ ရှိသော အလုံးစုံသော ဝေဒနာ၊ ထိုဝေဒနာလျှင် အဦးရှိကုန်သော ခန္ဓာငါးပါး တို့သည် တဏှာ ဒိဋ္ဌိတို့ဖြင့် မနှစ်သက်မစွဲလမ်းအပ်ကုန်သည်ဖြစ်၍ စုတိခန္ဓာ ဘင်က္ခဏ၏ အခြားမဲ့ကာလဝယ် ပဋိသန္ဓေကိစ္စ တပ်သောအားဖြင့် မဖြစ်နိုင်ကုန် လတ္တံ့သည်ဟု ဆိုအပ်သော ငြိမ်းအေးခြင်း ရှိကုန်သည်ဖြစ်ကုန်လတ္တံ့၊ ထိုပစ္စက္ခ ဘဝ၌ တဏှာ ဒိဋ္ဌိတို့ဖြင့် မနှစ်သက်မစွဲလမ်းအပ်ကုန်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးတို့၏ စုတိခန္ဓာဘင်က္ခဏ၏ အခြားမဲ့ကာလဝယ် ပဋိသန္ဓေကိစ္စ တပ်သောအားဖြင့် မဖြစ်လတ္တံ့သည်ဟု ဆိုအပ်သော ဖြစ်လတ္တံ့ သော အေးငြိမ်းခြင်းဟူသော နိဗ္ဗာနဓာတ်ကို အနုပါဒိသေသနိဗ္ဗာနဓာတ်ဟူ၍ ဆိုအပ်ကြောင်းကို—

**အဘိ-သရူပ ၃-၁၂—ပ-မ-ဗ-သ-စ**

ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော။ ကတမာ ဒွေ။ သဉပါဒိသေသာ စ နိဗ္ဗာနဓာတု အနုပါဒိသေသာ စ နိဗ္ဗာနဓာတူတိ။

ကတမာ စ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု။ ဣဓ ဘိက္ခဝေ ဘိက္ခု အရဟာ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မ-ဒညာ ဝိမုတ္တော၊ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ။ ယေသံ ဘာဝိတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ သုခဒုက္ခံ ပဋိသံဝေဒယတိ။ တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု။

ကတမာ စ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။ ဣဓ ဘိက္ခဝေ ဘိက္ခု အရဟာ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မ-ဒညာ ဝိမုတ္တော၊ တဿ ဣဓေဝ ဘိက္ခဝေ သဗ္ဗဝေဒယိတာနိ အနဘိ-နန္ဒိတာနိ သီတိ ဘဝိဿန္တိ။ အယံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။ ဣမာ ခေါ ဘိက္ခဝေ ဒွေ နိဗ္ဗာနဓာတုယောတိ။

ဟူ၍ ဟောတော်မူသည်။

ဤ ပါဠိတော်(၂၂၁) ဝယ် အနက်အဓိပ္ပါယ်တို့ကို သိသာထင်ရှားလွယ်အောင် ၎င်းအဖွင့် အဋ္ဌကထာ(၁၅၉)ကို ဆောင်ပြအံ့။

တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနီတိ တဿ အရဟတော စရိမက-ဘဝဟေတုဘူတံ ကမ္မံ ယာဝ န ခီယတိ၊ တာဝ တိဋ္ဌန္တိယေဝ စက္ခာဒီနိ ပဉ္စိန္ဒြိယာနိ အဓိဂတာနိ၊ အနုပ္ပါဒနိရောဓဝသေန အနိရုဒ္ဓတ္တာ။ မနာပါ-မနာပန္တိ ဣဋ္ဌာနိဋ္ဌံ ရူပါဒိဂေါစရံ။ ပစ္စနုဘောတီတိ ဝိန္ဒတိ ပဋိလဘတိ။ သုခဒုက္ခံ ပဋိသံဝေဒယတီတိ ဝိပါကဘူတံ သုခံ ဒုက္ခဉ္စ ပဋိသံဝေဒေတိ၊ တေဟိ ဒွါရေဟိ ပဋိလဘတိ။

ဧတ္တာဝတာ ဉပါဒိသေသံ ဒဿေတွာ ဣဒါနိ သဉပါဒိသေသ-နိဗ္ဗာနဓာတုံ ဒဿေတုံ တဿ ဟောတိ အာဒိ ဝုတ္တံ။

တတ္ထ တဿာတိ ဉပါဒိသေသဿ သတော အရဟတော။ ယော ရာဂက္ခယောတိ ရာဂဿ ခယော ခီဏာကာရော အဘာဝေါ အစ္စန္တ-မနုပ္ပါဒေါ။ ဧသ နယော သေသေသုပိ။

ဧတ္တာဝတာ ရာဂါဒိခယော သဉပါဒိသေသာ နိဗ္ဗာနဓာတူတိ ဒဿိတံ ဟောတိ။ ဣဓေဝါတိ ဣမသ္မိံယေဝ အတ္တဘာဝေ။ သဗ္ဗဝေ-

ဒယိတာနီတိ သုခါဒယော သဗ္ဗာ အဗျာကတဝေဒနာ။ ကုသလာကုသလ-
ဝေဒနာ ပန ပုဗ္ဗေယေဝ ပဟီနာ။ အနဘိနန္ဒိတာနီတိ တဏှာဒိဋ္ဌိဟိ
အနဘိနန္ဒိတာနိ။ သီတီ ဘဝိဿန္တီတိ အစ္စန္တဝူပသမေန သင်္ခါရဒရထ-
ပဋိပဿဒ္ဓိယာ သီတလီ ဘဝိဿန္တိ။ အပ္ပဋိသန္ဓိကနိရောဓေန နိရုဇ္ဈိဿန္တီ-
တိ အတ္ထော။န ကေဝလံ ဝေဒယိတာနိယေဝ။သဗ္ဗေပိ ခီဏာသဝသန္တာ-
နေ ပဉ္စက္ခန္ဓာ နိရုဇ္ဈိဿန္တိ။ ဝေဒယိတသီသေန ဒေသနာ ကတာ။

ဤကား　ဣတိဝုတ်အဋ္ဌကထာ(၁၅၉)

## ပါဠိတော်အနက်များ

ဘိက္ခဝေ၊ တို့။ နိဗ္ဗာနဓာတုယော၊ နိဗ္ဗာနဓာတ်တို့သည်။ ဝါ၊ တဖန်အသစ် မဖြစ်နိုင်သော မဖြစ်ခြင်းဟူကုန်သော ငြိမ်းခြင်းတို့သည်။ ဣမာ ဒွေ၊ ဤနှစ်ပါးတို့တည်း။

ဒွေ၊ နှစ်ပါးတို့ဟူကုန်သည်။ ကတမာ၊ အဘယ်တို့ နည်းဟူမူကား။ သဉပါဒိသေသာ၊ တဏှာဒိဋ္ဌိဟူကုန်သော ဥပါဒါန်တို့သည် အာရုံပြုသောအား ဖြင့် ပြင်းစွာ စွဲလမ်းအပ်သော ခန္ဓာငါးပါးဟူသော ကိလေသာမှ ကြွင်းကျန် ရစ်သော ဥပါဒိနှင့် လက္ခဏ လက္ခိတဗ္ဗအဖြ်ဖြင့် တကွဖြစ်သော။ ဝါ၊ ရစ်သော ဥပါဒိရှိသော။ နိဗ္ဗာနဓာတု စ၊ နိဗ္ဗာနဓာတ်လည်းတပါး။ ဝါ၊ အရိယမဂ်သည် အကြွင်းမဲ့ပယ်ဖျက်အပ်သည်ဖြစ်၍ ကိလေသာတို့၏ တဖန်အသစ် မဖြင်နိုင်သော အားဖြင့် မဖြစ်ခြင်းဟူသော ငြိမ်းခြင်းသဘောလည်းတပါး။ အနုပါဒိသေသာ၊ ကြွင်းကျန်သော ခန္ဓာငါးပါးဟူသော ဥပါဒိမရှိသော။ နိဗ္ဗာနဓာတု စ၊ နိဗ္ဗာန ဓာတ်လည်းတပါး။ ဝါ၊ တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ငြိမ်းခြင်းလည်းတပါး။ ဣမာ ဒွေ၊ ဤနှစ်ပါးတို့တည်း။

ဘိက္ခဝေ၊ တို့။ သဉပါဒိသေသာ၊ သော။ နိဗ္ဗာနဓာတု၊ သည်။ ကတမာ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသည်ဖြစ်၍။ ဝုသိတဝါ၊ ကျင့်သုံးအပ် ပြီးသော အရိယမဂ်ဟူသော အကျင့်ရှိသည်ဖြစ်၍။ ကတကရဏီယော၊ ပြုအပ် ပြီးသော တဆယ့်ခြောက်ချက်သော မဂ်ကိစ္စရှိသည်ဖြစ်၍။ ဩဟိတဘာရော၊ သွန်ချစွန့်ပစ်အပ်ပြီးသော ကိလေသာဟူသော ဝန်ရှိသည်ဖြစ်၍။ အနုပ္ပတ္တ-သဒတ္ထော၊ မဂ်လေးပါးအစဉ်အားဖြင့် ရောက်အပ်ပြီးသော အရဟတ္တဖိုလ်ရှိသည် ဖြစ်၍။ ပရိက္ခီဏဘဝသံယောဇနော၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ကုန်ခန်းစေ အပ်ပြီးသော သတ္တဝါတို့ကို ဘဝမှ မကင်းမကျွတ်မလွှတ်နိုင်အောင် ဖွဲ့နှောင် တတ်သော သံယောဇဉ်ရှိသည်ဖြစ်၍။ သမ္မဒညာဝိမုတ္တော၊ မဖောက်မပြန် အမှန်

သိမြင်သဖြင့် ကိလေသာတို့မှ လွတ်ပြီးသည်ဖြစ်၍။ အရဟာ၊ လူနတ်ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံထိုက်သော ရဟန္တာသည်။ ဟောတိ၊ ၏။ တဿ၊ ထိုရဟန္တာ ပုဂ္ဂိုလ်အား။ ပဉ္စိန္ဒြိယာနိ၊ စက္ခုအစရှိကုန်သော ပသာဒိန္ဒြေငါးပါးတို့သည်။ ဘိင္ခုန္တိယေဝ၊ အဆုံးစွန်သောဘဝကို ဖြစ်စေတတ်သော ထိုပစ္ဆိမဘဝ၏ဇနက အကြောင်း ဖြစ်သော ကံ၏ အစွမ်းသတ္တိအဟုန် မကုန်သေးသမျှကာလပတ်လုံး တည်ကုန်သေးသည်သာတည်း။ ယေသံ၊ အကြင်ငါးပါးသော ပသာဒိန္ဒြေတို့၏။ ဘာဝိတတ္တာ၊ ထင်ရှားဖြစ်သေး ရှိသေးသည်၏အဖြစ်ကြောင့်။ မနာပါမနာပံ၊စိတ် နှလုံးကို ပွါးစေတတ်သော ဣဋ္ဌာရုံ့စိတ်နှလုံးကို မပွါးစေတတ်သော အနိဋ္ဌာရုံဟူ သော ရူပါရုံအစရှိသော အာရုံငါးပါးကို။ ပစ္စနုဘောတိ၊ ခံစား၏ ရ၏။ သုခဒုက္ခံ၊ ဝိပါက်ဖြစ်သောသုခဝေဒနာ ဒုက္ခဝေဒနာကို။ ပဋိသံဝေဒယတိ၊ ခံစား၏။တဿ၊ ထိုဘဏ္ဍာဒိဋ္ဌိတို့သည် အာရုံပြုသောအားဖြင့် ပြင်းစွာ စွဲလမ်းအပ်သည်ဖြစ်၍ ဥပါဒိမည်သော ခန္ဓာငါးပါးအကြွင်းရှိသေးသော ရဟန္တာပုဂ္ဂိုလ်အား။ ယော ရာ ဂက္ခယော၊ အရိယမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ရာဂ၏တဖန် အသစ် မဖြစ်နိုင်ခြင်းဟူသော အကြင်ရာဂ၏ ကုန်ခြင်းသည်။ ဝါ၊ အကြင်ရာဂ၏ ကုန်ခြင်းဟူသော မရှိခြင်းသည်။ ယော ဒေါသက္ခယော၊သည်။ ယော မောဟက္ခ- ယော၊သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ အယံ၊ကိလေသာမှကြွင်းသော ခန္ဓာ ငါးပါးဟူသော ဥပါဒိရှိသေးသော ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တမဂ်သည် အကြွင်း မဲ့ပယ်ဖျက်အပ်သည်ဖြစ်၍ ရာဂ ဒေါသ မောဟတို့၏ ကောန်ငင်စစ် တဖန်မဖြစ် နိုင်သော မဖြစ်ခြင်းဟူသော ရာဂ ဒေါသ မောဟတို့၏ ကုန်ခြင်းကို။ သဥပါဒိ- သေသာ၊ တဏှာဒိဋ္ဌိဟူသော ဥပါဒါန်တို့သည် အာရုံပြုသောအားဖြင့် စွဲယူအပ် သော ခန္ဓာငါးပါးဟူသော ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ဥပါဒိနှင့်တကွ ဖြစ်သော။ ဝါ၊ ဥပါဒိရှိသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်ဟူ၍။ ဝါ၊ ရာဂ ဒေါသ မောဟကိလေသာတို့၏ ငြိမ်းအေးခြင်းသဘောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ အနုပါဒိသေသာ၊ ဥပါဒါန်တို့သည် အာရုံပြုသောအားဖြင့် စွဲလမ်းအပ်၍ ဥပါဒိမည်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါး အကြွင်းမရှိသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်ဟူသည်။ ဝါ၊ ငြိမ်းအေးခြင်း သဘောဟူသည်။ ကတမာ စ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ ခီဏာသဝေါ၊ ၍။ ဝုသိတဝါ၊ ၍။ ကတကရဏီယော၊ ၍။ ဩဟိ- တဘာရော၊ ၍။ အနုပ္ပတ္တသဒတ္ထော၊ ၍။ ပရိက္ခီဏဘဝသံယောဇနော၊ ၍။ သမ္မဒညာဝိမုတ္တော၊ ၍။ အရဟာ၊ သည်။ ဟောတိ၊ ၏။ တဿ၊ ထိုရဟန္တာ ဖြစ်ပြီးသောပုဂ္ဂိုလ်အား။ ဣဓေဝ၊ ဤပစ္စက္ခဘဝ၌ပင်လျှင်။ သဗ္ဗဝေဒယိတာနိ၊ သုခအစရှိကုန်သော အလုံးစုံသော အဗျာကတဝေဒနာတို့သည်။ ဝါ၊ဝေဒနာကို အဦးထား၍ ဟောကြားတော်မူအပ်ကုန်သော အလုံးစုံသော ခန္ဓာငါးပါးတို့

သည်။ အနဘိနန္ဒိတာနိ၊တဏှာစသည်တို့ဖြင့် မဇွဲလမ်း မစုံမက် မနှစ်သက် မချစ်ခင်အပ်ကုန်သည်ဖြစ်၍၊ သီတိ၊ စင်စစ်ကေန် အမှန်ငြိမ်းသောအားဖြင့် သင်္ခါရဟူသော ပူပန်ခြင်းမှ ငြိမ်းအေးသဖြင့် အေးငြိမ်းခြင်းရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ဘိက္ခဝေ၊ တို့။ အယံ၊ ဤပဋိသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်ခြင်းဟူသော ချုပ်ခြင်းဖြင့် ချုပ်လတ္တံ့သည်ဟု ဆိုအပ်သော စုတိဘင်္ဂက္ခဏ၏ အခြားမဲ့၌ ဖြစ်လတ္တံ့သော အလုံးစုံသော ဝေဒယိတတရားတို့၏ သင်္ခါရဟူသော ပူပန်ခြင်းမှ ငြိမ်းအေးခြင်းဟူသော ငြိမ်းအေးခြင်းကို။ အနုပါဒိသေသာ၊ အနုပါဒိသေသမည်သော။ ဝါ၊ ဥပါဒါန်တရားတို့သည် အာရုံပြုသောအားဖြင့် စွဲလမ်းအပ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါး အကြွင်းမရှိသော။နိဗ္ဗာန-ဓာတု၊ နိဗ္ဗာနဓာတ်ဟူ၍။ ဝါ၊ ဥပါဒိမည်သော ခန္ဓာငါးပါးတို့၏ ပဋိသန္ဓေကိစ္စတပ်သောအားဖြင့် ကေန်စင်စစ် တဖန်အသစ် မဖြစ်ခြင်းဟူသော အေးငြိမ်းခြင်းသဘောဟူ၍။ ဝုစ္စတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣမာ ခေါ ဒွေ၊ ဤနှစ်ပါးတို့သည်။ နိဗ္ဗာနဓာတုယော၊ နိဗ္ဗာနဓာတ်မည်ကုန်၏။

## အဋ္ဌကထာပါဠိအနက်များ

တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနီတိ၊ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ-ဟူသည်ကား။ တဿ အရဟတော၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ စရိမကဘဝဟေတုဘူတံ၊ အနမတဂ္ဂ သံသာရဝဋ် ရေဆချင့်တွက်ခြင်းငှါ မတတ်နိုင်ရာ များစွာဖြစ်သော ဘဝဟူသမျှ၏ အဆုံးစွန်ဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်မည့် ဤဘဝ၏ ဇနကအကြောင်းဖြစ်၍ ဖြစ်သော။ ကမ္မံ၊ ကံသည်။ ဝါ၊ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့ကို ဖြစ်စေနိုင်သော ကံ၏ အစွမ်းသတ္တိ အာနုဘော် အဟုန်သည်။ ယာဝ၊ အကြင်မျှလောက်။ န ခီယတိ၊ မကုန်သေး။ တာဝ၊ ထိုမျှလောက် မကုန်သေးသမျှ ကာလပတ်လုံး။ စက္ခာဒီနိ၊ စက္ခုအစရှိကုန်သော။ ပဉ္စိန္ဒြိယာနိ၊ ပသာဒိန္ဒြေငါးပါးတို့သည်။ တေသံ၊ ထိုဣန္ဒြေတို့၏။ အနုပ္ပါဒနိရောဓဝသေန၊ တဖန်မဖြစ်ကောင်းသော မဖြစ်ခြင်းဟူသောချုပ်ခြင်း၏ အစွမ်းဖြင့်။အနိရုဒ္ဓတ္တာ၊ မချုပ်သေးသည်၏ အဖြစ်ကြောင့်။ တိဋ္ဌန္တိယေဝ၊ တည်ကုန်သေးသည် သာတည်း။ အဓိဂတာနိဧဝ၊ ရကုန်သေးသည်သာလျှင်တည်း။ မနာပါမနာပန္တိ၊ မနာပါမနာပံ-ဟူသည်ကား။ ဣဋ္ဌာနိဋ္ဌံ၊ အလိုရှိအပ် ကောင်းမြတ်သော အာရုံ,အလိုမရှိအပ် ယုတ်ညံ့သောအာရုံဟူသော။ ရူပါဒိဂေါစရံ၊ ရူပါရုံအစရှိသော ငါးပါးသောအာရုံကို။ ပစ္စနုဘောတီတိ၊ပစ္စနုဘောတိ-ဟူသည်ကား။ ဝိန္ဒတိ ပဋိလဘတိ၊ ရ၏။ သုခဒုက္ခံ ပဋိသံဝေဒယတီတိ၊ ဟူသည်ကား။ ဝိပါကဘူတံ၊ ဝိပါက်ဖြစ်၍ ဖြစ်သော။ သုခဉ္စ၊ သုခဝေဒနာကိုလည်း။ ဒုက္ခဉ္စ၊ ဒုက္ခဝေဒနာကိုလည်း။ တေဟိ ဒွါရေဟိ၊ထိုစက္ခုန္ဒြေ-စသည်ဟူကုန်သော ငါးပါးသော ဒွါရတို့ဖြင့်။ ပဋိ-သံဝေဒေတိ ပဋိလဘတိ၊ ရ၏။

ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော "သုခဒုက္ခံ ပဋိသံဝေဒယတိ" တိုင်အောင်သော စကားအစဉ်ဖြင့်။ ဥပါဒိသေသံ၊ ဥပါဒါန်တို့သည် စွဲလမ်းအပ်၍ ဥပါဒိမည်သော ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ခန္ဓာဟူသော ဥပါဒိသေသကို။ ဒဿေတွာ၊ ပြတော်မူပြီး၍။ ဣဒါနိ၊ ဥပါဒိသေသကို ပြပြီးသည်၏ အခြားမဲ့ဖြစ်သော ဤယခုအခါ၌။ သဉပါဒိသေသနိဗ္ဗာနဓာတုံ၊ သဉပါဒိသေသ-နိဗ္ဗာနဓာတ်ကို။ဒဿေတုံ၊ပြတော်မူခြင်းငှါ။ တဿ ယောတိအာဒိ၊ တဿ ယော-ဤသို့အစရှိသော စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

တတ္ထ၊ ထိုတဿ ယော-အစရှိသောစကား၌။ တဿာတိ၊တဿ-ဟူသည်ကား။ ဥပါဒိသေသဿ၊ အရဟတ္တမဂ်သည် အကြွင်းမဲ့ပယ်အပ်ပြီးသော ကိလေသာမှ ကြွင်းကျန်ရစ်သော ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသော ဥပါဒိသည်။ သတော၊ ထင်ရှားရှိသေးသော။ ဝါ၊ ဖြစ်သော။ တဿ အရဟတော၊ ထိုရဟန္တာအား။ ယော ရာဂက္ခယောတိ၊ယော ရာဂက္ခယော-ဟူသည်ကား။ရာဂဿ၊ရာဂ၏။ခယော၊ ကုန်ခြင်းတည်း။ခီဏာကာရော၊ကုန်သောအခြင်းအရာတည်း။အဘာဝေါ၊မရှိခြင်းတည်း။ အစ္စန္တမနုပ္ပါဒေါ၊ အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ကေန်စင်စစ် တဖန်မဖြစ်ကောင်းသော မဖြစ်ခြင်းတည်း။ သေသေသုပိ၊ ကြွင်းသော ဒေါသက္ခယော မောဟက္ခယော- ဟူသော ပုဒ်တို့၌လည်း။ သေနယော၊ ဤနည်းကို။ ဝေဒိတဗ္ဗော၊ အပ်၏။

ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ ရာဂါဒိခယော၊ အရဟတ္တမဂ်သည် အကြွင်းမဲ့ပယ်ဖျက်အပ်သည် ဖြစ်၍ ရာဂအစရှိသည်တို့၏ ရဟန္တာပုဂ္ဂိုလ်သန္တာန်ဝယ် တဖန်အသစ် မဖြစ်နိုင်ခြင်းတည်းဟူသော ကုန်ခြင်း အဘာဝကို။ သဉပါဒိသေသာ နိဗ္ဗာနဓာတူတိ၊ သဉပါဒိသေသနိဗ္ဗာနဓာတ်ဟူ၍။ ဒဿိတံ၊ ပြတော်မူအပ်သည်။ ဟောတိ၊ ၏။ ဣဓေဝါတိ၊ ဣဓေဝ-ဟူသည်ကား။ ဣမသ္မိံ ယေဝ အတ္တဘာဝေ၊ ဤ ရဟန္တာဖြစ်သော ပစ္စက္ခဘဝ အတ္တဘော၌ ပင်လျှင်။ သဗ္ဗဝေဒယိတာနီတိ၊ နီ-ဟူသည်ကား။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ သုခါဒယော၊ သုခအစရှိကုန်သော။ အဗျာကတဝေဒနာ၊ အဗျာကတဖြစ်သော ဝေဒနာတို့သည်။ ကုသလာကုသလဝေဒနာ ပန၊ ကုသိုလ်ဝေဒနာ အကုသိုလ် ဝေဒနာတို့ကိုကား။ ပုဗ္ဗေယေဝ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ဖြစ်စဉ် ရှေးမဆွ ကာလကပင်လျှင်။ ပဟီနာ၊ ပယ်အပ်ကုန်ပြီ။ အနဘိနန္ဒိတာနီတိ၊ နီ-ဟူသည်ကား။ တဏှာဒိဋ္ဌီဟိ၊ တဏှာဒိဋ္ဌိတို့ဖြင့်။ ဝါ၊ တို့သည်။ အနဘိနန္ဒိတာနိ၊ မနှစ်သက် မတွယ်တာအပ်ကုန်သည်ဖြစ်၍။သီတီဘဝိဿန္တိတိ၊သီတီ ဘဝိဿန္တိ-ဟူသည်ကား။ အစ္စန္တဝူပသမေန၊ စင်စစ်ငြိမ်းသောအားဖြင့်။ သင်္ခါရဒရထပဋိပဿဒ္ဓိယာ၊ သင်္ခါရ ဟူသော ပူပန်ခြင်းငြိမ်းသောအားဖြင့်။ သီတလီ၊ အေးငြိမ်းခြင်းရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အပ္ပဋိသန္ဓိကနိရောဓေန၊ ပဋိသန္ဓေကိစ္စအားဖြင့်

မဖြစ်နိုင်ခြင်းဟူသောချုပ်ခြင်းဖြင့်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ကုန်လတ္တံ့။ ဣတိအယံ၊ ဤဆိုအပ်ပြီးသည်ကား။ အတ္ထော၊ အဓိပ္ပါယ်တည်း။ ကေဝလံ၊ သက်သက်။ ဝေဒယိတာနိ ယေဝ၊ ဝေဒနာတို့သည်သာလျှင်။ န နိရုဇ္ဈိဿန္တိ၊ ချုပ်ကုန်လတ္တံ့သည် မဟုတ်။ ခီဏာသဝသန္တာနေ၊ ရဟန္တာပုဂ္ဂိုလ်သန္တာန်၌။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတို့သည်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ကုန်လတ္တံ့။ ဝေဒယိတသီသေန၊ ဝေဒနာကိုပဓာနအဦးထားသဖြင့်။ ဒေသနာ၊ ဒေသနာကို။ ကတာ၊ ပြုတော်မူအပ်၏။

## အကိုးသာဓကပေါင်းများ အဓိပ္ပါယ်

ဤအဋ္ဌကထာဝယ် အဓိပ္ပါယ်ကို ပြလိုက်ဦးအံ့။

“ဝိသေသေန ဝိသေသျဘာဝေါ ပန ယထာကာမံ ဟောတိ” ဟူသော ပရိဘာသာနှင့်အညီ ဝိသေသန ဝိသေသျအဖြစ်သည် ဆိုလိုသော ပုဂ္ဂိုလ်၏ အလိုအားလျော်စွာ ဖြစ်ရကား အရဟာ ခီဏာသဝေါ-အစရှိသော ပုဒ်ရှစ်ခုတို့တွင် အမှတ်မဲ့တခုခုကို ဝိသေသျပဓာန၊ အမှတ်မရှိ ကြွင်းခုနစ်ပုဒ်တို့ကို ဝိသေသန အပဓာနဟူ၍ ပက္ခန္တဝိသယဖြစ်သော တသဒ္ဒါဖြင့် ညွှန်ပြစွဲဆိုသော အရာဝယ် များသောအားဖြင့် ဝိသေသပဓာနကို စွဲဆိုသင့်ရကား ဤ တဿ ဟိဋ္ဌန္တေဝ-၌ တ-သဒ္ဒါဖြင့် အရဟာ-ဟူသောပုဒ်ကိုစွဲလေ ဟု ပြခြင်းငှါ တဿ-ကို “ တဿ အရဟတော ” ဟု ဆိုတော်မူသည်။

ပဉ္စိန္ဒြိယာနိ-၌ ဣန္ဒြိယ-အရကို သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ ဟူသော ဗောဓိပက္ခိယမမှ၌ အကျုံးဝင်သော နာမ်ဣန္ဒြေငါးပါးကို ယူရအံ့လော၊ ဝါ၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေ ဟူသော ဝေဒနိန္ဒြေငါးပါးကို ယူရအံ့လော ဟူဘွယ်ရှိ၍ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေဟူသော ပသာဒိန္ဒြေငါးပါးကိုယူလေ ဟု ပြခြင်းငှါ “စက္ခာဒီနိ ပဉ္စ ဣန္ဒြိယာနိ ” ကို—

ပသာဒိန္ဒြေငါးပါးတို့သည် ရဟန္တာပုဂ္ဂိုလ်အား တည်ရှိကုန်သေးသည်ဟူရာ၌ အဘယ်မျှလောက်သောကာလပတ်လုံး တည်ရှိသေးသနည်း ဟူဘွယ်ရှိ၍ “ကမ္မ ယာဝ န ခီယတိ၊ တာဝ”ကို—

ကံကုန်သည်တိုင်အောင် တည်သည်ဟူရာ၌ ကံအရကို သာမညအားဖြင့် အလုံးစုံသော ကုသိုလ် အကုသိုလ်ကိုပင် ယူရအံ့လော ဟူဘွယ်ရှိ၍ ဤအဆုံးစွန်သော ဘဝ ပဋိသန္ဓေ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ကို ဖြစ်စေတတ်သော ဤပစ္ဆိမဘဝ၏ ဇနကအကြောင်းဖြစ်သောကုသိုလ်ကံကိုသာယူလေ ဟု ပြခြင်းငှါ “စရိမကဘဝဟေတုဘူတံ ” ကို—

ရဟန္တာပုဂ္ဂိုလ်အား ပသာဒိန္ဒြေငါးပါးတို့ တည်သေးသောဟူသည် ထိုပသာဒိန္ဒြေငါးပါး တို့ကို ရဟန္တာပုဂ္ဂိုလ် ရသေးသည် ဆိုလိုသည် ဟု ပြခြင်းငှါ "အဓိဂတာနိ" ကို—

ပသာဒိန္ဒြေတို့ တည်ရှိကုန် ယင်းတို့ကို ရကုန်သေးသည် ဟူ၏။ ထိုပသာဒိန္ဒြေ တို့သည် ကမ္မဇရုပ်ဖြစ်၍ စိတ္တက္ခဏ တဆယ့်ခုနစ်ချက် ခဏငယ် ငါးဆယ့်တချက် အသက်ရှိသော သတ္တရသာယုကရုပ်မျိုးဖြစ်၍ ဤပစ္ဆိမဘဝ ပဋိသန္ဓေခဏကစ၍ မိမိတို့ဖြစ်ထိုက်သော ကာလအားလျော်စွာ အသီးအသီးဖြစ်၍ သတ္တရသာယုက ဇွေသဖြင့် ချုပ်ပြီး ကုန်ပြီးဖြစ်ပါကုန်သည် မဟုတ်လော။ ထိုသို့လျှက် အဘယ့် ကြောင့် တည်ရှိကုန် ရကုန်သေးသည် ဟု ဆိုရလေသနည်းဟူဘွယ်ရှိ၍ ထို ပသာဒိန္ဒြေ တို့သည် အသီးအသီး မိမိတို့အသက်ကာလစေ့သဖြင့် ချုပ်ပြီးပင် ဖြစ်ကုန်သော်လည်း တဖန် မဖြစ်ပြန်ကောင်းသော ချုပ်ခြင်းဖြင့် မချုပ်သေး သောကြောင့် တည်ရှိကုန် ရကုန်သည် ဟု ဆိုရကြောင်းကိုပြခြင်းငှါ "အနုပ္ပါဒ နိရောဓဝသေန အနိရုဒ္ဓတ္တာ" ကို—

ဆိုတော်မူသည်။

## အဓိပ္ပါယ် ရှင်းပြချက်

"ကမ္မံ ယာဝ န ခီယတိ" ဟူရာ၌ ကမ္မ-အရကို မရဏုပ္ပတ္တိလေးပါးတွင် ကမ္မက္ခယေန-ဟူရာမှာကဲ့သို့ ထိုဘဝပဋိသန္ဓေကို ဖြစ်စေတတ်သောကံ၏ အစွမ်း သတ္တိအာနုဘော်အဟုန်ကိုယူ။ ထိုကံသည် ပဋိသန္ဓေ ပဌမဘဝင်မှစ၍ စုတိ တိုင်အောင် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဖြစ်စေရကား စုတိစိတ်၏ ဌီခဏသို့ရောက်မှ အာနုဘော်အဟုန်ကုန်သည်၊ ဤအရာ၌ကား ပသာဒိန္ဒြေတို့ တည်ခြင်းကို ဟောပြသောအရာဖြစ်၍ တခုသောဘဝဝယ် ကမ္မဇရုပ်ဟူက ပဋိလောမအားဖြင့် စုတိစိတ်မှ ပြန်၍ရေသော် တဆယ့်ခုနစ်ကြိမ်မြောက်ဖြစ်သော သတ္တရသမဘဝင်စိတ်၏ ဌီခဏကာလမှစ၍ အသစ်မဖြစ်ကောင်းရကား ထိုဌီသို့ ရောက်မှ ကုန်သည်။ အကျိုးပသာဒိန္ဒြေတို့မူကား ထိုသတ္တရသမဘဝင်နှင့်ပြိုင်၍ ဖြစ်သော ကမ္မဇရုပ်တို့သည် စိတ္တက္ခဏ တဆယ့်ခုနစ်ချက် ခဏငယ် ငါးဆယ့်တချက် အသက်ကာလရှိကုန်၍ စုတိစိတ်နှင့်ပြိုင်၍ ချုပ်ကုန်သောကြောင့် စုတိခန္ဓာ တိုင်အောင်ပင် တည်ကုန်၏။

အနုပ္ပါဒနိရောဓဝသေန အနိရုဒ္ဓတ္တာ-ဖြင့် ထိုစက္ခု အစရှိသည်တို့သည် မိမိတို့ ဖြစ်ထိုက်သောကာလ၌ဖြစ်၍ သတ္တရသာယုကစေ့သဖြင့် အမြဲမတည် အခါခါ ချုပ်ပျက်သော်လည်း တဖန်မဖြစ်ကောင်းသော မဖြစ်ခြင်းဟူသော ချုပ်ခြင်းဖြင့် မချုပ်သေးသောကြောင့် ပြဆိုခဲ့ပြီးသော ကာလတိုင်အောင် တည်သည်ဟူ၍ပင် ဆိုထိုက်သေးသည် ဟူလို။

မနာပါမနာပန္တိ။ ပ။ ပဋိလဘတိ-တို့ဖြင့် မနာပါမနာပံ-ကို မနာပအမနာပံ-ဟု ဖြတ်၍ ဒွန်သမာသ်ပြု၊ ထိုတွင် "မနံ အပ္ပေတိ ဝဍ္ဎေတီတိ မနာပံ" ဟု ကတ္တု-သာဓ်ပြု၍ ယင်းပုဒ်အရကို စိတ်နှလုံးကို ပွါးစေတတ်သော အာရုံဟူက ဣဋ္ဌ-ဖြစ်သော ရူပါဒိဂေါစရဖြစ်၍ ယင်းကိုကောက်။ အမနာပံ-ကို "န မနာပံ အမနာပံ" ဟု ပြု၍ ယင်းပုဒ်အရကို စိတ်နှလုံးကို မပွါးစေတတ်သော အာရုံဟူက အနိဋ္ဌဖြစ်သော ရူပါဒိဂေါစရဖြစ်၍ ယင်းကိုကောက်။

ပစ္စနုဘောတိ-ဟူသော်လည်း ပုထုဇဉ်တို့ကဲ့သို့ ရှာမှီးသုံးဆောင်သည်မဟုတ်၊ ပသာဒိန္ဒြေတို့ ထင်ရှားတည်ရှိသေးရကား အာရုံပသာဒတို့ အဘိမုခီဘူတဃဋ္ဋန ဖြစ်၍ ထိုအာရုံကို ရခြင်းမျှသာ ဖြစ်သည်၊ ဝိဒဓာတ်သည် ဉာဏအနက်, လာဘ အနက် နှစ်ပါးကို ဟောသော်လည်း ဤ၌ လာဘအနက်ကိုယူ ဟု ပြသည်။

သုခဒုက္ခံ။ ပ။ ပဋိလဘတိ-တို့ဖြင့် သုခဒုက္ခံ-ကို ဒွန်သမာသ်ပြု။ ယင်း၏ အရကို ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာဝေဒနာတို့ကို သာမညပေါင်း၍ အနုဘဝနလက္ခဏာအားဖြင့် သုံးပါး ဝေဘန်အပ်သော ဝေဒနာတို့တွင် ဝိပါက ဝေဒနာကိုသာ ယူ။ ခံစား၏ ဟူသည်လည်း ဤ၌ အာရုံဒွါရ အကြောင်းခံ၍ ထိုဝေဒနာကို ရခြင်းမျှသာ ဖြစ်သည် ဟု ပြသည်။

ဤ တဿ တိဋ္ဌန္တေဝ-အစရှိသော စကားတွင် တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိ-ယာနိ-ဖြင့် ပသာဒိန္ဒြေငါးပါးတို့၏ ရဟန္တာပုဂ္ဂိုလ်အား တည်ရှိကြောင်းကို ဥပလက္ခဏ, နိဒဿန နည်းအားဖြင့် ပြတော်မူသည်ဖြစ်၍ ယင်းနှင့် ကမ္မဇရုပ် အဖြစ်ဖြင့် တူကုန်သော ကြွင်းကမ္မဇရုပ်တို့၏လည်း တည်ရှိကြောင်းကို ပြတော်မူသည်။

ယေသံ။ ပ။ ပဋိသံဝေဒယတိ-ဖြင့် ဝိပါက်ဝေဒနာက္ခန္ဓာ၏ တည်ရှိသေး ကြောင်းကို ဥပလက္ခဏ, နိဒဿန နည်းဖြင့်သာ ပြတော်မူသည်ဖြစ်၍ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟူသော ဝိပါက်နာမက္ခန္ဓာ သုံးပါးတို့၏လည်း တည်ရှိ ကြောင်းကို ပြတော်မူသည်။ ထိုဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာ ငါးပါးတို့သည်လည်း တဏှာဒိဋ္ဌိတို့ဖြင့်။ ဝါ၊ တို့သည် ငါဟူ၍၎င်း ငါ၏ ကိုယ်စသည် ဟူ၍၎င်း ပြင်းစွာစွဲယူအပ်သော တရားဖြစ်သောကြောင့်၎င်း အရိယမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် ဖြတ်ပယ်အပ်ပြီး၍ အကြွင်းမဲ့ ကုန်ကင်းလေပြီးသော ကိလေသာတို့မှ မကုန်ကင်းသေးမူ၍ ရဟန္တာပုဂ္ဂိုလ် သန္တာန်ဝယ် ကြွင်းကျန်ရစ်သော တရားဖြစ်သောကြောင့်၎င်း ဥပါဒိသေသာ မည်ကုန်သည်။

"တဿ ယော ရာဂက္ခယော" အစရှိသောစကားကို အဘယ်အကျိုးငှါ ဟောတော်မူလေသနည်း ဟူဘူယ်ရှိ၍ သဥပါဒိသေသနိဗ္ဗာနဓာတ်ကို ပြခြင်း အကျိုးငှါ ဟောတော်မူကြောင်းကို ပြလို၍ "ဣဒါနိ။ပ။ ဝုတ္တံ" ကို—

ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသော ဥပါဒိသေသကို ဟောပြခြင်းကိစ္စ မပြီး သေးဘဲလျက်ပင် ထိုဥပါဒိသေသနှင့် လက္ခဏာ လက္ခိတဗ္ဗအဖြစ်ဖြင့် တကွ ဖြစ်သော ကိလေသာတို့၏ ကုန်ငြိမ်းခြင်းဟူသော သဥပါဒိသေသနိဗ္ဗာနဓာတ်ကို ပြတော်မူလေသလော ဟူဘူယ်ရှိ၍ ဥပါဒိသေသကို ပြရခြင်းကိစ္စ ပြီးပြီဖြစ်၍ သဥပါဒိသေသနိဗ္ဗာနဓာတ်ကိုပြ၍ မပြီးသေးဘဲလျက် ပြလိုသည်မဟုတ်ဟု ပြခြင်းငှါ "ဥပါဒိသေသံ ဒဿေတွာ" ကို—

အဘယ်မျှသောစကားဖြင့် ထိုဥပါဒိသေသကို ဟောပြသနည်း ဟူဘူယ်ရှိ၍ "တဿ တိဋ္ဌန္တေဝ။ ပ ။ ပဋိသံဝေဒယတိ" ဟူသော ဤမျှတည်းသော စကားဖြင့် ဟောပြတော်မူသည် ဟု ပြခြင်းငှါ "ဧတ္တာဝတာ" ကို မိန့်ဆိုတော်မူသည်။

ဥပါဒိသေသအရကို ထိုဥပါဒိသေသဖြစ်သော ငါးပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဖြစ်သော ခန္ဓာငါးပါးအပေါင်း၊ ခန္ဓာငါးပါးအစဉ်ကိုစွဲ၍ ရဟန္တာဟု ခေါ်ဆို အပ်သော အတ္တပညတ်ပိဏ္ဍဒြဗ်, သန္တာနဒြဗ်ပင်ဖြစ်ရကား တဿ-၌ ပက္ခန္တ- ဝိသယ တ-သဒ္ဒါဖြင့် ဥပါဒိသေသရှိသော။ ဝါ၊ ဖြစ်သော ရဟန္တာကို ညွှန်ပြသည် ဟု သိစေလို ပြလို၍ "တဿာတိ ဥပါဒိသေသဿ သတော အရဟတော" ကို ဆိုးတော်မူသည်။

"ရာဂက္ခယော" ကို "ခယတီတိ ခယော" ဟု ကတ္တုသာဓ်၊ "ရာဂေါ ဧဝ ခယော ရာဂက္ခယော" ဟု ကမ္မဓာရည်းသမာသ်ပြု၍ ကုန်ပျက်တတ်သော သဘောရှိသော ရာဂကိုပင် ကောက်ယူရအံ့လော ဟူဘူယ်ရှိ၍ ဤသို့ပြု၍ ယင်း ရာဂကို မကောက်မယူလေနှင့်၊ ခယနံ ခယော-ဟု ဘာဝသာဓ်၊ ရာဂဿ ခယော ရာဂက္ခယော-ဟု တပ္ပုရိသ်သမာသ်ပြု၍ ရာဂ၏ ကုန်ခြင်းကို ကောက်ယူလေ။

ရာဂ၏ ကုန်ခြင်း ဟူသည်လည်း ရာဂ၏ ဘင်ခဏမဟုတ်၊ ရာဂ၏ ကုန်သော အခြင်းအရာတည်း၊ ကုန်သောအခြင်းအရာ ဟူသည်လည်း ရာဂ၏ မရှိခြင်း မဖြစ်ခြင်းပင်တည်း၊ မရှိခြင်းဟူသည် ပကတိအားဖြင့် မရှိသော မရှိခြင်း မဟုတ်၊ မဖြစ်ခြင်း ဟူသည်လည်း တဒင်္ဂပဟာန်အားဖြင့် ကာမဉာဏ်, ဝိက္ခမ္ဘန ပဟာန်အားဖြင့် မဟဂ္ဂုတ်ဉာဏ်တို့ ပယ်အပ်သည်ဖြစ်၍ အခိုက်အတံ့မျှဖြင့် မဖြစ် သော မဖြစ်ခြင်းမဟုတ်၊ အရိယမဂ်ဉာဏ်သည် သမုစ္ဆေဒပဟာန်အားဖြင့် ပယ်အပ်သည်ဖြစ်၍ ထိုရာဂ၏ တဖန်ဖြစ်ပြန်ကောင်းသော အပိုင်းအခြားကို လွန်၍ မဖြစ်နိုင်သော မဖြစ်ခြင်းတည်း ဟု ပြခြင်းငှါ "ရာဂက္ခယောတိ ရာဂဿ ခယော ခီဏာကာရော အဘာဝေါ အစ္စန္တမနုပ္ပါဒေါ" ကို—"ဒေါသက္ခယော

မောဟက္ခယော-တို့၌လည်း တပါးတခြားသောနည်းဖြင့် မသိလေနှင့်၊ ဤ ရာဂက္ခယော-၌ ပြဆိုခဲ့ပြီးသော နည်းကိုပင် သိလေ ဟု ပြခြင်းငှါ "သေ နယော သေသေသုပိ" ကို ဆိုတော်မူသည်။

"တဿ ယော ရာဂက္ခယော" ကစ၍ "သဥပါဒိသေသနိဗ္ဗာနဓာတု" တိုင်ရှိ သော စကားဖြင့် ရာဂစသည်တို့၏ ကုန်ခြင်းကို သဥပါဒိသေသနိဗ္ဗာနဓာတ်ဟု ဆိုအပ်ကြောင်းကို ပြလို၍ ဧတ္တာဝတာ-စသည်ကို ဆိုတော်မူသည်။

ဣဓေဝ-၌ ဣမ-သဒ္ဒါဖြင့် လောက, သာသနာ, ဒေသ, ကာလ-စသည်ကိုမစွဲ၊ ဤအရာ၌ အတ္တဘောကိုသာ စွဲ ဟု ပြလို၍ ဣဓေဝ-ကို "ဣမသ္မိံယေဝ အတ္တ-ဘာဝေ" ဟု ဖွင့်ပြသည်။

သဗ္ဗဝေဒယိတာနိ-၌ ဝေဒယိတ-သဒ္ဒါသည် ကတ္တုသာဓနေ, ကမ္မသာဓနေ နှစ်ပါးလုံးဖြင့် ပြီးကောင်း၏။ ထိုတွင် ကတ္တုသာဓနေဖြင့်ပြီးသော ဝေဒယိတ သဒ္ဒါသည် အာရမ္မဏိကဖြစ်သော ခံစားတတ်သော ဝေဒနာကို ဟော၏။ ကမ္မ-သာဓနေဖြင့်ပြီးသော ဝေဒယိတ သဒ္ဒါသည် ခံစားအပ်သော အာရုံတရားကို ဟော၏။ ထိုတွင် အာရုံဖြစ်သော ဝေဒယိတ တရားသည် အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါး၌ ဖြစ်၍ ဤအရာဝယ် ရဟန္တာတို့ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော တရား၏ ချုပ်ငြိမ်းလတ္တံ့သည်ကို ပြဆိုသော အရာဖြစ်ရကား အာရုံဖြစ်သော ဝေဒယိတ တရားကို မလို။ အဇ္ဈတ္တိကသာဖြစ်သော အာရမ္မဏိကဝေဒနာကိုသာ ယူသင့်သည်၊ ကုသိုလ် အကုသိုလ် အဗျာကတသမ္ပယုတ် ဝေဒနာသုံးပါးတွင် လည်း အဗျာကတဝေဒနာကိုသာ ယူ၊ ထိုအဗျာကတဝေဒနာ ဟူသည်လည်း သုခ ဒုက္ခ စသည်တို့ပင်တည်း ဟု ပြခြင်းငှါ "သဗ္ဗဝေဒယိတာနိ" ကို "သုခါ-ဒယော သဗ္ဗာ အဗျာကတဝေဒနာ" ဟု ဖွင့်ပြတော်မူသည်။

အဘယ့်ကြောင့် အဗျာကတဝေဒနာကိုသာ ယူရသနည်း၊ ကုသိုလ် အကု သိုလ်ဝေဒနာတို့လည်း ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ နောက်ကာလ၌ မဖြစ် လတ္တံ့ပင် ဖြစ်ပါသည်မဟုတ်လော၊ ယင်းသို့ မဖြစ်လတ္တံ့ ဖြစ်ကလည်း ထို ဝေဒနာနှင့်တကွ ယူသင့်ရာပါသည် မဟုတ်လော ဟူဘွယ်ရှိ၍ "ကုသလာ-ကုသလဝေဒနာ ပန ပုဗ္ဗေယေဝ ပဟီနာ" ကို ပြဆိုရသည်။

ခီဏာသဝပုဂ္ဂိုလ်သည် အရဟတ္တမဂ်သည် ကိလေသာ ဟူသမျှကို သမုစ္ဆေဒ အားဖြင့် ပယ်စွန့်ပြီးဖြစ်ရကား ထိုကိလေသာလျှင် အကြောင်းမူလ သဟာယ ရှိသောကုသိုလ် အကုသိုလ်တို့ကိုလည်း ပယ်စွန့်ပြီးဟူ၍ ဆိုသင့်သောကြောင့် ကုသိုလ် အကုသိုလ်ဝေဒနာတို့သည် အရဟတ္တမဂ္ဂါနန္တရ ဖိုလ်ခဏကပင် ပျက် ချုပ်ကုန်ငြိမ်းပြီးဖြစ်၍ ပျက်ချုပ်အေးငြိမ်းလတ္တံ့ မဟုတ်၊ ဤ၌ အေးငြိမ်း လတ္တံ့သော ဝေဒနာကိုသာ ပြဆိုသောအရာ ဖြစ်သောကြောင့် အဗျာကတ

ဝေဒနာသာလျှင် စုတိတိုင်အောင် ဖြစ်သေး၍ မငြိမ်းသေး၊ ငြိမ်းလတ္တံ့သာ ဖြစ်သောကြောင့် ကုသိုလ် အကုသိုလ်ဝေဒနာတို့ကို မယူဘဲ အဗျာကတဝေဒနာကိုသာ ယူပါသည် ဟူလို။

သီတီ ဘဝိဿန္တိ ၌ သီတ-သဒ္ဒါသည် ဤအရာ၌ အေးငြိမ်းခြင်း အနက်ကိုသာ ဟောသည်၊ တပါးသောအနက်ကို မဟော။ ထိုသို့ အေးငြိမ်းခြင်း အနက်ကို ဟောသည်၏ အဖြစ်ကို သောတုဇနတို့ဉာဏ်အား သိလွယ်ထင်ရှား စေလိုသောကြောင့် အေးငြိမ်းခြင်းအနက်ကို ဟောသော သီတလ-ဟူသော ပရိယာယ် သဒ္ဒါတပါးဖြင့် လည်း၍ သီတလီ ဘဝိဿန္တိ-ဟု ပြဆိုတော်မူသည်။

အေးငြိမ်းခြင်းရှိသည် ဟူရာဝယ် အဘယ်သို့သော အေးငြိမ်းခြင်းဖြင့် အေးငြိမ်းသနည်း၊ ကိလေသာတည်းဟူသော ပူပန်ခြင်းမှ အေးငြိမ်းခြင်း ဟူသော ကိလေသဒရထပဋိပဿဒ္ဓိအားဖြင့်ပင် အေးငြိမ်းလေသလော ဟူဘွယ်ရှိ၍ "သင်္ခါရ-ဒရထပဋိပဿဒ္ဓိယာ" ကိုဆိုရပြန်သည်။ သင်္ခါရ ဒုက္ခဟူသော ပူပန်ခြင်းမှ အေးငြိမ်းသောအားဖြင့် အေးငြိမ်းသည် ဟူလို။

သင်္ခါရဒရထ မှ အေးငြိမ်းသည်ဟူရာ၌ ဗြဟ္မာတို့အား သုခ ဒုက္ခကာယိက ဝေဒနာမဖြစ်၊ အသညသတ်၌ အဗျာကတ ပေဒနာလေးပါးလုံးပင် မဖြစ်သော်လည်း ထိုပုဂ္ဂိုလ်တို့ ကာမဘုံသို့ရောက်ပြန်က ဖြစ်မြဲ ဖြစ်ပြန်သောကြောင့် အလွန်အားဖြင့် ကမ္ဘာရှစ်သောင်းလေးထောင်မျှ ကာလအားဖြင့် အေးငြိမ်းခြင်းကဲ့သို့ ကာလအပိုင်းအခြားရှိသော အေးငြိမ်းခြင်းဖြင့် အေးငြိမ်းလေသလော ဟူဘွယ်ရှိ၍ "အစ္စန္တဝူပသမေန" ကိုဆိုပြန်ရသည်။ကာလအပိုင်းအခြားရှိသော အေးငြိမ်းခြင်းမဟုတ်၊ ကာလအပိုင်းအခြားမရှိ၊ ကာလအပိုင်းအခြားကိုလွန်၍ အေးငြိမ်းသည် ဟူလို။

"သီတီ ဘဝိဿန္တိ" ဟူ၍ ဘဝနကြိယာဖြင့် ဟောတော်မူသည်ကို လေ့လာ ထောင်၍ စေတသိက်တို့၏ ငြိမ်းခြင်းလက္ခဏာရှိသော ကာယပဿဒ္ဓိစေတသိက်၊ စိတ်၏ငြိမ်းခြင်းလက္ခဏာရှိသော စိတ္တပဿဒ္ဓိစေတသိက်တို့နှင့် ယှဉ်သောစိတ် စေတသိက်တို့သည် ထိုတရားတို့ဖြင့် ငြိမ်းခြင်းရှိကုန်သည်ဖြစ်၍ ခဏတ္တယသို့ ရောက်သောအားဖြင့် ဖြစ်ကုန်သကဲ့သို့ ဤ၌လည်း အဗျာကတဝေဒနာတို့ အေးငြိမ်းခြင်းရှိသည် ဖြစ်ကုန်လတ္တံ့ဟူသည် ထိုအေးငြိမ်းခြင်း သဘောနှင့် ပြည့်စုံသည်ဖြစ်၍ ခဏတ္တယသို့ ရောက်သောအားဖြင့် ဖြစ်ကုန်လတ္တံ့သည်ကိုရည်၍ သီတီ ဘဝိဿန္တိ-ဟု ဟောတော်မူသလောဟူဘွယ်ရှိ၍ "သီတီ ဘဝိဿန္တိ" ကို နိရုဇ္ဈိဿန္တိ-ဟု ပြဆိုတော်မူသည်၊ ခဏတ္တယသို့ရောက်သော ဖြစ်ခြင်းမဟုတ်၊ ထိုဝေဒနာတို့ ချုပ်ကုန်လတ္တံ့သည်ကိုသာ "သီတီ ဘဝိဿန္တိ" ဟု ဟောတော်မူသည် ဟူလို။

ချုပ်လတ္တံ့ဟူသည် ဘင်္ဂက္ခဏသို့ ရောက်သောချုပ်ခြင်းဖြင့် ချုပ်လတ္တံ့ ဟု ဟောတော်မူလိုသလော ဟူဘုယ်ရှိ၍ "အပ္ပဋိသန္ဓိကနိရောဓေန" ကိုဆိုပြန်ရသည်။ ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်ခြင်းဟူသော ချုပ်ခြင်းဖြင့် ချုပ်ကုန်လတ္တံ့သည်ကိုသာ ဟောတော်မူသည် ဟူလို။

ဤအပ္ပဋိသန္ဓိကနိရောဓေန နိရုဇ္ဈိဿန္တိ-ဟု ဆရာဆိုသော သဘောသည် သီတိဘဝိဿန္တိ-ဟု ဟောတော်မူသော မြတ်စွာဘုရား အလိုတော် ဟုတ်ပါ၏လော ဟူဘုယ်ရှိ၍ "ဣတိ အတ္ထော" ကို ဆိုပြန်ရသည်။ အဇ္ဈာကတဝေဒနာတို့ အေးငြိမ်းခြင်းရှိသည် ဖြစ်ကုန်လတ္တံ့ဟူသည် ထိုဝေဒနာတို့ ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်ခြင်းဟူသော ချုပ်ခြင်းဖြင့် ချုပ်ကုန်လတ္တံ့ ဟု ဆိုလိုသည်ဟူသော သဘောသည် မြတ်စွာဘုရား၏အလိုတော်ပင် ဟူလို။

သီတိဘဝိဿန္တိ-ဟူသော ကြိယာ၏ ပကတိကတ္တားကို သဗ္ဗဝေဒယိတာနိ-ဟု ဟောတော်မူသောကြောင့် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့ မချုပ်သေးမူ၍ သက်သက်ဝေဒနာတို့သာ ချုပ်ကုန်လတ္တံ့ ဟု မှတ်ရအံ့လော ဟူဘုယ်ရှိ၍ "န ကေဝလံ ဝေဒယိတာနိယေဝ သဗ္ဗေပိ ခီဏာသဝသန္တာနေ ပဉ္စက္ခန္ဓာ နိရုဇ္ဈိဿန္တိ" ကိုဆိုပြန်ရသည်။ သက်သက်ဝေဒနာတို့သာ ချုပ်ကုန်လတ္တံ့မဟုတ်။ ခီဏာသဝပုဂ္ဂိုလ်သန္တာန်၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော အလုံးစုံသော ခန္ဓာငါးပါးလုံးပင် ချုပ်လတ္တံ့သာ ဟူလို။

ခန္ဓာငါးပါးလုံးချုပ်ကုန်လတ္တံ့ဟူ၏။ သဗ္ဗဝေဒယိတာနိ-ဟုဝေဒယိတသဒ္ဒါဖြင့်သာ ဟောတော်မူသောကြောင့် ဝေဒနာတို့၏သာ ချုပ်ခြင်းကို ပြတော်မူလို့ခဲ့သော် ခန္ဓာငါးပါးလုံးပင် ချုပ်လတ္တံ့ဟု ပြဆိုသော ဆရာစကားသည်မြတ်စွာဘုရားအလိုတော်နှင့် ဆန့်ကျင်ရာ၏ ဟူဘုယ်ရှိ၍ "ဝေဒယိတသီသေန ဒေသနာ ကတာ" ကို ပြဆိုပြန်ရသည်။ သဗ္ဗဝေဒယိတာနိ-ဟူ၍ ဝေဒနာကို ခေါင်းတည် အဦးအမှူးအကဲထား၍ ပဓာနအားဖြင့်သာ ဟောတော်မူသည်၊ ယင်းဖြင့် အလုံးစုံသော ခန္ဓာငါးပါး၏ ချုပ်လတ္တံ့ကိုပင် ပြတော်မူသောကြောင့် မဆန့်ကျင် ဟူလို။

တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းတပ်မက် နှစ်သက်တွယ်တာခြင်းမရှိကုန်သည်ဖြစ်၍ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးတို့၏ ရဟန္တာတို့၏ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့၌ ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ထိုခန္ဓာတို့၏ ငြိမ်းခြင်းသည် အနုပါဒိသေသ နိဗ္ဗာနဓာတ်မည်သည် ဟူလို။

အဘယ့်ကြောင့် ထိုခန္ဓာတို့၏ ငြိမ်းခြင်းသည် နိဗ္ဗာနဓာတ် မည်လေသနည်း ဟူမူ သင်္ခါရဒုက္ခ-ဟူသော ပူပန်ခြင်းမှ ငြိမ်းခြင်းဖြင့် ငြိမ်းသော သဘောဖြစ်၍ နိဗ္ဗာနဓာတ် မည်သည် ဟူလေ။ အဘယ့်ကြောင့်ကား ထိုခန္ဓာတို့၏ ငြိမ်းခြင်း

ဟူသော နိဗ္ဗာနဓာတ်သည် အနုပါဒိသေသမည်လေသနည်း ဟူမူ ပစ္ဆိမဘဝ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ အကျိုးဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော အဟောင်းခန္ဓာလည်း စုတိဘင်္ဂက္ခဏ၌ အကြွင်းမဲ့ ပြတ်စဲ ချုပ်ပျက်၊ စုတိဘင်္ဂက္ခဏမှ နောက်အသစ် ခန္ဓာတို့လည်း မဖြစ်ရကား ကိလေသာမှ ကြွင်းကျန်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ခန္ဓာ ဟူသော ဥပါဒိသေသမရှိသောကြောင့် အနုပါဒိသေသမည်သည် ဟူလေ။

---

## ၁၈-ပရိနိဗ္ဗာန်သုံးမျိုး-စသည်ကို ပြပုံ

### ကိလေသ-ခန္ဓ-ဓာတုပရိနိဗ္ဗာန် စသော နိဗ္ဗာန်အမျိုးမျိုး

အထက်ဝယ် ပြဆိုအပ်လတ္တံ့သော ထိုထိုအရာတို့၌ နှိုင်းညှိနိုးနှော ပြဆိုရခြင်း အကျိုးငှါ ဤအရာဝယ် ကေနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာသော ပရိနိဗ္ဗာန် သုံးပါးတို့ကို ပြဆိုဦးအံ့။

ပရိနိဗ္ဗာန်သည် ကိလေသပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန် ဓာတုပရိနိဗ္ဗာန် ဟူ၍ သုံးပါးရှိသည်တွင် ကိလေသပရိနိဗ္ဗာန်သည် ဗောဓိပင်၏အနီး ရတနာပလ္လင်ထက် သီတင်းသုံးနေတော်မူသော အခါ၌ ဖြစ်ပြီးဖြစ်ကြောင်း၊ ခန္ဓပရိနိဗ္ဗာန်သည် ကုသိနာရုံပြည်ဝယ် အင်ကြင်းဥယျာဉ်၌ ဖြစ်ပြီးဖြစ်ကြောင်း၊ ဓာတုပရိနိဗ္ဗာန် သည် နောင်အခါ ဖြစ်လတ္တံ့ ဖြစ်ကြောင်းကို—

> တီဏိ ပရိနိဗ္ဗာနာနိ ကိလေသပရိနိဗ္ဗာနံ ခန္ဓပရိနိဗ္ဗာနံ ဓာတုပရိနိဗ္ဗာနန္တိ။ တတ္ထ ကိလေသပရိနိဗ္ဗာနံ ဗောဓိပလ္လင်္ကေ အဟောသိ။ ခန္ဓပရိနိဗ္ဗာနံ ကုသိနာရာယံ။ ဓာတု ပရိနိဗ္ဗာနံ အနာဂတေ ဘဝိဿတိ။

ဟူ၍ ကေအင်္ဂုတ္တရအဋ္ဌကထာ ၁-(၇၀) ၌ ပြဆိုတော်မူသည်။

ထိုတွင် သမုစ္ဆေဒပဟာန်ဖြင့် အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ် သည်ဖြစ်၍ ရာဂအစရှိသော ကိလေသာတို့၏ ရဟန္တာပုဂ္ဂိုလ် သန္တာန်ဝယ် တဖန် အသစ် မဖြစ်လာနိုင်ခြင်း ဟူသော ထိုကိလေသာတို့၏ ထက်ဝန်းကျင် အကြွင်းမဲ့ ငြိမ်းခြင်းသည် ကိလေသပရိနိဗ္ဗာန် မည်၏။

ပုထုဇဉ်သေက္ခတို့အား စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလ၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့သည် ထိုက်သည်အားလျော်စွာ ပဋိသန္ဓေကိစ္စ တပ်သောအားဖြင့် ဖြစ်ကုန်သကဲ့သို့ ရဟန္တာတို့အား စုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့ကာလ၌ ထို ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စအားဖြင့် တဖန်မဖြစ်နိုင်ခြင်း ဟူသော ထိုဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာတို့၏ ထက်ဝန်းကျင် အကြွင်းမဲ့ ငြိမ်းခြင်းသည် ခန္ဓပရိနိဗ္ဗာန် မည်၏။

ဥတုဇရုပ်ကလာပ် အစုဖြစ်သော ဓာတ်တော်တို့၏ တေဇောဓာတ် လောင်ကျွမ်းကုန်ပျောက်သည်နောက် ဥတုဇကလာပ် တဖန်အသစ် မဖြစ်လာခြင်း ဟူသော ဥတုဇရုပ်ကလာပ် အစု၏ ထက်ဝန်းကျင် အကြွင်းမဲ့ ငြိမ်းခြင်းသည် ဓာတုပရိနိဗ္ဗာန် မည်၏။

ဤ အဋ္ဌကထာ၌ လာသော ပရိနိဗ္ဗာန်သုံးပါးနှင့် ယခင် ဣတိဝုတ်ပါဠိ အဋ္ဌကထာတို့၌ လာသော သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန် နှစ်ပါးတို့သည် မဂ်ဖိုလ်တို့၏ အာရုံမဟုတ်၊ နိရောဓသစ္စာမဟုတ်၊ ပရမတ္ထဓမ္မမဟုတ်၊ ကိလေသာတို့ကို နိဿရဏပဟာန်အားဖြင့် ပယ်နိုင်သော နိဗ္ဗာန် မဟုတ်ဟူ၍ သာလျှင် စင်စစ် မှတ်အပ်၏။

ပရိနိဗ္ဗာနာနိ၊ ပရိနိဗ္ဗာန်တို့သည်။ ဝါ၊ ထက်ဝန်းကျင် အကြွင်းမဲ့ ငြိမ်းခြင်းတို့သည်။ ကိလေသပရိနိဗ္ဗာနံ၊ ကိလေသပရိနိဗ္ဗာန်ငှင်း။ ဝါ၊ အရိယမဂ်သည် သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ကိလေသာတို့၏ ကေန်စင်စစ် တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော ကိလေသာတို့၏ ထက်ဝန်းကျင် ငြိမ်းခြင်းငှင်း။ ခန္ဓပရိနိဗ္ဗာနံ၊ ခန္ဓပရိနိဗ္ဗာန်ငှင်း။ ဝါ၊ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခန္ဓာငါးပါးတို့၏ ရဟန္တာတို့ စုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့၌ ပဋိသန္ဓေကိစ္စ တပ်သောအားဖြင့် ကေန်စင်စစ် တဖန်အသစ် မဖြစ်ခြင်း ဟူသော ခန္ဓာတို့၏ ထက်ဝန်းကျင် အကြွင်းမဲ့ ငြိမ်းခြင်းငှင်း။ ဓာတုပရိနိဗ္ဗာနံ၊ ဓာတုပရိနိဗ္ဗာန်ငှင်း။ ဝါ၊ ဥဘုဇကလာပ်အစု ဟူသော ဓာတ်တော်တို့၏ တေဇောဓာတ် လောင်ကျွမ်း ကုန်ပျောက်သည်နောက် တဖန်အသစ် မဖြစ်ခြင်းဟူသော ဥတုဇရုပ်ကလာပ် ဓာတ်တော်တို့၏ ထက်ဝန်းကျင် အကြွင်းမဲ့ ငြိမ်းခြင်းငှင်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးတို့သည်။ ဟောန္တိ၊ ကုန်၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ကိလေသပရိနိဗ္ဗာနံ၊ သည်။ ဗောဓိပလ္လင်္ကေ၊ ဗောဓိပင်၏ အနီးဖြစ်သော ရတနာပလ္လင်ထက်၌။ ဝါ၊ ထက်၌ သီတင်းသုံး နေတော်မူသော အခါ၌။ အဟောသိ၊ ဖြစ်ပြီ။ ခန္ဓပရိနိဗ္ဗာနံ၊ သည်။ ကုသိနာရာယံ၊ ကုသိနာရုံပြည်၌။ အဟောသိ၊ ဖြစ်ပြီ။ ဓာတုပရိနိဗ္ဗာနံ၊ သည်။ အနာဂတေ၊ နောင်သာသနာတော် ကွယ်သော အခါ၌။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

## ဝိသေသပရိနိဗ္ဗာန်

ဤအဋ္ဌကထာ၌ ငါတို့မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ဝိသေသကို ပြသောအရာဖြစ်၍ ဗောဓိပလ္လင်္ကေ ကုသိနာရာယံ-ဟူသော အာဓာရဝိသေသတို့ကို ဆိုတော်မူသည်။ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကအများတို့နှင့် ဆက်ဆံအောင် ယူမူ အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုရရာ ကာလကို ကိလေသ ပရိနိဗ္ဗာန်၏ဖြစ်ရာ စုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့ကာလကို ခန္ဓပရိနိဗ္ဗာန်၏ဖြစ်ရာ ဟု ယူလေ။

လောကနာထေ ပဋ္ဌာနဘူတေ သတ္ထရိ ကိလေသခန္ဓပရိနိဗ္ဗာနသင်္ခါ-
တေဟိ ပရိနိဗ္ဗာနေဟိ ပရိနိဗ္ဗုတေ ဒီပသိခါ ဝိယ အဒဿနံ ဂတောတိ
အတ္တော။

လောကနာထေ၊ လူနတ်ပြဟ္မာ သတ္တဝါဟူသမျှသော သတ္တလောက၏ ကိုး ကွယ်ရာဖြစ်သော။ ပဋ္ဌာနဘူတေ၊ လောက၏ အကြီးအမှူးဦးစီးဦးကိုင် ပဋ္ဌာနဖြစ် ၍ဖြစ်သော။ သတ္ထရိ၊ မြတ်စွာဘုရားသည်။ ကိလေသခန္ဓပရိနိဗ္ဗာနသင်္ခါတေဟိ၊ ကိလေသာတို့၏ ထက်ဝန်းကျင်ငြိမ်းခြင်း ခန္ဓာတို့၏ ထက်ဝန်းကျင်ငြိမ်းခြင်းဟု ဆိုအပ်ကုန်သော။ ပရိနိဗ္ဗာနေဟိ၊ ထက်ဝန်းကျင်ငြိမ်းခြင်းတို့ဖြင့်။ ပရိနိဗ္ဗုတေ၊ ထက်ဝန်းကျင်အကြွင်းမဲ့ငြိမ်းတော်မူသည်ရှိသော်။ နိဗ္ဗုတာ၊ ငြိမ်းလေပြီးသော။ ဒီပသိခါ၊ ဆီမီးလျှံသည်။ အဒဿနံ၊ ကွယ်ပျောက်ကုန်ကင်း မမြင်ရခြင်းသို့။ ဂတာဝိယ၊ ရောက်သကဲ့သို့။ အဒဿနံ၊ မမြင်ရခြင်းသို့။ ဂတော၊ ရောက်တော်မူ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္တော၊ အနက်တည်း။

ဤ အပဒါန်အဋ္ဌကထာ၂-(၁၅၅)ဝယ် “ ကိလေသခန္ဓပရိနိဗ္ဗာနသင်္ခါတေဟိ ” ၌ ကိလေသပရိနိဗ္ဗာန-အရ ခန္ဓပရိနိဗ္ဗာန-အရကိုလည်း ယခင်အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့် အတူပင်ယူ။

အညဒတ္ထု အနုပါဒါနော ဝိယ ဇာတဝေဒေါ ပရိနိဗ္ဗာနတော ဥဒ္ဓံ
အပညတ္တိကောဝ ဟောတိ။

အညဒတ္ထု၊ စင်စစ်သော်ကား။ အနုပါဒါနော၊ လောင်စာ ကုန်ကင်းသော။ ဇာတဝေဒေါ၊ မီးသည်။ ပရိနိဗ္ဗာနတော၊ ထက်ဝန်းကျင် အကုန်ငြိမ်းပြီးသည်မှ။ ဥဒ္ဓံ၊ အထက်ဖြစ်သော နောက်ကာလ၌။ အပညတ္တိကောဝ၊ ပညတ်ဟုခေါ်ဝေါ် စရာမရှိသည်သာလျှင်။ဟောတိဝိယ၊ ဖြစ်သကဲ့သို့။ အနုပါဒါနော၊ ခန္ဓာဟူသော စွဲယူစရာမရှိသည်ဖြစ်၍။ ပရိနိဗ္ဗာနတော၊ ပရိနိဗ္ဗာန်ပြုတော်မူပြီးသည်မှ။ ဝါ၊ ထက်ဝန်းကျင်အကြွင်းမဲ့ ခန္ဓာတော် ငြိမ်းပြီးသည်မှ။ဥဒ္ဓံ၊ အထက်ဖြစ်သော နောက်ကာလ၌။ အပညတ္တိကောဝ၊ ပညတ်ခေါ်ဝေါ်စရာ မရှိသည်သာလျှင်။ ဟောတိ၊ ၏။

ဤ ဥဒါန်းအဋ္ဌကထာ(၁၉၅)၌ ပရိနိဗ္ဗာနတော ဥဒ္ဓံ-ဝယ်ပရိနိဗ္ဗာန အရကိုလည်း စုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့ကာလဝယ် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါး၏ တဖန်မဖြစ်ခြင်းဟူသော ခန္ဓာတို့၏ ထက်ဝန်းကျင်ငြိမ်းခြင်း ဟူသော ခန္ဓပရိနိဗ္ဗာန်ကိုပင် ယူလေ။

## ပရိနိဗ္ဗုတဖြစ်ပုံ

ပရိနိဗ္ဗုတောတိ ပရိဝိသေသေန နိဗ္ဗုတော၊ သီတိဘူတော၊
ခန္ဓပရိနိဗ္ဗာနေန နိဗ္ဗုတော၊ အဒဿနံ ဂတောတိ အတ္တော။

ပရိနိဗ္ဗုတောတိ၊ ပရိနိဗ္ဗုတော-ဟူသည်ကား။ ပရိဝိသေသေန၊ အထူးအားဖြင့်။ နိဗ္ဗုတော၊ ငြိမ်းတော်မူ၏။ သီတိဘူတော၊အေးချမ်းသည်ဖြစ်၍ဖြစ်တော်မူ၏။ခန္ဓပရိနိဗ္ဗာနေန၊ စုတိဘင်္ဂက္ခဏ၏အခြားမဲ့၌ ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်တို့၏ ကေန်စင်စစ် တဖန်မဖြစ်ခြင်းဟူသော ခန္ဓာတော်၏ ငြိမ်းခြင်းဖြင့်။ နိဗ္ဗုတော၊ ငြိမ်းတော်မူ၏။ အဒဿနံ၊ မမြင်ရခြင်းသို့။ ဂတော၊ ရောက်တော်မူ၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ အဓိပ္ပါယတ္ထတည်း။

ပရိနိဗ္ဗုတော-၏ အဖွင့်ဖြစ်သော ဤ အပဒါန်အဋ္ဌကထာ ကိုထောက်သဖြင့်လည်း ပရိနိဗ္ဗုတော-၌ အန္တောဂဓဖြစ်သော ပရိနိဗ္ဗာနအရကို ခန္ဓာငါးပါး၏ မဖြစ်ခြင်းဟူသော ငြိမ်းခြင်းကိုပင် ယူ။

အောက်၌ ပြဆိုခဲ့ပြီးသော ဣတိဝုတ်ပါဠိတော်ဝယ် ရာဂက္ခယော-၌ ရာဂ၏ကုန်ခြင်းဟူသည် သမုစ္ဆေဒပဟာန်အားဖြင့် အရဟတ္တမဂ်သည် အကြွင်းမဲ့ပယ်အပ်သည်ဖြစ်၍ ရာဂ၏ ကေန်စင်စစ် တဖန်မဖြစ်ခြင်းပင်တည်း ဟု ပြခြင်းငှါ ရာဂက္ခယော-ကို "ရာဂက္ခယောတိ ရာဂဿ ခယော ခီဏာကာရော အဘာဝေါ အစ္စန္တမနုပ္ပါဒေါ" ဟူ၍ ၎င်းအဋ္ဌကထာ(၁၅၉)၌ ဖွင့်၍ဆိုသည်ကို ထောက်၍၎င်း—

သီတိ ဘဝိဿန္တိ-ဟူသော ၎င်းပါဠိတော် ဝယ် ခန္ဓာငါးပါးတို့ ချမ်းအေးခြင်းဖြစ်ကုန်လတ္တံ့ ဟူသည် ရဟန္တာတို့ စုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့၌ ထိုခန္ဓာတို့၏ ပဋိသန္ဓေကိစ္စအားဖြင့် မဖြစ်ခြင်းဟူသောချုပ်ခြင်းဖြင့် ချုပ်ကုန်လတ္တံ့ သည်ကိုပင် ဟောတော်မူသည်ဟု ပြခြင်းငှါ သီတိ ဘဝိဿန္တိ-ကို "အပ္ပဋိသန္ဓိကနိရောဓေန နိရုဇ္ဈိဿန္တိ" ဟု ၎င်းအဋ္ဌကထာ ဖွင့်ဆိုသည်ကို ထောက်၍၎င်း—

ခန္ဓာစသည်တို့၏ တဖန်မဖြစ်ခြင်းဟူသည်နှင့် ချုပ်ခြင်းဟူသည် အတူတူပင်တည်းဟု ပြခြင်းငှါ အနုပ္ပါဒနိရောဓော-ကို "အနုပ္ပါဒေါဝ နိရောဓော အနုပ္ပါဒနိရောဓော အာယတိံ ဘဝါဒီသု အနုပ္ပတ္တိ၊ န ပန ဘင်္ဂေါ" ဟူ၍မူလဋီကာ(၅၁)၌ တုလျာဓိကရဏကမ္မဓာရည်း သမာသ်ပြုသည်ကို ထောက်၍၎င်း—

တဖန်မဖြစ်ခြင်း ချုပ်ခြင်းဟူသည်နှင့် ကုန်ခြင်းဟူသည် အတူတူပင်ဖြစ်၍ "အနုပ္ပတ္တိနိရောဓသင်္ခါတဿ ပန ခယဿ ဥပနိဿယတ္တာ" ဟူ၍ အနုပ္ပတ္တိနိရောဓသဒ္ဒါကို ခယသဒ္ဒါနှင့် တုလျာဓိကရဏ ဝိသေသန ဝိသေသျ အဖြစ်ဖြင့်ထား၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(၁၄၀)၌ ဆိုသည်ကို ထောက်၍၎င်း—

ငြိမ်းသည်ဟူသည်နှင့် အေးချမ်းသည်ဟူသည် အတူတူပင်ဖြစ်၍ နိဗ္ဗုတော-ကို "ပရိနိဗ္ဗုတော သီတိဘူတော" ဟူ၍ ဖွင့်ပြသော နေတ္တိအဋ္ဌကထာ(၁၂၇)ကို ထောက်၍၎င်း တဖန် မဖြစ်ကောင်းသော မဖြစ်ခြင်း တဖန်မဖြစ်သော အားဖြင့် မဖြစ်ခြင်းဟူသော ချုပ်ခြင်း ကုန်ခြင်း အေးချမ်းခြင်း ငြိမ်းခြင်း ဟူသည် အတူတူသာ ဟု မှတ်အပ်၏။

ဣတိဝုတ်အဋ္ဌကထာ စသည်တို့၌လာသော **သဥပါဒိသေသနိဗ္ဗာန်ဟူသည်** အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်အပ်သည်ဖြစ်၍ ရာဂအစရှိသော ကိလေသာတို့၏ တဖန်မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ကုန်ခြင်း ချုပ်ခြင်း ကင်းခြင်း ပြတ်ခြင်း အေးချမ်းခြင်း ငြိမ်းခြင်းပင် ဖြစ်သည်။

အနုပါဒိသေသနိဗ္ဗာန် ဟူသည်လည်း ရဟန္တာ ပုဂ္ဂိုလ်တို့၏ စုတိခန္ဓာ ဘင်္ဂက္ခဏ၏ အခြားမဲ့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်း ဟု ဆိုအပ်သော မဖြစ်ခြင်းဟူသော ခန္ဓာပဥ္စက၏ ကုန်ခြင်း ချုပ်ခြင်း ကင်းခြင်း ပြတ်ခြင်း အေးချမ်းခြင်း ငြိမ်းခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ စသည်၌လာသော ကိလေသပရိနိဗ္ဗာန်ဟူသည်နှင့် ဣတိဝုတ် ပါဠိ အဋ္ဌကထာစသည်၌ လာသော သဥပါဒိသေသနိဗ္ဗာန်ဟူသည် အတူတူ၊ ခန္ဓပရိနိဗ္ဗာန်ဟူသည်နှင့် အနုပါဒိသေသ နိဗ္ဗာန်ဟူသည် အတူတူပင် ဟု မှတ်အပ်၏။

## ပရိနိဗ္ဗာန်အာရုံ၌ ဖြစ်သောဉာဏ်

ပရိနိဗ္ဗာန်ဟူသော အာရုံ၌ဖြစ်သော ဉာဏ်၏ သဘောအရကို ပြဆိုသော—

"ပရိနိဗ္ဗာနေ ဉာဏန္တိ အရဟတော ကာမစ္ဆန္ဒာဒီနံ ပရိနိဗ္ဗာနံ အပ္ပဝတ္တံ အနုပါဒိသေသနိဗ္ဗာနဉ္စ ပစ္စဝေက္ခန္တဿ တသ္မိံ ကိလေသ-ပရိနိဗ္ဗာနေ ခန္ဓပရိနိဗ္ဗာနေ စ ပဝတ္တံ ဉာဏံ"

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၁-(၃၇)၌ ကာမစ္ဆန္ဒာဒီနံ ပရိနိဗ္ဗာနံ အပ္ပဝတ္တံ-၏အရ ဖြစ်သော သဥပါဒိသေသနိဗ္ဗာန်ကို စွဲသော တသ္မိံ-၌ တ-သဒ္ဒါ၏ အနက်အရကို သဥပါဒိသေသနိဗ္ဗာနေ-ဟု မဆိုဘဲ ကိလေသပရိနိဗ္ဗာနေ-ဟု ဆိုသည်ကိုရင်း အနုပါဒိသေသနိဗ္ဗာန်ကို စွဲသော တသ္မိံ-၌ တ-သဒ္ဒါ၏ အနက်အရကို အနုပါဒိသေသနိဗ္ဗာနေ-ဟု မဆိုမူ၍ ခန္ဓပရိနိဗ္ဗာနေ-ဟု ဆိုသည်ကိုရင်း ထောက်၍ ပြဆိုခဲ့ပြီးသော ပါဠိတော်စသည်၌ လာသော သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာစသည်၌ လာသော ကိလေသပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန်တို့တွင် သဥပါဒိသေသနိဗ္ဗာနအရနှင့် ကိလေသပရိနိဗ္ဗာန အရ တူသည်၏အဖြစ်ကိုရင်း အနုပါဒိသေသနိဗ္ဗာနအရနှင့် ခန္ဓပရိနိဗ္ဗာန အရ တူသည်၏အဖြစ်ကိုရင်း စင်စစ် သိအပ်၏။

ပရိနိဗ္ဗာနေ ဉာဏန္တိ၊ ပရိနိဗ္ဗာနေ ဉာဏံ-ဟူသည်ကား။ အရဟတော၊ ရဟန္တာ ပုဂ္ဂိုလ်အား။ ကာမစ္ဆန္ဒာဒီနံ၊ ကာမစ္ဆန္ဒ အစရှိသော ကိလေသာတို့၏။ အပ္ပဝတ္တံ၊ အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်အပ်သည်ဖြစ်၍ တဖန်မဖြစ်နိုင်ခြင်းဟူသော။ ပရိနိဗ္ဗာနဉ္စ၊ ထက်ဝန်းကျင်ငြိမ်းခြင်းကိုရင်း။ အပ္ပဝတ္တံ၊ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့၌ ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူသော ခန္ဓာပဥ္စက၏ ပဋိသန္ဓေအားဖြင့်

မဖြစ်နိုင်သော မဖြစ်ခြင်းဟူသော။ အနုပါဒိသေသနိဗ္ဗာနဓာ၊ ဥပါဒိမည်သော ခန္ဓာအကြွင်းမရှိသော ငြိမ်းခြင်းကိုရင်း။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သော။ အရဟတော၊ ရဟန္တာပုဂ္ဂိုလ်အား။ တသ္မိံ ကိလေသပရိနိဗ္ဗာနေ စ၊ ထို ကိလေသာတို့၏ ငြိမ်းခြင်း၌ရင်း။ တသ္မိံ ခန္ဓပရိနိဗ္ဗာနေ စ၊ ထိုခန္ဓာတို့၏ ငြိမ်းခြင်း၌ရင်း။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ ဉာဏ်တည်း။

"အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယီတိ ပရိနိဗ္ဗာနမေဝ ပရိနိဗ္ဗာနဿ ပရိနိဗ္ဗာနန္တရတော ဝိသေသနတ္ထံ ကရဏဘာဝေန ဝုတ္တံ" ကထာဝတ္ထုမူလဋီကာ(၄၆)

ပရိနိဗ္ဗာနမေဝ။ပ။ ဝုတ္တံ အဘိန္နဘာဝံပိ အတ္ထံ တဒညဓမ္မတော ဝိသေသာဝဗောဓနတ္ထံ အညံ ဝိယ ကတွာ ဝေါဟရန္တိ။ ယထာ အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာတိ။ ၎င်းအနုဋီကာ (၅၈)

အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယီတိ၊ အနု။ပ။ ယိ-ဟူ၍။ ပရိနိဗ္ဗာနဿ၊ ပရိနိဗ္ဗာယိ-ဟူသော ကြိယာ၏ အနက္ထတ္ထအရဖြစ်သော ခန္ဓ-ပရိနိဗ္ဗာန်ကို။ ပရိနိဗ္ဗာနန္တရတော၊ ခန္ဓပရိနိဗ္ဗာန်မှ အခြားတပါးသော ကိလေသ ပရိနိဗ္ဗာန်မှ။ ဝိသေသနတ္ထံ၊ အထူးပြုခြင်းငှါ။ ပရိနိဗ္ဗာနမေဝ၊ ပရိနိဗ္ဗာန်ဟူသော ကြိယာ၏ အနက္ထတ္ထအရဖြစ်သော ခန္ဓပရိနိဗ္ဗာန်ကိုပင်လျှင်။ ကရဏဘာဝေန၊ ပရိနိဗ္ဗာယိ-ဟူသော ကြိယာ၏ ကရိုဏ်းအဖြစ်ဖြင့်။ ဝုတ္တံ၊ ၏။

အဘိန္နဘာဝံ၊ မပြားသော သဘောရှိသော။ အတ္ထံပိ၊ တခုတည်းသော အနက်ကိုလည်း။ တဒညဓမ္မတော၊ ထိုလိုရင်းဖြစ်သော အနက်သဘောမှ အခြား တပါးဖြစ်သော အနက်သဘောမှ။ ဝိသေသာဝဗောဓနတ္ထံ၊ အထူးကို သိစေခြင်း အကျိုးငှါ။ အညံဝိယ၊ အခြားတပါးဖြစ်သော အနက်သဘောကဲ့သို့။ ကတွာ၊ ပြု၍။ ယသ္မာ၊ အကြင်ကြောင့်။ ဝေါဟရန္တိ၊ ခေါ်ဝေါ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ပရိနိဗ္ဗာနဿ၊ ကို။ ပရိနိဗ္ဗာနန္တရတော၊ မှ။ ဝိသေသနတ္ထံ၊ ငှါ။ ပရိနိဗ္ဗာနမေဝ၊ ကိုပင်လျှင်။ ကရဏဘာဝေန၊ ဖြင့်။ ဝုတ္တံ၊ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိ-ဟူ၍ မူလဋီကာဆရာ ဆိုအပ်၏။ ယထာ၊ အဘယ်သို့နည်းဟူမူကား။ အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာတိ ယထာ၊ အတ္တနော။ပ။ ဓမ္မာ-ဟူကုန်သကဲ့သို့တည်း။

## မူလဋီကာ-စသည်ဘို့အလို ရှင်းပြချက်

အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ-ဟူသော ကရိုဏ်းအရဖြစ်သော ကိလေသာမှကြွင်းသော ဥပါဒိမည်သော ဥပါဒါနက္ခန္ဓာ၏ တဖန် မဖြစ်နိုင်သော ချုပ်ငြိမ်းခြင်းဟူသော ခန္ဓပရိနိဗ္ဗာန်သည် ပရိနိဗ္ဗာယိ-ဟူသော ကြိယာ၏ အနက္ထတ္ထအရ ဖြစ်သော ငြိမ်းခြင်းနိဗ္ဗာယနနိဗ္ဗာန်နှင့် မပြားသော သဘောရှိသော်လည်း ထို

ကြိယာ၏ အန္တတ္ထအရဖြစ်သော ခန္ဓပရိနိဗ္ဗာန်ကို ကိလေသာတို့၏ တဖန်မဖြစ်နိုင်သော ချုပ်ငြိမ်းခြင်းဟူသော ကိလေသပရိနိဗ္ဗာန်မှ အထူးပြုခြင်းငှါ။ ဝါ၊ ခန္ဓပရိနိဗ္ဗာန်၏ ကိလေသပရိနိဗ္ဗာန်မှ အထူးကို သိစေခြင်းငှါ ထိုပရိနိဗ္ဗာယိ-ဟူသော ကြိယာ၏ အန္တတ္ထအရ နိဗ္ဗာန်ကိုပင် ယင်းသည့်နိဗ္ဗာန်မှတပါး တခြားကဲ့သို့ပြု၍ "အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ" ဟူ၍ ပရိနိဗ္ဗာယိ-ဟူသော ကြိယာ၏ ကရိုဏ်းအဖြစ်ဖြင့် ဆိုသည် ဟူလို။

ဤမူလဋီကာ အနုဋီကာတို့ အလိုအားဖြင့် အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ-သည် ကရဏတ္ထ တတိယာဝိဘတ်အဆုံးရှိသော ပုဒ်၊ ၎င်းပုဒ်ကို ပရိနိဗ္ဗာယိ-ဟူသော ကြိယာ၌ ကရိုဏ်းအဖြစ်ဖြင့်စပ်။ တနည်း ဝိသေသနတ္ထဟူသော ကရဏတ္ထ၌ တတိယာဝိဘတ် အဆုံးရှိသောပုဒ်၊ ၎င်းကြိယာ၌ ကြိယာဝိသေသနစပ်။ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ-၏ အရ ပရိနိဗ္ဗာယိ-ဟူသော ကြိယာ၏ အန္တတ္ထအရကို ကိလေသာမှ ကြွင်းကျန်သော ဥပါဒိမည်သော ခန္ဓာမရှိသော အနုပါဒိသေသနိဗ္ဗာန်ဟူသော ခန္ဓပရိနိဗ္ဗာန်ကိုပင် ယူ။

နိဗ္ဗာနဓာတူတိ နိဗ္ဗုတိမတ္တံ။ ဣတ္ထမ္ဘူတလက္ခဏေ စာယံ ကရဏ-နိဒ္ဒေသော။

နိဗ္ဗာနဓာတူတိ၊ နိဗ္ဗာနဓာတုယာ-၌ နိဗ္ဗာနဓာတု-ဟူသည်။ နိဗ္ဗုတိမတ္တံ၊ ခန္ဓပရိနိဗ္ဗာန်ဟူသော ဥပါဒါနက္ခန္ဓာတို့၏ တဖန်အသစ် မဖြစ်ခြင်းဟူသော ငြိမ်းခြင်းမျှသာတည်း။ အယဥ္စ၊ ဤအနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ-ဟူသော သဒ္ဒါသည်လည်း။ ဣတ္ထမ္ဘူတလက္ခဏေ၊ တစုံတခုသောအထူးသို့ ရောက်သည်ကို မှတ်ကြောင်းဖြစ်သော ဣတ္ထမ္ဘူတ လက္ခဏ၌။ ကရဏနိဒ္ဒေသော၊ တတိယာဝိဘတ်ဖြင့် ညွှန်ပြအပ်သော သဒ္ဒါတည်း။ သာရတ္ထဒီပနီဋီကာ ၁- ( ၂၈ )၊ သီလက္ခန္ဓဋီကာ ( ၃၈ )

နိဗ္ဗာနဓာတူတိ စ နိဗ္ဗာယနမတ္တံ။ ဣတ္ထမ္ဘူတလက္ခဏေ စာယံ ကရဏနိဒ္ဒေသော။ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ အနုပါဒိသေသနိဗ္ဗာနဓာတုဟုတွာ ပရိနိဗ္ဗာယတီတိ အတ္ထော။ နေတ္တိဝိဘာဝနီ ( ၉၁ )

ဤဋီကာတို့အလိုအားဖြင့် အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ-ဝယ် တတိယာဝိဘတ်သည် "ယော ပန ဘိက္ခု ဉီနပဥ္စဗန္ဓနေန ပတ္တေန အညံ နဝံ ပတ္တံ စေတာပေယျ" မှာကဲ့သို့ ဣတ္ထမ္ဘူတလက္ခဏအနက်၌ ဖြစ်သည် ဟူလို၏။ အနုပါဒိသေသနိဗ္ဗာနဓာတု-အရ ပရိနိဗ္ဗာယိ-ဟူသောကြိယာ၏ အန္တတ္ထအရကို ရှေးနည်းခန္ဓပရိနိဗ္ဗာန်ကိုပင် ယူ။

အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ အနုပါဒိသေသနိဗ္ဗာနဓာတု ဟုတွာ၊ ကိလေသာမှကြွင်းသော ဥပါဒိမည်သော ခန္ဓာအကြွင်းမရှိသော ခန္ဓပရိနိဗ္ဗာန်

ဟူသော ခန္ဓာတို့၏ ငြိမ်းခြင်းရှိသည်ဖြစ်၍။ ပဒိနိဗ္ဗာယိ၊ ခန္ဓာအသစ် မဖြစ်မူ၍ ငြိမ်း၏ ဟု ပေးလေ။

ထို သဉပါဒိသေသ အနုပါဒိသေသနိဗ္ဗာနဓာတ်နှစ်ပါးတွင် သဉပါဒိသေသ နိဗ္ဗာန်ဟူသည် အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ကိလေသာတို့၏ ကေန်စင်စစ် တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကိလေသာတို့၏ ကုန်ပျက်ချုပ်ငြိမ်းခြင်းပင် ဖြစ်ရကား အရဟတ္တမဂ်ခဏာ၌ပင် ဖြစ်သောကြောင့် ရဟန္တာဖြစ်သော ဤပစ္စက္ခဘဝအဘ္ဘဘော၌ပင် ဖြစ်၏။ အနုပါဒိသေသနိဗ္ဗာန်သည် ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာပဥ္စက၏ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ ကာလဝယ် ပဋိသန္ဓေအားဖြင့် မဖြစ်ခြင်းဟူသော ကုန်ပျက်ချုပ်ငြိမ်းခြင်း ဖြစ်ရကား ထိုဘဝခန္ဓာ ကုန်ပျက်သည်မှ နောက်အဘို့ဖြစ်သော စုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့ကာလ၌ ဖြစ်၏။ ထို့ကြောင့် ဣတိဝုတ်ပါဠိတော် (၂၂၁)၌—

ဒွေ ဣမာ စက္ခုမတာ ပကာသိတာ၊
နိဗ္ဗာနဓာတူ အနိဿိတေန တာဒိနာ။
ဧကာ ဟိ ဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ၊
သဉပါဒိသေသာ ဘဝနေတ္တိသင်္ခယာ။
အနုပါဒိသေသာ သမ္ပရာယိကာ။

ဟူ၍ ဟောတော်မူသည်။ ၎င်းအဋ္ဌကထာ (၁၅၉) ၌လည်း—

ဒိဋ္ဌဓမ္မိကာတိ ဣမသ္မိံ အတ္တဘာဝေ ဘဝါ ဝတ္တမာနာ။ ဘဝနေတ္တိသင်္ခယာတိ ဘဝနေတ္တိယာ တဏှာယ ပရိက္ခယာ။ သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ။

ဟူ၍ မိန့်ဆိုတော်မူသည်။

စက္ခုမတာ၊ ဗုဒ္ဓစက္ခု, ဓမ္မစက္ခု, ဒိဗ္ဗစက္ခု, ဉာဏစက္ခု, သမန္တစက္ခုဟူသော ငါးပါးသောစက္ခု ရှိတော်မူသော။ အနိဿိတေန၊ တဏှာဒိဋ္ဌိတို့၏ မှီရာ၏ အစွမ်းဖြင့် တစုံတခုသော တရားကိုမမှီသော။ တာဒိနာ၊ ဣဋ္ဌ အနိဋ္ဌစသည်အာရုံ အလုံးစုံ၌ တုန်လှုပ်ဖောက်ပြန်ခြင်းမရှိ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒွေ၊ သဉပါဒိသေသ အနုပါဒိသေသအားဖြင့် နှစ်ပါးကုန်သော။ ဣမာ နိဗ္ဗာနဓာတူ၊ ဤနိဗ္ဗာနဓာတ်တို့ကို။ ဝါ၊ ငြိမ်းခြင်းသဘောတို့ကို။ ပကာသိတာ၊ ဟောပြတော်မူအပ်ကုန်ပြီ။ ဟိ၊ နှစ်ပါးအထူးကား။ ဧကာ၊ တပါးသော။ သဉပါဒိသေသာ၊ ဥပါဒါန်တို့သည် စွဲလမ်းအပ်သည်ဖြစ်၍ ဥပါဒိမည်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ကိလေသာမှ ကြွင်းသော ခန္ဓာနှင့်တကွ ဖြစ်သော။ ဓာတု၊ အရဟတ္တမဂ်သည် သမုစ္ဆေဒ အားဖြင့် ပယ်အပ်သည်ဖြစ်၍ ကိလေသာတို့၏ ကေန်စင်စစ် တဖန်မဖြစ်ခြင်း

ဟူသော ငြိမ်းခြင်းသဘောသည်။ ဣမ ဒိဋ္ဌဓမ္မိကာ၊ ဤပစ္စက္ခဘဝ အတ္တဘော၌ပင် ဖြစ်၏။ ဘဝနေတ္တိသင်္ခယာ၊ သတ္တဝါတို့ကို ထိုထိုဘဝသို့ ဆောင်တတ်သော ဘဝတဏှာ၏ ကုန်ခြင်းကြောင့်။ အနုပါဒိသေသာ၊ ကိလေသာမှ ကြွင်းသော ဥပါဒိမည်သော ခန္ဓာမရှိသော။ ဓာတု၊ ခန္ဓာတို့၏ မဖြစ်ခြင်းဟူသော ငြိမ်းခြင်းသဘောသည်။ သမ္ပရာယိကာ၊ ပစ္စုပ္ပန်ဘဝ ခန္ဓာပျက်သည်မှ နောက်အဘို့ဖြစ်သော စုတိခန္ဓာ ဘင်္ဂက္ခဏ၏ အခြားမဲ့ကာလ၌ ဖြစ်၏။

ဒိဋ္ဌဓမ္မိကာတိ၊ ကာ-ဟူသည်ကား။ ဣမသ္မိံ အတ္တဘာဝေ၊ ရဟန္တာဖြစ်သော ဘဝ ဤပစ္စုပ္ပန်အတ္တဘော၌။ ဘဝါ ဝတ္တမာနာ၊ ဖြစ်၏။ ဘဝနေတ္တိသင်္ခယာတိ၊ ဟူသည်ကား။ ဘဝနေတ္တိယာ၊ သတ္တဝါတို့ကို ထိုထိုဘဝသို့ ဆောင်တတ်သော။ တဏှာယ၊ ဘဝတဏှာ၏။ ပရိက္ခယာ၊ အကြွင်းမဲ့ ကုန်ခြင်းကြောင့်။ သမ္ပရာယိကာတိ၊ ဟူသည်ကား။ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ၊ ပစ္စုပ္ပန်အတ္တဘော ဟူသော ခန္ဓာပျက်သည်မှ နောက်အဘို့ဖြစ်သော စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလ၌။ ဘဝါ ဝတ္တမာနာ၊ ဖြစ်၏။

---

## ၁၉-နိဗ္ဗာန်နှင့်ဂတိ-စသည်ကို ခွဲခြားပြပုံ

### ပညတ်-အနုပါဒိသေသနိဗ္ဗာန်-ဝိဘဝဂတိ-စသည်ကို ပြခြင်း

ထို အနုပါဒိသေသနိဗ္ဗာန်ကိုပင်——

ဂတိ မိဂါနံ ပဝနံ၊ အာကာသော ပက္ခိနံ ဂတိ။
ဝိဘဝေါ ဂတိ ဓမ္မာနံ၊ နိဗ္ဗာနံ အရဟတော ဂတိ။

ဟူသော ပရိဝါပါဠိတော် (၂၆၃) ဂါထာဝယ် နိဗ္ဗာနံ အရဟတော ဂတိ-၌ နိဗ္ဗာန ဟူ၍လည်း ဟောတော်မူသည်။

ဤ၌ နိဗ္ဗာနအရကို အနုပါဒိသေသနိဗ္ဗာန်ကို ယူအပ်သည်၏ အဖြစ်ကိုလည်း——

ဂတိ မိဂါနံ ပဝနန္တိ အဇ္ဈောကာသေ ဗျဂ္ဃါဒီဟိ ပရိပါတိယမာနာနံ မိဂါနံ ပဝနံ ရက္ခာဒိဂဟနံ အရညံ ဂတိ ပဋိသရဏံ ဟောတိ၊ တံ ပတ္ဝာ တေ အဿာသန္တိ။ ဧတေနေဝ နယေန အာကာသော ပက္ခီနံ ဂတိ။ အဝဿံ ဥပဂမနဋ္ဌေန ပန ဝိဘဝေါ ဂတိ ဓမ္မာနံ သင်္ခတဓမ္မာနံ ဝိနာသော တေသံ ဂတိ။ န ဟိ တေ ဝိနာသံ အဂစ္ဆန္တာ ဌာတုံ သက္ကောန္တိ၊ သုစိရံပိ ဌတွာ ပန နိဗ္ဗာနံ အရဟတော ဂတိ၊ ခီဏာသဝဿ [illegible] အရဟတော အနုပါဒိသေသနိဗ္ဗာနဓာတု ဂေါသေန ဂတီတိ အတ္ထော။

ဟူသော ဂုဏ်ဂါထာ၏ အဖွင့် ပရိဝါအဋ္ဌကထာ (၁၉၃) ဝယ် နိဗ္ဗာနံ-ကို အနုပါဒိ-သေသနိဗ္ဗာနဓာတု ဟု ဖွင့်၍ ယောဇနာသည်ကို ထောက်သဖြင့် သိအပ်၏။

## သာဓကပါဌ်တို့၏ အနက်

မိဂါနံ၊ ကျားစသည်တို့သည် လိုက်လံဖမ်းဆီးအပ်ကုန်သော သမင် ဒရယ် စသော သားအပေါင်းတို့၏။ ပဝနံ၊ တောသည်။ ဂတိ၊ ကိုးကွယ်ရာသည်။ ဟောတိ၊ ၏။ အာကာသော၊ ကောင်းကင်သည်။ ပက္ခီနံ၊ ငှက်တို့၏။ ဂတိ၊ ကိုးကွယ်ရာသည်။ ဟောတိ၊ ၏။ ဓမ္မာနံ၊ စတုဘူမကသင်္ခတ တရားတို့၏။ ဝိဘဝေါ၊ ဘင်၏ အစွမ်းဖြင့် ပျက်စီးခြင်းသည်။ ဂတိ၊ မချွတ်လားရောက်ရာသည်။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗာနံ၊ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ တဖန်အသစ် မဖြစ်နိုင်သော မဖြစ်ခြင်းဟူသော အနုပါဒိသေသ နိဗ္ဗာန်သည်။ အရဟတော၊ ရဟန္တာ၏။ ဂတိ၊ လားရောက်ရာသည်။ ဟောတိ၊ ဖြစ်၏။

ဂတိ မိဂါနံ ပဝနန္တိ၊ ပဝနံ-ဟူသည်ကား။ အဇ္ဈောကာသေ၊ လွင်တီးပြင်၌။ ဗျဂ္ဃါဒီဟိ၊ ကျားစသော သားရဲတို့သည်။ ပရိပါတိယမာနာနံ၊ လိုက်လံဖမ်းဆီး အပ်ကုန်သော။ မိဂါနံ၊ သမင်စသော သားအပေါင်းတို့၏။ ရုက္ခာဒိဂဟနံ၊ သစ်ပင်စသည်တို့ဖြင့် ထူထပ်သော။ ပဝနံ အရညံ၊ တောသည်။ ဂတိ ပဋိသရဏံ၊ ကိုးကွယ်ရာသည်။ ဟောတိ၊ ၏။ တံ၊ ထိုထူထပ်သော သစ်ပင်ရှိသော တောသို့။ ပတွာ၊ ရောက်၍ ရောက်သည်ရှိသော်။ တေ၊ ထိုသမင်စသော သားတို့ သည်။ အဿာသန္တိ၊ စိတ်၏ သက်သာရာကို ရကုန်၏။ ဧတေနေဝ နယေန၊ ဤ ဂတိ မိဂါနံ ပဝနံ-၌ ပြဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင်။ အာကာသော၊ ကောင်းကင်သည်။ ပက္ခီနံ၊ တို့၏။ ဂတိ ပဋိသရဏံ၊ သည်။ ဟောတိ၊ ၏။ ပန၊ အဖို့တပါးကို ဆိုအံ့။ ဝါ၊ အထူးကို ဆိုအံ့။ အဝဿံ၊ မချွတ်။ ဥပဂမနဋ္ဌေန၊ ကပ်ရောက်အပ်သော သဘော၏ အဖြစ်ဖြင့်။ ဝါ၊ အဖြစ်ကြောင့်။ ဝိဘဝေါ၊ ဘင်၏ အစွမ်းဖြင့် ချုပ်ပျက်ခြင်းသည်။ ဓမ္မာနံ၊ သင်္ခတတရားတို့၏။ ဂတိ၊ လားရောက်ရာသည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗေသမ္ပိ၊ အလုံးစုံလည်း ဖြစ်ကုန် သော။ သင်္ခတဓမ္မာနံ၊ စတုဘူမက သင်္ခတတရားတို့၏။ ဝိနာသော၊ ဘင်၏ အစွမ်းဖြင့် ချုပ်ပျက်ခြင်းသည်။ တေသံ၊ ထိုအလုံးစုံသော စတုဘူမကသင်္ခတ တရားတို့၏။ ဂတိ၊ လားရောက်ရာသည်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ ၏။ ဝါ၊ ဟိ ယသ္မာ၊ ကြောင့်။ တေ၊ ထို စတုဘူမက သင်္ခတ တရားတို့သည်။ ဝိနာသံ၊ ဘင်၏ အစွမ်းဖြင့် ချုပ်ပျက်ခြင်းသို့။ အဂစ္ဆန္တာ၊ မရောက်ကုန်မူ၍။ ဌာတုံ၊ တည်ခြင်းငှါ။ န သက္ကောန္တိ၊ မစွမ်းနိုင်ကုန်။ တသ္မာ၊ ထိုသို့ ဘင်သို့မရောက်ဘဲ ရပ်တည်ခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ သဗ္ဗေသမ္ပိ၊ ကုန်သော။

သင်္ခတဓမ္မာနံ၊ တို့၏။ ဝိနာသော၊ သည်။ တေသံ၊ တို့၏။ ဂတိ၊ သည်။ ဟောတိ၊ ၏။ ပန၊ ထိုမှတပါးကို ဆိုအံ့။ သုစိရံ၊ ရှည်မြင့်စွာ။ ဌတွာပိ၊ ၍လည်း။ နိဗ္ဗာနံ၊ ကိလေသာမှကြွင်းသော စုတိဘင်္ဂက္ခဏ၏ အခြားမဲ့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ဥပါဒိမရှိသော ငြိမ်းခြင်းဟူသော အနုပါဒိသေသနိဗ္ဗာန်သည်။ အရဟတော၊ ၏။ ဂတိ၊ လားရောက်ရာသည်။ ဟောတိ၊ ၏။ ခီဏာသဝဿ၊ ကုန်ပြီးသော အာသဝေါရှိသော။ အရဟတော၊ ၏။ အနုပါဒိသေသနိဗ္ဗာနဓာတု၊ သည်။ ကေဝလေန၊ စင်စစ်အားဖြင့်။ ဂတိ၊ လားရောက်ရာသည်။ ဟောတိ၊ ၏။ ဣတိ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

## ပဋိသန္ဓိဂတိ-စသည်ကို ပြပုံ

ဤ အဋ္ဌကထာဝယ် ရုက္ခာဒိဂဟနံ အရည်-ဖြင့် ပဝနံ-အရကို ပဝဒ္ဓံ ဝနံ ပဝနံ-ဟု ပြု၍ သစ်ပင်စသည်ပေါများ ထူထပ်သောတောကြီးကို ယူ ဟု ပြသည်။ လွင်တီးပြင်၌ တည်နေသော သမင် စသော သားတို့အား သစ် ကျား စသော သားရဲတို့ လိုက်လံ ဖမ်းဆီးနှိပ်စက်အံ့သောဘေးဖြင့် အစဉ်မပြတ် ထိတ်လန့် ကြောက်ရွံ့ကုန်သည်ဖြစ်၍ တောကြီးသို့ ဝင်၍နေရသော်သာ ငြိမ်ဝပ်ချမ်းသာ သက်သာရာရသော စိတ်ရှိကုန်ရကား တောကြီးသည် ထိုဘေးဖြင့် ကြောက် လန့်သော သမင် စသည်တို့၏ မှီခိုကိုးကွယ်ရာဖြစ်သည်။ မြေ သစ်ပင် စသည်၌ တည်နေသော ငှက်တို့အား ခဲ အဋ္ဌ တုတ် ကျောက် မီးပေါက် လေး မြား စသော ဘေးဖြင့် အစဉ်မပြတ် ထိတ်လန့်ကြောက်ရွံ့သော စိတ်ရှိကုန်သည်ဖြစ်၍ ခဲတပစ် နှစ်ပစ် စသည် မြင့်သော ကောင်းကင်၌ ပျံတက် တည်နေရသော်သာ ထိုဘေးမှ ကင်းလွတ်ချမ်းသာ သက်သာရာရသော စိတ်ရှိကုန်ရကား ကောင်းကင် သည် ငှက်တို့၏ မှီခိုကိုးကွယ်ရာဖြစ်သည် ဟူလို။

ဤ ဂါထာရှေ့နှစ်ပါဒ၌ ဂတိ-ကား ပဋိသရဏဂတိ။

ခပ်သိမ်းသော စတုဘူမကသင်္ခါရတရားတို့သည် မပျက်မစီးဘဲ အမြဲ တည်ရပ် နေနိုင်သော တရားမဟုတ်၊ မချွတ်မလွဲ ပျက်စီးခြင်းသဘောရှိသော အနိစ္စ သင်္ခတ ဝိပရိဏာမတရားဖြစ်၍ ဘင်၏အစွမ်းဖြင့် ချုပ်ပျက်ခြင်းသည် ထိုသင်္ခတ တရားတို့၏ လားရာဖြစ်သည် ဟူလို။

ဤ တတိယပါဒ၌ ဂတိကား ပျက်စီးခြင်း ဝိဘဝဂတိ။

ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ် ဒွိဟိတ် တိဟိတ်ဟူကုန်သော ကာမပုထုဇဉ် ပုဂ္ဂိုလ်တို့သည် စုတိကျသည်၏ အခြားမဲ့ကာလဝယ် မိမိတို့ကံအားလျော်စွာ နိရယဂတိ ပေတဂတိ တိရစ္ဆာနဂတိ မနုဿဂတိ ဒေဝဂတိဟူသော ဂတိ ငါးပါးတွင် တပါးပါးသို့ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ကျရောက်မြဲ ဖြစ်မြဲဖြစ်ကုန် ရကား ထိုဂတိငါးပါးလုံးပင် ကာမပုထုဇဉ်တို့၏ လားရောက်ရာ ဂတိဖြစ်သည်။

ကာမသုဂတိခုနစ်ဘုံ၌ရှိသော သောတာပန် သကဒါဂါမ်တို့သည် အပါယ ဂမနီယဖြစ်သော အကုသိုလ်ကို အကြွင်းမဲ့ပယ်ပြီးဖြစ်၍ အပါယ်လေးဘုံ၌ မဖြစ် ကောင်းပြီ၊ ကာမသုဂတိခုနစ်ဘုံ ဝေဟပ္ဖိုလ်ဘုံတိုင် ရူပါဝစရဆယ်ဘုံ အရူပ လေးဘုံတို့၌သာ ဈာန် ရ၊ မရ၊ နိကန္တိ ရှိ၊ မရှိ အကြောင်းအားလျော်စွာ ဖြစ်ကောင်းသည်ဖြစ်၍ ဒေဝဂတိ မနုဿဂတိ နှစ်ပါးတွင် တပါးပါး၌သာ ဖြစ်ကုန်ရကား ဒေဝဂတိ မနုဿဂတိ နှစ်ပါးသည် ထိုကာမသောတာပန် သကဒါဂါမ်တို့၏ ပဋိသန္ဓေအားဖြင့် လားရာဂတိ ဖြစ်သည်။

ဝေဟပ္ဖိုလ်တိုင် ရူပဆယ်ဘုံ၌ရှိသော တိဟိတ်ပုထုဇဉ်သည် မိမိတို့ရသော ဈာန် နိကန္တိ အကြောင်းအားလျော်စွာ ဝေဟပ္ဖိုလ်တိုင် ရူပဆယ်ဘုံ အရူပ လေးဘုံ ကာမသုဂတိခုနစ်ဘုံအားဖြင့် နှစ်ဆယ့်တဘုံတို့တွင် တဘုံဘုံ၌သာ ဖြစ်ကောင်းသည်။ ပဌမာရုပ္ပဘုံ၌ရှိသော တိဟိတ်ပုထုဇဉ်သည် အရူပလေးဘုံ ကာမသုဂတိခုနစ်ဘုံအားဖြင့် တဆယ့်တဘုံတို့တွင် တဘုံဘုံ၌သာ၊ ဒုတိယာရုပ္ပ ဘုံ၌ရှိသော ၎င်းပုဂ္ဂိုလ်သည် အထက် အရူပသုံးဘုံ ကာမသုဂတိခုနစ်ဘုံအားဖြင့် ဆယ်ဘုံ၊ တတိယာရုပ္ပဘုံ၌ရှိသော ပုထုဇဉ်သည် အထက် အရူပနှစ်ဘုံ ကာမ သုဂတိခုနစ်ဘုံအားဖြင့် ကိုးဘုံ၊ စတုတ္ထာရုပ္ပဘုံ၌ ၎င်းပုဂ္ဂိုလ်သည် စတုတ္ထာရုပ္ပ ဘုံ၊ ကာမသုဂတိခုနစ်ဘုံအားဖြင့် ရှစ်ဘုံတို့၌သာ အနန္တရဘဝဝယ် ဖြစ်ကောင်း သည်ဖြစ်၍ ထိုပုထုဇဉ်တို့၏ အနန္တရဘဝ ပဋိသန္ဓေအားဖြင့် လားရာဂတိသည် ဒေဝဂတိ မနုဿဂတိ နှစ်ပါးသာ ရှိသည်။ အသညသတ်ဘုံမှ စုတေသောပုဂ္ဂိုလ် သည် အနန္တရဘဝဝယ် ကာမသုဂတိခုနစ်ဘုံတွင် တဘုံဘုံ၌ ဖြစ်ကောင်းရကား ထိုပုဂ္ဂိုလ်တို့၏ လားရာဂတိသည်လည်း ဒေဝဂတိ မနုဿဂတိ နှစ်ပါးသာ ရှိသည်။

ဗြဟ္မပါရိသဇ္ဇာဘုံမှ စုတေသော သောတာပန် သကဒါဂါမ်တို့သည် အကြောင်း အားလျော်စွာ အနန္တရဘဝဝယ် ဝေဟပ္ဖိုလ်တိုင် ရူပဆယ်ဘုံ, အရူပလေးဘုံ အားဖြင့် တဆယ့်လေးဘုံတို့တွင် တဘုံဘုံ၌သာ ဖြစ်ကုန်သည်။ ဗြဟ္မပုရောဟိတ ဘုံမှ စုတေသော ၎င်းပုဂ္ဂိုလ်တို့သည် ယခင်တဆယ့်လေးဘုံတွင် ဗြဟ္မပါရိသဇ္ဇာမှ တပါး တဆယ့်သုံးဘုံ၊ မဟာဗြဟ္မာဘုံမှ စုတေသော ၎င်းပုဂ္ဂိုလ်တို့သည် ယခင် တဆယ့်သုံးဘုံတွင် ဗြဟ္မပုရောဟိတမှတပါး တဆယ့်နှစ်ဘုံတို့၌သာ ဖြစ်ကုန်သည်။ အထက်အထက်ဘုံသို့ ရောက်ပြီးသော အရိယာသည် အောက်အောက်ဘုံ၌ မဖြစ်ကောင်းပြီဖြစ်၍ ပရိတ္တာဘာ အပ္ပမာဏာဘာ အာဘဿရာ ပရိတ္တသုဘာ အပ္ပမာဏသုဘာ သုဘကိဏှာဘုံမှ စုတေသော ၎င်းပုဂ္ဂိုလ်တို့ ဖြစ်ရာဘုံ၏ တဆယ့် တဘုံ, ဆယ်ဘုံ, ကိုးဘုံ, ရှစ်ဘုံ, ခုနစ်ဘုံ, ခြောက်ဘုံတို့တွင် တဘုံဘုံ၌သာ ဖြစ် ကောင်းသည်၏အဖြစ်ကို ပြဆိုခဲ့ပြီးသော နည်းကိုမှီ၍ သိလေ။

ဝေဟပ္ဖိုလ်ဘုံမှ စုတေသော ၎င်းပုဂ္ဂိုလ်တို့သည် ဝေဟပ္ဖိုလ်မှ တပါး အခြားဘုံ၌ မဖြစ်ကောင်းပြီ၊ ၎င်းဘုံ၌သာ ဖြစ်ကောင်း လေတော့သည်။

ပဌမာရုပ္ပမှ စုတေသော သောတာပန် သကဒါဂါမ်တို့သည် အရူပလေးဘုံ၌သာ၊ ဒုတိယာရုပ္ပမှ စုတေမူ ယင်းလေးဘုံတွင် သုံးဘုံ၌သာ၊ တတိယာရုပ္ပမှ စုတေမူ နှစ်ဘုံ၌သာ၊ စတုတ္ထာရုပ္ပမှ စုတေသော သောတာပန် သကဒါဂါမ်ဖြစ်မူ ၎င်းဘုံ၌သာ ဖြစ်ကောင်းတော့သည် ဖြစ်၍ ထိုဗြဟ္မာဘုံသို့ ရောက်ပြီးသော သောတာပန် သကဒါဂါမ်တို့၏ လားရာဂတိသည် ဒေဝဂတိတပါးသာ ရှိသည်။

ကာမသုဂတိ ခုနစ်ဘုံမှ၎င်း ဗြဟ္မပါရိသဇ္ဇာဘုံမှ၎င်း စုတေသော အနာဂါမ်သည် အသညသတ်မှတပါး ရူပတဆယ့်ငါးဘုံ, အရူပလေးဘုံအားဖြင့် တဆယ့်ကိုးဘုံတို့၌ ဖြစ်ကောင်း၏။ ဗြဟ္မပုရောဟိတဘုံမှ စုတေသော အနာဂါမ်သည် ယခင် တဆယ့်ကိုးဘုံတွင် ဗြဟ္မပါရိသဇ္ဇာဘုံကိုနုတ်၍ တဆယ့်ရှစ်ဘုံ၌သာ ဖြစ်ကောင်းသည်၊ မဟာဗြဟ္မာဘုံ၌ ဒုတိယဈာန်သုံးဘုံ တတိယဈာန်သုံးဘုံမှ စုတေသော အနာဂါမ်တို့ဖြစ်ရာ ဘုံ၏ အစဉ်အတိုင်း တဆယ့်ခုနစ်ဘုံ, တဆယ့်ခြောက်ဘုံ, တဆယ့်ငါးဘုံ, တဆယ့်လေးဘုံ, တဆယ့်သုံးဘုံ, တဆယ့်နှစ်ဘုံသာ ရှိသည်၏ အဖြစ်ကိုလည်း ပြဆိုခဲ့ပြီးသော နည်းကိုမှီ၍ သိလေ။

ဝေဟပ္ဖိုလ်ဘုံမှ စုတေသော အနာဂါမ်မူကား ဝေဟပ္ဖိုလ်ဘုံ၌သာ ဖြစ်ကောင်းတော့သည်၊ တပါးဘုံ၌မဖြစ်ကောင်းပြီ။ အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌဟူသော သုဒ္ဓါဝါသ ငါးဘုံတွင် အဝိဟာမှ စုတေသော ပုဂ္ဂိုလ်သည် သုဒ္ဓါဝါသ အထက်လေးဘုံ၌သာ၊ အတပ္ပါမှ စုတေသော အနာဂါမ်သည် အထက်သုံးဘုံ၌သာ၊ သုဒဿာမှ စုတေသောပုဂ္ဂိုလ်သည် အထက်နှစ်ဘုံ၌သာ၊ သုဒဿီမှ စုတေသောပုဂ္ဂိုလ်သည် အကနိဋ္ဌဘုံ၌သာ ဖြစ်ကောင်းသည်။ အကနိဋ္ဌဘုံ၌ဖြစ်သော ပုဂ္ဂိုလ်သည် ထိုဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်မြဲဖြစ်၍ အကနိဋ္ဌမှ စုတေသော အနာဂါမ်မည်သည် မရှိပြီ။

ပဌမာရုပ္ပမှ စုတေသော အနာဂါမ်သည် အရူပလေးဘုံ၌သာ၊ ဒုတိယာရုပ္ပမှ စုတေသောအနာဂါမ်သည် ၎င်းလေးဘုံတွင် သုံးဘုံ၌သာ၊ တတိယာရုပ္ပမှ စုတေသောအနာဂါမ်သည် နှစ်ဘုံ၌သာ၊ စတုတ္ထာရုပ္ပဘုံမှ စုတေသော အနာဂါမ်သည် ၎င်းဘုံ၌သာ ဖြစ်ကောင်းတော့သည်ဖြစ်၍ အနာဂါမ်တို့၏ လားရာဂတိလည်း ဒေဝဂတိတပါးသာ ရှိသည်။ ဤသို့ ပြဆိုခဲ့ပြီးသည်အတိုင်း အာသဝေါ မကုန်သေးသော ပုဂ္ဂိုလ်ဟူသမျှသည် ထိုက်သည်အားလျော်စွာ ဂတိငါးပါးတွင် တပါးပါးသို့ လားမြဲသာ ဖြစ်သည်။

ခီဏာသဝ ပုဂ္ဂိုလ်တို့အားကား နိဗ္ဗာန်လျှင် အာရုံရှိသော အရဟတ္တမဂ်ဉာဏ်ဖြင့် မပယ်ဖြတ်နိုင်သော ကိလေသာ မည်သည် မရှိ။ သမုစ္ဆေဒပဟာန်အားဖြင့် ကိလေသာ အလုံးစုံကို အကုန်ပယ်ဖြတ်ရကား ဝဋ်သုံးပါးတွင် ကိလေသဝဋ်ပြတ်ခြင်းသည် ဖြစ်၏၊ ယင်းသို့ ကိလေသဝဋ် ပြတ်သဖြင့်လည်း ကမ္မဝဋ်ပြတ်၏၊ ယင်းသို့ ကမ္မဝဋ်ပြတ်သဖြင့်လည်း အကြောင်းရှိသော်သာ အကျိုးဖြစ်

သည်၊ အကြောင်းမရှိက အကျိုးလည်း မရှိပြီဖြစ်၍ ရဟန္တာပုဂ္ဂိုလ်သည် စုတေပြီးနောက် ပြဆိုခဲ့ပြီးသော ဂတိငါးပါးတွင် တစုံတခုသော ဂတိသို့မျှ မလား မရောက်ပြီ၊ ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်တို့ ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်သော အားဖြင့် ငြိမ်းခြင်းဟူသော အနုပါဒိသေသနိဗ္ဗာန်သို့သာ ရောက်ရကား အနုပါဒိသေသနိဗ္ဗာန်သည်သာ ရဟန္တာတို့၏ လားရောက်ရာ ဂတိဖြစ်သည် ဟူလို။

## ဂတိမည်ပုံ

ဤ " နိဗ္ဗာနံ အရဟတော ဂတိ " ၌ ဂတိ-ကား ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့၌ မဖြစ်ခြင်းဟူသော ဝိဘဝဂတိ။

" ဝိဘဝေါ ဂတိ ဓမ္မာနံ၊ နိဗ္ဗာနံ အရဟတော ဂတိ " တို့၌ ဂတိ-၏ဝိဘဝဂတိမည်ကြောင်းကိုလည်း " ဝိဘဝေါ ဂတိ ဓမ္မာနံ၊ နိဗ္ဗာနံ အရဟတော ဂတီတိ အယံ ဝိဘဝဂတိနာမ " ဟူသော သဒ္ဒနီတိ (၂၀၇) ကို ထောက်၍သိလေ။

အထူးမှာ " ဂတိ မိဂါနံ ပဝနံ၊ အာကာသော ပက္ခီနံ ဂတိ " တို့၌ ကိုးကွယ်ရာဟူသော ပဋိသရဏသည် ဂတိမည်၏။ " ဝိဘဝေါ ဂတိ ဓမ္မာနံ " ၌ ပျက်စီးခြင်း ဝိဘဝသည် ဂတိမည်၏။ " နိဗ္ဗာနံ အရဟတော ဂတိ " ၌ မဖြစ်ခြင်း ဝိဘဝသည် ဂတိမည်၏ ဟု မှတ်။

အနုပါဒိသေသနိဗ္ဗာန်သည် ရဟန္တာ၏ လားရောက်ရာ ဖြစ်သည်ဟူရာ၌ ဇီဝိတသမသီသီ ပုဂ္ဂိုလ်များကဲ့သို့ အရဟတ္တဖိုလ်သို့ ရောက်သည်နောက် မရှေးမနှောင်း မကြာမြင့်မီရောက်၍သာ လားရောက်ရာဖြစ်သည် ဟု ဆိုရသည်မဟုတ်၊ စတုတ္ထာရုပ္ပဘုံ၌ဖြစ်သော အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သည် ဖြစ်၍ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်၍ ထိုဘုံ၌ အသက်တမ်း ကာလ၏ အစွမ်းဖြင့် မဟာကပ် ရှစ်သောင်းလေးထောင်ပတ်လုံး ကာလမြင့်ကြာ အခါလေးမြင့် တည်နေ၍သော်လည်း စုတိ၏ အခြားမဲ့ဝယ် အနုပါဒိသေသနိဗ္ဗာန်သို့ ဧကန် မချွတ် ရောက်ရမြဲသာ ဖြစ်ရကား အနုပါဒိသေသနိဗ္ဗာန်သည် ရဟန္တာ၏ လားရောက်ရာ ဂတိဖြစ်သည် ဟု ဆိုရလေသည် ဟူလို။

## ဋီကာဆရာ-စသည်တို့၏ အလို

သံဂြိုဟ်ဋီကာဟောင်း ဆရာသည်—

" သုစိရံပိ ဌတွာ ပန နိဗ္ဗာနံ အရဟတော ဂတိ၊ ခီဏာသဝဿ အရဟတော အနုပါဒိသေသနိဗ္ဗာနဓာတု ဂေါ်သေန ဂတီတိ အတ္ထော "

ဟူသော ဤ ပရိဝါအဋ္ဌကထာ (၁၉၃) ကို အမှီပြု၍ " သမမေဿန္တိ စိရာယ သုဗ္ဗတာ " ဟူသော စကားကို အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာဆရာ ဆိုတော်မူသည်

ဟု နှလုံးထားတော်မူ၍ စိရာယ-ကို သမမေဿန္တိ-၌ စပ်၊ စိရာယ-လည်း တတိယန္တ နိပါတ်ဟု ပြခြင်းငှါ စိရာယ-ကို စိရေန-ဟု ဖွင့်ဆိုတော်မူသည်။

ဋီကာကျော်ဆရာ သခေ်ပဝဏ္ဏနာဋီကာဆရာတို့ကား သဒ္ဓါဓိက, ဝီရိယာဓိက, ပညာဓိကဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကတို့ ပါရမီ ဖြည့်တမ်းကာလအလျောက် တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း၊ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ တသင်္ချေနှင့် ကမ္ဘာတသိန်း၊ ကမ္ဘာတသိန်း-စသည်ဖြင့် ကာလမြင့်ကြာ အခါလေးမြင့် ပါရမီတို့ကို ဖြည့်ကျင့်ခြင်း အစရှိသော ကောင်းသော အကျင့်သီလ အာစာရနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သာ ဝိပဿနာ မဂ် ဖိုလ် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ရောက်၍ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုကြရကြောင်းကို ပြလို၍ "အဓိဂန္တွာ။ပ။စိရာယ သုဗ္ဗတာ" ဟူသော ဂါထာကို အရှင်အနုရုဒ္ဓါဆရာ ဆိုတော်မူသည် ဟု နှလုံးထား၍ စိရာယ-ကို သုဗ္ဗတာ-၌စပ်။ စိရာယ-လည်း အစ္စန္တသံယောဂတ္ထ ဒုတိယာဝိဘတ်ကျန္တ နိပါတ်ပုဒ် ဟု ပြခြင်းငှါ စိရာယ-ကို စိရကာလံ-ဟု ဖွင့်ဆိုတော်မူသည်။ ဤသို့ ဋီကာဆရာတို့ အသီးအသီး အာဘော် အလိုတော်ရှိဟန်ကို သိလေ။

ယခင်ပြဆိုခဲ့ပြီးသော ပရိဝါအဋ္ဌကထာ သဒ္ဒနီတိအလိုအားဖြင့် "နိဗ္ဗာနံ အရဟတော ဂတိ" ၌ နိဗ္ဗာန-အရကို ရဟန္တာတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့၌ ခန္ဓာတို့၏ မဖြစ်ခြင်း ငြိမ်းခြင်း ဟူသော အဘာဝ အတ္ထပညတ်ဖြစ်သော အနုပါဒိသေသနိဗ္ဗာန်ကို ကောက်ယူကုန်၏။

> အယဉ့် ဂတိသဒ္ဒေါ ပဉ္စ ခေါ ဣမာ သာရိပုတ္တ ဂတိယောတိ ဧတ္ထ နိရယာဒိဘေဒါယ သတ္တေဟိ ဂန္တဗ္ဗဂတိယာ ဝတ္တတိ။ ဣမေသံ ခေါ အဟံ ဘိက္ခု နံ သီလဝန္တာနံ ကလျာဏဓမ္မာနံ နေဝ ဇာနာမိ ဂတိံ ဝါ အဂတိံ ဝါတိ ဧတ္ထ အဇ္ဈာသယေ။ နိဗ္ဗာနံ အရဟတော ဂတီတိ ဧတ္ထ ပဋိသရဏေ။

ဟူ၍ "နိဗ္ဗာနံ အရဟတော ဂတိ"၌ ဂတိ-၏ ပဋိသရဏဂတိ ဖြစ်ကြောင်းကို ပြဆိုသော သုတ်မဟာဝါအဋ္ဌကထာ (၃၄) အလိုအားဖြင့်သော် နိဗ္ဗာန-အရကို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို ယူတော်မူလို၏။

ဟိ ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ အယံ ဂတိသဒ္ဒေါ၊ ဤဂတိသဒ္ဒါသည်။ ပဉ္စ ခေါ ဣမာ သာရိပုတ္တ ဂတိယောတိ ဧတ္ထ၊ ပဉ္စ။ပ။ဂတိယော-ဟူသော ဤပါဠိ၌။ နိရယာဒိဘေဒါယ၊ နိရယစသည် အပြားရှိသော။ သတ္တေဟိ၊ တို့သည်။ ဂန္တဗ္ဗဂတိယာ၊ လားအပ်သောဂတိ၌။ ဝတ္တတိ၊ ဖြစ်၏။ ဣမေသံ ခေါ။ပ။အဂတိံ ဝါတိဧတ္ထ၊ ဣမေသံ ခေါ။ပ။အဂတိံ ဝါ-ဟူသော ဤပါဠိ၌။ အဇ္ဈာသယေ၊ အလိုဟူသောအနက်၌။ ဝတ္တတိ၊ ဖြစ်၏။ နိဗ္ဗာနံ အရဟတော ဂတီတိ ဧတ္ထ၊ ၌။ ပဋိသရဏေ၊ မှီခိုကိုးကွယ်ရာဟူသော အနက်၌။ ဝတ္တတိ၊ ဖြစ်၏။

"တတ္ထ ကတမာ အသင်္ခတာ ဓာတု။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော" ဟူသော အာယတနဝိဘင်းပါဠိတော် (၇၄) ဝယ် ရာဂက္ခယော-စသည်ကို "ယသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ။ တသ္မာ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုတ္တံ" ဟု ဖွင့်ပြသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၄၈)အဖွင့်ဖြစ်သော—

"အာဂမ္မာတိ သင္ခတသင်္ခါရေဟိ နိဗ္ဗိန္ဒဿ ဝိသင်္ခါရနိန္နဿ ဂေါတြဘုနာ ဝိဝဋ္ဋိတမာနသဿ မဂ္ဂေန သစ္ဆိကရဏေနာတိ အတ္ထော။ သစ္ဆိကိရိယ-မာနံ ဟိ တံ အခိဂန္တွာ အာရမ္မဏပစ္စယဘူတဉ္စ ပဋိစ္စ အဓိပတိပစ္စယဘူတေ စ တမ္ဟိ ပရမဿာသဘာဝေန ဝိနိမုတ္တသင်္ခါရဿ စ ဂတိဘာဝေန ပတိ-ဋ္ဌာနဘူတေ ပတိဋ္ဌာယ ခယသင်္ခါတော မဂ္ဂေါ ရာဂါဒယော ခေပေတီတိ တံ သစ္ဆိကရဏဘာဝေ ရာဂါဒီနံ အနုပ္ပတ္တိ နိရောဓဂမနဘာဝေါ တံ အာဂမ္မ ရာဂါဒယော ခီယန္တီတိ ဝုတ္တံ။

ဟူသော မူလဋီကာ (၃၉) ၌ "ဂတိဘာဝေန ပတိဋ္ဌာနဘူတေ" ဝယ် ဂတိ-အရကို ပဋိသရဏဂတိကိုယူ၍ ထိုသို့ ပဋိသရဏဂတိကို ယူသင့်သည်၏ အဖြစ်ကို မြဲမြံ ခိုင်ခံ့စိမ့်သောငှါ—

ဝိသင်္ခါရနိန္နဿာတိ နိဗ္ဗာနပေါဏဿ။ ဝိနိမုတ္တသင်္ခါရဿာတိ သမုစ္ဆေ-ဒပဋိပဿဒ္ဓိဝိမုတ္တီဟိ သမုစ္ဆေန တပ္ပဋိပန္နဆန္ဒရာဂပ္ပဟာနေန စ သဗ္ဗ ဝိနိ-မုတ္တသင်္ခါရဿ ပရမဿာသဘာဝေန ဂတိဘာဝေန စ ပတိဋ္ဌာနဘူတေ။ နိဗ္ဗာနံ အရဟတော ဂတီတိ ဟိ ဝုတ္တံ။

ဟူ၍ ပရဝါပါဠိတော် ကို သာဓက ပြုလုပ်ထုတ်ဆောင် ပြဆိုသော အနုဋီကာ ဆရာ၏ အလိုအားဖြင့်လည်း ဤပရိဝါပါဠိတော်၌ ဂတိ-အရကို ပဋိသရဏ ဂတိကိုယူ၍ နိဗ္ဗာနံ-အရကိုလည်း သုတ်မဟာဝါ အဋ္ဌကထာကဲ့သို့ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်ကိုပင် ယူတော်မူလို၏။

ဤ မူလဋီကာ အနုဋီကာတို့ဝယ် အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် နိဗ္ဗာန်၏ သရုပ်ကို ပြဆိုသောအရာ၌ ပြဆိုခဲ့ပြီးဖြစ်၍ ဤ၌ မပြမဆိုပြီ။

## အချို့ဝိနိစ္ဆယဆရာတို့ အလို

အချို့ဝိနိစ္ဆယ၌ နိဗ္ဗာနံ အရဟတော ဂတိ-ဟူသော ပရိဝါပါဠိတော်၊ ယင်း၏ အဖွင့်ဖြစ်သော—

"သုစိရံပိ ဌတွာ ပန နိဗ္ဗာနံ အရဟတော ဂတိ ခီဏာသဝဿ အရဟတော အနုပါဒိသေသနိဗ္ဗာနဓာတု ဂေါသေန ဂတီတိ အတ္ထော"

ဟူသော ၎င်းအဋ္ဌကထာ (၁၉၃) တို့၌—

နိဗ္ဗာနံ၊ အနုပါဒိသေသအသခ်တဓာတ်နိဗ္ဗာန်သည်။ အရဟတော၊ စုတိကျသွားသော ရဟန္တာအရှင်များ၏။ဂတိ၊ မပျောက်မပျက် အမြဲရှည်မြင့်စွာ တည်ရာရောက်ရာ အရပ်တည်း ” ဟူ၍ငင်း—

“ သုစိရံပိ၊ အဘယ်လောက်မဆို ထိုထိုအလွန်ကြာကြီး ကြာအောင်လည်း။ ဌတွာ ပန၊ မပျက်မစီးတည်ရာ ဖြစ်သောကြောင့်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အရဟတော၊ နိဗ္ဗုတခီဏာသဝပုဂ္ဂိုလ်၏။ ဂတိ၊ မပျောက်မပျက် အမြဲတည်နေရာ တည်း။ အနုပါဒိသေသနိဗ္ဗာနဓာတု၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်သည်။ ခီဏာ- သဝဿ အရဟတော၊ အာသဝေါကုန်ပြီးနောက် စုတိရောက်သော ရဟန္တာ ပုဂ္ဂိုလ်၏။ ဂတိ၊ သခ်တဘေးမှ လွတ်ကြောင်း ကောင်းကောင်းကြီး ရောက်ရာ တည်း။ တနည်းကား၊ ခီဏာသဝဿ အရဟတော၊ နိဗ္ဗာန်ပျော်ရှင် ရဟန္တာ အရှင်၏။ ကေ်သေန၊ စင်စစ်အားဖြင့်။ ဂတိ၊ အမြဲတည်နေရာ အရပ်တည်း ” ဟူ၍ငင်း—

အစဉ်အတိုင်း မြန်မာပြန်၍—

ဤ ပရိဝါပါဠိတော် အဋ္ဌကထာတို့၌ အသခ်တဓာတ် နိဗ္ဗာန်၏ ရဟန္တာပုဂ္ဂိုလ်များ၏ ရှည်မြင့်စွာ တည်နေရာဖြစ်သည်ကို မိန့်ဆိုသောစကားနှင့် “အဘူတံ အဇာတံ ဟုတွာ အတ္ထီတိ အဗ္ဘုတံ” ဟူသော ယခင် သဋ္ဌာယတနသံယုတ် အဋ္ဌကထာစကားတို့၏ သမသမ သံသန္ဒန ထပ်တူထပ်မျှ ယင်းနိဗ္ဗာနဓာတ်၏ ထင်ရှားရှိသောအဖြစ် အဘာဝ တုစ္ဆ မဟုတ်သည်၏အဖြစ်ကို ပြနိုင်သောစကား တော် ပင်တည်း။

ထို နိဗ္ဗာန်၏ ရဟန္တာပုဂ္ဂိုလ်၏ တည်ရာရောက်ရာအားဖြင့် ထင်ရှားရှိသည်ကို ပြသဖြင့်လည်း ပရိနိဗ္ဗုတရဟန္တာများ၏ ထိုထိုနိဗ္ဗာန်၌ တည်နေသည်၏အဖြစ် အဘာဝ တုစ္ဆ မဟုတ်သည်၏အဖြစ်ကိုလည်း ပြတော်မူသည်သာတည်း။

တည်ရာ အရပ်သည် ထင်ရှားရှိသကဲ့သို့ ထို၌ တည်သူလည်း ထင်ရှားရှိသင့် တော့သည်သာ၊ ထိုသို့ရှိသော်လည်း လူဟူသော နတ်ဟူသော ပညတ်အားဖြင့် ထင်ရှားမရှိ။ပညတ္တိပထကိုလွန်၍ တည်နေသည်မှတ် ဟူ၍ အဓိပ္ပါယ်ကို ဆိုကုန်၏။

ထို ဝိနိစ္ဆယစကားသည် မိမိမှီရင်းဖြစ်သော ပရိဝါအဋ္ဌကထာ ဆရာ၏ အာဘော် အလိုတော်လည်း မကျ၊ ယင်းသည့် ပရိဝါအဋ္ဌကထာကို နည်းယူ၍ ဆိုအပ်သော—

ပဋိသင်္ခါယ ပနေတမဒ္ဓုဝံ၊ အဓိဂန္တွာ ပဒမစ္စုတံ ဗုဓာ။

သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊ သမမေဿန္တိ စိရာယ သုဗ္ဗတာ။

ဟူသော **အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ** (၃၉) ဂင်းအဖွင့်ဋီကာ သုံးကျမ်းတို့နှင့် လည်း မညီ။

ပညတ်အသင်္ခတဖြစ်သော နိဗ္ဗာန်ကို ပြဆိုသောအရာ၌ ပရမတ်အသင်္ခတ ဖြစ်သောနိဗ္ဗာန်ကိုကောက်ယူခြင်း ဤပရိဝါအဋ္ဌကထာစကားကို သဋ္ဌာယတန သံယုတ် အဋ္ဌကထာစကားနှင့် တူသည်ဟု ပြဆိုခြင်း " အဘူတမေဝ ဘူတံ၊ အဇာတံ ဟုတွာ အတ္ထီတိ အဗ္ဘုတံ" ဟူသော သံယုတ်အဋ္ဌကထာကို ရှိရင်း အတိုင်း မပြမဆိုဘဲ အလွဲအမှားကိုယူ၍ ပြဆိုခြင်း ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန်ပြုပြီးနောက် မပျောက်မပျက် မိမိတို့ရအပ်သော နိဗ္ဗာန်၌ ရှည်မြင့်စွာ တည်နေကြောင်းကို ပြဆိုခြင်းများသည်လည်း မဟုတ်မလျား မှားသော အရာချည်းသာ ဖြစ်သည် ဟု မှတ်ရမည်။

သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေ ဓမ္မေ အနာသဝေါ။
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ။

ဟူသော သဠာယတနသံယုတ်ပါဠိတော် (၄၀၈) ၌လည်း ပရိနိဗ္ဗာန် ပြုပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် အဘာဝ တုစ္ဆ အဖြစ်သို့ ရောက်သည်မဟုတ်ကုန်၊ စုတိ၏ အခြားမဲ့ဝယ် မိမိတို့ရောက်အပ် ရအပ်သော အနုပါဒိသေသ အသင်္ခတဓာတ် နိဗ္ဗာန်၌ လူဟူသော နတ်ဟူသော ရေတွက်ခြင်းမှ ကင်းလွတ်လျက် မပျောက် မပျက် ကာလရှည်ကြာ အခါလေးမြင့် ထာဝရအမြဲ တည်နေကုန်သည်ဟူ၍ အဓိပ္ပါယ်ကို ပြဆိုကုန်၏။ ဒေသကဖြစ်သော မြတ်စွာဘုရား အလိုတော်နှင့် မညီမလျော် မဟုတ်မမှန်သော အဓိပ္ပါယ်သာ ဖြစ်သည် ဟုမှတ်။

## ဟုတ်မှန်တိုင်း အဓိပ္ပါယ်

ဤ ဂါထာဝယ် ဟုတ်မှန်တိုင်းသောအနက်အဓိပ္ပါယ်တို့ကို ပြဆိုလိုက်ဦးအံ့။

ဝေဒနာပရိညာယ၊ ဝေဒနာကို ဤတရားကား အနိစ္စ ဒုက္ခ အနတ္တ-သာ ဟု ပိုင်းခြားထင်ထင် သိမြင်၍—

(ဝေဒနာကို အဦးပဋ္ဌာနထား၍ ဟောတော်မူသည်၊ ယင်းဖြင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော ခန္ဓာငါးပါး တေဘူမက ရုပ်နာမ်တရားအားလုံးကိုပင် အနိစ္စ ဒုက္ခ အနတ္တ သာ ဟု ပိုင်းခြား သိမြင်သည် ဟု ယူ)။

ဝေဒဂူ၊ မျက်မှောက် အာရုံပြုသောအားဖြင့် အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိပြီးသော။ ဝါ၊ သို့ရောက်သော။ အနာသဝေါ၊ နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်ဉာဏ်သည် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်သော ကြောင့် အာသဝေါတရား မရှိသော။ ဓမ္မဋ္ဌော၊ နိဗ္ဗာန်လျှင် အာရုံရှိသော အရဟတ္တဖလသမာပတ်ကို မပြတ်ဝင်စားသောအားဖြင့် အရဟတ္တဖိုလ် စိတ္တုပ္ပါဒ် ဟူသော အသေက္ခဓမ္မ၌တည်သော။ ဝါ၊ အရဟတ္တဖလသမာပတ်ကို မပြတ်

ဝင်စားသောအားဖြင့် နိဗ္ဗာန်တည်းဟူသော အာရုံ၌ တည်သော။ သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ဒိဋ္ဌေ ဓမ္မေ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရပြီးနောက် စုတိမကျရောက်မီ မျက်မှောက်ဘဝ ပစ္စုပ္ပန်ကာလ၌ပင်လျှင်။ သဉ်၊ ရာဂဖြင့် အာရုံကို တပ်မက်တတ်သော ရတ္တပုဂ္ဂိုလ် ဒေါသဖြင့် အာရုံကို ပြစ်မှားတတ်သော ဒုဋ္ဌပုဂ္ဂိုလ်-အစရှိသည်ဖြင့် ခေါ်ဝေါ်ရေတွက်ခြင်းသို့။ နောပေတိ၊ မရောက်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ စုတိဘင်္ဂက္ခဏ၏ အစွမ်းအားဖြင့် ပျက်စီးပြီးသည်မှ။ ပရံ၊ နောက်၌။ သဉ်၊ လူ နတ် ဗြဟ္မာအစရှိသော အားဖြင့် ခေါ်ဝေါ်ရေတွက်ခြင်းသို့။ နောပေတိ၊ မရောက်။

ဒိဋ္ဌေ ဓမ္မေ-ဟူသော အာဓာရ၊ ကာယဿ ဘေဒါ-ဝယ် ဘေဒါ-ဟူသော အပါဒါန်၏ စပ်ရာ ပရံ-ဟူသော ပါဌသေသ အာဓာရတို့ကို သဉ် နောပေတိ-၌ အသီးအသီးစပ်၍ ပေး။

ဤ ဂါထာပုဒ် အပေါင်းတို့တွင်—

သော-ဝေဒနာ-ပရိညာယ-ဖြင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော တေဘူမကသင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ-သာဟု ဟုတ်မှန်စွာ ဝိပဿနာ ဉာဏ်ဖြင့် ရှုမြင်သည်ကို ပြသည်။

ဝေဒဂူ-ဖြင့် တေဘူမက သင်္ခါရကို အနိစ္စ-သာ စသည်ဖြင့် ဟုတ်မှန်စွာရှုမြင်နိုင်သော ပုဂ္ဂိုလ်၏ သစ္စိကိရိယာဘိသမယအားဖြင့် အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ဒိဋ္ဌပစ္စက္ခအားဖြင့် မျက်မှောက်ထင်ထင် သိမြင်သည်၏အဖြစ်၊ သံသရာတည်းဟူသော သမုဒ္ဒရာ၏ ထိုမှာဘက်ကမ်းသဖွယ်ဖြစ်သော နိဗ္ဗာန်သို့ ချမ်းသာစွာ ကူးရောက်ကြောင်း၊ နိရောဓဂါမိနိပဋိပဒါဖြစ်သော သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသော လှေဘောင် သင်္ဘောသဖွယ်ဖြစ်သော အရိယမဂ္ဂင်တရားဖြင့် ဒုက္ခ သမုဒယတို့၏ ချုပ်ငြိမ်းကြောင်း၊ ချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်သည်၏အဖြစ်ကို ပြသည်။

အနာသဝေါ-ဖြင့် အာသဝေါတရားလေးပါးတွင် သမုစ္ဆေဒပဟာန်အားဖြင့် သောတာပတ္တိမဂ်သည် ဒိဋ္ဌာသဝကို၊ အနာဂါမိမဂ်သည် ကာမာသဝကို၊ အရဟတ္တမဂ်သည် ဘဝါသဝ အဝိဇ္ဇာသဝတို့ကို အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ အဝိဇ္ဇာနှင့် ကင်းသောကိလေသာမည်သည်လည်း မရှိကောင်းရကား အာသဝေါ တရားတို့ကို အဦးပဓာနထားသောအားဖြင့် ရဟန္တာပုဂ္ဂိုလ်အား အလုံးစုံသော ကိလေသာတို့ မရှိသည်၏အဖြစ်ကို ပြသည်။

ဓမ္မဋ္ဌော-ဖြင့် ရဟန္တာ ပုဂ္ဂိုလ်ဟူသမျှ၏ နိဗ္ဗာန်လျှင် အာရုံရှိသော အရဟတ္တဖလသမာပတ်ကိုသာ မပြတ်ဝင်စားသဖြင့် ထိုအရဟတ္တဖလသမာပတ်ဟူသော အသေက္ခဓမ္မ၌ တည်သည်၏အဖြစ် အရဟတ္တ ဖလသမာပတ်ကို မပြတ်ဝင်စားသဖြင့် ယင်း၏ အာရုံဖြစ်သော နိဗ္ဗာန်၌ တည်သည်၏အဖြစ်ကို ပြသည်။

## မိစ္ဆာဒိဋ္ဌိ အယူကင်းပုံ

ထိုက်သည်အားလျော်စွာ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော ရုပ်နာမ်ခန္ဓာအပေါင်းဖြစ်သော ပိဏ္ဍာဒြဗ်,ရုပ်နာမ်ခန္ဓာအစဉ်ဖြစ်သော သန္တာနဒြဗ် ဟူသော အတ္တပညတ်ကို အမှီအစွဲ အကြောင်းပြု၍ မှတ်ဘူးသော သညာအား လျော်စွာ—

သတ္တပုဂ္ဂလ-သတ္တဝါပုဂ္ဂိုလ်၊ ဒေဝမနုဿ-နတ်လူ၊ ဣတ္ထိပုရိသ-မိန်းမ ယောကျ်ား၊ ပဗ္ဗတရုက္ခ-တောင်သစ်ပင်—

အစရှိသည်ဖြင့် ခေါ်ဝေါ်ခြင်း နာမပညတ် ဖြစ်သည်ဖြစ်၍ ဒိဋ္ဌိစေတသိက် ပြဋ္ဌာန်းခြင်းရှိသော ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်၊ ထိုအခိုက်ရှိသော ရုပ်ဟူသော ရုပ်နာမ် ခန္ဓာ အပေါင်းအစဉ်ဖြစ်သော သမူဟသန္တာန အတ္တပညတ်ဖြစ်သော အနက်ဒြဗ်ကို အကြောင်းအစွဲပြု၍ အနိစ္စ ဒုက္ခ-အစရှိသော ဟုတ်မှန်သော သဘောမှတပါး နိစ္စ သုခ-အစရှိသည်ဖြင့် မဟုတ်မမှန်သောအားဖြင့် ရှုမြင်တတ်သော မိစ္ဆာဒိဋ္ဌိကပုဂ္ဂိုလ်, ဖောက်ပြန်သောအားဖြင့် ရှုမြင်တတ်သော ဝိပရီတဒဿနပုဂ္ဂိုလ်-အစရှိသည်ဖြင့် ရေတွက် ခေါ်ဝေါ်ခြင်း နာမပညတ် ဖြစ်ရကား ခီဏာသဝပုဂ္ဂိုလ်အား သောတာပတ္တိမဂ်ခဏကပင် မိစ္ဆာဒိဋ္ဌိ တရားကို အကြွင်းမဲ့ ဖြတ်ပယ်ပြီးဖြစ်၍ ဒိဋ္ဌိဂတ သမ္ပယုတ် စိတ္တုပ္ပါဒ် အပေါင်းအစဉ်ဒြဗ် ဖြစ်သော အတ္တပညတ်ကို အကြောင်းအစွဲပြု၍ မိစ္ဆာဒိဋ္ဌိက ဝိပရီတဒဿန ဟူသော နာမပညတ်ဖြင့် ခေါ်ဝေါ်အပ် ခေါ်ဝေါ်ကောင်း ခေါ်ဝေါ် ထိုက်သော သဘောမရှိပြီ ဖြစ်သောကြောင့် ခီဏာသဝပုဂ္ဂိုလ်သည် စုတိမကျမီ ပစ္စက္ခကာလ၌ပင် မိစ္ဆာဒိဋ္ဌိက ဝိပရီတဒဿန-အစရှိသော နာမပညတ်ဖြင့် ရေတွက်ခေါ်ဝေါ်ခြင်းသို့ မရောက်ကောင်းပြီ။

## ဒေါသ ဣဿာ-စသည် ကင်းပုံ

ဒေါသ ဣဿာ-စသည်နှင့်ယှဉ်သော ပဋိဃသမ္ပယုတ် စိတ္တုပ္ပါဒ် အစရှိသော ခန္ဓသမူဟသန္တာနဒြဗ် အတ္တပညတ်ကို အကြောင်းအစွဲပြု၍ ပြစ်မှားတတ်သော ဒုဋ္ဌပုဂ္ဂိုလ်, အမျက်ထွက်တတ်သော ကုဒ္ဓပုဂ္ဂိုလ်, ရန်ငြိုးထားခြင်း ဖွဲ့ခြင်းရှိသော ဥပနာဟီပုဂ္ဂိုလ် အစရှိသော နာမပညတ်ဖြင့် ရေတွက်ခေါ်ဝေါ်ခြင်းဖြစ်ရကား ခီဏာသဝပုဂ္ဂိုလ်အား အနာဂါမိမဂ်ခဏကပင် ထို ဒေါသ ဣဿာ-အစရှိသော တရားတို့ကို အကြွင်းမဲ့ ပယ်ပြီးဖြစ်သောကြောင့် ထိုဒေါသမူစိတ္တုပ္ပါဒ် အစ ရှိသော ခန္ဓာအစဉ် ခန္ဓာအပေါင်း ဒြဗ်ဟူသော အတ္တပညတ်ကို အကြောင်းအစွဲ ပြု၍ ဒုဋ္ဌ-ကုဒ္ဓ-ဥပနာဟီ-ဣဿုကီ-မစ္ဆရီပုဂ္ဂိုလ် အစရှိသော နာမပညတ်ဖြင့် ခေါ်ဝေါ်အပ် ခေါ်ဝေါ်ထိုက်သော သဘောမရှိပြီဖြစ်၍ ခီဏာသဝပုဂ္ဂိုလ်သည်

ပစ္စက္ခဘဝကာလ၌ပင် ထိုဒုဋ္ဌပုဂ္ဂိုလ် ကုဒ္ဓပုဂ္ဂိုလ် အစရှိသော နာမပညတ်ဖြင့် ရေတွက်ခေါ်ဝေါ်ခြင်းသို့ မရောက်ကောင်းပြီ။

လောဘသဟဂုတ် စိတ္တုပ္ပါဒ် အစရှိသော ခန္ဓသမူဟ ခန္ဓသန္တာနဖြစ်သော အတ္ထပညတ် အနက်ဒြဗ်ကို အကြောင်းအစွဲပြု၍ ရတ္တ-လုဒ္ဓ-ပါပိဋ္ဌ-မဟိစ္ဆ အစရှိသော နာမပညတ်ဖြင့် ရေတွက်ခေါ်ဝေါ်ခြင်း ဖြစ်ရကား ခီဏာသဝပုဂ္ဂိုလ်အားလည်း အရဟတ္တမဂ် ခဏ၌ပင် လောဘ-အစရှိသော အကုသိုလ်တရားကို သမုစ္ဆေဒပဟာန်အားဖြင့် ကုန်စင်ကြွင်းမဲ့ ပယ်ဖြတ်ပြီးဖြစ်၍ လောဘသဟဂုတ် စိတ္တုပ္ပါဒ် အစရှိသော ခန္ဓသမူဟ ခန္ဓသန္တာန ဒြဗ်ဟူသော အတ္ထပညတ်ကို အကြောင်းအစွဲ ပြု၍ ရတ္တ-လုဒ္ဓ-အစရှိသော နာမပညတ်ဖြင့် ရေတွက်ခေါ်ဝေါ်ခြင်း မရှိကောင်းပြီဖြစ်ရကား ခီဏာသဝပုဂ္ဂိုလ်သည် စုတိမကျမီ ပစ္စက္ခဘဝကာလ၌ပင် ရတ္တပုဂ္ဂိုလ်-လုဒ္ဓပုဂ္ဂိုလ် အစရှိသော နာမပညတ်ဖြင့် ရေကွက်ခေါ်ဝေါ်ခြင်းသို့ မရောက်ကောင်းပြီဖြစ်၍ ဒိဋ္ဌေ ဓမ္မေ သချိုနေ့ာပေတိ-ဖြင့် ထိုခီဏာသဝပုဂ္ဂိုလ်၏ စုတိမကျမီ ပစ္စက္ခဘဝကာလ၌ပင် မိစ္ဆာဒိဋ္ဌိက-ဒုဋ္ဌ-ရတ္တ အစရှိသော နာမပညတ်ဖြင့် ရေတွက်ခေါ်ဝေါ်ခြင်းသို့ မရောက်ကောင်းသည်၏ အဖြစ်ကို ပြသည်။

ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့အား စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ထိုက်သည်အားလျော်စွာ ဂတိငါးပါးတွင် တပါးပါး၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်ကုန်မြဲဖြစ်ရကား ထိုသို့ဖြစ်သော ရုပ်နာမ်ခန္ဓာ အပေါင်းအစဉ်ဟူသော ခန္ဓသမူဟ ခန္ဓသန္တာန ဒြဗ်ဖြစ်သော အတ္ထပညတ်ကို အကြောင်းအစွဲပြု၍ ဖြစ်ရာဂတိအားလျော်စွာ ဒေဝ မနုဿ-အစရှိသော နာမပညတ်ဖြင့် ရေတွက်ခေါ်ဝေါ်ခြင်း ဖြစ်ကုန်သည်။

ခီဏာသဝပုဂ္ဂိုလ်အားကား နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖြတ်ပယ်အပ်သည်ဖြစ်၍ ကိလေသာအလုံးစုံ ကုန်ကင်းသည်၊ ယင်းသို့ ကိလေသာ ကုန်ကင်းသဖြင့် ရှေးရှေးဘဝကာလတို့က ပြုကျင့်ခဲ့ဘူးသော ကံဟူသမျှသည် ကိလေသာဟူသော အစေးမှ ခန်းခြောက်သည်ဖြစ်၍ ပဋိသန္ဓေဟူသော အကျိုးကို ဖြစ်စေခြင်း ပေးခြင်းငှါ မစွမ်းနိုင်ပြီ၊ ပဋိသန္ဓေဟူသောအကျိုးကိုဖြစ်စေနိုင် ပေးစွမ်းနိုင်သော ကံသင်လည်း ဖြင်ခြင်း မရှိပြီဖြစ်၍ အကြောင်းရှိသော်သာလည်း အကျိုးဖြစ်သည်၊ အကြောင်း မရှိသော် အကျိုးမဖြစ်ရကား စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလဝယ် ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေကိစ္စတပ်သောအားဖြင့် မဖြစ်ကောင်းပြီ ဖြစ်၍ ဒေဝ မနုဿ-အစရှိသော နာမပညတ်ဖြင့် ရေတွက်ခေါ်ဝေါ်ရခြင်း၏

အကြောင်းဖြစ်သော ရုပ် နာမ် ခန္ဓာအပေါင်းအစဉ်ဒြဗ်ဟူသော အတ္တပညတ်ပင် မရှိကောင်းရကား ခီဏာသဝပုဂ္ဂိုလ်၏ စုတိပရိနိဗ္ဗာန်ပြုပြီးနောက် ဒေဝ မနုဿ-အစရှိသော နာမပညတ်ဖြင့် ရေတွက်ခေါ်ဝေါ်ခြင်းသို့ မရောက်ကောင်းသည်၏ အဖြစ်ကို ကာယဿ ဘေဒါ သဉ်ှ နောပေတိ-ဖြင့် ပြတော်မူသည်။

ဤသို့သော အနက်အဓိပ္ပါယ်တို့ကိုသာ သိအပ် မှတ်ယူအပ်သည်။

---

## ၂၀-အသင်္ခတနိဗ္ဗာန်-စသည်ကို ပြပုံ

### ပရမတ် အသင်္ခတ နိဗ္ဗာနဓာတ်နှစ်မျိုးကို ပြခြင်း

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကိုပင် အကြောင်း ဥပါယ် ပရိယာယ် ဥပစာရအားဖြင့် သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ဟူ၍ ပြဆိုလာရှိသော အရာတို့ကို ပြဆိုလိုက်ဦးအံ့။

သဘ္ဘဝါတို့ကို သံသရာဝဋ္ဋ်မှ မကျွတ်မလွတ်နိုင်အောင် ဘဝတပါးနှင့် ဘဝတပါးကို ချုပ်စပ် ဖွဲ့နှောင်တတ်သောကြောင့် ဝါနမည်သော တဏှာသည် သမ္ပယောဂအားဖြင့်၎င်း အာရုံပြုသောအားဖြင့်၎င်း မချဉ်းမကပ်နိုင်သည်ဖြစ်၍ ထိုဝါန-မည်သော တဏှာမှ ကင်းလွတ် ထွက်မြောက်ခြင်းကြောင့် နိဗ္ဗာနမည်သော လေးပါးသော အရိယမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓဓာတ္တာ တရားသည် ငြိမ်းအေးသည်၏ အဖြစ်တည်းဟူသော သန္တိလက္ခဏာရှိသော သဘောအားဖြင့် စင်စစ်မှချ တပါးအတို့မျှသာ ရှိသော်လည်း ထိုသို့သဘောရှိသော နိဗ္ဗာန်ကိုပင် သဉပါဒိသေသ အနုပါဒိသေသ ဟု ခေါ်ဆိုရခြင်း၏ အကြောင်းဖြစ်သော ကိလေသာမှ ကြွင်းသော ခန္ဓာဟူသော ဥပါဒိနှင့်တကွဖြစ်သော ကိလေသာတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းဟူသော ကိလေသပရိနိဗ္ဗာန်၏ သဉပါဒိသေသဟူသော အမည်၊ ရဟန္တာပုဂ္ဂိုလ်တို့ စုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့၌ ဝိပါကနာမက္ခန္ဓာ ကမ္မဇရုပ် ခန္ဓာ၏ တဖန်မဖြစ်နိုင်ခြင်း ကုန်ပျက်ချုပ်ငြိမ်းခြင်းဟူသော ခန္ဓပရိနိဗ္ဗာန်၏ အနုပါဒိသေသဟူသောအမည်တို့ကို ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၌ တင်စားခေါ်ဝေါ်သောအားဖြင့် သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန် ဟူ၍ နှစ်ပါးပြားကြောင်းကို—

"တဒေတံ သဘာဝတော ဧကဝိဓံပိ သဉပါဒိသေသနိဗ္ဗာနဓာတု အနုပါဒိသေသနိဗ္ဗာနဓာတု စေတိ ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန"

ဟူ၍ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ (၄၅) ၌ ပြဆိုတော်မူသည်။

တဒေတံ-တံ ဧတံ နိဗ္ဗာနံ၊ ထိုလေးပါးသောခဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည်။ သဘာဝတော၊ သန္တိလက္ခဏာရှိသည်၏ အဖြစ်တည်းဟူသော သဘောအားဖြင့်။ ဧကဝိဓံပိ၊ တပါးအဘို့သာ ရှိသော်လည်း။ ကာရဏပရိယာယေန၊ အကြောင်းပရိယာယ်အားဖြင့်။ သဉပါဒိသေသနိဗ္ဗာနဓာတု စ၊ သဉပါဒိသေသနိဗ္ဗာနဓာတ်ငှင်း။ အနုပါဒိသေသ-နိဗ္ဗာနဓာတု စ၊ အနုပါဒိသေသနိဗ္ဗာနဓာတ်ငှင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ၏။

နေတ္တိအဋ္ဌကထာ (၂၁) ၌လည်း နိပ္ပရိယာယမုချအားဖြင့် မဂ်ဖိုလ်တို့၏အာရုံဖြစ်သောအသင်္ခတဓာတ် နိဗ္ဗာန်အား အပြားမရှိသော်လည်း သဉပါဒိသေသ အနုပါဒိသေသ ဟု ခေါ်ဝေါ်ပညတ်ရခြင်း၏ အကြောင်း ပရိယာယ် အားဖြင့် ထို အသင်္ခတနိဗ္ဗာန်ကိုပင် သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ဟူသော အမည်အားဖြင့် နှစ်ပါးပြဆိုအပ်ကြောင်းကို—

"နိဗ္ဗာနပစ္စေ ကိဥ္စာပိ အသင်္ခတာယ ဓာတုယာ ဝိဘာဂေါ နတ္ထိ။
ပရိယာယေန ပန သောပါဒိသေသနောပါဒိသေသဘာဝေန နိဒ္ဒိသိတံ"

ဟု ပြဆိုတော်မူသည်။

နိဗ္ဗာနပစ္စေ၊ နိဗ္ဗာန်အဘို့၌။ အသင်္ခတာယ ဓာတုယာ၊ အသင်္ခတဓာတ်နိဗ္ဗာန်အား။ ဝိဘာဂေါ၊ အပြားသည်။ ကိဥ္စာပိ နတ္ထိ၊ အကယ်၍ကား မရှိ။ ပန၊ ထိုသို့ နိပ္ပရိယာယမုချအားဖြင့် အပြားမရှိသော်လည်း။ ပရိယာယေန၊ အကြောင်း ပရိယာယ်အားဖြင့်။ သောပါဒိသေသနောပါဒိသေသဘာဝေန၊ သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန် အဖြစ်ဟူသော အမည်အားဖြင့်။ နိဒ္ဒိသိတံ၊ ညွှန်ပြအပ်၏။

သမ္မောဟဝိနောဒနီအဋ္ဌကထာ (၈၄) သစ္စဝိဘင်းအဖွင့်၌လည်း နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည် အသင်္ခတဓာတ်၏အဖြစ်ကြောင့် တပါးအဘို့သာ ရှိသည်။ အကြောင်းပရိယာယ်အားဖြင့်ကား သဉပါဒိသေသ အနုပါဒိသေသ၏ အစွမ်းအားဖြင့် နှစ်ပါးပြား၏ ဟူ၍ ပရိယာယ်အားဖြင့်သာ ပြားသင့်ကြောင်းကို—

နိရောဓော ဧကဝိဓော အသင်္ခတဓာတုဘာဝတော။ ပရိယာယေန
ပန ဒုဝိဓော သဉပါဒိသေသအနုပါဒိသေသဝသေန။

ဟု ပြဆိုတော်မူသည်။

နိရောဓော၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည်။ အသင်္ခတဓာတုဘာဝတော၊ ထိုနိဗ္ဗာန်၏အသင်္ခတဓာတ်၏ အဖြစ်ကြောင့်။ ဧကဝိဓော၊ တပါးအဘို့သာ ရှိ၏။

ပရိယာယေန ပန၊ ပရိယာယ်အားဖြင့်ကား။ သဉပါဒိသေသ အနုပါဒိသေသ-ဝသေန၊ အစွမ်းဖြင့်။ ဒုဝိဓော၊ နှစ်ပါးအဘို့ရှိသည်။ ဟောတိ၊ ၏။

နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည် မုချအားဖြင့်မပြားသော်လည်း ပရိယာယ် အားဖြင့် ပြားလျှင်ပင် ပြားသည်သာမည်၏ဟု နှလုံးပိုက်တော်မူ၍ ထိုနိဗ္ဗာန်၏ သဉပါဒိသေသ အနုပါဒိသေသအဖြစ်ကို အဋ္ဌကထာဆရာ ဆိုတော်မူကြောင်းကို လည်း အနုဋီကာ ၌ "ပရိယာယဝသေန ဘေဒေါပိ ဘေဒေါယေဝါတိ ကတွာ သဉပါဒိသေသာဒိဘာဝေါ ဝုတ္တော" ဟု ပြဆိုတော်မူသည်။

ပရိယာယဝသေန၊ ပရိယာယ်၏အစွမ်းဖြင့်။ ဘေဒေါပိ၊ ပြားသော်လည်း။ ဘေဒေါယေဝ၊ ပြားသည်ပင် မည်၏။ ဣတိ ကတွာ၊ ဤသို့နှလုံးပိုက်၍။ သဉပါဒိ-သေသာဒိဘာဝေါ၊ သဉပါဒိသေသ-စသည်အဖြင်ကို။ဝါ၊ သဉပါဒိသေသ-စသည်၏ အဖြစ်တည်းဟူသော သဉပါဒိသေသ အနုပါဒိသေသဟူသောအမည်ကို။ ဝုတ္တော၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။

## နွားအမည် ၃-မျိုး ဥပမာ

ဥပါဒါန်တရားတို့သည် ပြင်းစွာစွဲယူအပ်သည်ဖြစ်၍ ဥပါဒိမည်သော ခန္ဓာ ငါးပါးအပေါင်းမှ ထွက်မြောက်ကြောင်းဖြစ်သော ထိုခန္ဓာပဉ္စက၏ အထူးအား ဖြင့် ငြိမ်းရာငြိမ်းကြောင်းဖြစ်၍ နိဗ္ဗာနမည်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော တရားကို သန္တိလက္ခဏာရှိသည်၏ အဖြင်ဖြင့် တပါးတည်းပင် ဖြစ်သော်လည်း တကောင်တည်းသော နွားကိုပင် နို့ မခွါမီ အမိ၏အနီး၌ နေတတ်သော အခိုက် အရွယ်ကို စွဲ၍ ဝစ္ဆ၊ ဆုံးမလောက်သော အခိုက်အရွယ်ကိုစွဲ၍ ဒမ္မ၊ အားကိုပွါးစေ တတ်သော အခိုက်အရွယ်ကိုစွဲ၍ ဗလိဗဒ္ဒ-ဟူ၍ သမုတ်ပညတ် ခေါ်ဝေါ်အပ်သကဲ့ သို့ ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိခန္ဓာ ဘင်္ဂက္ခဏတိုင်အောင် ထိုဥပါဒိမည်သော ခန္ဓာတို့ ကြွင်းကျန်သေးသည်၏ အဖြစ်တည်းဟူသော အခိုက်အတံ့ကို အစွဲပြု၍ သဉပါဒိ သေသနိဗ္ဗာနဓာတ်, စုတိဘင်္ဂက္ခဏမှ နောက် ထိုခန္ဓာတို့၏ အကြွင်းအကျန် မရှိ သည်၏ အဖြစ်တည်းဟူသော အခိုက်အတံ့ကို အစွဲပြု၍ အနုပါဒိသေသ နိဗ္ဗာနဓာတ် ဟူ၍ နှစ်ပါး အပြားအားဖြင့် သမုတ်ပညတ် ခေါ်ဝေါ် အပ်ကြောင်းကို—

ဥပါဒါနေဟိ ဥပါဒိယတီတိ ဥပါဒိ။ ဥပါဒါနက္ခန္ဓပဉ္စကံ တံ နိဿ-ရဏဘူတံ နိဗ္ဗာနံ တဿ ဝူပသမော တံ သန္တိတိ ကတွာ။ တဿ ယာဝပစ္ဆိမစိတ္တံ တာဝ သေသတံ တတော ပရံ အနဝသေသတဉ္စ ဥပါဒါ-

ယ သဉပါဒိသေသနိဗ္ဗာနဓာတု အနုပါဒိသေသနိဗ္ဗာနဓာတူတိ ဒွိဓာ ဝေါဟရိယတိ။

ဟူ၍ မူလဋီကာ (၅၈) ဝိသုဒ္ဓိမဂ်မဟာဋီကာ တို့၌ ပြဆိုတော်မူကုန်၏။

ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောကို။ ဥပါဒါနေဟိ၊ ဥပါဒါန်တို့သည်။ ဥပါဒိယတိ၊ ငါ-ငါ၏ကိုယ် စသည်ဖြင့် ပြင်းစွာစွဲယူအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ဓမ္မဇာတံ၊ သည်။ ဥပါဒိ၊ မည်၏။ ဥပါဒါနက္ခန္ဓပဉ္စကံ၊ ဥပါဒါနက္ခန္ဓာ ငါးပါး အပေါင်းကို ရ၏။ တံ နိဿရဏဘူတံ၊ ထိုဥပါဒါနက္ခန္ဓာငါးပါး အပေါင်းမှ ကင်းလွတ် ထွက်မြောက်ကြောင်း ဖြစ်၍ ဖြစ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော တရားသည်။ တဿ၊ ထိုဥပါဒါနက္ခန္ဓာငါးပါး၏။ ဝူပသမော၊ တဖန်အသစ် မဖြစ်ခြင်းဟူသော အထူးသဖြင့် ငြိမ်းရာငြိမ်းကြောင်းသည်။ တံ သန္တိ၊ ထိုဥပါဒါနက္ခန္ဓာ၏ ငြိမ်းအေးရာ ငြိမ်းအေးကြောင်းသည်။ ဟောတိ၊ ၏။ ဣတိ ကတွာ-ဣမိနာ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာနမည်၏။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ တဿ၊ ထိုဥပါဒါနက္ခန္ဓာ၏။ ယာဝ၊ အကြင်မျှလောက်။ ပစ္ဆိမစိတ္တံ၊ ရဟန္တာပုဂ္ဂိုလ်၏ အဆုံးစွန်ဖြစ်သော စုတိစိတ်သည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်တိုင်အောင်။ သေသတာဥ၊ ကြွင်းကျန်သေးသည်၏ အဖြစ်ကိုငှဲ။ တတော၊ ထိုစုတိစိတ် ချုပ်သည်မှ။ ပရံ၊ နောက်၌။ အနဝသေသတာဥ၊ အကြွင်းအကျန် မရှိသည်၏ အဖြစ်ကိုငှဲ။ ဥပါဒါယ၊ အကြောင်းအစွဲပြု၍။ သဉပါဒိသေသနိဗ္ဗာနဓာတု အနုပါဒိသေသနိဗ္ဗာနဓာတူတိ၊ သဉပါဒိသေသနိဗ္ဗာနဓာတ် အနုပါဒိသေသနိဗ္ဗာနဓာတ် ဟူ၍။ ဒွိဓာ၊ နှစ်ပါး အပြားအားဖြင့်။ ဝေါဟရိယတိ၊ သမုတ်ပညတ် မှည့်ခေါ်အပ်၏။

ဤဋီကာဝယ် "တံ နိဗ္ဗာနံ" ဟူသော ပါဌ်သေသနှင့် "ဒွိဓာ ဝေါဟရိယတိ" သာ ပဌာန။ အဘယ်သို့ နှစ်ပါးပြားသနည်း ဟူဘွယ်ရှိ၍ "သဉပါဒိသေသ-နိဗ္ဗာနဓာတု အနုပါဒိသေသနိဗ္ဗာနဓာတူတိ" ကို ဆိုပြန်ရသည်။ ဤအလို ဓာတူတိ-၌ ဣတိ-သဒ္ဒါကို ဒွိဓာ-၌စပ်၊ ဒွိ၏ သရုပ်ပြ၊ ဒွိ-ဟူသော သင်္ချာ၏ သချေယျ ပြလည်းဟူ။

ဝါ၊ နှစ်ပါးအပြားအားဖြင့် အဘယ်သို့ ခေါ်ဝေါ်အပ်သနည်း ဟူဘွယ်ရှိ၍ "သဉပါဒိ။ပ။ဓာတူတိ" ကို ဆိုရသည်။ ဤအလိုသော် ဣတိ-ကို ဝေါဟရိယတိ-၌ စပ်၊ ဝေါဟာရာကာရ ပြ။

နိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာနဓာတ် အနုပါဒိသေသနိဗ္ဗာနဓာတ် ဟူ၍ နှစ်ပါးအပြားအားဖြင့် ခေါ်ဝေါ်အပ်သည် ဟူ၏။ ထိုနှစ်ပါးအပြားအားဖြင့် ခေါ်ဝေါ်အပ်သော နိဗ္ဗာန်ဟူသည် ကာမကုသိုလ် မဟဂ္ဂုတ်ကုသိုလ်တို့ တဒင်္ဂ ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်အပ်သည်ဖြစ်၍ ကိလေသာတို့၏ အခိုက်အတံ့အားဖြင့်

မဖြစ်ခြင်းဟူသော ငြိမ်းခြင်း တဒင်္ဂနိဗ္ဗာန် စသည်လော။ ဝါ၊ အရဟတ္တမဂ်သည် သမုစ္ဆေဒအားဖြင့် ပယ်အပ်သည်ဖြစ်၍ ကိလေသာတို့၏ တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ငြိမ်းခြင်း ကိလေသပရိနိဗ္ဗာန် လော။ ဝါ၊ ရဟန္တာပုဂ္ဂိုလ်တို့ စုတိခန္ဓာ ဘင်္ဂက္ခဏနောက် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခန္ဓာတို့၏ တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော အကြွင်းမဲ့ ငြိမ်းခြင်း ခန္ဓပရိနိဗ္ဗာန်လော ဟူဘွယ်ရှိ၍ "တံနိဿရဏဘူတံ"ကို ဆိုပြန်ရသည်။

ထိုဥပါဒိမည်သော ခန္ဓာတို့မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ်၍ ဖြစ်သော နိဗ္ဗာန်ဟူရာဝယ် ဥပါဒိဟူသည် အဘယ်တရားနည်း၊ အဘယ့်ကြောင့်ကား ဥပါဒိမည်သနည်း ဟူဘွယ်ရှိ၍ "ဥပါဒါနေဟိ ဥပါဒိယတီတိ ဥပါဒိ၊ ဥပါဒါနက္ခန္ဓပဉ္စကံ" ကို ဆိုပြန်ရသည်။

ဥပါဒိဟူသည် ဥပါဒါနက္ခန္ဓာငါးပါးတည်း။ ထိုဥပါဒါနက္ခန္ဓာငါးပါးသည် ဥပါဒါန်တို့သည် စွဲလမ်းအပ်သောကြောင့် ဥပါဒိမည်သည် ဟူလေ။

ထိုဥပါဒါနက္ခန္ဓာမှ ကင်းလွတ် ထွက်မြောက်ကြောင်း နိဗ္ဗာန် ဟူ၏၊ ထိုနိဗ္ဗာန်သည် အဘယ်သို့သော အကြောင်းကြောင့် နိဗ္ဗာန်မည်လေသနည်း ဟူဘွယ်ရှိပြန်သောကြောင့် "တဿ ဝူပသမော တံ သန္တိတိ ကတွာ" ကို ဆိုပြန်ရသည်။

ထိုဥပါဒါနက္ခန္ဓာ၏ ငြိမ်းအေးရာ ငြိမ်းအေးကြောင်း ဖြစ်သောကြောင့် နိဗ္ဗာန်မည်သည်၊ ယင်းဖြင့် "နိဗ္ဗန္တိ ဝူပသမန္တိ ဥပါဒါနက္ခန္ဓာ ဧတ္ထ ဧတေနာတိ ဝါ နိဗ္ဗာနံ" ဟူသော ကရဏသာဓန အဓိကရဏသာဓနတို့ကိုလည်း ပြသည်။

ထိုဥပါဒါနက္ခန္ဓာမှ ကင်းလွတ် ထွက်မြောက်ကြောင်းဖြစ်သော နိဗ္ဗာန်သည် ကေဝလဗဟိဒ္ဓတရားဖြစ်ပါလျက် ပဇာမူ၍ ဥပါဒိမည်သော ခန္ဓာဖြင့် ရှိ၊ မရှိ မှတ်၍ ခေါ်ဝေါ်အပ်လေသနည်း ဟူဘွယ်ရှိ၍ "တဿ ယာဝ" စသည်ကို ဆိုပြန်ရသည်။ "တဿ သေသတံ အနဝသေသတဉ္စ ဥပါဒါယ" သာ ပဌာန။ ထိုဥပါဒိမည်သော ခန္ဓာ၏ အရဟတ္တမဂ်သည် သမုစ္ဆေဒအားဖြင့် ပယ်အပ်သည်ဖြစ်၍ တဖန်မဖြစ်နိုင်သော မဖြစ်ခြင်းဖြင့် အကြွင်းမဲ့ ငြိမ်းလေပြီးသော ကိလေသာမှ ကြွင်းကျန်သေးသည်၏ အဖြစ်ကိုစွဲ၍ သဉပါဒိသေသနိဗ္ဗာနဓာတ်, ထိုဥပါဒါ-နက္ခန္ဓာ၏ အကြွင်းအကျန်မရှိသည်၏ အဖြစ်ကိုစွဲ၍ အနုပါဒိသေသနိဗ္ဗာနဓာတ် ဟူ၍ ခေါ်ဝေါ်အပ်သည် ဟူလို။

ဥပါဒိမည်သောခန္ဓာ၏ ကြွင်းသေးသည်၏အဖြစ် အကြွင်းမရှိသည်၏အဖြစ်ကို စွဲသည် ဟူရာ၌ ထိုခန္ဓာသည် အဘယ်ကာလ၌ ကြွင်းသနည်း၊ အဘယ်ကာလ၌ အကြွင်းမရှိသနည်း ဟူဘွယ်ရှိ၍ "ယာဝ ပစ္ဆိမစိတ္တံ တာဝ တတော ပရံ"တို့ကို

ဆိုပြန်ရသည်။ ရဟန္တာ၏ အဆုံးစွန် စုတိစိတ် ဖြစ်ရာတိုင်အောင်သော ကာလ၌ ကြွင်းသေးသည်၊ စုတိစိတ်ချုပ်ပြီးသည်မှ နောက်ကာလ၌ အကြွင်းမရှိ ဟူလေ။ ဤ အလို တာဝ-ကို သေသတံ-၌ တတော ပရံ-ကို အနဝသေသတံ-၌စပ်။

ဝါ၊ ဥပါဒိမည်သော ခန္ဓာပဥ္စကမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ်သော နိဗ္ဗာန်တပါးတည်းကိုပင် ထိုဥပါဒိမည်သော ခန္ဓာ၏ကြွင်းသေးသည်၏ အဖြစ်ကိုစွဲ၍ သဥပါဒိသေသနိဗ္ဗာနဓာတ်, အကြွင်းမရှိသည်၏ အဖြစ်ကိုစွဲ၍ အနုပါဒိသေသနိဗ္ဗာနဓာတ်ဟူ၍ ခေါ်ဝေါ်အပ်သည်ဟူရာဝယ် ခပ်သိမ်းသော ကာလအဘို့၌ပင် အမည်နှစ်ပါးလုံးဖြင့် တပြိုင်နက်တည်းပင် ခေါ်ဝေါ်အပ်လေ သလော ဟူဘွယ်ရှိ၍ "ယာဝ ပစ္ဆိမစိတ္တံ တတော ပရံ" တို့ကို ဆိုပြန်ရသည်။

ဥပါဒိမည်သောခန္ဓာ ကြွင်းသေးသည်ကိုစွဲ၍ ရဟန္တာ၏ စုတိဘင်္ဂက္ခဏ တိုင်အောင်သော ကာလ၌ သဥပါဒိသေသနိဗ္ဗာနဓာတ်, စုတိဘင်္ဂက္ခဏမှ နောက်အဘို့ဖြစ်သော ကာလ၌ ဥပါဒိမည်သောခန္ဓာ အကြွင်းမရှိသည်၏ အဖြစ်ကိုစွဲ၍ အနုပါဒိသေသနိဗ္ဗာနဓာတ်ဟူ၍ အသီးအသီး အခိုက်အတန့် ကာလကိုစွဲ၍ ခေါ်ဝေါ်အပ်သည် ဟူလို။ ဤအလို တာဝ-ကို သဥပါဒိသေသ နိဗ္ဗာနဓာတူတိ ဝေါဟရိယတိ-၌ တတောပရံ-ကို အနုပါဒိသေသနိဗ္ဗာနဓာတူတိ ဝေါဟရိယတိ-၌စပ်။

**အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ** (၄၅) ဝယ်—

> တဒေတံ သဘာဝတော ဧကဝိဓံပိ သဥပါဒိသေသနိဗ္ဗာနဓာတု အနုပါဒိသေသနိဗ္ဗာနဓာတု စေတိ ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန။

ဟူရာ၌ သဥပါဒိသေသ အနုပါဒိသေသ ဟု သမုတ်ပညတ် ခေါ်ဝေါ်ရခြင်း၏ အကြောင်းဖြစ်သော ကိလေသာမှကြွင်းသော ဥပါဒိမည်သောခန္ဓာ၏ ရှိခြင်း မရှိခြင်းဟူသော ဝေါဟာရအားဖြင့် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၏ နှစ်ပါးအပြားရှိသည်၏အဖြစ်ကြောင့် အကြောင်းပရိယာယ်အားဖြင့် နှစ်ပါး ပြားလေသည် ဟု ပြခြင်းငှါ သင်္ဂြဟ်ဋီကာဟောင်း ၌—

> စတူဟိပိ ဥပါဒိယတီတိ ဥပါဒိ ဝုစ္စတိ ပဉ္စုပါဒါနက္ခန္ဓာ။ ကိလေသ-ပရိနိဗ္ဗာနဟေတုတော သဟ ဥပါဒိသေသသင်္ခါတေန သေသေန ခန္ဓေနာတိ သဥပါဒိသေသာ နိဗ္ဗာနဓာတု။ ခန္ဓပရိနိဗ္ဗာနဟေတုတာယ ခန္ဓသင်္ခါတဥပါဒိသေသေန ဝိရဟိတတ္တာ အနုပါဒိသေသာတိ ဧဝံ ကာရဏဝေါဟာရေန ဒွိဓာ နိဗ္ဗာနဓာတုဘာဝတော။

ကို မိန့်ဆိုတော်မူသည်။

ဤဋီကာ၌ ဥပါဒိ-သဒ္ဒါဖြင့် ဥပါဒါနက္ခန္ဓာတို့ကို ယူအပ်သည်၏ အဖြစ်ကို ပြသည်။

သဟ ဥပါဒိသေသသခ်ါတေန-စသော ဝါကျဖြင့် သဥပါဒိသေသ-ဟူသော ပုဒ်ကို "သဟ ဥပါဒိသေသေန ဝတ္တတီတိ သဥပါဒိသေသာ" ဟူ၍ ပဋ္ဌမာ ဗဟုဗ္ဗီဟိသမာသ် ပြုအပ်သည်၏အဖြစ်ကို သဟ-သဒ္ဒါဖြင့် သဟ-ကို သ-ပြုအပ် သည်၏အဖြစ်ကို ပြသည်။

နိဗ္ဗာနဓာတု-ဖြင့် သဥပါဒိသေသာ-ဟူသော ပုဒ်ပြီးအရကို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ကောက်ယူအပ်သည်၏အဖြစ်ကို ပြသည်။

ကိလေသပရိနိဗ္ဗာနဟေတုတော-ဖြင့် မဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန် သည် တရံတဆစ်မျှ ဥပါဒိမည်သောခန္ဓာနှင့် တကွမဖြစ်ကောင်းသော်လည်း ထိုဥပါဒိမည်သောခန္ဓာနှင့် တကွဖြစ်သည် ဟု ဆိုအပ်ကောင်းသော ကိလေသ ပရိနိဗ္ဗာန်၏အကြောင်းဖြစ်သောကြောင့် ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန် ကိုပင် ဥပါဒိမည်သော ခန္ဓာနှင့်တကွဖြစ်၏ ဟု ဆိုရသည်၏အဖြစ်ကို ပြသည်။

ခန္ဓသခ်ါတဥပါဒိသေသေန ဝိရဟိတတ္တာ-ဖြင့် ရှေးနည်း ဥပါဒိသေသအရကို ခန္ဓာကို ယူအပ်သည်၏အဖြစ်, အ-သဒ္ဒါ ဝိရဟအနက်ကို ဟောသည်၏အဖြစ်, အနုပါဒိသေသကို "နတ္ထိ ဥပါဒိသေသော တေဿာတိ အနုပါဒိသေသာ" ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ပြုအပ်သည်၏အဖြစ်ကို ပြသည်။

ရှေ့မှလိုက်သော နိဗ္ဗာနဓာတု-ဖြင့် တေဿ-ဟူသော အညပုဒ်၏ အရကို ပြသည်။

ခန္ဓပရိနိဗ္ဗာနဟေတုတာယ-ဖြင့် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၌ ဥပါဒိမည်သော ခန္ဓာရှိလေသလော၊ မရှိလော ဟု အလျှင်းပင် သံသယ ပသင်္ဂ မရှိကောင်းသော်လည်း ဥပါဒိဟူသော ခန္ဓာမရှိသော ခန္ဓပရိနိဗ္ဗာန်၏ အကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့် ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကိုပင် ဥပါဒိ ဖြစ်သော ခန္ဓာမရှိ ဟု ဆိုရသည်၏ အဖြစ်ကို ပြသည်။

## မြစ်ပြတ်သစ်ပင် ဥပမာ

အရိယမဂ်သည် နိဗ္ဗာန်ကို အာရုံပြု၍သော သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်း အကျန်မရှိ ကိလေသာတို့ကို ပယ်အပ်ရကား ကိလေသာတို့၏ ရဟန္တာပုဂ္ဂိုလ် သန္တာန်ဝယ် တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော အထူးအားဖြင့် ထက်ဝန်း ကျင် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း ကိလေသ ပရိနိဗ္ဗာန် ဖြစ်သည်။

ထိုသို့ အကြွင်းမဲ့ ကိလေသာ ကုန်ကင်းချုပ်ငြိမ်းသဖြင့် အဝိဇ္ဇာ တဏှာ ဟူသော ဝဋ္ဋမြစ်မူလတရား ပြတ်ကင်းလေရကား ထိုတဏှာဟူသော အဖော် သဟဲ အကြောင်းဖြစ်သော အစေးကုန်ကင်း ခန်းခြောက်လေကုန်သော ကုသိုလ်

အကုသိုလ် ကံဟောင်းတို့သည် မီးဖြင့် ဖုတ်လှော်အပ်ပြီးသော မျိုးစေ့သည် အညှောက်အညွန့်ကို မဖြစ်စေနိုင်သကဲ့သို့ ပဋိသန္ဓေဟူသော အကျိုးကို မဖြစ်စေနိုင်ကုန်သည် ဖြစ်၍ ကုန်ကင်းပြီးဖြစ်ကုန်သည်။ အကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီးသော အမြစ်ရှိသော သစ်ပင်၏ အပွင့်သည် အသီးကို မဖြစ်စေနိုင်သကဲ့သို့ ရဟန္တာသန္တာန်၌ မြတ်စွာဘုရားအား ပူဇော်ခြင်း စသည်တို့ကြောင့် ဖြစ်ကုန်သော စေတနာတို့သည် တဏှာဟူသော အစေးခန်းခြောက်ပြီး ဖြစ်သောကြောင့် ပဋိသန္ဓေ ဟူသော အကျိုးကို မဖြစ်စေနိုင်ရကား အသစ်ကံလည်း ဖြစ်ခြင်းမရှိသည် ဖြစ်၍ အကြောင်းမရှိသော် အကျိုးဖြစ်ခြင်း မရှိသောကြောင့် အဆုံးစွန် စုတိ၏ နောက် ဝိပါကနာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော အကျိုးခန္ဓာ၏ ပဋိသန္ဓေအားဖြင့် တဖန်အသစ် မဖြစ်ခြင်းဟူသော အထူးအားဖြင့် ထက်ဝန်းကျင် အကြွင်းမဲ့ ငြိမ်းခြင်း ခန္ဓပရိနိဗ္ဗာန် ဖြစ်သည်။ ထို့ကြောင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖျက်တတ်သော အရိယမဂ်၏ အာရုံဖြစ်သော နိဗ္ဗာန်သည် ကိလေသာတို့၏ အကြွင်းမဲ့ ငြိမ်းခြင်းဟူသော ကိလေသပရိနိဗ္ဗာန် ခန္ဓာတို့၏ အကြွင်းမဲ့ ငြိမ်းခြင်းဟူသော ခန္ဓပရိနိဗ္ဗာန် နှစ်ပါးလုံး၏ အကြောင်းဖြစ်သည် ဟူလို။

စတုဟိပိ၊ လေးပါးလုံးလည်း ဖြစ်ကုန်သော ဥပါဒါန်တို့သည်။ ဥပါဒိယတိ၊ ငါ-ငါ၏ကိုယ်စသည်ဖြင့် ပြင်းစွာ စွဲလမ်းအပ်၏။ ဣတိ၊ ထို့ကြောင့်။ ပဉ္စု-ပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို။ ဥပါဒိ၊ ဥပါဒိမည်၏ ဟူ၍။ ဝုစ္စတိ-ဝုစ္စတိ၊ ဆိုအပ်ကုန်၏။ ကိလေသ ပရိနိဗ္ဗာနဟေတုတော၊ ကိလေသပရိနိဗ္ဗာန်၏ အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ ယာ နိဗ္ဗာနဓာတု၊ အကြင် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာနဓာတ်သည်။ ဥပါဒိသင်္ခါတေန၊ ဥပါဒါန်တို့သည် မြဲစွာစွဲလမ်းအပ်သည်ဖြစ်၍ ဥပါဒိမည်သည်ဟု ဆိုအပ်သော။ သေသေန၊ အရိယ မဂ်သည် အကြွင်းမဲ့ ပယ်အပ်သော ကိလေသာမှ ကြွင်းကျန်ရစ်သော။ ခန္ဓေန၊ ဥပါဒါနက္ခန္ဓာနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ နိဗ္ဗာနဓာတု၊ သည်။ သဉပါဒိသေသာ၊ သဉပါဒိသေသမည်၏။ နိဗ္ဗာန-ဓာတု၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ရ၏။ ခန္ဓပရိနိဗ္ဗာနဟေတုတာယ၊ ခန္ဓပရိနိဗ္ဗာန်၏ အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။ ခန္ဓသင်္ခါတဉပါဒိ-သေသေန၊ ဥပါဒါနက္ခန္ဓာ ဟု ဆိုအပ်သော ကိလေသာမှ ကြွင်းသော ဥပါဒိနှင့်။ ဝါ၊ မှ။ ဝိရဟိတတ္တာ၊ ကင်းသည်၏ အဖြစ်ကြောင့်။ အနုပါဒိသေသာ၊ အနု-ပါဒိသေသမည်၏။ နိဗ္ဗာနဓာတု၊ ကိုပင်ရ၏။ ဣတိ ဧဝံ၊ ဤသို့။ ကာရဏ-ပရိယာယေန၊ သဉပါဒိသေသ အနုပါဒိသေသ ဟု သမုတ်ခေါ်ဝေါ်ရခြင်း၏ အကြောင်းဖြစ်သော ဥပါဒိ၏ ရှိခြင်း မရှိခြင်း ဟူသော ဝေါဟာရဖြင့်။ ဒွိဓာ နိဗ္ဗာနဓာတုဘာဝတော၊ နိဗ္ဗာနဓာတ် နှစ်ပါးအပြားရှိသည်၏ အဖြစ်

ကြောင့်။ ဒုဝိခါ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ၏။ ။အဋ္ဌကထာမှာ လှမ်း၍စပ်။

## ဋီကာကျော် အလို

ဋီကာကျော် (၂၁၆) ၌လည်း ကာရဏပရိယာယေန-ဟူသော အဋ္ဌကထာဝယ် ကာရဏ-အရကား ကိလေသာမှ ကြွင်းသော ဥပါဒိခန္ဓာ၏ ရှိခြင်း မရှိခြင်းပင် ဖြစ်သည်။ ပရိယာယ-ဟူသည်လည်း လေသ-ဟူသော အရိပ်အမြွက်ပင်တည်း။ ထိုဥပါဒိ-မည်သော ခန္ဓာ၏ ရှိခြင်း မရှိခြင်းသည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို သဥပါဒိသေသ အနုပါဒိသေသ ဟူသော အမည်၏အစွမ်းဖြင့် သမုတ်ခေါ်ဆိုရခြင်း၌ အကြောင်းဖြစ်သည် ဟု ပြခြင်းငှါ—

> ဥပါဒိယတိ ကာမုပါဒါဒီဟီတိ ဥပါဒိ။ ခန္ဓပဉ္စကဿေတံ အဓိဝစနံ။ ဥပါဒိယေဝ သေသော ဥပါဒိသေသော။ တေန သဟ ဝတ္တတီတိ သဥပါဒိသေသာ။ သာ ဧဝ နိဗ္ဗာနဓာတူတိ သဥပါဒိသေသနိဗ္ဗာနဓာတု။ ကာရဏပရိယာယေနာတိ သဥပါဒိသေသာဒိဝသေန ပညာပနေ ကာရဏဘူတဿ ဥပါဒိသေသဘာဝါဘာဝဿ လေသေန။

ဟု ဆိုတော်မူသည်။

ကာမုပါဒါဒီဟိ၊ ကာမုပါဒါန် အစရှိသော ဥပါဒါန်တရားတို့သည်။ ဥပါဒိယတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဥပါဒိ၊ ဥပါဒိမည်၏။ ဧတံ၊ ဤဥပါဒိ ဟူသော အမည်သည်။ ခန္ဓပဉ္စကဿ၊ ဥပါဒါနက္ခန္ဓာ ငါးပါးအပေါင်း၏။ အဓိဝစနံ၊ အမည်တည်း။ ဥပါဒိယေဝ၊ ဥပါဒါန်တို့သည် စွဲလမ်းအပ်သော ခန္ဓာသည်ပင်လျှင်။ သေသော၊ အရိယမဂ်သည် ပယ်အပ်သော ကိလေသာတို့မှ ကြွင်းသည်တည်း။ ဥပါဒိသေသော၊ တို့မှ ကြွင်းသည်။ ယာ နိဗ္ဗာနဓာတု၊ သည်။ တေန ဥပါဒိသေသေန၊ ထိုကိလေသာတို့မှ ကြွင်းသော ဥပါဒိမည်သော ခန္ဓာနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ နိဗ္ဗာနဓာတု၊ သည်။ သဥပါဒိသေသာ၊ မည်၏။ သာဧဝ ဥပါဒိသေသာ၊ ထိုကိလေသာမှကြွင်းသော ဥပါဒိမည်သော ခန္ဓာနှင့်တကွဖြစ်သော တရားသည်ပင်လျှင်။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်တည်း။ ဣတိ တသ္မာ၊ ကြောင့်။ သဥပါဒိသေသနိဗ္ဗာနဓာတု၊ မည်၏။ ကာရဏပရိယာယေနာတိ၊ ဟူသည်ကား။ သဥပါဒိသေသာဒိဝသေန၊ သဥပါဒိသေသ-စသော အမည်၏ အစွမ်းဖြင့်။ ပညာပနေ၊ ပညတ် သမုတ် ခေါ်ဝေါ်ရခြင်း၌။ ကာရဏဘူတဿ၊ အကြောင်းဖြစ်၍ ဖြစ်သော။ ဥပါဒိသေသဘာဝါဘာဝဿ၊ ကိလေသာမှကြွင်းသော ဥပါဒိမည်သော ခန္ဓာ၏ ရှိခြင်း မရှိခြင်း၏။ လေသေန၊ အမြွက်အားဖြင့်။

## သင်္ခေပဝဏ္ဏနာဋီကာ အလို

သဥပါဒိသေသာတိ ကိလေသေဟိ အဝသိဋ္ဌခန္ဓပဉ္စကသင်္ခါတာ။ ဥပါဒိ ယတိ ပဉ္စက္ခန္ဓသင်္ခါတေန အရိယပုဂ္ဂလေန သဗ္ဗိကာတဗ္ဗတံ သန္ဓာယ ဝုတ္တံ။ တာဒိသာနံ ခန္ဓာနံ နိရုဇ္ဈနံ သန္ဓာယ အနုပါဒိသေသနိဗ္ဗာန-ဓာတူတိ ဝုတ္တံ။ ကာရဏပရိယာယေနာတိ ပညာပနဟေတုလေသေန။ သင်္ခေပဝဏ္ဏနာဋီကာ။

သဥပါဒိသေသာတိ၊ ဟူသည်ကား။ ကိလေသေဟိ၊ နိဗ္ဗာန်လျှင် အာရုံ ရှိသော အရိယမဂ်သည် သမုစ္ဆေဒအားဖြင့် ပယ်အပ်ကုန်သော ကိလေသာတို့မှ။ အဝသိဋ္ဌခန္ဓပဉ္စကသင်္ခါတာ၊ ကြွင်းကျန်သော ဥပါဒါနက္ခန္ဓာနှင့် ငါးပါးအပေါင်း တကွဖြစ်သော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်တည်း။ ယဒိ သစ္စံ၊ မှန်၏။ ဥပါဒိ၊ ဤသဥပါဒိသေသ ဟူသော အမည်ကို။ ပဉ္စက္ခန္ဓသင်္ခါတေန၊ ခန္ဓာငါးပါးဟု ဆိုအပ်သော။ ဝါ၊ ခန္ဓာငါးပါးကိုမှီ၍ ပုဂ္ဂိုလ်ဟု သမုတ်ပညတ် ခေါ်ဆိုအပ် သော။ အရိယပုဂ္ဂလေန၊ အရိယာပုဂ္ဂိုလ်သည်။ သစ္ဆိကာတဗ္ဗတံ၊ မျက်မှောက် ပြုအပ်သည်၏ အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုတော် မူအပ်၏။ တာဒိသာနံ၊ ထိုသို့သဘောရှိကုန်သော။ ခန္ဓာနံ၊ ကိလေသာမှ ကြွင်းကုန်သော ဥပါဒါနက္ခန္ဓာတို့၏။ နိရုဇ္ဈနံ၊ ရဟန္တာတို့ စုတိခန္ဓာ ဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ပဋိသန္ဓေအားဖြင့် မဖြစ်ခြင်းဟူသော ချုပ်ခြင်းကို။ သန္ဓာယ၊ ၍။ အနုပါဒိသေသနိဗ္ဗာနဓာတူတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ကာရဏပရိယာယေနာတိ၊ ဟူသည်ကား။ ပညာပနဟေတုလေသေန၊ သဥပါဒိသေသ အနုပါဒိသေသ ဟု သမုတ်ပညတ် ခေါ်ဆိုရခြင်း၌ အကြောင်းဖြစ်သော ဥပါဒိမည်သော ဥပါဒါ-နက္ခန္ဓာ၏ ရှိခြင်း မရှိခြင်း အမြွက်အားဖြင့်။

ဤသင်္ခေပဝဏ္ဏနာအလိုအားဖြင့် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို အရိယမဂ်ဉာဏ်ဖြင့် ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုသော အရိယာပုဂ္ဂိုလ်၏ သန္တာန် ဝယ် ကိလေသာမှ ကြွင်းသော ဥပါဒိမည်သော ခန္ဓာရှိသေးသည်ကို အကြောင်း အစွဲပြု၍ သဥပါဒိသေသနိဗ္ဗာန်၊ ထိုခန္ဓာတို့မရှိ ချုပ်ငြိမ်းပြီး ဖြစ်သည်ကို အကြောင်းအစွဲပြု၍ အနုပါဒိသေသနိဗ္ဗာန်ဟု ဆိုတော်မူအပ်သည် ဟူလို၏။

ဤအဘိဓမ္မတ္ထသင်္ဂဟ အစရှိသော အဋ္ဌကထာ ဋီကာတို့နှင့် ဆက်ဆံသော သာမညသာဓာရဏအလိုအားဖြင့် ကိလေသာတို့မှ ကြွင်းသော ဥပါဒိမည်သော ခန္ဓာတို့၏ ရှိခြင်း မရှိခြင်းသည် ကိလေသပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန်တို့၏ ဟေတု သဟဇာတ ဇနက-စသော အကြောင်းပစ္စည်း မဟုတ်သော်လည်း ကိလေသပရိ-နိဗ္ဗာန်ကို သဥပါဒိသေသ, ခန္ဓပရိနိဗ္ဗာန်ကို အနုပါဒိသေသ ဟု သမုတ်ပညတ်

ခေါ်ဆိုရခြင်း၌ အကြောင်းအမြွက်အားဖြင့် ရဟန္တာပုဂ္ဂိုလ် သန္တာန်ဝယ် ကိလေသာမှ ကြွင်းကျန်သော ခန္ဓာပဉ္စက-ဟူသော ဥပါဒိရှိသေးသောကာလ ပစ္စက္ခဘဝ၌ပင် ဖြစ်သော ကိလေသပရိနိဗ္ဗာန်ကို သဉပါဒိသေသ၊ ထိုဥပါဒိမည်သော ခန္ဓာတို့ ချုပ်ငြိမ်း မရှိသည်ကာလ စုတိ၏ အနန္တရဖြစ်သော ခန္ဓပရိနိဗ္ဗာန်ကို အနုပါဒိသေသ ဟု ခေါ်ဆိုပညတ် သမုတ်အပ်သည် ဖြစ်၍ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည်လည်း ထိုသဉပါဒိသေသမည်သော ကိလေသပရိနိဗ္ဗာန်, အနုပါဒိသေသမည်သော ခန္ဓပရိနိဗ္ဗာန်တို့၏ ပကတူပနိဿယ အကြောင်းဖြစ်ရကား အကျိုးဖြစ်သော ကိလေသပရိနိဗ္ဗာန်၏ သဉပါဒိသေသ ဟူသော အမည် ခန္ဓပရိနိဗ္ဗာန်၏ အနုပါဒိသေသ ဟူသော အမည်ကို တဖန် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အကြောင်းနိဗ္ဗာန်၌ တင်စားပြန်၍ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကိုပင် ဖလူပစာရအားဖြင့် သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန် ဟူ၍ ခေါ်ဆိုပြန်ရသည် ဟူလို၏။

---

## ၂၁-ဉာဏ်တော်၏ အစွမ်းသတ္တိ-စသည်ကို ပြပုံ

### သဗ္ဗညုတဉာဏ်တော်သည် အဘိဓမ္မာ၏ သမုဋ္ဌာန်ဖြစ်ကြောင်း ပြဆိုခြင်း

မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာ မဂ္ဂံ၊ ဒေဝါနံ သံပဝတ္တယိ။

ဟူသော အဘိဓမ္မာဒေသနာကို ဟောကြောင်း ဖြစ်စေကြောင်း ဒေသနာ သမုဋ္ဌာန်ကိုပြသော အဋ္ဌသာလိနီ (၁)ဂါထာဝယ် "တဿာ ပညာယ တေဇသာ"၏ အဖွင့်ဖြစ်သော——

ယာ သာ အာဒိမှိ ကရုဏာယ ဥပမိတာ သဗ္ဗဓေယျဓမ္မာနံ ယထာသဘာဝဇာနနသမတ္ထာ, တေသံ ဒေသေတဗ္ဗပ္ပကာရဇာနနသမတ္ထာ, ဗောဓေတဗ္ဗပုဂ္ဂလာနံ အာသယာနုသယစရိယာဓိမုတ္တိယာဒိဝိဘာဝနသမတ္ထာ စ ပညာ။ တဿာ ယထာဝုတ္တဗလယောဂတော တိ အတ္ထော။

ဟူသော မူလဋီကာ(၈) ယင်း၏ အဖွင့်ဖြစ်သော —

သဗ္ဗဓေယျ။ပ။ သမတ္ထာတိ ဝတွာ တေသံ ဒေသေတဗ္ဗပ္ပကာရဇာနနသမတ္ထဝစနံ အတ္တနာ ပဋိဝိဒ္ဓါကာရဿ ဓမ္မသာမိနာပိ ပရေသံ ဒေသေတုံ အသက္ကုဏေယျတ္တာ ဝုတ္တံ။ အညထာ သဗ္ဗေပိ သတ္တာ ဒိဋ္ဌသစ္စာဝ ဘဝေယျုံ။ သဗ္ဗဓေယျဓမ္မာနံ ယထာသဘာဝဇာနနသမတ္ထတာဒိယောဝ ယထာဝုတ္တဗလံ။

ဟူသော အနုဋီကာ (၁၀)

ဧတေဟိ စ ဣမိနာ ဖလတ္တယေန သမန္နာဂတာယေဝ ပညာ ဒေသနာသမုဋ္ဌာနံ ဟောတိ၊ န တဗ္ဗိရဟိတာတိ ဒဿေတိ။ တတ္ထ စ ပဌမဒုတိယဖလာနိ ဉေယျဓမ္မေသု သဗ္ဗေသု ယထာရုစိ ပညာ ပဝတ္တိတ္ထာတိ ဝစနတော လဗ္ဘန္တိ။ တတိယဖလံ ပန တဿာမတ္ထိယေန လဗ္ဘတီတိ ဒဋ္ဌဗ္ဗံ။

ဣဒံ ဝုတ္တံ ဟောတိ။ ယဒိ သဗ္ဗညုတညာဏံ ပဌမဖလယုတ္တမေဝ ဟောတိ၊ န ဒုတိယဖလယုတ္တံ။ ဧဝံ သတိပိ သဗ္ဗဉေယျဓမ္မာနံ ယထာသဘာဝဇာနနသမတ္ထဘာဝေ ဘေသံ ဒေသေတဗ္ဗပ္ပကာရဇာနန-သမတ္ထတာဘာဝတော ဘဂဝါ တေန ဓမ္မံ ဒေသေတုံ န သက္ကု-ဏေယျာတိ တံ ဒေသနာသမုဋ္ဌာနံ န သိယာ။ ယဒိ စ ပဌမဒုတိယ-ဖလယုတ္တမေဝ သိယာ၊ န တတိယဖလယုတ္တံ။ ဧဝံပိ ဗောဓေ-တဗ္ဗပုဂ္ဂလာနံ အာသယာဓိမုတ္တိယာဒိဝိဘာဝနသမတ္ထတာဘာဝတော။ သတိပိ ဒေသနာသမ္ဘဝေ တေသံ သစ္စပဋိဝေဓာဘာဝတော ဒေသနာ နိရတ္ထကာ ဟောတီတိ သတိပိ တဿာ ပဝတ္တနဘာဝေ တံ ဒေသနာ-သမုဋ္ဌာနံနာမ န ဟောတိ။ တမှာ ပဌမဖလယုတ္တမေဝ ပဌမဒုတိယ-ဖလယုတ္တမေဝ ဝါ န ဟောတိ။ အထ ခေါ ပဌမဒုတိယတတိယ-ဖလယုတ္တမေဝ ဟောတီတိ ဒေသနာသမုဋ္ဌာနံ ဟောတီတိ။

ဟူသော မဏိဒီပ တို့နှင့်အညီ —

## ဉာဏ်တော်၏ အစွမ်းသတ္တိ ၃-ပါး

စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟူသော ပရမတ္ထ သဘာဝဓမ္မသဘောသည် အလွန်သိမ်မွေ့နက်နဲ ခဲခက်လှသောသဘောဖြစ်၍ ထိုပရမတ္ထ သဘာဝဓမ္မတို့ကို ဟောပြတော်မူရာ အဘိဓမ္မာဒေသနာကို —

(၁) အလုံးစုံသော ဉေယျဓံတို့ကို အလိုရှိတိုင်း ကြွင်းမဲ့ကုန်စင် သိမြင်နိုင်သော အစွမ်းသတ္တိ

(၂) ဟောအပ် ဟောသင့် ဟောထိုက်သော ဒေသေတဗ္ဗ အပြားကို သိစွမ်းနိုင်သော သတ္တိ

(၃) ဓမ္မပဋိဂ္ဂါဟကဝေနေယျတို့၏ အလိုဆန္ဒ အဇ္ဈာသယ နှလုံး သွင်းကို သိခြင်း ထင်ရှားပြခြင်းငှါ စွမ်းနိုင်သော သတ္တိ

ဟူသော သုံးပါးသော အစွမ်းသတ္တိအာနုဘော်ရှိသော သဗ္ဗညုတဉာဏ်တော်၏ ထိုသုံးပါးသော အားအစွမ်းသတ္တိအာနုဘော်ဖြင့်သာ ဖြစ်စေနိုင် ဟောနိုင်သည်။

ထိုသတ္တိသုံးပါးတွင် ပဌမသတ္တိသာရှိသော် ယင်းသည့်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မိမိသိအပ်သောအခြင်းအရာကို ဟောခြင်းငှါ မစွမ်းနိုင်ရာသော ကြောင့် ထိုဉာဏ်သည် အဘိဓမ္မာဒေသနာ၏ သမုဋ္ဌာန်မဖြစ်ရာ၊ ပဌမ ဒုတိယ သတ္တိနှစ်ပါးရှိရုံမျှဖြင့်လည်း ဒေသနာပင် ဖြစ်သင့်သော်လည်း ဝေနေယျတို့၏ အာသယ-စသည်ကို သိစွမ်းနိုင်သောသတ္တိမရှိချေက သစ္စပဋိဝေဓ မရှိရာဖြစ်၍ ဒေသနာသည် နိရတ္ထကသာ ဖြစ်ရာသောကြောင့် သတ္တိသုံးပါးလုံးနှင့် ပြည့်စုံမှ သမုဋ္ဌာန်ဖြစ်သည်။

## မူလဋီကာ အနက်

အာဒိမှိ၊ ကရုဏာဝိယ သတ္တေသု-အစရှိသော ပဌမဂါထာ၌။ ကရုဏာယ၊ အလုံးစုံသော သတ္တဝါတို့၌ အလိုတော်အားလျော်စွာဖြစ်သော အသာဓာရဏ-မဟာကရုဏာတော်ဖြင့်။ ဥပမိတာ၊ နှိုင်းနိုင်း ပုံပြုအပ်သော။ သဗ္ဗဉေယျဓမ္မာနံ၊ အလုံးစုံသော ဉေယျတရားငါးပါးတို့ကို။ ယထာသဘာဝဇာနနသမတ္ထာ စ၊ ဟုတ်မှန်တိုင်းသော သဘောအားလျော်စွာ သိခြင်းငှါ စွမ်းနိုင်သည်လည်း ဖြစ်သော။ တေသံ၊ ထိုဉေယျတရားငါးပါးတို့၏။ ဒေသေတဗ္ဗပ္ပကာရဇာနန-သမတ္ထာ စ၊ ဟောအပ် ဟောသင့် ဟောထိုက်သော အပြားကို သိခြင်းငှါ စွမ်းနိုင်သည်လည်းဖြစ်သော။ ဗောဓေတဗ္ဗပုဂ္ဂလာနံ၊ ဗောဓေတဗ္ဗဖြစ်သော ဝေနေယျပုဂ္ဂိုလ်တို့၏။ အာသယာနုသယာဓိမုတ္တိယာဒိဝိဘာဝနသမတ္ထာ စ၊ အလိုဆန္ဒ အဇ္ဈာသယ နှလုံးသွင်းခြင်း အစရှိသည်ကို သိခြင်း ထင်ရှားပြခြင်းငှါ စွမ်းနိုင်သည်လည်းဖြစ်သော။ ယာ သာ ပညာ၊ သည်။ အတ္ထိ၊ ၏။ တနည်း။ ယာ သာ ပညာ၊ ကို။ ကရုဏာယ၊ ဖြင့်။ ဥပမိတာ၊ အပ်၏။ တဿာ ပညာယ၊ မဟာကရုဏာတော်၏ ဥပမေယျဖြစ်သော ထိုသဗ္ဗညုတဉာဏ်တော်၏။ ယထာဝုတ္တ-ဗလယောဂတော၊ ပြဆိုအပ်ပြီးသော အပြားရှိသော သတ္တိသုံးပါးနှင့် ယှဉ်ခြင်း ကြောင့်။ ဣတိ အတ္ထော၊ ဤသို့သော အနက်ကို။ ဝေဒိတဗ္ဗော၊ ၏။

## အနုဋီကာ အနက်

သဗ္ဗ ဉေယျ။ပ။ သမတ္ထာတိ၊ သဗ္ဗဉေယျဓမ္မာနံ ယထာသဘာဝဇာနန-သမတ္ထာ-ဟူ၍။ ဝါ၊ ဟူသော ပဌမဗလကို။ ဝတွာ၊ ဆိုပြီး၍။ ဝါ၊ ဆိုပြီးလျက်။ တေသံ၊ ထိုဉေယျတရားတို့၏။ ဒေသေတဗ္ဗပ္ပကာရဇာနနသမတ္ထဝစနံ၊ ဟောအပ် ဟောသင့် ဟောထိုက်သော အပြားကို သိခြင်းငှါ စွမ်းနိုင်ခြင်းဟူသော ဒုတိယဗလကို ဆိုကြောင်းဖြစ်သော စကားကို။ ဓမ္မသာမိနာပိ၊ ကိုယ်တော် သိအပ်သောတရားတို့ကို အလိုတော်ရှိတိုင်း ဟောနိုင်သည်ဖြစ်၍ ဓမ္မတို့ကို အစိုးရခြင်းကြောင့် ဓမ္မသာမိ ဖြစ်တော်မူသော မြတ်စွာဘုရားသည်လျက်လည်း။

အတ္တနာ၊ ကိုယ်တော်သည်။ ပဋိဝိဒ္ဓါကာရဿ၊ ထိုးထွင်း၍သိအပ်သော အခြင်းအရာကို။ ပဝေဒယံ၊ တပါးကုန်သော ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့အား။ ဒေသေတုံ၊ ဟောခြင်းငှါ။ အသက္ကုဏေယျတ္တာ၊ မစွမ်းနိုင်ရာသည်၏အဖြစ်ကြောင့်။ ဝုတ္တံ၊ မူလဋီကာဆရာ ဆိုအပ်၏။ အညထာ၊ ပဌမဗလရှိခြင်းကိုသာဆို၍ ဒုတိယဗလရှိခြင်းကို မဆိုသည်ရှိသော်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဒိဋ္ဌသစ္စာဝေ၊ မြင်အပ်သော သစ္စာလေးပါးရှိကုန်သည်သာလျှင်၊ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗဉေယျဓမ္မာနံ၊ အလုံးစုံသော ဉေယျတရားတို့၏။ ယထာသဘာဝဇာနနသမတ္ထတာဒိယေဝ၊ ဟုတ်မှန်တိုင်းသော သဘောကို ထိုးထွင်း၍ သိခြင်းငှါ စွမ်းနိုင်သည်၏အဖြစ် အစရှိသော အားသုံးပါးလုံးသည်သာလျှင်။ ယထာဝုတ္တဗလံ၊ ဆိုအပ်ပြီးသော အပြားရှိသော သဗ္ဗညုတဉာဏ်၏ အားအစွမ်းသည်။ ဟောတိ၊ ၏။

## မဏိဒီပ အနက်

ဧတေဟိ စ၊ ဤ "သဗ္ဗဉေယျဓမ္မာနံ ယထာသဘာဝဇာနနသမတ္ထာ" အစရှိသော စကားတို့ဖြင့်။ ဣမိနာ ဗလတ္တယေန၊ အလုံးစုံသော ဉေယျတရားတို့၏ ဟုတ်မှန်တိုင်းသော သဘောကို သိခြင်းငှါ စွမ်းနိုင်ခြင်း, ထိုဉေယျတရားတို့၏ ဟောအပ် ဟောထိုက်သော အပြားကို သိခြင်းငှါ စွမ်းနိုင်ခြင်း, ဓမ္မပဋိဂ္ဂါဟက-ဝေနေယျတို့၏ အဇ္ဈာသယ စသည်ကို သိခြင်းငှါ စွမ်းနိုင်ခြင်းဟူသော ဤအားအစွမ်းသတ္တိသုံးပါးအပေါင်းနှင့်။ သမန္နာဂတာ၊ ပြည့်စုံသော။ ပညာဝေ၊ ပညာသည်သာလျှင်။ ဒေသနာသမုဋ္ဌာနံ၊ အဘိဓမ္မာဒေသနာတော်၏ ဖြစ်ကြောင်းသမုဋ္ဌာန်သည်။ ဟောတိ၊ ဖြစ်၏။ တဗ္ဗိရဟိတာ၊ ထိုသတ္တိသုံးပါးမှ ကင်းသောပညာသည်။ ဒေသနာသမုဋ္ဌာနံ၊ သည်။ န ဟောတိ၊ မဖြစ်။ ဣတိ ဣမံ အတ္ထံ၊ ဤသို့သော အနက်သဘောကို။ ဒဿေတိ၊ မူလဋီကာဆရာ ပြတော်မူ၏။ စ၊ ဆက်၍ ဆိုဦးအံ့။ တေသု၊ ဤသုံးပါးသောအားတို့တွင်။ ပဌမဒုတိယဗလာနိ၊ "သဗ္ဗဉေယျဓမ္မာနံ ယထာသဘာဝဇာနနသမတ္ထတာ" ဟူသော ပဌမဗလ, ထိုဉေယျဓမ္မတို့၏ ဟောအပ် ဟောထိုက်သော အပြားကို သိခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဒုတိယဗလတို့ကို။ ဉေယျ ဓမ္မေသု သဗ္ဗေသု ယထာရုစိ ပညာ ပဝတ္တိတ္တာတိ ဝစနဿ၊ ဉေယျ။ပ။ ပဝတ္တိတ္တ-ဟူသောစကားကို။ ဝါ၊ ၏။ ဝစနတော ဝုတ္တတ္တာ၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်သည်၏အဖြစ်ကြောင့်။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ပန၊ တိုက်ရိုက်အားဖြင့် ရအပ်သည်မှတပါး သာမတ္ထိယအားဖြင့်သာ ရအပ်သည်ကို ပြဆိုဦးအံ့။ တတိယဗလံ၊ ဗောဓနေယျဖြစ်သော ဓမ္မပဋိဂ္ဂါဟကဝေနေယျတို့၏ အလိုဆန္ဒ အဇ္ဈာသယ စသည်ကို သိနိုင်ပြစွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော တတိယဗလကို။ တဿာမတ္ထိယေန၊

ထိုဥ ယျမမွေသု-အစရှိသော စကား၏ သဒ္ဒသာမတ္ထိယအားဖြင့်။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

· ဣဒံ အယံ အခိပ္ပါယော၊ ဤဆိုလတ္တံ့သော အဓိပ္ပါယ်ကို။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗညုတညာဏံ၊ သည်။ ပဌမဗလယုတ္တမေဝ၊ ခပ်သိမ်းသော ဥ ယျတရားတို့၏ ဟုတ်မှန်တိုင်းသော သဘောကို သိခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ပဌမဗလနှင့်သာ ယှဉ်သည်။ ယဒိ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဒုတိယဗလယုတ္တံ၊ဟောအပ်သော အပြားကို သိခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဒုတိယဗလနှင့် ယှဉ်သည်။ ယဒိ န ဟောတိ၊ အကယ်၍ မဖြစ်ခဲ့အံ့။ ဧဝံ၊ ဤသို့ပဌမဗလနှင့်သာယှဉ်၍ ဒုတိယဗလနှင့် မယှဉ်သည်ရှိသော်။ သဗ္ဗဥ ယျဓမ္မာနံ၊ အလုံးစုံသော ဥ ယျတရားတို့၏။ ယထာ-သဘာဝဇာနနသမတ္ထဘာဝေ၊ ဟုတ်မှန်တိုင်းသော သဘောကို သဗ္ဗညုတဉာဏ်၏ သိခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်သည်။ ဝါ၊ အဖြစ်တည်းဟူသော ပဌမဗလသည်။ သတိပိ၊ ရှိသော်လည်း။တေသံ၊ထိုဥ ယျတရားတို့၏။ဒေသေတဗ္ဗပ္ပကာရဇာနန-သမတ္ထတာဘာဝတော၊ ဟောအပ် ဟောသင့် ဟောထိုက်သော တရားအပြားကို သိခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဒုတိယဗလ၏ မရှိခြင်းကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ တေန၊ ထိုပဌမဗလဖြင့်။ဓမ္မံ၊ ကို။ဒေသေတုံ၊ ဟောခြင်းငှါ။ န သက္ကုဏေယျ၊ မစွမ်းနိုင်ရာ။ ဣတိ တသ္မာ၊ထိုသို့ သဗ္ဗညုတဉာဏ်၏ ပဌမဗလနှင့်သာယှဉ်၍ ဒုတိယဗလနှင့် မယှဉ်ခဲ့သော် ထိုဉာဏ်နှင့်ပြည့်စုံသော မြတ်စွာဘုရားသည် တရားတော်ကို ဟောခြင်းငှါ မစွမ်းနိုင်ရာသည်၏ အဖြစ်ကြောင့်။တံ၊ ထိုသဗ္ဗညုတဉာဏ်တော်သည်။ဒေသနာသမဋ္ဌာနံ၊ ဒေသနာသမုဋ္ဌာန်သည်။ န သိယာ၊ မဖြစ်ရာ။ပဌမဒုတိယဗလယုတ္တမေဝ၊ ပဌမ, ဒုတိယဗလဟူသော နှစ်ပါးနှင့်သာ ယှဉ်သည်။ ဝါ၊ ယှဉ်၍။ န တတိယဗလယုတ္တံ၊ တတိယဗလနှင့် မယှဉ်သည်။ ယဒိ သိယာ၊ အံ့။ ဧဝံပိ၊ ဤသို့ပင် တတိယဗလနှင့် မယှဉ်မူ၍ ပဌမဗလ ဒုတိယဗလနှစ်ပါးနှင့် ယှဉ်သော်လည်း။ ဝါ၊ ဤသို့ပင် ပဌမဗလ ဒုတိယဗလဘို့နှင့်သာယှဉ်၍ တတိယဗလနှင့် မယှဉ်ခဲ့ကလည်း။ ဗောဓေတဗ္ဗပုဂ္ဂလာနံ၊ ဗောဓေတဗ္ဗဖြစ်သော ဓမ္မပဋိဂ္ဂါဟကဝေနေယျပုဂ္ဂိုလ်တို့၏။ အာသယာဓိမုတ္တာဒိ-ဝိဘာဝနသမတ္ထတာဘာဝတော၊ အာသယ အဓိမုတ္တိ စသည်ကို သိခြင်း ထင်ရှား ပြခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်၏ မရှိခြင်းကြောင့်။ ဒေသနာသမ္ဘဝေ၊ ဒေသနာ တော်၏ ဖြစ်သင့်ခြင်းသည်။ သတိပိ၊ ရှိသော်လည်း။ တေသံ၊ ထိုဗောဓေတဗ္ဗ ဓမ္မပဋိဂ္ဂါဟကဝေနေယျတို့၏။ သစ္စပဋိဝေဓာဘာဝတော၊ သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်း၏ မဖြစ်ခြင်း, မရှိခြင်းကြောင့်။ ဒေသနာ၊ ဒေသနာတော်သည်။ နိရတ္ထကာ၊ အကျိုးမရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထိုသို့ နိရတ္ထကသာ ဖြစ်ရာသည်၏အဖြစ်ကြောင့်။တဿာ ဒေသနာယ၊ ထိုဒေသနာ၏။

ပဝတ္တနဘာဝေ၊ ဖြစ်သည်၏အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ တံ၊ ထိုသဗ္ဗညုတ ဉာဏ်တော်သည်။ ဒေသနာသမုဋ္ဌာနံနာမ၊ ဒေသနာကို ဖြစ်စေသည် မည်သည်။ န ဟောတိ၊ မဖြစ်။ တမ္ဟန။ ထိုသဗ္ဗညုတဉာဏ်သည်ကား။ ပဌမဗလယုတ္တမေဝ ဝါ၊ ပဌမဗလတပါးနှင့်သာ ယှဉ်သည်ငင်း။ ပဌမဒုတိယဗလယုတ္တမေဝ ဝါ၊ ပဌမဗလ ဒုတိယဗလနှစ်ပါးနှင့်သာ ယှဉ်သည်ငင်း။ န ဟောတိ၊ မဖြစ်။ အထခေါ၊ စင်စစ် သော်ကား။ ပဌမ ဒုတိယ တတိယ ဗလယုတ္တမေဝ၊ ပဌမဗလ ဒုတိယဗလ တတိယဗလသုံးပါးနှင့် ယှဉ်သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ထိုသို့ သဗ္ဗညုတဉာဏ်၏ဗလသုံးပါးနှင့် ယှဉ်သည်၏ အဖြစ်ကြောင့်။ ဒေသနာသမုဋ္ဌာနံ၊ ဒေသနာသမုဋ္ဌာန်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ-အယံ အဓိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဆိုအပ်ပြီးသော သတ္တိသုံးပါးနှင့် ပြည့်စုံသော ဉာဏ်ဟူကလည်း သဗ္ဗညုတ ဉာဏ်သာ၊ တပါးဉာဏ် မဟုတ်။ သဗ္ဗညုတဉာဏ်ဟူကလည်း နည်းစွအဆုံး နိယတဗျာဒိတ်ကို ရပြီးနောက် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီကို ဖြည့်ကျင့်နိုင်မှ ဘုရားအဖြစ်သို့ရောက်သော သမ္မာသမ္ဗုဒ္ဓသဗ္ဗညုရှင်တော် ဘုရားတို့အားသာ ရှိသည်ဖြစ်ရကား ဤအဘိဓမ္မာဒေသနာကို ဟောနိုင်ခြင်း သည် သမ္မာသမ္ဗုဒ္ဓသဗ္ဗညုရှင်တော်ဘုရားတို့၏သာ အရာဖြစ်သည်။ အရှင်ပစ္စေက ဗုဒ္ဓါ၊ သာဝကတို့၏ အရာမဟုတ်။ သဗ္ဗညုမြတ်စွာဘုရားတို့၏ ဒေသနာတော်နည်း ကို အစဉ်မှီးသဖြင့် မြတ်စွာဘုရားသာသနာတော်တွင်း၌သာ အဘိဓမ္မာသဘောကို ဟုတ်မှန်စွာ သိနိုင်ပြောဟောနိုင်ကြသည်။ သာသနာတော်မှ အပကာလ၌ ပစ္စေကဗုဒ္ဓါအရှင်တို့မှတပါး ဟုတ်မှန်စွာ သိမြင်နိုင်သော ပုဂ္ဂိုလ်မရှိ။

ဤသို့ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုရှင်တော်ဘုရားတို့သာ သဗ္ဗညုတဉာဏ်တော်၏ သုံးပါးသော အစွမ်းသတ္တိအာနုတော်ဖြင့် ဟောတော်မူအပ်သော အဘိဓမ္မာ ဒေသနာ အလွန်သိမ်မွေ့နက်နဲ ခဲခက်စွာလှသော ပရမတ္ထသဘာဝဓမ္မ၏ ဤသို့ အလွန် ကြားနာရခဲ ဟောပြောနိုင်ရခဲ ဟုတ်မှန်စွာ သိနိုင်ရခဲလှသည်၏ အဖြစ် ကြောင့် ထိုအဘိဓမ္မာဒေသနာ ပရမတ္ထသဘာဝဓမ္မတို့ကို အပတ်တကုတ် ကြိုးအားထုတ်၍ သင်နာဆောင်ရွက် လေ့ကျက် မှတ်သား၍ သိနားလည်အောင် ကြံ စည် ဆွေး နွေး မေးမြန်း ပြောဟော ခြင်းများကို ပြုသင့်လှသည် အတိုင်း ပြုကြပါလေ။

---

## ၂၂-မယ်တော်မာယာနှင့် ယောကျ်ားဘဝ

### မယ်တော်မာယာသည် ဝုသိတာဘုံ၌ ယောကျ်ားဘဝဖြစ်ကြောင်းပြဆိုခြင်း

နိဗ္ဗာန်၏ အရကို ပြဆိုသောအခဏ်း၌ မသက်မဆိုင်သော်လည်း သောတုဇနတို့ သုတမယ ဉာဏဝဍ္ဍနအကျိုးငှါ သိရိမဟာမာယာမိဖုရား၏ ဘုရားလောင်းကို

ဖွားပြီးနောက် ခုနစ်ရက်မြောက်၌ စုတေ၍ တုသိတာနတ်ဘုံ၌ ဖြစ်သောအခါ ယောကျ်ားအဖြစ်ဖြင့် ဖြစ်သည်၊ မိန်းမအဖြစ်ဖြင့် ဖြစ်သည်ဟူ၍ အယူကွဲပြားရှိသည်များကို သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသတ္တိ သုံးပါးနှင့်ပြည့်စုံကြောင်းကို ပြဆိုရာ သာဓကအဖြစ်ဖြင့် ထုတ်ဆောင်ပြဆိုအပ်သော အဋ္ဌသာလိနီ ဂါထာဝယ်ပါရှိသော မာတရံ ပမုခံ ကတွာ-ဟူသောစကားနှင့် အလျဉ်းသင့်သည်ဖြစ်၍ ပြဆိုလိုက်ဦးအံ့။

သုဒ္ဓေါဒနော နာမ ပိတာ မဟေသိနော၊
ဗုဒ္ဓဿ မာတာ ပန မာယာနာမ။
ဗောဓိသတ္တံ ပရိဟရိယ ကုစ္ဆိနာ၊
ကာယဿ ဘေဒါ တိဒိဝမှိ မောဒတိ။
သာ ဂေါတမီ ကာလကတာ ဣတော စုတာ၊
ဒိဗ္ဗေဟိ ကာမေဟိ သမင်္ဂိဘူတာ။
သာ မောဒတိ ကာမဂုဏေဟိ ပဉ္စဟိ၊
ပရိဝါရိတာ ဒေဝဂဏေဟိ တေဟိ။

ဟူသော ထေရီဂါထာပါဠိတော် (၁၀၁) ၏ အဖွင့်ဖြစ်သောဋ္ဌကထာ၌ မယ်တော်မာယာသည် တုသိတာနတ်ပြည်၌ ဖြစ်သောအခါ ယောကျ်ား၏အဖြစ်ဖြင့် ဖြစ်ကြောင်းကို—

ပရိဝါရိတာတိ စ ဣတ္ထိလိင်္ဂနိဒ္ဒေသော ပုရိမတ္တဘာဝသိဒ္ဓံ ဣတ္ထိဘာဝံ ဒေဝတာဘာဝံ ဝါ သန္ဓာယ ကတော။ ဒေဝပုတ္တော ပန ပုရိသဘာဝေန ဇာတာ။

ဟု မိန့်ဆိုတော်မူ၏။

“ ဒေဝပုတ္တော ပန ပုရိသဘာဝေန ဇာတာ ” သာ ပဌာန။

ယောကျ်ားအဖြစ်ဖြင့် ဖြစ်သည် ဟူ၏၊ ပါဠိတော်ဝယ် “ပရိဝါရိတာ ဒေဝဂဏေဟိ တေဟိ” ဟူ၍ ပုလ္လိင်ဖြင့် ဟောတော်မမူ၊ “ပရိဝါရိတာ” ဟု ဣတ္ထိလိင်ဖြင့်သာ ဟောတော်မူသောကြောင့် မိန်းမအဖြစ်ဖြင့်သာ ဖြစ်သည် ဟု ဆိုသင့်ရာပါသည် မဟုတ်လော၊ ယင်းသို့ ဆိုသင့်ခဲ့သော် ယောကျ်ား၏အဖြစ်ဖြင့် ဖြစ်၏ ဟူသော ဆရာစကား မသင့်ရာ ဟူဘွယ်ရှိ၍ “ပရိဝါရိတာတိ စ ဣတ္ထိလိင်္ဂ-နိဒ္ဒေသော ပုရိမတ္တဘာဝသိဒ္ဓံ ဣတ္ထိဘာဝံ ဒေဝတာဘာဝံ ဝါ သန္ဓာယ ကတော” ကို ဆိုတော်မူသည်။

ပါဠိတော်ဝယ် ပရိဝါရိတာ-ဟု ဣတ္ထိလိင်ဖြင့် ညွှန်းသည် မှန်၏။ ထိုသို့ ပရိဝါရိတာ-ဟု ဣတ္ထိလိင်ဖြင့် ညွှန်းခြင်းကိုကား မယ်တော်မာယာ ဖြစ်စဉ်အခါ ဟူသော ရှေးဘဝကာလဖြင့်ပြီးသော မိန်းမအဖြစ်ကို ရည်၍သော်၎င်း, ဒေဝတာသဒ္ဒါသည် နိစ္စဣတ္ထိလိင်ဖြစ်၍ ထိုနတ်၏အဖြစ်ကိုသော်၎င်း ရည်၍ ပြုတော်မူအပ်သည်။ မိန်းမအဖြစ်ဖြင့် ဖြစ်သည်ကိုရည်၍ ပရိဝါရိတာ-ဟုဣတ္ထိလိင် ဖြင့် ညွှန်းအပ်သည် မဟုတ်ဖြစ်၍ ယောကျ်ားအဖြစ်ဖြင့် ဖြစ်၏ ဟု ဆိုသော ငါ့စကား သင့်၏ ဟူလို။

## မဏိဒီပဆရာအလို ရှင်းပြချက်

မဏိဒီပ၌လည်း သိရိမဟာမာယာမိဖုရားသည် ဘုရားအလောင်းကို ဖွားပြီး နောက် ခုနစ်ရက်မျှသာတည်၍ လူ့ဘဝမှ စုတေသဖြင့် တုသိတာနတ်ပြည်ဝယ် ယောကျ်ားအဖြစ်ဖြင့်သာ ဖြစ်သည်၊ မိန်းမအဖြစ်ဖြင့် မဖြစ်၊ ပစ္ဆိမဘဝိက ဘုရားလောင်းတို့၏ မယ်တော်ဟူသမျှသည် ဘုရားလောင်းကို ဖွားပြီးနောက် ခုနစ်ရက်မြောက်၌ စုတေ၍ တုသိတာနတ်ပြည်ဝယ် ယောကျ်ားအဖြစ်ဖြင့် ဖြစ်ရ ခြင်းသည် ဓမ္မတာသဘောပင်ဖြစ်၍ မယ်တော် မဟာမာယာမိဖုရားသည်လည်း တုသိတာနတ်ပြည်ဝယ် ယောကျ်ားအဖြစ်ဖြင့်သာ ဖြစ်ရကား ဤ "မာတရံ ပမုခံ ကတွာ" ဟူသော ဂါထာ၌ မာတရံ-ဟူသော ပုဒ်ကို မယ်တော်ဖြစ်ဘူးသော နတ်သမီးကို ဟု မြန်မာမပြန်မူ၍ "မယ်တော်ဖြစ်ခဲ့ဘူးသော နတ်သားကို" ဟူ၍သာ မြန်မာပြန်ဆိုရမည် အကြောင်းကို ထေရဂါထာအဋ္ဌကထာကိုပင် အာဂုံသာကေ ပြု၍—

> တတ္ထ မာတရန္တိ ပုဗ္ဗေ မနုဿလောကေ မာတုဘူတံ ဒေဝပုတ္တန္တိ အတ္ထော။ ယေဝ ဂဟေတဗ္ဗော၊ န ဒေဝဓီတရန္တိ။ သိရိမဟာမာယာ ဟိ ဗောဓိသတ္တံ ဝိဇာယိတွာ သတ္တာဟမတ္တံ ဌတွာ ကာလံ ကတွာ တုသိတ-ဘဝနေ ပုရိသဘာဝေနေဝ နိဗ္ဗတ္တာ၊ န ဣတ္ထိဘာဝေနာတိ။ အယဉ္စ ဓမ္မတာ ယာယံ သဗ္ဗဗုဒ္ဓါနံ မာတူနံ ဗောဓိသတ္တေ ဝိဇာယိတွာ သတ္တာဟမတ္တံ ဌတွာ ကာလံ ကတွာ တုသိတဘဝနေ ပုရိသဘာဝေနေဝ နိဗ္ဗတ္တိ၊ န ဣတ္ထိဘာဝေနာတိ။ ဝေဒ္ဓ ကတွာ ထေရဂါထာယံ ဒသနိပါတေ အာဂတာနံ—
>
> သုဒ္ဓေါဒနော နာမ ပိတာ မဟေသိနော၊
> ဗုဒ္ဓဿ မာတာ ပန မာယာ နာမ။
> ဗောဓိသတ္တံ ပရိဟရိယ ကုစ္ဆိနာ၊
> ကာယဿ ဘေဒါ တိဒိဝမှိ မောဒတိ။

သာ ဂေါတမီ ကာလကတာ ဣတော စုတာ၊
ဒိဗ္ဗေဟိ ကာမေဟိ သမင်္ဂိဘူတာ။
သာ မောဒတိ ကာမဂုဏေဟိ ပဉ္စဟိ၊
ပရိဝါရိတာ ဒေဝဂဏေဟိ တေဟိတိ။

ဣမာသံ ဂါထာနံ ဝဏ္ဏနာယ ပရိဝါရိတာတိ စ ဣတ္ထိလိင်္ဂနိဒ္ဒေသော ပုရိမတ္တဘာဝသိဒ္ဓံ ဣတ္ထိဘာဝံ ဒေဝတာဘာဝံ ဝါ သန္ဓာယ ကတော။ ဒေဝုပ္ပတ္တိ ပန ပုရိသဘာဝေနေ ဇာတာတိ ဝုတ္တံ။

ဟူ၍ မိန့်ဆိုတော်မူ၏။

ဤမဏိဒီပဆရာလည်း ယောကျ်ားအဖြစ်ဖြင့်သာ ဖြစ်သည် ဟူ၍သာ ယူတော်မူလိုသည်။

မဟေသိနော၊ သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန-ဟူသော ငါးပါးသော တရားတို့ကို ရှာမှီးတော်မူပြီးသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏၊ ပိတာ၊ ခမည်းတော်သည်။ သုဒ္ဓေါဒနောနာမ၊ မည်၏။ မာတာ ပန၊ မယ်တော်သည်ကား။ မာယာနာမ၊ မည်၏။ ဗောဓိသတ္တံ၊ ဘုရားလောင်းကို။ ကုစ္ဆိနာ၊ ဝမ်းဖြင့်။ ပရိဟရိယ၊ ဆယ်လပတ်လုံး ဆောင်၍။ ကာယဿ ဘေဒါ၊ ဖွား၍ ခုနစ်ရက်မြောက်ဝယ် ခန္ဓာပျက်ကြွေ သေဆုံးပြီးနောက်။ တိဒိဝသ္မိံ၊ တုသိတာ နတ်ပြည်၌။ မောဒတိ၊ နတ်ချမ်းသာဖြင့် မွေ့လျော်၏။

ဂေါတမီ၊ ဂေါတမအနွယ် ဖြစ်သော။ သာ၊ ထိုမယ်တော်မာယာသည်။ ဣတော၊ ဤလူ့ဘုံမှ။ စုတာ၊ ရွေ့လျောသောအားဖြင့်။ ကာလကတာ၊ သေပြီးသည်မှနောက်၌။ ဒိဗ္ဗေဟိ၊ နတ်၌ဖြစ်ကုန်သော။ ကာမေဟိ၊ ကာမဂုဏ်တို့နှင့်။ သမင်္ဂိဘူတာ၊ ပြည့်စုံသည်ဖြစ်၍ ဖြစ်၏။ သာ ဒေဝတာ၊ ထိုတုသိတာဘုံ၌ ဖြစ်သော မယ်တော်ဖြစ်ဘူးသော သန္တုသိတ နတ်သားသည်။ ပဉ္စဟိ ကာမဂုဏေဟိ၊ နတ်၌ဖြစ်သော ငါးပါးသော ကာမဂုဏ်တို့ဖြင့်။ တေဟိ ဒေဝဂဏေဟိ၊ ထိုတုသိတာဘုံသား ပရိသတ်နတ်သားတို့သည်။ ပရိဝါရိတာ၊ ထက်ဝန်းကျင်ခြံရံအပ်သည်ဖြစ်၍။ မောဒတိ၊ မွေ့လျော်၏။

ပုရိမတ္တဘာဝသိဒ္ဓံ၊ ရှေးလူဖြစ်စဉ်ဘဝဖြင့်ပြီးသော။ ဝါ၊ ဘဝ၌ထင်ရှားသော။ ဣတ္ထိဘာဝံ ဝါ၊ မိန်းမ၏အဖြစ်ကိုသော်၎င်း။ ဝါ၊ မိန်းမအဖြစ်ဟူသော ဣတ္ထိလိင်ကိုသော်၎င်း။ ဒေဝတာဘာဝံဝါ၊ နတ်အဖြစ်ကိုသော်၎င်း။ သန္ဓာယ၊ ရည်၍။ ပရိဝါရိတာတိ၊ ပရိဝါရိတာ-ဟူ၍။ ပါဠိယံ၊ ပါဠိတော်၌။ ဣတ္ထိလိင်္ဂနိဒ္ဒေသော၊ ဣတ္ထိလိင်ဖြင့်ညွှန်းခြင်းကို။ ကတော၊ ပြုတော်မူအပ်၏။ ဒေဝုပ္ပတ္တိ ပန၊ တုသိတာဘုံဝယ် နတ်ဖြစ်သောအခါသော်ကား။ ပုရိသဘာဝေန၊ ယောကျ်ား၏ အဖြစ်ဖြင့်။ ဇာတာ၊ ဖြစ်၏။

တတ္ထ၊ ထို မာတရံပမုခံ ကတွာ-အစရှိသော ဂါထာ၌။မာတရန္တိ ဧတ္ထ၊ မာတရံ-ဟူသောဤပုဒ်၌။ ပုဗ္ဗေ၊ ရှေးဖြစ်သော။ မနုဿလောကေ၊ ၌။ မာတုဘူတံ၊ အမိဖြစ်၍ဖြစ်သော။ ဒေဝပုတ္တံ၊ နတ်သားကို။ ဣတိ အတ္ထော ယေဝ၊ ဤသို့သော အနက်ကိုသာလျှင်။ ဂဟေတဗ္ဗော၊ ၏။ ဒေဝဓီတရန္တိ အတ္ထော၊ နတ်သမီးကို ဟူသောအနက်ကို။ န ဂဟေတဗ္ဗော၊ မယူအပ်။ ဟိ သစ္စံ၊ ၏။ သိရိမဟာမာယာ၊ သိရိမဟာမာယာမိဖုရားသည်။ ဗောဓိသတ္တံ၊ ဘုရားလောင်းကို။ ဝိဇာယိတွာ၊ ဖွားပြီး၍။ သတ္တာဟမတ္တံ၊ ခုနစ်ရက်မျှ။ ဌတွာ၊ တည်၍။ ကာလံ၊ ကူတော၊ ဤလူ့ ဘုံမှ။ စဝိတွာ၊ စုတေ့၍။ တုသိတဘဝနေ၊ ဘုံ၌။ ပုရိသဘာဝေနေဝ၊ ယောကျ်ား၏ အဖြစ်ဖြင့်သာလျှင်။ နိဗ္ဗတ္တာ၊ ဖြစ်၏။ ဣတ္ထိဘာဝေန၊ မိန်းမ၏အဖြစ်ဖြင့်။ န နိဗ္ဗတ္တာ၊ ဖြစ်သည်မဟုတ်။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းသော ဘုရားရှင်တို့၏။ မာတူနံ၊ မယ်တော်တို့၏။ ဗောဓိသတ္တေ၊ ဘုရားလောင်း တို့ကို။ ဝိဇာယိတွာ၊ ဖွားကုန်ပြီး၍။ သတ္တာဟမတ္တံ၊ ခုနစ်ရက်မျှ။ ဌတွာ၊ တည်ကုန်၍။ ကာလတော၊ ဤလူ့ ဘုံမှ။ စဝိတွာ၊ စုတေ့ကုန်ပြီး၍။ တုသိတဘဝနေ၊ ၌။ ပုရိသဘာဝေနေဝ၊ ယောကျ်ား အဖြစ်ဖြင့်သာလျှင်။ ယာယံ-ယာ အယံ နိဗ္ဗတ္တိ၊ အကြင်ဖြစ်ခြင်းသည်။ ဣတ္ထိ-ဘာဝေန၊ မိန်းမအဖြစ်ဖြင့်။ ယာယံ-ယာ အယံ န နိဗ္ဗတ္တိ၊ အကြင်မဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤပစ္ဆိမဘဝ ဘုရားလောင်းမယ်တော်တို့၏ တုသိတာ နတ်ဘုံဝယ် မိန်းမအဖြစ်ဖြင့် မဖြစ်မူ၍ ယောကျ်ားအဖြစ်ဖြင့်သာ ဖြစ်ရခြင်းသည်။ ဓမ္မတာ၊ ဘုရားမယ်တော်ဟူသမျှတို့၏ ဓမ္မတာပင်တည်း။ ဝေဠု ကတွာ၊ ဤသို့ ဘုရားမယ်တော်တို့၏ တုသိတာနတ်ဘုံဝယ် ယောကျ်ားအဖြစ်ဖြင့်သာ ဖြစ်မြဲ ဓမ္မတာဖြစ်ခြင်း ဟူသော အကြောင်းကြောင့်။ ထေရဂါထာယံ၊ ထေရဂါထာ ပါဠိတော်၌။ ဒသနိပါတေ၊ ဒသနိပါတ်၌။ အာဂတာနံ၊ လာကုန်သော။ သုဒ္ဓေါဒနော နာမ ။ပ။ ဒေဝဂဏောဟိ တောဟီတိ၊ သုဒ္ဓေါဒနော နာမ။ပ။ တောဟိ-ဟူကုန်သော။ ဣမာသံ ဂါထာနံ၊ ဤဂါထာတို့၏။ ဝဏ္ဏနာယ၊ အဖွင့်ဖြစ်သော အဋ္ဌကထာ၌။ပရိဝါရိတာတိ စ။ပ။ဇာတာတိ၊ ပရိဝါရိတာ။ပ။ဇာတာ-ဟူ၍။ ဝါ၊ ဟူသောစကားကို။ ဝုတ္တံ၊ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူအပ်၏။

## မဓုဋီကာ အလို

မဓုဋီကာ ၌ကား "သုဒ္ဓေါဒနော နာမ။ပ။ ဒေဝဂဏောဟိ တောဟိ" ဟူသော ပါဠိတော်၏အဖွင့်ဖြစ်သော ထေရဂါထာအဋ္ဌကထာ၌ "ပရိဝါရိတာတိ စ။ပ။ ပုရိသဘာဝေန ဇာတာ" ဟူ၍ ဖွင့်ဆိုတော်မူသောကြောင့် "မာတရံ ပမုခံ ကတွာ" ဝယ် မာတရံ-ဟူသောစကားကို မယ်တော်မာယာဖြစ်စဉ် လူ၏အတ္တဘော၏ အစွမ်းအားဖြင့် အရှင်ဗုဒ္ဓဃောသ အဋ္ဌကထာဆရာ ဆိုတော်မူအပ်လေသည် ဟု ထေရဂါထာအဋ္ဌကထာကို အထောက်သာကေပြု၍ ဆရာတို့ ဆိုကြကုန်၏။

ယင်းသို့ပင် ဆိုကြကုန်သော်လည်း ထေရဂါထာအဋ္ဌကထာသည် သင်္ဂါယနာ တင်အပ်သော သင်္ဂါယနာတင်ရာပါသော အဋ္ဌကထာမဟုတ်။ ထေရဂါထာ အဋ္ဌကထာမှ တပါးသော အဋ္ဌကထာ, ဋီကာတို့၌လည်း ထေရဂါထာ အဋ္ဌကထာ စကားကဲ့သို့ သဘောရှိသော ဘုရားလောင်းမယ်တော်၏ စုတေ့ပြီးနောက် တုသိတာဘုံဝယ်ဖြစ်သောအခါ ယောကျ်ားအဖြစ်ဖြင့်ဖြစ်၏ ဟု ဆိုသောစကား မရှိ။ ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်၌ ဘုရားမယ်တော်ဖြစ်ရပါလို၏ ဟု ဆုတောင်းသောအခါ၌လည်း ဘုရားမယ်တော် ဖြစ်ပြီးနောက် ယောကျ်ား ဖြစ်ရပါလို၏ ဟု ဆုတောင်းခြင်းမရှိ။ ဓမ္မတာ အပြားသုံးဆယ်၌လည်း ဘုရား မယ်တော်၏ စုတေ့ပြီးနောက် ယောကျ်ားဖြစ်သော မည်သည် မရှိမလာ။ ထို့ကြောင့် ထေရဂါထာအဋ္ဌကထာကို အထောက်အာဂမသာကေပြု၍ဆိုသော ထိုဆရာတို့၏ စကားကို စုံစမ်းဆင်ခြင်အပ်၏ ဟု ပညာရှိတို့ ဆိုကြကြောင်းကို—

> တဒဋ္ဌကထာယ ပရိဝါရိတာတိ စ ဣတ္ထိလိင်္ဂနိဒ္ဒေသော ပုရိမတ္တဘာဝ-သိဒ္ဓံ ဣတ္ထိဘာဝံ ဒေဝတာဘာဝံ ဝါ သန္ဓာယ ကတော။ ဒေဝုပ္ပတ္တိ ပန ပုရိသဘာဝေန ဇာတာတိ ဝုတ္တတ္တာ မာတရန္တိ မနုဿတ္တဘာဝဝသေန ဝုတ္တန္တိ ဝဒန္တိ။ ထေရာဋ္ဌကထာ ပန န သင်္ဂဟာရူဠှာ။ အညဋ္ဌကထာ ဋီကာသု စ တာဒိသံ ဝစနံ နတ္ထိ။ ပတ္ထနာကာလေ စ ဗုဒ္ဓမာတာ ဟုတွာ ပစ္ဆာ ပုရိသော ဟောမီတိ ပတ္ထနာ နတ္ထိ။ တိံသဓမ္မတာယဉ္စ ဗုဒ္ဓမာတုယာ ပုရိသဘာဝေါနာမ နတ္ထိ။ တသ္မာ တံ ဝီမံသိတဗ္ဗန္တိ ဝိဒူ ဝဒန္တိ။

ဟု ပြဆိုတော်မူ၏။

တဒဋ္ဌကထာယ၊ ထိုသုဒ္ဓေါဒနေနာမ။ပ။ ဒေဝဂဏေဟိ တေဟိ-ဟူသော ဂါထာ၏ အဖွင့်ဖြစ်သော ထေရဂါထာအဋ္ဌကထာ၌။ ပရိဝါရိတာတိ စ။ပ။ ဇာတာတိ၊ ပရိဝါရိတာတိ စ။ပ။ ဇာတာ-ဟူ၍။ ဝုတ္တတ္တာ၊အဋ္ဌကထာဆရာ ဆိုအပ်သည်၏ အဖြစ်ကြောင့်။ မာတရန္တိ၊ မာတရံ ပမုခံ ကတွာ-ဟူသော အဋ္ဌသာလိနီဝယ် မာတရံ-ဟူသော စကားကို။ မနုဿတ္တဘာဝဝသေန၊ လူ့ဘဝအတ္တဘော၏ အစွမ်းဖြင့်။ ဝုတ္တံ၊ အရှင်ဗုဒ္ဓဃောသဆရာဆိုအပ်၏။ ဣတိ၊ သို့။ အာစရိယာ၊ အချို့သောဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ (မဏိဒီပဆရာကဲ့သို့သော ဆရာ တို့ကိုယူ)။

ပန၊ ထိုသို့ပင် ဆိုကုန်သော်လည်း။ ထေရာဋ္ဌကထာ၊ ထိုဆရာတို့ ကိုးမှီရာ ထေရအဋ္ဌကထာသည်။ န သင်္ဂဟာရူဠှာ၊ သင်္ဂါယနာတင်အပ်သော အဋ္ဌကထာ မဟုတ်။ အညဋ္ဌကထာဋီကာသု စ၊ ထေရဂါထာအဋ္ဌကထာမှတပါးသော အဋ္ဌ-ကထာဋီကာတို့၌လည်း။ တာဒိသံ၊ ထိုထေရဂါထာ အဋ္ဌကထာ စကားကဲ့သို့

သဘောရှိသော။ ဝစနံ၊ ယောကျ်ားအဖြစ်ဖြင့် ဖြစ်၏ ဟု ဆိုသော စကားသည်။ နတ္ထိ၊ မရှိ။ ပတ္ထနာကာလေ စ၊ ဘုရားမယ်တော်ဖြစ်ရလို၏ ဟု ဆုပန်တောင်း ယူသောအခါ၌လည်း။ ဗုဒ္ဓမာတာ၊ ဘုရားမယ်တော်သည်။ ဟုတွာ၊ ဖြစ်ပြီး၍။ ပစ္ဆာ၊ နောက်အခါ၌။ ပုရိသော၊ ယောကျ်ားသည်။ ဟောမိ၊ ဖြစ်ရပါလို၏။ ဣတိပတ္ထနာ၊ ဤသို့ဆုပန်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဗုဒ္ဓမာတုယာ၊ ဘုရားမယ်တော်၏။ ပုရိသဘာဝေါနာမ၊ အနန္တရဘာဝဝယ် ယောကျ်ားဖြစ်ရခြင်းမည်သည်။ တိံသမ္မတာယဥ္စ၊ ဓမ္မတာအပြား သုံးဆယ်၌လည်း။ နတ္ထိ၊ မရှိခဲ့။ တသ္မာ၊ ထိုကြောင့်။ တံ ဝစနံ၊ ထိုဆရာတို့၏စကားကို။ ဝိမံသိတဗ္ဗံ၊ စုံစမ်းဆင်ခြင်အပ်၏။ ဣတိ၊ သို့၊ ဝိဒူ၊ ပညာရှိတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဤထေရဂါထာ အဋ္ဌကထာသည် သင်္ဂါယနာတင်ရာ မပါသကဲ့သို့ သမန္တ-ပါသာဒိက အစရှိသော များစွာသော ဝိနည်းအဋ္ဌကထာ၊ အဋ္ဌသာလိနီ-အစ ရှိသော များစွာသော အဘိဓမ္မာအဋ္ဌကထာ၊ သုမင်္ဂလဝိလာသိနီ-အစရှိသော များစွာသော သုတ္တန်အဋ္ဌကထာတို့သည်လည်း သင်္ဂါယနာတင်ရာ မပါကုန်။ ထိုသို့ပင် မပါကုန်သော်လည်း မြတ်စွာဘုရားအလိုတော်ကို ဟုတ်မှန်စွာ သိကုန်၍ ဗုဒ္ဓမတညူ ဖြစ်တော်မူကုန်သော အဋ္ဌကထာဆရာတို့သည် မဟာအဋ္ဌကထာကို မှီ၍ ရေးပြုစီရင်အပ်သော အဋ္ဌကထာတို့ချည်းသာဖြစ်၍ ပမာဏပြုထိုက်သော အဋ္ဌကထာတို့သာ ဖြစ်ကုန်ရကား ယောကျ်ားအဖြစ်ဖြင့် ဖြစ်၏ဟု ဆိုသော ဆရာတို့၏ စကားကို စုံစမ်းသင့်သောအရာ၌ ထေရဂါထာအဋ္ဌကထာ၏ သင်္ဂါ-ယနာတင်ရာ မပါရုံမျှကို အကြောင်း မထားသင့်ပေ။

ယံ ဒေဝဒေဝေါ ဒေဝါနံ၊ ဒေဝဒေဝေဟိ ပူဇိတော။
ဒေဝသေသိ ဒေဝလောကသ္မိံ၊ ဓမ္မံ ဒေဝပုရက္ခတော။

ဟူသော အဘိဓမ္မာဝတာရအဋ္ဌကထာ ဂါထာ၏အဖွင့်ဖြစ်သော အဘိဓမ္မတ္ထဝိကာသနီ ဋီကာ ၌ " ဒေဝါနန္တိ တဒါ ဓမ္မပဋိဂ္ဂါဟကာနံ ဒသသဟဿစက္ကဝါဠဝါသိဝါသီနံ မာတုဒေဝပုတ္တပမုခါနံ ဥပပတ္တိဒေဝါနံ" ဟူ၍ မာတရံ ပမုခံ ကတွာ-ဟူသော အဋ္ဌသာလိနီအဋ္ဌကထာစကားအရာမျိုး၌ "မာတုဒေဝပုတ္တပမုခါနံ-ဟု ဒေဝပုတ္တ သဒ္ဒါဖြင့် မယ်တော်ဖြစ်ဘူးသော သန္တုသိတနတ်၏ ယောကျ်ားအဖြစ်ကို ပြဆို သောကြောင့် ၎င်းဋီကာဆရာသည်လည်း ထေရဂါထာအဋ္ဌကထာ ဆရာကဲ့သို့ မယ်တော် မဟာမာယာ၏ တုသိတာဘုံဝယ် ဖြစ်သောအခါ ယောကျ်ား၏ အဖြစ်ဖြင့် ဖြစ်၏ ဟူ၍သာ အယူတော်ရှိကြောင်းကို သိသာသည်။

ဒေဝါနန္တိ၊ ဒေဝါနံ-ဟူသည်ကား။ တဒါ၊ ထိုတာဝတိံသာနတ်ပြည်ဝယ် အဘိဓမ္မာကို ဟောတော်မူသောအခါ၌။ ဓမ္မပဋိဂ္ဂါဟကာနံ၊ တရားတော်ကို နာကုန်သော။ ဒသသဟဿစက္ကဝါဠဝါသိဝါသီနံ၊ ထက်ဝန်းကျင်တသောင်းသော

စကြဝဠာတိုက်တို့၌ နေကုန်သော။ မာတုဒေဝပုတ္တာပမုခါနံ၊ မယ်တော်မဟာမာယာဒေဝီဖြစ်ဘူးသော သန္တုသိတနတ်သား အကြီး အဦး အမှူးအကဲ ပဋ္ဌာန ရှိကုန်သော။ ဉပပတ္တိဒေဝါနံ၊ ဉပပတ္တိနတ် ဖြဟ္မာတို့အား။

မယ်တော် မဟာမာယာဒေဝီအဖြစ်မှ စုတေ၍ တုသိတာဘုံ၌ ဖြစ်သောနတ်ကို ဆိုသော စကားအရာဝယ် ဓမ္မပဒအဋ္ဌကထာ၌ သန္တုသိတဒေဝပုတ္တော-ဟူ၍ ဒေဝပုတ္တသဒ္ဒါနှင့် ဆိုတော်မူသည်ကို ထောက်သဖြင့် ၎င်းအဋ္ဌကထာဆရာ သည်လည်း ယောကျ်ားအဖြစ်ဖြင့် ဖြစ်သည်ဟူ၍ပင် အယူတော်ရှိကြောင်းကို သိသာသည်။

လောကဓမ္မကျမ်းဂန်အရပ်ရပ်၌ အလွန်တတ်မြောက်လိမ္မာသော တောင်တွင်း ပုဂ္ဂိုလ်ကျော် ဆရာအရှင်မြတ်သည်လည်း ကိုယ်တော်ရေးပြု စီရင်အပ်သော မာတိကာဂဏ္ဌိဌာန ဝိနိစ္ဆယဝယ် မယ်တော်မဟာမာယာ၏ တုသိတာ၌ဖြစ်သော အခါ ယောကျ်ားအဖြစ်ဖြင့် ဖြစ်ကြောင်းကို ဓမ္မပဒအဋ္ဌကထာ အဘိဓမ္မာဝတာရ ဋီကာတို့ကိုပင် အာဂုံသာဓကပြု၍ ပြဆိုတော်မူသည်။

## သိရိမဟာမာယာကျမ်း အဆို

သိရိမဟာမာယာကျမ်း၌ —

> သိရိမဟာမာယာဒေဝီပိ သတ္တဒိဝသေယေဝ ဝသိတွာ ကာလင်္ကတွာ
> အတ္တနော ပုညာနုဘာဝေန တုသိတဘဝနေ ဒေဝပုတ္တော ဟုတွာ နိဗ္ဗတ္တိ။

ဟူ၍ မဟာမာယာဒေဝီ၏ ၎င်းဘဝမှ စုတေ၍ တုသိတာဘုံ၌ ဖြစ်သောအခါ နတ်သားအဖြစ်ဖြင့် ဖြစ်ကြောင်းကိုပင် ပြဆိုတော်မူသည်။

သိရိမဟာမာယာဒေဝီပိ၊ သိရိမဟာမာယာ မိဖုရားသည်လည်း။ သတ္တ-ဒိဝသေယေဝ၊ ဘုရားလောင်းကို ဖွားပြီးနောက် ခုနစ်ရက်မျှသာလျှင်။ ဝသိတွာ၊ နေ၍။ ကာလင်္ကတွာ၊ သေ၍။ အတ္တနော၊ မိမိ၏။ ပုညာနုဘာဝေန၊ တုသိတာ ဘုံ၌ ဖြစ်ရခြင်း၏ အကြောင်း ယောကျ်ားဖြစ်ရခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုကံ၏ အစွမ်းအာနုဘော်ကြောင့်။ တုသိတဘဝနေ၊ တုသိတာဘုံ၌။ ဒေဝပုတ္တော၊ နတ်သားသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်၏။ တနည်း။ ဒေဝပုတ္တော ဟုတွာ-ဒေဝပုတ္တဘာဝေန၊ နတ်သား၏ အဖြစ်ဖြင့်။ နိဗ္ဗတ္တိ၊ ၏။

ဇာတ်ဋီကာ၌လည်း—"ဒေဝေါရောဟနေတိ မာတုဒေဝပုတ္တဿ တေမာသံ အဘိဓမ္မပိဋကံ ဒေသေတွာ ဒေဝေါရောဟနကာလေ" ဟူ၍ မယ်တော်မာယာ၏ တုသိတာဘုံ၌ ဖြစ်သောအခါ နတ်သားအဖြစ်ဖြင့် ဖြစ်ကြောင်းကို ပြခြင်း ငှါပင် "မာတုဒေဝပုတ္တဿ" ဟု ဒေဝပုတ္တသဒ္ဒါဖြင့် ပြဆိုတော်မူသည်။

ဒေဝေါရောဟနေတိ၊ ဒေဝေါရောဟနေ-ဟူသည်ကား။ မာတုဒေဝပုတ္တဿ၊ မယ်တော်ဖြစ်ဘူးသော နတ်သားအား။ တေမာသံ၊ ဝါတွင်းသုံးလပတ်လုံး။ အဘိဓမ္မပိဋကံ၊ အဘိဓမ္မာ ပိဋကတ်ကို။ ဒေသေတွာ၊ ဟောတော်မူပြီး၍။ ဒေဝေါရောဟနကာလေ၊ တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းတော်မူသော ကာလ၌။

ဤသို့ ဓမ္မပဒအဋ္ဌကထာ, အဘိဓမ္မာဝတာရဋီကာ, သိရိမဟာမာယာဝတ္ထု, ဇာတ်ဋီကာတို့၌လည်း ဤ ထေရဂါထာ အဋ္ဌကထာကဲ့သို့ ယောကျ်ားဖြစ်ကြောင်းကိုပင် ပြဆိုတော်မူသောကြောင့် ထိုအဋ္ဌကထာ, ဋီကာတို့ကို သတိမမူမိ၍သာ "အညဋ္ဌကထာဋီကာသု စ တာဒိသံ ဝစနံ နတ္ထိ" ဟူသော စကားကို ဝိဒူတို့ ဆိုမိခြင်းသာ ဖြစ်သည်။ ထိုစကားကိုလည်း မဆိုသင့်ပေ။

## ယောကျ်ားဘဝ ဖြစ်နိုင်ပုံ

ဘုရားမယ်တော် ဖြစ်ရပါလို၏ ဟု ဆုပန်သောအခါ "မယ်တော်ဖြစ်ပြီးနောက် ယောကျ်ားဖြစ်ရပါလို၏ ဆုတောင်းခြင်းမရှိ" ဟု ဆိုရာ၌လည်း ဘုရားမယ်တော် ဖြစ်ရခြင်းသည် ဆုပန်သည့်နောက် မဟာကပ်တသိန်းပတ်လုံး ပါရမီကို စုံညီအောင် ဖြည့်ကျင့်နိုင်မှ ဘုရားမယ်တော်ဖြစ်သည်။ မိန်းမတို့၏ ယောကျ်ားအဖြစ်ကို တောင့်တ ဆုပန်ရာ၌ကား မိန်းမအဖြစ်၌ ဆန္ဒရာဂကို ကင်းစေ၍ မိမိ၏ လင်ကို နတ်ကဲ့သို့ ရိုသေစွာ ပြုစုလုပ်ကျွေးခြင်း ဒါန သီလ-စသည်ကို အားထုတ်ခြင်း အစရှိသော ကျင့်ဝတ်ပဋိပတ်ကို အားထုတ်ကျင့်ဆောင်နိုင်လျှင် နှစ်ဆက် သုံးဆက်သော ဘဝကာလမျှဖြင့်ပင် ယောကျ်ားအဖြစ်ကို ရနိုင်ရာသောကြောင့် ဘုရားမယ်တော် ဖြစ်ရလို၏ ဟု ဆုတောင်းစဉ်အခါ "ဘုရားမယ်တော် ဖြစ်ပြီး၍ ယောကျ်ားဖြစ်ရပါလို၏" ဟု ဆုတောင်းရာ မပါခြင်းကိုလည်း အကြောင်း မထားသင့်ပေ။

"ဓမ္မတာ သုံးဆယ်၌ မပါ" ဟူခြင်းသည်လည်း ဤ ဓမ္မတာ သုံးဆယ်၌ မပါ ဟူသောစကားကို ဗုဒ္ဓဝင်အဋ္ဌကထာ၌ ပြဆိုလာရှိသော ဓမ္မတာ အပြားသုံးဆယ်တွင် တိုက်ရိုက်မပါသည်ကို အစွဲပြု၍ ဝိဒူတို့ ဆိုခြင်းသာ ဖြစ်သည်။

## ဗုဒ္ဓဝင်အဋ္ဌကထာအရ ဓမ္မတာ-၃၀

ဤအရာဝယ် ဗုဒ္ဓဝင်အဋ္ဌကထာ (၃၅၁) ၌ လာသော စကားကို ပြဆိုလိုက်ဦးအံ့။

သဗ္ဗဗုဒ္ဓါနံ သမတိံသဝိဓာ ဓမ္မတာ။ သေယျထိဒံ—

(၁) ပစ္ဆိမဘဝိကဗောဓိသတ္တဿ သတဿ သမ္ပဇာနဿ မာတု-
ကုစ္ဆိံ ဩက္ကမနံ။

(၂) မာတုကုစ္ဆိယံ ပလ္လင်္ကေန နိသီဒိတွာ ဗဟိမုခါလောကနံ။

(၃) ဌိတာယ ဗောဓိသတ္တမာတုယာ ဝိဇာယနံ။

(၄) အရညေယေဝ မာတုကုစ္ဆိတော နိက္ခမနံ။

(၅) ကဥ္စနပဋ္ဋေ သုပတိဋ္ဌိတပါဒါနံ ဥတ္တရာဘိမုခါနံ သတ္တပဒဝီတိဟာရံ
ဂန္တွာ စတုဒ္ဒိသံ ဩလောကေတွာ သီဟနာဒနဒနံ။

(၆) စတ္တာရိ နိမိတ္တာနိ ဒိသွာ ဇာတမတ္တပုတ္တာနံ မဟာသတ္တာနံ မဟာ-
ဘိနိက္ခမနံ။

(၇) အရဟတ္တဓဇမာဒါယ ပဗ္ဗဇိတွာ သဗ္ဗပဟေဋ္ဌိမေန ပရိစ္ဆေဒေန
သတ္တာဟံ ပဓာနစရိယံ။

(၈) သမ္ဗောဓိပါပုဏနဒိဝသေ ပါယာသဘောဇနံ။

(၉) တိဏသန္ထရေ နိသီဒိတွာ သဗ္ဗညုတညာဏာဓိဂမော။

(၁၀) အာနာပါနဿတိကမ္မဋ္ဌာနပရိကမ္မံ။

(၁၁) မာရဗလဝိဒ္ဓံသနံ။

(၁၂) ဗောဓိပလ္လင်္ကေယေဝ တိဿော ဝိဇ္ဇာ အာဒိံ ကတွာ အသာ-
ဓာရဏဉာဏာဒိဂုဏပဋိလာဘော။

(၁၃) သတ္တသတ္တာဟံ ဗောဓိသမီပေယေဝ ဝီတိနာမနံ။

(၁၄) မဟာဗြဟ္မုနော ဓမ္မဒေသနာယ အာယာစနံ။

(၁၅) ဣသိပတနေ မိဂဒါယေ ဓမ္မစက္ကပဝတ္တနံ။

(၁၆) မာဃပုဏ္ဏမာယံ စတုရင်္ဂိကသန္နိပါတေ ပါတိမောက္ခုဒ္ဒေသော။

(၁၇) ဇေတဝနေ နိဗဒ္ဓဝါသော။

(၁၈) သာဝတ္ထိနဂရဒွါရေ ယမကပါဋိဟာရိယကရဏံ။

(၁၉) တာဝတိံသဘဝနေ အဘိဓမ္မဒေသနာ။

(၂၀) သင်္ကဿနဂရဒွါရေ ဒေဝလောကတော ဩတရဏံ။

(၂၁) သတတံ ဖလသမာပတ္တိသမာပဇ္ဇနံ။

(၂၂) ဒွီသု ဈာနေသု ဝေနေယျဇနာဝလောကနံ။

(၂၃) ဥပ္ပန္နေ ဝတ္ထုမှို သိက္ခာပဒပညာပနံ။
(၂၄) ဥပ္ပန္နာယ အတ္ထုပ္ပတ္တိယာ ဇာတကကထနံ။
(၂၅) ဉာတိသမာဂမေ ဗုဒ္ဓဝံသကထနံ။
(၂၆) အာဂန္တုကေဟိ ဘိက္ခူဟိ ပဋိသန္ထာရကရဏံ။
(၂၇) နိမန္တိတာနံ ဝုဋ္ဌဝဿာနံ အနာပုစ္ဆာ အဂမနံ။
(၂၈) ဒိဝသေ ဒိဝသေ ပုရေဘတ္တ, ပစ္ဆာဘတ္တ, ပဌမ, မဇ္ဈိမ, ပစ္ဆိမယာမ-ကိစ္စကရဏံ။
(၂၉) ပရိနိဗ္ဗာနဒိဝသေ မံသရသဘောဇနံ။
(၃၀) စတုဝီသတိ ကောဋိသတသဟဿသမာပတ္တိယော သမာပဇ္ဇိတ္ဝာ ပရိနိဗ္ဗာနန္တိ ဣမာ သမတိံသဝိဓာ သဗ္ဗဗုဒ္ဓါနံ ဓမ္မတာတိ။

ဗုဒ္ဓဝင်အဋ္ဌကထာ (၃၅၁)

## ဓမ္မတာ ၃၀-ပါဌ်အနက်

သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းသော ဘုရားရှင်တို့၏။ ဓမ္မတာ၊ ဓမ္မတာတို့သည်။ သမတိံသဝိဓာ၊ အမျှသုံးဆယ် အပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဒံ-ဣမာ ဓမ္မတာ၊ ဤအမျှသုံးဆယ်သော ဓမ္မတာတို့သည်။ သေယျထာ ကတမာ၊ အဘယ်တို့နည်းဟူမူကား—

(၁) ပစ္ဆိမဘဝိကဗောဓိသတ္တဿ၊ ပစ္ဆိမဘဝိက ဗောဓိသတ္တ ဖြစ်သော ဘုရားလောင်း၏။ သတဿ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနဿ၊ ပညာနှင့် ပြည့်စုံသည်ဖြစ်၍။ မာတုကုစ္ဆိသြက္ကမနံ၊ ဂဗ္ဘသေယျက ပဋိသန္ဓေ စွဲနေခြင်း ဟူသော မယ်တော်ဝမ်းသို့ သက်ခြင်းတပါး။

(၂) မာတုကုစ္ဆိယံ၊ မယ်တော်ဝမ်းတိုက်၌။ ပလ္လင်္ကေန၊ ထက်ဝယ်ပလ္လင်ဖြင့်။ နိသီဒိတွာ၊ ထိုင်နေ၍။ ဗဟိမုခါလောကနံ၊ ကျောက်ကုန်းကို ကျောပေးလျက် ရှေ့သို့ ရှေးရှုမျက်နှာမူခြင်းဟူသော ပြင်သို့မျက်နှာရှေးရှု နေခြင်းတပါး။

(၃) ဗောဓိသတ္တမာတုယာ၊ ဘုရားလောင်းမယ်တော်၏။ ဌိတာယ၊ မတ်တပ်ရပ်လျက်။ ဝိဇာယနံ၊ ဖွားမြင်တော်မူခြင်းတပါး။

(၄) အရညေယေဝ၊ တောအရပ်၌သာလျှင်။ မာတုကုစ္ဆိတော၊ မယ်တော်ဝမ်းမှ။ နိက္ခမနံ၊ ဖွားတော်မူခြင်းတပါး။

(၅) ကဥ္စနပဋ္ဋေ၊ ရွှေပုဆိုးအခင်း၌။ သုပတိဋ္ဌိတပါဒါနံ၊ ကောင်းစွာတည် ပြီးသော ခြေတော်ရှိကုန်သော။ ဥတ္တရာဘိမုခါနံ၊ မြောက်သို့ရှေးရှု မျက်နှာမူကုန်

သော ဘုရားလောင်းတို့၏။ သတ္တပဒဝီတိဟာရံ၊ ဖဝါးလှမ်းခုနစ်ကြိမ်။ ဂန္တွာ၊ လှမ်းသွား၍။ စတုဒ္ဒိသံ၊ အရပ်လေးမျက်နှာကို။ ဩလောကေတွာ၊ လှည့်ကြည့်ပြီး၍။ သီဟနာဒနဒန္တံ၊ ခြသေ့ မင်းကဲ့သို့ ရဲရင့်ခြင်းနှင့်ပြည့်စုံ၍ "အဂ္ဂေါ-ဟမသ္မိ လောကဿ" အစရှိသော စကားကို ကြုံးဝါးတော်မူခြင်းတပါး။

(ဤအရာဝယ် အချို့ဗုဒ္ဓဝင် အဋ္ဌကထာ ပေ-တို့၌ "သတ္တပဒဝီတိဟာ-ရကရဏံ" ဟု ပါဌ်ရှိ၏။ ရှိသည့်အတိုင်းလည်း မြောက်သို့ ရှေးရှုခုနစ်ဖဝါး လှမ်းသွားခြင်းကို သီးခြားဓမ္မတာတပါး ဟု အချို့ဆရာတို့ ယူကုန်၏။ သမတိံသ-ဟူသော သင်္ချာနှင့် သင်္ချာ သင်္ချေယျ မတန်သောကြောင့်ရင်း မဟာပဒါနသုတ်ပါဠိတော်နှင့် မညီသောကြောင့်ရင်း ဤသို့ ပါဌ်မရှိသင့်၊ သီးခြားတပါးလည်း မယူသင့်၊ ပြဆိုခဲ့ပြီးသည့်အတိုင်း သာ မှတ်)။

(၆) စတ္တာရိ နိမိတ္တာနိ၊ သူနာ, သူအို, သူသေ, ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးတို့ကို။ ဒိသွာ၊ မြင်၍။ ဇာတမတ္တပုတ္တာနံ၊ ဖွားကာမျှသော သားဦးရှိကုန်သော။ မဟာသတ္တာနံ၊ ဘုရားလောင်းတို့၏။ မဟာဘိနိက္ခမနံ၊ မြတ်သော တောထွက်တော်မူခြင်းဖြင့် တောထွက်ခြင်းတပါး။

(၇) အရဟတ္တဓဇံ၊ အရဟတ္တဖိုလ်၏ တန်ခွန်သဖွယ်ဖြစ်သော ဖန်ရည်စွန်းသောသင်္ကန်းကို။အာဒါယ၊ ယူ၍။ပဗ္ဗဇိတွာ၊ရဟန်းပြု၍။ သဗ္ဗဟေဋ္ဌိမေန ပရိစ္ဆေ-ဒေန၊ အလုံးစုံတို့အောက်အယုတ်ဆုံး အနည်းဆုံးဖြစ်သော အပိုင်းအခြားအားဖြင့်။ သတ္တာဟံ၊ ခုနစ်ရက်။ ပဓာနစရိယံ၊ ဒုက္ကရအကျင့်ကို ကျင့်တော်မူရခြင်း တပါး။

(၈) သမ္ဗောဓိပါပုဏနဒိဝသေ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်အံ့သောနေ့၌။ ပါယာသဘောဇနံ၊ နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူခြင်း တပါး။

(၉) တိဏသန္ထရေ၊ မြက်အခင်း၌။ နိသီဒိတွာ၊ ထိုင်နေ၍။ သဗ္ဗညုတ-ညာဏာဓိဂမော၊ သဗ္ဗညုတဉာဏ်ကို ရတော်မူခြင်းတပါး။

(၁၀) အာနာပါနဿတိ ကမ္မဋ္ဌာနပရိကမ္မံ၊ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပရိကံ ပြုတော်မူခြင်းတပါး။

(၁၁) မာရဗလဝိဒ္ဓံသနံ၊ မာရ်မင်း, မာရ်မင်းအားကို ဖျက်ဆီးခြင်းတပါး။

(၁၂) ဗောဓိပလ္လင်္ကေယေဝ၊ ဗောဓိပင်အောက် ရတနာပလ္လင်ထက်၌ပင် လျှင်။ တိဿော ဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးတို့ကို။ အာဒိံကတွာ၊ အစပြု၍။ အသာဓာ-

ရဏာဉာဏာဒိဂုဏပဋိလာဘော၊ဆအသာဓာရဏဉာဏ်တော်အစရှိသော ဂုဏ်တော်တို့ကို ရခြင်းတပါး။

(၁၃) သတ္တသတ္တာဟံ၊ ခုနစ်ရက်ခုနစ်လီကို။ ဗောဓိသမီပေယေဝ၊ဗောဓိပင်၏ ထက်ဝန်းကျင်အနီးဖြစ်သော ဗောဓိမဏ္ဍိုင်၌သာလျှင်။ ဝီတိနာမနံ၊ လွန်စေတော်မူခြင်းတပါး။

(၁၄) မဟာဗြဟ္မုနော၊ ဗြဟ္မာကြီး၏။ ဓမ္မဒေသနာယ၊ တရားဟောစိမ့်သောငှါ။ အာယာစနံ၊ တောင်းပန်ခြင်းတပါး။

(၁၅) မိဂဒါယေ၊ သားတို့အား ဘေးမဲ့ပေးရာဖြစ်သော။ ဣသိပတနေ၊ ဣသိပတနတော၌။ ဓမ္မစက္ကပဝတ္တနံ၊ ဓမ္မစကြာတရားကို ဟောတော်မူခြင်းတပါး။

(၁၆) မာဃပုဏ္ဏမာယံ၊ တပို့တွဲလပြည့်နေ့၌။ စတုရင်္ဂိကသန္နိပါတေ၊ အင်္ဂါလေးပါးနှင့်ပြည့်စုံသော ရဟန္တာတို့၏ အစည်းအဝေး၌။ ပါတိမောက္ခုဒ္ဒေ-သော၊ ပါတိမုက်ပြခြင်းတပါး။

(၁၇) ဇေတဝနေ၊ ၌။ နိဗဒ္ဓဝါသော၊ အမြဲသီတင်းသုံးတော်မူခြင်းတပါး။

(၁၈) သာဝတ္ထိနဂရဒွါရေ၊ သာဝတ္ထိမြို့တံခါးအနီး၌။ ယမကပါဋိဟာရိယ-ကရဏံ၊ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူခြင်းတပါး။

(၁၉) တာဝတိံသဘဝနေ၊ တာဝတိံသာနတ်ပြည်၌။ အဘိဓမ္မဒေသနာ၊ အဘိဓမ္မာခုနစ်ကျမ်းကို ဟောတော်မူခြင်းတပါး။

(၂၀) သင်္ကဿနဂရဒွါရေ၊ သင်္ကဿမြို့တံခါး၏ အနီး၌။ ဒေဝလောက-တော၊ မှ။ ဩဘရဏံ၊ သက်ဆင်းတော်မူခြင်းတပါး။

(၂၁) သတတံ၊ မပြတ်။ဖလ သမာပတ္တိသမာပဇ္ဇနံ၊ဖလသမာပတ်ကိုဝင်စားတော်မူခြင်း တပါး။

(၂၂) ဒွီသု ဌာနေသု၊ ည နံနက် နှစ်ဌာနတို့၌။ ဝေနေယျဇနာ-ဝလောကနံ၊ ဆုံးမထိုက်သော သတ္တဝါတို့ကို ကြည့်တော်မူခြင်း တပါး။

(၂၃) ဝတ္ထုမှိ၊ တစုံတခု အကြောင်းဝတ္ထုသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ သိက္ခာပဒပညာပနံ၊ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း တပါး။

(၂၄) အတ္ထုပ္ပတ္တိယာ၊ အကြောင်းအတ္ထုပ္ပတ္တိသည်။ ဥပ္ပန္နာယ၊ ဖြစ်သည်ရှိသော်။ ဇာတကကထနံ၊ ရှေးဖြစ်ဘူးသောဇာတ်ကို ဟောတော်မူခြင်း တပါး။

(၂၅) ဉာတိသမာဂမေ၊ ဆွေတော် မျိုးတော်တို့၏ အစည်းအဝေး၌။ ဗုဒ္ဓဝံသကထနံ၊ မြတ်စွာဘုရားတို့၏ အဆက်အနွယ်ဟူသော ဗုဒ္ဓဝင်ကို ဟောတော်မူခြင်း တပါး။

(၂၆) အာဂန္တုကေဟိ၊ အာဂန္တုက ဖြစ်ကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ ပဋိသန္ထာရကရဏံ၊ ကျန်းခံ့သာယာခြင်း စသည်ကို မေးမြန်းခြင်းဟူသော ပဋိသန္ထာရကို ပြုတော်မူခြင်း တပါး။

(၂၇) ဝုဋ္ဌဝဿာနံ၊ ဝါမှ ထမြောက်ပြီးသော ဘုရားရှင်တို့၏။ နိမန္တိတာနံ၊ ပင့်ဘိတ်လျှောက်ထားရင်းဖြစ်သော ဒါယကာတို့အား။ အနာပုစ္ဆာ၊ မပန်မကြားမူ၍။ အဂမနံ၊ ကြွတော်မမူခြင်း တပါး။

(၂၈) ဒိဝသေ ဒိဝသေ၊ နေ့တိုင်းနေ့တိုင်း။ ပုရေဘတ္တပစ္ဆာဘတ္တပဌမ-မဇ္ဈိမပစ္ဆိမယာမကိစ္စကရဏံ၊ပုရေဘတ္တကိစ္စ, ပစ္ဆာဘတ္တကိစ္စ, ပဌမယာမကိစ္စ,မဇ္ဈိမယာမကိစ္စ, ပစ္ဆိမယာမကိစ္စဟူကုန်သော ကိစ္စငါးပါးတို့ကို ပြုတော်မူခြင်းတပါး။

(၂၉) ပရိနိဗ္ဗာနဒိဝသေ၊ ပရိနိဗ္ဗာန်စံတော်မူမည့်နေ့၌။ မံသရသဘောဇနံ၊ သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်း တပါး။

(၃၀) စတုဝီသတိကောဋိသတသဟဿသမာပတ္တိယော၊ ကုဋေ နှစ်သန်းလေးသိန်းသော သမာပတ်တို့ကို။ သမာပဇ္ဇိတွာ၊ ဝင်စားပြီး၍။ ပရိနိဗ္ဗာနံ၊ ဒုက္ခသစ္စာ အဗျာကတဖြစ်သော ဘဝင်စိတ်ဟူသော စုတိစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူခြင်း တပါး။

ဣတိ၊ သို့။ သမတိံသဝိဓာ၊ အမျှသုံးဆယ် အပြားရှိကုန်သော။ ဣမာဓမ္မတာ၊ ဤဓမ္မတာတို့သည်။ သဗ္ဗဗုဒ္ဓါနံ၊ တို့၏။ ဓမ္မတာ၊ ဓမ္မတာတို့တည်း။

## ဗုဒ္ဓဓမ္မတာ ၃၀-မျှမက ရှိကြောင်းကို ပြပုံ

ဓမ္မတာကား ဤ ဗုဒ္ဓဝင်အဋ္ဌကထာ၌ ပြဆိုလာရှိသည်အတိုင်း သုံးဆယ်မျှသာမက အများပင် ရှိသေးသည်။ အများရှိကြောင်းကိုလည်း ဤ ပြဆိုလတ္တံ့သော ပါဠိ အဋ္ဌကထာတို့ကို ထောက်သဖြင့် သိအပ်၏။

## သုတ်မဟာဝါ-မဟာပဒါနသုတ်ပါဠိတော်

အထ ခေါ ဘိက္ခဝေ ဝိပဿီဗောဓိသတ္တော တုသိတာကာယာ စဝိတွာ သတော သမ္ပဇာနော မာတုကုစ္ဆိံ ဩက္ကမတိ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ သော ဘိက္ခဝေ။

ယဒါ ဗောဓိသတ္တော တုသိတာကာယာ စဝိတွာ မာတုကုစ္ဆိံ ဩက္ကမတိ။ အထ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အပ္ပမာဏော ဥဠာရော ဩဘာသော ပါတုဘဝတိ၊

အတိက္ကမ္မေဝ ဒေဝါနံ ဒေဝါနုဘာဝံ။ ယာ တာ လောကန္တရိကာ အဃာ အသံဝုတာ အန္ဓကာရာ အန္ဓကာရတိမိသာ၊ ယတ္ထ ဝိမေ စန္ဒိမသူရိယာ ဧဝံ မဟိဒ္ဓိကာ ဧဝံ မဟာနုဘာဝါ အာဘာယ နာနုဘောန္တိ။ တတ္ထပိ အပ္ပမာဏော ဥဠာရော ဩဘာသော ပါတုဘဝတိ၊ အတိက္ကမ္မေဝ ဒေဝါနံ ဒေဝါနုဘာဝံ။ ယေပိ တတ္ထ သတ္တာ ဥပပန္နာ၊ တေပိ တေနောဘာသေန အညမညံ သဉ္ဇာနန္တိ၊ အညေပိ ကိရ ဘော သန္တိ သတ္တာ ဣဓူပပန္နာတိ။ အယဉ္စ ဒသသဟဿီ-လောကဓာတု သံကမ္ပတိ သမ္ပကမ္ပတိ သမ္ပဝေဓတိ။ အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုဘဝတိ။ အတိက္ကမ္မေဝ ဒေဝါနံ ဝေဒါနုဘာဝံ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ ဧသာ ဘိက္ခဝေ။

ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိံ ဩက္ကန္တော ဟောတိ၊ စတ္တာရော နံ ဒေဝပုတ္တာ စတုဒ္ဒိသံ ရက္ခာယ ဥပဂစ္ဆန္တိ၊ မာ နံ ဗောဓိသတ္တံ ဝါ ဗောဓိသတ္တ-မာတရံ ဝါ မနုဿော ဝါ အမနုဿော ဝါ ကောစိ ဝါ ဝိဟေဌေသီတိ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ ဧသာ ဘိက္ခဝေ။

ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိံ ဩက္ကန္တော ဟောတိ။ ပကတိယာ သီလဝတီ ဗောဓိသတ္တမာတာ ဟောတိ။ ဝိရတာ ပါဏာတိပါတာ။ ဝိရတာ အဒိန္နာဒါနာ။ ဝိရတာ ကာမေသုမိစ္ဆာစာရာ။ ဝိရတာ မုသာဝါဒါ။ ဝိရတာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ ဧသာ ဘိက္ခဝေ။

ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိံ ဩက္ကန္တော ဟောတိ။ န ဗောဓိသတ္တမာတု ပုရိသေသု မာနသံ ဥပ္ပဇ္ဇတိ ကာမဂုဏူပသံဟိတံ။ အနတိက္ကမနီယာ စ ဗောဓိ-သတ္တမာတာ ဟောတိ ကေနစိ ပုရိသေန ရတ္တစိတ္တေန။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ ဧသာ ဘိက္ခဝေ။

ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိံ ဩက္ကန္တော ဟောတိ။ လာဘိနီ ဗောဓိသတ္တမာတာ ဟောတိ ပဉ္စန္နံ ကာမဂုဏာနံ။ သာ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတာ သမင်္ဂီဘူတာ ပရိစာရေတိ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ ဧသာ ဘိက္ခဝေ။

ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိံ ဩက္ကန္တော ဟောတိ။ န ဗောဓိသတ္တမာတု ကောစိဒေဝ အာဗာဓော ဥပ္ပဇ္ဇတိ။ သုခိနီ ဗောဓိသတ္တမာတာ ဟောတိ အကိလန္တကာယာ။ ဗောဓိသတ္တဉ္စ ဗောဓိသတ္တမာတာ တိရောကုစ္ဆိဂတံ ပဿတိ သဗ္ဗင်္ဂပစ္စင်္ဂိံ အဟီနိန္ဒြိယံ။ သေယျထာပိ ဘိက္ခဝေ မဏိဝေဠုရိယော သုဘော ဇာတိမာ အဋ္ဌံသော သုပရိကမ္မကတော အစ္ဆော ဝိပ္ပသန္နော သဗ္ဗာကာရသမ္ပန္နော။ တတြာယံ သုတ္တံ အာဝုတံ နီလံ ဝါ ပီတံ ဝါ လောဟိတကံ ဝါ ဩဒါတံ ဝါ

ပဏ္ဍုသုတ္တံ ဝါ။ တမေနံ စက္ခုမာ ပုရိသော ဟတ္ထေသု ကရိတွာ ပစ္စဝေက္ခေယျ။ အယံ ခေါ မဏိဝေဠုရိယော သုဘော ဇာတိမာ အဋ္ဌံသော သုပရိကမ္မကတော အစ္ဆော ဝိပ္ပသန္နော သဗ္ဗာကာရသမ္ပန္နော၊ တတြိဒံ သုတ္တံ အာဝုတံ နီလံ ဝါ ပီတံ ဝါ လောဟိတကံ ဝါ ဩဒါတံ ဝါ ပဏ္ဍုသုတ္တံ ဝါတိ။ ဧဝမေဝ ခေါ ဘိက္ခဝေ ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိံ ဩက္ကန္တော ဟောတိ။ န ဗောဓိသတ္တမာတု ကောစိဒေဝ အာဗာဓော ဥပ္ပဇ္ဇတိ။ သုခိနီ ဗောဓိသတ္တမာတာ ဟောတိ အကိလန္တကာယာ။ ဗောဓိသတ္တဉ္စ ဗောဓိသတ္တမာတာ တိရောကုစ္ဆိဂတံ ပဿတိ သဗ္ဗင်္ဂပစ္စင်္ဂိံ အဟီနိန္ဒြိယံ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ ဧသာ ဘိက္ခဝေ။

သတ္တာဟဇာတေ ဗောဓိသတ္တေ ဗောဓိသတ္တမာတာ ကာလံကရောတိ။ တုသိတံကာယံ ဥပပဇ္ဇတိ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ ဧသာ ဘိက္ခဝေ။

ယထာ အညာ ဣတ္ထိကာ နဝ ဝါ ဒသ ဝါ မာသေ ဂဗ္ဘံ ကုစ္ဆိနာ ပရိဟရိတွာ ဝိဇာယန္တိ။ န ဟေဝံ ဗောဓိသတ္တံ ဗောဓိသတ္တမာတာ ဝိဇာယတိ၊ ဒသေဝ မာသာနိ ဗောဓိသတ္တံ ဗောဓိသတ္တမာတာ ကုစ္ဆိနာ ပရိဟရိတွာ ဝိဇာယတိ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ ဧသာ ဘိက္ခဝေ။

ယထာ အညာ ဣတ္ထိကာ နိသိန္နာ ဝါ နိပန္နာ ဝါ ဝိဇာယန္တိ။ န ဟေဝံ ဗောဓိသတ္တံ ဗောဓိသတ္တမာတာ ဝိဇာယတိ၊ ဌိတာဝ ဗောဓိသတ္တံ ဗောဓိသတ္တမာတာ ဝိဇာယတိ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ ဧသာ ဘိက္ခဝေ။

ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိမှာ နိက္ခမတိ။ ဒေဝါ ပဌမံ ပဋိဂ္ဂဏှန္တိ၊ ပစ္ဆာ မနုဿာ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ ဧသာ ဘိက္ခဝေ။

ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိမှာ နိက္ခမတိ။ အပ္ပတ္တောဝ ဗောဓိသတ္တော ပထဝိံ ဟောတိ။ စတ္တာရော နံ ဒေဝပုတ္တာ ပဋိဂ္ဂဟေတွာ မာတု ပုရတော ဌပေန္တိ။ အတ္တမနာ ဒေဝိ ဟောတိ မဟေသက္ခော တေ ပုတ္တော ဥပ္ပန္နောတိ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ ဧသာ ဘိက္ခဝေ။

ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိမှာ နိက္ခမတိ။ ဝိသဒေါဝ နိက္ခမတိ။ အမက္ခိတော ဥဒရေန၊ အမက္ခိတော သေမှေန၊ အမက္ခိတော ရုဟိရေန၊ အမက္ခိတော ကေနစိ အသုစိနာ၊ သုဒ္ဓေါ ဝိသဒေါ။ သေယျထာပိ ဘိက္ခဝေ မဏိရတနံ ကာသိကေ ဝတ္ထေ နိက္ခိတ္တံ နေဝ မဏိရတနံ ကာသိကံ ဝတ္ထံ မက္ခေတိ။ နာပိ ကာသိကံ ဝတ္ထံ မဏိရတနံ မက္ခေတိ။ တံ ကိဿဟေတု ဥဘိန္နံ သုဒ္ဓတ္တာ။ ဧဝမေဝ ခေါ ဘိက္ခဝေ ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိမှာ နိက္ခမတိ။ ဝိသဒေါဝ နိက္ခမတိ။ အမက္ခိတော ဥဒရေန၊ အမက္ခိတော သေမှေန၊ အမက္ခိတော

ရူပဟိရေန၊ အမက္ခိတော ကေနစိ အသုစိနာ၊ သုဒ္ဓေါ ဝိသဒေါ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ သော ဘိက္ခဝေ။

ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိမှာ နိက္ခမတိ။ ဒွေ ဥဒကဿ ဓာရာ အန္တလိက္ခာ ပါတုဘဝန္တိ။ ဧကာ သီတဿ ဧကာ ဥဏှဿ ယေန ဗောဓိသတ္တဿ ဥဒကကိစ္စံ ကရောန္တိ မာတု စ။ အယမေတ္ထ ဓမ္မတာ။ ဓမ္မတာ သော ဘိက္ခဝေ။

သမ္ပတိဇာတော ဗောဓိသတ္တော သမေဟိ ပါဒေဟိ ပတိဋ္ဌဟိတွာ ဥတ္တရေန မုခေါ သတ္တပဒဝီတိဟာရေန ဂစ္ဆတိ။ သေတမှိ ဆတ္တေ အနုဓာရယမာနေ။ သဗ္ဗာ စ ဒိသာ အနုဝိလောကေတိ။ အာသဘိဝါစံ ဘာသတိ။ "အဂ္ဂေါဟ-မသ္မိ လောကဿ။ ဇေဋ္ဌောဟမသ္မိ လောကဿ။ သေဋ္ဌောဟမသ္မိလော-ကဿ။အယမန္တိမာ ဇာတိ။ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ" တိ။အယမေတ္ထ ဓမ္မတာ။ဓမ္မတာ သော ဘိက္ခဝေ။

ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိမှာ နိက္ခမတိ။ အထ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အပ္ပမာဏော ဥဠာရော ဩဘာသော ပါတုဘဝတိ အတိက္ကမ္မေဝ ဒေဝါနံ ဒေဝါနုဘာဝံ။ ယာပိ တာ လောကန္တရိကာ အဃာ အသံဝုတာ အန္ဓကာရာ အန္ဓကာရတိမိသာ၊ ယတ္ထ ိမေ စန္ဒိမသူရိယာ ဧဝံမဟိဒ္ဓိကာ ဧဝံမဟာနုဘာဝါ အာဘာယ နာနုဘောန္တိ။ တတ္ထပိ အပ္ပမာဏော ဥဠာရော ဩဘာသော ပါတု-ဘဝတိ အတိက္ကမ္မေဝ ဒေဝါနံ ဒေဝါနုဘာဝံ။ ယေပိ တတ္ထ သတ္တာ ဥပပန္နာ၊ တေပိ တေနောဘာသေန အညမညံ သဉ္ဇာနန္တိ။ အညေပိ ကိရ ဘော သန္တိ သတ္တာ ဣဓူပပန္နာတိ။ အယဉ္စ ဒသသဟဿိလောကဓာတု သံကမ္ပတိ သမ္ပကမ္ပတိ သမ္ပဝေဓတိ။ အပ္ပမာဏော စ ဥဠာရော ဩဘာသော ပါတုဘဝတိ။ အတိက္ကမ္မေဝ ဒေဝါနံ ဒေဝါနုဘာဝံ။ အယမေတ္ထ ဓမ္မတာ။

## ပါဠိတော်အနက်

ဘိက္ခဝေ၊ တို့။ အထခေါ၊ ထိုသို့လူ့ပြည်၌ဖြစ်စိမ့်သောငှါ နတ်ဗြဟ္မာ အပေါင်းတို့တောင်းပန်ကြသည်ကို ဝန်ခံပြီးသောအခါ၌။ ဝိပဿီဗောဓိသတ္တော၊ ဝိပဿီဘုရားလောင်းသည်။ တုသိတာကာယာ၊ တုသိတာနတ်အပေါင်းမှ။ ဝါ၊ တုသိတာနတ်ဖြစ်သောကိုယ်မှ။ စဝိတွာ၊ စုတေ့၍။ သတော၊ သတိနှင့်ပြည့်စုံသည် ဖြစ်၍။ သမ္ပဇာနော၊ ပညာအမြော်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍။ မာတုကုစ္ဆိံ၊ မယ်တော်ဝမ်းတိုက်သို့။ ဩက္ကမတိ၊ မေတ္တာစျာန်၏ ပုဗ္ဗဘာဂဖြစ်သော သောမ-နဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပဌမမဟာကုသိုလ်စိတ်၏ အကျိုး ဖြစ်သော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပဌမမဟာဝိပါက်

စိတ်ဖြင့် ပဋိသန္ဓေစွဲနေသောအားဖြင့် သက်၏။ အယံ၊ ဤသတိသမ္ပဇညနှင့် ပြည့်စုံသည်ဖြစ်၍ မယ်တော်ဝမ်းတိုက်၌ ပဋိသန္ဓေစွဲနေခြင်းသည်။ ဧတ္ထ၊ ဤ မယ်တော်ဝမ်းသို့ ပဋိသန္ဓေစွဲနေသောအားဖြင့် သက်ရာ၌။ ဓမ္မတာ၊ ပစ္ဆိမဘဝိက ဘုရားလောင်းတကာတို့၏ ဓမ္မတာ နိယာမ သဘောပင်တည်း။ ဘိက္ခဝေ၊ တို့။ သော၊ ဤသတိသမ္ပဇညနှင့် ပြည့်စုံသည်ဖြစ်၍ မယ်တော်ဝမ်း၌ ပဋိသန္ဓေ စွဲနေခြင်းသည်။ ဓမ္မတာ၊ ၏ ဓမ္မတာနိယာမ သဘောပင်တည်း။

ယဒါ၊ ၌။ ဗောဓိသတ္တော၊ သည်။ တုသိတာကာယာ၊ မှ။ စဝိတွာ၊ ၍။ မာတုကုစ္ဆိံ၊ သို့။ ဩက္ကမတိ၊ ၏။ အထ၊ ထိုပဋိသန္ဓေနေသောအခါ၌။ သဒေဝကေ၊ နတ်နှင့်တကွသော။ သမာရကေ၊ မာရ်နှင့်တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာနှင့်တကွသော။ လောကေ၊ လောက၌။ သသမဏဗြာဟ္မဏိယာ၊ ရဟန်း ပုဏ္ဏားနှင့်တကွသော။ သဒေဝမနုဿာယ၊ နတ်လူနှင့် တကွသော။ ပဇာယ၊ သတ္တဝါ၌။ အပ္ပမာဏော၊ လွန်ကဲသော ပမာဏရှိသော။ ဥဠာရော၊ ပြန့်ပြော ကြီးမားသော။ ဩဘာသော၊ အရောင်သည်။ ဒေဝါနံ၊ တို့၏။ ဒေဝါနုဘာဝံ၊ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာတိုင်အောင် ထွန်းလင်းတောက်ပသော အဝတ် ရောင် ကိုယ်ရောင် တန်ဆာရောင် ဗိမာန်ရောင် ဟူသော နတ်တို့၏တန်ခိုးကို။ အတိက္ကမ္မေဝ၊ လွန်၍သာလျှင်။ ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။

အဃာ၊ အထက်၌ အဖုံးအပိတ်မရှိ ဟင်းလင်းအတိသာ ဖြစ်ကုန်သော။ အသံဝုတာ၊ အောက်၌လည်း ဆီးတားစောင့်ကာ တည်ရာမရှိကုန်သော။ အန္ဓကာရာ၊ အမိုက်အတိဖြစ်၍ ဖြစ်ကုန်သော။ အန္ဓကာရတိမိသာ၊ စက္ခုဝိညာဉ်၏ ဖြစ်ခြင်းကို တားမြစ်ခြင်းကြောင့် ကန်းသည်၏ အဖြစ်ကို ပြုတတ်သော အမိုက် တိုက်နှင့် ပြည့်စုံကုန်သော။ ယာ တာ လောကန္တရိကာ၊ အကြင်လောကန္တရက် ငရဲတို့သည်။ သန္တိ၊ ကုန်၏။ ယတ္ထ၊ အကြင်လောကန္တရက်ငရဲတို့၌။ ဧဝံ မဟိဒ္ဓိကာ၊ ဤသို့သုံးကျွန်းလုံးကို တပြိုင်နက်ထွန်းလင်းစေနိုင်ခြင်းဟူသော ကြီးသော တန်ခိုးရှိကုန်သော။ ဧဝံမဟာနုဘာဝါ၊ ဤသို့တမျက်နှာ တမျက်နှာ၌ ယူဇနာ ကိုးသိန်း ကိုးသိန်းတိုင်အောင် အမိုက်တိုက်ကို ပယ်ရှင်း၍ အလင်းကိုပြုနိုင်သော ကြီးသော အာနုဘော်ရှိကုန်သော။ ဣမေ စန္ဒိမသူရိယာ၊ ဤ လ,နေတို့သည်။ အာဘာယ၊ မိမိတို့၏အရောင်ဖြင့်။ နာနုဘောန္တိ၊ ထွန်းလင်းစေခြင်းငှါ မစွမ်း နိုင်ကုန်။ တတ္ထပိ၊ ထိုလောကန္တရက် ငရဲတို့၌လည်း။ အပ္ပမာဏော၊ သော။ ဥဠာရော၊ သော။ ဩဘာသော၊ သည်။ ဒေဝါနံ၊ တို့၏။ ဒေဝါနုဘာဝံ၊ ကို။ အတိက္ကမ္မေဝ၊ လွန်၍သာလျှင်။ ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။ တတ္ထ၊ ၌။ ဥပပန္နာ၊ ဖြစ်ကုန်သော။ ယေပိ သတ္တာ၊ အကြင်သတ္တဝါတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တေပိ၊ တို့သည်လည်း။ တေနောဘာသေန၊ ထိုအရောင်အလင်းဖြင့်။ ဘော၊

အချင်းတို့။ အညေပိ၊ ငါတို့မှတပါးလည်းဖြစ်ကုန်သော။ ဗုဒ္ဓေဒုပ္ပန္နာ၊ ဤအရပ်၌ ဖြစ်ကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ ကိရ၊ ရှိကုန်သေး၏တကား။ ဣတိ၊ သို့။ အညမညံ၊ အချင်းချင်း တယောက်သည် တယောက်ကို။ သဉ္ဇာနန္တိ၊ သိကြကုန်၏။ အယဥ္စ ဒသသဟဿိလောကဓာတု၊ ဤ တသောင်းသော လောကဓာတ်သည်လည်း။ သံကမ္ပတိ၊ အထက်အထက်သို့ တက်၍ ကောင်းစွာ လှုပ်၏။ သမ္ပကမ္ပတိ၊ အောက်အထက် သက်တုံတက်တုံ ကောင်းစွာအပြားအားဖြင့်လှုပ်၏။ သမ္ပဝေဓတိ၊ အရပ်လေးမျက်နှာယိမ်းပါး၍ ကောင်းစွာအပြားအားဖြင့်လှုပ်၏။ (သာရတ္ထဒီပနီ မဏိဒီပ-တို့အလို)။ ဝါ၊ သံကမ္ပတိ၊ အရှေ့အနောက် နိမ့်တုံမြင့်တုံလှုပ်၏။ သမ္ပကမ္ပတိ၊ တောင်မြောက် နိမ့်တုံမြင့်တုံလှုပ်၏။ သမ္ပဝေဓတိ၊ အလယ်အနား နိမ့်တုံမြင့်တုံ လှုပ်၏။ (ဤကား ဗုဒ္ဓဝင်အဋ္ဌကထာအလို)။ ။ သံကမ္ပတိ၊ ထက်ဝန်းကျင်အားဖြင့် လှုပ်၏။ (နောက်နှစ်ပုဒ်၌လည်း အတူ)။

လောကေ၊ ၌။ အပ္ပမာဏော၊ သော။ ဥဠာရော၊ သော။ ဩဘာသော စ၊ သည်လည်း။ ဒေဝါနံ၊ တို့၏။ ဒေဝါနုဘာဝံ၊ ကို။ အတိက္ကမ္မေဝ၊ လျှင်။ ပါတု-ဘဝတိ၊ ၏။ အယံ၊ ဤပဋိသန္ဓေနေဆဲခဏ၌ အရောင်ထွက်ခြင်း လောကဓာတ်တုန်လှုပ်ခြင်းသည်။ ဧတ္ထ၊ ၌။ ဓမ္မတာ၊ တည်း။ ဘိက္ခဝေ၊ တို့။ သော၊ ဤပဋိသန္ဓေနေဆဲခဏ၌ အရောင်အလင်း ထင်ရှားဖြစ်ခြင်းစသည်သည်။ ဓမ္မတာ၊ တည်း။

ယဒါ၊ ၌။ ဗောဓိသတ္တော၊ သည်။ မာတုကုစ္ဆိံ၊ သို့။ ဩက္ကန္တော၊ သည်။ ဟောတိ၊ ၏။ တဒါ၊ ၌။ စတ္တာရော၊ ကုန်သော။ ဒေဝပုတ္တာ၊ စတုမဟာရာဇ်နတ်မင်းကြီးတို့သည်။ နံ ဗောဓိသတ္တံ ဝါ၊ ကိုရင်း။ နံ ဗောဓိသတ္တမာတရံ ဝါ၊ ကိုရင်း။ မနုဿော ဝါ၊ လူသည်ရင်း။ အမနုဿော ဝါ၊ ဘီလူးသည်ရင်း။ ကောစိ ဝါ၊ တစုံတယောက်သော ရန်သူသည်ရင်း။ မာ ဝိဟေဌေသိ၊ မညှဉ်းဆဲ စေလင့်။ ဣတိ၊ ဤသို့နှလုံးပြု၍။ နံ၊ ထိုဘုရားလောင်းမယ်တော်ကို။ ရက္ခာယ၊ စောင့်ရှောက်ခြင်းငှါ။ စတုဒိသံ၊ အရပ်လေးမျက်နှာသို့။ ဝါ၊ ၌။ ဥပဂစ္ဆန္တိ၊ သန်လျက်ထမ်း၍ ကပ်ရောက်လာကုန်၏။ အယံ၊ ဤစတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့ အရပ်လေးမျက်နှာဝယ် စောင့်ရှောက် လာခြင်းသည်။ ဧတ္ထ၊ ၌။ ဓမ္မတာ၊ တည်း။ ဘိက္ခဝေ၊ တို့။ သော၊ ဤပဋိသန္ဓေစွဲနေသောအခါ အရပ်လေးမျက်နှာဝယ် နတ်မင်းကြီးလေးပါးတို့ စောင့်ခြင်းသည်။ ဓမ္မတာ၊ တည်း။

ယဒါ၊ ၌။ ဗောဓိသတ္တော၊ သည်။ မာတုကုစ္ဆိံ၊ သို့။ ဩက္ကန္တော၊ သည်။ ဟောတိ၊ ၏။ ဗောဓိသတ္တမာတာ၊ ဘုရားလောင်း၏ မယ်တော်သည်။ ပကတိယာ၊ အားဖြင့်။ သီလဝတီ၊ သီလရှိသည်။ ဟောတိ၊ ၏။ ပါဏာတိပါတာ၊ ပါဏာတိပါတဒုစရိုက်မှ။ ဝိရတာ၊ ကြဉ်ရှောင်သည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာ-

ဒါနာ၊ မှ။ ဝိရတာ၊ သည်။ ဟောတိ၊ ၏။ ကာမေသုမိစ္ဆာစာရာ၊ မှ။ ဝိရတာ၊ သည်။ ဟောတိ၊ ၏။ မုသာဝါဒါ၊ မှ။ ဝိရတာ၊ သည်။ ဟောတိ၊ ၏။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ မှ။ ဝိရတာ၊ သည်။ ဟောတိ၊ ၏။ အယံ၊ ဤပဋိသန္ဓေ စွဲနေသောအခါ မယ်တော်၏ ဒုစရိုက်ငါးပါးတို့မှ ကြဉ်ရှောင်ခြင်းသည်။ ဧတ္ထ၊ ၌။ ဓမ္မတာ၊ ဓမ္မတာတည်း။ ဘိက္ခဝေ၊ တို့။ သော၊ ဤပဋိသန္ဓေ စွဲနေသောအခါ မယ်တော်၏ ဒုစရိုက်မှ ကြဉ်ရှောင်ခြင်းသည်။ ဓမ္မတာ၊ တည်း။

ယဒါ၊ ၌။ ဗောဓိသတ္တော၊ သည်။ မာတုကုစ္ဆိံ၊ သို့။ ဩက္កန္တော၊ သည်။ ဟောတိ၊ ၏။ ဗောဓိသတ္တမာတု၊ အား။ ပုရိသေသု၊ ယောကျ်ားတို့၌။ ကာမဂုဏူပသံဟိတံ၊ ကာမဂုဏ်နှင့်စပ်ယှဉ်သော။ မာနသံ၊ စိတ်သည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ ကေနစိ၊ တစုံတယောက်သော။ ပုရိသေန၊ သည်။ ရတ္တစိတ္တေန၊ တပ်သော စိတ်ဖြင့်။ ဗောဓိသတ္တမာတာ၊ ကို။ အနတိက္ကမနိယာ၊ မလွန်ကျူးအပ် မလွန်ကျူးထိုက် မလွန်ကျူးကောင်းသော သဘောရှိသည်။ ဟောတိ၊ ၏။ အယံ၊ ဤတစုံတယောက်သော ယောကျ်ား၌ မယ်တော်၏ ရာဂနှင့်စပ်သော စိတ်မဖြစ်ခြင်း, တစုံတယောက်သော ယောကျ်ားသည် မလွန်ကျူးကောင်းသော သဘောရှိခြင်းသည်။ ဧတ္ထ၊ ၌။ ဓမ္မတာ၊ တည်း။ ဘိက္ခဝေ၊ တို့။ သော၊ ဤပဋိသန္ဓေတည်နေသောအခါ မယ်တော်၏ ယောကျ်ားတို့၌ တပ်သောစိတ် မဖြစ်ခြင်း စသည်သည်။ ဓမ္မတာ၊ တည်း။

ဘိက္ခဝေ၊ တို့။ ယဒါ၊ ၌။ ဗောဓိသတ္တော၊ သည်။ မာတုကုစ္ဆိံ၊ သို့။ ဩက္ကန္တော၊ သည်။ ဟောတိ၊ ဖြစ်၏။ ဗောဓိသတ္တမာတာ၊ သည်။ ပဉ္စန္နံ ကာမဂုဏာနံ၊ ငါးပါးသော ကာမဂုဏ်တို့ကို။ လာဘိနီ၊ ရခြင်းရှိသည်။ ဟောတိ၊ ၏။ သာ၊ ထိုမယ်တော်သည်။ ပဉ္စဟိ ကာမဂုဏေဟိ၊ တို့ဖြင့်။ သမပ္ပိတာ၊ ကောင်းစွာ နှစ်သက်သည်ဖြစ်၍။ သမင်္ဂီဘူတာ၊ ကောင်းစွာ ပြည့်စုံသည် ဖြစ်၍။ ပရိစာရေတိ၊ သုံးဆောင်ခံစား၏။ အယံ၊ ဤပဋိသန္ဓေ စွဲနေသောအခါ များစွာ အာရုံ ကာမဂုဏ်ကို ရခြင်းစသည်သည်။ ဧတ္ထ၊ ၌။ ဓမ္မတာ၊ တည်း။ သော၊ ဤပဋိသန္ဓေ စွဲနေသောအခါ ငါးပါးသောအာရုံ ကာမဂုဏ်ကို ရခြင်းသည်။ ဓမ္မတာ၊ တည်း။

ဘိက္ခဝေ၊ တို့။ ယဒါ၊ ၌။ ဗောဓိသတ္တော၊ သည်။ မာတုကုစ္ဆိံ၊ သို့။ ဩက္ကန္တော၊ သည်။ ဟောတိ၊ ၏။ တဒါ၊ ၌။ ဗောဓိသတ္တမာတု၊ အား။ ကောစိဒေဝ အာဗာဓော၊ တစုံတခုသော အနာရောဂါသည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ ဗောဓိသတ္တမာတာ၊ သည်။ သုခိနီ၊ ချမ်းသာခြင်းရှိသည်။ အကိလန္တကာယာ၊ မပင်ပန်းသော ကိုယ်ရှိသည်။ ဟောတိ၊ ၏။ ဗောဓိသတ္တမာတာ၊ သည်။ တိရော-

ကုစ္ဆိဂတံ၊ ဝမ်းတိုက်အတွင်း၌ တည်သော။ သဗ္ဗင်္ဂပစ္စင်္ဂိ၊ အလုံးစုံသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော။ အဟီနိန္ဒြိယံ၊ မယုတ်သော စက္ခုစသော ဣန္ဒြေရှိသော။ ဗောဓိသတ္တံ၊ ဘုရားလောင်းကို။ ပဿတိ၊ မြင်ရ၏။

ဘိက္ခဝေ၊ တို့။ သုဘော၊ တင့်တယ်သော။ ဇာတိမာ၊ ကောင်းသော အမျိုးဇာတ်ရှိသော။ အဋ္ဌံသော၊ ရှစ်မြောင့်ရှိသော။ သုပရိကမ္မကတော၊ ကောင်းစွာ သွေးအပ် အပြေအပြစ်ပြုအပ်သော။ အစ္ဆော၊ ကြည်လင်သော။ ဝိပ္ပသန္နော၊ အထူးသဖြင့် ကြည်လင်သော။ သဗ္ဗာကာရသမ္ပန္နော၊ အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော။ မဏိဝေဠုရိယော၊ ဝင်သဝဏ်ပတ္တမြားကျောက်သည်။ အတ္ထိ၊ ရှိ၏။ တတြ၊ ထိုပတ္တမြားကျောက်၌။ နီလံ၊ ညိုသောအဆင်းရှိသော။ ယံ သုတ္တံ ဝါ၊ အကြင်ကြိုးကိုငင်း။ ပီတံ၊ ရွှေသော အဆင်းရှိသော။ ယံ သုတ္တံ ဝါ၊ ငင်း။ လောဟိတကံ၊ နီသော အဆင်းရှိသော။ ယံ သုတ္တံ ဝါ၊ ငင်း။ ဩဒါတံ၊ ဖြူသော အဆင်းရှိသော။ ယံ သုတ္တံ ဝါ၊ ငင်း။ ယံ ပဏ္ဍုသုတ္တံ ဝါ၊ အကြင်ဖြော့တော့သော အဆင်းရှိသော ကြိုးကိုငင်း။ အာဝုတံ၊ ထိုးသီအပ်သည်။ ဟောတိ၊ ၏။ တမေနံ၊ ထိုကြိုးကို။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ သည်။ ဟတ္ထေသု၊ လက်တို့၌။ ကရိတွာ၊ တင်ထားသည်ကို ပြု၍။ အယံ မဏိဝေဠုရိယော၊ သည်။ သုဘော၊ တင့်တယ်၏။ ဇာတိမာ၊ ကောင်းသော အမျိုးရှိ၏။ အဋ္ဌံသော၊ ရှစ်မြောင့်ရှိ၏။ သုပရိကမ္မကတော၊ ကောင်းစွာ သွေးအပ် အပြေအပြစ်ပြုအပ်၏။ အစ္ဆော၊ ကြည်လင်၏။ ဝိပ္ပသန္နော၊ အထူးသဖြင့် ကြည်လင်၏။ သဗ္ဗာ-ကာရသမ္ပန္နော၊ အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံ၏။ တတြ၊ ထိုပတ္တမြားကျောက်၌။ နီလံ၊ သော။ ဣဒံ သုတ္တံ ဝါ၊ ဤကြိုးကိုငင်း။ ပီတံ၊ သော။ ဣဒံ သုတ္တံ ဝါ၊ ငင်း။ လောဟိတကံ၊ သော။ ဣဒံ သုတ္တံ ဝါ၊ ငင်း။ ဣဒံ ပဏ္ဍုသုတ္တံ ဝါ၊ ဤဖြော့တော့သော အဆင်းရှိသော ကြိုးကိုငင်း။ အာဝုတံ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ပစ္စဝေက္ခေယျ သေယျထာပိ၊ ကြည့်ရှုဆင်ခြင်သကဲ့သို့လည်း—

ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူလျှင်။ ယဒါ၊ ၌။ ဗောဓိသတ္တော၊ သည်။ မာတုကုစ္ဆိံ၊ သို့။ ဩက္ကန္တော၊ သည်။ ဟောတိ၊ ၏။ တဒါ၊ ၌။ ဗောဓိသတ္တမာတု၊ အား။ ကောစိဒေဝ အာဗာဓော၊ တစုံတခုသော အနာသည်။ နဥပ္ပဇ္ဇတိ၊ မဖြစ်။ ဗောဓိသတ္တမာတာ၊ သည်။ သုခိနီ၊ ချမ်းသာခြင်းရှိသည်။ အကိလန္တကာယာ၊ မပင်ပန်းသော ကိုယ်ရှိသည်။ ဟောတိ၊ ၏။ ဗောဓိသတ္တ-မာတာ၊ သည်။ တိရောကုစ္ဆိဂတံ၊ သော။ သဗ္ဗင်္ဂပစ္စင်္ဂိ၊သော။ အဟီနိန္ဒြိယံ၊သော။ ဗောဓိသတ္တံ၊ ကို။ ပဿတိ၊ မြင်ရ၏။ အယံ၊ ဤဝမ်းတွင်း၌သားတော်ကိုမြင်ခြင်းသည်။ ဧတ္ထ၊ ၌။ ဓမ္မတာ၊ တည်း။ ဧသာ၊ ဤဝမ်းတွင်း၌ သားတော်ကို မြင်နိုင်ခြင်းသည်။ ဓမ္မတာ၊ တည်း။

ဘိက္ခဝေ၊ တို့။ ဗောဓိသတ္တော၊ သည်။ ဝါ၊ ကို။ သတ္တာဟဇာတော၊ ဖွား၍ ခုနစ်ရက်ရှိသည်ရှိသော်။ ဗောဓိသတ္တမာတာ၊ သည်။ ကာလံကရောတိ၊ သေ၏။ ကာလံကတွာ၊ ၍။ တုသိတံကာယံ၊ တုသိတာနတ်ပြည်၌။ ဥပပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဘုရားလောင်း ဖွားသည်နောက် ခုနစ်ရက်မြောက်၌ မယ်တော်၏ သေ၍ တုသိတာနတ်ပြည်၌ ဖြစ်ခြင်းသည်။ ဧတ္ထ၊ ၌။ ဓမ္မတာ၊ တည်း။ သော၊ ဤ ဘုရားလောင်းကို ဖွားပြီးနောက် ခုနစ်ရက်မြောက်၌ သေ၍ တုသိတာနတ်ပြည်၌ ဖြစ်ခြင်းသည်။ ဓမ္မတာ၊ တည်း။

အညာ၊ ဘုရားလောင်းမယ်တော်မှ တပါးကုန်သော။ ဣတ္ထိကာ၊ မိန်းမယုတ် တို့သည်။ ဂဗ္ဘံ၊ ကိုယ်ဝန်တည်းဟူသော သူငယ်ကို။ နဝ ဝါ မာသေ၊ ကိုးလတို့ ပတ်လုံးသော်၎င်း။ ဒသ ဝါ မာသေ၊ ဆယ်လတို့ပတ်လုံးသော်၎င်း။ ကုစ္ဆိနာ၊ ဝမ်းဖြင့်။ ပရိဟရိတွာ၊ လွယ်ဆောင်၍။ ဝိဇာယန္တိ ယထာ၊ ဖွားကုန်သကဲ့သို့။ ဇဝံ တထာ၊ ထိုအတူ။ ဗောဓိသတ္တမာတာ၊ သည်။ ဗောဓိသတ္တံ၊ ကို။ န ဝိဇာယတိ၊ ဖွားသည်မဟုတ်။ ဒသေဝ မာသာနိ၊ ဆယ်လတို့ပတ်လုံးသာလျှင်။ ဗောဓိသတ္တံ၊ ကို။ ဗောဓိသတ္တမာတာ၊ သည်။ ကုစ္ဆိနာ၊ ဝမ်းဖြင့်။ ပရိဟရိတွာ၊ လွယ်ဆောင် ၍။ ဝိဇာယတိ၊ ဖွား၏။ အယံ၊ ဤအယုတ်အလွန်မရှိ ဆယ်လတိတိသာလွယ်၍ မွေးဖွားခြင်းသည်။ ဧတ္ထ၊ ဤလွယ်၍ မွေးဖွားရာ၌။ ဓမ္မတာ၊ တည်း။ ဘိက္ခဝေ၊ တို့။ သော၊ ဤဆယ်လတိတိလွယ်၍ မွေးဖွားခြင်းသည်။ ဓမ္မတာ၊ တည်း။

အညာ၊ ကုန်သော။ ဣတ္ထိကာ၊တို့သည်။နိသိန္နာ ဝါ၊ထိုင်ကုန်လျက်သော်၎င်း။ နိပန္နာ ဝါ၊ လျောင်းကုန်လျက်သော်၎င်း။ ဂဗ္ဘံ၊ကို။ ဝိဇာယန္တိ ယထာ၊ ကဲ့သို့။ ဇဝံ-တထာ၊ တူ။ ဗောဓိသတ္တံ၊ ကို။ ဗောဓိသတ္တမာတာ၊ သည်။ န ဝိဇာယတိ၊ မဖွား။ ဗောဓိသတ္တံ၊ ကို။ ဗောဓိသတ္တမာတာ၊ သည်။ ဌိတာဝ၊ ရပ်လျက်ပင်။ ဝိဇာ-ယတိ၊ ၏။ အယံ၊ ဤရပ်လျက်သာ ဖွားခြင်းသည်။ ဧတ္ထ၊ ဤဘုရားလောင်းကို ဖွားရာ၌။ဓမ္မတာ၊ တည်း။သော၊ ဤမယ်တော်၏ မတ်တတ်သာ ဖွားခြင်းသည်။ ဓမ္မတာ၊ တည်း။

ဘိက္ခဝေ၊ တို့။ ယဒါ၊ ၌။ ဗောဓိသတ္တော၊ သည်။ မာတုကုစ္ဆိမှာ၊ မှ။ နိက္ခမတိ၊ ၏။ တဒါ၊ ထိုဖွားသောအခါ၌။ ဒေဝါ၊ သုဒ္ဓါဝါသဘုံသား ရဟန္တာပြဟ္မာ, စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည်။ ပဌမံ၊ ရှေးဦးစွာ။ ပဋိဂ္ဂဏှန္တိ၊ အစဉ်အတိုင်း ရွှေခြုံကွန်ရက် သစ်နက်ရေတို့ဖြင့် ခံကုန်၏။ မနုဿာ၊ လူတို့သည်။ ပစ္ဆာ၊ စတုမဟာရာဇ်နတ်မင်းကြီးတို့ သစ်နက်ရေဖြင့် ခံပြီးနောက်။ ပဋိဂ္ဂဏှန္တိ၊ ဘွဲ့ဖြူအဝတ်ခွေဖြင့် ခံကုန်၏။ အယံ၊ ဤဖွားတော်မူသောအခါ ရှေးဦးစွာ သုဒ္ဓါဝါသပြဟ္မာကြီး တို့ ရွှေခြုံကွန်ရက်ဖြင့် ခံခြင်းစသည်သည်။ ဧတ္ထ၊ ၌။ဓမ္မတာ၊

တည်း။ သော၊ ဤဖွားတော်မူသောအခါ ဖြဟ္မာကြီးတို့ခံခြင်း အစရှိသည်သည်။ ဓမ္မတာ၊ ဓမ္မတာတည်း။

ဘိက္ခဝေ၊ တို့။ ယဒါ၊ ဥ္။ ဗောဓိသတ္တော၊ သည်။ မာတုကုစ္ဆိမှာ၊ မှ။ နိက္ခမတိ၊ ၏။ တဒါ၊ ဥ္။ ဗောဓိသတ္တော၊ သည်။ ပထဝိံ၊ သို့။ အပ္ပတ္တောဝ၊ မရောက်သည်သာလျှင်။ ဟောတိ၊ ၏။ စတ္တာရော၊ လေးယောက်ကုန်သော။ ဒေဝပုတ္တာ၊ နတ်သားတို့သည်။ နံ၊ ထိုဘုရားလောင်းကို။ ပဋိဂ္ဂဟေတွာ၊ ခံလင့်ကုန်၍။ မာတုပုရတော၊ မယ်တော်ရှေ့ဥ္။ ဌပေန္တိ၊ ထားကုန်၏။ ဒေဝိ၊ မယ်တော်မိဖုရားသည်။ “မေ၊ ငါ့အား။ မဟေသက္ခော၊ ကြီးသောတန်ခိုးအာနုဘော်ရှိသော။ ပုတ္တော၊ သားသည်။ ဥပ္ပန္နော၊ ဖြစ်၏” ။ ဣတိ၊ သို့။ အတ္တမနာ၊ နှစ်သက်ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိသည်။ ဟောတိ၊ ၏။ အယံ၊ ဤမြေသို့ မကျရောက်မီ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ သစ်နက်ရေဖြင့် ခံဦး၍ မယ်တော်ရှေ့ဥ္ ထားခြင်းသည်။ ဧတ္ထ၊ ဥ္။ ဓမ္မတာ၊ တည်း။ သော၊ ဤဖွားတော်မူသောအခါ မြေသို့ မရောက်မီ သစ်နက်ရေဖြင့်ခံဦး၍ နတ်မင်းကြီးလေးပါးတို့ မယ်တော်ရှေ့ဥ္ ထားခြင်းသည်။ ဓမ္မတာ၊ တည်း။

ဘိက္ခဝေ၊ တို့။ ယဒါ၊ ဥ္။ ဗောဓိသတ္တော၊ သည်။ မာတုကုစ္ဆိမှာ၊ မှ။ နိက္ခမတိ၊ ၏။ တဒါ၊ ဥ္။ ဥဒရေန၊ ဝမ်း၏ အညစ်အကြေးဖြင့်။ အမက္ခိတောဝ၊ မလိမ်းကျံမူ၍သာလျှင်။ သေမှေန၊ သလိပ်ဖြင့်။ အမက္ခိတောဝ၊ လျှင်။ ရုဟိရေန၊ သွေးဖြင့်။ အမက္ခိတောဝ၊ လျှင်။ ကေနစိ အသုစိနာ၊ တစုံတခုသော အညစ်အကြေးဖြင့်။ အမက္ခိတောဝ၊ လျှင်။ ဝိသဒေါဝ၊ သန့်ရှင်းစင်ကြယ်စွာသာလျှင်။ နိက္ခမတိ၊ ၏။ သုဒ္ဓေါ၊ စင်ကြယ်သည်။ ဝိသဒေါ၊ သန့်ရှင်းသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ကာသိကေ ဝတ္ထေ၊ ကာသိကရာဇ်တိုင်း၌ဖြစ်သော အဝတ်၌။ မဏိရတနံ၊ ပတ္တမြားရတနာကို။ နိက္ခိတ္တံ၊ တင်ထားအပ်သည်ရှိသော်။ မဏိရတနံ၊ သည်။ ကာသိကံ ဝတ္ထံ၊ ကို။ နေဝ မက္ခေတိ၊ မလိမ်းကျံ။ ကာသိကံ ဝတ္ထမ္ပိ၊ သည်လည်း။ မဏိရတနံ၊ ကို။ န မက္ခေတိ၊ မလိမ်းကျံ မစွန်းငြိ။ တံ၊ ထိုအဝတ် ပတ္တမြားတို့ အချင်းချင်း မလိမ်းကျံခြင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်နည်း ဟူမူကား။ ဥဘိန္နံ၊ အဝတ် ပတ္တမြား နှစ်ပါးစုံတို့၏။ သုဒ္ဓတ္တာ၊ စင်ကြင်သည်၏ အဖြစ်ကြောင့်သာတည်း။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူပင်လျှင်။ ယဒါ၊ ဥ္။ ဗောဓိသတ္တော၊ သည်။ မာတုကုစ္ဆိမှာ၊ မှ။ နိက္ခမတိ၊ ၏။ တဒါ၊ ဥ္။ ဥဒရေန၊ ဖြင့်။ အမက္ခိတောဝ၊ လျှင်။ သေမှေန၊ ဖြင့်။ အမက္ခိတောဝ၊ လျှင်။ ရုဟိရေန၊ ဖြင့်။ အမက္ခိတောဝ၊ လျှင်။ ကေနစိ အသုစိနာ၊ ဖြင့်။ အမက္ခိတောဝ၊ လျှင်။ ဝိသဒေါဝ၊ လျှင်။ နိက္ခမတိ၊ ၏။ သုဒ္ဓေါ၊ စင်ကြယ်စွာ။ ဝိသဒေါ၊ သန့်ရှင်းစွာ။

နိက္ခမတိ၊ ၏။ အယံ၊ ဤတစုံတခုသော အညစ်အကြေးဖြင့် လိမ်းကျံခြင်းမရှိ သန့်ရှင်းစင်ကြယ်စွာ ဖွားခြင်းသည်။ ဧတ္ထ၊ ၌။ ဓမ္မတာ၊ တည်း။ သော၊ ဤ ဖွားတော်မူသောအခါ သန့်ရှင်းစင်ကြယ်စွာ ဖွားခြင်းသည်။ ဓမ္မတာ၊ တည်း။

ဘိက္ခဝေ၊ တို့။ ယဒါ၊ ၌။ ဗောဓိသတ္တော၊ သည်။ မာတုကုစ္ဆိမှာ၊ မှ။ နိက္ခ-မတိ၊ ၏။ တဒါ၊ ၌။ အန္တလိက္ခာ၊ ကောင်းကင်မှ။ ဥဒကဿ၊ ရေ၏။ ဒွေ ဓာရာ၊ နှစ်ခုသော အယဉ်တို့သည်။ ပါတုဘဝန္တိ၊ ထင်ရှား ဖြစ်ပေါ်လာကုန်၏။ ဧကာ၊ တခုသောအယဉ်သည်။ သီတဿ၊ ရေအေးရေချမ်း၏။ ဓာရာ၊ အယဉ်သည်။ ဟောတိ၊ ၏။ ဧကာ၊ တခုသောအယဉ်သည်။ ဥဏှဿ၊ ရေနွေးရေပူ၏။ ဓာရာ၊ သည်။ ဟောတိ၊ ၏။ ယေန၊ အကြင်ရေချမ်း ရေနွေး နှစ်ပါးဖြင့်။ ဗောဓိ-သတ္တဿ စ၊ အားငင်း။ မာတု စ၊ မယ်တော်အားငင်း။ ဥဒကကိစ္စံ၊ ရေကိစ္စကို။ ကရောန္တိ၊ ကုန်၏။ အယံ၊ ဤနှစ်ပါးသော ရေအယဉ်၏ ပေါ်လာရခြင်းသည်။ ဧတ္ထ၊ ၌။ ဓမ္မတာ၊ တည်း။ သော၊ ဤဖွားတော်မူသောအခါ ရေချမ်း ရေနွေး အယဉ်နှစ်ပါး၏ ထင်ရှား ဖြစ်ပေါ်လာရခြင်းသည်။ ဓမ္မတာ၊ တည်း။

ဘိက္ခဝေ၊ တို့။ သမ္ပတိဇာတော၊ ထိုခဏ ဖွားသစ်စသာ ဖြစ်သော။ ဗောဓိ-သတ္တော၊ သည်။ သမေဟိ ပါဒေဟိ၊ ညီညွတ်ကုန်သော ခြေတို့ဖြင့်။ ပတိဋ္ဌ-ဟိတွာ၊ တည်၍။ ဥတ္တရေန မုခေါ၊ မြောက်အရပ်ဖြင့် မျက်နှာမူလျက်။ သတ္တပဒ-ဝီတိဟာရေန၊ ခုနစ်ကြိမ်သော ဖွားလှမ်းဖြင့်။ သေတမှိ ဆတ္တေ၊ ထီးဖြူကို။ အနုဓာရယမာနေ၊ နတ်ပြဟ္မာတို့ အစဉ်ဆောင်းမိုးလျက် လိုက်သည်ရှိသော်။ ဂစ္ဆတိ၊ ၏။ သဗ္ဗာ စ ဒိသာ၊ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့သို့လည်း။ အနုဝိလောကေတိ၊ အစဉ်အတိုင်း လှည့်ကြည့်၏။

> "လောကဿ၊ လောကထက်။ အဟံ၊ ငါသည်။ အဂ္ဂေါ၊ မြတ်သည်။ အသ္မိ၊ ၏။ လောကဿ၊ ထက်။ အဟံ၊ သည်။ ဇေဋ္ဌော၊ ကြီးသည်။ အသ္မိ၊ ၏။ လောကဿ၊ ထက်။ အဟံ၊ သည်။ သေဋ္ဌော၊ ချီးမွမ်းအပ် သည်။ အသ္မိ၊ ၏။ အယံ ဇာတိ၊ ဤဘဝသည်။ အန္တိမာ၊ အဆုံးစွန် ဖြစ်သော။ ဇာတိ၊ ဘဝတည်း။ မေ၊ အား။ ဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဖန်ဖြစ်ရန် ဘဝသစ်သည်။ နတ္ထိ၊ မရှိပြီ"။

ဣတိ၊ သို့။ အာသဘိဝါစံ၊ မြတ်သောစကားကို။ ဘာသတိ၊ ပြောဆို ကြုံးဝါးတော်မူ၏။ အယံ၊ ဤဖွားသစ်စဝယ် မြတ်သောစကားကို ကြုံးဝါး၍ မြောက်သို့ ခုနစ်ဖွားလှမ်းသွားခြင်းသည်။ ဧတ္ထ၊ ၌။ ဓမ္မတာ၊ ဓမ္မတာတည်း။ သော၊ ဤဖွားသစ်စဝယ် မြတ်သောစကားကို ကြုံးဝါး၍ မြောက်သို့ ခုနစ်ဖွား လှမ်းသွားခြင်းသည်။ ဓမ္မတာ၊ တည်း။

ဘိက္ခဝေ၊ တို့။ ယဒါ၊ အကြင်အခါ၌။ ဗောဓိသတ္တော၊ သည်။ မာတု-ကုစ္ဆိမှာ၊ မှ။ နိက္ခမတိ၊ ၏။ အထ၊ ၌။ သဒေဝကေ၊ သော။ သမာရကေ၊ သော။ သဗြဟ္မကေ၊ သော။ လောကေ၊ ၌။ သဿမဏဗြာဟ္မဏိယာ၊ သော။ သဒေဝမနုဿာယ၊ သော။ ပဇာယ၊ ၌။ အပ္ပမာဏော၊ သော။ ဥဠာရော၊ သော။ ဩဘာသော၊ သည်။ ဒေဝါနံ၊ တို့၏။ ဒေဝါနုဘာဝံ၊ ကို။ အတိက္ကမ္မေဝ၊ လျှင်။ ပါတုဘဝတိ၊ ၏။ အဃာ၊ ကုန်သော။ အသံဝုတာ၊ ကုန်သော။ အန္ဓကာရာ၊ ကုန်သော။ အန္ဓကာရတိမိသာ၊ ကုန်သော။ ယာပိ တာ လောကန္တ-ရိကာ၊ တို့သည်လည်း။ သန္တိ၊ ကုန်၏။ ယတ္ထ၊ တို့၌။ ဧဝံ မဟိဒ္ဓိကာ၊ ကုန်သော။ ဧဝံ မဟာနုဘာဝါ၊ ကုန်သော။ ဣမေ စန္ဒိမသူရိယာ၊ တို့သည်။ အာဘာယ၊ ဖြင့်။ နာနုဘောန္တိ၊ ကုန်။ တတ္ထပိ၊ တို့၌လည်း။ အပ္ပမာဏော၊ သော။ ဥဠာရော၊ သော။ ဩဘာသော၊ သည်။ ဒေဝါနံ၊ တို့၏။ ဒေဝါနုဘာဝံ၊ ကို။ အတိက္ကမ္မေဝ၊ လျှင်။ ပါတုဘဝတိ၊ ၏။ တတ္ထ၊ ၌။ ဥပပန္နာ၊ ကုန်သော။ ယေပိ သတ္တာ၊ တို့သည်လည်း။ သန္တိ၊ ကုန်၏။ တေပိ၊ တို့သည်လည်း။ တေနော-ဘာသေန၊ ဖြင့်။ ဘော၊ တို့။ အညေပိ၊ ကုန်သော။ ဣဓူပပန္နာ၊ ကုန်သော။ သတ္တာ၊ တို့သည်။ သန္တိ ကိရ၊ ကား။ ဣတိ၊ သို့။ အညမညံ၊ ကို။သဉ္ဇာနန္တိ၊ ကုန်၏။ အယဉ္စ ဒသသဟဿိလောကဓာတု၊ သည်လည်း။သံကမ္ပတိ၊ ၏။ သမ္ပကမ္ပ-တိ၊ ၏။ သမ္ပဝေဓတိ၊ ၏။ လောကေ၊ ၌။ အပ္ပမာဏော၊ သော။ ဥဠာရော၊ သော။ ဩဘာသော စ၊ သည်လည်း။ဒေဝါနံ၊ တို့၏။ ဒေဝါနုဘာဝံ၊ ကို။ အတိက္ကမ္မေဝ၊ လျှင်။ ပါတုဘဝတိ၊ ၏။ အယံ၊ ဤပဋိသန္ဓေနေဆဲခဏ၌ အရောင်ထွက်ခြင်း လောကဓာတ်တုန်လှုပ်ခြင်းသည်။ ဧတ္ထ၊ ၌။ ဓမ္မတာ၊ ဓမ္မတာတည်း။

**ဓမ္မတာ ၁၆-ပါး**

( ၁ ) သတိသမ္ပဇညနှင့်ပြည့်စုံသည်ဖြစ်၍ ပဋိသန္ဓေစွဲနေခြင်း။

( ၂ ) ပဋိသန္ဓေစွဲနေသော ခဏဝယ် လောက၌ အရောင်ထင်ရှားဖြစ်ခြင်း၊ လောကဓာတ်တသောင်းလုံး လှုပ်ခြင်း။

( ၃ ) ပဋိသန္ဓေနေသည်မှစ၍ စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့ သန်လျက်လက်စွဲလျက် အရပ်လေးမျက်နှာ၌ စောင့်ရှောက်ခြင်း။

( ၄ ) ပဋိသန္ဓေ စွဲနေသည်မှစ၍ မယ်တော်၏ ဒုစရိုက်ငါးပါးတို့မှ အမြဲ ကြဉ်ရှောင်ခြင်း။

( ၅ ) ပဋိသန္ဓေနေသည်မှစ၍ မယ်တော်၏ ယောကျ်ားတို့၌ ကာမရာဂနှင့် စပ်သောစိတ်မဖြစ်ခြင်း၊ ယောကျ်ားတို့ကလည်း လွန်ကျူးထိုက် သော သဘောမရှိခြင်း။

(၆) များစွာသော လာဘ်ပူဇာသက္ကာရတို့ကို ရခြင်း။

(၇) ဝမ်းတွင်း၌ ပလ္လင်သခွေ စွဲနေသော သားတော်ကို မယ်တော်က မြင်ရခြင်း။

(၈) ဘုရားလောင်းကို ဖွားပြီးနောက် ခုနစ်ရက်မြောက်၌ စုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်ခြင်း။

(၉) အယုတ်အလွန်မရှိ ဆယ်လတိတိကာလ၌ ဖွားခြင်း။

(၁၀) ဣရိယာပုထ် လေးပါးတွင် ရပ်လျက်သာ ဖွားခြင်း။

(၁၁) ဖွားသောအခါ သုဒ္ဓါဝါသရဟန္တာပြဟ္မာကြီးတို့ ရွှေခြုံကွန်ရက်ဖြင့် ရှေးဦးစွာခံခြင်း၊ ထို့နောင် ယင်းတို့လက်မှ သစ်နက်ရေဖြင့် စတုမဟာရာဇ်နတ်မင်းကြီးတို့ခံခြင်း၊ ထို့နောင် ယင်းတို့လက်မှ ဘွဲ့ဖြူအဝတ်ဖြင့် လူတို့ ခံယူခြင်း။

(၁၂) နတ်မင်းကြီးတို့တဖန် လူတို့လက်မှ သစ်နက်ရေဖြင့် ခံယူပြန်၍ မယ်တော်ရှေ့၌ ထားခြင်း။

(၁၃) တစုံတခုသော အညစ်အကြေးဖြင့် လိမ်းကပ်ခြင်းမရှိ၊ သန့်ရှင်းစင်ကြယ်စွာ ဖွားခြင်း။

(၁၄) သားတော်၊ မယ်တော်နှစ်ပါးတို့ ရေကိစ္စအလို့ငှါ ကောင်းကင်မှရေပူရေချမ်းအယဉ်နှစ်ပါးတို့ ထင်ရှားဖြစ်ပေါ်လာခြင်း။

(၁၅) ကြောက်ရွံ့ခြင်း ကင်းသဖြင့် ရဲတင်းသော စကားကို ကြုံးဝါး၍ မြောက်သို့ ရှေးရှုမျက်နှာမူလျက် ခုနစ်ကြိမ်လှမ်းသွားခြင်း။

(၁၆) ထိုသို့ လှမ်းသွားစဉ်ခဏ အရောင်အလင်းဖြစ်ခြင်း စကြဝဠာတသောင်းလုံး လှုပ်ခြင်း။

ဤဓမ္မတာ တဆဲ့ခြောက်ပါးတို့သာ မဟာပဒါနသုတ် ပါဠိတော် (၁၀-၁၃) ဝယ် တိုက်ရိုက် လာရှိကုန်သည်။ ၎င်းအဋ္ဌကထာ ၌ကား များစွာပင် ထုတ်ဆောင်ပြဆိုတော်မူ၏။ ဆိုဟန်ကို ပြလိုက်ဦးအံ့။

ဣမေ ဝါရာ ပါဠိယံ အာဂတာ။ သမ္ဗဟုလဝါရော ပနနာဂတော အာဟရိတွာ ဒီပေတဗ္ဗော။

(၁) မဟာပုရိသဿ ဟိ ဇာတဒိဝသေ ဒသသဟဿိလောကဓာတု ကမ္ပိ။

(၂) ဒသသဟဿိလောကဓာတုမှိ ဒေဝတာ ဧကသ္မိံ စက္ကဝါဠေ သန္နိပတိံသု။

(၃) ပဌမံ ဒေဝါ ပဋိဂ္ဂဏှိံသု၊ ပစ္ဆာ မနုဿာ။

(၄) တန္တိဗဒ္ဓါ ဝီဏာ စမ္မဗဒ္ဓါ ဘေရိယော စ ကေနစိ အဝါဒိတာ သယမေဝ ဝဇ္ဇိံသု။

(၅) မနုဿာနံ အန္ဒုဗန္ဓနာဒီနိ ခဏ္ဍာခဏ္ဍံ ပဋိဆိဇ္ဇိံသု။

(၆) သဗ္ဗရောဂါ ဝူပသမိံသု။ အမ္ဗိလေန ဓောတတမ္ဗမလံ ဝိယ ဝိဂစ္ဆိံသု။

(၇) ဇစ္စန္ဓာ ရူပါနိ ပဿိံသု။

(၈) ဇစ္စဗဓိရာ သဒ္ဒံ သုဏိံသု။

(၉) ပီဌသပ္ပီ ဇဝသမ္ပန္နာ အဟေသုံ။

(၁၀) ဇာတိဇဠာနံပိ ဧဠမူဂါနံ သတိ ပတိဋ္ဌာသိ။

(၁၁) ဝိဒေသံ ပက္ခန္ဒနာဝါ သုပဋ္ဋနံ ပါပုဏိံသု။

(၁၂) အာကာသဋ္ဌက ဘူမဋ္ဌကရတနာနိ သကသကတေဇသာဝေါဘာသိ-တာနိ အဟေသုံ။

(၁၃) ဝေရိနော မေတ္တစိတ္တံ ပဋိလဘိံသု။

(၁၄) အဝီစိမှိ အဂ္ဂိ နိဗ္ဗာယိ။

(၁၅) လောကန္တရေသု အာလောကော ဥဒပါဒိ။

(၁၆) နဒီသု ဇလံ န ပဝတ္တတိ။

(၁၇) မဟာသမုဒ္ဒေ မဓုရရသံ ဥဒကံ အဟောသိ။

(၁၈) ဝါတော န ဝါယိ။

(၁၉) အာကာသပဗ္ဗတရုက္ခဂတာ သကုဏာ ဘဿိတွာ ပထဝီဂတာ အဟေသုံ။

(၂၀) စန္ဒော အတိဝိရောစတိ။

(၂၁) သူရိယော န ဥဏှော. န သီတလော နိမ္မလော ဥတုသမ္ပန္နော အဟောသိ။

(၂၂) ဒေဝတာ အတ္တနော အတ္တနော ဝိမာနဒွါရေ ဌတွာ အပ္ဖေါဋန-သေလနစေလုက္ခေပါဒီဟိ မဟာကီဠံ ကီဠိံသု။

(၂၃) စာတုဒီပိကမဟာမေဃော ၀ဿိ။
(၂၄) မဟာဇနံ နေဝ ခုဒ္ဒါ န ပိပါသာ ပီဠေသိ။
(၂၅) ဒွါရကဝါဋ္ဌာနိ သယမေ၀ ဝိဝရိံသု။
(၂၆) ပုပ္ဖူပဂဖလုပဂါ ရုက္ခာ ပုပ္ဖဖလာနိ ဂဏှိံသု။
(၂၇) ဒသသဟဿိလောကဓာတု ဧကဓဇမာလာ အဟောသိ။

သုတ်မဟာဝါ မဟာပဒါနသုတ်အဋ္ဌကထာ (၃၂)

## အဋ္ဌကထာပြ-မမ္မတာ ၂၇-ပါး အနက်

ဣမေ ဝါရာ၊ ဤတဆယ့်ခြောက်ပါးသော ဝါရတို့သည်။ ပါဠိယံ၊ ပါဠိတော်၌။ အာဂတာ၊ တိုက်ရိုက်ဟောပြလာရိုကုန်၏။ ပန၊ လာသည်မှတပါး မလာသည်ကို ပြဆိုဦးအံ့။ အနာဂတော၊ တိုက်ရိုက်မလာသော။ သမ္ဗဟူလဝါရော၊ သမ္ဗဟူလဝါရကို။ အာဟရိတွာ၊ ဆောင်၍။ ဒီပေတဗ္ဗော၊ ပြအပ်၏။ ဟိ ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့—

(၁) မဟာပုရိသဿ၊ ယောကျ်ားမြတ် ဖြစ်တော်မူသော ဘုရားလောင်း၏။ ဇာတဒိဝသေ၊ ဖွားသော နေ့၌။ ဒသသဟဿိလောကဓာတု၊ တသောင်းသော လောကဓာတ်သည်။ ကမ္ပိ၊ လှုပ်၏။

(၂) ဒသသဟဿိလောကဓာတုမှိ၊ တသောင်းသော စကြဝဠာလောကဓာတ်၌။ ဝသန္တာ၊ နေကုန်သော။ ဒေဝတာ၊ နတ်ဗြဟ္မာတို့သည်။ ဧကသ္မိံ စက္ကဝါဠေ၊ တခုတည်းသော ဤစကြဝဠာ၌။ သန္နိပတိံသု၊ လာရောက်စည်းဝေးကုန်၏။

(၃) ပဌမံ၊ စွာ။ ဒေဝါ၊ သုဒ္ဓါဝါသရဟန္တာ ဗြဟ္မာ, စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည်။ ပဋိဂ္ဂဏှိံသု၊ အစဉ်အတိုင်းရွှေခြုံကွန်ရက် သစ်နက်ရေတို့ဖြင့် ခံကုန်၏။ ပစ္ဆာ၊ နောက်၌။ မနုဿာ၊ လူတို့သည်။ ပဋိဂ္ဂဏှိံသု၊ စတုမဟာရာဇ် နတ်မင်းကြီးတို့၏လက်မှ ဘွဲ့ဖြူအဝတ်ဖြင့် ခံကုန်၏။

(၄) တန္တိဗဒ္ဓာ၊ ညှိုဖြင့်ဖွဲ့အပ်ကုန်သော။ ဝီဏာ စ၊ စောင်းတို့သည်၎င်း။ စမ္မဗဒ္ဓာ၊ သားရေဖြင့် ဖွဲ့ကြက်အပ်ကုန်သော။ ဘေရိယော စ၊ စည်တို့သည်၎င်း။ ကေနစိ၊ တစုံတယောက်သောသူသည်။ အဝါဒိတာ၊ မတီးကုန်ဘဲ။ သယမေ၀၊ မိမိတို့ အလိုလိုသာလျှင်။ ဝဇ္ဇိံသု၊ မြည်ကုန်၏။

(၅) မနုဿာနံ၊ တို့၏။ ဝါ၊ တို့အား။ အနုဗန္ဓနာဒီနိ၊ ထိတ်ကြိုး
ခြေကျင်းစသော အနှောင်အဖွဲ့တို့သည်။ ခဏ္ဍာခဏ္ဍံ၊ အထုံးအထုံး
အပိုင်းအပိုင်း။ ပဋိဆိဇ္ဇိံသု၊ ပြတ်ကုန်၏။

(၆) သဗ္ဗရောဂါ၊ ခပ်သိမ်းသော အနာရောဂါတို့သည်။ ဝူပသမိံသု၊
ငြိမ်းကုန်၏။ အမ္ဗိလေန၊ အချဉ်ရေဖြင့်။ ဓောတတမ္ဗမလံဝိယ၊
ပွတ်တိုက်ဆေးလျှော်အပ်သော ကြေးညို ကြေးအညစ်အကြေး
ကဲ့သို့။ ဝိဂစ္ဆိံသု၊ ကင်းကုန်၏။

(၇) ဇစ္စန္ဓာ၊ ပဋိသန္ဓေအားဖြင့် ကန်းသောသူတို့သည်။ ရူပါနိ၊ ရူပါရုံ
တို့ကို။ ပဿိံသု၊ မြင်ကုန်၏။

(၈) ဇစ္စဗဓိရာ၊ ပဋိသန္ဓေအားဖြင့် နားပင်းသောသူတို့သည်။ သဒ္ဒံ၊
အသံကို။ သုဏိံသု၊ ကြားကုန်၏။

(၉) ပီဌသပ္ပီ၊ ခါးကုန်းသော ဆွံ့သောသူတို့သည်။ ဇဝသမ္ပန္နာ၊
ခွန်အားပြည့်စုံကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

(၁၀) ဇာတိဇဠာနံ၊အမိဝမ်းတွင်းက ရူးသွပ်ခြင်းရှိကုန်သော။ဧဠမူဂါနံပိ၊
အရိအရွဲယိုသော ခံတွင်းရှိသော သူတို့အားလည်း။ သတိ၊မှတ်သား
နိုင်ခြင်းသတိသည်။ ပတိဋ္ဌာတိ၊ တည်၏။

(၁၁) ဝိဒေသံ၊ အရပ်တပါးသို့၊ မဟုတ်မလျား မှားလွဲသော အရပ်သို့။
ပက္ခန္ဒနာဝါ၊ လွင့်ပါး ပြေးသွားသော လှေသင်္ဘောတို့သည်။
သုပဋ္ဋနံ၊ ကောင်းသောဆိပ်သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

(၁၂) အာကာသဋ္ဌကဘူမဋ္ဌကရတနာနိ၊ ကောင်းကင်၌ တည်သော
ရတနာ မြေ၌ တည်သော ရတနာတို့သည်။ သကသက-
တေဇသာဝ၊ မိမိမိမိတို့၏ တန်ခိုးဖြင့်သာလျှင်။ ဩဘာသိတာနိ၊
ထွန်းတောက်ပကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

(၁၃) ဝေရိနော၊ ရန်သူတို့သည်။ မေတ္တစိတ္တံ၊ မေတ္တာနှင့်ယှဉ်သောစိတ်
ကို။ ပဋိလဘိံသု၊ ရကုန်၏။

(၁၄) အဝီစိမှိ၊ အဝီစိငရဲ၌။ အဂ္ဂိ၊ ငရဲမီးသည်။ နိဗ္ဗာယိ၊ ငြိမ်း၏။

(၁၅) လောကန္တရေသု၊ လောကန္တရိက်ငရဲတို့၌။ အာလောကော၊အလင်း
သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၁၆) နဒီသု၊ မြစ်တို့၌။ ဇလံ၊ ရေသည်။ န ပဝတ္တတိ၊ မစီး။

(၁၇) မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒြာ၌။ ဥဒကံ၊ ရေသည်။ မဓုရရသံ၊ ချိုသောအရသာရှိသည်။ အဟောသိ၊ ဖြစ်၏။

(၁၈) ဝါတော၊ လေပြင်း လေကြမ်းသည်။ န ဝါယိ၊ မလာ။

(၁၉) အာကာသပဗ္ဗတရုက္ခဂတာ၊ ကောင်းကင် တောင် သစ်ပင်၌ တည်ကုန်သော။ သကုဏာ၊ ငှက်တို့သည်။ ဘဿိတွာ၊ လျှောကျ၍။ ပထဝီဂတာ၊ မြေ၌ တည်ကုန်သည်။ အဟေသုံ၊ ကုန်၏။

(၂၀) စန္ဒော၊ လသည်။ အတိဝိရောစတိ၊ အလွန်တင့်တယ်၏။

(၂၁) သူရိယော၊ နေသည်။ န ဥဏှော၊ မပူသည်။ နသီတလော၊ မအေးသည်။ နိမ္မလော၊ ဆီးနှင်း မြူတိမ် စသော အညစ်အကြေးမှကင်းသည်။ ဥတုသမ္ပန္နော၊ ဥတုနှင့် ပြည့်စုံသည်။ အဟောသိ၏။

(၂၂) ဒေဝတာ၊ တို့သည်။ အတ္တနော အတ္တနော၊ မိမိ မိမိတို့၏။ ဝိမာနဒွါရေ၊ ဗိမာန်တံခါး၌။ ဌတွာ၊ တည်ရပ်၍။ အပ္ဖောဋနသေလနစေလုက္ခေပါဒီဟိ၊ လက်ပန်းပေါက်ခတ်ခြင်း လေချွန်ခြင်း ဦးရစ်ပုဆိုးပုဝါ စသည်တို့ကိုမြှောက်ကြဲခြင်းအစရှိသည်တို့ဖြင့်။ မဟာကီဠကံ၊ ကြီးစွာသော ကစားခြင်းကို။ ကီဠိံသု၊ ကစားကုန်၏။

(၂၃) စာတုဒီပိကမဟာမေဃော၊ လေးကျွန်းလုံးကို အပ္ပံ့အနှံ့ ရွာသော မိုဃ်းကြီးသည်။ ဝဿိ၊ ရွာ၏။

(၂၄) မဟာဇနံ၊ လူအများကို။ ခုဒ္ဒါ၊ ဆာလောင်ခြင်းသည်။ နေဝ ပီဠေသိ၊ မနှိပ်စက်။ ပိပါသာ၊ မွတ်သိပ်ခြင်းသည်။ န ပီဠေသိ၊ မနှိပ်စက်။

(၂၅) ဒွါရကဝါဋာနိ၊ မြို့တံခါးရွက် ရွာတံခါးရွက် အိမ်တံခါးရွက် လေသောက်တံခါးရွက်တို့သည်။ သယမေဝ၊ မိမိတို့အလိုလိုသာလျှင်။ ဝိဝရိံသု၊ ပွင့်ကုန်၏။

(၂၆) ပုပ္ဖူပဂဖလူပဂါ၊ အပွင့်ကို ဆောင်ကုန် အသီးကိုဆောင်ကုန်သော။ ရုက္ခာ၊ သစ်ပင်တို့သည်။ ပုပ္ဖဖလာနိ၊ အပွင့်အသီးတို့ကို။ ဂဏှိံသု၊ ဆောင်ကုန်၏၊ အခါမဟုတ်ဘဲလျက်လည်း ပွင့်ကုန် သီးကုန်၏။

(၂၇) ဒသ သဟဿိ လောကဓာတု၊ တသောင်းသော လောကဓာတ်သည်။ ကေဓဇမာလာ၊ အဆက်အဆက် မြှောက်ချီအပ်သော တံခွန်အလံရွက်ဟူသော ပန်းရှိသည်၊ အစဉ်ရှိသည်။ အဟောသိ၊ ဖြစ်၏။

## ဘုရားပွင့်တော်မူရာ ဒေသ, ကာလ-စသည်ကို ပြပုံ

ခပ်သိမ်းသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့သည် တပါးသော စကြဝဠာ၌ ဖြစ်ပွင့်တော်မမူကုန်၊ ဤငါတို့စကြဝဠာ၌သာ ဖြစ်ပွင့်တော်မူကုန်မြဲ။

ဤစကြဝဠာ၌လည်း အရံကျွန်းငယ်နှင့်တကွ ကျွန်းကြီးလေးကျွန်းတို့တွင် တပါးသောကျွန်း၌ ဖြစ်ပွင့်တော်မမူကုန်၊ ဤဇမ္ဗူဒိပ်ကျွန်းကြီး၏ အလယ် ချက်မ မဇ္ဈိမဒေသအတွင်း မြေမျှားဉကင် ဗောဓိပင်ရောက်ရာ အရပ်၌သာ ဖြစ်ပွင့်တော်မူကုန်မြဲ။

လူတို့၏ အသက် တက်ကပ်ကာလ၌ ဖြစ်ပွင့်တော်မမူကုန်၊ ဆုတ်ကပ်ကာလ၌သာ ဖြစ်ပွင့်တော်မူကုန်မြဲ။

ဆုတ်ကပ်တွင်လည်း သိန်းတမ်းမှ အထက် ရာတမ်းမှ အောက်ဖြစ်သော ကာလ၌ ဖြစ်ပွင့်တော်မမူကုန်၊ သိန်းတမ်းမှ အောက် ရာတမ်းမှ အထက် ဖြစ်သောကာလ၌သာ ဖြစ်ပွင့်တော်မူကုန်မြဲ။

မင်း ပုဏ္ဏား အမျိုးနှစ်ပါးတို့တွင် တပါးပါး၌သာ၊ ထိုအခါ လူတို့အမြတ် ဟု သမုတ်အပ်သောအမျိုး၌သာ ဖြစ်ကုန်မြဲ။

အနန္တရဘဝ တုသိတာဘုံမှ စုတေ့ခါနီးကာလဝယ် ပဥ္စမဟာဝိလောကန အမှုကို ပြုတော်မူကုန်မြဲ။

ပစ္ဆိမဘဝဝယ် အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဥပပါတ်ဟူသော ယောနိ လေးပါးတွင် ဇလာဗုဇဟူသော ဂဗ္ဘသေယျက ပဋိသန္ဓေအားဖြင့်သာ ဖြစ်ကုန်မြဲ။

လူ နတ် စသည်တွင် လူသာ ဘုရားဖြစ်ကုန်မြဲ။

မိန်းမ ယောကျ်ား နှစ်ပါးတွင် ယောကျ်ားသာ ဘုရားဖြစ်ကုန်မြဲ။

ဤသို့ စသည်ဖြင့် ထိုထိုပါဠိ အဋ္ဌကထာ စသည်တို့၌ ဓမ္မတာနိယာမ အပြား များစွာပင် လာရှိသည်။

ထိုတွင် ပစ္ဆိမဘဝိကဘုရားလောင်းတို့ ပဋိသန္ဓေ စွဲနေသည်မှစ၍ စတု မဟာရာဇ်နတ်မင်းကြီးတို့ အရပ်လေးမျက်နှာဝယ် သန်လျက် လက်စွဲလျက် လာရောက် စောင့်ရှောက်ခြင်းဟူသောဓမ္မတာ။

ပါဏာတိပါတ-အစရှိသော ဒုစရိုက်ငါးပါးတို့မှ အမြဲ ကြဉ်ရှောင်ခြင်း ဟူသော ဓမ္မတာ။

ဘုရားလောင်းမယ်တော်၏ ယောကျ်ားတို့၌ ကာမရာဂနှင့် စပ်ယှဉ်သောစိတ် မဖြစ်ခြင်း၊ ရာဂနှင့်စပ်ယှဉ်သောစိတ်ဖြင့် ယောကျ်ားတို့ လွန်ကျူးထိုက်သော သဘောမရှိခြင်းဟူသော ဓမ္မတာ။

ထိုထို နိုင်ငံမင်း စသည်တို့ ပို့သအပ်သော များစွာသော လက်ဆောင် ပဏ္ဏာ တည်းဟူသော လာဘ်ပူဇော်သက္ကာရတို့ကို ရခြင်းရှိသည်၏ အဖြစ်တည်း ဟူသော ဓမ္မတာ။

ရှေ့သို့ ရှေးရှု မျက်နှာမူလျက် ထက်ဝယ်ပလ္လင်ဖြင့် ဝမ်းတိုက်တွင်းဝယ် ထိုင်နေသော သားတော်ကို မယ်တော်၏ မြင်ရခြင်းဟူသော ဓမ္မတာ။

ဘုရားလောင်းကို ဖွားပြီးနောက် ခုနစ်ရက်မြောက်ဝယ် စုတေ၍ တုသိတာ ဘုံ၌ ဖြစ်ခြင်းဟူသော ဓမ္မတာ၊ ဤဓမ္မတာတို့သည်လည်း ဗုဒ္ဓဝင်အဋ္ဌကထာဝယ် ပြဆို လာရှိသော ဓမ္မတာ သုံးဆယ်တို့၌ မပါကုန်၊ ယင်းတို့၏ အသီးအသီး ဓမ္မတာ ဖြစ်ကြောင်းကိုလည်း—

"ယဒါ ဗောဓိသတ္တော မာတုကုစ္ဆိံ ဩက္ကန္တော ဟောတိ။ စတ္တာ-ရော နံ။ပ။ဝိဟေဌေသီတိ။ အယမေတ္ထ ဓမ္မတာ"

ဟူ၍ငင်း။

"ယဒါ။ပ။ ဝိရတာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ။ အယမေတ္ထ ဓမ္မတာ"

ဟူ၍ငင်း။

"ယဒါ။ပ။ ရတ္တစိတ္တေန။ အယမေတ္ထ ဓမ္မတာ"

ဟူ၍ငင်း။

"ယဒါ။ပ။ ပရိစာရေတိ။ အယမေတ္ထ ဓမ္မတာ"

ဟူ၍ငင်း။

"ယဒါ။ပ။ အဟိနိဒ္ဒြိယံ။ အယမေတ္ထ ဓမ္မတာ"

ဟူ၍ငင်း။

"သတ္တာဟဇာတေ ဗောဓိသတ္တေ ဗောဓိသတ္တမာတာ ကာလံ-ကရောတိ။ တုသိတံ ကာယံ ဥပပဇ္ဇတိ။ အယမေတ္ထ ဓမ္မတာ"

ဟူ၍ငင်း။

မြတ်စွာဘုရားကိုယ်တော်တိုင်ပင် သုတ်မဟာဝါမဟာပဒါနသုတ်ပါဠိတော်(၁၀-၁၃) ၌တိုက်ရိုက်ပင် ဟောတော်မူသည်ဖြစ်၍ ဗုဒ္ဓဝင်အဋ္ဌကထာ၌ ပြဆို လာရှိသော ဓမ္မတာသုံးဆယ်၌ မပါမဝင်သည်ကို အစွဲပြု၍ ယင်းတို့ကို ဓမ္မတာမဟုတ် ဟု မဆိုအပ် မဆိုထိုက် မဆိုကောင်း။ ဓမ္မတာဟူ၍သာ ဆိုအပ် ဆိုထိုက်သကဲ့သို့ ဘုရားလောင်းမယ်တော်၏ ဖွားတော်မူပြီးနောက် ခုနစ်ရက်မြောက်ဝယ် စုတေ၍

ယောကျ်ား၏အဖြစ်ဖြင့် ဖြစ်ခြင်းဟူသော ဓမ္မတာသည် ၎င်းသုံးဆယ်၌ တိုက်ရိုက်ပင် မလာသော်လည်း ထေရဂါထာ အဋ္ဌကထာ မဏိဒီပဋီကာတို့၌ကဲ့သို့ ဓမ္မပဒအဋ္ဌကထာ ဇာတ်ဋီကာ အဘိဓမ္မာဝတာရဋီကာ-အစရှိသော အဋ္ဌကထာ ဋီကာ ဂန္ထန္တရတို့၌ မယ်တော်၏ တုသိတာဘုံ၌ ဖြစ်သောအခါ ယောကျ်ား၏ အဖြစ်ဖြင့် ဖြစ်ကြောင်းကိုသာ ပြဆိုတော်မူကြကုန်သောကြောင့်လည်း ၎င်း ဓမ္မတာသုံးဆယ်၌ မပါရှိမှုကို အကြောင်းထား၍ ယောကျ်ားအဖြစ်ဖြင့်သာ ဖြစ်ကြောင်းကို ပြဆိုသော ထေရဂါထာ အဋ္ဌကထာ-စကား ၎င်းအဋ္ဌကထာ ကိုပင် အမှီပြု၍ မယ်တော်၏ ခုနစ်ရက်မြောက်ဝယ် စုတေ၍ တုသိတာဘုံ၌ ဖြစ်သောအခါ ယောကျ်ားအဖြစ်ဖြင့်သာ ဖြစ်ခြင်းသည် ဓမ္မတာသဘောပင် ဖြစ်ကြောင်းကို—

"သိရိမဟာမာယာ ဟိ ဗောဓိသတ္တံ ဝိဇာယိတွာ သတ္တာဟမတ္တံ ဌတွာ ကာလံ ကတွာ တုသိတဘဝနေ ပုရိသဘာဝေနေဝ နိဗ္ဗတ္တာ။ န ကာလင်္ကတ္ထိဘာဝေနာတိ။ အယမ္ပိ ဓမ္မတာ"

ဟူ၍ ပြဆိုသော မဏိဒီပဋီကာစကားတို့ကို စုံစမ်း ဆင်ခြင်အပ်၏ ဟု ဝိဒူတို့ ဆိုကြကြောင်းကို ပြဆိုသော——

ထေရဋ္ဌကထာ ပန န သင်္ဂဟာရုဠှာ။ အညဋ္ဌကထာဋီကာသု စ တာဒိသံ ဝစနံ နတ္ထိ။ ပဋ္ဌာနကာလေ စ ဗုဒ္ဓမာတာ ဟုတွာ ပစ္ဆာ ပုရိသော ဟောမီတိ ပတ္ထနာ နတ္ထိ။ တိံသဓမ္မတာယဉ္စ ဗုဒ္ဓမာတုယာ ပုရိသဘာဝေါနာမ နတ္ထိ။ တသ္မာ တံ ဝီမံသိတဗ္ဗန္တိ ဝိဒူ ဝဒန္တိ။

ဟူသော မဓုဋီကာစကားကို မမှတ်, မယူအပ်။

ပြဆိုခဲ့ပြီးသော ထိုထိုအဋ္ဌကထာ ဋီကာ ဂန္ထန္တရ ဝိနိစ္ဆယတို့၌ ပြဆိုလာရှိသည့်အတိုင်း ပစ္ဆိမဘဝိက ဘုရားလောင်းမယ်တော် ဟူသမျှတို့၏ ဘုရားလောင်းကို ဖွားပြီးနောက် ခုနစ်ရက်မြောက်ဝယ် စုတေ၍ တုသိတာဘုံ၌ နတ်သား၏ အဖြစ်ဖြင့် ဖြစ်သည်ဟူ၍သာ မုချကေန် အမှန်မှတ်ယူအပ်သည်။

---

## ၂၃-အရဟတ္တဖိုလ်-စသည်သည် နိဗ္ဗာန်မည်ကြောင်း ပြပုံ

### နိဗ္ဗာန်သည် ရာဂ-စသည် ကုန်ခြင်းအကြောင်း-စသည်ကို ပြခြင်း

အချို့ကား ယခင်ပြဆိုခဲ့ပြီးသော ဣတိဝုတ်ပါဠိတော်၌ လာသော သဉပါဒိသေသနိဗ္ဗာနဓာတ်အရကို အရဟတ္တဖိုလ်ကို ကောက်ယူ၏။ အရဟတ္တဖိုလ်ကို

ပရိယာယ် ဥပစာရအားဖြင့် အချို့သောအရာ၌ သဥပါဒိသေသနိဗ္ဗာန-ဟု ဟောပြလာရှိသော်လည်း ဤ ဣတိဝုတ်ပါဠိတော် အရာ၌ မကောက် မယူသင့်။

ပြဆိုခဲ့သည့်အတိုင်း ကိလေသာတို့၏ အဘာဝကိုသာ ကောက်လေ။ အရဟတ္တဖိုလ်ကို နိဗ္ဗာန-ဟူ၍၎င်း သဥပါဒိသေသ နိဗ္ဗာန-ဟူ၍၎င်း ဟောပြသော အရာလည်း ရှိသည်။ ထိုတွင် ခုဒ္ဒကပါဌပါဠိတော်, သုတ္တနိပါတ်ပါဠိတော် တို့၌ ဟောတော်မူအပ်သော "အရိယသစ္စာနဒဿနံ၊ နိဗ္ဗာန သစ္ဆိကိရိယာ စ"ဟူသော မင်္ဂလသုတ် ပါဠိတော်၌ "နိဗ္ဗာနသစ္ဆိကိရိယာ စ" ၌ အရဟတ္တဖိုလ်ကို နိဗ္ဗာန-ဟူ၍ ဟောတော်မူသည်။

ဤ နိဗ္ဗာနသစ္ဆိကိရိယာ စ-၌ အရဟတ္တဖိုလ်ကို နိဗ္ဗာန် ဟု ဟောတော်မူသည်၏အဖြစ် နိဗ္ဗာန-အရကို အရဟတ္တဖိုလ်ကို ယူအပ်သည်၏ အဖြစ်ကို—

"နိဗ္ဗာနသစ္ဆိကိရိယာနာမ ဣဓ အရဟတ္တဖလံ အဓိပ္ပေတံ"။ နိဗ္ဗာနသစ္ဆိကိရိယာ နာမ၊ နိဗ္ဗာနသစ္ဆိကိရိယမည်သည်။ ဣဓ၊ နိဗ္ဗာနသစ္ဆိကိရိယာမင်္ဂလာကို ဟောပြသော ဤမင်္ဂလသုတ်အရာ၌။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်ကို။ အဓိပ္ပေတံ၊ နိဗ္ဗာန် ဟု လိုအပ်၏။

ဤသို့ ပြဆိုသော ၎င်းအဖွင့် ခုဒ္ဒကပါဌအဋ္ဌကထာ(၁၂၈) ကို ထောက်သဖြင့် သိအပ်၏။ "ပရိညာပဟာနသစ္ဆိကိရိယာဘာဝနာဘိသမယဝသေန" စသည်ဟူရာ "စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ" ဟူရာတို့၌ ကဲ့သို့ ဤ၌ အရိယမင်ဖြင့် မျက်မှောက်ပြုအပ်သောအရိယမင်၏ အာရုံဖြစ်သော နိဗ္ဗာန်ကို မယူမူ၍ အရဟတ္တဖိုလ်ကို ယူအပ်သည်၏ အဖြစ်ကို အဘယ့်ကြောင့် အဋ္ဌကထာဆရာ သိလေ သနည်း ဟူမူ—

အရိယမင်၏ အာရုံဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဟူသော သစ္ဆိကိရိယာ မင်္ဂလာကို "အရိယသစ္စာနဒဿနံ" ဟူသော ရှေ့ပုဒ်ဖြင့် ပြဆိုပြီး ဖြစ်သောကြောင့် သိသည် ဟူလေ။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌— "ဣတရဿ ပန နိဗ္ဗာနဿ အရိယသစ္စာနဒဿနေနေဝ သစ္ဆိကိရိယာ သိဒ္ဓါ" ဟု မိန့်ဆိုတော်မူသည်။

ဣတရဿ၊ အရဟတ္တဖိုလ်မှ တပါးသော။ နိဗ္ဗာနဿ၊ မင်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို။ သစ္ဆိကိရိယာ ပန၊ မျက်မှောက်ပြုခြင်း ဟူသော မင်္ဂလာသည်ကား။ အရိယသစ္စာနဒဿနေနေဝ၊ အရိယသစ္စာနဒဿနံ-ဟူသော ပုဒ်ဖြင့် ပင်လျှင်။ ဝါ၊ အရိယသစ္စာ လေးပါးတို့ကို မြင်ခြင်း ဟူသော မင်္ဂလာဖြင့် ပင်လျှင်။ သိဒ္ဓါ၊ ပြီး၏။

"တသ္မာ ပတ္တိ ဝါ ပစ္စဝေက္ခဏာ ဝါ သစ္ဆိကိရိယာနာမ" ဟူသော ၎င်းအဋ္ဌကထာနှင့်အညီ အရိယမဂ်ဖြင့် ကိစ္စလေးပါးကို တပြိုင်နက် ပြီးစေလျက် နိဗ္ဗာန်ကို အာရုံပြုခြင်း ဟူသော မျက်မှောက်ပြုခြင်းသာလျှင် စင်စစ် သစ္ဆိကိရိယဖြစ်ရကား ဤ၌ အရဟတ္တဖိုလ်ကိုရခြင်း, သို့ရောက်ခြင်း မဟာကိရိယာပစ္စဝေက္ခဏာဇောဖြင့် အရဟတ္တဖိုလ်ကို ဆင်ခြင်ခြင်းသာလျှင် သစ္ဆိကိရိယမည်သည် ဟု ယူ။

တသ္မာ၊ ထိုအရဟတ္တဖိုလ်သို့။ ပတ္တိ ဝါ၊ ရောက်ခြင်းသည်၎င်း။ ပစ္စဝေက္ခဏာ ဝါ၊ မဟာကိရိယာ ပစ္စဝေက္ခဏာဉာဏ်ဖြင့် အရဟတ္တဖိုလ်ကို ဆင်ခြင်ခြင်းသည်၎င်း။ သစ္ဆိကိရိယာနာမ၊ မည်၏။

ထိုအရဟတ္တဖိုလ်သည် အဘယ့်ကြောင့် နိဗ္ဗာန မည်ရလေသနည်း ဟူမူ—အရဟတ္တမဂ်သည် သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ပယ်အပ်သည် ဖြစ်၍ အလုံးစုံသော ကိလေသာတို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော ငြိမ်းခြင်းသည် မုချအားဖြင့် နိဗ္ဗာနမည်၏။ ထိုကိလေသာ အလုံးစုံတို့၏ တဖန်အသစ် မဖြစ်ကောင်းသော မဖြစ်ခြင်း ဟူသော ငြိမ်းခြင်း နိဗ္ဗာန်သည် အရဟတ္တ မဂ္ဂက္ခဏ၌ ဖြစ်ရကား အရဟတ္တ မဂ္ဂါနန္တရ ဖြစ်သော အရဟတ္တဖိုလ်သည် ထိုကိလေသာတို့၏ ငြိမ်းခြင်း၏ အခြားမဲ့ ဟူသော အနီး၌ ဖြစ်သောကြောင့် ထိုကိလေသာတို့ ငြိမ်းခြင်း၏ နိဗ္ဗာန-ဟူသော အမည်ကို ထိုကိလေသာ ငြိမ်းခြင်း အနီးရှိသော အရဟတ္တဖိုလ်၌ တင်စား၍ သမီပူပစာရအားဖြင့် နိဗ္ဗာနမည်သည် ဟူလေ။

ဤကား "နိဗ္ဗာနန္တိ စေတ္ထ အရဟတ္တဖလံ အဓိပ္ပေတံ။ တံ ဟိ ကိလေသပရိနိဗ္ဗာနန္တေ ဇာတတ္တာ နိဗ္ဗာနံနာမ" ဟူသော နေတ္တိဋီကာ နှင့် အညီတည်း။

ဧတ္ထ စ၊ ဤအရာ၌ကား။ အရဟတ္တဖလံ၊ ကို။ နိဗ္ဗာနန္တိ၊ ဟူ၍။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဟိ သစ္စံ၊ မှန်၏။ တံ၊ ထိုအရဟတ္တဖိုလ်သည်။ ကိလေသပရိနိဗ္ဗာနန္တေ၊ အရဟတ္တမဂ်သည် အကြွင်းမဲ့ ဖျက်ပယ်အပ်သည်ဖြစ်၍ ကိလေသာတို့၏ တဖန်အသစ် မဖြစ်နိုင်သော မဖြစ်ခြင်းဟု ဆိုအပ်သော ကိလေသာတို့၏ ကုန်စင်ကြွင်းမဲ့ ငြိမ်းခြင်းဟူသော ကိလေသ ပရိနိဗ္ဗာန်၏ အနီး၌။ ဇာတတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန မည်၏။

တနည်းလည်း "တံပိ ဟိ ပဉ္စဂတိဝါနနေန ဝါနသညိတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ" ဟူသော ခုဒ္ဒကပါဌအဋ္ဌကထာ (၁၂၈) နှင့်အညီ သတ္တဝါတို့ကို သံသရာဝဋ်မှ မကင်းမကျွတ် မလွတ်နိုင်အောင် ဒေဝ, မနုဿ, နိရယ, ပေတ, တိရစ္ဆာန-ဟူသော ဂတိငါးပါးတို့၌ မပြတ်မချ အခါခါ အထပ်ထပ်ဖြစ်စေတတ်သောအားဖြင့် တင်းထိမ်ကန့်လန့်ကာ အစရှိသည်တို့ကို ချုပ်စပ်သောသူသည်

တစပ်နှင့်တစပ်ကို ချုပ်စပ်ဘိသကဲ့သို့ ဂတိတပါးနှင့်တပါးကို ချုပ်စပ်တတ်သော ကြောင့် ဝါနမည်သော ဘဝဝိသယတဏှာ၏ တောင့်တစွဲလမ်းရာ အာရုံ၏အဖြစ်ကို လွန်သောအားဖြင့် ထိုဝါနမည်သော တဏှာမှ ထွက်မြောက်သောကြောင့် အရဟတ္တဖိုလ်သည်ပင် မုချအားဖြင့် နိဗ္ဗာန မည်သည် ဟူလေ။

ဟိသစ္စံ၊ နိဗ္ဗာနသစ္ဆိကိရိယာမင်္ဂလာအရာ၌ နိဗ္ဗာနမည်သည် အရဟတ္တဖိုလ်ကို လိုအပ်၏ဟု ငါဆိုသော စကားမှန်၏။ တံပိ၊ ထိုအရဟတ္တဖိုလ်ကိုလည်း။ ပဉ္စဂတိ-ဝါနနေန၊ ဂတိငါးပါးတို့ကို တပါးနှင့်တပါး ချုပ်စပ်တတ်သောကြောင့်။ ဝါနသညိတာယ၊ ဝါနဟု မှည့်ခေါ်ပညတ် သမုတ်အပ်သော။ တဏှာယ၊တဏှာမှ။ နိက္ခန္တတ္တာ၊ ကင်းလွတ် ထွက်မြောက်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာနဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

"သဉပါဒိသေသနိဗ္ဗာနဓာတုဝိဇ္ဇာ" ဟူသော နေတ္တိပါဠိတော် (၅၉) ၌ အရဟတ္တဖိုလ်ကိုပင် သဉပါဒိသေသ နိဗ္ဗာန်ဟူ၍ ဟောတော်မူသည်။ ဤ၌ သဉပါဒိသေသနိဗ္ဗာနဓာတု-အရကို အရဟတ္တဖိုလ်ကို ယူအပ်သည်၏ အဖြစ်ကို လည်း "သဉပါဒိသေသနိဗ္ဗာနဓာတူတိ အရဟတ္တဖလံ အဓိပ္ပေတံ၊တဉ္စ ပညာပဋ္ဌာ-နန္တိ အာဟ သဉပါဒိသေသနိဗ္ဗာနဓာတုဝိဇ္ဇာတိ" ဟူသော နေတ္တိအဋ္ဌကထာ (၁၂၇) ကို ထောက်သဖြင့် သိအပ်၏။

သဉပါဒိသေသနိဗ္ဗာနဓာတုဝိဇ္ဇာ၊ အရဟတ္တမဂ်သည် အကြွင်းမဲ့ပယ်အပ်သော ကိလေသာမှ ကြွင်းသော ဉပါဒါနက္ခန္ဓာဟူသော ဉပါဒိနှင့်တကွဖြစ်သော ကိလေသာတို့တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ငြိမ်းခြင်း ၏ သဉပါဒိသေသနိဗ္ဗာနဓာတု ဟူသောအမည်ကို ထိုကိလေသာတို့ငြိမ်းခြင်း၏ အနီး၌ဖြစ်၍ ထိုငြိမ်းခြင်းအနီးရှိသော အရဟတ္တဖိုလ်၌ သမီပူပစာရအားဖြင့် တင်စား၍ သဉပါဒိသေသနိဗ္ဗာနဓာတုမည်သော အရဟတ္တဖိုလ်နှင့်ယှဉ်သော ပညာ။

အရဟတ္တဖလံ၊ အရဟတ္တဖိုလ်ကို။ သဉပါဒိသေသနိဗ္ဗာနဓာတူတိ။ပ။ ဓာတု-ဟူ၍။အဓိပ္ပေတံ၊ ဤ၌လိုအပ်၏။တဉ္စ၊ထိုအရဟတ္တဖိုလ်သည်လည်း။ ပညာပဋ္ဌာနံ၊ ပညာပြဋ္ဌာန်းခြင်းရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သဉပါဒိသေသနိဗ္ဗာနဓာတု-ဝိဇ္ဇာတိ၊ ဇ္ဇာ-ဟူ၍။ အာဟ၊ ဟောတော်မူ၏။

အရဟတ္တဖိုလ်ကို ကိလေသပရိနိဗ္ဗာန-ဟု ဟောပြသော အရာလည်းရှိသည်။ ထိုကို ပြလိုက်ဦးအံ့။

"အာယုနော ဝေမဇ္ဈံ အနတိက္ကမိတွာ အန္တရာဝ ကိလေသပရိနိဗ္ဗာနံ
အရဟတ္တံ ပတ္တော အန္တရာပရိနိဗ္ဗာယီနာမ"

ဟူသော သုတ်ပါထေယျ သံဂီတိသုတ်အဋ္ဌကထာ (၂၁၃)၌ အရဟတ္တဖိုလ်ကို ကိလေသ-ပရိနိဗ္ဗာန်ဟူ၍ မိန့်ဆိုတော်မူသည်။

အာယုနော၊ သုဒ္ဓါဝါသ ငါးဘုံတွင် မိမိဖြစ်ရာဘုံ၌ အသက် အပိုင်းအခြား ကာလ၏။ ဝေမဇ္ဈံ၊ ထက်ဝက်ဖြစ်သောအလယ်ကို။ အနတိက္ကမိတွာ၊ မလွန်မူ၍။ အန္တရာ၀၊ အလယ်ကာလမှ ရှေးအဘို့ဟူသော အတွင်း၌သာလျှင်။ ကိလေသ-ပရိနိဗ္ဗာနံ၊ ကိလေသပရိနိဗ္ဗာန်ဟု ဆိုအပ်သော။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တော၊ ရောက်သော အနာဂါမ်ပုဂ္ဂိုလ်သည်။ အန္တရာပရိနိဗ္ဗာယီနာမ၊ ယီ-မည်၏။

## ပရိနိဗ္ဗာနနှင့် အနုပါဒါပရိနိဗ္ဗာန ၂-မျိုးယူပုံ

အရဟတ္တဖိုလ်ကိုပင် ပရိနိဗ္ဗာနဟူ၍ရင်း အနုပါဒါပရိနိဗ္ဗာနဟူ၍ရင်း ဟောပြသော အရာလည်းရှိသည်၊ ထိုကိုပြလိုက်ဦးအံ့။

> တတ္ထ ဂဟဏူပါဒါနဝါဒိနော အာစရိယာ အနုပါဒါပရိနိဗ္ဗာနန္တိ စတူသု ဥပါဒါနေသု အညတရေနာပိ ကိဉ္စိ ဓမ္မံ အဂဟေတွာ၀ ပဝတ္တံ အရဟတ္တဖလံ အနုပါဒါပရိနိဗ္ဗာနန္တိ ကထေန္တိ။ တံ ဟိ န စ ဥပါဒါန-သမ္ပယုတ္တံ ဟုတွာ ကိဉ္စိမ္မံ ဥပါဒိယတိ၊ ကိလေသာနဥ္စ ပရိနိဗ္ဗာနန္တေ ဇာတတ္တာ ပရိနိဗ္ဗာနန္တိ ကထေန္တိ။

အနုပါဒါပရိနိဗ္ဗာနတ္ထံ ခေါ် အာဝုသော ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ။

အစရှိသော မူလပဏ္ဏာသပါဠိတော်(၂၀၁) ရထဝိနီတသုတ်၏ အဖွင့်ဖြစ်သော ဤ မူလပဏ္ဏာသအဋ္ဌကထာ (၉၂) နှင့်အညီ "ကိလေသပရိနိဗ္ဗာနံ အရဟတ္တံ ပတ္တော" ဟူသော ဤသံဂီတိသုတ် အဋ္ဌကထာ၌လည်း အရဟတ္တမဂ်သည် သမုစ္ဆေဒအားဖြင့် ပယ်အပ်သော ကိလေသာတို့၏ တဖန်အသစ် မဖြစ်နိုင်သော မဖြစ်ခြင်းဟု ဆိုအပ်သော အကြွင်းမဲ့ချုပ်ငြိမ်းခြင်း ဟူသောကိလေသပရိနိဗ္ဗာန်၏ အနီး၌ဖြစ်သောကြောင့်ပင် အရဟတ္တဖိုလ်သည် ကိလေသပရိနိဗ္ဗာန် မည်သည် ဟူလေ။

တတ္ထ၊ ထိုဥပါဒါန်လေးပါးဟူသော ဂဟဏူပါဒါန်, အဝိဇ္ဇာပစ္စယာ သင်္ခါရာ-စသည်၌ကဲ့သို့သော ပစ္စယူပါဒါန်နှစ်ပါးတို့တွင်။ ဂဟဏူပါဒါနဝါဒိနော၊ အနု-ပါဒါပရိနိဗ္ဗာနတ္ထံ-၌ ဥပါဒါန-အရကို ဂဟဏူပါဒါ-ဟု ဆိုလေ့ရှိကုန်သော။ အာစရိယာ၊ တို့သည်။ အနုပါဒါပရိနိဗ္ဗာနန္တိ ဧတ္ထ၊ အနုပါဒါပရိနိဗ္ဗာနံ-ဟူသော ဤအရာ၌။ စတူသု၊ ကုန်သော။ ဥပါဒါနေသု၊ တို့တွင်။ အညတရေနာပိ၊ တပါးပါးဖြင့်လည်း။ ကိဉ္စိ ဓမ္မံ၊ တစုံတခုသော တရားကို။ အဂဟေတွာ၀၊ မယူမူ၍သာလျှင်။ ပဝတ္တံ၊ သော။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ အနုပါဒါပရိနိဗ္ဗာနန္တိ၊ ဟူ၍။ ကထေန္တိ၊ ကုန်၏။ ဟိ သစ္စံ၊ မှန်၏။ တံ၊ ထိုအရဟတ္တဖိုလ်သည်။ ဥပါဒါန-

သမ္ဗယုတ္တာ၊ ဥပါဒါန်နှင့်ယှဉ်သည်။ ဟုတွာ၊ ၍။ ကိဉ္စိမ္မံ၊ ကို။ န ဥပါဒိယတိ၊ ငါ- ငါ၏ကိုယ်စသည်ဖြင့် မစွဲလမ်း။ ကိလေသာနံ၊ တို့၏။ ပရိနိဗ္ဗာနန္တေ၊ အရဟတ္တမဂ်သည် အကြွင်းမဲ့ပယ်ဖျက်အပ်သည်ဖြစ်၍ တဖန်အသစ် မဖြစ်နိုင်သော အားဖြင့် မဖြစ်ခြင်းဟူသော ထက်ဝန်းကျင်ငြိမ်းခြင်း၏ အနီး၌။ ဇာတတ္တာ စ၊ ဖြစ်သည်၏ အဖြစ်ကြောင့်လည်း။ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာနမည်၏။ ဣတိ၊ သို့။ ကထေန္တိ၊ ကုန်၏။

ဤ မူလပဏ္ဏာသအဋ္ဌကထာ ကို ထောက်၍ပင် အရဟတ္တဖိုလ်ကို သမီပူပစာရ အားဖြင့် နိဗ္ဗာန ဟူ၍ရင်း အနုပါဒါပရိနိဗ္ဗာန ဟူ၍ရင်း ခေါ် ဆိုအပ်သည်၏အဖြစ် ကိုလည်း သိလေ။

## အရဟတ္တဖိုလ်ကို ရာဂက္ခယ-ဟု ပြပုံ

အရဟတ္တဖိုလ်ကိုပင် ရာဂက္ခယ-စသည် ဟူ၍ ဟောပြသော အရာလည်းရှိသည်၊ ထိုကို ပြလိုက်ဦးအံ့။

> အရဟတ္တံ အရဟတ္တန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ။ ကတမံ နု ခေါ အာဝုသော သာရိပုတ္တ အရဟတ္တန္တိ။ ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ အရဟတ္တံ။

ဟူသော ဇမ္ဗုခါဒကသုတ်ပါဠိတော်၌ အရဟတ္တဖိုလ်ကို ရာဂက္ခယ-စသည် ဟူ၍ လည်း ဟောတော်မူသည်။

ဤအရဟတ္တဖိုလ်သည် အဘယ့်ကြောင့် ရာဂက္ခယ-စသည် မည်လေသနည်း ဟူမူ "အရဟတ္တံ ပန ခယန္တေ ဥပ္ပန္နတ္တာ ခယောတိ ဝုတ္တံ" ဟူသော အဘိဓမ္မာ-ဝတာရအဋ္ဌကထာ(၁၀၉)။ "ရာဂါဒီနံ ခယန္တေ ဥပ္ပန္နတ္တာ အရဟတ္တံ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုစ္စတိ" ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ (၄၉) "ခယန္တေတိ ရာဂါဒီနံ ပရိက္ခယာဝသာနေ" ဟူသော အဘိဓမ္မတ္ထဝိကာသနီ-ဋီကာ၊ ဤအဋ္ဌကထာ ဋီကာတို့နှင့်အညီ အရဟတ္တမဂ်သည် သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ပယ်အပ်သည်ဖြစ်၍ ရာဂအစရှိသည်တို့၏ တဖန်အသစ် မဖြစ်နိုင်သော မဖြစ်ခြင်းဟူသော ကုန်ခြင်း၏ အဆုံးဖြစ်သော အနီး၌ဖြစ်သောကြောင့် ထိုရာဂ စသည်ကုန်ခြင်း၏ ခယဟူသော အမည်ကို ရာဂစသည်ကုန်ခြင်းလျှင် အနီးရှိသော အရဟတ္တဖိုလ်၌ တင်စား၍ သမီပူပစာရအားဖြင့် အရဟတ္တဖိုလ်ကို ခယဟူ၍ ဆိုအပ်သည် ဟူလေ။

အရဟတ္တံ ပန၊ အရဟတ္တဖိုလ်ကိုကား။ ခယန္တေ၊ ရာဂအစရှိသည်တို့ကုန်သည်၏ အဆုံးဖြစ်သော အနီး၌။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ ခယောတိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ ခယန္တေ၊ကုန်သည်၏ အဆုံးဖြစ်သောအနီး၌။ ဥပ္ပန္နတ္တာ၊ ကြောင့်။ အရဟတ္တံ၊ ကို။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော-တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ခယန္တေတိ၊ ကား။ ရာဂါဒီနံ၊ တို့၏။ ပရိက္ခယာဝသာနေ၊ ကုန်သည်၏ အဆုံးဖြစ်သောအနီး၌—

အန္တောနိတ္ထိ သမီပေ စ၊ ဝသာနေ ပဒပူရဏေ။
ဒေဟာဝယဝေ ကောဋ္ဌာသေ၊ နာသသီမာသု လာမကေ။

အနိတ္ထိ၊ ပုလ္လိင် နပုလ္လိင်ဖြစ်သော။ အန္တော၊ အန္တသဒ္ဒါသည်။ သမီပေ စ၊ အနီးဟူသောအနက်၌၎င်း၊ အဝသာနေ စ၊ အဆုံးဟူသောအနက်၌၎င်း။ ပဒပူရဏေ စ၊ ပုဒ်ပြည့်ရုံမျှဟူသော ပဒပူရဏ၌၎င်း။ ဒေဟာဝယဝေ စ၊ အူသိမ် အူမဟူသော ကိုယ်အစိတ်၌၎င်း။ ကောဋ္ဌာသေ စ၊ အဘို့အစု၌၎င်း။ နာသသီမာသု စ၊ ပျက်စီးခြင်း သေခြင်းဟူသောအနက်, အပိုင်းအခြားဟူသော အနက်တို့၌၎င်း။ လာမကေ စ၊ ယုတ်မာခြင်းဟူသော အနက်၌၎င်း။ ဘဝေ၊ ၏။

ဤသို့ အန္တသဒ္ဒါ အနီးဟူသောအနက်ကို ဟောကြောင်းကို အဘိဓာနပ္ပဒီပိကာကျမ်း(ဂါထာနံပါတ်-၇၉၁) ၌ ပြဆိုလာရှိသည်ဖြစ်၍ ခယန္တေ-ကို ပရိက္ခယာသန္နေ-ဟူ၍သော်၎င်း ပရိက္ခယသမီပေ-ဟူ၍သော်၎င်း ဖွင့်သင့်သည်ပင်။

"ခယောတိ ဝါ မဂ္ဂေါ ဝုစ္စတိ၊ ခယေ ဉာဏန္တိအာဒီသု ဝိယ။ တဿ အန္တေ နိရောဓာဝသာနေ ဥပ္ပန္နတ္တာ ခယောတိ ဝုတ္တံ ကာရဏူပစာရေန ဝါ သမီပူပစာရေန ဝါ"

ဟူ၍ တနည်းပြသော အဘိဓမ္မတ္ထဝိကာသနီဋီကာ အလိုအားဖြင့် ရာဂအစရှိသည်တို့ကို အကြွင်းမဲ့ ကင်းကုန်စေတတ်သောကြောင့် ခယမည်သောမဂ် ချုပ်သည်၏ အခြားမဲ့ဟူသောအနီးအဆုံး၌ဖြစ်သောကြောင့် အကြောင်းဖြစ်သော အရဟတ္တမဂ်၏ ခယ-ဟူသော အမည်ကို ထို အရဟတ္တမဂ်၏ အကျိုးဖြစ်သော အရဟတ္တဖိုလ်၌ တင်စား၍ ကာရဏူပစာရအားဖြင့်သော်၎င်း အနီးဖြစ်သော အရဟတ္တမဂ်၏ ခယဟူသောအမည်ကို ထိုအရဟတ္တမဂ်လျှင် အနီးရှိသော အရဟတ္တဖိုလ်၌ တင်စား၍ သမီပူပစာရအားဖြင့်သော်၎င်း အရဟတ္တဖိုလ်ကို ခယဟု ဆိုအပ်သည်ဟူလို။

ဝါ၊ ကား။ ခယေ ဉာဏန္တိအာဒီသု၊ တို့၌။ မဂ္ဂေါ၊ ကို။ ခယောတိ၊ ၍။ ဝုစ္စတိ ဝိယ၊ ကဲ့သို့။ မဂ္ဂေါ၊ ကို။ ခယောတိ၊ ၍။ ဝုစ္စတိ၊ ၏။ တဿ၊ ထိုကိလေသာအလုံးစုံကို ကုန်စေတတ်၍ မုချ ခယမည်သော အရဟတ္တမဂ်၏။ အန္တေ နိရောဓာဝသာနေ၊ ဘင်၏ အစွမ်းဖြင့် ချုပ်သည်၏ အဆုံးဟူသော အနီး၌။ ဥပ္ပန္နတ္တာ၊

ကြောင့်။ ကာရဏူပစာရေန ဝါ၊ အကြောင်းဖြစ်သော အရဟတ္တမဂ်၏ ခယ ဟူသောအမည်ကို ထိုအရဟတ္တမဂ်၏ အကျိုးဖြစ်သော အရဟတ္တဖိုလ်၌ တင်စားသော ကာရဏူပစာရအားဖြင့်သော်၎င်း။ သမီပူပစာရေန ဝါ၊ အနီး ဖြစ်သော အရဟတ္တမဂ်၏ ခယဟူသောအမည်ကို ထိုအရဟတ္တမဂ်လျှင် အနီး ရှိသော အရဟတ္တဖိုလ်၌ တင်စား၍ သမီပူပစာရအားဖြင့်သော်၎င်း။ အရဟတ္တံ၊ ကို။ ခယောတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

"ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော။ ကတမာ ဒွေ။ သဉပါဒိ-
သေသာ စ နိဗ္ဗာနဓာတု အနုပါဒိသေသာ စ နိဗ္ဗာနဓာတူတိ"

အစရှိသည်ဖြင့် ဟောတော်မူအပ်သော ဣတိဝုတ်ပါဠိတော်(၂၂၀) ၌ သဉပါဒိသေသ နိဗ္ဗာနဓာတု-အရကို အောက်၌ ပြဆိုခဲ့သည်အတိုင်း ရာဂအစရှိသော ကိလေသာ တို့၏ အဘာဝကိုသာ ကောက်ယူလေ။

## ၂၄-အနုပါဒါပရိနိဗ္ဗာန်-စသည်ကို ပြပုံ

### ခီဏာသဝပုဂ္ဂိုလ်တို့၏ အနုပါဒါပရိနိဗ္ဗာန်-စသည်ကို ပြခြင်း

ဤဣတိဝုတ်ပါဠိတော်၌ အနုပါဒိသေသနိဗ္ဗာနဓာတု-အရကိုလည်း ရဟန္တာ တို့၏ စုတိခန္ဓာကို အချို့ဆရာတို့ ကောက်ယူကုန်၏။ ထိုသို့ ကောက်ယူခြင်း သည်လည်း မိမိ၏ မှီရာ ဣတိဝုတ်ပါဠိ, အဋ္ဌကထာတို့နှင့် ဖြောင့်ဖြောင့်ပင် ဆန့်ကျင်သောကြောင့် မသင့်သည်သာ ဟု မှတ်အပ်၏။

အဘယ်သို့ ဆန့်ကျင်သနည်းဟူမူ ခီဏာသဝတို့၏ စုတိခန္ဓာတို့သည် ထို ခီဏာသဝတို့၏ ပစ္စက္ခဘဝ၌ပင် ဖြစ်ကုန်သည်။ အနုပါဒိသေသနိဗ္ဗာနဓာတ်၏ ခီဏာသဝတို့ ခန္ဓာပျက်ကြေ စုတေ သေဆုံးပြီးသည်မှ နောက်အဘို့ဖြစ်သော ကာလ၌သာ ဖြစ်ကြောင်းကို "အနုပါဒိသေသာ သမ္ပရာယိကာ" ဟူ၍ ဣတိဝုတ်ပါဠိတော် (၂၂၁) ၌ ဟောတော်မူသည်။ ၎င်းအဋ္ဌကထာ (၁၅၉) ၌လည်း "သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ" ဟူ၍ ပြဆိုတော် မူသည်။ ဤသို့ ဆန့်ကျင်သည်ဟူလေ။

ခီဏာသဝတို့၏ စုတိခန္ဓာဟူသော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့သည်လည်း တဏှာဒိဋ္ဌိတို့သည် တပ်မက်စွဲလမ်းအပ်၍ ဥပါဒိမည်ကြကုန်သည်ချည်းသာ, ထိုဥပါဒိသေသမည်သော စုတိခန္ဓာငါးပါးတို့လည်း တပါးအား တပါးရှိကုန် သည်သာ, တပါးသည် တပါးနှင့် အတူတကွ ဖြစ်ကုန်သည်သာဖြစ်၍ သဉပါဒိ-သေသ သာ ဖြစ်သည်၊ အနုပါဒိသေသ မဖြစ်။ ထို့ကြောင့်လည်း အနုပါဒိသေသ-

နိဗ္ဗာနဓာတု-အရကို ဋီကာသဝတို့၏ စုတိခန္ဓာကို ကောက်ယူသော ဆရာတို့၏ စကားကို မသင့် ဟူ၍သာ မှတ်အပ်သည်။

ဋီကာသဝတို့၏ စုတိခန္ဓာကို အနုပါဒါပရိနိဗ္ဗာန ဟူ၍၎င်း, အပ္ပစ္စယပရိနိဗ္ဗာန ဟူ၍၎င်း ဟောပြသောအရာကား ရှိ၏။ ထိုတွင် —

> နိဗ္ဗိဒါ ဝိရာဂတ္ထာယ။ ဝိရာဂေါ ဝိမုတ္တတ္ထာယ။ ဝိမုတ္တိ ဝိမုတ္တိဉာဏ-ဒဿနတ္ထာယ။ ဝိမုတ္တိဉာဏဒဿနံ အနုပါဒါပရိနိဗ္ဗာနတ္ထာယ။

ဟူသော ပရိဝါပါဠိတော်(၂၈၈) ၌ စုတိခန္ဓာကို အနုပါဒါပရိနိဗ္ဗာန ဟူ၍ ဟောတော်မူသည်။

> အနုပါဒါပရိနိဗ္ဗာနတ္ထာယာတိ အပ္ပစ္စယပရိနိဗ္ဗာနတ္ထာယ။ အပ္ပစ္စယ-ပရိနိဗ္ဗာနဿ ဟိ တံ ပစ္စယော ဟောတိ။ တသ္မိံ အနုပ္ပတ္တေ အဝဿံ ပရိနိဗ္ဗာယိတဗ္ဗတောတိ။

ဟူသော ပရိဝါအဋ္ဌကထာ(၂၀၈)

> အပ္ပစ္စယပရိနိဗ္ဗာနတ္ထာယာတိ အာယတိံ ပဋိသန္ဓိယာ အကာရဏ-ဘူတပရိနိဗ္ဗာနတ္ထာယ။ ပရိနိဗ္ဗာနံ ဟိ နာမ ဋီကာသဝါနံ သဗ္ဗပစ္ဆိမာ စုတိစိတ္တကမ္မဇရူပသင်္ခါတာ ခန္ဓာ။ တေ စ သဗ္ဗာကာရတော သမုစ္ဆိန္နာ-နုသယတာယ ပုနဗ္ဘဝါယ အနန္တရာဒိပစ္စယာ န ဟောန္တိ။ တသ္မာ အပ္ပစ္စယပရိနိဗ္ဗာနန္တိ ဝုစ္စန္တိ။

၎င်းအဖွင့် ဝိမတိဝိနောဒနီဋီကာ(၃၀၀) တို့၌ အပ္ပစ္စယပရိနိဗ္ဗာန-ဟူ၍ ပြဆိုတော်မူကုန်သည်။

နိဗ္ဗိဒါ၊ နိဗ္ဗိဒါဉာဏ်သည်။ ဝိရာဂတ္ထာယ၊ အရိယမဂ်-ဟူသောအကျိုးငှါ။ ဟောတိ၊ ၏။ ဝိရာဂေါ၊ အရဟတ္တမဂ်သည်။ ဝိမုတ္တတ္ထာယ၊ အရဟတ္တဖိုလ် ဟူသော အကျိုးငှါ။ ဟောတိ ၏။ ဝိမုတ္တိ၊ ဝိမုတ္တိသည်။ ဝိမုတ္တိဉာဏဒဿ-နတ္ထာယ၊ ဝိမုတ္တိဉာဏဒဿန-ဟူသော ပစ္စဝေက္ခဏာဉာဏ်အကျိုးငှါ။ ဟောတိ၊ ၏။ ဝိမုတ္တိဉာဏဒဿနံ၊ န-ဟူသော ပစ္စဝေက္ခဏာဉာဏ်သည်။ အနုပါဒါပရိနိဗ္ဗာ-နတ္ထာယ၊ ဟူသော အကျိုးငှါ။ ဟောတိ၊ ၏။

အနုပါဒါပရိနိဗ္ဗာနတ္ထာယာတိ၊ ဟူသည်ကား။ အပ္ပစ္စယပရိနိဗ္ဗာနတ္ထာယ၊ တဖန် ဘဝသစ်အား ကျေးဇူးမပြုနိုင်ခြင်း, တဖန် ဘဝသစ်၏ အကြောင်း မဖြစ်နိုင်ခြင်းဟူသော ထက်ဝန်းကျင် အကြွင်းမဲ့ ငြိမ်းခြင်းဟူသော အပ္ပစ္စယ-ပရိနိဗ္ဗာန်အကျိုးငှါ။ ဟိ သစ္စံ မှန်၏။ တံ၊ ထိုပစ္စဝေက္ခဏာဉာဏ်ဟူသော ဝိမုတ္တိ-ဉာဏဒဿနသည်။ အပ္ပစ္စယပရိနိဗ္ဗာနဿ၊ အပ္ပစ္စယပရိနိဗ္ဗာန်၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ၏။ ကသ္မာ၊ ကြောင့်။ တံ၊ သည်။ အပ္ပစ္စယ-

ပရိနိဗ္ဗာနဿ၊ ၏။ ပစ္စယော၊ သည်။ဟောတိ၊ နည်း။ တသ္မိံ၊ ထိုဝိမုတ္တိဉာဏ-ဒဿနသို့။ အနုပ္ပတ္တေ၊ အစဉ်အားဖြင့် ရောက်သည်ရှိသော်။ အဝဿံ၊ မချွတ်။ ပရိနိဗ္ဗာယိတဗ္ဗတော၊ ပရိနိဗ္ဗာန်ပြုအပ်သည်၏ အဖြစ်ကြောင့်။ တံ၊ သည်။ အပ္ပစ္စယပရိနိဗ္ဗာနဿ၊ ၏။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

အပ္ပစ္စယပရိနိဗ္ဗာနတ္ထာယာတိ၊ဟူသည်ကား။ အာယတိံ၊ ရဟန္တာတို့ စုတိခန္ဓာဘင်္ဂက္ခဏမှ နောင်လာလတ္တံ့သောကာလ၌။ပဋိသန္ဓိယာ၊ အား။ ဝါ၊ ၏။ အကာရဏာဘူတပရိနိဗ္ဗာနတ္ထာယ၊ အကြောင်းမဟုတ်သည် ဖြစ်၍ဖြစ်သော ပရိနိဗ္ဗာန် ဟူသောအကျိုးငှါ။ ဟိ-ဝိတ္ထာရေမိ၊ချဲ့ဦးအံ့။ ပရိနိဗ္ဗာနံနာမ၊ ပရိနိဗ္ဗာန်မည်သည်ကား။ ခီဏာသဝါနံ၊ ကုန်ပြီးသော အာသဝေါရှိကုန်သောဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၏။ ဝါ၊ တို့အား။ သဗ္ဗပစ္ဆိမာ၊ ဖြစ်သမျှသောခန္ဓာတို့၏ နောက်ဆုံးကာလ၌ ဖြစ်ကုန်သော။ စုတိစိတ္တကမ္မဇရူပသင်္ခါတာ၊ စုတိစိတ်, ကမ္မဇရုပ် ဟု ဆိုအပ်ကုန်သော။ ခန္ဓာ၊ခန္ဓာတို့တည်း။ ဝါ၊ ခန္ဓာတို့သည်။ပရိနိဗ္ဗာနံနာမ၊ မည်ကုန်၏။ တေ စ၊ ထိုရဟန္တာတို့၏ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော စုတိခန္ဓာတို့သည်လည်း။ သဗ္ဗာကာရတော၊ ခပ်သိမ်းသော အခြင်းအရာအာတို့ အပိုင်းအခြားအားဖြင့်။ သမုစ္ဆိန္နာနုသယတာယ၊ ကောင်းစွာ အကြွင်းမဲ့ ကုန်ပြတ်ပြီးသော အနုသယရှိသည်၏ အဖြစ်ကြောင့်။ ပုနဗ္ဘဝါယ၊ တဖန်ဘဝသစ်အား။ ဝါ၊ ဘဝသစ်ငှါ။ အနန္တရာဒိပစ္စယာ၊ အနန္တရသတ္တိ အစရှိသည်ဖြင့် ကျေးဇူးပြုကုန်သည်။ နဟောန္တိ ကုန်။ တသ္မာ၊ ထိုသို့ ပဋိသန္ဓေသစ်အား အနန္တရာဒိပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်သည်၏ အဖြစ်ကြောင့်။ တေ၊ ထိုရဟန္တာတို့ ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟူကုန်သော စုတိခန္ဓာတို့ကို။ အပ္ပစ္စယပရိနိဗ္ဗာနန္တိ၊ အပ္ပစ္စယပရိနိဗ္ဗာန-ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။

## သာဓကပါဌ်များအရ အဓိပ္ပါယ်ကောက်ယူပုံ

ဝိမုတ္တိဉာဏဒဿနံ အနုပါဒါပရိနိဗ္ဗာနတ္ထာယ-၌ ဥပါဒါ-အရကို ဂဟဏူပါဒါ ပစ္စယုပါဒါ နှစ်ပါးတွင် ဂဟဏူပါဒါကို ယူခဲ့သော် အနုပါဒါပရိနိဗ္ဗာန-အရသည် အရဟတ္တဖိုလ်ကို ရရာ၏။ ထိုမဂ္ဂါနန္တရအရဟတ္တဖိုလ်မှုကား အရဟတ္တမဂ်စသည်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ၏ ရှေးအဘို့၌ ဖြစ်ရကား ဝိမုတ္တိဉာဏဒဿန၏ အကြောင်းသာဖြစ်၍ ယင်း၏ အကျိုးမဟုတ်သောကြောင့် ဤအရာ၌ ဥပါဒါ-အရကို ပစ္စယုပါဒါကိုယူ၍ အနုပါဒါပရိနိဗ္ဗာန-အရကို အပ္ပစ္စယပရိနိဗ္ဗာနဖြစ်သော ရဟန္တာတို့စုတိခန္ဓာကိုသာ ယူလေ ဟုပြခြင်းငှါ "အနုပါဒါပရိနိဗ္ဗာနတ္ထာယ"ကို "အပ္ပစ္စယပရိနိဗ္ဗာနတ္ထာယ" ဟု အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည်။

အနုပါဒါပရိနိဗ္ဗာန-အရကို ရဟန္တာတို့ စုတိခန္ဓာဟူသော အပ္ပစ္စယပရိနိဗ္ဗာန်ကိုယူ ဟု ဆို၏၊ ဝိမုတ္တိဉာဏဒဿနသည် အပ္ပစ္စယပရိနိဗ္ဗာန်၏ အကြောင်းမဖြစ်ခဲ့

သော် ဝိမုတ္တိဉာဏဒဿန၏ အကျိုးကိုပြသော အရာဖြစ်ရကား ဆရာ့စကား မသင့်ရာ ဟူဘွယ်ရှိ၍ "အပ္ပစ္စယပရိနိဗ္ဗာနဿ ဟိ တံ ပစ္စယော ဟောတိ" ကို ဆိုတော်မူသည်။

ဝိမုတ္တိဉာဏဒဿနသည် အပ္ပစ္စယပရိနိဗ္ဗာန်၏ အကြောင်းဖြစ်ပါ၏၊ ယင်းသို့ အကြောင်းဖြစ်သောကြောင့် အနုပါဒါပရိနိဗ္ဗာနတ္ထာယ-ကို အပ္ပစ္စယပရိနိဗ္ဗာနတ္ထာယ-ဟု ဖွင့်ပြသော စကား မှန်ပါ၏ ဟူလို။

ဝိမုတ္တိဉာဏဒဿနသည် အပ္ပစ္စယပရိနိဗ္ဗာန်၏ အကြောင်းဖြစ်သည် ဟူ၏၊ အဘယ့်ကြောင့်ကား ဝိမုတ္တိဉာဏဒဿနသည် အပ္ပစ္စယပရိနိဗ္ဗာန်၏ အကြောင်း ဖြစ်လေသနည်း ဟူဘွယ်ရှိ၍ "တသ္မိံ အနုပ္ပတ္တေ အဝဿံ ပရိနိဗ္ဗာယိတဗ္ဗတော" ကို ဆိုပြန်ရသည်။

ပြဆိုအပ်ပြီးသော အစဉ်အားဖြင့် အရဟတ္တမဂ္ဂဝီထိနောက် ပစ္စဝေက္ခဏာသို့ ရောက်သည်ရှိသော် အသစ်တဖန် ပဋိသန္ဓေနေရပြန်ခြင်းမရှိ၊ ပရိနိဗ္ဗာန်ပြုရရုံသာ ဖြစ်သောကြောင့် ထိုဝိမုတ္တိဉာဏဒဿနသည် အပ္ပစ္စယပရိနိဗ္ဗာန်၏ အကြောင်း ဖြစ်သည် ဟူလို။

အပ္ပစ္စယပရိနိဗ္ဗာနတ္ထာယ-ဟူသော အဋ္ဌကထာ၌ ပစ္စယသဒ္ဒါ အဘယ်ကို ဟောသနည်း၊ အပ္ပစ္စယ-နှင့် ပရိနိဗ္ဗာန-ကို အဘယ်သမာသ်ပြုအပ်သနည်းဟူဘွယ် ရှိ၍ "အပ္ပစ္စယပရိနိဗ္ဗာနတ္ထာယ" ကို "အကာရဏဘူတပရိနိဗ္ဗာနတ္ထာယ" ဟု ဋီကာဆရာ ဖွင့်ပြတော်မူသည်။ ဤ၌ အကာရဏသဒ္ဒါဖြင့်—

နိမိတ္တံ ကာရဏံ ဌာနံ၊ ပဒံ ဗီဇံ နိဗန္ဓနံ။
နိဒါနံ ပဘဝေါ ဟေတု၊ သမ္ဘဝေါ သေတု ပစ္စယော။

ဟု အဘိဓာန်(ဂါထာနံပါတ်-၉၁)၌ လာသည်နှင့်အညီ ပစ္စယသဒ္ဒါအကြောင်းဟော ကာရဏပရိယာယ်ဟု ပြသည်။ ဘူတသဒ္ဒါဖြင့် အပ္ပစ္စယ-နှင့် ပရိနိဗ္ဗာန-ကို "အပ္ပစ္စယဘူတံ ပရိနိဗ္ဗာနံ အပ္ပစ္စယပရိနိဗ္ဗာနံ" ဟု ကမ္မဓာရည်းသမာသ်ပြုအပ်သည်ကို ပြသည်။

သမာသ်ပုဒ်ကို ဟုတွာ သမ်ါတ ဘူတ-စသည်လှော်က်၍ အဋ္ဌကထာ ဋီကာ စသော သံဝဏ္ဏနာတို့၌ ဖွင့်သော် ကမ္မဓာရည်းသမာသ်ပြ။
"ဟုတွာ သမ်ါတ၊ ဘူတ တထေ့၊ ဧဝ ဣတိ၊ သဒ္ဒါရှိက၊ မှတ်သိကမ္မဓာရယာ"။ ။နိယာမ်။

## ခန္ဓပရိနိဗ္ဗာန်

အပ္ပစ္စယပရိနိဗ္ဗာနတ္ထာယ-၌ ပရိနိဗ္ဗာန-ဟူသည် အဘယ်နည်း၊ ကိလေသပရိနိဗ္ဗာန, ခန္ဓပရိနိဗ္ဗာန စသည် ဟူရာမှာကဲ့သို့ ကိလေသာတို့၏ မဖြစ်ခြင်း, ခန္ဓာ

တို့၏ မဖြစ်ခြင်း ဟူသော အဘာဝပင် ဖြစ်လေသလော။ ဝါ၊ အဘယ်သည် ပရိနိဗ္ဗာန မည်သနည်း၊ ကိလေသာတို့၏ အဘာဝစသည်လော ဟူဘွယ်ရှိ၍ "ပရိနိဗ္ဗာနံ ဟိ နာမ" စသည်ကို ဆိုရပြန်သည်။ "ပရိနိဗ္ဗာနံ ဟိ နာမ ခန္ဓာ" သာ ပဌာန်။ အပ္ပစ္စယပရိနိဗ္ဗာနတ္ထာယ-၌ ပရိနိဗ္ဗာန မည်သည် ခန္ဓာတို့တည်း။ ဝါ၊ ခန္ဓာတို့သည် ပရိနိဗ္ဗာနမည်သည် ဟူလေ။

အလုံးစုံသော ပုဂ္ဂိုလ်ဟူသမျှတို့၏ ခန္ဓာလော ဟူဘွယ်ရှိ၍ "ခီဏာသဝါနံ"ကို ရဟန္တာတို့ သန္တာန်ဝယ် ဖြစ်သမျှ ခန္ဓာလော ဟူဘွယ်ရှိ၍ "သဗ္ဗပစ္ဆိမာ"ကို-အဒ္ဓါ-ပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန် အားဖြင့် ဖြစ်ကုန်သော ခန္ဓာတို့၏ အဆုံးစွန် ခန္ဓာလော ဟူဘွယ်ရှိ၍ "စုတိစိတ္တကမ္မဇရူပသန္တတာ"ကို ဆိုပြန်ရသည်။ စုတိစိတ်ကို ပဌာန ပုဗ္ဗင်္ဂမအားဖြင့် ဆိုရကား ထိုစိတ်နှင့်ယှဉ်သော စေတသိက်ခန္ဓာနှင့် တကွဟူ။

## အပ္ပစ္စယနိဗ္ဗာန်

ပရိနိဗ္ဗာန်ဟူသည် အလုံးစုံကုန်သော ခန္ဓာတို့၏ နောက်ဆုံး၌ ဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ရဟန္တာတို့၏ စုတိခန္ဓာ ဟူ၏၊ ထိုခန္ဓာတို့ကို ပရိနိဗ္ဗာန ဟူ၍သာ မဆိုဘဲ အဘယ့်ကြောင့် အပ္ပစ္စယပရိနိဗ္ဗာန-ဟု ဆိုအပ်ကုန်သနည်း ဟူဘွယ်ရှိ၍ "တေ စ သဗ္ဗာကာရတော" စသည်ကို ဋီကာဆရာ ဆိုပြန်ရသည်။

"တေ စ ပစ္စယာ န ဟောန္တိ။ တသ္မာ အပ္ပစ္စယပရိနိဗ္ဗာနန္တိ ဝုစ္စန္တိ"သာ ပဌာန။

ကျေးဇူးမပြုတတ် ကျေးဇူးပြုနိုင်သော အကြောင်းမဟုတ်သောကြောင့် အပ္ပစ္စယပရိနိဗ္ဗာန-ဟု ဆိုအပ်သည် ဟူ၏၊ ထိုရဟန္တာတို့၏ စုတိခန္ဓာတို့သည် အဘယ်အား ကျေးဇူးမပြုနိုင်ကုန်သနည်း၊ အဘယ်၏ အကြောင်း မဖြစ်ကုန်သနည်း ဟူဘွယ်ရှိ၍ "ပုနဗ္ဘဝါယ" ကို ဆိုပြန်ရသည်။

အဘယ်သတ္တိဖြင့် ကျေးဇူးမပြုနိုင်သနည်း ဟူဘွယ်ရှိ၍ "အနန္တရာဒိ" ကို ဆိုပြန်ရသည်။ ရဟန္တာတို့ စုတိခန္ဓာသည် တဖန်ဖြစ်ရန် ပဋိသန္ဓေအား အနန္တရ အစရှိသော သတ္တိဖြင့် ကျေးဇူးမပြုနိုင် ဟူ၏၊ အဘယ့်ကြောင့်ကား ကျေးဇူး မပြုနိုင်ရသနည်း ဟူဘွယ်ရှိ၍ "သဗ္ဗာကာရတော သမုစ္ဆိန္နာနုသယတာယ" ကို ဆိုပြန်ရသည်။ ခပ်သိမ်းသော အခြင်းအရာ အပြားအားဖြင့် အရဟတ္တမဂ်သည် အကြွင်းမဲ့ ဖြတ်ပယ်အပ်ပြီးသော အနုသယ ရှိသည်၏ အဖြစ်ကြောင့် ကျေးဇူး မပြုနိုင်သည် ဟူလေ။

"ပစ္စယုပါဒါဝါဒိနော ပန အနုပါဒါပရိနိဗ္ဗာနန္တိ အပ္ပစ္စယပရိနိဗ္ဗာနံ။ ပစ္စယ-ဝသေန အနုပ္ပန္နံ အသင်္ခတံ အမတဓာတုမေဝ" ဟူ၍ မူလပဏ္ဏာသအဋ္ဌကထာ (၆၂) ၌ ပြဆိုအပ်သော "အနုပါဒါပရိနိဗ္ဗာနတ္ထံ ခေါ အာဝုသော ဘဂဝတိ ဗြဟ္မ-စရိယံ ဝုဿတိ" ဝယ် ဥပါဒါအရကို ပစ္စယုပါဒါကို ယူသော ဆရာတို့အလို အားဖြင့် "အနုပါဒါပရိနိဗ္ဗာနံ၊ အပ္ပစ္စယပရိနိဗ္ဗာနံ" တို့၌ ပရိနိဗ္ဗာနအရကို ပစ္စယဟေတု-အစရှိသော အကြောင်း၏ အစွမ်းဖြင့် မဖြစ်သော ကံစိတ်စသော အကြောင်းတို့သည် မပြုအပ်သော အမတသဘောဖြစ်သော နိရောဓသစ္စာကို ယူလို၏။

> အနုပါဒါပရိနိဗ္ဗာနတ္ထံ ခေါ အာဝုသောတိ ဧတ္ထ အနုပါဒါပရိနိဗ္ဗာနံ နာမ အပ္ပစ္စယပရိနိဗ္ဗာနံ။ ဒွေ ဝါ ဥပါဒါနာနိ ဂဟဏူပါဒါနဉ္စ ပစ္စယုပါဒါ-နဉ္စ။ ဂဟဏူပါဒါနံ နာမ ကာမုပါဒါနာဒိကံ စတုဗ္ဗိဓံ။ ပစ္စယုပါဒါနံ နာမ အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ ဧဝံ ဝုတ္တပစ္စယာ။

ဟု ဖွင့်ဆိုသော ဤ မူလပဏ္ဏာသအဋ္ဌကထာ (၆၂) ဆရာသည် မြတ်စွာဘုရား သာသနာတော်၌ မြတ်သောအကျင့်ကို-ကျင့်သုံးခြင်း ဗြဟ္မစရိယဝါသ၏ အကျိုး ကို-ဟောပြသော အရာဖြစ်၍ အရာအားလျော်စွာ အနုပါဒါပရိနိဗ္ဗာနံ-၌ ဥပါဒါကို နှစ်ပါးပြဆို၍ အနုပါဒါပရိနိဗ္ဗာနအရကို-ဂဟဏူပါဒါနဝါဒီဆရာတို့ အလိုအားဖြင့် အရဟတ္တဖိုလ်ကို- ပစ္စယုပါဒါနဝါဒီဆရာတို့ အလိုအားဖြင့် အသင်္ခတ အမတဓာတ် နိရောဓသစ္စာကို ကောက်ယူ ပြဆိုတော်မူသည်။

ပရိဝါအဋ္ဌကထာ ဝိမတိဝိနောဒနီဋီကာတို့၌ကား ဝိမုတ္တိဉာဏဒဿန၏ အကျိုးကို ပြသောအရာဖြစ်၍ အရာအားလျော်စွာ အနုပါဒါပရိနိဗ္ဗာန-အရကို ရဟန္တာတို့ စုတိခန္ဓာကို ကောက်ယူတော်မူသည်။ "သပ္ပစ္စယာ ဓမ္မာ၊ အပ္ပစ္စယာ ဓမ္မာ" ဟူသော စူဠန္တရ ဒုက်၌ ပရမတ် အသင်္ခတ ဖြစ်သော နိဗ္ဗာန်ကို ဟောသော အပ္ပစ္စယသဒ္ဒါကို အဋ္ဌသာလိနီ (၉၀) ၌ "နတ္ထိ ဧတေသံ ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ ပစ္စယောတိ အပ္ပစ္စယာ" ဟူ၍ စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ပြု၏။

ဧတေသံ၊ ထိုပရမတ် အသင်္ခတ ဖြစ်သော နိဗ္ဗာန်တရားတို့အား။ ဥပ္ပါဒေ၊ ဖြစ်ရန်၌။ ဝါ၊ ဖြစ်ရန်ဘို့။ ပစ္စယော ဝါ၊ ဇနကအကြောင်းသည်ငှင်း။ ဌိတိယံ၊ တည်ရန်၌။ ဝါ၊ တည်ရန်ဘို့။ ပစ္စယော ဝါ၊ ဥပတ္ထမ္ဘကအကြောင်းသည်ငှင်း။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ကြောင့်။ အပ္ပစ္စယာ၊ မည်ကုန်၏။

ပရမတ်အသင်္ခတဖြစ်သော နိဗ္ဗာန်တရားသည် တရုံတဆစ်မျှ တစုံတခုသော အကြောင်းကြောင့်မျှ ဖြစ်တတ်သော တရားမဟုတ်သောကြောင့် ထိုနိဗ္ဗာန်အား ဖြစ်ရန်ဘို့ ဇနကအကြောင်းလည်း မရှိ။ တစုံတခုသော အကြောင်းမထောက်

မကူဘဲ နိစ္စ, ဓုဝ, သဿတအားဖြင့် အမြဲထာဝရတည်နေသော တရားဖြစ်၍ တည်ရန်ဘို့ ဥပတ္ထမ္ဘက အကြောင်းလည်း မရှိသောကြောင့် အပ္ပစ္စယမည်သည် ဟူလို။

ဤပရိဝါအဋ္ဌကထာ၌ စုတိခန္ဓာကို ဟောသော အပ္ပစ္စယသဒ္ဒါကိုကား "တေ စ သဗ္ဗာကာရတော သမုစ္ဆိန္နာနုသယတာယ ပုနဗ္ဘဝါယ အနန္တရာဒိပစ္စယာ န ဟောန္တိ" ဟူသော ဝိမတိဝိနောဒနီဋီကာ ကို ထောက်၍ "န ပစ္စယာ အပ္ပစ္စယာ" ဟု တပ္ပုရိသ်သမာသ်ပြုလေ။

ခီဏာသဝတို့၏ စုတိခန္ဓာသည် ထိုခီဏာသဝတို့အား ကုန်ပြီးသော ဇာတိ ရှိသည်ဖြစ်၍ တဖန်ဘဝသစ်ဟူသော ပဋိသန္ဓေအား အနန္တရ သမနန္တရ-စသော ပစ္စယသတ္တိဖြင့် ကျေးဇူးမပြုပြီဖြစ်သောကြောင့် အပ္ပစ္စယမည်သည် ဟူလို။ ဤသို့ အထူးကို မှတ်လေ။

## မူလဋီကာ-အနုဋီကာတို့ အလို

ယာယ ဝါ အဓိဂတာယ ပစ္ဆိမစိတ္တံ အပ္ပဋိသန္ဓိကံ ဇာတံ။ သာ တဿ အပ္ပဋိသန္ဓိကဝူပသမဿ ကရဏဘာဝေန ဝုတ္တာ။
ကထာဝတ္ထုမူလဋီကာ (၄၇)

သာတိ အသင်္ခတဓာတု။ ကရဏဘာဝေန ဝုတ္တာ ယထာဝုတ္တဿ ဥပသမဿ သာဓကတမဘာဝံ သန္ဓာယ။
၎င်းအနုဋီကာ (၅၈)

ဝါ၊ တနည်းကား။ ယာယ အသင်္ခတဓာတုယာ၊ အကြင်ရဟန္တာတို့စုတိ-ဘင်္ဂက္ခဏ၏ အခြားမဲ့၌ဖြစ်သော ကံစိတ်စသော တစုံတခုသော အကြောင်းဖြင့်မျှ မပြုပြင်အပ်သော သဘောဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ဥပါဒိန္နက္ခန္ဓာတို့၏ ပဋိသန္ဓေအားဖြင့် မဖြစ်နိုင်သော မဖြစ်ခြင်းဟူသော ငြိမ်းခြင်းဟု ဆိုအပ်သော အနုပါဒိသေသနိဗ္ဗာန်ကို။ အဓိဂတာယ၊ ရအပ်သည် ရှိသော်။ တနည်း။ ယာယ အသင်္ခတဓာတုယာ၊ အကြင်ပရမတ္ထသဘာဝ နိရောဓသစ္စာ ဖြစ်သော အသင်္ခတသဘောဖြစ်သော နိဗ္ဗာန်ကို။ အဓိဂတာယ၊ အရိယမဂ်သည် ပစ္စက္ခအားဖြင့် ထိုးထွင်း၍သိအပ်ရအပ်သည်ရှိသော်။ ပစ္ဆိမစိတ္တံ၊ ရဟန္တာဖြစ်သော ဘဝတိုင်အောင် အစမထင် သံသရာကာလပတ်လုံး ဖြစ်သော စိတ်ဟူသမျှ၏ နောက်ဆုံးဖြစ်သော စုတိစိတ်သည်။ အပ္ပဋိသန္ဓိကံ၊ ပဋိသန္ဓေအား အနန္တရသတ္တိ အစရှိသည်ဖြင့် ကျေးဇူးမပြုနိုင် ပဋိသန္ဓေကို မဖြစ်စေနိုင်သည်။ ဝါ၊ ဘဝတပါးနှင့် စပ်ခြင်းမရှိသည်။ ဇာတံ၊ ဖြစ်၏။ သာ အသင်္ခတဓာတု၊ ကို။ ဝါ၊ ကို။ တဿ အပ္ပဋိသန္ဓိကဝူပသမဿ၊ ထိုစုတိစိတ်၏ ပဋိသန္ဓေသစ်ကို မဖြစ်စေနိုင်ခြင်း, အနန္တ-ရာဒိပစ္စည်းဖြင့် ပဋိသန္ဓေသစ်ကို ဖြစ်စေနိုင်ခြင်း ဟူသော သတ္တိမှ ကုန်ကင်း

အကြွင်းမဲ့ ထက်ဝန်းကျင်ငြိမ်းခြင်းဟူသော ပရိနိဗ္ဗာယနကြိယာ၏။ ကရဏဘာဝေန၊ ကရိုဏ်း၏အဖြစ်ဖြင့်။ ဝုတ္တာ၊ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ-ဟူ၍ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။

သာတိ၊ သာ-ဟူသည်ကား။ အသင်္ခတဓာတု၊ အသင်္ခတဓာတ်ကို။ ဝါ၊ ရဟန္တာတို့စုတိခန္ဓာ ဘင်္ဂက္ခဏ၏ အခြားမဲ့၌ ဥပါဒါနက္ခန္ဓာပဉ္စက၏ ပဋိသန္ဓေကိစ္စအားဖြင့် မဖြစ်နိုင်သော မဖြစ်ခြင်းဟူသော ကံအစရှိသော အကြောင်းတို့သည် မပြုပြင်အပ် မဖြစ်စေအပ်၍ အသင်္ခတဖြစ်သော ငြိမ်းခြင်းသဘောကို။ ဝါ၊ ပရမတ္ထသဘော နိရောဓသစ္စာဖြစ်သော အသင်္ခတဓာတ်ကို။ ယထာဝုတ္တာယ၊ ဆိုအပ်ပြီးသောအပြားရှိသော။ ဥပသမာယ၊ စုတိစိတ်၏ ပဋိသန္ဓေသစ်ကို ဖြစ်စေနိုင်ခြင်းသတ္တိမှ ကုန်ကင်း အကြွင်းမဲ့ထက်ဝန်းကျင်ငြိမ်းခြင်းဟူသော ပရိနိဗ္ဗာယနကြိယာကို။ သာဓကတမဘာဝံ၊ အထူးသဖြင့် ပြီးစေတတ်သည်၏ အဖြစ်ကို။ သန္ဓာယ၊ ၍။ ကရဏဘာဝေန၊ ဖြင့်။ ဝုတ္တာ၊ မူလဋီကာဆရာ ဆိုအပ်၏။

ဤမူလဋီကာ အနုဋီကာတို့ နောက်နည်းအလိုအားဖြင့် အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ-ဝယ် နိဗ္ဗာနအရကို ရဟန္တာတို့ စုတိခန္ဓာဘင်္ဂက္ခဏ၏ အခြားမဲ့၌ ဥပါဒါနက္ခန္ဓာတို့၏ ပဋိသန္ဓေကိစ္စအားဖြင့် မဖြစ်နိုင်သော မဖြစ်ခြင်းဟူသော ငြိမ်းခြင်းသဘောကိုယူ။ ဝါ၊ ပြဆိုခဲ့ပြီးသည်အတိုင်း ဖလူပစာရအားဖြင့် အနုပါဒိသေသနိဗ္ဗာန်ကိုယူ။ ပရိနိဗ္ဗာယိ-၏ အန္တတ္ထအရကိုကား စုတိစိတ်၏ အနန္တရစသော သတ္တိအားဖြင့် ပဋိသန္ဓေသစ်ကို ဖြစ်စေနိုင်ခြင်းမှ ကင်းငြိမ်းခြင်း တဖန်ဘဝသစ်နှင့် စပ်ခြင်းမှ ကင်းငြိမ်းခြင်းဟူသော ပရိနိဗ္ဗာယနကြိယာ ကိုယူ။

"အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ" ၌ တတိယာဝိဘတ်သည် ကရိုဏ်းအနက်၌ ဖြစ်၏။ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့၌ဖြစ်သော ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စအားဖြင့် မဖြစ်နိုင်သော မဖြစ်ခြင်းဟု ဆိုအပ်သော ငြိမ်းခြင်းဟူသော အနုပါဒိသေသနိဗ္ဗာန်ကို ရသည်ရှိသော်။ ဝါ၊ ဖလူပစာရအားဖြင့် အနုပါဒိသေသမည်သော နိဗ္ဗာန်ကို သိသည် ရသည်ရှိသော် စုတိစိတ်သည် အနန္တရအစရှိသောသတ္တိဖြင့် ပဋိသန္ဓေသစ်ကို မဖြစ်နိုင်စေသောကြောင့် ထိုအနုပါဒိသေသနိဗ္ဗာန်သည် စုတိစိတ်၏ ပဋိသန္ဓေသစ်ကို ဖြစ်စေနိုင်ခြင်းမှ ကင်းငြိမ်းခြင်းကြိယာကို အထူးသဖြင့် ပြီးစေနိုင်ရကား "အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ" ဟူသောကရိုဏ်းသည် ပရိနိဗ္ဗာယိ-ဟူသော ကြိယာ၏ ကရိုဏ်းဖြစ်သည် ဟူလို။

## ဒုက္ခသစ္စာဖြင့်သာ ပရိနိဗ္ဗာန်ပြုပုံ

ပရိနိဗ္ဗာယိ-၏ အန္တတ္ထအရ ပရိနိဗ္ဗာယန ဝူပသမကြိယာသည် ကြိယာဝန်နှင့် မကင်းရကား ထိုပရိနိဗ္ဗာယန ဝူပသမကြိယာအရကို စုတိဘင်္ဂက္ခဏကိုပင် ယူ။

ထိုစုတိခဏသည် သစ္စာလေးပါးတွင် ဒုက္ခသစ္စာတည်း။ ကုသိုလ်, အကုသိုလ်, အဗျာကတသုံးပါးတို့တွင် အဗျာကတသာတည်း။ ထို့ကြောင့် "စတုတ္ထဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ ဘဂဝါ ပရိနိဗ္ဗုတော"ဟူသော သုတ်မဟာဝါပါဠိတော်(၁၂၈) မဟာပရိနိဗ္ဗာနသုတ်၏ အဖွင့်ဖြစ်သော ငင်းအဋ္ဌကထာ(၁၈၆) ၌ မြတ်စွာဘုရား၏ အဗျာကတဒုက္ခသစ္စာဖြစ်သောစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုကြောင်းကို—

> စတုတ္ထဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ ဘဂဝါ ပရိနိဗ္ဗုတောတိ ဧတ္ထ ဈာနသမနန္တရံ ပစ္စဝေက္ခဏာသမနန္တရန္တိ ဒွေ သမနန္တရာနိ။ တတ္ထ စတုတ္ထဈာနာ ဝုဋ္ဌာယ ဘဝင်္ဂံ ဩတိဏ္ဏဿ တတ္ထေဝ ပရိနိဗ္ဗာနံ ဈာနသမနန္တရံနာမ။ စတုတ္ထဈာနာ ဝုဋ္ဌဟိတွာ ပုန ဈာနင်္ဂါနိ ပစ္စဝေက္ခိတွာ ဘဝင်္ဂံ ဩတိဏ္ဏဿ တတ္ထေဝ ပရိနိဗ္ဗာနံ ပစ္စဝေက္ခဏာ သမနန္တရံနာမ။ ဣမာနိ ဒွေ သမနန္တရာနေဝ။ ဘဂဝါ ပန ဈာနာ ဝုဋ္ဌာယ ဈာနင်္ဂါနိ ပစ္စဝေက္ခိတွာ ဘဝင်္ဂစိတ္တေန အဗျာကတေန ဒုက္ခသစ္စေန ပရိနိဗ္ဗာယိ။ ယေကေစိ ဗုဒ္ဓါ ဝါ ပစ္စေကဗုဒ္ဓါ ဝါ အရိယသာဝကာ ဝါ အန္တမသော ကုန္ထကိပိလ္လိကံ ဥပါဒါယ သဗ္ဗေ ဘဝင်္ဂစိတ္တေနေဝ အဗျာကတေန ဒုက္ခသစ္စေန ကာလံကရောန္တိ။

ဟု ပြဆိုတော်မူသည်။

ဤဝယ် "ဘဂဝါ ပရိနိဗ္ဗုတော" ဟူသော ပါဠိတော်၌ ပရိနိဗ္ဗုတော-၏ အနက္ထတ္ထဖြစ်သော ပရိနိဗ္ဗာန-အရ "ဒုက္ခသစ္စေန ပရိနိဗ္ဗာယိ" ဟူသော အဋ္ဌကထာ၌ ပရိနိဗ္ဗာယိ-၏ အနက္ထတ္ထဖြစ်သော ပရိနိဗ္ဗာန-အရ "တတ္ထေဝ ပရိနိဗ္ဗာနံ" ၌ ပရိနိဗ္ဗာန-အရ ယခင် မူလဋီကာ အနုဋီကာတို့အလိုအားဖြင့် "အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိ" ဝယ် ပရိနိဗ္ဗာယိ-၏ အနက္ထတ္ထဖြစ်သော ပရိနိဗ္ဗာန-အရကို ရဟန္တာတို့၏ စုတိခန္ဓာကိုပင် ယူ။

ဤအရာဝယ် ပရိနိဗ္ဗုတော-ဟူသည် ပရိနိဗ္ဗာယိ-ဟူသည်နှင့် ကာလံကရောတိ-ဟူသည် ဝေါဟာရမျှသာ ထူးသည်။ သဘောအရအားဖြင့် အတူတူပင် ဟု မှတ်အပ်၏။

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူခါနီးကာလ၌ စတုက္ကနည်းအားဖြင့် ရူပသမာပတ် လေးပါး, အရူပသမာပတ် လေးပါး, နိရောဓသမာပတ်အားဖြင့် ကိုးပါးကုန်သော သမာပတ်တို့ကို အနုလုံ ပဋိလုံ စသည်ဖြင့် ကုဋေ နှစ်သန်း လေးသိန်းတိုင် အကြိမ်များစွာ အခါခါ ဝင်စားတော်မူပြီး၍ အဆုံးစွန်သော ဝါရ၌ ပဌမဈာန်မှ စ၍ ရူပါဝစရ စတုတ္ထဈာန်တိုင်အောင် ဝင်စား၍ ထိုစတုတ္ထဈာန်မှ ထသည်၏ အခြားမဲ့ဝယ် ပရိနိဗ္ဗာန်ပြုတော်မူသည် ဟူရာ၌ သမနန္တရ

နှစ်ပါးတွင် ရူပါဝစရ စတုတ္ထဈာန်မှ ထ၍ ထိုဈာန်ဇော၏ အခြားမဲ့ဝယ် ပရိနိဗ္ဗာန် ပြုခြင်းသည် ဈာနသမနန္တရ မည်၏။

ငင်းစတုတ္ထဈာန်မှထ၍ ထိုစတုတ္ထဈာန်၌ရှိသော ဥပေက္ခာ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါတို့ကို အသီးအသီးဆင်ခြင်၍ ဧကဂ္ဂတာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇော၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုခြင်းသည် ပစ္စဝေက္ခဏာသမနန္တရ မည်၏။

မြတ်စွာဘုရားမူကား ထိုသမနန္တရနှစ်ပါးတို့တွင် စတုတ္ထဈာန်မှ ထပြီး၍ ထို ဈာန်၌ရှိသော ဈာန်အင်္ဂါနှစ်ပါးတို့ကို ဆင်ခြင်ပြီးမှ ဧကဂ္ဂတာကို ဆင်ခြင်သော ဒုတိယပစ္စဝေက္ခဏာဇောဝီထိ၏ အခြားမဲ့ဝယ် အဗျာကတ ဒုက္ခသစ္စာဖြစ်သော မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ နုပ်ဖွဲ့သေးငယ် လှသော ခြ ပိုးရှက် စသည်ကို အစပြု၍ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝက မလွတ် သတ္တဝါဟူသမျှတို့သည် ဒုက္ခသစ္စာ အဗျာကတ တရားတို့ဖြင့်သာ စုတေ့မြဲ ဖြစ်ကုန်သည် ဟူလို။

## အဌကထာပါဌ်အနက်

စတုတ္ထဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ ဘဂဝါ ပရိနိဗ္ဗုတောတိ ဧတ္ထ၊ စတုတ္ထ။ပ။ ပရိနိဗ္ဗုတော-ဟူသော ဤပါဌ်၌တော်၌။ သမနန္တရာနိ၊ သမနန္တရ တို့သည်။ ဝါ၊ အခြားမဲ့ ပရိနိဗ္ဗာန်ပြုခြင်းတို့သည်။ ဈာနသမနန္တရံ၊ ဈာန- သမနန္တရငင်း။ ဝါ၊ ဈာန်၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုခြင်းငင်း။ ပစ္စဝေက္ခဏာ- သမနန္တရံ၊ပစ္စဝေက္ခဏာသမနန္တရငင်း။ ဝါ ပစ္စဝေက္ခဏာ၏ အခြားမဲ့၌ ပရိနိဗ္ဗာန် ပြုခြင်းငင်း။ ဣတိ၊ သို့။ ဒွေ၊ နှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ စတုတ္ထဈာနာ၊ ရူပါဝစရစတုတ္ထဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ ဘဝင်္ဂ၊ ဘဝင်သို့။ ဩတိဏ္ဏဿ၊ သက်သောရဟန္တာပုဂ္ဂိုလ်၏။ တတ္ထေဝ၊ ထိုဘဝင်သက်ရာ၌ပင်လျှင်။ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာန်ပြုခြင်းသည်။ ဈာနသမနန္တရံ နာမ၊ ဈာနသမနန္တရ မည်၏။ စတုတ္ထဈာနာ၊ မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ ပုန၊ တဖန်။ ဈာနင်္ဂါနိ၊ ဥပေက္ခာ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါတို့ကို။ ပစ္စ- ဝေက္ခိတွာ၊ အသီးအသီး ဆင်ခြင်ပြီး၍။ ဘဝင်္ဂ၊ သို့။ ဩတိဏ္ဏဿ၊ ၏။ တတ္ထေဝ၊ ထိုဘဝင်သို့ သက်ရာ၌ပင်လျှင်။ ပရိနိဗ္ဗာနံ၊ သည်။ ပစ္စဝေက္ခဏာသမနန္တရံနာမ၊ မည်၏။ ဣမာနိ သမနန္တရာနိ၊တို့သည်။ ဒွေဝ၊ နှစ်ပါးတို့သာတည်း။ ပန၊ ထိုသို့ နှစ်ပါးရှိသော်လည်း။ ဘဂဝါ၊ သည်။ ဈာနံ၊ ရူပါဝစရ စတုတ္ထဈာန်ကို။ သမာပဇ္ဇိတွာ၊ ၍။ ဈာနာ၊ မှ။ ဝုဋ္ဌာယ၊ ၍။ ဈာနင်္ဂါနိ၊ တို့ကို။ ပစ္စဝေက္ခိတွာ၊ ၍။ အဗျာကတေန၊ အဗျာကတဖြစ်သော။ ဒုက္ခသစ္စေန၊ ဒုက္ခသစ္စာဖြစ်သော။

ဘဝင်္ဂစိတ္တေန၊ ဘဝင်စိတ်ဖြင့်။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ယေကေစိ၊ အကြွင်းအမှတ်မရှိ အလုံးစုံကုန်သော။ ဗုဒ္ဓါ ဝါ၊ သမ္မာသမ္ဗုဒ္ဓအစစ် ဓမ္မရာဇ် ခေါင်ဖျား မြတ်ဘုရားတို့သည်၎င်း။ ပစ္စေကဗုဒ္ဓါ ဝါ၊ တို့သည်၎င်း။ အရိယ-သာဝကာ ဝါ၊ တို့သည်၎င်း။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ကုန္ထကိပိလ္လိကံ၊ ခြ ပိုးရွက်ကို။ဥပါဒါယ၊ ၍။ သဗ္ဗေ၊ ရှိရှိသမျှ အလုံးစုံကုန်သော သတ္တဝါတို့သည်။ အဗျာကတေန၊ သော။ ဒုက္ခသစ္စေန၊ သော။ ဘဝင်္ဂစိတ္တေနေဝ၊ ဖြင့်သာလျှင်။ ကာလံကရောန္တိ၊ ပစ္စုပ္ပန်ဘဝ၏ အဆုံးကာလကို ပြုကုန်၏။ ဝါ၊ သေခြင်းကို ပြုကုန်၏။ ဝါ၊ သေကုန်၏။

## ဆန်းကျမ်းအညီ ပါဌ်မှန်ရှိသင့်ပုံ

ခိဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊ ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရုဠ္ဟိဆန္ဒာ၊ နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။

ဟူသော ရတနသုတ် ဂါထာဝယ် (၁၁၄)နိဗ္ဗန္တိ-၌ အန္တတ္ထဖြစ်သော နိဗ္ဗာယနကြိယာ အရကိုလည်း ခီဏာသဝတို့၏ စုတိခန္ဓာဘင်္ဂက္ခဏကိုပင် ယူ။

ဤဂါထာ ပဌမပါဒသည်——

"ဝဒန္တိ ဝံသဋ္ဌမိဒံ ဇ တာ ဇ ရာ"

ဟူသော ဝုတ္တောဒယနှင့်အညီ ဝံသဋ္ဌဂါထာပါဒဖြစ်၍ ဇဂိုဏ်း တဂိုဏ်း ဇဂိုဏ်း ရဂိုဏ်း နေသင့်ရကား ခိဏံ-ဝယ် ခိ-၌ ရဿနှင့်ရှိ စေ[၁]။ နဝ နတ္ထိ-၌လည်း နဝံ-ဟု နိဂ္ဂဟိတန္တနှင့် ရှိလိုလျက် ဆန္ဒာနုရက္ခဏာ၌ နိဂ္ဂဟိတ်ကို ချေသည်။

ဒုတိယ ပါဒကား——

"ဥပါဒိကာ သာဝ ဇ တာ ဇ ဂါ ဂေါ"

ဟူသော လက္ခဏာနှင့်အညီ ဥပေန္ဒဝဇိရာဂါထာ။

တတိယ စတုတ္ထ နှစ်ပါဒကား——

"ဣန္ဒာဒိကာ တာ ဝဇိရာ ဇ ဂါ ဂေါ"

ဟူသော လက္ခဏာနှင့်အညီ ဣန္ဒဝဇိရာဂါထာဖြစ်၍ ယထာယံ-ဝယ် ထ-၌ အကာရန္တနှင့် ရှိစေ။

## ပါဠိတော် အနက်

ယေသံ ခီရာနံ၊ အကြွင်းအရဟတ္တဖိုလ်ပညာဖြင့် ပညာရှိကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့အား။ ပုရာဏံ၊ အနမတဂ္ဂသံသရာ ကာလပတ်လုံး အရဟတ္တမဂ်သို့ မရောက်မီ ဖြစ်ခဲ့ဘူးသော အတိတ်ကုသိုလ်, အကုသိုလ်ကံဟောင်းသည်။ ခီဏံ၊

---

၁။ ခီဏံ-ဟု ဒီဃရှိလျှင်လည်း ဣန္ဒဝံသဂါထာနှင့် ညီသည်။

ပဋိသန္ဓေဟူသောအကျိုးကို ဖြစ်စေနိုင် ပေးစွမ်းနိုင်သော အစွမ်းသတ္တိအဟုန် ကင်းကုန်သောအားဖြင့် ကုန်ပြီ။ သမ္ဘဝံ၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် တဖန်အသစ် ဖြစ်ပြန်ကောင်းသော။ ဝါ၊ ပဋိသန္ဓေဟူသောအကျိုးကို ဖြစ်စေနိုင်သော။ နဝံ စ၊ အသစ်ဖြစ်သော ကံသည်လည်း။ နတ္ထိ၊ မရှိ။ အာယတိကေ၊ လာလတ္တံ့သော။ ဘဝသ္မိံ၊ ဘဝ၌။ ဝိရတ္တစိတ္တာ၊ တပ်မက်ခြင်းကင်းသော စိတ်ရှိကုန်သော။ ခီဏဗီဇာ၊ အရဟတ္တမဂ္ဂါနန္တရဖိုလ်ခဏကပင် ကုန်ပြီးသော ပဋိသန္ဓေဝိညာဉ်ဟူသော မျိုးစေ့ရှိကုန်သော။ အဝိရုဠ္ဟိဆန္ဒာ၊ စည်ပင်ခိုင်ဖြိုး ကြီးပွါးခြင်းကို အလိုမရှိကုန်သော။ တေ ဓီရာ၊ ထိုရဟန္တာတို့သည်။ အယံ ပဒီပေါ၊ ဤဆီမီးသည်။ နိဗ္ဗာတိ ယထာ၊ ငြိမ်းသကဲ့သို့။ နိဗ္ဗန္တိ၊ ငြိမ်းကုန်၏။ အဓိပ္ပါယ်ကို ပြဆိုခဲ့ပြီးသည်ကို မှီ၍ သိလေ။

## ဗြဟ္မာကြီး၏ ဂါထာပါဌ်အနက်

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်နှင့် တပြိုင်နက် သဟမ္ပတိ ဗြဟ္မာကြီး သည် ရွတ်ဆိုကြောင်းနှင့် မဟာပရိနိဗ္ဗာနသုတ် ပါဠိတော် (၁၂၈) လာသော—

> ပရိနိဗ္ဗုတေ ဘဂဝတိ သဟ ပရိနိဗ္ဗာနာ ဗြဟ္မာသဟမ္ပတိ ဣမံ ဂါထံ အဘာသိ။

> သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ။
> ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
> တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတောတိ။

ဟူသော ဂါထာဝယ် ပရိနိဗ္ဗုတော၌ အန္တတ္ထဖြစ်သော ပရိနိဗ္ဗာဃနကြိယာအရ ကိုလည်း မြတ်စွာဘုရား၏ စုတိခန္ဓာဘင်္ဂက္ခဏကိုပင် ယူ။

ဘဂဝတိ၊ သည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော်။ သဟ ပရိနိဗ္ဗာနာ၊ ပရိနိဗ္ဗာန်ပြုသည်နှင့် တပြိုင်နက်။ ဗြဟ္မာသဟမ္ပတိ၊ သဟမ္ပတိ ဗြဟ္မာသည်။ သဗ္ဗေဝ။ပ။ ပရိနိဗ္ဗုတောတိ၊ သဗ္ဗေဝ။ပ။ ပရိနိဗ္ဗုတော-ဟူသော။ ဣမံ ဂါထံ၊ ကို။ အဘာသိ၊ ရွတ်ဆို၏။

လောကေ၊ သတ္တလောက၌။ ပရိယာပန္နာ၊ အကျုံးဝင်ကုန်သော။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဘူတာ၊ သတ္တဝါတို့သည်။ ယတ္ထ၊ အကြင် စုတိ မရဏဟူသော သေခြင်းသဘော၌။ သမုဿယံ၊ ခန္ဓာကိုယ်ကို။ နိက္ခိပိဿန္တိ၊ စွန့်ချကြရကုန်လတ္တံ့။ တတ္ထ၊ ထိုသတ္တဝါဟူသမျှ ခန္ဓာကိုယ်ကို မချွတ် စွန့်ချရာ

စုတိမရဏ-ဟူသော သေခြင်းသဘော၌။ လောကေ၊ လောက၌။ အပ္ပဋိပုဂ္ဂလော၊ သီလ သမာဓိ ပညာ အစရှိသော ဂုဏ်တို့ဖြင့် ဤသူနှင့်တူ၏ ဟု နှိုင်းခိုင်းတုဘက် ပြဆိုရန် တစုံတယောက်သောသူမျှ ရှိတော်မမူသော။ တထာဂတော၊ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူသမျှသော သဗ္ဗညုဘုရားရှင်တို့ကဲ့သို့ ကောင်းသောလာခြင်း ရှိတော်မူသော။ ဗလပ္ပတ္တော၊ ဉာဏ်တော်အားဆယ်ပါး ဟူသော ဉာဏဗလ။ ဆဒ္ဒန်ဆင် ဆယ်စီးအား၊ ဥပေါသထဆင် စီးရေတရာအား၊ ဟေမဆင် စီးရေ တထောင်အား၊ မင်္ဂလဆင် စီးရေတသောင်းအား၊ ဂန္ဓဆင် စီးရေတသိန်းအား၊ ပိင်္ဂလဆင် စီးရေတသန်းအား၊ တမ္ဗဆင် စီးရေတကုဋေအား၊ ပဏ္ဍရဆင် စီးရေ ကုဋေတဆယ်အား၊ ဂင်္ဂေယျဆင် စီးရေ ကုဋေတရာအား၊ ကာလာဝကဆင် စီးရေ ကုဋေတထောင်အား၊ ယောကျ်ားဗိုလ်ခြေ ကုဋေတသိန်းအားကို ဆောင်နိုင်ခြင်းဟူသော ကာယဗလသို့ ရောက်တော်မူသော။ တောဒိသော၊ ဤသို့သဘော ရှိသော ဂုဏ် အလုံးစုံနှင့် ပြည့်စုံတော်မူသော။ သတ္ထာ၊ လူနတ်တို့၏ဆရာ ဖြစ်တော်မူသော။ သမ္ဗုဒ္ဓေါ၊ သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူရချေ၏။

ဤသေခြင်းသဘောသည် တစုံတယောက်မျှ မလွတ်မကင်းသာ၊ သတ္တဝါ ရှိသမျှနှင့် ဆက်ဆံသောသဘောဖြစ်၍ သို့စင်ကာယဗလ ဉာဏဗလစသောဂုဏ်နှင့် ပြည့်စုံသောမြတ်စွာဘုရားသည်လျက် မရဏသဘောနှင့် မကင်းသည်ဖြစ်၍ ပရိ-နိဗ္ဗာန်ပြုဘိသေး၏၊ တပါးသောသတ္တဝါတို့အားကား ဆိုဘွယ်ရာမရှိ၊ မချွတ်လျှင် သေကြရမည်ချည်းဖြစ်၍ ဤမရဏသဘောသည် ငြီးငွေ့ရှုံရှာ ကြောက်မက်ဘွယ် ရှိစွတကားဟု ဖြစ်သောသံဝေဂ၏ အစွမ်းဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော် မူသည်နှင့်တပြိုင်နက် ဤဂါထာကို သဟမ္ပတိဗြဟ္မာကြီးရွတ်ဆိုရကား ဤပရိနိဗ္ဗုတော-၌ အန္တတ္ထဖြစ်သော ပရိနိဗ္ဗာယနကြိယာအရကို မြတ်စွာဘုရား၏ စုတိ-ဘင်္ဂက္ခဏကိုသာ ကောက်ယူသင့်သည်၏အဖြစ်ကို ကေန်သိမှတ်အပ်၏။

## ထေရဂါထာပါဠိတော်-စသည်အရ ရှင်းပြချက်

မြတ်စွာဘုရား၏ ဘထွေးတော်သား တဝမ်းကွဲညီတော် မဟာသာဝက တေဒဂ်ရဖြစ်တော်မူသော အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် အနုရုဒ္ဓ ထေရဂါထာ ပါဠိတော် (၃၃၇) ဝယ် ဟောတော်မူအပ်သော—

> နာဟု အဿာသပဿာသော၊ ဌိတစိတ္တဿ တာဒိနော။
> အနေဇော သန္တိမာရဗ္ဘ၊ စက္ခုမာ ပရိနိဗ္ဗုတော။

ဟူသော ဂါထာ၌ ပရိနိဗ္ဗုတော-၏ အန္တတ္ထပရိနိဗ္ဗာယနကြိယာအရကိုလည်း မြတ်စွာဘုရား၏ စုတိခန္ဓာဘင်္ဂက္ခဏကိုပင် ကောက်ယူလေ။ ထိုကိုသာ ကောက်ယူ

သင့်သည်ကိုလည်း ထိုမထေရ်မြတ်သည်ပင် စက္ခုမာ ပရိနိဗ္ဗုတော-ဟူသော ဤဂါထာ စတုတ္ထပါဒအရာဝယ်"ယံ ကာလမကရိ မုနိ"ဟူ၍ ကာလံအကရိ-ဟူသော ကြိယာဖြင့် သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော် (၁၂၈) ၌ ဟောတော်မူ အပ်သော-——

နာဟု အဿာသပဿာသော၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလမကရီ မုနိ။

ဟူသော ဂါထာကို ထောက်သဖြင့်သိအပ်၏။ ၎င်းအဋ္ဌကထာ(၁၇၇)၌ဤဂါထာကို—

သန္တိမာရဗ္ဘာတိ အနုပါဒိသေသနိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စ သန္ဓာယ။ ယံ ကာလမကရီတိ ယော ကာလံ အကရိ။ ဣဒံ ဝုတ္တံ ဟောတိ အာဝုသော ယော မမ သတ္ထာ ဗုဒ္ဓမုနိ သန္တိံ ဂမိဿာမီတိ သန္တိံ အာရဗ္ဘ ကာလမကရိ။ တဿ ဌိတစိတ္တဿ တာဒိနော ဣဒါနိ အဿာသ-ပဿာသော န ဇာတော၊ နတ္ထိ ပဝတ္တတီတိ။

ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုတော်မူ၏။

အာဝုသော၊ အာနန္ဒာ။ ဝါ၊ တို့။ အနေဇော၊ ထိုထိုအာရုံ၌။ ဝါ၊ အာရုံကြောင့် တုန်လှုပ်တတ်၍ ဇောမည်သော တဏှာရှိတော် မမူသော။ ယံ-ယော မုနိ၊ အကြင် ဘုရားတည်းဟူသော ရဟန်းမြတ်သည်။ ဝါ၊ မုနိတကာတို့၏ အထွတ်အမြတ် ဖြစ်တော်မူသော ငါတို့ဆရာ မဟာဗုဒ္ဓမုနိသည်။ သန္တိံ၊ ဝိပါက်နာမက္ခန္ဓာ ကမ္မဇ ရုပ်ဟူသော ခန္ဓာငါးပါး၏ တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်း ဟူသော ငြိမ်းခြင်းဖြင့် ငြိမ်းသော အနုပါဒိသေသနိဗ္ဗာန်ကို။ အာရဗ္ဘ၊ အနုပါဒိ သေသနိဗ္ဗာန်သို့ ယခုအခါ ငါသွားတော့အံ့ ဟု ရည်ရော်၍။ ကာလံ၊ ပရိနိဗ္ဗာန် စံခြင်းကို။ အကရိ၊ ပြုတော်မူပြီ။ ဝါ၊ ကာလံ အကရိ၊ ပရိနိဗ္ဗာန်စံတော်မူပြီ။ ဌိတစိတ္တဿ၊ အနမတဂ္ဂ သံသာစက်ဝယ် ဆက်ကာဆက်ကာ မြင့်ကြာတာရှည် ကျင်လည်ခဲ့ရသမျှ ကာလပတ်လုံး ရှေးရှေးစိတ်၏ နောက်နောက်စိတ်အား အနန္တရာဒိပစ္စည်းဖြင့် ကျေးဇူးပြုသည်သာဖြစ်၍ မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် တည်ရပ်ခြင်းမရှိခဲ့ဘူးသော စိတ်၏ ဇာတိကင်းမြုံ ပဋိသန္ဓေကုန်သဖြင့် တစုံတခု သောစိတ်အား အနန္တရာဒိပစ္စည်း မတပ်နိုင်သဖြင့် ရှေ့သို့မကူနိုင် မလွန့်မဆက် နိုင်ဘဲ အဆုံးလက်စသတ် ရပ်နေရခြင်းကြောင့် ရပ်တည်ပြီးသော စိတ်ရှိတော် မူသော။ တာဒိနော၊ လာဘ, အလာဘ- စသည်အာရုံ ရှစ်ပါးစုံနှင့် တွေ့ကြုံရ ခြင်းကြောင့် တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ တဿ မုနိနော၊ ထိုငါတို့ဆရာ မဟာဗုဒ္ဓမုနိအား။ ဣဒါနိ၊ ပရိနိဗ္ဗာန်စံတော်မူသော ဤယခုအခါ၌။ အဿာသပဿာသော၊ ထွက်သက်ဝင်သက်လေသည်။ န အဟု၊ မဖြစ်ပြီ။

သန္တိမာရဇ္ဈာတိ၊ ဇ္ဈ-ဟူသည်ကား။ အနုပါဒိသေသနိဗ္ဗာနံ၊ ကို။ အာရဗ္ဘ ပဋိစ္စ၊ စွဲ၍။ သန္ဓာယ၊ ရည်ရော်၍။ ယံ ကာလမကာရီတိ၊ ရိ-ဟူသည်ကား။ ယော၊ အကြင်ဗုဒ္ဓမုနိဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ကာလံ၊ ပစ္စုပ္ပန် ဘဝ၏ အဆုံးကာလကို။ အကရိ၊ ပြုတော်မူ၏။ ဣဒံ-အယံ အဓိပ္ပါယော၊ ဤ ယခုပြဆိုအပ်လတ္တံ့သော အဓိပ္ပါယ်ကို၊ ဝုတ္တံ-ဝုတ္တော၊ ဆိုတော်မူလိုသည်။ ဟောတိ၊ ၏။ အာဝုသော၊ ငါ့ရှင်အာနန္ဒာ။ ဝါ၊ ငါ့ရှင်တို့။ မမ၊ ငါ၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော။ ယော ဗုဒ္ဓမုနိ၊ အကြင်အဂါရ,အနဂါရ,သေက္ခ, အသေက္ခဖြစ်သော မုနိဟူသမျှတို့၏ အထွတ်အမြတ်ဖြစ်တော်မူ၍ မဟာဗုဒ္ဓမုနိ ဖြစ်တော်မူသောမြတ်စွာဘုရားသည်။ သန္တိံ၊ အနုပါဒိသေသ နိဗ္ဗာန်သို့။ ဂမိဿာ-မိတိ၊ သွားရောက်တော့အံ့ ဟူ၍။ သန္တိံ၊ အနုပါဒိသေသ နိဗ္ဗာန်ကို။ အာရဗ္ဘ၊ ရည်ရော်၍။ ကာလံအကရိ၊ ပရိနိဗ္ဗာန်စံတော်မူပြီ။ ဠိတစိတ္တဿ၊ ကန့်ရပ်ပြီးသော စိတ်ရှိတော်မူသော။ တာဒိနော၊ လာဘ, အလာဘ-စသည်ရှစ်တန် လောကဓံ တို့ကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ တဿ ဗုဒ္ဓမုနိနော၊ အား။ ဣဒါနိ၊ ဤယခုအခါ၌။ အဿာသပဿာသော၊ ထွက်သက် ဝင်သက်လေဟူသော အဿာသပဿာသသည်။ န ဇာတော၊ မဖြစ်ပြီ။ ပဝတ္တိ၊ ထွက်သက်ဝင်သက်လေ၏ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ သို့။ ဝုတ္တံ-ဝုတ္တော၊ ဆိုတော်မူလိုသည်။ ဟောတိ၊ ၏။

ထေရဂါထာပါဠိတော်ကိုကား—"အနေဇော၊ သော။ စက္ခုမာ၊ ဒိဗ္ဗစက္ခု, ဓမ္မစက္ခု, ဗုဒ္ဓစက္ခု, ဉာဏစက္ခု, သမန္တစက္ခု-ဟူသော ငါးပါးသော စက္ခုရှိတော် မူသော မြတ်စွာဘုရားသည်။ သန္တိံ၊ ကို။ အာရဗ္ဘ၊ ၍။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် စံတော်မူချေပြီ" စသည်ဖြင့် အနက်ပေး။

သုတ်မဟာဝါ၌ ပကတိဝေါဟာရအားဖြင့် ကာလံအကရိ-ဟု ရွတ်ဆိုတော် မူသည်။ သံယုတ်ပါဠိတော် ထေရဂါထာပါဠိတော်၌ကား ထုတိသြဘာ မင်္ဂလာ ဝေါဟာရအားဖြင့် ပရိနိဗ္ဗုတော-ဟု ဟောရွတ်တော်မူသည်။ ဤသို့အထူးကိုမှတ်။

သတ္တဝါသာမန်တို့ စုတိဘင်္ဂက္ခဏသို့ ရောက်သည်ကို သေသည်ဟူ၍, အမျိုး ဇာတ်အားဖြင့် ထူးမြတ်၍ ဇာတိဝိသိဋ္ဌဖြစ်သော မင်းမျိုးတို့ စုတိဘင်္ဂက္ခဏသို့ ရောက်သည်ကို နတ်ရွာစံသည်ဟူ၍, ဂုဏ်အားဖြင့် ထူးမြတ်၍ ဂုဏဝိသိဋ္ဌဖြစ်သော ရဟန်း သာမဏေ စသည်တို့ စုတိဘင်္ဂက္ခဏသို့ ရောက်သည်ကို ပြန်တော်မူသည် ဟူ၍, ခီဏာသဝပုဂ္ဂိုလ်တို့ စုတိဘင်္ဂက္ခဏသို့ ရောက်သည်ကို ပရိနိဗ္ဗာန်စံသည် ဟူ၍ လောက၌ ခေါ်ဝေါ်ကြသည်။

သန္တိမာရဗ္ဘာတိ နိဗ္ဗာနံ အာရမ္မဏံ ကတွာ။ စက္ခုမာတိ ပဉ္စဟိ စက္ခူဟိ စက္ခုမာ။ ပရိနိဗ္ဗုတောတိ ပရိနိဗ္ဗာယိ။ အယံ ဟေတ္ထ အတ္ထော။

နိဗ္ဗာနာရမ္မဏံ စတုတ္ထဇ္ဈာနဖလသမာပတ္တိံ သမာပဇ္ဇိတွာ တဒနန္တရမေဝ
အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတောတိ။

ဟူ၍ ဖွင့်ဆိုသော ထေရဂါထာအဋ္ဌကထာ (၃၄၅) ၏ အလိုသော် ဤဂါထာ၌—
"အနေဇော၊ သော။ စက္ခုမာ၊ သည်။ သန္တိံ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို။
အာရဗ္ဘ၊ အာရုံပြု၍။ ပရိနိဗ္ဗုတော၊ အနုပါဒိသေသ ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိ-
နိဗ္ဗာန်စံတော်မူပြီ" ဟူ၍ အနက်ပေးလို၏။

သန္တိမာရဗ္ဘာတိ၊ ဟူသည်ကား။ နိဗ္ဗာနံ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို။
အာရမ္မဏံ ကတွာ၊ ၍။ စက္ခုမာတိ၊ မာ-ဟူသည်ကား။ ပဉ္စဟိ စက္ခူဟိ၊ ဒိဗ္ဗစက္ခု
အစရှိကုန်သော ငါးပါးသော စက္ခုတို့ဖြင့်။ စက္ခုမာ၊ စက္ခုရှိတော်မူသော
မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတောတိ၊ တော-ဟူသည်ကား။ ပရိနိဗ္ဗာယိ၊ အနု-
ပါဒိသေသပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူပြီ။ ဟိ သစ္စံ၊ မှန်၏။ ဘဂဝါ၊
သည်။ နိဗ္ဗာနာရမ္မဏံ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်လျှင် အာရုံရှိသော။
စတုတ္ထဇ္ဈာနဖလသမာပတ္တိံ၊ စတုတ္ထဈာန် အရဟတ္တဖလသမာပတ်ကို။ သမာ-
ပဇ္ဇိတွာ၊ ဝင်စားတော်မူ၍။ တဒနန္တရမေဝ၊ ထိုစတုတ္ထဈာနိက အရဟတ္တဖလ
သမာပတ်မှ ထသည်၏ အခြားမဲ့၌ပင်လျှင်။ အနုပါဒိသေသာယ နိဗ္ဗာန-
ဓာတုယာ၊ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံတော်
မူ၏။ ဣတိ၊ ဤသို့။ ဧတ္ထ၊ ဤဂါထာ၌။ အယံ အတ္ထော၊ ဤအနက်သည်။
ဟောတိ၊ ၏။

ဤထေရဂါထာအဋ္ဌကထာဝယ် သန္တိမာရဗ္ဘ-ကို "နိဗ္ဗာနံ အာရမ္မဏံ ကတွာ"
ဟု ဖွင့်ဆိုခြင်း "စတုတ္ထဇ္ဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ ဘဂဝါ ပရိနိဗ္ဗုတော"
ဟူသော သုတ်မဟာဝါပါဠိတော်ဝယ် စတုတ္ထဈာနအရကို အရဟတ္တဖိုလ် စတုတ္ထ
ဈာန်ကို ကောက်ယူခြင်း၊ ထိုအရဟတ္တဖလသမာပတ်မှ ထသည်၏ အခြားမဲ့၌ပင်
ပစ္စဝေက္ခဏာဇောဝီထိ မခြားမချပ်မူ၍ ပရိနိဗ္ဗာန် ပြုတော်မူ၏ ဟု ယူခြင်း၊
ပရိနိဗ္ဗုတော-၏ အနက္ခတ္တ ဖြစ်သော ပရိနိဗ္ဗာနအရကို အနုပါဒိသေသနိဗ္ဗာနဓာတ်
ကို ယူခြင်းများသည် မဟာပရိနိဗ္ဗာနသုတ် ပါဠိတော် ၎င်းအဋ္ဌကထာ ဇီဝိတ-
သမသီသီကို ပြဆိုသော ထိုထိုသုတ္တန် အဘိဓမ္မာအဋ္ဌကထာ ဋီကာတို့နှင့်မညီ
သောကြောင့် မသင့်သည်သာ။

ဤထေရဂါထာအဋ္ဌကထာ၏ ပြဆိုခဲ့ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့်
ဆန့်ကျင်ကြောင်းကို ပုစ္ဆာဗျာကရဏကျမ်းဝယ် အကျယ်ပြဆိုခဲ့ပြီ။

## ၂၅-နိဗ္ဗာန်သည် အတ္ထိပစ္စည်း-စသည် မတပ်ပုံ

### နိဗ္ဗာန်၏ ဓုဝ-သဿတ-စသည်ဖြစ်၍ အတ္ထိပစ္စည်းမတပ်ပုံ ပြခြင်း

ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ထိုထိုအရာ များစွာသော ပါဠိတို့၌ ဓုဝ-ဟူ၍၎င်း သဿတ-ဟူ၍၎င်း အနန္တ-ဟူ၍၎င်း ဟောတော်မူသည်။

### ဓုဝ-မည်ပုံ

ထိုတွင် နိဗ္ဗာန်သည် အဘယ့်ကြောင့် ဓုဝ-မည်သနည်းဟူမူ——“ထိရဋ္ဌေန ဓုဝံ”။ “ထိရဋ္ဌေန၊ ဖောက်ပြန်ပျက်စီးခြင်း မရှိသည်ဖြစ်၍ မြဲမြံခိုင်ခံ့ တည်တံ့သော သဘောဖြစ်သောကြောင့်။ ဓုဝံ၊ ဓုဝမည်၏”။ ဤသင္ဂြဟဋီကာ ဝိဘာဝနီသံယုတ်အဋ္ဌကထာနှင့်အညီ ဖောက်ပြန်ပျက်စီးခြင်းမရှိ၊ ပကတိအတိုင်း မြဲမြံခိုင်ခံ့ တည်တံ့သော သဘောဖြစ်သောကြောင့်၎င်း “အဝိပရိဏာမဓမ္မတ္တာ ဓုဝံ”။ “အဝိ-ပရိဏာမဓမ္မတ္တာ၊ မြဲမြံခိုင်ခံ့စွာ ထာဝရ တည်နေခြင်း ရှိသည်ဖြစ်၍ ဖောက်ပြန်ပျက်စီးခြင်း သဘောမရှိသည်၏ အဖြစ်ကြောင့်။ ဓုဝံ၊ မည်၏”။

ဤ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ နှင့် အညီ မြဲမြံခိုင်ခံ့စွာ ထာဝရတည်နေခြင်း သဘောရှိသည်ဖြစ်၍ ဖောက်ပြန်ပျက်စီးခြင်း သဘောမရှိသည်၏ အဖြစ်ကြောင့်၎င်း——

> ဓုဝန္တိ နိဗ္ဗာနဿေတံ အဓိဝစနံ ဘဝိတုံ အရဟတိ။ တံ ဟိ ဇာတိ-ဇရာ ဗျာဓိ မရဏ သောကာဒိတော မုစ္စိတုကာမေဟိ ဓဝိတဗ္ဗံ ဂန္တဗ္ဗန္တိ ဓုဝံ။ ဥပ္ပါဒဝယာဘာဝေန ဝါ နိစ္စသဘာဝတ္တာ ဓဝတိ ထိရံ သဿတံ ဘဝတီတိ ဓုဝံ။

ဓုဝန္တိ ဧတံ အဓိဝစနံ၊ ဓုဝံ-ဟူသော ဤအမည်သည်။ နိဗ္ဗာနဿ၊ ၏။ အဓိဝစနံ၊ အမည်သည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ အရဟတိ၊ ထိုက်၏။ ဟိ သစ္စံ၊ မှန်၏။ တံ၊ ထိုနိဗ္ဗာန်သည်။ ဇာတိဇရာဗျာဓိမရဏသောကာဒိတော၊ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း ဉာတိဗျသန-စသည်တို့ကြောင့် စိုးရိမ်ပင်ပန်းခြင်း စသည်တို့မှ။ မုစ္စိတုကာမေဟိ၊ လွတ်ခြင်းကို အလိုရှိကုန်သောသူတော်ကောင်းတို့သည်။ ဓဝိတဗ္ဗံ ဂန္တဗ္ဗံ၊ ရောက်အပ် ရောက်ထိုက်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဓုဝံ၊ ၏။ ဝါ၊ ကား။ ဥပ္ပါဒဝယာဘာဝေန၊ ဖြစ်ခြင်း ပျက်ခြင်း မရှိသည်၏ အဖြစ်ဖြင့်။ နိစ္စသဘာဝတ္တာ၊ မြဲမြံခိုင်ခံ့ တည်တံ့သော သဘောရှိသည်၏ အဖြစ်ကြောင့်။ ဓဝတိ ထိရံ သဿတံ ဘဝတိ၊ တည်တံ့မြဲစွဲစွာ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ ဓုဝံ၊ ဓုဝမည်၏။

ဤ သဒ္ဒနီတိ (ဓာတု-၁၀၇) နှင့် အညီ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း ဉာတိဗျသန ဘောဂဗျသန-စသော အကြောင်းတို့ကြောင့် စိုးရိမ် ပင်ပန်းခြင်း အစရှိကုန်သော ဆင်းရဲအပေါင်းတို့မှ ကင်းလွတ်လိုကုန်သော သူတော်ကောင်း အပေါင်းတို့သည် ထိုဆင်းရဲအပေါင်းတို့မှ ကင်းလွတ်ရခြင်း အကျိုးငှါ ရောက်အပ် ရောက်ထိုက်သည်၏အဖြစ်၊ တရံတဆစ်မျှ ဖြစ်ခြင်း ပျက်ခြင်းမရှိသည်၏ အဖြစ်ဖြင့် မြဲသော သဘောရှိသည်၏ အဖြစ်တို့ကြောင့်ရင်း ဓုဝမည်သည် ဟူလေ။

## သဿတ-မည်ပုံ

အဘယ့်ကြောင့်ကား သဿတ မည်လေသနည်းဟူမူ—

> ပစ္စယပဋိဗဒ္ဓတာယ သပ္ပစ္စယော။ ပစ္စယေဟိ သမာဂမ္မ ကတတ္တာ သင်္ခတော။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈနဘာဝတော သဒါအဘာဝတော အသဿတော။ ဥပ္ပတ္တိကာရဏသင်္ခါတဿ နိမိတ္တဿ အတ္ထိတာယ သနိမိတ္တံ။ နိဗ္ဗာနံ ဝုတ္တပ္ပကာရာဘာဝတော အပ္ပစ္စယံ အသင်္ခတံ သဿတံ အနိမိတ္တံ။

ဟူသော ကထာဝတ္ထုအဋ္ဌကထာ (၁၂၃) နှင့်အညီ နိဗ္ဗာန်သည် တစုံတခုသော အကြောင်းကြောင့်မျှ ဖြစ်တတ်သော တရားမဟုတ်၊ ထိုသို့ ဖြစ်တတ်သော တရားမဟုတ်၍ ချုပ်ပျက်သော မည်သည်မရှိ။ ထိုသို့ တရံတဆစ်မျှ ဖြစ်ခြင်း ချုပ်ပျက်ခြင်းမရှိ ပကတိအတိုင်း ထာဝရအမြဲတည်သော သဘောဖြစ်သော ကြောင့် သဿတ-မည်သည် ဟူလေ။

## အပ္ပစ္စယ-စသည် မည်ပုံ

သဗ္ဗသင်္ခါရော၊ အလုံးစုံသော သင်္ခါရတရားသည်။ ပစ္စယပဋိဗဒ္ဓတာယ၊ အကြောင်းနှင့် စပ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ သပ္ပစ္စယော၊ သပ္ပစ္စယမည်၏။ ပစ္စယေဟိ၊ ဟေတု သဟဇာတ အစရှိသော အကြောင်းပစ္စည်းတရားတို့သည်။ သမာဂမ္မ၊ အညီအညွတ် ပေါင်းဆုံ၍။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ သင်္ခတော၊ မည်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈနဘာဝတော၊ ချုပ်ပျက်တတ် သည်၏ အဖြစ်ကြောင့်။ သဒါအဘာဝတော၊ မပျက်ချုပ်ဘဲ အမြဲ အခါခပ်သိမ်း မရှိခြင်းကြောင့်။ အသဿတော၊ အသဿတမည်၏။ ဥပ္ပတ္တိကာရဏသင်္ခါတဿ၊ ဖြစ်ခြင်း၏ အကြောင်းဟု ဆိုအပ်သော။ နိမိတ္တဿ၊ အကြောင်း၏။ အတ္ထိ-တာယ၊ ရှိသည်၏ အဖြစ်ကြောင့်။ သနိမိတ္တံ၊ သနိမိတ္တမည်၏။ နိဗ္ဗာနံ၊ သည်။

ဝုတ္တပ္ပကာရာဘာဝတော၊ ဆိုအပ်ပြီးသော အပြားရှိသောအကြောင်း မရှိခြင်းကြောင့်။ အပ္ပစ္စယံ၊ အပ္ပစ္စယမည်၏။ အသင်္ခတံ၊ အသင်္ခတမည်၏။ သဿတံ၊ သဿတမည်၏။ အနိမိတ္တံ၊ အနိမိတ္တမည်၏။

## အနန္တ-မည်ပုံ

အဘယ့်ကြောင့်ကား အနန္တမည်သနည်းဟူမူ—

> အနန္တဇိနေနာတိအာဒီသု ပရိယန္တပရိစ္ဆေဒဘာဝရဟိတတ္တာ အနန္တံ ဝုစ္စတိ နိဗ္ဗာနံ။ တံ ဘဂဝတာ ရညာ သပတ္တဂဏံ အဘိမဒ္ဒိတွာ ရဇ္ဇံ ဝိယ ကိလေသဂဏံ အဘိမဒ္ဒိတွာ ဇိတံ ဝိဇိတံ သမ္ပတ္တံ၊ တသ္မာ ဘဂဝါ အနန္တဇိနောတိ ဝုစ္စတိ။

ပရိဝါအဋ္ဌကထာ (၂၃၅)

အနန္တဇိနေနာတိ အာဒီသု၊ အနန္တဇိနေန-အစရှိသော ပါဠိရပ်တို့၌။ ပရိယန္တပရိစ္ဆေဒဘာဝရဟိတတ္တာ၊ ဥပါဒ် ဌီ ဘင်-ဟူသော အပိုင်းအခြားသဘောမှ ကင်းသည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို။ အနန္တံ၊ အနန္တ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ရညာ၊ မင်းသည်။ သပတ္တဂဏံ၊ ရန်သူအပေါင်းကို။ အဘိမဒ္ဒိတွာ၊ ဖျက်ဆီးနှိပ်နင်း၍။ ရဇ္ဇံ၊ မင်းအဖြစ်သို့။ သမ္ပတ္တံဝိယ၊ ကောင်းစွာရောက်သကဲ့သို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ကိလေသဂဏံ၊ တထောင့်ငါးရာ ကိလေသာ ရန်အပေါင်းကို။ အဘိမဒ္ဒိတွာ၊ အကြွင်းမဲ့ ဖျက်ဆီးနှိပ်နင်း၍။ တံ၊ ထိုအနန္တ-ဟု ဆိုအပ်သော နိရောဓသစ္စာ နိဗ္ဗာန်သို့။ ဇိတံ ဝိဇိတံ သမ္ပတ္တံ၊ ကောင်းစွာ ရောက်အပ်ပြီ။ တသ္မာ၊ ကြောင့်။ ဘဂဝါ၊ ကို။ အနန္တဇိနောတိ၊ အနန္တဇိနမည်တော်မူ၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

"အနန္တန္တိ အန္တရဟိတံ နိစ္စန္တိ အတ္ထော" ဥပရိပဏ္ဏာသဋီကာ(၂၃၈) အနန္တန္တိ၊ အနန္တ-ဟူသည်ကား။ အန္တရဟိတံ၊ ဖြစ်ပျက်ခြင်းဟူသော အပိုင်းအခြားမှကင်း၏။ နိစ္စံ၊ မြဲ၏။ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊စကားကျဖြစ်သော အဓိပ္ပါယတ္ထတည်း။

"ဥပ္ပါဒဝယန္တာဘာဝေန အနန္တံ" အဘိဓမ္မာဝတာရဋီကာ၊ ဥပ္ပါဒဝယန္တာဘာဝေန၊ ဖြစ်ခြင်းဟူသောအပိုင်းအခြား ကုန်ခန်းချုပ်ပျက်ခြင်းဟူသောအပိုင်းအခြား၏မရှိခြင်းကြောင့်။ အနန္တံ၊ အနန္တမည်၏။

ဤအဋ္ဌကထာဋီကာတို့နှင့်အညီ အစဉ်ထာဝရ နိစ္စအမြဲတည်သော တရားဖြစ်၍ တရံတဆစ်မျှ ဖြစ်ခြင်းဟူသော အပိုင်းအခြား ချုပ်ပျက်ခြင်းဟူသော အပိုင်းအခြား မရှိသောကြောင့် အနန္တမည်သည် ဟူလေ။

## နိစ္စ-စသည် မည်ပုံ ရှင်းပြချက်

အဘယ့်ကြောင့်ကား နိစ္စမည်ရလေသနည်း ဟူမူ—

> တယိဒံ မဂ္ဂသမင်္ဂိနာ ပတ္တဗ္ဗဘာဝတော အသာဓာရဏံ။ ပုရိမာယ ကောဋိယာ အဘာဝတော အပ္ပဘဝံ။ မဂ္ဂဘာဝေ ဘာဝတော သပ-ဘဝန္တိ စေ။န။ မဂ္ဂေန အနုပ္ပါဒနီယတော။ ပတ္တဗ္ဗမေဝ ဟိ တံ မဂ္ဂေန န ဥပ္ပါဒေတဗ္ဗံ၊ တသ္မာ အပ္ပဘဝမေဝ။ အပ္ပဘဝတ္တာ အဇရာမရဏံ။ ပဘဝဇရာမရဏာနံ အဘာဝတော နိစ္စံ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၂-(၁၄၀)

ဤ၌ "ပဘဝဇရာမရဏာနံ အဘာဝတော နိစ္စံ" သာ လိုရင်း ပဌာန။

စ၍ ဖြစ်ခြင်း ရင့်ရော်အိုမင်းဆွေးမြည့်ခြင်း ချုပ်ပျောက်ကုန်ခန်း သေပျက်ခြင်း မရှိသောကြောင့် အခါမပြတ် အမြဲတည်သော သဘောဖြစ်၍ နိစ္စမည်ပါသည် ဟူလေ။

စ၍ ဖြစ်ခြင်း အိုမင်းဆွေးမြည့်ခြင်း သေပျက်ခြင်း မရှိဟု ဆို၏၊ အဘယ့်ကြောင့်ကား ထိုနိဗ္ဗာန်သည် အိုမင်းဆွေးမြည့်ခြင်း သေပျက်ခြင်းမရှိရလေသနည်း ဟူဘွယ်ရှိ၍ "အပ္ပဘဝတ္တာ အဇရာမရဏံ" ဟူသော စကားကို ဆိုတော်မူသည်။ စ၍ ဖြစ်ခြင်း မရှိသည်၏ အဖြစ်ကြောင့် ဆွေးမြည့်အိုမင်းခြင်း သေပျက်ခြင်းမရှိသည် ဟူလို။

အဘယ့်ကြောင့်ကား နိဗ္ဗာန်သည် စ၍ဖြစ်ခြင်းမရှိလေသနည်းဟူဘွယ် ရှိပြန်သောကြောင့် "ပုရိမာယ ကောဋိယာ အဘာဝတော အပ္ပဘဝံ" ကိုဆိုပြန်ရသည်။ မည်သည့်ကမ္ဘာကာလ မည်သည့်ဘုရား လက်ထက်တော်က စ၍ဖြစ်သည် စသည်ဖြင့် ဖြစ်ရာကာလ အပိုင်းအခြားမရှိသောကြောင့် စ၍ ဖြစ်ခြင်းမရှိသည် ဟူလို။

ကမ္ဘာသိန်းသန်းမက ဘုရား,ပစ္စေကဗုဒ္ဓါ, အရိယာသခင်တို့ ဖြစ်ပွင့်ခြင်းမရှိသောအခါ သုညကပ် ကမ္ဘာကာလဝယ် အရိယမဂ်တရားသည် အလျှင်းပင် ဖြစ်ခြင်းမရှိ။ အရိယမဂ်ဖြစ်မှသာလည်း နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို ပစ္စက္ခအားဖြင့် သိနိုင် အာရုံပြုနိုင်ရကား အရိယမဂ်ဖြစ်သော်သာ နိဗ္ဗာန်ဖြစ်သည် ဟုအယူရှိသော စောဒကပုဂ္ဂိုလ်၏ အရိယမဂ်ဖြစ်သော်သာ နိဗ္ဗာန်ဖြစ်သောကြောင့် နိဗ္ဗာန်မှုစ၍ ဖြစ်ခြင်းရှိပါသည်သာ မဟုတ်ပါလော ဟု စောကြောမေးမြန်းရန်ကို မြင်တော်မူ၍ ထိုအမေးကိုပြတော်မူလိုသော အဋ္ဌကထာဆရာသည် "မဂ္ဂဘာဝေ ဘာဝတော သပဘဝန္တိ စေ" ဟူသော ပုစ္ဆာစကားကို ပြတော်မူသည်။ ထိုသို့ စောဒကတို့ မေးဆိုရာသည်အတိုင်း စင်စစ်ပင် မေးဆိုထိုက်လေသလော ဟူဘွယ်ရှိ၍ န-ဟူသော ပဋိသေဓကို ဆိုတော်မူသည်။ မမေးသင့် ဟူ၏။ အဘယ့်ကြောင့်ကား မမေးသင့်ရသနည်း။ ထိုနိဗ္ဗာန်သည် စောဒကတို့ ယူသည့်အတိုင်း အရိယ

မဂ်သည် ဖြစ်စေအပ်သော တရားဖြစ်ခဲ့သော် စ၍ ဖြစ်ခြင်းရှိရာသည်သာ မဟုတ်လော ဟူဘွယ်ရှိ၍ "မဂ္ဂေန အနုပ္ပါဒနိယတော" ကို ဆိုတော်မူရသည်။ ထိုဟိတ်ကို အကျယ်ပြုပြန်လို၍ " ပတ္တဗ္ဗမေဝ ဟိ တံ မဂ္ဂေန န ဥပ္ပါဒေတဗ္ဗံ၊ တသ္မာ အပ္ပဘဝမေဝ " ကို ဆိုတော်မူသည်။

ထိုနိဗ္ဗာန်သည် အရိယမဂ်ဖြင့် ရောက်အပ်သော တရားသာဖြစ်သည်။ အရိယမဂ်သည် ဖြစ်စေအပ်သော တရားမဟုတ်သောကြောင့် စ၍ ဖြစ်ခြင်းမရှိသည်သာ။ စောဒကတို့ ကြံယူသည့်အတိုင်း စ၍ ဖြစ်ခြင်းရှိသော တရားမဟုတ်ဟူလို။

တယိဒံ-တံ ဣဒံ နိဗ္ဗာနံ၊ သည်။ မဂ္ဂသမင်္ဂိနာ၊ အရိယမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်သာ။ ပတ္တဗ္ဗဘာဝတော၊ မျက်မှောက် အာရုံပြုသောအားဖြင့် ရောက်အပ် ရောက်ထိုက် ရောက်နိုင်သည်၏အဖြစ်ကြောင့်။ အသာဓာရဏံ၊ ပုထုဇဉ်တို့နှင့်မဆက်ဆံ။ ပုရိမာယ၊ ရှေးဖြစ်သော။ ကောဋိယာ၊ ဖြစ်ရာကာလ အစွန်းအပိုင်းအခြား၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ အပ္ပဘဝံ၊ စ၍ ဖြစ်ခြင်းမရှိ။ မဂ္ဂဘာဝေ၊ အရိယမဂ်ဖြစ်သော်သာ။ ဘာဝတော၊ ဖြစ်ခြင်းကြောင့်။ သပဘဝံ၊ စ၍ ဖြစ်ခြင်းရှိ၏။ ဣတိ စေ၊ ဤသို့ စ၍ ဖြစ်ခြင်းရှိ၏ ဟု ဆိုငြားအံ့။ န၊ စ၍ ဖြစ်ခြင်းရှိ၏ဟု မဆိုအပ်။ ကသ္မာ၊ အဘယ့်ကြောင့် စ၍ ဖြစ်ခြင်းရှိ၏ ဟု မဆိုအပ်သနည်းဟူမူကား။ မဂ္ဂေန၊ အရိယမဂ်သည်။ အနုပ္ပါဒနိယတော၊ ဖြစ်စေအပ်သော တရားမဟုတ်သော ကြောင့်တည်း။ ဟိ-ဝိတ္ထာရေမိ၊ ချဲဦးအံ့။ တံ၊ ထိုနိဗ္ဗာန်သည်။ မဂ္ဂေန၊ အရိယမဂ်ဖြင့်။ ဝါ၊ သည်။ ပတ္တဗ္ဗမေဝ၊ ရောက်အပ်သောတရားသည်သာလျှင်။ ဟောတိ၊ ၏။ န ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ်သောတရားမဟုတ်။ တသ္မာ၊ ထိုသို့ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၏ အရိယမဂ်ဖြင့် ရောက်အပ်သော တရားသာဖြစ်၍ အရိယမဂ်သည် ဖြစ်စေအပ်သော တရားမဟုတ်သည်၏ အဖြစ်ကြောင့်။ အပ္ပဘဝမေဝ၊ စ၍ ဖြစ်ခြင်းမရှိသည်သာလျှင်။ ဟောတိ၊ ၏။ အပ္ပဘဝတ္တာ၊ စ၍ ဖြစ်ခြင်း မရှိသည်၏ အဖြစ်ကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ အဇရာမရဏံ၊ ဆွေးမြည့် အိုမင်းရင့်ရော်ခြင်း သေပျက်ခြင်း မရှိ။ ပဘဝဇရာမရဏာနံ၊ စ၍ ဖြစ်ခြင်း ရင့်ရော် အိုမင်း ဆွေးမြည့်ခြင်း သေပျက်ခြင်းတို့၏။ အဘာဝတော၊ မရှိသည်၏အဖြစ်ကြောင့်။ တံ၊ သည်။ နိစ္စံ၊ ထာဝရပကတိအတိုင်း အမြဲတည်၏။

ထိုနိဗ္ဗာန်အား စ၍ ဖြစ်ခြင်းမရှိသည်၏ အဖြစ်ကိုလည်း ထိုနိဗ္ဗာန်အား မိမိကို ဖြစ်စေတတ်သော ဇနကအကြောင်း မရှိသည်၏အဖြစ်ကြောင့်သာတည်း ဟု ဧကန်ဆတ်ဆတ် မုချမှတ်ရမည့် အကြောင်းကို ဋီကာ ၌ "အပ္ပဘဝတာ စဿ အပ္ပစ္စယတာယ ဒဋ္ဌဗ္ဗာ" ဟု ပြဆိုတော်မူ၏။

အသ၊ ထိုနိဗ္ဗာန်အား။ ဝါ၊ ၏။ အပ္ပဘာဝတာ စ၊ စ၍ ဖြစ်ခြင်းမရှိသည်၏ အဖြစ်ကိုလည်း။ အပ္ပစ္စယတာယ၊ ထိုနိဗ္ဗာန်ကို ဖြစ်စေတတ်သော ဇနက အကြောင်းမရှိသည်၏ အဖြစ်ကြောင့်။ ဒဋ္ဌဗ္ဗာ၊ မုချဆတ်ဆတ် ကေန် မှတ်အပ်၏။

ပဘဝနံ ပဘဝေါ-ဟု ဘာဝသာဓ်ပြုပြီးမှ "နတ္ထိ ပဘဝေါ ဧတဿာတိ အပ္ပဘာဝံ" ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ပြု။ ပဘဝနံ၊ စ၍ ဖြစ်ခြင်း။ ပဘဝေါ၊ စ၍ ဖြစ်ခြင်း။ ဧတဿ၊ ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်အား။ ပဘဝေါ၊ စ၍ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ အပ္ပဘာဝံ၊ အပ္ပဘာဝ မည်၏။ ပ-ကားဓာတ်၏ အနက်ကို အထူးပြုတတ်သော ဓာတွတ္ထ-ဝိသေသက ဥပသာရပုဒ်။ ဤအရာ၌ ဘူဓာတ်သည် ဓာတွတ္ထဝိသေသက ပ-ဟူသော ဥပသာရနှင့် ယှဉ်ခြင်းကြောင့်——

"အနဝတတ္တမှာ ပဘဝန္တိ မဟာသရာ"
"အစိရဝတိယာ ပဘဝန္တိ ကုန္နဒိယော"

စသည်၌ ဘူဓာတ်ကဲ့သို့ စ၍ ဖြစ်ခြင်း ဟူသော အနက် ဝိသေသကို ဟော၏။

အနဝတတ္တမှာ၊ အနောတတ်အိုင်မှ။ မဟာသရာ၊ ဂင်္ဂါ, ယမုနာ, အစိရဝတီ, မဟီ, သရဘူဟူကုန်သော မြစ်ကြီးငါးသွယ်တို့သည်။ ပဘဝန္တိ၊ စ၍ ဖြစ်ကုန်၏။

ကုန္နဒိယော၊ မြစ်ငယ်တို့သည်။ အစိရဝတိယာ၊ အစိရဝတီမြစ်ကြီးမှ။ ပဘဝန္တိ၊ စ၍ ဖြစ်ကုန်၏။

နိမိတ္တံ ကာရဏံ ဌာနံ၊ ပဒံ ဗီဇံ နိဗန္ဓနံ။
နိဒါနံ ပဘဝေါ ဟေတု၊ သမ္ဘဝေါ သေတု ပစ္စယော။

ဟု ပဘဝသဒ္ဒါကို အကြောင်းဟော ပရိယာယ်အဖြစ်ဖြင့် အဘိဓာနပ္ပဒီပိကာကျမ် (ဂါထာနံပါတ်-၈၁) ၌ ထုတ်ဆိုအပ်သော်လည်း ဤအရာ၌ သမ္ဘဝဝါရ, ပဘဝဝါရ စသည် ဟူရာမှာကဲ့သို့ အကြောင်းကို ဟောသည်ဟု ယူ၍ "ပဘဝတိ ဧတေနာတိ ပဘဝေါ"။ ဧတေန၊ ဤအကြောင်းဖြင့်။ ဖလံ၊ အကျိုးသည်။ ပဘဝတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သော၊ ထိုအကြောင်းသည်။ ပဘဝေါ၊ ပဘဝမည်၏။ ဤသို့ ကရဏသာဓနမပြုရ။ ထို့ကြောင့် "အပ္ပဘာဝံ၊ အကြောင်းအမွန်မရှိ" ဟု အနက် ပြန်ဆိုကြသည်ကို မသင့်ဟူ၍သာ မှတ်။ ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှား ရှိသည်၏ အဖြစ်ဖြင့် မိမိ မဖြစ်သေး မရှိသေးသဖြင့်။ ဝါ၊ မဖြစ်သေး မရှိသေးမီ တပါးသော တရားတို့အား ကျေးဇူးမပြုနိုင်သော တရားတို့၏သာလျှင် မိမိ ထင်ရှားရှိသည်၏ အဖြစ်ဖြင့်။ ဝါ၊ ထင်ရှားရှိသည်၏ အဖြစ်ဖြင့်သာ ကျေးဇူး ပြုတတ်သည်၏ အဖြစ်၏ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုသည်၏အဖြစ် ဖြစ်ခြင်း ကြောင့် အမြဲ နိစ္စ ထာဝရ အခါခပ်သိမ်း ထင်ရှားရှိသည်၏ အဖြစ်ဖြင့်

တည်နေခြင်းရှိသော နိဗ္ဗာန်အား အတ္ထိပစ္စည်းတပ်သည်၏အဖြစ် မရှိခြင်းကို ပြဆိုသော —

> အတ္ထိဘာဝါဘာဝေန အနုပကာရကာနမေဝ အတ္ထိဘာဝေန ဥပကာရကတာယ အတ္ထိပစ္စယတာဘာဝတော နတ္ထိ နိဗ္ဗာနဿ သဗ္ဗဒါဘာဝိနော အတ္ထိပစ္စယတာ။ ဥပ္ပါဒါဒိယုတ္တာနံ ဝါ နတ္ထိဘာဝေါပကာရတာဝိရုဒ္ဓေါ ဥပကာရကဘာဝေါ အတ္ထိပစ္စယတာတိ န နိဗ္ဗာနံ အတ္ထိပစ္စယော။

ဟူသော အဘိဓမ္မတ္ထဝိကာသနီဋီကာ။

> အတ္ထိဘာဝါဘာဝေန အနုပကာရကာနမေဝ စ အတ္ထိဘာဝေန ဥပကာရကတာ အတ္ထိပစ္စယဘာဝေါတိ နတ္ထိ နိဗ္ဗာနဿ သဗ္ဗဒါဘာဝိနော အတ္ထိပစ္စယတာ အဝိဂတပစ္စယတာ စ။ ဥပ္ပါဒါဒိယုတ္တာနံ ဝါ နတ္ထိဘာဝေါပကာရတာဝိရုဒ္ဓေါ ဥပကာရကဘာဝေါ အတ္ထိပစ္စယတာတိ နနိဗ္ဗာနံ အတ္ထိပစ္စယော။

ဟူသော အဘိဓမ္မတ္ထဝိဘာဝနီဋီကာ(၂၅၂)

ဤဋီကာဝယ် နိဗ္ဗာနဿ-၏ ဝိသေသနဖြစ်သော သဗ္ဗဒါဘာဝိနော-ဟူသော ပုဒ်ကို ဖွင့်ပြသော

> "ဘဝနံ ဘာဝေါ၊ ဝိဇ္ဇမာနတာဌာနန္တိ အတ္ထော။ သဗ္ဗဒါ ဧဝ ဘာဝေါ ဌိတိ၊ န ကဒါစီတိ သဗ္ဗဒါဘာဝေါ။ သော ဧတဿ အတ္ထိ၊ သဗ္ဗဒါ ဘဝနံ သီလံ ဝါ သဗ္ဗဒါဘာဝီ"

ဟူသော မဏိသာရမဥ္ဇူသာ တို့ကို ထောက်သဖြင့်လည်း ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၏ တရံတဆစ်မျှ ဖြစ်သော ပျက်သောမည်သည် မရှိ၊ ထာဝရ အခါခပ်သိမ်း အမြဲတည်ခြင်းရှိသည်၏ အဖြစ်ကို စင်စစ် သိအပ်၏။

အတ္ထိဘာဝါဘာဝေန၊ ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိသည်၏အဖြစ်ဖြင့် မိမိမဖြစ်သေး မရှိသေးသဖြင့်။ ဝါ၊ မိမိမဖြစ်သေး မရှိသေးမီ။ အနုပကာရကာနမေဝ၊ ကျေးဇူးမပြုနိုင်သော တရားတို့၏သာလျှင်။ အတ္ထိဘာဝေန၊ မိမိ ထင်ရှားရှိသည်၏အဖြစ်ဖြင့်။ ဥပကာရကတာယ၊ ကျေးဇူးပြုသည်၏အဖြစ်၏။ အတ္ထိပစ္စယတာဘာဝတော၊ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ် ဖြစ်ခြင်းကြောင့်။ သဗ္ဗဒါဘာဝိနော၊ အမြဲနိစ္စထာဝရ အခါခပ်သိမ်းထင်ရှားရှိသည်၏ အဖြစ်ဖြင့် တည်နေခြင်းရှိသော။ ဝါ၊ အမြဲနိစ္စ ထာဝရ အခါခပ်သိမ်း ထင်ရှားရှိသည်၏ အဖြစ်ဖြင့် တည်နေခြင်းအလေ့ရှိသော။ နိဗ္ဗာနဿ၊ မဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်အား။ အတ္ထိပစ္စယတာ၊ အတ္ထိသတ္တိဖြင့် ကျေးဇူး

ပြုတတ်သည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဥပ္ပါဒါဒိယုတ္တာနံ၊ ဥပါဒ်စသည်နှင့် ယှဉ်ကုန်သောတရားတို့၏။ နတ္ထိဘာဝေါပကာရတာဝိရဒ္ဓေါ၊ မိမိထင်ရှားမရှိသည်၏အဖြစ်ဖြင့် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုနိုင်သည်၏ အဖြစ်နှင့် ဆန့်ကျင်သော။ ဥပကာရကဘာဝေါ၊ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုနိုင်သည်၏ အဖြစ်သည်။ အတ္ထိပစ္စယတာ၊ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုသည်၏ အဖြစ်မည်၏။ ဣတိ-တသ္မာ၊ ကြောင့်။ နိဗ္ဗာနံ၊ အခါခပ်သိမ်း ထင်ရှားရှိသော နိဗ္ဗာန်သည်။ အတ္ထိပစ္စယော၊ အတ္ထိပစ္စည်းတပ်သည်။ န ဟောတိ၊ မဖြစ်။

အတ္ထိဘာဝါဘာဝေန၊ ဖြင့်။ ဝါ၊ သေးမိ။ အနုပကာရကာနမေဝ၊ တို့၏ သာလျှင်။ အတ္ထိဘာဝေန၊ ဖြင့်။ ဥပကာရကတာ၊ ကျေးဇူးပြုသည်၏အဖြစ်သည်။ အတ္ထိပစ္စယဘာဝေါ၊ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်မည်သည်။ ဟောတိ၏။ ဣတိ တသ္မာ၊ ထိုသို့ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ဖြင့် မိမိမဖြစ်သေးမီ တပါးသော တရားတို့အား ကျေးဇူးမပြုနိုင်သော တရားတို့၏သာလျှင် မိမိထင်ရှားရှိသောအခါ ကျေးဇူးပြုတတ်သည်၏ အဖြစ်၏ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ် ဖြစ်ခြင်းကြောင့်။ သဗ္ဗဒါဘာ-ဝိနော၊ သော။ ဝါ၊ သော။ နိဗ္ဗာနဿ၊ အား။ အတ္ထိပစ္စယတာ စ၊ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်သည်ငင်း။ အဝိဂတပစ္စယတာ စ၊ အဝိဂတပစ္စည်း ဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်သည်ငင်း။ နတ္ထိ၊ မရှိ။ ဥပ္ပါဒါဒိယုတ္တာနံ၊ ဥပါဒ်စသည်နှင့် ယှဉ်ကုန်သောတရားတို့၏။ နတ္ထိဘာဝေါပကာရတာဝိရဒ္ဓေါ၊ မိမိထင်ရှားမရှိသည်၏အဖြစ်ဖြင့် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုနိုင်သည်၏ အဖြစ်နှင့် ဆန့်ကျင်သော။ ဥပကာရကဘာဝေါ၊ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူး ပြုနိုင်သည်၏ အဖြစ်သည်။ အတ္ထိပစ္စယတာ၊ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုသည်၏ အဖြစ်မည်၏။ ဣတိတသ္မာ၊ ကြောင့်။ နိဗ္ဗာနံ၊ အခါခပ်သိမ်းထင်ရှားရှိသော နိဗ္ဗာန်သည်။ အတ္ထိပစ္စယော၊ အတ္ထိပစ္စည်းတပ်သည်။ န ဟောတိ၊ မဖြစ်။

ဘဝနံ၊ ဖြစ်ခြင်း။ ဘာဝေါ၊ ဖြစ်ခြင်း။ ဝိဇ္ဇမာနတာ၊ ထင်ရှားရှိသည်၏အဖြစ်။ ဌာနံ၊ အမြဲတည်ခြင်း။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ အဓိပ္ပါယတ္ထတည်း။ သဗ္ဗဒါဝေ၊ အခါခပ်သိမ်း အမြဲသာလျှင်။ ဘာဝေါ ဌိတိ၊ တည်ခြင်းသဘောတည်း။ ကဒါစိ၊ တရံတခါမျှသာ။ ဘာဝေါ ဌိတိ၊ တည်ခြင်းသဘောသည်။ န၊ မဟုတ်။ ဣတိတသ္မာ၊ ထိုသို့တရံတခါမျှသာ တည်ခြင်းသဘောမဟုတ် အမြဲနိစ္စထာဝရ အခါခပ်သိမ်း တည်ခြင်းသဘောဖြစ်သောကြောင့်။ သဗ္ဗဒါဘာဝေါ၊ သဗ္ဗဒါဘာဂ မည်၏။ တေဿ၊ ထိုနိဗ္ဗာန်အား။ သော သဗ္ဗဒါဘာဝေါ၊ ထိုတရံတခါမျှသာ တည်ခြင်းမဟုတ် အခါခပ်သိမ်း အမြဲတည်ခြင်းသဘောသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ သဗ္ဗဒါဘာဝီ၊ ဝီမည်၏။ ဝါ၊ ကား။ တေဿ၊ ထိုနိဗ္ဗာန်အား။ သဗ္ဗဒါဘဝနံ၊ အခါခပ်သိမ်း အမြဲတည်နေခြင်းဟူသော။

သီလံ၊ အလေ့သဘောသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ သဗ္ဗဒါဘာဝီ၊ ဝီမည်၏။

အတ္ထိပစ္စည်းအရာဝယ် အဘိဓမ္မတ္ထဝိကာသနီဋီကာ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ မဏိသာရမဉ္ဇူသာဋီကာတို့၌ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်၏ နိဗ္ဗာနာရမ္မဏကေန် ဖြစ်သော လောကုတ္တရာ စိတ်ရှစ်ခု, နိဗ္ဗာန်ကို အာရုံပြုခိုက် အနေကန် ဖြစ်သော မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ်လေး, မဟာကြိယာဉာဏသမ္ပယုတ်လေး, အဘိညာဉ်ဒွေးအားဖြင့် တဆယ့်ကိုးခုသော စိတ်တို့အား အတ္ထိပစ္စည်းမတပ်ကြောင်းကို ပြဆိုသော အနက်အဓိပ္ပါယ်များကို——

> ကုသလာဒိဝသေန ပဉ္စဝိဓော အတ္ထိပစ္စယော ဝုတ္တော။ န နိဗ္ဗာနံ။ ယော ဟိ အတ္ထိဘာဝါဘာဝေန အနုပကာရကော အတ္ထိဘာဝံ လဘိတွာ ဥပကာရကော ဟောတိ။ သော အတ္ထိပစ္စယော ဟောတိ။ နိဗ္ဗာနဉ္စ နိဗ္ဗာနာရမ္မဏာနံ နအတ္တနော အတ္ထိဘာဝါဘာဝေန အနုပကာရကံ ဟုတွာ အတ္ထိလာဘဘာဝေန ဥပကာရကံ ဟောတိ။ ဥပ္ပါဒါဒိယုတ္တာနံ ဝါ နတ္ထိဘာဝေါပကာရတာဝိရုဒ္ဓေါ ဥပကာရကဘာဝေါ အတ္ထိပစ္စယတာတိ န နိဗ္ဗာနံ အတ္ထိပစ္စယော။

ဟူသော ဤ ပဋ္ဌာန်နိဒ္ဒေသမူလဋီကာ (၁၃၄) ကို အမှီပြု၍ပင် ဋီကာဆရာတို့ ပြဆိုတော်မူကြလေသည်။

အတ္ထိပစ္စယော၊ အတ္ထိပစ္စည်းကို။ ကုသလာဒိဝသေန၊ ကုသိုလ်စသည်တို့၏ အစွမ်းဖြင့်။ ပဉ္စဝိဓော၊ ငါးပါးအပြားရှိ၏ ဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ န ဝုတ္တံ၊ ဟောတော်မမူအပ်။ ဟိ ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ ယော သဘာဝေါ၊ အကြင်သဘောတရားသည်။ အတ္ထိဘာဝါဘာဝေန၊ ထင်ရှားရှိသည်၏ အဖြစ်၏ မရှိသောအားဖြင့်။ အနုပကာရကော၊ ပစ္စယုပ္ပန်တရားအား ကျေးဇူးမပြုနိုင်သည်။ ဟုတွာ၊ ဖြစ်၍။ အတ္ထိဘာဝံ၊ မိမိဟူသော ပစ္စည်းတရား၏ ထင်ရှားရှိသည်၏ အဖြစ်ကို။ လဘိတွာ၊ ရ၍။ ဝါ၊ ရခြင်းကြောင့်။ ဥပကာရကော၊ ပစ္စယုပ္ပန်တရားတို့အား အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုနိုင်သည်။ ဟောတိ၊ ၏။ သော၊ ထိုမိမိထင်ရှားမရှိခိုက် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးမပြုနိုင်မူ၍ မိမိထင်ရှားရှိခိုက်သာ ကျေးဇူးပြုနိုင်သော တရားသည်။ အတ္ထိပစ္စယော၊ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုသော တရားမည်သည်။ ဟောတိ၊ ၏။ နိဗ္ဗာနဉ္စ-နိဗ္ဗာနံ ပန၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်မူကား။ နိဗ္ဗာနာရမ္မဏာနံ၊ နိဗ္ဗာန်လျှင် အာရုံရှိကုန်သော စိတ်တဆယ့်ကိုးခုတို့အား။ အတ္တနော၊ မိမိ၏။ အတ္ထိဘာဝါဘာဝေန၊ ထင်ရှားရှိသည်၏ အဖြစ်၏ မရှိသောအားဖြင့်။ အနု-

ပကာရကံ၊ ကျေးဇူးမပြုနိုင်သည်။ ဟုတွာ၊ ၍။ အတ္ထိလာဘဘာဝေန၊ မိမိ၏ ထင်ရှားရှိသည်၏ အဖြစ်ကို ရသောအဖြစ်ဖြင့်။ ဥပကာရကံ၊ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုသည်။ န ဟောတိ၊ မဖြစ်။ ဣတိ တသ္မာ၊ ကြောင့်။ နိဗ္ဗာနံ၊ သည်။ အတ္ထိပစ္စယော၊ သည်။ နဟောတိ၊ မဖြစ်။ ဝါ၊ တနည်းကား။ ဥပ္ပါဒါဒိယုတ္တာနံ၊ ဥပါဒ်အစရှိသည်နှင့် ယှဉ်ကုန်သော တရားတို့၏။ ဝါ၊ ဥပါဒ် ဌီ ဘင်နှင့် ယှဉ်ကုန်သော တရားတို့၏။ နတ္ထိဘာဝေါပကာရတာဝိရုဒ္ဓေါ၊ မိမိထင်ရှားမရှိသည်၏ အဖြစ်ဖြင့် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုနိုင်သည်၏ အဖြစ်နှင့် ဆန့်ကျင်သော။ ဥပကာရကဘာဝေါ၊ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုနိုင်သည်၏ အဖြစ်သည်။ အတ္ထိပစ္စယတာ၊ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုသည်၏ အဖြစ်မည်၏။ ဣတိတသ္မာ၊ ကြောင့်။ နိဗ္ဗာနံ၊ အခါခပ်သိမ်း ထင်ရှားရှိနေသော နိရောဓသစ္စာနိဗ္ဗာန်သည်။ အတ္ထိပစ္စယော၊ အတ္ထိပစ္စည်းတပ်သည်။ န ဟောတိ၊ မဖြစ်။

"ဥပကာရကံ ဟောတီတိ ဧတ္ထ ဣတိသဒ္ဒေါ လောပေါ ဒဋ္ဌဗ္ဗော။ ဣတိ တသ္မာ နိဗ္ဗာနံ အတ္ထိပစ္စယော န ဟောတီတိ ယောဇနာ"။ ဤပါဠိကို မဓုသာရတ္ထဒီပနီဋီကာ ကိုထောက်၍ ပါဌသေသနှင့်တကွ ယောဇနာလိုက်သည်။ ဤမူလဋီကာဝယ် အဓိပ္ပါယ်ကို၊ အနက်ကို အစဉ်လျှောက်၍ရင်း ရှေးဋီကာနှစ်ရပ် အရာ၌ ပြဆိုခဲ့ပြီးဖြစ်၍ရင်း အထူးမပြ မဆိုပြီ။

## နိဗ္ဗာန်သည် အမြဲတည်ရှိပုံ

အလုံးစုံသော ပမာဒတရား အလုံးစုံသော ကိလေသာ စသည်တို့မှ ငြိမ်းရာ ငြိမ်းကြောင်း ဖြစ်သော မဂ်ဖိုလ်တို့အာရုံနိဗ္ဗာန်၏ မပျက်မစီး ကြံ့ခိုင်စွာ တည်ကြောင်း မြဲကြောင်း အစဉ်မပြတ်ကြောင်း ဖောက်ပြန်ပျက်စီးခြင်း သဘောမရှိကြောင်းကို စူဠနိဒ္ဒေသပါဠိတော် (၂၂၇) ၌—

> ပမာဒေန သဗ္ဗကိလေသေဟိ သဗ္ဗဒုစ္စရိတေဟိ သဗ္ဗေဟိ ပရိ-ဠာဟေဟိ သဗ္ဗာသဝေဟိ သဗ္ဗဘဝေဟိ သဗ္ဗသန္တာပေဟိ သဗ္ဗာ-ကုသလာဘိသင်္ခါရေဟိ နိဗ္ဗာနံ ဓုဝံ နိစ္စံ သဿတံ အဝိပရိဏာမဓမ္မံ။

ဟူ၍ ဟောတော်မူသည်ကို ထောက်သဖြင့်လည်း မဂ်ဖိုလ်တို့ အာရုံဖြစ်သော နိဗ္ဗာန်၏ ပျက်စီးခြင်းမရှိ ပကတိကြံ့ခိုင်စွာ တည်သည်၏အဖြစ်၊ ဖြစ်ခြင်း ရင့်ရော်အိုမင်း ဆွေးမြည့်ခြင်း သေပျက်ခြင်းမရှိ အမြဲတည်သည်၏အဖြစ် အစဉ်မပြတ် မြဲစွာ တည်သည်၏အဖြစ်၊ ဖောက်ပြန်ခြင်းသဘော မရှိသည်၏ အဖြစ်ကို စင်စစ်သိအပ်၏။

ပမာဒေနႆ ပမာဒတရားအပေါင်းမှ။ သဗ္ဗကိလေသေဟိ၊ အလုံးစုံသော ကိလေသာတို့မှ။ သဗ္ဗဒုစ္စရိတေဟိ၊ အလုံးစုံသော ဒုစရိုက်တရားတို့မှ။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ပရိဿယေဟိ၊ ဘေးရန်တို့မှ။ သဗ္ဗာသဝေဟိ၊ အလုံးစုံသော အာသဝေါတရားတို့မှ။ သဗ္ဗဘဝေဟိ၊ အလုံးစုံသော ဘဝတို့မှ။ သဗ္ဗသန္တာပေဟိ၊ အလုံးစုံသော ပူပန်ခြင်းတို့မှ။ သဗ္ဗာကုသလာဘိသင်္ခါရေဟိ၊ အလုံးစုံသော အကုသိုလ်အဘိသင်္ခါရတို့မှ။ နိဗ္ဗာနံ၊ ငြိမ်းရာငြိမ်းကြောင်း ဖြစ်သော မဂ်ဖိုလ်တို့ အာရုံဖြစ်သော နိဗ္ဗာန်သည်။ ဓုဝံ၊ တချိန်တခါမျှ မပျက်စီး မယိမ်းယိုင် ကြံ့ခိုင်စွာတည်၏။ နိစ္စံ၊ စဉ်မြဲဖြစ်ခြင်း၊ အိုခြင်း၊ သေပျက်ခြင်းမရှိသဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်-ဟူသော ကာလသုံးပါးမှလွတ်၍ ထာဝရ အမြဲတည်၏။ သဿတံ၊ ဖြစ်ခြင်း ချုပ်ခြင်းမရှိ၊ အစဉ်မပြတ် အခါခပ်သိမ်း အမြဲအစဲ့တည်၏။ အဝိပရိဏာမဓမ္မံ၊ ဥပါဒ် ဌီ ဘင်အားဖြင့် ဖောက်ပြန်ခြင်းသဘော မရှိ။

မဂ်ဖိုလ်၏ အာရုံဖြစ်သော နိဗ္ဗာန်သည် တစုံတခုသော အကြောင်းကြောင့်မျှ မဖြစ်၊ ထိုသို့ တစုံတခုသော အကြောင်းကြောင့်မျှ ဖြစ်သော တရားမဟုတ်သည်၏အဖြစ်ကြောင့် ဥပါဒ် ဌီ ဘင်မှ ကင်း၏။ ထိုသို့ ဥပါဒ် ဌီ ဘင် မရှိသည်၏ အဖြစ်ကြောင့် တရံတခါမျှ ပျက်စီးသောမည်သည် မရှိ။ ယင်းသို့ ပျက်စီးခြင်း မရှိသည်၏အဖြစ်ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးမှ ကင်းလွတ်၏။ ထိုသို့ ကာလသုံးပါးမှ လွတ်သည်၏ အဖြစ်ကြောင့် ထိုကာလ သုံးပါးမှ လွတ်သည်၏ အဖြစ်တည်းဟူသော လက္ခဏာဖြင့်သာလျှင် အခါခပ်သိမ်း အမြဲထင်ရှားရှိသည်၏ အဖြစ်ဖြင့် ခဏတ္တယသို့ ရောက်ဆဲ ပစ္စုပ္ပန်ဖြစ်သည်၏ အဖြစ်တည်းဟူသော လက္ခဏာရှိသော ထိုနိဗ္ဗာန်လျှင် အာရုံရှိသော မဂ်ဖိုလ်ပစ္စဝေက္ခဏာ အစရှိသော အာရမ္မဏိကတရားအား အာရမ္မဏာဓိပတိ-ပစ္စယသတ္တိဖြင့် ထောက်ပံ့ ကျေးဇူးပြုကြောင်းကို မဏိသာရမဉ္ဇူသာကျမ်း ၌—

နိဗ္ဗာနံ ဟိ အပ္ပစ္စယတ္တာ ဥပ္ပါဒါဒိရဟိတဘာဝတော ဝိနာသာ-ဘာဝေန ကာလတ္တယဝိနိမုတ္တတ္တာ တဗ္ဗိနိမုတ္တတာလက္ခဏေနေဝ အတ္ထိ-ဘာဝေန ပစ္စုပ္ပန္နတာလက္ခဏာဿ တဒါရမ္မဏဿ ဥပတ္ထမ္ဘကံ ဟောတိ။

ဟု ပြဆိုတော်မူသည်။

ဟိ သစ္စံ၊ မှန်၏။ နိဗ္ဗာနံ၊ သည်။ အပ္ပစ္စယတ္တာ၊ တစုံတခုသောအကြောင်းကြောင့်မျှ မဖြစ်သည်၏ အဖြစ်ကြောင့်။ ဥပ္ပါဒါဒိရဟိတဘာဝတော၊ ဥပါဒ် အစရှိသည်တို့မှ ကင်းသည်၏ အဖြစ်ကြောင့်။ ဝိနာသာဘာဝေန၊ တရံတခါမျှ ပျက်စီးခြင်းမရှိသည်၏ အဖြစ်ဖြင့်။ ကာလတ္တယဝိနိမုတ္တတ္တာ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးတို့မှ လွတ်သည်၏ အဖြစ်ကြောင့်။ တဗ္ဗိနိမုတ္တတာ-လက္ခဏေနေဝ၊ ထိုကာလသုံးပါးမှ လွတ်သည်၏ အဖြစ်တည်းဟူသော လက္ခဏာ

ဖြင့်သာလျှင်။ ဝါ၊ လက္ခဏာဖြစ်သော။ အတ္ထိဘာဝေန၊ ထင်ရှားရှိသည်၏ အဖြစ်ဖြင့်။ ပစ္စုပ္ပန္နတာလက္ခဏာဿ၊ ခဏတ္တယသို့ရောက်ဆဲပစ္စုပ္ပန်၏ အဖြစ်တည်း ဟူသော လက္ခဏာရှိသော။ တဒါရမ္မဏဿ၊ ထိုနိဗ္ဗာန်လျှင် အာရုံရှိသော။ မဂ္ဂဿ၊ မဂ်ဖိုလ် အစရှိသော အာရမ္မဏိက ပစ္စယုပ္ပန်တရားအား။ ဥပတ္ထမ္ဘကံ၊ အာရမ္မဏာဓိပတိပစ္စယသတ္တိဖြင့် ထောက်ပံ့တတ်သည်။ ဟောတိ၊ ၏။

ဤမဏိမဉ္ဇူကို ထောက်သဖြင့်လည်း မဂ်ဖိုလ်တို့အာရုံဖြစ်သော နိဗ္ဗာန်၏ ကောန်စင်စစ် တရံတဆစ်မျှ ဖြစ်ခြင်း ပျက်ခြင်း မရှိ ပကတိအတိုင်း ထာဝရ အမြဲ တည်၍ ပစ္စုပ္ပန် အတိတ် အနာဂတ် ဟု မဆိုရ၊ ကာလသုံးပါးမှ လွတ်ကြောင်း အစဉ်မပြတ် အမြဲထင်ရှားရှိသောအားဖြင့် တည်နေကြောင်းကို စင်စစ် သိအပ် မှတ်အပ်၏။

> သော ဒိသာ ပရမာ သေတကေတု၊
> ယံ ပတွာ နိဒုက္ခာ သုခိနော ဘဝန္တိ။

သေတကေတုဇာတ် ပါဠိတော်(၁၃၈)

သေတကေတု၊ သေတကေတုနတ်သား။ ယံ ဒိသံ၊ အကြင်နိဗ္ဗာန်သို့။ ပတွာ၊ အရိယမဂ်သည် အာရုံပြုသောအားဖြင့် ရောက်သည်ရှိသော်, ရောက်ခြင်း ကြောင့်။ သတ္တာ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကဟူသော သတ္တဝါ တို့သည်။ နိဒုက္ခာ၊ ဆင်းရဲခြင်း မရှိကုန်သည်၊ ဆင်းရဲခြင်းမှ ကင်းကုန်သည်။ သုခိနော၊ ချမ်းသာခြင်းရှိကုန်သည်။ ဘဝန္တိ၊ ကုန်၏။ သော ဒိသာ၊ ဤနိဗ္ဗာန် သည်။ ပရမာ၊ မြတ်၏။

ဤပါဠိတော်၌ ဒိသာသဒ္ဒါနိဗ္ဗာန်ကို ဟောကြောင်းနှင့်တကွ ပြဆိုအပ်သော "ဒိဿတိ ဥပ္ပါဒဝယာဘာဝေန နိစ္စမေ့တ္တာ သဗ္ဗကာလမ္ပိ ဝိဇ္ဇတီတိ ဒိသာ။ နိဗ္ဗာနံ" ဟူသော သဒ္ဒနီတိ(ဓာတု-၁၇၇) ကို ထောက်သဖြင့်လည်း မဂ်ဖိုလ်တို့ အာရုံဖြစ်သော နိဗ္ဗာန်၏ မြဲသောသဘောရှိသည်၏ အဖြစ်ကို သိအပ်၏။

ယံ နိဗ္ဗာနံ၊ အကြင်မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည်။ ဥပ္ပါဒဝယာ- ဘာဝေန၊ ဖြစ်ခြင်းဥပါဒ်, ပျက်ခြင်းဘင် မရှိသောအားဖြင့်။ နိစ္စမေ့တ္တာ၊ မြဲသော သဘောရှိသည်၏ အဖြစ်ကြောင့်။ သဗ္ဗကာလမ္ပိ၊ ခပ်သိမ်းသော ကာလ၌လည်း။ ဒိဿတိ၊ ထင်၏။ ဝိဇ္ဇတိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံ နိဗ္ဗာနံ၊ သည်။ ဒိသာ၊ ဒိသမည်၏။ နိဗ္ဗာနံ၊ ကိုရ၏။

ဤ သဒ္ဒနီတိ၌ "ဒိဿတီတိ ဒိသာ" သာ ပဋ္ဌာန။ အမိအဘ စသည်ကို ဟောသော ဒိသာသဒ္ဒါကို ကမ္မသာဓ် ပြုအပ်သကဲ့သို့ ဤ၌ ဒိသာသဒ္ဒါကိုလည်း

ကမ္မသာခ်ပင် ပြုအပ်လေသလော ဟူဘ္ဘယ်ရှိ၍ "ဒိသာတိတိ ဒိသာ" ကို မိန့်သည် ဟု ဆို။ ကတ္တုသာခ်ပြုလေ ဟူလို။

ထင်မြင်သောဟူသည် တခါတရံမျှ ထင်မြင်သလော ဟူဘ္ဘယ်ရှိ၍ "သဗ္ဗ-ကာလမ္ပိ" ကို ဆိုပြန်သည်။ အစဉ်မပြတ် အခါခပ်သိမ်းပင် ထင်မြင်သည် ဟူလို။

အခါခပ်သိမ်း ထင်မြင်သော ဟူသည် အခါခပ်သိမ်းပင် ရှိသည် ဆိုလိုသည် ဟု အဓိပ္ပါယတ္ထကို ပြခြင်းငှါ "ဝိဇ္ဇတိ" ကို ဆိုပြန်သည်။ ဝါ၊ ဓာတ်တို့၏ အနေကတ္ထ ဖြစ်ရကား ဤ၌ ဒိသဓာတ်သည် ဝိဇ္ဇမာနတ္ထအနက်ကို ဟော၏ ဟု ပြခြင်းငှါ ဒိဿတိ-ကို ဝိဇ္ဇတိ-ဟု ဖွင့်ဆိုတော်မူသည်။ အစဉ်မပြတ် အခါခပ်သိမ်းပင် ရှိနေသောကြောင့် ဒိသမည်သည် ဟူလို။

အဘယ့်ကြောင့် အခါမပြတ် ရှိနေရသနည်း ဟူဘ္ဘယ်ရှိ၍ "နိစ္စဓမ္မတ္တာ" ကို ဆိုပြန်ရသည်။ မြဲသောသဘောရှိသည်၏ အဖြစ်ကြောင့် အခါခပ်သိမ်းရှိသည် ဟူလို။ အဘယ့်ကြောင့်ကား မြဲသောသဘောရှိသနည်း ဟူဘ္ဘယ်ရှိ၍ ဥပ္ပါဒဝယာ-ဘာဝေန-ကို ဆိုပြန်ရသည်။ ဥပါဒ်၏ အစွမ်းဖြင့် ဖြစ်ခြင်း ဘင်၏ အစွမ်းဖြင့် ပျက်ခြင်း မရှိသောကြောင့် မြဲသောသဘောရှိသည် ဟူလို။

ဤ ပြဆိုအပ်ပြီးသော ဝစနတ္ထဖြင့်ပြီးသော ဒိသသဒ္ဒါ၏ အရ အဘိဓေယျတ္ထ ကား အဘယ်နည်းဟူဘ္ဘယ်ရှိ၍ နိဗ္ဗာနံ-ကို ဆိုပြန်ရသည်။

ပိဏ္ဍတ္ထအဓိပ္ပါယ်ကား မင်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည် ဥပါဒ်အား ဖြင့် ဖြစ်ခြင်း ဘင်အားဖြင့် ပျက်ခြင်းမရှိ၊ ယင်းသို့ ဖြစ်ခြင်း ပျက်ခြင်းမရှိသော ကြောင့် မြဲသောသဘောရှိသည်၊ ယင်းသို့ မြဲသော သဘောရှိသောကြောင့် အစဉ်မပြတ် အခါခပ်သိမ်း ထင်ရှားရှိသည် ဟူလို။

န ဟိ ဧတေဟိ ယာနေဟိ၊ ဂစ္ဆေယျ အဂတံ ဒိသံ။

အဂတံ၊ ပုထုဇဉ်အဖြစ်၌ တည်စဉ် ပရိညာ၊ ပဟာန၊ သစ္ဆိကိရိယာ၊ ဘာဝနာ-ဘိသမယဟူသော ကိစ္စလေးပါးကို တပြိုင်နက် ပြီးစေသည်၏ အစွမ်းဖြင့် မရောက်အပ်ဘူးသော။ ဒိသံ၊ နိဗ္ဗာန်ဟူသောအရပ်သို့။ ဧတေဟိ ယာနေဟိ၊ ဤပကတိသောလှည်းယာဉ် လှေယာဉ်တို့ဖြင့်။ န ဟိ ဂစ္ဆေယျ၊ မရောက်နိုင်ရာ သည်သာတည်း။

ဤဓမ္မပဒပါဠိတော်(၅၉) ကို ထောက်သော် သော ဒိသာ-ဟူသော သေတကေတု ဇာတ်၌ ဒိသာသဒ္ဒါ အရပ်ဒေသကို ဟောသည်။ "သာမညဝစနောပိ သဒ္ဒေါ သဒ္ဒန္တရသန္နိဓာနေန ဝိသေသဝိသယော" ဟူသော ပရိဘာသာနှင့်အညီ ဒိသာ သဒ္ဒါသည် အရပ်ဒေသ သာမညကိုပင် ဟောသော်လည်း "ပရမာယံ ပတ္ဘာ နိဒုက္ခာ သုခိနော ဘဝန္တိ" ဟူသော သဒ္ဒါတပါးနှင့်တကွ တည်ကြည်ခြင်း

ကြောင့် နိဗ္ဗာန်ဟူသော အရပ်ဒေသ အထူးကို ဟောသည်။ ဤသို့ယူသော် "ယံ ဒိသံ၊ အကြင်နိဗ္ဗာန်ဟူသောအရပ်သို့။ သော ဒိသာ၊ ဤနိဗ္ဗာန်ဟူသော အရပ်သည်" ဟု မြန်မာပြန်ဆိုသင့်ရာ၏။

---

## ၂၆-နိဗ္ဗာန်သည် အနာဂတ်မဟုတ်-စသည်ကို ပြပုံ

## နိဗ္ဗာန်ကိုအနာဂတ် ဟု ဆုံးဖြတ်သောစကား မသင့်ကြောင်းပြခြင်း

ဤသို့ များစွာသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရအရပ်ရပ်တို့၌ မဂ်ဖိုလ်တို့ အာရုံဖြစ်သော နိဗ္ဗာန်၏ ပြဆိုခဲ့ပြီးသည်အတိုင်း ဓုဝ သဿတ အနန္တ နိစ္စအဖြစ်၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ဟူသော ကာလသုံးပါးမှ လွတ်သည်၏အဖြစ်တို့ကို အထင်အရှား များစွာ ဟောကြား ပြဆိုလာရှိပါလျက် ဝိနိစ္ဆယဆရာအချို့တို့ကား အရိယာပုဂ္ဂိုလ်တို့အား မဂ်ဖိုလ်ကိုရသောအခါ ထိုမဂ်ဖိုလ်တို့အာရုံဖြစ်သော နိဗ္ဗာန်မရှိသေး မဖြစ်သေးကြောင်း၊ မဂ်ဖိုလ်တို့သည် မိမိတို့ရလတ္တံ့ ဖြစ်လတ္တံ့သောအနာဂတ်နိဗ္ဗာန်ကို လှမ်း၍ အာရုံပြုနိုင်ရကြောင်း၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော မိမိတို့ရလတ္တံ့နိဗ္ဗာန်သည် မိမိတို့စုတိကျပြီးသည်မှ နောက်၌ဖြစ်ကြောင်း၊ တရံတဆစ်မျှ ရှေးကာလမဖြစ်ဘူးသေးသော မိမိတို့ရလတ္တံ့နိဗ္ဗာန်သည် ခီဏာသဝတို့ စုတိကျပြီးသည်မှ နောက်၌ ဖြစ်ကြောင်း၊ အတ္တပစ္စက္ခသမ္ဘိဒါအရ ဖြစ်သော အရိယဖိုလ်ဉာဏ်သည် အနာဂတ်ဖြစ်သော နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ကြောင်းတို့ကို ယုတ္တိ၊ အာဂမ၊ သာဓကတို့ဖြင့် များစွာပင် ဆောင်ပြ ထုတ်ဆို၏။

## အယူဝါဒဝိနိစ္ဆယတို့ကို ရှင်းပြချက်

ဒေသကဖြစ်သော မြတ်စွာဘုရား၏ အလိုတော်၊ ထိုမြတ်စွာဘုရား၏ အလိုတော်ကို ဟုတ်မှန်သည်အတိုင်းသိ၍ ဗုဒ္ဓမတညူ ဖြစ်တော်မူကုန်သော ဝဒန္တ-သင်္ဂဟကာရ ဂန္ထကာရက အဋ္ဌကထာ ဋီကာ ဂန္ထန္တရဆရာတို့၏ အလိုတော်လည်း မကျ၊ သဘောလည်း မဟုတ်မမှန်၊ ဒေသကဖြစ်သော မြတ်စွာဘုရား၊ ဂန္ထကာရ ဝဒန္တဖြစ်ကုန်သော အဋ္ဌကထာ ဋီကာ ဂန္ထန္တရဆရာတို့ အလိုတခြား မိမိယူသော အနက်အဓိပ္ပါယ်ဘပါးဖြစ်၍ ကျမ်းဂန်တို့နှင့် မညီရကား ထိုစကားကို မမှတ်အပ်။

ကျမ်းဆရာတို့ ဝါဒကို ပယ်ဖျက်အပြစ်တင်ဆိုရခြင်းသည် ထိုဆရာတို့ကို ကဲ့ရဲ့ နှိပ်ချ ချုတ်ချယ်ထိပါး ပြစ်မှားလိုသော စိတ်ဖြင့် အပြစ်တင်ဆိုသည် မဟုတ်၊ မြတ်စွာဘုရား၏ အလိုတော် အဋ္ဌကထာ ဋီကာ စသော ကျမ်းဆရာတို့၏ အလိုတော်နှင့် မညီမလျော် ချွတ်ချော်တိမ်းပါး မှားယွင်းဆုံးဖြတ် ပြဆိုအပ်သော ထိုဆရာတို့ အယူဝါဒစကားသည် အရပ်ရပ် နှံ့ပြား၍ အများရှင်လူတို့ တွေ့မြင်

ကြည့်ရှု လေ့လာမှတ်သားကြသဖြင့် ကာလရှည်ကြာ အခါလေးမြင့် ပါဠိ အဋ္ဌကထာ ဋီကာ စသော ကျမ်းဂန်သဘောကို ဟုတ်မှန်စွာ သိကျွမ်းနားလည်ခြင်းမှ ကင်းကုန်သော ပုဂ္ဂိုလ်တို့သည် ထိုမှားယွင်းသော အယူဝါဒ ဝိနိစ္ဆယကို ကောင်းမွန် ဟုတ်မှန် ဖြောင့်မတ်သော အယူဝါဒဝိနိစ္ဆယဖြစ်သည်ဟု အကယ်မှတ်ထင်စွဲယူ မှောက်မှားကြရသောကြောင့် ထိုအယူဝါဒကို မလေ့လာ မမှတ်သားဘဲ စွန့်ပစ်ပယ်ရှားကြသဖြင့် ပါဠိ အဋ္ဌကထာ ဋီကာ စသော ကျမ်းဂန်လာသည်အတိုင်း ဟုတ်မှန် ကောင်းမြတ် လျောက်ပတ် သင့်လျော်သော သဒ္ဒနယ, အတ္ထနယ, ပရမတ္ထသဘောကို ဟုတ်မှန်သောအတိုင်း မှတ်သားကြရခြင်းအကျိုးကို မြော်ကိုးတောင့်တ၍သာ ပယ်ဖျက်အပြစ်တင်ဆိုပါသည်။

မှားယွင်းပြဆိုသော အယူဝါဒဝိနိစ္ဆယတို့ကို အသီးသီးထုတ်ဆောင်ပြဆိုပယ်ဖျက်၍ သင့်မြတ်ဟုတ်မှန်သော ဝိနိစ္ဆယတို့ကို ပြဆိုအံ့။

နိဗ္ဗာန်သည် အနာဂတ်ကာလ၌ ဖြစ်ကြောင်း, အတ္ထပဋိသမ္ဘိဒါဉာဏ်သည် အနာဂတ်နိဗ္ဗာန်၌ ဖြစ်ကြောင်းကို—

> နိဗ္ဗာနေ အနာဂတေပိ အတ္ထပဋိသမ္ဘိဒါ သိယာ န ဝတ္တဗ္ဗာ အတီတာ-ရမ္မဏာတိပိ အနာဂတာရမ္မဏာတိပိ ပစ္စုပ္ပန္နာရမ္မဏာတိပီတိ အတ္ထပဋိ-သမ္ဘိဒါယ နိဗ္ဗာနာရမ္မဏတာ ဝုတ္တာ။

ဟူသော အဘိဓမ္မာဝတာရဋီကာ ကို သာခကပြုလုပ်၍ ထုတ်ဆောင် ပြဆို၏။

ရင်းဋီကာပါဠိကိုလည်း—

"အနာဂတေပိ၊ အနာဂတ်လည်းဖြစ်သော။ ဝါ၊ နိဗ္ဗာန်ရမည်သူ ခန္ဓာကွယ်ပြီးနောက်မှ ဖြစ်ရောက်လတ္တံ့သည်လည်း ဖြစ်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ အတ္ထ-ပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်သည်။ သိယာ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုဖြစ်ရောက်လတ္တံ့သော နိဗ္ဗာန်ကို အာရုံပြုသော အတ္ထပဋိသမ္ဘိဒါဉာဏ်ကို။ အတီတာရမ္မဏာတိပိ၊ အတိတ်နိဗ္ဗာန်ကို အာရုံပြုသည် ဟူ၍၎င်း။ အနာဂတာ-ရမ္မဏာတိပိ၊ အနာဂတ်နိဗ္ဗာန်ကို အာရုံပြုသည် ဟူ၍၎င်း။ ပစ္စုပ္ပန္နာရမ္မဏာတိပိ၊ ပစ္စုပ္ပန်ဖြစ်သော နိဗ္ဗာန်ကို အာရုံပြုသည် ဟူ၍၎င်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ်။ ဣတိ၊ သို့။ အတ္ထပဋိသမ္ဘိဒါယ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်၏။ နိဗ္ဗာနာရမ္မဏတာ၊ နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်ကို။ ဝုတ္တာ၊ မိန့်အပ်ပြီ။"

ဤသို့ အနက်မြန်မာ ပြန်ဆို၏။

ဤဋီကာဝယ် ဝါကျတခုလုံးကို မဆောင်ပြဘဲ မိမိအလိုရှိရာ တစိတ်မျှကိုသာ ထုတ်ဆောင်ပြဆို၍ မဟုတ်မမှန်သော အနက်အဓိပ္ပါယ်တို့ကို ပြဆိုလေသည်။

အနာဂတေပိ-ကို “အနာဂတ်လည်းဖြစ်သော” စသည်ဖြင့် အနက်ပြန်ဆိုခြင်း၊ ၎င်းပုဒ်ကို နိဗ္ဗာနေ-၌ ဝိသေသနစပ်ခြင်း၊ နိဗ္ဗာနေ-၌ သတ္တမီဝိဘတ်ကို အာဓာရအနက်ယူခြင်း၊ ၎င်းပုဒ်ကို သိယာ-၌ အာဓာရစပ်ခြင်း၊ သိယာ-ကို ဟောတိ-ဟု ဖွင့်၍ ကိရိယာမှတ်ထင်သဖြင့် “သိယာ ဟောတိ၊ ဖြစ်၏” ဟု အနက်ပြန်ဆိုခြင်း သာ-ဟု ပါဌ်သေသထည့်၍ အနက်ပြန်ဆိုခြင်း၊ ဤမျှကား ဋီကာဆရာ၏စကား၊ ဤမျှကား ဋီကာဆရာဆောင်ပြသော ပါဠိတော် ဟု ခွဲခြမ်း၍မယူဘဲ အလုံးစုံကို ဋီကာဆရာ၏ စကားချည်းသာ ဟု မှတ်ယူခြင်းများသည် မသင့်သည်ချည်းသာ ဟု မှတ်အပ်၏။

သဒ္ဒါသည် သာမညအနက်ကို ဟောသော်လည်း သဒ္ဒန္တရသန္နိဓာန်ဖြစ်သော တကွတည်နေသော သဒ္ဒါတပါးကို ထောက်ထားသောအားဖြင့်၎င်း အနက်, အရာ, လိင်, အသင့်, ကာလ, ဒေသတို့ကို ထောက်သောအားဖြင့်၎င်း အနက်ကို ထိုက်သည်အားလျော်စွာ ယူရသည်။

“အနာဂတေ ဗုဒ္ဓေါ ဘဝိဿတိ”
“အနာဂတေ တန္တိဿရေနာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ”
“ပုဗ္ဗေနိဝါသဉာဏံ အနာဂတံသဉာဏံ”
“အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ”

အစရှိသည်၌ အနာဂတသဒ္ဒါ၏ အနာဂတ်ဟူသော အနက်ကို ယူရသည်။

ဤ “နိဗ္ဗာနေ အနာဂတေပိ” ၌ကား အနာဂတသဒ္ဒါ၏ မလာ ဟူသော အနက်ကို ယူသည်။

## သိယာ-ပုဒ်အနက် ရှင်းပြချက်

သိယာ-ဟူသောပုဒ်သည် ကိရိယာဖြစ်သော သိယာပုဒ်, နိပါတ်ဖြစ်သော သိယာပုဒ် ဟူ၍ နှစ်မျိုးရှိသည်တွင်—

“မိစ္ဆာဒိဋ္ဌိံ န သေဝေယျ၊ န သိယာ လောကဝဍ္ဎနော”

အစရှိသော ပါဠိတော်။

“သတ္တသတ္တဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ ဧကော ဝါယုဝရော သိယာ”။
“ပဋိသမ္ဘိဒါစတုက္ကဿ၊ ဝသေန စတုဓာ သိယာ”။

ဤသို့ အစရှိသော အဋ္ဌကထာ စသည်တို့၌ သိယာ-သဒ္ဒါသည် ကိရိယာပုဒ်၊ နိပါတ်ပုဒ်ဖြစ်သော သိယာသဒ္ဒါသည် ကာလအစိတ်အထူးကို အစွဲပြု၍ ဆိုသော သိယာ, ဒြပ်အစိတ်အထူးကို စွဲ၍ဆိုသော သိယာ-ဟူ၍ နှစ်ပါးရှိသည်။ ထိုတွင်—

နိရုတ္တိပဋိသမ္ဘိဒါ ပရိတ္တာရမ္မဏာ။ တိဿော ပဋိသမ္ဘိဒါ သိယာ ပရိတ္တာရမ္မဏာ၊ သိယာ မဟဂ္ဂတာရမ္မဏာ၊ သိယာ အပ္ပမာဏာရမ္မဏာ။

အစရှိသည်တို့၌ ကာလအစိတ်အထူးကို အစွဲပြု၍ ထားသောကြောင့်—

တိဿော၊ သုံးပါးကုန်သော။ ပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်, ဓမ္မပဋိသမ္ဘိဒါဉာဏ်, ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တို့သည်။ သိယာ၊ ရံခါ တခါတလေ။ ပရိတ္တာရမ္မဏာ၊ ပရိတ္တတရားလျှင် အာရုံရှိကုန်၏။ သိယာ၊ ရံခါ တခါတလေ။ မဟဂ္ဂတာရမ္မဏာ၊ မဟဂ္ဂုတ်တရားလျှင် အာရုံရှိကုန်၏။ သိယာ၊ ရံခါ တခါ တလေ။ အပ္ပမာဏာရမ္မဏာ၊ အပ္ပမာဏတရားလျှင် အာရုံရှိကုန်၏-ဟု အနက်ပေး။

ရူပက္ခန္ဓော အဗျာကတော။ စတ္တာရော ခန္ဓာ သိယာ ကုသလာ၊ သိယာ အကုသလာ၊ သိယာ အဗျာကတာ။

ဒသာယတနာ အဗျာကတာ။ ဒွေ အာယတနာ သိယာ ကုသလာ၊ သိယာ အကုသလာ၊ သိယာ အဗျာကတာ။

သောဠသဓာတုယော အဗျာကတာ။ ဒွေဓာတုယော သိယာ ကုသလာ၊ သိယာ အကုသလာ၊ သိယာ အဗျာကတာ။

သမုဒယသစ္စံ အကုသလံ။ မဂ္ဂသစ္စံ ကုသလံ။ နိရောဓသစ္စံ အဗျာကတံ။ ဒုက္ခသစ္စံ သိယာ ကုသလံ၊ သိယာ အကုသလံ၊ သိယာ အဗျာကတံ။

အစရှိသည်တို့၌ ဒြပ်အစိတ်အထူးကို အစွဲပြု၍ ထားသောကြောင့်—

ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ အဗျာကတော၊ အဗျာကတသာတည်း။ စတ္တာရော ခန္ဓာ၊ နာမက္ခန္ဓာလေးပါးတို့သည်။ သိယာ၊ အချို့ကုန်သော ကုသိုလ်စိတ် နှစ်ဆယ့်တခု စေတသိက် သုံးဆယ့်ရှစ်ခု ဟူကုန်သော နာမက္ခန္ဓာ လေးပါးတို့သည်။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်၏။ သိယာ၊ အချို့ကုန်သော အကုသိုလ် ဒွါဒသ စေတသိက် သတ္တဝီသ ဟူကုန်သော နာမက္ခန္ဓာတို့သည်။ အကုသလာ၊ ကုန်၏။ သိယာ၊ အချို့ကုန်သော ဝိပါက်ဆတ္တိံသ ကိရိယာစိတ်ဝီသ စေတသိက် အဋ္ဌတိံသ ဟူကုန်သော နာမက္ခန္ဓာတို့သည်။ အဗျာကတာ၊ ကုန်၏။

ဒသအာယတနာ၊ ဩဠာရိကာယတန ဆယ်ပါးတို့သည်။ အဗျာကတာ၊ အဗျာကတတို့သာတည်း။ ဒွေအာယတနာ၊ မနာယတန ဓမ္မာယတန နှစ်ပါးတို့သည်။ သိယာ၊ ကုသိုလ်ဧကဝီသ စေတသိက်အဋ္ဌတိံသ ဟူကုန်သော အချို့ မနာယတန ဓမ္မာယတနတို့သည်။ ကုသလာ၊ ကုန်၏။ သိယာ၊ အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ ဟူကုန်သော အချို့မနာယတန ဓမ္မာယတန တို့သည်။ အကုသလာ၊ ကုန်၏။ သိယာ၊ ဝိပါက်ဆတ္တိံသ ကိရိယာဝီသ၊ စေတသိက်အဋ္ဌတိံသ သုခုမရုပ်သောဠသ နိဗ္ဗာန် ဟူကုန်သော အချို့မနာ-ယတန ဓမ္မာယတနတို့သည်။ အဗျာကတာ၊ ကုန်၏။

သောဠသဓာတုယော၊ ဩဠာရိကဓာတ် ပဉ္စဝိညာဏဓာတ် မနောဓာတ် ဟူကုန်သော တဆယ့်ခြောက်ပါးသော ဓာတ်တို့သည်။ အဗျာကတာ၊ တည်း။ ဒွေဓာတုယော၊ မနောဝိညာဏဓာတ် ဓမ္မဓာတ်နှစ်ပါးတို့သည်။ သိယာ၊ ကုသိုလ်ကေဝီသ စေတသိက်အဋ္ဌတိံသ ဟူကုန်သော မနောဝိညာဏဓာတ် ဓမ္မဓာတ်အချို့တို့သည်။ ကုသလာ၊ ကုန်၏။ သိယာ၊ အကုသိုလ်ဒွါဒသ စေတသိက်သတ္တဝီသ ဟူကုန်သော မနောဝိညာဏဓာတ် ဓမ္မဓာတ်အချို့တို့သည်။ အကုသလာ၊ ကုန်၏။ သိယာ၊ ဒွေပဉ္စဝိညာဉ်တဆယ် သမ္ပဋိစ္ဆိုင်းဒွေမှတပါး ဝိပါက်နှစ်ဆယ့်လေးခု ပဉ္စဒွါရာဝဇ္ဇန်းမှတပါး ကိရိယာတဆယ့်ကိုးခု သုခုမရုပ် သောဠသ နိဗ္ဗာန် ဟူကုန်သော အချို့တို့သည်။ အဗျာကတာ၊ ကုန်၏။

သမုဒယသစ္စံ၊ သည်။ အကုသလံ၊ အကုသိုလ်သာတည်း။ မဂ္ဂသစ္စံ၊ မဂ္ဂ-သစ္စာသည်။ ကုသလံ၊ ကုသိုလ်သာတည်း။ နိရောဓသစ္စံ၊ နိရောဓသစ္စာသည်။ အဗျာကတံ၊ တည်း။ ဒုက္ခသစ္စံ၊ သည်။ သိယာ၊ လောကီကုသိုလ် သတ္တရသ ယင်းနှင့်ယှဉ်သော စေတသိက်အဋ္ဌတိံသ ဟူသော ဒုက္ခသစ္စာအချို့သည်။ ကုသလံ၊ တည်း။ သိယာ၊ အကုသိုလ်စိတ်ဒွါဒသ ယင်းနှင့်ယှဉ်သော လောဘ ကြဉ်သော စေတသိက်ဆဗ္ဗီသ ဟူသော ဒုက္ခသစ္စာအချို့သည်။ အကုသလံ၊ တည်း။ သိယာ၊ လောကီဝိပါက်ဗာတ္တိံသ ကိရိယာစိတ်ဝီသ စေတသိက် ပဉ္စတိံသ ရုပ်အဋ္ဌဝီသ ဟူသော ဒုက္ခသစ္စာအချို့သည်။ အဗျာကတံ၊ တည်း။ ဟု မြန်မာပြန်။

ဤ "အတ္ထပဋိသမ္ဘိဒါ သိယာ" စသည်၌လည်း တိသော ပဋိသမ္ဘိဒါ သိယာ-စသည်၌ကဲ့သို့ "သိယာ၊ ရံခါ"ဟု အနက်ပေးရသော နိပါတ်ပုဒ် သိယာ-သာ ဖြစ်သည်။ ကိရိယာ သိယာ-မဟုတ်။

## နည်းယူမှတ်သားရန် ရှင်းပြချက်

ယခုအခါ၌ ထိုအဘိဓမ္မတ္ထဝိကာသနီဋီကာဝယ် ဟုတ်မှန်တိုင်းသော အနက် အဓိပ္ပါယ် ဋီကာဆရာ၏ အာဘော် အလိုတော်ကို ဟုတ်မှန်သည့်အတိုင်း ရဟန်းရှင်လူ ခပ်သိမ်းသူတို့ နည်းယူမှတ်သား ပိုင်းခြားထင်ထင် သိမြင်ရခြင်း အကျိုးငှါ သံဝဏ္ဏေတဗ္ဗဖြစ်သော အဘိဓမ္မာဝတာရ အဋ္ဌကထာနှင့်တကွ ထို အဋ္ဌကထာ၏ အဖွင့် သံဝဏ္ဏနာဖြစ်သော အဘိဓမ္မတ္ထဝိကာသနီဋီကာကို ထုတ် ဆောင်ပြဆိုလိုက်အံ့။

> ပဋိသမ္ဘိဒါစတုက္ကသ္မာ၊ ဝသေန စတုဓာ သိယာ။
> အတ္ထဓမ္မနိရုတ္တီသု၊ ဉာဏံ ဉာဏေသု တီသုပိ။
> ယံကိဉ္စိ ပစ္စယုပ္ပန္နာ၊ ဝိပါကာ ကိရိယာ တထာ။
> နိဗ္ဗာနံ ဘာသိတတ္ထော စ၊ ပဉ္စေတေ အတ္ထသညိတာ။

ဖလနိဗ္ဗတ္တကော ဟေတု၊ အရိယမဂ္ဂေါ စ ဘာသိတံ။
ကုသလာကုသလဉ္စေတိ၊ ပဉ္စေတေ ဓမ္မသညိတာ။
တဿ အတ္ထေ စ ဓမ္မေ စ၊ ယာ သဘာဝနိရုတ္တိ တု။
နိရုတ္တီတိ စ နိဒ္ဒိဋ္ဌာ၊ နိရုတ္တိကုသလေန သာ။
ဉာဏံ အာရမ္မဏံ ကတွာ၊ တိဝိဓံ ပစ္စဝေက္ခတော။
ဝေဒသု ဉာဏေသု ယံ ဉာဏံ၊ ပဋိဘာနန္တိ တံ မတံ။

**အဘိဓမ္မာဝတာရအဋ္ဌကထာ** (၁၁၄)

**အဘိဓမ္မာဝတာရ အဋ္ဌကထာအနက်**

အတ္ထဓမ္မနိရုတ္တီသု၊ အတ္ထဓမ္မနိရုတ္တိတို့၌။ ဉာဏံ၊ အသီးအသီး အာရုံပြု၍ ဖြစ်သော အတ္ထပဋိသမ္ဘိဒါဉာဏ်, ဓမ္မပဋိသမ္ဘိဒါဉာဏ်, နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ငင်း။ တီသု၊ အတ္ထပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါအားဖြင့် သုံးပါးလည်း ဖြစ်ကုန်သော။ ဉာဏေသု၊ ဉာဏ်တို့၌။ ဉာဏံ၊ အာရုံပြု၍ ဖြစ်သော ပဋိဘာန-ပဋိသမ္ဘိဒါဉာဏ်ငင်း။ ဣတိ၊ သို့။ ပဋိသမ္ဘိဒါစတုက္ကဿ၊ ပဋိသမ္ဘိဒါလေးပါး၏။ ဝသေန၊ အစွမ်းဖြင့်။ ဉာဏံ၊ ဉာဏ်သည်။ စတုဓာ၊ လေးပါးအပြား ရှိသည်။ သိယာ၊ ဖြစ်ရာ၏။

ပစ္စယုပ္ပန္နာ၊ အကြောင်းတရားတို့ကြောင့် ဖြစ်ကုန်သော။ ယံကိဉ္စိ၊ အလုံးစုံ သော အကျိုးတရားငင်း။ ဝိပါကာ စ၊ ဝိပါက်တရားတို့ငင်း။ ကိရိယာတထာ၊ ကိရိယာတရားတို့ငင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ငင်း။ ဘာသိတတ္ထော စ၊ သဒ္ဒါသည် ဟောအပ်သော အနက်ငင်း။ ဧတေ ပဉ္စ၊ ဤငါးပါးတို့ကို။ အတ္ထသညိကာ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်၏ အာရုံအရဖြစ်သော အတ္ထ-ဟူ၍ မှတ်အပ်ကုန်၏။

ဖလနိဗ္ဗတ္တကော၊ အကျိုးကို ဖြစ်စေတတ်သော။ ဟေတု စ၊ အကြောင်း တရားငင်း။ အရိယမဂ္ဂေါ စ၊ အရိယမဂ်ငင်း။ ဘာသိတံ စ၊ သဒ္ဒါငင်း။ ကုသလာ-ကုသလဉ္စ၊ ကုသိုလ်အကုသိုလ်ငင်း။ ဣတိ၊ သို့။ ဧတေ ပဉ္စ၊ ဤငါးပါးတို့ကို။ ဓမ္မသညိတာ၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်၏ အာရုံအရဖြစ်သော ဓမ္မဟူ၍ဆိုအပ်ကုန်၏။

တဿ အတ္ထေ စ၊ ထိုအတ္ထ၌ငင်း။ တဿ ဓမ္မေ စ၊ ထိုဓမ္မ၌ငင်း။ ပဝတ္တာ၊ ဝါစကတပ်သောအားဖြင့် ဖြစ်သော။ ယာ သဘာဝနိရုတ္တိ၊ အကြင်မြတ်စွာဘုရား ဟူသမျှ အမြဲသုံးစွဲ ပြောဟောတော်မူအပ်သော မာဂဓဘာသာဖြစ်သော သဒ္ဒါ သည်။ အတ္ထိ၊ ၏။ သာ တု၊ ထိုသဒ္ဒါကိုကား။ နိရုတ္တီတိ၊ နိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံအရဖြစ်သော နိရုတ္တိဟူ၍။ နိရုတ္တိကုသလေန၊ သဒ္ဒါအရာ လိမ္မာကျွမ်းကျင် သော ပညာရှိသည်။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်၏။

တိဝိဓံ၊ အတ္ထ, ဓမ္မ, နိရုတ္တိပဋိသမ္ဘိဒါအားဖြင့် သုံးပါးအပြားရှိသော။ ဉာဏံ၊ ဉာဏ်ကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ပစ္စဝေက္ခတော၊ ဆင်ခြင်သောပုဂ္ဂိုလ်

အား။ တေသု ဉာဏေသု၊ ထိုသုံးပါးသော ဉာဏ်တို့၌။ ယံ ဉာဏံ၊ အကြင် ဉာဏ်သည်။ ပဝတ္တံ၊ ဖြစ်၏။ တံ ဉာဏံ၊ ထိုသုံးပါးသော ဉာဏ်ကိုအာရုံပြု၍ ဖြစ်သော ဉာဏ်ကို။ ပဋိဘာနန္တိ၊ ပဋိဘာနပဋိသမ္ဘိဒါဟူရာဝယ် ပဋိဘာနဟူ၍။ မတံ၊ သိအပ်၏။

## အဘိဓမ္မတ္ထဝိကာသနိဋ္ဌိကာပါဌ်

တီသုပိတိ ယထာဝုတ္တေသု တီသုပိ ပဋိသမ္ဘိဒါဉာဏေသု။ ဂေါစရ-ကိစ္စလက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနဘူမိအာဒိဝသေန တေ အာရမ္မဏံ ကတွာ ပစ္စဝေက္ခန္တဿ ဣမာနိ ဉာဏာနိ ဣဒမတ္ထဇောတကာနီတိ ဧဝံ ပဘေဒဂတံ ဉာဏံ။ ပရိတ္တ မဟဂ္ဂတ အပ္ပမာဏဝသေန ဝါ တီသု ဉာဏေသု ဉာဏံ နာမ။ အပဋိသမ္ဘိဒါရမ္မဏာပိ ဟိ ပဋိဘာနပဋိသမ္ဘိဒါ ဟောတိ။ တေနေဝ သုတ္တန္တဘာဇနီယပါဠိယံ ဉာဏေသု ဉာဏန္တိ။

အဋ္ဌကထာယ စ သဗ္ဗတ္ထ ဉာဏမာရမ္မဏံ ကတွာ ပစ္စဝေက္ခန္တဿ ဉာဏာရမ္မဏံ ဉာဏန္တိ အဝိသေသေန ဝုတ္တံ။ ဧဝဉ္စ ကတွာ မဟဂ္ဂတ-ပဋိသမ္ဘိဒါဉာဏဿ အဘာဝေပိ နိရုတ္တိပဋိသမ္ဘိဒါ ပရိတ္တာရမ္မဏာ၊ တိဿော ပဋိသမ္ဘိဒါ သိယာ ပရိတ္တာရမ္မဏာ သိယာ မဟဂ္ဂတာရမ္မဏာ သိယာ အပ္ပမာဏာရမ္မဏာတိ ပဋိဘာနပဋိသမ္ဘိဒါယ မဟဂ္ဂတာ-ရမ္မဏတာပိ ပဉ္စာပုစ္ဆကပါဠိယံ ဝုတ္တာ။

အဘိဓမ္မဘာဇနီယေ ပန ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံ ဝါ။ပ။ ဓမ္မာရမ္မဏံ ဝါ။ ယံ ယံ ဝါ ပနာရဗ္ဘ။ တသ္မိံ သမယေ ဖဿော ဟောတိ။ပ။ အဝိက္ခေပေါ ဟောတိ။ ဣမေ ဓမ္မာ ကုသလာ။ တသ္မိံ သမယေ အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ။ ဣမေ ဓမ္မာ ကုသလာ။ တေသု ဓမ္မေသု ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။ တေသံ ဝိပါကေ ဉာဏံ အတ္ထ-ပဋိသမ္ဘိဒါ။ ယာယ နိရုတ္တိယာ တေသံ ဓမ္မာနံ ပညတ္တိ ဟောတိ။ တတ္ထ ဓမ္မ နိရုတ္တာဘိလာပေ ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါ။ ယေန ဉာဏေန တာနိ ဉာဏာနိ ဇာနာတိ။ ဣမာနိ ဉာဏာနိ ဣဒမတ္ထဇောတကာနီတိ။ တေသု ဉာဏေသု ဉာဏံ ပဋိဘာနပဋိသမ္ဘိဒါတိ စိတ္တုပ္ပါဒက္ကမေန ဒေသနာယ ပဝတ္တတ္တာ သာဝသေသော ပါဌော ကတော။ စိတ္တုပ္ပါဒ-သင်္ဂဟိတေ အတ္ထေ အသေသေတွာ ဒေသနာ အဘိဓမ္မဘာဇနီယေ ပဝတ္တာ။ န သဗ္ဗဉ္စေ ယျေတိ။ ယထာ ဒဿိတဝိသယဝသေန ယေန ဉာဏေန တာနိ ဉာဏာနိ ဇာနာတီတိ ဝုတ္တံ။

န တံ အညာရမ္မဏတံ ပဋိသေဓေတိ။ ဒေသနာယ အတပ္ပရ-ဘာဝတော။ ဧဝဉ္စ ကတွာ တတ္ထ နိဗ္ဗာနေ အနာဂတေပိ အတ္ထပဋိသမ္ဘိဒါ သိယာ န ဝတ္တဗ္ဗာ အတီတာရမ္မဏာတိပိ အနာဂတာရမ္မဏာတိပိ ပစ္စုပ္ပန္နာရမ္မဏာတိပီတိ အတ္ထပဋိသမ္ဘိဒါယ နိဗ္ဗာနာရမ္မဏတာ ဝုတ္တာ ေဝ။ အဘိဓမ္မတ္ထဝိကာသနိဋ္ဌိကာ။

## အဘိဓမ္မတ္ထဝိကာသနိဋ္ဌိကာ အနက်

တီသုပီတိ၊ တီသုပိ-ဟူသည်ကား။ ယထာဝုတ္တေသု၊ ဆိုအပ်ပြီးသောအပြားရှိကုန်သော။ တီသုပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ပဋိသမ္ဘိဒါဉာဏေသု၊ အတ္ထ, ဓမ္မ, နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တို့၌။ ဂေါစရကိစ္စလက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာန-ဘူမိအာဒိဝသေန၊ ထိုဉာဏ်တို့၏အာရုံ ကိစ္စ လက္ခဏာ ပြည့်စုံသော သဘော ဟူသောရသ, ဉာဏ်အားထင်သောအခြင်းအရာ နီးစွာသောအကြောင်း, ဖြစ်ရာဘုံစသည်တို့၏အစွမ်းဖြင့်။ တေ၊ ထိုဉာဏ်သုံးပါးတို့ကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဣမာနိ ဉာဏာနိ၊ ဤဉာဏ်တို့သည်။ ဣဒမတ္ထဇောတကာနိ၊ ဤသို့သောသဘောကို ပြတတ်ကုန်၏။ ဣတိ၊ သို့။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သော ပုဂ္ဂိုလ်အား။ ဧဝံ ပဘေဒဂတံ၊ ဤသို့အပြားအားဖြင့် သိသော။ ဉာဏံ၊ ဉာဏ်သည်။ တီသု ဉာဏေသု၊ သုံးပါးသောဉာဏ်တို့၌။ ဉာဏံနာမ၊ အာရုံပြုသောအားဖြင့်သိသော ဉာဏ်မည်၏။ ဝါ၊ တနည်းကား။ ပရိတ္တမဟဂ္ဂတအပ္ပမာဏ-ဝသေန၊ ကာမဉာဏ်, မဟဂ္ဂုတ်ဉာဏ်, လောကုတ္တရာဉာဏ်တို့၏အစွမ်းဖြင့်။ တီသုပိ ဉာဏေသု၊ သုံးပါးလည်းဖြစ်သော ဉာဏ်တို့၌။ ဂေါစရ ကိစ္စ လက္ခဏ ရသ ပစ္စုပဋ္ဌာနပဒဋ္ဌာနဘူမိအာဒိဝသေန၊ ဖြင့်။ တေ၊ တို့ကို။ အာရမ္မဏံ ကတွာ၊ ၍။ ဣမာနိ ဉာဏာနိ၊ တို့သည်။ ဣဒမတ္ထဇောတကာနိ၊ ကုန်၏။ ဣတိ၊ သို့။ ပစ္စ-ဝေက္ခန္တဿ၊ အား။ ဧဝံ ပဘေဒဂတံ၊ သော။ ဉာဏံ၊ သည်။ တီသု ဉာဏေသု၊ တို့၌။ ဉာဏံနာမ၊ ၏။ ဟိ-သစ္စံ၊ တီသု ဉာဏေသု-ဟူသော အဋ္ဌကထာ၌ ဉာဏ်သုံးပါးအရကို ကာမ, မဟဂ္ဂုတ်, လောကုတ္တရာဉာဏ်တို့ကို ကောက်ယူသော ဂါ၏ အယူစကား မှန်၏။ ပဋိဘာနပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည်။ အပဋိသမ္ဘိဒါရမ္မဏာပိ၊ ပဋိသမ္ဘိဒါဉာဏ်မဟုတ်သော ဉာဏ်လျှင် အာရုံရှိသည်လည်း။ ဟောတိ၊ ၏။ တေနေဝ၊ ထိုသို့ပဋိဘာနပဋိသမ္ဘိဒါ၏ ပဋိသမ္ဘိဒါဉာဏ်မဟုတ်သော မဟဂ္ဂုတ်ဉာဏ်ကိုလည်း အာရုံပြုသောကြောင့်သာလျှင်။ သုတ္တန္တ-ဘာဇနီယပါဠိယံ၊ ပဋိသမ္ဘိဒါဝိဘင်း သုတ္တန္တဘာဇနီပါဠိတော်၌။ ဉာဏေသု ဉာဏန္တိ၊ ဉာဏေသု ဉာဏံ-ဟူ၍။ အဝိသေသေန၊ ပဋိသမ္ဘိဒါဉာဏ်ဟု အထူးမပြုဘဲ ဉာဏ်သာမညအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အဋ္ဌကထာယ စ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌လည်း။ သဗ္ဗတ္ထဉာဏ-မာရမ္မဏံ ကတွာ ပစ္စဝေက္ခန္တဿ ဉာဏာရမ္မဏံ ဉာဏန္တိ၊ သဗ္ဗတ္ထ။ပ။ဉာဏံ-ဟူ၍။

အဝိသေသေန၊ ပဋိသမ္ဘိဒါဉာဏ်ဟု အထူးမပြုဘဲ ဉာဏ်သာမညအားဖြင့်။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။ ဝေဠု ကတွာ၊ ဤသို့ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ အာရုံအရကို မဟာကုသိုလ်၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ်ရှစ်ခု လောကုတ္တရာစိတ်ရှစ်ခု အားဖြင့် တဆယ့်ခြောက်ခုသော စိတ်နှင့်ယှဉ်သော ဉာဏ်ဟူသော ပဋိသမ္ဘိဒါ ဉာဏ်မျှကိုသာ မယူဘဲ မဟဂ္ဂုတ်ဉာဏ်နှင့်တကွ ဉာဏ် သာမညအားဖြင့် ယူသင့် သောကြောင့်သာလျှင် မဟဂ္ဂတပဋိသမ္ဘိဒါဉာဏာ၊ မဟဂ္ဂုတ်စိတ်နှင့်ယှဉ်သော ပဋိသမ္ဘိဒါဉာဏ်မည်သည်၏။ အဘာဝေ၊ မရှိခြင်းသည်။ သတိပိ၊ ရှိသော်လည်း။ နိရုတ္တိပဋိသမ္ဘိဒါပရိတ္တာရမ္မဏာ။ တိဿော ပဋိသမ္ဘိဒါ သိယာ ပရိတ္တာရမ္မဏာ၊ သိယာ မဟဂ္ဂတာရမ္မဏာ၊ သိယာ အပ္ပမာဏာရမ္မဏာတိ၊ နိရုတ္တိ။ပ။ အပ္ပမာဏာရမ္မဏာ-ဟူ၍။ ပဋိဘာနပဋိသမ္ဘိဒါယ၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏။ မဟဂ္ဂတာ-ရမ္မဏတာပိ၊ မဟဂ္ဂုတ်ဉာဏ်လျှင် အာရုံရှိသည်၏အဖြစ်ကိုလည်း။ ပဉ္စာပုစ္ဆက-ပါဠိယံ၊ ပဋိသမ္ဘိဒါဝိဘင်းပဉ္စာပုစ္ဆကပါဠိတော်၌။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ပန၊ ပိုလွန်သောအားဖြင့် ဟောတော်မူသည်မှတပါး ယုတ်လျော့သော အားဖြင့်လည်း ဟောတော်မူသည်ကို ပြဆိုဦးအံ့။ အဘိဓမ္မဘာဇနီယေ၊ ပဋိသမ္ဘိဒါဝိဘင်းပါဠိတော် အဘိဓမ္မာဘာဇနီနည်း၌။ ယသ္မိံ သမယေ ကာမာ-ဝစရံ ကုသလံ ဟောတိ။ပ။ တေသု ဉာဏေသု ဉာဏံ ပဋိဘာနပဋိသမ္ဘိဒါတိ၊ ယသ္မိံ။ပ။ သမ္ဘိဒါ-ဟူ၍။ စိတ္တုပ္ပါဒကဏ္ဍေန၊ ပဌမမဟာကုသိုလ်စိတ္တုပ္ပါဒ် အစရှိသော စိတ္တုပ္ပါဒ်အစဉ်အားဖြင့်သာလျှင်။ ဒေသနာယ၊ ဒေသနာတော်၏။ ပဝတ္တတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ သာဝသေသော၊ နိဗ္ဗာန်ကို အာရုံပြုခိုက် သောဉာဏ်မပါအကြွင်းနှင့်တကွသာ ဖြစ်သော။ ပါဠော၊ ပါဠိတော်ကို။ ကတော၊ ပြုတော်မူအပ်၏။ စိတ္တုပ္ပါဒသင်္ဂဟိတော၊ စိတ္တုပ္ပါဒ်ဖြင့် သိမ်းယူအပ်ကုန်သော။ အတ္ထေ၊ တို့ကို။ အသေသေတွာ၊ မကြွင်းမကျန်စေမူ၍။ အဘိဓမ္မဘာဇနီယေ၊ အဘိဓမ္မာဘာဇနီ နည်း၌။ ဒေသနာ၊ ဒေသနာတော်သည်။ ပဝတ္တာ၊ ဖြစ်၏။ သဗ္ဗေ ဉေယျေ၊ အလုံးစုံသော ဉေယျတရားတို့ကို။ အသေသေတွာ၊ ၍။ ဒေသနာ၊ သည်။ န ပဝတ္တာ၊ မဖြစ်။ ဣတိ တသ္မာ၊ ထိုသို့ပဋိသမ္ဘိဒါဝိဘင်း အဘိဓမ္မာဘာဇနီယနည်း၌ စိတ္တုပ္ပါဒ်ဖြင့် သိမ်းယူအပ်သော တရားတို့ကိုသာ အကြွင်းမဲ့ယူ၍ ဒေသနာတော်၏ဖြစ်သည်၏အဖြစ်, ဉေယျတရားတို့ကို အကြွင်းမဲ့ ယူ၍ မဖြစ်သည်၏အဖြစ်ကြောင့်။ ယထာ ဒဿိတဝိသယဝသေန၊ အဘိဓမ္မာ-ဘာဇနီ၌ ဟောပြအပ်တိုင်းသော စိတ္တုပ္ပါဒ်ဟူသော အာရုံအစွမ်းဖြင့်။ ယေန ဉာဏေန တာနိ ဉာဏာနိ ဇာနာတီတိ၊ ယေန။ပ။ ဇာနာတိ-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

တံ၊ ထိုအဘိဓမ္မာဘာဇနီဒေသနာနည်းသည်။ အညာရမ္မဏတံ၊ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်၏ စိတ္တုပ္ပါဒ်လျှင် အာရုံရှိသောဉာဏ်မှ တပါးသောဉာဏ်လျှင်

အာရုံရှိသည်၏အဖြစ်ကို။ န ပဋိသေဓေတိ၊ မတားမြစ်။ ကသ္မာ၊ အဘယ့်ကြောင့်။ နပဋိသေဓေတိ၊ မတားမြစ်သနည်းဟူမူကား။ ဒေသနာယ၊ ပဋိသမ္ဘိဒါဝိဘင်း အဘိဓမ္မာဘာဇနီဒေသနာတော်၏။ အတပ္ပရဘာဝတော၊ ထိုအဘိဓမ္မာဘာဇနီ၌ လာသောတရားမှတပါးသောတရားလျှင်အာရုံရှိသောဉာဏ်၏ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ အာရုံအဖြစ်ကို တားမြစ်ခြင်း မပြဋ္ဌာန်းသည်၏ အဖြစ်ကြောင့်။ န ပဋိသေဓေတိ၊ မတားမြစ်။ ဝေဠု ကတ္ဗာ-ဗ္ဗမိနာ ကာရဏေန၊ ဤသို့ ပဋိသမ္ဘိဒါဝိဘင်း အဘိဓမ္မာဘာဇနီဒေသနာတော်၏ ထိုအဘိဓမ္မာဘာဇနီ၌ လာသော တရားမှ တပါးသော တရားလျှင် အာရုံရှိသော ဉာဏ်၏ ပဋိဘာနပဋိသမ္ဘိဒါ ဉာဏ်၏ အာရုံအဖြစ်ကို တားမြစ်ခြင်း မပြဋ္ဌာန်းသည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်။ တတ္ထ၊ ထိုပဋိသမ္ဘိဒါဝိဘင်း အဘိဓမ္မာဘာဇနီပါဠိတော်၌။ နိဗ္ဗာနေ၊ နိဗ္ဗာန်သည်။ အနာဂတေပိ၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ အာရုံဖြစ်သော အတ္ထပဋိသမ္ဘိဒါဉာဏ်၏ အာရုံအဖြစ်ဖြင့် မလာသော်လည်း။ အတ္ထ-ပဋိသမ္ဘိဒါ သိယာ နဝတ္တဗ္ဗာ အတီတာရမ္မဏာတိပိ အနာဂတာရမ္မဏာတိပိ ပစ္စုပ္ပန္နာရမ္မဏာတိပီတိ၊ အတ္ထ။ပ။ရမ္မဏာတိပိ-ဟူ၍။ အတ္ထပဋိသမ္ဘိဒါယ၊ အတ္ထ-ပဋိသမ္ဘိဒါဉာဏ်၏။ နိဗ္ဗာနာရမ္မဏတာ၊ နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်ကို။ ဝုတ္တာဝေ၊ ပဋိသမ္ဘိဒါဝိဘင်းပဉှာပုစ္ဆကပါဠိတော်၌ ဟောတော်မူအပ်သည်သာ လျှင်။ ဟောတိ၊ ဖြစ်၏။

## အဋ္ဌကထာ-ဋီကာတို့အလို ပြဆိုပုံ

ဋီကာဆရာသည် အဋ္ဌကထာဝယ် ဉာဏေသု တီသုပိ-၌ ဉာဏေသု-ဟု သာမည အားဖြင့် ဆိုသော်လည်း ဉာဏ်အရကို ပဋိသမ္ဘိဒါဉာဏ်ကိုယူ ဟု ပြခြင်းငှါ ဉာဏေသု-ကို ပဋိသမ္ဘိဒါဉာဏေသု-ဟု ဖွင့်သည်။ ထိုပဋိသမ္ဘိဒါဉာဏ်သုံးပါးအရကိုလည်း "အတ္ထဓမ္မနိရုတ္တိသု ဉာဏံ" ဟု အဋ္ဌကထာဝယ် ပြဆိုခဲ့ပြီးသော အတ္ထ-ပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တို့ကို ယူ ဟု ပြခြင်းငှါ "ယထာ-ဝုတ္တေသု တီသုပိ" ကို ဆိုသည်။

နှစ်ဘက်ဝန်ထမ်းသောသူသည် ဝန်နှစ်ဘက်လုံးကို ပါနိုင်စိမ့်သောငှါ ထမ်းပိုးကို အလယ်၌ ထမ်းယူသကဲ့သို့ အဋ္ဌကထာဝယ် ဉာဏံ-ဟူသောပုဒ်ကို ရှေ့နောက် အာဓာရနှစ်ပါးတို့၏ စပ်ရာဖြစ်နိုင်စိမ့်သောငှါ ကာဇနည်းအားဖြင့် အတ္ထဓမ္မ-နိရုတ္တီသု-ဟူသော အာဓာရ, ဉာဏေသု-ဟူသော အာဓာရနှစ်ပါးတို့၏ အလယ်၌ ထား၍ "အတ္ထဓမ္မနိရုတ္တီသု ဉာဏံ ဉာဏေသု တီသုပိ" ဟု အဋ္ဌကထာဆရာ ဆိုတော်မူရကား ဉာဏေသု-ကို ဉာဏံ-၌ပင် စပ်။

ထိုဉာဏံ-ဟူသော သဒ္ဒါသည် သက်သက် ဒြပ်ကိုသာငဲ့သော ကေဝလဒဗ္ဗာ-ပေက္ခ, ဂုဏ်နှင့်တကွ ဒြပ်ကိုငဲ့သော သဂုဏဒဗ္ဗာပေက္ခ နှစ်ပါးတွင် သဂုဏဒဗ္ဗာ-

ပေက္ခဖြစ်၍ ဉာဏံ-အရကို သက်သက် ဉာဏ်ဒြဗ်မျှကိုသာ မယူမူ၍ သိခြင်းကြိယာ ဟူသော ဂုဏ်နှင့်တကွယူ၍ "ဉာဏံ ဉာဏေသု တီသုပိ" ဟူသော အဋ္ဌကထာ၀ယ် အတ္ထ, ဓမ္မ, နိရုတ္တိ ဉာဏ်သုံးပါးတို့၌ သိသောဉာဏ်သည် ဉာဏ်သုံးပါးတို့၌ ဉာဏ်မည်၏ ဟု ပြခြင်းငှါ "ဂတံ ဉာဏံ ဉာဏေသု ဉာဏံနာမ" ကို ဆိုတော်မူသည်။ ဤ၌ ဂတံ-ဖြင့် ဉာဏံ-၏ သဂုဏဒဗ္ဗာပေက္ခအဖြစ်ကို ပြသည်။ တီသုပိ ပဋိသမ္ဘိဒါ-ဉာဏေသု-ဟူသော အာဓာရကို ဤဂတံ-၌ စပ်။ ပဘေဒ-ဖြင့် သိဟန် အခြင်းအရာ ဂမနာကာရကို ပြသည်။ ဝေ-ဖြင့် ပဘေဒါကာရကို ပြသည်။ ဣမာနိ ဉာဏာနိ ဣဒမတ္ထဇောတကာနီတိ-ဖြင့် ဝေ-၏ သရုပ်ကို ပြသည်။

အဘယ်သို့သော ပုဂ္ဂိုလ်အား ဖြစ်သော ဉာဏ်နည်း ဟူဘွယ်ရှိ၍ "တေ အာရမ္မဏံ ကတွာ ပစ္စဝေက္ခန္တဿ" ကို ဆိုတော်မူသည်။

အဘယ်၏ အစွမ်းဖြင့် ဆင်ခြင်သနည်း၊ ဂေါစရ၏ အစွမ်းဖြင့်သာ ဆင်ခြင်သလော၊ ကိစ္စ၏ အစွမ်းဖြင့်သာ ဆင်ခြင်သလော ဟူဘွယ်ရှိ၍ "ဂေါစရ။ပ။ ဘူမိအာဒိ၀သေန" ဟူသော ပစ္စဝေက္ခဏာကာရကို ပြဆိုတော်မူသည်။

## ဉာဏ်သုံးပါးအရ သိလွယ်ရန် ရှင်းပြပုံ

"ဉာဏံ ဉာဏေသု တီသုပိ" ဟု အဋ္ဌကထာ၌ သာမညအားဖြင့် ဆိုသော်လည်း ဤအရာ၌ သာမညဉာဏ်သုံးပါးတို့၌ သာမညအားဖြင့် သိသောဉာဏ်သည် ဉာဏ်သုံးပါးတို့၌ သိသောဉာဏ်မည်သည် မဟုတ်။ အတ္ထ, ဓမ္မ, နိရုတ္တိ ပဋိသမ္ဘိဒါ ဉာဏ်သုံးပါးတို့၌ ထိုသုံးပါးတွင် ဤမည်သော ဉာဏ်သည် ဤမည်သော သဘာ၀တ္ထကို ပြတတ် သိစေတတ်၏။ ဤသို့သော အခြင်းအရာအပြားအားဖြင့် သိသော ဉာဏ်သာလျှင် ဉာဏ်သုံးပါးတို့၌ သိသောဉာဏ်မည်သည် ဟူလို။

အဋ္ဌကထာ၀ယ် ဉာဏ်သုံးပါးအရကို အတ္ထ, ဓမ္မ, နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၏ အစွမ်းဖြင့် ယူ၍ ပြသော နည်းမှတပါး ကာမ, မဟဂ္ဂုတ်, လောကုတ္တရာဉာဏ်၏ အစွမ်းဖြင့် သုံးပါး တနည်းယူ၍ ပြတော်မူလိုသော ဋီကာဆရာသည် "ပရိတ္တ-မဟဂ္ဂတအပ္ပမာဏဝသေန ဝါ" ဟူသော ဝိကပ်တပါးကို ဆိုတော်မူပြန်သည်။

"ဉာဏံ ဉာဏေသု တီသုပိ" ဟူသော အဋ္ဌကထာ၀ယ် တီသု-အရကို အတ္ထ, ဓမ္မ, နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်၏ အစွမ်းဖြင့် ယူ၍ ပြဆိုခဲ့ပြီးသည့်အတိုင်း အတ္ထ, ဓမ္မ, နိရုတ္တိပဋိသမ္ဘိဒါဉာဏ် သုံးပါးတို့၌ အာရုံ ကိစ္စ စသည်တို့၏ အစွမ်းဖြင့် ထိုပဋိသမ္ဘိဒါ ဉာဏ်သုံးပါးတို့ကို အာရုံပြု၍ ဆင်ခြင်သော ပုဂ္ဂိုလ်အားဖြစ်သော အပြားအားဖြင့် သိသောဉာဏ်သည် ဉာဏ်သုံးပါးတို့၌ ဉာဏ်မည်၏ ဟု ယူသော နည်းမှတပါး တီသု-အရကို ပရိတ္တသမ္ပယုတ်, မဟဂ္ဂတသမ္ပယုတ်, အပ္ပမာဏ သမ္ပယုတ် ဉာဏ်၏အစွမ်းဖြင့် ယူ၍ ပရိတ္တ, မဟဂ္ဂတ, အပ္ပမာဏ ဉာဏ်သုံးပါးတို့၌ အာရုံ ကိစ္စ စသည်တို့၏ အစွမ်းဖြင့် ထိုကာမ, မဟဂ္ဂုတ်, လောကုတ္တရာ ဉာဏ်တို့ကို အာရုံပြု၍ ဆင်ခြင်သော ပုဂ္ဂိုလ်အားဖြစ်သော အပြားအားဖြင့်

သိသောဉာဏ်သည် ဉာဏ်သုံးပါးတို့၌ ဉာဏ်မည်၏ ဟု ယူသော နည်းလည်း သင့်ပါ၏ ဟူလို။

အရှင်ဋီကာဆရာ "ဉာဏံ ဉာဏေသု တီသုပိ" ဟူသော အဋ္ဌကထာဝယ် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ အာရုံဖြစ်သော ဉာဏ်သုံးပါးအရကို ရှေးပဋိသမ္ဘိဒါဉာဏ် သုံးပါးကိုသာ မယူမူ၍ ပရိတ္တ, မဟဂ္ဂတ, အပ္ပမာဏ ဉာဏ်သုံးပါးတို့ကိုလည်း တနည်းယူ၍ "ပရိတ္တ, မဟဂ္ဂတ, အပ္ပမာဏဝသေန ဝါ" ဟူသော စကားကို ဆိုတော်မူ၏။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် အတ္ထ, ဓမ္မ, နိရုတ္တိပဋိသမ္ဘိဒါ ဉာဏ်သုံးပါးတို့ကိုသာ အာရုံပြု၍ ပဋိသမ္ဘိဒါဉာဏ်မှတပါး အခြားဉာဏ်ကို အာရုံ မပြုချေသော် "ပရိတ္တ, မဟဂ္ဂတ, အပ္ပမာဏဝသေန ဝါ" ဟု တနည်းပြဆိုသော ဆရာ၏စကားသည် မသင့်ရာ ဟူဘွယ်ရှိ၍ "အပဋိသမ္ဘိဒါရမ္မဏာပိ ဟိ ပဋိဘာန-ပဋိသမ္ဘိဒါ ဟောတိ" ကို ဆိုပြန်ရသည်။

ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် ပဋိသမ္ဘိဒါဉာဏ်ကိုသာ အာရုံပြုသည်မဟုတ်၊ ပဋိသမ္ဘိဒါဉာဏ်မှတပါး အခြားသော ဉာဏ်ကိုလည်း အာရုံပြုပါ၏။ ထို့ကြောင့် ဉာဏ်သုံးပါးအရကို ပရိတ္တ, မဟဂ္ဂတ, အပ္ပမာဏဉာဏ်၏ အစွမ်းဖြင့် တနည်းယူ၍ ပြဆိုသော ဝါ၏ စကား သင့်ပါ၏ ဟူလို။

အရှင်ဋီကာဆရာ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် ပဋိသမ္ဘိဒါဉာဏ်မှတပါး အခြားသောဉာဏ်ကိုလည်း အာရုံပြုသည် ဟူ၏၊ ထိုပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ ပဋိသမ္ဘိဒါဉာဏ်မှတပါး အခြားသောဉာဏ်ကိုလည်း အာရုံပြုသည်၏ အဖြစ်ကို အဘယ့်ကြောင့် ဆရာသိပါသနည်း၊ ပါဠိ အဋ္ဌကထာ ထောက်ထားရန် အာဂုံ သာဓကနှင့် ကင်း၍ပင် ဆရာသိသလော ဟူဘွယ်ရှိ၍ "တေနေဝ သုတ္တန္တ-ဘာဇနီယပါဠိယံ ဉာဏေသု ဉာဏန္တိ အဋ္ဌကထာယ စ သဗ္ဗတ္ထဉာဏာရမ္မဏံ ဉာဏန္တိ အဝိသေသေန ဝုတ္တံ" ကို ဆိုပြန်ရသည်။ "တေနေဝ အဝိသေသေန ဝုတ္တံ" သာ ဆိုလိုရင်း။

အဘယ်သို့ သာမညအားဖြင့် ဟောတော်မူသနည်း ဟူဘွယ်ရှိ၍ အဝိသေသ-ဝုတ္တာကာရကို ပြခြင်းငှါ "ဉာဏန္တိ" ကို ပြဆိုသည်။ ပါဠိယံ-ဖြင့် အဋ္ဌကထာ စသည်ကို နစ်စေသည်။ သုတ္တန္တဘာဇနီယ-ဖြင့် အဘိဓမ္မဘာဇနီပဉှာပုစ္ဆက တို့ကို နစ်စေသည်။ သုတ္တန္တဘာဇနီယပါဠိယံ-ဟု သာမညအားဖြင့် ဆိုသော်လည်း အရာအားလျော်စွာ ယူသင့်ရကား ပဋိသမ္ဘိဒါဝိဘင်း ပါဠိတော်ကိုယူ။

ပါဠိတော်၌ သာမညအားဖြင့် ဟောတော်မူ၍ အဋ္ဌကထာ၌ ဝိသေသအား ဖြင့် ပြဆိုခဲ့သော် သာဓကမမြောက်ရာသေး ဟူဘွယ်ရှိ၍ "အဋ္ဌကထာယ စ အဝိသေသေန ဝုတ္တံ" ကို အဝိသေသအားဖြင့် ဆိုဟန်ကို ပြလို၍ "သဗ္ဗတ္ထ ဉာဏာရမ္မဏံ ဉာဏန္တိ" ကို မိန့်ဆိုသည်။

ထိုသို့ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် ပဋိသမ္ဘိဒါဉာဏ်မှတပါး အခြားသော ဉာဏ်ကိုလည်း အာရုံပြုသောကြောင့်သာလျှင် ပဋိသမ္ဘိဒါ ဝိဘင်းပါဠိတော် သုတ္တန္တဘာဇနီ၌ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်အရ ထိုဉာဏ်၏ အာရုံဖြစ်သော ဉာဏ်အရကို ပြရာဝယ် "ပဋိသမ္ဘိဒါဉာဏေသု ဉာဏံ" ဟု ဝိသေသအားဖြင့် ဟောတော်မမူဘဲ "ဉာဏေသု ဉာဏံ" ဟု သာမညအားဖြင့်သာ ဟောတော်မူသည်။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌လည်း "ပဋိသမ္ဘိဒါဉာဏာရမ္မဏံ ဉာဏံ" ဟု ဝိသေသအားဖြင့် မိန့်တော်မမူဘဲ "ဉာဏာရမ္မဏံ ဉာဏံ" ဟု သာမညအားဖြင့် မိန့်ဆိုတော်မူသည်။ ဤသို့ ဝိသေသအားဖြင့် ဟောပြတော်မမူဘဲ သာမညအားဖြင့်သာ ဟောပြတော်မူသော ပါဠိ အဋ္ဌကထာ အာဂုံသာဓကကို ထောက်၍ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ ပဋိသမ္ဘိဒါဉာဏ်မှတပါး အခြားသော မဟဂ္ဂုတ်ဉာဏ်ကို အာရုံပြုသည်၏ အဖြစ်ကို သိပါသည် ဟူလို။

## သာမညပင်ဖြစ်သော်လည်း ဝိသေသယူပုံ

အရှင်ဋီကာဆရာ ပါဠိ အဋ္ဌကထာတို့၌ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ အာရုံအရဖြစ်သော ဉာဏ်ကို ပဋိသမ္ဘိဒါဉာဏ် ဝိသေသကိုသာ မဟောပြဘဲ ဉာဏေသု ဉာဏံ-စသည်ဖြင့်သာ ဟောပြတော်မူသောကြောင့် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ ပဋိသမ္ဘိဒါဉာဏ်မှတပါး အခြားသော မဟဂ္ဂုတ်ဉာဏ်လျှင် အာရုံရှိသည်၏ အဖြစ်ကို သိအပ်ရကား ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ အာရုံဖြစ်သော ဉာဏ်သုံးပါးအရကို ကာမ, မဟဂ္ဂုတ်, လောကုတ္တရာဉာဏ်၏ အစွမ်းဖြင့် ပြဆိုသင့်၏ ဟု ဆို၏၊ ထိုသို့ ဉာဏေသု ဉာဏံ ဟူ၍ ပါဠိတော်၊ ဉာဏာရမ္မဏံ-ဟူ၍ အဋ္ဌကထာတို့၌ သာမညအားဖြင့် ဟောပြတော်မူသည်ပင် ဖြစ်စေ—

> သာမညဇောတနာယ ဝိသေသေ အဝဋ္ဌာနတော ဝိသေသတ္ထိကေန ဝိသေသော ပယောဇိယတိ။

ဟူသော ပရိဘာသာနှင့် အညီ သာမညအနက်ကို ထွန်းပြတတ်သော သဒ္ဒါသည် ဝိသေသအရာ၌ တည်ရကား ဝိသေသအနက်ကို အလိုရှိသော ပုဂ္ဂိုလ်သည် ဝိသေသအနက်ကို ယှဉ်အပ်ယူအပ်သောကြောင့် ဉာဏေသု-၌ ဉာဏ်အရ ဉာဏာရမ္မဏံ-၌ ဉာဏ်အရကို ပဋိသမ္ဘိဒါဉာဏ် ဝိသေသကို ယူသော်လည်း ယူသင့်ရာသည်ဖြစ်၍ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ မဟဂ္ဂုတ်ဉာဏ်လျှင် အာရုံရှိသည်၏ အဖြစ်ကို ဟောတော်မမူချေက ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ မဟဂ္ဂုတ်ဉာဏ်ကိုလည်း အာရုံပြုသည်၏ အဖြစ်ကို ပြဆိုသော ဆရာ၏ စကားသည် မသင့်ရာသေး ဟူဘွယ်ရှိ၍ "ဝေဋ္ဌ ကတ္ဝာ" စသည်ကို မိန့်ဆိုရပြန်သည်။ "ဝေဋ္ဌကတ္ဝာ ပဋိဘာနပဋိသမ္ဘိဒါယ မဟဂ္ဂတာရမ္မဏတာပိ ဝုတ္တာ" သာ ဆိုလိုရင်း။

ပဥ္စာပုစ္ဆကပါဠိယံ-ဟူသော အာခါရဖြင့် သုတ္တန္တဘာဇနီယံ အဘိဓမ္မဘာဇနီယံ-ဟူသော အာခါရတို့ကို နှစ်စေသည်။

ဟောတော်မူဟန် အခြင်းအရာ ဝုတ္တာကာရကို ပြလို၍ "နိရုတ္တိပဋိသမ္ဘိဒါ ပရိတ္တာရမ္မဏာ တီသော ပဋိသမ္ဘိဒါ သိယာ ပရိတ္တာရမ္မဏာ၊ သိယာ မဟဂ္ဂတာ-ရမ္မဏာ၊ သိယာ အပ္ပမာဏာရမ္မဏာ" ဟူသော ပါဠိတော်ကို ထုတ်ဆောင်ပြဆိုသည်။

မဟဂ္ဂုတ်စိတ်နှင့် ယှဉ်သော ပဋိသမ္ဘိဒါဉာဏ်မည်သည် ရှိကောင်းသောကြောင့်ပင် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ မဟဂ္ဂုတ်ဉာဏ်လျှင် အာရုံရှိသည်၏အဖြစ်ကို ဟောတော်မူလေသလော ဟူဘွယ်ရှိ၍ "မဟဂ္ဂတာပဋိသမ္ဘိဒါဉာဏာသ အဘာ-ဝေပိ" ကို ဆိုပြန်ရသည်။

## ပဋိသမ္ဘိဒါဉာဏ်အရ ကောက်ပုံ

ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် ပဋိသမ္ဘိဒါဉာဏ်မှတပါး မဟဂ္ဂုတ်ဉာဏ်ကို အာရုံပြုသောကြောင့်ပင်လျှင်—

> တီသော ပဋိသမ္ဘိဒါ ကာမာဝစရကုသလတော စတူသု ဉာဏသမ္ပ-ယုတ္တေသု စိတ္တုပ္ပါဒေသု ကိရိယတော စတူသု ဉာဏသမ္ပယုတ္တေသု စိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇတိ။ အတ္ထပဋိသမ္ဘိဒါ တေသုစေဝ ဥပ္ပဇ္ဇတိ။ စတူသု မဂ္ဂေသု စတူသု ဖလေသု စ ဥပ္ပဇ္ဇတိ။

ဟူသော ပဋိသမ္ဘိဒါဝိဘင်း အဘိဓမ္မဘာဇနီပါဠိတော် (၃၁၈) နှင့်အညီ ဓမ္မပဋိသမ္ဘိဒါဉာဏ်, နိရုတ္တိပဋိသမ္ဘိဒါဉာဏ်, ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ဟူသည် မဟာကုသိုလ် မဟာကြိယာဉာဏသမ္ပယုတ်စိတ် ရှစ်ခုတို့၌ ဖြစ်သော ကာမာဝစရဉာဏ်သာ၊ အတ္ထပဋိသမ္ဘိဒါဉာဏ် ဟူသည်လည်း မဟာကုသိုလ် မဟာကြိယာဉာဏသမ္ပယုတ် စိတ်ရှစ်ခု လောကုတ္တရာစိတ်ရှစ်ခုအားဖြင့် တဆယ့်ခြောက်ပါးသော စိတ်တို့နှင့် ယှဉ်သော ကာမဉာဏ်, လောကုတ္တရာဉာဏ်သာဖြစ်၍ မဟဂ္ဂုတ်စိတ်နှင့်ယှဉ်သော ပဋိသမ္ဘိဒါဉာဏ် ဟူသည် အလျှင်းပင် မရှိကောင်းသော်လည်း ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ မဟဂ္ဂုတ်ဉာဏ်လျှင် အာရုံရှိသည်၏ အဖြစ်ကိုလည်း ပဋိသမ္ဘိဒါဝိဘင်း ပါဠိတော်ပဥ္စာပုစ္ဆကဝါရ (၃၂၀)၌—

> "နိရုတ္တိပဋိသမ္ဘိဒါ ပရိတ္တာရမ္မဏာ။ တီသော ပဋိသမ္ဘိဒါ သိယာ ပရိတ္တာရမ္မဏာ၊ သိယာ မဟဂ္ဂတာရမ္မဏာ၊ သိယာ အပ္ပမာဏာရမ္မဏာ"

ဟူ၍ တိုက်ရိုက်ပင် ဟောတော်မူသည်။

ယင်းသို့ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ မဟဂ္ဂုတ်တရားလျှင် အာရုံရှိသည်၏ အဖြစ်ကို တိုက်ရိုက်ပင် ဟောတော်မူသောကြောင့် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏

အာရုံအရဖြစ်သော ဉာဏ်ကိုကာမ,မဟဂ္ဂုတ်,လောကုတ္တရာ၏ အစွမ်းဖြင့် တနည်း ယူ၍ " ပရိတ္တ မဟဂ္ဂတ အပ္ပမာဏဝသေန ဝါ " ဟု ပြဆိုသော ငါ၏ စကားသည် သင့်ပါ၏ ဟူလို။

## ပဥ္စပုစ္ဆကဝါရကို ပြပုံ

အရှင်ဋီကာဆရာ မြတ်စွာဘုရားသည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ မဟဂ္ဂုတ် ဉာဏ်လျှင် အာရုံရှိသည်၏ အဖြစ်ကိုလည်း ပဉ္စပုစ္ဆကပါဠိတော်၌ ဟောတော်မူ သည် ဟူ၏၊ ထိုသို့ ပဉ္စပုစ္ဆကဝါရ၌ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ အာရုံအရကို ပဋိသမ္ဘိဒါဉာဏ်တွင်ရွေးမျှ မက, မဟဂ္ဂုတ်ဉာဏ်ပါယူ၍ အပိုအလွန်နှင့်တကွ ဟောတော်မူသကဲ့သို့ အဘိဓမ္မဘာဇနီ၌လည်း အပိုအလွန်နှင့်တကွပင် ဟော တော်မူလေသလော ဟူဘွယ်ရှိ၍ "အဘိဓမ္မဘာဇနီယေ ပန" စသော စကားကို ဆိုတော်မူပြန်သည်။

"အဘိဓမ္မဘာဇနီယေ ပန သာဝသေသော ပါဌော ကတော" သာ ဆိုလိုရင်း။

အဘိဓမ္မဘာဇနီ၌ကား အပိုအလွန်နှင့် တကွ ဟောတော်မမူ၊ ပဋိဘာနပဋိသမ္ဘိ ဒါဉာဏ်၏ အာရုံဖြစ်ထိုက်သမျှကို အကုန်မယူဘဲ နိဗ္ဗာန်လျှင် အာရုံရှိသော အတ္ထပဋိသမ္ဘိဒါဉာဏ်ကို ချန်ထား၍ အကြွင်းနှင့်တကွ ဟောတော်မူသည် ဟူလို။

အဘယ့်ကြောင့်ကား ထိုဉာဏ်ကိုချန်ထား၍ အကြွင်းနှင့်တကွ ဟောတော်မူ လေသနည်း ဟူဘွယ်ရှိ၍ "စိတ္တုပ္ပါဒကဏ္ဍမေန ဒေသနာယ ပဝတ္တတ္တာ" ကို ဆို ပြန်ရသည်။ အဘိဓမ္မဘာဇနီဒေသနာ၏ မဟာကုသိုလ်ပဌမ စိတ္တုပ္ပါဒ်အစရှိသော စိတ္တုပ္ပါဒ်အစဉ်အားဖြင့် ဖြစ်ရကား ထိုစိတ္တုပ္ပါဒ်အစဉ်၌လည်း နိဗ္ဗာန်မပါ မဝင် သောကြောင့် အကြွင်းနှင့်တကွ ဟောတော်မူသည် ဟူလို။

စိတ္တုပ္ပါဒ်အစဉ်အားဖြင့် အဘယ်သို့ဖြစ်သနည်း ဟူဘွယ်ရှိ၍ " ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ။ပ။ပဋိဘာနပဋိသမ္ဘိဒါတိ " ဟူသော ပဋိသမ္ဘိဒါ ဝိဘင်းအဘိဓမ္မဘာဇနီပါဠိတော်ကို ထုတ်ဆောင်ပြတော်မူသည်။

အဘယ်သို့ သာဝသေသအားဖြင့် ဟောတော်မူသနည်း ဟူဘွယ်ရှိ၍ သာဝ သေသအားဖြင့် ဟောတော်မူဟန်ကို ပြပြန်လိုသောကြောင့် " စိတ္တုပ္ပါဒသင်္ဂ- ဟိတေ " စသည်ကို မိန့်ဆိုပြန်သည်။

" ယထာ ဒဿိတဝိသယဝသေန ယေန ဉာဏေန တာနိ ဉာဏာနိ ဇာနာတိ" သာ ဆိုလိုရင်း။

"ယသ္မိံ သမယေ ကာမာဝစရံ" အစရှိသောအပြားအားဖြင့် ပြကြားတော်မူ အပ်သော ပဌမမဟာကုသိုလ် စိတ္တုပ္ပါဒ်အစရှိသော အာရုံ၏ အစွမ်းအားဖြင့်

"ယေန ဉာဏေန တာနိ ဉာဏာနိ ဇာနာတိ" ဟူ၍ နိဗ္ဗာန်လျှင် အာရုံရှိသော အတ္ထပဋိသမ္ဘိဒါဉာဏ်ကို ချန်ထား၍ အကြွင်းနှင့်တကွ ဟောတော်မူသည် ဟူလို။

"ယေန ဉာဏေန တာနိ ဉာဏာနိ ဇာနာတိ" ဟူသော စကားကို ယထာ-ဒဿိဘဝိသယ၏ အစွမ်းဖြင့် ဟောတော်မူလျှင်ပင် အဘယ့်ကြောင့် သာဝသေသ အားဖြင့် ဟောတော်မူသည်ဟု ဆိုရလေသနည်း ဟူဘွယ်ရှိ၍ "စိတ္တုပ္ပါဒသင်္ဂ-ဟိတေ အတ္ထေ ဒေသနာ အဘိဓမ္မဘာဇနီယေ ပဝတ္တာ ဣတိ" ကို ဆိုတော်မူရသည်။

အဘိဓမ္မဘာဇနီစိတ္တုပ္ပါဒ်ဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သော တရားတို့ကို ဟောတော်မူခြင်း ဖြစ်သောကြောင့် သာဝသေသအားဖြင့် ဟောတော်မူခြင်းဖြစ်သည် ဟူလို။

ထိုစိတ္တုပ္ပါဒအားဖြင့် သင်္ဂြိုဟ်အပ်သော တရားတို့ကို မယူ၊ အချို့မျှကိုသာ ဟောသောကြောင့်ပင် သာဝသေသအားဖြင့် ဟောတော်မူသည် မည်လေသလော ဟူဘွယ်ရှိ၍ "အသေသေတွာ" ကို ဆိုပြန်ရသည်။ စိတ္တုပ္ပါဒသင်္ဂဟိတ-အတ္ထတို့ကို မကြွင်းမကျန်စေမူ၍ အကုန်ဟောပါလျက် အဘယ့်ကြောင့် သာဝသေသအားဖြင့် ဟောသည် မည်ရလေသနည်း ဟူဘွယ်ရှိ၍ "န သဗ္ဗေ ဉေယျေ" ကို ပြဆိုရပြန်သည်။

အဘိဓမ္မဘာဇနီ၌ စိတ္တုပ္ပါဒ်ဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သော သဘောတရားတို့ကိုသာ မကြွင်းမကျန်စေမူ၍ ဟောပြခြင်းဖြစ်သည်။ ပဋိသမ္ဘိဒါဉာဏ်ဖြင့် သိအပ်သမျှသော အလုံးစုံသော အာရုံကို မကြွင်းမကျန်စေမူ၍ ဟောတော်မူခြင်း မဖြစ်၊ ထို့ကြောင့် "ယသ္မိံ သမယေ ကာမာဝစရံ" စသည်ဖြင့် ပြဆိုအပ်သော အပြားရှိသော စိတ္တုပ္ပါဒ်ဟူသော အာရုံ၏အစွမ်းဖြင့် ဟောတော်မူအပ်သော "ယေန ဉာဏေန တာနိ ဉာဏာနိ ဇာနာတိ" ဟူသော ဒေသနာသည် သာဝသေသဒေသနာဖြစ်သည် ဟူလို။

အဘိဓမ္မာဒေသနာဝယ် တစုံတခုသောတရားကို မဟောကြားခြင်းသည်ပင် ထိုတရား၏ ရှိသည်၏အဖြစ်ကို တားမြစ်သည် မည်သောကြောင့် အဘိဓမ္မဘာဇနီ၌ စိတ္တုပ္ပါဒသင်္ဂဟိတဖြစ်သော တရားကိုသာ အကုန်ဟော၍ ဉေယျအကုန် မဟောသောကြောင့် စိတ္တုပ္ပါဒ်ဟူသော အာရုံ၏ အစွမ်းဖြင့်သာ ဟောခဲ့သော် ဤအဘိဓမ္မဘာဇနီသည် ပဋိသမ္ဘိဒါဉာဏ်၏ စိတ္တုပ္ပါဒသင်္ဂဟိတအာရုံမှ တပါး အခြားသောအာရုံလျှင် အာရုံရှိသည်၏ အဖြစ်ကို တားမြစ်လေသလော ဟူဘွယ်ရှိ၍ "န တံ အညာရမ္မဏတံ ပဋိသေဓေတိ" ကို မိန့်ဆိုရပြန်သည်။

အဘိဓမ္မဘာဇနီ၌ စိတ္တုပ္ပါဒသင်္ဂဟိတတို့ကိုသာ ဟော၍ ဉေယျအကုန် မဟောသော်လည်း ဤအဘိဓမ္မဘာဇနီသည် ပဋိသမ္ဘိဒါဉာဏ်၏ စိတ္တုပ္ပါဒ်ဟူ

သော အာရုံမှတပါး အခြားအာရုံလျှင် အာရုံရှိသည်၏ အဖြစ်ကို မတားမြစ် ဟူလို။

စိတ္တုပ္ပါဒ်ဟူသော အာရုံမှ တပါးသော အာရုံ၏ ပဋိသန္ဓိဒါဉာဏ်၏ အာရုံ ဖြစ်သည်၏ အဖြစ်ကို တားမြစ်လို၍ပင် ဤအဘိဓမ္မဘာဇနီ၌ပဋိသန္ဓိဒါ၏အာရုံ ဖြစ်ထိုက်သော တရားတို့တွင် စိတ္တုပ္ပါဒ်ဟူသော အာရုံမှတပါး အခြားအာရုံကို ဟောတော်မမူသည် မဟုတ်ပါလော၊ ထိုသို့လျက် အဘယ့်ကြောင့် ဤအဘိဓမ္မ ဘာဇနီသည် ပဋိသန္ဓိဒါဉာဏ်၏ စိတ္တုပ္ပါဒ်ဟူသော အာရုံမှတပါး အခြားအာရုံ လျှင် အာရုံရှိသည်၏အဖြစ်ကို မတားမြစ်လေသနည်း ဟူဘွယ်ရှိ၍ "ဒေသနာယ အတပ္ပရဘာဝတော" ဟူသော ဟိတ်ကို ဆိုပြန်ရသည်။

ဤအဘိဓမ္မဘာဇနီကို စိတ္တုပ္ပါဒ်ဟူသော အာရုံမှတပါး အခြားအာရုံ၏ ပဋိသန္ဓိဒါဉာဏ်၏ အဖြစ်ကို တားမြစ်လို၍ ဟောတော်မူသည် မဟုတ်ဖြစ်၍ အဘိဓမ္မဘာဇနီဒေသနာ၏ စိတ္တုပ္ပါဒ်ဟူသော အာရုံမှတပါး အခြားသောအာရုံ ၏ ပဋိသန္ဓိဒါဉာဏ်၏ အာရုံအဖြစ်ကို တားမြစ်ခြင်း မပြဋ္ဌာန်းသောကြောင့် မတားမြစ်သည် ဟူလို။

အဘိဓမ္မဘာဇနီ၏ ဤအဘိဓမ္မဘာဇနီ၌လာသော စိတ္တုပ္ပါဒ်ဟူသော အာရုံ မှတပါး အခြားအာရုံ၏ ပဋိသန္ဓိဒါဉာဏ်၏အာရုံအဖြစ်ကို တားမြစ်ခြင်း မပြဋ္ဌာန်း သည်၏ အဖြစ်ကို အဘယ်အကြောင်းကြောင့် သိပါသနည်း ဟူဘွယ်ရှိ၍ "ဝေဒ္ဓ ကတ္တာ" အစရှိသော စကားကို မိန့်ဆိုရပြန်သည်။

"ဝေဒ္ဓ ကတ္တာ အတ္ထပဋိသန္ဓိဒါယ နိဗ္ဗာနာရမ္မဏတာ ဝုတ္တာဝေ" သာ ပြလိုရင်း။

အဘိဓမ္မဘာဇနီ၏ စိတ္တုပ္ပါဒ်ဟူသော အာရုံမှ တပါးသော အာရုံ၏ ပဋိသန္ဓိဒါ ဉာဏ်၏ အာရုံအဖြစ်ကို တားမြစ်ခြင်း မပြဋ္ဌာန်းသောကြောင့်ပင်လျှင် အတ္ထ- ပဋိသန္ဓိဒါဉာဏ်၏ စိတ္တုပ္ပါဒ် ဟူသော အာရုံမှတပါးသော နိဗ္ဗာန်တရားလျှင် အာရုံ ရှိသည်၏ အဖြစ်ကို ဟောတော်မူသည်။ ဤသို့ အတ္ထပဋိသန္ဓိဒါဉာဏ်၏ အဘိဓမ္မ ဘာဇနီ၌ လာသော စိတ္တုပ္ပါဒ် ဟူသော အာရုံမှတပါးသော နိဗ္ဗာန်လျှင် အာရုံရှိ သည်၏အဖြစ်ကို ဟောတော်မူသည်သာဖြစ်၍ အဘိဓမ္မဘာဇနီ၏ ယင်း၌လာ သော စိတ္တုပ္ပါဒ်ဟူသော အာရုံမှ တပါးသော အခြားအာရုံ၏ပဋိသန္ဓိဒါဉာဏ်၏ အာရုံအဖြစ်ကို တားမြစ်ခြင်း မပြဋ္ဌာန်းသည်၏အဖြစ်ကို သိသည် ဟူလို။

အတ္ထပဋိသန္ဓိဒါဉာဏ်၏ နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်ကို ဟောတော်မူ သည် ဟူ၏၊ ထိုနိဗ္ဗာန်သည် အဘိဓမ္မဘာဇနီ၌ မလာပါသည်သာ မဟုတ်လော၊ ယင်း၌ လာသောကြောင့်ပင် အတ္ထပဋိသန္ဓိဒါဉာဏ်၏ နိဗ္ဗာန်လျှင် အာရုံရှိသည်၏

အဖြစ်ကို ဟောတော်မူလေသလော ဟူဘွယ်ရှိ၍ "တတ္ထ နိဗ္ဗာနေ အနာဂတေပိ" ကို မိန့်ဆိုပြန်ရသည်။

သင် စောဒကကြံသည့်အတိုင်း အဘိဓမ္မဘာဇနီ၌ နိဗ္ဗာန်မလာသည် မှန်ပါပေ၏။ ယင်းသို့ပင် အဘိဓမ္မဘာဇနီ၌ နိဗ္ဗာန်မလာသော်လည်း အတ္တပဋိသမ္ဘိဒါဉာဏ်၏ နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်ကို ဟောတော်မူသည်သာ ဟူလို။

အတ္ထပဋိသမ္ဘိဒါဉာဏ်၏ နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်ကို အဘယ်သို့ ဟောတော်မူသနည်း ဟူဘွယ်ရှိ၍ ပဋိသမ္ဘိဒါဝိဘင်းပါဠိတော် ပဉှာပုစ္ဆကဝါရ၌ လာသော ပါဠိတော်ကိုဆောင်၍ ဟောတော်မူဟန် အခြင်းအရာ ဝုတ္တာကာရကို ပြခြင်းငှါ "အတ္ထပဋိသမ္ဘိဒါ န ဝတ္တဗ္ဗာ။ ပ ။ပစ္စုပ္ပန္နာရမ္မဏာတိပိ" ကို ပြဆိုတော်မူသည်။

> အတ္ထပဋိသမ္ဘိဒါ သိယာ အတီတာရမ္မဏာ၊ သိယာ အနာဂတာရမ္မဏာ၊ သိယာ ပစ္စုပ္ပန္နာရမ္မဏာ၊ သိယာ န ဝတ္တဗ္ဗာ အတီတာရမ္မဏာတိပိ အနာဂတာရမ္မဏာတိပိ ပစ္စုပ္ပန္နာရမ္မဏာတိပိ။

ဟူသော ပဋိသမ္ဘိဒါဝိဘင်းပဉှာပုစ္ဆကဝါရပါဠိတော် မှ အတ္ထပဋိသမ္ဘိဒါ-ဟူသော ကတ္တားနှင့်တကွ ယူ၍ ဤ၌ ပြလိုရင်းဖြစ်သော "သိယာ န ဝတ္တဗ္ဗာ အတီတာရမ္မဏာတိပိ အနာဂတာရမ္မဏာတိပိ ပစ္စုပ္ပန္နာရမ္မဏာတိပိ" ဟူသော ပါဠိ တစိတ်မျှကို ဋီကာဆရာ ဆောင်ပြသည်။

အတ္ထပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်သည်။ သိယာ၊ အတိတ်တရားကို အာရုံပြုခိုက်ဖြစ်သော ရံခါ။ အတီတာရမ္မဏာ၊ အတိတ်တရားလျှင် အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ သိယာ၊ အနာဂတ်တရားကို အာရုံပြုခိုက်ဖြစ်သော ရံခါ။ အနာဂတာရမ္မဏာ၊ အနာဂတ်တရားလျှင် အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ သိယာ၊ ပစ္စုပ္ပန်တရားကို အာရုံပြုခိုက်ဖြစ်သော ရံခါ။ ပစ္စုပ္ပန္နာရမ္မဏာ၊ ပစ္စုပ္ပန် တရားလျှင် အာရုံရှိသည်။ ဟောတိ၊ ၏။ သိယာ၊ ကာလဝိမုတ်ကနေ် နိဗ္ဗာန် တရားကို အာရုံပြုခိုက်ဖြစ်သော ရံခါ။ အတီတာရမ္မဏာတိပိ၊ အတိတ်တရား လျှင် အာရုံရှိသည် ဟူ၍ငှင်း။ အနာဂတာရမ္မဏာတိပိ၊ အနာဂတ်တရားလျှင် အာရုံရှိသည် ဟူ၍ငှင်း။ ပစ္စုပ္ပန္နာရမ္မဏာတိပိ၊ ပစ္စုပ္ပန်တရားလျှင် အာရုံရှိသည် ဟူ၍ငှင်း။ န ဝတ္တဗ္ဗာ၊ မဆိုအပ် မဆိုထိုက်သည်။ ဟောတိ၊ ၏။

ဤသို့ ဟောတော်မူရင်း ပါဠိတော်ရှိသည့်အတိုင်း အကုန်ယူ၍ မြန်မာပြန်။

## ၂၇-နိဗ္ဗာန်ဖြစ်ခြင်း သဘော စသည်ကို ပြပုံ

### နိဗ္ဗာန်မဖြစ်သေး-ဟူသော စကားနှင့် အဘူတအပြား ပြဆိုခြင်း

အချို့သော ဝိနိစ္ဆယဆရာသည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည် ထိုနိဗ္ဗာန်ကို ရမည့်ရဟန္တာပုဂ္ဂိုလ် စုတိစိတ်ဖြစ်သည် တိုင်အောင်သော ကာလမှ ရှေ့အဘို့ကာလ၌ တရံတဆစ်မျှ မဖြစ်ဘူးသေး၊ ၎င်းပုဂ္ဂိုလ် စုတေပြီးသည့် နောက်ကာလမှ ဖြစ်သောကြောင့် ၎င်းပုဂ္ဂိုလ်သန္တာန်ဝယ် မဂ်ဖိုလ်ဘရားတို့ ဖြစ်သောအခါ ၎င်းနိဗ္ဗာန် မဖြစ်သေး၊ ဖြစ်လတ္တံ့သာဖြစ်၍ မဂ်ဖိုလ်တို့သည် အနာဂတ်နိဗ္ဗာန်ကို အာရုံပြုသည် ဟု အယူရှိ၍ ထိုနိဗ္ဗာန်သည် ရဟန္တာတို့ စုတိစိတ်ဖြစ်သည်မှ ရှေးကာလ တရံတဆစ်မျှ မဖြစ်ဘူးဘဲ စုတေပြီးမှ တခါတည်းသာ ဖြစ်ပေါ်လာသည် ဟု ပြဆို၍ ထိုစကားကို မြဲခိုင်စိမ့်သောငှါ ပဏ္ဏာသအဋ္ဌကထာ ၃-(၂) ၌ လာသော—"အဘူတပုဗ္ဗံ ဘူတန္တိ အဗ္ဘုတံ" ဟူသော စကားကို သာကေပြုလုပ် ဆောင်ပြ၍ ၎င်းပါဠိကို "အဘူဘပုဗ္ဗံ၊ ရှေး၌ တရံတဆစ် မဖြစ်လာဘူးဘဲ။ ဘူတံ၊ ဤ တခါတည်းသာ ဖြစ်ပေါ်လာပေသော နိဗ္ဗာန်တည်း။ အဗ္ဘုတံ၊ ရှေး၌ တရံတဆစ် မဖြစ်လာဘူးဘဲ ဤ တခါတည်းသာ ဖြစ်ပေါ်လာပေသောနိဗ္ဗာန်" ဟု မြန်မာပြန်ဆို၏။ ယင်းသို့ နိဗ္ဗာန်ကို ပြဆိုသောအရာ၌ ထို "အဘူတပုဗ္ဗံ ဘူတန္တိ အဗ္ဘုတံ" ဟူသော ပဏ္ဏာသအဋ္ဌကထာကို ဆောင်ပြ အနက်ပြန်ဆိုခြင်းသည်—

သာမညဝစနေပိ သဒ္ဒေါ သဒ္ဒန္တရသန္နိဓာနေန ဝိသေသဝိသယော။

သဒ္ဒေါ၊ သဒ္ဒါသည်။ သာမညဝစနေပိ၊ သာမညအနက်ကိုပင် ဟောသော်လည်း။ သဒ္ဒန္တရသန္နိဓာနေန၊ သဒ္ဒါတပါးနှင့်တကွ တည်ခြင်းကြောင့်။ ဝိသေသဝိသယော၊ ထူးသောအနက်လျှင် အရာရှိသည်။ ဟောတိ၊ ၏ ဟူ၍၎င်း—

အတ္ထပကရဏလိင်္ဂ၊ ဩစိတျကာလဒေသတော။
သဒ္ဒတ္ထာ ဝိဘဇီယန္တိ၊ န သဒ္ဒါယေဝ ကေဝလံ။

အတ္ထပကရဏလိင်္ဂ ဩစိတျကာလ ဒေသတော၊ အနက်၊ အရာ၊ လိင်၊ အသင့်၊ ကာလ၊ ဒေသအားဖြင့်။ သဒ္ဒတ္ထကုသလေဟိ၊ သဒ္ဒါ၌၎င်း အနက်၌၎င်း လိမ္မာကုန်သော ပညာရှိတို့သည်။ သဒ္ဒတ္ထာ၊ သဒ္ဒါ၏အနက်တို့ကို။ ဝိဘဇီယန္တိ၊ ဝေဖန်အပ်ကုန်၏။ သဒ္ဒါယေဝ၊ သဒ္ဒါတို့ကိုသာလျှင်။ ကေဝလံ၊ သက်သက်။ န ဝိဘဇီယန္တိ၊ မဝေဖန်အပ်ကုန်။ ဟူ၍ ၎င်းသဒ္ဒါငယ်ကျမ်းဂန်တို့၌ ပြဆိုအပ်သော သဘောကို သတိမမူမိ၍သာ ဖြစ်ရာသည်။

ပါဠိ၌ အဋ္ဌကထာ ဋီကာ စသော ကျမ်းဂန်သဘော၌ အလျှင်းပင် မသက်ဝင်သော နိဗ္ဗာန်၏ သဘောလက္ခဏာနှင့် အလွန်ဝေးကွာသော မှားယွင်းသော အယူစကားသာဖြစ်၍ ထိုစကားကို မမှတ်သားအပ်။

## စိတ္တ-သဒ္ဒါအနက် ပေးပုံ

အနက်နှစ်ပါးစသည်ကို ဟောစွမ်းနိုင်သော သဒ္ဒါသည် သမညအားဖြင့် အနက်များနှင့် ဆက်ဆံသည်ပင် ဖြစ်သော်လည်း တစုံတခုသော သဒ္ဒါအထူးနှင့်တကွ တည်သောကြောင့် ထူးသောအနက်လျှင် အရာရှိရကား ထိုတကွတည်ဘက်ဖြစ်သော သဒ္ဒါတပါးကို ထောက်ထားသဖြင့်၎င်း အနက်, အရာ, လိင်စသည်ကို ထောက်ထားဆင်ခြင်သဖြင့်၎င်း ဤသဒ္ဒါသည် ဤအရာ၌ ဤအနက်ကို ဟော၏ ဟု ထိုသဒ္ဒါ၏ ထူးသောအနက်ကို ပညာရှိတို့ သိအပ်ကုန်ရာသည်။

ဝိညာဏေ စိတ္တကမ္မေ စ၊ ဝိစိတ္တေ စိတ္တမုစ္စတေ။
ပညတ္တိစိတ္တမာသေသု၊ စိတ္တော တာရန္တရေ ထိယံ။

စိတ္တံ၊ နပုလ္လိင်စိတ္တသဒ္ဒါကို။ ဝိညာဏေ စ၊ ဝိညာဉ်ဟူသောအနက်၌၎င်း။ စိတ္တကမ္မေ စ၊ ဆန်းကြယ်သောအမှု၌၎င်း။ ဝိစိတ္တေ စ၊ ဆန်းကြယ်ခြင်း၌၎င်း။ ဉစ္စတေ၊ ဆိုအပ်၏။ စိတ္တော၊ ပုလ္လိင်စိတ္တသဒ္ဒါကို။ ပညတ္တိစိတ္တမာသေသု၊ စိတ္တဟူသောအမည်နာမပညတ်၊ တန်ခူးလ ဟူသောအနက်တို့၌။ ဉစ္စတေ၊ ၏။ ထိယံ၊ ဣတ္ထိလိင်ဖြစ်သော စိတ္တသဒ္ဒါကို။ တာရန္တရေ၊ စိတြာနက္ခတ် ဟူသော ကြယ်အထူး၌။ ဉစ္စတေ၊ ၏။

ဤသို့ အဘိဓာန်ကျမ်း (ဂါထာနံပါတ်-၇၃၇) ၌ ဟူရကား ပုလ္လိင်စိတ္တသဒ္ဒါသည် စိတ္တဟူသောအမည်ပညတ်,တန်ခူးလ ဟူသောအနက်နှစ်ပါးနှင့်ဆက်ဆံ၍ သာမညဖြစ်သော်လည်း "စိတ္တော ဂဟပတိ ဘဂဝန္တံ ဉပသင်္ကမိ" ဟူရာ၌ ဂဟပတိ-စသော သဒ္ဒါအထူးနှင့်တကွ တည်ခြင်းကြောင့် ထူးသောအနက်လျှင် အရာရှိရကား ထိုတကွတည်သော ဂဟပတိသဒ္ဒါစသည်ကို ထောက်ထား၍ "စိတ္တော၊ စိတ္တမည်သော။ ဂဟပတိ၊ သူကြွယ်သည်။ ဝါ၊ စိတ္တော ဂဟပတိ၊ စိတ္တသူကြွယ်သည်။ ဘဂဝန္တံ၊ သို့။ ဉပသင်္ကမိ၊ ဆည်းကပ်၏"။ ဤသို့ စိတ္တသဒ္ဒါ၏ စိတ္တဟူသော အမည်ပညတ်အနက်ကိုသာ သိအပ် ယူအပ်သည်။ တန်ခူးလ ဟူသောအနက်ကို မသိအပ် မယူအပ်။

"စိတ္တော ဝေသာခေါ် ဇေဋ္ဌော အာသဠှော သာဝဏ္ဏော"

စသည် ဟူရာ၌ ဝေသာခေါ် ဇေဋ္ဌော-စသော သဒ္ဒါအထူးနှင့် တကွ တည်ရကား ထူးသောအနက်လျှင် အရာရှိသည် ဖြစ်၍ ထိုတကွတည်ဘက် ဖြစ်သော သဒ္ဒါအထူးကို ထောက်ထား၍၎င်း လ-တို့ကို ရေတွက်ပြဆိုသော အရာဖြစ်၍

အရာအားလျော်စွာငင်း "စိတ္တော၊ တန်ခူးလ။ ဝေသာခေါ၊ ကဆုန်လ။ ဇေဋ္ဌော၊ နယုန်လ။ အာသဠှော၊ ဝါဆိုလ။ သာရဝဏ္ဏော၊ ဝါခေါင်လ" ဤသို့ စိတ္တာသဒ္ဒါ၏ တန်ခူးလ ဟူသော အနက်ကိုသာ သိအပ် ယူအပ်သည်။ စိတ္တာဟူသော အမည်ပညတ်ကို မယူအပ်။

## သီဟ-သဒ္ဒါ အနက်ပေးပုံ

သီဟသဒ္ဒါသည် သီဟဟူသော အမည်ပညတ် ခြင်္သေ့ဒြဗ်ဟူသော အနက် နှစ်ပါးကို ဟော၍ သာမညအားဖြင့် ၎င်းအနက်နှစ်ပါးနှင့် ဆက်ဆံသော်လည်း "သီဟော သေနာပတိ" ဟူရာ "သီဟော ဂီတံ ဂါယတိ" ဟူရာတို့၌ သဒ္ဒန္တရ-သန္နိဓာန်အားဖြင့်၎င်း အနက်အရာအားလျော်စွာငင်း "သီဟော၊ ကြောက်ရွံ့ ဆုတ်ဆိုင်းတွန့်တိုခြင်း ကင်းသဖြင့် ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော ဝီရိယသူရသတ္တိ ရှိခြင်းကြောင့် သီဟအမည်ရှိသော။ သေနာပတိ၊ စစ်သူကြီး"။ "သီဟော၊ သီဟ မည်သောလုလင်သည်။ ဂီတံ၊ သီချင်းကို။ ဂါယတိ၊ သီဆို၏" ဤသို့ သီဟ ဟူသော အမည်ပညတ်ကိုသာ ယူအပ်သည်၊ ခြင်္သေ့ဒြဗ်ကို မယူအပ်။ "သီဟော နင်္ဂုဋ္ဌံ စာလေတိ" ဟူရာ၌ သဒ္ဒန္တရ သန္နိဓာန် အနက် အရာအားဖြင့် "သီဟော၊ ခြင်္သေ့သည်။ နင်္ဂုဋ္ဌံ၊ မြီးညှောက်ကို။ စာလေတိ၊ လှုပ်၏" ဤသို့ ခြင်္သေ့ဟူသော အနက်ကိုသာ သိအပ် ယူအပ်သည်၊ နာမပညတ်ကို မယူအပ်။

## အဃ-သဒ္ဒါ အနက်ပေးပုံ

အဃသဒ္ဒါသည် သူတောင်းစားဟူသောအနက်၊ မြင်းဟူသောအနက်နှစ်ပါးကို ဟောသည်ဖြစ်၍ သာမညအားဖြင့် ထိုအနက်နှစ်ပါးနှင့် ဆက်ဆံသော်လည်း "အဃေ အာနေဟိ" ဟူသောစကားကို အလှူဝတ္ထုတို့ကို စွန့်လှူပေးကမ်းရာ အလှူတင်းကုပ် စရပ်မဏ္ဍပ်၌ ရပ်တည်၍ ဆိုခဲ့သော် စွန့်လှူပေးကမ်းသော အရာ ဌာနအားလျော်စွာ "အဃေ၊ သူတောင်းစား သူဆင်းရဲတို့ကို။ အာနေဟိ၊ ဆောင်ခဲ့လော့" ဤသို့အဃသဒ္ဒါ၏ သူတောင်းစား သူဆင်းရဲ ဟူသော အနက်တို့ကိုသာ သိအပ် ယူအပ်သည်။ မြင်း ဟူသော အနက်ကို မယူအပ်။

စစ်အင်ကျင်းပရာ စစ်မြေပြင် စသည်၌ရပ်တည်၍ ထို "အဃေ အာနေဟိ" ဟူသော စကားကို ဆိုခဲ့သော် စစ်အင်ကျင်းပရာ စစ်မြေအရပ်အားလျော်စွာ "အဃေ၊ မြင်းတို့ကို။ အာနေဟိ၊ လော့" ဤသို့ အဃသဒ္ဒါ၏ မြင်း ဟူသော အနက်ကိုသာ သိအပ် ယူအပ်သည်။သူတောင်းစား ဟူသော အနက်ကို မယူအပ်။

## သုဝဏ္ဏ-သဒ္ဒါ အနက်ပေးပုံ

သုဝဏ္ဏသဒ္ဒါသည် ဂဠုန်ငှက် ဟူသောအနက်၊ ရွှေ ဟူသော အနက်နှစ်ပါးကို ဟောသည်ဖြစ်၍ သာမညအားဖြင့် ထိုအနက်နှစ်ပါးနှင့် ဆက်ဆံသော်လည်း—

"သုဝဏ္ဏံ ကနကေ ဝုတ္တံ၊ သုဝဏ္ဏော ဂရုဠေ တထာ"။

သုဝဏ္ဏံ၊ နပုလ္လိင်သုဝဏ္ဏသဒ္ဒါကို။ ကနကေ၊ ရွှေ ဟူသောအနက်၌။ ဝုတ္တံ၊ ဆိုအပ်၏။ သုဝဏ္ဏော၊ ပုလ္လိင် သုဝဏ္ဏသဒ္ဒါကို။ ဂရုဠေ၊ ဂဠုန်ငှက် ဟူသောအနက်၌။ တထာ ဝုတ္တော၊ ဆိုအပ်၏။

ဤသို့ အဘိဓာန်ကျမ်း ( ဂါထာနံပါတ်- ၄၇၀၊ ၈၁၀ ) ၌ နပုလ္လိင် သုဝဏ္ဏသဒ္ဒါသာ ရွှေကိုဟောကြောင်း၊ ပုလ္လိင်သုဝဏ္ဏသဒ္ဒါသာ ဂဠုန်ငှက်ကိုဟောကြောင်း ကို မိန့်အပ်သည်ဖြစ်၍ "သုဝဏ္ဏော ဥရဂံ ဂဏှေ" ဟူရာ၌ သုဝဏ္ဏော- ဟု ပုလ္လိင်နှင့် ဆိုသည်ကိုထောက်၍၎င်း "ဥရဂံ ဂဏှေ"ဟူသောသဒ္ဒါတပါးနှင့်တကွ တည်သောကြောင့် တကွတည်ဘက်ဖြစ်သော သဒ္ဒါတပါးကို ထောက်ထား၍၎င်း "သုဝဏ္ဏော၊ ဂဠုန်သည်။ ဥရဂံ၊ နဂါးကို။ ဂဏှေ၊ ဘမ်းယူ၏" ဤသို့ သုဝဏ္ဏသဒ္ဒါ၏ ဂဠုန်ငှက် ဟူသော အနက်ကိုသာ မှတ်ယူအပ်သည်။ ရွှေ ဟူသောအနက်ကို မမှတ်ယူအပ်။

" သုဝဏ္ဏံ ဘာတိ ပဗ္ဗတေ " ဟူရာ၌ သုဝဏ္ဏံ-ဟု နပုလ္လိင်နှင့်ဆိုသည်ကို ထောက်၍၎င်း "ဘာတိ ပဗ္ဗတေ" ဟူသော သဒ္ဒါအထူးနှင့်တကွ တည်သောကြောင့် ထို တကွတည်ဘက်ဖြစ်သော သဒ္ဒါတပါးကို ထောက်၍၎င်း " သုဝဏ္ဏံ၊ ရွှေသည်။ ပဗ္ဗတေ၊ တောင်၌။ ဘာတိ၊ ထွန်းတောက်ပ၏ "။

ဤသို့ သုဝဏ္ဏသဒ္ဒါ၏ ရွှေ ဟူသောအနက်ကိုသာ သိအပ် မှတ်ယူအပ်သည်။ ဂဠုန်ငှက် ဟူသောအနက်ကို မမှတ်ယူအပ်။

**ပီတာ-သဒ္ဒါ အနက်ပေးပုံ**

"တယော ဘိက္ခူ သန္နိပတိတွာ သာယံ ပီတာ " ဟူရာ၌ ပီတာ-သဒ္ဒါသည် သောက်ခြင်း သာမညနှင့် ဆက်ဆံသော်လည်း ထိုရဟန်းတို့၏ သောက်ရာကာလ သည် ညနေချမ်းကာလဖြစ်၍ ကာလကိုထောက်၍၎င်း ဘိက္ခူ သာယံ ဟူသော သဒ္ဒါတပါးနှင့် တကွတည်ခြင်းကြောင့် ထိုတကွတည်ဘက်ဖြစ်သော သဒ္ဒါအထူး ကို ထောက်ဆ၍၎င်း " တယော၊ သုံးပါးကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ သန္နိပတိတွာ၊ စည်းဝေးကုန်၍။ သာယံ၊ ညချမ်းအခါ၌။ ပီတာ၊ အဖျော်ကို သောက်ကြကုန်၏။ ဤသို့ ပီတာ-သဒ္ဒါ၏ အနုလောမနှင့်တကွ အဖျော်ရှစ်ပါး တွင် တပါးပါးကို သောက်ကုန်၏ ဟူသော အနက်ကိုသာ သိအပ် မှတ်ယူအပ် သည်၊ ယာဂုကို သောက်ကုန်၏ ဟူသော အနက်ကို မမှတ်ယူအပ်။

**ရောဟိတ-အနက်ပေးပုံ**

ရောဟိတသဒ္ဒါသည် ငါးကြင်း ဟူသော ငါးအထူး, စိုင်ဟူသော သားအထူး ကို ဟောသည်ဖြစ်၍ သာမညအားဖြင့် ထိုအနက်နှစ်ပါးနှင့် ဆက်ဆံသော်လည်း

"ဥဒကေ ရောဟိတာ ယန္တိ" ဟူရာ၌ ယန္တိ-ဟူသော သွားခြင်း ကြိယာ၏ တည်ရာအရပ်ကို ရေ ဟူ၍ ဆိုအပ်ရကား ရေ ဟူသောဒေသအရပ်ဝယ် ငါးတို့၏သာ ပြေးသွားခြင်း ဖြစ်သင့်သောကြောင့် ထိုပြေးသွားခြင်း ကြိယာ၏ တည်ရာဒေသကို ထောက်သောအားဖြင့် "ရောဟိတာ၊ ငါးကြင်းတို့သည်။ ဥဒကေ၊ ရေ၌။ ယန္တိ၊ ပြေးသွားကုန်၏" ဤသို့ ရောဟိတသဒ္ဒါ၏ ငါးကြင်း ဟူသောအနက်ကိုသာ သိအပ် မှတ်ယူအပ်သည်၊ စိုင် ဟူသော အနက်ကို မမှတ်ယူအပ်။

"ထလေ ရောဟိတာ ယန္တိ" ဟူရာ၌ ပြေးသွားခြင်းကြိယာ၏ တည်ရာအရပ်ဒေသကို ထလေ-ဟု ဆိုအပ်ရကား ထိုပြေးသွားခြင်းကြိယာ၏ တည်ရာ ကြည်းကုန်း ဟူသော ဒေသကို ထောက်သောအားဖြင့် "ထလေ၊ ကြည်းကုန်း၌။ ရောဟိတာ၊ စိုင်တို့သည်။ ယန္တိ၊ ပြေးသွားကုန်၏" ဤသို့ ရောဟိတ-သဒ္ဒါ၏ စိုင် ဟူသောအနက်ကိုသာ သိအပ် မှတ်ယူအပ်သည်။ ငါးကြင်း ဟူသော အနက်ကို မမှတ်ယူအပ်။

## အဗ္ဘုတ-အနက်ပေးပုံ အဆုံးအဖြတ်

အဗ္ဘုတသဒ္ဒါ၏ ရှေးကာလ တရံတဆစ် မဖြစ်ဘူးမြဲ အလွန်ဖြစ်ခဲသော သဘော၏ အံ့သြဘွယ်ရာ တခါတရံ ပစ္စုပ္ပန်မျက်မှောက် ဖြစ်ရောက် ပေါ်ရှိလာခြင်းဟူသော အဘူတပုဗ္ဗဘူတ အနက်, လောင်းတမ်း ပြုလုပ်ခြင်းဟူသော အဗ္ဘုတကရဏ အနက်နှစ်ပါးတို့၌ ဖြစ်ကြောင်းကို သဒ္ဒနီတိကျမ်း(ပဒ-၃၄၀)၌—

တထာ ဟိ အဗ္ဘုတန္တိ ပဒဿ အဘူတပုဗ္ဗံ ဘူတန္တိပိ အတ္ထော ဘဝတိ။
အဗ္ဘုတကရဏန္တိပိ အတ္ထော ဘဝတိ။

ဟူ၍ ပြတော်မူသည်။

တထာ-တံ ဝစနံ၊ ထိုစကားသည်။ ဟိ သစ္စံ၊ မှန်၏။ အဗ္ဘုတန္တိ ပဒဿ၊ အဗ္ဘုတံ-ဟူသောပုဒ်၏။ အဘူတပုဗ္ဗံ ဘူတန္တိပိ အတ္ထော၊ ရှေး၌ မဖြစ်ဘူးမြဲ အံ့သြဘွယ်ရာ ဖြစ်ရာ၏ ဟူသော အနက်သည်လည်း။ ဘဝတိ၊ ဖြစ်၏။ အဗ္ဘုတကရဏန္တိပိ အတ္ထော၊ လောင်းတမ်းပြုလုပ်ခြင်း ဟူသော အနက်သည်လည်း။ ဘဝတိ၊ ၏။

ထိုနှစ်ပါးတို့တွင် အဗ္ဘုတသဒ္ဒါသည် "အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော" စသည်ဝယ် အဘူတပုဗ္ဗဘူတအနက်၌ဖြစ်ကြောင်း၊ "ဟောတု နော အဗ္ဘုတံ တတ္ထ" ဟူသော ဘူရိဒတ်ဇာတ်၌ ပါဠိတော်စသည်၌ အဗ္ဘုတကရဏ အနက်၌ ဖြစ်ကြောင်းကို ၎င်းကျမ်း (ပဒ-၃၄၀) ၌—

တတြ အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော။
အစ္ဆေရံ ဝတ လောကသ္မိံ၊ အဗ္ဘုတံ လောမဟံသနံ။

ဣစ္စေဝမာဒယော အဘူတပုဗ္ဗံ ဘူတန္တိအတ္ထေ ပယောဂါ။

တွံ မံ နာဂေန အာလမ္ဗ၊ အဟံ မဏ္ဍူကဆာပိယာ။
ဟောတု နော အဗ္ဘုတံ တတ္ထ၊ အာသဟသော့ဟိ ပဉ္စဟိတိ။

ဣစ္စေဝမာဒယော အဗ္ဘုတကရဏတ္ထေ ပယောဂါ။

ဟူ၍ ပြဆိုတော်မူ၏။

တတြ၊ ထိုအဗ္ဘုတသဒ္ဒါ၏ အဘူတပုဗ္ဗဘူတအနက်, အဗ္ဘုတကရဏအနက် နှစ်ပါးတို့တွင်။အစ္ဆရိယံ ဝတ။ပ။လောမဟံသနန္တိ၊ အစ္ဆရိယံ ဝတ။ပ။လောမဟံ-သနံ-ဟူကုန်သော။ ဣစ္စေဝမာဒယော၊ ဤသို့ အစရှိကုန်သော ပြယုဂ်ပါဠိတို့သည်။ အဘူတပုဗ္ဗံဘူတန္တိ အတ္ထေ၊ ရှေး၌ တရံတဆစ် မဖြစ်ဘူးဘဲ အံ့ဩဘွယ်ရာ တခါတရံ ပစ္စုပ္ပန်လက်ငင်း ထင်လင်းစွာ ဖြစ်ပေါ်လာ၏ ဟူသော အနက်၌။ ပယောဂါ၊ ပြယုဂ်တို့တည်း။

တွံ မံ။ပ။ပဉ္စဟိတိ၊ တွံ မံ။ပ။ပဉ္စဟိ-ဟူကုန်သော။ ဣစ္စေဝမာဒယော၊ ဤသို့ အစရှိကုန်သော ပြယုဂ်ပါဠိတို့သည်။ အဗ္ဘုတကရဏတ္ထေ၊ လောင်းတမ်းပြုလုပ်ခြင်းဟူသော အနက်၌။ ပယောဂါ၊ပြယုဂ်ပါဠိတို့တည်း။

ဘော၊ အိုအချင်းတို့။ အစ္ဆရိယံ ဝတ၊ လက်ဖျစ်ခတ်တီး ဝှဲချီးခြင်းငှါ ထိုက်တန်သင့်လျော်စွတကား။ ဘော၊တို့။ အဗ္ဘုတံ ဝတ၊ မဖြစ်ဘူးမြဲ အံ့ဩဘွယ်ရာ ဖြစ်လာစွတကား။

လောကသ္မိံ၊ လောက၌။ အစ္ဆေရံ၊ လက်ဖျစ်တီးဝှဲ အံ့အဲဘွယ်ရာဖြစ်သော။ လောမဟံသနံ၊ ကြက်သီးမွေးညင်းထဘွယ်သော။ အဗ္ဘုတံ၊ ရှေး၌မဖြစ်ဘူးဘဲ အံ့ဘွယ်သရဲ ဖြစ်ခြင်းသည်။ ဇာတံ ဝတ၊ ဖြစ်စွတကား။

အာလမ္ဗ၊ အလမ္ဗါယ်။ တွံ၊ သင်သည်။ မံ၊ ငါ့ကို။ နာဂေန၊ ဤ သင်၏ နဂါးဖြင့်။ ယုဇ္ဈ၊ စစ်ထိုးလော့။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ မဏ္ဍူကဆာ-ပိယာ၊ ငါ၏ ဤ ဘားမယ်ဖြင့်။ ယုဇ္ဈိဿာမိ၊ စစ်ထိုးအံ့။ တတ္ထ၊ ထိုနဂါးနှင့် ဘားမယ် အစွမ်းပြိုင်ဆိုင် ရှုံးနိုင်အမှု စစ်ပြုကစားကြရာ၌။ အာသဟသော့ဟိ ပဉ္စဟိ၊ ငါးထောင်တိုင်အောင်သော သပြာတို့ဖြင့်။ နော၊ ငါတို့၏။ အဗ္ဘုတံ၊ လောင်းတမ်း ပြုလုပ်ခြင်းသည်။ ဟောတု၊ ဖြစ်စေလော့။ ဣတိ၊ သို့။ သုဒဿနော၊ သုဒဿနသည်။ အာဟ၊ ဆို၏။

နောက် ဣစ္စေဝမာဒယော-ဝယ် အာဒိသဒ္ဒါဖြင့်—

> ဂစ္ဆ တွံ ဗြာဟ္မဏ သေဋ္ဌိနာ သဒ္ဓိံ သဟာယေန အစ္စုတံ ကရောဟိ။
> ဒွီဟိ သဟာယေဟိ အစ္စုတံ ကရောဟိ။

ဘိက္ခုဝိဘင်းပါဠိတော် (ပါစိတ္တိယ-၇) နန္ဒိဝိသာလဇာတ်ပါဠိတော် စသည်ကိုယူ။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ဂစ္ဆ၊ သွားချေ။ သေဋ္ဌိနာ၊ သူဌေးနှင့်။ သဒ္ဓိံ၊ တကွ။ သဟာယေန၊ အသပြာတထောင်ဖြင့်။ အစ္စုတံ၊ လောင်းတမ်း ပြုလုပ်ခြင်းအမှုကို။ ကရောဟိ၊ ပြုချေလော့။

ဒွီဟိ သဟာယေဟိ၊ အသပြာနှစ်ထောင်တို့ဖြင့်။ အစ္စုတံ၊ လောင်းတမ်း ပြုလုပ်ခြင်းအမှုကို။ ကရောဟိ၊ ပြုချေလော့။

ထိုအနက်နှစ်ပါးကို ဟောသော အစ္စုတသဒ္ဒါဝယ် အစ္စု-ဟု ရဿဖြစ်သော ဥသရနှင့် ရှိသင့်ကြောင်းကိုလည်း ရင်းသဒ္ဒနီတိကျမ်း (ပဒ-၃၄၁) ၌ပင်—

> အဘူတပုဗ္ဗံ ဘူတန္တိ၊ အတ္ထသ္မိံ အစ္စုတန္တိဒံ။
> ပဒံ ဝိညူဟိ ဝိညေယျံ၊ ရဿဘာဝေန သဏ္ဌိတံ။
> အစ္စုတကရဏတ္ထေပိ၊ အစ္စုတန္တိ ပဒံ တထာ။
> သဏ္ဌိတံ ရဿဘာဝေန၊ ဣတိ ဝိဒ္ဒါ ဝိဘာဝယေ။

ဟု ပြဆိုတော်မူ၏။

အဘူတပုဗ္ဗံဘူတန္တိ အတ္ထသ္မိံ၊ မဖြစ်ဘူးမြဲ ဖြစ်၏ဟူသော အနက်၌။ ပဝတ္တံ၊ ဖြစ်သော။ အစ္စုတန္တိဣဒံ ပဒံ၊ အစ္စုတံ-ဟူသော ဤပုဒ်ကို။ ရဿဘာဝေန၊ အစ္စုတ-ဟု ရဿ အဖြစ်ဖြင့်။ သဏ္ဌိတံ၊ တည်၏ ဟူ၍။ ဝိညူဟိ၊ တို့သည်။ ဝိညေယျံ၊ သိအပ်၏။

အစ္စုတကရဏတ္ထေ၊ လောင်းတမ်း ပြုလုပ်ခြင်းအနက်၌။ ပဝတ္တံ၊ ဖြစ်သော။ အစ္စုတန္တိ ပဒံပိ၊ အစ္စုတံ-ဟူသော ပုဒ်ကိုလည်း။ ရဿဘာဝေန၊ ဖြင့်။ သဏ္ဌိတံ၊ ဟူ၍။ တထာ၊ ထို့အတူ သိအပ်၏။ ဣတိ၊ သို့။ ဝိဒ္ဒါ၊ ပညာရှိသည်။ ဝိဘာဝယေ၊ ထင်စွာပြရာ၏။

## အံ့ဩဘွယ်အစ္ဆရိယ နှစ်မျိုး

လက်ဖျစ် တီးခတ်လောက်အောင် အံ့ဩဘွယ်ဖြစ်ခြင်း ဟူသော အစ္ဆရိယ သည် အထူးကဲ့ရဲ့ဘွယ်ရာ ဖြစ်ခြင်း ဟူသော ဂရဟာအစ္ဆရိယ, အထူးချီးမွမ်းဘွယ်ရာ ဖြစ်ခြင်းဟူသော ပသံသာအစ္ဆရိယ ဟူ၍ နှစ်ပါးရှိကြောင်းကို ပဏ္ဏာသအဋ္ဌကထာ ( ၂ ) ၌—

တံ ပနေတံ ဂရဟာအစ္ဆရိယံ ပသံသာအစ္ဆရိယန္တိ ဒုဝိဓံ ဟောတိ။ တတ္ထ အစ္ဆရိယံ မောဂ္ဂလာန အဗ္ဘုတံ မောဂ္ဂလာန ယာဝ ဗာဟာ-ပဏ္ဏာမနာပိ နာမ သော မောဃပုရိသော အာဂမိဿတီတိ ဣဒံ ဂရဟာ အစ္ဆရိယံနာမ။

အစ္ဆရိယံ နန္ဒမာတေ အဗ္ဘုတံ နန္ဒမာတေ ယတြ ဟိ နာမ စိတ္တုပ္ပါဒမ္ပိ ပရိသောဓေဿတီတိ ဣဒံ ပသံသာအစ္ဆရိယံနာမ။

ဟု ပြဆိုတော်မူ၏။

တံ ပနေတံ အစ္ဆရိယံ၊ ထိုအစ္ဆရိယသည်။ ဂရဟာအစ္ဆရိယံ၊ လက်ဖျစ်တီး၍ အထူးကဲ့ရဲ့အံ့ဩဘွယ်ဖြစ်ခြင်း ဟူသော ဂရဟာအစ္ဆရိယငှင်း။ ပသံသာအစ္ဆရိယံ၊ လက်ဖျစ်တီး၍ အထူးချီးမွမ်း အံ့ဩဘွယ်ရာဖြစ်ခြင်း ဟူသော ပသံသာ-အစ္ဆရိယငှင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြား ရှိသည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အစ္ဆရိယံ မောဂ္ဂလာန။ ပ ။အာဂမိဿတီတိ၊ အစ္ဆရိယံ မောဂ္ဂလာန။ ပ ။အာဂမိဿတိ-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ ဣဒံ အစ္ဆရိယံ၊ ဤ အစ္ဆရိယသည်။ ဂရဟာအစ္ဆရိယံနာမ၊ ဂရဟာအစ္ဆရိယ မည်၏။

သော မောဃပုရိသော၊ ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားသည်။ ယာဝ ဗာဟာပဏ္ဏာမနာပိနာမ၊ သံဃာ့ဘောင်မှ မောင်းကို ဆွဲကိုင်၍ ငင်ထုတ်ရသည်တိုင်အောင် မည်သည်လည်း။ အာဂမိဿတိ၊ မထသွားဘဲ ဖင့်နွဲ့ငံ့ဆိုင်း၍ နေဘိ၏။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ အယံ၊ ဤမောင်းကို ကိုင်ငင်၍ သံဃာ့ ပရိသတ်ထဲမှ ဆွဲထုတ်ရသည်တိုင်အောင် မထွက်သွားဘဲ ဖင့်နွဲ့ငံ့ဆိုင်း၍ နေခြင်း သည်။ အစ္ဆရိယံ၊ လက်ဖျစ်ခတ်တီးလောက်အောင် အထူးအံ့ဩဘွယ်ရှိစွ။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ အယံ၊ သည်။ အဗ္ဘုတံ၊ တရံတဆစ် မဖြစ်ဘူးမြဲ ဖြစ်စွ။

အစ္ဆရိယံ နန္ဒမာတေ။ ပ ။ပရိသောဓေဿတီတိ၊ အစ္ဆရိယံ။ ပ ။သောဓေ-ဿတိ-ဟူ၍။ ဝုတ္တံ၊ သော။ ဣဒံ အစ္ဆရိယံ၊ သည်။ ပသံသာအစ္ဆရိယံနာမ၊ ပသံသာအစ္ဆရိယ မည်၏။ စိတ္တုပ္ပါဒမ္ပိ၊ စိတ်ဖြစ်ခြင်းကို သော်လည်း။ ယတြ ဟိ နာမ-ယာ နာမ ပရိသောဓေဿတိ၊ အကြင် သုတ်သင်နိုင်ဘိ၏။ နန္ဒမာတေ၊ နန္ဒမာတာ။ အယံ၊ ဤသုတ်သင်နိုင်ခြင်းသည်။ အစ္ဆရိယံ၊ စွ။ နန္ဒမာတေ၊ တာ။ အယံ၊ သည်။ အဗ္ဘုတံ၊ စွ။

### အဗ္ဘုတ-နှစ်မျိုး

အဗ္ဘုတသည်လည်း ဂရဟာအစ္ဆရိယ အရာ၌ လာသော အဗ္ဘုတ, ပသံသာ-အစ္ဆရိယအရာ၌ လာသော အဗ္ဘုတ ဟူ၍ နှစ်ပါးပင် ပြား၏။

ထိုနှစ်ပါးတွင် ပသံသာအဋ္ဌရိယ အရာ၌လာသော အစ္စုတ-သည် ရှေး၌ တရံတဆစ် မဖြစ်ဘူးဘဲ အံ့အဲဘွယ်ရာ တခါတရံ ပစ္စုပ္ပန်မျက်မှောက် ဖြစ်ရောက် လာသော သဘောဟူသော အဘူတပုဗ္ဗဘူတကို ဟောသော အရာ၌လာသော အစ္စုတ, တစုံတခုသော အကြောင်းကြောင့် ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါး၌ပင် တခါတရံမျှ အလျှင်းပင် မဖြစ်ဘဲ အမြဲထာဝရ ပရမတ္ထ အားဖြင့် ထင်ရှားရှိနေသော နိဗ္ဗာန်ကို ဟောသောအရာ၌လာသော အစ္စုတ-ဟူ၍ နှစ်ပါးပင် ရှိ၏။

ထိုတွင် ရှေး၌ တရံတဆစ် မဖြစ်ဘူးဘဲ အံ့အဲဘွယ်ရာ တခါတရံ ပစ္စုပ္ပန် မျက်မှောက် ဖြစ်ရောက်ပေါ်လာခြင်းဟူသော အစ္စုတကို "အစ္စုတံ နန္ဒမာတေ၊ အစ္စုတံ ဘန္တေ၊ အစ္စုတံ ဝတ ဘော လောကသ္မိံ" အစရှိသည်ဖြင့် ထိုထို အရာဝယ် များစွာပင် ဟောပြလာရှိ၏။ နိဗ္ဗာန်ဟော အစ္စုတ-ကိုကား သံယုတ်၌ ဟောတော်မူသည်။

ထိုတွင် မဖြစ်ဘူးမြဲ ဖြစ်ခြင်းကို ဟောပြသောအရာ၌ လာသော အစ္စုတ-သဒ္ဒါကို ပဏ္ဍာသအဋ္ဌကထာ၌ "အဘူတပုဗ္ဗံ ဘူတန္တိ အစ္စုတံ"ဟု ဖွင့်ပြတော် မူသည်။

အဘူတပုဗ္ဗံ၊ ရှေး၌ မဖြစ်ဘူးသော သဘောသည်။ ဘူတံ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အစ္စုတံ၊ အစ္စုတမည်၏။

## နောက်ဘူတ-ပုဒ်ကျေ-အစ္စုတဖြစ်ပုံ

ဤ၌ ဘူတံ-ဟူသောနောက်ပုဒ်ဖြင့် အစ္စုတံ ဘန္တေ-အစရှိသည်၌ အဘူတ ဘူတံ ဘန္တေ-အစရှိသည်ဖြင့် ဟောလိုလျက် ဘူတ-ဟူသော နောက်ပုဒ်ကိုချေ၍ ရှေ့ အဘူတ-ဟူသောပုဒ်၌ ဘ-ကို အသဒိသဒွေးဘော်ပြု၍ ဦ-ဒီဃကိုလည်း ဥ-ရဿပြု၍ အစ္စုတံ-ဟု ဟောတော်မူသည်၏ အဖြစ်ကို ပြ၏။

ပုဗ္ဗ-သဒ္ဒါဖြင့် ရှေးအဘူတ၌ တပစ္စည်းသည် အတီတတ္ထ, ကတ္တတ္ထ၌ သက်သည် ဖြစ်၍ ဘူတသဒ္ဒါကို "အဘဝီတိ ဘူတံ"ဟု အတီတတ္ထ ကတ္တုသာဓနပြုအပ် သည်၏အဖြစ်ကို ပြ၏။

အသုံးစုံဖြင့် "အဘဝီတိ ဘူတံ။ န ဘူတံ အဘူတံ။ အဘူတံ ဟုတွာ ဘူတံ အစ္စုတံ"ဟု ပြုအပ်သည်၏အဖြစ်ကို ပြသည်။

အဘဝီ၊ ဖြစ်ဘူးပြီ။ ဣတိ၊ ထို့ကြောင့်။ ဘူတံ၊ ဘူတမည်၏။ ဘူတံ၊ ဖြစ်ဘူး ပြီးသည်။ န၊ မဟုတ်။ အဘူတံ၊ ဖြစ်ဘူးပြီးသည် မဟုတ်။ အဘူတံ၊ ဖြစ်ဘူးသည် မဟုတ်သည်။ ဝါ၊ မဖြစ်ဘူးသည်။ ဟုတွာ၊ ၍။ ဘူတံ၊ ဖြစ်၏။ အစ္စုတံ၊ မဖြစ် ဘူးမြဲ ဖြစ်သည်။

သဋ္ဌာယတနသံယုတ် အဋ္ဌကထာ ၃-(၁၄၉) ၌ကား ၎င်းပါဠိတော်ဝယ် နိဗ္ဗာန်၏ သဘောဂုဏ်ကို ဟောပြတော်မူသောအရာ၌ လာသော အဇ္ဈုတ-သဒ္ဒါကို—

အဘူတမေဝ ဘူတံ အဇာတံ ဟုတွာ အတ္ထီတိ အဗ္ဘုတံ။

ဟူ၍ ဖွင့်ပြတော်မူသည်။

ယံ နိဗ္ဗာနံ၊ အကြင်မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည်။ အဘူတမေဝ၊ တစုံတခုသောအကြောင်းကြောင့် ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါး၌ပင် တရံတဆစ်မျှ မဖြစ်သည် ဖြစ်၍သာလျှင်။ ဘူတံ၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိသည်ဘည်း။ အဇာတံ၊ တစုံတခုသော အကြောင်းကြောင့် ကာလသုံးပါး၌ပင် တရံတဆစ် မဖြစ်သည်။ ဟုတွာ၊ ဖြစ်၍။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိသည်ဘည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ နိဗ္ဗာနံ၊ သည်။ အဗ္ဘုတံ၊ အဗ္ဘုတ မည်၏။

ဤအဋ္ဌကထာ၌—

ဘူတံ-ဖြင့် နိဗ္ဗာန်ကို အဘူတဘူတံ-ဟု ဟောလိုလျက် ဘူတ-ဟူသော နောက်ပုဒ်ကို ချေ၍ ဘ-ကို အသဒိသဒွေးဘော်ပြု၊ ဦ-ကိုလည်း ဥ-ရဿပြု၍ အဗ္ဘုတံ-ဟု ဟောတော်မူသည်၏အဖြစ်ကို အဋ္ဌကထာဆရာ ပြတော်မူသည်။

ဧဝ-သဒ္ဒါဖြင့် ကျေလေသော ဘူတသဒ္ဒါနှင့် ကျန်ရစ်သော အဘူတသဒ္ဒါကို "အဘူတမေဝ ဘူတံ အဗ္ဘုတံ" ဟု ကမ္မဓာရည်း သမာသ်ပြုအပ်သည်၏အဖြစ်ကို ပြတော်မူသည်။

· အဇာတံ-ဖြင့် ရှေ့အဘူတ-ပုဒ်ဝယ် ဘူဓာတ်၏ ပါပုဏနတ္ထ, ဝဍ္ဎနတ္ထ-စသည်ကို နစ်စေ၍ ဖြစ်ခြင်းအနက်ရှိသည်၏ အဖြစ်ကို ပြသည်။

ဟုတွာ-ဖြင့် "အဘူတမေဝ ဘူတံ" ဟူသော ရှေ့ဝါကျ၏ ကမ္မဓာရည်း ဝါကျအဖြစ်ကိုပင် သိစေသည်။

အတ္ထိ-ဖြင့် ကျေလေသော ဘူတ-ဟူသော နောက်ပုဒ်၏ ရောက်ခြင်း ပွါးခြင်း ဖြစ်ခြင်း စသော အနက်တပါးကို နစ်စေ၍ ပရမတ္ထအားဖြင့် ထင်ရှားရှိခြင်း ဟူသောအနက်ကို ပြသည်။

ဘူတသဒ္ဒါကျေသည်၏အဖြစ်, ထိုကျေလေသော ဘူတ-သဒ္ဒါနှင့် ကျန်ရစ် သော အဘူတ-သဒ္ဒါကို တုလျာဓိကရဏ ကမ္မဓာရည်းသမာသ် ပြုအပ်သည်၏ အဖြစ်, ထိုဘူတ-သဒ္ဒါ၏ အတ္ထိ အနက်ရှိသည်၏ အဖြစ်တို့ကို အဘယ့်ကြောင့် အဋ္ဌကထာဆရာ သိလေသနည်း ဟူခဲ့မူ—

အဇာတံ အဘူတံ-ဟူသော ကတ္တားတို့ကို အတ္ထိ-ဟူသောကြိယာနှင့်စပ်၍ ထို အဇာတံ အဘူတံ-တို့ကို အတ္ထိ-နှင့် တုလျတ္ထအဖြစ်ဖြင့် ဟောတော်မူအပ်သော "အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ" ဟူသော ဥဒါန်းပါဠိတော်(၁၇၈)မြင်သောကြောင့် သိသည် ဟူလေ။

ဤနိဗ္ဗာန်အရာဝယ် လာသော အဗ္ဘုတ-၏အဖွင့် "အဘူတမေဝ ဘူတံ" ၌ ရှေ့ အဘူတ-၏ အစိတ်ဖြစ်သော ဘူတသဒ္ဒါကို "ပဋ္ဌမာရေ ဇိနာတိ အဇိနိ ဇိနိဿတိတိ ဇ်နော" ဟူရာမှာကဲ့သို့ "ဘဝတိ အဘဝိ ဘဝိဿတိတိ ဘူတံ"ဟုပြု။

ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဘဝတိ၊ ဖြစ်ဆဲ။ အဘဝိ၊ ဖြစ်ဘူးပြီ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ သည်။ ဘူတံ၊ ဘူတမည်၏။

ယင်းဘူတ၏ အရကား ဤအရာ၌ ကာလသုံးပါး၌ပင် ဖြစ်တတ်သော သဘောရှိသည်ဖြစ်၍ ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်ကောင်းသော စတုဘူမက သင်္ခါရတရားသည် အပဋ္ဌာနအားဖြင့် ရ၏။ ဤ၌ကား န-နှင့်သမာသ် ယှဉ်တဲ့လတ္တံ့ ဖြစ်၍ ကာလသုံးပါးလုံး၌အလျှင်းပင် ဖြစ်တတ်သော သဘော မဟုတ်၍ ပစ္စုပ္ပန် အတိတ် အနာဂတ် ဟု မဆိုအပ်ကောင်းသော မဂ်ဖိုလ်တို့၏အာရုံ အသင်္ခတဓာတ်နိဗ္ဗာန်သာ ပဋ္ဌာနအားဖြင့် ရ၏။

ယင်းသို့ ကာလသုံးပါးလုံး၌ပင် ဖြစ်တတ်သော သဘောမဟုတ်၊ မဖြစ်တတ်သော သဘောဟူခဲ့သော် ထိုနိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိကောင်း မရကောင်းသော အဘာဝပညတ်ပင် ဖြစ်လေသလော ဟု မှတ်ထင်ယုံမှားဘွယ်ရှိသောကြောင့် ဘူတ-ဟူသော နောက်ပုဒ်ကို အကျေပြု၍ ထိုကျေလေသော ဘူတ-သဒ္ဒါဖြင့် ထိုနိဗ္ဗာန်၏ စင်စစ်ပင် မဖြစ်သော သဘောဖြစ်သော်လည်း ပရမတ္ထအားဖြင့် ထင်ရှား အမြဲ ရှိနေသည်၏ အဖြစ်ကို ပြတော်မူသည်။

ဤသို့ အဗ္ဘုတ-သဒ္ဒါသည် လောင်းတမ်းပြုလုပ်ခြင်းဟူသော အနက်၊ ရှေးကာလ တရံတဆစ် မဖြစ်ဘူးဘဲ တခါတရံ ပစ္စုပ္ပန်မျက်မှောက် ဖြစ်ရောက်လာခြင်းဟူသော "မမြင်စတောင်း မြင်ရသည်၊ မကြားစတောင်း ကြားရသည်၊ မတွေ့စတောင်း တွေ့ရသည်၊ မကြုံစတောင်း ကြုံရသည်" ဟူရာမှာကဲ့သို့သော အနက်၊ အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးတန်သော ကာလဝယ် တရံတဆစ်မျှ မဖြစ်ဘဲသာလျှင် အလွန်အကြူး ထူးဆန်းအံ့ဩဘွယ်ရာ ပရမတ္ထအားဖြင့် ထင်ရှားထာဝရရှိနေသော အနက်ကို ဟောသည်ဖြစ်၍ သာမညအားဖြင့် အနက်

အများနှင့်ပင် ဆက်ဆံသော်လည်း ဟောပြလာရှိသော အရာအားဖြင့်ရင်း၊ သဒ္ဒါတပါးနှင့်တကွ တည်သောအားဖြင့်ရင်း ထူးသောအနက်လျှင် အရာရှိသည်။

## လောင်းတမ်းပြုလုပ်ခြင်း အဗ္ဘုတ

ထိုတွင် အဗ္ဘုတ-သဒ္ဒါသည် "ဟောတု နော အဗ္ဘုတံ တတ္ထ"၌ ဘားမနှင့် နဂါး စွမ်းအားပြိုင်ဆိုင် ရှုံးနိုင်စကား လောင်းစားကြသော အရာ ဖြစ်သည်ကို ထောက်ထား၍ရင်း "တံ့ မံ နာဂေန" အစရှိသော ထိုအဗ္ဘုတသဒ္ဒါနှင့်တကွ တည်ဘက်ဖြစ်သော သဒ္ဒါတပါးကို ထောက်ထား၍ရင်း လောင်းတမ်းပြုလုပ်ခြင်း အနက်ကို ဟော၏။

အထ ခေါ သော ဗြာဟ္မဏော သေဋ္ဌိနာ သဒ္ဓိံ အဗ္ဘုတံ အကာသိ မယှံ ဗလိဗဒ္ဒေါ သကဋသတံ အတိဗဒ္ဓံ ပဝဋ္ဋေဿတီတိ။

ဘိက္ခဝေ၊ တို့။ အထ ခေါ၊ ထိုသို့ နန္ဒိဝိသာလန္ဝားသည် စေခိုင်းအပ်သော အခါ၌။ သော ဗြာဟ္မဏော၊ ထိုန္ဝားရှင်ပုဏ္ဏားသည်။ မယှံ၊ ငါ၏။ ဗလိဗဒ္ဒေါ၊ န္ဝားလားသည်။ အတိဗဒ္ဓံ၊ ဝန်ပြည့်တင်၍ အစဉ်အတိုင်း တစပ် တဆက်တည်း ကြပ်တည်းစွာ တုပ်နှောင်ဖွဲ့ထားအပ်သော။ သကဋသတံ၊ လှည်းစီးရေတရာကို။ ပဝဋ္ဋေဿတိ၊ လိမ့်စေ လည်စေနိုင်လတ္တံ့။ ဣတိ၊ ဤသို့ဆို၍။ သေဋ္ဌိနာ၊ နှင့်။ သဒ္ဓိံ၊ တကွ။ သဟယောဂေ၊ အသပြာတထောင်ဖြင့်။ အဗ္ဘုတံ၊ လိမ့်စေနိုင် မလိမ့်စေနိုင်၊ ရှုန်းနိုင် မရှုန်းနိုင်၊ ရှုံးနိုင်စကား လောင်းစားပြုလုပ်ခြင်းအမှုကို။ အကာသိ၊ ပြု၏။

မဖြစ်လတ္တံ့ ဖြစ်လတ္တံ့၊ မလိမ့်စေနိုင်လတ္တံ့ လိမ့်စေနိုင်လတ္တံ့-အစရှိသည် ဖြင့် လောင်းတမ်းပြုလုပ်ခြင်းအနက်ကို ဟောသော အဗ္ဘုတ-သဒ္ဒါကိုကား တပစ္စည်းကို အနာဂတတ္ထ၌သက်စေ၍ "ဘဝိဿတီတိ ဘူတံ၊ န ဘူတံ အဘူတံ၊ အဘူတံ ဘူတန္တိ ကရဏံ အဗ္ဘုတံ"ဟု ပြု။

ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ကြောင့်။ ဘူတံ၊ မည်၏။ ဘူတံ၊ ဖြစ်လတ္တံ့ သည်။ န၊ မဟုတ်။ အဘူတံ၊ မဖြစ်လတ္တံ့။ အဘူတံ၊ မဖြစ်လတ္တံ့သည်ကို။ ဘူတံ၊ ဖြစ်လတ္တံ့။ ဣတိ ကရဏံ၊ ဤသို့ပြုလုပ်ပြောဆိုခြင်းသည်။ အဗ္ဘုတံ၊ မည်၏။

အဘူတဘူတကရဏ-ဟူအပ်လျက်နိရုတ္တိနည်းဖြင့်စီရင်၍ အဗ္ဘုတ-ဟုဆိုသည်။ "ဗုဇ္ဈတိ အဗုဇ္ဈိ ဗုဇ္ဈိဿတီတိ ဗုဒ္ဓေါ" စသည်၌ကဲ့သို့ "ဗုဓဂမာဒိတ္ထေ ကတ္တရိ" ဟူသောသုတ်ဖြင့် သက်သော တပစ္စည်းကား ကာလသုံးပါး၌ပင် ဖြစ်၏။

ဤ၌လည်း သူဌေးနှင့် ပုဏ္ဏားတို့ ရှုန်းနိုင် မရှုန်းနိုင်၊ ရှုံးနိုင်လောင်းစား ကြသော အရာဖြစ်သည်ကို ထောက်ထား၍ ရင်း၊ ရှေ့နောက် တကွ တည်ဘက်သဒ္ဒါ

တပါးကို ထောက်ထား၍ငင်း လောင်းတမ်းပြုလုပ်ခြင်းအနက်ကို ဟော၏ဟု သိအပ် သိသင့် သိထိုက် မှတ်ယူထိုက်သည်။

## ချီးမွမ်းအံ့ဩဘွယ် အစ္စုတ

အစ္စရိယံ နန္ဒမာတေ အဗ္ဘုတံ နန္ဒမာတေ ယာဝ စိတ္တုပ္ပါဒမ္ပိ ပရိသောဓေဿတိ။

ဤ၌ ရှေးကာလ တရံတဆစ် မဖြစ်ဘူးဘဲ အံ့အဲဘွယ်ရာ စိတ်ဖြစ်ခါမျှကိုလျက် သုတ်သင်သိစ္စမ်းနိုင်ခြင်း ဖြစ်သည်ကို ချီးမွမ်းအံ့ဩသော အရာဖြစ်သည်ကို ထောက်ထား၍ငင်း, တကွတည်ဘက်ဖြစ်သော သဒ္ဒါတပါးကို ထောက်ထား၍ ငင်း မဖြစ်ဘူးဘဲ ဖြစ်သည်ဟူသော အနက်ကို ဟော၏။

အစ္စရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ ယတြ ဟိ နာမ သတ္တာ စေဝ သာဝိကာယ စ အတ္ထေန အတ္ထော ဗျဉ္ဇနေန ဗျဉ္ဇနံ သံသန္ဒိဿတိ သမေဿတိ၊ န ဝိရောဓိဿတိ ယဒိဒံ အဂ္ဂပဒသ္မိံ။

၌လည်း ဆရာဖြစ်သော မြတ်စွာဘုရားသည်ငင်း, တပည့်သမီးတော်ဖြစ်သော ခေမာရဟန်းမိန်းမသည်ငင်း, ဟောကြားအပ်သော ဒေသနာအစု၌ အနက်သဘောချင်းချင်းသည်ငင်း, အက္ခရာပုဒ်ဗျည်းချင်းချင်းသည်ငင်း နှီးနှော ညီညွတ်ခြင်း မဆန့်ကျင်ခြင်းသည် မဖြစ်ဘူးမြဲ အံ့ဩဘွယ်ရာ ထူးဆန်းစွာ ဖြစ်လာပေသည်ဟု ကောသလမင်းကြီး အံ့ဩချီးမွမ်းသော အရာဖြစ်သည်ကို ထောက်ထား၍ငင်း တကွ တည်ဘက်သဒ္ဒါတပါးကို ထောက်ထား၍ငင်း ရှေးကာလမဖြစ်ဘူးဘဲ ယခုဖြစ်သည်ဟူသော အနက်ကိုဟော၏ ဟု သိအပ်သိသင့် သိထိုက် မှတ်ယူထိုက်သည်။

တဏှက္ခယော အစ္စရိယံ အဗ္ဘုတံ။
အနိတိကံ အနီတိကဓမ္မံ၊
နိဗ္ဗာနမေတံ သုဂတေန ဒေသိတံ။

တဏှက္ခယော၊ နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် သမုစ္ဆေဒပဟာန် အားဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ အကြွင်းမဲ့ တဏှာကုန်ခြင်း၏ အကြောင်းဖြစ်သော။ အစ္စရိယံ၊ အလွန်အကြူး ထူးဆန်းအံ့ဩဘွယ်သော သဘောဖြစ်၍ လက်ဖျစ်ခတ်တီးခြင်းငှါ သင့်မြတ်ထိုက်တန်သော။ အဗ္ဘုတံ၊ ကာလသုံးတန်ဝယ် တရံတဆစ်မျှ မဖြစ်မူ၍သာလျှင် ပရမတ္ထအားဖြင့် ထာဝရ ထင်ရှားရှိနေသော။ အနီတိကံ၊ တစုံတခုသော ဘေးရန်မရှိသော။ အနီတိကဓမ္မံ၊ ဘေးရန်ခပင်းမှ ကင်းဝေးသော သဘောရှိသော။ ဧတံ နိဗ္ဗာနံနာမ၊ ဤနိဗ္ဗာန် မည်သောတရားကို။ သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။

ဤ သဠာယတနသံယုတ်ပါဠိတော်(၅၄၃)၌ ပစ္စုပ္ပန် အတိတ် အနာဂတ်ကာလ သုံးပါးလုံး၌ပင် တရံတဆစ်မျှ မဖြစ်ဘဲသာလျှင် ပရမတ္ထအားဖြင့် ထင်ရှားထာဝရ ရှိနေသော အလွန်အံ့ဩချီးမွမ်းထိုက်သော နိဗ္ဗာန်၏ သဘောဂုဏ်ကို ပြဆိုသော အရာဖြစ်သည်ကို ထောက်ထား၍၎င်း ထိုအဗ္ဘုတ-သဒ္ဒါနှင့်တကွ တည်နေဘက် ဖြစ်သော "တဏှက္ခယော အနီတိကံ" အစရှိသော ရှေ့နောက် သဒ္ဒါတပါးကို ထောက်ထား၍၎င်း ကာလသုံးတန်ဝယ် တရံတဆစ်မျှ မဖြစ်သည်သာဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော သဘောဖြစ်သော နိဗ္ဗာန်ကို ဟော၏ ဟု သိအပ် သိသင့် သိထိုက် မှတ်ယူထိုက်သည်။

ဤသို့ သိထိုက် မှတ်ယူထိုက်သည့် အားလျော်စွာ အဋ္ဌကထာဆရာသည် ဟုတ်ရာမှန်တိုင်း နေရာကျသိယူ၍ ရှေး၌ မဖြစ်ဘူးဘဲ အံ့ဩချီးမွမ်းစရာ တခါ တရံ ပစ္စုပ္ပန်မျက်မှောက်ဝယ် ဖြစ်လာသော သဘောကို ဟောသော အဗ္ဘုတ-သဒ္ဒါကို ပဏ္ဏာသအဋ္ဌကထာ ၌ "အဘူတပုဗ္ဗံ ဘူတန္တိ အဗ္ဘုတံ" ဟု ဖွင့်ပြတော်မူသည်။

ပစ္စုပ္ပန် အတိတ် အနာဂတ်ကာလသုံးပါး၌ပင် တရံတဆစ်မျှ မဖြစ်ဘဲသာလျှင် ပရမတ္ထအားဖြင့် ထင်ရှားရှိနေသော သဘောဖြစ်သော နိဗ္ဗာန်ကိုဟောသော အဗ္ဘုတ-သဒ္ဒါကို သဠာယတနသံယုတ်အဋ္ဌကထာ ၌ "အဘူတမေဝ ဘူတံ အဇာတံ ဟုတွာ အတ္ထီတိ အဗ္ဘုတံ" ဟု ဖွင့်ပြတော်မူသည်။

ထိုသို့ ပါကိုလျက် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်နှင့် အလျှင်းပင် မဆိုင်၊ ထိုနိဗ္ဗာန်၏ ကာလသုံးပါးဝယ် တရံတဆစ်မျှ အလျှင်းပင် မဖြစ်မူ၍သာလျှင် ပရမတ္ထအားဖြင့် ထင်ရှားရှိနေခြင်းသဘောနှင့် အလွန်ဝေးကွာသော သဘောဖြစ်သော ရှေး၌မဖြစ်ဘူးဘဲ ပစ္စုပ္ပန်မျက်မှောက်ဝယ် တရံတခါ အံ့ဩစရာဖြစ်ပေါ်လာသော သဘောကိုဟောသော အဗ္ဘုတ-သဒ္ဒါ၏ အဖွင့်ဖြစ်သော "အဘူတပုဗ္ဗံ ဘူတန္တိ အဗ္ဘုတံ" ဟူသော ပဏ္ဏာသအဋ္ဌကထာကို နိဗ္ဗာန်၏သဘောကို ပြဆိုသောအရာဝယ် သာဓကပြုလုပ်၍ ထုတ်ဆောင်ပြဆို၍ အနက်အဓိပ္ပါယ်တို့ကို ဆိုမိလေသည်ကား မြတ်စွာဘုရား၏ အလိုတော်, အဋ္ဌကထာဆရာ၏ အလိုတော်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သော မဟုတ်မမှန်သော အနက်အဓိပ္ပါယ်သာ ဖြစ်ရကား ယင်းကို မမှတ်, မယူအပ်။

---

## ၂ဂ-ပါဠိပျက်နေလျှင် အသိခက်ခြင်း-စသည် ပြပုံ

### အက္ခရာပျက်သော ပါဠိကို အမှန်မှတ်ယူမိကြပုံကို ပြခြင်း

ယခင် ပြဆိုခဲ့သော သဠာယတနသံယုတ်အဋ္ဌကထာ၌လည်း အဋ္ဌကထာဆရာ ဖွင့်ဆို ရေးသားတော်မူရင်းတိုင်းသော ပါဠိကို မထုတ်ဆောင်မူ၍ တိမ်းချွတ်

ယွင်းမှား မမှန်ပျက်ပြားသောပါဠိကို ထုတ်ဆောင်၍ နိဗ္ဗာန်ကို အစ္စုတ-ဟု ဟောတော်မူသော မြတ်စွာဘုရား၏အလိုတော်—

ငင်းအစ္စုတ-ကို "အဘူတမေဝ ဘူတံ အဇာတံ ဟုတွာ အတ္ထီတိ အစ္စုတံ" ဟု ဖွင့်ပြသော အဋ္ဌကထာဆရာ၏ အလိုတော်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော မဂ်ဖိုလ်တို့အာရုံဖြစ်သော နိဗ္ဗာန်သဘောနှင့်လည်း အလွန်ဝေးကွာသော အနက်အဓိပ္ပါယ်တို့ကို များစွာပင် ပြဆိုတော်မူမိလေသည်။ ဆိုမိဟန်ကို ပြလိုက်ဦးအံ့။

## ဆန့်ကျင်သောအနက်အဓိပ္ပါယ် ပြဆိုကြပုံ

"တဏှက္ခယော အစ္စုရိယံ အစ္စုတံ အနီတိကံ" ဟူသော သံယုတ်ပါဠိတော်ဝယ် အစ္စုတံ-ဟူသော တပုဒ်တည်း၏ အဖွင့်ဖြစ်သော "အဘူတမေဝ ဘူတံ အဇာတံ ဟုတွာ" အစရှိသော ငင်းအဋ္ဌကထာစကား တရပ်တည်းကိုပင် ငင်းဆရာ ရေးပြုသော ကျမ်းတစောင်တည်း၌ အချို့သောအရာဝယ် အဘူတ-မေဝ-၌ ဧဝ-သဒ္ဒါ မရှိမပါ၊ ဘူတံ-ဟူသော နောက်ပုဒ်လည်း မပါ ကြွင်းကျန်ရစ်သော "အဘူတံ အဇာတံ ဟုတွာ အတ္ထီတိ အစ္စုတံ" ဟူသော ပါဌ်ပျက်ပါဌ်မှားကို ထုတ်ယူဆောင်ပြ၍ ငင်းပါဌ်ကို—

> "ယံ၊ အကြင်နိဗ္ဗာန်သည်။ အဘူတံ အဇာတံ၊ ရှေး၌ တရံတဆစ်မျှ မဖြစ်ဘူးသေးဘဲ။ ဟုတွာ၊ ဤတခါတည်းသာ ဖြစ်ပေါ်လာသည်ဖြစ်၍။ အတ္ထိ၊ မပျောက်မပျက် အမြဲ ရှိနေ တည်နေတတ်၏။"

စသည်ဖြင့် အနက်မြန်မာပြန်ဆိုတော်မူ၏။

အချို့သော အရာ၌ကား အဇာတံ-၌ အ-ဟူသော ပဋိသေဓ မပါ ကျပျက်သော "အဘူတမေဝ ဘူတံ ဇာတံ ဟုတွာ အတ္ထီတိ အစ္စုတံ" ဟူသော ပါဌ်ကို ဆောင်ပြ၍ ငင်းပါဌ်ကို—

> "တံ၊ ထိုငြိမ်းအေးခြင်း သီတဘာဝသဘော ဟု ဆိုအပ်သော နိဗ္ဗာန်သည်။ အဘူတမေဝ၊ ရှေး၌ တရံတဆစ် မဖြစ်ဘူးသေးဘဲသာလျှင်။ ဘူတံ ဇာတံ၊ ရဟန္တာပုဂ္ဂိုလ်တို့ ပရိနိဗ္ဗာန်ပြုရာ ဤတခါသာ ဖြစ်ရောက်လာသည်။ ဟုတွာ၊ ဖြစ်၍။ အတ္ထိ၊ မပျောက်မပျက် အမြဲတည်၍ နေသည်တည်း။"

စသည်ဖြင့် အနက်မြန်မာ ပြန်ဆိုတော်မူ၏။

အဘူတံ-ဝယ် ဘူတ-သဒ္ဒါ၌ တပစ္စည်းကို အတီတတ္ထယူ၍ "အဘဝီတိ ဘူတံ။ န ဘူတံ အဘူတံ" ဟု ပြုတော်မူလို၏။

ထိုနိဗ္ဗာန်သည် ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့ စုတိဘင်္ဂက္ခဏမှ ရှေးကာလဝယ် မဖြစ်ဘူးသေး၊ ဖြစ်လတ္တံ့သာ ဖြစ်သည်။ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့၌ကား ဖြစ်ဆဲ

ဖြစ်၏ ဟု ယူတော်မူလိုသည်။ ထိုမင်ဖိုလ်တို့ အာရုံ အသင်္ခတဓာတ် နိဗ္ဗာန်ကို အတိတ်နိဗ္ဗာန်ဟူ၍သာ မဆိုကောင်းသည်၊ အနာဂတ်နိဗ္ဗာန် ပစ္စုပ္ပန်နိဗ္ဗာန် ဟူ၍ကား ဆိုကောင်း၏ ဟု ဆိုရာ ယူရာ ရောက်ချေ၏။

မြတ်စွာဘုရားမူကား ထိုမဂ်ဖိုလ်တို့ အာရုံဖြစ်သော နိဗ္ဗာန်ကို အတိတ်နိဗ္ဗာန်, အနာဂတ်နိဗ္ဗာန်, ပစ္စုပ္ပန်နိဗ္ဗာန်ဟူ၍ မဆိုကောင်း မဆိုထိုက်ကြောင်းကို —

> နိဗ္ဗာနံ ဌပေတွာ သဗ္ဗေ ဓမ္မာ သိယာ အတီတာတိပိ၊ သိယာ အနာဂတာတိပိ၊ သိယာ ပစ္စုပ္ပန္နာတိပိ။ နိဗ္ဗာနံ ပန န ဝတ္တဗ္ဗံ အတီတန္တိပိ အနာဂတန္တိပိ ပစ္စုပ္ပန္နန္တိပိ။

ဟူ၍ အဘိဓမ္မာဝိဘင်းကျမ်း ^၁ ၌ ဟောတော်မူသည်။

နိဗ္ဗာနံ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို။ ဌပေတွာ၊ လွှတ်ထား၍။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓမ္မာ၊ စတုဘူမကသင်္ခါရတရားတို့သည်။ သိယာ၊ ခဏတ္တယကို လွန်ပြီးသော အခိုက်ဖြစ်သောရံခါ။ အတီတာပိ၊ အတိတ်တရားတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သိယာ၊ ခဏတ္တယသို့ မရောက်သေး ရှေးရှုတည်ခိုက် ဖြစ်သောရံခါ။ အနာဂတာပိ၊ လည်း။ ဟောန္တိ၊ ၏။ သိယာ၊ ခဏတ္တယသို့ ရောက်ဆဲရံခါ။ ပစ္စုပ္ပန္နာပိ၊ လည်း။ ဟောန္တိ၊ ၏။ နိဗ္ဗာနံ ပန၊ နိဗ္ဗာန်ကိုကား။ အတီတန္တိပိ၊ အတိတ်ဟူ၍၎င်း။ အနာဂတန္တိပိ၊ အနာဂတ်ဟူ၍၎င်း။ ပစ္စုပ္ပန္နန္တိပိ၊ ပစ္စုပ္ပန်ဟူ၍၎င်း။ န ဝတ္တဗ္ဗံ၊ မဆိုအပ် မဆိုထိုက် မဆိုကောင်း။

သဒ္ဒါယတနသံယုတ် အဋ္ဌကထာ စကားတရပ်တည်းကိုပင် အက္ခရာပုဒ်အချို့ ချွတ်ယွင်း ကျပျက်၍ နှစ်မျိုးနှစ်ထွေ ကွဲပြား တပုံတခြားစီ ရှိနေသည်ကို ကွဲပြား ပျက်စီးချေသည် ဟု သတိမပြုဘဲ ၎င်းပါဠိနှစ်ရပ်လုံးကို ဆောင်ပြ၍ ပါဠ်ရှိသည့် အတိုင်း အနက်အဓိပ္ပါယ်တို့ကို ပြဆိုခြင်းသာ ဖြစ်သည်။ မသင့်။

ထိုဆရာတို့ ဆောင်ပြသော အဋ္ဌကထာ, ပါဠိ၏ ပါဠိကောင်း ပါဠိမှန် မဟုတ် သည်၏ အဖြစ်ကို ထိုဆရာတို့ ဝိနိစ္ဆယ၌ အချို့သောအရာဝယ် ဆောင်ပြသော ပါဠိ၌ အဇာတံ-ဟု ပဋိသေဓနှင့်တကွ ပါရှိလျက် အချို့သော အရာဝယ် ဆောင်ပြသောပါဠိ၌ ထို အ-ဟူသော ပဋိသေဓမပါသောကြောင့်၎င်း အချို့ သော အရာဝယ် ဆောင်ပြသောပါဠိ၌ အဘူတမေဝ-ဟု ဧဝ-သဒ္ဒါ၊ ဘူတံ-ဟူသော ပုဒ်တို့ပါရှိလျက် အချို့သော အရာဝယ် ဆောင်ပြသောပါဠိ၌ ထို ဧဝ-သဒ္ဒါ ဘူတံ-ဟူသောပုဒ်တို့ မပါသောကြောင့်၎င်း ထိုဆောင်ပြသော ပါဠိရှိသည် အားလျော်စွာ အနက်အဓိပ္ပါယ်ကို ယူခဲ့သော် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သဘောနှင့် မလျော်မညီသောကြောင့်၎င်း စင်စစ် သိအပ်၏။

---

၁။ ဓမ္မသင်္ဂဏီပါဠိတော် (၂၄၂) ၌သာ တွေ့ရသည်။

“အဘူတမေဝ ဘူတံ အဇာတံ” စသည်ဖြင့် ရှိသော အဋ္ဌကထာပါဠိ၏ ပါဠိကောင်း ပါဠိမှန် ဖြစ်သည်၏ အဖြစ်ကိုကား ထိုဝိနိစ္ဆယဝယ် အချို့သော အရာ၌ ဆောင်ပြသောပါဠိ၌ ပဋိသေဓနှင့်တကွ အဇာတံ-ဟု ရှိသည်ကို ထောက်၍၎င်း အချို့သော အရာဝယ် ဆောင်ပြသောပါဠိ၌ အဘူတမေဝ ဘူတံ-ဟူ၍ ဧဝ-သဒ္ဒါ၊ ဘူတံ-ဟူသောပုဒ်တို့ ပါရှိသည်ကို ထောက်၍၎င်း သင်္ဂါယတန သံယုတ် အဋ္ဌကထာ ပေ-တို့၌ “အဘူတမေဝ ဘူတံ အဇာတံ ဟုတွာ အတ္ထိ” ဟူ၍သာ ရှိသည်ကို ထောက်၍၎င်း ဤသို့ရှိသော ပါဠိ၏ အနက်အဓိပ္ပါယ်သာ မြတ်စွာဘုရား၏ အလိုတော်, အဋ္ဌကထာဆရာ၏ အလိုတော်အတိုင်း ဟုတ်မှန်၍ နိဗ္ဗာန်၏သဘောနှင့် ညီလျော်သည်ကို ထောက်၍၎င်း သိအပ်၏။

## သဒ္ဒါပုဒ်ပါဌ်ပျက်သော်လည်း အမှန်သိနိုင်ပုံ

တစုံ တယောက်သောသူသည် သတိ လွတ်ကင်း မေ့လျော့ခြင်းကြောင့် သော်၎င်း အားထုတ်သော ဝီရိယလွတ်ကင်း ပျင်းရိခြင်းကြောင့်သော်၎င်း ချွတ်ချော်တိမ်းပါး မှားယွင်းသော သဒ္ဒါပျက် သဒ္ဒါလွဲကိုပင် ရွတ်ဆိုမိသော်လည်း တကွ ရွတ်ဆိုဘက်ဖြစ်သော သဒ္ဒါစသည်တို့ကို ထောက်ထား ဆင်ခြင်၍ ဟုတ်မှန်သော အနက်သဘောကို ကြံစည်စိစစ် ရှာဖွေသည်ရှိသော် သဒ္ဒါမှန် သဒ္ဒါကောင်းကို သိနိုင်ကြောင်းကို သဒ္ဒတ္ထဘေဒစိန္တာကျမ်း၌—

အသတိတ္တာလသတ္တာ စ၊ အပသဒ္ဒေပိ သာဓုတာ။
အတ္ထေသနေ ယထာမ္ဘုတိ၊ ဝုတ္တေပျမ္ဘာတိ မန္យတေ။

ဟု ပြဆိုတော်မူ၏။

အသတိတ္တာ စ၊ သတိကင်းလွတ် မေ့လျော့သည်၏ အဖြစ်ကြောင့်၎င်း။ အလသတ္တာ စ၊ လုံ့လကင်းလွတ် ပျင်းရိသည်၏ အဖြစ်ကြောင့်၎င်း။ အပသဒ္ဒေ၊ ချွတ်ချော်တိမ်းပါး မှားယွင်းဖောက်ပြန် မဟုတ်မမှန်သော သဒ္ဒါပျက်ကို။ ဝုတ္တေပိ၊ ရွတ်ဆိုအပ် ရွတ်ဆိုမိသော်လည်း။ အတ္ထေသနေ၊ ထိုသဒ္ဒါကို ရွတ်ဆိုသောအရာ စသည်အားလျော်သော အနက်ကို ကြံစည် စိစစ်ရှာဖွေသည် ရှိသော်။ သာဓုတာ-သာဓုသဒ္ဒေ၊ သဒ္ဒါကောင်း သဒ္ဒါမှန်ကို။ မန္យတေ၊ သိအပ် သိနိုင်၏။ ယထာ၊ အဘယ်ကဲ့သို့ နည်းဟူမူကား။ အမ္ဘုတိ၊ အမ္ဘု-ဟူ၍။ အပသဒ္ဒေ၊ ကို။ ဝုတ္တေပိ၊ လည်း။ အတ္ထေသနေ၊ သော်။ အမ္ဘာတိ၊ အမ္ဘ-ဟူသော။ သာဓုတာ-သာဓုသဒ္ဒေ၊ သဒ္ဒါကောင်း သဒ္ဒါမှန်ကို။ မန္យတေ ယထာ၊ သိအပ် သိနိုင်သကဲ့သို့တည်း။

ဤနည်းအတူ ပါဠိ အဋ္ဌကထာ ဋီကာ စသည် ပေ တို့၌ စာရေးတို့ သတိ မေ့လျော့ မှားယွင်းရေးသားမိသော ပုဒ်အက္ခရာ ကျပျက်သော ဝါကျပါဠိကို တွေ့မြင်သော်လည်း တကွတည်နေသော ပုဒ် အက္ခရာ သဒ္ဒါတို့ကို ထောက်

ချင့်၍ရင်း ထိုဝါကျ၏အနက် သဘော အရာ စသည်ကို ထောက်ချင့်၍ရင်း အရာအားလျော်စွာ အနက်သဘောကို ကြံစည်စိစစ် ရှာဖွေသည်ရှိသော် ဝါကျမှန် ပါဠိမှန်ကို သိနိုင်ရာသည်။

ပုဒ်အက္ခရာ သဒ္ဒါယွင်းချွတ် ပိုလွန်ကျပျက်သည်ကို ပျက်မှန်းမသိ သဒ္ဒါရှိတိုင်း ယူချေသော် မှားသော အနက်အဓိပ္ပါယ်တို့ကို ယူမိတတ်သည်။

## သတိမရှိက အနက်အဓိပ္ပါယ် ယူမိမှားပုံ

အက္ခရာကျပျက်သည်ကို ကျပျက်ချေသည် ဟု သတိမထား ပါဠိရှိတိုင်း ယူချေသောကြောင့် မှားသော အနက် အဓိပ္ပါယ်တို့ကို ယူမိဘူးသောအရာ, အက္ခရာပိုလွန်သည်ကို ပိုလွန်ချေသည်ဟု သတိမထား ပါဠိရှိတိုင်း ယူချေသောကြောင့် မှားသော အနက် အဓိပ္ပါယ်တို့ကို ပြဆိုမိသောအရာ, အက္ခရာဖောက်ပြန် ယွင်းချွတ်သည်ကို ယွင်းချွတ်ချေသည်ဟု သတိမထား ပါဠိရှိတိုင်း ယူချေသောကြောင့် မှားသော အနက် အဓိပ္ပါယ်တို့ကို ပြဆိုမိသောအရာ, ပုဒ်ပါဠိ အက္ခရာမှန်ပါလျက် ကျမ်းဆရာအာဘော်ကို နေရာကျမဆင်ခြင် မိမိတို့အထင်အားဖြင့် ပုဒ်အက္ခရာတို့ကို ထည့်သွင်းပယ်နုတ် ရွှေ့ပြောင်း ပြင်ဆင်ချေသောကြောင့် မှားသော အနက် အဓိပ္ပါယ်တို့ကို ယူမိသော အရာတို့ကို အစဉ်အတိုင်း အမြွက်အားဖြင့် ပြလိုက်ဦးအံ့။

ထိုတွင် အက္ခရာကျပျက်သည်ကို ပျက်သည်ဟု သတိမထား ပါဠိရှိတိုင်း ယူချေသောကြောင့် မှားသော အနက် အဓိပ္ပါယ်တို့ကို ယူမိသောအရာ၌ မှားသော ပါဠိရှိသည့်အတိုင်း မှားသော အနက် အဓိပ္ပါယ်ကို ယူသည်၏ ရှေးဦးစွာ ဟုတ်မှန်သော ပါဠိကို ထုတ်ပြ၍ ဟုတ်မှန်သော အနက် အဓိပ္ပါယ်တို့ကို ပြလိုက်ဦးအံ့။

> ဧတ္ထ ဟိ မနုဿဘူတဿေဝ မနုဿဘူတံ မာတရံ ဝါ ပိတရံ ဝါ
> အပိ ပရိဝတ္တလိင်္ဂံ ဇီဝိတာ ဝေါရောပေန္တဿ ကမ္မံ အနန္တရိယံ ဟောတိ။

ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ (၄၀၇) ဟုတ်မှန်တိုင်းသောပါဠိ။

ဟိ၊ အထူးကို ဆိုဦးအံ့။ ဧတ္ထ၊ ဤ အနန္တရိယ ကံအရာ၌။ မနုဿဘူတံ၊ လူဖြစ်၍ ဖြစ်သော။ မာတရံ ဝါ၊ အမိရင်းကိုရင်း။ ပိတရံ ဝါ၊ အဘရင်းကိုရင်း။ ပရိဝတ္တလိင်္ဂံ အပိ၊ လိင်ပင် ပြန်သော်လည်း။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေန္တဿ၊ ချသော။ မနုဿဘူတဿေဝ၊ လူဖြစ်၍ ဖြစ်သော သား၏သာလျှင်။ ကမ္မံ၊ ပါဏာတိပါတကံသည်။ အနန္တရိယံ၊ အခြားမဲ့ဘဝဝယ် နိရယဘုံ၌ ပဋိသန္ဓေဟူသော အကျိုးကိုပေးခြင်း သဘောရှိသည်။ ဟောတိ၊ ၏။ တနည်း

မနုဿဘူတဿေ၀၊ အားသာလျှင်။ အနန္တရိယံ၊ ရှိသော။ ကမ္မံ၊ သည်။ ဟောတိ၊ ၏။

အမိအဘကို သတ်သောသူအား အဘယ်သို့ သဘောရှိသော ကံဖြစ်သနည်း၊ ဝါ၊ အမိအဘကို သတ်သောသူ၏ ကံသည် အဘယ်သို့ သဘောရှိသနည်း ဟူဘွယ်ရှိ၍ "ဧတ္ထ ဟိ" စသည် မိန့် ဟု တက်။

"မာတရံ ဝါ ပိတရံ ဝါ ဇီဝိတာ ဝေါရောပေန္တဿ ကမ္မံ အနန္တရိယံ ဟောတိ" သာ ဆိုလိုရင်း။

### အနန္တရိယကံ မထိုက်သူများ

အမိအဘကို သတ်သောသူအား အနန္တရိယကံ ဖြစ်သည် ဟူ၏၊ လူဖြစ်သော သားသည် တိရစ္ဆာန်ဖြစ်သော အမိအဘကို၊ တိရစ္ဆာန်ဖြစ်သော သားသည် လူဖြစ်သော အမိအဘကို၊ တိရစ္ဆာန်ဖြစ်သော သားသည် တိရစ္ဆာန်ဖြစ်သော အမိအဘကိုပင် သတ်သော်လည်း အနန္တရိယကံ ထိုက်ကောင်းအံ့လော ဟူဘွယ် ရှိ၍ "မနုဿဘူတဿေ၀ မနုဿဘူတံ" ကို ဆိုရပြန်သည်။

သတ်သောသားလည်း လူဖြစ်ပါမှ သတ်အပ်သော အမိ အဘလည်း လူဖြစ်ပါမှ အနန္တရိယကံ ထိုက်သည်။ ဖြုဟ္မဒတ်မင်းနှင့် အကြောင်းသင့်၍ နဂါးမက မွေးဖွားသော သာဂရမင်းသား၊ သမုဒ္ဒဇာမင်းသမီးတို့ကဲ့သို့ရင်း လူ ယောကျ်ားနှင့် အကြောင်းသင့်၍ မြင်းဘီလူးမက မွေးဖွားသော ပဒလက္ခဏ မန္တန်ကို တတ်သော ငါတို့ဘုရားအလောင်း လုလင်ကဲ့သို့ရင်း မုဆိုးနှင့် အကြောင်းသင့်၍ ကိန္နရာမက မွေးဖွားသော တိဿ၊ သုမိတ္တ ညီနောင်နှစ်ပါးတို့ ကဲ့သို့ရင်း ရသေ့၏ ရေဟောင်းကို မပြတ်မှီဝဲခြင်းကြောင့် ပဋိသန္ဓေရ၍ သမင်မက မွေးဖွားသော မိဂသိင် ရသေ့ကဲ့သို့ရင်း တိရစ္ဆာန်မက မွေးဖွားသော လူဖြစ်သော သား၏ တိရစ္ဆာန်ဖြစ်သော အမိကို သတ်ရာ၌ရင်း ခြင်္သေ့နှင့်အကြောင်းသင့်၍ မင်းသမီးက မွေးဖွားသော သီဟဗာဟုမင်းကဲ့သို့ လူဖြစ်သောသားသည် တိရစ္ဆာန် ဖြစ်သော အဘကို သတ်ရာ၌ရင်း ဓတရဋ္ဌနဂါးမင်းနှင့် အကြောင်းသင့်၍ သမုဒ္ဒဇာမင်းသမီးက မွေးဖွားသော သုဒဿန၊ သုဘောဂ၊ ဘူရိဒတ်၊ ကာဏာရိဋ္ဌတို့ ကဲ့သို့ တိရစ္ဆာန်ဖြစ်သော သားသမီး၏ လူဖြစ်သော မိဘကို သတ်ရာ၌ရင်း တိရစ္ဆာန်ဖြစ်သော သား၏ တိရစ္ဆာန်ဖြစ်သော မိဘကို သတ်ရာ၌ရင်း အနန္တရိယကံ မထိုက်။ ယင်းသို့ပင် မထိုက်သော်လည်း ထိုသို့ သဘောရှိသော ပါဏာတိပါတကံကို အနန္တရိယကံလောက် နီးနီးပင် အပြစ်ကြီးချေ၏ ဟု မှတ်။

## ပရိဝါပါဠိတော်-လာရှိပုံ

သတ်သောသားသမီး သတ်အပ်သောမိဘအားဖြင့် သတ်တတ် သတ်အပ် ပုဂ္ဂိုလ်နှစ်ယောက်တွင် တရပ်ရပ်သော်၎င်း နှစ်ရပ်လုံးသော်၎င်း တိရစ္ဆာန် ဖြစ်ခဲ့သော် မာတုဃာတက ပိတုဃာတက အနန္တရိယကံ မထိုက်။ ဤသို့သော အနက်သဘောကို ရည်၍ပင် ပရိဝါပါဠိတော်(၃၇၆) ၌- -

ဣတ္ထိံ ဟနေ စ မာတရံ၊ ပုရိသဥ္စ ပိတရံ ဟနေ။
မာတရံ ပိတရံ ဟန္တွာ၊ န တေနာနန္တရံ ဖုသေ။
ပဥှာမေသာ ကုသလေဟိ စိန္တိတာ။

ဟူသော သေဒမောစနဂါထာကို ဟောတော်မူသည်။

ပရိဝါအဋ္ဌကထာ (၂၃၉) ၌လည်း ဤဂါထာကို ဤသို့သော အနက်သဘောကို ရည်၍ ဟောတော်မူကြောင်းကို—

န တေနာနန္တရံ ဖုသေတိ အယံ ပဥှာ မိဂသိင်္ဂတာပသသီဟကုမာရာဒီနံ ဝိယ တိရစ္ဆာနမာတာပိတရော သန္ဓာယ ဝုတ္တာ။

ဟူ၍ ပြဆိုတော်မူသည်။

ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ မာတရံ၊ အမိဖြစ်သော။ ဣတ္ထိံ စ၊ မိန်းမကိုသော်လည်း။ ဟနေ၊ သတ်ရာ၏။ ပိတရံ၊ အဘဖြစ်သော။ ပုရိသဥ္စ၊ ယောကျ်ားကိုသော်လည်း။ ဟနေ၊ သတ်ရာ၏။ တေန၊ ထိုပုဂ္ဂိုလ်သည်။ မာတရံ၊ ကို၎င်း။ ပိတရံ၊ ကို၎င်း။ ဟန္တွာ၊ သတ်ခြင်းကြောင့်။ အနန္တရံ၊ အနန္တရိယကံသို့။ န ဖုသေ၊ မရောက်ရာ။ မေ၊ ငါ၏။ ဧသာ ပဥှာ၊ ဤပုစ္ဆာပြဿနာဂါထာကို။ ကုသလေဟိ၊ ပုစ္ဆာ ဝိဿဇ္ဇနာ အရာ၌ လိမ္မာကုန်သော ပညာရှိတို့သည်။ စိန္တိတာ၊ ဤဂါထာကို မည်သည့် အနက်သဘောကို ရည်၍ ဟောတော်မူသည် ဟု ကြံစည်အပ်၏။

န တေနာနန္တရံ ဖုသေတိ၊ န တေနာနန္တရံ ဖုသေ-ဟူသော။ အယံ ပဥှာ၊ ဤပြဿနာကို။ မိဂသိင်္ဂတာပသသီဟကုမာရာဒီနံ၊ မိဂသိင်ရသေ့ သီဟဗာဟုမင်းသား စသည်တို့၏။ မာတာပိတရော ဝိယ၊ အမိအဘတို့ကဲ့သို့။ တိရစ္ဆာန-မာတာပိတရော၊ တိရစ္ဆာန်ဖြစ်သော မိဘတို့ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

လူဖြစ်သော သားသမီးအား လူဖြစ်သော မိဘကို သတ်ခြင်းကြောင့် အနန္တရိယကံဖြစ်သည် ဟူရာ၌ ထိုမိဘသည် လိင်ပြန်ခြင်းမရှိ။ ပကတိလိင်၌

တည်သော်သာ အနန္တရိယကံ ဖြစ်လေသလော ဟူဘွယ်ရှိ၍ "အပိ ပရိဝတ္တ-လိင်္ဂံ"ကို မိန့်ဆိုပြန်ရသည်။ လိင်ပြန်သည်ပင် ဖြစ်စေကာမူ သတ်တတ် သတ်အပ် နှစ်ရပ်လုံး လူဖြစ်ခဲ့သော် မိဘကို သတ်သော သားသမီးအား အနန္တရိယကံဖြစ်သည်သာ ဟူလို။

ဤသို့ သတ်တတ် သတ်အပ် နှစ်ရပ်လုံး လူဖြစ်ခဲ့က လိင်ပြန်သောမိဘကိုပင် သတ်သော်လည်း အနန္တရိယကံဖြစ်သည်ကို ရည်၍ပင် ပရိဝါပါဠိတော် (၃၇၆) ၌—

ဣတ္ထိံ ဟနေ န မာတရံ၊ ပုရိသဥ္စ န ပိတရံ။
ဟနေ အနရိယံ မန္ဒော၊ တေန အနန္တရံ ဖုသေ။
ပဉ္ဟာမေသာ ကုသလေဟိ စိန္တိတာ။

ဟူသော ဂါထာကို ဟောတော်မူသည်။

၎င်းအဋ္ဌကထာ (၂၃၉) ၌လည်း ဤပြဿနာကို လိင်ပြန်ခြင်းကြောင့် မိန်းမ ဖြစ်သော အဘကိုငှင်း ယောကျ်ားဖြစ်သော အမိကိုငှင်း ရည်၍ ဟောတော်မူကြောင်းကို —

အယံ ပဉ္ဟာ လိင်္ဂပရိဝတ္တေန ဣတ္ထိဘူတံ ပိတရံ ပုရိသဘူတဥ္စ မာတရံ သန္ဓာယ ဝုတ္တာ။

ဟု ပြဆိုတော်မူ၏။

မန္ဒော၊ မိုက်မဲတွေဝေသော။ ယော ပုဂ္ဂလော၊ သည်။ အနရိယံ၊ အရိယာလည်း မဟုတ်သော။ န မာတရံ၊ အမိလည်းမဟုတ်သော။ ဣတ္ထိံ၊ မိန်းမကို။ ဟနေ၊ ၏။ ယော စ ပုဂ္ဂလော၊ သည်လည်း။ အနရိယံ၊ သော။ န ပိတရဥ္စ၊ အဘလည်းမဟုတ်သော။ ပုရိသံ၊ ကို။ ဟနေ၊ ၏။ တေန ပုဂ္ဂလေန စ၊ သည်လည်း။ အနန္တရံ၊ အနန္တရိယကံသို့။ ဖုသေ၊ ရောက်ရာ၏။ မေ၊ ၏။ သော ပဉ္ဟာ၊ ကို။ ကုသလေဟိ၊ တို့သည်။ စိန္တိတာ၊ ၏။

အယံ ပဉ္ဟာ၊ ဤ ဣတ္ထိံ ဟနေ။ပ။ တေန အနန္တရံ ဖုသေ-ဟူသော ပြဿနာကို။ လိင်္ဂပရိဝတ္တေန၊ လိင်ပြန်ခြင်းကြောင့်။ ဣတ္ထိဘူတံ၊ မိန်းမဖြစ်၍ ဖြစ်သော။ ပိတရဥ္စ၊ အဘကိုငှင်း။ ပုရိသဘူတံ၊ ယောကျ်ားဖြစ်၍ဖြစ်သော။ မာတရဥ္စ၊ အမိကိုငှင်း။ သန္ဓာယ၊ ၍။ ဝုတ္တာ၊ ၏။

ဤ လိင်္ဂပရိဝတ္တေန ဣတ္ထိဘူတံ-စသော စကားဖြင့် အဘလိင်ပြန်၍ မိန်းမ အဖြစ်၌တည်စဉ် သတ်ရာ၌ မူလရင်းက အဘဖြစ်သည်ကို အစွဲပြု၍ အဘကို သတ်သည်ဟူ၍သာ ဆိုအပ်သည်။ အမိကိုသတ်သည် ဟု မဆိုအပ်။ ထိုကံလည်း ပိတုဃာတကကံသာ မည်သည်။ မာတုဃာတကကံ မမည်။

အမိလိင်ပြန်၍ ယောကျ်ားအဖြစ်၌ တည်ခိုက်ဝယ် သတ်ရာ၌လည်း မူလရင်းက အမိဖြစ်သည်ကိုစွဲ၍ အမိကိုသတ်သည်ဟူ၍သာ ဆိုရသည်။ အဘကို သတ်သည် ဟု မဆိုရ။ ထိုကံလည်း မာတုဃာတကကံသာ မည်သည်၊ ပိတု-ဃာတကကံ မမည်ဟူသော အနက်သဘောကို ရည်၍ ဤ "ဣတ္ထိံ ဟနေ န မာတရံ" စသော ပုစ္ဆာကို ဟောတော်မူသည် ဟု အဋ္ဌကထာဆရာ ပြတော်မူသည်။

အမိမဟုတ်သောမိန်းမ, အဘမဟုတ်သောယောကျ်ားကို သတ်ခြင်းကြောင့် အနန္တရိယကံထိုက်သည် ဟူရာ၌ ထိုသတ်အပ်သောမိန်းမ ယောကျ်ားတို့သည် ရဟန္တာဖြစ်သောကြောင့် အရဟန္တဃာတကဖြစ်သော အနန္တရိယကံကို ရည်၍ အနန္တရိယကံထိုက်သည် ဟု ဟောတော်မူလေသလော ဟု မှတ်ထင်ရန်ရှိ၍ "အနရိယံ" ကို ဟောတော်မူပြန်သည်။

ယင်းဖြင့် ထိုသတ်အပ်သောမိန်းမ ယောကျ်ားတို့၏ အရိယာမဟုတ်သည်၏ အဖြစ်ကြောင့် အရဟန္တဃာတကဖြစ်သော အနန္တရိယကံထိုက်သည်ကို ရည်၍ အနန္တရိယကံ ထိုက်ကြောင်းကို ဟောတော်မူသည် မဟုတ်။

ယင်းဖြင့် ထိုသတ်အပ်သော အမိမဟုတ်သော မိန်းမဟူသည် အခြားမဟုတ်၊ အဘလိင်ပြန်၍ ဖြစ်သော မိန်းမဖြစ်ရကား ပိတုဃာတကအနန္တရိယကံ ထိုက်သည်ကို ရည်၍ ထိုအဘမဟုတ်သော သတ်အပ်သော ယောကျ်ားဟူသည်လည်း အခြားယောကျ်ားမဟုတ်၊ အမိလိင်ပြန်၍ ဖြစ်သော ယောကျ်ားဖြစ်ရကား မာတုဃာတကအနန္တရိယကံ ထိုက်သည်ကို ရည်၍သာ အနန္တရိယကံ ထိုက်ကြောင်းကို ဟောတော်မူသည် ဟူလို။

## ဝိမတိဝိနောဒနီဋီကာ အလို

ဤ အနရိယံ-ဖြင့် အဘလိင်ပြန်၍ဖြစ်သော မိန်းမ, အမိလိင်ပြန်၍ဖြစ်သော ယောကျ်ားကိုသတ်ရာ၌ ထိုသတ်အပ်သော ယောကျ်ား မိန်းမသည် ရဟန္တာဖြစ်မူကား ပိတုဃာတက မာတုဃာတကကံသာ ထိုက်သည် မဟုတ်၊ အရဟန္တ-ဃာတကကံလည်း ထိုက်၏ ဟု ပြတော်မူသည်။

> ဣတ္ထိံ ဟနေတိ ဂါထာယ န မာတုဘူတံ ဣတ္ထိံ ဟနေယျ။ န ပိတုဘူတံ ပုရိသံ ဟနေယျ။ အနရိယန္တိ တဉ္စ အနရဟန္တမေဝ ဟနေယျ။ ဧတေန အရဟန္တဃာတကောပိ န ဟောတီတိ ဒဿေတိ။

ဝိမတိဝိနောဒနီဋီကာ ၂-(၃၁၃)

ဠတ္ထိံ ဟနေတိ ဂါထာယ၊ ဠတ္ထိံ ဟနေ-အစရှိသော ဤဂါထာ၌။ အယံ အတ္ထော၊ ဤအနက်ကို။ ဝေဒိတဗ္ဗော၊ ၏။ မန္ဒော၊ သော။ ယော ပုဂ္ဂလော၊ သည်။ န မာတုဘူတံ၊ အမိမဟုတ်သည်ဖြစ်၍ဖြစ်သော။ ဠတ္ထိံ ၊ ကို။ ဟနေယျ၊ သတ်ရာ၏။ န ပိတုဘူတံ၊ အဘမဟုတ်သည်ဖြစ်၍ဖြစ်သော။ ပုရိသံ၊ ကို။ ဟနေယျ၊ ၏။ အနရိယန္တိ၊ ယံ-ဟူသည်ကား။ တဥ္စ၊ ထိုအမိမဟုတ်သောမိန်းမ အဘမဟုတ်သောယောကျ်ားကိုလည်း။ အနရဟန္တမေဝ၊ ရဟန္တာမဟုတ်သည်ကို သာလျှင်။ ဟနေယျ၊ ၏။ တေန၊ ထိုအနရိယံ-ဟူသောပုဒ်ဖြင့်။ အရဟန္တ-ဃာတကောပိ၊ အရဟန္တဃာတကကံသည်လည်း။ န ဟောတိ၊ မဖြစ်။ ဣတိ၊ သို့။ ဒဿေတိ၊ ပြတော်မူ၏။

ဤဋီကာအလိုအားဖြင့် အဘလိင်ပြန်၍ဖြစ်သော မိန်းမကို သတ်သော လူဖြစ်သော သားအား သတ်အပ်သော မိန်းမသည် အမိမဟုတ်သောကြောင့် မာတုဃာတကအနန္တရိယကံ မထိုက်။ မာတုဃာတကဖြစ်သော အနန္တရိယ ကံသာ မဟုတ်။ ထိုသတ်အပ်သောမိန်းမ၏ ရဟန္တာဖြစ်သော အရိယာမဟုတ် သောကြောင့် အရဟန္တဃာတကဖြစ်သော အနန္တရိယကံလည်း မထိုက်။ အမိ လိင်ပြန်၍ဖြစ်သော ယောကျ်ားကိုသတ်သော လူဖြစ်သောသားအား သတ်အပ် သောယောကျ်ား၏ အဘမဟုတ်သည်၏အဖြစ်ကြောင့် ပိတုဃာတကဖြစ်သော အနန္တရိယကံ မထိုက်။ ပိတုဃာတကဖြစ်သော အနန္တရိယကံသာ မထိုက်သည် မဟုတ်သေး။ ထိုသတ်အပ်သောယောကျ်ား၏ ရဟန္တာဖြစ်သော အရိယာ မဟုတ်သောကြောင့် အရဟန္တဃာတကဖြစ်သော အနန္တရိယကံလည်း မထိုက် ဟု ဆိုလိုသည်။

ဆိုပုံသာထူးသည်၊ သဘောအရမှာ ပြဆိုခဲ့ပြီးသောကျမ်းတို့နှင့် အတူတူပင်။

အဖြောင့်မှာ အဘလိင်ပြန်၍ဖြစ်သော မိန်းမကို သတ်ရာ အမိမဟုတ်သော ကြောင့်သာ မာတုဃာတကကံ ထိုက်သည် ဟု မဆိုရသည်။ လိင်မပြန်မီက အဘဖြစ်သောကြောင့် ပိတုဃာတကကံကား ထိုက်၏။ ရဟန္တာဖြစ်ချေက အရဟန္တဃာတကကံလည်း ထိုက်၏။ အမိလိင်ပြန်၍ဖြစ်သော ယောကျ်ားကို သတ်ရာ၌လည်း အဘမဟုတ်သောကြောင့် ပိတုဃာတကကံသာ မထိုက်သည်။ လိင်မပြန်မီက အမိဖြစ်သောကြောင့် မာတုဃာတကကံကား ထိုက်၏။ ရဟန္တာ ဖြစ်ချေက အရဟန္တဃာတကကံလည်း ထိုက်ချေ၏ ဟူလိုသည်။

ဤကား "တေန အရဟန္တဃာတကောပိ န ဟောတိ" ဟု အပိသဒ္ဒါနှင့် ရှိသည်အားလျော်စွာ ပြဆိုအပ်သော အဓိပ္ပါယ်တည်း။ အပိသဒ္ဒါနှင့်ကင်း၍ရှိမူ လိင်ပြန်သောမိဘကို သတ်သောသူအား ဖြစ်သော အနန္တရိယကံသည် မူလရင်း လိင်သို့လိုက်၍ ပိတုဃာတကဖြစ်သော အနန္တရိယကံ, မာတုဃာတကဖြစ်သော အနန္တရိယကံသာ ဖြစ်သည်။ ထိုသတ်အပ်သောသူတို့ အရိယာမဟုတ်သော

ကြောင့် အရဟန္တဃာတကဖြစ်သော အနန္တရိယကံ မဟုတ် ဟု ပြသည် ဟု ဆိုလေ။

## မူလဋီကာ အလို

လိင်ေ် ပရိဝတ္တေပိ သော ဝေ ကေကမ္မနိဗ္ဗတ္တော ဘဝင်္ဂပ္ပဗန္ဓော ဇီဝိတိန္ဒြိယပ္ပဗန္ဓော စ နာညောတိ အာဟ အပိ ပရိဝတ္တလိင်္ဂန္တိ။

မူလဋီကာ (၂၀၇)

တဿ၊ ထိုလိင်ပြန်သောမိဘအား။ ပုဗ္ဗေ၊ လိင်မပြန်မီရှေးအဘို၌။ ကေကမ္မ-နိဗ္ဗတ္တော၊ ထိုဘဝဝယ် ပဋိသန္ဓေကို ဖြစ်စေတတ်သော တခုသောကံကြောင့် ဖြစ်သော။ ဝါ၊ သောကြောင့်။ ဘဝင်္ဂပ္ပဗန္ဓော စ၊ ပဋိသန္ဓေခဏကစ၍ အစဉ် မပြတ်ဖြစ်သော ဝိပါက်ခန္ဓာဟူသော ဘဝင်အစဉ်သည်၎င်း။ ဇီဝိတိန္ဒြိယပ္ပဗန္ဓော စ၊ ပဋိသန္ဓေဥပါဒ်ခဏကစ၍ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် တဆယ့် ခုနစ်ခုမြောက်ဖြစ်သော စိတ်၏ ဥပါဒ်တိုင်အောင် ဥပါဒ် ဌီ ဘင် ခဏတိုင်း ခဏတိုင်း တဆက် တစပ်တည်းဖြစ်သော ဇီဝိတိန္ဒြေအစဉ်သည်၎င်း။ အတ္ထိ၊ ၏။ လိင်ေ်၊ ကလလကာလပဋိသန္ဓေ ဥပါဒ်ခဏကစ၍ ဖြစ်သော ဘာဝရုပ် ဘာဝ-ဒသကကလာပ်တို့၏ အကျိုးဖြစ်သော လိင်သည်။ ပရိဝတ္တေပိ၊ ပြန်သော်လည်း။ ဝါ၊ ပြန်ပြီးနောက်၌လည်း။ သော ဝေ၊ထိုလိင်မပြန်မီရှိရင်းဖြစ်သော ဘဝင်အစဉ် ဇီဝိတိန္ဒြေအစဉ်သာတည်း။ န အညော၊ ရှိရင်းမှတပါး အခြားသော ဘဝင် အစဉ် ဇီဝိတိန္ဒြေ အစဉ်မဟုတ်။ ဣတိ၊ ဤသို့ နှလုံးပြု၍။ အပိ ပရိဝတ္တလိင်္ဂန္တိ၊ အပိ ပရိဝတ္တလိင်္ဂံ-ဟူ၍။ ဝါ၊ ဟူသော စကားကို။ အာဟ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။

ဤမူလဋီကာဝယ် အနုသန္ဓေနှင့်တကွ အဓိပ္ပါယ်ကို ပြဦးအံ့။

အရှင်ဋီကာဆရာ အဋ္ဌကထာဆရာသည် လူဖြစ်သောမိဘကိုသတ်သော လူ ဖြစ်သောသားအား ထိုသတ်အပ်သော မိဘသည် လိင်ပြန်သည်ပင် ဖြစ်စေကာမူ အနန္တရိယကံ ထိုက်ကြောင်းကို ပြဆိုတော်မူ၏၊ လိင်ပြန်သော ပုဂ္ဂိုလ်တို့၏ သဘောသည် ယောကျ်ားဖြစ်အံ့၊ ပဋိသန္ဓေ ဥပါဒ်ခဏကစ၍ စိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း ခဏတိုင်း မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်သော ပုရိသိန္ဒြေ ပုမ္ဘာဝဒသကကလာပ်တို့သည် ပဝတ္တိအခါ အကြင်စိတ်၏ ဘင်္ဂက္ခဏ၌ အကြွင်းမဲ့ ကုန်ပြတ် ချုပ်ပျက်ကုန်လတ္တံ့၊ ထိုစိတ်မှစ၍ ပဋိလောမအားဖြင့် ရေသော် တဆယ့်ခုနစ်ကြိမ်မြောက်သော စိတ်၏ ဌီခဏကစ၍ အသစ်မဖြစ်ကုန်ပြီ။

ထိုသတ္တရသမစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ကုန်သော ပုရိသိန္ဒြေ ပုမ္ဘာဝဒသက ကလာပ်တို့သည် သဋ္ဌရသာယုကစေ့သဖြင့် ချုပ်ကုန်လတ်သော် ထိုအဆုံးစွန်

ဖြစ်သော ပုရိသိန္ဒြေ ပုမ္ဘာဝဒသကကလာပ်တို့နှင့် ပြိုင်၍ ချုပ်သော စိတ်၏ ဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ဖြစ်သောစိတ်၏ ဥပါဒ်ခဏကစ၍ ဥပါဒ် ဌီ ဘင် ခဏတိုင်း ခဏတိုင်း ဣတ္ထိန္ဒြေ ဣတ္ထိဘာဝဒသက ကလာပ်ရုပ်တို့သည် မြစ်ရေ အယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်ကုန်၏။

အကျိုးဖြစ်သော ပုရိသလိင်သည်လည်း အကြောင်းဖြစ်သော အဆုံးစွန် ပုရိသိန္ဒြေ ချုပ်သည်နှင့် တပြိုင်နက် ကွယ်ပျောက်၍ အကြောင်းဣတ္ထိန္ဒြေ ဖြစ်သည်နှင့် တပြိုင်နက် ယင်း၏အကျိုးဖြစ်သော ဣတ္ထိလိင်အသစ် ထင်ရှား ဖြစ်ပေါ်လာရကား ထိုလိင်ပြန်သော ယောကျ်ားအား လိင်မပြန်မီ ရှေးအဘို့ ကာလ၌ဖြစ်သော ပုရိသိန္ဒြေ ပုမ္ဘာဝဒသက ကလာပ်အစဉ်တခြား, လိင်ပြန် သည့်နောက် အသစ်ဖြစ်သော ဣတ္ထိန္ဒြေ ဣတ္ထိဘာဝဒသက ကလာပ်အစဉ်တခြား ဖြစ်ရကား—

လူဖြစ်သော အဘကိုသတ်သော လူဖြစ်သောသားအား သတ်သောကာလ ထိုသတ်အပ်သောသူသည် ပုရိသိန္ဒြေ ပုမ္ဘာဝဒသကကလာပ် အစဉ်ပြတ်သဖြင့် ပုရိသလိင်လည်း ကွယ်ပြီးဖြစ်ရကား ယောကျ်ားမဟုတ်ပြီ။ ယင်းသို့ ယောကျ်ား မဟုတ်သဖြင့်လည်း ယောကျ်ားကိုသာ အဘ ဟု ခေါ်ဝေါ်ရိုးရှိသောကြောင့် အဘကိုသတ်သည် မမည်ရာ။

ယင်းသို့ အဘကို မသတ်သောသူအားလည်း ပိတုဃာတကဖြစ်သော အနန္တရိယကံထိုက်သည် မဖြစ်ရာ၊ ထိုလိင်ပြန်၍ မိန်းမဖြစ်သော သတ်အပ်သော သူသည် အမိမဟုတ်သောကြောင့် အမိကိုသတ်သည် မမည်ရာ၊ အမိကို မသတ် ကလည်း မာတုဃာတကဖြစ်သော အနန္တရိယကံထိုက်သည် မဖြစ်ရာ။

ဤနည်းအတူ အမိလိင်ပြန်၍ဖြစ်သော ယောကျ်ားကို သတ်ရာ၌လည်း လိင်မပြန်မီဖြစ်သော ဣတ္ထိန္ဒြေ ဣတ္ထိဘာဝဒသကကလာပ်အစဉ်, လိင်ပြန် ပြီးနောက် ဖြစ်သော ပုရိသိန္ဒြေ ပုမ္ဘာဝဒသကကလာပ်အစဉ်တို့ အခြားစီ ဖြစ်ခြင်း စသော အကြောင်းကြောင့် မာတုဃာတက ပိတုဃာတကဖြစ်သော အနန္တရိယကံ နှစ်ပါးလုံးပင် ထိုက်သည် မဖြစ်ရာ။

ထိုသတ်အပ်သောသူသည် ရဟန္တာဖြစ်သော အရိယာမဟုတ်သည် ဖြစ်၍ ရဟန္တာကိုသတ်သော သူအားသာလည်း အရဟန္တဃာတကကံ ထိုက်ရကား အရဟန္တဃာတကဖြစ်သော အနန္တရိယကံ ထိုက်သည်လည်း မဖြစ်ရာ၊ လောဟိ တုပ္ပါဒက, သံဃဘေဒကဖြစ်သော အနန္တရိယကံဖြင့်လည်း လျှဉ်းပါးရန် မရှိ။

ထိုသို့လျက် အဘယ်သို့သော အကြောင်းကြောင့် အရိယာမဟုတ်သော လူဖြစ်သော လိင်ပြန်သောမိဘကို သတ်သော လူဖြစ်သော သားအား အနန္တရိ-

ယက် ထိုက်ကြောင်းကို အဋ္ဌကထာဆရာ ဆိုတော်မူအပ်လေသနည်း ဟူဘွယ် ရှိ၍ "လိင်္ဂေ ပရိဝတ္တေပိ" အစရှိသည်ကို ဆိုတော်မူသည်။

"လိင်္ဂေ ပရိဝတ္တေပိ သော ဧဝ ဘဝင်္ဂပ္ပဗန္ဓော ဇီဝိတိန္ဒြိယပ္ပဗန္ဓော စ နာညောတိ" စသည်သာ ပဋ္ဌာန။

လူဖြစ်သောသားသည် သတ်အပ်သော လူဖြစ်သော မိဘအား လိင်မပြန် သည်ရှိသော် ထိုတခုတည်းသော အတ္တဘော၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ဟခုသောကံကြောင့်ဖြစ်၍ ပဋိသန္ဓေခဏကစ၍ စုတိစိတ်၏ ဥပါဒ်ခဏတိုင်အောင် ဝီထိတို့၏ အကြားအကြား၌ မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်သော ဥပပတ္တိဘဝ၏ အစိတ်ဖြစ်၍ ဘဝင်္ဂမည်သော ဝိပါက်ခန္ဓာအစဉ်ဟူသော အကြင် ဘဝင်္ဂပ္ပဗန္ဓသည်ရင်း ပဋိသန္ဓေ ဥပါဒ်ခဏကစ၍ စုတိစိတ်ကစ၍ ပဋိလောမ အားဖြင့်ရေသော် သတ္တရသမစိတ်၏ ဥပါဒ်ခဏတိုင်အောင် စိတ်တို့၏ ဥပါဒ် ဋ္ဌိ ဘင် ခဏတိုင်းခဏတိုင်း မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ်ဖြစ်သော ဇီဝိတိန္ဒြေ အစဉ်သည်ရင်း ဖြစ်၏။

ထိုသတ်အပ်သော မိဘအား လိင်ပင်ပြန်သော်လည်း အခြားသောဘဝင် အစဉ် ဇီဝိတိန္ဒြေအစဉ် ဖြစ်လေသည် မဟုတ်။ လိင်မပြန်သည်ရှိသော် ပြဆိုခဲ့ ပြီးသော ကာလအပိုင်းအခြားတိုင်အောင် ဖြစ်သင့်ဖြစ်ထိုက်သော ဘဝင်အစဉ် ဇီဝိတိန္ဒြေအစဉ်သာ ဖြစ်သောကြောင့် လူဖြစ်သော မိဘကိုသတ်သော လူဖြစ် သောသားအား ထိုမိဘသည် လိင်ပင်ပြန်သော်လည်း ထိုက်သည့်အားလျော်စွာ ပိတုဃာတက မာတုဃာတက အနန္တရိယ ကံထိုက်သည်သာ ဟူလို။

အရှင်ဋီကာဆရာ လိင်ပြန်သောပုဂ္ဂိုလ်အား လိင်ပြန်သည်ကစ၍ ဖြစ်သော ဘဝင်အစဉ် ဇီဝိတိန္ဒြေအစဉ်သည် လိင်မပြန်မီ ရှေးအဘို့ကာလဝယ် ပဋိသန္ဓေ- ခဏကစ၍ဖြစ်သော ဘဝင်အစဉ် ဇီဝိတိန္ဒြေအစဉ်ပင်ဖြစ်သည်၊အခြားတပါးသော အစဉ်မဟုတ် ဟု ဆိုတော်မူ၏။ ထိုဘဝင် ဇီဝိတိန္ဒြေတို့သည် ထိုက်သည့်အား လျော်စွာ မိမိတို့ တည်ထိုက်သော စိတ်ခဏယ် ကာလအပိုင်းအခြား အတိုင်း တည်၍ အသီးအသီး ချုပ်ပျက်ပြီးဖြစ်ပါကုန်သည် မဟုတ်လော၊ ထိုသို့လျှက် အဘယ့်ကြောင့် လိင်ပြန်ပြီးနောက်ဖြစ်သော ဘဝင်အစဉ် ဇီဝိတိန္ဒြေအစဉ်ကို လိင်မပြန်မီ ရှေးအဘို့၌ ရှိရင်းဘဝင်အစဉ် ဇီဝိတိန္ဒြေအစဉ်ပင် ဖြစ်သည် ဟု ဆိုရလေသနည်း ဟူဘွယ်ရှိ၍ "ဧကကမ္မနိဗ္ဗတ္တော"ကို ဆိုရပြန်သည်။

တခုသောဘဝ၌ ပဋိသန္ဓေဟူသောအကျိုးကို ဖြစ်စေတတ်သော ကံသည် မိမိ၏ အကျိုးဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့ကို ပဋိသန္ဓေ ခဏကစ၍ ထိုဘဝ စုတိ ကျသည်တိုင်အောင် ပေးမြဲဖြစ်ရကား ထိုလိင်ပြန်သော ပုဂ္ဂိုလ်အား လိင်မပြန်မီ ဖြစ်သောဘဝင် ဇီဝိတိန္ဒြေ, လိင်ပြန်ပြီးနောက် ဖြစ်သောဘဝင်

ဇီဝိတိန္ဒြေတို့သည် ထိုဘဝ ပဋိသန္ဓေကို ဖြစ်စေတတ်သော တခုတည်းသော ကံကြောင့်သာ ဖြစ်သောကြောင့် လိင်ပြန်ပြီးနောက်ဖြစ်သော ဘဝင်အစဉ် ဇီဝိတိန္ဒြေအစဉ်ကို လိင်မပြန်မီ ဖြစ်သော ဘဝင်အစဉ်ဇီဝိတိန္ဒြေအစဉ် ဟူ၍ပင် ဆိုရလေသည်ဟူလို။ ကေကမ္မနိဗ္ဗတ္တော-ကား ဟေတုမန္တဝိသေသနံ။

## အနုဋီကာအလို

ဤမူလဋီကာ၏ အဖွင့်ဖြစ်သော——

> သောဧဝါတိ ယော လိင်္ဂေ အပရိဝတ္တေ တသ္မိံ အတ္တဘာဝေ ဘဝင်္ဂ-ဇီဝိတိန္ဒြိယပ္ပဗန္ဓော သောဧဝ။ တံ ဟိ ဥပါဒါယ ဧကဇာတိသမညာ။ န စေတ္ထ ဘာဝကလာပဂတဇီဝိတိန္ဒြိယဿ ဝသေန စောဒနာ ကာတဗ္ဗာ။ တဒညဿေဝ အဓိပ္ပေတတ္တာ။ တံ ဟိ တတ္ထ အဝိစ္ဆေဒဝုတ္တိယာ ပဗန္ဓဝေါ-ဟာရံ လဘတိ။ ဣတရံပိ ဝါ ဘာဝါနုပါလနတာသာမညေနာတိ အနောကာသာဝ စောဒနာ။

ဟူသော အနုဋီကာ (၂၀၈) ၌ အနက်အဓိပ္ပါယ်တို့ကို ပြဆိုလိုက်ဦးအံ့။

သောဧဝါတိ၊ သောဧဝ-ဟူသည်ကား။ လိင်္ဂေ၊ လိင်သည်။ အပရိဝတ္တေ၊ မပြန်သည်ရှိသော်။ ဝါ၊ မပြန်မီ။ တသ္မိံ အတ္တဘာဝေ၊ ထိုအတ္တဘော၌။ ယော ဘဝင်္ဂဇီဝိတိန္ဒြိယပ္ပဗန္ဓော၊ အကြင် ဘဝင်အစဉ် ဇီဝိတိန္ဒြေအစဉ်သည်။ ဟောတိ၊ ဖြစ်၏။ လိင်္ဂေ၊ သည်။ ပရိဝတ္တေပိ၊ ပြန်သော်လည်း။ သော ဧဝ၊ ထိုလိင်မပြန်မီ ဖြစ်သော ဘဝင်အစဉ် ဇီဝိတိန္ဒြေအစဉ်သည်သာလျှင်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ မှန်၏။ ဝါ၊ တံ ဟိ-တံ ဧဝ၊ ပဋိသန္ဓေခဏကစ၍ စုတိခဏတိုင်အောင် ဖြစ်သော ထိုဘဝင်အစဉ် ဇီဝိတိန္ဒြေအစဉ်ကိုသာလျှင်။ ဥပါဒါယ၊ အကြောင်းစွဲပြု၍။ ဧကဇာတိသမညာ၊ တခုသော ဘဝဇာတိ ဟု သမုတ် ခေါ်ဝေါ်ခြင်းသည်။ ဟောတိ၊ ၏။ စ၊ စောဒနာဘွယ်ကို ပယ်ဦးအံ့။ ဧတ္ထ၊ ဤဘဝင်အစဉ် ဇီဝိတိန္ဒြေအစဉ်ဟူရာ၌။ ဝါ၊ လိင်ပြန်သည်ကိုပြရာ၌။ ဘာဝကလာပဂတဇီဝိတိန္ဒြိယဿ၊ ဘာဝဒသကကလာပ်၌ တည်သော ပါရှိသော ဇီဝိတိန္ဒြေ၏။ ဝသေန၊ အစွမ်းဖြင့်။ စောဒနာ၊ စောဒနာခြင်းကို။ န ကာတဗ္ဗာ၊ မပြုအပ် မပြုသင့်။ ကသ္မာ၊ အဘယ့်ကြောင့် ဘာဝ ဒသက ကလာပ်၌ ပါရှိသော ဇီဝိတိန္ဒြေ၏ အစွမ်းဖြင့် စောဒနာခြင်းကို မပြုအပ်သနည်း ဟူမူကား။ တဒညဿေဝ၊ ထိုဘာဝဒသက ကလာပ်၌ပါသော ဇီဝိတိန္ဒြေမှ တပါးသော ဝတ္ထုဒသက, ကာယဒသကစသည်၌ ပါရှိသော ဇီဝိတိန္ဒြေကိုသာလျှင်။ အဓိပ္ပေတတ္တာ၊ လိုအပ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ သစ္စံ၊ ၏။ တတ္ထ၊ ထိုဇီဝိတိန္ဒြေတို့တွင်။ ဝါ၊ ဇီဝိတိန္ဒြေအစဉ်ကိုဆိုရာ၌။ တံ၊ ထိုဘာဝဒသကကလာပ်၌ပါသော ဇီဝိတိန္ဒြေမှ တပါးသော

ဝတ္ထုဒသက, ကာယဒသကစသည်၌ ပါသော ဇီဝိတိန္ဒြေသည်။ အဝိစ္ဆေဒဝုတ္တိယာ၊ တခုသောဘဝဝယ် ပဋိသန္ဓေခဏကစ၍ စုတိကာလတိုင်အောင် မပြတ်ဖြစ်ခြင်း ကြောင့်။ ပဗန္ဓဝေါဟာရံ၊ အစဉ်ပဗန္ဓဟူ၍ ခေါ်ဝေါ်ခြင်းဝေါဟာရကို။ လဘတိ၊ ရ၏။ ဝါ၊ တနည်းကား။ ဍ္လတရုံပိ၊ ဝတ္ထုဒသက ကာယဒသကစသည်၌ ပါသော ဇီဝိတိန္ဒြေမှ တပါးသော ဘာဝဒသကကလာပ်၌ ပါသော ဇီဝိတိန္ဒြေသည်လည်း။ ဘာဝါနုပါလနတာသာမညေန၊ ဣတ္ထိဘာဝ ပုမ္ဘာဝ ဟု အထူးမမှတ်မူ၍ ဘာဝ ရုပ်ကို စောင့်ရှောက်ခြင်းသာမညအားဖြင့်။ ပဗန္ဓဝေါဟာရံ၊ ကို။ လဘတိ၊ ၏။ ဍ္လတိ-တသ္မာ၊ ထိုသို့ဘာဝဒသကကလာပ်၌ ပါသော ဇီဝိတိန္ဒြေ၏လည်း ဣတ္ထိန္ဒြေ ဟူသော ဣတ္ထိဘာဝရုပ်ကို စောင့်သည်, ပုရိသိန္ဒြေဟူသော ပုရိသဘာဝရုပ်ကို စောင့်သည် ဟု အထူးမမှတ်ဘဲ ဘာဝရုပ်ကို စောင့်ရှောက်ခြင်း သာမညအားဖြင့် ပဗန္ဓဝေါဟာရကို ရသည်ပင်ဖြစ်သောကြောင့်။ စောဒနာ၊ လိုင်ပြန်သော ပုဂ္ဂိုလ်အား လိုင်ပြန်သည်၏ ရှေ့နောက်အဘို့၌ ဖြစ်သော ဘာဝဒသကကလာပ်၌ ပါသော ဇီဝိတိန္ဒြေဖြင့် စောဒနာခြင်းသည်။ အနောကာသာဝ၊ အခွင့်အရာ မဟုတ်သည်သာတည်း။

ယန္တိ သုတွာ တန္တိ ပဒံ၊ တန္တိ သုတွာန ယန္တိ စ။
ယောဇေယျ ယ တ သဒ္ဒါနံ၊ နိစ္စံ သမ္ဗန္ဓဘာဝတော။

ယတသဒ္ဒါနံ၊ အနိယတဖြစ်သော ယသဒ္ဒါ နိယတဖြစ်သော တ သဒ္ဒါတို့၏။ နိစ္စံ၊ အမြဲ။ သမ္ဗန္ဓဘာဝတော၊ ငဲ့စပ်သည်၏အဖြစ်ကြောင့်။ ယန္တိ ပဒံ၊ ယ-ဟူသော အနိယမတ္ထပုဒ်ကို။ သုတွာ၊ ကြား၍။ ကြားသည်ရှိသော်။ တန္တိ ပဒံ၊ တ-ဟူသော နိယမတ္ထပုဒ်ကို။ ယောဇေယျ၊ ယှဉ်ရာ၏။ တန္တိ ပဒံ၊ တ-ဟူသောနိယမတ္ထပုဒ်ကို။ သုတွာ၊ ၍။ သော်။ ယန္တိ ပဒဥ္စ၊ ယ-ဟူသော အနိယမတ္ထပုဒ်ကိုလည်း။ ယောဇေယျ၊ ၏။

ဤပရိဘာသာဂါထာ—

ရှေး၌ အနိယတ်ယ-သဒ္ဒါရှိက နောက်ဝယ် နိယတ်တ-သဒ္ဒါရှိမြဲ၊ မရှိကလည်း ထည့်မြဲ၊ ဤအတူ နောက်၌နိယတ် တ-သဒ္ဒါရှိက ရှေ့ဝယ်အနိယတ် ယ-သဒ္ဒါရှိမြဲ၊ မရှိကလည်း ထည့်မြဲဖြစ်ကြောင်းကို ပြဆိုသော—

"ရှေးအနိယတ်၊ ရှိတုံလတ်၊ နိယတ်လည်း နောက်နေ"
"အကယ်တည့်တည့်၊ မရှိလှည့်၊ ထည့်ရမည် မှတ်လေ"

ဟူသော နိယံတို့နှင့်အညီ ယ-သဒ္ဒါ တ-သဒ္ဒါတို့သည် အချင်းချင်း မကင်းရာ မကင်းကောင်းဖြစ်၍ ဤဋီကာဝယ် သော စေ-၌ သော-ဟူသော နိယတ် တ-၏

အနိယတ်ကား အဘယ်နည်း စသည်ဖြင့် စောဒနာဘွယ်ရှိ၍ "သော ဝေါတိ ယော လိင်္ဂေ" စသည်ကို မိန့်ဆိုတော်မူသည်။

ဤတွင် ယော-ဖြင့် သော-ဟူသောနိယတ်၏ အနိယတ်ကို ပြသည်။

ဘဝင်္ဂဇီဝိတိန္ဒြိယပဗန္ဓော-ဖြင့် ထို ယ- တ- တို့၏အတ္ထကို ပြသည်။

လိင်္ဂေ အပရိဝတ္တော-ဖြင့် ပဗန္ဓအရကို လိင်မပြန်မီ ရှေး၌ဖြစ်သော ပဗန္ဓကို ယူဟု ပြသည်။

တသ္မိံ အတ္တဘာဝေ-ဖြင့် အတိတ်ဘဝတို့၌ ဖြစ်သောပဗန္ဓကို နစ်စေ၍ ဤဘဝတွင်၌ပွေ ပဋိသန္ဓေခဏကစ၍ဖြစ်သော ပဗန္ဓကိုယူ ဟု ပြသည်။

ပဋိသန္ဓေခဏဝယ် ကံကြောင့်ဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ရုပ်နာမ်အစဉ်တွင် ရုပ်အစဉ်အရကို ကမ္မဇရုပ်ခပ်သိမ်းကို ယူသင့်ခဲ့သော် ဇီဝိတိန္ဒြိယပဗန္ဓကိုသာ ယူသောဆရာ့စကား မသင့်ရာဟုဘွယ်ရှိ၍ "တံ ဟိ။ပ။သမညာ" ကို ဆိုပြန်ရသည်။ကမ္မဇရုပ် ဟူသမျှကို အစွဲပြု၍ ဘဝတခု ဟု ခေါ်ဝေါ်အပ်သည် မဟုတ်၊ ဇီဝိတိန္ဒြေကိုသာ အစွဲပြုအပ်သောကြောင့် ယင်းကိုသာ ယူခြင်းသည် သင့်ပါ၏ဟူလို။

ယင်းသို့ ပဋိသန္ဓေခဏကစ၍ ဖြစ်သော ဇီဝိတိန္ဒြိယပဗန္ဓကို ယူခဲ့သော် လိင်ပြန်သော မိဘအား ပဋိသန္ဓေခဏကစ၍ ဖြစ်သော ပကတိဘာဝဒသကကလာပ်သည် လိင်ပြန်သောခဏ၌ ကွယ်ချုပ်၍ ဝိသဘာဂ ဖြစ်သော ဘာဝဒသကကလာပ် စ၍ဖြစ်သဖြင့် ပကတိဘာဝဒသက ဝိကတိဘာဝဒသကကလာပ် နှစ်ပါးတို့သည် အစဉ်အတိုင်း ပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်သော ကံ, ပဝတ္တိအကျိုးမျှကို ဖြစ်စေတတ်သော ကံကြောင့် ဖြစ်သည်ဖြစ်၍ ပကတိဘာဝဒသက ကလာပ်၌ ပါရှိသော ဇီဝိတိန္ဒြေအစဉ်အခြား, ဝိကတိဘာဝဒသကကလာပ်၌ပါသော ဇီဝိတိန္ဒြေအစဉ်လည်း အခြား, တပါးစီဖြစ်သော ကြောင့် ထိုပဋိသန္ဓေ ဟူသော အကျိုးကို ဖြစ်စေတတ်သော ကံကြောင့်ဖြစ်သော ပကတိဘာဝဒသကကလာပ်၌ ပါရှိသော ဇီဝိတိန္ဒြေအစဉ်သည် လိင်ပြန်သော ပုဂ္ဂိုလ်အား ပဝတ္တိကာလဝယ် အဆုံးစွန်သော ပကတိဘာဝဒသကကလာပ်, ချုပ်ဆဲခဏ လိင်ပြန်သောခဏ၌ ထိုပကတိဘာဝဒသကကလာပ်၌ ပါရှိသော ဇီဝိတိန္ဒြေ အစဉ်ပြတ်၍ ဝိကတိဘာဝဒသကကလာပ်၌ ပါသော ဇီဝိတိန္ဒြေအစဉ်အသစ် ဖြစ်ရကား ပကတိဇီဝိတိန္ဒြေအစဉ်ကို အကြောင်းအစွဲပြု၍ ခေါ်ဝေါ်သမုတ်အပ်သော ဘဝဇာတိတပါး, ဝိကတိဖြစ်သော ဇီဝိတိန္ဒြေ အစဉ်ကို အကြောင်းအစွဲပြု၍ ခေါ်ဝေါ်သမုတ်အပ်သော ဘဝဇာတိတပါး အားဖြင့် ဘဝဇာတိနှစ်ပါး သီးခြားဖြစ်ရာခဲ့သည်။

ယင်းသို့ ဖြစ်ကလည်း အတီတာနန္တရဘာဝဝယ် မိဘဖြစ်ဘူးသော လူကို သတ်သော လူဖြစ်သောသူအား အနန္တရိယကံ မထိုက်သကဲ့သို့ လိင်ပြန်သော လူဖြစ်သော မိဘကိုသတ်သော လူဖြစ်သော သားအား အနန္တရိယကံ ထိုက်သည် မဖြစ်ရာ ဟူ၍ စောဒနာရန် ရှိသည်ကို မြင်တော်မူ၍ ယင်းသို့ စောဒနာခြင်းကို မပြုအပ် မပြုသင့် ဟု ပြခြင်းငှါ "န စေတ္ထ။ပ။ကာတဗ္ဗာ" ကို ဆိုတော်မူပြန်သည်။

အဘယ့်ကြောင့် ဤသို့ စောဒနာခြင်းကို မပြုအပ်သနည်း ဟူဘွယ်ရှိ၍ ဝါ၊ ဇီဝိတိန္ဒြေအစဉ်ကို အစွဲပြု၍ တခုသော ဘဝဇာတိ ဟု သမုတ်ခေါ်ဆိုရာ၌ ဇီဝိတိန္ဒြေ အစဉ်အရကို ဘာဝဒသကကလာပ်၌ ပါရှိသော ဇီဝိတိန္ဒြေအစဉ်ကို အလိုမရှိအပ်၊ ဘာဝဒသကမှ တပါးသော ဝတ္ထုဒသက ကာယဒသက စသော ကလာပ်၌ ပါရှိသော ဇီဝိတိန္ဒြေအစဉ်ကိုသာ အလိုရှိအပ်သည်၏ အဖြစ်ကြောင့် ဤသို့ စောဒနာခြင်းကို မပြုသင့်သည် ဟု ပြခြင်းငှါ "တဒညဿေဝ အဓိပ္ပေ-တတ္တာ" ဟူသော စကားကို ဆိုတော်မူသည်။

တခုသော ဘဝဇာတိ ဟု ပညတ်ခေါ်ဆိုရာဝယ် ဘာဝဒသကကလာပ်၌ ပါရှိသော ဇီဝိတိန္ဒြေမှတပါး ဝတ္ထုဒသက စသည်၌ ပါရှိသော ဇီဝိတိန္ဒြေကိုသာ အလိုရှိအပ်သည် ဟူ၏၊ အဘယ့်ကြောင့်ကား ဘာဝဒသက၌ ပါရှိသော ဇီဝိ-တိန္ဒြေကို အလိုမရှိအပ်မူ၍ ယင်းမှတပါးသော ဝတ္ထုဒသက စသည်၌ ပါရှိသော ဇီဝိတိန္ဒြေကိုသာ အလိုရှိအပ်သနည်း ဟူဘွယ်ရှိ၍ "တံ ဟိ တတ္ထ ပဗန္ဓဝေါဟာရံ လဘတိ" ကို ဆိုတော်မူပြန်သည်။

ကေဇာတိ-ဟု သမုတ်ခေါ်ဝေါ်ကြောင်း ဇီဝိတိန္ဒြေအစဉ်ကို ပြဆိုရာ၌ ထို ဘာဝဒသက၌ ပါသော ဇီဝိတိန္ဒြေသည် ပဗန္ဓဝေါဟာရကို မရ၊ ထိုမှတပါးသော ဝတ္ထုဒသက စသည်၌ ပါသော ဇီဝိတိန္ဒြေသည်သာ ပဗန္ဓဝေါဟာရကို ရသောကြောင့် ယင်းကိုသာ အလိုရှိအပ်သည် ဟူလို။

အဘယ့်ကြောင့်ကား ဘာဝဒသက၌ ပါရှိသော ဇီဝိတိန္ဒြေသည် ပဗန္ဓ-ဝေါဟာရကို မရမူ၍ ဝတ္ထုဒသက စသည်၌ ပါသော ဇီဝိတိန္ဒြေသာ ပဗန္ဓ-ဝေါဟာရကို ရလေသနည်း ဟူဘွယ်ရှိ၍ "အဝိစ္ဆေဒဝုတ္တိယာ" ဟူသော ဟိတ်ကို ပြဆိုရပြန်သည်။

ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကြောင့်ဖြစ်၍ ပဋိသန္ဓေ ခဏကစ၍ ဖြစ်သော မူလဇီဝိတိန္ဒြေသည် လိင်ပြန်သော ပုဂ္ဂိုလ်အား ပဝတ္တိအခါ အဆုံးစွန် ဘာဝရုပ် ဘာဝဒသက ကလာပ်တို့ ချုပ်ပြတ်သော ခဏ၌ ပြတ်သည်ဖြစ်၍ ပဗန္ဓဝေါဟာရကို မရ၊ဝတ္ထုဒသက စသည်၌ ပါရှိသော ဇီဝိတိန္ဒြေသာ ပဋိသန္ဓေ

ခဏကစ၍ စုတိကာလတိုင်အောင် တခုသော ဘဝကာလပတ်လုံး အစဉ်မပြတ် ဖြစ်ခြင်းကြောင့် ပဗန္ဓဝေါဟာရကို ရသည် ဟူလို။

တနည်းလည်း လိင်ပြန်သောပုဂ္ဂိုလ်အား လိင်ပြန်ခြင်းခဏ၏ ရှေ့နောက် အဘို့တို့၌ ဖြစ်သော ဘာဝဒသကကလာပ်တို့၌ ပါရှိသော ဇီဝိတိန္ဒြေသည် ဣတ္ထိန္ဒြေကို စောင့်သည်၊ ပုရိသိန္ဒြေကို စောင့်သည် ဟု အထူးမမှတ်ယူမူ၍ ဣတ္ထိန္ဒြေလည်း ဘာဝရုပ် ပုရိသိန္ဒြေလည်း ဘာဝရုပ်ပင် ဖြစ်ရကား ဘာဝရုပ်ကို စောင့်ရှောက်သည်အဖြစ် သာမညအားဖြင့် ယူသော် ဧကဇာတိ ဟု ခေါ်ဝေါ် ရခြင်း၏ အကြောင်းဖြစ်သော ဇီဝိတိန္ဒြိယပ္ပဗန္ဓကို ပြဆိုရာ ပဗန္ဓဝေါဟာရကို ရသော ဇီဝိတိန္ဒြေကို ပြဆိုရာ အစရှိသည်၌ ဘာဝဒသကကလာပ်၌ ပါရှိသော ဇီဝိတိန္ဒြေနှင့်တကွ ယူသင့် မယူသင့် စသည်ဖြင့် စိစစ် စောဒနာခြင်းသည် စောဒနာသင့်သော အခွင့်အရာ မဟုတ်ဖြစ်၍ ဘာဝဒသကကလာပ်၌ ပါရှိသော ဇီဝိတိန္ဒြေနှင့်တကွ ဝတ္ထုဒသက စသည်၌ ပါသော ဇီဝိတိန္ဒြေ အလုံးစုံကိုပင် ဧကဇာတိ ဟု သမုတ်ခေါ်ဆိုရခြင်း၏ အကြောင်းဖြစ်သော ဇီဝိတိန္ဒြိယပ္ပဗန္ဓကို ပြရာ အစရှိသည်၌ ယူအပ်သည်ချည်းသာ ဟူလို။

ဤ ပြဆိုခဲ့ပြီးသော ပရိဝါပါဠိတော် ၎င်းအဋ္ဌကထာ ၎င်းအဖွင့် ဝိမတိဝိနောဒနီဋီကာ ဝိဘင်းမူလဋီကာ ၎င်းအနုဋီကာတို့ကို ထောက်သဖြင့်——

"မနုဿဘူတဿေဝ မနုဿဘူတံ မာတရံ ဝါ ပိတရံ ဝါ" အစရှိသော သမ္မောဟဝိနောဒနီအဋ္ဌကထာ ဝယ် "အပိပရိဝတ္တလိင်္ဂံ" ဟူ၍ ဂရုဟတ္ထဖြစ်သော အပိသဒ္ဒါနှင့် ရှိသင့်သည်၏ အဖြစ်, ယင်းသို့ ရှိမှသာလည်း သဘာဝတ္ထအားဖြင့် ယထာဘူတနေရာကျ ဖြောင့်မှန်သည်၏ အဖြစ်တို့ကို သိအပ်၏။

---

## ၂၉-အယူဝါဒမတူခြင်း-စသည်ကို ပြပုံ

### ဥပတိဿ-ဖုဿဒေဝမထေရ်တို့၏ ဝါဒထူးကို ပြခြင်း

သမန္တပါသာဒိက အဋ္ဌကထာ မနုဿဝိဂ္ဂဟသိက္ခာပုဒ် အဖွင့်ဝယ် မည်သည့် ပုဂ္ဂိုလ်ဟု အထူးမရည်မှတ်မူ၍ သတ္တဝါဟူသမျှကျ၍ သေစိမ့်သောငှါ တွင်းကျ ထောင်ရာ၌——

ပါရာဇိက, ထုလ္လစ္စည်း, ပါစိတ်ဟူသော အာပတ်အထူး လူ ဘီလူး ပြိတ္တာ တိရစ္ဆာန်ဟူသော ပုဂ္ဂိုလ်သတ္တဝါအထူးတို့ကို မှတ်ရာ ကျသော အရုပ်အသွင် သေသော အရုပ်အသွင်နှစ်ပါးတွင် ကျသောအရုပ်အသွင်သာ ပမာဏဖြစ်သည် ဟု ဆိုသော ဥပတိဿမထေရ်——

သေသော အရုပ် အသွင်သာ ပမာဏဖြစ်သည် ဟု ဆိုသော ဖုဿရေဝ မထေရ်နှစ်ပါးတို့တွင် ပဌမဉပတိဿမထေရ်၏ နှလုံးသွင်းအာဘော် အလိုတော်ကို ပြဆိုသော—

## ဝဇိရဗုဒ္ဓိဋီကာပါဠိ

ပတိတရူပံ ပမာဏန္တိ ဧတ္ထ ယထာ မာတုယာ ပတိတ္ဝာ ပရိဝတ္တလိင်္ဂါယ မတာယ သော မာတုဃာတကော ဟောတိ။ န ကေဝလံ ပုရိသဃာတကော။ တသ္မာ ပတိတဿေဝ ဝသေန အာပတ္တိ။ ကသ္မာ၊ ပတိတရူပမတရူပါနံ ဧကသန္တာနတ္တာ။ တဒေဝ ဟိဿ ဇီဝိတိန္ဒြိယံ။ တဿ ဟိ ပရိဝတ္တနံ နတ္ထိ၊ ဣတ္ထိ ပုရိသိန္ဒြိယာနေဝ ပဝတ္တိယံ နိရုဇ္ဈနုပ္ပဇ္ဇနကာနိ။ ဣတ္ထီ ပုရိသောတိ စ တတ္ထ ဝေါဟာရမတ္တမေဝ၊ တသ္မာ မာတုဃာတကောဝ၊ န ပုရိသဃာတကော။

ဟူသော ဝဇိရဗုဒ္ဓိဋီကာ(၁၁၆)

## သာရတ္ထဒီပနီပါဠိ

ယသ္မာ မာတုယာ ပတိတ္ဝာ ပရိဝတ္တလိင်္ဂါယ မတာယ သော မာတုဃာတကော ဟောတိ၊ န ကေဝလံ မနုဿပုရိသဃာတကော။ တသ္မာ ပတိတဿေဝ ဝသေန အာပတ္တီတိ အဓိပ္ပါယေန ပတနရူပံ ပမာဏန္တိ ဝုတ္တံ။

ဟူသော သာရတ္ထဒီပနီဋီကာ ဝိမတိဝိနောဒနီဋီကာ တို့ကို ထောက်သဖြင့်လည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၌ "အပိပရိဝတ္တလိင်္ဂံ" ဟူ၍ဂရုဟတ္ထ အပိသဒ္ဒါနှင့် ရှိသင့်သည်၏အဖြစ် ဤသို့ရှိမှသာလည်း သဘောအားဖြင့် ဟုတ်မှန်သည်၏ အဖြစ်တို့ကို စင်စစ် သိအပ်၏။

## ဝဇိရဗုဒ္ဓိဋီကာအနက်

ပတိတရူပံ ပမာဏန္တိ ဧတ္ထ၊ ပတိတရူပံ ပမာဏံ-ဟူသော ဤစကား၌။ ယထာ၊ အဘယ်၌ ကဲ့သို့နည်းဟူမူကား။ မာတုယာ၊အမိသည်။ ပတိတ္ဝာ၊ပုဂ္ဂိုလ်ဝိသေသကို မရည်မူ၍ သတ္တဝါဟူသမျှကျ၍ သေစိမ့်သောငှါ တူးအပ်သောတွင်း၌ကျ၍။ ပရိဝတ္တလိင်္ဂါယ၊ ကျပြီးနောက် လိင်ပြန်သောအားဖြင့်။ မတာယ၊ သေသည်ရှိသော်။ သော၊ ထိုတွင်းကျထောင်သောသူသည်။ မာတုဃာတကော၊ အမိကို သတ်သည် မည်သည်။ ဟောတိ၊ ၏။ ကေဝလံ၊ သက်သက်။ ပုရိသဃာတကော၊ ယောကျ်ားကို သတ်သည် မည်သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုသို့ အမိ

ကိုသတ်သည်သာမည်၍ ယောကျ်ားကို သတ်သည်မမည်သောကြောင့်။ ပတိတသောဝ၊ ကျသော အရုပ်အသွင်၏သာလျှင်။ ဝသေန၊ အစွမ်းဖြင့်။ အာပတ္တိ၊ အာပတ်သင့်ခြင်းသည်။ ဟောတိ၊ ၏။ ကသ္မာ၊ အဘယ့်ကြောင့် ကျသောအသွင်၏သာ အစွမ်းဖြင့် အာပတ်သင့်ခြင်း ဖြစ်သနည်းဟူမူကား။ ပတိတရူပမတရူပါနံ၊ ကျသော အရုပ်အသွင် သေသောအရုပ်အသွင်တို့၏။ ဧကသန္တာနတ္တာ၊ တခုတည်းသော သန္တာန်ရှိသည်၏ အဖြစ်ကြောင့်တည်း။ ဟိ-သစ္စံ၊ ၏။ အသာ၊ ထိုလိင်ပြန်၍ သေသောသူ၏။ ဇီဝိတိန္ဒြိယံ၊ လိင်ပြန်ပြီးနောက် ဖြစ်သော ဇီဝိတိန္ဒြေ သည်။ တဒေဝ၊ ထိုလိင်မပြန်မီ ပဋိသန္ဓေခဏကစ၍ ဖြစ်ရင်း ဇီဝိတိန္ဒြေသည်သာလျှင်။ ဟောတိ၊ ၏။ ဟိ သစ္စံ၊ ၏။ တဿ၊ ထိုပဋိသန္ဓေအခါကစ၍ဖြစ်သော ဇီဝိတိန္ဒြေ၏။ ပရိဝတ္တနံ၊ ပြန်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတ္ထိပုရိသိန္ဒြိယာနေဝ၊ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သည်သာလျှင်။ ပဝတ္တိယံ၊ လိင်ပြန်သော ခဏ ပဝတ္တိကာလ၌။ နိရုဇ္ဈနုပ္ပဇ္ဇနကာနိ၊ အဟောင်းချုပ်ကုန် အသစ်ဖြစ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တတ္ထ၊ ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေရှိသော သန္တာန်၌။ ဣတ္ထီတိ စ၊ မိန်းမဟူ၍၎င်း။ ပုရိသောတိ စ၊ ယောကျ်ားဟူ၍၎င်း။ ဝေါဟာရမတ္တမေဝ၊ ခေါ်ဝေါ်ရရုံမျှသာတည်း။ တသ္မာ၊ ထို့ကြောင့်။ မာတုဃာတကောဝ၊ အမိကို သတ်သည် မည်သည်သာလျှင်။ ဟောတိ၊ ၏။ ပုရိသဃာတကော၊ ယောကျ်ားကို သတ်သည်မည်သည်။ န ဟောတိ၊ မဖြစ်။

## သာရတ္ထဒီပနီအနက်

ယသ္မာ၊ ကြောင့်။ ပတိတ္တ၊ လိင်မပြန်မီ တွင်း၌ကျ၍။ ပရိဝတ္တလိင်္ဂါယ၊ ကျပြီးနောက် လိင်ပြန်သော။ မာတုယာ၊ သည်။ မတာယ၊ သေသည်ရှိသော်။ သော၊ ထိုတွင်းကျထောင်သောသားသည်။ မာတုဃာတကော၊သည်။ ဟောတိ၊ ၏။ ကေဝလံ၊ သက်သက်။ မနုဿပုရိသဃာတကော၊ လူယောကျ်ားကို သတ်သည် မည်သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုသို့အမိကျ၍ လိင်ပြန်ပြီးနောက် ယောကျ်ားအဖြစ်ဖြင့် သေရာ ကျသောအမိသို့လိုက်၍ မာတုဃာတက မည်သည်၏အဖြစ် သေသောလူယောကျ်ားသို့လိုက်၍ မနုဿ ပုရိသ ဃာတက မမည်သည်၏ အဖြစ်ကြောင့်။ ပတိတသောဝ၊ ကျသော အသွင်၏သာလျှင်။ ဝသေန၊ ဖြင့်။ အာပတ္တိ၊ အာပတ်သင့်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ-ဣမိနာ အဓိပ္ပါယေန၊ ဤသို့သော အလိုဖြင့်။ ပတနရူပံ ပမာဏန္တိ၊ ပမာဏံ-ဟူသော စကားကို။ ထေရေန၊ ဉပတိဿမထေရ်သည်။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

## တိဿဘူတိမထေရ်၏အာဘော်

သတ္တဝါဝိသေသကို မမှတ်ဘဲ မည်သည့်သတ္တဝါမဆို သေစိမ့်သောငှါ တွင်းကျထောင်ရာ၌ ပကတိ အမိရုပ်အသွင်ဖြင့် ကျသည်နောက် လိင်ပြန်၍

ယောကျ်ားရုပ်အသွင်ဖြင့် အမိသေရာဝယ် တွင်းကျထောင်သော သားသည် ကျသော အမိရုပ်အသွင်သို့လိုက်၍ အမိကိုသတ်သည်သာ မည်သည်။ သေသော ယောကျ်ားရုပ်အသွင်သို့လိုက်၍ ယောကျ်ားကို သတ်သည်မမည်။ ထို့ကြောင့် ကျသောအသွင် သေသောအသွင်နှစ်ပါးတွင် ကျသောအသွင်၏ အစွမ်းဖြင့်သာ အာပတ်သင့်ခြင်းဖြစ်သည်။ သေသောအသွင်၏ အစွမ်းဖြင့် အာပတ်သင့်ခြင်း မဖြစ်။ အဘယ့်ကြောင့် ကျသောအသွင်၏ အစွမ်းဖြင့်သာ အာပတ်သင့်ခြင်း ဖြစ်ရလေသနည်းဟူမူ ကျသောအသွင် သေသောအသွင်နှစ်ပါးတို့၏ ပဋိသန္ဓေ ခဏကစ၍ဖြစ်သော ဇီဝိတိန္ဒြေအစဉ်အားဖြင့် တခုတည်းသော အစဉ်သန္တာန်ရှိ သည်၏ အဖြစ်ကြောင့် ကျသောအသွင်၏ အစွမ်းဖြင့်သာ အာပတ်သင့်သည် ဟူလို။

အဘယ့်ကြောင့် ထိုအသွင်နှစ်ပါးသည် ဇီဝိတိန္ဒြေအစဉ်အားဖြင့် တူသော အစဉ်သန္တာန် ရှိလေသနည်းဟူမူ သေသောအသွင်၏ ဇီဝိတိန္ဒြေသည် ကျသော အသွင်၏ ပဋိသန္ဓေအခါကစ၍ဖြစ်ရင်း ဇီဝိတိန္ဒြေပင် ဖြစ်သောကြောင့် တခု တည်းသော အစဉ်သန္တာန်ရှိသည် ဟူလေ။

အဘယ့်ကြောင့်ကား လိင်ပြန်ပြီးနောက်ဖြစ်သော ဇီဝိတိန္ဒြေသည် လိင်မပြန် မီဖြစ်သော ဇီဝိတိန္ဒြေသာ ဖြစ်ရလေသနည်းဟူမူ လိင်ပင်ပြန်သော်လည်း ဇီဝိတိန္ဒြေ၏ ပြန်ခြင်းမည်သည် မရှိသောကြောင့် ထိုဇီဝိတိန္ဒြေပင် ဖြစ်ပါသည် ဟူလေ။

ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သာ လိင်ပြန်သော ပုဂ္ဂိုလ်အား လိင်ပြန်သောခဏဝယ် မူလရင်းပကတိ ဣန္ဒြေချုပ်၍ ဝိသဘာဂဖြစ်သော ဣန္ဒြေအသစ် ဖြစ်ကုန်သည်။ မိန်းမ ယောကျ်ားဟူသည်လည်း ဣတ္ထိန္ဒြေ ပုရိသိန္ဒြေရှိသောသန္တာန်၌ ခေါ်ဝေါ် ခြင်း ဝေါဟာရမတ္တမျှသာ ဖြစ်သည်။ ထို့ကြောင့် အမိရုပ်အသွင်ဖြင့် ကျ၍လိင် ပြန်သဖြင့် ယောကျ်ားရုပ်အသွင်ဖြင့် သေရာ တွင်းကျထောင်သောသားသည် အမိကို သတ်သည်သာ မည်သည်၊ ယောကျ်ားကို သတ်သည် မမည်သည်ဖြစ်၍ ကျသောအသွင် သေသောအသွင်နှစ်ပါးတွင် ကျသောအသွင်သာ ပမာဏဖြစ် သည် ဟု တိဿဘူတိမထေရ်၏ အာဘော်အလိုတော်ကို ဋီကာဆရာ ပြသည်။

သာရတ္ထ ဝိမတိဋီကာတို့ဝယ် တိဿဘူတိမထေရ်၏ အလိုအာဘော်ကို ပြဆို ရာ၌လည်း ဤနည်းအတိုင်း မှတ်လေ။

### ပုဿဒေဝမထေရ်၏အာဘော်

သာခ်ပါလ စမ္မေယျ ဘူရိဒတ် အစရှိသော နဂါးမင်းများကဲ့သို့ တန်ခိုးကြီး သော နဂါးတို့သည် လူ၏ ရုပ်အသွင်အစရှိသော အထူးထူးသော ရုပ်အသွင်ကို

ဖန်ဆင်းနိုင်ကုန်သည်။ ပဋိသန္ဓေကာလ, စုတိကာလ, လွတ်လွတ်အိပ်ပျော်သော ကာလ, အရေလဲသောကာလ, ဇာတ်တူနဂါးမတို့နှင့် သံဝါသကိစ္စကိုပြုကျင့်သောကာလတို့၌မူကား မိမိတို့ ပကတိ နဂါးရုပ်အသွင်၌သာ တည်မြဲ ဖြစ်ကုန်သည်။ ထိုနဂါးတို့ကား အဟိတ်တိရစ္ဆာန်တို့ချည်းသာတည်း။

ထို့အတူ တန်ခိုးကြီးသော ဂဠုန်စသောတိရစ္ဆာန် ဘီလူး ပြိတ္တာတို့သည်လည်း အထူးထူးသော ရုပ်အသွင်ကို ဖန်ဆင်းနိုင်ကုန်၏။ သေသောအခါ၌ကား မိမိတို့ ဇာတိရင်း ရုပ်အသွင်ဖြင့်သာ သေကုန်မြဲဖြစ်ရကား နဂါးဂဠုန်စသော တိရစ္ဆာန်တို့သည် မိမိတို့ဖန်ဆင်းအပ်သော လူရုပ်အသွင်၌တည်စဉ် တွင်း၌ကျ၍ သေရာဝယ် မိမိတို့ဇာတိရင်း တိရစ္ဆာန်အသွင်ဖြင့်သာ သေမြဲဖြစ်ရကား ကျသောအသွင်သာ ပမာဏဖြစ်သည် ဟု ယူခဲ့သော် ထိုကျသောလူအသွင်သို့လိုက်၍ တွင်းကျထောင်သော ရဟန်းအား ပါရာဇိကအာပတ်သင့်ခဲ့ရာသည်။ မိမိတို့ ဖန်ဆင်းအပ်သော ဘီလူးအသွင် ပြိတ္တာအသွင်၌ တည်စဉ်ကျ၍ သေရာဝယ် ကျသောအသွင်သို့ လိုက်၍ ထုလ္လစ္စဉ်းအာပတ်သင့်ရာခဲ့သည်။ သင့်ကား မသင့်။ သေသော တိရစ္ဆာန်အသွင်အားလျော်စွာ ပါစိတ်အာပတ်သာ သင့်သည်။

ဘီလူး ပြိတ္တာတို့သည် ဖန်ဆင်းအပ်သော လူအသွင်၌တည်စဉ်ကျ၍ သေရာ၌လည်း တွင်းကျထောင်သောရဟန်းအား ပါရာဇိကအာပတ် သင့်ရာခဲ့သည်။မိမိတို့ ဖန်ဆင်းအပ်သော တိရစ္ဆာန်အသွင်၌ တည်စဉ်ကျ၍ သေရာ၌ ပါစိတ်အာပတ် သင့်ရာခဲ့သည်။ သင့်ကား မသင့်။ ထိုဘီလူး ပြိတ္တာတို့လည်း မိမိတို့ဇာတိရုပ်အသွင်ဖြင့်သာ သေကုန်မြဲ ဖြစ်သည့်အတိုင်း သေသောအသွင်အားလျော်စွာ ထုလ္လစ္စဉ်းအာပတ်သာသင့်သည်။ ဤသို့ နှလုံးသွင်း၍ အာပတ်အထူးသင့်ရာ၌ သေသောအသွင်သာ ပမာဏဖြစ်သည်။ ကျသောအသွင် ပမာဏ မဟုတ်ဟူ၍ ဖုဿရေဝမထေရ် ယူတော်မူသည်။

## ဥပတိဿမထေရ်၏အာဘော်

လူဖြစ်သော အမိကျ၍ လိင်ပြန်ပြီးနောက် ယောကျ်ားအသွင်ဖြင့် သေရာ လူဖြစ်သော သားသည် ကျသော အသွင်အားလျော်စွာ အမိကို သတ်သည်သာ မည်သည်၊ သေသော အသွင်သို့ လိုက်၍ လူယောကျ်ားကို သတ်သည် မမည်။ လူဖြစ်သော အဘကျ၍ လိင်ပြန်သဖြင့် မိန်းမဖြစ်ပြီးမှ သေရာ၌လည်း ကျသောအသွင်သို့လိုက်၍ အဘကိုသတ်သည်သာ မည်သည်။ သေသော အသွင်သို့ လိုက်၍ လူမိန်းမကို သတ်သည်မမည်။ ဤသို့ နှလုံးသွင်း၍ သေသောအသွင် ပမာဏ မဟုတ်၊ ကျသောအသွင်သာ ပမာဏဖြစ်သည်ဟူ၍ ဥပတိဿမထေရ် ယူတော်မူသည်။

ဤသို့ မထေရ်နှစ်ပါးတို့၏နှလုံးသွင်းအာဘော် အလိုတော်အထူးကို သိလေ။

ထိုဝါဒနှစ်ပါးတွင် ဥပတိဿမထေရ် ဆောင်ပြသော အကြောင်းသည် အနန္တရိယကံအထူး ပါဏာတိပါတကံ၏ ဝေါဟာရအထူးကို ပြရာ၌ကား သင့်ရာ၏။ ဝတ္ထုအားလျော်စွာ အာပတ်အထူးကို ပြရာ၌သော် သင့်သော အကြောင်း မဟုတ်ရာသောကြောင့် အာပတ်အထူးကို ပြရာဝယ် ဤဥပတိဿ မထေရ်စကားကို မမှတ်ယူအပ်။

ဝတ္ထုအားလျော်စွာ အာပတ်အထူးကို ပြသောအရာ၌ ဥပတိဿမထေရ်၏ ဝါဒကိုသာ သင့်သောဝါဒ ဟု မှတ်ယူအပ်သည်ကို နှလုံးသွင်းအာဘော်နှင့် တကွ ဝါဒနှစ်ပါး၏ သင့်မသင့်ကို အများ မှတ်သားလွယ်အောင် အကျဉ်း အမြွက်မျှ ပြဆိုလိုက်သည်။

သာရတ္ထဒီပနီဋီကာ ဝိမတိဝိနောဒနီဋီကာတို့၌ကား အကျယ်ပင် ပြဆို ကုန်၏။

## သာရတ္ထဒီပနီ-အကျယ်ပြပုံ

အကျယ်ကို အလိုရှိသော ပုဂ္ဂိုလ်တို့ အကျိုးငှါ ထိုဋီကာစကားတို့ကို ပြဆို လိုက်ဦးအံ့။

> ယသ္မာ မာတုယာ ပတိတ္វာ ပရိဝတ္တလိင်္ဂါယ မတာယ သော မာတုဃာတကော ဟောတိ။ န ကေဝလံ မနုဿပုရိသဃာတကော၊ တသ္မာ ပတိတသောဝ ဝသေန အာပတ္တီတိ အဓိပ္ပါယေန ပတာနရူပံ ပမာဏန္တိ ဝုတ္တံ။ ဣဒံ ပန အကာရဏံ။
>
> မနုဿဘူတံ မာတရံ ဝါ ပိတရံ ဝါ အပိပရိဝတ္တလိင်္ဂံ ဇီဝိတာ ဝေါရောပေန္တဿ ကမ္မံ အနန္တရိယံ ဟောတီတိ တေ္တကမေဝ ဟိ အဋ္ဌ- ကထာယံ ဝုတ္တံ။
>
> တတ္ထ စ လိင်္ဂေ ပရိဝတ္တေပိ သောဧဝ ကေကမ္မနိဗ္ဗတ္တော ဘဝင်္ဂပ္ပ- ဗန္ဓော ဇီဝိတိန္ဒြိယပ္ပဗန္ဓော စ န အညောတိ အပိပရိဝတ္တလိင်္ဂန္တိ ဝုတ္တံ။
>
> ယော ဟိ လိင်္ဂေ အပရိဝတ္တေ တသ္မိံ အတ္တဘာဝေ ဘဝင်္ဂဇီဝိတိန္ဒြိယပ္ပ- ဗန္ဓော သောဧဝ ပရိဝတ္တေပိ လိင်္ဂေ တံယေဝ စ ဥပါဒါယ ဧက- ဇာတိသမညာ။
>
> န စေတ္ထ ဘာဝကလာပဂတဇီဝိတိန္ဒြိယဿ ဝသေန စောဒနာ ကာတဗ္ဗာ။ တဒညဿေဝ အဓိပ္ပေတတ္တာ။ တံ ဟိ တတ္ထ အဝိစ္ဆေဒ- ဝုတ္တိယာ ပဗန္ဓဝေါဟာရံ လဘတိ။

ဣတရမ္ပိ ဝါ ဘာဝါနုပါလနတာသာမညေနာတိ အနောကာသာဝစောဒနာ။ တသ္မာ ပရိဝတ္တေပိ လိင်္ဂေ တဿေဝ ကေကမ္မနိဗ္ဗတ္တဿ သန္တာနဿ ဇီဝိတာဝေါရောပနတော ဝေါဟာရဘေဒတော သော ဣတ္ထိဃာတကော ဝါ ဟောတု ပုရိသဃာတကော ဝါ ဟောတု အနန္တရိယကမ္မတော န မုစ္စတီတိ တွေကမေဝ တတ္ထ ဝတ္တဗ္ဗံ။

ဣဓ ပနာယံ ယံ ဇာတိကာ သတ္တာ ဟောန္တိ၊ တေ မရဏာသမယေ အတ္တနော အတ္တနော ဇာတိရူပေနေဝ မရန္တိ၊ နာညရူပေန။ ဇာတိဝသေနေဝ စ ပါစိတ္တိယထုလ္လစ္စယပါရာဇိကေဟိ ဘဝိတဗ္ဗံ။ တသ္မာ နာဂေါ ဝါ သုပဏ္ဏော ဝါ ယက္ခရူပေန ဝါ ပေတရူပေန ဝါ ပတိတွာ အတ္တနော တိရစ္ဆာနဇာတိရူပေန မရတိ၊ တတ္ထ ပါစိတ္တိယမေဝ ယုတ္တံ။ န ထုလ္လစ္စယံ၊ တိရစ္ဆာနဂတဿေဝ မတတ္တာ။ တေနေဝ ဒုတိယထေရဝါဒေ မရဏရူပံ ပမာဏံ၊ တသ္မာ ပါစိတ္တိယန္တိ ဝုတ္တံ။

အယမေဝ စ ဝါဒေါ ယုတ္တတရော။ တေနေဝ သော ပစ္ဆာ ဝုတ္တော။ ဣမိနာ စ နယေန မနုဿဝိဂ္ဂဟေန နာဂသုပဏ္ဏာဒီသု တိရစ္ဆာနဂတေ ပတိတွာ အတ္တနော ရူပေန မတေ ပါစိတ္တိယေန ဘဝိတဗ္ဗံ။

ဧဝံ သန္တေ ပါဠိယံ ယက္ခော ဝါ ပေတော ဝါ တိရစ္ဆာနဂတမနုဿဝိဂ္ဂဟော ဝါ တသ္မိံ ပတတိ၊ အာပတ္တိ ဒုက္ကဋဿ။ ပတိတေ ဒုက္ခာ ဝေဒနာ ဥပ္ပဇ္ဇတိ၊ အာပတ္တိ ဒုက္ကဋဿ။ မရတိ အာပတ္တိ ထုလ္လစ္စယဿာတိ ကသ္မာ ဝုတ္တန္တိ စေ။

တတ္ထ ကေစိ ဝဒန္တိ ယက္ခော ဝါ ပေတော ဝါတိ ပဌမံ သကရူပေနေဝ ဌိတေ ယက္ခပေတေ ဒဿေတွာ ပုန အညရူပေနပိ ဌိတေယေဝ ယက္ခပေတေ ဒဿေတုံ တိရစ္ဆာနဂတမနုဿဝိဂ္ဂဟော ဝါတိ ဝုတ္တံ။ န ပန တာဒိသံ တိရစ္ဆာနဂတံ ဝိသုံ ဒဿေတုံ။ တသ္မာ တိရစ္ဆာနဂတဝိဂ္ဂဟော ဝါ မနုဿဝိဂ္ဂဟော ဝါ ယက္ခော ဝါ ပေတော ဝါတိ ဧဝမေတ္ထ ယောဇနာ ကာတဗ္ဗာတိ။

ဂဏ္ဌိပဒေသု ပန တီသုပိ ပါဠိယံ မနုဿဝိဂ္ဂဟေန ဌိတတိရစ္ဆာန-ဂတာနံ အာဝေဏိကံ ကတွာ ထုလ္လစ္စယံ ဝုတ္တံ ဝိယ ဒိဿတီတိ ကထိတံ။ ယက္ခရူပပေတရူပေန မတေပိ သောဝ နယောတိ ဣမိနာ မရဏရူပဿေဝ ပမာဏတ္တာ ထုလ္လစ္စယံ အတိဒိဿတိ။

သာရတ္ထဒီပနီဋီကာ (၂၆၈)

ဤတွင် "ယသ္မာ မာတုယာ။ပ။ ပတနရူပံ ပမာဏန္တိ ဝုတ္တံ" ဟူသော စကားရင်း၊ ဋီကာဆရာ သွတ်သွင်း ပြဆိုအပ်သော "မနုဿဘူတဿေဝ မနုဿဘူတံ။ပ။ အနန္တရိယံ ဟောတိ" ဟူသော ဝိဘင်းအဋ္ဌကထာ။ လိင်ေ် ပရိဝတ္တေပိ။ပ။ အပိပရိဝတ္တလိင်္ဂန္တိ ဝုတ္တံ" ဟူသော ၎င်းမူလဋီကာ "ယော လိင်ေ် အပရိဝတ္တေ။ပ။ ဘာဝါနုပါလနတာသာမညေနာတိ အနေ့ာကာသာဝ စောဒနာ" ဟူသော ၎င်းအနုဋီကာ စကားတို့၌ အနက်အဓိပ္ပါယ်ကို အောက်က ပြဆိုခဲ့ပြီးဖြစ်၍ ကြွင်းသော စကား၌သာ ပြဆိုတော့အံ့။

## သာရတ္ထဒီပနီ-အနက်

ဣဒံ ပန၊ ဤ ဝိဘင်းအဋ္ဌကထာ မူလဋီကာ အနုဋီကာတို့၌ ပြဆိုအပ်သော အကြောင်းသည်ကား။ အကာရဏံ၊ ပုဂ္ဂိုလ်အထူးအားလျော်စွာ အာပတ်အထူး ကို ပြဆိုသော အရာဝယ် ပြခြင်းငှါ သင့်သောအကြောင်းမဟုတ်။ တသ္မာ၊ ထိုသို့ အာပတ်အထူးကို ပြဆိုသောအရာဝယ် ပြသင့်သော အကြောင်း မဟုတ် သည်၏ အဖြစ်ကြောင့်။ လိင်ေ်၊ လိင်သည်။ ပရိဝတ္တေပိ၊ ပြန်သော်လည်း။ ဧကကမ္မနိဗ္ဗတ္တဿ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သော တခုတည်းသော ကံကြောင့် ဖြစ်သော။ တဿေဝ သန္တာနဿ၊ ထိုတခုတည်းသော ဇီဝိတိန္ဒြေ အစဉ်ရှိသော မိဘကိုသာလျှင်။ ဇီဝိတာ၊ မှ။ ဝေါရောပနတော၊ ချခြင်းကြောင့်။ သော၊ ထို သတ်သော လူဖြစ်သောသားသည်။ ဝေါဟာရဘေဒတော၊ ဝေါဟာရအထူး အားဖြင့်။ ဣတ္ထိဃာတကော ဝါ၊ မိန်းမကို သတ်သည် မည်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ပုရိသဃာကကော ဝါ၊ ယောကျ်ားကို သတ်သည် မည်သည် မူလည်း။ ဟောတု၊ ဖြစ်စေ။ အနန္တရိယကမ္မတော၊ မှ။ န မုစ္စတိ၊ မလွတ်။ ဣတိ တသ္မာ၊ ကြောင့်။ တတ္ထ၊ ထို လူဖြစ်သောသား၏ လူဖြစ်သော လိင်ပြန် သော မိဘကိုသတ်ရာ၌။ တွေကမေဝ၊ အနန္တရိယကံမှ မလွတ်ခြင်းဟူသော အကျိုးမျှကိုသာလျှင်။ ဝတ္တဗ္ဗံ၊ ဆိုသင့် ဆိုထိုက်သည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ အကာရဏံ၊ အကြောင်းမဟုတ်။

ဣဓ ပန၊ ဤ အာပတ်အထူးကို ပြရာ၌ကား။ အယံ အတ္ထော၊ ဤ ဆိုလတ္တံ့ သော အနက်သဘောကို။ ဝေဒိတဗ္ဗော၊ ၏။ ယံ ဇာတိကာ၊ တိရစ္ဆာနဇာတ် စသည်တွင် အကြင်သို့သော ဇာတ်ရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ သတ္တာ၊ တို့သည်။ မရဏာသမယေ၊ သေသောအခါ၌။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ဇာတိရူပေနေဝ၊ ဇာတ်ရင်းဖြစ်သော ရုပ် အသွင်ဖြင့်သာလျှင်။ မရန္တိ၊ သေကုန်၏။ အညရူပေန၊ ဇာတိရင်းအသွင်မှတပါး အခြားဇာတ်အသွင်ဖြင့်။ န မရန္တိ၊ မသေကုန်။ ဇာတိဝသေနေဝ စ၊ တိရစ္ဆာန် ဇာတ်, ဘီလူး-ပြိတ္တာဇာတ်, လူဇာတ်တို့၏ အစွမ်းအားဖြင့်သာလျှင်။ ပါစိတ္တိယ-

ထုလ္လစ္စယပါရာဇိကေဟိ၊ အစဉ်အတိုင်း ပါစိတ်အာပတ်, ထုလ္လစ္စည်းအာပတ်, ပါရာဇိကအာပတ်တို့ဖြင့်။ ဘဝိတဗ္ဗံ၊ အာပတ်သင့်ခြင်း ဖြစ်ရာ၏။ တသ္မာ၊ ထိုသို့ သေသော သတ္တဝါတို့ဇာတ်၏ အစွမ်းအားဖြင့်သာ အာပတ်သင့်ခြင်း အထူး ဖြစ်သင့်သည်၏ အဖြစ်ကြောင့်။ နာဂေါ ငါ၊ နဂါးသည်သော်ငှင်း။ သုပဏ္ဏော ဝါ၊ ဂဠုန်သည်သော်ငှင်း။ ယက္ခရူပေန ပါ၊ ဘီလူးရုပ်အသွင်ဖြင့်သော်ငှင်း။ ပေတရူပေန ဝါ၊ ပြိတ္တာရုပ်အသွင်ဖြင့်သော်ငှင်း။ ပတိတ္ဝာ၊ တွင်း၌ကျ၍။ အတ္တနော၊ ၏။ တိရစ္ဆာနဇာတိရူပေန၊ နဂါးဂဠုန်-ဟူသော ရုပ်အသွင်ဖြင့်။ မရတိ၊ သေ၏။ တတ္ထ၊ ထို နဂါးဂဠုန်တို့သည် ဖန်ဆင်းအပ်သော ဘီလူး ပြိတ္တာ ရုပ်အသွင်ဖြင့် ကျ၍သေရာ၌။ ပါစိတ္တိယမေဝ၊ သေသော တိရစ္ဆာန် အသွင်၏ အစွမ်းဖြင့် ပါစိတ်အာပတ် သင့်ခြင်းသည်သာလျှင်။ ယုတ္တံ၊ သင့်၏။ ထုလ္လစ္စယံ၊ ထုလ္လစ္စည်းအာပတ်သင့်ခြင်းသည်။ န ယုတ္တံ၊ မသင့်။ ကသ္မာ၊ အဘယ့် ကြောင့် မိမိတို့ ဖန်ဆင်းအပ်သော ဘီလူး ပြိတ္တာအသွင်ဖြင့် ကျ၍ နဂါး ဂဠုန် အသွင်ဖြင့် သေရာ၌ ပါစိတ်အာပတ် သင့်ခြင်းသာ ဖြစ်သင့်၍ ထုလ္လစ္စည်း အာပတ်သင့်ခြင်း မဖြစ်သင့်လေသနည်း ဟူမူကား။ တိရစ္ဆာနဂတဿေဝ၊ ဘီလူးပြိတ္တာ အဟန် ဖန်ဆင်းသော နဂါးဂဠုန် ဟူသော တိရစ္ဆာန်၏သာလျှင်။ မတတ္တာ၊ သေသည်၏ အဖြစ်ကြောင့်တည်း။ တေနေဝ၊ ထိုသို့ ဖန်ဆင်းအပ် သော ဘီလူး ပြိတ္တာအသွင်ဖြင့် ကျ၍ နဂါးဂဠုန်တို့၏ မိမိတို့ဇာတိရင်း တိရစ္ဆာန်အသွင်ဖြင့်သာ သေခြင်းကြောင့်သာလျှင်။ ဒုတိယထေရဝါဒေ၊ ဖုဿ-ရေဝမထေရ်၏ အယူဟူသော ဒုတိယဝါဒ၌။ မရဏာရူပံ ပမာဏံ၊ တသ္မာ ပါစိတ္တိ-ယန္တိ၊ မရဏာ။ ပ ။ပါစိတ္တိယံ-ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုတော် မူအပ်၏။

စ၊ အထူးကား။ အယမေဝ ဝါဒေါ၊ ဤ ဒုတိယထေရဝါဒသည်သာလျှင်။ ယုတ္တတရော၊ အထူးသဖြင့် သင့်မြတ်၏။ တေနေဝ၊ ထိုသို့ အထူးသဖြင့် သင့်မြတ် သောကြောင့်သာလျှင်။ သော၊ ထို ဒုတိယထေရဝါဒကို။ ပစ္ဆာ ဝုတ္တော၊ နောက်ထား၍ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။ ဣမိနာဝ နယေန၊ ဤနည်း ဖြင့်သာလျှင်။ မနုဿဝိဂ္ဂဟေန၊ လူ၏ ကိုယ် လူ၏ ရုပ်အသွင်ဖြင့်။ နာဂသုပဏ္ဏာ-သဒိသေ၊ နဂါး ဂဠုန်တို့နှင့် အထူးထူးသော ရုပ်အဟန်ကို ဖန်ဆင်းနိုင်သော တန်ခိုးရှိကြချင်းတူသော။ တိရစ္ဆာနဂတေ၊ တိရစ္ဆာန်သည်။ ပတိတ္ဝာ၊ ၍။ အတ္တနော၊ ၏။ ရူပေန၊ ရုပ်အသွင်ဖြင့်။ မတေ၊ သေသည်ရှိသော် သေရာ၌။ ပါစိတ္တိယေန၊ သည်။ ဘဝိတဗ္ဗံ၊ သင့်သည်ဖြစ်ရာ၏။

ဝေံ သန္တေ၊ ဤသို့ ဘီလူး ပြိတ္တာအသွင်ဖြင့် ကျ၍ တိရစ္ဆာန်အသွင်ဖြင့် သေရာ ပါစိတ်အာပတ်သင့်ခြင်းသာ ဖြစ်ရာခဲ့သော်။ ပါဠိယံ၊ မနုဿဝိဂ္ဂဟာ တတိယသိက္ခာပုဒ် ပါဠိတော်၌။ ယက္ခော ဝါ ပေတော ဝါ။ ပ ။ထုလ္လစ္စယဿာတိ၊

ယကွော ဝါ။ ပ ။ထုလ္လစ္စယဿ-ဟူ၍။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝုတ္တံ၊ ဟောတော်မူအပ်သနည်း။ ဣတိ စေ၊ ဤသို့ မေးငြားအံ့။

တတ္ထ၊ ထို ယကွော ဝါ-အစရှိသော ပါဠိတော်၌။ ယကွော ဝါ ပေတော ဝါတိ၊ ဟူ၍။ ဝါ-ဟူသောစကားကို။ ဝါ-ဟူသောစကားဖြင့်။ ပဌမံ၊ စွာ။ သကရူပေနေဝ၊ မိမိတို့၏ ဥစ္စာဖြစ်သော ဘီလူးအသွင် ပြိတ္တာအသွင်ဖြင့်သာလျှင်။ ဋ္ဌိတေ၊ တည်ကုန်သော။ ယက္ခပေတေ၊ ဘီလူး ပြိတ္တာတို့ကို။ ဒဿေတွာ၊ ပြတော်မူပြီး၍။ ပုန၊ တဖန်။ အညရူပေနပိ၊ မိမိတို့၏ ဇာတိအသွင်ရင်းမှ တပါးသော တိရစ္ဆာန်အသွင်ဖြင့်လည်း။ ဋ္ဌိတေ၊ တည်ကုန်သော။ ယက္ခပေတေဃေဝ၊ ဘီလူး ပြိတ္တာတို့ကိုသာလျှင်။ ဒဿေတုံ၊ ငှါ။ တိရစ္ဆာနဂတမနုဿဝိဂ္ဂဟော ဝါတိ၊ ဝါ ဟူ၍။ ဝါ၊ ဝါ-ဟူသော စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တာဒိသံ၊ ထိုသို့ မိမိသည် ဖန်ဆင်းအပ်သော လူ၏ ကိုယ် လူ၏ အသွင်၌ တည်သော။ တိရစ္ဆာနဂတံ၊ နဂါး ဂဠုန် စသော တိရစ္ဆာန်ကို။ ဝိသုံ၊ ဘီလူး ပြိတ္တာမှ အသီး။ ဒဿေတုံ၊ ငှါ။ န ပန ဝုတ္တံ၊ ဟောတော်မူအပ်သည် မဟုတ်။ တသ္မာ၊ထို့ကြောင့်။ တိရစ္ဆာနဂတဝိဂ္ဂဟော ဝါ၊ မိမိသည် ဖန်ဆင်းအပ်သော တိရစ္ဆာန်ကိုယ် တိရစ္ဆာန်ရုပ်အသွင်၌ တည်ခိုက်လည်းဖြစ်သော။ ယကွော ဝါ၊ သည်ရင်း။ ပေတော ဝါ၊ သည်ရင်း။ မနုဿ-ဝိဂ္ဂဟော ဝါ၊ လူ၏ ကိုယ် လူ၏ ရုပ်အသွင်၌ တည်ခိုက်လည်း ဖြစ်သော။ ယကွော ဝါ၊ သည်ရင်း။ ပေတော ဝါ၊ သည်ရင်း။ ဣတိ ဧဝံ၊ ဤသို့။ ဧတ္ထ၊ ဤ "ယကွော ဝါ ပေတော ဝါ တိရစ္ဆာနဂတမနုဿဝိဂ္ဂဟော ဝါ" ဟူသော ပါဠိတော်၌။ ယောဇနာ၊ ယောဇနာခြင်းကို။ ကာတဗ္ဗာ၊ ပြုအပ်၏။ ဣတိ၊ သို့။ ကေစိ၊ အချို့ကုန်သော ဆရာတို့သည်။ ဝဒန္တိ၊ မိန့်ဆိုကြကုန်၏။

ပန၊ အယူတပါးကို ပြဦးအံ့။ တီသုပိ၊ သုံးခုလုံးလည်း ဖြစ်ကုန်သော။ ဂဏ္ဌိပဒေသု၊ ဂဏ္ဌိပုဒ်တို့၌။ ပါဠိယံ၊ "ယကွော ဝါ ပေတော ဝါ တိရစ္ဆာနဂတ-မနုဿဝိဂ္ဂဟော ဝါ" ဟူသော ပါဠိတော်၌။ မနုဿဝိဂ္ဂဟေန၊ လူ၏ ကိုယ်ရုပ်အသွင်ဖြင့်။ ဋ္ဌိတတိရစ္ဆာနဂတာနံ၊ တည်သော တိရစ္ဆာန်တို့ကို။ အာဝေဏိကံ ကတွာ၊ အသီးပြု၍။ ထုလ္လစ္စယံ၊ ထုလ္လစ္စည်းအာပတ်ကို။ ဝုတ္တံ ဝိယ၊ ဟောတော်မူအပ်သကဲ့သို့။ ဒိဿတိ၊ ထင်၏။ ဣတိ၊ ဤသို့။ ကထိတံ၊ ဆိုအပ်၏။ ယက္ခ-ရူပပေတရူပေန မတေပိ ဧသေဝ နယောတိ ဣမိနာ၊ ယက္ခ။ ပ ။ဧသေဝ နယော-ဟူသော ဤစကားဖြင့်။ မရဏရူပဿေဝ၊ သေသော ရုပ်အသွင်၏သာလျှင်။ ပမာဏတ္တာ၊ ပမာဏဖြစ်သည်၏ အဖြစ်ကြောင့်။ ထုလ္လစ္စယံ၊ ကို။ အတိဒိဿတိ၊ ညွှန်ပြတော်မူ၏။

ယကွော ဝါ။ ပ ။ ထုလ္လစ္စယဿ-ဟူသော ပါဠိတော်၌ ကေစိဆရာတို့ အလိုအားဖြင့် ယကွော ဝါ၊ ပကတိ မိမိအသွင်၌ တည်ခိုက်သော ဘီလူးသည် သော်ရင်း။ ပေတော ဝါ၊ ပကတိ မိမိအသွင်၌ တည်ခိုက်သော ပြိတ္တာသည်

သော်၎င်း။ တိရစ္ဆာနဂတမနုဿဝိဂ္ဂဟော ဝါ၊ မိမိသည် ဖန်ဆင်းအပ်သော တိရစ္ဆာန်အသွင်၌ တည်ခိုက်သော ဘီလူး ပြိတ္တာ လူအသွင်၌ တည်ခိုက်သော ဘီလူး ပြိတ္တာသည်သော်၎င်း။ တသ္မိံ၊ ထိုတွင်း၌။ ပတတိ၊ ကျအံ့။ တဿ၊ ထိုတွင်းရှင် ရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ၏။ ပတိတေ၊ ကျသည်ရှိသော်။ ဒုက္ခာဝေဒနာ၊ ဒုက္ခဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်အံ့။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ မရတိ၊ သေအံ့။ ထုလ္လစ္စယဿ၊ သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။

ဤသို့ မြန်မာပြန်လို၏။

## ဂဏ္ဌိပုဒ်ဆရာ-စသည်တို့၏ အလို

ဂဏ္ဌိပုဒ်ဆရာတို့ အလိုသော်—ယက္ခော ဝါ၊ ဘီလူးသည်၎င်း။ ပေတော ဝါ၊ ၎င်း။ တိရစ္ဆာနဂတမနုဿဝိဂ္ဂဟော ဝါ၊ လူ့ကိုယ် လူ့အသွင်၌ တည်ခိုက်သော တိရစ္ဆာန်သည်၎င်း။ တသ္မိံ၊ ၌။ ပတတိ၊ အံ့။ တဿ၊ အား။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ပတိတေ၊ ကျသည်ရှိသော်။ ဒုက္ခာဝေဒနာ၊ သည်။ ဥပ္ပဇ္ဇတိ၊ အံ့။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ မရတိ၊ အံ့။ ထုလ္လစ္စယဿ၊ သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ။ဤသို့ ပြန်လို၏။

ကေစိဆရာတို့ အလိုအားဖြင့် တိရစ္ဆာန်သည် တိရစ္ဆာန်အသွင်ဖြင့်၎င်း ဘီလူး ပြိတ္တာအသွင်ဖြင့်၎င်း လူ့အသွင်ဖြင့်၎င်း ကျ၍ သေရာ၌ ပါစိတ်သာ သင့်သည် ဟူလို၏။

ဂဏ္ဌိပုဒ်ဆရာတို့ အလိုသော် တိရစ္ဆာန်သည် တိရစ္ဆာန်အသွင်ဖြင့်၎င်း ဘီလူး ပြိတ္တာအသွင်ဖြင့်၎င်း ကျ၍ သေရာ၌ ပါစိတ်အာပတ်၊ လူ့အသွင်ဖြင့် ကျ၍ သေရာ၌ ထုလ္လစ္စဉ်းအာပတ်သင့်သည် ဟူလို၏။ ကေစိဆရာတို့ ဝါဒကိုသာ သင့်သောဝါဒ ဟု မှတ်အပ်၏။ ဝိမတိဝိနောဒနီဋီကာ၌လည်း အကျယ်ပင် ပြဆို၏။ သာရတ္ထဒီပနီဋီကာနှင့် မထူးလှပြီဖြစ်၍ ယင်းကို ဤ၌ မပြဆိုသည်။

အထူးမှာ သာရတ္ထ၌ ပြဆိုအပ်သော ကေစိဝါဒကို မိမိဝါဒပြု၍ ပြသည်။ ဂဏ္ဌိပုဒ်တို့ ဝါဒကို ကေနစိဝါဒပြု၍ ပယ်သည်။

## ပါဠိမှန်ဖြစ်မှုသာ-အဓိပ္ပါယ်မှန်ပုံ

ဤသို့ အရပ်ရပ် ပြဆိုခဲ့ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ထောက်ထား ဆင်ခြင်သဖြင့် လူဖြစ်သော မိဘကို သတ်သော လူဖြစ်သော သားအား ထို သတ်အပ်သော မိဘသည် ပကတိလိင်၌ တည်မှသာ အနန္တရိယကံ ထိုက်သည်

မဟုတ်။ လိင်ပင် ပြန်သော်လည်း အနန္တရိယကံ ထိုက်သည်၏ အဖြစ်သည် ဟုတ်မှန်တိုင်းသော သဘောအားဖြင့် အလွန်သိသာ ထင်ရှားရကား "မနုဿ ဘူတဿေဝ မနုဿဘူတံ" အစရှိသော အချို့ကုန်သော သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပေ-တို့၌ "အပရိဝတ္တလိင်္ဂံ" ဟု ရှိသည်ကို ရှိသည့်အတိုင်း အဓိပ္ပါယ်တို့ကို ယူချေသော် လူဖြစ်သော မိဘကို သတ်သော လူဖြစ်သော သားအား လိင်ပြန်ခြင်း မရှိ၊ ပကတိလိင်၌တည်သော မိဘကို သတ်မှသာ အနန္တရိယကံ ထိုက်သည်။ လိင်ပြန်သောမိဘကို သတ်သော် အနန္တရိယကံ မထိုက် ဟူ၍ အလိုမရှိအပ်သော မဟုတ်မမှန်သော အနက်သဘော ဖြစ်ရာခဲ့သည်ဖြစ်၍ ဋီကာရန္တ သြဋ္ဌဇ ပိ-အက္ခရာ ကျပျက်သောကြောင့်သာ "အပရိဝတ္တလိင်္ဂံ"ဟု သဒ္ဒါပျက်၍ ရှိလေသည်။

စင်စစ်သော် သြဋ္ဌဇ ပဥ္စမက္ခရာဖြစ်သော ဋီကာရန္တ ပိ-အက္ခရာနှင့် "အပိ-ပရိဝတ္တလိင်္ဂံ" ဟု ရှိသော သဒ္ဒါသာ ကောင်းမွန် ဟုတ်မှန်သောသဒ္ဒါ ဖြစ်ချေသည် ဟူ၍ ပါဠိ အဋ္ဌကထာ-စသည်တို့နှင့် ညီလျော်ဟုတ်မှန်သော အနက်သဘောကို ရှာဖွေစိစစ်သဖြင့် သဒ္ဒါမှန် သဒ္ဒါကောင်းကို ပညာရှိတို့ သိနိုင်ကုန်သည်။

အချို့ကား ပါဠိ အဋ္ဌကထာ-စသည်တို့နှင့် ညီလျော် ဟုတ်မှန်သော အနက်သဘောကို မထောက်ရှု မဆင်ခြင်မူ၍ "အပရိဝတ္တလိင်္ဂံ" ဟု ပိ-အက္ခရာ ကျပျက်၍ ရှိသော သဒ္ဒါပျက်ကို အမှန်မှတ်ယူသဖြင့် ဤအဋ္ဌကထာပါဌ်ဝယ်—

အရှင် အဋ္ဌကထာဆရာ လူဖြစ်သော မိဘကို သတ်သော လူဖြစ်သော သားအား အနန္တရိယကံ ထိုက်ကြောင်းကို မနုဿဘူတဿေဝ မနုဿဘူတံ-အစ ရှိသည်ဖြင့် ပြဆိုတော်မူ၏။ လိင်ပြန်သော မိဘကိုပင် သတ်သော်လည်း သတ်သော သားအား အနန္တရိယကံ ထိုက်လေသလော ဟူဘွယ်ရှိ၍ "အပရိဝတ္တ-လိင်္ဂံ" ဟူသော စကားကို ဆိုတော်မူသည် ဟု အနုသန္ဓေ သမ္ဗန္ဓကိုဆို၍ "လူဖြစ်သော မိဘကို သတ်သော လူဖြစ်သော သားအား ပကတိလိင်၌ တည်သော မိဘကို သတ်မှသာ အနန္တရိယကံ ထိုက်သည်၊ လိင်ပြန်သော မိဘကို သတ်သော် အနန္တရိယကံ မထိုက် ဟူလို" ဟူ၍ အနက်အဓိပ္ပါယ်ကို ပြဆိုကုန်၏။

ထိုသူတို့၏ အယူစကားကို ပါဠိ အဋ္ဌကထာ-စသည်တို့နှင့် မညီသော မဟုတ် မလျား မှားယွင်းဖောက်ပြန် မမှန်သော အယူစကားသာ ဖြစ်သည် ဟု မှတ်အပ်၏။

အချို့လည်း သြဋ္ဌဇ ပဥ္စမက္ခရာနှင့် "အပိ ပရိဝတ္တလိင်္ဂံ" ဟု ရှိရမည်ကို ၎င်းအဋ္ဌကထာ ပေ-အချို့တို့၌ အက္ခရာဖောက်ပြန်ပျက်စီး၍ ဒန္တောဋ္ဌဇ ဝ-အက္ခရာ

နှင့် အဝိပရိဝတ္တလိင်္ဂ ဟု မှားယွင်းရှိနေသည်ကို အမှန်မှတ်ယူသဖြင့် ရှေးနည်း အနုသန္ဓေနှင့်တကွ မဟုတ်မမှန်သော အဓိပ္ပါယ်ကို ပြောကြား ပြဆိုလေသည်။ ဤကိုလည်း မမှတ်အပ်။

---

## ၃၀-အက္ခရာပျက်သောပါဌ်-စသည်ကို ရှင်းပြပုံ

## သတ္တသတ္တတိ ရတ္တိမှိ-၌ အက္ခရာကျပျက်နေပုံကို ပြခြင်း

> ဂဗ္ဘသေယျကာနံ အဇ္ဈတ္တိကာယတနေသု မနာယတနကာယာ-ယတနာနေဝ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ။ သေသာနိ စတ္တာရိ သတ္တသတ္တတိ ရတ္တိမှိ။ တာနိ စ ခေါ ယေန ကမ္မုနာ ပဋိသန္ဓိ ဂဟိတာ၊ တသေဝ အညာ ဝါ ကတတ္တာ။

ဟူသော ဤကထာဝတ္ထုအဋ္ဌကထာ(၂၄၀)ဖြင့် လူဂဗ္ဘသေယျကတို့အား အဇ္ဈတ္တိကာ-ယတန ခြောက်ပါးတွင် မနာယတန, ကာယာယတန နှစ်ပါးတို့သာလျှင် ပဋိသန္ဓေဥပါဒ်ခဏ၌ ဖြစ်ကြောင်း ကြွင်းသော စက္ခု, သောတ, ဃာန, ဇိဝှါ-ယတန လေးပါးတို့သည် ပဋိသန္ဓေစွဲနေသော နေ့ကစ၍ ရေသော် ခုနစ်ဆယ့်ခုနစ် ညဉ့်အရေအတွက်ရှိသော ကလလသတ္တာဟမှစ၍ ရေသော် တဆယ့်တခုမြောက် ဖြစ်သော ကောဒသမသတ္တာဟ၏ အစ-ရက်ဖြစ်သော ခုနစ်ဆယ့်တရက်မြောက်၌ မရှေးမနှောင်း တပြိုင်တည်း ဖြစ်ကြောင်းကို အဋ္ဌကထာဆရာ ပြတော်မူသည်။

သေသာနိ စတ္တာရိ-ဟူသော ကတ္တား သတ္တသတ္တတိ ရတ္တိမှိ-ဟူသော အာဓာရ တို့ကို ဥပ္ပဇ္ဇန္တိ-ဟူသော ကြိယာ၌ စပ်၍ဆိုသောကြောင့် ယင်း အာယတန လေးပါးတို့၏ ၎င်းနေ့၌ မရှေးမနှောင်း တပြိုင်တည်း ဖြစ်သည်ကို ပြတော်မူကြောင်းကို သိလေ။

## မူလဋီကာ အလို

မူလဋီကာ(၁၃၀) ဆရာသည်လည်း ဤအဋ္ဌကထာကို အမှီအထောက်ပြု၍ပင် သတ္တသတ္တတိ ရတ္တိမှိ-ကို မိဿကသင်္ချာကြံ၍ ခုနစ်ဆယ့်ခုနစ်ညဉ့် အရေအတွက် ရှိသော ကောဒသမသတ္တာဟ-၏ အစ-ရက်ဖြစ်သော ပဋိသန္ဓေစွဲနေသည်နောက် ခုနစ်ဆယ့်တရက်မြောက်နေ့၌ လူဂဗ္ဘသေယျကတို့အား စက္ခု-စသော အာယတန တို့ တပြိုင်တည်း ဖြစ်ကုန်၏ဟု အဋ္ဌကထာဆရာနှင့် နည်းတူ အယူတော်ရှိသော ကြောင့်ပင် ကလလသတ္တာဟမှ စ၍ ရေသော် တဆယ့်တခုမြောက် ကောဒသမ-သတ္တာဟမှ ရှေ့ဖြစ်သော ရက်ပေါင်း ခုနစ်ဆယ်အတွင်း၌ တည်ခိုက်ဖြစ်သော ဂဗ္ဘသေယျကပုဂ္ဂိုလ်အား ရူပါယတနသည် ပဋိသန္ဓေခဏကပင် ဖြစ်ခဲ့ပြီးဖြစ်၍

မဖြစ်လတ္တံ့၊ စက္ခာယတနမူကား ကောဒသမသတ္တာဟသို့ ရောက်မှ ဖြစ်မြဲဖြစ်၍ မဖြစ်လတ္တံ့ မဟုတ်၊ ဖြစ်လတ္တံ့သာ ဖြစ်ကြောင်းကို—

> နနု စ ဂဗ္ဘသေယျကဿ ပဋ္ဌမဘဝိကဿ ဥပပဇ္ဇန္တဿ ကောဒသမ-သတ္တာဟာ ဩရတော ဌိတဿ ရူပါယတနံ နုပ္ပဇ္ဇိဿတိ။ နော စ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ။

ဟူ၍ စောဒက အာဘော်ကို ပြသောအရာဝယ် ပြဆိုတော်မူသည်။

ဋီကာကျော် (၂၁၄) ဆရာမူကား သတ္တသတ္တတိ ရတ္တိမှိ-၌ တိ-အက္ခရာမပါ ကျ ပျက်သော"သတ္တသတ္တရတ္တိမှိ" ဟူ၍ ရှိသောပါဌ်ကို အမှန် မှတ်ယူ၍ ယင်းကိုလည်း ဂုဏိတသင်္ချာကြံ၍ ခုနစ်ရက်ကိုတည် ခုနစ်ရက်နှင့်မြှောက်သော် "သတ္တ သတ္တ-နဝစာလီသ" လေးဆယ့်ကိုးရက်ရသည်ဖြစ်၍ လေးဆယ့်ကိုးရက်သော် သတ္တာဟ ခုနစ်ခုဖြစ်ရကား ဂဗ္ဘသေယျကတို့အား ကလလသတ္တာဟမှ နောက်ခုနစ်ခုမြောက် ဖြစ်သော သတ္တမသတ္တာဟ ၌ စက္ခုဖြစ်သည် ဟု အဋ္ဌကထာဆရာယူတော်မူသည်။

မူလဋီကာဆရာမူကား ပြဆိုခဲ့ပြီးသည့်အတိုင်း ကောဒသမသတ္တာဟ၌ စက္ခုဖြစ်သည် ဟု ယူတော်မူသည်ဖြစ်၍ အဋ္ဌကထာနှင့် မူလဋီကာ အလိုမတူ အယူကွဲပြားကြသည် ဟု အမှတ်အယူရှိ၍ ဂဗ္ဘသေယျကတို့အား ပဋိသန္ဓေအခါမှ နောက် ပဝတ္တိကာလသို့ရောက်မှ စက္ခု, သောတ, ဃာန, ဇိဝှါဒသက ကလာပ်လေးပါးတို့ ဖြစ်ကြကြောင်းကို ပြဆိုသော "တတော ပရံ ပဝတ္တိကာလေ ကမ္မေန စက္ခု ဒသကာဒီနိ ပါတုဘဝန္တိ" ဟူသော အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ (၄၄) ဝယ် စက္ခု-ဒသကစသည်တို့၏ သာမညအားဖြင့် ဖြစ်ရာကာလကို ပြရာ"ပဝတ္တိကာလေ"၌ ပဝတ္တိကာလအရကို အဋ္ဌကထာဆရာ၏ အလိုအားဖြင့် သတ္တမသတ္တာဟကို, မူလ ဋီကာဆရာ၏ အလိုအားဖြင့် ကောဒသမသတ္တာဟကို ယူဟု ပြခြင်းငှါ—

> ပဝတ္တိကာလေတိ သတ္တမေ သတ္တာဟေ။ ဋီကာကာရမတေန ကော-ဒသမေ သတ္တာဟေ ဝါ။

ဟူ၍ ပြဆိုမိလေသည်။ ကမ္မေန-၌လည်း—

> ကမ္မေန ကိတ္တိံ လဘတေ ပသံသံ၊
> ကမ္မေန ဇာနိဥ္စ ဝဓဥ္စ ဗန္ဓံ။

ဟူသော ပါဌ်တော်မှာကဲ့သို့ မအက္ခရာ နှစ်လုံးဆင့် ဒွေးဘော်နှင့် ရှိရမည်ကို မအက္ခရာတလုံးကျပျက်၍ "ကမေန ပုညဝတ္ထုဟိ" စသည်မှာကဲ့သို့ ကမေန-ဟု

ပျက်၍ရှိသောပါဠိကို အမှန်မှတ်ယူသဖြင့်ငှင်း ကမသဒ္ဒါကိုလည်း အစဉ်ဟောကြံ၍ စက္ခုဒသက-စသော ဒသကလေးပါးတို့၏ သတ္တာဟတခုစီ အစဉ်အတိုင်းဖြစ်ကြောင်းကို—

> ကမေနာတိ စက္ခုဒသကပါတုဘာဝတော သတ္တာဟာ တိက္ကမေန သောတဒသကံ၊ တတော သတ္တာဟာတိက္ကမေန ဃာနဒသကံ၊ တတော သတ္တာဟာတိက္ကမေန ဇိဝှါဒသကန္တိ ဧဝံ အနုက္កမေန။

ဟူ၍ ပြဆိုမိလေသည်။

ဋီကာကျော်(၂၁၄) ဆရာကို လွန်စွာလေးမြတ်ယုံကြည်သဖြင့် ကထာဝတ္ထု-အဋ္ဌကထာ မူလဋီကာတို့ကို သေချာစေ့င မကြည့်ရှု မဆင်ခြင်မူ၍သခေ်ပဝဏ္ဏနာ, မဏိသာရမဉ္ဇူသာ, အဘိဓမ္မတ္ထဒီပနီ,ဂဏ္ဌိ,ဝိနိစ္ဆယ,သင်္ဂြိုဟ်အဓိပ္ပါယ်အရကောက်, အဘိဓမ္မာညဝါအရကောက်-အစရှိသော ကျမ်းတို့၌ ဋီကာ ဂဏ္ဌိ ဝိနိစ္ဆယဆရာ စသည်တို့သည်လည်း ဋီကာကျော်၌ ပြဆိုလာရှိသောနည်းအတိုင်း အဋ္ဌကထာ ဆရာ၏ အလိုအားဖြင့် စက္ခု, သောတ, ဃာန, ဇိဝှါလေးပါးတို့ သတ္တမ အဋ္ဌမ နဝမ ဒသမ သတ္တာဟတို့၌ အစဉ်အတိုင်းဖြစ်ကြောင်း၊ မူလဋီကာဆရာ အလိုအားဖြင့် ဧကာဒသမ ဒွါဒသမ တေရသမ စုဒ္ဒသမ သတ္တာဟတို့၌ အစဉ်အတိုင်း စ၍ ဖြစ်ကြောင်း စသည်များကို အသီးသီး ဆုံးဖြတ်ပြဆိုကုန်၏။

ငှင်းဝိနိစ္ဆယများကို ပါဠိ, အဋ္ဌကထာ, ဋီကာကြီးများနှင့်မညီ မဟုတ်မမှန်သော ဝိနိစ္ဆယသာဖြစ်သည် ဟု မှတ်အပ်၏။

## စက္ခု-စသော အာယတနတို့ဖြစ်ပုံ

စက္ခု-စသော ငှင်းအာယတနလေးပါးတို့ အစဉ်အတိုင်း သတ္တာဟ တခုစီ မဖြစ်ကြောင်း၊ ဧကာဒသမသတ္တာဟ၌သာ တကြိမ်တခါတည်း ဖြစ်ကြကြောင်းကို အဘယ့်ကြောင့် သိပါသနည်း ဟူခဲ့ပြန်မူ—ထိုစက္ခုစသော အာယတနလေးပါးတို့ကို ထိုထို ပါဠိ, အဋ္ဌကထာစသည်တို့၌ ပသာဒဟူသောအမည် အာယတနဟူသောအမည် ဓာတု ဟူသောအမည် ဣန္ဒြိယ ဟူသော အမည်တို့ဖြင့် ဟောပြတော်မူရာဝယ် ဒေသနာက္ကမ, ဥပ္ပတ္တိက္ကမ, ပဟာနက္ကမဟူသော ကမသုံးပါးတွင် ဒေသနာက္ကမအားဖြင့်သာ ဟောပြ၍ ဥပ္ပတ္တိက္ကမအားဖြင့် ဟောပြသောအရာ မလာမရှိသောကြောင့် အစဉ်အတိုင်း မဖြစ်သည်၏ အဖြစ်ကို သိသည်။

ယခင် ကထာဝတ္ထုအဋ္ဌကထာ(၂၄၀) ဝယ် "မနာယတနကာယာယတနာနေဝ" ဟူသော ကတ္တား၏ စပ်ရာ ဥပ္ပဇ္ဇန္တိ-ဟူသော ကြိယာ၏ အာဓာရကို ပဋိသန္ဓိက္ခဏေ-

ဟု ပြဆိုသဖြင့် အဇ္ဈတ္တိကာယတန ခြောက်ပါးတွင် မနာယတန, ကာယာယတန နှစ်ပါးတို့၏ ပဋိသန္ဓေ ဥပါဒ်ခဏကာလ၌ တပြိုင်တည်းဖြစ်ကြောင်း၊ သေသာနိ စတ္တာရိ-ဟူသော ကတ္တား၏စပ်ရာ ဥပ္ပဇ္ဇန္တိ-ဟူသော ကြိယာ၏ အာဓာရကို သတ္တ-သတ္တတိ ရတ္တိမှိ-ဟု ပြဆိုသဖြင့် စက္ခာယတန-စသော အာယတနလေးပါးတို့၏ ကောဒသမသတ္တာဟကာလ၌ တပြိုင်တည်းဖြစ်ကြောင်းကိုသာ အဋ္ဌကထာဆရာ ပြဆိုတော်မူသောကြောင့်ရှင်း——

ဂဗ္ဘသေယျကဿ ပစ္ဆိမဘဝိကဿ ဥပပဇ္ဇန္တဿ ကောဒသမသတ္တာ-ဟာ သြရတော ဌိတဿ ရူပါယတနံ နုပ္ပဇ္ဇိဿတိ။ နော စ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ။

ဟူ၍ ဂဗ္ဘသေယျက ပုဂ္ဂိုလ်အား ကောဒသမသတ္တာဟမှ ရှေ့အတွင်း ဖြစ်သော ကာလ၌ တည်ခိုက် စက္ခာယတန ဖြစ်လတ္တံ့ ဖြစ်ကြောင်းကို ပြသဖြင့် ကောဒသမ သတ္တာဟကာလ၌သာ ထိုစက္ခာယတနဖြစ်ကြောင်းကို——

ယဿ ဝါ ပန ယတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ။ တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတီတိ။

ဟူသော အာယတနယမိုက်(၁၀၅)ပုဂ္ဂလောကာသ ပစ္စုပ္ပန္နာတီတ ပဋိလောမပုစ္ဆာ၏ ဝိဿဇ္ဇနာဖြစ်သော——

ကာမာဝစရာ စဝန္တာနံ အဃာနကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနံ ရူပါဝစရာနံ တေသံ တတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ။ နော စ တေသံ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတိ——

ဟူသော ပါဠိတော်ဝယ် "အဃာနကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနံ" ဟူ သော စကားကို ဃာနာယတန မဖြစ်မီ စုတေလတ္တံ့သော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူကြောင်းကို ပြရာ စက္ခုစသော အာယတနလေးပါးတို့ သတ္တာဟ တခုစီ ကောဒသမသတ္တာဟက စ၍ အစဉ်အတိုင်းဖြစ်သည်မှန်က ဃာနာယတ-နသည် တေရသမသတ္တာဟသို့ ရောက်မှဖြစ်ရသောကြောင့် တေရသမသတ္တာဟမှ ရှေ့အတွင်းကာလ၌ သေလတ္တံ့သော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူသည် ဟူ၍ မူလဋီကာဆရာ ပြဆိုအပ်ရာသည်။ ဤသို့ကား မပြပါ။

တံ ယေ ကောဒသမသတ္တာဟာ သြရတော ကာလံ ကရိဿန္တိ။ တေသံ ဃာနာယတနာ နိဗ္ဗတ္တကကမ္မေန ဂဟိတပဋိသန္ဓိကာနံ ဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

ဟူ၍ ကောဒသမသတ္တာဟမှ အတွင်းဖြစ်သောကာလ၌ သေလတ္တံ့သော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူသည် ဟု ပြဆိုတော်မူသောကြောင့် ဃာနာယ-

တန၏လည်း ကောဒသမ သတ္တာဟ၌ ဖြစ်ကြောင်းကို မူလဋီကာဆရာ ပြတော်မူသောကြောင့်ရင်း စက္ခုစသော အာယတနလေးပါးတို့၏ ကောဒသမ သတ္တာဟ၌ တပြိုင်တည်း ဖြစ်ကြောင်းကို သိပါသည်ဟူလေ။

## ကမေန-နှင့် ကမ္မေန-ရှင်းပြချက်

တတော ပရံ ပဝတ္တိကာလေ-အစရှိသော အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၌ ကမ္မေန-ဟု ရှိသော ပါဌ်သည်သာ အဋ္ဌကထာဆရာ ဆိုတော်မူရင်းဖြစ်သော ဟုတ်မှန်သော ပါဌ်ဖြစ်ကြောင်းကို အဘယ့်ကြောင့် သိပါသနည်း ဟူပြန်ခဲ့အံ့။

ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေ ဥပါဒ်ခဏကာလက စ၍ မိန်းမ, ယောကျ်ား, နပုံး, ပဏ္ဍုက်တို့၌ ထိုက်သည့်အားလျော်စွာ ကာယဒသက, ဝတ္ထုဒသက, ဘာဝဒသက ဟူသော ကမ္မဇကလာပ်တို့ ဖြစ်ကုန်သည်။ ပဋိသန္ဓေ စိတ်၏ ဌီခဏက စ၍ ဥတုဇကလာပ်တို့ ဖြစ်ကုန်သည်။ ပဌမဘဝင်၏ ဥပါဒ်ခဏကစ၍ စိတ္တဇရုပ်တို့ ဖြစ်ကုန်သည်။ အာဟာရဇကလာပ်တို့သည် ဒုတိယသတ္တာဟက စ၍ ဖြစ်ကုန်သည်ဖြစ်၍ ထိုကလာပ်တို့သည် အသီးအသီး မိမိတို့၏ ဇနက အကြောင်းဖြစ်သော ကံ စိတ် ဥတု အာဟာရတို့ကြောင့်သာ ဖြစ်ကုန်သည်။ အကြောင်းမရှိဘဲ မဖြစ်ကုန်သကဲ့သို့ ဤပဝတ္တိကာလ၌ ဖြစ်သော စက္ခုဒသက စသော ကလာပ်လေးစည်းတို့သည်လည်း အကြောင်းမရှိဘဲ မဖြစ်ကုန်ရာ၊ ဇနက အကြောင်းရှိမှသာ ဖြစ်ကုန်ရသောကြောင့် ပဝတ္တိကာလ ကောဒသမသတ္တာဟသို့ မရောက်မီ ဖြစ်ကုန်သော ရုပ်ကလာပ်တို့၏ အသီးအသီးဖြစ်ကြောင်း ဖြစ်ကုန်သော ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းလေးပါးတို့တွင် ဤပဝတ္တိကာလ ကောဒသမ သတ္တာဟ၌ ဖြစ်သော စက္ခုဒသက စသောကလာပ် လေးစည်းသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်း ဟု မေးရန်ရှိသည်ကို မြင်တော်မူ၍ အကြောင်းလေးပါးတွင် ကံဟူသောအကြောင်းကြောင့်ဖြစ်ကုန်၏ ဟု ပြခြင်းငှါ အရှင်အနုရုဒ္ဓါဆရာ ဆိုတော်မူသည်ဖြစ်၍ ကမ္မေန-ဟူသော ပါဌ်သာ အဋ္ဌကထာဆရာ ဆိုတော်မူရင်း ပါဌ်မှန် ပါဌ်ကောင်း ဖြစ်ကြောင်းကို သိပါသည် ဟူလေ။

ဤပဝတ္တိကာလ ကောဒသမ သတ္တာဟ၌ ဖြစ်ကုန်သော စက္ခုဒသက စသော ကလာပ်လေးစည်းတို့၏ ကံကြောင့်ဖြစ်သည်ကို အဘယ်ကို ထောက်၍ အရှင် အနုရုဒ္ဓါဆရာ သိလေသနည်း ဟူပြန်မူ—

ဂဗ္ဘသေယျကတို့အား အဇ္ဈတ္တိကာယတန ခြောက်ပါးတွင် မနာယတန ကာယာယတန နှစ်ပါးတို့သာ ပဋိသန္ဓေခဏ၌ ဖြစ်ကုန်၍ စက္ခာယတန-စသော

ကြွင်းလေးပါးတို့သည် ခုနစ်ဆယ့် ခုနစ်ညဥ့် အရေအတွက်ရှိသော သတ္တာဟ တဆယ့်ဘခုတွင် ကောဒသမသတ္တာဟ၌ ဖြစ်ကြောင်းကို တိုက်ရိုက်ပြဆိုသော—

ဂဗ္ဘသေယျကာနံ အဇ္ဈတ္တိကာယတနေသု မနာယတန ကာယာယ-တနာနေဝ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ။ သေသာနိ စတ္တာရိ သတ္တသတ္တတိ ရတ္တိမှိ။ တာနိ စ ခေါ ယေန ကမ္မုနာ ပဋိသန္ဓိ ဂဟိတာ၊ တဿေဝ အညဿ ဝါ ကတတ္တာ။

ဟူသော ကထာဝတ္ထုအဋ္ဌကထာ (၂၄၀)ကို ထောက်၍ရင်း မိမိဖြစ်ခိုက်ဘုံ၌ ရူပါယ-တနသာဖြစ်ဘူး၍ ဃာနာယတန ဖြစ်ဆဲ မဟုတ်သော အဃာနက ဥပပဇ္ဇန္တပုဂ္ဂိုလ် အရကို ဃာနာယတနကို မဖြစ်စေနိုင်သောကံဖြင့် ယူအပ်သော ပဋိသန္ဓေရှိသော ကောဒသမသတ္တာဟ မှ ရှေ့အတွင်းကာလ၌ သေလတ္တံ့ ပုဂ္ဂိုလ်ကို ကောက်ယူသဖြင့် ကောဒသမသတ္တာဟ၌ ဃာနဖြစ်မှု ထိုဃာနသည် ကံကြောင့်သာ ဖြစ်၏ ဟု ပြဆိုသည် မည်သော—

တံ ယေ ကောဒသမသတ္တာဟာ ဩရတော ကာလံ ကရိဿန္တိ။ တေသံ ဃာနာယတနာ နိဗ္ဗတ္တကကမ္မေန ဂဟိတပဋိသန္ဓိကာနံ ဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

ဟူသော မူလဋီကာ (၁၃၁) ကို ထောက်၍ရင်း သိသည် ဟူလေ။

## စက္ခု-စသည်တို့သည် ကံကြောင့် ဖြစ်ပုံ

ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ကောဒသမသတ္တာဟ၌ စက္ခာယတန စသော လေးပါးတို့ ကံကြောင့် ဖြစ်သည် ဟူရာဝယ် ထို အာယတနတို့သည် ဤ ဘဝ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကြောင့် ဖြစ်ကုန်သလော၊ ယင်းမှတပါး ပဝတ္တိအကျိုးကို ဖြစ်စေတတ်သော ကံကြောင့် ဖြစ်ကုန်သလော၊ ထို အာယ-တန လေးပါးလုံးသည် တခုတည်းသော ကံကြောင့် ဖြစ်သလော၊ အသီးအခြား တပါးစီသော ကံကြောင့် အသီးအသီး တပါးစီ ဖြစ်သလော ဟူငြားအံ့—

ဃာနဖြစ်ရာကာလ ကောဒသမသတ္တာဟမှ ရှေ့အတွင်းကာလ၌ သေလတ္တံ့ ပုဂ္ဂိုလ်ကို ဃာနာယတနကို မဖြစ်စေနိုင်သော ကံဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ် ဟု ပြသဖြင့် ကောဒသမသတ္တာဟ တိုင်ရောက်အောင် တည်နေရလတ္တံ့သော ပုဂ္ဂိုလ်အား ထို ကောဒသမသတ္တာဟ-၌ ဖြစ်သော ဃာနာယတနသည် ပဋိ-သန္ဓေကို ဖြစ်စေတတ်သော ကံကြောင့်သာ ဖြစ်သည်ဟု ပြသည်မည်ရကား "အဃာနကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနံ" ဟူသော စကားကို ကောဒသမ-သတ္တာဟအတွင်း သေလတ္တံ့သော ဃာနကို မဖြစ်စေနိုင်သော ကံဖြင့် ယူအပ်

သော ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူကြောင်းကို ပြဆိုသော—

> တံ ယေ ဂေါတြဘုမဂ္ဂဿ သြရတော ကာလံ ကရိဿန္တိ။ တေသံ ဈာနာယတနာ နိဗ္ဗတ္တကကမ္မေန ဂဟိတပဋိသန္ဓိကာနံ ဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

ဟူသော မူလဋီကာ (၁၃၁)

ဈာနာယတနဖြစ်ရာ ဂေါတြဘုမဂ္ဂဟ-သို့ မရောက်မီ ရှေ့အတွင်း အကြားကာလ၌ပင် ချုပ်ပျက် စုတေရလတ္တံ့သော အလွန်တိုသော အသက် အပိုင်းအခြား ကာလရှိသော ပဋိသန္ဓေ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော အကျိုးမျှကို ပေးစွမ်းနိုင်သော ကံကို ဈာနာယတနကို မဖြစ်စေနိုင်သော ကံ ဟူ၍ မူလဋီကာဆရာ ဆိုကြောင်းကို ပြဆိုသော—

> ယဿ ဝိပါကော ဈာနာယတနုပ္ပတ္တိတော ပုရေတရမေဝ နိရုဇ္ဈိဿတိ။ တံ ဈာနာယတနာ နိဗ္ဗတ္တကကမ္မန္တိ ဝုစ္စတိ။

ဟူသော အနုဋီကာ (၁၃၂)

ဤ မူလဋီကာ အနုဋီကာ ဆရာတို့၏ အလိုအားဖြင့် ဂေါတြဘုမဂ္ဂဟ-၌ ဖြစ်ကုန်သော စက္ခုစသော အာယတန လေးပါးတို့သည် ပဋိသန္ဓေကို ဖြစ်စေ တတ်သော ကံကြောင့်သာ ဖြစ်ကုန်သည် ဟူ၍ငင်း တခုတည်းသော ကံကြောင့် သာ ဖြစ်ကုန်သည် ဟူ၍ငင်း ယူတော်မူလိုကုန်၏။

ဤ မူလဋီကာဆရာ အလိုအားဖြင့် လူဂဗ္ဘသေယျကအရာဝယ် ဈာန, ဇိဝှါ နှစ်ပါးတို့သည် ဂေါတြဘုမဂ္ဂဟ-သို့ ရောက်လျက် မဖြစ်သော မည်သည် မရှိ၊ ဖြစ်ကုန်သည်ချည်းသာ။ ဂေါတြဘုမဂ္ဂဟမှ ရှေ့အတွင်းကာလ၌ သေလတ္တံ့သော ပုဂ္ဂိုလ်မှတပါး အဈာနက, အဇိဝှကဥပပဇ္ဇန္တပုဂ္ဂိုလ် မည်သည် မရှိ။ ဤ အတွင်းကာလ၌ သေလတ္တံ့ ပုဂ္ဂိုလ်ကိုသာ အဈာနက, အဇိဝှက ဥပပဇ္ဇန္တ-ဟူ၍ ဆိုအပ်သည်။ စက္ခု,သောတတို့ မူကား မိမိတို့ ဖြစ်ချိန်ကာလ ဂေါတြဘုမဂ္ဂဟ-သို့ ရောက်လျက် ဖြစ်ကုန်သည်သော်လည်း ရှိ၏။ မဖြစ် ကုန်သည်သော်လည်း ရှိ၏။ ဂေါတြဘုမဂ္ဂဟ-သို့ ရောက်လျက် စက္ခု,သောတ မဖြစ်သော ပုဂ္ဂိုလ်ကိုငင်း ဂေါတြဘုမဂ္ဂဟမှ ရှေ့အတွင်းကာလ၌ သေလတ္တံ့ ပုဂ္ဂိုလ်ကိုငင်း အစက္ခုက ဥပပဇ္ဇန္တ, အသောတကဥပပဇ္ဇန္တ ဟု ခေါ်ဆိုအပ်သည် ဟူလို၏။

## မိလိန္ဒမင်းကြီးအား ဖြေပုံ

စက္ခု, သောတ အစရှိသော အာယတန ငါးပါးတို့သည် အသီးအသီး အခြားစီသော ကံကြောင့် ဖြစ်ကုန်သလော၊ တပါးတည်းသော ကံကြောင့် ဖြစ်ကုန်သလော ဟု မိလိန္ဒမင်းကြီး မေးလျှောက်သည်ကို တခုတည်းသော ကံကြောင့် မဖြစ်၊ အသီးအသီးသော ကံကြောင့် ဖြစ်ကြောင်းနှင့် ဥပမာပြ၍ ဖြေဆိုအပ်သော—

ရာဇာ အာဟ။ ဘန္တေ နာဂသေန ယာနိမာနိ ပဉ္စာယတနာနိ ကိံ နု တာနိ နာနာကမ္မေဟိ နိဗ္ဗတ္တာနိ၊ ဥဒါဟု ဧကေန ကမ္မေနာတိ။ နာနာ-ကမ္မေဟိ မဟာရာဇ နိဗ္ဗတ္တာနိ၊ န ဧကေန ကမ္မေနာတိ။

ဩပမ္မံ ကရောဟီတိ။

တံ ကိံ မညသိ မဟာရာဇ။ ကေသ္မိံ ခေတ္တေ နာနာဗီဇာနိ ဝပေယျုံ။ တေသံ နာနာဗီဇာနံ နာနာဖလာနိ နိဗ္ဗတ္တေယျုန္တိ။

အာမ ဘန္တေ နိဗ္ဗတ္တေယျုန္တိ။
ဧဝမေဝ ခေါ မဟာရာဇ ယာနိ ယာနိ ပဉ္စာယတနာနိ တာနိ တာနိ နာနာကမ္မေန နိဗ္ဗတ္တာနိ၊ န ဧကေန ကမ္မေနာတိ။

ဟူသော ဤ မိလိန္ဒပဉ္ှာ ၆၆ စကားကို ထောက်သော် အရှင်နာဂသေနမထေရ် အလိုတော်အားဖြင့် ထို စက္ခုစသော အာယတနတို့သည် တခုတည်းသော ကံကြောင့် ဖြစ်ကုန်သည် မဟုတ်။ အသီးအသီးသော ကံကြောင့် ဖြစ်ကုန်သည် ဟူလို၏။

ဘန္တေ နာဂသေန၊ အရှင် နာဂသိန်။ ယာနိမာနိ ပဉ္စာယတနာနိ၊ အကြင် စက္ခုစသော ငါးပါးသော အာယတနတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုငါးပါးသော အာယတနတို့သည်။ နာနာကမ္မေဟိ၊ အထူးထူးသော ကံတို့ ကြောင့်။ နိဗ္ဗတ္တာနိ ကိံ နု၊ ဖြစ်ကုန်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဧကေန ကမ္မေန၊ တခုသောကံကြောင့်။ နိဗ္ဗတ္တာနိ ကိံ နု၊ လော။ ဣတိ၊ ဤသို့။ ရာဇာ၊ မိလိန္ဒမင်းကြီးသည်။ အာဟ၊ မေးလျှောက်၏။

မဟာရာဇ၊ မင်းမြတ်။ ဝါ၊ မင်းကြီး။ နာနာကမ္မေဟိ၊ တို့ကြောင့်။ နိဗ္ဗတ္တာနိ၊ ဖြစ်ကုန်၏။ ဧကေန ကမ္မေန၊ ကြောင့်။ န နိဗ္ဗတ္တာနိ၊ မဖြစ်ကုန်။ ဝါ၊ ဧကေန ကမ္မေန၊ ကြောင့်။ နိဗ္ဗတ္တာနိ၊ ဖြစ်ကုန်သည်။ န၊ မဟုတ်ကုန်။ ဣတိ၊ သို့။ ထေရော၊ အရှင်နာဂသေနမထေရ်သည်။ အာဟ၊ ဖြေဆိုတော်မူ၏။

ဘန္တေ နာဂသေန၊ အရှင်နာဂသိန်။ ဩပံ၊ ငါးပါးသော အာယတနတို့၏ တခုသောကံကြောင့် မဖြစ်မူ၍ အသီးအသီးသော ကံကြောင့် ဖြစ်ရာဝယ် နှိုင်း ယှဉ်စရာ လောကူပမာကို။ ကရောဟိ၊ ပြုတော်မူပါဦးလော့။ ဣတိ၊ ဤသို့ လျှောက်ထားအပ်သည်ရှိသော်—

မဟာရာဇ၊ မင်းကြီး။ ယံ ဝစနံ၊ အကြင်စကားကို။ မယာ၊ ငါသည်။ ဝက္ခ- မာနံ၊ ဆိုအပ်လတ္တံ့။ တံ ဝစနံ၊ ကို။ တွံ၊ သင်သည်။ ကိံ မညသိ၊ အဘယ်သို့ မှတ်ထင်မည်နည်း။ ကေသွိ ခေတ္တေ၊ တခုသော ကိုင်းလယ် ယာ ၌။ နာနာ- ဗီဇာနိ၊ အထူးထူးသော မျိုးစေ့တို့ကို။ မနုဿာ၊ လူတို့သည်။ ဝပေယျုံ၊ ကြဲ မွန်း စိုက်ပျိုးကုန်ရာ၏။ တေသံ နာနာဗီဇာနံ၊ ထိုစိုက်ပျိုး ကြဲချအပ်ကုန်သော အထူးထူးသော မျိုးစေ့တို့၏။ နာနာဖလာနိ၊ အထူးထူးသော အသီးတို့သည်။ နိဗ္ဗတ္တေယျုံ၊ ဖြစ်ကုန်ရာသည် မဟုတ်လော။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ မေးဆိုအပ် သည်ရှိသော်—

ဘန္တေ၊ အရှင်ဘုရား။ အာမ နိဗ္ဗတ္တေယျုံ၊ ဩ ဖြစ်ကုန်ပေရာ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဝန်ခံ လျှောက်ထား၏။

မဟာရာဇ၊ မင်းမြတ်။ ဧဝမေဝ ခေါ၊ ဤအထူးထူးသော မျိုးစေ့တို့၏ အထူးထူးသော အသီးတို့ ဖြစ်ကုန်သည်နှင့် အတူသာလျှင်။ ယာနိ ယာနိ ပဉ္စာယတနာနိ၊ အကြင်အကြင် စက္ခုစသော ငါးပါးသော အာယတနတို့သည်။ သန္တိ၊ ကုန်၏။ တာနိ တာနိ ပဉ္စာယတနာနိ၊တို့သည်။ နာနာကမ္မေန၊ ကြောင့်။ နိဗ္ဗတ္တာနိ၊ ကုန်၏။ ဧကေန ကမ္မေန၊ ကြောင့်။ န နိဗ္ဗတ္တာနိ၊ ဖြစ်သည် မဟုတ် ကုန်။ ဣတိ၊ သို့။ ထေရော၊ သည်။ အာဟ၊ ၏။

ဂဗ္ဘသေယျကတို့အား ကောဒသမသတ္တာဟ၌ ဖြစ်ကုန်သော စက္ခုစသော အာယတန လေးပါးတို့သည် ဤဘဝပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကြောင့် သော်၎င်း ပဝတ္တိအကျိုးကို ဖြစ်စေတတ်သော ကံတပါးကြောင့်သော်၎င်း ဖြစ်ကြောင်းပြဆိုသော—

သေသာနိ စတ္တာရိ သတ္တသတ္တတိ ရတ္တိမှိ။ တာနိ စ ခေါ ယေန
ကမ္မုနာ ပဋိသန္ဓိ ဂဟိတာ၊ တသောဝ အညဿ ဝါ ကတတ္တာ။

ဟူသော ဤ ကထာဝတ္ထုအဋ္ဌကထာ (၂၄၀)ဆရာ၏ အလိုအားဖြင့်သော် ထိုအာယ- တနလေးပါးတို့သည် ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကြောင့်သော်၎င်း ပဝတ္တိအကျိုးကို ဖြစ်စေတတ်သော ကံကြောင့်သော်၎င်း တခုတည်းသော ကံကြောင့်သော်၎င်း အသီးအသီးသော ကံကြောင့်သော်၎င်း ဖြစ်ကုန်သည် ဟူလို၏။

## ၃၁-သတ္တုပလဒ္ဓိ, သတ္တုပလဒ္ဓိ-နှစ်မျိုး ကွဲပြားနေပုံ
## ပါဠိအနေနှစ်မျိုး-စသည်ကိုပြခြင်း

အက္ခရာဖောက်ပြန်ပျက်စီး၍ သဒ္ဒါပျက်စီးသည်ကို ပျက်ချေသည် ဟု မဆင်ခြင် တွေ့မြင်သည့်အတိုင်း အနက်အဓိပ္ပါယ်ကို ဆိုချေသောကြောင့် မဟုတ်မလျား မှားယွင်းဖောက်ပြန် မမှန်သော အနက်အဓိပ္ပါယ်ကို ယူ၍ ဆိုမိသည်ကို ပြဦးအံ့။

အမှားကို မပြမီ အမှန်ကို ရှေးဦးစွာ ပြလိုက်အံ့။

အကြင်တရားသဘောသည် လောက၌ ထင်ရှားမရှိ၊ ထိုတရားသဘောကား အဘယ်မျှ ရှိပါသနည်းဟူ၍ မိလိန္ဒမင်းကြီး မေးလျှောက်အပ်သော် လောက၌ ထင်ရှားမရှိသော တရားသဘော၏ သရုပ်ကို ဟောပြဖြေကြားသော—

> ယံ ဘန္တေ လောကေ နတ္ထိ၊ တံ မေ ကထေဟီတိ။
>
> တီဏိမာနိ မဟာရာဇ လောကေ နတ္ထိ။ ကတမာနိ တီဏိ။ သစေတနာ ဝါ အစေတနာ ဝါ အဇရာမရာ လောကေ နတ္ထိ။ သင်္ခါရာနံ နိစ္စတာ နတ္ထိ။ ပရမတ္ထေန သတ္တုပလဒ္ဓိ နတ္ထိ။ ဣမာနိ ခေါ မဟာရာဇ တီဏိ လောကေ နတ္ထီတိ။

ဟူသော မိလိန္ဒပဉှာပါဠိ(၂၆၀) ၌—

ဘန္တေ နာဂသေန၊ အရှင်နာဂသိန်။ ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ လောကေ၊ လောက၌။ နတ္ထိ၊ သရုပ်သီးခြား ထင်ရှားမရှိ။ တံ ဓမ္မဇာတံ၊ လောက၌ သရုပ်သီးခြား ထင်ရှားမရှိသော ထိုတရားသဘောကို။ မေ၊ အကျွန်ုပ်အား။ ကထေဟိ၊ ပြောကြားတော်မူပါ။ ဣတိ၊ သို့။ ရာဇာ၊ သည်။ အာဟ၊ လျှောက်၏။

မဟာရာဇ၊ မင်းမြတ်။ လောကေ၊ ၌။ ယာနိ ဓမ္မဇာတာနိ၊ တို့သည်။ နတ္ထိ၊ ကုန်။ ဣမာနိ၊ ဤလောက၌ ထင်ရှားမရှိသော တရားသဘောတို့သည်။ တီဏိ၊ သုံးပါးတို့တည်း။ တီဏိ၊ သုံးပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့ နည်းဟူမူကား။ သစေတနာ ဝါ၊ စိတ် စေတနာရှိသော သဝိညာဏကသတ္တဝါမူလည်း ဖြစ်စေ၊ အစေတနာ ဝါ၊ စိတ်စေတနာမရှိသော သစ်ပင် ချုံ နွယ်-စသည်မူလည်း ဖြစ်စေ။ အဇရာမရာ၊ မအို မသေသောမည်သည်။ လောကေ၊ ၌။ နတ္ထိ၊ မရှိ။ သင်္ခါရာနံ၊ စတုဘူမကသင်္ခါရတရားတို့၏။ နိစ္စတာ၊ မြဲသည်၏ အဖြစ်ဟူသော သဘောသည်။ နတ္ထိ၊ မရှိ။ ပရမတ္ထေန၊ ပရမတ္ထသဘောအားဖြင့်။ သတ္တုပလဒ္ဓိ၊ သတ္တဝါဟူ၍ ရအပ်သောသဘောသည်။ နတ္ထိ၊ မရှိ။ မဟာရာဇ၊ မင်းမြတ်။ ဣမာနိ ခေါ တီဏိ၊ ဤသုံးပါးသော တရားတို့သည်။ လောကေ၊ ၌။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ထေရော၊ သည်။ အာဟ၊ ၏။

ဤသို့ အနက် မြန်မာပြန်၍ မင်းကြီး၊ သဝိညာဏကဝတ္ထုဖြစ်စေ အဝိညာ-ဏကဝတ္ထုဖြစ်စေ မအိုမသေသော မည်သည် မရှိ၊ သင်္ခါရတရားတို့၏ မြဲသည်၏ အဖြစ်တည်းဟူသော သဘောသည် မရှိ၊ ပရမတ္ထအားဖြင့် သတ္တဝါဟူ၍ ရအပ်သောသဘောမည်သည် မရှိ၊ လောက၌ သရုပ်သီးခြား ထင်ရှားမရှိသော သဘောတို့သည် ဤသုံးပါးတို့တည်း ဟု ဖြေကြားတော်မူသည်ဟု အဓိပ္ပါယ်ကို ဆိုလေ။

ဤမိလိန္ဒပဉှာပါဠိဝယ် "သတ္တုပလဒ္ဓိ"ဟူ၍ ဒန္တဇပဉ္စမက္ခရာ သဒိသဒွေး ဘော်နှင့် ရှိရမည်ကို အက္ခရာဖောက်ပြန် ပျက်စီး၍ ဒန္တဇပဉ္စမ၊ ဒုတိယအသဒိ သဒွေးဘော်နှင့် "သတ္ထုပလဒ္ဓိ" ဟု သဒ္ဒါပျက်၍ရှိသည်ကို သဒ္ဒါပျက်ချေသည်ဟု မစုံစမ်းမဆင်ခြင် အမှန်ပင် ဖြစ်သည်ဟူ၍ "သတ္ထု" သဒ္ဒါကို ဘုရားဟော ပရိယာယ်မှတ်ထင်၍ မိလိန္ဒပဉှာ ဝတ္ထုစကားပြေကျမ်း၌—

မင်းကြီး လောက၌ သုံးပါးသောတရားတို့သည် ထင်ရှားစွာ အမြဲမရှိကုန်။ အဘယ်သုံးပါးတို့ နည်းဟူမူကား စိတ်ဝိညာဉ်ရှိသောတရားဖြစ်စေ၊ စိတ်ဝိညာဉ် မရှိသောတရားဖြစ်စေ၊ မအိုသောတရားမရှိ။ မသေ မစုတေသော တရားမရှိ။ သင်္ခါရတရားတို့အား မြဲသောအဖြစ်သည် မရှိ။ ပရမတ္ထအားဖြင့် ဘုရားရှင်အယူ တော်သည်မြဲ၏ ဟူ၍ မရှိ။ မင်းကြီး၊ ဤသုံးပါးသော ဇရာတရား မရဏတရား သင်္ခါရတရားတို့သည် မြဲ၏ ဟူ၍ မရှိကုန် ဟူ၍ မဟုတ်မလျော် မှားသော အနက် အဓိပ္ပါယ်တို့ကို ရေးသားပြဆို မိလေသည်။

## ထည့်သွင်း, ပယ်နုတ်, ရွှေ့, ပြောင်း,ပြင်ဆင်မှု-ဆင်ခြင်ရန်

ပုဒ် ပါဌ် အက္ခရာမှန်ပါလျက် ကျမ်းဆရာအာဘော်ကို နေရာကျ မဆင်ခြင်၊ မိမိတို့ အထင်အားဖြင့် ပုဒ်အက္ခရာတို့ကို ထည့်သွင်း ပယ်နုတ် ရွှေ့ပြောင်း ပြင်ဆင်ချေသောကြောင့် မှားသောအနက် အဓိပ္ပါယ်တို့ကို ယူမိသောအရာတို့ကို ဟုတ်မှန်သည်အားလျော်စွာယူ၍ ပြဆိုဆုံးဖြတ်သော ဆရာတို့ ဝိနိစ္ဆယကို ရှေးဦးစွာ ပြပြီး၍ အစဉ်အတိုင်း ပြဆိုလိုက်ဦးအံ့။

ကာမာဝစရကုသလတော အဋ္ဌ၊ အကုသလတော ဒွါဒသ။

အစရှိသောအဋ္ဌသာလိနီ၌ "ကာမာဝစရ ကုသလတော၊ ကာမာဝစရ ကုသိုလ် နာမက္ခန္ဓာလေးပါးတို့တွင်။ အဋ္ဌ၊ ရှစ်ပါးသောစိတ်တို့ငှါး" ဟု မြန်မာပြန်။

"ကုသလာ ဓမ္မာ။ ကတမေ ဓမ္မာ ကုသလာ" စသည်တို့၌ ကုသလ-သဒ္ဒါဖြင့် ကုသိုလ်နာမက္ခန္ဓာလေးပါးကို ယူရသကဲ့သို့ ဤ၌လည်း ကာမာဝစရ ကုသလသဒ္ဒါဖြင့် နာမက္ခန္ဓာလေးပါးကိုယူ။

နောက် "အကုသလတော ဒွါဒသ" စသည်၌လည်း ဤနည်းမှတ်။

## တောပစ္စည်း၏ အနက်များ

တော-ပစ္စည်းကား "ကွစိ တော ပဥ္စမျတ္ထေ" ဟူသော သုတ်ဖြင့် ပဥ္စမျတ္ထ-၌ ကွစိ တော-ဟူသော ယောဂဝိဘာဂဖြင့်ကား လိင်္ဂတ္ထ ကတ္တုတ္ထ ကမ္မတ္ထ ဟေတွတ္ထ သာမျတ္ထ ဝိသေသနတ္ထ ဘုမ္မတ္ထ နိဒ္ဓါရဏတ္ထ-တို့၌လည်း ဖြစ်၏။

လိင်္ဂတ္ထေ ကတ္တုကမ္မေသု၊ ဟေတွတ္ထေဝါ သာမိသု။
ဝိသေသနေ စ ဘုမ္မတ္ထေ၊ နိဒ္ဓါရဏေ စ တော ဘဝေ။

ဟု သင်္ဂဟဂါထာမူ။

သီတံ ဥဏှံ ပဋိဟနတိ၊ တတော ဝါဠမိဂါနိ စ။

ဟူသော သေနာသနခန္ဓက၌ လိင်္ဂတ္ထ။ တတော သော ဝိဟာရော ပဋိဟ-နတိ-ဟု စပ်။

"တတော ဝါတာတပေ ဃောရေ၊ သဉ္ဇာတေ ပဋိဟညတိ"—
ဟူသော ၎င်း၌ ကတ္တုတ္ထ။ ၎င်းအဋ္ဌကထာ၌ တ-၏ အစွဲအစပ်ကို ပြ၍ ဝိဟာရေန, ပဋိဟညတိ-ဟု ဖွင့်သည်ကို ထောက်။

"အန္တရာယေ အသေသတော" ဟူသော အဋ္ဌသာလိနီ ၌ ကမ္မတ္ထ။ အသေ-သတောတိ နိဿေသေ သကလေ။ မူလဋီကာ။

"အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ"

စသည်၌ ဟေတွတ္ထ။ "ရာဇတော ဝါ စောရတော ဝါ" စသည်၌ နိဿက္ကတ္ထ။ "ပရတော ဒါနပစ္စယာ-ဟူသော နေမိဇာတ် ၂-(၂၀၃) ၌ သာမျတ္ထ။ "အနိစ္စတော ဒုက္ခတော အနုပဿတိ" စသည်၌ ဝိသေသန။ ဣတ္ထံဘူတတ္ထလည်း ဟူကုန်၏။ "အဘိဓမ္မဿ အာဒိတော" ဟူသော အဋ္ဌသာလိနီ။

အာဒိတော ဥပသမ္ပန္န၊ သိက္ခိတဗ္ဗံ သမာတိကံ။
ဟူသော ခုဒ္ဒသိက္ခာ (၁) စသည်တို့၌ ဘုမ္မတ္ထ။
ဤ ကာမာဝစရကုသလတော-၌ နိဒ္ဓါရဏတ္ထ။ "အကုသလတော" စသည်၌ လည်း အတူတူ။

ကာမာဝစရကုသလတော အဋ္ဌာတိ ကာမာဝစရကုသလေ စတ္တာ-ရော ခန္ဓေ ဂဟေတွာ တတော အဋ္ဌစိတ္တာနိ ဥဒ္ဓရတိ။ ပဋ္ဌမာဝိဘတ္တိတိပိ ဝဒန္တိ။ မူလဋီကာ။

ကာမာဝစရကုသလတော အဋ္ဌာတိ၊ ဟူသည်ကား။ ကာမာဝစရကုသလေ၊ ကာမာဝစရ ကုသိုလ်ဖြစ်ကုန်သော။ စတ္တာရော ခန္ဓေ၊ လေးပါးသော နာမက္ခန္ဓာ

တို့ကို။ ဂဟေတွာ၊ ၍။ တတော၊ ထိုကုသိုလ်နာမက္ခန္ဓာလေးပါးမှ။ အဌစိတ္တာနိ၊ ရှစ်ပါးသောစိတ်တို့ကို။ ဥဒ္ဓရတိ၊ ထုတ်၏။ ပဌမာဝိဘတ္တိတိပိ၊ ပဌမာဝိဘတ် ဟူ၍လည်း။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဤ၌ ကာမာဝစရကုသလေ စတ္တာရော ခန္ဓေ ဂဟေတွာ တတော- ဖြင့် နိဒ္ဓါရဏာသမုဒါယကို အဌစိတ္တာနိ-ဖြင့် နိဒ္ဓါရဏီယကို ဥဒ္ဓရတိ-ဖြင့် နိဒ္ဓါရဏကို ပြသည်။ စိတ်ဇာတ်သည် ဝါ-သဒ်ျာဂုဏ်သည် နိဒ္ဓါရဏဟော။

ဥဒ္ဓရတီတိ ဧတေန တောဝစနဿ နိဒ္ဓါရဏတ္ထံ ဒဿေတိ။ မေ့။ ဥဒ္ဓရတီတိ ဧတေန၊ ဥဒ္ဓရတိ-ဟူသော ဤစကားဖြင့်။ တောဝစနဿ၊ တော-ဝိဘတ်၏။ နိဒ္ဓါရဏတ္ထံ၊ နိဒ္ဓါရဏအနက်ကို။ ဒဿေတိ၊ ဋီကာဆရာ ပြတော်မူ၏။ ဝါ၊ ကာမာဝစရကုသလတော၊ ကာမာဝစရကုသိုလ်ဖြစ်ကုန်သော။ အဌ၊ ရှစ်ပါးသော စိတ်တို့ရင်း။

ဤနည်း၌ ကာမာဝစရကုသလသဒ္ဒါဖြင့် စိတ်ကိုသာ ယူသောကြောင့် အဌ-နှင့် တုလျတ္ထဖြစ်ရကား ကာမာဝစရကုသလတော-ကို အဌ-၌ တုလျာဓိကရဏဝိသေသနစပ်။ ဤကား "ပဌမာဝိဘတ္တီတိပိ ဝဒန္တိ" ဟု ဋီကာ၌ပြဆို အပ်သော ဝဒန္တိ-၏ ကတ္တား ဖြစ်သော ဆရာမြတ်တို့ အလို။

ထိုဆရာမြတ်တို့ကား "တဘော နိဒါနံ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ" စသည်၌ တ-နောင်၊ ကုတော နိဒါနာ-စသည်၌ ကိံ-နောင်၊ ယတော နိဒါနံ-စသည်၌ ယ-နောင်၊ ပဌမာဝိဘတ်ကို ဘော-ပြုသကဲ့သို့ရင်း "အန္တရာယေ အသေသတော"၌ ဒုတိယာ ယောဝိဘတ်ကို ဘော-ပြုသကဲ့သို့ရင်း ကာမာဝစရကုသလသဒ္ဒါနောင် ပဌမာယောဝိဘတ်ကို တော-ပြုသည် ဟူလိုကုန်၏။

> တတော နိဒါနန္တိ တံ နိဒါနံ။ တံ ဟေတုကံ။ တံ နိမိတ္တံ။ ပစ္စတ္တဝစနဿ တောအာဒေသော။ ပါရာဇိကဏ်အဌကထာ (၁၇၇)

ကုတော နိဒါနာတိ ကိံ နိဒါနာ။ ကိံ ဟေတုကာ။ ပစ္စတ္တဝစနဿ တောအာဒေသော ဝေဒိတဗ္ဗော။ သုတ္တနိပါတ်အဌကထာ။ ဝါ၊ ကာမာဝစရ ကုသလသဒ္ဒါနောင် ပဌမာဝိဘတ်၏ ဝိသယဖြစ်သော လိင်္ဂတ္ထ၌ တော-ပစ္စည်း သက်သည် ဟူလိုကုန်၏။

ယတော နိဒါနံ-၌ ယ-နောင်လိင်္ဂတ္ထ၌ တော-ပစ္စည်းသက်၏သို့ "ပစ္စတ္တေ တောပစ္စယော။ ယောဇနာ"။ ယင်းသို့ ပစ္စတ္တ၌ တောပစ္စည်းဖြစ်ခဲ့သော် "ပစ္စတ္တေ တောပစ္စယောတိပိ ဝဒန္တိ" ဟူ၍သာ ဆိုသင့်သည်တကား၊ အဘယ့်ကြောင့် ပဌမာဝိဘတ္တိ-ဟု ဆိုအပ်သနည်း ဟူငြားအံ့။

ကစ္စည်းကျမ်း၌ "တဒ္ဒါဒယော ဝိဘတ္တိသညာယော" ဟူသော သုတ်ဖြင့် တော-အစရှိသော ပစ္စည်းတို့၏ ဝိဘတ္တိသညာကို မှည့်သောကြောင့် ပဌမာ-ဝိဘတ္တိဝိသယ၌ သက်သော တောပစ္စည်းကို ပဌမာဝိဘတ္တိ၊ ဒုတိယာဝိဘတျတ္ထ၌ သက်သော တော-ပစ္စည်းကို ဒုတိယာဝိဘတ္တိ-စသည်ဖြင့် ဆိုသင့်ရကား ပဌမာဝိဘတ္တိ-ဟု ဆိုလေသည်။ "ဝိဘဇ္ဇတိ အတ္တော ဧတာယာတိ ဝိဘတ္တိ။ သတ္တန္နံ ဝိဘတ္တီနံ ဆန္နံ ဝါ။ ပဌမာ စ သာ ဝိဘတ္တိ စာတိ ပဌမာဝိဘတ္တိ" ပြု။

မဏိဒီပဆရာကား ဤကဲ့သို့မကြံမူ၍ "ပဌမာဝိဘတ္တိတိပိ ဝဒန္တိ" ဟူသော စကားသည် ဥဒ္ဒရတိ-၏နောက်၌ မရှိသင့်။ "ဥပပန္နမေတံ ကေူနနပုတိစိတ္တာနိ စိတ္တဝိဘတ္တိတိ" ဟူသော စကား၏ နောက်၌သာ ရှိသင့်သည် ဟု ဆို၍ ဤပါဌ်ကို "စိတ္တဝိဘတ္တိ" ဟူ၍သာ ဆိုအပ်သည်မဟုတ်။ လေးပါးသော ဝိပတ္တိတို့၏ အစပဌမဖြစ်၍ ပဌမဝိဘတ္တိဟူ၍လည်း ဆိုအပ်၏ဟု ကေစိဆရာတို့ ဆိုကုန်သည် ဟု အဓိပ္ပါယ်ကို ဆို၏။

မိန္တောင်းဆရာလည်း-ဤ "စိတ္တဝိဘတ္တိတိ" နောက်၌သာလျှင် "ပဌမာ-ဝိဘတ္တိတိပိ ဝဒန္တိ" ဟု ဇာရှိလိုသည်ကို ဥဒ္ဒရတိ နောင်ထားမှားလေသည် ဟု ဆို၏။

ပါဌ်ရှိတိုင်း သင့်လျော်အောင် မကြံဘဲ ပြောင်းလွဲ၍ ကြံသောကြောင့်၎င်း ဋီကာဆရာ၏ အလိုတော် မကျသောကြောင့်၎င်း မဏိဒီပဆရာ, မိန္တောင်းဆရာ တို့ စကားကို မမှတ်အပ်။

မခု ဌ်လည်း ဤမဏိဒီပဆရာ မိန္တောင်းဆရာတို့ကဲ့သို့ ယူသည်ကို မနှစ်သက် သောကြောင့်ပင်လျှင် "ပဌမာဝိဘတ္တိတိပိ ဝဒန္တီတိ ဣဒံ အဋ္ဌာနန္တိကေစိ"ဟု ဆိုတော်မူ၏။

ပဌမာဝိဘတ္တိတိပိ ဝဒန္တီတိ ဣဒံ၊ ပဌမာဝိဘတ္တိတိပိ ဝဒန္တိ-ဟူသော ဤစကား သည်။ အဋ္ဌာနံ၊ ကေူနနပုတိ စိတ္တာနိ စိတ္တဝိဘတ္တိနာမ-ဟူသော စကား၏ အခြားမဲ့ဝယ် ရှိရမည်ကို ဥဒ္ဒရတိ-၏အခြားမဲ့၌ ရှိနေသောကြောင့် ရှိပုံ နေရာ မကျ။ ဣတိ၊ ဤသို့။ ကေစိ၊ အချို့သောဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

---

## ၃၂-မသင့်သောစကားစသည်ကို ခွဲခြားပြပုံ

### နိဗ္ဗာနံ အတ္ထိတိ-စသောပါဌ်၌ ဟုတ်မှန်သောအဓိပ္ပါယ်ကို ပြခြင်း

ဥပါဒ်အားဖြင့် ဖြစ်တတ်သော သင်္ခါရတရားဟူသမျှသည် ဘင်အားဖြင့် ချုပ်ပျက်မြဲ မုချကေန္တဖြစ်၍ ထိုသင်္ခါရတရားတို့ကို တဖန်အသစ် ဖြစ်စိမ့်သောငှါ

ကံစသော ဇနက အကြောင်းတို့သည် ပြုပြင်စီရင်အပ် ဖြစ်စေအပ်ရကား ထို သင်္ခါရတရားအားသာ ဖြစ်ရန် ဇနကအကြောင်းရှိသည်။

နတ္ထိ ဧတေသံ ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ ပစ္စယောတိ အပ္ပစ္စယာ။

ဟူသော အဋ္ဌသာလိနီ (၉၀) နှင့်အညီ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ပရမတ္ထ အသင်္ခတနိဗ္ဗာန်သည် ပျက်ချုပ်ခြင်း အပိုင်းအခြားကို လွန်သော ပျက်ချုပ် ရွေ့လျောခြင်း မရှိသော အစ္စုတ အစ္စုတ သဘောဖြစ်၍ တရံ တဆစ်မျှ ဖြစ်သော သဘောမဟုတ်သောကြောင့် ထိုနိဗ္ဗာန်အား ဖြစ်ရန်၌ ဖြစ်ရန်ဘို့ ဇနကအကြောင်းမရှိ။ ဖြစ်ခြင်း ပျက်ခြင်းမရှိ။ ဓုဝ,သဿတ,နိစ္စ အဖြစ်ဖြင့် အမြဲထာဝရ တည်နေသော သဘောဖြစ်၍ တည်ရန်၌ တည်ရန်ဘို့ ဥပတ္ထမ္ဘ ကအကြောင်းလည်း မရှိသည်သာ ဖြစ်သောကြောင့် အဘိဓမ္မာဓမ္မသင်္ဂဏီ၊ ဒုကမာတိကာ စူဠန္တရဒုက်၌ သင်္ခါရတရားကို "သပ္ပစ္စယာ ဓမ္မာ" ဟု ပရမတ္ထ-အသင်္ခတနိဗ္ဗာန်ကို "အပ္ပစ္စယာ ဓမ္မာ" ဟူ၍ ဟောတော်မူသည်။

## နိဗ္ဗာန်ဖြစ်ပုံ ဖြေရှင်းချက်

ထိုနိဗ္ဗာန်သည် မည်သည့်ကပ်ကမ္ဘာကာလက စ၍ ဖြစ်သည်၊ မည်သည့်ဘုရား လက်ထက်က စ၍ ဖြစ်သည်စသည်ဖြင့် စ၍ ဖြစ်ခြင်း အစွန်းအပိုင်းအခြား မရှိခြင်း ကြောင့် အပ္ပဘဝမည်ကြောင်းကို–– "ပုရိမာယ ကောဋိယာ အဘာဝတော အပ္ပဘဝံ" ဟူ၍ ထိုနိဗ္ဗာန်သည် အရိယမဂ်ဖြင့် ရောက်အပ်သော ပတ္တဗ္ဗအကျိုး သာဖြစ်၍ အရိယမဂ်သည် ဖြစ်စေအပ်သော နိပ္ဖါဒေတဗ္ဗအကျိုး မဟုတ်ကြောင်း ကိုလည်း "ပတ္တဗ္ဗမေဝ ဟိ တံ မဂ္ဂေန၊ န ဥပ္ပါဒေတဗ္ဗံ" ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌ-ကထာ၂-(၁၄၀) ၌ ပြဆိုတော်မူသည်။

သင်္ခါရတရားဟူသမျှသည် အခါခပ်သိမ်း မပျက်မစီးဘဲ အမြဲတည်နေခြင်း သဘောမရှိခြင်းကြောင့် အတန်တန် ဖြစ်ပြန်ပျက်ပြန်တတ်သော သဘောရှိ သည်ဖြစ်၍ ကံ, စိတ်, ဥတု, အာဟာရဟူသော ဇနကအကြောင်းတို့သည် ထိုက် သည်အားလျော်စွာ ဖြစ်စေအပ်ရကား ဖြစ်ကြောင်းနိမိတ်ရှိ၍ သနိမိတ္တမည် ကြောင်း, နိဗ္ဗာန်မူကား ဖြစ်ခြင်း ပျက်ခြင်းမရှိ၊ အခါခပ်သိမ်း ထာဝရအမြဲရှိ နေသော တရားဖြစ်ခြင်းကြောင့် မိမိကို ဖြစ်စေတတ်သော ဖြစ်ကြောင်းနိမိတ် မရှိသည်သာဖြစ်၍ အနိမိတ္တမည်ကြောင်းကို––

သဒါ အဘာဝတော ဥပ္ပတ္တိကာရဏသင်္ခါတဿ နိမိတ္တဿ အတ္ထိ-တာယ သနိမိတ္တံ။

ဟူ၍ ပြဆိုတော်မူသည်။

အချို့ဆရာတို့ကား ဤသို့ ပါဠိတော် အဋ္ဌကထာတို့၌ နိဗ္ဗာန်သည် ဖြစ်တတ်သော တရားမဟုတ်သောကြောင့် ထိုနိဗ္ဗာန်အား ဇနကအကြောင်း မရှိကြောင်းကို အထင်အရှား များစွာ ဟောပြလာရှိပါလျက်——

"ကာရဏေန ဝိနာ သယမေဝ စ န ဘူတံ န ပါတုဘူတံ န ဥပ္ပန္နန္တိ အဘူတံ"

ဟူသော ဥဒါန်းအဋ္ဌကထာ၌ နိဗ္ဗာန်သည် ဟေဘုပစ္စယ အစရှိသော များစွာသော အကြောင်းတို့ ပေါင်းဆုံပြုပြင်ခြင်းကြောင့် မဖြစ်သည်သာ မဟုတ်၊ အကြောင်းနှင့်ကင်း၍ မိမိလျောက်လျား ဘာသာလည်း မဖြစ်သည်သာဟူသော ဟုတ်မှန်တိုင်းသော အနက်သဘောကို မယူမူ၍ နိဗ္ဗာန်သည် ပါရမီ ဝိပဿနာ မဂ်ဖိုလ်ဟူသော ဇနကအကြောင်းနှင့်ကင်း၍ မိမိလျောက်လျား ဘာသာမဖြစ်နိုင်။ ထိုပါရမီစသော ဇနကအကြောင်းတို့ပြည့်စုံ ညီညွတ်လှမှသာ ဖြစ်နိုင်သည် ဟူသော မဟုတ်မမှန်သော အနက်သဘောကို ယူ၍ရင်း——

အချို့သော ဝိနိစ္ဆယဝယ် အောက်ကပြဆိုခဲ့ပြီးသော——

တယ ဣမေဝ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတီ ဘဝိဿန္တိ။

ဟူသော ဣတိဝုတ်ပါဠိတော်(၂၂၁)

အစ္စန္တ ဝူပသမေန သင်္ခါရဒရထပဋိပဿဒ္ဓိယာ သီဘလီ ဘဝိဿန္တိ။ အပ္ပဋိသန္ဓိကနိရောဓေန နိရုဇ္ဈိဿန္တီတိ အတ္ထော။

ဟူသော ၎င်းအဋ္ဌကထာ(၁၅၉)တို့၌ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးတို့၏ ဖြစ်လတ္တံ့သော အေးငြိမ်းခြင်းဟူသော အနုပါဒိသေသနိဗ္ဗာနဓာတ်အရကို ထိုခန္ဓာတို့၏ ပဋိသန္ဓေကိစ္စတပ်၍ ဘဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော အဘာဝပညတ်ကို မယူဘဲ ပရမတ် အသင်္ခတဖြစ်သော နိဗ္ဗာနဓာတ်ကို ယူ၍ရင်း——

ရှေးကာလ တရံတဆစ် မဖြစ်ဘူးဘဲ အံ့အဲဘွယ်ရာ တခါတရံ ပစ္စုပ္ပန် မျက်မှောက် ဖြစ်ရောက်လာခြင်းဟူသော အနက်ကို ပြဆိုကြောင်းဖြစ်သော——

အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ သတ္ထုစေဝ သာဝကာယစ အတ္ထေန အတ္ထော ဗျဥ္ဇနေန ဗျဥ္ဇနံ သံသန္ဒိဿတိ သမေဿတိ။ ယဒိဒံ အဂ္ဂပဒ-သ္မိံ။

အစရှိသည်၌ အကျုံးဝင်သော အဗ္ဘုတသဒ္ဒါ၏ အနက်ကို ဖွင့်ပြကြောင်းဖြစ်သော "အဘူတပုဗ္ဗံ ဘူတန္တိ အဘူတံ" ဟူသော ပဏ္ဏာသအဋ္ဌကထာ၂-(၂)ကို ရှေး၌ မဖြစ်ဘူးဘဲ အံ့အဲဘွယ်ရာ ဖြစ်လာခြင်းဟူသော အစ္ဆရိယသဘောနှင့်

အလွန်သဘောချင်း ဝေးကွာသောဖြစ်ခြင်း ဥပါဒ်,ပျက်ခြင်းဘင်, ထိုဥပါဒ်ဘင်တို့ဖြင့် ပိုင်းခြားအပ်သော ဌီဟူသော ဥပါဒ်, ဌီ, ဘင်မှ ကင်းသဖြင့် ဖြစ်ပြီးဖြစ်ဆဲဖြစ်လတ္တံ့ မဟုတ်မူ၍သာလျှင် အမြဲထာဝရ ပရမတ္ထအားဖြင့် ရှိနေသော နိဗ္ဗာန်၏ ဂုဏ်သဘောကို ပြဆိုသောအရာ၌ အာဂုံသာဓက အဖြစ်ဖြင့် ထုတ်ဆောင်ပြဆို၍ မဂ်ဖိုလ်တို့၏ အာရုံ ပရမတ္ထ အသင်္ခတနိဗ္ဗာန်ကိုပင် ထိုနိဗ္ဗာန်ကို ရမည့် ခီဏာသဝပုဂ္ဂိုလ်တို့ စုတိစိတ်မချုပ်မီ ရှေးကာလ တရံတဆစ်မျှ မဖြစ်ဘူးသေးဘဲ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလသို့ ရောက်မှ ဖြစ်ပေါ်လာသည်ဟု ယူ၍၎င်း—

"အနုပါဒိသေသာ သမ္ပရာယိကာ" ဟူသော ဣတိဝုတ်ပါဠိတော်(၂၂၁)
"သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ"

ဟူသော ၎င်းအဋ္ဌကထာ(၁၅၉) တို့၌ ခီဏာသဝပုဂ္ဂိုလ်တို့၏ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလ၌ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြစ်ကြောင်းကို ဟောပြရာ အနုပါဒိသေသနိဗ္ဗာနဓာတ်အရကို ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါး၏ ပဋိသန္ဓေကိစ္စတပ်၍ တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်း ထက်ဝန်းကျင်အားဖြင့် ငြိမ်းခြင်း ခန္ဓပရိနိဗ္ဗာန် ဟူသော အဘာဝ အတ္ထပညတ်ကို မကောက်ယူဘဲ ပရမတ္ထ အသင်္ခတနိဗ္ဗာန်ကို ကောက်ယူ၍ ထိုနိဗ္ဗာန်သည် ခီဏာသဝပုဂ္ဂိုလ်တို့အား မိမိတို့ရမည့် နိဗ္ဗာန်သည် စုတိမကျမီ မဖြစ်သေး၊ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလသို့ ရောက်မှဖြစ်သည် ဟု ယူ၍၎င်း

မဂ်ဖိုလ်တို့၏ အာရုံပရမတ် အသင်္ခတဖြစ်သော နိဗ္ဗာန်သည် ထိုနိဗ္ဗာန်ကို ရမည့် ခီဏာသဝတို့ စုတိမကျမီ မဖြစ်သေး၊ မရှိသေး၊ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့သို့ ရောက်မှ ဖြစ်ပေါ်လာသည် ရှိသည် ဟု ထင်မှတ်၍—

နိဗ္ဗာနံ အတ္ထီတိ။ အာမန္တာ။ အတ္ထိ နိဗ္ဗာနန္တိ။ အတ္ထိ သိယာ နိဗ္ဗာနံ။ သိယာ နော နိဗ္ဗာနန္တိ။

ဟူသော ကထာဝတ္ထုပါဠိတော် (၁၁၂) ကို အာဂုံသာဓကပြုလုပ် ထုတ်ဆောင်ပြဆို၍ ထိုပရမတ္ထအသင်္ခတဖြစ်သော နိဗ္ဗာန်သည် ရံခါသာ ရှိသည်၊ ရံခါ မရှိ ဟု ပြဆိုဆုံးဖြတ်ကုန်၏။ ၎င်းပါဠိတော်ကိုလည်း —

"နိဗ္ဗာနံ၊ နိဗ္ဗာန်ဟူသည်။ အတ္ထိ၊ ထင်ရှားရှိပါ၏လော။ ဣတိ၊ ဤသို့ ပရဝါဒီဆရာ မေးအပ်သည်ရှိသော်။ အာမန္တာ၊ ရှိပါ၏။ အတ္ထိ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ထင်ရှားရှိ၏ ဆိုရာ၌။ ဝါ၊ ဆိုသော်လည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သိယာ၊ ရံခါသာလျှင်။ အတ္ထိ၊ ထင်ရှားရှိလာဖြစ်လာ၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သိယာ၊ ရံခါသော်ကား။ နော အတ္ထိ၊ ထင်ရှားရှိလာ

ဖြစ်ပေါ်လာသည် မဟုတ်။ ဣတိ၊ ဤသို့ သကဝါဒီပုဂ္ဂိုလ် မိန့်ဆို
အပ်သည်ရှိသော်"—

ဟု မြန်မာပြန်ဆိုကုန်၏။

ဤသို့ မြန်မာပြန်ဆိုခြင်း အဓိပ္ပါယ်ဆိုခြင်းများသည် မြတ်စွာဘုရားအလို တော်မဟုတ်၊ မိမိတို့၏ အထင်အလိုမျှသာ ဖြစ်သည်ဖြစ်၍ မသင့်သည်ချည်းသာ။

## မြတ်စွာဘုရားအလိုတော်ကျ အနက်

မြတ်စွာဘုရားအလိုတော်နှင့် ညီလျော်အောင်သော်ကား—

"နိဗ္ဗာန်၊ နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားလော။ ဣတိ၊ ဤသို့ မေးသည်ရှိသော်။ အာမန္တာ၊ နိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောတရား ဟုတ်ပါ၏။ ဣတိ၊ ဤသို့ ဖြေအပ်၏။ အတ္ထိ၊ ပရမတ္ထ အားဖြင့် ထင်ရှားရှိသော တရားဟူသမျှသည်။ နိဗ္ဗာန်၊ နိဗ္ဗာန်ချည်းလော။ ဣတိ၊ ဤသို့ မေးသည်ရှိသော်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားသည်။ သိယာ၊ အချို့သော ပရမတ္ထအားဖြင့် ထင်ရှားရှိသော မဂ်ဖိုလ်တို့၏ အာရုံအသင်္ခတတရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဟုတ်၏။ သိယာ၊ အချို့သော ပရမတ္ထအားဖြင့် ထင်ရှားရှိသော စတုဘူမကသင်္ခတတရားသည်။ နော နိဗ္ဗာနံ၊ နိဗ္ဗာန်မဟုတ်။ ဣတိ၊ ဤသို့ ဖြေအပ်၏။"

ဤသို့ မြန်မာပြန်။

ပရဝါဒီ၏ပုစ္ဆာကို သကဝါဒီက ဖြေသည်။

## ပါဠိတော်၏ အဓိပ္ပါယ်မှန်

နိရောဓသစ္စာဖြစ်သော နိဗ္ဗာန် ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားဟုတ်ပါ၏လော ဟု "အတ္ထိ နိဗ္ဗာနန္တိ" ဟူသော ပုစ္ဆာဖြင့် ပရဝါဒီက မေးသည်ကို နိရောဓသစ္စာဖြစ်သော နိဗ္ဗာန် ဟူက ကေန္တပရမတ္ထအားဖြင့် ထင်ရှား ရှိသော တရားဟုတ်ပါ၏ ဟု "အာမန္တာ" ဟူသော ဝိဿဇ္ဇနာဖြင့် သကဝါဒီက ဖြေသည်။

ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား ဟူသမျှသည် နိဗ္ဗာန်ချည်းလော ဟု "အတ္ထိ နိဗ္ဗာနန္တိ" ဟူသော ပုစ္ဆာဖြင့် ပရဝါဒီက မေးပြန်သည်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား ဟူသမျှသည် နိဗ္ဗာန် မဟုတ်။ စိတ် စေတသိက် ရုပ် ဟူသော သင်္ခတ, နိဗ္ဗာန် ဟူသော အသင်္ခတအားဖြင့် နှစ်ပါးပြားသော ပရမတ္ထ အားဖြင့် ထင်ရှားရှိသော တရားတို့တွင် အချို့သော ပရမတ္ထအားဖြင့် ထင်ရှား ရှိသော မဂ်ဖိုလ်တို့၏ အာရုံ အသင်္ခတတရားသာ နိဗ္ဗာန် ဟုတ်သည်။ အချို့

ကုန်သော ပရမတ္ထအားဖြင့် ထင်ရှားရှိသော စိတ် စေတသိက် ရုပ် ဟူသော စတုဘူမကသင်္ခတတရားတို့ကား နိဗ္ဗာန်မဟုတ် ဟု "အတ္ထိ သိယာ နိဗ္ဗာနံ၊ သိယာ နော နိဗ္ဗာနံ" ဟူသော ဝိဿဇ္ဇနာဖြင့် သကဝါဒီက ဝေဘန်၍ ဖြေဆို သည်။ ဤသို့ အဓိပ္ပါယ်ကို ယူ။

---

## ၃၃-ဟုတ်မှန်သော အဓိပ္ပါယ်-စသည်ကို ပြပုံ

### အတ္ထိ ဘိက္ခဝေ အဇာတံ-စသော ပါဠိတော်၏ အဓိပ္ပါယ်မှန် ပြခြင်း

အတ္ထိ ဘိက္ခဝေ အဇာတံ-အစရှိသော ဥဒါန်းပါဠိတော်၊ ယင်း၏ အဖွင့် ဖြစ်သော အဋ္ဌကထာတို့၌ မြတ်စွာဘုရား အလိုတော်, အဋ္ဌကထာဆရာ အလို တော်နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သော ၎င်းပါဠိ အဋ္ဌကထာတို့၏ ဟုတ်မှန် တိုင်းသော အနက်အဓိပ္ပါယ်တို့နှင့် အလွန်ဝေးကွာသော မဟုတ်မလျား မှားယွင်း သော အနက်အဓိပ္ပါယ်တို့ကို ပြဆိုသော ဆရာတို့၏ အယူဝါဒကို ပယ်ဖျက်ရခြင်း အကျိုးငှါ ၎င်းပါဠိ အဋ္ဌကထာတို့၏ ဟုတ်မှန်တိုင်းသော အနက်အဓိပ္ပါယ်တို့ကို ပြဆိုလိုက်ဦးအံ့။

### ဥဒါန်းပါဠိတော်

အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ နော စေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ။ ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတီတိ။

ဥဒါန်းပါဠိတော် (၁၇၈)

### ဥဒါန်းအဋ္ဌကထာပါဠ်

တတ္ထ အဇာတံ အဘူတံ အကတံ အသင်္ခတန္တိ သဗ္ဗာနိ ပဒါနိ အညမညဝေဝစနာနိ။ အထဝါ။ ဝေဒနာဒယော ဝိယ ဟေတုပစ္စယ-သမဝါယသင်္ခါတာယ ကာရဏသာမဂ္ဂိယာ န ဇာတံ န နိဗ္ဗတ္တန္တိ အဇာတံ။ ကာရဏေန ဝိနာ သယမေဝ စ န ဘူတံ န ပါတုဘူတံ န ဥပ္ပန္နန္တိ အဘူတံ။ ဧဝံ အဇာတတ္တာ စ အဘူတတ္တာ စ န ယေန ကေနစိ ကာရဏေန ကတန္တိ အကတံ။ ဇာတဘူတဘာဝေါ စ နာမ နာမရူပါနံ သင်္ခတဓမ္မာနံ ဟောတိ။ န အသင်္ခတသဘာဝဿ နိဗ္ဗာနဿာတိ ဒဿနတ္ထံ အသင်္ခတန္တိ ဝုတ္တံ။

ပဋိလောမတော ဝါ သမေစ္စ သမ္ဘုယျ ပစ္စယေဟိ ကတန္တိ သင်္ခတံ။ တထာ န သင်္ခတံ သင်္ခတလက္ခဏရဟိတန္တိ စ အသင်္ခတန္တိ။ ဧဝမနေကေဟိ ကာရဏေဟိ နိဗ္ဗတ္တိယသဘာဝေ ပဋိသိဒ္ဓေ သိယာ နု ခေါ ဧကေနေဝ ကာရဏေန ကတန္တိ အာသင်္ကာယ န ဧကေနပိ ကတန္တိ ဒဿနတ္ထံ အကတန္တိ ဝုတ္တံ။

ဧဝံ အပ္ပစ္စယမ္ပိ သမာနံ သယမေဝ နု ခေါ ဣဒံ ဘူတံ ပါတုဘူတန္တိ အာသင်္ကာယ တံနိဝတ္တနတ္ထံ အဘူတန္တိ ဝုတ္တံ။ အယဉ္စေတဿ အသင်္ခတာကတာဘူတတာသဘာဝေါ သဗ္ဗေန သဗ္ဗံ အဇာတိဓမ္မတ္တာတိ ဒဿေတုံ အဇာတန္တိ ဝုတ္တံ။ ဧဝမေဝ တေသံ စတုန္နမ္ပိ ပဒါနံ သာတ္ထကဘာဝံ ဝိဒိတွာ “တယိဒံ နိဗ္ဗာနံ အတ္ထိ ဘိက္ခဝေ”တိ ပရမတ္ထတော နိဗ္ဗာနဿ အတ္ထိဘာဝေါ ပဝေဒိတောတိ ဝေဒိတဗ္ဗော။

တတ္ထ ဥဒါနေန္တေန ဘဂဝတာ ဘိက္ခဝေတိ အာလပနေ ကာရဏံ ဟေဋ္ဌာ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ဣတိ သတ္ထာ အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတန္တိ ဝတွာ တတ္ထ ဟေတုံ ဒဿေန္တော နော စေတံ ဘိက္ခဝေတိ အာဒိမာဟ။

တဿာယံ သင်္ခေပတ္ထော။ ဘိက္ခဝေ ယံ အဇာတာဒိသဘာဝါ အသင်္ခတာဓာတု အဘဝိဿ၊ န သိယာ ဣဓ လောကေ ဇာတာဒိသဘာဝဿ ရူပါဒိခန္ဓပဉ္စကသင်္ခါတဿ သင်္ခတဿ နိဿရဏံ အနဝသေသဝူပသမော န ပညာယေယျ န ဥပလဗ္ဘေယျ န သမ္ဘဝေယျ။

နိဗ္ဗာနဉ္စ အာရမ္မဏံ ကတွာ ပဝတ္တမာနာ သမ္မာဒိဋ္ဌိအာဒယော အရိယမဂ္ဂပညာယ အနဝသေသကိလေသေ သမုစ္ဆိန္ဒန္တိ။ တေနေတ္ထ သဗ္ဗဿပိ ဝဋ္ဋဒုက္ခဿ အပ္ပဝတ္တိ အပဂမော နိဿရဏံ ပညာယတိ။ ဧဝံ ဗျတိရေကဝသေန နိဗ္ဗာနဿ အတ္ထိဘာဝံ ဒဿေတွာ ဣဒါနိ အန္ဝယဝသေနာပိ တံ ဒဿေတုံ “ယသ္မာ စ ခေါ”တိအာဒိ ဝုတ္တံ။ တံ ဝုတ္တတ္ထမေဝ။

ဧတ္ထ စ ယသ္မာ “အပ္ပစ္စယာ ဓမ္မာ အသင်္ခတာ ဓမ္မာ။ အတ္ထိ ဘိက္ခဝေ တဒါယတနံ။ ယတ္ထ နေဝ ပထဝီ။ ဣဒံပိ ခေါ ဌာနံ သုဒုဒ္ဒသံ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိနိဿဂ္ဂေါ။ အသင်္ခတဉ္စ ဝေါ ဘိက္ခဝေ ဓမ္မံ ဒေသိဿာမိ အသင်္ခတဂါမိနိဉ္စ ပဋိပဒ”န္တိ အာဒီဟိ အနေကေဟိ သုတ္တပဒေဟိ အတ္ထိ ဘိက္ခဝေ အဇာတန္တိ ဣမိနာပိ စ သုတ္တေန နိဗ္ဗာနဓာတုယာ ပရမတ္ထတော သမ္ဘဝေါ သဗ္ဗလောကံ အနုကမ္ပမာနေန သမ္မာသမ္ဗုဒ္ဓေန ဒေသိတောတိ။

## ဥဒါန်းပါဠိတော်အနက်

ဘိက္ခဝေ၊ တို့။ အဇာတံ၊ များစွာသောအကြောင်းတို့ ပေါင်းဆုံညီညွတ်ခြင်းကြောင့် မဖြစ်သောနိဗ္ဗာန်တရားသည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ အဘူတံ၊ မိမိလျောက်လျား ဘာသာအားဖြင့်လည်း မဖြစ်သောကြောင့် အဘူတမည်သောနိဗ္ဗာန်တရားသည်။ အတ္ထိ၊ ၏။ အကတံ၊ တစုံတခုသော အကြောင်းသည် မပြုအပ်သည်ဖြစ်၍ အကတမည်သောနိဗ္ဗာန်သည်။ အတ္ထိ၊ ၏။ အသင်္ခတံ၊ တစုံတခုသော အကြောင်းသည် မပြုပြင်အပ်သည်ဖြစ်၍။ ဝါ၊ သင်္ခတလက္ခဏာမှ ကင်းသည်ဖြစ်၍ အသင်္ခတမည်သောနိဗ္ဗာန်သည်။ အတ္ထိ၊ ၏။

("သဗ္ဗာနိ ပဒါနိ အညမညဝေဝစနာနိ" ဟူသော ပဌမနည်းအလို။)

အဇာတံ၊ နီးဝေးရင်းဖျား များစွာသော အကြောင်းတို့သည် ပေါင်းဆုံညီညွတ်ခြင်းကြောင့် မဖြစ်သော။ အဘူတံ၊ အကြောင်းနှင့်ကင်း၍ မိမိလျောက်လျား ဘာသာလည်း မဖြစ်သော။ အကတံ၊ အကြောင်းကြောင့်လည်း မဖြစ်၊ မိမိလျောက်လျား ဘာသာလည်း မဖြစ်ခြင်းကြောင့် တစုံတခုသော အကြောင်းသည်မျှ မပြုအပ်သော။ အသင်္ခတံ၊ အကြောင်းတရားတို့သည် ပေါင်းဆုံညီညွတ်၍ မပြုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားသည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။

(အနုလောမနည်း အလို)

ဝါ၊ အသင်္ခတံ၊ များစွာသောအကြောင်းတို့သည် မပြုပြင်အပ်သော။ ဝါ၊ ဥပါဒ်, ဌီ, ဘင်-ဟူသော သင်္ခတလက္ခဏာ မရှိသော။ အကတံ၊ တခုတည်းသော အကြောင်းသည်လည်း မပြုပြင်အပ်သော။ အဘူတံ၊ မိမိလျောက်လျား ဘာသာလည်း မဖြစ်သော။ အဇာတံ၊ အချင်းခပ်သိမ်း မည်သည့်ကာလ၌မျှ မဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားသည်။ အတ္ထိ၊ ၏။

(ပဋိလောမနည်း အလို)။

ဘိက္ခဝေ၊ တို့။ အဇာတံ၊ နီးဝေးရင်းဖျား များစွာသော အကြောင်းတို့သည် ပေါင်းဆုံ ညီညွတ်ခြင်းကြောင့် မဖြစ်သော။ အဘူတံ၊ မိမိလျောက်လျား ဘာသာလည်း မဖြစ်သော။ အကတံ၊ အကြောင်းကြောင့်လည်း မဖြစ်၊ မိမိလျောက်လျား ဘာသာလည်း မဖြစ်ခြင်းကြောင့် တစုံတခုသော အကြောင်းသည်မျှ မပြုအပ်သော။ အသင်္ခတံ၊ အကြောင်းတရားတို့သည် ညီညွတ်ပေါင်းဆုံ၍ မပြုအပ်သော။ ဝါ၊ အသင်္ခတသဘော ရှိသော။ တော် နိဗ္ဗာနံ၊ သည်။ နော စေ အဘဝိဿ၊ အကယ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသည် မဖြစ်ခဲ့အံ့။

ဝေံသတိ၊ ဤသို့ ပရမတ္ထအားဖြင့် ထိုနိဗ္ဗာန်ထင်ရှားရှိသည် မဖြစ်ခဲ့သော်။ ဣဓ၊ ဤလောက၌။ ဇာတဿ၊ ကံ-စသော အကြောင်းတို့ကြောင့် ဖြစ်သော။ ဘူတဿ၊ အကြောင်းတို့ကြောင့် ဖြစ်သော။ ကတဿ၊ အကြောင်းတရားတို့သည် ပြုပြင်အပ်သော။ သင်္ခတဿ၊ သင်္ခတတရား၏။ နိဿရဏံ၊ ထွက်မြောက်ကြောင်းဖြစ်သော နိဗ္ဗာန်သည်။ န ပညာယေထ၊ မထင်ရာ။ ဘိက္ခဝေ၊ တို့။ ယသ္မာ စ ခေါ၊ အကြင်ကြောင့်ကား။ အဇာတံ၊ သော။ အဘူတံ၊ သော။ အကတံ၊ သော။ အသင်္ခတံ၊ သော။ နိဗ္ဗာနံ၊ သည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ တသ္မာ၊ ထိုသို့ အဇာတ အဘူတ အသင်္ခတဖြစ်သော နိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်။ ဇာတဿ၊ သော။ ဘူတဿ၊ သော။ ကတဿ၊ သော။ သင်္ခတဿ၊ ၏။ နိဿရဏံ၊ သည်။ ပညာယတိ၊ ထင်၏။

## ၎င်းအဋ္ဌကထာအနက်

တတ္ထ၊ ထို အတ္ထိ ဘိက္ခဝေ အဇာတံ-အစရှိသော ပါဠိတော်၌။ အဇာတံ အဘူတံ အကတံ အသင်္ခတန္တိ၊ ဟူကုန်သော။ သဗ္ဗာနိ၊ ကုန်သော။ ပဒါနိ၊ တို့သည်။ အညမညဝေဝစနာနိ၊ အချင်းချင်း နိဗ္ဗာန်ဟော ပရိယာယ် စကားလုံး ပုဒ်တို့ချည်းတည်း။ အထ ဝါ၊ ကား။ ဝေဒနာဒယော၊ ဝေဒနာ အစရှိကုန်သော စတုဘူမကသင်္ခါရ တရားတို့သည်။ ဝါ၊ ဝေဒနာက္ခန္ဓာ အစရှိကုန်သော ခန္ဓာငါးပါး တရားတို့သည်။ ဟေတုပစ္စယ သမဝါယ သင်္ခါတာယ၊ နီးဝေး ရင်းဖျား များစွာသော အကြောင်းတို့၏ ညီညွတ်ခြင်းဟု ဆိုအပ်သော။ ကာရဏသာမဂ္ဂိယာ၊ အကြောင်းတို့ ညီညွတ်သည်၏ အဖြစ်ဖြင့်။ ဇာတာ ဝိယ၊ ဖြစ်ကုန်သကဲ့သို့။ ယံ နိဗ္ဗာနံ၊ အကြင် ပရမတ္ထအသင်္ခတ ဖြစ်သော နိဗ္ဗာန်သည်။ ဟေတုပစ္စယသမဝါယသင်္ခါတာယ၊ သော။ ကာရဏသာမဂ္ဂိယာ၊ ဖြင့်။ န ဇာတံ၊ မဖြစ်။ န နိဗ္ဗတ္တံ၊ မဖြစ်။ ဣတိတသ္မာ၊ ကြောင့်။ တံ နိဗ္ဗာနံ၊ သည်။ အဇာတံ၊ မည်၏။ ယံ နိဗ္ဗာနံ၊ သည်။ ယသ္မာ၊ ကြောင့်။ ကာရဏေန၊ အကြောင်းနှင့်။ ဝိနာ၊ ကင်း၍။ သယမေဝ စ၊ မိမိ လျောက်လျား ဘာသာလည်း။ န ဘူတံ န ပါတုဘူတံ၊ ထင်ရှားမဖြစ်။ န ဥပ္ပန္နံ၊ မဖြစ်။ ဣတိ တသ္မာ၊ ကြောင့်။ တံ နိဗ္ဗာနံ၊ သည်။ အဘူတံ၊ မည်၏။ ဧဝံ အဇာတတ္တာ စ၊ ဤသို့ နီးဝေး ရင်းဖျား များစွာသောအကြောင်းတို့ ပေါင်းဆုံညီညွတ်ခြင်းဖြင့် မဖြစ်သည်၏ အဖြစ်ကြောင့်၎င်း။ ဧဝံ အဘူတတ္တာ စ၊ ဤသို့ အကြောင်းနှင့်ကင်း၍ မိမိလျောက်လျား ဘာသာလည်း မဖြစ်သည်၏ အဖြစ်ကြောင့်၎င်း။ ယံ နိဗ္ဗာနံ၊ ကို။ ယေန ကေနစိ၊ အကြင် အမှတ်မရှိ တစုံတခုသော အကြောင်းသည်။ န ကတံ၊ မပြုအပ်။ ဣတိ တသ္မာ၊ ကြောင့်။ တံ နိဗ္ဗာနံ၊ သည်။ အကတံ၊ မည်၏။ ဇာတဘူတဘာဝေါ စ နာမ၊ ဇာတအဖြစ် ဘူတအဖြစ် မည်သည်ကား။ နာမရူပါနံ၊ နာမ်ရုပ်ဖြစ်ကုန်

သော။ သင်္ခတဓမ္မာနံ၊ သင်္ခတတရားတို့အား။ ဟောတိ၊ ဖြစ်၏။ အသင်္ခတ-သဘာဝဿ၊ အသင်္ခတသဘောရှိသော။ နိဗ္ဗာနဿ၊ အား။ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြတော်မူခြင်းအကျိုးငှါ။ အသင်္ခတန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

ဝါ၊ ကား။ ပဋိလောမတော၊ ပဋိလောမအားဖြင့်။ ယံ နာမရူပံ၊ ကို။ ပစ္စယေဟိ၊ တို့သည်။ သမေစ္စ သမ္ဘုယျ၊ ပေါင်းဆုံချဉ်းကပ်၍။ ကတံ၊ ပြုအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ နာမရူပံ၊ သည်။ သင်္ခတံ၊ မည်၏။ ယံ နိဗ္ဗာနံ၊ ကို။ တထာ၊ နာမ်ရုပ်တရားကို အကြောင်းတရားတို့ ပေါင်းဆုံပြုပြင်အပ်သည်နှင့် အတူ။ ပစ္စယေဟိ၊ တို့သည်။ သမေစ္စ သမ္ဘုယျ၊ ၍။ န ကတံ၊ မပြုအပ်။ ဣတိစ-ဣမိနာ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း။ တံ နိဗ္ဗာနံ၊ သည်။ အသင်္ခတံ၊ မည်၏။ ယံ နိဗ္ဗာနံ၊ သည်။ သင်္ခတလက္ခဏရဟိတံ၊ ဥပါဒ် ဌီ ဘင် ဟူသော သင်္ခတလက္ခဏာမှ ကင်း၏။ ဣတိစ-ဣမိနာ ကာရဏေန၊ ကြောင့်လည်း။ တံ နိဗ္ဗာနံ၊ သည်။ အသင်္ခတံ၊ မည်၏။ ဧဝံ၊ ဤ ဆိုအပ်ပြီးသော နည်းဖြင့်။ အနေကေဟိ၊ များစွာကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့သည်။ နိဗ္ဗတ္တိယသဘာဝေ၊ ပြီးစေအပ် ဖြစ်စေအပ်သော သဘောကို။ ပဋိသိဒ္ဓေ၊ တားမြစ်အပ်သည်ရှိသော်။ ဧကေနေဝ၊ တခုတည်းသာလျှင် ဖြစ်သော။ ကာရ-ဏေန၊ သည်။ ကတံ၊ ပြုအပ်သည်။ သိယာ နု ခေါ၊ ဖြစ်လေသလော။ ဣတိ၊ ဤသို့။ အာသင်္ကာယ၊ ယုံမှားဘွယ်ရှိရာသောကြောင့်။ ကေနစိ၊ တစုံတခုသော အကြောင်းသည်။ န ကတံ၊ မပြုအပ်။ ဣတိ၊ သို့။ ဒဿနတ္ထံ၊ ငှါ။ အကတန္တိ၊ ဟူ၍။ ဝါ၊ ဟူသောစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဧဝံ၊ ဤ ဆိုအပ်ပြီးသောနည်းဖြင့်။ အပ္ပစ္စယံ၊ အကြောင်းကင်းသည်။ သမာနမ္ပိ၊ ဖြစ်သော်လည်း။ ဣဒံ နိဗ္ဗာနံ၊ သည်။ သယမေဝ၊ မိမိဘာသာ လျောက်လျှားသာလျှင်။ ဘူတံ ပါတုဘူတံ နု ခေါ၊ ထင်ရှားဖြစ်လေသလော။ ဣတိ၊ သို့။ အာသင်္ကာယ၊ ယုံမှားဖွယ် ဖြစ်ရာသောကြောင့်။ တံနိဝတ္တနတ္ထံ၊ ထို ယုံမှားဖွယ်ကို ပယ်ရှားတားမြစ် နစ်စေရခြင်းအကျိုးငှါ။ အဘူတန္တိ၊ ဟူ၍။ ဝါ၊ ကို။ ဝုတ္တံ၊ ၏။ တေဿ၊ ထိုနိဗ္ဗာန်၏။ အယဥ္စ အသင်္ခတာကတာဘူတ-ဘာဝေါ၊ ဤ များစွာသော အကြောင်းတို့ ပေါင်းဆုံညီညွတ်၍လည်း မပြုအပ် တခုသော အကြောင်းသည်လည်း မပြုအပ် မိမိ လျောက်လျှား ဘာသာလည်း မဖြစ်ခြင်း သဘောသည်လည်း။ သဗ္ဗေနသဗ္ဗံ၊ အချင်းခပ်သိမ်း။ အဇာတိ-ဓမ္မတ္တာ၊ ဖြစ်တတ်သော သဘောမဟုတ်သည့်၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ သို့။ ဒဿေတုံ၊ ငှါ။ အဇာတန္တိ၊ ဟူ၍။ ဝါ၊ ကို။ ဝုတ္တံ၊ ၏။ ဧဝမေဝ၊ ဤပြဆိုခဲ့သည့်အတိုင်းသာလျှင်။ စတုန္နမ္ပိ၊ လေးပါးလုံးလည်း ဖြစ်ကုန်သော။ တေသံ ပဒါနံ၊ ထိုအဇာတံ, အဘူတံ, အကတံ, အသင်္ခတံ-ဟူသောပုဒ်တို့၏။ သာတ္ထက-ဘာဝံ၊အနက်အကျိုးရှိသည်၏အဖြစ်ကို။ ဝိဒိတွာ၊သိတော်မူ၍။ တယိဒံ နိဗ္ဗာနံ၊ထို

နိဗ္ဗာန်ကို။ အတ္ထိ ဘိက္ခဝေတိ၊ အတ္ထိ ဘိက္ခဝေ-အစရှိသော ဤဥဒါန်းပါဠိတော်ဖြင့်။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ နိဗ္ဗာနဿ၊ ၏။ အတ္ထိဘာဝေါ၊ ထင်ရှားရှိသည်၏အဖြစ်ကို။ ပဝေဒိတော၊ ဝေနေယျတို့အား သိစေတော်မူအပ် ဟောကြားတော်မူအပ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။

တတ္ထ၊ ထိုပါဠိတော်၌။ ဥဒါနေန္တေန၊ အတ္ထိ ဘိက္ခဝေ-စသည်ဖြင့် ဥဒါန်းကျူးတော်မူသော။ ဘဂဝတာ၊ သည်။ ဘိက္ခဝေတိ၊ ဘိက္ခဝေ-ဟူ၍။ အာလပနေ၊ ခေါ်ခြင်း၌။ ကာရဏံ၊ အကြောင်းကို။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တနယေနေဝ၊ နည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ ၏။ ဣတိ၊ သို့။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတန္တိ၊ အသင်္ခတံ-ဟူ၍။ ဝတွာ၊ ပြီး၍။ တတ္ထ၊ ထိုအဇာတ အဘူတ-စသည် ဖြစ်သော နိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်၌။ ဟေတုံ၊ အကြောင်းကို။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ နော စေတံ ဘိက္ခဝေတိအာဒိံ၊ ကို။ အာဟ၊ ၏။

တဿ၊ ထို နော စေတံ-စသော စကား၏။ အယံ၊ ဤယခုဆိုအပ်လတ္တံ့သည်ကား။ သင်္ခေပတ္ထော၊ အကျဉ်းဖြစ်သော အနက်တည်း။ ဘိက္ခဝေ၊ တို့။ အဇာတာဒိသဘာဝံ၊ အဇာတ-စသည် သဘောရှိသော။ အသင်္ခတာဓာတု၊ သည်။ ယဒိ န အဘဝိဿ-ယဒိ န သိယာ၊ အကယ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသည် မဖြစ်ငြားအံ့။ ဣဓ လောကေ၊ ၌။ ဇာတာဒိသဘာဝဿ၊ ဇာတ-စသော သဘောရှိသော။ ရူပါဒိ ခန္ဓပဉ္စက သင်္ခါတဿ၊ ရူပက္ခန္ဓာ စသော ခန္ဓာငါးပါး ဟုဆိုအပ်သော။ သင်္ခတဿ၊ ၏။ နိဿရဏံ အနဝသေသဝူပသမော၊ အကြွင်းမဲ့ ထွက်မြောက်ကုန်ငြိမ်းရာသည်။ ဝါ၊ ကြောင်းသည်။ န ပညာယေယျ၊ မထင်ရာ။ န ဥပလဗ္ဘေယျ၊ မရအပ်ရာ။ န သမ္ဘဝေယျ၊ မဖြစ်ရာ။

ဟိ၊ စင်စစ်သော်ကား။ နိဗ္ဗာနံ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို။ အာရမ္မဏံ ကတွာ၊ အာရုံပြုကုန်၍။ ပဝတ္တမာနာ၊ ဖြစ်ကုန်သော။ သမ္မာဒိဋ္ဌိအာဒယော၊ သမ္မာဒိဋ္ဌိ အစရှိကုန်သော မဂ္ဂင်တရားတို့သည်။ အရိယမဂ္ဂပညာယ၊ အရိယမဂ်ပညာဖြင့်။ အနဝသေသ-ကိလေသေ၊ အကြွင်းအကျန်မရှိ အလုံးစုံသော ကိလေသာတို့ကို။ သမုစ္ဆိန္ဒန္တိ၊ သမုစ္ဆေဒပဟာန်အားဖြင့် ကောင်းစွာ အကြွင်းမဲ့ ဖြတ်ပယ်ကုန်၏။ တေန၊ ထိုအရိယမဂ်ပညာဖြင့် ကိလေသာကို အကြွင်းမဲ့ပယ်ခြင်းကြောင့်။ တတ္ထ၊ ဤခိဏာသဝပုဂ္ဂိုလ်သန္တာန်၌။ သဗ္ဗဿပိ၊ အလုံးစုံလည်းဖြစ်သော။ ဝဋ္ဋဒုက္ခဿ၊ ဝိပါကဝဋ်ဟူသော ဝဋ္ဋဒုက္ခ၏။ အပ္ပဝတ္တိ၊ မဖြစ်ခြင်းသည်။ အပဂမော၊ ကင်းခြင်းသည်။ နိဿရဏံ၊ ထွက်မြောက်ခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ ဧဝံ၊ ဤသို့ နော စေတံ ဘိက္ခဝေ-အစရှိသည်ဖြင့်။ ဗျတိရေကဝသေန၊ ဆန့်ကျင်ဘက်၏

အစွမ်းဖြင့်။ နိဗ္ဗာနသ္သ၊ ၏။ အတ္ထိဘာဝံ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကို။ ဒဿေတွာ၊ ပြတော်မူပြီး၍။ ဥပါဒိန္နဲ၊ ၌။ အနုယဝသေနာပိ၊ အလျော်၏ အစွမ်းအားဖြင့်လည်း။ တံ၊ ထိုနိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှား ရှိသည်၏ အဖြစ်ကို။ ဒဿေတုံ၊ ငှါ။ ယသ္မာ စ ခေါတိအာဒိ၊ ယသ္မာ စ ခေါ- အစရှိသော စကားကို။ ဝုတ္တံ၊ ၏။ တံ ဝစနံ၊ သည်။ ဝုတ္တတ္ထမေဝ၊ ဆိုအပ်ပြီးသော အနက်ရှိသည်သာတည်း။

စ၊ ဆက်၍ ဆိုလိုက်ဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ ယသ္မာ၊ ကြောင့်။ "အပ္ပစ္စယာ ဓမ္မာ။ အသင်္ခတာ ဓမ္မာ၊ အတ္ထိ ဘိက္ခဝေ တဒါယတနံ ယတ္ထ နေဝ ပထဝီ။ ဥဒမ္ပိ ခေါ ဌာနံ သုဒုဒ္ဒသံ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ။ အသင်္ခတဉ္စ ဝေါ ဘိက္ခဝေ ဓမ္မံ ဒေသိဿာမိ အသင်္ခတဂါမိနိဉ္စ ပဋိပဒံ"န္တိအာဒီဟိ၊ အပ္ပစ္စယာ ဓမ္မာ။ပ။ ပဋိပဒံ-ဤသို့ အစရှိကုန်သော။ အနေကေဟိ၊ များစွာကုန်သော။ သုတ္တပဒေဟိ စ၊ သုတ်ပုဒ်တို့ဖြင့်၎င်း။ အတ္ထိ ဘိက္ခဝေ အဇာတန္တိ ဥမိနာပိ စ သုတ္တေန၊ အတ္ထိ ဘိက္ခဝေ အဇာတံ-အစရှိသော ဤသုတ်ဖြင့်၎င်း။ နိဗ္ဗာန- ဓာတုယာ၊ နိဗ္ဗာနဓာတ်၏။ ပရမတ္ထတော၊ အားဖြင့်။ သမ္ဘဝေါ၊ ထင်ရှား ဖြစ်သင့်ခြင်းကို။ သဗ္ဗလောကံ၊ အလုံးစုံသော သတ္တလောကကို။ အနုကမ္ပမာနေန၊ အစဉ်သနားတော်မူသဖြင့်။ ဝါ၊ သော။ သမ္မာသမ္ဗုဒ္ဓေန၊ သည်။ ဒေသိတော၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

နိဗ္ဗာန် ဟူသည် ရာဂ အစရှိသော ကိလေသာတို့၏၎င်း ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခန္ဓာငါးပါးတို့၏၎င်း တဖန်အသစ် မဖြစ်သောအားဖြင့် မဖြစ်ခြင်း ဟူသော ကုန်ပျက်ချုပ်ငြိမ်းခြင်း အဘာဝ ပညတ်မျှသာ ဖြစ်သည်၊ ပရမတ္ထအားဖြင့် သီးခြား တပါးမရှိ ဟူ၍ မှတ်ထင် ယူမှားကုန်သော သတ္တဝါ အပေါင်းတို့အား သနားတော်မူသဖြင့် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, မဂ္ဂသစ္စာ, စိတ် စေတသိက် ရုပ်တို့ကဲ့သို့ ပရမတ္ထအားဖြင့် အသီးအခြား ထင်ရှားရှိသည်၏ အဖြစ်ကို ပြတော်မူလိုသောကြောင့် "အတ္ထိ ဘိက္ခဝေ အဇာတံ" အစရှိသော ဤသုတ်ကို ဟောတော်မူသည်။

## တနည်း အနက်ပေးပုံ

"တတ္ထ။ပ။ အညမညဝေဝစနာနိ" ဟူ၍ အဋ္ဌကထာ၌ ပြဆိုသော ပဋ္ဌမနည်း အလိုအားဖြင့် ဤအဇာတံ အစရှိသော ပုဒ်လေးခုလုံးပင် နိဗ္ဗာန်ကို ဟောသော ပရိယာယ်ပုဒ်ချည်းသာ ဟူလို၏။ ဤအလို ၎င်းပုဒ်တို့ကို ကေဝလဒဗ္ဗာပေက္ခ အားဖြင့် အနက် မြန်မာပြန်သော်—

"ဘိက္ခဝေ၊ တို့။ အဇာတံ၊ အဇာတ-မည်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ၏။ အဘူတံ၊ အဘူတ မည်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ၏" စသည်ဖြင့် ပြန်။

သင်္ဂဏာဒဗ္ဗာပေက္ခအားဖြင့် ပြန်သော်—

"ဘိက္ခဝေ၊ တို့။ အဇာတံ၊ များစွာသော အကြောင်းတရားတို့ ပေါင်းဆုံ ညီညွတ်ခြင်းကြောင့် မဖြစ်သော နိဗ္ဗာန်တရားသည်။ အတ္ထိ၊ ၏" ဤသို့ စသည် ပြဆိုခဲ့ပြီးအတိုင်း ပြန်။

ဒုတိယနည်း တတိယနည်း အလိုအားဖြင့်သော် ဤ အဇာတံ-စသော ပုဒ်လေးခုတို့သည် ဝိသေသနအပဋ္ဌာနပုဒ်တို့ချည်းသာ ဖြစ်ရကား နိဗ္ဗာနံ-ဟု ဝိသေသျပဋ္ဌာနပုဒ် ထည့်၍ အောက်၌ ပြဆိုခဲ့သည့်အတိုင်း ၎င်းလေးပုဒ်ကို နိဗ္ဗာနံ-နှင့်စပ်၍ မြန်မာပြန်။

## အဓိပ္ပါယ် ရှင်းလင်းချက်

နိဗ္ဗာန် ဟူသည် စိတ်, စေတသိက်, ရုပ်တို့ကဲ့သို့ ပရမတ္ထအားဖြင့် ထင်ရှား ရှိသော တရား ဟူ၍ ဟောတော်မူ၏။ ယင်းသို့ နိဗ္ဗာန် ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား ဖြစ်ခဲ့သော် စိတ် စေတသိက် အစရှိသော ပရမတ္ထဓမ္မ တို့သည် ဟေတုပစ္စယ အစရှိသော များစွာသော အကြောင်းတို့ ပေါင်းဆုံ ညီညွတ်ခြင်းကြောင့်သာ ဖြစ်ကုန်သကဲ့သို့ ဤနိဗ္ဗာန်တရားသည်လည်း ဟေတု-ပစ္စယ အစရှိသော အကြောင်းတို့ ညီညွတ်ခြင်းကြောင့် ဖြစ်သော တရားပင် ဖြစ်လေသလော ဟု တွေးတော ယုံမှားရန် ရှိရသောကြောင့် ထိုသို့သော ယုံမှားသံသယကို ပယ်မြစ်ခြင်းငှါ အဇာတံ-ဟူသော ဝိသေသနပုဒ်ကို ဟောတော် မူသည်။

နိဗ္ဗာန် ဟူသည် အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်ခြင်းကြောင့် ဖြစ်တတ် သော တရားမဟုတ် ဟူလို။

ယင်းသို့ အကြောင်းတရားတို့ ညီညွတ်ခြင်းကြောင့် ဖြစ်တတ်သော တရား မဟုတ်ခဲ့သော် ထိုနိဗ္ဗာန်သည် အကြောင်းနှင့်ကင်း၍ အကြောင်းမရှိဘဲ မိမိ လျောက်လျှားဘာသာအားဖြင့်သာ ဖြစ်တတ်သော တရားဖြစ်လေသလော ဟူဘွယ်ရှိ၍ အဘူတံ-ကို ဟောတော်မူပြန်သည်။

နိဗ္ဗာန်သည် များစွာသော အကြောင်းတို့ ပေါင်းဆုံညီညွတ်ခြင်းကြောင့်သာ မဖြစ်သည် မဟုတ်သေး၊ အကြောင်းနှင့်ကင်း၍ အကြောင်းမရှိဘဲ မိမိပကတိ သဘောအားဖြင့်လည်း ဘာသာလျောက်လျှား ဖြစ်တတ်သောတရား မဟုတ် ဟူလို။

နိဗ္ဗာန်သည် အကြောင်းတို့ ညီညွတ်ခြင်းကြောင့်လည်း မဖြစ်၊ မိမိ လျှောက်လျှားလည်း မဖြစ် ဟူ၏၊ ယင်းသို့ မဖြစ်ခြင်းသည် ထိုနိဗ္ဗာန်ကို တစုံ တခုသော အကြောင်းသည် ပြုအပ်လျက်ပင် မဖြစ်လေသလော ဟူဘွယ်ရှိ၍ အကတံ-ကို ဟောတော်မူပြန်သည်။

ထိုနိဗ္ဗာန်သည် အကြောင်းတို့ ပေါင်းဆုံညီညွတ်ခြင်းကြောင့်လည်း ဖြစ်တတ် သော တရားမဟုတ်၊ မိမိဘာသာလည်း ဖြစ်တတ်သော တရားမဟုတ်ရကား ထိုနိဗ္ဗာန်ကို ဖြစ်စေရန် တစုံတခုသော အကြောင်းသည်မျှ မပြုအပ် ဟူလို။

ဇာတသဘော, ဘူတသဘော မည်သည် သင်္ခတဖြစ်သော ရုပ်နာမ်တရား တို့၏ သဘောသာ ဖြစ်သည်၊ အသင်္ခတသဘောဖြစ်သော နိဗ္ဗာန်၏သဘော မဟုတ် ဟု ပြတော်မူခြင်းငှါ အသင်္ခတံ-ကို ဟောတော်မူပြန်သည်။ အနုလောမ နည်း အလိုအားဖြင့် ဤသို့ အဓိပ္ပါယ်ဆိုလေ။

ပဋိလောမနည်း အလိုအားဖြင့် နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှား ရှိသော တရားပင် ဖြစ်သည် ဟူ၏၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော် စိတ် စေတသိက် ရုပ်တရားတို့သည် အကြောင်းတရားတို့ ပေါင်းဆုံ ချုဉ်းကပ် ပြုအပ် စီရင်အပ်သောကြောင့် သင်္ခတဖြစ်ကုန် မည်ကုန်သကဲ့သို့ ဤနိဗ္ဗာန်သည်လည်း အကြောင်းတရားတို့ ပေါင်းဆုံ ချုဉ်းကပ် ပြုအပ် စီရင်အပ်၍ သင်္ခတပင် ဖြစ်လေ, မည်လေသလော ဟု တွေးတောယုံမှားရန် ရှိရာသောကြောင့် ထို ယုံမှားဖွယ်ကို ပယ်မြစ်ခြင်းငှါ အသင်္ခတံ-ကို ဟောတော်မူသည်။

ထို စိတ် စေတသိက် ရုပ်တရားတို့ကို အကြောင်းတရားတို့ ပေါင်းဆုံ ချုဉ်းကပ် ပြုပြင်စီရင်အပ်သကဲ့သို့ ဤနိဗ္ဗာန်သည် အကြောင်းတို့ ပေါင်းဆုံ ချုဉ်းကပ် ပြုပြင်အပ် စီရင်အပ်သောတရား မဟုတ်သောကြောင့် အသင်္ခတသာ ဖြစ်သည် မည်သည် ဟူလို။

တနည်း စိတ် စေတသိက် ရုပ်တရားတို့သည် ဥပါဒ် ဌီ ဘင် ဟူသော သင်္ခတ လက္ခဏာနှင့် ပြည့်စုံသည်, ၎င်းလက္ခဏာ ရှိသည်ဖြစ်၍ သင်္ခတသာ ဖြစ်ကုန် မည်ကုန်သကဲ့သို့ ဤနိဗ္ဗာန်သည်လည်း ဥပါဒ် ဌီ ဘင် ဟူသော သင်္ခတ လက္ခဏာနှင့် ပြည့်စုံသည်၊ ၎င်းလက္ခဏာရှိသည်ဖြစ်၍ သင်္ခတပင် ဖြစ်လေ, မည်လေသလော ဟူဘွယ်ရှိ၍ အသင်္ခတံ-ကို ဟောတော်မူသည်။

နိဗ္ဗာန်အား ဥပါဒ် ဌီ ဘင် ဟူသော သင်္ခတလက္ခဏာ မရှိ၊ ထိုသင်္ခတ လက္ခဏာမှ ကင်းသောကြောင့် နိဗ္ဗာန်သည် အသင်္ခတသာ ဖြစ်သည်, မည်သည်၊ သင်္ခတမဟုတ် ဟူလို။

နိဗ္ဗာန်ကို အကြောင်းတို့ ပေါင်းဆုံချုဉ်းကပ်၍ မပြုပြင်မစီရင်အပ် ဟူ၏၊ ယင်းသို့များစွာသော အကြောင်းတို့ ပေါင်းဆုံချုဉ်းကပ်၍ မပြုပြင် မစီရင်

အပ်ခဲ့သော် တခုတည်းသော အကြောင်းသည်သာ ပြုပြင်စီရင်အပ်လေသလော ဟူဘွယ်ရှိ၍ ထိုကို နှစ်စေခြင်းငှါ အကာဘံ-ကို ဟောတော်မူပြန်သည်။

နိဗ္ဗာန်ကို များစွာသော အကြောင်းတို့ ပေါင်းဆုံချဉ်းကပ်၍သာ မပြုပြင် မစီရင်အပ်သည် မဟုတ်၊ တခုသောအကြောင်းသည်လည်း မပြုပြင် မစီရင်အပ် ဟူလို။

နိဗ္ဗာန်ကို များစွာသော အကြောင်းတို့ ပေါင်းဆုံချဉ်းကပ်၍လည်း မပြုပြင် မစီရင်အပ်သည် မဟုတ်၊ တခုတည်းသော အကြောင်းသည်လည်း မပြုပြင် မစီရင်အပ်၊ ယင်းသို့ မပြုပြင် မစီရင်အပ်သော် ထိုနိဗ္ဗာန်သည် အကြောင်းမရှိဘဲပင် အကြောင်းနှင့်ကင်း၍ မိမိသဘောအားဖြင့် ဘာသာလျောက်လျား ဖြစ်လေသလော ဟူဘွယ်ရှိ၍ ထိုကို နှစ်စေခြင်းငှါ အဘူတံ-ကို ဟောတော်မူပြန်သည်။

နိဗ္ဗာန်သည် အကြောင်းမရှိဘဲပင် မိမိသဘောအားဖြင့် မဖြစ်တတ်၊ ဖြစ်တတ်သောတရားမဟုတ် ဟူလို။

ပရမတ္ထအားဖြင့် ထင်ရှားရှိသော နိဗ္ဗာန်၏ ဤများစွာသော အကြောင်းတို့ ပေါင်း၍လည်း မပြုမစီရင်အပ်သည်၏ အဖြစ်, တခုတည်းသော အကြောင်း သည်လည်း မပြုမစီရင်အပ်သည်၏အဖြစ်, အကြောင်းမရှိဘဲပင် သဘောအား ဖြင့်လည်း မဖြစ်သည်၏ အဖြစ်သည် ထိုနိဗ္ဗာန်၏ အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးတန်လုံးသော ကာလ၌ပင် အချင်းခပ်သိမ်း ဧကန်စင်စစ် ဖြစ်တတ်သော တရားမဟုတ်သည်၏ အဖြစ်ကြောင့်သာတည်း ဟု ပြတော်မူခြင်းငှါ အဇာတံ-ကို ဟောတော်မူပြန်သည်။

ဤပရမတ္ထအားဖြင့် ထင်ရှားရှိသော နိဗ္ဗာန်သည် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးတန်လုံး၌ အချင်းခပ်သိမ်းဖြစ်တတ်သော သဘောမဟုတ်သည်၏ အဖြစ်ကြောင့် များစွာသော အကြောင်းတို့လည်း မပြုမစီရင်အပ်သည်၊ တခု တည်းသောအကြောင်းသည်လည်း မပြုမစီရင်အပ်သည်၊ အကြောင်းမရှိဘဲပင် မိမိသဘောအားဖြင့်လည်း မဖြစ်သည် ဟူလို။ ဤသို့ အဓိပ္ပါယ်ဆိုလေ။

အဇာတံ အဘူတံ အကတံ အသင်္ခတံ-ဟူ၍ သာမညအားဖြင့်သာ ဟောတော် မူအပ်သော်လည်း ဤပြဆိုခဲ့ပြီးသော အနက်သဘောကို ရည်၍ ဟောတော် မူသည် ဟူ၍သာ မှတ်လေ။

## အဋ္ဌကထာအရ အဓိပ္ပါယ်ရှင်းပြချက်

အနုသန္ဓေသမ္ဗန္ဓနှင့်တကွ အဋ္ဌကထာလာယ် အဓိပ္ပါယ်ကို ပြဦးအံ့။

အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို အဇာတံ အဘူတံ- စသည်ဖြင့် ဟောတော်မူ၏။ ထို အဇာတံ အဘူတံ-အစရှိသောပုဒ်တို့သည်

နိဗ္ဗာန်၏ အသီးအသီးသောဂုဏ်ဖြင့် အထူးပြုတတ် အထူးပြုကြောင်းဖြစ်သော ဝိသေသနပုဒ်တို့ ဖြစ်လေကုန်သလော ဟု စောဒနာဘွယ်ရှိ၍ "တတ္ထ။ပ။ ဝေဝ-စနာနိ" ကို မိန့်ဆိုတော်မူသည်။

အဇာတံ-စသောပုဒ်တို့သည် အသီးအသီးသောဂုဏ်ဖြင့် နိဗ္ဗာန်ကို အထူးပြုကြောင်းဖြစ်သော ဝိသေသနမဟုတ်၊ လေးပုဒ်လုံးပင် နိဗ္ဗာန်ကိုဟောပြတတ်သော အချင်းချင်း ဝေဝုစ်ပရိယာယ် စကားလှယ် ပုဒ်တို့ချည်းသာ ဟူလို။

ဤပဋမနည်းအလိုအားဖြင့် နိဗ္ဗာနံ-ဟု ပဋ္ဌာနပုဒ်မထည့်ဘဲ ထိုအဇာတံ-စသည်ကိုပင် ပဋ္ဌာနအဖြစ်ဖြင့် ယူ၍ အောက်၌ ပြဆိုခဲ့သည်အတိုင်း အနက်အဓိပ္ပါယ်ဆိုလေ။

တနည်းလည်း ထိုပုဒ်တွင် အဇာတံ-ကို အဘယ်သို့ ဝစနတ္ထပြုအပ်သနည်း၊ နိဗ္ဗာန်သည် အဘယ်သို့သောအကြောင်းဗျုပ္ပတ္တိကြောင့် အဇာတမည်လေသနည်း ဟူဘွယ်ရှိ၍ "အထဝါ" အစရှိသည်ကို မိန့်ဆိုတော်မူသည်။

"န ဇာတန္တိ အဇာတံ" သာ ဆိုလိုရင်းပဋ္ဌာန။

အဇာတံ-ကို "န ဇာတံ အဇာတံ"ဟု တပ္ပုရိသ်သမာသ်ပြုလေ။ နိဗ္ဗာန်သည် မဖြစ်တတ်သည်၏အဖြစ်, ဖြစ်တတ်သော တရားမဟုတ်သည်၏ အဖြစ်တည်း ဟူသော အကြောင်းဗျုပ္ပတ္တိကြောင့် အဇာတမည်သည် ဟူလေ။

နိဗ္ဗာန်သည် မဖြစ် ဟူ၍၊ ပါဏာတိပါတကံသည် ပါဏော, ပါဏသညိတာ, ဃာတစေတနာ, ပယောဂေါ, တေန မရဏံ-ဟူသော အကြောင်းအင်္ဂါ ပြည့်စုံညီညွတ်မှ ဖြစ်သည်၊ တပါးပါး ချို့တဲ့သော် မဖြစ်သကဲ့သို့ရင်း, အဒိန္နာဒါန်စသည်လည်း မိမိတို့ ကမ္မပထမြောက်သော ကံ၏အဖြစ်ဖြင့် ဖြစ်ထိုက်သော အကြောင်းအင်္ဂါပြည့်စုံညီညွတ်မှ ဖြစ်သည်၊ တပါးပါး ချို့တဲ့သော် မဖြစ်သကဲ့သို့ရင်း ဤနိဗ္ဗာန်မဖြစ် ဟူရာ၌လည်း အချို့အကြောင်း ချို့တဲ့သော်သာ မဖြစ်သည်၊ အကြောင်းပြည့်စုံ ညီညွတ်မူ ဖြစ်၏ ဟူ၍ပင် မှတ်ရအံ့လော ဟူဘွယ်ရှိ၍ "ကာရဏာသာမဂ္ဂိယာ" ကို ဆိုရလေသည်။

အကြောင်းခပ်သိမ်းပင် ပြည့်စုံညီညွတ်သော်လည်း မဖြစ်သည်သာ ဟူလို။

နိဗ္ဗာန်သည် အကြောင်းညီညွတ်ခြင်းကြောင့်လည်းမဖြစ် ဟူ၍၊ ဇနကဖြစ်သော ဟေတုအကြောင်း, ဥပတ္ထမ္ဘကဖြစ်သော ပစ္စယအကြောင်းနှစ်မျိုးတွင် တမျိုးမျိုးသာ ပြည့်စုံညီညွတ်ခြင်း ဟုဆိုအပ်သော သာမဂ္ဂီသည် ကာရဏာသာမဂ္ဂိ မည်သလော။ ဝါ၊အကြောင်းညီညွတ်ခြင်းနှစ်မျိုးတွင် တပါးပါးသောအကြောင်း ညီညွတ်ခြင်းကြောင့်သာ နိဗ္ဗာန် မဖြစ်သည်၊ အကြောင်းနှစ်မျိုးလုံး ညီညွတ်သော် ဖြစ်၏ ဟူ၍ပင် မှတ်ရအံ့လော ဟူဘွယ်ရှိ၍ "ဟေတုပစ္စယသမဝါယသင်္ခါ-တာယ" ကို မိန့်ဆိုပြန်ရသည်။

ဇနကဖြစ်သော ဟေတုအကြောင်း, ဥပတ္ထမ္ဘကဖြစ်သော ပစ္စယအကြောင်း ညီညွတ်ခြင်းဟု ဆိုအပ်သော သာမဂ္ဂီသည် ကာရဏသာမဂ္ဂီမည်၏။ ဇနကဖြစ်သော ဟေတုအကြောင်း, ဥပတ္ထမ္ဘကဖြစ်သော ပစ္စယအကြောင်း နှစ်မျိုးတွင် တမျိုးမျိုးမျှ ညီညွတ်ခြင်းကြောင့်သာ နိဗ္ဗာန်မဖြစ်သည် မဟုတ်၊ အကြောင်း နှစ်မျိုးလုံးပင် ညီညွတ်သော်လည်း မဖြစ်သည်သာ ဟူလေ။

တနည်းလည်း အလွတ်ပြင်ပ၌တည်၍ ပစ္စုပ္ပန်တရားကို ကျေးဇူးပြုတတ်သော အာရမ္မဏ, အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ-ပစ္စည်းစသော ဒူရ ဗဟိဒ္ဓ အကြောင်း၊ သဟာစရဏအားဖြင့် တကွတည်၍ ပစ္စုပ္ပန်တရားကို ကျေးဇူးပြုတတ်သော သဟဇာတ, အညမညပစ္စယ-အစရှိသော အာသန္န-အဇ္ဈတ္တအကြောင်းနှစ်မျိုးတွင် တမျိုးမျိုးမျှ ညီညွတ်ခြင်းကြောင့်သာ နိဗ္ဗာန်မဖြစ်သည်၊ အကြောင်းနှစ်မျိုးလုံး ညီညွတ်သော် ဖြစ်၏ ဟူ၍ပင် မှတ်ရအံ့လော ဟူဘွယ်ရှိ၍ " ဟေတု။ ပ။ သခါ-တာယ " ကို မိန့်ဆိုပြန်ရသည်။

ဒူရ ဗဟိဒ္ဓအကြောင်း, အာသန္န အဇ္ဈတ္တအကြောင်းနှစ်မျိုးတွင် တမျိုးမျိုးမျှ သာ ညီညွတ်ခြင်းကြောင့် နိဗ္ဗာန်မဖြစ်သည် မဟုတ်၊ အကြောင်းနှစ်မျိုးလုံးပင် ညီညွတ်သော်လည်း မဖြစ်သည်သာ ဟူလေ။

နိဗ္ဗာန်သည် အကြောင်းတို့ ညီညွတ်သော်လည်း မဖြစ်ဟူ၏၊ အဘယ် တရားတို့သည် အကြောင်းညီညွတ်ခြင်းကြောင့် ဖြစ်ကုန်သကဲ့သို့ မဖြစ်သနည်း ဟူဘွယ်ရှိ၍ " ဝေဒနာဒယော ဝိယ " ကို မိန့်ဆိုပြန်ရသည်။ ဝေဒနာ အစရှိကုန် သော နာမ်ရုပ်တရားတို့သည် အကြောင်းတို့ ညီညွတ်ခြင်းကြောင့် ဖြစ်ကုန် သကဲ့သို့ မဖြစ်သည် ဟူလေ။

ဥပသဂ္ဂနိပါတာ စ၊ ပစ္စယာ ဓာတဝေါ စိမေ။
နေကေနေကတ္ထဝိသယာ၊ ဣတိ နေရုတ္တိကာ ဗြဝုံ။
ဓာတုသဒ္ဒေါ အနေကတ္ထော၊ အနေကတ္ထာ ဟိ ဓာတဝေါ။

အစရှိသော ဂါထာ ပရိဘာသာတို့နှင့်အညီ ဓာတ်သည် များသောအနက်လျှင် ဟောရာရှိကုန်ရကား ဤ အဇာတံ-၌ ဇနဓာတ်သည် ဖြစ်ခြင်းနိဗ္ဗတ္တန-အနက်မှ တပါး အခြားသောအနက်ကို ဟောလေသလော ဟူဘွယ်ရှိ၍ န ဇာတံ-ကို န နိဗ္ဗတ္တံ-ဟု မိန့်ဆိုတော်မူသည်။

ဇနဓာတ်သည် နိဗ္ဗတ္တန-အနက်ကိုပင် ဟောသည် ဟူလေ။

အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို အဇာတံ-ဟူ၍သာ ဟောတော်မမူဘဲ အဘူတံ-ဟူ၍လည်း ဟောတော်မူ၏။ ဤအဘူတ-သဒ္ဒါသည်

အဘယ်သို့သော ဝိဂ္ဂဟဖြင့် ပြီးသနည်း၊ နိဗ္ဗာန်သည် အဘယ်သို့သော အကြောင်းကြောင့် အဘူတမည်သနည်း ဟူဘွယ်ရှိ၍ "ကာရဏေန ဝိနာ" စသည်ကို မိန့်ဆိုတော်မူသည်။

"န ဘူတန္တိ အဘူတံ" သာ ဆိုလိုရင်း။

အဘူတသဒ္ဒါသည် "န ဘူတန္တိ အဘူတံ" ဟူသော တပ္ပုရိသ်သမာသ်ဝိဂ္ဂဟဖြင့် ပြီးသည်၊ နိဗ္ဗာန်သည် မဖြစ်တတ်သည်၏အဖြစ်, ဖြစ်တတ်သော တရားမဟုတ်သည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့် အဘူတမည်သည် ဟူလေ။

နိဗ္ဗာန်သည် ဟေတုပစ္စယဟူသော အကြောင်းတို့ ညီညွတ်ခြင်းကြောင့်သာ မဖြစ်သည်၊ ညီညွတ်သော အကြောင်းတို့ကြောင့်သာ မဖြစ်သည်၊ ပကတိဝါဒီ ပုဂ္ဂိုလ်တို့၏ ပကတိသည် အကြောင်းမရှိဘဲ အကြောင်းနှင့်ကင်း၍ဖြစ်သကဲ့သို့ အကြောင်းနှင့်ကင်း၍သော်ဖြစ်၏ ဟူ၍ မှတ်ရအံ့လော ဟူဘွယ်ရှိ၍ "ကာရဏေန ဝိနာ" ကို မိန့်ဆိုပြန်ရသည်။

နိဗ္ဗာန်သည် အကြောင်းညီညွတ်ခြင်း ညီညွတ်သော အကြောင်းတို့ကြောင့်သာ မဖြစ်သည်မဟုတ်၊ အကြောင်းနှင့်ကင်း၍လည်း မဖြစ်သည်သာ ဟူလို။ (စ-သဒ္ဒါကို ဝိနာ နောင်လည်းဆောင်)။ အကြောင်းနှင့်ကင်း၍ မဖြစ်သော ဟူသည် မိမိပကတိသဘောအားဖြင့် ဘာသာလျှောက်လျား မဖြစ်၊ ဖြစ်တတ်သော တရားမဟုတ် ဟု ဆိုလိုသည် ဟူ၍ ပြခြင်းငှါ "သယမေဝ စ" ကို မိန့်ဆိုတော်မူသည်။

န ဘူတံ-ဟူသော သမာသ်ဝါကျ၌ ဘူဓာတ်သည် "ဠတ္ထံ ကိဉ္စိ ပကာရံ ဘူတော ပတ္တောတိ ဠဘ္ဘမ္ဘုတော၊ ဠဘ္ဘမ္ဘုတဿ လက္ခဏံ ဠတ္ထမ္ဘုတလက္ခဏံ" အစရှိသည်၌ ဘူဓာတ်သည် ပါပုဏန-အနက်ကို ဟောသကဲ့သို့ ဤ၌ ပါပုဏန-အနက်ကို ဟောလေသလော။

"ပရိညာ ပဟာန သစ္ဆိကိရိယာ ဘာဝနာဘိ သမယ ဝသေန" စသည် ဟူရာ၌ ဘူဓာတ်သည် ဝဍ္ဎနတ္ထကို ဟောသကဲ့သို့ဝဍ္ဎနတ္ထကို ဟောလေသလော။

အဘိဘဝတိ-စသည်၌ ဘူဓာတ်သည် လွှမ်းမိုးနှိပ်စက်ခြင်းအနက်ကို—

ဠတ္ထိဓုတ္တော သုရာဓုတ္တော၊ အက္ခဓုတ္တော စ ယော နရော။
လဒ္ဓံ လဒ္ဓံ ဝိနာသေတိ၊ တံ ပရာဘဝတော မုခံ။

စသည်၌ ဘူဓာတ်သည် ပျက်စီးခြင်းအနက်ကို ဟောသကဲ့သို့ လွှမ်းမိုးနှိပ်စက်ခြင်း ပျက်စီးခြင်းအနက်တို့ကို ဟောလေသလော ဟူဘွယ်ရှိ၍ "နပါတုဘူတံ" ကို မိန့်ဆိုရပြန်သည်။

ဤ၌ န ဘူတံ-၌ ဘူဓာတ်သည် ပါပုဏနတ္ထ-ဝဓုနတ္ထ-စသည်ကို မဟော၊ ထင်ရှား ဖြစ်ခြင်းဟူသော သတ္တာ-အနက်ကိုသာ ဟောသည် ဟူလို။

ထိုထိုအရာဝယ် " ဘူ ဟူ သတ္တာယံ " ဟူရာ ကဝိကပ္ပဒုမကျမ်း၌ " ဘူ ဟူ သတ္တာယံ" ဟူရာ၌ သတ္တာ သည်—" သတ္တာ ဣဟ ဒုဝိဓာ ဥပ္ပတ္တိ ဝိဇ္ဇမာန- တာ စ" ဟူ၍ ၎င်းဋီကာ၌ ဥပ္ပတ္တိသတ္တာ, ဝိဇ္ဇမာနတာသတ္တာ ဟူ၍ နှစ်ပါး ပြားကြောင်းကို ပြဆိုအပ်သည်နှင့်အညီ ဤပါတုဘူတံ-၌ ဘူဓာတ်၏ အနက်ဖြစ် သော သတ္တာသည်လည်း ထင်ရှားဖြစ်ခြင်းဟူသော သတ္တာ, ထင်ရှားရှိခြင်း ဟူသော သတ္တာ ဟူ၍ သာမညအားဖြင့် နှစ်ပါးဖြစ်သင့်ရာသည်။ ထိုတွင်—

" ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ " ဟူသော ပဋိစ္စသမုပ္ပါဒ ဝိဘင်းပါဠိတော်ဝယ် ဟောတိ-၌ ဟူဓာတ်သည် "ဟောတီတိ သံဝိဇ္ဇတိ" ဟူသော ၎င်းအဋ္ဌကထာနှင့်အညီ ထင်ရှားရှိခြင်းဟူသော ဝိဇ္ဇမာန- တာ သတ္တာ-အနက်ကို ဟောသကဲ့သို့၎င်း " အဘူတမေဝ ဘူတံ အဇာတံ ဟုတွာ အတ္ထီတိ အဗ္ဘုတံ" ဟူသော သံယုတ်အဋ္ဌကထာ ၌ ဘူတံ-ကို အတ္ထိ-ဟု ဖွင့်ဆိုသည်နှင့်အညီ ကျေလေသော ဘူတ၌ ဘူဓာတ်သည် ထင်ရှားရှိခြင်း ဟူသော ဝိဇ္ဇမာနတာသတ္တာ-အနက်ကို ဟောသကဲ့သို့၎င်း ဤ ပါတုဘူတံ-၌ ဘူဓာတ်သည်လည်း ထင်ရှားရှိခြင်းဟူသော ဝိဇ္ဇမာနတာသတ္တာကို ဟောလေ သလော ဟူဘွယ်ရှိ၍ န ပါတုဘူတံ-ကို န ဥပ္ပန္နံ-ဟု ဖွင့်ဆိုရပြန်သည်။

ဤ ပါတုဘူတံ-၌ ဘူဓာတ်သည် "သမုဒယော ဟောတိ "၌ ဟူဓာတ်-နိဗ္ဗာန် ဟော၊ အဗ္ဘုတံ-ဝယ် ကျေလေသော ဘူတံ-၌ ဘူဓာတ်တို့ကဲ့သို့ ထင်ရှားရှိခြင်း ဟူသော ဝိဇ္ဇမာနတာ သတ္တာကို မဟော။ "ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ" အစရှိသည်ဝယ် ဟောတိ-၌ ဟူဓာတ် "အနဝ- တတ္တမှာ ပဘဝန္တိ မဟာသရာ" စသည်၌ ဘူဓာတ်တို့ကဲ့သို့ ထင်စွာ ဖြစ်ခြင်း ဟူသော ဥပ္ပတ္တိသတ္တာကိုသာ ဟောသည် ဟူလို။

နိဗ္ဗာန်သည် အကြောင်းတရားတို့ ညီညွတ်ခြင်းကြောင့်လည်း မဖြစ်၊ အကြောင်းနှင့်ကင်း၍ မိမိလျောက်လျား ပကတိသဘောအားဖြင့်လည်း မဖြစ် ဟူရာဝယ် တစုံတခုသော အကြောင်းသည် ပြုအပ်လျက် တစုံတရာချို့တဲ့၍သာ မဖြစ်သည်၊ နိဗ္ဗာန်ကို တစုံတခုသော အကြောင်းသည် ပြုကား ပြုအပ်သည်ဖြစ် ရာ၏ ဟု ဖြစ်သော ယုံမှားဘွယ်ကို ပယ်မြစ်ခြင်းငှါ ဟောတော်မူအပ်သော အကတံ-သည် အဘယ်သို့သော ဝိဂ္ဂဟဖြင့် ပြီးသနည်း၊ နိဗ္ဗာန်သည် အဘယ် သို့သော ဗျုပ္ပတ္တိနိမိတ်ကြောင့် အကတ-မည်သနည်း ဟူဘွယ်ရှိ၍ "ဧဝံ အဇာတတ္တာ" စသည်ကို မိန့်ဆိုတော်မူသည်။

"န ကတန္တိ အကတံ" သာ ဆိုလိုရင်း။

အကတံ-သည် "န ကတန္တိ အကတံ" ဟူသော တပ္ပုရိသ်သမာသ်ဖြင့် ပြီးသည်။ နိဗ္ဗာန်သည် မပြုအပ်သည်၏အဖြစ်, ပြုအပ်သောတရားမဟုတ်သည်၏ အဖြစ်တည်းဟူသော ဗျုပ္ပတ္တိနိမိတ်ကြောင့် အကတ-မည်သည် ဟူလေ။

နိဗ္ဗာန်သည် မပြုအပ်ပြုအပ်သောတရားမဟုတ် ဟူ၍၊ အဘယ်သည် မပြုအပ် သနည်း ဟူဘွယ်ရှိ၍ "ကာရဏေန" ကို-တစိတ်တဒေသ အချို့မျှသော အကြောင်း လော ဟူဘွယ်ရှိ၍ "ယေနကေနစိ" ကို မိန့်ဆို ရပြန်သည်။ အကြွင်းအမှတ်မရှိ အလုံးစုံသောအကြောင်းသည်ပင် မပြုအပ်၊ ပြုအပ်သောတရားမဟုတ် ဟူလို။

ကိံသဒ္ဒါ၏ ကာရိယဖြစ်သော လိင် ဝုစ် ဝိဘတ်အားလျော်စွာ ပြီးသော ကာ, ကော, ကိံ-အစရှိသော သဒ္ဒါသည် ပုစ္ဆာအနက်ကို ဟော၏။ နောက်၌ စိ-အဆုံးရှိသော ကာစိ, ကောစိ, ကိဉ္စိ, ကေနစိ, ကေဟိစိ-အစရှိသော သဒ္ဒါတို့ ကား အပ္ပကအနက်ကိုသာ ဟောကုန်၏။ အစ၌ ယ-အက္ခရာနှင့်ယှဉ်သော ယာကာစိ, ယောကောစိ, ယံကိဉ္စိ, ယေနကေနစိ, ယေဟိကေဟိစိ, ယဿကဿစိ, ယေသံကေသဉ္စိ, ယသ္မိံကိသ္မိဉ္စိ, ယေသုကေသုစိ-အစရှိသော သဒ္ဒါတို့သည် အလုံးစုံဟူသော သကလတ္ထ-ကို ဟောကုန်သည်ဖြစ်၍ ဤ၌ "ယေနကေနစိ ကာရ-ဏေန" ဖြင့် အလုံးစုံသော အကြောင်းကို ယူ။

နိဗ္ဗာန်ကို အကြွင်းအမှတ်မရှိ အလုံးစုံသော အကြောင်းသည်ပင် မပြုအပ်ဟူ၍၊ ဖြစ်သောတရားဟူသမျှသည် ပျက်မြဲဖြစ်၍ ထိုတရားကို တဖန်အသစ် ဖြစ်စိမ့် သောငှါ အကြောင်းသည် ပြုအပ်သကဲ့သို့ နိဗ္ဗာန်သည်လည်း ဖြစ်တတ်သော သဘောဖြစ်ခဲ့သော် ပျက်တတ်သော သဘောရှိသည် ဖြစ်ရာ၏၊ ယင်းသို့ပျက်က လည်း ထိုနိဗ္ဗာန်ကို တဖန်အသစ်ဖြစ်စိမ့်သောငှါ တစုံတခုသော အကြောင်းသည် ပြုအပ်ရပါသည်သာ မဟုတ်လော၊ ထိုသို့ ပြုအပ်လျက် အဘယ်သို့သော အကြောင်းကြောင့် မပြုအပ်လေသနည်း ဟူဘွယ်ရှိ၍ "ဇဝံ အဇာတတ္တာ စ အဘူတတ္တာ စ" ကို မိန့်ဆိုရပြန်သည်။

ဤသို့ အကြောင်းတို့ ညီညွတ်ခြင်းကြောင့် ဖြစ်တတ်သော တရားမဟုတ် သည်၏အဖြစ်, အကြောင်းနှင့်ကင်း၍လည်း ဘာသာလျှောက်လျှား မိမိသဘော အားဖြင့် ဖြစ်တတ်သောတရားမဟုတ်သည်၏ အဖြစ်တည်းဟူသော အကြောင်း ကြောင့် အလုံးစုံသော အကြောင်းသည်ပင် မပြုအပ်သည် ဟူလို။

အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် အဇာတံ, အဘူတံ, အကတံ- ဟူသော ပုဒ်သုံးခုဖြင့်ပင်လျှင် နိဗ္ဗာန်၏ များစွာသော အကြောင်းတို့ ပေါင်းဆုံညီညွတ်ခြင်းကြောင့်လည်း မဖြစ်သည်၏အဖြစ်, အကြောင်းနှင့်ကင်း၍ အကြောင်းမရှိဘဲ ဘာသာလျှောက်လျှား မိမိသဘောအားဖြင့်လည်း မဖြစ်

သည်၏အဖြစ်, ယင်းသို့ မဖြစ်ခြင်းကြောင့် တစုံတခုသော အကြောင်းသည်မျှ မပြုမစီရင်အပ်သည်၏အဖြစ်တို့ကို ပြသဖြင့် နိဗ္ဗာန်၏ သဘောကို ကြွင်းမဲ့ကုံလုံ ပြည့်စုံစွာပြပြီးဖြစ်ပါလျက် အဘယ်အကျိုးငှါ "အသင်္ခတံ"ကို ဟောတော်မူပြန် လေသနည်း ဟူဘွယ်ရှိ၍ "ဇာတဘူတဘာဝေါ စ နာမ နာမရူပါနံ ဟောတိ၊ န နိဗ္ဗာနဿာတိ ဒဿေတုံ" စသည်ကို မိန့်ဆိုရပြန်သည်။

အဇာတံ-စသော ပုဒ်သုံးခုဖြင့်ပင် နိဗ္ဗာန်၏ သဘောကို ပြည့်စုံကုံလုံစွာ ပြပြီး ဖြစ်သော်လည်း ဇာတ ဘူတအဖြစ်၊ ဇာတဘူတသဘောမည်သည် နိဗ္ဗာန်မှ တပါးသော နာမ်, ရုပ်တရားတို့၏သာ သဘောဖြစ်သည် နိဗ္ဗာန်၏ သဘောမဟုတ် ဟု ပြခြင်းအကျိုးငှါ "အသင်္ခတံ"ကို ဟောတော်မူသည် ဟူလို။

နာမရူပါနံဝေ-ဟူ၍ ဝေ-သဒ္ဒါနှင့် ပြဆိုသင့်လျက် ထိုဝေသဒ္ဒါကို ချေ၍ပြဆို ရကား ဝေ-သဒ္ဒါ လုတ္တနိဒ္ဒိဋ္ဌ။ ဝါ၊ ဝေ-နှင့် ဆိုသင့်သည်၏အဖြစ် သိသာထင်ရှား သောကြောင့် မဆိုရကား ဝေသဒ္ဒါဂမျမာန်။ ဝါ၊ နာမရူပါနံ-ဟူသောပုဒ်၏ အတွင်း၌ ဝေ-သဒ္ဒါ ပါဝင်လေရကား ဝေ-သဒ္ဒါ အန္တောဂဓ။ ဝါ၊ နာမရူပါနံ-ဟူသောပုဒ်၏အတွင်း၌ ဝေ-သဒ္ဒါကို ဆောင်အပ်ရကား ဝေ-သဒ္ဒါ အန္တောနီတ။

ထို အကြောင်း နိဝတ္တကဖြစ်သော ဝေသဒ္ဒါ၏ လုတ္တနိဒ္ဒိဋ္ဌ-စသည်အဖြစ်ကို "န နိဗ္ဗာနဿ" ဟူသော အကျိုးနိဝတ္တေတဗ္ဗကို မြင်သိထောက်ဆသဖြင့် သိရမည်။

အဘယ့်ကြောင့် ဇာတဘူတသဘောသည် နိဗ္ဗာန်မှတပါးသော နာမ်ရုပ်တို့၏ သာ သဘောဖြစ်ရလေသနည်း ဟူဘွယ်ရှိ၍ " သင်္ခတဓမ္မာနံ " ကို မိန့်ဆိုရ ပြန်သည်။

နာမ်ရုပ်တို့သာ ကံစသောအကြောင်းတို့သည် ပြုပြင်စီရင်အပ်သော သဘော ရှိသော တရားဖြစ်သောကြောင့် ထိုဇာတဘူတသဘောသည် နာမ်ရုပ်တို့၏သာ သဘောဖြစ်သည် ဟူလေ။ အဘယ့်ကြောင့်ကား ထိုဇာတဘူတသဘောသည် နိဗ္ဗာန်၏သဘော မဖြစ်လေသနည်း ဟူဘွယ်ရှိ၍ "အသင်္ခတဘာဝဿ"ကို မိန့်ဆိုရ ပြန်သည်။ နိဗ္ဗာန်အား ကံစသောအကြောင်းတို့သည် မပြုပြင် မစီရင်အပ်သော အသင်္ခတသဘောရှိသည်၏အဖြစ်ကြောင့် ထိုဇာတဘူတသဘောသည် နိဗ္ဗာန်၏ သဘောမဖြစ်သည် ဟူလေ။

" သင်္ခတဓမ္မာနံ အသင်္ခတဘာဝဿ " တို့ကား ဟေတုမန္တဝိသေသန။ "အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ" အစရှိသည်၌ အနုလောမနည်းအားဖြင့် အနက်အဓိပ္ပါယ်တို့ကို တနည်းပြဆိုပြီး၍ ပဋိလောမအားဖြင့်လည်း တနည်းပြဆို ပြန်လိုသောကြောင့် "ပဋိလောမတော ဝါ" စသည်ကို မိန့်ဆိုတော်မူပြန်သည်။ ဤပဋိလောမနည်း၌ အသင်္ခတံ-က စ၍ကောက်။

အရှင်အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် နိဗ္ဗာန်၏ အသင်္ခတမည်သည်၏ အဖြစ်ကို ဟောပြတော်မူသဖြင့် ဗျတိရေကနည်းအားဖြင့် ယင်းမှကြွင်းသော နာမ်ရုပ်တရားတို့၏ သင်္ခတမည်သည်၏ အဖြစ်ကိုလည်း ဟောပြတော်မူသည်ပင် ဖြစ်သည်၊ ထိုနှစ်ပါးတို့တွင် သင်္ခတံ-၌ သံ-သဒ္ဒါ အဘယ်အနက်ကို ဟောသနည်း၊ သံ-နှင့် ကတ-ကို အဘယ်သို့ သမာသ်ယှဉ်တွဲအပ်သနည်း၊ နာမ်ရုပ်တရားသည် အဘယ်သို့သော အကြောင်းဗျုပ္ပတ္တိနိမိတ်ကြောင့် သင်္ခတမည်သနည်း ဟူဘွယ် ရှိ၍ "သမေစ္စ သမ္ဘုယျ ပစ္စယေဟိ ကတန္တိ သင်္ခတံ"ကို မိန့်ဆိုတော်မူသည်။

"သမေစ္စ ကတန္တိ သင်္ခတံ"သာ ဆိုလိုရင်း။

သံ-သဒ္ဒါ သမာဂမန-အနက်ကို ဟောသည်။ ထိုသံ-နှင့် ကတ-ကို "သမေစ္စ ကတန္တိ သင်္ခတံ" ဟူ၍ တပ္ပုရိသ်သမာသ်ယှဉ်တွဲအပ်သည်။ နာမ်ရုပ်တရားသည် အညီအညွတ်ပေါင်းဆုံ၍ ပြုစီရင်အပ်သည်၏အဖြစ်တည်းဟူသော အကြောင်း ဗျုပ္ပတ္တိနိမိတ်ကြောင့် သင်္ခတမည်သည် ဟူလေ။

သမေစ္စ-၌ သံ ရှေ့ရှိသော ဣဓာတ်၊ တွာပစ္စည်း။ ထိုဣဓာတ်သည် ဣ-ဂတိယံ-ဟူရကား ဂတိအနက်ကိုဟော၏။ ဉာဏဂတိ, ဂမနဂတိ, ပဝတ္တနဂတိ-သုံးပါးတွင်ကား ပဝတ္တနဂတိကိုဟော၏ ဟု ပြခြင်းငှါ ဣ-ဓာတ်ကို ဘူဓာတ်နှင့် လည်း၍ သမေစ္စ-ကို သမ္ဘုယျ-ဟု ဖွင့်ပြတော်မူသည်။

အညီအညွတ်ဖြစ်၍ ပြုအပ်သော ဟူရာဝယ် အဘယ်သည် ပြုအပ်သနည်း၊ ပြုဟူမှာ သိကြား စသော ပုဂ္ဂိုလ်သည် ပြုအပ်သလော၊ ဝါ—

> ကတ္တာ သဗ္ဗကြိယာဗျာပီ၊ သေသံ ကမ္မာဒိကာရကံ။
> ဝိသေသကြိယာဗျာပီတိ၊ ကာရကံ ဒုဝိဓံ မတံ။

ဟူ၍ ကတ္တုကာရက၏ ကြိယာ ဟူသမျှ၌ နှံ့၍ဖြစ်ကြောင်းကို သဒ္ဒဝိဒူတို့ မိန့်ဆိုသောကြောင့် ဤ ကတံ-၌ အန္တတ္ထဖြစ်သော ကရဏကြိယာသည် ကတ္တားနှင့် မကင်းကောင်းရကား ဤကရဏကြိယာ၏ ကတ္တားသည် အဘယ်နည်း ဟူဘွယ် ရှိ၍ "ပစ္စယေဟိ" ကို မိန့်ဆိုရပြန်သည်။

အကြောင်းတရားတို့သည် အညီအညွတ်ဖြစ်၍ ပြုစီရင်အပ်သည်၊ ကရဏ ကြိယာသည် ကတ္တားမှ မဆိတ်၊ ယင်း ကြိယာ၏ ကတ္တားလည်း ပုဂ္ဂိုလ် မဟုတ်၊ ပစ္စည်းတရားဖြစ်သည် ဟူလို။

အသင်္ခတံ-၌ အ-နှင့် သင်္ခတ-ကို အဘယ်သို့ သမာသ် ယှဉ်တွဲအပ်သနည်း၊ နိဗ္ဗာန်သည် အဘယ်သို့သော အကြောင်း ဗျုပ္ပတ္တိနိမိတ်ကြောင့် အသင်္ခတ မည်သနည်း ဟူဘွယ်ရှိ၍ "န သင်္ခတန္တိ အသင်္ခတံ" ကို မိန့်ဆိုပြန်ရသည်။ "န သင်္ခတန္တိ အသင်္ခတံ" ဟူ၍ တပ္ပုရိသ်သမာသ် ယှဉ်တွဲလေ။

နိဗ္ဗာန်သည် အကြောင်းတို့ အညီအညွတ်ဖြစ်၍ မပြုမစီရင်အပ်သည်၏ အဖြစ်တည်း ဟူသော အကြောင်း ဗျုပ္ပတ္တိနိမိတ်ကြောင့် အသင်္ခတမည်သည် ဟူလေ။

နိဗ္ဗာန်ကို အကြောင်းတရားတို့ အညီအညွတ်ဖြစ်၍ မပြုမစီရင်အပ် ဟူ၍၊ အဘယ်တရားကို ပြုစီရင်အပ်သကဲ့သို့ မပြုမစီရင်အပ်သနည်း ဟူဘွယ်ရှိ၍ တထာ-ဟူသော ဥပမာသမ္ပိဳဍ်ပါဒနတ္ထ နိပါတ်ကို ဆိုပြန်ရသည်။ နာမ်ရုပ် တရားတို့ကို အကြောင်းတရားတို့ အညီအညွတ်ဖြစ်၍ ပြုစီရင်အပ်သကဲ့သို့ အကြောင်းတရားတို့ အညီအညွတ်ဖြစ်၍ မပြုမစီရင်အပ်သည် ဟူလို။

အသင်္ခတသဒ္ဒါကို ပြဆိုခဲ့သည့်အတိုင်း တပ္ပုရိသ်သမာသ်သာ ပြုအပ်သည် မဟုတ်၊ "နတ္ထိ သင်္ခတံ သင်္ခတလက္ခဏံ ဧတဿာတိ အသင်္ခတံ" ဟူ၍ စတုတ္ထီဗဟုဗ္ဗိဟိသမာသ်လည်း ပြုအပ် ပြုသင့်၏။ နိဗ္ဗာန်သည် ပြဆိုခဲ့ပြီးသော အကြောင်းကြောင့်သာ အသင်္ခတမည်သည် မဟုတ်၊ ဥပါဒ် ဌီ ဘင် ဟူသော သင်္ခတလက္ခဏာမရှိသည်၏ အဖြစ်တည်း ဟူသော အကြောင်းကြောင့်လည်း အသင်္ခတမည်၏ ဟု ပြတော်မူလိုသော အဋ္ဌကထာဆရာသည် "သင်္ခတလက္ခဏ-ရဟိတတ္တာ စ" ကို မိန့်ဆိုတော်မူပြန်သည်။

ဤ၌ သင်္ခတလက္ခဏသဒ္ဒါဖြင့် "သင်္ခတဿ လက္ခဏံ သင်္ခတလက္ခဏံ" ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြု၍ လက္ခဏ-ဟူသော နောက်ပုဒ်ကျေသည်၏ အဖြစ်ကို ပြသည်။ သင်္ခတလက္ခဏ-အရကို ဥပါဒ် ဌီ ဘင် ဟူသော သင်္ခတလက္ခဏာကို ယူ။ ထို ဥပါဒ် ဌီ ဘင် ခဏသုံးပါး၏ သင်္ခတလက္ခဏမည်ကြောင်းကိုလည်း—

"တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ"

ဟူသော တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် (၁၅၀) ကို ထောက်၍ သိလေ။ ရဟိတ-သဒ္ဒါဖြင့် စတုတ္ထီဗဟုဗ္ဗိဟိသမာသ်ပြုအပ်သည်၏ အဖြစ်ကို ပြသည်။

ထိုထို အဋ္ဌကထာ ဋီကာ အစရှိသော သံဝဏ္ဏနာတို့၌ န-သဒ္ဒါကို ပုဒ်တပါးနှင့် သမာသ်ယှဉ်တွဲရာ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရမည်ကို ပြလိုသော် အဘာဝ သဒ္ဒါဖြင့်သော်၎င်း ဝိရဟသဒ္ဒါဖြင့်သော်၎င်း ထည့်လောင်း၍ ပြတော်မူကြမြဲ ဖြစ်သည်။ ထိုတွင်—

ရူပသဘာဝါဘာဝတော အရူပံ။ ပပဉ္စာဘာဝတော နိပ္ပပဉ္စံ။

ဟူသော အဘိဓမ္မာဝတာရဋီကာ ၌ ရူပသဘာဝါဘာဝတော-ဖြင့် ရူပဿ သဘာဝေါ-ပြု၍ ဥတ္တရပဒလောပတပ္ပုရိသ် သမာသ်ဖြစ်ပြီးသော ရူပသဒ္ဒါကို န-သဒ္ဒါနှင့် "နတ္ထိ ရူပံ ဧတဿာတိ အရူပံ" ဟူ၍ ဗဟုဗ္ဗိဟိသမာသ်ပြုအပ်

သည်၏အဖြစ်၊ ပပဉ္စာဘာဝတော-ဖြင့် နိ-နှင့် ပပဉ္စ-ကို “ နတ္ထိ ပပဉ္စံ တေသာတိ နိပ္ပပဉ္စံ ” ဟူ၍ ဗဟုဗ္ဗီဟိသမာသ် ပြုအပ်သည်၏ အဖြစ်ကို ပြသည်။

ရုပ်တို့၏ ရှေ့ရုပ်အစဉ်နှင့် မတူမူ၍ နောက်ရုပ်အစဉ်၏ဖြစ်ခြင်း ဟု ဆိုအပ်သော ရုပ္ပနသဘော၊ ဝတ္ထုအာရုံတို့၏ ထိပါးခြင်းရှိသည်၏အဖြစ်၊ အဋ္ဌက နဝက အစရှိသော ကလာပ်အစုအားဖြင့် ဖြစ်ခြင်းကြောင့် အရပ်ဒေသနှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်တည်း ဟူသော သဘောသည် ရူပသဘာဝမည်၏။

နိဗ္ဗာန် ဟူသည် မည်သည့်အရပ်မျက်နှာဒေသ၌ ရှိ၏ ဟူ၍ မညွှန်ပြအပ်၊ မညွှန်ပြနိုင်သည်၏ အဖြစ်ကြောင့် ထိုနိဗ္ဗာန်အား တစုံတခုသော တရား၌ မထိပါးတတ်သည်၏အဖြစ် ရှိရာအရပ်ဒေသမရှိသည်၏ အဖြစ်ကို ရူပဘာဝါ ဘာဝတော-ဖြင့် ပြတော်မူသည်။ “ ပါပကရဏေ ရဟာဘာဝတောပိ အရဟံ ” ဟူသော ပါရာဇိကဏ်အဋ္ဌကထာ (၇) အရဟံဂုဏ်တော်အဖွင့်၊ “ ပါပကရဏေ ရဟာဘာဝတော ဝါ အရဟာ ” ဟူသော ဋီကာကျော် (၉၈) လောကုတ္တရာစိတ် အဖွင့်တို့၌ ရဟာဘာဝတော-ဖြင့် “ နတ္ထိ ရဟော တေသာတိ အရဟာ ” ဟူသော ဗဟုဗ္ဗီဟိသမာသ်ကို ပြသည်။

အဋ္ဌကထာ၌ တေသ-ဖြင့် မြတ်စွာဘုရားကိုစွဲ၊ ဋီကာ၌ ခီဏာသဝသာမန်ကိုစွဲ။

“ ဥပ္ပါဒဝယန္တာဘာဝေန အနန္တံ ” ဟူသော အဘိဓမ္မာဝတာရ ဋီကာ ၌ ဥပ္ပါဒဝယန္တာဘာဝေန-ဖြင့် “နတ္ထိ အန္တံ တေသာတိ အနန္တံ”ဟူသော ဝိဂ္ဂဟကို—

“ ပလောကိတာဘာဝေန အပလောကိတံ ” ဟူသော ၎င်း၌ ပလောကိတာ-ဘာဝေန-ဖြင့် “နတ္ထိ ပလောကိတံ တေသာတိ အပလောကိတံ”ကို—

“နိဒဿနသင်္ခါတာယ ဝါ ဥပမာယ အဘာဝတော အနိဒဿနံ” ဟူသော ၎င်း၌ နိဒဿနသင်္ခါတာယ ဝါ ဥပမာယ အဘာဝတော-ဖြင့် “နတ္ထိ နိဒဿနံ တေသာတိ အနိဒဿနံ” ဟူသော ဝိဂ္ဂဟကို ပြသည်။

“သမ္ပယုတ္တဿ အလောဘာဒိဟေတုနော အဘာဝါ အဟေတုကံ” ဟူသော ဋီကာကျော်၌ သမ္ပယုတ္တဿ အလောဘာဒိဟေတုနော အဘာဝါ-ဖြင့် “နတ္ထိ ဟေတု တေသာတိ အဟေတုကံ” ဟူသော ဝိဂ္ဂဟကို—

“တဒင်္ဂါဒိဝသေန ပဟာတဗ္ဗာဘာဝတော အပ္ပဟာတဗ္ဗံ” ဟူသော ၎င်း၌ တဒင်္ဂါဒိဝသေန ပဟာတဗ္ဗာဘာဝတော-ဖြင့် “နတ္ထိ ပဟာတဗ္ဗံ တေသာတိ အပ္ပဟာတဗ္ဗံ” ဟူသော ဝိဂ္ဂဟကို ပြသည်။

“ ပရိယန္တပရိစ္ဆေဒဘာဝရဟိတတ္တာ အနန္တံ ဝုစ္စတိ နိဗ္ဗာနံ ” ဟူသော ပရိဝါအဋ္ဌကထာ (၂၉၃)၌ ပရိယန္တပရိစ္ဆေဒဘာဝရဟိတတ္တာ-ဖြင့် အနန္တံ-ကို— “နတ္ထိ အန္တံ တေသာတိ အနန္တံ” ဟု ဝိဂ္ဂဟပြုရမည်ကို ပြသည်။

“အနန္တန္တိ အန္တရဟိတံ။ နိစ္စန္တိ အတ္ထော”ဟူသော ဥပရိပဏ္ဏာသဋီကာ (၂၃၇)၌ အနန္တရဟိတံ-ဖြင့် “နတ္ထိ အန္တံ ဧတဿာတိ အနန္တံ” ဟူသော ဝိဂ္ဂဟကိုပြသည်။

“အပုတ္တကံ ကုလမနေရက္ခကေန ပုတ္တေန ဝိရဟိတံ” ဟူသော ပါရာဇိကဏ် အဋ္ဌကထာ (၁၇၇)၌ပုတ္တေန ဝိရဟိတံ-ဖြင့် “နတ္ထိ ပုတ္တော ဧတဿာတိ အပုတ္တကံ” ဟူသော ဝိဂ္ဂဟကို ပြသည်။

“နိဝရဏာဒိဗျာပါဒရဟိတတ္တာ အဗျာပဇ္ဇာတိ ဝုတ္တာ” ဟူသော မူလဋီကာ ၌ ဗျာပါဒရဟိတတ္တာ-ဖြင့် “နတ္ထိ ဗျာပဇ္ဇံ ဧတဿာတိ အဗျာပဇ္ဇံ” ဟူသော ဗဟုဗ္ဗီဟိဝိဂ္ဂဟ်ကို ပြသည်။

## အဋ္ဌကထာဆရာ ဖြေဆိုပုံ

အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် အသခ်တံ-ဟုဟောလျှင်ပင် နိဗ္ဗာန်၏ အကြောင်းတို့ အညီအညွတ်ဖြစ်၍ မပြုအပ်သည်၏အဖြစ်ကို ပြရခြင်း ကိစ္စပြီး ကောင်းလျက် အကတံ-ကို အဘယ်အကျိုးငှါ ဟောတော်မူပြန်လေသနည်း ဟူဘွယ်ရှိ၍ “ဧဝံ။ ပ။ အကတန္တိ ဝုတ္တံ”ကို မိန့်ဆိုရပြန်သည်။

“န ကေနစိ ကတန္တိ ဒဿနတ္ထံ အကတန္တိ ဝုတ္တံ”သာ ဆိုလိုရင်း။

နိဗ္ဗာန်ကို တစုံတခုသော တခုတည်းသော အကြောင်းသည် မပြုအပ် ဟု ပြခြင်းအကျိုးငှါ အကတံ-ကို ဟောတော်မူပြန်သည် ဟူလို။

နိဗ္ဗာန်ကို တစုံတခုသော တခုတည်းသော အကြောင်းသည် မပြုအပ်ဟု ပြခြင်းအကျိုးငှါ အကတံ-ကို ဟောတော်မူသည် ဟူ၏၊ ကာမ ရူပ အရူပ-ဟူသော တေဘူမကသင်္ခါရတရားတို့သည် ပုထုဇဉ်တို့၏ သန္တာန်၌လည်း ဖြစ်ကုန်၏။ ပုထုဇဉ်တို့အားလည်း မပယ်အပ်သေးသော ဝိပလ္လာသရှိကုန်သည်ဖြစ်၍ ငါတို့ သန္တာန်၌ဖြစ်သော ဤတရားတို့ကား တင့်တယ်ခြင်း ချမ်းသာခြင်း သုဘ သုခ သဘောရှိကုန်၏ ဟု မှတ်ထင်ယုံမှားကြသောကြောင့် သင်တို့ မှတ်ထင်သည့် အတိုင်း သုဘ သုခ မဟုတ်ကုန်။ စင်စစ်ကေန် ဒုက္ခသာမှန်၏ ဟု ပြခြင်းငှါ ယင်းတို့၏ ဒုက္ခသစ္စာအဖြစ်ကို ဟောတော်မူသည်။ မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်တို့ မူကား ထိုက်သည်အားလျော်စွာ အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဖြစ်ကုန် သည်။ ပုထုဇဉ်တို့၏ သန္တာန်၌ မဖြစ်ကုန်။ အရိယာပုဂ္ဂိုလ်တို့အားလည်း သော တာပတ္တိမဂ်ကို ရသည်နှင့်တပြိုင်နက်ပင် ဒိဋ္ဌိ, ဝိစိကိစ္ဆာ-တို့ကို မိမိတို့သန္တာန်ဝယ် တံဖန်အသစ် မဖြစ်စေနိုင်အောင် သောတာပတ္တိမဂ်ဉာဏ်သည် သမုစ္ဆေဒပဟာန် အားဖြင့် ကုန်စင်ကြွင်းမဲ့ ပယ်ဖျက်ပြီးဖြစ်ရကား ထိုတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ, ဝိပရိဏာမသဘောကို လက်ဝါးပြင်ထက် တင်ထားသော ပတ္တမြားကို မျက်ဝါးထင်ထင် သိမြင်သကဲ့သို့ သိမြင်ပြီးဖြစ်၍ ဤလောကုတ္တရာ

စိတ္တုပ္ပါဒ်တို့သည် နိစ္စ, သုဘ, သုခ စသည်သဘောရှိလေသလော ဟု တွေးတော ယုံမှားခြင်းမရှိသည်သာ ဖြစ်သောကြောင့် ယင်းတို့၏ ဒုက္ခသစ္စာအဖြစ်ကို ဟောပြတော်မမူသကဲ့သို့ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်၏ညီညွတ်သော ခပ်သိမ်း သော အကြောင်းတို့သည် မပြုမစီရင်အပ်သည်၏ အဖြစ်ကို အသင်္ခတံ-ဖြင့် ဟောပြတော်မူပြီး ဖြစ်ရကား နိဗ္ဗာန်ကို တစုံတခုသော အကြောင်းသည် ပြုအပ်လေသလော ဟု တွေးတောယုံမှားခြင်း မရှိတန်ရာ။ ယင်းသို့မရှိကလည်း နိဗ္ဗာန်၏ တစုံတခုသောအကြောင်းသည် မပြုအပ်သည်၏အဖြစ်ကို မပြသင့် တန်ရာ။ ထိုသို့လျှက် အဘယ့်ကြောင့် အကတံ-ဖြင့် နိဗ္ဗာန်၏ တစုံတခုသော အကြောင်းသည်မျှ မပြုအပ်သည်၏ အဖြစ်ကို ပြတော်မူပြန်လေသနည်းဟူဘွယ် ရှိ၍ "အာသင်္ကာယ"ကို မိန့်ဆိုတော်မူရပြန်သည်။

ယုံမှားခြင်းမရှိဘဲ ပြတော်မူသည်မဟုတ်၊ ယုံမှားခြင်းရှိသောကြောင့်သာ ပြသည်ဟူလို။ ယုံမှားဘွယ်ရှိသည်ဟူ၏။ အဘယ်သို့ ယုံမှားဘွယ်ရှိသနည်း ဟူဘွယ်ရှိ၍ "သိယာ နု ခေါ ဧကေနေဝ ကာရဏေန ကတန္တိ"ကို မိန့်ဆိုရ ပြန်သည်။ ထိုနိဗ္ဗာန်ကို တခုတည်းသော အကြောင်းသည် ပြုအပ်လေသလောဟု ယုံမှားဘွယ်ရှိသည် ဟူလေ။

နိဗ္ဗာန်ကို တခုတည်းသော အကြောင်းသည် ပြုအပ်လေသလော ဟု ယုံမှား ခြင်းဖြစ်ရာသည် ဟူ၏။ အဘယ့်ကြောင့်ကား ဤသို့သော ယုံမှားခြင်းဖြစ်ရလေ သနည်း ဟူဘွယ်ရှိ၍ "ဧဝံ အနေကေဟိ ကာရဏေဟိ နိဗ္ဗတ္တိယသဘာဝေ ပဋိသိဒ္ဓေ"ကို မိန့်ဆိုရပြန်သည်။

နိဗ္ဗာန်၏ များစွာသော အကြောင်းတို့သည် ပြုအပ် ဖြစ်စေအပ်သည်၏ အဖြစ်တည်းဟူသော သဘောကို "န တထာ သင်္ခတံ သင်္ခတလက္ခဏာရဟိတန္တိ" စသည်တို့ဖြင့် တားမြစ်အပ်လေရကား များစွာသောအကြောင်းတို့မပြုအပ်သော် တခုတည်းသော အကြောင်းသည် ပြုအပ်လေသလော ဟု ယုံမှားဘွယ်ရှိရာသည် ဟူလေ။

"နိဗ္ဗတ္တိယသဘာဝေ-နိဗ္ဗတ္တိယသဘာဝ**သ**၊ ၏။ ဝါ၊ ကို။ပဋိသိဒ္ဓေ-ပဋိသိဒ္ဓတ္တာ၊ တားမြစ်အပ်သည်၏ အဖြစ်ကြောင့်" ဟု မြန်မာပြန်။

အရှင်အဋ္ဌကထာဆရာ၊ မြတ်စွာဘုရားသည် အသင်္ခတံ-ဖြင့် နိဗ္ဗာန်၏ အညီ အညွတ်ဖြစ်သော များစွာသောအကြောင်းတို့သည် မပြုမစီရင်အပ်သည်၏အဖြစ်၊ အကတံ-ဖြင့် တခုတည်းသော အကြောင်းသည်လည်း မပြုမစီရင်အပ်သည်၏ အဖြစ်ကို ဟောပြတော်မူပြီး ဖြစ်သည်။ ယင်းသို့ အကြောင်းဟူသမျှ မပြုအပ် ကလည်း နိဗ္ဗာန်သည် မဖြစ်ဟူသော သဘော သိသာ ထင်ရှားရာ ပါသည်။ ထိုသို့လျှက် အဘယ်ကြောင့် အဘူတံ-ကို ဟောတော်မူပြန်သနည်းဟူဘွယ် ရှိ၍ "ဧဝံ အပ္ပစ္စယမ္ပိ" စသည်ကို မိန့်ဆိုရပြန်သည်။

အသင်္ခတံ အကတံ-တို့ဖြင့် နိဗ္ဗာန်ကိုများစွာသောအကြောင်း, တခုတည်းသောအကြောင်းတို့သည် မပြုမဖြစ်စေအပ်သည်၏အဖြစ်ကိုပြသဖြင့် နိဗ္ဗာန်အားဖြစ်ကြောင်းမရှိသည်၏ အဖြစ်သည် သိသာထင်ရှားပါပေ၏၊ ယင်းသို့ ထင်ရှားသော်လည်း ထိုနိဗ္ဗာန်သည် ဖြစ်ကြောင်း မရှိဘဲပင် မိမိလျှောက်လျှားဘာသာသဘောအားဖြင့်သော် ဖြစ်ရာသေး၏။ ဤသို့ တစုံတယောက်သော သူအား ယုံမှားဘွယ် ဖြစ်ရာသေးသောကြောင့် ထိုသို့ ယုံမှားခြင်းကို တားမြစ်ခြင်းအကျိုးငှါ အဘူတံ-ကို ဟောတော်မူသည် ဟူလို။

အရှင်အဋ္ဌကထာဆရာ၊ မြတ်စွာဘုရားသည် အသင်္ခတံ, အကတံ, အဘူတံ-တို့ဖြင့် နိဗ္ဗာန်၏ များစွာသောအကြောင်းသည်၎င်း တခုတည်းသော အကြောင်းသည်၎င်း မပြုအပ်သည်၏အဖြစ်, မိမိသဘောအားဖြင့် ဘာသာလျှောက်လျှားလည်း မဖြစ်သည်၏ အဖြစ်တည်းဟူသော သဘောကို ကုန်စင်ကြွင်းမဲ့ပြပြီးဖြစ်ပါလျက် အဘယ်အကျိုးငှါ "အဇာတံ"ကို ဟောတော်မူပြန်လေသနည်းဟူဘွယ်ရှိ၍ "အယဥ္စ။ပ။ဒဿေတုံ ဝုတ္တံ"ကို မိန့်ဆိုရပြန်သည်။

နိဗ္ဗာန်၏ အသင်္ခတ, အကတ, အဘူတ-သဘောရှိရခြင်းသည် ထိုနိဗ္ဗာန်၏အချင်းခပ်သိမ်းဖြစ်တတ်သော သဘော ဖြစ်ခြင်းသဘော မရှိသည်၏အဖြစ်ကြောင့်သာတည်း၊ တပါးသော အကြောင်းကြောင့်မဟုတ် ဟူ၍ပြတော်မူခြင်းငှါ "အဇာတံ" ကိုဟောတော်မူပြန်သည်ဟူလေ။ ဤပါဠိ အဋ္ဌကထာတို့၌ ကြွင်းသော စကားအရာဝယ် အဓိပ္ပါယ်ကို ပြန်ဆိုခဲ့ပြီးသော အနက်သို့ အစဉ်လျှောက်၍ သိနိုင်လောက်ပြီ ဖြစ်သောကြောင့် မပြ မဆိုလိုက်သည်။

## အချို့ ဝိနိစ္ဆယဆရာတို့ ပြဆိုကြပုံ

အချို့ဝိနိစ္ဆယဝယ်, ဤဥဒါန်းပါဠိ အဋ္ဌကထာတို့၌ ဤသို့သော အနက် အဓိပ္ပါယ်တို့ကို ပြဆိုကုန်၏။ ဆိုဟန်ကို ပြလိုက်ဦးအံ့။

အထဝါ၊ တနည်းကား။ ဝေဒနာဒယော ဝိယ၊ ဝေဒနာ အစရှိသော တပါးသော ပရမတ္ထ တရား တို့ကဲ့သို့။ ဟေတု ပစ္စယ သမဝါယသင်္ခါတာယ၊ အကြောင်းရင်း အကြောင်းဖျားတို့ ပေါင်းဆုံမိခြင်းဟု ဆိုအပ်သော။ ကာရဏသာမဂ္ဂိယာ၊ အကြောင်းတရားတို့ညီညွတ်လှသဖြင့်။ ဝါ၊ ညီညွတ်လှသော်လည်း။ န ဇာတံ န နိဗ္ဗတ္တံ၊ ဥပါဒ်ပေါ်အောင် ဖြစ်လာသည်မဟုတ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ အဇာတံ၊ အဇာတမည်၏။ ကာရဏေန၊ ဒါန သီလ ဘာဝနာ မဂ် ဖိုလ်ဟူသော အကြောင်းဝေး, အကြောင်းနီးနှင့်။ ဝိနာ၊ ကင်း၍။ သယမေဝ၊ မိမိဘာသာပင်လျှင်။ န ဘူတံ-န ပါတုဘူတံ၊ သဘောအားဖြင့် ထင်ရှားပေါ်လာနိုင်သည်မဟုတ်။ န ဘူတံ-န ဥပ္ပန္နံ၊ သဘောအားဖြင့်

ဖြစ်လာနိုင်သည်မဟုတ်။ ဉ္စတိ တသ္မာ၊ ထိုသို့အကြောင်းနှင့်ကင်း၍ လျောက်လျား ဘာသာ မဖြစ်ပေါ်လာနိုင်, အကြောင်းရှိမှသာလျှင် ဖြစ်ပေါ်လာနိုင်သော ကြောင့်ဒင်း။ တံ၊ ထိုနိဗ္ဗာန်သည်။ အဘူတံ၊ အဘူတမည်၏။ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ အဇာတတ္တာ၊ အကြောင်းတရားတို့ကိုစွဲ၍ ဥပါဒ် ပေါ်အောင်မဖြစ်သောကြောင့်။ အဘူတတ္တာ စ၊ အကြောင်းများစွာနှင့်ကင်း၍ သဘောအားဖြင့်မျှ ဖြစ်ပေါ်လာနိုင်သည် မဟုတ်သောကြောင့်ဒင်း။ ကေနစိ- ကာရဏေန၊ တစုံတခုသော အကြောင်းသည်။ န ကတံ၊ ပြုအပ်သော်လည်း ပြုအပ်သည်မမည်။ ပြုလည်း မပြုနိုင်။

အဇာတတ္တာ-ဟူသောရှေ့ဟိတ်ကို ငဲ့၍ ပြုအပ်သော်လည်း ပြုအပ်သည်မမည်။ အဘူတတ္တာ-ဟူသော နောက်ဟိတ်ကိုငဲ့၍ ပြုလည်း မပြုနိုင် ဟု ဆိုအပ်သတည်း။

## အဓိပ္ပါယ်ကား

နိဗ္ဗာန်ဟူက အကြောင်းတရား များစွာတို့ကို စွဲ၍ ပေါ်လာသော်လည်း ဥပါဒ် အားဖြင့် နိဗ္ဗတ္တိလက္ခဏာ မြောက်အောင် ပေါ်လာသည် မဟုတ် သောကြောင့် စင်စစ် ဇာတ-ဟူ၍ မဆိုထိုက်။ ထိုသို့ ဇာတ ဟု မဆိုထိုက်သောကြောင့် တစုံ တခုသော အကြောင်းသည် ပြုအပ်သော်လည်း ဥပါဒ်ပေါ်အောင် မပြုနိုင်သဖြင့် ပြုအပ်သည် မဆိုထိုက် ဟူလို။ "အဇာတတ္တာ အကတံ" ၏ အဓိပ္ပါယ်။

နိဗ္ဗာန် ဟူက အကြောင်းများစွာနှင့်ကင်း၍ ဥပါဒ်အားဖြင့် မဆိုထားဘိ၊ ငြိမ်းအေးခြင်း သဘောအားဖြင့်ပင် ထင်ရှား မပေါ်လာနိုင်သည်ဖြစ်၍ အကြောင်းများစွာသည်သာ ပြုအပ်နိုင်ရကား တခုသော အကြောင်းမျှသည် အဘယ်ပြုအပ်နိုင်အံ့နည်း၊ မပြုအပ်နိုင်သည်သာ ဟူလို။

"အဘူတတ္တာ အကတံ" ၏ အဓိပ္ပါယ်။ ခဲစွ။ ခဲကြပါကုန်။

ဤအဋ္ဌကထာဝယ် အဇာတံ-ကို အနိဗ္ဗတ္တံ-ဖွင့်သဖြင့် ဥပါဒ် ဟူသော နိဗ္ဗတ္တန လက္ခဏာပေါ်အောင် မဖြစ်သည်ကို ဆိုသည်၊ အဘူတံ-ကို န ပါတုဘူတံ-ဖွင့်သဖြင့် အကြောင်းကင်းသည်ရှိသော် ဥပါဒ်အားဖြင့် မဆိုထားဘိ၊ ငြိမ်းအေးခြင်း သဘာဝအားဖြင့်ပင် မထင်ရှားနိုင် မပေါ်လာနိုင်သည်ကို ဆိုသည်မှတ်။

အဒ္ဓါ, သန္တတိ, ခဏတ္တယမျိုးအားဖြင့် ဖြစ်ခြင်းကို နိဗ္ဗတ္တိဆိုကြောင်းနှင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ မိန့်မှာအပ်ပြီ။ ဤဥဒါန်းပါဠိတော်အရာ ဤအဋ္ဌကထာ ဖွင့်အရ "အဇာတ, အဘူတ" ကို သဘောလှလှ ကျကြ၍ရှိလျှင် နိဗ္ဗာန် ဟူက အကြောင်းတရား များစွာတို့ကြောင့် ဥပါဒ်အားဖြင့် မဖြစ်သော်လည်း ငြိမ်း အေးခြင်း သဘောအားဖြင့် ထင်ရှား ပေါ်လာရမြဲ ဖြစ်ကြောင်းနှင့် ဥဒါန်း အဋ္ဌကထာ၌ပင် လာသည် ဟု ခိုင်မာရဲဝံ့စွာ ဆိုနိုင်ကြလတ္တံ့။

ဥပါဒ်ကင်းလျက် သဘောအားဖြင့် ဖြစ်ပေါ်လာသည် ဟူရာဝယ် တစုံတခု တိုက်နှံရ၍ ပြတင်းပေါက် ဖောက်သည့်အခါ ဥပါဒ်အထည် ဒြဗ်မထင်ဘဲလျက် ပရိစ္ဆေဒါကာသ ဟင်းလင်း ကောင်းကင် အထင်အရှားပေါ်လာဘိသကဲ့သို့ မှတ်။

ဘူတဘာဝေါ စ နာမ၊ ထင်ရှားစွာဖြစ်နေရခြင်းမည်သည်ကား။ ရူပါဒီနံ၊ ရုပ် အစရှိကုန်သော။ သင်္ခတဓမ္မာနံ၊ သင်္ခတတရားတို့အားသာလျှင်။ ဟောတိ၊ ဖြစ်၏။ အသင်္ခတသဘာဝဿ၊ အသင်္ခတသဘောလက္ခဏာရှိသော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်အား။ န၊ မဖြစ်နိုင်။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြခြင်းငှါ။ အသင်္ခတန္တိ၊ အသင်္ခတံ-ဟူ၍။ ဝုတ္တံ၊ မိန့်တော်မူပြန်၏။

ဝါ၊ တနည်းကား။ ပဋိလောမတောပိ၊ နောက်ဆုတ် ပြန်လှန် ပဋိလောမနည်း ကြံသောအားဖြင့်လည်း။ ပစ္စယေဟိ၊ အကြောင်းဝေး အကြောင်းနီးတို့သည်။ သမေစ္စ သမ္ဘုယျ၊ တကွညီညွတ် ကပ်ရောက်လာကြကုန်၍။ ကတံ၊ ပြုစီရင် အပ်သည်တည်း။ ဣတိ၊ ထို့ကြောင့်။ သင်္ခတံ၊ သင်္ခတ မည်၏။ တထာ၊ ထိုသင်္ခတ တရားနှင့် အတူတူပင်။ သင်္ခတမ္ပိ၊ အကြောင်းများစွာတို့ ပြုပြင်အပ်သော်လည်း။ (ထည့်ပါ)။ တထာ၊ ထိုသင်္ခတတရားနှင့်အတူ။ (သိလေသ-နည်း)။ န သင်္ခတံ၊ သင်္ခတလက္ခဏာမပေါ်။ သင်္ခတလက္ခဏရဟိတံ၊ အလွန် သိမ်မွေ့နူးညံ့စွာ ဖြစ်ပေါ် လာသဖြင့် ပြုပြင်၍ ဖြစ်ပုံ အခြင်းအရာလက္ခဏာမှ ကင်း၍နေ၏။ ဣတိ၊ ထို့ကြောင့်။ အသင်္ခတံ၊ အသင်္ခတ မည်၏။ ဧဝံ၊ ဤသို့။ အနေကေဟိ၊ များစွာ ကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ နိဗ္ဗတ္တိယသဘာဝေ၊ ဖြစ်စေ အပ်ပုံအခြင်းအရာ သဘောလက္ခဏာကို။ ပဋိသိဒ္ဓေ၊ တားမြစ်အပ်သည်ရှိသော်။ ဧကေနေဝ ကာရဏေန၊ တခုတည်းသော အကြောင်းသည်သာလျှင်။ ကတံ၊ ပြုအပ်သည်။ သိယာ နု ခေါ၊ ဖြစ်လေပါသလော။ ဣတိ၊ ဤသို့။ အာသင်္ကာယံ၊ ယုံမှားဘွယ်ရှိသည်ရှိသော်။ တံနိဝတ္တနတ္ထံ၊ ငှါ။ ဝုတ္တံ၊ မိန့်အပ်ပြန်၏။ စ၊ ရှင်းပြင်လည်း။ တေသံ၊ ဤနိဗ္ဗာန်၏။ အယဋ္ဌ အသင်္ခတာ ကတာ ဘူတ-သဘာဝေါ၊ ဤများစွာသော အကြောင်းတို့သည် ပြုပြင်အပ်သော်လည်း ပြုပြင် အပ်သည် မမည်သော သဘော, တခုတည်းသော အကြောင်းသည်လည်း မပြု နိုင်သောသဘော, အကြောင်းကင်း၍လည်း မဖြစ်နိုင်သော သဘောရှိသော တရားသည်လည်း။ သဗ္ဗေန-သဗ္ဗံ၊ အချင်းခပ်သိမ်း။ အဇာတိဓမ္မတာ၊ ဖြစ်ပေါ် လာတတ်သော သဘောတရားမဟုတ်။ ။(ဓမ္မတ္တာ-ဟု သံယုတ်နှင့်ရှိသည်ကား ပါဌ်ပျက်)။ ဣတိ၊ ဤသို့ အသင်္ခတ, အကတ, အဘူတသဘောရှိသော နိဗ္ဗာန်၏ အချင်းခပ်သိမ်းဖြစ်လာ ပေါ်လာတတ်သည် မဟုတ်သည်၏အဖြစ်ကို။ ဒဿနတ္ထံ၊ ပြခြင်းငှါ။ အဇာတန္တိ၊ အဇာတံ-ဟူ၍။ ဝုတ္တံ၊ မိန့်တော်မူရပြန်၏။

ဤကား အဓိပ္ပါယတ္ထပေါ်အောင် ယောဇနာအပ်သော တတိယဥဒါန ဝဏ္ဏနာ၏ လိုရင်း ဂဏ္ဌိပဗ္ဗယောဇနာ၁တည်း။

ဤ ဥဒါန်းပါဠိတော်အရ ဤအဋ္ဌကထာ၏ ဖွင့်ပုံ အနုလောမနည်း ပဋိလောမနည်း နှစ်စုံလုံးပင် အကုန်သားခက်ခဲ နက်နဲလှသည့်အရာကို ပညာရှင်တို့ များများကြီး သတိထင်ကြပါစေကုန်သတည်း။

ဤသို့ "အထဝါ ဝေဒနာဒယော ဝိယ" အစရှိသော အဋ္ဌကထာဝယ် ပါဠိ အဋ္ဌကထာတို့နှင့် မညီမလျော် မြတ်စွာဘုရားအလိုတော် အဋ္ဌကထာဆရာတို့ အလိုတော်များနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သော အနက်အဓိပ္ပါယ်ကို ပြဆို၏။

"အတ္ထိ ဘိက္ခဝေ အဘူတံ အဇာတံ" အစရှိသော ပါဠိတော်၌လည်း—

ဘိက္ခဝေ၊ နိဗ္ဗာန် ဟူသည် အကြောင်းမရှိသည်ဖြစ်၍ ထင်ရှားမရှိရာ ဟု တွေးတောခြင်း မကင်းနိုင်ကြသေးသော ငါ၏ချစ်သား ရဟန်းများတို့။ အဇာတံ၊ အကြောင်းတရားတို့ကြောင့် ဖြစ်သော်လည်း အကြောင်းတရား တို့ကြောင့် ဖြစ်သည်လက္ခဏာ ဥပါဒ်မထင် အလွန်လျင် နက်နဲသိမ်မွေ့စွာ ဖြစ်လာထသော။ အဘူတံ၊ အကြောင်းတရားတို့ကြောင့် ဖြစ်ပုံလက္ခဏာ ဥပါဒ် မထင်သော်လည်း အကြောင်းနှင့်ကင်း၍ မိမိဘာသာ ဖြစ်ပေါ်လာသည် မဟုတ် ထသော။ အကတံ၊ အကြောင်းတရားတို့ကြောင့် ဖြစ်သော်လည်း အကြောင်း တရားတို့ကြောင့် ဖြစ်သည် မဆိုထိုက်သည်ဖြစ်၍ အကြောင်းတရားတို့ ပြုအပ် သော်လည်း ပြုအပ်သည်မမည်၊ အကြောင်းများစွာတို့နှင့် မကင်းကောင်းသဖြင့် တခုတည်းသော အကြောင်းသည် မပြုပြင်နိုင်ထသော။ အသင်္ခတံ၊ သင်္ခတဆိုး ဒုက္ခအိုးတရားများကဲ့သို့ သင်္ခတလက္ခဏာ မထင်ရှားသော နိဗ္ဗာန်တရားသည် လည်း။ အတ္ထိ၊ သင်္ခတတရားမျိုးကဲ့သို့ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ပင် ဖြစ်၏။ (အနုလောမနည်း။)

တနည်းကား။ ဘိက္ခဝေ၊ နိဗ္ဗာန် ဟူက စကားမျှသာ အသားထင်ရှားမရှိ ယုံမှားမိကြကုန်သော ငါ၏ ချစ်သား ရဟန်းများတို့။ အသင်္ခတံ၊ အကြောင်း များစွာတို့ အခါခါညီညွတ်ပြုပြင်အပ်သော်လည်း ယင်းအကြောင်းများစွာတို့ ပြုစီရင်အပ်သည့်အသွင် သင်္ခတလက္ခဏာ မထင်ထသော။ အကတံ၊ အကြောင်း များစွာတို့ ပြုစီရင်အပ်ပုံ မပေါ်သော်လည်း တခုသောအကြောင်းသည်မျှ ပြုအပ်သည့်ပုံလည်း မပေါ်ထသော။ အဘူတံ၊ အကြောင်းများ အကြောင်း နည်းတို့ ပြုပြင်အပ်ပုံ လက္ခဏာမထင်သော်လည်း ယင်းအကြောင်းတို့နှင့် ကင်း၍ လျောက်လျားဘာသာ ဖြစ်လာသည်လည်း မဟုတ်ထသော။ အဇာတံ၊ အချင်း ခပ်သိမ်း မဖြစ်လာ ခွင့်ကြီးသာမှ တခါသာ ဖြစ်ပေါ်လာနိုင်ထသော။ တံ ပဒံ၊ ထိုလက္ခဏာလေးရပ် ဂုဏ်သကတ်ရှိသော နိဗ္ဗုတာအောင်ခန်း ဘေးမသန်းသည့်

ရွှေမြို့နန်းသည်။ အတ္တိ-သံဝိဇ္ဇတိ၊ ဘေးကိုကြောက်သူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ ဘေးမှ လွတ်ကြောင်း ပုန်းအောင်းခိုနေရာ တာဏ လေဏ ပရာယနဖြစ်၍ ကောင်းစွာ ထင်ရှားရှိသည် ဖြစ်၏။ (ပဋိလောမနည်း။)

ယခင် အဋ္ဌကထာဖွင့်နှင့် အလွန်သင့်လျော်သော သုဒ္ဓလ္လဘ ဤအတ္တကို သဘောလုလု ထားမိကြလျှင် နိဗ္ဗာန် ဟူက ပရိနိဗ္ဗုတပုဂ္ဂိုလ် မပေါ်လာခင် ရှေးဦးတင်၍ ထိုပုဂ္ဂိုလ်တို့ စံဝင်စရာ အစဉ်ထာဝရ ဖြစ်နေနှင့်သော မည်သည် မရှိ ဟူသော အနက် ပြက်ပြက်ထင်ရှား လတ္တံ့။

"န သင်္ခတံ သင်္ခတလက္ခဏရဟိတံ" ဟု ၎င်းအဋ္ဌကထာဖွင့်ကို နာနာ သတိပြုမိကြလျှင် "အသင်္ခတံ၊ သင်္ခတပင်ဖြစ်သော်လည်း သင်္ခတဟုသိကြောင်း မှတ်ကြောင်း လက္ခဏာမထင်ထသော" ဟု ပေးအပ်သော အနက်ကိုလည်း ဆက်ဆက် ယုံကြည်ကြလတ္တံ့။

"န သင်္ခတံ၊ ပြုပြင်အပ်သည်မဟုတ်" ဤသို့သော အနက်ကို နစ်စေလိုသော ကြောင့် "န သင်္ခတံ သင်္ခတလက္ခဏရဟိတံ" ဟု ဖွင့်သတည်း။ အသင်္ခတ-၌ အအက္ခရာ ပဋိသေဓတ္ထမဟုတ်၊ ဝိရဟတ္ထ ဟူလို။

ဤ "န သင်္ခတံ သင်္ခတလက္ခဏရဟိတတ္တာ အသင်္ခတံ" ဟူသော အဋ္ဌကထာ နည်းပြ နိဒဿနတ္ထကို မှီးသဖြင့်—

> သင်္ခတမ္ပိ သင်္ခတလက္ခဏရဟိတတ္တာ အသင်္ခတံ။ ကတမ္ပိ ကတလက္ခဏ-ရဟိတတ္တာ အကတံ။ ဘူတမ္ပိ ဘူတလက္ခဏရဟိတတ္တာ အဘူတံ။ ဇာတမ္ပိ ဇာတလက္ခဏရဟိတတ္တာ အဇာတံ။

ဟူ၍လည်း ပြုအပ်သည်ကို ဝိညူတို့ သိကြလတ္တံ့။

လက္ခဏရဟိတ-ဟူသည်လည်း နိမိတ္တရဟိတပင်တည်း။ ထို့ကြောင့် "သဗ္ဗ-နိမိတ္တရဟိတံ နိဗ္ဗာနံ" ဟူသော နေတ္တိအဋ္ဌကထာပါဠိ၌ "သဗ္ဗနိမိတ္တရဟိတံ၊ ဇာတပင်ဖြစ်သော်လည်း ဇာတနိမိတ်မပေါ်၊ ဘူတပင်ဖြစ်သော်လည်း ဘူတ နိမိတ် အရိပ်မထွက်၊ ကတပင်ဖြစ်သော်လည်း ကတပုံ သင်္ခတပုံ နိမိတ်လက္ခဏာ မထင်၊ ဤသို့စသော အကြောင်း နိမိတ်အလုံးစုံ မထင်နိုင်သော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏" ဟူ၍ အနက်ပေးသင့်၏ မှတ်။

ဤအလိုအားဖြင့်ကား—

အဇာတံ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့အား အေးမြစေသောအားဖြင့် ဖြစ်ပေါ်လာ သော်လည်း ယင်းဖြစ်ပေါ်ပုံ၏ အလွန်နက်နဲ သိမ်မွေ့လှသဖြင့် ယင်းဇာတိနိမိတ် အရိပ်လက္ခဏာမထင်ထသော။ အဘူတံ၊ ငြိမ်းအေးခြင်း သန္တိလက္ခဏာအားဖြင့် ထင်ရှားရှိပါလျက်လည်း ယင်း ထင်ရှားရှိပုံ ဘူတနိမိတ် အရိပ်မပေါ်ထသော။

အကတံ၊ ဒါန သီလ ဘာဝနာအကြောင်းရင်း ဟေတုတို့ ပြုအပ်သော်လည်း ယင်း အကြောင်းပုံနှင့် အကျိုးပုံ အလွန်ကွာဝေးသဖြင့် ယင်းပြုအပ်ပုံ ကတ နိမိတ် အရိပ်အယောင် မထင်ထသော။ အသင်္ခတံ၊ ဒါန သီလ ဘာဝနာ အကြောင်းတရားတို့ ပြုစီရင်အပ်သည် ဆိုစရာရှိပါလျက်လည်း ယင်းပြုပြင် အပ်သည့် သင်္ခတလက္ခဏာမပေါ် သင်္ခတစော်မနံ သင်္ခတပုံဟန်နှင့် အလွန် ကွာဝေး၍ နေထသော။

ဤသို့လည်း အကျယ်အားဖြင့် အနက်ပေးသင့်သည်သာ ဖြစ်၏ ဟု မှတ်။

မနုဿနှင့် မိဂီမ-သင့်မြတ်၍ ပေါက်ဖွားသည့် လူယောကျ်ားသည် အမိ သမင်မနှင့် အလွန်ခြားသဖြင့် သမင်မကြောင့် ဖြစ်သောလူဟု ဆိုနိုင်စရာ ဇာတ နိမိတ် အရိပ်အယောင် မပေါ်မထင်သကဲ့သို့ များစွာသော သင်္ခတဖြစ်သော အကြောင်းရင်း ဟေတု, အကြောင်းဖျား ပစ္စယတို့ကြောင့် ဖြစ်ပါသော်လည်း ထိုတရားတို့ကြောင့်ဖြစ်သည် မဆိုနိုင်အောင် အလွန်သိမ်မွေ့ ထူးကဲနက်နဲစွာ ဖြစ်၍နေသဖြင့် သင်္ခတ အကြောင်းတို့ကြောင့် ဖြစ်ပုံလက္ခဏာ ဥပါဒ်ဟူသော ဇာတနိမိတ်စသည် မထင်သည်ကိုသာ ရည်၍ "အဇာတံ" စသည်ဖြင့် ဟောတော် မူသည်။ လုံးလုံးကြီး ဘယ်ဟာ ဘယ်တခုမျှမဖြစ်သည်ကိုရည်၍ "အဇာတံ" စသည်ကို ဟောတော်မူသည် မဟုတ် မှတ်ကြကုန်။ ယင်းသို့ လုံးလုံးကြီးအဇာတ ဖြစ်လျှင် ယင်းနိဗ္ဗာန်ဟူက "အဘာဝတုစ္ဆပင်" ဖြစ်ရာသောကြောင့်တည်း။

> ဇာတသ္သ လက္ခဏံ ဇာတံ။ ဇာတေန ဝိရဟိတံ အဇာတံ။ ဘူတဿ လက္ခဏံဘူတံ။ ဘူတေန ဝိရဟိတံ အဘူတံ။ ကတဿ လက္ခဏံ ကတံ။ ကတေန ဝိရဟိတံ အကတံ။ သင်္ခတဿ လက္ခဏံ သင်္ခတံ။ သင်္ခတေန ဝိရဟိတံ အသင်္ခတံ။

ဟူ၍လည်း ဝိဂ္ဂိုဟ်ပြုသင့်သည်သာ ဖြစ်၏။ "န သင်္ခတံ သင်္ခာလက္ခဏရဟိတန္တိ အသင်္ခတံ" ဟု ယခင်အဋ္ဌကထာ ဝိဂ္ဂိုဟ်ပြကို နည်းမှီစရာ ရှိသောကြောင့်တည်း။

ဤအလိုအားဖြင့်—

အဇာတံ၊ ဇာတဖြစ်လျက် ယင်းဇာတဟု သိနိုင်ကြောင်းနိမိတ် လက္ခဏာမှ ကင်းထသော။ အဘူတံ၊ ဘူတဖြစ်လျက် ယင်းဘူတဟု သိကြောင်းမှတ်ကြောင်း နိမိတ်လက္ခဏာမှ ကင်းထသော။ အကတံ၊ ကတဖြစ်လျက် ယင်းကတဟု သိနိုင် မှတ်နိုင်ကြောင်း နိမိတ်လက္ခဏာမှ ကင်းထသော။ အသင်္ခတံ၊ သင်္ခတဖြစ် သော်လည်း ယင်းသင်္ခတ ဟု ဆိုနိုင်မှတ်နိုင်စရာ လက္ခဏာ မပေါ်ထသော။

ဤသို့လည်း အနက်ပေးသင့်သည်သာ ဖြစ်၏။
ဤသို့သော အနက်အဓိပ္ပါယ်ကို ဆိုကုန်၏။

ဤဥဒါန်းပါဠိ အဋ္ဌကထာဝယ် မိမိတို့ယူမှားသော အနက်အဓိပ္ပါယ်အား လျော်စွာ—

## အသစ်ဖွဲ့သော ဂါထာ

ဇာတံ ဇာတမ္ပိ အဇ္ဇာတံ၊ ဘူတံဘူတမ္ပိ နောကတံ။
ကတံကတံပျသင်္ခါတံ၊ သင်္ခါတံသင်္ခတံခတံ။

ဟု သင်္ဂဟဂါထာ အသစ်ကုံးဘွဲ့ရေးသား၍—

ဤဂါထာကား လေးပါဒလုံး အစအစ၌ ယမကဖြစ်၍ စတုပ္ပဒ အာဒိယမက လည်း မည်သော ဝဏ္ဏတပါး မခြားဘဲ ယမကဖြစ်သောကြောင့် အဗျပေတယမ ကလည်းမည်သော လေးပါဒလုံး ယမကချင်းမတူ တပုံစီသွားသောကြောင့် အနေကရူပယမကလည်း မည်သော ရှေ့ပါဒအဆုံးနှင့် နောက်ပါဒအစတို့၏ ထပ်ကာ ထပ်ကာ ဆက်၍ဆက်၍ သွားသဖြင့် သန္ဒဋ္ဌအလင်္ကာရဟူ၍ ဒဏ္ဍီကျမ်း ကြီး၌ မိန့်ဆိုအပ်သော မြန်မာဘာသာအားဖြင့် မြင်းဆက်ခွ အမည်ရသော အလွန် လျှို့ဝှက်နက်နဲသော ပဒတ္ထရှိသည်ဖြစ်၍ အတ္ထကူဋ္ဌာလင်္ကာရလည်း မည်သော ယ- ဇ- ယ- ဇ- ဂိုဏ်းတို့ဖြင့် မှတ်အပ်သောကြောင့် ပထျာလည်း မည်သော နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းသောအရာ ဟု ထင်ရှား သိသာ လောက်သော ပုဒ်ဝါကျမပါဘဲလျက် နိဗ္ဗာန်အရာကို ရည်၍ ဝှက်ဆိုအပ်သော ကြောင့် ပုဒ်အနက် ရှေ့အစွန်း နောက်အစွန်း နှစ်ပါးစုံအားဖြင့် ကွယ်ဝှက်သည် ဖြစ်၍ ဥဘယစ္ဆန္နပဟေဠိမည်သော ဂါထာတည်း။

ဟု မှာထား၍ ၎င်းဂါထာဝယ် အနက်အဓိပ္ပါယ်ကိုလည်း—

## အနက်အဓိပ္ပါယ် ယူဆပုံ

အဇာတံပိ၊ မဖြစ်ပါလျက်လည်း။ ဇာတံ၊ ဖြစ်၍နေထသော။ ဇာတမ္ပိ၊ ဖြစ်ပါလျက်လည်း။ အဇာတံ၊ ဖြစ်သည်မမည်ထသော။ ။(သဘော အားဖြင့်သာဖြစ်၍ ဥပါဒ်အားဖြင့် မဖြစ်သည်ကို ရည်သည်)။

ဇာတံ ဇာတံ၊ ပကတိဖြစ်ဖြစ်သမျှ ဇာတတရားမျိုးတို့ထက် လွန်စွာ ထူးထူးခြားခြား ဖြစ်နေထသော။ ။(ဇာတာနံ ဇာတန္တိ ဇာတံ ဇာတံ။ ဝစနတ္ထပြု။ နိဂ္ဂဟိတ်လာ)။

အဘူတံ၊ တရံတဆစ် မဖြစ်ဘူးသေးဘဲလျက်။ ဘူတံ၊ ခွင့်ကြီးသာ သဖြင့် တခါတည်းသာဖြစ်၍ အမြဲတည်နေထသော၊ ဘူတံဘူတံပိ၊ အလွန်ထင်ရှားရှိပါလျက်လည်း။ အဘူတံ၊ မထင်ရှားသကဲ့သို့။ ဘူတံ၊

ဖြစ်၍နေရကား။ အဘူတံ၊ သင်္ခတတရားတို့ဖြစ်ပုံနှင့်မတူ အမူကွဲပြား အထူးအားဖြင့် ဖြစ်၍နေထသော။ ။(အ·ကား ဝိရုဒ္ဓတ္ထ)။

အဘူတံ၊ ဥပါဒ်အားဖြင့် ဖြစ်ခြင်းမှကင်းထသော။ (ဝိရဟတ္ထ။ ။ ဘိန္နာဘိန္နပဒတ္ထသိလေသ-နည်း)။

နေ့ာကတံပိ၊ အကြောင်းတရားတို့ ပြုပြင်နိုင်စကောင်းသည့် အရာ မဟုတ်သော်လည်း။ အနေ့ာကတံ၊ အကြောင်းတရားတို့ မပြုပြင်အပ်ဘဲ အလိုလိုဖြစ်လာသည်လည်း မဟုတ် ထသော။ ။(ဘိန္နာဘိန္နပဒတ္ထ သိလေသနည်း)။

ကတံပိ၊ အကြောင်းတရားတို့ ပြုပြင်အပ်သည်ပင် ဖြစ်ပါသော်လည်း။ အကတံ၊ ပြုအပ်ရာ မရောက်ထသော။ ။(အ-ကား ပဋိသေဓတ္ထ)။

ဝါ၊ ပကတိပြုပြင်အပ်သော တရားတို့ထက် လွန်လွန်ကဲကဲ ပြုနိုင်မှသာ ဖြစ်ပေါ်လာနိုင်ထသော။ ။အ-ကား ဝုဍ္ဎတ္ထ)။

အသင်္ခါတံ-အသင်္ခတံ၊ ဟေတုပစ္စယ အကြောင်းဝေး အကြောင်းနီးဟူသမျှတို့သည် တကွရောက်၍ မပြုပြင်နိုင်ထသော။ သင်္ခါတံ-သင်္ခတံ၊ သင်္ခတမှန် ဒုက္ခရန်သည် ရုပ်နာမ်ခန္ဓာဟူသမျှကို။ ခတံ၊ တူးဖြိုဖျက်ဆီးနိုင်သော တရားထူး တရားမြတ်ဖြစ်ထသော။ အသင်္ခတံ၊ သင်္ခတတရားတို့ထက် ကြီးကဲလွှမ်းမိုးဖြစ်၍ နေထသော။ တံ အသင်္ခတံ၊ ထိုအသင်္ခတဓာတ် ကိုယ်တော်မြတ်ကို။အသင်္ခတံ၊ဘယ်သူတစ်ုံတယောက် မပြုပြင်နိုင်။

(သင်္ခတံ-၌ ပကတိသင်္ခတအတိုင်းတချက်၊ အသင်္ခတံ-ပုဒ်ဖြတ်၍ တချက်၊ တံ အသင်္ခတံ-ဟု တချက်၊ အသင်္ခတံ-ဟု တချက်အားဖြင့် လေးချက် ရထားအပ်သော ဘိန္နာဘိန္နပဒတ္ထသိလေသာလင်္ကာရနည်းတည်း)။

ဤဂါထာကား "အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ" စသည်ဖြင့် အထက်၌ ထုတ်ဆိုလတ္တံ့သော ဥဒါန်းပါဠိတော်ကို မှီးသည်။

ဤသို့ပြဆိုကုန်၏။

---

## ၃၄- ဝိသင်္ခါရနိဗ္ဗာန်သည် မြဲ၏-စသည် ပြပုံ

### စိတ် စသည့် တရားသုံးပါးကို အနိစ္စဖြစ်ကြောင်း စသည် ပြခြင်း

ဓမ္မသည် "အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ" ဟူသည်နှင့် အညီ မိမိတို့သဘောကို ဆောင်တတ်သည်၏ အဖြစ်တည်းဟူသော သာမညအားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း သဘာဝဓမ္မ, အသဘာဝဓမ္မအားဖြင့် နှစ်ပါး ပြား၏။

ထိုနှစ်ပါးတို့တွင် နာမပညတ်, အတ္ထပညတ်, ကသိုဏ်းပညတ်အစရှိသော အလုံးစုံသောပညတ်သည် အသဘာဝဓမ္မမည်၏။ ပရမတ္ထတရားလေးပါးသည် သဘာဝဓမ္မမည်၏၊ ထိုနှစ်ပါးတို့တွင် သဘာဝဓမ္မသည် သင်္ခါရဓမ္မ, ဝိသင်္ခါရဓမ္မ အားဖြင့် နှစ်ပါးပြား၏။ ထိုနှစ်ပါးတို့တွင်——

သင်္ခါရာ သင်္ခါရက္ခန္ဓောတိ။ သင်္ခါရက္ခန္ဓံ ဌပေတွာ အဝသေသာ
သင်္ခါရာ ၊န သင်္ခါရက္ခန္ဓော။ သင်္ခါရက္ခန္ဓော သင်္ခါရာစေဝ သင်္ခါရက္ခန္ဓောစ။

ဟူ၍ ခန္ဓယမိုက်၌ ဟောတော်မူသောကြောင့် အလုံးစုံသော စိတ် စေတသိက် ရုပ်ဟူသော ခန္ဓာငါးပါးတရားသည် သင်္ခါရဓမ္မမည်၏။

ဤယမိုက်ပါဠိတော်(၂၂)ဝယ် အနုလောမပုစ္ဆာ၏ တဘက်ရနှစ်ဘက်ရ ဝိဿဇ္ဇ-နာဖြင့် ခန္ဓာငါးပါးလုံး၏ သင်္ခါရမည်သည်၏အဖြစ်, သင်္ခါရအရကို ခန္ဓာငါးပါးလုံးကို ကောက်ယူအပ်သည်၏အဖြစ်တို့ကို စင်စစ်သိအပ်၏။

သင်္ခါရာ၊ သင်္ခါရမည်သောတရားဟူသမျှတို့သည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာ မည်ပါသလော။ ဣတိ၊ ဤသို့ မေးခဲ့အံ့။ သင်္ခါရက္ခန္ဓံ၊ သင်္ခါရက္ခန္ဓာကို။ ဌပေတွာ၊ ချန်ထား၍။ အဝသေသာ၊ သင်္ခါရက္ခန္ဓာမှ ကြွင်းကုန်သော ခန္ဓာလေးပါး တရားတို့သည်။ သင်္ခါရာ၊ သင်္ခါရသာ မည်ကုန်၏။န သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာမမည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာသည်။ သင်္ခါရာ စေဝ၊ သင်္ခါရလည်းမည်ကုန်၏။ သင်္ခါရက္ခန္ဓော စ၊ သင်္ခါရက္ခန္ဓာလည်းမည်၏။ ဣတိ၊ ဤသို့ ဖြေကြားအပ်၏။

ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ဟူသော ဝိနည်းမဟာဝါပါဠိတော်[၁]၌ နိဗ္ဗာန်ကို ဝိသင်္ခါရ-ဟူ၍ ဟောတော်မူသည်။

"သဗ္ဗသင်္ခါရေဟိ နိဗ္ဗိန္နသ ဝိသင်္ခါရနိန္နဿ" ဟူသော မူလဋီကာ(၃၉)၌လည်း နိဗ္ဗာန်ကို ဝိသင်္ခါရ-ဟု ပြဆိုတော်မူသည်ဖြစ်၍ ပရမတ် အသင်္ခတဖြစ်သော နိဗ္ဗာန်သည် ဝိသင်္ခါရဓမ္မမည်၏။

ဤမူလဋီကာ၌ ဝိသင်္ခါရနိန္နဿ-ကို နိဗ္ဗာနပေါနဿ-ဟု အနုဋီကာ(၄၆)ဆရာဖွင့်ဆိုသည်ကို ထောက်၍ နိဗ္ဗာန်၏ ဝိသင်္ခါရမည်သည်၏အဖြစ်, ဝိသင်္ခါရ-အရကို နိဗ္ဗာန်ကို ကောက်ယူအပ်သည်၏အဖြစ်ကို စင်စစ်သိအပ်၏။

ထိုသင်္ခါရဓမ္မ, ဝိသင်္ခါရဓမ္မနှစ်ပါးတွင် လောက၌ ထင်ရှားမရှိသောတရားကို မေးလျှောက်သော မိလိန္ဒမင်းအား နာဂသေနမထေရ်ဖြေကြားရာ——

---

၁။ ဓမ္မပဒပါဠိ စာမျက်နှာ ၃၆-၌သာ တွေ့ရသည်။

သစေတနာ ဝါ အစေတနာ ဝါ အဇရာမရာ နတ္ထိ။ သင်္ခါရာနံ နိစ္စတာ နတ္ထိ။ နတ္ထိ ပရမတ္ထေန သတ္တုပလဒ္ဓိ။

ဟူ၍ သင်္ခါရတရားတို့အား။ ဝါ၊ တို့၏ မြဲသည်၏အဖြစ် မရှိကြောင်းကို ဟောတော်မူသောကြောင့်ငှင်း---

ခု၀ သဿတအားဖြင့် အမြဲတည်နေသော သင်္ခါရတရားမည်သည် မရှိ။ သင်္ခါရတရား ဟူသမျှသည် အနိစ္စသာ ဖြစ်ကြောင်းကို---

သင်္ခါရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါနမိဉ္ဇိတံ။

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ အနိစ္စာ ဝတ သင်္ခါရာ။

အစရှိသည်ဖြင့် ထိုထိုအရာဝယ် များစွာဟောတော်မူသောကြောင့်ငှင်း---

ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော ခန္ဓာငါးပါး သင်္ခါရတရားတို့၏ အနိစ္စသာ ဖြစ်ကြောင်းကို---

ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။
ဝေဒနာ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။
သညာ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။
သင်္ခါရာ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။
ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။

ဟူ၍ အနတ္တလက္ခဏသုတ်၌ ဟောတော် မူသောကြောင့်ငှင်း ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော ခန္ဓာငါးပါး သင်္ခါရတရားဟူသမျှသည် မြဲသော သဘောမရှိ၊ အနိစ္စသာ ဖြစ်သည်။

ထို သင်္ခါရဟူသမျှသည် အဘယ့်ကြောင့် အနိစ္စသာ ဖြစ်လေ, မည်လေ သနည်းဟူမူ---

တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ။

ဟူ၍ ဟောတော်မူအပ်သည်နှင့်အညီ ဥပါဒ် ဌီ ဘင်ဟူသော သင်္ခတလက္ခဏာနှင့် ပြည့်စုံသော ခဏတ္တယသမင်္ဂီတရားမျိုးဖြစ်၍ ဖြစ်ကပျက်မြဲ မလွဲဧကန္တ ဖြစ်ရကား "ဟုတွာ အဘာဝဌေန အနိစ္စံ" ဟူသော အဋ္ဌကထာ—

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဟူသော သုတ်မဟာဝါပါဠိတော် (၁၂၉) နှင့်အညီ ဥပါဒ်အားဖြင့် ဖြစ်ပြီး၍ အမြဲ မတည်။ဘင်အားဖြင့် ချုပ်ပျက်ကုန်ကင်း မရှိခြင်းသို့ရောက်တတ်သော သဘော ရှိသည်၏ အဖြစ်ကြောင့် အနိစ္စဖြစ်သည် မည်သည် ဟူလေ။

ဟုတွာ၊ ဥပါဒ်အားဖြင့် ဖြစ်ပြီး၍။ အဘာဝင္ဗေန၊ ဘင်အားဖြင့် ချုပ်ပျက်ကုန်ကင်း မရှိခြင်း ဟူသော သဘောကြောင့်။ အနိစ္စံ၊ သင်္ခါရဓမ္မ ဟူသမျှ အနိစ္စသာ ဖြစ်၏။

သင်္ခါရာ၊ ခန္ဓာငါးပါး သင်္ခါရတရား ဟူသမျှတို့သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဥပ္ပဇ္ဇိတွာ၊ ဥပါဒ်အားဖြင့် ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ဘင်အားဖြင့် ချုပ်ကုန်၏။ တသ္မာ၊ ထိုသို့ဖြစ်ပြီး၍ ချုပ်တတ်သည်၏အဖြစ်ကြောင့်။ ဥပ္ပါဒါ၊ ဖြစ်ကုန်ပြီး၍။ ဝယဓမ္မိနော၊ ပျက်စီးခြင်းသဘောရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ယသ္မာ စ၊ အကြင်ကြောင့်လည်း။ ဥပ္ပါဒါ၊ ၍။ ဝယဓမ္မိနော၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ထိုသို့ ဥပါဒ်အားဖြင့် ဖြစ်ပြီး၍ ဘင်အားဖြင့် ချုပ်ပျက်သည်၏ အဖြစ်ကြောင့်။ ဝတ-ကေန္တေန၊ စင်စစ်အားဖြင့်။ အနိစ္စာ၊ မမြဲကုန်။ တေသံ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသမော၊ ငြိမ်းရာ ငြိမ်းကြောင်း ဖြစ်သော နိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာ၏။

ဝိသင်္ခါရဖြစ်သော နိဗ္ဗာန်မူကား ခုဝ သဿတအားဖြင့် အမြဲတည်နေသော နိစ္စတရားသာ ဖြစ်၏။ အဘယ့်ကြောင့် ထိုနိဗ္ဗာန်သည် ရုပ် ဝေဒနာ အစရှိသော သင်္ခါရတရားတို့နှင့် ပရမတ္ထဓမ္မ၏ အဖြစ်ဖြင့် အတူတူဖြစ်ပါလျက် နိစ္စဖြစ်ရလေသနည်း ဟူမူ---

> တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။ ဥပ္ပါဒေါ န ပညာယတိ၊ ဝယော န ပညာယတိ၊ ဌိတဿ အညထတ္တံ န ပညာယတိ။

ဟူသော အင်္ဂုတ္တိုရ်ပါဠိတော် ၁-(၁၅၀)

> အပ္ပစ္စယတာယ ဝါ ဥပ္ပါဒါဘာဝေါ၊ တတော အမတသဘာဝတ္တာ စဝနာဘာဝေါ၊ ဥပ္ပါဒနိရောဓာဘာဝတော ယေဝ တဒုဘယပရိစ္ဆိန္နာယ ဌိတိယာ အဘာဝတော န ဌိတိ န စုတိ န ဥပပတ္တိ ဝဒါမိ။

ဟူသော ဥဒါန်းအဋ္ဌကထာ (၃၅၅) ဥပ္ပါဒဝယန္တာဘာဝတော နိစ္စံ။

ဟူသော အဘိဓမ္မာဝတာရအဋ္ဌကထာ။

အပ္ပဘဝတ္တာ အဇရာမရဏံ ပဘဝဇရာမရဏာနံ အဘာဝတော နိစ္စံ။ ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၁၃၁) တို့နှင့်အညီ ဥပါဒ် ဌီ ဘင်မှ ကင်းခြင်း ဟူသော အသင်္ခတလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ မည်သည့် ကပ်ကမ္ဘာကာလကစ၍ ဖြစ်သည်၊ မည်သည့် မြတ်စွာဘုရားလက်ထက်တော်ကစ၍ ဖြစ်သည် ဟု စ၍ ဖြစ်ရာကာလ မရှိ၊ စ၍ဖြစ်ခြင်း မရှိသည်၏ အဖြစ်ကြောင့် ရင့်ရော်အိုမင်း ဆွေးမြည့်ခြင်း သေပျက်ချုပ်ကင်းခြင်းမရှိ၊ ယင်းသို့ စ၍ဖြစ်ခြင်း ဟူသော ဥပါဒ်၊ ရင့်ရော်အိုမင်းခြင်း ဟူသော ဌီ၊ သေပျက်ချုပ်ကင်းခြင်း ဟူသော ဘင်တို့၏ မရှိခြင်းကြောင့် အမြဲတည်နေသော နိစ္စတရားဖြစ်သည် ဟူလေ။

ဝါ၊ တနည်းကား။ နိဗ္ဗာနသ၊ နိဗ္ဗာန်အား။ အပ္ပစ္စယတာယ၊ မိမိကိုဖြစ်စေတတ်သော ကံ အစရှိသော ဇနကအကြောင်း မရှိသည်၏ အဖြစ်ကြောင့်။ ဥပ္ပါဒါဘာဝေါ၊ ဖြစ်ခြင်းဥပါဒ်၏ မရှိခြင်းသည်။ ဟောတိ၊ ၏။ တတော ဥပ္ပါဒါဘာဝတော၊ ထိုသို့ ဖြစ်ခြင်း ဟူသော ဥပါဒ်၏မရှိခြင်းကြောင့်။ အမတသဘာဝတ္တာ၊ မသေမပျက်ခြင်း ဟု ဆိုအပ်သော အမတသဘောရှိသည်၏ အဖြစ်ကြောင့်။ စဝနာဘာဝေါ၊ ဘင်၏အစွမ်းဖြင့် ရွေ့လျော့ပျက်စီးခြင်း၏ မရှိခြင်းသည်။ဝါ၊ ရွေ့လျော့ ပျက်စီးခြင်း ဟု ဆိုအပ်သော ဘင်၏ မရှိခြင်းသည်။ ဟောတိ၊ ၏။ ဥပ္ပါဒနိရောဓာဘာဝတောယေဝ၊ ဥပါဒ်အားဖြင့် ဖြစ်ခြင်းမရှိသည်၏အဖြစ်, ဘင်အားဖြင့် ချုပ်ခြင်းမရှိသည်၏ အဖြစ်ကြောင့်သာလျှင်။ တဒုဘယပရိစ္ဆိန္နာယ၊ ထို ဥပါဒ် ဘင် နှစ်ပါးတို့ဖြင့် ပိုင်းခြားအပ်သော။ ဌိတိယာ၊ ဌီ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ နိဗ္ဗာန်၊ နိဗ္ဗာန်ကို။ န ဌိတိ၊ ဌီမရှိ ဟူ၍။ န စုတိ၊ ရွေ့လျော့ပျက်စီးခြင်းဘင်မရှိ ဟူ၍။ န ဥပပတ္တိ၊ ဖြစ်ခြင်း ဥပါဒ်မရှိ ဟူ၍။ ဝဒါမိ၊ ငါဘုရား ဟောတော်မူ၏။

နိဗ္ဗာနံ၊ အသင်္ခတခေတ် ပရမတ်နိဗ္ဗာန်သည်။ ဥပ္ပါဒဝယန္တာဘာဝတော၊ ဖြစ်ခြင်း ဟူသော ဥပါဒ်အပိုင်းအခြား ပျက်ခြင်း ဟူသော ဘင်အပိုင်းအခြား၏ မရှိခြင်းကြောင့်။ နိစ္စံ၊ မြဲ၏။

နိဗ္ဗာနံ၊ သည်။ အပ္ပဘာဝတ္တာ၊ စ၍ဖြစ်ခြင်း မရှိသည်၏ အဖြစ်ကြောင့်။ အဇရာမရဏံ၊ ရင့်ရော်အိုမင်းခြင်း၏ မရှိခြင်း သေပျက်ချုပ်ကင်းခြင်း၏ မရှိခြင်းသည်။ ဟောတိ၊ ၏။ ပဘာဝဇရာမရဏာနံ၊ စ၍ဖြစ်ခြင်း ဟူသော ဥပါဒ်, ရင့်ရော်အိုမင်းခြင်း ဟူသော ဌီ, သေပျက်ချုပ်ကင်းခြင်း ဟူသော ဘင်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ နိစ္စံ၊ မြဲ၏။

## သင်္ခတ အသင်္ခတတရား ၂-မျိုး

ထိုပြဆိုခဲ့ပြီးသော သဘာဝဓမ္မသည်ပင် ပရမတ္ထဖြစ်သော အဘိဓမ္မာတရားကိုသာ နှစ်စုနှစ်ပုံပြု၍ ဟောတော်မူရာ ဒုကမာတိကာအရာ စူဠန္တရဒုက်၌ "သင်္ခတာ ဓမ္မာ အသင်္ခတာ ဓမ္မာ" ဟူ၍ ဟောတော်မူအပ်သော ဓမ္မသင်္ဂဏီ မာတိကာပါဠိတော် (၄)

> ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ။ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ။

ဟူ သောဣတိဝုတ်ပါဠိတော်(၂၅၄)ဝယ် ဓမ္မအရကို "ဓမ္မာတိ သဘာဝဓမ္မာ" ဟု ဖွင့်ပြ၍ သဘာဝဓမ္မကိုသာ ကောက်ယူသော ဣတိဝုတ်အဋ္ဌကထာ(၂၇၂)တို့နှင့်အညီ **သင်္ခတဓမ္မ အသင်္ခတဓမ္မအားဖြင့်လည်း နှစ်ပါးပင် ပြား၏။** ထိုတွင် ခန္ဓာငါးပါး

သင်္ခါရတရားသည် သင်္ခတဓမ္မ မည်၏။ ပရမတ် အသင်္ခတဖြစ်သော နိဗ္ဗာန်ဟူသော ဝိသင်္ခါရတရားသည် အသင်္ခတဓမ္မမည်၏။

ရုပ် ဝေဒနာ အစရှိသော သင်္ခါရတရားသည် အဘယ့်ကြောင့် သင်္ခတမည် သနည်းဟူမူ —"သမစ္စေ သမ္ဘုယျ ပစ္စယေဟိ ကတန္တိ သင်္ခတံ" ဟူသော ဥဒါန်းအဋ္ဌကထာ(၃၅၇)"ပစ္စယေဟိ သမာဂန္တွာကတာတိ သင်္ခတာ" ဟူသော အဋ္ဌသာလိနီ (၉၀) တို့နှင့်အညီ ဖြစ်ပြီး၍ ကုန်ပျက်တတ်သော ခယ ဝယ တရားဖြစ် ရကား ထာဝရအမြဲမတည်။ ဖြစ်တိုင်း ဖြစ်တိုင်းပင် ချုပ်ပျက်ကုန်ကင်းရမြဲသာ ဖြစ်သောကြောင့် ထိုသင်္ခါရတရားတို့ကို တဖန်အသစ် ဖြစ်စိမ့်သောငှါ ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားလေးပါးတို့သည် ထိုက်သည်အားလျော်စွာ ဇနကသတ္တိဖြင့် သဟဇာတ် သမ္ပယုတ်ဖြစ်သော တရားတို့သည် ဟေတု, သဟဇာတ, အညမည, နိဿယ-အစရှိသော သတ္တိတို့ဖြင့် အညီအညွတ် ပေါင်းဆုံ ပြုပြင်အပ်သည်၏ အဖြစ်ကြောင့် သင်္ခတမည်သည်။

ဝိသင်္ခါရဖြစ်သော နိဗ္ဗာန်မူကား-—"န တထာ သင်္ခတံ သင်္ခတလက္ခဏရဟိ-တန္တိ စ အသင်္ခတံ"။ ညီ၊ တရံတဆစ်မျှ ဖြစ်တတ်သော တရားမဟုတ်၍ ချုပ်ပျက်သော မည်သည် မရှိ။ နိစ္စ, ဓုဝ, သဿတ အားဖြင့် အမြဲထာဝရတည်နေသော တရားသာ ဖြစ်ရကား ထိုနိဗ္ဗာန်ကို တဖန်အသစ် ဖြစ်စိမ့်သောငှါ တစုံတခု သောအကြောင်းသည်မျှ ပေါင်းဆုံပြုပြင်စီရင်ဘွယ်မရှိ။ အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်၍ မပြုအပ် မပြုသင့် မပြုထိုက်သည်၏ အဖြစ်ကြောင့်၎င်း ဥပါဒ်, ဌီ, ဘင်ဟူသော သင်္ခတလက္ခဏာမှကင်းသည် မရှိသည်၏အဖြစ်ကြောင့် ၎င်း အသင်္ခတမည်၏။

## သပ္ပစ္စယ-အပ္ပစ္စယတရား ၂-မျိုး

အဘိဓမ္မာမာတိကာ ဒုကနိက္ခေပဒုက်၌ "သပ္ပစ္စယာဓမ္မာ အပ္ပစ္စယာ ဓမ္မာ" ဟူ၍ ဟောတော်မူသောကြောင့် သပ္ပစ္စယဓမ္မ, အပ္ပစ္စယဓမ္မ အားဖြင့်လည်း နှစ်ပါးပင် ပြား၏။ ထိုတွင် သင်္ခါရတရားသည် သပ္ပစ္စယ မည်၏။ နိဗ္ဗာန်သည် အပ္ပစ္စယ မည်၏။ သင်္ခါရတရားသည် အဘယ့်ကြောင့် သပ္ပစ္စယမည်သနည်းဟူမူ—

"အတ္တနော နိပ္ဖါဒကေန သဟ ပစ္စယေနာတိ သပ္ပစ္စယာ" ဟူသော အဋ္ဌသာလိနီနှင့်အညီ သင်္ခါရတရားဟူသမျှသည် ကံစသောအကြောင်းတို့ ညီညွတ် ပေါင်းဆုံ၍ ပြုပြင်အပ်သော်သာ ဖြစ်သည်။ အကြောင်းနှင့်ကင်း၍ တရံတဆစ်မျှ မဖြစ်နိုင်။ အကြောင်းကြောင့်သာ ဖြစ်ကလည်း ထိုသင်္ခါရတရားတို့အား မိမိကို ပြုတတ်ဖြစ်စေတတ်သော ဇနက နိပ္ဖတ္တက အကြောင်းရှိသည်သာ ဖြစ်၍၎င်း, ထိုဇနက နိပ္ဖတ္တကအကြောင်းနှင့် ဇနက ဇည, နိဗ္ဗတ္တက နိဗ္ဗတ္တေတဗ္ဗအားဖြင့် တကွဖြစ်သည် မည်သောကြောင့်၎င်း သပ္ပစ္စယမည်သည် ဟူလေ၊

နိဗ္ဗာန်သည် အဘယ့်ကြောင့် အပ္ပစ္စယမည်သနည်းဟူမူ—"နတ္ထိ ဧတေသံ ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ ပစ္စယောတိ အပ္ပစ္စယာ" ဟူသော အဋ္ဌသာလိနီနှင့်အညီ နိဗ္ဗာန်သည် ဖြစ်တတ်သော တရားမဟုတ်သောကြောင့် တရံတဆစ်မျှ ချုပ်ပျက်ခြင်းမည်သည် မရှိ။ ယင်းသို့ ချုပ်ပျက်ခြင်းမရှိသည်ဖြစ်၍ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါးတွင် တစုံတခုသော အကြောင်းသည်မျှ မပြုမစီရင်အပ် မဖြစ်စေအပ်ရကား ပြုစီရင်တတ် ဖြစ်စေတတ်သော ဇနကအကြောင်း မရှိသည်၏အဖြစ်ကြောင့်၎င်း ယင်းသို့ဖြစ်ခြင်း၊ ပျက်ခြင်းမရှိ အမြဲထာဝရတည်နေသော တရားဖြစ်၍ ထိုနိဗ္ဗာန်ကို အမြဲထာဝရတည်နေအောင် သဟဇာတ၊ အညမည၊ နိဿယ-အစရှိသော သတ္တိဖြင့် ကျေးဇူးပြုတတ်သော သဟဇာတ် သမ္ပယုတ်ဖြစ်သော တစုံတခုသော ဥပတ္ထမ္ဘကအကြောင်းမည်သည် မရှိသည်၏အဖြစ်ကြောင့်၎င်း အပ္ပစ္စယမည်သည် ဟူလေ။

ဤအဋ္ဌကထာဝယ် နိဗ္ဗာန်အား ဇနကအကြောင်း၊ ဥပတ္ထမ္ဘကအကြောင်းတို့သာ မရှိကြောင်းကို ပြဆိုတော်မူသောကြောင့် သမ္ပာပကအကြောင်းကား ရှိ၏ဟု ပြတော်မူသည်။

### စတုဘူမကနှင့် ဝိသဘာဂ အထူး

သဘာဂဖြစ်သော စတုဘူမကတရား၊ ဝိသဘာဂဖြစ်သော နိဗ္ဗာန်တရားတို့တွင် စတုဘူမကတရားတို့သည် ရံခါ အတိတ်ဖြစ်ကြောင်း၊ အတီတမည်ကြောင်း၊ ရံခါ အနာဂတ်ဖြစ်ကြောင်း၊ အနာဂတမည်ကြောင်း၊ ရံခါ ပစ္စုပ္ပန်ဖြစ်ကြောင်း၊ ပစ္စုပ္ပန္နမည်ကြောင်း၊ နိဗ္ဗာန်ကို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဟူ၍ မဆိုအပ် မဆိုထိုက် မဆိုကောင်းကြောင်းကို ခန္ဓဝိဘင်းပါဠိတော်[၁] ၌—

နိဗ္ဗာနံ ဌပေတွာ သဗ္ဗေ ဓမ္မာ သိယာ အတီတာ၊ သိယာ အနာဂတာ၊ သိယာ ပစ္စုပ္ပန္နာ။ နိဗ္ဗာနံ န ဝတ္တဗ္ဗံ အတီတန္တိပိ အနာဂတန္တိပိ ပစ္စုပ္ပန္နန္တိပိ။ ဟူ၍ ဟောတော်မူသည်။

နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဌပေတွာ၊ ထား၍။ သဗ္ဗေ၊ ကုန်သော။ ဓမ္မာ၊ ခန္ဓာငါးပါး စတုဘူမကတရားတို့သည်။ သိယာ၊ ရံခါ။ အတီတာ၊ အတိတ်ဖြစ်ကုန် မည်ကုန်၏။ သိယာ၊ ရံခါ။ အနာဂတာ၊ ကုန်၏။ သိယာ၊ ရံခါ။ ပစ္စုပ္ပန္နာ၊ ကုန်၏။ နိဗ္ဗာနံ၊ ကို။ အတီတန္တိပိ၊ ဟူ၍၎င်း။ အနာဂတန္တိပိ၊ ဟူ၍၎င်း။ ပစ္စုပ္ပန္နန္တိပိ၊ ဟူ၍၎င်း၊ န ဝတ္တဗ္ဗံ၊ မဆိုအပ် မဆိုသင့် မဆိုထိုက် မဆိုကောင်း။

---

၁-ဓမ္မသင်္ဂဏီ ပါဠိတော် ၂၇၂-၌သာ တွေ့ရသည်၊

ထိုဘွင် ပရမတ္တဓမ္မတို့ကိုသာ သုံးစုသုံးပုံပြု၍ ဟောတော်မူရာ တိကမာတိကာ ပါဠိတော် အတီတတိက်၌ အတိတ်အခိုက်အတံ့ဖြစ်သော စတုဘူမကတရားတို့ကို "အတီတာ ဓမ္မာ" ဟူသော ပဌမပုဒ်ဖြင့် အနာဂတ် အခိုက်အတံ့ဖြစ်သော စတုဘူမကဘရားတို့ကို "အနာဂတာ ဓမ္မာ" ဟူသော ဒုတိယပုဒ်ဖြင့် ပစ္စုပ္ပန် အခိုက်အတံ့ဖြစ်သော စတုဘူမကတရားတို့ကို "ပစ္စုပ္ပန္နာ ဓမ္မာ" ဟူသော တတိယပုဒ်ဖြင့် ဟောပြတော်မူသည်ဖြစ်၍ ထိုသုံးပုဒ်တို့၏ အရသည် အစဉ်အတိုင်း အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော စဘုဘူမကတရားတို့ချည်းသာ ဖြစ်သည်။

ထိုတရားတို့သည် အဘယ့်ကြောင့် အတီတမည်သနည်းဟူမူ "အတ္တနော သဘာဝံ ဥပ္ပါဒါဒိခဏံ ဝါ ပတ္ဂာ အတိက္ကန္တာတိ အတီတာ" ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာ (ဂဂ) နှင့်အညီ ဝိဇာနန, ဖုသန, သဉ္ဇာနန, ကက္ခဠ-အစရှိသော အသီးအသီးသော မိမိတို့၏သဘောသို့ ရောက်၍ လွန်ပြီးဖြစ်သည်၏အဖြစ် ဥပါဒ်, ဌီ, ဘင်-ဟူသော ခဏတ္တယသို့ရောက်၍ လွန်ပြီးဖြစ်သည်၏ အဖြစ်တို့ကြောင့် အတီတမည်ကုန်သည် ဟူလေ။

အဘယ့်ကြောင့်ကား အနာဂတ မည်ကုန်သနည်းဟူမူ—"တဒုဘယမ္ပိ န အာဂတာတိ အနာဂတာ" ဟူသော ၎င်းအဋ္ဌကထာနှင့်အညီ ထိုဝိဇာနန-အစရှိသော အသီးသီးသော မိမိတို့၏သဘောသို့၎င်း ခဏတ္တယသို့၎င်း မရောက်သေး ရောက်လတ္တံ့ဖြစ်၍ ရှေးရှုတည်သော တရားဖြစ်သောကြောင့် အနာဂတမည်ကုန်သည် ဟူလေ။

အဘယ့်ကြောင့် ပစ္စုပ္ပန္နမည်ကုန်သနည်းဟူမူ—"တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပန္နာတိ ပစ္စုပ္ပန္နာ" ဟူသော ၎င်းအဋ္ဌကထာနှင့်အညီ ထိုက်သည်အားလျော်စွာ ထိုထိုအကြောင်းကို အစွဲပြု၍ ခဏတ္တယသို့ ရောက်ဆဲ ဖြစ်သည်၏ အဖြစ်တို့ကြောင့် ပစ္စုပ္ပန္နမည်ကုန်သည် ဟူလေ။

"နိဗ္ဗာန်ကို အဘယ့်ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူ၍ မဆိုအပ် မဆိုထိုက်လေသနည်းဟူမူ—"အပ္ပစ္စယတာယ ဝါ ဥပ္ပါဒါဘာဝေါ" အစရှိသော ဥဒါန်းအဋ္ဌထာ (၃၅၅) ဥပ္ပါဒဝယန္တာဘာဂတော နိစ္စံ" ဟူသော အဘိဓမ္မာဝတာရ-အဋ္ဌကထာ။ "အပ္ပဘာဝတ္တာ။ပ။နိစ္စံ" ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၁၄၀) တို့နှင့်အညီ နိဗ္ဗာန်သည် မိမိကိုဖြစ်စေတတ်သော တစုံတခုသော ဇနကအကြောင်း မည်သည် မရှိသည်သာဖြစ်သောကြောင့် တရံတဆစ်မျှ ဥပါဒ်အားဖြင့် ဖြစ်သော မည်သည်မရှိ။ ယင်းသို့ ဥပါဒ်အားဖြင့်ဖြစ်ခြင်း မရှိသောကြောင့် ဘင်အားဖြင့် ပျက်သော မည်သည်လည်း တရံတဆစ်မျှ မရှိ။ ယင်းသို့ ဥပါဒ်အားဖြင့်ဖြစ်ခြင်း ဘင်အားဖြင့်ပျက်ခြင်း မရှိသောကြောင့် ကိုဥပါဒ် ဘင်-နှစ်ပါးတို့ဖြင့် ပိုင်းခြား

အပ်သော ဌီမည်သည် မရှိ။ ယင်းသို့ ဥပါဒ်, ဌီ, ဘင်မရှိ။ နိစ္စ, ဓုဝ, သဿတ အားဖြင့် အမြဲတည်နေသော တရားသာဖြစ်ရကား တရံတဆစ်မျှ ဥပါဒ်, ဌီ, ဘင်-ဟူသော ခဏတ္တယသို့ ရောက်၍ လွန်ပြီး ဟူ၍ငင်း ယင်းခဏတ္တယသို့မရောက်သေး ရောက်လတ္တံ့ ရှေးရှုတည်သည် ဟူ၍ငင်း ခဏတ္တယသို့ ရောက်ဆဲ ဟူ၍ငင်း မဆိုအပ် မဆိုထိုက် မဆိုကောင်းသည်သာ ဖြစ်သောကြောင့် အတိတ် ဟူ၍ငင်း အနာဂတ် ဟူ၍ငင်း ပစ္စုပ္ပန် ဟူ၍ငင်း မဆိုအပ် မဆိုထိုက် မဆိုကောင်းသည် ဟူလေ။

ဋီကာကျော် (၁၃၀) ၌လည်း ပညတ်ဟူသမျှနှင့်တကွ မဂ်ဖိုလ်တို့၏ အာရုံ အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်၏ ကံအစရှိသော ဇနကအကြောင်းတို့တွင် တစုံတခုသော အကြောင်းကြောင့်မျှ ဥပါဒ်အားဖြင့် ဖြစ်သောမည်သည် တရံတဆစ်မျှ မရှိသည်သာဖြစ်၍ ဘင်အားဖြင့် ပျက်ချုပ်သော မည်သည် မရှိသည်သာ ဖြစ်ရကား အတိတ် အနာဂတ် ပစ္စုပ္ပန်တရားဟူ၍ မဆိုအပ် မဆိုထိုက် မဆိုကောင်းသော နဝတ္တဗ္ဗတရားသာ မည်ကြောင်းကို—

ဝိနာသာဘာဝတော အတီတာဒိကာလဝသေန နဝတ္တဗ္ဗတ္တာ နိဗ္ဗာနံ ပညတ္တိ စ ကာလဝိမုတ္တံနာမ။

ဟူ၍ ပြတော်မူသည်။

ဝိနာသာဘာဝတော၊ ပညတ်ဟူသမျှနှင့် အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်၏ ဘင်အားဖြင့် ချုပ်ပျက်သော မည်သည် မရှိကောင်းသည်သာ ဖြစ်သောကြောင့်။ အတီတာဒိကာလဝသေန၊ အတိတ် စသောကာလ၏ အစွမ်းဖြင့်။ နဝတ္တဗ္ဗတ္တာ၊ မဆိုအပ် မဆိုထိုက်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်သည်ငင်း။ ပညတ္တိ စ၊ ပညတ်သည်ငင်း။ ကာလဝိမုတ္တံနာမ၊ ကာလဝိမုတ်မည်၏။

## ကုသလတိက်-အလို

အဘိဓမ္မာမာတိကာ၏ သဘာဝဓမ္မကိုသာ ဟောပြောရာဖြစ်သောကြောင့် ကုသလတိက်၌ သဘာဝဓမ္မကို သုံးစုပြု၍ ကောက်ယူသဖြင့် သဘာဝဓမ္မအကြွင်းအကျန် မရှိခဲ့ရကား ဤကုသလတိက်မှ လွတ်သော သဘာဝဓမ္မမည်သည် မရှိ၊ ဤလက္ခဏာသုံးပါးစသည်တို့၏ အသဘာဝဓမ္မဖြစ်သော ကြောင့်ငင်း အောက်၌ နှစ်ပါးကုန်သော စိတ္တုပ္ပါဒကဏ္ဍ ရူပကဏ္ဍတို့၌ ဝိညတ်စသည်တို့ကဲ့သို့ မဟောအပ်သောကြောင့်ငင်း လက္ခဏာသုံးပါး အစရှိသည်တို့ကိုသာ ဤကုသလတိက်၌ မရအပ်ကုန် ဟု ပြလို၍ အဋ္ဌသာလိနီ (၃၈၁) အဋ္ဌကထာနိက္ခေပကဏ္ဍ ကုသလတိက် အဖွင့်၌—

ဣမသ္မိံ တိကေ တီဏိ လက္ခဏာနိ တိဿော ပညတ္တိယော ကသိ-ဏုဂ္ဃါဋိမာကာသံ အဇဋာကာသံ အာကိဉ္စညာယတနဿ အာရမ္မဏံ နိရောဓသမာပတ္တိ စ န လဗ္ဘတီတိ ဝုတ္တံ။

ဟူ၍ ၎င်းအဖွင့် မူလဋီကာ (၁၆၀) ၌လည်း—

တီဏိ လက္ခဏာနီတိ အနိစ္စဒုက္ခအနတ္တတာ။ နာမ ကသိဏ သတ္တ-ပညတ္တိယော တိဿော ပညတ္တိယော။ ပရမတ္ထေ အမုဉ္စိတွာ ဝေါဟရိယ-မာနာ ဝိဟာရမဥ္စာဒိဉပါဒါပညတ္တိ သတ္တပညတ္တိဂဟဏေန ဂဟိတာတိ ဝေဒိတဗ္ဗာ။

ဟူ၍ ခပ်သိမ်းသော စတုဘူမကသင်္ခါရတရားတို့၏ အနိစ္စအဖြစ် ဒုက္ခအဖြစ် အနတ္တအဖြစ် ဟူသော သာမာန်လက္ခဏာသာမညဖြစ်သော သုံးပါးသော လက္ခဏာတို့ကိုလည်းကောင်း သတ္တ ပုဂ္ဂလ ဒေဝ မနုဿ ဣတ္ထိ ပုရိသ-အစရှိသည်ဖြင့် ခေါ်ဝေါ်ကြောင်း ဖြစ်သော အလုံးစုံသော နာမပညတ်၊ ပထဝီ အာပေါ အစရှိသော ဆယ်ပါးသော ကသိုဏ်းပညတ် ပရမတ္ထဓမ္မဖြစ်သော ရုပ် ဝေဒနာ အစရှိသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ပိဏ္ဍာကာရ သမူဟာကာရအားဖြင့် မှတ်ယူအပ်သော ခန္ဓာ အစုအပေါင်း သန္တာနာကာရ ပဗန္ဓာကာရအားဖြင့် ယူအပ်သော ခန္ဓာအစဉ်ကို အကြောင်းအစွဲပြု၍ သတ္တ, ပုဂ္ဂလ, ဒေဝ, မနုဿ, ဣတ္ထိ, ပုရိသ, ဂေါ, မဟိံသ အစရှိသည်ဖြင့် သမုတ်ခေါ်ဆိုအပ်သော ဒြပ်အနက်ဖြစ်သော အလုံးစုံသော သတ္တပညတ်၊ ယင်းသည် သတ္တပညတ်ဖြင့် ယူအပ်သော အဝိနိဗ္ဘောဂ ဗဟိဒ္ဓအဋ္ဌ ကလာပ်ရုပ်ကို အကြောင်းအစွဲပြု၍ အိမ်, ကျောင်း, ညောင်စောင်း, အင်းပျဉ် အစရှိသည်ဖြင့် ခေါ်ဝေါ်အပ်သော ပညတ် ဟူသော သုံးပါးသော ပညတ်တို့ကိုလည်းကောင်း၊ ပထဝီ-စသော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သော ကသိဏုဂ္ဃါဋိမ ဖြစ်သော ကောင်းကင်ပညတ်, အဇဋာကာသ ဟူသော ဟင်းလင်း အပြင် ကောင်းကင်ပညတ်, အာကိဉ္စညာယတနစျာန်၏ အာရုံဖြစ်သော ပဌမာရုပ္ပ စျာန်၏ မရှိခြင်း ဟု ဆိုအပ်သော နတ္ထိဘာဝပညတ်, နိရောဓကာလအတွင်း စိတ် စေတသိက်တို့၏ မဖြစ်ခြင်း ဟူသော အဘာဝပညတ်ဖြစ်သော နိရောဓတို့ကိုလည်းကောင်း ဤကုသလတိက်၌ မရအပ်ဖြစ်ကြောင်းကို ပြဆိုတော်မူကြကုန်သည်။

ဣမသ္မိံ တိကေ၊ ဤကုသလတိက်၌။ တီဏိ လက္ခဏာနိ စ၊ အနိစ္စ အစရှိသော သာမညလက္ခဏာတို့ကိုလည်းကောင်း။ တိဿော ပညတ္တိယော စ၊ သုံးပါးသော ပညတ်တို့ကိုလည်းကောင်း။ ကသိဏုဂ္ဃါဋိမာကာသဉ္စ၊ ကိုလည်းကောင်း။ အဇဋာကာသဉ္စ၊ ကိုလည်းကောင်း။ အာကိဉ္စညာယတနဿ၊ ၏။ အာရမ္မဏဉ္စ၊ ကိုလည်းကောင်း။ နိရောဓသမာပတ္တိ စ၊ ကိုလည်းကောင်း။ န လဗ္ဘတိ၊ မရအပ်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ၏။

တိဏ္ဏိ လက္ခဏာနီတိ၊ ဟူသည်ကား။ အနိစ္စဒုက္ခအနတ္တတာ၊ အနိစ္စ, ဒုက္ခ, အနတ္တ အဖြစ်ဟူသော သာမညလက္ခဏာတို့တည်း။ နာမ ကသိဏ သတ္တ-ပညတ္တိယော၊ နာမပညတ်, ကသိုဏ်းပညတ်, သတ္တပညတ်တို့သည်။ တိဿော ပညတ္တိယော၊ ပညတ်သုံးပါးမည်ကုန်၏။ ပရမတ္ထေ၊ ဗဟိဒ္ဓဥတုဇဖြစ်သော အဋ္ဌကလာပ်ရုပ်တို့ကို။ အမုဉ္စိတွာ၊ မလွှတ်မူ၍။ ဝါ၊ အကြောင်းအစွဲပြု၍။ ဝေါဟာရိယမာနာ၊ ခေါ်ဝေါ်အပ်သော။ ဝိဟာရမဉ္စာဒိဥပါဒါပညတ္တိ၊ ဝိဟာရ, မဉ္စ-အစရှိသော ဥပါဒါပညတ်ကို။ သတ္တပညတ္တိဂဟဏေန၊ ဖြင့်။ ဂဟိတာ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။

ဤအဋ္ဌသာလိနီအဋ္ဌကထာဝယ် ကုသလတိက်၏ တိက်မှတ်အရကို ပြရာ၌ ဣန္ဒြိယဗဒ္ဓသဝိညာဏကဖြစ်သော ရုပ် နာမ်ခန္ဓာတို့ကို သန္တာနာကာရ, ပဗန္ဓာ-ကာရ, ပိဏ္ဍာကာရ, သမူဟာကာရအားဖြင့် ယူ၍ ထိုခန္ဓာတို့၏အစဉ် အစု အပေါင်းကို အကြောင်းအစွဲပြု၍ သတ္တဝါ ပုဂ္ဂိုလ် လူ နတ် ဗြဟ္မာ မိန်းမ ယောကျ်ား နွား ကျွဲ အစရှိသည်ဖြင့် ခေါ်ဝေါ်အပ်သော သရုပ်ဒြဗ်အနက် အားဖြင့် သိမ်းခြားရကောင်း၍ ဘာဝပညတ်ဖြစ်သော သတ္တပညတ်ကို ယူသဖြင့် ထိုသတ္တပညတ်နှင့် သရုပ်ဒြဗ်အနက်အားဖြင့် သိမ်းခြားရကောင်း၍ ဘာဝပညတ် အဖြစ်ဖြင့် တူသောကြောင့် အနိန္ဒြိယဗဒ္ဓ အဝိညာဏကဖြစ်သော ဥတုဇ ကလာပ်ရုပ် အစဉ်အပေါင်းကို အစွဲပြု၍ အိမ် ကျောင်း ညောင်စောင်း အင်းပျဉ် လှည်း လှေ မြေ တောင် သစ်ပင်-အစရှိသည်ဖြင့် သမုတ်ခေါ်ဝေါ်အပ်သော ဥပါဒါပညတ်ကိုလည်း အဋ္ဌကထာဆရာ ယူအပ်သည် ဟု သိအပ်ကြောင်းကို—

ပရမတ္ထေ အမုဉ္စိတွာ ဝေါဟာရိယမာနာ ဝိဟာရမဉ္စာဒိဥပါဒါပညတ္တိ
သတ္တပညတ္တိဂဟဏေန ဂဟိတာတိ ဝေဒိတဗ္ဗာ။

ဟူ၍ ရင်းမူလဋီကာ (၁၆၀) ၌ ပြဆိုသည်ကို ထောက်မှီသဖြင့် တတိယာရုပ္ပစျာန်၏ အာရုံဖြစ်သော ပဌမာရုပ္ပစျာန်၏ မရှိခြင်း ဟူသော နတ္ထိဘာဝပညတ် နိရောဓ သမာပတ္တိကာလအတွင်း စိတ် စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ခြင်း ဟူသော နိရောဓသို့ ရောက်ခြင်းကို ကောက်ယူသဖြင့် ထိုနတ္ထိဘာဝပညတ် နိရောဓ သမာပတ်တို့နှင့် သရုပ် ဒြဗ် အနက်အားဖြင့် သိမ်းခြား မရကောင်း၍ အဘာဝ ပညတ်အဖြစ်ဖြင့် တူသော ဣတိဝုတ်ပါဠိ အဋ္ဌကထာတို့၌ လာသော အရိယမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖြတ်ပယ်အပ်သည်ဖြစ်၍ အနုသယ သဘောအားဖြင့် သန္တာန်သို့ အစဉ်လိုက်၍ ဖြစ်သော ရာဂ ဒေါသ-အစရှိသော ကိလေသာတို့၏ ခီဏာသဝတို့ သန္တာန်ဝယ် တဖန်အသစ် ဖြစ်ပြန်ကောင်းသော အပိုင်းအခြားကို လွန်၍ ဧကန်စင်စစ် တဖန်မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်း ဟူသော ပရမတ္ထမမှုမဟုတ်သော ကုန်ပြတ်ချုပ်ငြိမ်းခြင်းဟူသော သဥပါဒိသေသ

နိဗ္ဗာန်၊ ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလလာယ် ပုထုဇဥ်သေက္ခတို့ လက်ထက် စုတိ၏ အခြားမဲ့၌ ပဋိသန္ဓေကိစ္စတပ်၍ ထိုက်သည်အားလျော်စွာ ဖြစ်နေကျ ဖြစ်ရမြဲ ဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စ တပ်၍ တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်း ဟူသော ပရမတ္ထမှေ့ မဟုတ်သော ကုန်ပြတ်ချုပ်ငြိမ်းခြင်း ဟူသော အနုပါဒိသေသနိဗ္ဗာန်တို့ကိုလည်း အဋ္ဌကထာဆရာ ယူတော်မူအပ်ကြောင်းကို သိအပ် မှတ်အပ်သည်။

အကောက်ဆရာမြတ်တို့သည်ကား

"န ဟိ ကောစိ သဘာဝေါ ကုသလတ္တိကာသင်္ဂဟိတော နတ္ထိ ဝတ္တုံ ယုတ္တံ" ဟူသော မူလဋီကာ(၁၆၀) နည်းကို ထောက်၍ ကုသလတိက်၌ မရေတွက်အပ်သော တစုံတခုသော သဘာဝဓမ္မမည်သည် မရှိသောကြောင့်၎င်း, သဘာဝဓမ္မကိုသာ ဟောပြရာဖြစ်သောကြောင့်၎င်း အသဘာဝဓမ္မဖြစ်သော လက္ခဏာသုံးပါး စသည်ကို တိက်မုဘ် မထုတ်ခဲ့ကြလေသည်။

ဟိ သစ္စံ၊ မှန်၏။ ကုသလတ္တိကာသင်္ဂဟိတော၊ ကုသလတိက်၌ မရေတွက် အပ်သော။ ကောစိ သဘာဝေါ၊ တစုံတခုသော သဘာဝဓမ္မသည်။ န အတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ယုတ္တံ၊ သင့်၏။

## ဝေဒနတိက် အလို

ဝေဒနတိက်၌လည်း---

> အယံ ဟိ တိကော ကုသလတ္တိကေ စ အလဗ္ဘမာနေဟိ ရူပမေဟိ စ တီဟိ ကောဋ္ဌာသေဟိ မုတ္တကောနာမ။

ဟု အဋ္ဌကထာ၌ တိက်မုဘ်ကို ပြတော်မူ၏။ ဟိ သစ္စံ၊ မှန်၏။ အယံ တိကော၊ ဤဝေဒနတိက်သည်။ ကုသလတ္တိကေ၊ ကုသလတိက်၌။ အလဗ္ဘမာနေဟိ စ၊ မရအပ်ကုန်သော လက္ခဏာသုံးပါး စသည်တို့မှ၎င်း။ ရူပမေဟိ တီဟိ ကောဋ္ဌာ-သေဟိ စ၊ ဝေဒနာသုံးပါး ရုပ် နိဗ္ဗာန် ဟု ဆိုအပ်သော ဤသုံးပါးသော အစုတို့မှ၎င်း။ မုတ္တကောနာမ၊ လွတ်သည်မည်၏။

ဤသို့ ကုသလတိက် ဝေဒနတိက်-စသည်တို့၌ တိက်မုတ် ထုတ်အပ်သော အဋ္ဌကထာနည်းကို မှီသဖြင့် ဤအတီတတိက်၌ တိက်မုတ်ကို အဋ္ဌကထာဆရာ တိုက်ရိုက် မထုတ်ပြသော်လည်း---

> အယံ ဟိ တိကော ကုသလတ္တိကေ အလဗ္ဘမာနေဟိ စေဝ နိဗ္ဗာနေန စ မုတ္တကောနာမ။

ဟု တိက်မုဘ်ထုတ်သင့်သည်၏ အဖြစ်ကို သိအပ်၏။

ဟိ သစ္စံ၊ မှန်၏။ အယံ တိကော၊ ဤအတီတတိက်သည်။ ကုသလတ္တိကော၊ ၌။ အလဗ္ဘမာနေဟိ စေဝ၊ မရအပ်သော လက္ခဏာသုံးပါး စသည်တို့မှရင်း။ နိဗ္ဗာနတော စ၊ မှရင်း။ မုဉ္စကောနာမ၊ လွတ်သည်မည်၏။

ဤသို့ အနက်မြန်မာပြန်။

အရိယမဂ်စိတ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်တရားရှစ်ပါးတို့၏ ပရမတ် အသင်္ခတ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော နိရောဓဂါမိနိပဋိပဒါ ဖြစ်ကြောင်းကိုလည်း—

> စတ္တာရိ အရိယသစ္စာနိ၊ ဒုက္ခံ အရိယသစ္စံ ဒုက္ခသမုဒယော အရိယသစ္စံ ဒုက္ခနိရောဓော အရိယသစ္စံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ။ တတ္ထ ကတမံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အစရှိသည်ဖြင့် အဘိဓမ္မာသစ္စဝိဘင်းပါဠိတော် (၁၀၄) မဟာသတိပဋ္ဌာနသုတ်ပါဠိတော် အစရှိသော ထိုထိုအရာဝယ် များစွာပင် ဟောတော်မူသည်။

အရိယမဂ္ဂင်ရှစ်ပါး၏ အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သည်၏အဖြစ်ကို ဓမ္မသင်္ဂဏီ တိကမာတိကာ အာစယဂါမိတိက်ဝယ် "အပစယ-ဂါမိနော ဓမ္မာ" ဟူသော ဒုတိယပုဒ်ဖြင့်လည်း ဟောပြတော်မူသည်။

အပစယဂါမိ-ဟူသောပုဒ်ကိုလည်း အဋ္ဌသာလိနီ (၈၆) ၌—

> တတောဧဝ အာစယသင်္ခါတာ စယာ အပေတတ္တာ နိဗ္ဗာနံ အပေတံ စယာတိ အပစယော။ တံ အာရမ္မဏံ ကတွာ ပဝတ္တနတော အပစယံ ဂစ္ဆန္တီတိ အပစယဂါမိနော။ အရိယမဂ္ဂါနမေတံ အဓိဝစနံ။

ဟူ၍ ဖွင့်ပြတော်မူသည်။

အာစယသင်္ခါတာ၊ အာစယ ဟု ဆိုအပ်သော။ တတောဧဝ စယာ၊ ထိုစုတိပဋိသန္ဓေမှသာလျှင်။ အပေတတ္တာ၊ ကင်းသည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ မဂ်ဖိုလ်တို့၏ အာရုံနိဗ္ဗာန်သည်။ စယာ၊ ကံ ကိလေသာတို့သည် ပေါင်းစည်းအပ်၍ စယမည်သော စုတိပဋိသန္ဓေမှ။ အပေတံ၊ ကင်း၏။ ဣတိ၊ ထိုသို့ စုတိပဋိသန္ဓေမှ ကင်းသည်၏အဖြစ်ကြောင့်။ အပစယော၊ အပစယမည်၏။ ယေ အရိယမဂ္ဂါ၊ တို့သည်။ တံ၊ ထိုနိဗ္ဗာန်ကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ အပစယံ၊ နိဗ္ဗာန်သို့။ ဂစ္ဆန္တိ၊ အာရုံပြုသော အားဖြင့် ရောက်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သည်၏ အဖြစ်တည်းဟူသောအကြောင်းကြောင့်။ တေ အရိယမဂ္ဂါ၊ တို့သည်၊

အပစယဂါမိနော၊ အပစယဂါမိမည်ကုန်၏။ တော်၊ ဤအပစယဂါမိ·ဟူသော အမည်သည်။ အရိယမဂ္ဂါနံ၊ အဋ္ဌင်္ဂိကအရိယမဂ်တို့၏။ အဓိဝစနံ၊ အမည်တည်း။

စတုတ္ထသစ္စံ ပန ယသ္မာ တံ ဒုက္ခနိရောဓံ ဂစ္ဆတိ အာရမ္မဏဝသေန တဒဘိမုခီဘူတတ္တာ ပဋိပဒါ စ ဟောတိ။ ဒုက္ခနိရောဓပ္ပတ္တိယာ။ တသ္မာ ဒုက္ခနိရောဓဂါမိနိပဋိပဒါတိ ဝုစ္စတိ။

ဟူ၍ သမ္မောဟဝိနောဒနီသစ္စဝိဘင်းအဋ္ဌကထာ (၇၉) ဒုက္ခနိရောဓံ ဂစ္ဆတိ တောယာတိ ဒုက္ခနိရောဓဂါမိနီ။ သာဝ ပဋိပဇ္ဇန္တိ တောယာတိ ပဋိပဒါ။ အရိယမဂ္ဂေါ။ ဟူ၍ သင်္ဂြိုဟ်ဋီကာဟောင်း။

ဒုက္ခနိရောဓံ ဂစ္ဆတိ ပဋိပဇ္ဇန္တိ စ တံ တောယာတိ ဒုက္ခနိရောဓဂါမိနိ-ပဋိပဒါ။

ဟူ၍ ဋီကာကျော် တို့၌ နိရောဓဂါမိနိပဋိပဒါသဒ္ဒါ၏ အနက်ကို ဖွင့်ဆိုတော်မူကြသဖြင့် အဋ္ဌကထာ ဋီကာဆရာမြတ်တို့လည်း အရိယမဂ္ဂင်ရှစ်ပါး၏ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့် နိရောဓဂါမိနိပဋိပဒါ သမ္မာပကအကြောင်း ဖြစ်သည်၏ အဖြစ်ကိုသာ ပြဆိုတော်မူကြကုန်သည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(၁၄၀)၌လည်း နိဗ္ဗာန်သည် အရိယမဂ်ဖြင့် ရောက်အပ်သော ပတ္တဗ္ဗအကျိုးသာဖြစ်၍ အရိယမဂ်သည် ဖြစ်စေအပ်သော ဥပ္ပါဒေတဗ္ဗ အကျိုး မဟုတ်ကြောင်းကို—"ပတ္တဗ္ဗမေဝ ဟိ တံ မဂ္ဂေန။ န ဥပ္ပါဒေတဗ္ဗံ" ဟူ၍ ပြဆိုတော်မူသည်။

## လောကီပဉ္စင်္ဂိကမဂ်

မဂ်စိတ်တို့နှင့်ယှဉ်သော မဂ္ဂင်ရှစ်ပါးဟူသော အဋ္ဌင်္ဂိကအရိယမဂ်သာ နိဗ္ဗာန် ရောက်ကြောင်းအကျင့် နိရောဓဂါမိနိပဋိပဒါသမ္မာပက အကြောင်းဖြစ်သည် မဟုတ်သေး။ ဒါန သီလ-အစရှိသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ-မှ တပါးသော လောကီကုသိုလ်စိတ်နှင့် ယှဉ်သော သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဟူသော ပဉ္စင်္ဂိက မဂ်သည်လည်း နိဗ္ဗာန်ရောက်ကြောင်း အကျင့် နိရောဓဂါမိနိပဋိပဒါ သမ္မာပက အကြောင်းပင် ဖြစ်ကြောင်းကိုသမ္မောဟဝိနောဒနီအဋ္ဌကထာ(၁၁၅)၌

န ကေဝလံ အဋ္ဌင်္ဂိကော မဂ္ဂေါဝ ပဋိပဒါ။ ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတီတိ ဝစနတော ပန ပုဂ္ဂလဇ္ဈာသယဝသေန ပဉ္စင်္ဂိကောပိ မဂ္ဂေါ ပဋိပဒါ ဝေါ။

ဟူ၍ ပြဆိုတော်မူသည်။

ဤ၌အင်္ဂုတ္တိကမဂ်, ပဥ္စင်္ဂိကမဂ်တို့သာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်ကုန်သည်မဟုတ်သေး၊ ထိုမဂ်တို့နှင့်ယှဉ်သော မဂ်စိတ္တုပ္ပါဒ် မဟာကုသိုလ် စိတ္တုပ္ပါဒ်တရားတို့သည်လည်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပင် ဖြစ်ကြောင်းကို ဋီကာအဋ္ဌကထာ(၁၁၅) ၌ပင်——

န ကေဝလံ ပဥ္စင်္ဂိကအဋ္ဌင်္ဂိကမဂ္ဂါဝ ပဋိပဒါ။ သမ္ပယုတ္တာ ပန အတိ-ရေကပညာသဓမ္မာပိ ပဋိပဒါ ဝေ။

ဟူ၍ ပြဆိုတော်မူသည်။

"နိယျာနိကလက္ခဏော မဂ္ဂေါ။ တံ နိရောဓဿ ပဒဋ္ဌာနံ" ဟူ၍ အရိယမဂ်ကို နိဗ္ဗာန်၏ ပဒဋ္ဌာန် ဟု နေတ္တိကျမ်းဝယ် ကစ္စည်းမထေရ် ဟောတော်မူလေသည်ကား နိဗ္ဗာန်ရောက်ကြောင်းအကျင့်ဖြစ်သော ပါရမီ, ဝိပဿနာ, ဘာဝနာ, အရိယမဂ် ဟူသော သမ္ပာပကအကြောင်းတို့တွင် အလွန်နီးသော သမ္ပာပက အကြောင်းဖြစ်သည်ကို ရည်၍သာ ဟောတော် မူကြောင်းကို ဋီကာအဋ္ဌကထာ၌——

သမ္ပာပကဟေတုဘာဝံ သန္ဓာယ မဂ္ဂေါ နိရောဓဿ ပဒဋ္ဌာနန္တိ ဝုတ္တော။

ဟူ၍ ပြဆိုတော်မူသည်။

ဤသို့ ပါဠိ အဋ္ဌကထာ ဋီကာအရပ်ရပ်တို့၌ ပါရမီ, ဝိပဿနာ, ဘာဝနာ, အရိယမဂ်ဟူသော သမ္ပယုတ်တရားနှင့်တကွသော အင်္ဂုတ္တိကမဂ်, ပဥ္စင်္ဂိကမဂ်တို့၏ နိဗ္ဗာန်ရောက်ကြောင်း အကျင့် နိရောဓဂါမိနိပဋိပဒါသမ္ပာပက အကြောင်းသာ ဖြစ်၍ နိဗ္ဗာန်ကို ပြုပြင်စီရင်တတ် ဖြစ်စေတတ်သော ကာရက, နိဗ္ဗတ္တက, ဇနက အကြောင်း မဟုတ်သည်၏အဖြစ် အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်၏ ထိုပါရမီ ဝိပဿနာမဂ်တို့သည် ပြုပြင်စီရင်အပ် ဖြစ်စေအပ်သော ကတ္တဗ္ဗ, ဥပ္ပါဒေတဗ္ဗ အကျိုးမဟုတ်သည်၏အဖြစ်၊ ထိုနိဗ္ဗာန်၏လည်း ဖြစ်ခြင်း ပျက်ခြင်းမည်သည် မရှိ၊ ပကတိထာဝရ အမြဲတည်နေသော တရားဖြစ်သည်၏အဖြစ်သည် အလွန်သိသာ ထင်ရှားစွာပင် လာသည်။

ဤ၌ ထုတ်ဆောင်ပြဆိုအပ်သော သာဓကပါဠိတို့ကို အောက်က အနက်မြန်မာပြန်ဆိုပြီးဖြစ်၍ မပြန်မဆိုသည်။

---

## ၃၅-အချို့ဆရာတို့ဝါဒ-စသည်ကို ပြပုံ

### အသင်္ခတနိဗ္ဗာန်၏ ပါရမီစသောအကြောင်း-စသည်တို့ကို ပြခြင်း

ဆရာအချို့ကား ပါဠိ အဋ္ဌကထာ ဋီကာအရပ်ရပ်ကို ထောက်သဖြင့်ပင် နိဗ္ဗာန်၏ ဖြစ်တတ်သော တရားမဟုတ်သည်၏အဖြစ် ပါရမီဝိပဿနာမဂ်တို့၏

နိဗ္ဗာန်ကိုဖြစ်စေတတ်သော ကာရက, နိဗ္ဗတ္တက, ဇနကအကြောင်းမဟုတ်သည်၏ အဖြစ် နိဗ္ဗာန်၏လည်း ထိုပါရမီ, ဝိပဿနာ, မဂ်တို့သည် ပြုပြင်စီရင်အပ် ဖြစ်စေအပ်သော ကဥ္စဗ္ဗအကျိုး ဥပ္ပါဒေတဗ္ဗအကျိုးမဟုတ်သည်၏ အဖြစ်သည် အလွန်သိသာ ထင်ရှားပါလျက် အသခ်တဓာတ် ပရမတ်နိဗ္ဗာန်သည် အကြောင်းနှင့်ကင်း၍ မိမိလျောက်လျှားဘာသာ ဖြစ်ပေါ်လာနိုင်သော တရား မဟုတ်၊ များစွာသော အကြောင်းတို့ ပေါင်းဆုံညီညွတ်လှမှ ဖြစ်သည် ဟူ၍ရှင်း ထိုနိဗ္ဗာန်ကို ဖြစ်အောင် တခုတည်းသော အကြောင်းသည် မပြု မစီရင်နိုင်၊ များစွာသော အကြောင်းတို့ ပေါင်းဆုံညီညွတ်၍ ပြုစီရင်အပ်သော်သာ ဖြစ်သည် ဟူ၍ရှင်း ပါရမီ, ဝိပဿနာ, မဂ်-ဟူသော အကြောင်းတို့ကြောင့် နိဗ္ဗာန်ဖြစ်သည်၊ ထိုပါရမီ ဝိပဿနာ မဂ်တို့သည် နိဗ္ဗာန်ကို ဖြစ်စေတတ်သော ဇနကအကြောင်း ဖြစ်သည် ဟူ၍ရှင်း ပြဆို ဆုံးဖြတ်၏။

ယင်းကို မြတ်စွာဘုရား အလိုတော်, အဋ္ဌကထာ ဋီကာဆရာတို့၏ အလိုတော်များနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သောကြောင့် မမှတ် မယူအပ်။

ဆရာအချို့လည်း အသခ်တဓာတ် ပရမတ်နိဗ္ဗာန်သည် ပါရမီ, ဝိပဿနာ, မဂ်-ဟူသော အကြောင်းတို့ကြောင့် ဖြစ်သော တရားပင် ဖြစ်သည်၊ ဖြစ်၏ ဟူသော်လည်း ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကဲ့သို့ ဥပါဒ် ဒြဒ်ပေါ်အောင် ရုန့်ရင်း ထင်ရှားစွာဖြစ်သည် မဟုတ်၊ နူးညံ့သိမ်မွေ့စွာသာ ဖြစ်သည်၊ ဖြစ်သော အခါလည်း ခီဏာသဝတို့ စုတိမကျမီ ရှေးကာလ တရံတဆစ်မျှ မဖြစ်ဘူးသေး၊ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလသို့ ရောက်မှဖြစ်သည်၊ ယင်းသို့ ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလသို့ ရောက်မှ ဖြစ်သောကြောင့် ထိုအသခ်တဓာတ် ပရမတ်နိဗ္ဗာန်မှာ စ၍ဖြစ်ခြင်းအပိုင်းအခြား ရှိ၏။ဖြစ်ပြီးနောက် နိစ္စ ဓုဝ သဿတ အားဖြင့် အမြဲတည်နေသော တရားဖြစ်သောကြောင့်ကား ပျက်စီးခြင်း အဆုံးအပိုင်းအခြား မရှိ ဟု ဆုံးဖြတ်ပြဆို၏။

### အချို့ဆရာများ သတိမပြုမိပုံ

ထိုဆရာတို့ကား ယင်း ပြဆိုခဲ့သော ပါဠိ အဋ္ဌကထာ ဋီကာတို့ကို မတွေ့မသိ သတိမပြုမိသောကြောင့်ရှင်း တွေ့သိလျက်သော်လည်း ထိုပါဠိ အဋ္ဌကထာ စသည်တို့ဝယ် အနက်အဓိပ္ပါယ်ကို ယထာဘူတ နေရာကျ မယူမိသောကြောင့်ရှင်း—

"ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော။ ကတမာ ဒွေ။ သဉပါဒိ-
သေသာ စ နိဗ္ဗာနဓာတု အနုပါဒိသေသာ စ နိဗ္ဗာနဓာတု"

အစရှိသည်ဖြင့် ဟောတော်မူအပ်သော ဣတိဝုတ်ပါဠိတော် (၂၂၀) ၌ လာသော အနုပါဒိသေသနိဗ္ဗာနအရကို ခီဏာသဝပုဂ္ဂိုလ်တို့အား စုတိဘင်ကွဏာ၏ အခြားမဲ့ဝယ် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်၏ ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်း ဟူသော ငြိမ်းခြင်း အဘာဝအတ္ထပညတ်ကိုသာ ကောက်ယူရမည်ကို ဤသို့ မကောက်ယူဘဲ ပရမတ်အသင်္ခတဖြစ်သော နိဗ္ဗာန်ကို ကောက်ယူမိသော ကြောင့်ရင်း

အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော။ပ။
ဇာတိနိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ
နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ဟူသော (ဝိနည်းမဟာဝါ-၁) ပါဠိတော်ဝယ် "ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" ဟူရာ၌ ဒုက္ခအပေါင်း၏ ချုပ်ခြင်းဖြစ်သည် ဟူရာဝယ် ချုပ်ခြင်းကြိယာတခြား ဖြစ်ခြင်း ကြိယာတခြား မဟုတ်ပြီ။ ချုပ်သည်ကိုပင် ချုပ်ခြင်းဖြစ်သည် ဟူ၍ ဟောတော်မူသည်ဟု ယူရသကဲ့သို့ရင်း—

နာဟု အဿာသပဿာသော၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလမကရီ မုနိ။

ဟူသော သုတ်မဟာဝါပါဠိတော် (၁၂၉)

အာဝုသော၊ ငါ့ရှင်အာနန္ဒာ။ ဝါ၊ ငါ့ရှင်တို့။ အနေဇော၊ ထိုထို အာရုံ၌ — ဝါ၊ ထိုထိုအာရုံကြောင့် တုန်လှုပ်တတ်၍ ဇောမည်သော တဏှာရှိတော်မမူသော။ ယံ-ယော မုနိ၊ အကြင်ဘုရားတည်း ဟူသော ရဟန်းမြတ်သည်။ ဝါ၊ မုနိတကာ တို့၏ အထွတ်အမြတ်ဖြစ်တော်မူသော ငါတို့ဆရာ မဟာဗုဒ္ဓမုနိသည်။ သန္တိံ၊ ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ခန္ဓာငါးပါး၏ တဖန်အသစ် မဖြစ်နိုင်သော အားဖြင့် မဖြစ်ခြင်း ဟူသော ငြိမ်းခြင်းဖြင့် ငြိမ်းသော အနုပါဒိသေသနိဗ္ဗာန်ကို။ အာရဗ္ဘ၊ အနုပါဒိသေသနိဗ္ဗာန်သို့ ယခုအခါ ငါသွားတော့အံ့ ဟု ရည်ရော်၍။ ကာလံ၊ ပရိနိဗ္ဗာန်စံခြင်းကို။ အကရိ၊ ပြုတော်မူ၏။ ဝါ၊ ကာလံအကရိ၊ ပရိနိဗ္ဗာန် စံတော်မူ၏။ ဌိတစိတ္တဿ၊ အနမတဂ် သံသာစက်ဝယ် ဆက်ကာဆက်ကာ မြင့်ကြာ တာရှည် ကျင်လည်ခဲ့ရသမျှ ကာလပတ်လုံး ရှေးရှေးစိတ်၏ နောက်နောက် စိတ်အား အနန္တရာဒိပစ္စည်းဖြင့် ကျေးဇူးပြုသည်သာဖြစ်၍ မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် တည်ရပ်ခြင်း မရှိခဲ့ဘူးသော စိတ်၏ ဇာတိကင်းမှုံ ပဋိသန္ဓေ ကုန်သဖြင့် တစုံတခုသောစိတ်အား အနန္တရာဒိပစ္စည်း မတပ်နိုင်သဖြင့် ရှေ့သို့ မကူနိုင်မလွန်နိုင် မဆက်နိုင်ဘဲ အဆုံးလက်စသတ် ရပ်နေရခြင်းကြောင့် ရပ်တည် ပြီးသော စိတ်ရှိတော်မူသော။ တာဒိနော၊ လာဘ, အလာဘ-စသည်အာရုံ

ရှစ်ပါးစုံနှင့် တွေ့ကြုံရခြင်းကြောင့် တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ တဿ မုနိနော၊ ထိုငါတို့ဆရာ မဟာဗုဒ္ဓမုနိအား။ ဣဒါနိ၊ ပရိနိဗ္ဗာန်စံတော်မူသော ဤယခုအခါ၌။ အဿာသပဿာသော၊ ထွက်သက် ဝင်သက်လေသည်။ န အဟု၊ မဖြစ်ပြီ။

ယေကေစိ ဗုဒ္ဓါ ဝါ ပစ္စေကဗုဒ္ဓါ ဝါ အရိယသာဝကာ ဝါ အန္တမသော ကုန္ထကိပ္ပိလိကံ ဥပါဒါယ သဗ္ဗေ ဘဝင်္ဂစိတ္တေန အဗျာကတေန ဒုက္ခသစ္စေန ကာလံကရောန္တိ။

ဟူသော ၎င်းအဋ္ဌကထာ(၁၈၆)

ပန-သစ္စံ၊ မှန်၏။ ယေကေစိ၊ အကြွင်းအမှတ်မရှိ အလုံးစုံကုန်သော။ ဗုဒ္ဓါ ဝါ၊ တို့သည်၎င်း။ ပစ္စေကဗုဒ္ဓါ ဝါ၊ တို့သည်၎င်း။ အရိယသာဝကာ ဝါ၊ တို့သည်၎င်း။ အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ ကုန္ထကိပ္ပိလိကံ၊ ခြပုန်း ပိုးရွက်ကို။ ဥပါဒါယ၊ အစပြု၍။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ ကုန်အောင်စုံသော သတ္တဝါ ခပ်သိမ်းတို့သည်။ ဒုက္ခသစ္စေန၊ သော။ အဗျာကတေန၊ သော။ ဘဝင်္ဂစိတ္တေန၊ ဖြင့်။ ကာလံ၊ ပစ္စုပ္ပန်ဘဝ၏ အဆုံးကာလကို။ ကရောန္တိ၊ ပြုကုန်၏။ ဝါ- ကာလံ၊ သေခြင်းကို။ ကရောန္တိ၊ ပြုကုန်၏။ ဝါ၊ ကာလံကရောန္တိ၊ သေကုန်၏။

ပကတိစိတ္တေတိ ဘဝင်္ဂစိတ္တေ။ သဗ္ဗေဟိ သညိနော သတ္တာ ဘဝင်္ဂစိတ္တေ ဋ္ဌိတာ ဘဝင်္ဂပရိယောသာနေန စုတိစိတ္တေန ကာလံကရောန္တိ။

ဟူသော ကထာဝတ္ထုအဋ္ဌကထာ။

ပကတိစိတ္တေတိ၊ ဟူသည်ကား။ ဘဝင်္ဂစိတ္တေ၊ ၌။ ဟိ-သစ္စံ၊ ပကတိစိတ်ဟူသည် ဘဝင်စိတ် ဟု ငါဆိုသော စကားမှန်၏။ သညိနော၊ သညာရှိကုန်သော။ သဗ္ဗေ၊ ကုန်သော၊ သတ္တာ၊ အသညသတ်ပုဂ္ဂိုလ်မှ တပါးသော သတ္တဝါတို့သည်။ ဘဝင်္ဂစိတ္တေ၊ ၌။ ဋ္ဌိတာ၊ ၍။ ဘဝင်္ဂပရိယောသာနေန၊ ဥပပတ္တိဘဝ၏ အစိတ်ဖြစ်၍ ဘဝင်မည်သော စိတ်တို့တွင် အဆုံးစွန် ဘဝင်စိတ်ဖြစ်သော။ ဝါ၊ ဘဝင်စိတ်နှင့် ဘုံဇာတ်သမ္ပယုတ် သင်္ခါရအာရုံအားဖြင့် တူ၍ ဘဝင်မည်သော အဆုံးစွန်စိတ်ဖြစ်သော။ စုတိစိတ္တေန၊ ဖြင့်။ ကာလံကရောန္တိ၊ သေကုန်၏။

## ပါဠိအဋ္ဌကထာတို့အလို ရှင်းချက်

ဤပါဠိ အဋ္ဌကထာတို့ဝယ် ကာလံအကရိ ကာလံကရောန္တိ-တို့၌ သေခြင်းကို ပြုသော ဟူသည် သေခြင်းအခြား ပြုခြင်းအခြား မဟုတ်ပြီ၊ သေသည်ကိုပင် သေခြင်းကိုပြုသည် ဟူ၍ ဟောပြတော်မူသည် ဟု ယူရသကဲ့သို့ရင်း——

တဿ ဣမေဝ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ **သီတိ ဘဝိဿန္တိ**။
ဟူသော ဣတိဝုတ်ပါဠိတော်(၂၂၁)

သီတိ ဘဝိဿန္တီတိ အစ္စန္တဝူပသမေန သင်္ခါရဒရထပဋိပဿဒ္ဓိယာ **သီတလီ ဘဝိဿန္တိ**။

ဟူသော ၎င်းအဋ္ဌကထာ(၁၅၃) တို့ဝယ် ခီဏာသဝတို့အား စုတိဘင်္ဂက္ခဏ၏အခြားမဲ့၌ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် တဖန်အသစ် ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်ခြင်းသဘောကို လွန်၍ ငြိမ်းခြင်းဟူသော ငြိမ်းအေးခြင်းအားဖြင့် သင်္ခါရဒုက္ခဟူသော ပူပန်ခြင်းမှ ငြိမ်းခြင်းဖြင့် ငြိမ်းအေးခြင်းရှိသည် ဖြစ်ကုန်လတ္တံ့ ဟု ဟောပြတော်မူသဖြင့် မကုန်သေးသော အာသဝေါရှိကုန်သော ပုထုဇဉ် သေက္ခတို့အား စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့သည် ထိုက်သည်အားလျော်စွာ ဂတိငါးပါးတွင် တပါးပါး၌ ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်ကုန်သကဲ့သို့ ခီဏာသဝပုဂ္ဂိုလ်တို့အား စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ထိုဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးတို့၏ တဖန် ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ငြိမ်းအေးခြင်း ဖြစ်လတ္တံ့ ဟူ၍ ဟောပြတော်မူရာဝယ် ငြိမ်းအေးခြင်းဖြစ်လတ္တံ့ ဟူသည် ငြိမ်းအေးခြင်းတခြား ဖြစ်ခြင်းတခြား မဟုတ်ပြီ၊ ငြိမ်းအေးသည်ကိုပင် ငြိမ်းအေးခြင်းဖြစ်သည်ဟူ၍ ဟောပြတော်မူသည် ဟု ယူရမည်ကို ဤသို့ မယူမူ၍ ငြိမ်းအေးခြင်းတခြား ဖြစ်ခြင်းတခြား ဟု ယူသောကြောင့်၎င်း—

နိဗ္ဗာန်ဟော အဗ္ဘုတသဒ္ဒါ၏အဖွင့်ဖြစ်သော "အဘူတမေဝ ဘူတံ အဇာတံ ဟုတွာ အတ္ထီတိ အဗ္ဘုတံ" ဟူသော သံယုတ်အဋ္ဌကထာ (၁၄၉) ဝယ် အဗ္ဘုတံ-ဟူသောပုဒ် အဇာတံ-ဟူသော ပုဒ်နှစ်ခုတို့၏ အကြားဝယ် ဝေသဒ္ဒါ ဘူတံ-ဟူသော ပုဒ်တို့ ကျပျက်ရှိသည်ကို ကျပျက်ချေသည် ဟု သတိမထားသဖြင့် ၎င်းပါဌ်ကို—

"အဘူတံ အဇာတံ၊ ရဟန္တာပုဂ္ဂိုလ် စုတိမကျမီ ရှေးကာလမဖြစ်ဘူးသေးသော နိဗ္ဗာန်သည်။ ဟုတွာ၊ စုတိကျပြီးနောက် တခါတည်း ဖြစ်ပေါ်လာ၍။ အတ္ထိ၊ မပျောက်မပျက် အမြဲထာဝရ ရှိနေသည်တည်း။"

ဟူ၍ အနက်ပြန်ဆိုမိမှားသောကြောင့်၎င်း—

အစ္ဆရိယံ မောဂ္ဂလာန အဗ္ဘုတံ မောဂ္ဂလာန ယာဝဗာဟာဂဟဏာပိ နာမ သော မောဃပုရိသော အာဂမိဿတိ။

အစရှိသည်တို့၌ လာသော ရှေး၌ မဖြစ်ဘူးမြဲ အလွန်ဖြစ်ခဲသော အမှု၏ တခါတရံ ပစ္စုပ္ပန်မျက်မှောက် ဖြစ်ရောက်လာခြင်းဟူသော အနက်ကို ဟော

သော အဗ္ဘုတသဒ္ဒါ၏ အဖွင့်ဖြစ်သော "အဘူတ္ဘပုဗ္ဗံ ဘူဘန္တိ အဗ္ဘုတံ" ဟူသော ပဏ္ဏာသအဋ္ဌကထာ ၂·(၆၂) ကို နိဗ္ဗာန်ကို ပြဆိုသောအနာဝယ် သာဓက ပြုလုပ် ထုတ်ဆောင်ပြဆို၍ ရင်းပါဌ်ကို—

> "အဘူတ္ဘပုဗ္ဗံ၊ ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်မပြုမီ ရှေးကာလ တရံတဆစ်မျှ မဖြစ်ဘူးသေးသော နိဗ္ဗာန်သည်။ ဘူတံ၊ ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုပြီးနောက် တခါတည်း ဖြစ်ပေါ်လာသည်တည်း"။

အစရှိသဖြင့် အနက် ပြန်ဆိုခဲ့မှားသောကြောင့်ရင်း ဆုံးဖြတ် ပြဆိုခြင်းသာ ဖြစ်သည်။

ထိုသို့ ဆုံးဖြတ် ပြဆိုသော စကားသည်လည်း ပါဠိ အဋ္ဌကထာတို့နှင့် မညီမလျော်၊ မြတ်စွာဘုရားအလိုတော် အဋ္ဌကထာဆရာတို့၏ အလိုတော်များနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သော စကားပင်ဖြစ်၍ ထိုစကားကိုလည်း မမှတ်သားအပ်။

## အချို့ဆရာတို့ အကောက်အယူမှားပုံ

ဆရာအချို့လည်း—

> ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော။ ကတမာ ဒွေ။ သဉပါဒိသေသာ စ နိဗ္ဗာနဓာတု အနုပါဒိသေသာ စ နိဗ္ဗာနဓာတု။

ဟူသော ဣတိဝုတ်ပါဠိတော်-(၂၂၁)ဝယ် သဉပါဒိသေသ နိဗ္ဗာနဓာတုအရကို အရိယမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖြတ်ပယ်အပ်သည်ဖြစ်၍ အနမတဂ္ဂသံသရာဝယ် ကျင်လည်ရာသမျှ ကာလပတ်လုံး သတ္တဝါတို့သန္တာန်၌ အစဉ်မပြတ် လိုက်၍ဖြစ်သဖြင့် ဖြစ်တုန်း ဖြစ်ဆဲ ပစ္စုပ္ပန်ဟု ခေါ်ဝေါ်အပ် ခေါ်ဝေါ်သင့် ခေါ်ဝေါ်ကောင်းသော ကိလေသာတို့၏ ခီဏာသဝပုဂ္ဂိုလ်တို့သန္တာန်ဝယ် တဖန်အသစ် မဖြစ်ပြန်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ကုန်ငြိမ်းခြင်းဖြစ်သော အခါ ထိုပုဂ္ဂိုလ်တို့သန္တာန်ဝယ် စရိမက အဆုံးစွန် စုတိစိတ်သို့ မကျမရောက်သေးသဖြင့် တဏှာ မာန ဒိဋ္ဌိတို့သည် ငါ-ငါ၏ကိုယ်အစရှိသည်ဖြင့် ပြင်းစွာစွဲလမ်းအပ်သောကြောင့် ဥပါဒိမည်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးတို့၏ ထင်ရှားရှိသေးသည်ကို အကြောင်းအစွဲပြု၍ သဉပါဒိသေသနိဗ္ဗာနဓာတ် ဟူသော အမည်ကိုရသော ထိုကိလေသာဘို့၏ အဘာဝအတ္တပညတ်ကိုကောက်ယူရမည်ကို မကောက်မယူဘဲ အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်ကို ကောက်ယူ၍ရင်း—

> "သဉပါဒိသေသာ ဒိဋ္ဌဓမ္မိကာ" ဟူသော ဣတိဝုတ်ပါဠိတော်။
> ဒိဋ္ဌဓမ္မိကာတိ ဒိဋ္ဌဓမ္မေ ဣမသ္မိံ ယော အတ္တဘာဝေ ဘဝါ ဝတ္တမာနာ။

ဟူသော ရင်းအဋ္ဌကထာ(၂၂၁) တို့ဖြင့် ထိုသဉပါဒိသေသနိဗ္ဗာန်၏ ခီဏာသဝတို့ သန္တာန်ဝယ် စုတိမကျမီအတွင်း ဤပစ္စက္ခအတ္တဘော၌ပင် ဖြစ်ကြောင်းကို

ဟောပြတော်မူရာ၌ ဖြစ်ရာကာလအရကို သောတာပတ္တိမဂ္ဂက္ခဏကာလ အစရှိသည်ကို ယူ၍ရင်း—

ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်သည် သောတာပတ္တိမဂ္ဂက္ခဏကာလ၌ စ၍ဖြစ်သည် ဖြစ်ပြီးနောက်ကား နိစ္စ, ဓုဝ, သဿတအားဖြင့် အမြဲတည်နေသော တရားဖြစ်၍ ပျက်စီးခြင်း အဆုံးအပိုင်းအခြားမရှိပြီဖြစ်ရကား နိဗ္ဗာန်မှာ အစရှိ၏၊ အဆုံးသာ မရှိသည်။ သံသရာမှာ အစသာ မရှိသည်၊ အဆုံးရှိ၏ ဟူ၍ နိဗ္ဗာန်နှင့် သံသရာ၏အထူးကို ပြောကြားပြဆို၏။ ထိုသို့ပြဆိုသော စကားသည်လည်း ပါဠိ အဋ္ဌကထာတို့နှင့် မညီမလျော်၊ မြတ်စွာဘုရားအလိုတော် အဋ္ဌကထာဆရာတို့၏ အလိုတော်များနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သော စကားပင်ဖြစ်၍ ယင်းစကားကိုလည်း မမှတ်သားအပ်။

## အနာဂတ်နိဗ္ဗာန်ဟု ယူဆပုံ

သရာအချို့လည်း "အနုပါဒိသေသာ သမ္ပရာယိကာ" ဟူသော ဣတိဝုတ်ပါဠိတော်(၂၂၁) သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ" ဟူသော ၎င်းအဋ္ဌကထာ(၁၅၉) တို့၌ အနုပါဒိသေသနိဗ္ဗာနအရကို ရှေးနည်းမဂ်ဖိုလ်တို့၏ အာရုံ အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်ကိုကောက်ယူ၍ "နိဗ္ဗာနဿ အနုပ္ပါဒေယေဝ ပုဂ္ဂလဿ နိရောဓော ဟောတိ" ဟူသော ဝိသုဒ္ဓိမဂ်မဟာဋီကာဝယ် နိဗ္ဗာနအရကိုလည်း ၎င်းပရမတ်နိဗ္ဗာန်ကိုပင် ကောက်ယူ၍ ၎င်းဋီကာပါဌ်ကိုလည်း—

> "နိဗ္ဗာနဿ၊ မဂ်ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်၏။ အနုပ္ပါဒေယေဝ၊ မဖြစ်မီ မဖြစ်ခင်ကပင်လျှင်။ ပုဂ္ဂလဿ၊ ခီဏာသဝပုဂ္ဂိုလ်ဟု ဆိုအပ်သော အဆုံးစွန် စုတိခန္ဓာ၏။ နိရောဓော၊ ဘင်၏ အစွမ်းဖြင့် ချုပ်နှင့်ရခြင်းသည် ဟောတိ၊ ၏"။

"နိဗ္ဗာနေ အနာဂတေပိ အတ္ထပဋိသမ္ဘိဒါ သိယာ" အစရှိသော အဘိဓမ္မာ့ဝိဘင်္ဂ ဝိဘင်္ဂဋ္ဌကထာ ပါဌ် တစိတ်မျှကို သာဓကပြုလုပ်ဆောင်ပြ၍ ၎င်းပါဌ်ကိုလည်း—

> "အနာဂတေပိ၊ အနာဂတ်လည်းဖြစ်သော။ ဝါ၊ ခီဏာသဝတို့ စုတိမကျမီမဖြစ်သေး၊ စုတိကျပြီးနောက် ဖြစ်လတ္တံ့ ဖြစ်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ အတ္ထပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါဉာဏ်သည်။ သိယာ ဟောတိ၊ ဖြစ်၏"။

ဟု မြန်မာပြန်ဆို၍ အရိယာပုဂ္ဂိုလ်တို့ သန္တာန်ဝယ် မဂ် ဖိုလ် ပစ္စဝေက္ခဏာ ဇောတို့ ဖြစ်သောအခါ ထိုနိဗ္ဗာန်မဖြစ်သေး မရှိသေး၊ ထိုမဂ် ဖိုလ် ပစ္စဝေက္ခဏာ ဇောတို့သည် ခီဏာသဝတို့ စုတိကျပြီးနောက်မှ ဖြစ်လတ္တံ့ ရှိလတ္တံ့ ဖြစ်သော အနာဂတ်နိဗ္ဗာန်ကိုပင် မြှော်လှမ်း ရော်ရမ်း တော်မှန်း၍ အာရုံပြုနိုင်ရသည် ဟူ၍ရင်း—

ပရိနိဗ္ဗာန်ပြု၍ ခန္ဓာပျက်ခါမှ ပေါ်လာဖြစ်လာလတ္တံ့သော မိမိအစဉ် သန္တာန်၌ လွန်စွာ ငြိမ်းအေးလတ္တံ့သော နိဗ္ဗာန်သဘောကို မဂ်ဖိုလ်တို့ဖြင့် သာမညသိလိုက်မြင်လိုက် အာရုံပြုလိုက်ပြီးသည်နောက် ပစ္စဝေက္ခဏာဝီထိတို့ဖြင့် အကြိမ်ကြိမ်အထပ်ထပ် အသေအချာ ယင်း မိမိရလတ္တံ့သော နိဗ္ဗာန်ချမ်းသာကို အာရုံပြုသည် ဟူ၍ရင်း ဆုံးဖြတ်ပြဆို၏။ ဤစကားလည်း ယခင် ပြဆိုခဲ့သည် အတိုင်း ဖြောင့်ဖြောင့်ဆန့်ကျင်သော စကားသာ ဖြစ်သည်။

## အဘာဝပညတ် နိဗ္ဗာန်

နိဗ္ဗာနဿ၊ ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ဝယ် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စတပ်၍ မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ငြိမ်းအေးခြင်း အဘာဝအတ္ထပညတ်ဖြစ်သော အနုပါဒိသေသနိဗ္ဗာန်၏။ အနုပ္ပါ-ဒေယေဝ၊ မဖြစ်မီကပင်လျှင်။ ပုဂ္ဂလဿ၊ ၏။ နိရောဓော၊ သည်။ ဟောတိ၊ ၏။ ဤသို့ "နိဗ္ဗာနဿ" အရကို အဘာဝပညတ်နိဗ္ဗာန်ကိုယူ၍ မြန်မာပြန်မှ မှန်သည်။

အဘိဓမ္မတ္ထဝိဘာဝနီဋီကာပါဌ်ဝယ် ဟတ်မှန်တိုင်းသော အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အောက်က ပြဆိုခဲ့ပြီ။

ဆရာအချို့လည်း မဂ်ဖိုလ်တို့၏ အာရုံနိဗ္ဗာန်သည် ခီဏာသဝတို့ စုတိမကျမီ မဖြစ်သေး မရှိသေး၊ ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့သို့ရောက်မှ ဖြစ်သည် ရှိသည် ဟု ရှေးနည်းယူ၍—

> နိဗ္ဗာနံ အတ္ထီတိ။ အာမန္တာ။ အတ္ထိ နိဗ္ဗာနန္တိ။ အတ္ထိ သိယာ နိဗ္ဗာနံ၊ သိယာ နေ၁ နိဗ္ဗာနံ။

ဟူသော ကထာဝတ္ထုပါဠိတော်(၁၂၂) ဝယ်—

> "နိဗ္ဗာနံ၊ နိဗ္ဗာန်ဟူသည်။ အတ္ထိ၊ ရှိပါ၏လော။ ဣတိ၊ ဤသို့မေး သည်ရှိသော်။ အာမန္တာ၊ နိဗ္ဗာန်ဟူသည် ရှိပါ၏။ အတ္ထိ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ရှိ၏ ဆိုသော်လည်း။နိဗ္ဗာနံ၊ သည်။ သိယာ၊ ရံခါ။ အတ္ထိ၊ ရှိ၏။ နိဗ္ဗာနံ၊ သည်။ သိယာ၊ ရံခါ။ နေ၁ အတ္ထိ၊ မရှိ"။

ဟု မြန်မာပြန်၍ မဂ်ဖိုလ်တို့၏ အာရုံအသခင်တခုတည်ဖြစ်သော ပရမတ်နိဗ္ဗာန်သည် ခီဏာ-သဝတို့ စုတိမကျမီ ရှေးဖြစ်သော ရုံခါကာလ၌ မရှိ၊ စုတိကျပြီးနောက်ဖြစ်သော ရုံခါကာလ၌သာ ရှိသည်ဟု ဆုံးဖြတ် ပြဆို၏။ ယင်းလည်း ရှေးနည်း ဖြောင့်ဖြောင့် ဆန့်ကျင်သော စကားသာ ဖြစ်သည်။

ဤကထာဝတ္ထု ပါဠိတော်ဝယ် ဟုတ်မှန်တိုင်းသော အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အောက်က ပြဆိုခဲ့ပြီ။

## ၃၆-ဘာဝမျှမရှိသောဝါဒ-စသည်ကို ပြပုံ

### အဘိဓမ္မာဝတာရအဋ္ဌကထာအလို-စသည်ကို ပြခြင်း

နိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့် အသီးအခြားတပါး မရှိပြီ။ ရာဂစသည်တို့၏ ကုန်ခြင်းမျှဟူသော အဘာဝပညတ်ပင် ဖြစ်သည်ဟု ယူ၍ ဆန့်ကျင်သော အယူဝါဒစကားကို ပြဆို ပြောကြားလေ့ရှိသော ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်၏ အယူစကားကို ရှေးဦးပြဆိုပြီး၍ ထိုအယူစကားကို ပယ်ဖျက်ကြောင်းဖြစ်သော အဆုံးအဖြတ် စကားရပ်တို့ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, သမ္မောဟဝိနောဒနီ-အဋ္ဌကထာ, အဘိဓမ္မာဝတာရအဋ္ဌကထာတို့၌ အသီးအသီး ပြဆိုတော်မူကုန်၏။

ထိုတွင် ဤ၌ အဘိဓမ္မာဝတာရအဋ္ဌကထာ၌ လာသောစကားကို အရင်း ပဌာနထား၍ ပြဆိုအံ့။

#### အဘိဓမ္မာဝတာရအဋ္ဌကထာပါဠိ

(က) ဟောတုဟ၊ န ပရမတ္ထတော နိဗ္ဗာနံ နာမ ကောစိ သဘာဝေါ အတ္ထိ။ တိတ္ထိယာနံ အတ္တာ ဝိယ သသဝိသာဏံ ဝိယ စာနုပလဗ္ဘနိယ-တောတိ။ န။ ပညာစက္ခုနာ ဥပပရိက္ခမာနာနံ ဟိတဂဝေသီနံ ယထာနုရူပါယ သမ္မာပဋိပတ္တိယာ ဥပလဗ္ဘနိယတော။ ယံ ဟိ ပုထုဇ္ဇနာ န လဘန္တိ၊ တံ နတ္ထီတိ န ဝတ္တဗ္ဗံ။ အထာယသ္မတာ သာရိပုတ္တတ္ထေရေန ဓမ္မသေနာပတိနာ ကတမံ နု ခေါ အာဝုသော နိဗ္ဗာနန္တိ နိဗ္ဗာနံ ပုဋ္ဌေန ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ရာဂါဒီနံ ခယောဝ ဒဿိတော။ တသ္မာ ရာဂါဒီနံ ခယမတ္တမေဝ နိဗ္ဗာနန္တိ စေ။ တံ န။ ကသ္မာ၊ အရဟတ္တဿာပိ ရာဂါဒီနံ ခယမတ္တပသင်္ဂဒေါသာပတ္တိတော။

(ခ) ကထံ။ နိဗ္ဗာနပုစ္ဆာနန္တရမေဝ ကတမံ နု ခေါ အာဝုသော အရဟတ္တန္တိ ပုစ္ဆေန ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ရာဂါဒီနံ ခယောဝ ဝုတ္တော။ တသ္မာ တဝ မတေန အရဟတ္တဖလဿာပိ ရာဂါဒီနံ ခယမတ္တတာ ဘဝေယျ။ န စေတံ ယုတ္တံ အရဟတ္တဿ လောကုတ္တရဖလစိတ္တဿ ရာဂါဒီနံ ခယမတ္တတာပဇ္ဇနံ၊ တသ္မာ မာ ဧဝံ ဗျဉ္ဇနစ္ဆာယာယ ဝဒေသိ။ ဥဘိန္နံ ပန သုတ္တာနံ အတ္ထော ဥပပရိက္ခိတဗ္ဗော။

(ဂ) ယဿ ပန ဓမ္မဿာဓိဂမေန ရာဂါဒီနံ ခယော ဟောတိ။ သော ဓမ္မော ရာဂါဒီနံ ခယဿ ဥပနိဿယတ္တာ အက္ခယောပိ သမာနော ရာဂါဒီနံ ခယော နိဗ္ဗာနန္တိ ခယောပစာရေန ဝုတ္တော တိပုသံ ဇရော ဂုဠော သေမှောတိအာဒီသု ဝိယ ဖလူပစာရေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

(ဃ) **အ**ရဟတ္တံ ပန ခယန္တေ ဥပ္ပန္နတ္တာ ခယောတိ ဝုတ္တံ၊ ယဒိ ရာဂါဒီနံ ခယမတ္တံ နိဗ္ဗာနံ ဘဝေယျ။ သဗ္ဗေ ဗာလပုထုဇ္ဇနာပိ သမဓိဂတနိဗ္ဗာနာ သစ္ဆိကတနိရောဓာ ဘဝေယျုံ။ ကိဉ္စ ဘိယျော။ နိဗ္ဗာနဿ ဗဟုတ္တာဒိဒေါသာပတ္တိ စ၊ ဧဝဉ္စ သတိ ရာဂက္ခယာဒီနံ ဗဟုဘာဝတော နိဗ္ဗာနဿာပိ ဗဟုဘာဝေါ အာပဇ္ဇေယျ။ သင်္ခတလက္ခဏဉ္စ နိဗ္ဗာနံ ဘဝေယျ။ သင်္ခတလက္ခဏတ္တာ သင်္ခတပရိယာပန္နဉ္စ။ သင်္ခတပရိယာပန္နတ္တာ အနိစ္စံ ဒုက္ခံ နိဗ္ဗာနံ ဘဝေယျာတိ။ ကိဉ္စ ဘိယျော။ ယဒိ ခယော နိဗ္ဗာနံ ဘဝေယျ။ ဂေါတြဘုဝေါဒါနမဂ္ဂဖလစိတ္တာနံ ကိန္နု အာရမ္မဏံ ဝဒေသိ ဝဒ ဘဒြမုခါတိ။

(င) ရာဂါဒီနံ ခယမေဝ စ ဝဒါမီတိ။ ကိံ ပန ရာဂါဒယော ဂေါတြဘုအာဒီနံ ခဏေ ခီယန္တိ။ ဥဒါဟု ခီယိဿန္တိ။ အထ ခီဏာတိ။ ကိံ ပနေတ္ထ ဝဒေသီတိ။ ခီဏေသွေဝ ခယံ ဝဒါမီတိ။ သုဋ္ဌု ဥပဓာရေတွာ ဝဒ ဘဒြမုခါတိ။ ယဒိ ခီဏေသွေဝ ခယံ ဝဒေသိ။ န ဂေါတြဘုစိတ္တာနံ နိဗ္ဗာနာရမ္မဏတာ သိဇ္ဈတီတိ။ ကိံ ကာရဏံ။ ဂေါတြဘုခဏေ ရာဂါဒယော ခီယိဿန္တိ။ တထာ ဝေါဒါနက္ခဏေ။ မဂ္ဂက္ခဏေ ပန ခီယန္တိ၊ န ခီဏာ။ ဖလက္ခဏေ ခီဏာ။ ဧဝံ သန္တေ ဘဝတော မတေန ဖလမေဝ ခယာရမ္မဏံ၊ န ဉာတရာ။ ဉာတရေသံ ပန ကိံ အာရမ္မဏံ ဝဒေသီတိ။ အဒ္ဓါ သော အာရမ္မဏံ အပဿန္တော နိရုတ္တရော ဘဝိဿတိ။

(စ) အပိစ။ ကိလေသက္ခယော နာမ သပ္ပုရိသေဟိ ကရိယတိ ယထာနုရူပါယ ပဋိပတ္တိယာ ဥပ္ပါဒိယတီတိ အတ္ထော။ နိဗ္ဗာနံ ပန န ကေနစိ ကရိယတိ ဥပ္ပါဒိယတီတိ။ ဟသ္မာ နိဗ္ဗာနံ အကတံ အသင်္ခတံ။ တံ အကတံ ဇာနာတီတိ အရိယပုဂ္ဂလော အကတညူတိ ဝုစ္စတိ။

ဝုတ္တံ ဟေတံ——

အသဒ္ဓေါ အကတညူ စ၊ သန္ဓိစ္ဆေဒေါ စ ယော နရော။
ဟတာဝကာသော ဝန္တာသော၊ သဝေ ဥတ္တမပေါရိသောတိ။

(ဆ) အပိစ နိဿရဏန္တိ ဘဂဝတာ ဝုတ္တတ္တာ စ။ နိဿရဏန္တိ ဟိ နိဗ္ဗာနဿေတံ နာမံ။ ယထာဟ တယော ခေါမေ ဓမ္မာ ဒုပ္ပဋိဝိဇ္ဈာ။ ကတမေ တယော ဓမ္မာ ဒုပ္ပဋိဝိဇ္ဈာ။ တိဿော နိဿရဏဓာတုယော။ ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မံ။ ရူပါနမေတံ နိဿရဏံ အရူပံ။ ယံ ခေါ ပန ကိဉ္စိ ဘူတံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ နိရောဓော တဿ နိဿရဏန္တိ ဟိ ဝုတ္တံ။

(ဇ) ဧဝံ ဝုတ္တဿ တဿ နိဗ္ဗာနဿ အဘာဝပ္ပတ္တိဒေါသတော ပဌမစျာနာကာသာနဉ္စာယတနာနမ္ပိ အဘာဝေါ ဘဝေယျ။ တသ္မာ အယုတ္တံ အခယဿ နိဗ္ဗာနဿ ခယဒေါသာပဇ္ဇနန္တိ။

(ဈ) န တု ခယော နိဗ္ဗာနံ။ အတ္ထိ နိဿရဏံ လောကေ။ ပညာယ မေ သုဖုသိတန္တိ။ အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတန္တိ စ ဓမ္မသာမိနာ တထာဂတေန သမ္မာသမ္ဗုဒ္ဓေန အနေကေသု သုတ္တန္တေသု ပရမတ္ထဝသေန ဝုတ္တတ္တာ အတ္ထိ နိဗ္ဗာနံနာမ ဧကော ဓမ္မောတိ နိဋ္ဌမေတ္ထ ဂန္တဗ္ဗံ။

(ဉ) အပိစ။ ပရိတ္တတ္တိကေ ကတမေ ဓမ္မာ အပ္ပမာဏာတိ ပဒမုဒ္ဓရိတွာ စတ္တာရော မဂ္ဂါ အပရိယာပန္နာ စတ္တာရိ စ သာမညဖလာနိ နိဗ္ဗာနဉ္စ ဣမေ ဓမ္မာ အပ္ပမာဏာတိ ဝုတ္တတ္တာ ရာဂါဒီနံ ခယဿ အပ္ပမာဏတ္တံ ကထံ ယုဇ္ဇတိ။ တသ္မာ ပရမတ္ထတော အတ္ထိယေဝ နိဗ္ဗာနံနာမ ဧကော သဘာဝေါတိ။ တံ ပန ပကတိဝါဒီနံ ပကတိ ဝိယ တိတ္ထိယာနံ အတ္တာ ဝိယ သသဝိသာဏံ ဝိယ စ နာဝိဇ္ဇမာနံ အတ္ထပညတ္တိမတ္တံ နိဗ္ဗာနန္တိ စေ။ တမ္ပိ အယုတ္တံ။ ကသ္မာ။ နိဗ္ဗာနာရမ္မဏာနံ စိတ္တစေတသိကာနံ နဝတ္တဗ္ဗာရမ္မဏတ္တာ။

(ဋ) ကထံ။ ပရိတ္တာရမ္မဏတ္တိကေ စ ပန ကတမေ ဓမ္မာ အပ္ပမာဏာရမ္မဏာတိ ပဒမုဒ္ဓရိတွာ စတ္တာရော မဂ္ဂါ အပရိယာပန္နာ စတ္တာရိ စ သာမညဖလာနိ ဣမေ ဓမ္မာ အပ္ပမာဏာရမ္မဏာတိ ဟိ ဝုတ္တံ။

ယဒိ ပနေတေသံ ပညတ္တိအာရမ္မဏံ သိယာ၊ အပ္ပမာဏာရမ္မဏတာ န ယုဇ္ဇေယျ။ န ဝတ္တဗ္ဗာရမ္မဏပက္ခံ ဘဇေယျ။

(၄) နဝတ္တဗ္ဗာရမ္မဏာ ပန ရူပါဝစရတိကစတုက္ကဇ္ဈာနံ ကုသလတော စ ဝိပါကတော စ ကိရိယတော စ။ စတုတ္ထဇ္ဈာနသ္ဘ ဝိပါကော။ အာကာသာနဉ္စာယတနံ အာကိဉ္စညာယတနံ ကုသလတော စ ဝိပါကတော စ ကိရိယတော စ ဣမေ ဓမ္မာ နဝတ္တဗ္ဗာရမ္မဏာတိ ဟိ ဝုတ္တံ။ တသ္မာ န ပညတ္တိမတ္တံ နိဗ္ဗာနံ။ ယသ္မာ စ ပဏ္ဏတ္တိဘာဝေါ နိဗ္ဗာနဿ န ယုဇ္ဇတိ။ တသ္မာ မဂ္ဂဖလာနံ အာရမ္မဏပစ္စယဘူတံ ဥပ္ပါဒါဒိနမဘာဝတော နိစ္စံ။ ရူပသဘာဝါဘာဝတော အရူပံ။ ပပဉ္စာဘာဝတော နိပ္ပပဉ္စံ နိဗ္ဗာနံနာမ အတ္ထီတိ ဥပဂန္တဗ္ဗန္တိ။

အဘိဓမ္မာဝတာရအဋ္ဌကထာ။

## ရှင်းအဋ္ဌကထာ အနက်

(က) ဧတ္ထ၊ ဤနိဗ္ဗာန်၏သရုပ်စသည်ကို ပြဆိုသောအရာ၌။ ဝိတဏ္ဍဝါဒီ၊ ပညာရှိတို့၏ စိတ်နှလုံးကို အထူးသဖြင့် တုန်လှုပ်စေတတ်သော အယူစကားကို ဆိုလေ့ရှိသောပုဂ္ဂိုလ်သည်။ အာဟ၊ ဝင်၍ ဆို၏။ ကိံ အာဟ၊ အဘယ်သို့ ဝင်၍ ဆိုသနည်း ဟူမူကား။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန်မည်သည်။ ပရမတ္ထတော၊ ရာဂ စသည်တို့၏ ကုန်ခြင်း ဟူသော ပညတ်ကိုထား၍ ယင်းသည့်ပညတ်မှ တပါးသော ပရမတ္ထအားဖြင့်။ ဧကော၊ အသီးအခြား တပါးသော။ သဘာဝေါ၊ သဘောမည်သည်။ န အတ္ထိ၊ မရှိ။ ကသ္မာ၊ အဘယ့်ကြောင့်။ န အတ္ထိ၊ မရှိသနည်း ဟူမူကား။ တိတ္ထိယာနံ၊ သာသနာတော်မှအပ အညတိတ္ထိယတို့၏။ အတ္တာ၊ ကြံဆအပ်သော အတ္တမည်သည်ကို။ အနုပလဗ္ဘတိ ဝိယ စ၊ သရုပ်အားဖြင့် မရအပ် မရကောင်းသကဲ့သို့ရင်း။ သသဝိသာဏံ၊ ယုန်၏ ဦးချိုမည်သည်ကို။ အနုပလဗ္ဘတိ ဝိယ စ၊ မရအပ် မရကောင်းသကဲ့သို့ရင်း။ အနုပလဗ္ဘနိယတော၊ နိဗ္ဗာန်မည်သည်ကို သရုပ်အားဖြင့် မရကောင်းသောကြောင့်။ န အတ္ထိ၊ ပရမတ္ထအားဖြင့် မရှိ။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ပညာစက္ခုနာ၊ ပညာတည်း ဟူသော မျက်စိဖြင့်။ ဥပပရိက္ခမာနာနံ၊ ထက်ဝန်းကျင် ကြိမ်ဖန်များစွာ ကြည့်ရှုဆင်ခြင်ကုန်သော။ ဟိတဂဝေသီနံ၊ အရဟတ္တဖိုလ်နိဗ္ဗာန်ကို ရှာမှီးလေ့ရှိကုန်သော ပုဂ္ဂိုလ်တို့အား။ ယထာနုရူပါယ၊ နိဗ္ဗာန်ကို ရခြင်းအားလျော်သော။ သမ္မာ-ပဋိပတ္တိယာ၊ သီလ သမာဓိ ပညာ ဟူသော ကောင်းမြတ်သော ဝိဝဋ္ဋူပနိဿယ အကျင့်ဖြင့်။ ဥပလဗ္ဘနိယတော၊ ရအပ်သည်၏အဖြစ်ကြောင့်။ န အတ္ထိ၊ ပရမတ္ထအားဖြင့် မရှိသည်ကား။ န၊ မဟုတ်။ အတ္ထိဝေ၊ ရှိသည်သာတည်း။ ဟိ-သစ္စံ၊

နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသည် မဟုတ်၊ ရှိသည်သာတည်း ဟု ငါဆိုသောစကား မှန်၏။ ယံ နိဗ္ဗာနံ၊ ကို။ ပုထုဇ္ဇနာ၊ တို့သည်။ န လဘန္တိ၊ မရနိုင်ကုန်။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ ဧတေန၊ ဤသို့ ပုထုဇဉ်တို့ မရရုံမျှနှင့်။ နတ္ထီတိ၊ ပရမတ္ထအားဖြင့် မရှိပြီ ဟူ၍။ န ဝတ္တဗ္ဗံ၊ မဆိုအပ် မဆိုထိုက်။ အထ၊ ထိုသို့ နိဗ္ဗာန် ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိခဲ့သော်။ ကသ္မာ၊ အဘယ့်ကြောင့်။ကတမံ န ခေါ အာဝုသော နိဗ္ဗာနန္တိ၊ကတမံ။ပ။နိဗ္ဗာနံ-ဟူ၍။နိဗ္ဗာနံ၊ကို။ ပုဋ္ဌေန၊ ဇမ္ဗုခါဒကမည်သော ဆန္နပရိဗိုဇ်သည် မေးအပ်သော။ (ယင်းကို သာရိပုတ္တတ္ထေရေန-၌စပ်) ဓမ္မသေနာပတိနာ၊ တရားစစ်သူကြီး ဖြစ်တော်မူသော။ အာယသ္မတာ သာရိပုတ္တတ္ထေရေန၊ အရှင်သာရိပုတြာမထေရ်သည်။ (ယင်းကို ဒဿိတော-၌စပ်) ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ယော ခေါ။ပ။မောဟက္ခယော-ဟူ၍။ ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ ခယောဝ၊ ကုန်ခြင်းကိုသာလျှင်။ ဒဿိတော၊ နိဗ္ဗာန် ဟု ဖြေကြားဟောပြတော်မူအပ်လေသနည်း။ န ဒဿေတဗ္ဗော၊ ဟောပြဘော်မမူအပ်တန်ရာ။ ယသ္မာ၊ အကြင်ကြောင့်။ ကတ မံ နခေါ အာဝုသော နိဗ္ဗာနန္တိ၊ ကတမံ။ပ။ နိဗ္ဗာနံ-ဟူ၍။ နိဗ္ဗာနံ၊ ကို။ ပုဋ္ဌေန၊ သော။ ဓမ္မသေနာပတိနာ၊ သော။ အာယသ္မတာ သာရိပုတ္တတ္ထေရေန၊သည်။ ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ယော ခေါ။ပ။မောဟက္ခယော-ဟူ၍။ ရာဂါဒီနံ၊ တို့၏။ ခယောဝ၊ ကုန်ခြင်းကိုသာလျှင်။ ဒဿိတော၊ နိဗ္ဗာန်ဟု ဖြေကြား ဟောပြတော်မူအပ်၏။ တသ္မာ၊ ထိုသို့ ရာဂစသည်တို့၏ ကုန်ခြင်းကိုသာ နိဗ္ဗာန်ဟု ဖြေကြားဟောပြတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ရာဂါဒီနံ၊ တို့၏။ ခယမတ္တမေဝ၊ ကုန်ခြင်းမျှသည်သာလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဝါ-နိဗ္ဗာနံ၊ နိဗ္ဗာန်ဟူသည်။ ရာဂါဒီနံ၊ တို့၏။ ခယမတ္တမေဝ၊ ကုန်ခြင်းမျှသာတည်း။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ အကယ်၍ ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ဆိုခဲ့ငြားအံ့။ တံ ထိုဇမ္ဗုခါဒက သုတ်၌ ရှင်သာရိပုတြာ ဖြေကြားအပ်သော စကားကိုထောက်၍ နိဗ္ဗာန်ဟူသည် ရာဂစသည်တို့၏ ကုန်ခြင်းမျှပင်တည်း ဟူသော စကားကို။ တယာ၊ သင်ဝိတဏ္ဍ-ဝါဒီသည်။ န ဝတ္တဗ္ဗံ၊မဆိုအပ်။ ဣတိ၊ ဤသို့ဆို၍။ ပဋိက္ခိပိတဗ္ဗံ၊ ပယ်ဖျက်အပ်၏။

(အဋ္ဌကထာဝယ် အထ-ဟူသောနိပါတ် စေ-ဟူသောနိပါတ် အစုံရှိသည်ကို ရည်၍ ဤသို့ပြည့်စုံအောင် သမ္ဗန်သည်။ "အထ ရာဂါဒီနံ ခယမတ္တမေဝ၊ နိဗ္ဗာနန္တိ စေတိ သမ္ဗန္ဓော" ဟု အထ-ကို စေ-ဟူ၍ ဖွင့်သော ဋီကာအလိုသော် စေ-ဟူသော နိပါတ်မပါသင့်ပြီ။ ယင်းသို့ မပါလျှင် တသ္မာ ဟူသော နိယတ်၏ အနိယတ်အလိုငှါ ထည့်သော ယသ္မာ-က စ၍ "ယသ္မာ၊ အကြင်ကြောင့်။ ကတမံ။ပ။ ဣတိ၊ သို့။ အထ ဝဒေယျ၊ အံ့။" ဤသို့ သမ္ဗန်)။

ကသ္မာ၊ အဘယ့်ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ဟူသည် ရာဂ-စသည်တို့၏ ကုန်ခြင်းမျှသာတည်းဟူ၍ ဆိုသောစကားကို။ ပဋိက္ခိပိဘဗ္ဗံ၊ ပယ်အပ်သနည်းဟူမူ။ အရဟတ္တဿာပိ၊ လောကုတ္တရာစိတ်ဖြစ်သော အရဟတ္တဖိုလ်၏လည်း။ ရာဂါဒီနံ၊ တို့၏။ခယမတ္တပသင်္ဂဒေါသာပတ္တိတော၊ ကုန်ခြင်းမျှသာတည်းဟု လျှဉ်းပါးယုံမှားဘွယ်ဖြစ်ခြင်းဟူသော အပြစ်သို့ ရောက်ရာသောကြောင့်။ ပဋိက္ခိပိတဗ္ဗံ၊ပယ်ဖျက်အပ်၏။

(ခ) ကထံ၊ အဘယ်သို့သော အကြောင်းကြောင့် အရဟတ္တဖိုလ်၏လည်း ရာဂစသည်တို့၏ ကုန်ခြင်းမျှသာ ဖြစ်ရာသော အပြစ်ရောက်ရာသနည်းဟူမူကား။ နိဗ္ဗာနပုစ္ဆာနန္တရမေဝ၊ "ကတမံ နုခေါ အာဝုသော နိဗ္ဗာနံ" ဟူ၍ နိဗ္ဗာန်ကို မေးသောပုစ္ဆာ၏ အခြားမဲ့၌သာလျှင်။ "ကတမံ နု ခေါ အာဝုသော အရဟတ္တန္တိ၊ အရဟတ္တံ" ဟူ၍။ ပုဋ္ဌေန၊ အရဟတ္တဖိုလ်ကို ဇမ္ဗုခါဒကပရိဗိုဇ်သည် မေးအပ်သော။ ဓမ္မသေနာပတိနာ၊ သော။ အာယသ္မတာ သာရိပုတ္တတ္ထေရေန၊ သည်။ "ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ယောခေါ။ပ။မောဟက္ခယော" ဟူ၍။ ရာဂါဒီနံ၊ တို့၏။ ခယော၀၊ ကုန်ခြင်းကိုသာလျှင်။ ယသ္မာ၊ ကြောင့်။ ဝုတ္တော၊ နိဗ္ဗာန်ကိုမေးသော ပုစ္ဆာကိုဖြေရာ၌ ဟောသည်နှင့်အတူ ဟောတော်မူအပ်၏။ တသ္မာ၊ ထိုနိဗ္ဗာန်၏ အရကို ရာဂက္ခယ-စသည်ဟု ဟောသကဲ့သို့ အရဟတ္တဖိုလ်၏ အရကိုလည်း ရာဂက္ခယ-စသည်ဟူ၍ပင် ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ တ၀၊ နိဗ္ဗာန်ဟူသည် ရာဂ-စသည်တို့၏ ကုန်ခြင်းမျှသာတည်းဟူ၍အယူရှိသော သင်ဝိတဏ္ဍဝါဒီ၏။ မတေန၊ အလိုအားဖြင့်။ အရဟတ္တဖလဿာပိ၊ အရဟတ္တဖိုလ်၏လည်း။ ရာဂါဒီနံ၊ တို့၏။ ခယမတ္တတာ၊ ကုန်ခြင်းမျှ၏ အဖြစ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ လောကုတ္တရဖလစိတ္တဿ၊ လောကုတ္တရာဖိုလ်စိတ်ဖြစ်သော။ ဝါ၊ ဖိုလ်စိတ်ဖြစ်သောကြောင့်။ (ဟေတုမန္တဝိသေသန)။ အရဟတ္တဿ၊၏။ရာဂါဒီနံ၊တို့၏။တော် ခယမတ္တတာပဇ္ဇနံ၊ထိုကုန်ခြင်းမျှ၏အဖြစ်သို့ ရောက်ခြင်းသည်။ န စ ယုတ္တံ၊ သင့်ကား မသင့်ပါခဲ့။ တသ္မာ၊ ထိုသို့ အရဟတ္တဖိုလ်၏ ရာဂစသည်တို့၏ ကုန်ခြင်းမျှအဖြစ်သို့ ရောက်ခြင်း၏ မသင့်ခြင်းကြောင့်။ ဗျဥ္ဇနစ္ဆာယာယ၊ ရာဂက္ခယော-စသောသဒ္ဒါရိပ်ဖြင့်။ ဧဝံ၊ ဤသို့ နိဗ္ဗာန်ဟူသည် ရာဂစသည်တို့၏ ကုန်ခြင်းသာတည်း ဟူ၍။ ဘဝံ၊ အရှင်ဝိတဏ္ဍဝါဒီသည်။ မာ ဝဒေသိ၊ မဆိုပါလင့်။ ပန၊ စင်စစ်သော်ကား။ ဥဘိန္နံ၊ နိဗ္ဗာန်ကိုဖြေပြသည်၏အစွမ်း အရဟတ္တဖိုလ်ကို ဖြေပြသည်၏အစွမ်းဖြင့် လာကုန်သော နှစ်ပါးကုန်သော။ သုတ္တာနံ၊ ပါဠိတို့၏။ အတ္တော၊ သဘောဖြစ်သော အနက်ကို။ ဥပ ပရိက္ခိတဗ္ဗော၊ စုံစမ်းဆင်ခြင်အပ်၏။

(ဂ) ပန၊ စုံစမ်းဆင်ခြင်ဟန်ကို ပြဦးအံ့။ ယဿ ဓမ္မဿ၊ အကြင်နိရောဓ သစ္စာဖြစ်သော နိဗ္ဗာန်တရားကို။ အဓိဂမနေန၊ အရိယမဂ်ဖြင့် အာရုံပြုသော

အားဖြင့် ရခြင်းကြောင့်။ ရာဂါဒီနံ၊ အနုသယ၏ အစွမ်းဖြင့် သတ္တဝါတို့ သန္တာန်ဝယ် အစဉ်မပြတ် ကိန်းကုန်သော ရာဂအစရှိသော ကိလေသာတို့၏။ ခယော၊ နိဗ္ဗာန်လျှင်အာရုံရှိသော အရိယမဂ်သည် အကြွင်းမဲ့ပယ်အပ်သည်ဖြစ်၍ ထိုအရိယာပုဂ္ဂိုလ်သန္တာန်ဝယ် တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော ချုပ်ခြင်း သဘောဖြစ်သော ကုန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သော ဓမ္မော၊ ရာဂစသည် တို့ကို အကြွင်းမဲ့ပယ်နိုင်သော အရိယမဂ်၏ အာရုံဖြစ်သော ထိုနိဗ္ဗာန်တရားကို။ ရာဂါဒီနံ၊ ရာဂအစရှိသော ကိလေသာတို့၏။ ခယဿ၊ တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော ကုန်ခြင်း၏။ ဥပနိဿယတ္တာ၊ ဥပနိဿယအကြောင်း၏ အဖြစ်ကြောင့်။ အက္ခယော၊ ကုန်ခြင်းသဘောမှ ကင်းသည်။ သမာနောပိ၊ ဖြစ်သော်လည်း။ ခယောပစာရေန၊ အကျိုးဖြစ်သော ရာဂစသည်ကုန်ခြင်း၏ ခယဟူသော အမည်ကို ကုန်ခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်၌ တင်စားသောအားဖြင့်။ ရာဂါဒီနံ၊ ရာဂစသည်တို့၏။ ခယော၊ ကုန်ခြင်းကို။ နိဗ္ဗာနန္တိ၊ ဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်၏။ တိပုသံ ဇရော ဂုဠော သေမှောတိ အာဒီသု၊ တိပုသံ ဇရော ဂုဠော သေမှော၊ ဤသို့ အစရှိသော ဥဒါဟရဏ်တို့၌။ ဖလူပစာရေန၊ အကျိုး ဖြစ်သော အဖျားရောဂါ၏ ဇရဟူသောအမည်ကို အကြောင်းဖြစ်သော သခွါး ပြေုတ်သီး၌ တင်စားသော ဖလူပစာရ, အကျိုးဖြစ်သော သလိပ်၏သေမှဟူသော အမည်ကို အကြောင်းဖြစ်သော တင်လဲ၌ တင်စားသော ဖလူပစာရအားဖြင့်။ ဝုတ္တံ ဝိယ၊ အကြောင်းဖြစ်သော သခွါးပြေုတ်သီးကိုပင် ဇရ, အကြောင်း ဖြစ်သော တင်လဲကိုပင် သေမှ-ဟူ၍ ဆိုအပ်သကဲ့သို့။ ဖလူပစာရေန၊ အကျိုး ဖြစ်သော ရာဂစသည်တို့ ကုန်ခြင်း၏ ခယ-ဟူသော အမည်ကို အကြောင်း ဖြစ်သော နိဗ္ဗာန်၌ တင်စားသော ဖလူပစာရအားဖြင့်။ ဝုတ္တော၊ အကြောင်း ဖြစ်သော နိဗ္ဗာန်ကိုပင် ရာဂက္ခယ, ဒေါသက္ခယ-စသည် ဟူ၍ ဟောတော်မူ အပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

(ဃ) အရဟတ္တံ ပန၊ အရဟတ္တဖိုလ်ကိုသော်ကား။ ခယန္တေ၊ ရာဂစသည် တို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကုန်ခြင်း၏ အခြားမဲ့ အဆုံးဖြစ်သော အနီး၌။ ဥပ္ပန္နတ္တာ၊ ကြောင့်။ ခယောတိ၊ ခယ-ဟူ၍။ ဝုတ္တံ၊ အနီးဖြစ်သော ရာဂစသည် ကုန်ခြင်း၏ ခယဟူသောအမည်ကို ထိုကုန်ခြင်းလျှင် အနီးရှိသော အရဟတ္တဖိုလ်၌ တင်စားသော သမီပူပစာရအားဖြင့် ဆိုအပ်၏။

တနည်း။ အရဟတ္တံ၊ ကို။ ခယန္တေ၊ ရာဂစသော ကိလေသာတို့၏ တဖန် အသစ်မဖြစ်နိုင်ခြင်းဟူသော ကုန်ခြင်းကိုပြုတတ် ဖြစ်စေတတ်သော အရဟတ္တ မဂ်ချုပ်သည်၏ အခြားမဲ့ဖြစ်သော အနီး၌။ ဥပ္ပန္နတ္တာ၊ ကြောင့်။ ခယောတိ၊ ဟူ၍။ ဝုတ္တံ၊ အကြောင်းဖြစ်သော အရဟတ္တမဂ်၏ ခယ-ဟူသော အမည်ကို

အကျိုးဖြစ်သော အရဟတ္တဖိုလ်၌ တင်စားသော ကာရဏူပစာရအားဖြင့် ဟောတော်မူအပ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ နိဗ္ဗာနံ၊ သည်။ ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ ခယမတ္တံ၊ သာမညငြိမ်းခြင်းဟူသော ကုန်ခြင်းမျှသည်။ ယဒိ ဘဝေယျ၊ အကယ်၍ သင် ဝိတဏ္ဍဝါဒီ ယူသည်အတိုင်း ဖြစ်ငြားအံ့။ ဧဝံ-သန္တေ၊ ဤသို့ နိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ ရာဂစသည်တို့၏ ကုန်ခြင်းမျှသာ ဖြစ်ခဲ့သော်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗာလပုထုဇ္ဇနာပိ၊ အိမ်ခွေး, တောခွေး အစရှိကုန်သော ပုထုဇဉ်မိုက်တို့သည်လည်း။ သာမဒိဂတ နိဗ္ဗာနာ၊ ရအပ်သော နိဗ္ဗာန်ရှိကုန်သည်။ သစ္ဆိကတနိရောဓာ၊ မျက်မှောက် ပြုအပ်သော နိရောဓသစ္စာ ရှိကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာခဲ့၏။ ဘိယျော၊ ပြဆိုခဲ့ပြီးသော အပြစ်မှ အလွန်။ ကိဥ္စ၊ အဘယ် အပြစ်ရှိသေးသနည်းဟူမူ။ နိဗ္ဗာနဿ၊၏။ ဗဟုတ္တာဒိဒေါသာပတ္တိ စ၊ များသည်၏အဖြစ်အစရှိသော အပြစ်သို့ ရောက်ခြင်းသည်လည်း။ အာပဇ္ဇေယျ၊ ဖြင်ရာခဲ့၏။ ဟိ၊ ထိုစကားကို ချဲ့ဦးအံ့။ ဧဝံ-သတိ၊ ဤသို့ နိဗ္ဗာန်ဟူသည် ရာဂစသည်တို့၏ ကုန်ခြင်းမျှဖြစ်ခဲ့သော်။ ရာဂက္ခယာဒီနံ၊ ရာဂ၏ကုန်ခြင်း အစရှိသည်တို့၏။ ဗဟုဘာဝတော၊ ရာဂ၏ ကုန်ခြင်း, ဒေါသ၏ကုန်ခြင်း-အစရှိသည်ဖြင့် များသည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနဿပိ၊ ၏လည်း။ ဗဟုဘာဝေါ၊ များသည်၏အဖြစ်သည်။ အာပဇ္ဇေယျ၊ ဖြစ်ခဲ့ရာ၏။ စ၊ သည်မျှသာ အပြစ်ရောက်သည် မဟုတ်သေး။ နိဗ္ဗာနံ၊ ဟူသည်။ ရာဂါဒီနံ၊ တို့၏။ ခယမတ္တံ၊ ကုန်ခြင်းဟူသော ဘင်ခဏမျှသည်။ ယဒိ ဘဝေယျ၊ အံ့။ ဧဝံ-သတိ၊ ဤသို့ နိဗ္ဗာန်ဟူသည် ရာဂစသည်တို့၏ ဘင်ခဏဟူသော ကုန်ခြင်းမျှ ဖြစ်သည်ရှိသော်။ နိဗ္ဗာနံ၊ ဟူသည်။ သင်္ခတလက္ခဏံ၊ သင်္ခတ လက္ခဏာသည်။ ဘဝေယျ၊ ဖြစ်ခဲ့ရာ၏။ သင်္ခတလက္ခဏတ္တာ၊ သင်္ခတလက္ခဏာ ဖြစ်သည်၏ အဖြစ်ကြောင့်။ သင်္ခတပရိယာပန္နဥ္စ၊ သင်္ခတတရားတို့၌ အကျုံးဝင်သည်လည်း။ ဘဝေယျ၊ ၏။ သင်္ခတပရိယာပန္နတ္တာ၊ သင်္ခတတရားတို့၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ သည်။ အနိစ္စံ၊ သည်။ ဒုက္ခံ၊ သည်။ ဘဝေယျ၊ ၏။ ဘိယျော၊ အလွန်။ ကိဥ္စ၊ အဘယ်အပြစ်ရှိသေးသနည်း ဟူမူ။ ခယော၊ ရာဂ-အစရှိသည်တို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်း ဟူသော ကုန်ခြင်းသည်။ နိဗ္ဗာနံ၊ သည်။ ယဒိ ဘဝေယျ၊ အကယ်၍ ဖြစ်ခဲ့အံ့။ ဧဝံ သတိ၊ ဤသို့ ရာဂ စသည်တို့၏ မဖြစ်ခြင်း ဟူသော ကုန်ခြင်းသည်ပင် နိဗ္ဗာန်ဖြစ်ခဲ့သော်။ ဂေါတြဘုဝေါဒါနမဂ္ဂဖလစိတ္တာနံ၊ ဂေါတြဘုစိတ် ဝေါဒါန်စိတ် မဂ်စိတ် ဖိုလ်စိတ်တို့၏။ အာရမ္မဏံ၊ ကို။ ကိန္နု၊ ဘယ်တရား ဟူ၍။ ဝဒေသိ၊ သင် ဆိုမည်နည်း။ ဘဒြမုခ၊ ကောင်းသောမျက်နှာရှိသော ဝိတဏ္ဍဝါဒီ။ ဝဒ၊ ပြောဆိုစမ်းပါ။ ဣတိ၊ ဤသို့ မေးအပ်၏။

(င) ရာဂါဒီနံ၊ တို့၏။ ခယမေဝ၊ ကုန်ခြင်းကိုပင်လျှင်။ ဝဒါမိ၊ ဂေါတြဘု ဝေါဒါန် မဂ် ဖိုလ်တို့၏ အာရုံ ဟူ၍ ငါဆို၏။ ဣတိ၊ ဤသို့ ဝိတဏ္ဍဝါဒီ

ပုဂ္ဂိုလ် ဖြေဆိုသည်ရှိသော်။ ကိံ ပန၊ အသို့နည်း။ ဂေါတြဘုအာဒီနံ၊ ဂေါတြဘု, ဝေါဒါန်, မဂ်စိတ်, ဖိုလ်စိတ်တို့၏။ ခဏေ၊ ဖြစ်တုန်း ဖြစ်ဆဲခဏ၌။ ရာဂါဒယော၊ ရာဂ အစရှိသော ကိလေသာတို့သည်။ ခိယန္တိ၊ ကုန်ကုန်ဆဲလော။ ဥဒါဟု၊ ထိုသို့ ကုန်ဆဲမဟုတ်မူ။ ခိယိဿန္တိ၊ ကုန်ကုန်လတ္တံ့လော။ အထ၊ ထိုသို့ကုန်ဆဲ ကုန်လတ္တံ့မဟုတ်မူ။ ခီဏာ၊ ကုန်ကုန်ပြီးလော။ ဣတိ၊ ဤသို့မေးဦး၍။ ဧတ္ထ၊ ဤရာဂ စသည်တို့၏ ကုန်ဆဲ ကုန်လတ္တံ့ ကုန်ပြီးသုံးပါးတွင်။ ကိံ၊ အဘယ် ကုန်ခြင်းကို။ ဝဒေသိ၊ ခယ-ဟူ၍ သင်ဆိုမည်နည်း။ ဣတိ၊ ဤသို့ သမာနဝါဒီ တို့က မေးစိစစ်အပ်သည်ရှိသော်။ ခီဏာယေဝ၊ ရာဂ စသည်တို့၏ ကုန်ပြီးတို့ကို သာလျှင်။ ခယံ၊ ခယ-ဟူ၍။ ဝဒါမိ၊ အကျွန်ုပ် ဆိုပေ၏။ ဣတိ၊ ဤသို့ ဝိတဏ္ဍဝါဒီ ဆိုသည်ရှိသော်။ ဘဒြမုခ၊ ကောင်းသော မျက်နှာရှိသော အရှင်ဝိတဏ္ဍဝါဒီ။ သုဋ္ဌု၊ ကောင်းကောင်းကြီး။ ဥပဓာရေတဗ္ဗ၊ စုံစမ်းဆင်ခြင်၍။ဝဒ၊ သင် ဆိုပါ။ ဣတိ၊ ဤသို့ ဆို၍။ ခီဏာယေဝ၊ ကုန်ပြီးကိလေသာတို့ကိုသာလျှင်။ ဝါ၊ ကိလေသာတို့၏ ကုန်ပြီးတို့ကိုသာလျှင်။ ခယံ၊ ခယ-ဟူ၍။ ယဒိ ဝဒေသိ၊ အကယ်၍ သင် ဆိုသည် ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ ကိလေသာတို့၏ ကုန်ပြီး ကိုသာ ခယ-ဟု သင် ဆိုသည်ရှိသော်။ ဂေါတြဘုစိတ္တာနံ၊ ဂေါတြဘုစိတ်တို့၏။ ဝါ၊ ဂေါတြဘုစိတ်, ဝေါဒါန်စိတ်, မဂ်စိတ်တို့၏။ နိဗ္ဗာနာရမ္မဏတာ၊ နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်သည်။ န သိဇ္ဈတိ၊ မပြီး။ ကာရဏံ၊ ဂေါတြဘု-စသည် တို့၏ နိဗ္ဗာန်လျှင် အာရုံရှိသည်၏အဖြစ် မပြီးရာ၌ အကြောင်းကား။ ကိံ၊ အဘယ်နည်းဟူမူ။ ယသ္မာ၊ ကြောင့်။ ဂေါတြဘုခဏေ၊ သောတာပတ္တိမဂ်ရှေ့ အနန္တရဖြစ်သော ဂေါတြဘု-ဟူသော တိဟိတ်မဟာကုသိုလ်စိတ်ဖြစ်ဆဲခဏ၌။ ရာဂါဒယော၊ အနုသယ၏အစွမ်းဖြင့် အစဉ်မပြတ် သတ္တဝါတို့သန္တာန်၌ ကိန်းဆဲ ဖြစ်သော ရာဂ·စသော ကိလေသာတို့သည်။ ခိယိဿန္တိ၊ တဖန်အသစ် မဖြစ် နိုင်ခြင်း ဟူသော ကုန်ခြင်းဖြင့် ကုန်ကုန်လတ္တံ့။ ဝေါဒါနက္ခဏေ၊ အထက်မဂ် သုံးပါးတို့၏ ရှေ့အနန္တရ၌ ဖြစ်သော တိဟိတ်မဟာကုသိုလ်ဇော ဟူသော ဝေါဒါန်စိတ်ဖြစ်တုန်းခဏ၌။ တထာ ခိယိဿန္တိ၊ ကုန်ကုန်လတ္တံ့။ မဂ္ဂက္ခဏေ ပန၊ မဂ်စိတ်ခဏ၌ကား။ ခိယန္တိ၊ ကုန်ကုန်ဆဲ။ န ခီဏာ၊ ကုန်ပြီးမဟုတ်ကုန်။ ဖလက္ခဏေ၊ ဖိုလ်စိတ်ခဏ၌။ ခီဏာ၊ ကုန်ကုန်ပြီ။ ဧဝံ သန္တေ၊ ဤသို့ ရာဂ စသော ကိလေသာတို့၏ ဂေါတြဘုစိတ် ဝေါဒါန်စိတ်တို့ ဖြစ်သောခဏဝယ် ကုန်လတ္တံ့သာဖြစ်၍ ကုန်ပြီးမဟုတ်သည်၏ အဖြစ်, မဂ်စိတ်ဖြစ်သောခဏ ၌လည်း ကုန်ဆဲသာဖြစ်၍ ကုန်ပြီးမဟုတ်သည်၏အဖြစ်, ဖိုလ်စိတ်ဖြစ်သော ခဏ၌သာ ကုန်ပြီးဖြစ်ခဲ့သော်။ ဘဝတော၊ အရှင် ဝိတဏ္ဍဝါဒီ၏။ မတေန၊ အလိုအယူအားဖြင့်။ ဖလမေဝ၊ ဖိုလ်စိတ်သည်သာလျှင်။ ခယာရမ္မဏံ၊ ခယ- မည်သော နိဗ္ဗာန် ဟူသော အာရုံရှိသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဣတရာ၊ ဖိုလ်စိတ်မှ တပါးကုန်သော ဂေါတြဘု, ဝေါဒါန်, မဂ်စိတ်တို့သည်။ ခယာ-

ရမ္မဏာ၊ ခယမည်သော နိဗ္ဗာန် ဟူသော အာရုံရှိကုန်သည်။ န ဘဝေယျုံ၊ မဖြစ်ကုန်ရာ။ တသ္မာ၊ ထို့ကြောင့်။ ဣတရေသံ၊ ဖိုလ်မှတပါးသော ဂေါတြဘု ဝေါဒါန် မဂ်တို့၏။ အာရမ္မဏံ၊ အာရုံကို။ ကိံ ၊ အဘယ်တရား ဟူ၍။ ဝဒေသိ၊ သင် ဆိုမည်နည်း။ ဣတိ၊ ဤသို့ မေးဆိုအပ်သည်ရှိသော်။ သော၊ ထိုဝိတဏ္ဍဝါဒီ သည်။ အာရမ္မဏံ၊ ဂေါတြဘု ဝေါဒါန် မဂ်တို့၏ အာရုံတည်း ဟု ပြဆိုရန် အာရုံကို။ ဝါ၊ စွဲလမ်းရာ အကြောင်းကို။ အပဿန္တော၊ မမြင်သည်ဖြစ်၍။ ဝါ၊ မမြင်သောကြောင့်။ အဒ္ဓါ၊ မချွတ်။ နိရုတ္တရော၊ စကားဆိုရာ မဲ့သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

(စ) အပိစ၊ နိဗ္ဗာန် ဟူသည် ရာဂ စသော ကိလေသာတို့၏ ကုန်ခြင်းမျှသာ တည်း ဟု ယူရာ၌ ရောက်သော အပြစ်တပါးကို ပြဆိုဦးအံ့။ ကိလေသက္ခယော နာမ၊ ကိလေသာတို့၏ တဖန် မဖြစ်ခြင်းဟူသော ကုန်ခြင်းမည်သည်ကို။ ဝါ၊ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်သောအားဖြင့် ကုန်စေတတ်သော အရိယမဂ် မည်သည်ကို။ သပ္ပုရိသေဟိ၊ ယောကျ်ားမြတ် သူတော်ကောင်း အလောင်း တော်တို့သည်။ ကရိယတိ၊ ပြုအပ်၏။ ယထာနုရူပါယ၊ ကိလေသာကုန်ခြင်းအား လျော်သော။ ဝါ၊ ကိလေသာတို့ကို ကုန်စေတတ်သော အရိယမဂ်အား လျော် သော။ ပဋိပတ္တိယာ၊ အကျင့်ဖြင့်။ ဥပ္ပါဒိယတိ၊ ဖြစ်စေအပ်၏။ ဣတိ-အယံ အတ္ထော၊ ဤသို့သော အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ နိဗ္ဗာနံ ပန၊ မဂ်ဖိုလ် တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် ပရမတ် နိဗ္ဗာန်ကိုကား။ ကေနစိ၊ တစုံ တယောက်သောပုဂ္ဂိုလ် တစုံတခုသောတရားသည်။ န ကရိယတိ၊ မပြုအပ်။ န ဥပ္ပါဒိယတိ၊ မဖြစ်စေအပ်။ ဣတိ အယံ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ တသ္မာ၊ ထိုသို့ ပရမတ္ထအသင်္ခတနိဗ္ဗာန်ကို တစုံတယောက်သော ပုဂ္ဂိုလ်, တစုံ တခုသောတရားသည် မပြုအပ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ ပရမတ္ထ အသင်္ခတဓာတ်နိဗ္ဗာန်ကို။ အကတံ အသင်္ခတန္တိ စ၊ အကတ, အသင်္ခတ-ဟူ၍၎င်း။ တံ အကတံ၊ ထိုမပြုအပ်၍ အကတမည်သော နိဗ္ဗာန်ကို။ ဇာနာတိ၊ သိတတ်၏။ ဣတိ-ဣမိနာ၊ ဤသို့ အကတမည်သော နိဗ္ဗာန်ကို အရိယမဂ်ဉာဏ်ဖြင့် သိတတ် သည်၏ အဖြစ်တည်းဟူသော သဘောကြောင့်။ အရိယပုဂ္ဂလော၊ ကို။ အကတညူတိ စ၊ အကတညူ-ဟူ၍လည်း။ ဝုစ္စတိ၊ ၏။ ဟိ သစ္စံ၊ အရိယာပုဂ္ဂိုလ်ကို အကတညူဟု ဆိုအပ်သည်ဟု ငါဆိုသောစကားမှန်၏။

အသဒ္ဓေါ အကတညူ စ၊ သန္ဓိစ္ဆေဒေါ စ ယော နရော။
ဟတာဝကာသော ဝန္တာသော၊ သ ဝေ ဥတ္တမပေါရိသောတိ၊
အသဒ္ဓေါ။ပ။ပေါရိသော-ဟူသော။ တော် ဂါထာဝစနံ၊ ဤဂါထာ စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ယော နရော၊ အကြင်ပုဂ္ဂိုလ်သည်။ အသဒ္ဓေါ စ၊ မဂ်ဖြင့်လာသော မတုန်လှုပ်သော ကြီးပွါးမြင့်မြတ် တိုးတက်သော သဒ္ဓါတရားရှိသည် လည်း။ ဟောတိ၊ ၏။ အကတညူ စ၊ အကြောင်းတို့ မပြုအပ်သည်ဖြစ်၍ အကတမည်သော နိဗ္ဗာန်ကိုအရိယမဂ်ဉာဏ်ဖြင့် ပစ္စက္ခ သိသည်လည်း။ ဟောတိ၊ ၏။ သန္ဓိစ္ဆေဒေါ စ၊ ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ခြင်းကို ပြုတတ်သော အကြောင်းတရားကို ပယ်ဖြတ်သဖြင့် ကင်းပြတ်ပြီးသော ပဋိသန္ဓေရှိသည်လည်း။ ဟောတိ၊ ၏။ ဟတာဝကာသော စ၊ ကုန်ပြီးသော ပဋိသန္ဓေဟူသော ဇာတိရှိသည်၏ အဖြစ်ကြောင့်သာလျှင် စုတေပြီးသည်မှ နောက်ကာလဝယ် တစုံတရာသော ဩကာသလောကဝယ် ထင်မြင်ခြင်း မရှိသည်ဖြစ်၍ ပယ်ဖျက်ကင်းပြတ်ပြီးသော ဩကာသ လောကရှိသည်လည်း။ဟောတိ၊၏။ ဝန္တာသော စ၊ တစုံတခုသော ဘုံဘဝတို့၌မျှ တောင့်တကပ်ငြိခြင်းမရှိသည်ဖြစ်၍ ထွေးအန်စွန့်ပယ်အပ်ပြီးသော တဏှာရှိသည်လည်း။ ဟောတိ၊ ၏။ သ-သော နရော၊ ထိုသူသည်။ ဝေ၊ စင်စစ်။ ဥတ္တမပေါရိသော၊ ကျော်စောလွန်မြတ်သော ပုဂ္ဂိုလ်တို့ထက် အထူးသဖြင့် ကျော်စောလွန်မြတ်သော ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။

(ဆ) အပိစ-အပရော၊ ရာဂစသည်တို့၏ ကုန်ခြင်းမျှကို နိဗ္ဗာန်ဟု ယူရာ၌ ရောက်သောအပြစ်တပါးကို။ ဝုစ္စတေ၊ ပြဆိုဦးအံ့။ နိဿရဏန္တိ၊ နိဗ္ဗာန်ကို နိဿရဏ ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တတ္တာ စ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်လည်း။ ခယမတ္တံ၊ ကိလေသာတို့၏ ကုန်ခြင်းမျှသည်။ န နိဗ္ဗာနံ၊ ဤအရာ၌ နိဗ္ဗာန်မဟုတ်။ ဟိ-သစ္စံ၊ ၏။ ဝါ၊ ဟိ-ဝိတ္ထာရေမိ၊ အံ့။ နိဿရဏန္တိ ဇတံ နာမံ၊ နိဿရဏဟူသော ဤအမည်သည်။ နိဗ္ဗာနဿ၊ ၏။ နာမံ၊ အမည်တည်း။ ယထာ ကိံ အာဟ၊ အဘယ်သို့ ဟောတော်မူသနည်း ဟူမူကား။

တယော ခေါ မေ ဓမ္မာ ဒုပ္ပဋိဝိဇ္ဈာ။ တိဿော နိဿရဏဓာတုယော။ ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မံ။ ရူပါနမေတံ နိဿရဏံ အရူပံ။ ယံ ခေါ ပန ကိဉ္စိ ဘူတံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ နိရောဓော တဿ နိဿရဏန္တိ၊တယော ခေါ မေ။ပ။နိဿရဏံ-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ခေါ၊ စင်စစ်။ တယော၊ ကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဒုပ္ပဋိဝိဇ္ဈာ၊ အလွန်ထိုးထွင်း၍ သိနိုင် ရနိုင်ခဲကုန်သော။ နိဿရဏဓာတုယော၊ နိဿရဏဓာတ်တို့သည်။ ဝါ၊ထွက်မြောက်ကြောင်း သဘောတို့သည်။ တိဿော၊ သုံးပါးတို့တည်း။ တိဿော၊ သုံးပါးကုန်သော နိဿရဏဓာတ်တို့ ဟူသည်။ ကတမာ၊ အဘယ်တို့နည်းဟူမူ။ ယဒိဒံ-ယံ ဣဒံ နေက္ခမ္မံ၊ အကြင်ပဌမစျာန်သည်။ အတ္ထိ၊ ရှိ၏။ ဇတံ နေက္ခမ္မံ၊ ဤပဌမစျာန်သည်။ ကာမာနံ၊ ကာမတဏှာတို့မှ။ နိဿရဏံ၊ ထွက်မြောက်ကြောင်းတည်း။ ယဒိဒံ- ယံ ဣဒံ အရူပံ၊ အကြင်

အာကာသာနဉ္စာယတနအရူပစျာန်သည်။ အတ္ထိ၊ ရှိ၏။ တေ အရူပါသည်။ ရူပါနံ၊ ရူပဘဏ္ဍာတို့မှ။ နိဿရဏံ၊ တည်း။ သင်္ခတံ၊ အကြောင်းတရားတို့သည် ပေါင်း၍ ပြုအပ်သော။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော။ယံကိဉ္စိ ဘူတံ၊ အကြင်အလုံးစုံသော ခန္ဓာငါးပါးအပေါင်းသည်။ အတ္ထိ၊ ၏။ နိရောဓော၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည်။ တဿ၊ ထိုခန္ဓာပဉ္စကမှ။ နိဿရဏံ၊ တည်း။ ဣတိ၊ ဤသို့။ နိဿရဏဓာတုယော၊ တို့သည်။ တိဿော၊ တို့ဘည်း။

(၈) ဧဝံ၊ ဤသို့။ ဝုတ္တာဿ၊ ဟောတော်မူအပ်သော။ တဿ နိဗ္ဗာနဿ၊ ၏။ အဘာဝပ္ပတ္တိဒေါသတော၊ မရှိခြင်း အဘာဝပညတ်သို့ ရောက်သော အပြစ် ဖြစ်ရာသောကြောင့်။ ပဌမစျာနအာကာသာနဉ္စာယတနာနမ္ပိ၊ ရူပါဝစရပဌမ စျာန်, အာကာသာနဉ္စာယတနစျာန်တို့၏လည်း။ အဘာဝေါယေဝ၊ မရှိခြင်း အဘာဝပညတ်သည်သာလျှင်။ ဘဝေယျ၊ ဖြစ်ခဲ့ရာ၏။ တသ္မာ၊ ထိုသို့ကိလေသာ တို့၏ ကုန်ခြင်းအဘာဝမျှသည် နိဗ္ဗာန်ဟူခဲ့က ထိုနိဗ္ဗာန်နှင့် နိဿရဏအဖြစ်ဖြင့် အတူတူ ဟောတော်မူအပ်သော ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရူပါဝစရ ပဌမစျာန်, အာကာသာနဉ္စာယတနစျာန်တို့၏လည်း အဘာဝပညတ်မျှသာ ဖြစ်ရာသောကြောင့်။ အက္ခယဿ၊ ကုန်ခြင်း အဘာဝမဟုတ်သော။ နိဗ္ဗာနဿ၊ အသင်္ခတ ပရမတ္ထနိဗ္ဗာန်၏။ ခယဒေါသာပဇ္ဇနံ၊ ပရမတ္ထအားဖြင့်မရ ကုန်ခြင်း အဘာဝမျှဖြစ်သော အပြစ်သို့ ရောက်ခြင်းသည်။အယုတ္တံ၊ မသင့်။ ဣတိ၊ ဤသို့ မှတ်အပ်၏။

(၉) န တု ခယော နိဗ္ဗာနံ အတ္ထိ နိဿရဏံ လောကေ။ပညာယ မေ သုပဿိ-တန္တိ စ၊နဘူ။ပ။ သုပဿိတံ-ဟူ၍ငင်း။ အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတန္တိ စ၊ အတ္ထိ။ပ။ အသင်္ခတံ-ဟူ၍ငင်း။ဓမ္မသာမိနာ၊ တရားဖြင့် သာလျှင် နတ်နှင့်တကွသော လောက၏ အရှင် ဖြစ်တော်မူသော။ ပါ၊ အလိုတော်ရှိတိုင်း ဟောနိုင်သည်ဖြစ်၍ တရားတို့ကို အစိုးရတော်မူသော။ တထာဂတေန၊ ရှေးဘုရားတို့ကဲ့သို့ ကောင်းသော လာခြင်းရှိတော်မူသော။ သမ္မာသမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသခင်သည်။ အနေကေသု၊ များစွာကုန်သော။ သုတ္တန္တေသု။ သုတ္တန်တို့၌။ ပရမတ္ထဝသေန၊ ပရမတ္ထ၏ အစွမ်းဖြင့်။ ဝါ၊ ပရမတ္ထ၏ အဖြစ်ဖြင့်။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန်မည်သော။ ဧကော၊ စိတ်, စေတသိက်, ရုပ်တို့ကဲ့သို့ ပရမတ္ထအားဖြင့် အသီးအခြားတပါးသော။ ဓမ္မော၊ သဘောတရားသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ သို့။ တွေ၊ ဤအရာ၌။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့။ ဂန္တဗ္ဗံ၊ ရောက်အပ်၏။

(ည) အပိစ အပရော၊ နည်းတပါးကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ပရိတ္တာဘ်ကော၊ "ပရိတ္တာ ဓမ္မာ မဟဂ္ဂတာ ဓမ္မာ အပ္ပမာဏာ ဓမ္မာ-ဟု" ဟောတော်မူအပ်သော ပရိတ္တတိက်၌။ ကတမေ ဓမ္မာ အပ္ပမာဏာတိ၊ ကတမေ ဓမ္မာ အပ္ပ-

မာဏာ-ဟူ၍။ ပဒံ၊ အပ္ပမာဏာ-ဟူသော တတိယပုဒ်ကို။ ဥဒ္ဓရိတွာ၊ ပုစ္ဆာပြုလုပ် ထုတ်ဆောင်၍ "စတ္တာရော မဂ္ဂါ အပရိယာပန္နာ စတ္တာရိ စ သာမညဖလာနိ နိဗ္ဗာနဉ္စ။ ဣမေ ဓမ္မာ အပ္ပမာဏာတိ၊ စတ္တာရော ။ပ။ အပ္ပမာဏာ" ဟူ၍။ ဝုတ္တတ္တာ၊ အပ္ပမာဏအရ၌ နိဗ္ဗာန်ကို ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ ခယာ၊ ကုန်ခြင်းအဘာဝပညတ်၏။ အပ္ပမာဏတ္တံ၊ အပ္ပမာဏအဖြစ်သည်။ ကထံ ယုဇ္ဇတိ၊ အဘယ်မှာ သင့်နိုင်အံ့နည်း။ န ယုဇ္ဇေယျ၊ မသင့်နိုင်ရာသည်သာတည်း။ တသ္မာ၊ ထိုသို့ အပ္ပမာဏာဓမ္မာ-အရ၌ နိဗ္ဗာန်ကိုကောက်ယူ ဟောပြတော်မူသည်၏အဖြစ်, ရာဂစသည်တို့ ကုန်ခြင်း အဘာဝ၏ အပ္ပမာဏအဖြစ် မသင့်သည်၏အဖြစ်ကြောင့်။ ပရမတ္ထတော၊ အားဖြင့်။ နိဗ္ဗာနံနာမ၊ မည်သော။ ဧကော၊ တပါးသော။ သဘာဝေါ၊ သဘော သည်။ အတ္ထိယေဝ၊ ရှိသည်သာတည်း။ ဣတိ၊ ဤသို့ မှတ်အပ်၏။ ပန၊ စောဒ-နာဘွယ်တပါးကို ပြကြားဖြေဆိုဦးအံ့။ ပကတိဝါဒီနံ၊ ပကတိလျှင် အကြောင်း ရှိ၏ဟု ဆိုယူလေ့ရှိကုန်သော ပကတိဝါဒီပုဂ္ဂိုလ်တို့၏။ ပကတိ၊ ပကတိသည်။ နဝိဇ္ဇမာနံ၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော။ အတ္ထပညတ္တိမတ္တံ၊ အတ္ထပညတ် မျှသည်။ ဟောတိ ဝိယ ဧ၊ဖြစ်သကဲ့သို့ငှါး။ တိတ္ထိယာနံ သာသနာတော်မှ အပ အညတိတ္ထိယတို့၏။ အတ္တာ၊ အတ္တသည်။ နဝိဇ္ဇမာနံ၊ သော။ အတ္တပညတ္တိ-မတ္တံ၊ သည်။ ဟောတိ ဝိယ စ၊ ကဲ့သို့ငှါး။သသဝိသာဏံ၊ ယုန်၏ ဦးချိုသည်။ နဝိဇ္ဇမာနံ၊ သော။ အတ္ထပညတ္တိမတ္တံ၊ သည်၊ ဟောတိ ဝိယ စ၊ ကဲ့သို့ငှါး။ တံ နိဗ္ဗာနံ၊ သည်။ နဝိဇ္ဇမာနံ၊ သော။ အတ္ထပညတ္တိမတ္တံ၊ သည်။ ဟောတိ၊ ၏။ ဣတိ စေ၊ ဤသို့ဆိုငြားအံ့။ တမ္ပိ၊ ထိုစကားသည်လည်း။ ဝါ၊ ထိုနိဗ္ဗာန် ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ အတ္ထပညတ်မျှဖြစ်၏ ဟု ယူခြင်း သည်လည်း။ အယုတ္တံ၊ မသင့်။ ကသ္မာ၊ အဘယ့်ကြောင့် မသင့်သနည်းဟူမူ။ နိဗ္ဗာနာရမ္မဏာနံ၊ နိဗ္ဗာန်လျှင် အာရုံရှိကုန်သော။ စိတ္တစေတသိကာနံ၊ မဂ်ဖိုလ် စသော စိတ်,ယင်းနှင့်ယှဉ်သော စေတသိက်တို့၏။ နဝတ္တဗ္ဗာရမ္မဏတ္တာ၊ နဝတ္တဗ္ဗာ-ရမ္မဏတရား၏ အဖြစ်ဖြင့် လျဉ်းပါးရန်ရှိသောကြောင့်တည်း။

(၄) ကထံ၊ အဘယ်သို့ လျဉ်းပါးရန် ရှိသနည်းဟူမူကား။ ဟိ-ဝိတ္ထာရေမိ၊ လျဉ်းပါးဘွယ်ကို အကျယ်ချဲ့ပြဦးအံ့။ ပရိတ္တာရမ္မဏတ္တိကေ စ ပန၊ "ပရိတ္တာ-ရမ္မဏာ ဓမ္မာ မဟဂ္ဂတာရမ္မဏာ ဓမ္မာ အပ္ပမာဏာရမ္မဏာဓမ္မာ" ဟူ၍ပရိတ္တာရမ္မဏာ-ဓမ္မ စသည်တို့၏ အစွမ်းဖြင့်လာသော ပရိတ္တာရမ္မဏတိက်၌ပင်လျှင်။ ကတမေ ဓမ္မာ အပ္ပမာဏာရမ္မဏာတိပဒံ၊ကတမေ ဓမ္မာ အပ္ပမာဏာရမ္မဏာ-ဟူသော ပုစ္ဆာပုဒ်ကို။ ဥဒ္ဓရိတွာ၊ ထုတ်၍။ စတ္တာရော အရိယမဂ္ဂါ အပရိယာပန္နာ စတ္တာရိ စ သာမညဖလာနိ။ ဣမေ ဓမ္မာ အပ္ပမာဏာရမ္မဏာတိ၊ ရမ္မဏာ-ဟူ၍။ ဝုတ္တံ၊ ပဒဘာဇနီ၌ ဟောတော်မူအပ်၏။ ပန၊ ဆက်၍ပြဦးအံ့။ တေသံ၊ ထိုနိဗ္ဗာန်လျှင်

အာရုံရှိကုန်သော မဂ် ဖိုလ်စိတ္တုပ္ပါဒ်အစရှိကုန်သော စိတ်, စေတသိက်တို့၏။ အာရမ္မဏံ၊ အာရုံဖြစ်သော နိဗ္ဗာန်သည်။ ပညတ္တိ၊ အဘာဝပညတ်သည်။ ယဒိ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ မဂ်စိတ္တုပ္ပါဒ် စသည်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ဟူသည် ရာဂစသည်တို့၏ ကုန်ခြင်း အဘာဝပညတ် ဖြစ်ခဲ့သည်ရှိသော်။ တေသံ၊ ထိုမဂ်စိတ္တုပ္ပါဒ် စသည်တို့၏ အပ္ပမာဏာရမ္မဏတာ၊ အပ္ပမာဏတရားလျှင် အာရုံရှိသည်၏အဖြစ်သည်။ န ယုဇ္ဇေယျ၊ မသင့်ရာ။ န ဝတ္တဗ္ဗာရမ္မဏာပက္ခံ၊ နဝတ္တဗ္ဗတရားလျှင် အာရုံရှိသောတရားအဘို့သို့။ ဘဇေယျုံ၊ ဝင်ကုန်ရာ၏။

(၄) နဝတ္တဗ္ဗာရမ္မဏာ ပန၊ နဝတ္တဗ္ဗာရမ္မဏ-တရားတို့ကိုကား။ ဟိ-ယသ္မာ၊ ကြောင့်—

“ ရူပါဝစရ တိက စတုက္ကဇ္ဈာနံ ကုသလတော စ ဝိပါကတော စ ကိရိယတော စ စတုတ္ထဿ ဈာနဿ ဝိပါကော။ အာကာသာနဉ္စာယတနံ အာကိဉ္စညာယတနံ ကုသလတော စ ဝိပါကတော စ ကိရိယတော စ။ ဣမေ ဓမ္မာ နဝတ္တဗ္ဗာရမ္မဏာတိ၊ ရူပါဝစရ။ပ။ရမ္မဏာ ”ဟူ၍—

ဝုတ္တာ၊ ဟောတော် မူအပ်ကုန်၏။ တသ္မာ၊ ထိုသို့ အပ္ပမာဏတရားအရကို မဂ်စိတ္တုပ္ပါဒ်·စသည်ကို ကောက်ယူဟောပြတော်မူသည်၏အဖြစ်, နဝတ္တဗ္ဗာရမ္မဏ တရားအရကိုလည်း ပညတ် အာရုံးကန်ဖြစ်သော ရူပါဝစရ ပဌမာရုပ္ပ, တတိယာ-ရုပ္ပစိတ္တုပ္ပါဒ်ဘို့ကိုသာ ကောက်ယူ ဟောပြတော် မူသည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ဟူသည်။ န ပညတ္တိမတ္တံ၊ အဘာဝပညတ်မျှ မဟုတ်။ ယသ္မာ စ၊ အကြင်ကြောင့်လည်း။ နိဗ္ဗာနဿ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၏။ ပဏ္ဏတ္တိဘာဝေ၊ အဘာဝပညတ်၏ အဖြစ်သည်။ နယုဇ္ဇတိ၊ မသင့်။ တသ္မာ၊ ထိုသို့မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၏ ပညတ်အဖြစ် မသင့်သောကြောင့်။ မဂ္ဂဖလာနံ၊ တို့၏။ အာရမ္မဏပစ္စယ-ဘူတံ၊ အာရမ္မဏပစ္စည်းဖြစ်၍ ဖြစ်သော။ ဝါ၊ မဂ္ဂဖလာနံ၊ တို့အား။ အာရမ္မဏ-ပစ္စယဘူတံ၊ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဖြစ်၍ ဖြစ်သော။ ဥပ္ပါဒါ-ဒီနံ၊ ဥပါဒ်စသည်တို့၏။ ဝါ၊ ဥပါဒ် ဌီ ဘင်တို့၏။ အဘာဝတော၊ မရှိခြင်း ကြောင့်။ နိစ္စံ၊ မြဲသော။ ရူပသဘာဝါဘာဝတော၊ ဖောက်ပြန်တတ်သည်၏အဖြစ်, ထိခိုက်ခြင်းရှိသည်၏အဖြစ်, အပေါင်းအစုအားဖြင့် ဖြစ်သည်၏အဖြစ်, တည်ရာ အရပ်နှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏အဖြစ်ဟူသော ရုပ်သဘောမရှိခြင်းကြောင့်။ အရူပံ၊ ရုပ်သဘောမရှိသော။ ပပဉ္စာဘာဝတော၊ တဏှာ, မာန, ဒိဋ္ဌိ·ဟူသော သံသရာကိုရှည်လျားမြင့်ကြာအောင် ချဲ့ထွင်တတ်သော တရားမရှိခြင်းကြောင့်။ နိပ္ပပဉ္စံ၊ မည်သော။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန်မည်သော တပါးသော တရားသည်။

အတ္ထိ၊ ပရမတ္ထအားဖြင့် ရှိ၏။ ဣတိ၊ ဤသို့။ ဥပဂန္တ္ဗံ၊ ညာဏ်ဖြင့်ကပ်၍ သိအပ် မှတ်အပ်၏။

## အဓိပ္ပါယ်ရှင်းချက်

ဤအဋ္ဌကထာဝယ် အဓိပ္ပါယ်ကို အနုသန္ဓေ သမ္ဗန္ဓနှင့်တကွ ပြဆိုအံ့။

ပညာရှိတို့၏ စိတ်ကို တုန်လှုပ်စေတတ်သော အယူစကားရှိသော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်၏ အယူဝါဒကိုပြဦး၍ ထိုဝါဒကို ပယ်ဖျက်တော်မူလိုသော အဋ္ဌကထာဆရာသည် "ဧတ္ထာဟ။ပ။အနုပလဗ္ဘနိယတော" ဟူသော ဝိတဏ္ဍဝါဒီ၏ ဆိုဟန်ကို ရှေးဦးစွာ ပြဆိုတော်မူသည်။

"ဧတ္ထာဟ န ပရမတ္ထတော။ပ။အတ္ထိ" သာ ဆိုလိုရင်း။

နိဗ္ဗာန်မည်သည် ပရမတ္ထအားဖြင့် တစုံတခုသော သဘောတရား ဟူ၍ မရှိဟု ဆိုသည် ဟူလို။

အဘယ့်ကြောင့် မရှိသနည်းဟူဘွယ်ရှိ၍ "အနုပလဗ္ဘနိယတော" ကိုဆိုသည်။ စိတ်စသည်ကဲ့သို့ သရုပ်အားဖြင့် အသီးအခြား မရကောင်းသောကြောင့် မရှိသည် ဟူလို။

အဘယ်ကို မရကောင်းသကဲ့သို့ မရကောင်းသနည်း ဟူဘွယ်ရှိ၍ မရချင်းတူသော ဥပမာ သာဓကကို ပြခြင်းငှါ "တိတ္ထိယာနံ" စသည်ကို ပြဆိုပြန်သည်။

သာသနာတော်မှအပ အညတိတ္ထိယတို့သည် ကြံဆ၍ယူအပ်သော အတ္တမည်သည်ကို ပရမတ္ထအားဖြင့် သရုပ်သီးခြား မရကောင်းသကဲ့သို့ရင်း ယုန်၏ဦးချိုမည်သည်ကို သရုပ်သီးခြား မရကောင်းသကဲ့သို့ရင်း နိဗ္ဗာန်ဟူသည် အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ ရာဂစသည်တို့၏ တဖန်အသစ်မဖြစ်နိုင်ခြင်းဟူသော ကုန်ခြင်းအဘာဝပညတ်မျှသာဖြစ်၍ ထိုအဘာဝပညတ်ကိုထား၍ ယင်းသည် ပညတ်မှတပါး ပရမတ္ထအားဖြင့် နိဗ္ဗာန်မည်သည်ကို သရုပ်အသီးအခြား မရကောင်းသောကြောင့် မရှိသည် ဟူလို။

**န** ပရမတ္ထတော အတ္ထိ အညတြ ပညတ္တိမတ္တတောတိ အဓိပ္ပါယော။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ။

ပညတ္တိမတ္တတော-ပညတ္တိမတ္တံ၊ ရာဂစသည်တို့၏ ကုန်ခြင်း အဘာဝပညတ်မျှကို။ အညတြ၊ ထား၍။ ဝါ၊ ပညတ္တိမတ္တတော၊ မျှမှ။ အညတြ-အညော၊ တပါးသော။ ပရမတ္ထတော၊ အားဖြင့်။ ဧကော၊ တပါးသော။ သဘာဝေါ၊ သည်။ န အတ္ထိ၊ မရှိ။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်၏ **အလိုတည်း**။

ဝိတဏ္ဍဝါဒီဆိုသည့်အတိုင်း နိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့်မရှိ ဟူ၍ပင် မှတ်ရအံ့လော ဟူဘွယ်ရှိ၍ န-ဟူသော ပဋိသေခကို ဆိုပြန်ရသည်။ ပရမတ္ထအား ဖြင့် မရှိသည် မဟုတ်၊ ရှိသည် ဟူလို။

အဘယ့်ကြောင့် ထိုနိဗ္ဗာန်ရှိသနည်း၊ တိတ္ထိဘို ကြံဆအပ်သော အတ္တ-စ သည်ကဲ့သို့ မရအပ် မရကောင်းခဲ့သော် ဝိတဏ္ဍဝါဒီဆိုသည့်အတိုင်း ပရမတ္ထ အားဖြင့် မရှိသည်ပင် အမှန်ဖြစ်ရာပေသည် မဟုတ်လော ဟူဘွယ်ရှိ၍ "ဥပလဗ္ဘ-နိယတော" ဟူသော ဟိတ်ကို—

ပုဂ္ဂိုလ်ဟူသမျှအား ရကောင်းသလော ဟူဘွယ်ရှိ၍ "ဟိတာဂဝေသိနံ" ကို—

အရဟတ္တဖိုလ်နိဗ္ဗာန်ဟူသော အကျိုးစီးပွါးကို ရှာသောပုဂ္ဂိုလ်ဖြစ်ကာမတ္တ အားပင် ရကောင်းလေသလော ဟူဘွယ်ရှိ၍ "ပညာစက္ခုနာ ဥပပရိက္ခမာနာနံ" ကို –

ပညာစက္ခုဖြင့် ရှုမြင်သော ပုဂ္ဂိုလ်အား အကြောင်းနှင့်ကင်း၍ မရကောင်း၊ သီလ, သမာဓိ, ပညာဟူသော ကောင်းသောအကျင့်ဟူသော အကြောင်းဖြင့် သာ ရကောင်းသည် ဟု ပြခြင်းငှါ "သမ္မာပဋိပတ္တိယာ" ကို

သီလ-စသော သမ္မာပဋိပတ်ဖြင့် ရသည်ပင် ဟူသော်လည်း ဝဋ္ဋနိဿိတ အကျင့်ဖြင့် မရကောင်း၊ ထိုနိဗ္ဗာန်ကို ရခြင်းအားလျော်သော ဝိဝဋ္ဋနိဿိတ အကျင့်ဖြင့်သာ ရသည်ဟု ပြခြင်းငှါ "ယထာနုရူပါယ-ကို— ဆိုတော်မူသည်။

### စေတောပရိယအဘိညာဉ် သိပုံ

အရိယာလည်းဖြစ်ပါမှ စေတောပရိယ အဘိညာဉ်ကိုလည်း ရပါမှ တပါး သော အရိယာပုဂ္ဂိုလ်၏ လောကုတ္တရာစိတ်ကို သိနိုင်သည်။ ၎င်းစိတ်ကို ပုထုဇဉ် တို့ မသိနိုင်။ အရိယာတွင်လည်း စေတောပရိယအဘိညာဉ်ကို ရသော သောတာပန်တို့သည် သောတာပန်ချင်း၏သာ လောကုတ္တရာစိတ်ကို သိနိုင် သည်။ အထက်ပုဂ္ဂိုလ်တို့၏ လောကုတ္တရာစိတ်ကို မသိနိုင်။ ၎င်းဉာဏ်ကို ရသော သကဒါဂါမ်သည် သကဒါဂါမ်ချင်း၏၎င်း သောတာပန်၏၎င်း လောကုတ္တရာစိတ် ကို သိနိုင်သည်။ အထက်အရိယာတို့၏ ၎င်းစိတ်ကို မသိနိုင်။ အနာဂါမ်ပုဂ္ဂိုလ် သည်လည်း အနာဂါမ်ချင်း၏၎င်း အောက်အရိယာတို့၏၎င်း လောကုတ္တရာစိတ် ကို သိနိုင်သည်။ အရဟတ္တမဂ် အရဟတ္တဖိုလ်စိတ်ကို မသိနိုင်။ စေတောပရိယ ဉာဏ်ကို ရသော ရဟန္တာသာလျှင် အလုံးစုံသော အရိယာပုဂ္ဂိုလ်တို့၏ လောကုတ္တရာစိတ်ကို သိနိုင်သည်။ ထိုကဲ့သို့ အရဟတ္တဖိုလ် နိဗ္ဗာန်ဟူသော အကျိုးကို တောင့်တရှာမှီးခြင်း အလေ့ရှိသော ပညာစက္ခုဖြင့် ခန္ဓာ ရုပ်နာမ်ကို အနိစ္စ-စသည်ဖြင့် အဖန်ဖန်ရှုကြည့်သော ပုဂ္ဂိုလ်တို့အားသာ ထိုနိဗ္ဗာန်ကိုရခြင်း

အားသျှော်သော သီလ, သမာဓိ, ပညာ-တည်းဟူသော ဝိဝဋ္ဋနိဿိတ သမ္မာပဋိပတ်ဟူသော အကြောင်းဖြင့်သာ ရနိုင်သည် ဟူလို။

ဤ ဥပမာနှင့်တကွသော အခိပ္ပါယ်ကို—

ယထာ ဟိ စေတောပရိယဉာဏလာဘိနော ဧဝ အရိယာ ပရေသံ လောကုတ္တရစိတ္တံ ဇာနန္တိ။တထာပိ စ အရဟာဧဝ သဗ္ဗေသံ စိတ္တံ ဇာနာတိ။ ဧဝံ နိဗ္ဗာနံပိ သီလာဒိသမ္မာပဋိပတ္တိဘူတေန ဥပါယေနေဝ ဥပလဗ္ဘတိ။

ဟူသော အဘိဓမ္မတ္ထဝိဘာဝနီဋီကာ ကို မှီ၍ ဆိုလိုက်သည်။

ဟိ၊ ထိုစကားကို ထင်ရှားပြဦးအံ့။ စေတောပရိယဉာဏလာဘိနော၊ စေတောပရိယဉာဏ်ကို ရကုန်သော။ အရိယာဧဝ၊ အရိယာပုဂ္ဂိုလ်တို့သည်သာလျှင်။ ပရေသံ၊ တပါးကုန်သော အရိယာတို့၏။ လောကုတ္တရစိတ္တံ၊ လောကုတ္တရာစိတ်ကို။ ဇာနန္တိ ယထာ၊ သိနိုင်ကုန်သကဲ့သို့။တတ္ထာပိ၊ ထိုစေတောပရိယဉာဏ်ကို ရကုန်သော အရိယာတို့တွင်လည်း။ အရဟာဧဝ၊ ရဟန္တာပုဂ္ဂိုလ်သည်သာလျှင်။သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော အရိယာတို့၏။စိတ္တံ၊ လောကုတ္တရာစိတ်ကို။ ဇာနာတိ ယထာ၊ သိနိုင်သကဲ့သို့။ ဧဝံတထာ၊ တူ။ နိဗ္ဗာနံပိ၊ ပရမတ္ထအသင်္ခတဖြစ်သော နိဗ္ဗာန်ကိုလည်း။ သီလာဒိသမ္မာပဋိပတ္တိဘူတေန၊ သီလ-အစရှိသော ကောင်းမြတ်သော အကျင့်ဖြစ်၍ဖြစ်သော။ ဥပါယေနေဝ၊ အကြောင်းဖြင့်သာလျှင်။ ဥပလဗ္ဘတိ၊ ရအပ်၏။

## မျက်ကန်းနှင့် နေလဥပမာ

ရအပ်သောကြောင့် နိဗ္ဗာန်မရှိသည် မဟုတ်၊ ရှိသည်သာ ဟူ၏။ ယင်းသို့ ရအပ်သော သူခပ်သိမ်းတို့အား ရအပ်ရာပါသည်၊ ရကား မရခဲ့ရကား ပရမတ္ထအားဖြင့် နိဗ္ဗာန်ရှိ၏ဟု ဆရာဆိုသောစကား မသင့်ရာ၊ဝိတဏ္ဍဝါဒီဆိုသည့်အတိုင်း မရှိဟူ၍သာ ဆိုအပ်ရာသည် မဟုတ်လော ဟူဘယ်ငှါ၍ "ယံ ဟိ ပုထုဇ္ဇနာ န လဘန္တိ၊ တံ နတ္ထီတိ န ဝတ္တဗ္ဗံ" ဟူသောစကားကို ဆိုတော်မူသည်။ နေလ တို့ကို ပဋိသန္ဓေအားဖြင့် မျက်စိနှစ်ဘက် စုံကန်းသောသူ၏ မမြင်ရုံနှင့် နေလတို့ မရှိဟူ၍ မဆိုရ မဆိုထိုက်၊ မျက်စိအမြင်ရှိကုန်သော သူတို့အား စက္ခုဝိညာဉ်၏ အာရုံအဖြစ်ဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ထိုနေလတို့ကို ထင်ရှားရှိကုန်၏ ဟူ၍သာ ဆိုအပ် ဆိုထိုက်သကဲ့သို့ ထိုနိဗ္ဗာန်ကို ဗာလပုထုဇဉ်တို့၏ မမြင်ရ မမြင်နိုင်ရုံမျှဖြင့် မရှိ ဟူ၍ မဆိုအပ် မဆိုထိုက်၊ ထိုသို့ပင် ပုထုဇဉ်တို့ မမြင်နိုင်သော်လည်း အရိယာတို့အား ပညာစက္ခုတည်း ဟူသော အရောင်အလင်းဖြင့် ထင်မြင်နိုင်ခြင်းကြောင့် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်တရားသည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ ဟူ၍ စင်စစ်မုချ ဧကန္တအားဖြင့် ဝန်ခံအပ် ဝန်ခံထိုက်၏ ဟူလို။

ဥပမာနှင့်တကွ ပြဆိုအပ်သော ဤအဓိပ္ပါယ်ကိုလည်း—

ယထာ ဟိ ဇစ္စန္ဓဿ သူရိယာဒီနံ အဒဿနေန သူရိယာဒယော နတ္ထီတိ န ဝတ္တဗ္ဗာ။ စက္ခုမန္တာနံ ဂေါစရဘာဝေန အတ္ထေဝါတိ သိဒ္ဓတ္တာ။ ဝေမေဝ တံပိ ဗာလပုထုဇ္ဇနဿ အဒဿနမတ္တေန နတ္ထီတိ န ဝတ္တဗ္ဗံ။ အရိယာနံ ပန ပညာစက္ခုနော ဘာသနေဝ ဥပဋ္ဌာနတော ဧကံသေန သမ္ပဋိစ္ဆိတဗ္ဗံ၊ အတ္ထိ နိဗ္ဗာနန္တိ အယမေတ္ထ အဓိပ္ပါယော။

ဟူသော ၎င်းဋီကာ(၁၉၁) ကိုပင် မှီ၍ ဆိုလိုက်သည်။

ဇစ္စန္ဓဿ၊ ပဋိသန္ဓေအားဖြင့် ကန်းသောသူ၏။ သူရိယာဒီနံ၊ နေဗိမာန်စသည်တို့ကို။ အဒဿနေန၊ မမြင်နိုင်ခြင်းကြောင့်။ ဝါ၊ မမြင်ရရုံနှင့်။ သူရိယာဒယော၊ နေ အစရှိသည်ဘို့ကို။ နတ္ထီတိ၊ မရှိကုန် ဟူ၍။ န ဝတ္တဗ္ဗာ ယထာ၊ မဆိုအပ်ကုန်သကဲ့သို့။ စက္ခုမန္တာနံ၊ မျက်စိအမြင်ရှိကုန်သောသူတို့အား။ ဂေါစရဘာဝေန၊ အာရုံ၏အဖြစ်ဖြင့်။ သိဒ္ဓတ္တာ၊ စက္ခုဝိညာဉ်၌ ထင်ရှားသည်၏ အဖြစ်ကြောင့်။ အတ္ထေဝါတိ၊ ရှိကုန်၏ ဟူ၍သာလျှင်။ ဝတ္တဗ္ဗာ ယထာ၊ ဆိုအပ်ကုန်သကဲ့သို့။ ဝေမေဝ၊ ဤအတူသာလျှင်။ တံပိ၊ ထိုနိဗ္ဗာန်ကိုလည်း။ ဗာလပုထုဇ္ဇနဿ၊ ဗာလပုထုဇဉ်၏။ အဒဿနမတ္တေန၊ မမြင်နိုင်ရုံမျှဖြင့်။ နတ္ထီတိ၊ မရှိ ဟူ၍။ န ဝတ္တဗ္ဗံ၊ မဆိုအပ် မဆိုထိုက်။ ပန၊ ထိုသို့ ပုထုဇဉ်တို့ မမြင်နိုင်သော်လည်း။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့အား။ ပညာစက္ခုနော ဘာသနေဝ၊ ပညာစက္ခုတည်းဟူသော အရောင်အလင်းဖြင့်သာလျှင်။ ဥပဋ္ဌာနတော၊ ထင်ခြင်းကြောင့်။ နိဗ္ဗာနံ၊ သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ဧကံသေန၊ စင်စစ်အားဖြင့်။ သမ္ပဋိစ္ဆိတဗ္ဗံ၊ ဝန်ခံအပ်၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ ဧတ္ထ၊ ဤ ယံ ဟိ အစရှိသော ဝါကျ၌။ အဓိပ္ပါယော၊ အဋ္ဌကထာဆရာ၏ အလိုတော်တည်း။

## ဇမ္ဗုခါဒကပရိဗိုဇ်နှင့် အရှင်သာရိပုတြာ

နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသည် ဟူ၏၊ ယင်းသို့ ထင်ရှားရှိခဲ့သော် နိဗ္ဗာန် ဟူသည် အဘယ်နည်း ဟု ဇမ္ဗုခါဒကပရိဗိုဇ် မေးလျှောက်သောအခါ "ယော ခေါ အာဝုသော ရာဂက္ခယော" စသည်ဖြင့် အရှင်သာရိပုတြာမထေရ်သည် အဘယ်ကြောင့် ရာဂ စသည်တို့၏ ကုန်ခြင်းမျှကို နိဗ္ဗာန် ဟူ၍ ဟောပြတော်မူသနည်း၊ မဟောအပ်ရာပါ၊ ရာဂ စသည်တို့၏ ကုန်ခြင်းကိုပင် နိဗ္ဗာန် ဟူ၍ ဟောကား ဟောတော်မူသည်သာ ဖြစ်သောကြောင့် ရာဂ စသည်ဘို့၏ ကုန်ခြင်းမျှသည်သာလျှင် နိဗ္ဗာန်ဖြစ်၏ ဟု အာဂုံသာဓကပါဠိတော်ကို ဆောင်ပြ၍ ဝိတဏ္ဍဝါဒီပုဂ္ဂိုလ် မေးဆိုရန်ရှိရကား ထို

မေးဆိုရန်စကားကို ပြ၍ ထိုအမေးကို ပယ်ဖျက် ဖြေဆိုခြင်းငှါ "အထာ-ယသ္မတာ။ပ။ ခယမတ္တမေဝ နိဗ္ဗာနန္တိ စေ။ တံ န" ဟူသော စကားကို ပြဆိုတော်မူသည်။

နိဗ္ဗာန် ဟူသည် ရာဂ စသည်တို့၏ ကုန်ခြင်းမျှသာဖြစ်သည် ဟု ဆိုသော ဝိတဏ္ဍဝါဒီ၏ စကားကို အဘယ့်ကြောင့် ပယ်ဖျက်အပ်သနည်း၊ ပါဠိတော်ကို သာဓကပြုလုပ် ထုတ်ဆောင်ပြဆိုသော စကားဖြစ်၍ ဝန်ခံသင့်ရာပါသည်သာ မဟုတ်လော ဟူဘွယ်ရှိ၍ ထိုအမေးကိုပြ၍ ဖြေဆိုလိုသော အဋ္ဌကထာဆရာသည် "ကသ္မာ အရဟတ္တဿာပိ ရာဂါဒီနံ ခယမတ္တပသင်္ဂဒေါသာပတ္တိတော" ဟူသော စကားကို ပြဆိုတော်မူသည်။

ဇမ္ဗုခါဒကသုတ်ကို ထောက်၍ နိဗ္ဗာန် ဟူသည် ရာဂ စသည်တို့၏ ကုန်ခြင်း မျှသာဖြစ်သည် ဟု ယူခဲ့သော် နိဗ္ဗာန်သာ ရာဂ စသည်တို့၏ ကုန်ခြင်းမျှဖြစ်ရာ သည် မဟုတ်သေး၊ အရဟတ္တဖိုလ် ဟူသည်လည်း ရာဂ စသည်တို့၏ ကုန်ခြင်းမျှ ဖြစ်၏ ဟူ၍ ယုံမှားဘွယ်ဖြစ်ရသော အပြစ်ရောက်ရသောကြောင့် ပယ်ဖျက် အပ်သည် ဟူလို။

ထိုရောက်ရာသော အပြစ်ကိုပင် ကထေတုကမျတာပုစ္ဆာဖြင့် မေးဦး၍ ထင်ရှားပြခြင်းငှါ "ကထံ နိဗ္ဗာနပုစ္ဆာသမနန္တရမေဝ။ပ။ ဘဝေယျ" ကို မိန့်ဆို တော်မူသည်။

"နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ။ ကတမံ နု ခေါ အာဝုသော နိဗ္ဗာနန္တိ"

ဟူ၍ ဇမ္ဗုခါဒကပရိဗိုဇ်မေးအပ်သော ပုစ္ဆာကို "ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ ဣဒံ ဝုစ္စတိ နိဗ္ဗာနံ" ဟု အရှင်သာရိပုတြာ ဖြေကြားတော်မူအပ်သည်ကို ထောက်၍ နိဗ္ဗာန် ဟူသည် ပရမတ္ထအားဖြင့် အသီးအခြား တပါးမရှိ၊ ရာဂ စသည်တို့၏ ကုန်ခြင်းမျှသာ ဖြစ်သည် ဟု ယူခဲ့သော် "ကတမံ နု ခေါ အာဝုသော နိဗ္ဗာနံ" ဟု မေးသော အခါ နိဗ္ဗာန်၏ အရကို "ယော ခေါ အာဝုသော ရာဂက္ခယော" အစရှိသည်ဖြင့် ရာဂက္ခယ-စသည် ဟု ဖြေကြားတော်မူသကဲ့သို့ ထိုပုစ္ဆာ၏ အခြားမဲ့၌—

"အရဟတ္တံ အရဟတ္တန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ။ ကတမံ နု ခေါ အာဝုသော အရဟတ္တံ"

ဟူ၍ အရဟတ္တဖိုလ်ကို မေးသောအခါ၌လည်း "ယော ခေါ အာဝုသော ရာဂက္ခယော" စသည်ဖြင့် အရဟတ္တဖိုလ်အရကိုလည်း ရာဂက္ခယ-စသည်ဟူ၍ပင် ဖြေပြ ဖော်ကြားတော်မူသောကြောင့် မြတ်စွာဘုရား သာသနာတော်အား သင့်လျော်အောင် မဆင်ခြင်ဘဲ သဒ္ဒါရိပ်မျှကိုငဲ့၍ နိဗ္ဗာန်ဟူသည် ရာဂ-စသည်

တို့၏ ကုန်ခြင်းမျှသာ ဖြစ်သည်ဟု ယူခဲ့သော် သင် ဝိတဏ္ဍဝါဒီ၏ အလိုအားဖြင့် နိဗ္ဗာန်၏သာ ရာဂအစရှိသည်တို့၏ ကုန်ကာမျှ အဖြစ် ဖြစ်သည် မဟုတ်၊ အရဟတ္တဖိုလ်၏လည်း ရာဂအစရှိသည်တို့၏ ကုန်ကာမျှအဖြစ်သည် ဖြစ်ရာသည် ဟူလို။

အရဟတ္တဖိုလ်သည် ရာဂအစရှိသည်တို့၏ ကုန်ကာမျှအဖြစ်သည် ဖြစ်ရာသည် ဟူ၏၊ ယင်းသို့ အရဟတ္တဖိုလ်၏ ရာဂစသည်တို့၏ ကုန်ကာမျှအဖြစ် ဖြစ်ခြင်းသည် အပြစ်မရှိ သင့်လျော်ခဲ့သော် ရာဂအစရှိသည်တို့၏ ကုန်ခြင်းသည် နိဗ္ဗာန်မည်၏ ဟူသောစကားကို ဆိုရပါစေတော့လော ဟူဘွယ်ရှိ၍ "န စေတံ ယုတ္တံ အရဟတ္တဿ။ပ။ဝဒေသိ" ဟူသော စကားကို ဆိုတော်မူသည်။

ဇမ္ဗုခါဒကသုတ်ကို ထောက်၍ နိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့် သဘော တပါး အသီးအခြား မရှိပြီ၊ ရာဂအစရှိသည်တို့၏ ကုန်ခြင်းမျှသာ ဖြစ်သည်ဟု ယူခဲ့သော် ထိုသုတ်၌ နိဗ္ဗာန်ကိုသာ ရာဂက္ခယ-စသည်ဟူ၍ ဟောတော်မူသည် မဟုတ်၊ အရဟတ္တဖိုလ်ကိုလည်း ရာဂက္ခယ-စသည်ဟူ၍ပင် ဟောတော်မူသည် ဖြစ်၍ အရဟတ္တဖိုလ်သည်လည်း ရာဂစသည်တို့၏ ကုန်ခြင်းမျှဖြစ်ရာခဲ့သည်၊ ယင်းသို့ လောကုတ္တရာစိတ်ဖြစ်သော အရဟတ္တဖိုလ်၏ ရာဂစသည် ကုန်ခြင်းမျှ၏ အဖြစ်သို့ ရောက်ခြင်းသည်လည်း မသင့်သည်သာ ဖြစ်သောကြောင့် "ယော ရာဂက္ခယော" အစရှိသည်ဖြင့် ဟောတော်မူအပ်သော သဒ္ဒါရိပ်မျှဖြင့် နိဗ္ဗာန် ဟူသည် ပရမတ္ထအားဖြင့် အသီးအခြား တပါးထင်ရှား မရှိ၊ ရာဂစသည်တို့၏ ကုန်ခြင်းမျှသာ ဖြစ်သည် ဟု မဆိုပါလင့်၊ မဆိုရ မဆိုကောင်း ဟု မြစ်ပယ်ရမည် ဟူလို။

သဒ္ဒါရှိတိုင်း သဒ္ဒါရိပ်မျှဖြင့် နီတတ္ထ မယူအပ်သည်ရှိသော် အဘယ်သို့ ယူရမည်နည်း ဟူဘွယ်ရှိ၍ သဘာဝတ္ထကို ကြံဆ၍ နေယျတ္ထအားဖြင့် ယူအပ်သည်၏ အဖြစ်ကို ပြခြင်းငှါ "ဉဘိန္နံ။ပ။တဗ္ဗော" ကို ဆိုတော်မူသည်။

နေယျတ္ထအားဖြင့် ဆင်ခြင်၍ယူရဟန်ကို ဝေဖန်ပြဆိုခြင်းငှါ "ယဿ ပန။ပ။ ဝုတ္တော" ကို ဆိုတော်မူသည်။

"ယဿ။ပ။သော ရာဂါဒီနံ ခယော နိဗ္ဗာနန္တိ ခယောပစာရေန ဝုတ္တော" သာ ပဌာန။

အကြင်သဘောတရားကို အရိယမဂ်သည် အာရုံပြုသောအားဖြင့် ရသည် ရှိသော် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ဖြတ်ပယ်အပ်သည်ဖြစ်၍ ကိလေသာ တို့၏ တဖန်အသစ် မဖြစ်နိုင်သော ချုပ်ခြင်းဟူသော ကုန်ခြင်းသည် ဖြစ်၏။ ထိုကိလေသာတို့၏ ကုန်ကြောင်းသဘောကို ရာဂစသည်တို့၏ ကုန်ခြင်း ခယနိဗ္ဗာန် ဟူ၍ ဆိုအပ်သည် ဟူလို။

## ဖလူပစာရ အဓိပ္ပါယ်ဥပမာ

ထိုမဂ်၏ အာရုံသည် ကုန်ခြင်းသဘော မရှိပါသည် မဟုတ်လော။ ကုန်ခြင်းသဘောကြောင့်ပင် ခယနိဗ္ဗာန် ဟူ၍ ဟောအပ်လေသလော ဟူဘွယ်ရှိ၍ "အက္ခယောပိ သမာနော" ကို-ကုန်ခြင်းသဘော မရှိပါဘဲလျက်ကို အသို့မူ၍ ခယနိဗ္ဗာန် ဟု ဆိုအပ်သနည်း ဟူဘွယ်ရှိ၍ "ခယောပစာရေန" ကို–အဘယ့်ကြောင့်ကား ခယဟူသောအမည်ကို တင်စားရသနည်း ဟူဘွယ်ရှိ၍ "ရာဂါဒီနံ ခယဿ ဥပနိဿယတ္တာ" ကို–ခယ-ဟူသောအမည်ကို တင်စားသည်ဟူရာ၌ ဥပစာဆယ်ပါးတွင် အဘယ်ဥပစာဖြင့်ဆိုသည် ဟု မှတ်ရအံ့နည်းဟူဘွယ်ရှိ၍ "ဖလူပစာရေန ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ" ကို–အဘယ်သို့သော ဥဒါဟရုဏ်၌ ဖလူပစာရအားဖြင့်ဆိုအပ်သကဲ့သို့နည်း။ ၍။ "တိပုသံ ဇရော ဂုဠော သေမှန္တိ အာဒီသု" ကို–ဆိုတော်မူသည်။

သခွါးပြုတ်သီးကို စားခြင်းကြောင့် အဖျားရောဂါဖြစ်ရကား သခွါးပြုတ်သီးသည် အဖျားရောဂါ၏ အကြောင်း အဖျားရောဂါသည် သခွါးပြုတ်သီး၏ အကျိုးဖြစ်၍ အကျိုးဖြစ်သော အဖျားရောဂါ၏ အမည်ကို အကြောင်းဖြစ်သော သခွါးပြုတ်သီး၌ တင်စား၍ ဖလူပစာရအားဖြင့် သခွါးပြုတ်သီးကို ဇရ-ဟု ဆိုအပ်သကဲ့သို့ရှင်း—

တင်လဲကို သုံးဆောင်ခြင်းကြောင့် သလိပ်ဖြစ်ရကား တင်လဲသည် သလိပ်၏ အကြောင်း သလိပ်သည် တင်လဲ၏အကျိုးဖြစ်၍ အကျိုးဖြစ်သော သလိပ်၏ သေမှဟူသောအမည်ကို အကြောင်းဖြစ်သော တင်လဲ၌ တင်စား၍ ဖလူပစာရအားဖြင့် အကြောင်းဖြစ်သော တင်လဲကိုပင် သေမှ ဟု ဆိုအပ်သကဲ့သို့ရှင်း –

အရိယမဂ်သည် နိဗ္ဗာန်ကို အာရုံပြုရ၍သာ ကိလေသာတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ပြတ်ပယ်နိုင်ရကား အရိယမဂ်၏ အာရုံဖြစ်သော နိဗ္ဗာန်သည် အရိယမဂ် ပယ်အပ်သည်ဖြစ်၍ ကိလေသာတို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကုန်ခြင်း၏ ဥပနိဿယအကြောင်း၊ ထိုကိလေသာတို့၏ ကုန်ခြင်းသည် ထိုနိဗ္ဗာန်၏ အကျိုးဖြစ်သောကြောင့် အကျိုးဖြစ်သော ရာဂစသော ကိလေသာတို့ ကုန်ခြင်း၏ ခယဟူသော အမည်ကို အကြောင်းဖြစ်သော နိဗ္ဗာန်၌ တင်စား၍ ဖလူပစာရအားဖြင့် တခံတဆစ်မျှ ကုန်ခြင်းသဘောပင် မရှိကောင်းသော်လည်း နိဗ္ဗာန်ကို ရာဂက္ခယ-စသည်ဟူ၍ ဟောတော်မူ၏ ဟူသော အနက်သဘောကို မှတ်အပ်သည် ဟူလို။

## ဖိုလ်အတွက် ရှင်းပြချက်

ပြဆိုအပ်ပြီးသော အကြောင်းကြောင့် နိဗ္ဗာန်ကို ဖလူပစာရအားဖြင့် ရာဂက္ခယ-စသည် ဟူ၍ ဟောတော် မူအပ်သော ဟူပြီ၊ အရဟတ္တဖိုလ်ကိုကား

အဘယ့်ကြောင့် ခယ-ဟူ၍ ဟောတော်မူအပ်လေသနည်း ဟူဘွယ်ရှိ၍ ဝါ-ပဥ္စမ သုတ်၌ နေယျတ္ထအားဖြင့် ယူဟန်ကိုပြပြီး၍ ဒုတိယသုတ်၌ နေယျတ္ထအားဖြင့် ယူဟန်ကို ပြခြင်းငှါ "အရဟတ္တံ ပန ခယန္တေ ဥပ္ပန္နတ္တာ ခယောတိ ဝုတ္တံ" ကို ဆိုတော်မူသည်။

အကြောင်းကိုရက ဖြစ်ထိုက်သော သဘောဟူသော အနုသယ၏ အစွမ်းဖြင့် အစဉ်မပြတ် သန္တာဝါတို့ သန္တာန်၌ ကိန်းသော ကိလေသာသည် နိဗ္ဗာန်လျှင် အာရုံရှိသော အရဟတ္တမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖြတ်ပယ် အပ်ရကား အရဟတ္တမဂ်ခဏ၌ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကုန်ခြင်းသို့ ရောက်သောအားဖြင့် ကုန်ဆဲဖြစ်၍ အရဟတ္တဖိုလ်သည် ထိုကိလေသာကုန်ခြင်း ၏ အခြားမဲ့အဆုံးဟူသော အနီး၌ဖြစ်ရကား အနီးဖြစ်သော ရာဂစသော ကိလေသာတို့ ကုန်ခြင်း၏ ခယ-ဟူသော အမည်ကို ထိုကိလေသာတို့ ကုန်ခြင်း လျှင် အနီးရှိသော အရဟတ္တဖိုလ်၌ တင်စား၍ သမီပူပစာရ အားဖြင့် အရဟတ္တဖိုလ်ကို ရာဂက္ခယ-စသည်ဟူ၍ ဟောတော်မူအပ်သည် ဟူလို။

ဝါ၊ အရဟတ္တမဂ်သည် ပြဆိုအပ်ပြီးသော သဘောရှိသော ကိလေသာတို့ကို သမုစ္ဆေဒအားဖြင့် ပယ်သည်ဖြစ်၍ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကုန်ခြင်း သို့ ရောက်စေတတ် ကုန်စေတတ်သောကြောင့် ခယ-မည်ရကား ထိုအရဟတ္တမဂ် ချုပ်သည်၏ အခြားမဲ့ဖြစ်သော အနီး၌ဖြစ်သောကြောင့် အနီးဖြစ်သော အရဟတ္တမဂ်၏ ခယ-ဟူသော အမည်ကို ထိုအရဟတ္တမဂ်လျှင် အနီးရှိသော အရဟတ္တဖိုလ်၌ တင်စား၍ သမီပူပစာရအားဖြင့် ဝါ- အကြောင်းကုသိုလ်ဖြစ် သော အရဟတ္တမဂ်၏ ခယ-ဟူသော အမည်ကို အကျိုးဝိပါက် ဖြစ်သော အရဟတ္တဖိုလ်၌ တင်စား၍ ကာရဏူပစာရအားဖြင့် အရဟတ္တဖိုလ်ကို ရာဂက္ခယ စသည်ဟူ၍ ဟောတော်မူအပ်သည် ဟူလို။

## ရာဂက္ခယ-ကို ခွေး-မြေခွေး-စသည်ဖြင့် ပြပုံ

ရာဂက္ခယော-အစရှိသည်၌ ရာဂက္ခယ-စသည် အရကို အရိယမဂ်ပယ်အပ်သည် ဖြစ်၍ ရာဂစသည်တို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကုန်ခြင်းကိုကောက် ယူ၍ ယင်းသည် ကုန်ခြင်းပင်နိဗ္ဗာန် ဟု ယူရာ၌ ရောက်သောအပြစ်ကို ပြပြီး၍ ဝဏ္ဏုပဋ္ဌိသေဝန-စသည်တို့၏ အစွမ်းဖြင့် ရာဂ-အစရှိသည်တို့၏ ကုန်ခြင်းမျှကို ရာဂက္ခယ-စသည်ဟု ကောက်ယူ၍ ယင်းသည် ကုန်ခြင်းသည်ပင် နိဗ္ဗာန်ဟုယူရာ၌ ရောက်သောအပြစ်ကို ပြခြင်းငှါ "ယဒိ ရာဂါဒီနံ ခယမတ္တံ နိဗ္ဗာနံ ဘဝေယျ" စသည်ကို ဆိုပြန်သည်။

ရာဂအစရှိသည်တို့၏ သာမညကုန်ခြင်းမျှသည် အကယ်၍ နိဗ္ဗာန်ဖြစ်ခဲ့အံ့၊ ဝဏ္ဏုသေဝနစသည်တို့၏ အစွမ်းဖြင့် ထိုကုန်ငြိမ်းခြင်းသည် ခွေး, မြေခွေးစသည်-

တို့အားလည်း ရှိကုန်ရကား ထိုခွေးစသော ပုထုဇဉ်မိုက်တို့သည်လည်း ရအပ်သော နိဗ္ဗာန်ရှိကုန်သည်၊ မျက်မှောက်ပြုအပ်သော နိရောဓသစ္စာရှိကုန်သည်ဖြစ်ရာ၏။ ယင်းသို့ ဖြစ်ကလည်း အကျင့်ပဋိပတ်နှင့် ကင်း၍ပင် နိဗ္ဗာန်ကိုရသည်မည်ရာခဲ့ရကား အကျင့်ပဋိပတ်၏ အကျိုးမရှိ၊ အချည်းနှီး၏အဖြစ်သာ ဖြစ်ရာခဲ့သည် ဟူလို။

ဤအခိပ္ပါယ်ကို—

> သဗ္ဗေ ဗာလပုထုဇ္ဇနာတိ သောဏသိင်္ဂါလာဒယော သဗ္ဗေပိ ဗာလပုထုဇ္ဇနာ။ သမဓိဂတနိဗ္ဗာနာ သစ္ဆိကတနိရောဓာ ဘဝေယျုံ၊ ခယဝသေန ရာဂါဒီနံ ခယဿ တေသံပိ အတ္ထိဘာဝါ။ တထာ စ သတိ ပဋိပတ္တိယာ နိရတ္ထကဘာဝေါ အာပဇ္ဇေယျာတိ အဓိပ္ပါယော။

ဟူသော အဘိဓမ္မတ္ထဝိဘာဝနီဋီကာ ကို မှီ၍ ဆိုလိုက်သည်။

သဗ္ဗေ ဗာလပုထုဇ္ဇနာတိ၊ ကား။ သောဏသိင်္ဂါလာဒယော၊ အိမ်ခွေး, တောခွေး-အစရှိကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဗာလပုထုဇ္ဇနာ၊ ပုထုဇဉ်မိုက်တို့သည်။ ခယဝသေန၊ ကုန်ခြင်း သာမည၏ အစွမ်းဖြင့်။ ရာဂါဒီနံ၊ တို့၏။ ခယဿ၊ ကုန်ခြင်း၏။ တေသံပိ၊ ထိုအိမ်ခွေး-စသော ပုထုဇဉ်မိုက်တို့အားလည်း။ အတ္ထိဘာဝါ၊ ရှိသည်၏အဖြစ်ကြောင့်။ သမဓိဂတနိဗ္ဗာနာ၊ ရအပ်သော နိဗ္ဗာန်ရှိကုန်သည်။ သစ္ဆိကတနိရောဓာ၊ မျက်မှောက်ပြုအပ်သော နိရောဓသစ္စာရှိကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ တထာ စ သတိ၊ ထိုသို့ အိမ်ခွေးစသော ပုထုဇဉ်မိုက်တို့သည်လည်း နိဗ္ဗာန်ကိုရသည်ရှိသော်။ပဋိပတ္တိယာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ပဋိပတ်၏။ နိရတ္ထကဘာဝေါ၊ တစုံတရာအကျိုးမရှိ၊ အချည်းနှီးမျှသာ ဖြစ်သည်၏ အဖြစ်သည်။ အာပဇ္ဇေယျ၊ ဖြစ်ခဲ့ရာ၏။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အဌကထာဆရာ၏ အာဘော် အလိုတော်တည်း။

## ရာဂကုန်ပုံ-တနည်းပြဆိုချက်

ရာဂက္ခယော-စသည်ဝယ် ရာဂက္ခယ-စသည် အရကို ရာဂ စသည်တို့၏ ကုန်ခြင်း ဟု ယူရာ၌ ရောက်သောအပြစ်ကို တနည်း တပုံ ပြခြင်းငှါ "ကိဥ္စ ဘိယျော၊ နိဗ္ဗာနဿ ဗဟုတ္တာဒိဒေါသာပတ္တိ စ" အစရှိသည်ကို ဆိုတော်မူပြန်သည်။

ရာဂက္ခယော-စသည်၌ ရာဂက္ခယ-စသည်အရကို ရာဂ စသည်တို့၏ ကုန်ခြင်းကို ယူ၍ ထိုရာဂ-စသည်တို့၏ ကုန်ခြင်းသည်ပင် နိဗ္ဗာန် ဟု ယူခဲ့သည်ရှိသော် ရာဂ

စသည်တို့၏ များသောအပြား ရှိသည်၏ အဖြစ်ကြောင့် ထိုရာဂ စသည်တို့ များကုန်သကဲ့သို့ ယင်းတို့၏ ကုန်ခြင်းလည်း များရာခဲ့ရကား နိဗ္ဗာန်များသည်၏ အဖြစ် ဟူသော အပြစ်ရောက်ရာခဲ့သည် ဟူလို။

> ရာဂက္ခယာဒီနံ ဗဟုဘာဝတောတိ ရာဂါဒီနံ ဝိယ တေသံ ခယာနံပိ တဗ္ဗိကာရဘာဝေန ဗဟုဘာဝတော။ ဧဝံ ဟိ သတိ ရာဂဿ ခယော ရာဂက္ခယော။ န ဒေါသာဒီနံ။ တထာ ဒေါသက္ခယောပီတိ အညော ရာဂက္ခယော အညော ဒေါသက္ခယော အညော မောဟက္ခယောတိ တိဏ္ဏံ အကုသလမူလာနံ ခယဘူတာနိ တီဏိ နိဗ္ဗာနာနိ။ စတုန္နံ ဥပါဒါနာနံ ခယဘူတာနိ စတ္တာရီတိအာဒိနာ ဗဟူနိ နိဗ္ဗာနာနိနာမ ဟောန္တိ။

အဘိဓမ္မာဝတာရဋီကာ။

ရာဂက္ခယာဒီနံ ဗဟုဘာဝတောတိ၊ ကား။ ရာဂါဒီနံ၊ တို့၏။ ဗဟုဘာဝေါ၊ များသည်၏အဖြစ်သည်။ ဟောတိ ဝိယ၊ ကဲ့သို့။ တေသံ၊ ထိုရာဂ အစရှိသည် တို့၏။ ခယာနံပိ၊ ကုန်ခြင်းတို့၏လည်း။ တဗ္ဗိကာရဘာဝေန၊ ထိုရာဂ စသည် တို့၏ ဖောက်ပြန်ခြင်း ဟူသော အဖြစ်ဖြင့်။ ဗဟုဘာဝတော၊ များသည်၏ အဖြစ်ကြောင့်။ ဟိ၊ ချဲ့ဦးအံ့။ ဧဝံ၊ ဤသို့ ရာဂ စသည်တို့၏ ကုန်ခြင်းသည် နိဗ္ဗာန် ဟု ယူခဲ့သည်။ သတိ၊ ရှိသော်။ ရာဂက္ခယော၊ ရာဂက္ခယ ဟူသည်။ ရာဂဿ၊ ရာဂ၏သာ။ ခယော၊ ကုန်ခြင်းတည်း။ ဒေါသာဒီနံ၊ ဒေါသ စသည် တို့၏။ န ခယော၊ ကုန်ခြင်းမဟုတ်။ ဒေါသက္ခယောပိ၊ ဒေါသက္ခယ ဟူသည် လည်း။ တထာ၊ ယို့အတူ ဒေါသ၏သာ ကုန်ခြင်းတည်း။ ဣတိတသ္မာ၊ ထိုသို့ ရာဂက္ခယ စသည် ဟူသည် ရာဂ၏သာ ကုန်ခြင်း စသည် ဖြစ်သည်၏ အဖြစ် ကြောင့်။ ရာဂက္ခယော၊ ရာဂ၏ ကုန်ခြင်းသည်။ အညော၊ ဒေါသ စသည်တို့၏ ကုန်ခြင်းမှ တပါးတခြားတည်း။ ဒေါသက္ခယော၊ ဒေါသ၏ ကုန်ခြင်းသည်။ အညော၊ ရာဂ စသည်တို့၏ ကုန်ခြင်းမှ တပါးတခြားတည်း။ မောဟက္ခယော၊ သည်။ အညော၊ တည်း။ ဣတိ၊ သို့။ ဝါ၊ ဣတိ-တသ္မာ၊ ထိုသို့ ရာဂ ကုန်ခြင်း ဟူသည် ဒေါသ စသည်၏ ကုန်ခြင်းမှ တခြားတပါး စသည် ဖြင်သည်၏ အဖြစ် ကြောင့်။ တိဏ္ဏံ အကုသလမူလာနံ၊ သုံးပါးကုန်သော အကုသလမူလတို့၏။ ခယဘူတာနိ၊ ကုန်ခြင်းဖြစ်၍ ဖြစ်ကုန်သော။ တီဏိ နိဗ္ဗာနာနိ၊ နိဗ္ဗာန်သုံးပါး တို့သည်။ ဟောန္တိ၊ ကုန်၏။ စတုန္နံ ဥပါဒါနာနံ၊ လေးပါးကုန်သော ဥပါဒါန် တို့၏။ ခယဘူတာနိ၊ ကုန်သော။ နိဗ္ဗာနာနိ၊ တို့သည်။ စတ္တာရိ၊ လေးပါး တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ နိဗ္ဗာနာနိ၊ တို့သည်။ ဗဟူနိနာမ၊ များသည်မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။

## ရာဂက္ခယ-ဟူသည် ပျက်ခြင်းဘင်ခဏ မဟုတ်

ရာဂက္ခယော-စသည်၌ ရာဂက္ခယ-စသည်အရကို ရာဂ စသည်၏ ကုန်ပျက်ခြင်း ဘင်ခဏကို ကောက်ယူ၍ ထိုဘင်ခဏကိုပင် နိဗ္ဗာန် ဟု ဝိတဏ္ဍဝါဒီဆို၏ ဟု နှလုံးထား၍ ထိုသို့ဆိုရာ ယူရာ၌ ရောက်သော အပြစ်ကို ပြခြင်းငှါ "သင်္ခတ-လက္ခဏာဠ္ နိဗ္ဗာနံ ဘဝေယျ" စသည်ကို မိန့်ဆိုတော်မူပြန်သည်။

ရာဂက္ခယ-စသည်အရကို ရာဂ စသည်တို့၏ ကုန်ပျက်ခြင်း ဘင်ခဏကို ယူ၍ ထိုဘင်ခဏသည်ပင် နိဗ္ဗာန် ဟူခဲ့သော် သင်္ခတတရားတို့၏ ဥပါဒ် ဌီ ဘင် ခဏ သုံးပါးတို့၏ သင်္ခတလက္ခဏာ မည်ကြောင်းကို—

> တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ။

ဟူ၍ ဟောတော်မူသောကြောင့် သင်၏ နိဗ္ဗာန်သည် သင်္ခတလက္ခဏာဖြစ်ရာ ခဲ့သည်၊ ယင်းသို့ သင်္ခတလက္ခဏာဖြစ်ကလည်း ဥပါဒ် ဌီ ဘင် ဟူသော သင်္ခတ လက္ခဏာသုံးပါးတို့ အစဉ်အတိုင်း ဇာတိ ဇရာ မရဏ မည်ရကား ထို ဇရာ မရဏ၏ သင်္ခတဖြစ်ကြောင်းကိုလည်း "ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ" ဟူ၍ ဟောတော်မူသောကြောင့် သင်္ခတတရားပင် ဖြစ်ရာခဲ့သည်။

သင်္ခတတရား ဖြစ်ပြန်ကလည်း—

> အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယဓမ္မိနော။
> သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
> သဗ္ဗေ သင်္ခါရာ ဒုက္ခာ—

စသည်ဖြင့် သင်္ခတတရား၏ အနိစ္စအဖြစ် ဒုက္ခအဖြစ်ကို ဟောတော်မူသော ကြောင့် ခပ်သိမ်းသော သင်္ခတတရားတို့သည် အနိစ္စ ဒုက္ခ ဖြစ်ကုန်သကဲ့သို့ အနိစ္စ ဒုက္ခ ဖြစ်ရာခဲ့ရကား သင်၏ အလိုအတိုင်း ရာဂ စသည်တို့၏ ကုန်ပျက်ခြင်း ဝယ-ဟူသော ဘင်္ဂက္ခဏသည် နိဗ္ဗာန်ဖြစ်ခဲ့သော် တစုံတခုသော အကြောင်းမျှ မပြုပြင်အပ်သော နိဗ္ဗာန်၏ သင်္ခတလက္ခဏာဖြစ်သည်၏အဖြစ်, သင်္ခတတရား တို့၏ ဆန့်ကျင်ဘက်ဖြစ်သော နိဗ္ဗာန်၏ သင်္ခတတရား၌ အကျုံးဝင်သည်၏ အဖြစ်, တရံတဆစ်မျှ ဖြစ်သည် ပျက်သည် ဟူ၍ မရှိ ခပ်သိမ်းသော ကာလဝယ် ပရမတ္ထအားဖြင့် ထင်ရှားရှိနေသည်၏အဖြစ်ဖြင့် အမြဲတည်နေသော နိဗ္ဗာန်၏ အနိစ္စအဖြစ်, ချမ်းသာသုခဟူသမျှတို့ထက် လွန်ကဲထူးမြတ်သော နိဗ္ဗာန်၏ ဒုက္ခ အဖြစ်သည် ဖြစ်ရာခဲ့သည် ဟူလို။

> တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။ ဥပ္ပါဒေါ ပညာ-ယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတီတိ ဝစနတော

ဝယသခ်ါတော ခယော သခ်တလက္ခဏံ ဟောတီတိ ဝုတ္တံ သခ်တလက္ခဏံ နိဗ္ဗာနံ ဘဝေယျာတိ။ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သခ်တံ ပဋိစ္စသမုပ္ပန္နန္တိ ဝစနတော အာဟ သခ်တပရိယာပန္နန္တိ။ ယံ ပန သခ်တပရိယာပန္နံ၊ တံ ဣတရသခ်တဓမ္မော ဝိယ အနိစ္စံ ဟောတိ ပစ္စယာဓိနဝုတ္တိတောတိ အာဟ သခ်တပရိယာပန္နတ္တာ အနိစ္စန္တိ။ အနိစ္စာ ဝတ သခ်ါရာတိ ဟိ ဝုတ္တံ။

ဧတ္တာဝတာ ကိံ ဝုတ္တံ ဟောတိ။ ယဒိ ဘဝတော မနောရထပရိပူရဏတ္ထံ ခယံ နိဗ္ဗာနန္တိ ဝဒါမ။ အသခ်တဿ သခ်တလက္ခဏတာ၊ သခ်တပဋိပက္ခဿ သခ်တပရိယာပန္နတာ၊ သဗ္ဗကာလိကဘာဝေန နိစ္စဿ အနိစ္စတာ။ တတော စ ပရမသုခဿ ဒုက္ခတာ အာပဇ္ဇေယျာတိ ဝုတ္တံ ဟောတိ။

၎င်းဋီကာ။

တိဏ္ဏံ။ပ။ ပညာယတီတိ၊ ဟူ၍။ ဝစနတော၊ ဟောတော်မူခြင်းကြောင့်။ ဝယသခ်ါတော၊ ပျက်ခြင်းဘင်ခဏဟု ဆိုအပ်သော။ ခယော၊ ကုန်ခြင်းခယသည်။ သခ်တလက္ခဏံ၊ သည်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သခ်တလက္ခဏံ နိဗ္ဗာနံ ဘဝေယျာတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုတော်မူအပ်၏။ ဇရာ။ပ။ သမုပ္ပန္နန္တိ၊ ဟူ၍။ ဝစနတော၊ ကြောင့်။ သခ်တပရိယာပန္နန္တိ၊ ဟူ၍။ အာဟ၊ ဆိုတော်မူ၏။ ယံ၊ အကြင်နိဗ္ဗာန်သည်။ သခ်တပရိယာပန္နံ၊ သခ်တတရား၌ အကျုံးဝင်၏။ တံ၊ ထို သခ်တတရား၌ အကျုံးဝင်သော နိဗ္ဗာန်သည်။ ဣတရသခ်တဓမ္မော၊ ဤမှ တပါးသော သခ်တတရားသည်။ ပစ္စယာဓိနဝုတ္တိတော၊ အကြောင်းနှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ အနိစ္စံ၊ အမြဲမရှိသည်။ ဟောတိ ဝိယ၊ သို့။ ပစ္စယာဓိနဝုတ္တိတော၊ ကြောင့်။ အနိစ္စံ၊ သည်။ သိယာ၊ ၏။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ သခ်တပရိယာပန္နတ္တာ အနိစ္စန္တိ၊ ဟူ၍။ အာဟ၊ ၏။ ဟိ-သစ္စံ၊ ၏။ အနိစ္စာ ဝတ သခ်ါရာတိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။

ဧတ္တာဝတာ၊ ဤမျှသောစကားအစဉ်ဖြင့်။ ကိံ၊ အဘယ်သို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်သနည်းဟူမူကား။ ဘဝတော၊ အရှင်ဝိတဏ္ဍဝါဒီ၏။ မနောရထပရိပူရဏတ္ထံ၊ စိတ်အလိုအတိုင်း ပြည့်စေခြင်းအကျိုးငှါ။ ခယံ၊ ရာဂ စသည်တို့၏ ကုန်ပျက်ခြင်းဘင်ခဏသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပင်တည်း။ ဣတိ၊ သို့။ ယဒိ ဝဒေယျ၊ အံ့။ ဧဝံ သန္တေ၊ ဤသို့ရာဂစသည်တို့၏ ဘင်ခဏသည်ပင် နိဗ္ဗာန်ဟု ဆိုခဲ့သည်ရှိသော်။ အသခ်တဿ၊ တစုံတခုသော အကြောင်းသည် မပြုပြင်အပ်သော နိဗ္ဗာန်၏။ သခ်တလက္ခဏတာ၊ သခ်တလက္ခဏာ ဖြစ်သည်၏ အဖြစ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဧဝံ သတိ၊ ဤသို့သခ်တလက္ခဏာဖြစ်ခဲ့သော်။ သခ်တပဋိပက္ခဿ၊ သခ်တတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော နိဗ္ဗာန်၏။ သခ်တပရိယာပန္နတာ၊ သခ်တတရား၌ အကျုံးဝင်သည်၏အဖြစ်သည်။ ဘဝေယျ၊

၏။ ဝေဒ္ဓ သတိ၊ ဤသို့သခ်ံတဘရား၌ အကျုံးဝင်ခဲ့ကလည်း။ သဗ္ဗကာလိက-ဘာဝေန၊ ခပ်သိမ်းသော ကာလ၌ဖြစ်သည် ပျက်သည်ဟူ၍မရှိ ပကတိအတိုင်း ပရမတ္ထအားဖြင့် ထင်ရှား ရှိနေသည်၏အဖြစ်ဖြင့်။ ဝါ၊ အဖြစ်ကြောင့်။ နိစ္စသာ၊ မြဲသော နိဗ္ဗာန်၏။ အနိစ္စတာ၊ မမြဲသော အဖြစ်သည်။ ဘဝေယျ၊ ၏။ စ၊ သည်မျှသာ အပြစ်ဖြစ်သည် မဟုတ်သေး။ တတော၊ ထိုသို့ မမြဲခြင်းကြောင့်။ ပရမသုခဿ၊ သုခတကာတို့ထက် လွန်မြတ်သော နိဗ္ဗာန်၏။ ဒုက္ခတာ၊ ဒုက္ခ၏ အဖြစ်သည်။ အာပဇ္ဇေယျ၊ ဖြစ်ရာ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ၏။

## ရာဂက္ခယော-ကို တနည်းစိစစ်ပြဆိုချက်

ရာဂက္ခယော-အစရှိသည်၌ ရာဂက္ခယ-စသည်အရကို ရာဂအစရှိသည်တို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကုန်ပျက်ခြင်းကို ကောက်၍ ထိုရာဂစသည်တို့၏ ကုန်ပျက်ခြင်းခယသည် နိဗ္ဗာန်တည်းဟု ဝိတဏ္ဍဝါဒီဆရာ ယူသည်ဟု နှလုံးထား၍ ထိုသို့ယူရာ၌ ရောက်သော အပြစ်ကို တနည်းစိစစ်ပြဆိုခြင်းငှါ "ကိဥ္စ ဘိယျော၊။ပ။နိရုတ္တရော ဘဝိဿတိ" ကို ဆိုတော်မူသည်။

ကောင်းသောမျက်နှာရှိသော အရှင်ဝိတဏ္ဍဝါဒီ၊ အကယ်၍ ရာဂစသည်တို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကုန်ခြင်းခယသည် နိဗ္ဗာန်ဖြစ်ငြားအံ့၊ သောတာပတ္တိမဂ်၏ ရှေ့အနန္တရဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်ဖြစ်သော ဂေါတြဘုစိတ် အထက်မဂ်သုံးခုတို့၏ ရှေ့အနန္တရဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်ဖြစ်သော ဝေါဒါန်စိတ် မဂ်စိတ် ဖိုလ်စိတ်တို့၏ အာရုံကို အဘယ် အာရုံဟူ၍ သင်ဆိုမည်နည်း။ ဂေါတြဘု ဝေါဒါန် မဂ် ဖိုလ်စိတ်တို့၏ အာရုံကို ပြဆိုစမ်းပါ ဟု မေးအပ်၏။ ယင်းသို့ မေးသော် ရာဂစသည်တို့၏ ကုန်ခြင်းကိုပင် ထိုဂေါတြဘု ဝေါဒါန် မဂ် ဖိုလ်တို့၏ အာရုံဟူ၍ ဆိုပါမည် ဟု ဖြေဆိုရာ၏။ ယင်းသို့ ဖြေဆိုခဲ့သော် ဂေါတြဘုစသည်တို့သည် ရာဂစသည်တို့၏ ကုန်ခြင်းကို အာရုံပြုသည် ဟူ၏။ ရာဂအစရှိသော ကိလေသာတို့သည် ဂေါတြဘု ဝေါဒါန် မဂ် ဖိုလ်တို့၏ ခဏတ္တယသို့ ရောက်ဆဲ ခဏ၌ ကုန်ကုန်ဆဲလော၊ ကုန်ကုန်လတ္တံ့လော၊ ကုန်ကုန်ပြီးလော၊ ထိုရာဂစသည်တို့၏ ကုန်ဆဲ ကုန်လတ္တံ့ ကုန်ပြီးဟူသော ကုန်ခြင်းသုံးပါးတို့တွင် အဘယ်ကုန်ခြင်းကို ဤအရာ၌ ကုန်ခြင်း ခယ-ဟူ၍ သင်ဆိုမည်နည်းဟု မေးအပ်၏။ ရာဂ-စသည်တို့၏ ကုန်ပြီးတို့၌ ကုန်ခြင်း ခယ-ကို ဆိုပေသည် ဟု ဆိုခဲ့သော် အရှင်ဝိတဏ္ဍဝါဒီ မဆင်မခြင်ဆောလျင်စွာ မဆိုတည့်ဘဲ စဉ်းစဉ်းစားစား ကြပ်ကြပ်ကြီး သတိထား၍ဆိုပါ ဟု မြဲမြံစွာ စကားချည်ထားပြီးမှ အကယ်၍ ကုန်ပြီးတို့၌သာ ကုန်ခြင်းခယ-ကို ခယ-ဟု သင်ဆိုသည်ဖြစ်အံ့၊ ဂေါတြဘု ဝေါဒါန် မဂ်စိတ်တို့၏ နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်သည် မပြီးရာ ဟု ဆိုအပ်၏။

အဘယ့်ကြောင့် မပြီးရာသနည်း၊ ထိုသို့မပြီးရာ၌ အကြောင်းအဘယ်သို့နည်း ဟူခဲ့မူ ဂေါတြဘုစိတ် ဝေါဒါန်စိတ်တို့ ခဏတ္တယသို့ ရောက်ခိုက် ရာဂစသည်တို့ ကုန်ပြီးမဟုတ်၊ ကုန်လတ္တံ့သော ဖြစ်သည်။ မဂ်စိတ်ဖြစ်စဉ် ခဏတ္တယအခိုက်၌လည်း ကုန်ဆဲသာ ဖြစ်သည်၊ ကုန်ပြီးမဟုတ်၊ ဖိုလ်ခဏ၌သာ ကုန်ပြီးဖြစ်သည်။

ယင်းသို့ ဂေါတြဘု ဝေါဒါန်အခိုက်၌ ကုန်လတ္တံ့သာဖြစ်၍ ကုန်ပြီးမဟုတ်၊ မဂ်ခဏ၌လည်း ကုန်ဆဲသာဖြစ်၍ ကုန်ပြီးမဟုတ်၊ ဖိုလ်ခဏ၌သာ ကုန်ပြီး ဖြစ်ခဲ့သော် အရှင်ဝိတဏ္ဍဝါဒီ၏ အလိုအားဖြင့် ဖိုလ်စိတ်သာလျှင် ကိလေသာတို့၏ ကုန်ခြင်းခယ-ကို အာရုံပြုသည် ဖြစ်ရာ၏၊ ဂေါတြဘု ဝေါဒါန် မဂ်စိတ်တို့သည် ထိုခယကို အာရုံပြုသည် မဖြစ်ရာ။

ယင်းသို့ ဂေါတြဘုစသည်တို့သည် ခယကို အာရုံမပြုခဲ့က ထိုဂေါတြဘု ဝေါဒါန် မဂ်တို့၏ အာရုံကို အဘယ်အာရုံဟူ၍ သင် ဆိုမည်နည်း ဟု မေးအပ်၏။

ယင်းသို့မေးလျှင် ဤသဘောတရားသည် ဂေါတြဘု ဝေါဒါန် မဂ်တို့၏ အာရုံတည်းဟူ၍ ညွှန်ပြပြောကြားစရာ ထိုဂေါတြဘု-စသည်တို့၏ အာရုံကို မတွေ့မမြင်နိုင်သောကြောင့် မချွတ်ကေန် စကားတုံ့လှန် ပြန်ကြားဖြေဆိုရန် ကင်းမဲ့သည်ဖြစ်၍ ဆိတ်ဆိတ်သာ နေရလိမ့်မည်။ ဝါ၊ ဤသည်လျှင် ဂေါတြဘု-စသည်တို့၏ အာရုံတည်းဟု ညွှန်ပြရန် ထိုဂေါတြဘု-စသည်တို့၏ အာရုံမရှိခဲ့သော် ထိုဂေါတြဘု-စသည်တို့၏ ရာဂစသည်တို့ ကုန်ခြင်းဟူသောခယကို အာရုံပြုသည်၏ အဖြစ်ကို ပြဆိုရန်၌ ထောက်ထားစွဲယူ ကိုးမှီရန်အကြောင်းကို မမြင်သောကြောင့် မချွတ် စကားဆိုရန် မရှိ၊ ဆိတ်ဆိတ်သာ နေရလိမ့်မည် ဟူလို။

## ကိလေသက္ခယ-သည် နိဗ္ဗာန်မဟုတ်

ရာဂက္ခယော-စသည်၌ ရာဂက္ခယ-အရစသည်ကို ရာဂ-စသည်တို့၏တဖန်အသစ် မဖြစ်ခြင်းဟူသော ကုန်ခြင်းကို ယူ၍ ထိုကုန်ခြင်းသည် နိဗ္ဗာန် ဟု ဝိတဏ္ဍဝါဒီယူ၏ ဟု နှလုံးထား၍ ထိုသို့ ယူရာ၌ ရောက်သောအပြစ်ကို တနည်း ပြပြန်ခြင်းငှါ "အပိစ ကိလေသက္ခယော နာမ။ပ။ သဝေ ဥတ္တမပေါရိသောတိ" ကို ဆိုတော်မူသည်။

"အပိစ။ပ။ဥပ္ပါဒိယဘီတိ" သာ ဆိုလိုရင်း။

ကိလေသာတို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကုန်ခြင်းမည်သည်ကို သီလဝိသုဒ္ဓိအစရှိသော ဝိသုဒ္ဓိခုနစ်ပါးအစဉ်အားဖြင့် ထိုကုန်ခြင်းအားလျော်သော မဇ္ဈိမပဋိပတ် ကောင်းမြတ်သောအကျင့်ဖြင့် သူတော်ကောင်းတို့ ပြုအပ်ပြုနိုင် ဖြစ်စေအပ်ဖြစ်စေနိုင်သည်။ နိဗ္ဗာန်ကိုကား တစုံတယောက်သော ပုဂ္ဂိုလ်သည် တစုံတခုသော အကြောင်းဖြင့်မျှ မပြုအပ်မပြုနိုင်၊ မဖြစ်စေအပ် မဖြစ်စေနိုင်။

ဤသို့ ကိလေသက္ခယသည် ပြုနိုင် ဖြစ်စေနိုင်သောသဘော, နိဗ္ဗာန်ကား မပြုနိုင် မဖြစ်စေနိုင်သော သဘောဖြစ်၍ သင် ဝိတဏ္ဍဝါဒီ ယူသည့်အတိုင်း ကိလေသက္ခ-ယ-သည် နိဗ္ဗာန်မဟုတ် ဟူလို။

ကိလေသာတို့၏ တဖန်အသစ် မဖြစ်နိုင် ခြင်းဟူသော ကုန်ခြင်းကို သူတော်ကောင်းတို့ ဖြစ်စေအပ်သည်ဟူရာ၌ ထိုကိလေသာတို့၏ ကုန်ခြင်းအား စင်စစ်ပင် ဖြစ်ခြင်းမရှိသော်လည်း ထိုကိလေသာတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်တတ်သော အရိယမဂ်ဖြစ်ခြင်းဖြင့် ထိုကိလေသက္ခယကို ဖြစ်စေအပ်သည်ပင် မည်သည် ဟူလို။

ဥပ္ပါဒိယတီတိ အတ္ထောတိ ပန မဂ္ဂဿ ဥပ္ပတ္တိယာ ကိလေသက္ခ-ယောပိ ဥပ္ပါဒိတောနာမ ဟောတီတိ ကတွာ ဝုတ္တံ။ န ဟိ ဣတရဿ ခယဿ ဥပ္ပါဒေါနာမ အတ္ထိ။

ရှင်းဋီကာ။

မဂ္ဂဿ၊ ကိလေသာတို့ကို သမုစ္ဆေဒအားဖြင့် ပယ်တတ်သော မဂ်၏။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်းဖြင့်။ ကိလေသက္ခယောပိ၊ ကိလေသာတို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်းဟူသော ကုန်ခြင်းကိုလည်း။ ဥပ္ပါဒိတောနာမ၊ ဖြစ်စေအပ်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိကတွာ၊ ဤသို့နှလုံးပိုက်၍။ ဥပ္ပါဒိယတီတိ အတ္ထောတိ၊ ဟူသော စကားကို။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။ ဟိ သစ္စံ၊ မှန်၏။ ဣတရဿ၊ အရိယမဂ်မှတပါးသော။ ခယဿ၊ ကိလေသာတို့၏ တဖန်အသစ် မဖြစ်နိုင်ခြင်း၏။ ဝါ၊ အား။ ဥပ္ပါဒေါနာမ၊ ဖြစ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။

မဂ်ဖိုလ်တို့ အာရုံဖြစ်သော နိဗ္ဗာန်ကို တစုံတခုသော အကြောင်းသည်မျှ မပြုအပ် ဟူ၏။ ထိုသို့ နိဗ္ဗာန်၏ တစုံတယောက်သော ပုဂ္ဂိုလ် တစုံတခုသော အကြောင်းသည်မျှ မပြုအပ်သည်၏အဖြစ်ကို အဘယ့်ကြောင့် သိပါသနည်း ဟူဘွယ်ရှိ၍ "တသ္မာ နိဗ္ဗာနံ အကတံ အသင်္ခတံ" စသည်ကို ဆိုတော်မူသည်။

အကြင်ကြောင့် နိဗ္ဗာန်ကို တစုံတခုသော အကြောင်းသည်မျှ မပြုအပ်၊ ထိုသို့ မပြုအပ်သောကြောင့်ပင် နိဗ္ဗာန်ကို အကတ ဟူ၍၎င်း အသင်္ခတ ဟူ၍၎င်း အရိယာပုဂ္ဂိုလ်ကို အကတညူ-ဟူ၍၎င်း ဟောတော်မူအပ်သည်။ ထိုသို့ ဟောတော်မူသောကြောင့် သိပါသည် ဟူလို။

နိဗ္ဗာန်ကို တစုံတခုသော အကြောင်းသည်မျှ မပြုအပ်သည်ကား အကြောင်း, ထိုသို့ မပြုအပ်သောကြောင့် နိဗ္ဗာန်ကို အကတ-စသည်ဖြင့် ဟောတော်မူလေသည်ကား အကျိုးဖြစ်ရကား အကျိုးကို မြင်သိ ထောက်ဆ၍ ဖလာနုမာနနည်းအားဖြင့် သိပါသည် ဟူလို။

တံ အကတံ ဇာနာတီတိ-ဖြင့် အရိယာပုဂ္ဂိုလ်ကို အကတညူ-ဟု ဆိုရခြင်း၏ အကြောင်းကို ပြသည်။

## ပုံသက်သေဖြင့် ရှင်းပြချက်

အရိယာပုဂ္ဂိုလ်ကို အကတညူ-ဟု ဟောတော်မူအပ်သည် ဟူ၍၊ ထိုသို့ ဟောတော်မူသောအရာ ဥဒါဟရုဏ် ပုံသာဓက ရှိပါ၏လော၊ မရှိသော် မသင့်ရာ ဟူဘွယ်ရှိ၍ "ဝုတ္တံ ဟေတံ အသဒ္ဓေါ အကတညူ စ။ပ။ ဥတ္တမပေါရိသော" ကို မိန့်ဆိုရပြန်သည်။

> အသဒ္ဓေါတိ ဗုဒ္ဓိသဒ္ဓေါ။ မဂ္ဂါဂတာယ အစလသဒ္ဓါယ သမန္နာဂတော။ မဂ္ဂါဂတသဒ္ဓါယ ဟိ သမန္နာဂတော အာကာသေ ဗုဒ္ဓဝေသံ မာပေတွာပိ နိစ္စံ သုခံ အတ္တာတိ ဝဒန္တဿ န သဒ္ဒဟတိ။ သေယျထာပိ သုပ္ပဗုဒ္ဓေါတိ။ သန္ဓိစ္ဆေဒေါတိ ဘဝသန္ဓာနကရဿ တဏှာပါပဿ ဆိန္ဒနေန ပုနဗ္ဘဝပဋိသန္ဓိယာပိ ဆိန္နတာယ ပဋိသန္ဓိံ ခေပေတွာ ဋ္ဌိတော။ ဟတာဝကာသောတိ ခီဏပဋိသန္ဓိကတ္တာယေဝ အာယတိံ ကတ္ထစိ ဩကာသလောကေ အဒိဿမာနတ္တာ ဝိဟတာဝကာသော။ ဝန္တာသောတိ ကတ္ထစိ အဘိသင်္ဂါဘာဝတော။ ဆဋ္ဌိတာသော ဆဋ္ဌိတ-တဏှောတိ အတ္ထော။

ယခင်ဂါထာ၌ အနက်အဓိပ္ပါယ်ကို သိသာအောင် ယင်း၏ အဖွင့် အဘိဓမ္မာဝတာရဋီကာ ကို ဆောင်ပြလိုက်သည်။

အသဒ္ဓေါတိ၊ ဟူသည်ကား။ ဗုဒ္ဓိသဒ္ဓေါ၊ ကြီးပွါးမြင့်မြတ်သော သဒ္ဓါရှိ၏။ မဂ္ဂါဂတာယ၊ အရိယမင်္ဂဖြင့်လာသော။ အစလသဒ္ဓါယ၊ တုန်လှုပ်ခြင်းကင်းသော သဒ္ဓါတရားနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ ဟိ သစ္စံ၊ မဂ္ဂါဂတသဒ္ဓါကို အစလ သဒ္ဓါ ဟု ငါဆိုသော စကားသည် မှန်၏။ မဂ္ဂါဂတသဒ္ဓါယ၊ အရိယမင်္ဂဖြင့် လာသော သဒ္ဓါတရားနှင့်။ သမန္နာဂတော၊ ပြည့်စုံသော ပုဂ္ဂိုလ်သည်။ အာကာသေ၊ ကောင်းကင်၌။ ဗုဒ္ဓဝေသံ၊ မြတ်စွာဘုရား၏ အရောင်အသွင်ကို။ မာပေတွာပိ၊ ဖန်ဆင်း၍သော်လည်း။ နိစ္စံ၊ တရား ဟူသမျှ မြဲ၏။ သုခံ၊ ချမ်းသာ၏။ အတ္တာ၊ အလိုသို့လိုက်၏။ ဣတိ၊ သို့။ ဝဒန္တဿ၊ ပြောဆိုသောသူ၏။ ဝစနံ၊ ကို။ န သဒ္ဒဟတိ၊ မယုံကြည်။ ကောဝိယ၊ အဘယ်သူကဲ့သို့နည်း ဟူမူကား။ သုပ္ပဗုဒ္ဓေါ သေယျထာပိ၊ နူနာစွဲသော သောတာပန် သုပ္ပဗုဒ္ဓကဲ့သို့တည်း။ သန္ဓိစ္ဆေဒေါတိ၊ ကား။ ဘဝသန္ဓာနကရဿ၊ ဘဝတပါးနှင့် ဘဝတပါးကို စပ်ခြင်းကို ပြုတတ်သော။ တဏှာပါပဿ၊ ထိုထိုဘဝကို တောင့်တတတ်သော တဏှာယုတ်ကို။ ဆိန္ဒနေန၊ ပယ်ဖြတ်ခြင်းကြောင့်။ ဝါ- တဏှာပါပဿ၊ ၏။ ဆိန္ဒနေန၊ ပြတ်ခြင်းဖြင့်။ ပုနဗ္ဘဝပဋိသန္ဓိယာပိ၊ တဖန်ဘဝသစ်၌ ဖြစ်ရမည့်ပဋိသန္ဓေ၏လည်း။ ဆိန္နတာယ၊

ပြတ်သည်၏အဖြစ်ကြောင့်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ခေပေတွာ၊ ကုန်ခန်းစေလျက်။ ဌိတော၊ တည်၏။ ဟတာဝကာသောတိ၊ ကား။ ခီဏပဋိသန္ဓိကတ္တာ-ယေ၀၊ ကုန်ပြီးသော ပဋိသန္ဓေရှိသည်၏ အဖြစ်ကြောင့်သာလျှင်။ အာယတိံ၊ ခန္ဓာပျက်ကြေ သေပြီးသည်မှ နောက်ကာလ၌။ ကတ္ထစိ ဩကာသလောကေ၊ သုံးဆယ့်တဘုံတွင် တစုံတခုသော လောက၌မျှ။အဒိဿမာနတ္တာပိ၊မထင်သည်၏ အဖြစ်ကြောင့်လည်း။ ဟတာဝကာသော၊ ပယ်ဖြတ်ဖျက်ဆီးအပ်သော ပဋိသန္ဓေအားဖြင့် ဖြစ်ရာ ဩကာသလောက ရှိ၏။ ဝန္တာသောတိ၊ ကား။ ကတ္ထစိ၊ တစုံတခုသော ဘုံဘဝ၌။ အဘိသင်္ခါဘာဝတော၊ တဏှာဖြင့် ကပ်ငြိတွယ်တာ သာယာဘောင့်တခြင်းမရှိသည်၏အဖြစ်ကြောင့်။ ဆဋ္ဋိတာသော၊ စွန့်ပယ်အပ်ပြီးသော တောင့်တခြင်း ရှိ၏။ ဆဋ္ဋိတတဏှော၊စွန့်ပယ်အပ်ပြီးသော ဘဝဝိသယ တဏှာရှိ၏။ ဣတိ-အယံ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

> ခယေ ဉာဏန္တိ အာဒီသု ဝိယ မဂ္ဂဿာပိ ခယပရိယာပန္နတ္တာ ရာဂက္ခယောတိ ဝစနမတ္တေယေဝ ပဋ္ဌာနဘာဝေန ဂဟိတေ မဂ္ဂဿာပိ နိဗ္ဗာနဘာဝပ္ပသင်္ဂတာ၊ တထာ စ သတိ အနိဋ္ဌာပတ္တိံ သမ္ဘာဝေန္တော အာဟ အပိစာတိ အာဒိ။ ဧဝံ ဟိ သတိ ဥပ္ပါဒိယတီတိ မဂ္ဂမေဝ သန္ဓာယ တိဋ္ဌတိ။ ယဒိ မဂ္ဂဿ နိဗ္ဗာနဘာဝပ္ပသင်္ဂေါ ဣစ္ဆ သမ္ဘာဝိတော။ ဧဝံ သတိ ဂေါတြဘုဿ မဂ္ဂါရမ္မဏတာဒိဒေါသာ ဝတ္တဗ္ဗာတိ။ သစ္စံ ဝတ္တဗ္ဗာ။ တွေကေနပိ ပန ပရဿ ဝစနပဋိဗာဟနံ သက္ကာ ကာတုန္တိ။ န ပရိယာယန္တရဒဿနေ ဗျာပါရော ကတောတိ။

ဟူ၍ ကိလေသက္ခယအရကို အရိယမဂ်ကို ယူ၍ တနည်းပြဆိုသော အဘိဓမ္မတ္ထ-ဝိကာသနီဋီကာ အလိုအားဖြင့် "အပိစ ကိလေသက္ခယောနာမ သပ္ပုရိသေဟိ ကရိယတိ" စသည်၌ အဓိပ္ပါယ်ကို ပြဦးအံ့။

## ဝိတဏ္ဍဝါဒီတို့ အလို

ရာဂက္ခယော-အစရှိသည်၌ ရာဂက္ခယ-အရစသည်ကို ခယမည်ခြင်း သာမညအားဖြင့် ရာဂစသည်ကို သမုစ္ဆေဒအားဖြင့် ပယ်ဖျက်ကုန်ခန်းစေတတ်၍ ခယ-မည်သော အရိယမဂ်ကို ကောက်ယူ၍ ထိုအရိယမဂ်သည်ပင် နိဗ္ဗာန်တည်းဟု ဝိတဏ္ဍဝါဒီဆို၏ ဟု နှလုံးထား၍ ထိုသို့ ဆိုရာ၌ ရောက်သော အပြစ်ကိုပြခြင်းငှါ "အပိစ ကိလေသက္ခယောနာမ" စသည်ကို ဆိုတော်မူသည်ဟု တက်။

အကယ်၍ ဤ ရာဂက္ခယ-စသည်အရကို အရိယမဂ်ကို ယူ၍ ထိုအရိယမဂ်ဟူသော ခယသည် နိဗ္ဗာန်ဟု ဆိုခဲ့အံ့၊ သောတာပတ္တိမဂ်၏ ရှေ့အနန္တရဖြစ်သော ဂေါတြဘုစိတ်သည် ခယမည်သော အရိယမဂ်ကို အာရုံပြု၏ ဟု ဆိုရာ ရောက်ခဲ့သည်။ ယင်းသို့ ဆိုရမည်လည်း ထိုဂေါတြဘုအခိုက်၌ ထိုပုဂ္ဂိုလ်သန္တာန်

ဝယ် အရိယမဂ်မည်သည် မဖြစ်သေး၊ အရိယာအဖြစ်သို့ပင် မရောက်သေးရကား အရိယာပုဂ္ဂိုလ်တို့အားသာလည်း ထိုက်သည်အားလျော်စွာ မိမိသန္တာန် သူတပါး သန္တာန်၌ ဖြစ်ပြီးသော လောကုတ္တရာစိတ်ကို အာရုံပြုနိုင်သောကြောင့် ထို ဂေါတြဘုစိတ်ဖြင့် အာရုံပြုစရာ အာရုံပင် မရှိခဲ့ရာ၊ အရိယမဂ် မည်သည်ကိုလည်း ခြောက်ပါးသော ဝိသုဒ္ဓိအစဉ်အားဖြင့် ထိုအရိယမဂ်ကို ရခြင်းအားလျော်သော ကောင်းမြတ်သောအကျင့်ဖြင့် သူတော်ကောင်းတို့သည် ပြုအပ် ဖြစ်စေအပ် ကုန်၏။ နိဗ္ဗာန်မည်သည်ကိုကား တစုံတယောက်သော ပုဂ္ဂိုလ် တစုံတခုသော အကြောင်းသည်မျှ မပြုအပ် မဖြစ်စေအပ်။ ဤသို့ စသည်ဖြင့် ဆို၍ ထိုဝါဒကို ပယ်ဖျက်အပ်သည် ဟူလို။

ခယေ ဉာဏန္တိ အာဒီသု ဝိယ၊ ခယေ ဉာဏံ-စသည်တို့၌ကဲ့သို့။ မဂ္ဂဿာပိ၊ အရိယမဂ်၏လည်း။ ခယပရိယာပန္နတ္တာ၊ ခယ၌အကျုံးဝင်သည်၏ အဖြစ်ကြောင့်။ ရာဂက္ခယောတိ ဝစနမတ္တေယေဝ၊ ရာဂက္ခယော-ဟူသော စကားမျှကိုသာလျှင်။ ပဋ္ဌာနဘာဝေန၊ ပြဋ္ဌာန်းသည်၏ အဖြင်ဖြင့်။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ မဂ္ဂဿာပိ၊ အရိယမဂ်၏လည်း။နိဗ္ဗာနဘာဝပ္ပသင်္ဂတံ၊ နိဗ္ဗာန်မည်သည်၏ အဖြစ်၌ လျှဉ်းပါးဘွယ်ရှိသည်၏ အဖြစ်သည်။ သိယာ၊ ဖြစ်ရာ၏။ တထာ စ သတိ၊ ထိုသို့ နိဗ္ဗာန်မည်သည်၏အဖြစ်၌ လျှဉ်းပါးခြင်းဖြစ်ခဲ့သည်ရှိသော်လည်း။ အနိဋ္ဌာပတ္တိံ၊ အလိုမရှိအပ်သော အနက်သဘောကို ရခြင်းသို့ ရောက်ခြင်းကို။ သမ္ဘာဝေန္တော၊ ထင်စွာ ပြတော်မူလိုသော အဋ္ဌကထာဆရာသည်။ အပိစာတိအာဒိ၊ အပိစ-စသည် ကို။ အာဟ၊ မိန့်တော်မူ၏။ ဟိ၊ အထူးကိုဆိုဦးအံ့။ ဝေ၊ ဤသို့ ရာဂက္ခယ-စသည် အရကို အရိယမဂ်ကို ယူသည်။သတိ၊ရှိခဲ့သော်။ဥပ္ပါဒိယတိတိ၊ဥပ္ပါဒိယတိ-ဟူသော စကားသည်။ မဂ္ဂမေဝ၊ မဂ်ကိုသာလျှင်။သန္ဓာယ၊ ရည်၍။တိဋ္ဌတိ၊ တည်၏။မဂ္ဂဿ၊ ၏။ နိဗ္ဗာနဘာဝပ္ပသင်္ဂေါ၊ နိဗ္ဗာန်မည်သည်၏အဖြစ်ဖြင့် လျှဉ်းပါးခြင်းကို။ ဣမ၊ ဤအရာ၌။ ဝါ၊ ဤဝါကျ၌။ ဤနည်း၌။ ယဒိသမ္ဘာဝိတော၊ အကယ်၍အဋ္ဌကထာ ဆရာ ထင်ရှားပြခဲ့အံ့။ ဝေ၊ ဤသို့ ပြသည်။ သတိ၊ ရှိသော်။ ဂေါတြဘုဿ၊ ဂေါတြဘုစိတ်၏။ မဂ္ဂါရမ္မဏတာဒိဒေါသော၊ အရိယမဂ်လျှင် အာရုံရှိသည်၏ အဖြစ် အစရှိသော အပြစ်ကို။ ဝတ္တဗ္ဗော၊ အဋ္ဌကထာဆရာ ဆိုအပ်ရာ၏။ ဣတိ၊ ဤသို့ဆိုငြားအံ့။ သစ္စံ ဝတ္တဗ္ဗာ၊ ဆိုအပ် ဆိုသင့်သည် မှန်ပါပေ၏။ ပန၊ ထိုသို့ ဆိုသင့်သော်လည်း။ ဧတ္တကေနာပိ၊ ဤမျှသော စကားဖြင့်လည်း။ ပရဿ၊ သကဝါဒီမှ ‌ပါးသော ဝိတဏ္ဍဝါဒီ၏။ ဝစနပဋိဗာဟနံ၊ စောဒနာစကားကို တားမြစ်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ၊ တတ်ကောင်းပြီ။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ ပရိယာယန္တရဒဿနေ၊ ပသင်္ဂရှိရာ၌ အကြောင်းတပါးကိုပြခြင်း၌။ ဗျာပါရော၊ ကြောင့်ကြ အားထုတ်ခြင်းကို။ န ကတော၊ ပြုတော် မမူအပ်။ ဣတိ၊ ဤသို့ မှတ်အပ်၏။

## ယုံမှားပယ်ဖြင့် ရှင်းပြပုံ

ရာဂက္ခယ-စသည် အရကို ရာဂ-စသည်တို့၏ တဖန်မဖြစ်ခြင်းဟူသော အဘာဝပညတ်ဖြစ်သော ခယ ကို ယူ၍ ထိုခယပင်မဂ်ဖိုလ်တို့ အာရုံနိဗ္ဗာန်ဟု ယူ၍ မသင့်ရာ၌ အကြောင်းတပါးလည်း၍ ပြပြန်လိုသောကြောင့် "အပိစ နိဿရဏန္တိ ဘဂဝတာ ဝုတ္တတ္တာ စ" ကို ဆိုတော်မူသည်။

နိဗ္ဗာန်ကို အသင်္ခတ, အကတ-ဟူ၍ ဟောတော်မူသောကြောင့်သာ ထိုရာဂစသည်တို့၏ မဖြစ်ခြင်း အဘာဝခယ-ကို နိဗ္ဗာန်ဟု ယူသော ဝိတဏ္ဍဝါဒီ၏ အယူ မသင့်သည် မဟုတ်သေး၊ ထိုနိဗ္ဗာန်ကို သင်္ခတ ပဋိစ္စသမုပ္ပန္နဖြစ်သော ခန္ဓာငါးပါးတို့မှ ထွက်မြောက်၊ ယင်းတို့၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်၍ နိဿရဏ ဟု ဟောတော်မူသောကြောင့်လည်း မသင့်သည်သာ ဟူလို။

နိဿရဏ ဟု ဟောတော်မူသောကြောင့် မသင့် ဟူ၏၊ နိဿရဏ-ဟူသည် တပါးတရား၏ အမည်သာဖြစ်၍ နိဗ္ဗာန်၏ အမည် မဟုတ်ခဲ့သော် ဆရာ့စကား မသင့်ရာ ဟူဘွယ်ရှိ၍ "နိဿရဏန္တိဟိ နိဗ္ဗာနဿေတံ နာမံ" ကို မိန့်ဆိုတော်မူသည်။ နိဿရဏ-ဟူသည် နိဗ္ဗာန်၏ အမည်ဟုတ်ပါ၏၊ ယင်းသို့ ဟုတ်သောကြောင့် နိဗ္ဗာန်ကို နိဿရဏ-ဟု ဟောတော်မူသည် ဟု ငါဆိုသော စကားသင့်ပါ၏ ဟူလို။

နိဗ္ဗာန်ကို နိဿရဏ ဟု ဟောတော်မူ၏၊ နိဿရဏ ဟူသည် နိဗ္ဗာန်၏ အမည် ဟု သာမညအားဖြင့် ပြဆိုတော်မူ၏၊ နိဗ္ဗာန်ကို နိဿရဏ-ဟု တိုက်ရိုက် ဟောတော်မူသော စကားသည် ထင်ရှားရှိပါ၏လော၊ မရှိခဲ့သော် ဆရာ့စကားကို ယုံကြည်စွာ မမှတ်သာသေး ဟူဘွယ်ရှိ၍ "ယထာဟ တယော ခေါမေ ဓမ္မာ ဒုပ္ပဋိဝိဇ္ဈာ။ပ။နိရောဓော တဿ နိဿရဏန္တိ" ဟူသော ပါဠိတော်ကို ထုတ်ဆောင်ပြဆိုတော်မူသည်။ နိရောဓသစ္စာ ဖြစ်သော နိဗ္ဗာန်ကို နိဿရဏ-ဟု တိုက်ရိုက်ပင် ဟောတော်မူပါ၏ ဟူလို။

## သိနိုင်ခဲသော တရား ၃-မျိုး

အလွန် ထိုးထွင်း၍ သိနိုင်ခဲ ရနိုင်ခဲသော တရားသုံးပါးတွင် ရူပါဝစရ ပဉ္စမစျာန်သည် ကာမတဏှာမှ ထွက်မြောက်ကြောင်း, အာကာသာနဉ္စာယတနစျာန်သည် ရူပတဏှာမှ ထွက်မြောက်ကြောင်း, နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်သည် အကြောင်းတရားတို့သည် ပြုပြင်အပ် ဖြစ်စေအပ်၍ အကြောင်းကို စွဲ၍ဖြစ်သော ခန္ဓာပဥ္စကမှ ထွက်မြောက်ကြောင်းဖြစ်၍ နိဿရဏမည်၏။

ဤပါဠိတော်၌ နေက္ခမ္မသဒ္ဒါသည် "နေက္ခမ္မံ ပဌမဇ္ဈာနေ၊ ပဗ္ဗဇ္ဇာယံ ဝိမုတ္တိယံ" စသည်ဖြင့် အဘိဓာန် (၇၃၂) ၌ ပြဆိုအပ်သော အနက်တို့တွင် ပဌမစျာန်ကို

ဟောသည်။ ဘူတသဒ္ဒါလည်း "ဘူတမိဒံ သာရိပုတ္တ သမနုပဿ" မှာကဲ့သို့ ခန္ဓာပဉ္စကကို ဟော၏။

ဤသို့ ခန္ဓာပဉ္စကမှ ထွက်မြောက်ကြောင်း ဖြစ်၍ နိဿရဏ-ဟု ဟောတော်မူအပ်သော နိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှား မရှိ၊ ရာဂစသည်တို့၏ ကုန်ခြင်း အဘာဝမျှသာ ဖြစ်သည်ဟု ယူခဲ့သော် ထိုနိဗ္ဗာန်နှင့် ထွက်မြောက်ကြောင်း နိဿရဏအဖြစ်ဖြင့် နိဿရဏ ဟူသော အမည်ဖြင့် အဘူတကဲ့ ဟောတော်မူအပ်သော ရူပါဝစရပဋ္ဌမဈာန် ပဋ္ဌမာရုပ္ပဈာန်တို့သည်လည်း ပရမတ္ထအားဖြင့် ထင်ရှား မရှိ၊ အဘာဝမျှသာ ဖြစ်ကုန်ရာခဲ့သည်။ ထို ရူပါဝစရ ဈာန် ပဋ္ဌမာရုပ္ပဈာန်တို့၏ အဘာဝ ဖြစ်ခြင်းသည်လည်း မသင့်သည်သာဖြစ်၍ စင်စစ် ကုန်ခြင်းသဘောမျှ မဟုတ်သော ခန္ဓာပဉ္စကမှ ထွက်မြောက်ကြောင်း ဖြစ်၍ နိဿရဏမည်သော နိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှား မရှိ၊ ရာဂ စသည်တို့၏ ကုန်ခြင်း အဘာဝပညတ်မျှသာ ဖြစ်သည်ဟု မယူအပ် မယူသင့် မယူထိုက် မယူပါနှင့်၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားဟူ၍သာ ယူပါလေ ဟူလို။

ယခုအခါ၌ ထိုနိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကို အာဂုံ ပါဠိတော်တို့ဖြင့် ပြတော်မူခြင်းငှါ "န တု ခယော နိဗ္ဗာနံ" အစရှိသည်ကို မိန့်ဆိုတော်မူသည်။ "အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ" အစရှိသည်၌ အဓိပ္ပါယ်ကို အောက်၌ အကျယ်ပြဆိုခဲ့ပြီးဖြစ်၍ ဤ၌ မဆိုပြီ။

## အဘာဝပညတ်ကို နိဗ္ဗာန် ဟု မယူသင့်ပုံ

ရာဂအစရှိသည်တို့၏ ကုန်ခြင်း အဘာဝသည်ပင် နိဗ္ဗာန်မည်၏ဟု ယူရာ၌ ရောက်သောအပြစ်ကို တနည်း ပြပြန်လို၍ "အပိစ ပရိတ္တတ္တိကေ" အစရှိသည်ကို မိန့်ဆိုတော်မူပြန်သည်။ ပရမတ္ထဓမ္မတို့ကို ပရိတ္တ မဟဂ္ဂတ အပ္ပမာဏဓမ္မအားဖြင့် သုံးခုသုံးပုံပြု၍ ဟောပြတော်မူရာ ပရိတ္တတိက်၌ တတိယပုဒ်အရကို—

> "ကတမေ ဓမ္မာ အပ္ပမာဏာ" ဟု ပုစ္ဆာဖြင့် ထုတ်မေးဦး၍ စတ္တာရော မဂ္ဂါ အပရိယာပန္နာ စတ္တာရိ စ သာမညဖလာနိ နိဗ္ဗာနဉ္စ ဣမေ ဓမ္မာ အပ္ပမာဏာ"

ဟု သရုပ်အားဖြင့် ဖြေပြတော်မူရာ ဓမ္မသင်္ဂဏီ ပါဠိတော်ဝယ် မဂ် ဖိုလ် နိဗ္ဗာန် တို့ကို အပ္ပမာဏဓမ္မ၏ အဖြစ်ဖြင့် ဟောပြတော်မူသည် ဖြစ်၍ နိရောဓသစ္စာ ဖြစ်သော နိဗ္ဗာန်သည် အပ္ပမာဏတရားသာ ဖြစ်ရကား ထိုနိဗ္ဗာန်ကို ပရမတ္ထ အားဖြင့် ထင်ရှား မရှိ၊ ရာဂစသည်တို့၏ အဘာဝမျှသာ ဖြစ်သည်ဟု ယူခဲ့သော် ထိုရာဂစသည် ကုန်ခြင်း ဟူသော နိဗ္ဗာန်၏ အပ္ပမာဏဓမ္မအဖြစ်သည် အဘယ်မှာ

သင့်နိုင်တော့အံ့နည်း၊ မသင့်နိုင်သည်သာ ဖြစ်သောကြောင့် နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ဟူသည် ရာဂစသည်တို့၏ အဘာဝမျှ မဟုတ်၊ ကေန်စင်စစ် ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားသာဖြစ်သည် ဟု မုချဆတ်ဆတ် မှတ်ပါလေ ဟူလို။

ခပ်သိမ်းသော သတ္တဝါသည် ပကတိဟူသော အကြောင်းတပါးတည်းကြောင့်သာ ဖြစ်သည်ဟု အယူဝါဒရှိသော ပကတိဝါဒီပုဂ္ဂိုလ်တို့၏ ပကတိဟူသည် သရုပ်သီးခြား ထင်ရှား မရှိ၊ အတ္တပညတ်မျှသာ ဖြစ်သကဲ့သို့ငှါ တိတ္ထိတို့၏ အတ္တ-ဟူသည် သရုပ်သီးခြား ထင်ရှားမရှိ၊ အတ္တပညတ်မျှသာ ဖြစ်သကဲ့သို့ငှါ ယုန်၏ ဦးချိုမည်သည် သရုပ်အားဖြင့် သီးခြား မရှိ၊ အတ္တပညတ်မျှသာ ဖြစ်သကဲ့သို့ငှါ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ဟူသည် ပရမတ္ထအားဖြင့် သရုပ်သီးခြား မရှိ၊ ရာဂစသည်တို့၏ ကုန်ခြင်း အဘာဝပညတ်မျှသာ ဖြစ်သည်ဟု တစုံတယောက်သော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်သည် မေးဆိုရာသည်၏ အဖြစ်ကို ပြဦး၍ ထိုစကား၏ မသင့်သည်၏ အဖြစ်ကို ပြလိုသော အဋ္ဌကထာဆရာသည် "တံ ပန။ ပ ။အယုတ္တံ" ဟူသော စကားကို မိန့်ဆိုတော်မူပြန်သည်။

နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ဟူသည် ပရမတ္ထသဘောအားဖြင့် သရုပ်တပါး သီးခြားမရှိ၊ ရာဂ စသည်တို့၏ မဖြစ်ခြင်း ဟူသော အဘာဝအတ္တပညတ်မျှသာ ဖြစ်သည် ဟု ဆိုသော ဝိတဏ္ဍဝါဒီ၏ စကားသည် မသင့် ဟု ဆို၏။ အဘယ့်ကြောင့် မသင့်သနည်း ဟု မေးဘွယ်ရှိ၍ ထိုအမေးကိုပြ၍ ဖြေဆိုခြင်းငှါ "ကသ္မာ။ပ။ န ဝတ္တဗ္ဗာရမ္မဏတ္တာ" ကို မိန့်ဆိုတော်မူရပြန်သည်။

ရာဂစသည်တို့၏ ကုန်ခြင်း အဘာဝအတ္တပညတ်သည်ပင် နိရောဓသစ္စာ နိဗ္ဗာန်မည်သည် ဟု ယူခဲ့သော် နိဗ္ဗာန်လျှင်အာရုံရှိသော မဂ်စိတ် ဖိုလ်စိတ် ယင်းနှင့်ယှဉ်သော စေတသိက်တို့၏ "န ဝတ္တဗ္ဗာရမ္မဏ" အဖြစ်ဖြင့် လျှဉ်းပါးဘွယ်ဖြစ်ရာသောကြောင့် မသင့်သည် ဟူလို။

ထိုသို့ လျှဉ်းပါးဘွယ်ရှိသည်ကိုပင် အကျယ်အားဖြင့် ထင်ရှား ပြပြန်လို၍ "ကထံ ပရိတ္တာရမ္မဏတ္တိကေ စ" အစရှိသည်ကို မိန့်ဆိုတော်မူပြန်သည်။

ပရိတ္တာရမ္မဏတိက်၌ပင်လျှင် "ကတမေ ဓမ္မာ အပ္ပမာဏာရမ္မဏာ" ဟူ၍ ကထေတုကမျတာပုစ္ဆာဖြင့် မေးဦး၍ "စတ္တာရော မဂ္ဂါ အပရိယာပန္နာ စတ္တာရိ စ သာမညဖလာနိ ဣမေ ဓမ္မာ အပ္ပမာဏာရမ္မဏာ" ဟူ၍ နိဗ္ဗာန်လျှင်အာရုံရှိသော အပ္ပမာဏာရမ္မဏတရားအရကို မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်တို့ကိုသာ ကောက်ယူဟောပြတော်မူသည်။

အကယ်၍ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန် ဟူသည် ရာဂ စသည်တို့၏ ကုန်ခြင်း အဘာဝအတ္တပညတ်ဖြစ်ခဲ့သော် ထိုနိဗ္ဗာန်လျှင် အာရုံရှိသော မဂ်ဖိုလ်တရားတို့၏

အာရုံသည် ပညတ်အာရုံသာ ဖြစ်ရာခဲ့သည်၊ ယင်းသို့ မဂ်ဖိုလ်တို့၏ အာရုံသည် အကယ်၍ ပညတ်ဖြစ်ခဲ့အံ့၊ ထိုမဂ်ဖိုလ်တရားတို့သည် "န ဝတ္တဗ္ဗာရမ္မဏ" အဘို့ အစု "န ဝတ္တဗ္ဗာရမ္မဏ" တရားအရသို့သာ ဝင်ကုန်ရာခဲ့သည်။

နိဗ္ဗာန် ဟူသည် ပရမတ္ထအားဖြင့် သရုပ်တပါး သီးခြားမရှိ၊ ရာဂ စသည်တို့၏ ကုန်ခြင်း အဘာဝမျှသာ ဖြစ်သည် ဟု ယူခဲ့သော် အဘာဝ ဟူက ပညတ်သာ ဖြစ်ရကား ထိုနိဗ္ဗာန်လျှင် အာရုံရှိသော စိတ် စေတသိက်တရားတို့သည် န ဝတ္တဗ္ဗ ဖြစ်သော ပညတ်လျှင် အာရုံရှိသော "န ဝတ္တဗ္ဗာရမ္မဏ" တရားအရသို့ ပါဝင် ရာခဲ့သည် ဟု ဆို၏။ ထိုနိဗ္ဗာန်လျှင် အာရုံရှိသော စိတ် စေတသိက်တရားတို့ကို "န ဝတ္တဗ္ဗာရမ္မဏ" တရား၏အဖြစ်ဖြင့် ဟောတော်မူခဲ့သော် ပါဝင်သည်ပင် ဖြစ်ပါစေတော့လော၊ ယင်းသို့ ပါဝင်ကလည်း ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်ဆိုသည့် အတိုင်း နိဗ္ဗာန် ဟူသည် ရာဂ စသည်တို့၏ ကုန်ခြင်း အဘာဝပင် ဖြစ်ရာပေသည် မဟုတ်လော ဟူဘွယ်ရှိ၍ "န ဝတ္တဗ္ဗာရမ္မဏာ ပန။ပ။ န ပညတ္တိမတ္တံ နိဗ္ဗာနံ "ကို မိန့်ဆိုရပြန်သည်။

"ရူပါဝစရတိကစတုက္ကဇ္ဈာနာ။ပ။ ဣမေ ဓမ္မာ န ဝတ္တဗ္ဗာရမ္မဏာ" ဟူ၍ ပညတ်ကိုသာ အာရုံပြုသော "ပညတ္တာရမ္မဏ" ကေန်ဖြစ်သော ရူပါဝစရ ပဌမဈာန် ကုသိုလ် ဝိပါက် ကြိယာသုံးပါး၊ ၎င်းဒုတိယဈာန် ကုသိုလ် ဝိပါက် ကြိယာသုံးပါး၊ ၎င်းတတိယဈာန် ကုသိုလ် ဝိပါက် ကြိယာသုံးပါး၊ ၎င်းစတုတ္ထ ဈာန် ကုသိုလ် ဝိပါက် ကြိယာသုံးပါး၊ ၎င်းပဉ္စမဈာန် ဝိပါက်တပါး၊ အာကာသာ-နဉ္စာယတနကုသိုလ် ဝိပါက် ကြိယာသုံးပါး၊ အာကိဉ္စညာယတနကုသိုလ် ဝိပါက် ကြိယာသုံးပါးအားဖြင့် တဆယ့်ကိုးပါးသော တရားကိုသာ "န ဝတ္တဗ္ဗာရမ္မဏ" တရား ဟု ဟောတော်မူ၍ နိဗ္ဗာန်လျှင် အာရုံရှိသော စိတ် စေတသိက်တရားကို "န ဝတ္တဗ္ဗာရမ္မဏ" တရား ဟူ၍ ဟောတော်မမူသောကြောင့် ထိုနိဗ္ဗာန်လျှင် အာရုံရှိသော စိတ် စေတသိက်တရားသည် "န ဝတ္တဗ္ဗာရမ္မဏ" တရားအရသို့ မပါမဝင်။

ယင်းသို့ မပါမဝင်သောကြောင့် နိဗ္ဗာန် ဟူသည် ရာဂ စသည်တို့၏ ကုန်ခြင်း အဘာဝပညတ် မဟုတ်။ ယင်းသို့ မဟုတ်ရကား နိဗ္ဗာန် ဟူသည် ပရမတ္ထအားဖြင့် သရုပ်တပါး သီးခြား မရှိ၊ရာဂ စသည်တို့၏ ကုန်ခြင်း အဘာဝ အတ္ထပညတ်မျှသာ ဖြစ်သည် ဟု ဆိုသော ဝိတဏ္ဍဝါဒီ၏ စကား မသင့်သည်သာ ဟူလို။

တိတ္ထိတို့သည် ကြံဆအပ်သော အတ္တသည်၎င်း ယုန်၏ဦးချိုသည်၎င်း ထင်ရှား မရှိသကဲ့သို့ နိဗ္ဗာန်မည်သည် ရာဂ စသည်တို့၏ ကုန်ခြင်း အဘာဝပညတ်ကို ထား၍ ယင်းသည့်ပညတ်မှတပါး ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိ ဟု နှလုံးထား၍ "န ပရမတ္ထတော နိဗ္ဗာနံနာမ ကောေ သဘာဝေါ အတ္ထိ"

စသော စကားကို ဆိုသော ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်၏ အယူဝါဒကို များစွာသော အာဂုံယုတ္တိ အကြောင်းတို့ဖြင့် ပယ်ဖျက်ပြီး၍ ထိုနိဗ္ဗာန်မည်သည်ကို ပရမတ္ထ အားဖြင့် ထင်ရှားရှိသော တရား ဟူ၍သာ ယုံကြည်စွာ မှတ်ယူရမည့် အကြောင်းကို ပြတော်မူခြင်းငှါ "ယသ္မာ စ။ပ။ ဥပဂန္တဗ္ဗန္တိ" ကို အဋ္ဌကထာ ဆရာ မိန့်ဆိုတော်မူပြန်သည်။

"မဂ္ဂဖလာနံ အာရမ္မဏပစ္စယဘူတံ နိဗ္ဗာနံနာမ အတ္ထီတိ ဥပဂန္တဗ္ဗံ" သာ ဆိုလိုရင်း ပဌာန။

အဘယ့်ကြောင့်ကား မဂ်ဖိုလ်တို့၏ အာရမ္မဏပစ္စည်းဖြစ်၍ဖြစ်သော နိဗ္ဗာန် မည်သည်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား ဟူ၍ မှတ်ယူအပ်သနည်း ဟူဘွယ်ရှိ၍ "ယသ္မာ စ ပဏ္ဏတ္တိဘာဝေါ နိဗ္ဗာနဿ န ယုဇ္ဇတိ တသ္မာ" ကို မိန့်ဆိုပြန်ရသည်။

ဓမ္မသည် ပညတ္တိဓမ္မ ပရမတ္ထဓမ္မအားဖြင့် နှစ်ဘို နှစ်စု နှစ်ပါးသာ ရှိသည်။ ယင်းနှစ်ပါးကို လွတ်၍ သုံးခုမြောက်သော ဓမ္မမည်သည် မရှိသည်သာ ဖြစ်သော ကြောင့် ထိုနိဗ္ဗာန်မည်သော တရားသည် ပညတ္တိဓမ္မ ပရမတ္ထဓမ္မနှစ်ပါးတွင် တပါးပါး ဖြစ်ရာခဲ့သည်၊ မဂ် ဖိုလ် နိဗ္ဗာန် ဟူသော လောကုတ္တရာတရား ကိုးပါး တို့၏သာ အပ္ပမာဏမည်ကြောင်း မဂ်ဖိုလ်တို့၏လည်း အပ္ပမာဏတရားကိုသာ အာရုံပြုကြောင်း အစရှိသည်ဖြင့် ပြဆိုခဲ့ပြီးသော အာဂုံယုတ္တိအကြောင်းတို့ ကြောင့် ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အပ္ပမာဏမည်သော နိဗ္ဗာန်၏ ပညတ် အဖြစ်သည်လည်း မသင့်သည်သာ ဖြစ်ရကား နိဗ္ဗာန်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား ဟူ၍သာ ယုံကြည်စွာ မှတ်ယူအပ်သည် ဟူလို။

## ပပဉ္စ-နိပ္ပပဉ္စ ၂-မျိုး

နိဗ္ဗာန်မည်သည်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား ဟု မှတ်အပ် သည် ဟူ၏၊ ထိုပရမတ္ထအားဖြင့် ထင်ရှားရှိသော နိဗ္ဗာန် ဟူသည် တဏှာ မာန ဒိဋ္ဌိတို့ကဲ့သို့ သံသရာကို ချဲ့တတ် ကျယ်ပြန့်စေတတ်သော သဘောရှိသော ပပဉ္စ တရား, ထိုတဏှာ စသည်တို့သည် ကျယ်ပြန့်စေအပ်သော ကျယ်ပြန့်ခြင်း သဘော ရှိသော တရား ဖြစ်လေသလော ဟူဘွယ်ရှိ၍ "နိပ္ပပဉ္စံ" ကို ဆိုတော်မူပြန်သည်။

နိပ္ပပဉ္စဖြစ်သော နိဗ္ဗာန် ဟူ၏၊ ထိုနိဗ္ဗာန်သည် အဘယ့်ကြောင့် နိပ္ပပဉ္စ မည်သနည်း ဟူဘွယ်ရှိ၍ "ပပဉ္စာဘာဝတော" ကို ဆိုတော်မူသည်။ နိဗ္ဗာန်အား တဏှာ မာန ဒိဋ္ဌိ ဟူသော ပပဉ္စတရားတို့ မရှိကုန်၊ ယင်းသို့ မရှိခြင်းကြောင့် နိပ္ပပဉ္စမည်ပါသည် ဟူလို။

ယင်းဖြင့် နိပ္ပပဉ္စသဒ္ဒါ၏ "နတ္ထိ ပပဉ္စာ ဧတဿာတိ နိပ္ပပဉ္စံ" ဟူသော စတုတ္ထီ ဗဟုဗ္ဗီဟိ ပြုအပ်သည်ကိုလည်း ပြတော်မူသည်။

တနည်းလည်း ယင်းဖြင့် နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် ကိလေသာ ဟူသမျှကို သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ဖြတ်ပယ်အပ်ရကား ထို ကိလေသာ၌ အကျုံးဝင်ကုန်သော တဏှာ မာန ဒိဋ္ဌိ ပပဉ္စတရားတို့မှ ပပျောက် ကုန်ကင်းရာ မရှိရာ ဖြစ်ခြင်းကြောင့် "နိပ္ပပဉ္စ" မည်သည်၏အဖြစ်, နိပ္ပပဉ္စ-ကို "နတ္ထိ ပပဉ္စာ ဧတ္ထာတိ နိပ္ပပဉ္စံ" ဟု ပြုအပ်သည်၏အဖြစ်တို့ကို ပြသည်။

ဤကား ပပဉ္စာဘာဝတော-ကို "တဏှာ မာန ဒိဋ္ဌိပပဉ္စေဟိ ပဟာနဋ္ဌာန-ဝသေန အဘာဝတော" ဟု ဖွင့်သော ဋီကာ ပဉ္စမဝိကပ်နှင့် အညီတည်း။

တဏှာ မာန ဒိဋ္ဌိပပဉ္စေဟိ၊ တို့မှ။ ပဟာနဋ္ဌာနဝသေန၊ ကင်းပျောက်ရာ၏ အဖြစ်ဖြင့်။ အဘာဝတော၊ ပပဉ္စတရားတို့၏ မရှိခြင်းကြောင့်။

> ဤ၌ ဝသ-သဒ္ဒါကား "နိဗ္ဗတ္တိတပရမတ္ထာဝသေန"ဟူသော ဋီကာ ကျော်၌ ဝသ-ကဲ့သို့ ဘာဝတ္ထ။

ဤပဟာန-၌ ဟာ-ဓာတ်ကား "ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ သော ပဟီယိဿတီတိ စ။ ရာဂေါ ပဟီယတိ" စသည်မှာကဲ့သို့ ဒိဝါဒိဂဏိက-အကမ္မကဓာတ် ပရိဟာနတ္ထ။

ဌာန-သဒ္ဒါဖြင့် ပဟာန သဒ္ဒါကို "ပဟာယန္တိ ပရိဟာယန္တိ အပဂမေန္တိ ပပဉ္စာ ဧတ္ထာတိ ပဟာနံ" ဟု အဓိကရဏသာဓနပြုရမည်ကို ပြသည်။

တနည်း ယင်းဖြင့် နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်၏ ကိလေသာ ဟူသမျှကို သမုစ္ဆေဒအားဖြင့် ပယ်ဖြတ်ရာ၌ နိဗ္ဗာန်သည် ဥပနိဿယအကြောင်း ဖြစ်ရကား ထိုကိလေသာ၌ အကျုံးဝင်ကုန်သော ပပဉ္စတရားတို့၏ မဖြစ်ကြောင်း မရှိကြောင်း ဖြစ်ခြင်းကြောင့် နိပ္ပပဉ္စမည်သည်၏ အဖြစ်၊ နိပ္ပပဉ္စကို "နတ္ထိ ပပဉ္စာ ဧတေနာတိ နိပ္ပပဉ္စံ"ဟု တတိယာဗဟုဗ္ဗီဟိ ပြုအပ်သည်၏ အဖြစ်တို့ကို ပြသည်။ ဤလည်း "တေသံ အဘာဝပစ္စယတာယ စ" ဟူသော ဋီကာဒုတိယဝိကပ်နှင့် အညီတည်း။

တေသံ၊ ထို တဏှာ မာန ဒိဋ္ဌိပပဉ္စတရားတို့၏။ အဘာဝပစ္စယတာယ စ၊ မဖြစ်ခြင်း၏ အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်။

အဘာဝပစ္စယတာယ-၌ ပစ္စယ-သဒ္ဒါဖြင့် အဘာဝသဒ္ဒါကို "န ဘဝန္တိ ပပဉ္စာ ဧတေနာတိ အဘာဝေါ" ဟု ကရဏသာဓ် ပြုရမည်ကို ပြသည်။

တဏှာ မာန ဒိဋ္ဌိပပဉ္စေဟိ-အစရှိသည်ဖြင့် နိပ္ပပဉ္စ-၌ ပပဉ္စတရားအရကို တဏှာ မာန ဒိဋ္ဌိတို့ကို ကောက်ယူ ဟု ပြဆို၏။ ထိုတဏှာ စသည်တို့သည် ပပဉ္စ မည်ပါကုန်၏လော၊ မမည်သော် ဆရာ့စကား မသင့်ရာ ဟူဘွယ်ရှိ၍ "တဏှာ မာန ဒိဋ္ဌိဟိ ပပဉ္စာနာမ" ကို ဋီကာဆရာ ဆိုရပြန်သည်။ တဏှာ စသည်တို့သည် ပပဉ္စမည်ပါကုန်၏။ ထိုသို့မည်ပါသောကြောင့် ငါ့စကား သင့်ပါ၏ ဟူလို။

တဏှာ မာန ဒိဋ္ဌိတို့သည် ပပဉ္စမည်ကုန်သည် ဟူ၏။ အဘယ့်ကြောင့်ကား ထိုတရားတို့သည် ပပဉ္စမည်ကုန်သနည်း ဟူဘွယ်ရှိ၍ "သံသာရေ သတ္တေ ပပဉ္စေန္တီတိ" ကို ဆိုပြန်ရသည်။ သံသရာ၌ သတ္တဝါတို့ကို ကျယ်ပြန့်စေတတ် ရှည်မြင့်စွာ ထားတတ်သောကြောင့် ပပဉ္စမည်ကုန်သည် ဟူလို။

ထိုနိဗ္ဗာန်သည် ပထဝီ တေဇော-စသည်တို့ကဲ့သို့ ရုပ်တရားဖြစ်လေသလော၊ မဟာဘုတ်လေးပါးတို့သည် အချင်းချင်း တပါးသည် တပါးအား သဟဇာတ အညမည နိဿယအားဖြင့် ကျေးဇူးပြုသည်ဖြစ်၍ တပါးအား တပါးရှိသကဲ့သို့ ရုပ်ရှိသော တရားဖြစ်လေသလော ဟူဘွယ်ရှိ၍ "အရူပံ" ကို-ရုပ်မဟုတ်ခြင်း ရုပ်မရှိခြင်းတို့ကြောင့် အရူပမည်သည် ဖြစ်လေသလော ဟူဘွယ်ရှိ၍ "ရူပ-သဘာဝါဘာဝတော" ကို-မိန့်ဆိုတော်မူရသည်။ ရုပ်၏ သဘော မရှိသော ကြောင့် အရူပမည်သည် ဖြစ်သည် ဟူလို။

## မည်သည့်အရပ်မျက်နှာဒေသ၌ ရှိကြောင်း မဆိုသင့်

ဤ ရူပသဘာဝါဘာဝတော-ဖြင့်· အရူပံ-ဝယ် ရူပ·အရကို ရူပသဘာဝကို ယူ၍ တနည်း "ရူပဿ သဘာဝေါ ရူပံ" ဟူ၍ ဥတ္တရပဒလောပ တပ္ပုရိသ်-သမာသ်ပြု၍ န-နှင့် ရူပ-ကို "နတ္ထိ ရူပံ ဧတဿာတိ အရူပံ" ဟု စတုတ္ထီ-ဗဟုဗ္ဗီဟိ သမာသ်ပြုအပ်သည်၏ အဖြစ်ကိုငင်း ရုပ်တရား ဟူသမျှတို့အား သီတ-ဥဏှ စသော အကြောင်းတို့ကြောင့် ရှေ့ရုပ်အစဉ်နှင့် မတူသော နောက်ရုပ် အစဉ်၏ ဖြစ်ခြင်းဟူသော ရုပ္ပနသဘော, အချင်းချင်း ထိပါးခြင်းရှိသည်၏ အဖြစ်တည်းဟူသော သဘော, အနည်းအယုတ်ဆုံးအားဖြင့် ရှစ်ပါးစု ကိုးပါးစု အစရှိသော အပေါင်းအစု ကလာပ်အားဖြင့် ဖြစ်ခြင်းကြောင့် အရပ်ဒေသနှင့် စပ်၍ ဖြစ်ခြင်းသဘောရှိသကဲ့သို့ ဤအတူ နိဗ္ဗာန်ကို ဤမည်သော အရပ်မျက်နှာ၌ ရှိသည်ဟူ၍ငင်း ဤမည်သော အရပ်ဒေသ၌ တည်နေသည် ဟူ၍ငင်း မညွှန်ပြအပ် မညွှန်ပြနိုင် ညွှန်ပြခြင်းငှါ မတတ်ကောင်းရကား နိဗ္ဗာန်အား တစုံတခု သော တရား၌ ထိခိုက်ခြင်းသဘော ရှိသည်၏ အဖြစ်သည်ငင်း တည်ရာ အရပ် ဒေသရှိသည်၏ အဖြစ်သည်ငင်း မရှိ ဟူ၍ ငင်းအဋ္ဌကထာဆရာ ပြတော်မူသည်။

ဤအဓိပ္ပါယ်ကို—

> ရူပသဘာဝါဘာဝတောတိ ဧတေန ယထာရူပဓမ္မာနံ ရုပ္ပန-
> သဘာဝေါ ပဋိဃာတဝန္တတာ ကလာပသော ဝုတ္တိယာ ပဒေသသမ္ဗန္ဓော
> သဘာဝေါ။ ဧဝံ နိဗ္ဗာနဿ ကတ္ထစိ ပဋိဃာတော သပဒေသတာ စ
> နတ္ထီတိ ဒဿေတိ။ န ဟိ နိဗ္ဗာနံ အသုကဒိသာယ အသုကဒေသေတိ
> ဝါ နိဒ္ဒိသိယတိ။

ဟူသော ငင်းဋီကာကို မှီ၍ ဆိုလိုက်သည်။

ရူပသဘာဝါဘာဝတောတိ ဧတေန၊ တော-ဟူသော ဤစကားဖြင့်။ ရူပ-ဓမ္မာနံ၊ တို့အား။ ရူပ္ပနသဘာဝေါ စ၊ ရုပ္ပန သဘောသည်၎င်း။ ပဋိဃာတ-ဝန္တတာ စ၊ ထိပါးခြင်းရှိသည်၏ အဖြစ်သည်၎င်း။ ကလာပသော၊ အဋ္ဌက-နဝက-စသော ကလာပ်အားဖြင့်။ ဝုတ္တိယာ၊ ဖြစ်ခြင်းကြောင့်။ ပဒေသ-သမ္ဗန္ဓော၊ အရပ်ဒေသနှင့် စပ်သော။ သဘာဝေါ စ၊ သည်၎င်း။ ဟောတိ ယထာ၊ သို့။ ဧဝံ၊ ဤအတူ။ နိဗ္ဗာနဿ၊ အား။ ကတ္ထစိ၊ တစုံတခုသော ဝတ္ထု စသော တရား၌။ ပဋိဃာတော စ၊ ထိပါးခြင်းသဘောသည်၎င်း။ သပ-ဒေသတာ စ၊ အရပ်ဒေသရှိသည်၏ အဖြစ်သည်၎င်း။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဒဿေတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ နိဗ္ဗာနံ၊ ကို။ အသုကဒိသာယ၊ ဤမည်သော အရပ်မျက်နှာ၌။ အတ္ထီတိ ဝါ၊ ရှိ၏ဟူ၍၎င်း။ အသုကဒေသေ၊ ဤမည်သော အရပ်၌။ အတ္ထီတိ ဝါ၊ ၎င်း။ န နိဒ္ဒိသိယတိ၊ မညွှန်ပြအပ် မညွှန်ပြနိုင် ညွှန်ပြခြင်းငှါ မတတ်ကောင်း။ ဝါ-ဟိ-ယသ္မာ၊ ကြောင့်။ န နိဒ္ဒိသိယတိ၊ ကောင်း။ တသ္မာ၊ ကြောင့်။ နိဗ္ဗာနဿ၊ အား။ ကတ္ထစိ၊ ၌။ ပဋိဃာတော စ၊ သည်၎င်း။ သပဒေသတာ စ၊ သည်၎င်း။ နတ္ထိ၊ မရှိ။

နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသည် ဟူ၏၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသောစိတ် စေတသိက် ရုပ်တရားတို့သည် မမြဲသော အနိစ္စသဘော ရှိကုန်သကဲ့သို့ ထိုနိဗ္ဗာန်သည်လည်း မမြဲသော အနိစ္စသဘောပင် ရှိလေသလော ဟူဘွယ်ရှိ၍ "နိစ္စံ" ကို ဆိုတော်မူပြန်သည်။

ထိုနိဗ္ဗာန်သည် စိတ် စေတသိက် ရုပ်တို့နှင့် ပရမတ္ထဓမ္မ၏ အဖြစ်ဖြင့် အတူတူဖြစ်ပါလျက် အဘယ့်ကြောင့် နိဗ္ဗာန်သာ မြဲသောသဘော ရှိလေသနည်း ဟူဘွယ်ရှိ၍ "ဥပ္ပါဒဝယန္တာဘာဝေန" ကို ဆိုပြန်ရသည်။

စိတ် စေတသိက် ရုပ်တရားတို့သည် ထိုက်သည်အားလျော်စွာ ကံ-စသော အကြောင်းတို့ကြောင့် ဖြစ်သော တရားဖြစ်ကုန်ရကား ဖြစ်ခြင်းဟူသော ဥပါဒ် အပိုင်းအခြား ရှိကုန်သည်၊ ယင်းသို့ ဥပါဒ်ရှိကလည်း ဖြစ်ကပျက်မြဲဖြစ်၍ ပျက်ခြင်းဝယ ဟု ဆိုအပ်သော ဘင်အပိုင်းအခြား ရှိကုန်သည်ဖြစ်၍ မမြဲသော သဘောရှိကုန်သည်။ နိဗ္ဗာန်မူကား တစုံတခုသော အကြောင်းသည်မျှ ပြုအပ်ဖြစ်စေအပ်သော တရားမဟုတ်သည်ဖြစ်၍ ဖြစ်ခြင်းဥပါဒ် ပျက်ခြင်းဘင် ဟူသော အပိုင်းအခြား မရှိသည်၏ အဖြစ်ကြောင့် မြဲသောသဘောရှိသည် ဟူလို။

## နိဗ္ဗာန်အမည် ၄-ဂါထာ

"ယသ္မာ စ ပဏ္ဏတ္တိဘာဝေါ။ ပ ။ဥပဂန္တဗ္ဗံ" ဟူသော စကားတို့ဖြင့် နိဗ္ဗာန်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားဟူ၍သာ သိအပ် မှတ်အပ်ကြောင်း

ကို ပြပြီး၍ ထိုနိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကိုပင် ပရိယာယ်တပါးတို့ဖြင့် ထင်ရှားပြခြင်းငှါ—

(က) အစ္စုတ္တမနန္တံ သန္တံ၊ အမတံ အပလောကိတံ။
ပဏီတံ သရဏံ ခေမံ၊ တာဏံ လေဏံ ပရာယနံ။

(ခ) သိဝဉ္စ နိပုဏံ သစ္စံ၊ ဒုက္ခက္ခယမနာသဝံ။
သုဒုဒ္ဒသံ ပရံ ပါရံ၊ နိဗ္ဗာနမနိဒဿနံ။

(ဂ) တဏှက္ခယံ ဓုဝံ ဒီပံ၊ အဗျာပဇ္ဇမနီတိကံ။
အနာလယမရူပဉ္စ၊ ပဒမစ္စုတမက္ခရံ။

(ဃ) ဝိရာဂဉ္စ နိရောဓဉ္စ၊ ဝိမုတ္တိမောက္ခမေဝ စ။
ဣမေဟိ ပန နာမေဟိ၊ နိဗ္ဗာနန္တိ ကထီယတိ။

ဤလေးဂါထာတို့ကို အဋ္ဌကထာဆရာ ဆိုတော်မူသည်။

(က) အစ္စုတံ၊ ဥပါဒ်, ဌီ, ဘင်ဟူသော အပိုင်းအခြားကို လွန်သော နိဗ္ဗာန်။ အနန္တံ၊ ဥပါဒ်, ဌီ, ဘင် ဟူသော အပိုင်းအခြားမရှိသော နိဗ္ဗာန်။ သန္တံ၊ ကိလေသာဟူသော ပူပန်ချောက်ချားခြင်း မရှိသည်ဖြစ်၍ ငြိမ်းအေးငြိမ်သက်သော နိဗ္ဗာန်။ အမတံ၊ အမြိုက်ဆေးကဲ့သို့ မသေကြောင်း ဖြစ်သော နိဗ္ဗာန်။ အပလောကိတံ၊ ပျက်စီးခြင်းမရှိသော နိဗ္ဗာန်။ ပဏီတံ၊ ရှု၍ မရောင့်ရဲနိုင်ခြင်းကို ပြုတတ်သော နိဗ္ဗာန်။ သရဏံ၊ အလုံးစုံသော ဘေးကို နှိပ်စက်တတ်သော နိဗ္ဗာန်။ ခေမံ၊ ဘေးကင်းရာဖြစ်သော နိဗ္ဗာန်။ တာဏံ၊ အလုံးစုံသော ဘေးရန်ကို တားမြစ်၍ စောင့်ရှောက်တတ်သော နိဗ္ဗာန်။ လေဏံ၊ ဇာတိ စသော ဘေးသည် အစဉ်လိုက်အပ်သော ပုဂ္ဂိုလ်တို့၏ ပုန်းအောင်းရာ ဖြစ်သောနိဗ္ဗာန်။ပရာယနံ၊ ခိုမှီ လည်းလျောင်းရာဖြစ်သော နိဗ္ဗာန်။

(ခ) သိဝံ၊ အလုံးစုံသော ဒုက္ခ၏နှိပ်စက်ခြင်းမှ ကင်းလွတ်ရာ ချမ်းအေးစွာသော နိဗ္ဗာန်။ နိပုဏံ၊ အလွန်သိမ်မွေ့သော နိဗ္ဗာန်။ သစ္စံ၊ ဖောက်ပြန်ခြင်းမရှိ မှန်ကန်သော သဘောဖြစ်၍ သစ္စမည်သော နိဗ္ဗာန်။ ဒုက္ခက္ခယံ၊ အလုံးစုံသော ဒုက္ခ၏ ကုန်ခြင်းကို ပြုတတ်, ဒုက္ခအလုံးစုံ၏ ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်။ အနာသဝံ၊ အာသဝေါတရားတို့၏ အာရုံမဟုတ်၍ အနာသဝမည်သော နိဗ္ဗာန်။ သုဒုဒ္ဒသံ၊ အလွန်ထိုးထွင်း၍ သိမြင်နိုင်ခဲသော နိဗ္ဗာန်။ ပရံ၊ မြတ်သော နိဗ္ဗာန်။ ပါရံ၊ သမုဒ္ဒရာ၏ ထိုမှာဘက်ကမ်းကဲ့သို့ သံသရာ၏ ထိုမှာဘက်ကမ်း သဖွယ် ဖြစ်သောနိဗ္ဗာန်။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်းတို့၏ ငြိမ်းရာငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်။ အနိဒဿနံ၊ မံသစက္ခု ဒိဗ္ဗစက္ခုတို့ဖြင့် မရှုမမြင်နိုင်သော နိဗ္ဗာန်။ ဝါ၊ နှိုင်းခိုင်းစရာ ဥပမာမရနိုင်အောင် အလွန်သိမ်မွေ့နက်နဲလှသော နိဗ္ဗာန်။

(ဂ) တဏှက္ခယံ၊ တဏှာ၏ ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်။ ဓုဝံ၊ မဖောက်ပြန် မပျက်စီးဘဲ မြဲသောသဘောရှိသော နိဗ္ဗာန်။ ဒီပံ၊ သံသရာ၌ ကျင်လည်မျောပါးသော သူတို့၏ ခိုမှီရာဖြစ်၍ လှေသင်္ဘောပျက်သောသူတို့၏ ခိုမှီရာ သမုဒ္ဒရာဝယ် ပေါ်ထွန်းသော ကျွန်းနှင့်တူသော နိဗ္ဗာန်။ အဗျာပဇ္ဈံ၊ ရာဂ စသည် နှောက်ရှက်နှိပ်စက်ခြင်း မရှိသော နိဗ္ဗာန်။ အနီတိကံ၊ ဘေးရန်မရှိသော နိဗ္ဗာန်။ အနာလယံ၊ တဏှာကင်းရာဖြစ်သော နိဗ္ဗာန်။ အရူပံ၊ ရုပ်သဘောမရှိသော နိဗ္ဗာန်။ ပဒံ၊ သခ်တ အသခ်တနှစ်ပါးတွင် အသခ်တအဘို့ဖြစ်သော နိဗ္ဗာန်။ အစ္စုတံ၊ မိမိသန္တိသဘောမှ ရွေ့လျောခြင်းမရှိသော နိဗ္ဗာန်။ အက္ခရံ၊ ကုန်ခန်းကြမ်းထမ်းခြင်းမရှိသော နိဗ္ဗာန်။

(ဃ) ဝိရာဂံ၊ ကိလေသာခပင်း၏ ကင်းရာကင်းကြောင်းဖြစ်သော နိဗ္ဗာန်။ နိရောဓံ၊ ဝဋ်သုံးပါး ဒုက္ခတရားတို့၏ ချုပ်ရာချုပ်ကြောင်းဖြစ်သော နိဗ္ဗာန်။ ဝိမုတ္တိ၊ သခ်တတရားတို့မှ ကင်းလွတ် ထွက်မြောက်ရာ ဖြစ်သော နိဗ္ဗာန်။ မောက္ခံ၊ ဘဝတည်းဟူသော အနှောင်အဖွဲ့မှ ကင်းလွတ် ထွက်မြောက်ကြောင်းဖြစ်သော နိဗ္ဗာန်။ ဣမေဟိ ပန နာမေဟိ၊ ဤပြဆိုခဲ့ပြီးသော အမည်တို့ဖြင့်။ နိဗ္ဗာနန္တိ၊ ဟူ၍။ ကထီယတိ၊ ဆိုအပ်၏။

ဤပုဒ်တို့၏ အနက်ကိုအောက်၌ ဆိုင်ရာဆိုင်ရာ အသီးအသီး ပြဆိုခဲ့ပြီးဖြစ်၍ ဤ၌ အမြွက်မျှ ပြဆိုလိုက်သည်။

နိဗ္ဗာန်ဟောပရိယာယ် တပေါင်းတစုတည်း ဤ အဘိဓမ္မာဝတာရအဋ္ဌကထာ၌ သုံးဆယ့်ခြောက်ပုဒ်၊ သဋ္ဌာယတနသံယုတ်ပါဠိတော်၌ သုံးဆယ့်နှစ်ပုဒ်၊ အာယတန ဝိဘင်းအဖွင့် အနုဋီကာ၌ သုံးဆယ့်တပုဒ်၊ အဘိဓာန်၌ လေးဆယ့်ခြောက်ပုဒ်လာ၏။ တကျမ်းနှင့် တကျမ်း များစွာ မထူးလှပြီ။

အစ္စရိယံ၊ အဗ္ဘုတံ-ဟူသော နှစ်ပုဒ်သည် သံယုတ်ပါဠိတော် အနုဋီကာတို့၌ သာ လာ၏။

အစ္ဆရိယံ၊ လက်ဖျစ်ခတ်တီး၍ ဝှဲချီးအံ့သြခြင်းငှါ သင့်လျော် ထိုက်တန်သော သဘောရှိသော နိဗ္ဗာန်။ " အစ္ဆရံ ပဟိတုံ ယုတ္တန္တိ အစ္ဆရိယံ " ပြု။

အဗ္ဘုတံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးတန်သော ကာလဝယ် တခါတရံမျှ ဖြစ်တတ်သော သဘောမဟုတ်ဘဲ ပရမတ္ထအားဖြင့် ထင်ရှားရှိသော နိဗ္ဗာန်။

အဘူတမေဝ ဘူတံ အဇာတံ ဟုတွာ အတ္ထီတိ အဗ္ဘုတံ။

သံယုတ်အဋ္ဌကထာ ဤအဗ္ဘုတ-အရာ၌ ဝိနိစ္ဆယကို အဗ္ဘုတအပြားကိုပြဆိုသော အရာဝယ် အကျယ် ပြဆိုခဲ့ပြီ။

## ၃၇-နိဗ္ဗာန်ရောက်ကြောင်း အားထုတ်ရန် တိုက်တွန်းပုံ

### အဘာဝဝါဒနှင့် နိဗ္ဗာန်ရောက်ကြောင်းအားထုတ်ရန် ဩဝါဒကို ပြခြင်း

သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ လာသော ဝိတဏ္ဍဝါဒကို တစိတ်မျှ ပြလိုက်ဦးအံ့။

(က) တတ္ထ ကတမာ အသင်္ခတာ ဓာတု။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ အာယတနဝိဘင်းပါဠိတော်။

(ခ) တတြာယမတ္ထော။ အသင်္ခတာဓာတူတိ အသင်္ခတသဘာဝံ နိဗ္ဗာနံ။ ယသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ခီယန္တိ။ တသ္မာ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုတ္တံ။ အယမေတ္ထ အာစရိယာနံ သမာနကထာ။

(ဂ) ဝိတဏ္ဍဝါဒီ ပနာဟ။ ပါဋိယေက္ကံ နိဗ္ဗာနံနာမ နတ္ထိ၊ ကိလေသက္ခယောဝ နိဗ္ဗာနန္တိ။ သုတ္တံ အာဟရာတိစ ဝုတ္တေ နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ၊ ကတမံ နု ခေါ အာဝုသော နိဗ္ဗာနန္တိ။ ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ နိဗ္ဗာနန္တိ ဧတံ ဇမ္ဗုခါဒကသုတ္တံ အာဟရိတွာ ဣမိနာ သုတ္တေန ဝေဒိတဗ္ဗံ။ ပါဋိယေက္ကံ နိဗ္ဗာနံ နာမ နတ္ထိ၊ ကိလေသက္ခယောဝ နိဗ္ဗာနန္တိ အာဟ။

(ဃ) သော ဝတ္တဗ္ဗော။ ကိံ ပန ယထာ စေတံ သုတ္တံ၊ တထာ အတ္ထောတိ။ အဒ္ဓါ ဧဝမ္ပတိ အာမ နတ္ထိ သုတ္တတော မုဉ္စိတွာ အတ္ထောတိ။ တတော ဝတ္တဗ္ဗော ဣဒံ တာဝ တေ သုတ္တံ အာဘတံ၊ အနန္တရသုတ္တံ အာဟရာတိ။

(င) အနန္တရသုတ္တံနာမ အရဟတ္တံ အရဟတ္တန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ၊ ကတမံ နု ခေါ အာဝုသော အရဟတ္တန္တိ။ ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ အရဟတ္တန္တိ ဣဒံ တဿေဝါနန္တရံ အာဘတသုတ္တံ။ ဣမသ္မိံ ပန နံ အာဘတေ အာဟံသု။

(စ) နိဗ္ဗာနံနာမ ဓမ္မာယတနပရိယာပန္နော ဓမ္မော။ အရဟတ္တံ စတ္တာရော ခန္ဓာ။ နိဗ္ဗာနံ သစ္ဆိကတွာ ဝိဟရန္တော ဓမ္မသေနာပတိ နိဗ္ဗာနံ ပုစ္ဆိတောပိ အရဟတ္တံ ပုစ္ဆိတောပိ ကိလေသက္ခယမေဝ အာဟ။

(ဆ) ကိံ ပန နိဗ္ဗာနဉ္စ အရဟတ္တဉ္စ ဧကံ၊ ဉဒါဟု နာနန္တိ။ ဧကံ ဝါ ဟောတု၊ နာနံ ဝါ။ ကော တွေ တယာ အတိဗဟုံ စုဏ္ဏကရဏံ ကရောန္တေန အတ္ထော။ နတ္ထိ ဧကံ နာနံ ဇာနာသီတိ။ နနု ဉာတေ သာဓု ဟောတီတိ ဧဝံ

ပုနပ္ပုနံ ပုစ္ဆိတေ ဝဋ္ဋေတုံ အသက္ကောန္တော အာဟ။ ရာဂါဒီနံ ခဏန္တေ ဥပ္ပန္နတ္တာ အရဟတ္တံ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုစ္စတီတိ။

(ဇ) တတော နံ အာဟံသု။ မဟာကမ္မံ တေ ကတံ လဒ္ဓံ ဒတ္ဘာပိ တံ ဝဒါပေန္တော တေဒေဝ ဝဒါပေယျ။ ယထေဝ စ တေ တော် ဝိဘဇိတွာ ကထိတံ ဧဝံ ဣဒံပိ သလ္လက္ခေဟိ။ နိဗ္ဗာနံ ဟိ အာဂမ္မ ရာဂါဒယော ခီဏာတိ၊ နိဗ္ဗာနံ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ ဝုတ္တံ။ တီဏိ ဟိ တောနိ နိဗ္ဗာနဿေဝ အဓိဝစနာနိ။

အစရှိသည်။ ၎င်းအဋ္ဌကထာ။

## သာဝကပါဠိမျှားအနက်

(က) တတ္ထ၊ ထိုဓမ္မာယတန၏ သရုပ်ကိုပြရာ ဝေဒနာက္ခန္ဓာစသော ငါးပါးတို့တွင်။ အသင်္ခတာဓာတု၊ အသင်္ခတဓာတ်ဟူသည်။ ကတမာ၊ အဘယ်နည်းဟူမူ။ ရာဂက္ခယော၊ ရာဂ၏ ကုန်ကြောင်းဖြစ်သော။ ဒေါသက္ခယော၊ သော။ မောဟက္ခယော၊ သော။ ဓမ္မော၊ နိဗ္ဗာန်တရားသည်။ အသင်္ခတာဓာတု၊ ဓာတ်မည်၏။

(ခ) တတြ၊ ထို တတ္ထ ကတမာ အသင်္ခတာဓာတု-အစရှိသော ပါဠိတော်၌။ အယံ၊ ဤဆိုအပ်လတ္တံ့ သော စကားသည်။ အတ္ထော၊တည်း။ အသင်္ခတာဓာတုတိ၊ ဟူသည်ကား။ အသင်္ခတသဘာဝံ၊ အသင်္ခတသဘောရှိသော။ နိဗ္ဗာနံ၊ တည်း။ ယသ္မာ ပန၊ ကြောင့်ကား။ တော်၊ ဤနိဗ္ဗာန်ကို။ ဝါ၊ သို့။ အာဂမ္မ၊ အရိယမဂ်သည် အာရုံပြုသောအားဖြင့် ရောက်၍။ ဝါ၊ ရောက်သည်ရှိသော်။ ရာဂါဒယော၊ ရာဂအစရှိသည်တို့သည်။ ခီယန္တိ၊ နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖြတ်ပယ်အပ်သည်ဖြစ်၍ တဖန် အသစ် မဖြစ်နိုင်သော မဖြစ်ခြင်းဟူသော ကုန်ခြင်းဖြင့် ကုန်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ဟူ၍။ဝုတ္တံ၊ဆိုအပ်၏။ အယံ၊ ဤပြဆိုအပ်ပြီးသော စကားသည်။ တော်၊ ဤအရာ၌။ အာစရိယာနံ၊ တို့၏။ သမာနကထာ၊ အတူအညီ ဆုံးဖြတ်ပြဆိုအပ်သော စကားတည်း။

(ဂ) ပန၊ အယူထူးကို ပြဆိုဦးအံ့။ ဝိတဏ္ဍဝါဒီ၊ဆန့်ကျင်ဘက်ဖြစ်သော အယူဝါဒဟူသောလှံတံဖြင့် ပညာရှိတို့၏ စိတ်နှလုံးကို ထိုးဖောက်တုန်လှုပ်စေတတ်သော အယူစကားကို ဆိုလေ့ရှိသော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်သည်။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန် မည်သည်။ ပါဋိယေက္ကံ၊ စိတ် စေတသိက် ရုပ်တို့ကဲ့သို့ ပရမတ္ထအားဖြင့် တရား ကိုယ် သီးခြားတပါး။ နတ္ထိ၊ မရှိ။ ကိလေသက္ခယောဝ၊ ရာဂအစရှိသော ကိလေသာတို့၏ ကုန်ခြင်းအဘာဝ အတ္ထပညတ်သည်သာလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။

ဣတိ၊ သို့။ အာဟ၊ ၏။ သုတ္တံ၊ ရာဂအစရှိသည်တို့၏ အဘာဝပညတ်မျှကို နိဗ္ဗာန်ဟု ဟောပြသောသုတ်ကို။ အာဟရ၊ ဆောင်ပါ။ ဣတိ၊ သို့။ ဝုတ္တေ စ၊ သမာနဝါဒီဆရာတို့က မေးဆိုအပ်သည်ရှိသော်ကား။ နိဗ္ဗာနံ နိဗ္ဗာနန္တိ။ပ။ ဣဒံ ဝုစ္စတိ နိဗ္ဗာနန္တိ၊ နိဗ္ဗာနံ-ဟူသော။ တေံ ဇမ္ဗုခါဒကသုတ္တံ၊ ဤဇမ္ဗုခါဒကသုတ် ပါဠိတော်ကို။ အာဟရိတွာ၊ ၍။ ဣမိနာ သုတ္တေန၊ ဤဇမ္ဗုခါဒကသုတ်ဖြင့်။ နိဗ္ဗာနံနာမ၊ မည်သည်။ ပါဠိယေကံ၊ ပါး။ နတ္ထိ၊ မရှိ။ ကိလေသက္ခယောဝ၊ လျှင်။ နိဗ္ဗာနန္တိ၊ ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။ ဣတိ၊ သို့။ အာဟ၊ ၏။

(ဃ) သော၊ ထိုဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်ကို။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ တေံ သုတ္တံ၊ ဤဇမ္ဗုခါဒကသုတ်ကို။ အာယသ္မတာ သာရိပုတ္တတ္ထေ-ရေန၊ သည်။ ဝုတ္တံ၊ "ယော ခေါ အာဝုသော ရာဂက္ခယော"အစရှိသည်ဖြင့် ဟောတော်မူအပ်၏။ တထာ၊ ထိုဟောတော်မူတိုင်းသော အခြင်းအရာအားဖြင့်။ အတ္ထော၊ နီတတ္ထဖြစ်သော အနက်သည်။ ဟောတိ ကိံ၊ ဖြစ်သလော။ ဣတိ၊ သို့။ ဝတ္တဗ္ဗော၊ မေးဆိုအပ်၏။ သုတ္တတော၊ ရာဂစသည်တို့၏ မရှိခြင်းသည် နိဗ္ဗာန်မည်၏ဟု ဟောပြကြောင်းဖြစ်သော "ယော ခေါ အာဝုသော"အစရှိသော သုတ်ကို။ မုဉ္စိတွာ၊ လွတ်၍။ အတ္ထော၊ အနက်သည်။ အာမ နတ္ထိ၊ အော်မရှိသည် မှန်ပါ၏။ ဣတိ၊ သို့။ အဒ္ဓါ၊ မချွတ်။ ဝက္ခတိ၊ ဆိုလတ္တံ့။ တတော-တသ္မိံ ကာလေ၊ ထိုသို့ ဖြေဆိုသောကာလ၌။ တော၊ သင် ဝိတဏ္ဍဝါဒီသည်။ ဣဒံသုတ္တံ၊ ဤနိဗ္ဗာန်ကို မေးဖြေသောသုတ်ကို။ တာဝ၊ ရှေးဦးစွာ။ အာဘတံ၊ ဆောင်အပ်ပေပြီ။ အနန္တရသုတ္တံ၊ ဤသုတ်မှ အခြားမဲ့ဖြစ်သော သုတ်ကို။ တွံ၊ သင်သည်။ အာဟရ၊ ဆောင်ပါဦး။ ဣတိ၊ သို့။ ဝတ္တဗ္ဗော၊ ဝိတဏ္ဍဝါဒီကို သမာနဝါဒီတို့က မေးဆိုအပ်၏။

(င) အနန္တရသုတ္တံနာမ၊ နိဗ္ဗာန်ကိုမေးဖြေသောသုတ်၏ အခြားမဲ့သုတ်မည်သည်။ အရဟတ္တံ အရဟတ္တန္တိ။ပ။ ဣဒံ ဝုစ္စတိ အရဟတ္တန္တိ၊ အရဟတ္တံ-ဟူသော သုတ်ပင်တည်း။ ဣဒံ၊ ဤအရဟတ္တံ-အရဟတ္တန္တိ-အစရှိသော အရဟတ္တဖိုလ်ကို မေးဖြေကြောင်းဖြစ်သော သုတ်သည်။ တဿေဝ၊ ထိုနိဗ္ဗာန်ကို မေးဖြေကြောင်း ဖြစ်သော သုတ်၏သာလျှင်။ အနန္တရံ၊ အခြားမဲ့၌။ အာဘတသုတ္တံ၊ ဆောင်အပ်သောသုတ်တည်း။ ဣမသ္မိံ ပန သုတ္တေ၊ ဤ"အရဟတ္တံ အရဟတ္တန္တိ" အစရှိသောသုတ်ကို။ အာဘတေ၊ ဆောင်အပ်သည်ရှိသော်။ နံ၊ ထိုဝိတဏ္ဍဝါဒီကို။ အာဟံသု၊ သမာနဝါဒီတို့က မေးဆိုကုန်၏။

(စ) ကိံ အာဟံသု၊ အဘယ်သို့ မေးဆိုကုန်သနည်းဟူမူကား။ နိဗ္ဗာနံနာမ၊ မည်သည်။ ဓမ္မာယတနပရိယာပန္နော၊ ဓမ္မာယတန၌ အကျုံးဝင်သော။ ဓမ္မော၊ တရားတည်း။ အရဟတ္တံ၊ အရဟတ္တဖိုလ် ဟူသည်။ စတ္တာရော ခန္ဓာ၊ အရဟတ္တဖိုလ်စိတ် ယင်းနှင့် ယှဉ်သောစေတသိက် ဟူကုန်သော လေးပါးကုန်

သော နာမကန္တာတရားတို့တည်း။ နိဗ္ဗာနံ၊ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်ကို။ သစ္ဆိကတွာ၊ မျက်မှောက် အာရုံပြု၍။ ဝိဟရန္တော၊ နေတော်မူသော။ ဓမ္မသေနာပတိ၊ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတြာ မထေရ်သည်။ နိဗ္ဗာနံ၊ ကို။ ပုစ္ဆိတောပိ၊ မေးလျှောက်အပ်သော်ငြား။ ဝါ၊ မေးလျှောက်အပ်သည်လည်း ဖြစ်သော။ အရဟတ္တံ၊ ကို။ ပုစ္ဆိတောပိ၊ မေးလျှောက်သော်ငြား။ ဝါ၊ အပ်သည် လည်းဖြစ်သော။ ဓမ္မသေနာပတိ၊ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတြာ မထေရ်သည်။ ကိလေသက္ခယမေဝ၊ ရာဂက္ခယော-အစရှိသည်ဖြင့် ကိလေသာတို့၏ ကုန်ခြင်းကိုသာလျှင်။ အာဟ၊ ဖြေကြားတော်မူ၏။

(ဆ) ကိံ ပန၊ အသို့နည်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ဟူသည်ငြား။ အရဟတ္တဉ္စ၊ အရဟတ္တဖိုလ်ဟူသည်ငြား။ ဧကံ၊ တရားကိုယ်အားဖြင့် မပြား အတူသာလော။ ဥဒါဟု၊ ထိုသို့တရားကိုယ်အားဖြင့် မတူသော်။ နာနံ၊ တရားကိုယ်အားဖြင့် အခြားစီလော။ ဣတိ၊ သို့။ ဝုတ္တေ၊ သမာနဝါဒီတို့က မေးဆိုအပ်သည်ရှိသော်။ ဧကံ ဝါ၊ နိဗ္ဗာန်အရဟတ္တဖိုလ်တို့ တရားကိုယ်အားဖြင့် တူသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ နာနံ ဝါ၊ အသီးအခြား ကွဲပြားသည်မူလည်း။ ဟောတု၊ စေ။ တေသံ၊ ထိုနိဗ္ဗာန် အရဟတ္တဖိုလ်တို့၏ တရားကိုယ်အားဖြင့် တူသည်၏အဖြစ် ထူးသည်၏အဖြစ်၌။ တယာ၊ သင် သကဝါဒီပုဂ္ဂိုလ်သည်။ အတိဗဟုံ၊ အလွန်များစွာ။ စုဏ္ဏကရဏံ၊ အစိတ်စိတ်အဖြာဖြာ စကားဆိုရာ ပြုခြင်းကို။ ကရောန္တေန၊ ပြုသဖြင့်။ ကော အတ္ထော၊အဘယ် အကျိုးရှိအံ့နည်း။ တံ၊ သည်။ ဧကံ နာနံ၊ နိဗ္ဗာန် အရဟတ္တဖိုလ်တို့၏ တရားကိုယ်အားဖြင့် တူသည် ကွဲပြားသည်ကို။ န ဇာနာသိ၊ မသိ။ ဣတိ၊ သို့။ ဝိတဏ္ဍဝါဒီ၊ သည်။ အာဟ၊ ၏။ ဉာတေ၊ နိဗ္ဗာန်, အရဟတ္တဖိုလ်တို့၏ တရားကိုယ်အားဖြင့် တူသည် ကွဲပြားသည်ကို ငါတို့သိအပ်သည်ရှိသော်။ သာဓု၊ ကောင်းသည်။ ဟောတိ နနု၊ ဖြစ်ပါသည် မဟုတ်လော။ ဣတိ ဧဝံ၊ ဤသို့။ ပုနပ္ပုနံ၊ အကြိမ်ကြိမ်အဖန်ဖန်။ ပုစ္ဆိတော၊ သမာနဝါဒီတို့က မေးအပ်သည်ရှိသော်။ ဝဒေတုံ၊ ရာဂစသည်တို့၏ အဘာဝပညတ်သည်သာ နိဗ္ဗာန်မည်၏ ဟူ၍ငြား, "ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ နိဗ္ဗာနံ" ဟူသော ပါဠိတော်ကို နီတတ္ထအားဖြင့်ပင် ယူရမည် ဟူ၍ငြား မိမိဆိုမိသော စကား၏ မှားသည်၏အဖြစ်ကို အထွေထွေအရာရာ များစွာသော စကားကိုဆိုသဖြင့် ဖုံးအုပ်လှည့်ပတ်ခြင်းငှါ။ အသက္ကောန္တော၊ မစွမ်းနိုင်လှသည် ဖြစ်၍။ မစွမ်းနိုင်လှသောကြောင့်။ ရာဂါဒီနံ၊ ရာဂစသည်တို့၏။ ခီဏန္တေ၊ အရဟတ္တမဂ်သည် သမုစ္ဆေဒအားဖြင့် ပယ်ဖျက်အပ်သည်ဖြစ်၍ ကုန်ခန်းသည်၏ အနီး၌။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ အရဟတ္တံ၊ ကို။ သမီပူပစာရေန၊ အနီးဖြစ်သော ရာဂစသည် ကုန်ခြင်း၏ ရာဂက္ခယ-စသော အမည်ကို ထိုကုန်ခြင်း လျှင် အနီးရှိသော အရဟတ္တဖိုလ်၌ တင်စားသော သမီပူပစာရအားဖြင့်။

“ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ရာဂက္ခယ ဒေါသက္ခယ မောဟက္ခယ”ဟူ၍။ ဝုစ္စတိ၊ အပ်၏။ ဣတိ၊ သို့။ အာဟ၊ ၏။

(၉) တတော၊ ထိုဆိုသောအခါ၌။ နံ၊ ထိုဝိတဏ္ဍဝါဒီကို။ တေ၊ “ရာဂါဒီနံ ခီဏတ္တေ ဥပ္ပန္နတ္တာ” အစရှိသောစကားကို ဆိုသောသင်သည်။ မဟာကမ္မံ၊ ဟုတ်မှန်တိုင်းသောစကားကို ဆိုသဖြင့် ကောင်းမြတ်သော အမှုကို။ ကတံ၊ ပြုအပ်ပေ၏။ လဒ္ဓံ ဒတ္တွာပိ၊ တံစိုး လက်ဆောင်ပေး၍လည်း။ တံ၊ ထို“ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ အရဟတ္တံ” ဟူသော သုတ်၏ ဤဥ္စလိုအပ်သောနေယျတ္ထကို။ ဝဒါပေတဗ္ဗော၊ ဆိုစေသည့်ရှိသော်။ ဝါ၊ ဆိုစေသောသူသည်။ တေဒေဝ၊ ထို“ရာဂါဒီနံ ခီဏတ္တေ ဥပ္ပန္နတ္တာ” အစရှိသော ဤသုတ်၏ နေယျတ္ထကို ပြဆိုကြောင်းဖြစ်သော စကားကိုသာလျှင်။ ဝဒါပေယျ၊ ဆိုစေရာ၏။ တေ၊ သင် ပရဝါဒီသည်။ တေံ၊ ဤအရဟတ္တဖိုလ်ကို ပြကြားသော အနန္တရသုတ်၏ အနက်ကို။ ဝိဘဇိတ္ဗာ၊ ဝေဘန်၍။ ကထိတံ ယထေဝ၊ ဆိုအပ်သကဲ့သို့သာလျှင်။ ဇေံ၊ ဤအတူ။ ဣဒံပိ၊ ဤနိဗ္ဗာန်ကို ပြကြားသော “ယော ခေါ အာဝုသော ရာဂက္ခယော”အစရှိသော ရှေ့သုတ်၏အနက်ကိုလည်း။ ဝိဘဇိတ္ဗာ၊ ဝေဘန်၍။ သလ္လက္ခေဟိ၊ မှတ်ပါလော့။ ဟိ ယသ္မာ၊ ကြောင့်။ နိဗ္ဗာနံ၊ သို့။ အာဂမ္မ၊ အရိယမဂ်သည် အာရုံပြုသောအားဖြင့် ရောက်၍။ ရာဂါဒယော၊ တို့သည်။ ခီဏာ၊ ကုန်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ နိဗ္ဗာနံ၊ ကို။ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဟိ-သစ္စံ၊ ၏။ တီဏိ၊ ကုန်သော။ ဧတာနိ အဓိဝစနာနိ၊ ထိုရာဂက္ခယ-စသော အမည်တို့သည်။ နိဗ္ဗာနဿေဝ၊ ၏သာလျှင်။ အဓိဝစနာနိ၊ အမည်တို့သာတည်း။

## နေယျတ္ထကောက်ယူရပုံ

ဝိတဏ္ဍဝါဒီတို့သည် “တတ္ထ ကတမာ အသင်္ခတာ ဓာတု ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော” ဟူသော အဘိဓမ္မာပါဠိတော်။ “ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ နိဗ္ဗာနံ” ဟူသော သုတ္တန်ပါဠိတော် နှစ်ရပ်လုံး၌ပင် ရာဂက္ခယော-စသည်ကို “ခယနံ ခယော။ ရာဂဿ ခယော ရာဂက္ခယော” စသည်ဖြင့် ဘာဝသာဓ် ဆဋ္ဌီတပ္ပုရိသ်သမာသ် ပြု၍ ယင်းတို့ အရကို ရာဂ-စသည်တို့၏ ကုန်ခြင်းဟူသော အဘာဝပညတ်ကို ကောက်ယူလိုကုန်၏။

သမာနဝါဒီဆရာတို့ကား အဘိဓမ္မာပါဠိတော်၌ ရာဂက္ခယော-စသည်ကို “ခီယတိ ဧတေနာတိ ခယော။ ရာဂဿ ခယော ရာဂက္ခယော” စသည်ဖြင့်

ကရဏသာဓ် ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြု၍ ယင်းတို့အရကို ရာဂ-စသည်တို့၏ ကုန်ကြောင်း နိဗ္ဗာန်ကို ကောက်ယူကုန်သည်။

သုတ္တန်ပါဠိတော်၌သော် ရာဂက္ခယော-စသည်ကို ဘာဝသာဓ် ဆဋ္ဌီတပ္ပုရိသ်-သမာသ်ပြု၍ ယင်းတို့အရကို နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် ပယ်ဖြတ်အပ်သည်ဖြစ်၍ ရာဂစသည်တို့၏ ကုန်ခြင်းဖြစ်ရကား အကျိုးဖြစ်သော ရာဂစသည် ကုန်ခြင်း၏ ရာဂက္ခယ-စသော အမည်ကို ဥပနိဿယ အကြောင်းရင်းဖြစ်သော နိဗ္ဗာန်၌ ဖလူပစာရ အားဖြင့် တင်စား၍ နိဗ္ဗာန်ကိုပင် နေယျတ္ထ အားဖြင့် ကောက်ယူကုန်သည်။

**အဘာဝဝါဒကို ပြဆိုပုံ**

သစ္စသံခိပ်အဋ္ဌကထာ ၌ လာသော အဘာဝဝါဒကို ပြဆိုပယ်ဖျက်ကြောင်း စကားကို ပြလိုက်ဦးအံ့။

လောက၌ ယုန်သတ္တဝါအား ဦးချို၏ ပေါက်ရောက်ခြင်းမည်သည် မရှိသည်သာဖြစ်ရကား ယုန်၏ ဦးချိုဟူ၍ သရုပ် အထည်ကိုယ်ဒြဗ်အားဖြင့် ညွှန်ကြားပြဆိုရန် မရှိသည်သာဖြစ်၍ ထိုအထည်ကိုယ်ဒြဗ်အားဖြင့် ထင်ရှားမရှိသော ယုန်၏ ဦးချိုကို ဖြူ နီ တို ရှည်-စသည်ဖြင့် အဆင်းသဏ္ဌာန် ပမာဏဂုဏ် အားဖြင့် မပြဆိုအပ် မပြဆိုနိုင်သကဲ့သို့ငှါး, လိပ်သတ္တဝါအား အမွေး၏ ပေါက်ရောက်ခြင်းမည်သည် မရှိသည်သာဖြစ်ရကား လိပ်မွေးမည်သည်ကို သရုပ် အထည် ကိုယ်ဒြဗ်အားဖြင့် မရကောင်းသည်သာ ဖြစ်၍ ထို အထည်ကိုယ်ဒြဗ် အားဖြင့် မရကောင်းသော လိပ်မွေးမည်သည်ကို ဖြူ နီ ဖြောင့် ကောက် ရှည် တို-အစရှိသော အဆင်းသဏ္ဌာန် ပမာဏအားဖြင့် မပြဆိုနိုင်သကဲ့ငှါး နိရောဓ-သစ္စာဖြစ်သော နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် ထိုက်သည်အား လျော်စွာ သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖြတ်ပယ်အပ်သည် ဖြစ်၍ အလုံးစုံသော ကိလေသာတို့၏ ခီဏာသဝတို့ သန္တာန်ဝယ် တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ပြတ်ကင်း ကုန်ငြိမ်းခြင်း ဟူသော ကိလေသဝဋ္ဋုပစ္ဆေဒ, ကိလေသပရိနိဗ္ဗာန, သဥပါဒိသေသနိဗ္ဗာန ဟု ဆိုအပ်သော ကိလေသာတို့၏ ကုန်ခြင်း ခယ-ဟူသည် ပရမတ္ထ သရုပ်တရားကိုယ် အားဖြင့် ထင်ရှား မရှိ၊ ကိလေသာတို့၏ တဖန် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော အဘာဝပညတ်မျှသာ ဖြစ်သည်။

ထိုခီဏာသဝတို့အား နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်သည် ကိလေသာ ဟူသမျှကို သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ ဖြတ်ပယ်ပြီး ဖြစ်၍ ကိလေသာ ဟူသော သဟဲအားပေး အစေးမှ ခန်းခြောက်သော အရဟတ္တမဂ်သို့ မရောက်မီ ရှေးကာလက ဖြည့်အပ်ခဲ့ဘူးသော ကံဟူသမျှ ပဋိသန္ဓေကို ပေးနိုင် ဖြစ်စေနိုင် သော အစွမ်းသတ္တိ ကုန်ကင်း ကမ္မဝဋ္ဋ ပြတ်ခြင်းဖြစ်သည်။

ယင်းသို့ ကမ္မဝဋ်ပြတ်သဖြင့် အောင်မြင်သော အကြောင်းမျိုးစေ့ရှိသော်သာ သစ်ပင်ဟူသော အကျိုးဖြစ်သကဲ့သို့ ပဋိသန္ဓေကို ပေးစွမ်းနိုင်သော အစွမ်းသတ္တိနှင့် ပြည့်စုံသော ကံ-ဟူသော အကြောင်းရှိသော်သာ စုတိ၏ အခြားမဲ့ဝယ် ဂတိငါးပါးတို့၌ ထိုက်သည်အားလျော်စွာ ယောနိလေးပါးတို့တွင် တပါးပါးဖြင့် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါး နာမ်ရုပ်တရားတို့သည် ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်ကြရကုန်မြဲ ဖြစ်သည်။

ထို ကိလေသဝဋ် ကမ္မဝဋ် ပြတ်ကင်းပြီးဖြစ်သော ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့၌သော် ထိုဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့၏ ပဋိသန္ဓေကိစ္စတပ်သောအားဖြင့် တဖန်အသစ် မဖြစ်ကောင်းသည်သာ ဖြစ်၍ ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ တဖန် မဖြစ်ပြန်ကောင်းသော အားဖြင့် မဖြစ်ခြင်းဟူသော ဝိပါကဝဋ္ဋုပစ္ဆေဒခန္ဓပရိနိဗ္ဗာန, အနုပါဒိသေသနိဗ္ဗာန, နိရုပဓိသေသ-နိဗ္ဗာန-ဟု ဆိုအပ်သော ထိုရုပ်နာမ်ခန္ဓာတို့၏ ကုန်ငြိမ်းခြင်းမည်သည်ကို ပရမတ္ထသရုပ်တရားကိုယ်အားဖြင့် သီးခြားတပါး မရကောင်း၊ ခန္ဓာငါးပါးတို့၏ တဖန်အသစ် မဖြစ်ပြန်ကောင်းသော အားဖြင့် မဖြစ်ခြင်း အဘာဝ အတ္ထပညတ်မျှသာ ဖြစ်သည်။

ထိုသို့ ပရမတ္ထသဘာဝဓမ္မအားဖြင့် သီးခြားတပါး မရကောင်းသော ကိလေသာတို့၏ ကုန်ခြင်းအဘာဝ, ခန္ဓာတို့၏ ကုန်ခြင်းအဘာဝ ဟူသော ကုန်ခြင်း ခယ-မျှကို နိပုဏ, ဂမ္ဘီရ, ဒုဒ္ဒသ-အစရှိသော ဂုဏ်အားဖြင့် မည္သန်ကြွားမပြဆိုအပ် မပြဆိုကောင်း မပြဆိုသင့် မပြဆိုထိုက်သည်သာ ဖြစ်သည်။

## အဘာဝဝါဒ-မသင့်ပုံ

ထိုထို ပါဠိ အဋ္ဌကထာတို့၌ကား နိဗ္ဗာန်၏ ဂမ္ဘီရ, ဒုဒ္ဒသ-အစရှိသော များစွာသော ဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်ကို ဟောကြားပြဆိုတော်မူအပ်သည်သာ ဖြစ်သောကြောင့် ထိုကိလေသာတို့၏ တဖန်အသစ် မဖြစ်နိုင်သော အားဖြင့် မဖြစ်ခြင်းဟူသော ကုန်ခြင်း ခယမတ္တ, ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ရုပ်နာမ်ခန္ဓာတို့၏ ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ အခြားမဲ့ကာလဝယ် ပဋိသန္ဓေကိစ္စ တပ်၍ တဖန်အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ခန္ဓာငါးပါးတရား၏ ကုန်ခြင်းခယမတ္တသည် မဂ်ဖိုလ်တို့၏ အာရုံအသခ်တဓာတ် ပရမတ် နိဗ္ဗာန်မဟုတ်သည်သာ ဖြစ်ကြောင်းကို **သစ္စသံခိပ်** အဋ္ဌကထာ( ၂၇ ) ၌—

ခယမတ္တံ န နိဗ္ဗာနံ၊ ဂမ္ဘီရာဒိဿ ဝါစတော။
အဘာဝတော ဟိ ကုမ္မာနံ၊ လောမဿေဝ အဝါစတာ။

ဟူ၍ ပြဆိုတော်မူသည်။

နိဗ္ဗာနသ္မ၊ နိဗ္ဗာန်၏။ ဂမ္ဘီရာဒိသ္မ၊ ဂမ္ဘီရ-စသော ဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်ကို။ ဝါစတော-ဝစိတတ္တာ၊ ထိုထိုပါဠိ အဋ္ဌကထာတို့၌ များစွာဟောကြား ပြဆိုတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ခယမတ္တံ၊ အရိယမဂ်သည် သမုစ္ဆေဒ အားဖြင့် ပယ်အပ်သည်ဖြစ်၍ ခီဏာသဝတို့ သန္တာန်ဝယ် ရာဂအစရှိသော ကိလေသာတို့၏ တဖန်အသစ် မဖြစ်ပြန်ကောင်းသော အားဖြင့် မဖြစ်ခြင်း ဟူသော ကုန်ခြင်းခယမတ္တ, ခီဏာသဝတို့ စုတိဘင်္ဂက္ခဏ အခြားမဲ့ဝယ် ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ် ဟူသော ရုပ်နာမ်ခန္ဓာတို့၏ ပဋိသန္ဓေကိစ္စတပ်၍ တဖန် အသစ် မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်းဟူသော ကုန်ခြင်းခယမတ္တသည်။ န နိဗ္ဗာနံ၊ မဂ်ဖိုလ်တို့၏ အာရုံ အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန် မဟုတ်။ ဟိ-တံ ပါကဋံ ကရောမိ။ ထိုခယမတ္တ၏ အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန် မဟုတ်သည်၏ အဖြစ်ကို လောကူပမာဖြင့် ထင်စွာပြုဦးအံ့။ ကုမ္ဘာနံ၊ လိပ်တို့အား။ လောမသ္မ၊ အမွေး၏။ အဘာဝတော ဝေ၊ ပေါက်ရောက်ခြင်းမည်သည် မဖြစ်ကောင်း, မရှိကောင်းသောကြောင့် သာလျှင်။ တသ္မ၊ ထိုမဖြစ်ကောင်း မရှိကောင်း သရုပ်အထည် ကိုယ်ဒြပ်အားဖြင့် မရကောင်းသော လိပ်မွေးမည်သည်ကို။ အဝါစတာ၊ လိပ်မွေးဟူသည် ဖြူ၏ နီ၏ တို၏ ရှည်၏-အစရှိသည်ဖြင့် အဆင်း သဏ္ဌာန် ပမာဏ ဂုဏ်အားဖြင့် မပြောကြား မပြဆိုအပ် မပြဆိုထိုက်သည်၏ အဖြစ်သည်။ ဟောတိ ဣဝ၊ ဖြစ်သကဲ့သို့။ ခယမတ္တသ္မ၊ ပရမတ္ထဓမ္မ သရုပ် တရားကိုယ်အားဖြင့် သီးခြားတပါး မရကောင်းသော ကိလေသက္ခယမတ္တ, ခန္ဓက္ခယမတ္တ, အဘာဝအတ္ထပညတ်မျှကို။ အဝါစတာ၊ ဂမ္ဘီရ, ဒုဒ္ဒသ-အစရှိသော ဂုဏ်အားဖြင့် မပြဆိုအပ် မပြဆိုထိုက် မပြဆိုကောင်းသည်၏ အဖြစ်သည်။ ဟောတိ၊ ၏။ ဣဓ ပန၊ ဤအသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်ကို ပြဆိုသော အရာ ၌ကား။ ဂမ္ဘီရာဒိသ္မ၊ ကို။ ဝါစတော-ဝစိတတ္တာ၊ ကြောင့်။ ခယမတ္တံ၊ သည်။ န နိဗ္ဗာနံ၊ နိဗ္ဗာန် မဟုတ်။

## တိုက်တွန်းချက် ဩဝါဒ

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ဓုဝ နိစ္စအဖြစ်ဖြင့် အမြဲထာဝရ တည်ရှိသော နိရောဓသစ္စာဖြစ်သော ပုထုဇဉ်တို့သည် တရံတဆစ်မျှ အာရုံပြုသောအားဖြင့် မျက်မှောက်ထင်ထင် မသိမြင်အပ် မသိမြင်နိုင် မသိမြင်ကောင်းသော အရိယာ သခင် အရှင်တို့သာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်သာ မြင်အပ် စကောင်းသော နိဗ္ဗာန်မည်သည်၏ ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်တို့ မှတ်ယူပြောကြား သည့်အတိုင်း ရာဂ-စသော ကိလေသာတို့၏ ကုန်ခြင်း အဘာဝပညတ်မျှ မဟုတ် သည်၏အဖြစ်, ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏အဖြစ်, များစွာသော ဂုဏ်နှင့် ပြည့်စုံသည်၏အဖြစ်တို့ကို အာဂုံယုတ္တိ အကြောင်းပရိယာယ်တို့ဖြင့် ပြပြီး၍ ပြဆိုခဲ့သည့်အတိုင်း ထိုနိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏

အဖြစ်, များစွာသော ဂုဏ်နှင့်ပြည့်စုံသည်၏ အဖြစ်တို့ကို ဟုတ်မှန်စွာ သိကြသဖြင့် ထိုနိဗ္ဗာန်ကိုလည်း အကြောင်းမရှိဘဲ ရနိုင် ရောက်နိုင်သည် မဟုတ်၊ ဒါန သီလ အစရှိသော ပါရမီ ဝိပဿနာ အရိယမဂ်တို့ဖြင့်သာ ရနိုင် ရောက်နိုင် ရကောင်း ရောက်ကောင်းသောကြောင့် ထိုနိဗ္ဗာန်သို့ ရောက်နိုင်ခြင်း၏ အကြောင်းဖြစ်သော ဒါန သီလ-အစရှိသော တရားတို့ကို အာထုတ်ခြင်းကို အခါမပြတ် ပြုအပ် ပြုသင့် ပြုထိုက်သည့်အတိုင်း အားထုတ်ပြုလုပ် ကျင့်ဆောင်ကြပါလေဟူ၍ များစွာသော ပုဂ္ဂိုလ်တို့အား တိုက်တွန်းနှိုးဆော် ဆုံးမဩဝါဒ ပေးတော်မူလိုသော အရှင်ဗုဒ္ဓဒတ်ဆရာ မထေရ်မြတ်သည် **အဘိဓမ္မာဝတာရ အဋ္ဌကထာ** (၁၁၂) ဝယ်—

> ဝေဒ္ဓ ပန ဝိညာယ၊ နိဗ္ဗာနံ ပဒမစ္စုတံ။
> တဿ စာဓိဂမူပါယော၊ ကာတဗ္ဗော ဝိညုနာ သဒါ။

ဟူသော ဂါထာဖြင့် ဆုံးမဩဝါဒ ပေးတော်မူသည်။

ပန၊ များစွာသော အမည်ဝေဝုစ် ပရိယာယ်တို့ဖြင့် နိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ကို ပြဆိုပြီးသည်မှတပါး ဩဝါဒစကားကို ပြကြား လိုက်ဦးအံ့။ ဧဝံ-ဣမေဟိ ကာရဏေဟိ၊ ဤ ပြဆိုအပ်ပြီးသော အကြောင်းတို့ဖြင့်။ အစ္စုတံ၊ တရံတဆစ်မျှ သန္တိသဘောမှ ပျက်စီးရွေလျောခြင်းမရှိသော။ ပဒံ၊ ကိလေသ, ကမ္မ, ဝိပါကဝဋ္ဋ ဟူသော ဒုက္ခဟူသမျှ ကုန်ပြတ်ခြင်း၏ အကြောင်းဖြစ်သော။ ဝါ၊ ကုန်ပြတ်ခြင်းဟူသော ချမ်းသာခြင်း၏ အကြောင်းဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝိညာယ စ၊ မဖောက်မပြန် ဟုတ်မှန်စွာ သိပြီး၍လည်း။ တဿ နိဗ္ဗာနဿ၊ ၏။ ဝါ၊ ကို။ အဓိဂမူပါယော၊ ရခြင်း ရောက်ခြင်း၏ အကြောင်းဖြစ်သော ဒါန သီလ-အစရှိသော ဝိဝဋ္ဋ-နိဿိတကုသိုလ်ကို။ ဝိညုနာ၊ ပညာရှိသည်။ သဒါ၊ နေ့ညဉ့်မချာ အခါခပ်သိမ်း။ ကာတဗ္ဗောစ-ကာတဗ္ဗော ဝေ၊ လွန်စွာ ကြိုးကုတ် အားထုတ်ပြုကျင့်အပ် ပြုကျင့်သင့် ပြုကျင့်ထိုက်သည်သာတည်း။

**နိဗ္ဗာနသင်္ဂဟဒီပကကထာ ပြီး၏။**

# အဘိဓမ္မတ္ထသင်္ဂဟဒီပကကျမ်း ပြီး၏။

## အဘိဓမ္မတ္ထသင်္ဂဟပဒိပကကျမ်း-နိဗ္ဗာနသင်္ဂဟပဒိပကကဏ္ဍ

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အကတနိဗ္ဗာန်ခေါ်ပုံ | ၃၈၀ |
| အကြောင်းအကျိုး (အဆက်ဆက်) | ၆ |
| အကြောင်းအမွန်မရှိ | ၂၈၆ |
| အကြောင်းလေးပါး | ၁၇၆ |
| အကြောင်းဗျုပ္ပတ္တိနိမိတ် (ဝိသင်္ခါရသဒ္ဒါအတွက်) | ၅၉ |
| အကြောင်းနိဗ္ဗာန် | ၁၂၇ |
| အကျိုးနိဗ္ဗာန် | ၅၇ |
| အကျိုးအာနိသင် (ဒါနဆိုင်ရာ) | ၁၀ |
| အကြွင်းမဲ့ (ကိလေသာတို့ကို ပယ်ဖျက်ရကား) | ၅ |
| အက္ခရာကျနေ၍အဓိပ္ပါယ် မှားယူမိပုံ | ၃၂၉ |
| အဂ္ဂသာဝက | ၂၁၄ |
| အဂ္ဂသဒ္ဒါ | ၁၉ |
| အစ္စုတံ-အရ ရှင်းလင်းချက် | ၂၃၊၃၄ |
| အစ္စုတိရသ– (မရွှေလျှောခြင်းဂုဏ်) | ၂၈ |
| အစိုင်အခဲ (၏ အရည်ဖြစ်ခြင်း) | ၃၃ |
| အစွမ်းသုံးပါးလုံးပြည့်စုံမှ အဘိဓမ္မာတရားဟောနိုင်ပုံ | ၂၂၃ |
| အဇာတဖြင့် သိစေအပ်သော အနက် | ၉၃၊၃၂၁ |
| အဇာတနိဗ္ဗာန်ခေါ်ပုံ | ၃၇၉ |
| အဇာတံ-ကို အချို့ဆရာတို့ ဘာသာပြန်နည်း | ၃၉၃ |
| အညတိတ္ထိယ | ၇၃ |
| အဋ္ဌကထာဆရာတို့ အဓလေ့ | ၈ |
| အဋ္ဌာနယောဂ | ၅၈ |
| အဋ္ဌင်္ဂိကမဂ် | ၈၅ |
| အဋ္ဌကထာလာ ဓမ္မတာ ၂၇-ပါး | ၂၅၃ |
| အန္တသဒ္ဒါ (၏ အနက်) အဗ္ဘန္တရဖြစ်ကြောင်း | ၃၅-၃၆ |
| အန္တသဒ္ဒါ (၏ အနက်) ပရိစ္ဆေဒဖြစ်ကြောင်း | ၃၆ |
| အန္တသဒ္ဒါ (၏ အနက်) စိတ္တ ဖြစ်ကြောင်း | ၃၆ |
| အန္တသဒ္ဒါ၏အနက်ရှစ်ပါး | ၁၀၆ |
| အတ္တအရ | ၁၃၄ |
| အတ္တသဒ္ဒါ၏ (အနက်) | ၂၇ |
| အတ္တနော သဘာဝံ-၌ (သဘာဝအရ) | ၂၆ |
| အတီတမည်ပုံ | ၂၅ |
| အတီတတိက်၌ တိက်မှတ်ထုတ်နည်း | ၄၁၁ |
| အတိတ်ခေါ်ပုံ | ၂၃၊၄၀၇ |
| အတ္ထပညတ်နှစ်ပါး | ၁၃၃ |
| အတ္ထပဋိသမ္ဘိဒါဉာဏ် | ၈၀ |

အက္ခရာစဉ် စာမျက်နှာ

[ အ ].

အတ္ထသုံးပါးသည်
(ဖြစ်စေအပ်သော အတ္ထ) ၈၁
အတ္ထငါးပါး ၈၈၊၂၉၉
အတ္ထပညတ် ပိဏ္ဍဒြဗ် ၁၈၆
အတ္ထိဖြင့်သိစေအပ်သောအနက် ၃၂၁
အဓိကရဏသာဓ် ၅၁
အနန္တမည်ပုံ ၂၈၃
အနန္တ-ဝစနတ္ထပြုပုံ ၃၉၀
အနန္တရိယကံပရိဝါပါဠိတော်လာ
အဆုံးအဖြတ် ၃၃၁
အနမတဂ္ဂသံသရာ ၅
အနာဂတ မည်ပုံ ၂၅
အနာဂတ် ခေါ်ပုံ ၄၀၇
အနာဂါမ် (ဖြစ်အံ့) ၁၁၊၅၈
အနိဒဿန-ဝစနတ္ထပြုပုံ ၃၉၀
အနိန္ဒြိယဗဒ္ဓ အဝိညာဏက
ဥတုဇရုပ်အကြောင်း ၄၁၀
အနိမိတ္တပစ္စုပဋ္ဌာန် ၇၃
အနုဋီကာစကားကို ရှင်းပြချက် ၅၉
အနုတ္တရပုဒ် အဆုံးအဖြတ် ၈
အနုပ္ပါဒနိရောဓ အဆုံးအဖြတ် ၁၀၈
အနုပါဒိသေသ ၄၂
အနုပါဒိသေသနိဗ္ဗာန
(ခေတ်မည်ကြောင်း) ၄၁၊၁၇၇
အနုပါဒိသေသ
နိဗ္ဗာနခေတ်မည်သည် ၁၈၉
အနုပါဒိသေသ နိဗ္ဗာန်ကို
အာရုံပြုသောတရားများ ၁၃၈
အနုပါဒိသေသ နိဗ္ဗာန်
ခေါ်ရပုံ ၂၁၁
အနုပါဒိသေသ နိဗ္ဗာန်
အရကောက် ၂၁၆

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အနုပါဒိသေသကို ဝိဂ္ဂိုဟ်ဆိုပုံ ၂၁၇
အနုပါဒိသေသနိဗ္ဗာန်သည်
ကုသလတိက်၌ တိက်မုတ်
ဖြစ်ပုံ ၄၁၁
အနုပါဒိသေသနိဗ္ဗာန် စုတိ
ခန္ဓာ ဘင်က္ခဏ အခြားမဲ့၌
ဖြစ်ကြောင်း ၁၉၇
အနုပုဗ္ဗဝိဟာရ ၁၂၈
အနုမာနပညတ် ၄၅
အနုမာနသိဒ္ဓ ၄၄
အနက်ကို အထူးပြုလျှင်သဒ္ဒါကို
အထူးပြုပုံ ၉
အနှောင်အဖွဲ့(ဖြစ်သည့်
ဘဝတဏှာ) ၁၆၁
အပစယဂါမိ(မဂ္ဂင်) ၄၁၂
အပစ္စယမည်ပုံ ၄၀၆
အပစ္စယနိဗ္ဗာန် ၁၈၊၂၆၉
အပ္ပမာဏာရမ္မဏတရား
အရကောက် ၈၈
အပရိဝတ္တလိင်္ဂ-ပါဌ်များ
ကြောင့် အဓိပ္ပါယ်မှားနေပုံ ၃၅၃
အပါယ်လေးဘုံ နာနတ္တကာယ
ဧကတ္တသညီ ဖြစ်ကြောင်း ၁၅၀
အဗျာကတဝေဒနာ ၄၂
အဗျာပဇ္ဇ-ဝစနတ္ထပြုပုံ ၃၉၁
အဗျယီဘော ၆၄
အဘာဝပညတ် ၁၂၅
အဘာဝ ပညတ်အရ ၁၃၄
အဘာဝ အတ္ထပညတ် ၅၆
အဘာဝ ပညတ် နိဗ္ဗာန် ၁၃၅
အဘာဝမတ္တ (အတ္ထပညတ်မျှ) ၄၃
အဘိဓမ္မာဒေသနာ ၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|


[ အ ]

အဘိဓမ္မာဟောနိုင်ခြင်း
အင်္ဂါသုံးပါး ၂၂၃
အဘိသင်္ခါရကုသိုလ်ကံ ၆၀
အဗျာကတနှစ်မျိုး ၃၁၉
အဗျာကတသဒ္ဒါ အဆုံးအဖြတ် ၃၂၁
အဘူတနိဗ္ဗာန် ခေါ်ပုံ ၃၇၉
အဘူတံ-ကိုဝိဂြိုဟ်ပြုရာဝယ်
ဝေအနက် ၃၂၁
အဘူတံ-၌ ဘူဓာတ်၏ အနက် ၃၈၅
အရဟတ္တမဂ် ၁၂
အရဟတ္တမဂ်ကို ခယခေါ်ပုံ ၁၀၅
အရဟတ္တဖိုလ် ၁၂
အရဟတ္တဖိုလ်ကို ခယခေါ်ပုံ ၁၀၅
အရဟတ္တဖလဋ္ဌာန် ၁၀
အရဟတ္တဖိုလ်သည် နိဗ္ဗာန်
မည်ကြောင်း ၂၅၉
အရဟတ္တဖိုလ်သည် ရာဂက္ခယ
မည်ကြောင်း ၂၆၃
အရိယမဂ်ဉာဏ် ၄၆
အလွန်သိမ်မွေ့လှသော ဝိညာဉ် ၁၅၉
အဝိဘတ္တိက ဝိဘဇန ၁၉
အသင်္ခတ အရ ၁၈
အသင်္ခတအာရုံ ၄၆
အသင်္ခတမည်ပုံ ၄၀၅
အသင်္ခတဓမ္မ ၁၈
အသင်္ခတသဒ္ဒါ၏ ဝစနတ္ထ ၃၈၉
အသင်္ခတနိဗ္ဗာန် ခေါ်ပုံ ၃၈၀
အသင်္ခတဓာတ်ကို ပြဆိုသော
အရာ ၉၉
အသင်္ခတဓာတ်နိဗ္ဗာန်
(၏ လက္ခဏာ စသည်) ၆၈
အသဘာဝဓမ္မ ၁၂၅

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|

[ အ ]

အသိခက်သောတရား ၃၄၊၃၂
အမြိုက်ဆေးသဖွယ်
ဖြစ်သည့်နိဗ္ဗာန် ၁၆၁
အသက် (=ရုပ်ဇီဝိတိန္ဒြေ) ၁၂၁

[ အာ ]

အာနန္ဒာထေရ် ဟောကြားသော
နိဗ္ဗာန် ၁၂၉
အာပေါဓာတ် ၂၅
အာပေါဓာတ် (၏ ပစ္စုပဋ္ဌာန
လက္ခဏာ) ၃၃
အာရမ္မဏပစ္စည်း ၄၆
အာရမ္မဏာဓိပတိပစ္စည်း
အခိုက်ဖြစ်သောနိဗ္ဗာန် ၅၇
အာရုံကို သိခြင်း ၅၃
အာရုံ, အာရမ္မဏိက ဖြစ်ပုံ ၉၀

[ ဣ ]

ဣစ္ဆိတာလာဘဒုက္ခ ၅
ဣတိဝုတ်လာ နိဗ္ဗာန်ကို ပညတ်ဟု
ဆုံးဖြတ်ပုံ ၁၃၅
ဣတိဝုတ်လာ နိဗ္ဗာန်ကို အသင်္ခတ
ပရမတ်နိဗ္ဗာန်ယူပုံ
(ကေစိဝါဒ) ၃၆၉
ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ပြန်သော်
လည်း ဇီဝိတိန္ဒြေ မပြန်ပုံ ၃၄၅
ဣန္ဒြိယဗဒ္ဓ သဝိညာဏက
ရုပ်နာမ်အကြောင်း ၄၁၀
ဣဿုကီပုဂ္ဂိုလ်ခေါ်ပုံ ၂၀၉

အက္ခရာစဉ် စာမျက်နှာ

[ ဥ ]

ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန် ၇၄
ဥပတိဿမထေရ်၏
ဝါဒ သင့်, မသင့် ၃၄၇
ဥပတ္ထမ္ဘကအကြောင်း ၇၆
ဥပမိ အရကောက် ၁၅၉၊၁၇၁
ဥပမိကင်းသောနိဗ္ဗာန် စသည်ကို
ပြပုံ ၁၅၉
ဥပနာဟိပုဂ္ဂိုလ်ခေါ်ပုံ ၂၀၉
ဥပပတ္တိဘဝ ၉၅
ဥပလက္ခဏ,နိဒဿနနည်း ၁၈၅
ဥပါဒ် ဌီ ဘင်ဟူသော
သင်္ခတလက္ခဏာ ၇၇
ဥပါဒါပညတ်စသည်-၆ ပါး ၁၃၃
ဥပါဒိမည်ပုံ ၂၁၅
ဥပါဒိသေသမည်ပုံ ၁၈၅
ဥပါဒိ(မည်သောဝိပါက်
နာမက္ခန္ဓာကမ္မဇရုပ်) ၄၂
ဥပါယ(နှင့်ဝိသေသန-တူသည်) ၉
ဥပေယျ(နှင့်ဝိသေသျတူသည်) ၉

[ ဧ ]

ဧကဇကောဋ္ဌာသခြောက်ပါး ၁၂၁
ဧကတ္တကာယ ဧကတ္တသညီဘုံ ၁၄၅
ဧကတ္တကာယ နာနတ္တသညီဘုံ ၁၄၅
ဧကန္တစိတ္တဇရုပ် ၁၂၇
ဧကာကာယာ သညာနတ္တိဘုံ ၁၄၆
ဧကာသညာ ကာယာနတ္တိဘုံ ၁၄၆
ဧဝ-ဖြင့်သိစေအပ်သောအနက်
(အဘူတံ-ကိုဝိဂ္ဂိုဟ်ပြုရာဝယ်) ၃၂၁
အေးငြိမ်းခြင်း ၁၈၈

[ အံ ]

အံ့ဩဘွယ်(အစ္ဆရိယ)နှစ်မျိုး ၃၁၈

အက္ခရာစဉ် စာမျက်နှာ

[ အား ]

အားအန်အဆင့်ကို ပေးတတ်သည့်
အရာ ၅၆

[ က ]

ကဋတ္တာရုပ် ၃၄
ကမ ၃-ပါး ၃၅၆
ကမ္မဇရုပ် ၅
ကမ္မဘဝ ၉၅
ကမ္မဘဝ သင်္ခါရတို့၏ အထူး ၉၅
ကမ္မဝဋ် ၉၁
ကမ္မဝဋ်ပြတ်ခြင်း ၅၂
ကမ္မေန-ပါဌ်မှန်ကို ကမေန-ဟု
ဋီကာကျော်ဖွင့်မှားပုံ ၃၅၆
ကမေန-မှား၍ကမ္မေန-မှန်ပုံ ၃၅၈
ကမ္မေန-ပါဌ်မှန် ကထာဝတ္ထု
အဋ္ဌကထာဖွင့်ပြပုံ ၃၅၉
ကရုဏာသာခ် ၅၁
ကရုဏာ (ပညာဂုဏ် ၂ ပါး) ၈
ကရုဏာဂုဏ် ၇
ကလျာဏပုထုဇဉ်များ နိဗ္ဗာန်
ရှိကြောင်းသိပုံ ၄၆
ကာကောလောကနုနည်း ၁၁၅
ကာဇနည်း ၃၀၃
ကာမတရား ၁၀
ကာမကုသိုလ်ဉာဏ် ၄၆
ကာမာဝစရ ကုသလတော-၌
တော အဆုံးအဖြတ် ၃၆၄
ကာမာဝစရ ကုသလတော-၌
ယောဝိဘတ်ကို တောပြုပုံ ၃၆၆
ကာယသင်္ခါရ ၁၂၀
ကာရကဟေတု ၈၃
ကာလကဋ္ဌိကအသုရာ ၁၅၁

အက္ခရာစဉ် — စာမျက်နှာ

[ က ]

ကာလသုံးပါးဆက်စပ်သော တရား ၂၅
ကာလမြင့်ကြာ ၂၀၃
ကိစ္စရသ ၇၃
ကိလေသဝဋ် ၅
ကိလေသဝဋ်ပြတ်ငြိမ်းခြင်း ၁၇၆
ကိလေသပရိနိဗ္ဗာန်ခေါ်ပုံ ၂၁၅
ကိလေသပရိနိဗ္ဗာနအရ ၁၃၀
ကိလေသနိရောဓအရ ၁၃၀
ကိလေသက္ခယအရ ၁၃၀
ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖျက်ပုံ ၅
ကိလေသာ(ပယ်သတ်ပုံဥပမာ) ၄၇
ကိလေသာအခိုးအကင်းအငွေ့ အသက် ၉၃
ကိလေသာတို့၏ မဖြစ်ခြင်း အရ ၁၃၀၊၁၃၃
ကိလေသာ ၁၄၁၆-တွက်နည်း ၉၀
ကိလေသာ-၁၅၀၀-တွက်နည်း ၉၇
ကိလေသာ-၁၅၀၀-အနုဋီကာ တွက်နည်း ၉၀
ကိလေသာ ၁၅၁၂ တွက်နည်း ၉၇
ကိလေသာ-၁၅၈၀-တွက်နည်း ၉၇
ကိလေသာ ၁၅၈၄-တွက်နည်း ၉၇
ကုဒ္ဒပုဂ္ဂိုလ်ခေါ်ပုံ ၂၀၆
ကုသလတိက်၌ မရအပ်သော အသဘာဝတရားများ ၄၀၆
ကုသလတိက်၌ တိက်မုတ် မထုတ်ခြင်းအကြောင်း ၄၁၁
ကုသိုလ်အဘိညာဏ်အာရုံ ပြုသောတရားများ ၁၇၇
ကေဝလဒဗ္ဗာပေက္ခ ၃၀၃

အက္ခရာစဉ် — စာမျက်နှာ

[ က ]

ကောဋ္ဌာသလေးပါး ၁၂၁
ကံဟောင်းလည်းကုန် ကံသစ် လည်းဖြစ်ခြင်းမရှိ ၁၇၃
ကံဟူသမျှ၏ အစွမ်းသတ္တိအဟုန် ၅
ကိုယ်ငွေ့ ၁၂၁
ကိုးပါးသော သမာပတ် ၁၂၈

[ ကျ-ကြ ]

ကျသောအသွင်၏ အစွမ်းဖြင့် အာပတ်သင့်ပုံ ၃၄၅
ကျဉ်းကျပ်ပုံ (သံသရာ၌) ၁၁၅
ကြိယာအဘိညာဉ် အာရုံပြုသော တရားများ ၁၇၇
ကြီးသောဘာဝ ၆၆
ကြုံလှီပိန်ချုံးသောအခြင်းအရာ ၆၁

[ ခ ]

ခဏငယ်ဖြစ်သောဒီ ၄၀
ခဏငယ်ငါးဆယ့်တချက် ၁၀၄
ခဏတ္တယသမင်္ဂီတရားများ ၂၅
ခဏတ္တယသို့ရောက်ဆဲတရား ၃၇
ခဏတ္တယသို့ရောက်၍ လွန်ပြီး တရား ၃၇
ခဏတ္တယသို့ ရောက်လတ္တံ့တရား ၃၇
ခဏိကမရဏ ၃၄
ခယနိရောဓ ၁၇၃
ခယသဒ္ဒါအိမ်အနက်ဟောဖြစ်ပုံ ၁၀၇
ခန္ဓပရိနိဗ္ဗာန်ခေါ်ပုံ ၇၃၊၂၁၅
ခန္ဓနိမိတ်(မှ ကင်းဆိတ်သော တရား) ၇၃
ခန္ဓပညတ်စသည် ခြောက်ပါး ၁၃၃
ခန္ဓာကိုယ်၌ သစ္စာလေးပါး ၇၉

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ခ ] | |
| ခန္ဓာ(တို့၏မဖြစ်ခြင်း) | ၄၁ |
| ခန္ဓာတို့၏ငြိမ်းခြင်းသည် နိဗ္ဗာန ဓာတ်မည်ကြောင်း | ၁၀၉ |
| ခန္ဓဝန်(ကိုမချွတ်ချမြဲ)ဖြစ်ရပုံ | ၃၄ |
| ခန္ဓာတို့၏ငြိမ်းခြင်း | ၁၆၂ |
| ခီဏာဇာတိ-၌ ဇာတိ-အရ | ၁၇၅ |
| ခီဏာသဝ ပုဂ္ဂိုလ်တို့ (မသေရ ကြောင်း) | ၃၄ |
| [ ချ ] | |
| ချမ်းသာခြင်း၏အကြောင်း | ၅ |
| ချုပ်လတ္တံ့ တရားများ | ၁၀၉ |
| ချုပ်ခြင်းသို့ရောက်ပုံ | ၅၅ |
| ချုပ်ပျက်ကုန်ငြိမ်းပုံ | ၄၁ |
| [ ဂ ] | |
| ဂင်္ဂါဝါလုသဲစုမက ဥပမာ | ၃ |
| ဂတိငါးပါး | ၂၀၀ |
| ဂတိတပါး(နှင့် ဂတိတပါး) | ၄၀ |
| ဂဗ္ဘသေယျကတို့ အာယတန လေးပါး ပြိုင်တူဖြစ်ပုံ | ၃၅၈-၃၆၂ |
| ဂမုဓာတ်အနက် ဂတိသုံးပါး | ၁၆၉ |
| ဂမျမာနဖြစ်ပုံ | ၅၁ |
| ဂဟဏူပါဒါန် | ၂၆၂ |
| ဂေါတြဘူမည်သောစိတ် | ၄၉ |
| [ င ] | |
| ငရဲ | ၁၅၁ |
| ငယ်သောဘဝ | ၆၆ |
| [ စ ] | |
| စတုတ္ထာရုပ္ပဘုံ၌ဖြစ်သည့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် | ၂၀၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ စ ] | |
| စက္ခုစသော အာယတနလေးပါးတို့ တပြိုင်နက် ဖြစ်ခြင်း အကြောင်း | ၃၅၆ |
| စက္ခုစသော အာယတနလေးပါးတို့ ပဋိသန္ဓေကံကြောင့်ရှင်း အခြား ကံကြောင့်ရှင်းဖြစ်ပုံ၊ အဋ္ဌ-ကထာဝါဒ | ၃၆၂ |
| စက္ခုစသော အာယတနငါးပါးတို့ ကံအသီးသီးကြောင့် ဖြစ်ပုံ အရှင်နာဂသိန်ဝါဒ | ၃၆၁ |
| စတုဘူမကတရားတို့၏ ခြားနား ချက် | ၂၄ |
| စတုဘူမကသင်္ခါရတရား | ၂၁ |
| စတုသစ္စဒသဂုဏ် | ၇၆ |
| စိတ္တသင်္ခါရ | ၁၂၀ |
| စိတ္တက္ခဏတဆယ့်ခုနစ်ချက် | ၁၀၄ |
| စေတောပရိယ အဘိညာဉ်ဖြင့် သိပုံ | ၄၃၃ |
| စပ်ရာကထွက် (ထွက်ရာကစပ်) အဓိပ္ပါယ် | ၃၃ |
| စိတ်စေတသိက်တို့ မဖြစ်ခြင်း အရ | ၁၂၉၊၁၃၃ |
| [ ဆ ] | |
| ဆင်းရဲဟူသမျှတို့၏ငြိမ်းကြောင်း | ၆၈ |
| ဆဋ္ဌိတပ္ပုရိသ်သမာသ် | ၅၀ |
| ဆန္ဒရာဂ | ၅၀ |
| [ ဇ ] | |
| ဇညအကျိုး (နိဗ္ဗာန်ရောက်မှုဆိုင်ရာ) | ဂ၅ |
| ဇနကအကြောင်း မဟုတ်ပုံ (နိဗ္ဗာန်ရောက်မှုဆိုင်ရာ) | ၇၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဇ ] | |
| ဇမ္ဗူခါဒကပရိဗိုဇ်၏နိဗ္ဗာန် အမေး | ၄၃၉ |
| ဇာတိ၏အကျိုး | ၃၅ |
| ဇာတိက္ခယ အရ | ၁၃၁ |
| ဇာတိနိရောဓ အရ | ၁၃၁ |
| ဇာတိမဖြစ်က (သေခြင်းမရဏ လည်းမဖြစ်) | ၃၄ |
| [ ဉ ] | |
| ဉာဏဂတိ | ၁၆၉ |
| ဉာပကအကြောင်း (နိဗ္ဗာန် ရ-ရောက်မှုဆိုင်ရာ) | ၇၅ |
| [ ဌ ] | |
| "ဌိတစိတ္တဿတာဒိနော" ၌ စိတ်ရပ်သွားပုံ | ၄၁၆ |
| ဌိတိ-အရ | ၄၀ |
| [ တ ] | |
| တဏှက္ခယ အရ | ၁၃၀ |
| တဏှာနိရောဓအရ | ၁၃၀ |
| တဏှာဝိစရိတ် | ၉၆ |
| တတိယာရုပ္ပဈာန်၏ အာရုံ | ၁၃၆ |
| တထောင့်ငါးရာ ကိလေသာ | ၉၆ |
| တဒင်္ဂနိဗ္ဗာန်ခေါ်ပုံ | ၂၁၅ |
| တပ္ပါကဋိကရဏဝိသေသနဖြစ်ပုံ | ၈ |
| တဖန်အသစ် မဖြစ်ခြင်း | ၄၁ |
| တဗ္ဗောဝ(အနက်ဖြစ်ပုံ) | ၁၆ |
| တာဒိဂုဏ် | ၂၇၀ |
| တုလျာဓိကရဏ ဝိသေသန | ၉ |
| တေဇောလေးပါး | ၁၂၂ |
| တေဘူမကဝဋ္ဋ | ၆၇ |
| တေဘူမကဝဋ္ဋဒုက္ခ | ၇၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ တ ] | |
| တောပစ္စည်းသက်နိုင်သော အနက်များ | ၃၆၅ |
| တောပစ္စည်းကို ပဋ္ဌမာဝိဘတ္တိ ဟု ဆိုရပုံ | ၃၆၇ |
| တံဖျာကြိမ်လုံး (နှင့် သခ်တ အာရုံ) | ၄၇ |
| တင်လဲကိုပင် သလိပ်ခေါ် သကဲ့သို့ နိဗ္ဗာန်ကိုပင် ရာဂက္ခယ စသည်ခေါ်ပုံ | ၁၀၃ |
| တင်းတိမ်(ကန့်လန့်ကာ)ဥပမာ | ၆၅ |
| တည်မှီရာနိဗ္ဗာန် | ၅၇ |
| တည်ရာ၌ တည်ရန်ဘို့အကြောင်း | ၇၆ |
| တုတ်လက်နက်(နှင့် ပညတ်အာရုံ) | ၄၇ |
| [ ဒ ] | |
| ဒါန၏အကျိုးအာနိသင် | ၁၀ |
| ဒီဃပါဋိကပြိတ္တာ | ၁၅၁ |
| ဒုက္ခဒုက္ခ | ၆၀ |
| ဒုက္ခနိရောဓ-အရ | ၁၁၆ |
| ဒုက္ခသစ္စာ အဗျာကတ တရား | ၂၇၄ |
| ဒုဂ္ဂတိဘဝရှံခါ သုဂတိဘဝရှံခါ | ၆၅ |
| ဒုဋ္ဌပုဂ္ဂိုလ်ခေါ်ပုံ | ၂၀၉ |
| ဒေသက (ဖြစ်သောမြတ်စွာ ဘုရား) | ၇ |
| ဒေဝ မနုဿ စသော နာမ ပညတ်ဖြင့် မခေါ်ထိုက် သော ပုဂ္ဂိုလ် | ၂၁၀ |
| ဒေဝ မနုဿ စသောနာမပညတ် ဖြင့် ခေါ်ထိုက်သောပုဂ္ဂိုလ် | ၂၁၀ |
| ဒေါသ(၏ကုန်ကြောင်း) ဖြစ်သော တရား | ၄၀ |

အက္ခရာစဉ် စာမျက်နှာ

[ ဒြ ]

ဒြဗ်ဝိသေသတရားကိုယ် မရကောင်းသောတရား ၁၃၄

[ ဓ ]

ဓမ္မအရ(ပရမတ္ထသဘာဝကိုသာ ယူရမည့်အရာ) ၁၈
ဓမ္မနှစ်မျိုး ၄၀၀
ဓမ္မငါးမျိုး ၂၉၉
ဓမ္မစက် ၈၄
ဓမ္မစက္ကဝတ် ၁၅၈
ဓမ္မတာတဆဲ့ခြောက်ပါး ၂၅၀
ဓမ္မတာ ၃၀ (ဗုဒ္ဓဝင် အဋ္ဌကထာလာ) ၃၀၊၂၃၄
ဓမ္မတာ ၂၇-ပါး (အဋ္ဌကထာ လာပုံ) ၂၅၃
ဓမ္မဒိန္နာထေရီမ အဖြေ(နိရောဓ သမာပတ်ဆိုင်ရာ) ၁၂၀
ဓမ္မာယတန အရ တရားငါးပါး ၄၈
ဓမ္မာယတန ပရမတ္ထနိဗ္ဗာန် ၁၀၁
ဓမ္မာယတန၌ အကျုံးဝင်သော အသင်္ခတဓာတ် ၉၉
ဓာတုပရိနိဗ္ဗာန် ၁၉၀
ဓားသန်လျက်(နှင့် နိဗ္ဗာန်အာရုံ) ၄၇

[ န ]

နဂါး ဂဠုန် ဘီလူး ပြိတ္တာတို့ မဖန်ဆင်းနိုင်သော ကာလများ ၃၄၆
နတ္ထိဘာဝပညတ်အရကောက် ၁၃၆
နတ္ထိဘာဝပညတ်ကို အာရုံ ပြုသော တရားများ ၁၃၇
နာနတ္တကာယ ဧကတ္တသညီဘုံ ၁၄၅

အက္ခရာစဉ် စာမျက်နှာ

[ န ]

နာနတ္တကာယ နာနတ္တသညီဘုံ ၁၄၄
နာမပညတ် ၁၂၅
နာမပညတ်ခြောက်ပါး ၁၃၃
နိစ္စသည် မည်ပုံ ၂၈၄
နိပ္ပပဉ္စပစ္စုပဋ္ဌာန် ၇၅
နိပါတ်ပုဒ် သိယာ ၂၉၈
နိပ္ဖါဒေတဗ္ဗအကျိုး ၈၅
နိဗ္ဗတ္တကဟေတု ၈၁
နိဗ္ဗတ္တေတဗ္ဗအကျိုး (နိဗ္ဗာန် ရ-ရောက်မှုဆိုင်ရာ) ၈၅
နိဗ္ဗာန မည်ပုံ ၂၁၁
နိဗ္ဗာနဓာတု အရကောက် ၁၉၆
နိဗ္ဗာန်၏ ပရိယာယ် ၃
နိဗ္ဗာန်(အရကောက်) ၂
နိဗ္ဗာန်ဒြဗ် ၄
နိဗ္ဗာန်နှစ်မျိုးပြားပုံ နွားဥပမာ ၂၁၃
နိဗ္ဗာန်ကို ဝိဂြိုဟ်ပြုပုံ ၂၁၅
နိဗ္ဗာန်အရ ခွဲပြပုံ ၅၇
နိဗ္ဗာန်(ဟူသော ဝေါဟာရ နာမပညတ်) ၅၇
နိဗ္ဗာန်သည် အမြဲတည်ရှိနေပုံ ၂၉၃
နိဗ္ဗာန်သို့ ရောက်နိုင်သောပုဂ္ဂိုလ် ၅၂
နိဗ္ဗာန်ရောက်ပုံ အခြင်းအရာ ၅၃
နိဗ္ဗာန်ရောက်သောပုဂ္ဂိုလ်များ သက်သာရာ ရပုံ ၅၈
နိဗ္ဗာန်နှင့်တူသော ဂုဏ်မရှိပုံ ၁၃
နိဗ္ဗာန်(ကို ခယဟု ဆိုအပ်သော) အကြောင်း ၁၄
နိဗ္ဗာန်ဟော အဗ္ဗုတ ၃၂၂၊၃၂၅
နိဗ္ဗာန်သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ် မဟုတ်ပုံ ၃၂၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ န ] | |
| နိဗ္ဗာန်သည် အစမရှိပုံ | ၃၆၇ |
| နိဗ္ဗာန်သည် ဖြစ်ကြောင်းနိမိတ် မရှိပုံ | ၃၆၇ |
| နိဗ္ဗာန်သည် ဖြစ်ကြောင်းနိမိတ် ရှိပုံ၊ အချို့ဆရာတို့ဝါဒ | ၃၆၉ |
| နိဗ္ဗာန်သည် ရံခါသာရှိ၏ ဟူသော အချို့ဆရာတို့ဝါဒ | ၃၇၀ |
| နိဗ္ဗာနံ အတ္ထိ-ဟူသော ကထာဝတ္ထု အဓိပ္ပါယ်မှန် ယူဆပုံပါဠိ၏ | ၃၇၁ |
| နိဗ္ဗာနံအရဟတော ဂတိ-ဟူသော ပါဠိ၌ အချို့ ဆရာတို့ယူပုံ | ၂၀၅ |
| နိဗ္ဗာန်သည် အကြောင်းရှိလေ သလော ဟု ယုံမှားဖြစ်ပုံ | ၃၉၂ |
| နိဗ္ဗာန်ကို ကာလသုံးပါးဖြင့် မဆိုထိုက်ပုံ | ၄၀၆ |
| နိဗ္ဗာန်သည် ကာလဝိမုတ် ဖြစ်ပုံ | ၄၀၇ |
| နိဗ္ဗာန်သည် အစရှိ၏ဟူသောဝါဒ | ၄၁၅ |
| နိဗ္ဗာန်သည် သောတာပတ္တိမဂ်မှ စ၍ဖြစ်ပုံ ဝါဒ | ၄၂၀ |
| နိဗ္ဗာန်သည် အနာဂတ်မဟုတ် ဝါဒ | ၂၉၄ |
| နိဗ္ဗာန်သည် အနာဂတ်ဖြစ်ပုံဝါဒ | ၄၂၁ |
| နိဗ္ဗာန်သည် ဝိသင်္ခါရမည်ပုံ | ၅၉ |
| နိဗ္ဗာန်၏ ခပ်သိမ်းသောဓမ္မ တို့ထက် မြတ်သည်၏အဖြစ် | ၂၀ |
| နိဗ္ဗာန် အတ္ထိပစ္စည်း မတပ် | ၂၇၇ |
| နိဗ္ဗာနံ အရဟတော ဂတိ-၌ နိဗ္ဗာန အရ | ၁၉၇ |
| နိဗ္ဗာနံ အရဟတော ဂတိ-၌ ဂတိ အရ | ၂၇၄ |
| နိဗ္ဗာန်သည် ခန္ဓပရိနိဗ္ဗာန်၏ အကြောင်းဖြစ်ပုံ | ၂၁၇ |
| [ န ] | |
| နိဗ္ဗာန်သည်ကိလေသပရိနိဗ္ဗာန်၏ အကြောင်းဖြစ်ပုံ | ၂၁၇ |
| နိဗ္ဗာန်ကို ဖလူပစာရအားဖြင့် ရာဂက္ခယ စသည် ခေါ်ပုံ | ၁၀၃ |
| နိဗ္ဗာန်ကို ရာဂက္ခယ ဟု ဟောတော်မူပုံ | ၉၉ |
| နိဗ္ဗာန်သို့ ရောက်စေတတ်သော တရားများ | ၇၇ |
| နိဗ္ဗာန်ကို ဖြစ်စေတတ်သော တရား | ၇၇ |
| နိဗ္ဗာန်၏ ပဒဋ္ဌာန်ကို မပြဆိုပုံ | ၇၅ |
| နိဗ္ဗာန်သည် အပ္ပစ္စယတရား | ၃၇ |
| နိဗ္ဗာန်ကို အနုမာနအားဖြင့် သိပုံ | ၄၆ |
| နိဗ္ဗာန်သည် ငြိမ်းခြင်းလက္ခဏာ ရှိပုံ | ၆၇ |
| နိဗ္ဗာန်သည် ဝဋ်သုံးပါး၏ ချုပ်ကြောင်း ဖြစ်ပုံ | ၁၀၁ |
| နိမိတ္တအရ (အနိမိတ္တပစ္စုပဋ္ဌာန် ဟူရာဝယ်) | ၇၃-၇၄ |
| နိမိတ်ကြီးလေးပါး | ၂၃၇ |
| နိယတဗျာဒိတ် | ၇၄ |
| နိယတ်, အနိယတ်, ထည့်ရပုံ ဥပဒေသ | ၃၃၉ |
| နိရုပဓိသေသ နိဗ္ဗာန် | ၁၅၉၊၁၇၂ |
| နိရုပဓိသေသ နိဗ္ဗာန အရကောက် | ၁၁၀၊၁၃၁ |
| နိရောဓ အရ မုချ | ၁၁၃ |
| နိရောဓ အရ ဥပစာ | ၁၁၃ |
| နိရောဓအရ ပဏ္ဏာသ အဋ္ဌကထာလာပုံ | ၁၀၉ |
| နိရောဓအရ ယမိုက်ကျမ်း၌လာပုံ | ၁၀၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ န ] | |
| နိရောဓနှင့် နိရောဓသစ္စာ | ၁၁၄ |
| နိရောဓသစ္စာ | ၅ |
| နိရောဓသစ္စာဖြစ်သော နိဗ္ဗာန် | ၄၃ |
| နိရောဓသမာပတ် အရ | ၁၂၉ |
| နိရောဓသဒ္ဒါ ကရဏသာဓန (သဒ္ဒါရေး) | ၁၁၂ |
| နိရောဓသမာပတ္တိ၌ နိရောဓအရ | ၁၁၉ |
| နိရောဓသမာပတ်နှင့်နာမပညတ် | ၁၂၅ |
| နိရောဓသမာပတ် ပရမတ္ထမဟုတ် | ၁၂၅၊၁၃၁ |
| နိရောဓသမာပတ်ကို နိပ္ဖန္နသာ ဆိုထိုက်၍ အနိပ္ဖန္နမဆိုထိုက် | ၁၂၃ |
| နိရောဓသမာပတ်ကို သင်္ခတ, အသင်္ခတ ဟူ၍ မဆိုအပ် | ၁၂၃ |
| နိရောဓသမာပတ်သည် လောကီ, လောကုတ္တရာတရား နှစ်မျိုးမဟုတ် | ၁၂၂ |
| နိဿရဏ ပစ္စုပဋ္ဌာန် | ၇၅ |
| နေယျတ္ထ | ၄၄၃ |
| နတ်ရွာစံ စသည် ခေါ်ပုံ | ၂၇၉ |
| နိမ့်ပျပ်သောစသည် ပညတ်ဖြစ်ပုံ | ၆၁ |
| နှိပ်စက်သောသူနှင့် ဉာဏ် (ကိလေသာကုန်ငြိမ်းစေရာ၌ ဥပမာ) | ၄၇ |
| နှောင်အိမ်ဥပမာ (သံသရာ) | ၁၁၅ |
| [ ပ ] | |
| ပကတိသဘောကို စွန့်သည့် တရားများ | ၂၄ |
| ပကတိသဘောထက် လွန်ကဲအားရှိခြင်း | ၃၀ |
| ပကတိသဘောအောက် ယုတ်လျော့အားနည်းခြင်း | ၃၀ |
| ပကတိသာဝက | ၂၀၄ |
| ပကတူပအကြောင်းဖြစ်သော နိဗ္ဗာန် | ၁၆၂ |
| ပကတူပနိဿယအကြောင်းဖြစ် သည်၏အဖြစ် (သင်္ခါရငြိမ်းခြင်း၌) | ၁၇၆ |
| ပစ္စက္ခသိဒ္ဓဖြစ်ပုံ (နိဗ္ဗာန်) | ၄၄ |
| ပစ္စနုဘောတိ | ၁၀၅ |
| ပဋ္ဌဂိကဖိုလ် | ၁၂ |
| ပဋ္ဌဂိကမဂ် | ၀၅ |
| ပဋ္ဌဂိကမဂ်သည် သမ္ဘာပက အကြောင်းဖြစ်ပုံ | ၄၁၃ |
| ပစ္စုပဋ္ဌာန်အရ (အနိမိတ္တပစ္စုပဋ္ဌာန်-၌) | ၇၄ |
| ပစ္စုပ္ပန္နမည်ပုံ (စိတ်, စေ, ရုပ်) | ၂၅ |
| ပစ္စယုပါဒါန် | ၂၆၂ |
| ပစ္စေကဗုဒ္ဓ | ၂၀၄ |
| ပညတ်အာရုံမဟုတ်သော နိဗ္ဗာန် | ၄၆ |
| ပညတ်တရား (လျှင်အာရုံ ရှိသောဉာဏ်) | ၄၅ |
| ပညတ်ကို (အသင်္ခတ) | ၄၀ |
| ပညတ်သည် အဇ္ဈတ္တစသည် မဟုတ်ပုံ | ၁၃၆ |
| ပညတ္တိပထကို လွန်၍ဖြစ်ပုံ | ၂၀၆ |
| ပညာဂုဏ် | ၇ |
| ပညာဓိကဘုရား | ၂၀၄ |
| ပဋိစ္စသမုပ္ပါဒ်ဝဋ် | ၁၇၃ |
| ပဋိပဿဒ္ဓိဝိမုတ္တိ | ၁၂၉ |
| ပဋိပဿဒ္ဓိပဟာန် | ၄၅ |

အက္ခရာစဉ် စာမျက်နှာ

[ ပ ]

ပဋိလဒ္ဓသဘာဝေါ-ဉ်သဘာဝ
  အရ ၂၆
ပဋိဿရဏဂတိ ၂၀၀
ပဋိသန္ဓေကိစ္စ ၅
ပဋိသန္ဓေခဏ၌ စက္ခု,သောတ,
  ဃာန,ဇိဝှါ တပြိုင်နက်ဖြစ်ပုံ ၃၅၄
ပဋိသန္ဓေ(ကိစ္စတပ်၍
  မဖြစ်ခြင်း) ၄၂
ပဋိသမ္ဘိဒါဉာဏ် ၇၀
ပဏ္ဏာသအဌကထာလာ
  နိရောဓအရ ၁၀၉
ပတ္တာဗ္ဗအကျိုး
  (နိဗ္ဗာန်ရမှုဆိုင်ရာ) ၇၅
ပထဝီဓာတ်၏ ကက္ခဠလက္ခဏာ ၃၃
ပဒသဒ္ဒါ၏ အနက်ကိုးပါး ၃
ပဒဝိပရိတ် ၆၅
ပဗန္ဓဌီ ၄၀
ပရမတ်အာရုံ ၄၆
ပရမတ်နိဗ္ဗာန်သည် စုတိ
  ဘင်္ဂက္ခဏအခြားမဲ့၌
  ဖြစ်ပေါ်ပုံ (ကေစိဝါဒ) ၃၈၀
ပရမတ် အသင်္ခတဖြစ်သော
  နိဗ္ဗာနဓာတ် ၁၈၈
ပရမတ္ထကထာ ၁၃၂
ပရမတ္ထနိရောဓသစ္စာနိဗ္ဗာန် ၅၆
ပရမတ္ထတရားလေးပါးတွင်
  (စိတ်,စေတသိက်,ရုပ်တို့
  အမြဲမတည်နိုင်ပုံ) ၂၃
ပရမတ္ထဓမ္မသရုပ် ၁၃၄
ပရမတ္ထနိဗ္ဗာန်အရကောက် ၉၉
ပရမတ္ထသစ္စာ ၁၃၂
ပရမတ္ထသဘာဝဓမ္မ ၁၂၅

အက္ခရာစဉ် စာမျက်နှာ

[ပ]

ပရိညာဘိသမယ ၉၂
ပရိနိဗ္ဗာန,နိဗ္ဗာနနှစ်ပါးတို့အထူး ၁၂၅
ပရိနိဗ္ဗာန်အာရုံ၌ဖြစ်သောဉာဏ် ၁၉၄
ပရိနိဗ္ဗာနအရကောက် ၂၈၃
ပရိနိဗ္ဗာန်စံသည် ဆိုရပုံ ၂၈၉
ပရိနိဗ္ဗာန်သုံးမျိုး စသည်ကို
  ပြပုံ ၁၉၀
ပရိနိဗ္ဗုတ ဖြစ်ပုံ ၁၉၂
ပရိနိဗ္ဗုတပုဂ္ဂိုလ် ၈၃
ပရိနိဗ္ဗုတော-အရ ၂၈၈
ပရိနိဗ္ဗာန,အနုပါဒါပရိနိဗ္ဗာန
  အရ ၂၆၃
ပဝန်-အရကောက် ၂၀၀
ပဝတ္တ-သဒ္ဒါ၏အရ
  (ဝဋ္ဋပဝတ္တံ-၌) ၁၆၈
ပသာဒိန္ဒြေငါးပါး ၁၇၃
ပါဒကစျာန် ၁၂
ပါပုဏန ဂတိ ၁၆၉
ပါရမီသမ္ဘာရ ၈၅
ပါရမီ,ဝိပဿနာ,မဂ်တို့
  သည် နိဗ္ဗာန်သို့ရောက်
  ကြောင်း ဖြစ်ပုံ တဝါဒ ၄၁၅
ပါရမီဖြည့်တမ်းကာလ ၂၀၄
ပုဂ္ဂိုလ်သတ္တဝါ နတ်လူခေါ်ပုံ ၂၀၉
ပုဂ္ဂလဇ္ဈာသယစျာန် ၁၂
ပုရိသမဒအရ ၁၄၂

[ ဖ ]

ဖလပစ္စုပဋ္ဌာန် ၆၇
ဖလဋ္ဌာန်ပုဂ္ဂိုလ် ၁၁၊၂၀၃
ဖုတ်လှော်အပ်သော မျိုးစေ့ဥပမာ ၅

အက္ခရာစဉ် — စာမျက်နှာ

[ဖ]

ဖောက်ပြန်ဖြစ်ခြင်း ရှိသည်၏ အဖြစ် ၃၀
ဖောက်ပြန်ဖြစ်ခြင်း မရှိသည်၏ အဖြစ် ၃၀
ဖြစ်ခြင်း ဉပါဒ် ၃၈
ဖြစ်ရန်၌ ဖြစ်ရန်ဘို့အကြောင်း ၇၆

[ဗ]

ဗလမဒ-အရ(အားရှိဟန်) ၁၄၂
ဗုဒ္ဓဓမ္မတာ ၃၀ မျှသာရှိကြောင်း ၂၃၉
ဗုဒ္ဓဝင်အဋ္ဌကထာလာ- ဓမ္မတာ ၃၀ ၂၃၄
ဗျဝစ္ဆေဒဝိသေသန ၈
ဗြဟ္မစရိယာဝါသအကျိုး ၂၀၀
ဗြဟ္မဝိဟာရကထာ ၇
ဗြဟ္မုတ္တမဂုဏ် ၇

[ဘ]

ဘဝအရကောက် ၆၆
ဘဝကြီး ဘဝငယ် ၆၆
ဘဝလျှင် အာရုံရှိသောတဏှာ ၆၇
ဘဝတဏှာ(ဟူသော အနှောင်အဖွဲ့) ၁၆၁
ဘဝဝိသယတဏှာ ၆၅
ဘာဝပညတ်အရကောက် ၁၃၃
ဘာဝညဏတ္တ (သဘောဖောက်ပြန်ခြင်း) ၃၁
ဘာဝပဋ္ဌာနနည်း ၇၀
ဘာဝနာဘိသမယ ၉၂
ဘုရားပွင့်ရာ ဒေသကာလစသည် ၂၅၆
ဘူတအားဖြင့် သိစေအပ်သော အနက် ၃၂၁
ဘူမိဘေဒတရား ၁၀

[ဘ]

ဘေဒ, ဘေဒျ ၉
ဘင်အားဖြင့် ရွှေလျောပျက်စီးခြင်း မရှိပုံ (နိဗ္ဗာန်အရာ) ၃၆

[မ]

မစုတေခြင်းသဘော ၁၆၁
မဓုဆရာက မဏိဒီပ, မိန္တောင်း ဆရာတို့ကို ကေစိထိုးပုံ ၃၆၇
မပျက်စီးသောနိဗ္ဗာန် ၂၁
မပျက်စီးဘဲ အမြဲတည်နေသော သင်္ခါရတရားမည်သည် မရှိ ၂၁
မဖြစ်သည်ကိုပင် ချုပ်သည်ဟု ခေါ်ပုံ ၁၀၈
မဖြစ်ခြင်းနိရောဓနှင့် မဖြစ်ကြောင်း နိရောဓထူးပုံ ၁၁၀
မရွှေလျောခြင်းဟူသောဂုဏ် ၇၀
မသေရခြင်း၏ ဉပနိဿယ အကြောင်း ၃၄
မဟာကုသိုလ်စိတ္တုပ္ပါဒ်သည်လည်း နိဗ္ဗာန်ရောက်ကြောင်းဖြစ်ပုံ ၄၁၄
မဟဂ္ဂုတ်ကုသိုလ်ဉာဏ် ၄၆
မဟဂ္ဂုတ်တရား ၁၀
မဟာပစ္စရိအဋ္ဌကထာအဆို နိရောဓသမာပတ်ဝင်စား ၏-ဟု ပြောကြားလျှင် ပါရာဇိကကျပုံ ၁၂၃
မဟာသာဝက ၂၀၄
မဟာသိဝထေရ်ဝါဒ (သုဒ္ဓါဝါသဘုံဆိုင်ရာ) ၁၅၇
မဟေသီ-ပုဒ်အဓိပ္ပါယ် ၆

အက္ခရာစဉ် စာမျက်နှာ

[ မ ]

မာတု,ပိတုဃာတက ကံသာမဟုတ် အရဟန္တဃာတက ကံလည်း ထိုက်ပုံ ၃၃၃
မာနမဒအရ ၁၄၂
မာနမဒ စသည်တို့၏ သာဓက ၁၄၂-၁၄၃
မာရဘဉ္ဇနဂုဏ် ၇
မိမိလျှောက်လျှားဘာသာမဖြစ် သေးသောတရား(နိဗ္ဗာန်) ၇၆
မီးတဆယ့်တပါး ၆၇-၆၈
မီးတို့၏ငြိမ်းကြောင်း ၆၇
မူလဋီကာဆရာအလို ဝိနိမုတ္တ သင်္ခါရပုဂ္ဂိုလ်၏ တည်ရာ ဖြစ်ပုံကိုရှင်းပြချက် ၆၁
မောဟ(၏ကုန်ကြောင်းဖြစ်သော တရား) ၄၈
မဂ်(နှင့် သဟဇာတဖြစ်သော ဉာဏ်) ၄၂
မဂ်ဖိုလ်ဟူသမျှ၏ အာရုံ ၁၂
မဂ်ဖိုလ်တို့၏ အာရုံ ၃၅
မဂ်ဖိုလ်တို့၏ အာရုံဖြစ်ပုံ စသည်ကို ပြခြင်း ၈၈
မဂ်ဖိုလ်(တို့၏ အာရုံဖြစ်သော နိဗ္ဗာန်) ၄၃
မဂ်,ဖိုလ်,နိဗ္ဗာန်သုံးပါးလုံး ခယ မည်ပုံ ၁၀၇
မဂ္ဂင်ရှစ်ပါးသည် သမ္ဘာရက အကြောင်းသာဖြစ်ပုံ ၄၁၃
မဂ္ဂင်ရှစ်ပါး အပစယဂါမိမည်ပုံ ၄၁၂
မစ္ဆရိပုဂ္ဂိုလ်ခေါ်ပုံ ၂၀၉
မိစ္ဆာဒိဋ္ဌိကပုဂ္ဂိုလ်ခေါ်ပုံ ၂၀၉
မိစ္ဆာဝါဒီပုဂ္ဂိုလ် ၄၃


အက္ခရာစဉ် စာမျက်နှာ


[ မ ]

မုချနိဗ္ဗာန်နှင့် ဥပစာနိဗ္ဗာန်ကို ခွဲပြပုံ ၂၂၁
မယ်တော်မာယာနှင့် ယောကျ်ားဘဝ ၂၂၆

[ ယ ]

ယထာဘူတကထနဝိသေသန ၉
ယမိုက်ကျမ်းလာ နိရောဓ အရ ၁၀၉
ယာဝကမ္မံ န ခီယတိ-၌ ကမ္မအရကောက် ၁၀၄
ယောဗ္ဗနမဒ အရ ၁၄၂
ယောကျ်ားသာ ဘုရားဖြစ် ၂၅၉

[ ရ ]

ရတ္တပုဂ္ဂိုလ်ခေါ်ပုံ ၂၁၀
ရာဂ(စသည်တို့၏ မဖြစ်ခြင်း) ၄၁
ရာဂ ကုန်ပုံ ၉၈
ရာဂကုန်ခြင်းပုထုဇဉ်နှင့် ရဟန္တာတို့မတူပုံ ၄၄၃၊၄၄၅
ရာဂ(၏ ကုန်ကြောင်းဖြစ်သော တရား) ၄၈
ရာဂက္ခယ ဟူသည် ပျက်ခြင်း ဘင်ခဏမဟုတ် ၄၄၆
ရာဂက္ခယ အရကောက် ၅၄
ရူပဝိရာဂ ဘာဝနာ ၅၂
ရူပသဘာဝကိုပြပုံ ၃၉၀
ရူပါရုံကို မြင်ခြင်း ၅၃
ရန်သူ(နှင့် ကိလေသာ) ၄၇
ရောက်ရန်၌ ရောက်ရန်ဘို အကြောင်း ၇၆

[ လ ]

လက္ခဏာ ရသ စသည်ကို ပြပုံ ၄၆

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ လ ] | |
| လက္ခဏာညထတ္တ(လက္ခဏာ ဖောက်ပြန်ခြင်း) | ၃၁ |
| လက္ခဏာဝန္တ | ၇၀ |
| လူ၏ အသက်အရ ဘာဝဒသက ကလာပ်၌ရှိသော ဇီဝိတိန္ဒြေကို မယူရခြင်းအကြောင်း | ၃၄၁ |
| လူ၏ အသက်အရ ဝတ္ထုဒသက ကလာပ် စသည်၌ ပါရှိသော ဇီဝိတိန္ဒြေကို ယူရခြင်း အကြောင်း | ၃၄၁ |
| လူ၏ အသက်အရ ဇီဝိတိန္ဒြေ အားလုံးကို ယူရပုံ တနည်း | ၃၄၂ |
| လူယောင်ဖန်ဆင်းသော နဂါး ဂဠုန်တို့ကို သတ်ရာ၌ ပါရာဇိက မသင့်ပုံ | ၃၄၆ |
| လောကိမဂ္ဂသစ္စာ | ၇၆ |
| လောကုတ္တရာတရား ကိုးပါး | ၁၀ |
| လောကုတ္တရာ မဂ္ဂသစ္စာ | ၇၆ |
| လက်စသတ်(ကုန်ပြတ်ချုပ်ကင်း မရှိခြင်း) | ၅ |
| လက်နက်နှင့် အာရုံ (ကိလေသာကုန်ငြိမ်း စေရာ၌ ဥပမာ) | ၄၇ |
| လိင်ပြန်သော်လည်း လူမသေရခြင်းအကြောင်း | ၃၃၇ |
| လိင်ပြန်ပါလျက် အနန္တရိယကံ ထိုက်ခြင်းအကြောင်း | ၃၃၅ |
| လိင်ပြန်သောမိဘကို သတ်က အနန္တရိယကံထိုက်ပုံ | ၃၃၂ |
| လုဒ္ဒပုဂ္ဂိုလ်ခေါ်ပုံ | ၂၁၁ |
| လောင်းတမ်းပြုခြင်း အနက်ဟော အဗ္ဘုတ | ၃၂၃ |
| လောင်းတမ်းပြုလုပ်ခြင်း | ၃၁၆ |
| လျှောက်လျှားဘာသာ မဖြစ် သေးသောတရား (နိဗ္ဗာန်) | ၇၇ |
| [ ဝ ] | |
| ဝစီသင်္ခါရ | ၁၂၀ |
| ဝဋ်သုံးပါးတို့ပြတ်ကြောင်း | ၁၇ |
| ဝဋ္ဋသဒ္ဒါ၏ အရကောက် | ၁၆၇ |
| ဝတ္တိစ္ဆာ | ၉ |
| ဝါန မည်သော တဏှာ | ၄၀ |
| ဝါန မည်ပုံ | ၂၁၁ |
| ဝါနမုတ္တဂုဏ် | ၆ |
| ဝါယော ကောဋ္ဌာသခြောက်ပါး | ၁၂၁ |
| ဝိက္ခမ္ဘန | ၄၆ |
| ဝိဇ္ဇမာနပညတ် စသည် ခြောက်ပါး | ၁၃၃ |
| ဝိညာဉ်(အလွန်သိမ်မွေ့) | ၁၅၉ |
| ဝိညာဉ်(ရှန့်ရင်းထင်ရှား) | ၁၅၉ |
| ဝိညာဏကိစ္စ | ၁၅၉ |
| ဝိညာဏဋ္ဌိတိ ခုနစ်ပါး | ၁၄၆ |
| ဝိတဏ္ဍဝါဒီပုဒ်၏ အဓိပ္ပါယ် | ၄၆၅ |
| ဝိနယဒြဗ် | ၄ |
| ဝိနိပါတိက အသုရာ | ၁၄၅ |
| ဝိနည်းဒေသနာ(သည် ကရုဏာပဌာန) | ၇ |
| ဝိပရိဏာမဒုက္ခ | ၆၇ |
| ဝိပဿနာယာနိကပုဂ္ဂိုလ် | ၁၂ |
| ဝိပဿနာဉာဏ်ဖြင့် ရှုပုံ | ၁၆၀ |
| ဝိပါကဝဋ် | ၅ |
| ဝိပါကဝဋ်ပြတ်ခြင်း | ၅၃ |
| ဝိပါက်နာမက္ခန္ဓာ | ၅ |
| ဝိဘတ္တိကဝိဘဇန | ၁၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝိဘဝဂတိ(လျှင် ရောက်ရာ ရှိကြောင်း) | ၂၂ |
| ဝိဘဝဂတိ | ၂၀၀ |
| ဝိရာဂ စသည်တို့၏ အရ သာဓကများ | ၁၃၉-၁၄၀ |
| ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ-၌ ဓမ္မအရကောက် | ၂၀ |
| ဝိသင်္ခါရ သဒ္ဒါ အနက် | ၅၉ |
| ဝိသင်္ခါရ အရကောက် | ၅၂ |
| ဝိသင်္ခါရ ဓမ္မဟူသမျှ နိစ္စ | ၄၀၃ |
| ဝိသေသန(နှင့် ဥပါယတူသည်) | ၉ |
| ဝိသေသ သဘော(စိတ်စသည် တို့၏) | ၂၆ |
| ဝိသေသတ္တတဒ္ဓိတ် | ၁၅ |
| ဝိသေသျ(နှင့် ဥပေယျတူသည်) | ၉ |
| ဝီရိယာဓိကဘုရား | ၂၀၄ |
| ဝေဒနာကို ခေါင်းတည်အဦး အမှူးထား၍ဟောရာ | ၁၈၉ |
| ဝေဒယိတသဒ္ဒါ၏ အနက် | ၁၈၇ |
| ဝေလာမပုဏ္ဏားအလှူ | ၁၁ |
| ဝေဟပ္ဖိုလ်ဘုံသည် စတုတ္ထဝိညာ-ဏဋ္ဌိတိသို့ဝင်ကြောင်း | ၁၅၅ |
| ဝေါဒါန်စိတ် | ၅၃ |
| ဝဋ်သုံးပါးကုန်ပုံ | ၉၈ |
| ဝဋ်သုံးပါးသရုပ် | ၉၅ |
| ဝဋ်သုံးပါး ဒုက္ခတရားတို့ချုပ်ပုံ | ၉၂ |
| ဝုတ္တိသံဝဏ္ဏနာနည်းအားဖြင့်ပြပုံ | ၁၆၉ |
| **[ သ ]** | |
| သဥတ္တရတရား | ၁၂ |
| သဥပါဒိသေသနိဗ္ဗာန် | ၅၆ |
| သဥပါဒိသေသနိဗ္ဗာန်ဟု ခေါ်ရပုံ | ၂၁၁ |
| သဥပါဒိသေသ နိဗ္ဗာန် အရကောက် | ၂၁၆ |
| သဥပါဒိသေသ နိဗ္ဗာန်ကို ဝိဂ္ဂိုဟ်ဆိုပုံ | ၂၁၇ |
| သဥပါဒိသေသ နိဗ္ဗာန်ကို အာရုံပြုသောတရားများ | ၁၃၈ |
| သဥပါဒိသေသ နိဗ္ဗာန်သည် ကုသလတိက် တိက်မှတ် ဖြစ်ပုံ | ၄၁၀ |
| သဥပါဒိသေသ နိဗ္ဗာနဓာတ် မည်ကြောင်း | ၄၁ |
| သဥပါဒိသေသ နိဗ္ဗာန်စသည် တို့၏ ပရမတ္ထဓမ္မဟုတ်ပုံ | ၁၂၈ |
| သဥပါဒိသေသ နိဗ္ဗာန်(သည် ဤပစ္စက္ခဘဝ အတ္တဘော ၌ပင်ဖြစ်ပုံ) | ၁၉၇ |
| သကတ္တတဒ္ဓိတ် | ၁၅ |
| သကဒါဂါမ် | ၁၁၊၅၈ |
| သင်္ခတ အရကောက် | ၁၈ |
| သင်္ခတအာရုံ | ၄၆ |
| သင်္ခတ တရား (လျှင် အာရုံရှိသောဉာဏ်) | ၄၅ |
| သင်္ခတ တရား | ၄၅ |
| သင်္ခတနိဗ္ဗာန် | ၄၁ |
| သင်္ခတမည်ပုံ | ၄၀၅ |
| သင်္ခတ လက္ခဏာသုံးပါး | ၃၈၉ |
| သင်္ခါရဓမ္မနှင့် ဝိသင်္ခါရဓမ္မ | ၄၀၁ |
| သင်္ခါရဟူသမျှငြိမ်းခြင်း၏ ပကတူပနိဿယအကြောင်း | ၁၇၆ |
| သင်္ခါရဟူသမျှ အနိစ္စ | ၄၀၂ |

အက္ခရာစဉ် စာမျက်နှာ

[ သ ]

သင်္ခါရနိမိတ် ၇၃
သင်္ခါရ (ဟူသော ပူပန်ခြင်း) ၄၂
သင်္ခါရဒုက္ခ ၆၈
သင်္ခေပ အဋ္ဌကထာ
(မဟာပစ္စရီအဋ္ဌကထာ-ရှု) ၁၂၃
သခွါး ပြုတ်သီး ဥပမာ
(နိဗ္ဗာန်ကိုရာဂက္ခယ
စသည်ခေါ်ပုံ၌) ၁၀၂
သဂုဏဒဗ္ဗာပေက္ခ ၃၀၃
သစ္ဆိကရဏ (အရ) ၁၆၉
သစ္ဆိကိရိယာဘိသမယ ၉၂၊၂၀၈
သစ္ဆိကိရိယမည်ကြောင်း ၃၉
သညာဝိရာဂဘာဝနာ ၅၂
သတ္တလောက ၁၉၂
သတ္တနိမိတ် ၇၃
သတ္တ သတ္တတိ ရတ္တိမှ-၌ "တိ"
အက္ခရာကျနေမှုကြောင့်
ဋီကာကျော်ဆရာ အမှား
ယူဆပုံ ၃၅၅
သတ္တဝါမှန်သမျှ
ဘဝင်စိတ်ဖြင့်သာ သေရပုံ ၄၁၇
သတ္တရသာယုက ၁၈၄
သတ္တာဝါသကိုးပါး ၁၄၄၊၁၄၆
သတ္တုပလဒ္ဓိပါဌ်မှန်ကို
သတ္တုပလဒ္ဓိဟု မှားပုံ ၃၆၃
သန္တာနဒြဗ် ၁၈၆
သန္တိအရ ၇၀
သဒ္ဒန္တရသန္နိဋ္ဌာန် ၃၁၄
သဒ္ဒါပျက်သော်လည်း
အနက်မှန်ကိုသိနိုင်ပုံ ၃၂၈
သဒ္ဒါကို အထူးပြုလျှင်
အနက်ကို အထူးပြုပုံ ၉

အက္ခရာစဉ် စာမျက်နှာ

[ သ ]

သဒ္ဒါရုံကို ကြားခြင်း ၅၃
သန္တုဿိတနတ်သား ၂၇၃
သဒ္ဓါမိကဘုရား ၂၀၄
သန္ဒိဋ္ဌိကနိဗ္ဗာန် ၁၂၉
သပစ္စယမည်ပုံ ၄၀၅
သမ္ပတ္တိရသ ၂၈
သမ္ပရာယိကနိဗ္ဗာနအရ ၁၃၁၊၁၃၄
သမ္ပရာယိကနိဗ္ဗာန်ကို
အာရုံပြုသောတရားများ ၁၃၈
သမ္ပတ္တိရသ ၇၁
သမ္ပာပကဟေတု ၈၁၊၈၃
သမ္ပာပကအကြောင်း ၇၅
သဗ္ဗညုတဉာဏ်၏ အစွမ်းသုံးပါး ၂၂၂
သဘာဝဝန္တ ၇၀
သဘာဝဓမ္မနှစ်မျိုးပြားပုံ ၄၀၄
သဘာဝဓမ္မနှင့် အသဘာဝဓမ္မ ၄၀၁
သဘော (အားဖြင့်
ဖောက်ပြန်ပုံ) ၃၃
သမနန္တရနှစ်ပါး ၂၇၄
သမမေဿန္တိ-ဝယ် "သမ"
အရကောက် ၁၇၁
သမာပတ်ရှစ်ပါး ၁၂၈
သမ္မသိတစျာန် ၁၂
သမီပူပစာရအားဖြင့်
နိရောဓမည်ပုံ ၁၁၈
သမုစ္စယတ္ထ စသဒ္ဒါ ၆၂
သမုစ္ဆေဒပဟာန်ဖြင့် ပယ်ပုံ ၁၆၁
သမုစ္ဆေဒပဟာန် ဖြစ်ပုံ ၅၊၅၂
သမုစ္ဆေဒမရဏ ၃၄
သမုစ္ဆေဒသဘော ၄၆
သမုစ္ဆေဒဝိမုတ္တိ ၁၂၉
သမ္မုတိသစ္စာ ၁၃၂

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သမ္မုတိ ကထာ | ၁၃၂ |
| သမ္မုတိပညတ် | ၁၃၄ |
| သမံ အရကောက် | |
| (သမမေဃန္တိ-၌) | ၁၅၉ |
| သဃတ မည်ပုံ | ၂၀၂ |
| သဟဲအားပေးအစေး | ၅ |
| သာရိပုတြာ အဖြေ | ၁၀ |
| သိလွယ်ရန် နို့ ဓမ်းဥပမာ | ၁၁၃ |
| သီလက္ခန္ဓ စသည် | ၆ |
| သုခုမရုပ် | ၄၀ |
| သုဂတိဘဝ ရံခါ | |
| ဒုဂ္ဂတိဘဝ ရံခါ | ၆၅ |
| သတ်သူ, အသတ်ခံရသူ, | |
| နှစ်ပါးစုံ လူ မိဘ ဖြစ်ပါမှ | |
| အနန္တရိယကံထိုက်ပုံ | ၃၃၀ |
| သုတ္တန်ဒေသနာ | ၇ |
| သုဒ္ဓါဝါသဘုံသည် | |
| သတ္တာဝါသပင်ဖြစ်ကြောင်း | ၁၅၂ |
| သုဒ္ဓါဝါသဘုံကို ဝိညာဏဋ္ဌိတိ | |
| သတ္တာဝါသ အစွမ်းဖြင့် | |
| မဟောခြင်းအကြောင်း | ၁၅၃ |
| သုဒ္ဓါဝါသဘုံသည် သတ္တာဝါသ | |
| သို့ မဝင်ကြောင်းတနည်း | ၁၅၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သုံးခုမြောက်သစ္စာ | ၁၃၂ |
| သောတာပတ္တိမဂ် | ၁၂ |
| သောတာပတ္တိမဂ္ဂဥာဏ် | ၁၀ |
| သောတာပတ္တိဖိုလ် | ၁၂ |
| သောတာပန် | ၁၁ |
| သံဝဏ္ဏနာ, သံဝဏ္ဏေတဗ္ဗ | ၆ |
| သံသရာ့ နှောင်အိမ် | ၁၁၇ |
| သံခြေကျင်းဥပမာ | |
| (သံသရာဝယ်) | ၁၁၅ |
| သံသယ ပသင် ဖြစ်ဘွယ်အရာ | ၁၅၀ |
| သက်သာရာ ( ကို ရအောင် | |
| ပြုခြင်း ကိစ္စ) | ၇၁ |
| သစ်တပ်မြို့ဥပမာ | ၁၅၂ |
| သွတ္ထ | ၁၆ |
| [ ဟ ] | |
| ဟုဘွာ-ဖြင့် သိစေအပ်သော | |
| အနက် (အဌကထာလာ | |
| အဗ္ဘုတဝိဂြိုဟ်တွင်ပုဒ်) | ၃၂၀ |
| ဟုတ်မှန်တိုင်းသောဂုဏ် | |
| (နိဗ္ဗာန်၏) | ၉ |
| ဟောတုမန္တဝိသေသန | ၃ |


အဘိ-သ၌ပ-၃-၃၂-ပမဗသစ

ပ-မ-ဗ-သ-စ — ၁၃၀ — ၁၅-၁-၆၄ — ၂,၀၀၀